www.dhammaransi.com

# [illegible]

(ပထမတွဲ)

www.dhammaransi.com

# နိဒါန်း။

အဟမ္ပိ ပုဗ္ဗဇုဒ္ဓေသု၊ ဗုဒ္ဓတ္တ မဘိပတ္တယိ။ မနသာယေဝ ဟုတွာန၊ ဓမ္မရာဇာအသင်္ချိယာ။ ။ ဟူသော အပဒါန် ပါဠိတော်ဂါထာ၊ လာသည်နှင့်ညီစွာ။ စိတ်ဖြင့်သာလိုလား၍။ ရှေးဘုရားအသင်္ချေယျတို့ထံ။ ဘုရားဆုကိုပန်ပြီးသော နောက်ကာလ။ ပေါရာဏသကျဂေါတမဘုရား ရွှေလက်ထက်ဝယ်။ နှစ်သက်စဖွယ်။ မျက်ကွယ် စကား။ တဆင့်ကြားမှု။ အနိယတ ဗျာဒိတ်ကို။ တံဆိပ်တော် အမှတ်ခံလျက်။ သံသရာ ကျယ်ကြော။ ပင်လယ်ကြောဝယ်။ ပေါလောမျောက်ချန်။ ရန်ကာဆန်ကာ။ ကျင်လည်ရှာခဲ့ပြီးလျှင်။ သာရမဏ္ဍ ကမ္ဘာသို့အရောက်။ လေးဆူမြောက်သခင်။ ဒိပင်္ကရ။ မြတ်စွာဘုရားနှင့်။ တော်ပြားကြုံတွေ့က။ နိယတဗျာဒိတ်ပန်းကုံး။ ဆွတ်လှမ်းဖန်ဆင်။ ယင်ထိုက်လှစွာ။ အင်ရှစ်ဖြာနှင့်။ သုမေဓာရသေ့အား။ ဒိပင်္ကရာ မြတ်စွာဘုရားသည်။ နိယတဗျာဒိတ် ကြားသည်ကို။ အားရဝမ်းသာ။ ခံယူပါ၍။ ဗျာဒိတ်တော်အရ။ ကာလ်တွက်ရေ။ လေးသင်္ချေနှင့် ကမ္ဘာတသိန်း။ အကိန်း များစွာ။ သို့စင်ကြာအောင်။ ပါရမီဆယ်ပါး။ စရိယာသုံးပါး။ စွန့်ခြင်းကြီး ငါးပါး။ ဘုရားဖြစ်ကြောင်း။ အကျင့်ကောင်းတို့ကို။ ရှုံးပေါင်းဖြည့်ကျင့်ခဲ့။ ဤဘဒ္ဒကမ္ဘာ။ ဝိဝဋ္ဋဋ္ဌာအန္တရကပ်အစတွင်။ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ သမ္မာသမ္ဗုဒ္ဓဘုရားသုံးဆူတို့နောက်။ တဆဲ့တကပ်မြောက်သောအခါ။ တုသိတာ နတ်ပြည်မှ ဆင်းခဲ့လာ၍။ ဇမ္ဗုဒီပါရဋ္ဌ။ နဂရတမွတ်။ ကပိလဝတ်မင်းဆော။ သုဒ္ဓေါဒန မင်းမျိုးဥသျှောင်၏။ တောင်ညာစံဒေဝီ။ မဟာသီရတနာ။ မဟာမာယာဝမ်းဝယ်။ စွဲလမ်းသန္ဓေ။ တည်နေဘွားမြင်သည့်ကာလ။ သိဒ္ဓတ္ထကုမာရဟု။ ဘွဲ့နာမ်အကျော်။ အရွယ်မြတ်သင့်လျော်က။ နှမတော်ဗိမ္ဗာ။ ယသော်ဓရာ မိန်းမမြတ်နှင့်။ လက်ထပ်ရလျှား။ နှစ်ပါးတူကွ။ နတ်တမျှလျှင်။ ရမ္မ၊ သုဘ၊ သုရမ္မဟု။ နန်းမသုံးဆောင်ဝယ်။ မောင်မယ်စုံပျော်ပါး၍။ သား ရာဟုလာ။ ရတနာဖွားဖျော်ကို။ မျက်နှာတော်သန့်စင်။ ဘွားမြင်သည့် နေ့ရက်တွင်။ လေးချက်သော နိမိတ်ကို။ လန့်ထိတ်တော်မူသည့် အတွက်ကြောင့်။ တောထွက်တော်မူပြီးနောက်။ ခြောက်နှစ်ပတ်လုံး။ ဒုက္ကရစရိယာအကျင့်ကိုကျင့်တော်မူဘိ၍။ ညောင်ဗောဓိ၌ဝဆာ။ အပရာဇိ

www.dhammaransi.com

# နိဒါန်း။

ပလ္လင်သာဝယ်။ လေးသင်္ချာပန်းဝတ်ကို။ လှမ်းဆွတ်တော်မူသော ဂေါတမမြတ်စွာဘုရား၏။ ကြောင်းလျှားမှုပွတ် အဖြစ်မြတ်ကို။ သိမှတ်လိုသူတို့။ အလွယ်တကူ။မှတ်ယူစေငှါ။ စေတနာဖြင့်။ ဒေသနာကျမ်းဂန်။ အတန်တန်တို့မှ။ ဝေဘန်ကောက်နုတ်၍။ ဘော်ထုတ်တည်ထွင်။ စီစဉ်ခင်းကျင်းသျက်၊ ဒီပဲယင်းမြို့၊သီရိသဒ္ဓမ္မာဘိလင်္ကာရဆရာတော်ဘုရား ရေးသား စီရင်တော်မူအပ်သော။ တထာဂတဥဒါနဒီပနီ ကျမ်းသည်။ ရဟန်းရှင်လူ။ သူတော်စဉ်အများတို့။ စေ့စေ့ငုငု။ဘတ်ရှုနာကြားရကာ။ လက်ဝါးထက်တွင်။ ကျောက်မျက်ရှင်ကဲ့သို့။ ထင်ထင်ရှားရှား။ ဘုရားရှင့် ဂုဏ်တော်။ နှုန်း မမြော်အောင်။ အယော်ဝတ၊ ကြီးမြတ်လှ၏ဟု။ ဗုဒ္ဓါရမ္မဏာ ပီတိ။ ဆီထိ ဝါဂွမ်း။ ငြိမ့်ငြိမ့်မွမ်းမွှ။ စိမ့်ရွှမ်း ညှံ့နူး။ မှုံမှုံး ကြည်ရွှင်စွာ။သဒ္ဓါဗလဝ။တက်ကြွကွန့်မြူးစေနိုင်သော ကျမ်းထူးကျမ်းမြတ်ဖြစ်သည်နှင့်အညီ။ ရဟန်းရှင်လူ။သူတော်စင်အများတို့၏။ပစ္စုပ္ပန် တမလွန်။ နှစ်တန်သောအကျိုးစီးပွါးကိုဆောင်လျက်။ သာသနာခေတ်။ အနှစ်ငါးထောင်ပတ်လုံး။ မဆုံးမချင်း၊ ထွန်းလင်း တည်မြဲစိမ့်သောငှါ။ မန္တလေးမြို့၊ကျွန်ုပ်တို့ဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်က။သိုက်မြိုက် ကောင်းမွန်စွာ။ သုတ်သင်ပြင်ဆင်လျက် ၂ ကြိမ်မြောက်။ ထပ်မံ ပုံနှိပ် လုပ်ဆောင်အပ်ပါသည်။ ။

www.dhammaransi.com

ဤတထာဂတဥဒါနဒီပနီကျမ်း ဒုတိယအုပ်၌ပါရှိသည့် အကြောင်းအရာများကို အလွယ်တကူ အလိုရှိရာကောက်နုတ်ကြည့်ရှု နိုင်ကြစေခြင်းငှါ၊ မာတိကာအစဉ်ပြုလုပ်ဖော်ပြပေအံ့။ ။

## ( က )

## မာတိကာ။


| ပုဒ်မနံပါတ်။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၁ | နဝမဝါ၊ ကောသမ္ဗီပြည်၌ ဝါဆိုတော်မူစဉ်။ သာမာဝတီ စသောမိဘုရား ၃ ပါးတို့အကြောင်း။ အတ္တဒန္တဝတ္ထု၊ အဋ္ဌုပ္ပတ္တိတို့ကိုပြဆိုရာ ... ... ... | ၁ |
| ၂ | ကောသမ္ဗီ ရဟန်းတို့ အဓိကရဏ်း ဖြစ်ပွါး ကြသဖြင့် ကိုယ်တော်တပါးတည်း ဖတော်မူခဲ့၍။ ဒသမဝါ။ ပါလိလေယျကဆင်မင်းလျှင် အလုပ်အကျွေး ရှိလျက်၊ ပါလိလေယျကာ ဝနသဏ္ဍ၌ ဝါကပ်တော် မူခြင်းနှင့် တကွ။ ဇေတဝန်ကျောင်းတော်သို့ ရောက်တော်မူသည့်တိုင်။ ကောသမ္ဗကဝတ္ထု၊ အကျယ်စကားကို ပြဆိုရာ ... ... ... ... ... | ၆ |
| ၃ | ဧကာဒသမဝါ၊ ဒက္ခိဏာဂိရိဇနပုဒ်။ နာဠပုဏ္ဏားရွာ၌ဝါဆိုတော်မူလျက်။ ကသိဘာရဒွါဇပုဏ္ဏားအားကသာကောပမာဒေသနာကို ဟော၍ ချွတ်တော်မူသည်ကိုပြရာ ... ... ... ... ... | ၁၆ |
| ၄ | ဒွါဒသမဝါ၊ ဝေရဉ္ဇမြို့၌ဝါဆိုတော်မူရာ၊ မာရ်လှည့်ပတ်၍ဆွံ့ရှားခြင်း။ မြေကြီးကို အောက်အထက်လှန်ရန်၊ မြောက်ကျွန်းသို့ဆွမ်းခံကြွရန်၊ ရှင်မောဂ္ဂလာန်တောင်းပန်ခြင်း။ သာဝကတို့အား သိက္ခာပုဒ်ပညတ်ရန် ရှင်သာရိပုတြာတောင်းပန်ခြင်းတို့ကိုပြရာ ... ... | ၂၁ |
| ၅ | ဝေရဉ္ဇပြည်၌ ဝါလပတ်လုံးနေပြီးသော် ဒေသစာရီကြွချီတော်မူ၏ ဟူရာ၌။ ဘုရားရှင်တို့၏ ဒေသစာရီကြွတော်မူရာမဏ္ဍလ ၃ ပါးကိုပြဆိုရာစကားချပ် ... | ၂၆ |

# ( ၁ ) မာတိကာ။


| ပုဒ်မနံပါတ်။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၆ | ဝေရဥ္စပြည်မှဗာရာဏသီ။ ထိုမှဝေသာလီသို့ ကြွတော်မူ၍။ မဟာဝုန်။ ကူဋာဂါရ သာလာ၌ သီတင်းသုံးနေတော်မူစဉ်။ သူဌေးသား သုဒိန်ရဟန်းပြုခြင်းနှင့်တကွ။ ရှင်သုဒိန်ကိုအကြောင်းပြု၍ ပဌမပါရာဇိကပညတ်တော်မူသည်ကိုပြရာ ... ... ... | ၃၀ |
| ၇ | ဝေသာလီမှ သာဝတ္ထိပြည်သို့ ရောက်တော်မူ၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်။ စားကြွင်းစားငါးရော။ ရဟန်းငါးရာတို့ကို အကြောင်းပြု၍။ ဝါလောဒကဇာတ်။ ပဥ္စသတဘိက္ခုဝတ္ထုတို့ကို ဟောတော်မူသည်ကိုပြရာ ... ... ... | ၃၁ |
| ၈ | ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်။ သားတော်ရာဟုလာအား မဟာရာဟုလောဝါဒသုတ်ကို ဟောတော်မူသည်ကိုပြရာ ... ... ... | ၃၂ |
| ၉ | တေရသမဝါ။ စာလိယတောင် ကျောင်း၌ သီတင်းသုံးတော်မူစဉ်။ အကုသလဝိတက် ၃ ပါးနှိပ်စက်သော အရှင် မေဃိယ ထေရ်အား တရား ဟောတော်မူသည်ကိုပြရာ ... ... ... ... | ၃၂ |
| ၁၀ | စုဒ္ဒသမဝါ၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူပြီး၍။ ဝါလကျွတ်လျှင်၊ ရှင်သာရိပုတြာအား ဂေဟာသိတပေမ-ရှိသေးယောင်တကားဟုရဟန်းတို့ ပြောဆိုကြသည်ကို အကြောင်းပြု၍ ဟောတော်မူအပ်သောသာရိပုတ္တထေရဝတ္ထုကိုပြရာ ... | ၃၅ |
| ၁၁ | သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ်။ အရှင် ရာဟုလာအား စူဠရာဟုလောဝါဒ သုတ်ကို ဟောတော်မူ၍ အရဟတ္တဖိုလ်၌တည်စေသည်ကို ပြရာ ... ... ... ... ... | ၃၆ |
| ၁၂ | အရှင်ရာဟုလာ ဝစ္စကုဋိပြင်ပ၌ ကျိန်းနေစဉ်။ မာရ်နတ်သားဆင်ပြောင်အဟန့်ဘန်ဆင်း၍ ချောက်လှန့်လာရာတွင် ဟောတော်မူသောတရားအကြောင်း .... | ၃၈ |

www.dhammaransi.com



ပုဒ်မနံပါတ်၊ အကြောင်းအရာ၊ မျက်နှာနံပါတ်၊

၁၃ ပဉ္စမဝါ၊ ကပိလဝတ်ပြည်၊ နိဂြောဓာရုံ ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်၊ အဘယ်မျှလောက်သော အကြောင်းဖြင့် ဥပါသကာ မည်ရာသနည်း စသည်ဖြင့် မေးလျှောက်အပ်သော မဟာနာမ်မင်းကြီး၏ပြဿနာကိုဖြေကြားတော်မူသည်ကိုပြရာ ... ၃၉

၁၄ နိဂြောဓာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ်၊ ဝရီးတော် သုပ္ပဗုဒ္ဓ မင်းကြီးအား မြေမျိုရာတွင် ဟောတော်မူအပ်သော၊ နအန္တလိက္ခေ-စသော ဒေသနာတော်ကိုပြရာ ... ... ... ... ... ၄၁

၁၅ နိဂြောဓာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ်၊ မဟာနာမ်မင်းကြီးအား၊ သဒ္ဓါ၊ ဝိရိယ၊ သတိ၊ သမာဓိ၊ ပညာ-တရား ၅ ပါး၌တည်သောသူသည် ဘုရားရှင်ကိုနှစ်သက်စေနိုင်၏ဟုဟောပြရာ ... ... ... ၄၄

၁၆ ပဉ္စမဝါ ကျွတ်တော်မူပြီး၍၊ ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေစဉ်၊ သိကြားမင်းမေးလျှောက်သောပြဿနာကို၊ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ စသော ဒေသနာဖြင့် ဖြေကြားတော်မူခြင်း၊ ရဟန်းတို့အား တရားအနုမောဒနာပြုစေရန်ခွင့်ပေးခြင်းတို့ကိုပြရာ ၄၅

၁၇ သောဠသမဝါ၊ အာဠဝီပြည်၌ ဝါဆိုတော်မူစဉ်၊ အာဠဝကဘီလူးအားချွတ်တော်မူခြင်းစသည်ကိုပြရာ ... ၅၀

၁၈ သတ္တရသမဝါ၊ ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေစဉ်၊ သိရိမာ၏အလောင်းကိုအကြောင်းပြု၍ ပဿ စိတ္တကတံ ဗိမ္ဗံ၊ စသော ဒေသနာကို ဟောတော်မူခြင်း ... ... ... ... ... ၆၉

၁၉ သတ္တရသမဝါ ကျွတ်တော်မူပြီး၍ ဒေသစာရီကြွတော်မူစဉ်၊ အာဠဝီပြည်သား ဂေါနမှ ဥပါသကာကို အကြောင်းပြု၍၊ ဇိဃစ္ဆာ ပရမာ ရောဂါ၊ စသောဒေသနာကိုဟောတော်မူခြင်း ... ... ... ၇၃

၂၀ အဋ္ဌာရသမဝါ၊ စာလိယတောင်ကျောင်း၌ သီတင်းသုံး

www.dhammaransi.com



# မာတိကာ။

ပုဒ်မနံပါတ်၊ အကြောင်းအရာ။ မျက်နှာနံပါတ်၊


နေစဉ်၊ မေဃိယထေရ်စသည်ကို အကြောင်းပြု၍။ ဖန္ဒနံ-စသော ဒေသနာ။ အာဠဝီပြည်၊ ယက်ကန်းသည်သမီးကိုအကြောင်းပြု၍၊ အန္ဓဘူတော-စသော ဒေသနာတို့ကိုဟောတော်မူခြင်း ... ... ၇၅

၂၁ ဧကူနဝီသတိမဝါ၊ ဝေဠုဝန်ကျောင်းတော်၌သီတင်းသုံးနေစဉ်၊ ကုက္ကုဋမိတ္တမုဆိုးမယားကို အကြောင်းပြု၍ ပါဏိမှိစေ၊ စသောဒေသနာကို ဟောတော်မူခြင်း ၈၁

၂၂ ထိုကုက္ကုဋမိတ္တ မုဆိုး လင် မယား-သား-ချွေးမတို့၏ အတိတ်ဝတ္ထုကိုပြရာ ... ... ... ၈၆

၂၃ ဝိသတိမဝါဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေစဉ်၊ ဝန်တို စဉ်းလဲသော အာနန္ဒာ သူဌေးကို အကြောင်းပြု၍၊ ပုတ္တ မတ္ထိ-စသော ဒေသနာကို ဟောတော်မူခြင်း ... ... ... ... ... ၈၈

၂၄ သာဝကအစည်းအဝေး၌၊မြတ်စွာဘုရားအလုပ်အကျွေးကိုရွေးချယ်ခြင်း၊ ရှင်အာနန္ဒာထေရ် ဆုရှစ်ပါးကိုပန်၍လုပ်ကျွေးခြင်းတို့ကိုပြရာ .. ... ... ၉၁

၂၅ ရှင်အာနန္ဒာထေရ်၏အလုပ်အကျွေးဆုကိုပန်ခဲ့ဘူးသော ရှေးဝတ္ထုကိုပြရာ ... ... ... ... ၉၅

၂၆ ပဉ္စသာလပုဏ္ဏားရွာ၌ သီတင်းသုံး နေစဉ်၊ မာရ်နတ်ကို အကြောင်းပြု၍၊သုသုခံဝတ ဇီဝါမ-စသော ဒေသနာကိုဟောတော်မူခြင်း ... ... .... ၉၆

၂၇ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ်၊အင်္ဂုလိမာလထေရ် ပရိနိဗ္ဗာန်ပြုရာ၌၊ယဿ ပါပံ ကတံကမ္မံ-စသောဒေသနာကိုဟောတော်မူခြင်း ... ... ၉၇

၂၈ ပသေနဒီကောသလမင်းကြီး၏အသဒိသဒါနကိုပြရာ... ၁၀၅

၂၉ သုန္ဒရီပရိဗိုဇ်မစွပ်စွဲခြင်းကိုပြရာ ... ... .. ၁၁၁

၃၀ မြတ်စွာဘုရားနှင့်ရဟန်းငါးရာတို့ကိုမီးကျီးတွင်း၌ ချအံ့ဟု ကြံမှားသောတိတ္ထိယသာဝကဂရဟဒိန္နနှင့်၊ ဗုဒ္ဓသာဝက-သိရိဂုတ္တတို့အကြောင်း ... ... ၁၁၄

www.dhammaransi.com



ပုဒ်မနံပါတ်၊ အကြောင်းအရာ၊ မျက်နှာနံပါတ်၊

၃၁ နန္ဒောပနန္ဒ နဂါးမင်းကို ရှင်မောဂ္ဂလာန် မထေရ် ဆုံးမတော်မူခြင်းအကြောင်း ... ... ... ၁၂၃
၃၂ မြတ်စွာဘုရားသခင် ဗကဗြဟ္မာကို ဆုံးမခြေချွတ်တော်မူခြင်းအကြောင်း ... ... ... ... ၁၂၈
၃၃ အနာထပိဏ်သူဌေး၏သမီး၊ စူဠသုဘဒ္ဒါ၊ ယောကျ်ာမ ဥဂ္ဂသူဌေးတို့ကိုအကြောင်းပြု၍၊ ဒူရေ သန္တော၊ စသောဒေသနာကိုဟောတော်မူသည်ကိုပြရာ... ... ၁၃၅
၃၄ မြတ်စွာဘုရားနှင့် အဆွေ ခင်ပွန်း ဘွဲ့သော လယ်လုပ်ပုဏ္ဏားအား ပျက်သောလယ်ကို မှီ၍ သောကဖြစ်သည်ကိုကယ်ချွတ်တော်မူခြင်း ... ... ၁၄၀
၃၅ သေပြီးသောဦးခေါင်းခွံကိုခေါက်ကာမျှဖြင့်လားရာဂတိကိုသိစွမ်းနိုင်သော ဝင်္ဂီသပုဏ္ဏားအား ချွတ်တော်မူခြင်း ... ... ... ... ... ၁၄၂
၃၆ ချက်မှ လဝန်းအရောင်နှင့် တူစွာ အရောင်ထွက်သော စန္ဒာဘပုဏ္ဏားအားချွတ်တော်မူခြင်း ... ... ၁၄၅
၃၇ မာရ်နတ်သည် မြတ်စွာဘုရားအား မင်း ပြုစိမ့်သောငှါ တောင်းပန်သည်ကို အကြောင်း ပြု၍ တရားဟောတော်မူခြင်း ... ... ... ... ၁၄၈
၃၈ ပေါက္ခရသာတိ ပုဏ္ဏားသည့် တပည့် အမ္ဗဋ္ဌလုလင်ကို စေလွှတ်၍ မြတ်စွာဘုရား၏ လက္ခဏာတော်တို့ကို စုံစမ်းစေခြင်း ... ... ... ... ၁၅၁
၃၉ အမ္ဗဋ္ဌ လုလင်၏ စကားကို ကြား၍၊ ပေါက္ခရ သာတိ ပုဏ္ဏားမြတ်စွာဘုရားထံဖူးမြော်လာခြင်း ... ၁၆၇
၄၀ မြတ်စွာဘုရား၏ အရပ်တော်ပမာဏကို နှိုင်းရှည့်သော ပုဏ္ဏားအားတရားဟောတော်မူသည်ကိုပြရာ ... ၁၇၀
၄၁ ဝိသာခါဒါယိကာမ၏ ပဉ္စပြန်ဝတ္ထု၊ အကျယ်စကားကို ပြဆိုရာ ... ... ... ... ... ၁၇၁
၄၂ ဝိသာခါဒါယိကာမ၏ ဈေးအတိတ်ဆုတောင်းကိုပြရာ... ၁၆၂

www.dhammaransi.com



## မာတိကာ။

ပုဒ်မနံပါတ်၊ အကြောင်းအရာ။ မျက်နှာနံပါတ်။

၄၃ ဝိသာခါဒါယိကာမ၏အပေါင်းအဘော်၊ သေယစ်သော မိန်းမငါးရာတို့အားတရားဟောချွတ်တော်မူခြင်း... ၁၉၄

၄၄ တက္ကသိုလ် ပြည့်ရှင် ပုက္ကုသာတိ မင်းကြီးအား ဓာတုဝိဘင်္ဂသုတ်ဒေသနာကိုဟော၍ချွတ်တော်မူခြင်း ... ၁၉၇

၄၅ အလွန် ကြီးမားသော အသုရိန်နတ်သားသည် မြတ်စွာဘုရားမျက်နှာတော်ကိုမော်၍ဖူးမြော်ရကြောင်း ... ၂၀၀

၄၆ ရှင်ဒေဝဒတ် မြတ်စွာဘုရားကို ရန်ငြိုးဖွဲ့သည်က စ၍ မြေမျိုသည် တိုင်အောင်သော အကျယ် စကားကို ပြဆိုရာ ... ... ... ... ... ၂၀၂

၄၇ သာကေတမြို့သား ပုဏ္ဏားအိုသို့ခင်ပွန်း နှစ်ယောက်တို့ အနာဂံ တည်သည်ကစ၍။ ပရိနိဗ္ဗာန် ပြုသည်တိုင် အောင်ပြဆိုရာ ... ... ... ... ၂၂၆

၄၈ ဗန္ဓုလစစ်သူကြီး၊ မဟာလိလိစ္ဆဝီ၊ ဆွေတော် မျိုးတော် တို့ပျက်စီးခြင်းစသော အဖြေ့ပုတ္တိများနှင့်တကွ၊ မိက္ခဒုဿမင်း၏အကြောင်းအကျယ်စကားကိုပြဆိုရာ ... ၂၃၃

၄၉ ဝေဿဝဏ-စသော နတ်မင်းကြီး ၄ ပါးတို့နေရာ၊ စာတုမဟာရာဇ် နတ်မြို့များ၏ အကြောင်းစသည်နှင့် တကွ၊အာဋာနာဋိယသုတ်၏အဖြေ့ပုတ္တိကိုပြဆိုရာ... ၂၅၅

၅၀ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်။ဝေဒိယကတောင်၊ ဣန္ဒသာလဂူလိုဏ်၌ သီတင်းသုံးနေစဉ်၊ သိကြားမင်း အားသက္ကပဉ္စသုတ်ကိုဟောတော်မူသည်ကိုပြရာ... ၂၆၀

၅၁ ပါဋလိရွာငယ် နယ်စပ်၌ အခွန်ဘဏ္ဍာကို အကြောင်းပြု၍ အဇာတသတ်မင်းနှင့် လိစ္ဆဝီမင်းတို့ စစ်ဖြစ်ကြခြင်းအကြောင်း ... ... ... ... ၂၇၂

၅၂ မြတ်စွာဘုရား ဂိဇ္ဈကုဋ် တောင်ကျောင်း၌ သီတင်းသုံးနေစဉ်၊ရဟန်းတို့အား အပရိဟာနိယတရားတို့ကို ဟောတော်မူခြင်း ... ... ... ... ၂၈၀

၅၃ ပါဋလိရွာ၊အာဝသထာဂါရ၌ သီတင်းသုံးနေစဉ်၊ ပါဋလိ

www.dhammaransi.com




| ပုဒ်မနံပါတ်။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| | လိစ္ဆဝီသားတို့အား သီလဝိပတ္တိအပြစ် ၅ ပါး၊ သီလသမ္ပတ္တိအကျိုး ၅ ပါးတို့ကိုဟောတော်မူခြင်း ... | ၂၉၅ |
| ၅၄ | မြတ်စွာဘုရားသခင်၊ပါဋလိဂ္ဂါမ-အာဝသထာဂါရ၌ သိတင်းသုံးနေစဉ်၊ အဇာတသတ်မင်း၏ အမတ်၊ သုနိဓ၊ဝဿကာရတို့သည် ဝဇ္ဇီမင်းတို့ကို မြစ်အံ့သော ငှါ ပါဋလိဂ္ဂါ၌ မြို့တည်လှာသည်ကိုပြရာ ... | ၂၉၈ |
| ၅၅ | မြတ်စွာဘုရားသည် ပါဋလိဂ္ဂါမှ ကောဋိဂါမ၊ ထိုမှကြွတော်မူ၍၊ နာတိကရွာ၌ သိတင်းသုံးနေစဉ်၊ ခပ်သိမ်းစုံသောသူတို့ပင်၊ငါသည်မည်သည့်ဂတိ၊မည်သည့်အလားရှိ၏ဟု၊ သိနိုင်၊ ဆုံးဖြတ်နိုင်စကောင်းသော၊ ဓမ္မာဒါသမည်သော တရားကြေးမုံကို ရှင်အာနန္ဒာအားဟောတော်မူခြင်း ... ... ... | ၃၀၄ |
| ၅၆ | မြတ်စွာဘုရားသည်၊ နာတိကရွာမှ ဝေသာလီပြည်၊ ထိုမှကြွတော်မူ၍၊ ဗေဠုဝရွာ၌ ၄၅ ဝါမြောက်ဝါကပ်တော်မူသည်ကိုပြရာ ... ... ... | ၃၀၇ |
| ၅၇ | ဗေဠုဝရွာငယ်၌ ဝါကပ်တော်မူစဉ်၊မြတ်စွာဘုရားအားသည်းစွာသောဝေဒနာတော်ဖြစ်သည်ကိုပြဆိုရာ | ၃၁၃ |
| ၅၈ | အရှင်သာရိပုတြာမထေရ်၊ မယ်တော် ရူပသာရိပုဏ္ဏေးမအိမ်၊ ဘွားရာတိုက်ခန်း၌ ပရိနိဗ္ဗာန်ပြုတော်မူသည်ကိုပြရာ ... ... ... ... ... | ၃၁၇ |
| ၅၉ | အရှင်မောဂ္ဂလာန် မထေရ် ဣသိဂိလိတောင် နံရံ၌ ပရိနိဗ္ဗာန်ပြုတော်မူသည်ကိုပြရာ ... ... | ၃၂၅ |
| ၆၀ | မြတ်စွာဘုရားသျှင်ဝေသာလီပြည်၊ စာပါလစေတီ၌ နေ့သန့်တော်မူစဉ် အာယုသင်္ခါရ လွှတ်တော်မူသည်ကိုပြရာ ... ... ... ... ... | ၃၃၀ |
| ၆၁ | အာယုသင်္ခါရလွှတ်တော်မူသောအခါ ပြင်းစွာမြေလှုပ်ခြင်းနှင့် တကွ။ မြေလှုပ်ကြောင်း ၈ပါး၊ ပရိသတ် ၈ပါး၊ အဘိဘာယတန၈ပါးတို့ကို ဟောတော်မူခြင်း။ ရှင်အာနန္ဒာ တောင်းပန်ခြင်းတို့ကိုပြရာ ... | ၃၃၆ |

www.dhammaransi.com



ပုဒ်မနံပါတ်။ အကြောင်းအရာ။ မျက်နှာနံပါတ်၊

၆၂ မြတ်စွာဘုရားသည်၊ ရဟန်း တို့အား ငါ ဘုရားသည် မကြာမြင့်မီ ပရိနိဗ္ဗာန် ပြုတော်မူရအံ့။ မမေ့မလျော့ ဖြစ်ကုန်လော့ဟု ဆုံးမတော်မူခြင်း၊ ဝေသာလီပြည်ကို အဆုံးစွန်-နာဂါပလောကိတဖြင့် ကြည့်ခြင်းတို့ ကိုပြရာ ... ... ... ... ... ၃၄၅

၆၃ မြတ်စွာဘုရားသည် ဝေသာလီမှဘဏ္ဍုဂ္ဂါ၊ဟတ္ထိဂါမ၊ အမ္ဗဂါမ၊ဇမ္ဗုဂါမ၊ဘောဂနဂရ၊ထိုမှ ပါဝါပြည်၊ စုန္ဒ ရွှေပန်းထိမ်၏ ဥယျာဉ်သို့ ရောက်တော်မူ၍ စုန္ဒ၏ ဝက်သားပြွမ်း ဆွမ်းကို ဘုဉ်းပေးတော်မူသည်တိုင် အောင်ပြရာ ... ... ... ... ၃၄၈

၆၄ စုန္ဒ၏ဝက်သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူပြီးနောက် ဝမ်းတော် လားခြင်း၊ ပါဝါမှ ကုသိနာရုံသို့ ကြွရာ လမ်းခရီးတွင် ပုက္ကုသ မလ္လာမင်းအား တရားဟော ခြင်း၊စုန္ဒ၏သားပြွမ်းဆွမ်း၌ သက်သာပျောက်ရန်ဟော တော်မူခြင်းတို့ကိုပြရာ ... ... ... ၃၅၁

၆၅ မြတ်စွာဘုရား ကုသိနာရုံ ပြည်သို့ ကြွတော်မူ၍၊ အင် ကြင်းဥယျာဉ်ဝယ်၊ ပရိနိဗ္ဗာန်ပြုရာ ညောင်စောင်း၌ လျောင်းတော်မူခြင်း၊ အာမိသပူဇာ၊ ဓမ္မပူဇာ နှစ်ပါး တို့ကိုပြရာ ... ... ... ... ၃၆၂

၆၆ ပရိနိဗ္ဗာန် ပြုတော်မူရာ ညောင်စောင်း၌ လျောင်းလျက်၊ နတ်တို့၏အလိုကို သိ၍ ရှင်ဥပဝါဏထေရ်ကို ဖယ် ရှားစေတော်မူခြင်း၊နတ်တို့ငိုကြွေးခြင်းကိုပြရာ ... ၃၇၁

၆၇ ရှင်အာနန္ဒာမေးလျှောက်၍၊ ပရိနိဗ္ဗာန်ပြုပြီးသောနောက် ကာလဝယ် မနောဘာဝနီယရဟန်းတို့ကို ဖူးမြင်ရ ရာဖြစ်သော သံဝေဇနီယဌာနလေးပါးတို့ကို ဟော တော်မူရာ ... ... ... ... ၃၇၄

၆၈ ရှင်အာနန္ဒာမေးလျှောက်သဖြင့် မာတုဂါမတို့၌ ကျင့်ရာ သောတရားတို့ကိုဟောတော်မူရာ ... ... ၃၇၅

၆၉ ရှင်အာနန္ဒာမေးလျှောက်သဖြင့်မြတ်စွာဘုရားအလောင်း

www.dhammaransi.com



ပုဒ်မနံပါတ်။ အကြောင်းအရာ။ မျက်နှာနံပါတ်။

တော်၌ကျင့်ဆောင်ရာသောတရား၊ ထူပါရဟလေး
ပါးတို့ကိုဟောတော်မူရာ .... ... ... ၃၇၇

၇၀ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော့အံ့ဖြစ်၍ ရှင်အာနန္ဒာငို
ကြွေးသည်ကို၊ အလံအာနန္ဒ၊ စသောစကားဖြင့် သက်
သာရာရစေ၍၊ ရှင်အာနန္ဒာ၏ အစ္ဆရိယအဗ္ဘုတ ဓမ္မ
ကျေးဇူးတရားလေးပါးတို့ကိုဟောတော်မူရာ ... ၃၇၉

၇၁ ဤကုသိနာရုံပြည်ငယ်၌ ပရိနိဗ္ဗာန်ပြုပလေသည်ဟု ရှင်
အာနန္ဒာ လျှောက်၍၊ ငါ မဟာသုဒဿနစကြာမင်း
ဖြစ်စဉ်က ဤကုသိနာရုံပြည်သည် ကုသဝတီ ရာဇ
ဌာနီကြီးဖြစ်ဘူးပြီဟု မဟာသုဒဿနသုတ်ကိုဟော
တော်မူရာ ... ... ... ... ၃၈၂

၇၂ မြတ်စွာဘုရားသခင်သည် ရှင်အာနန္ဒာကိုစေ၍ကုသိနာ
ရုံပြည် မလ္လာမင်းတို့အား အကြောင်းကြားစေတော်
မူသည်ကိုပြရာ ... ... ... ... ၄၀၁

၇၃ ပဗ္ဗဇိတ၊ ဥပသမ္ပဒ၊ အရဟတ္တပတ္တ၊ သုံးချက်လုံးဖြင့် မြတ်
စွာဘုရားမျက်မှောက် ပစ္ဆိမိက သက္ခိသာဝကဖြစ်
သော သုဘဒ္ဒထေရ်၏အကြောင်းကိုပြရာ ... ၄၀၃

၇၄ မြတ်စွာဘုရားသခင်သည်သာဝကတို့အား၊ ယော ဝေါ
အာနန္ဒစသောစကားဖြင့် မှာကြားတော်မူခြင်း၊ ဟန္ဒ
ဒါနိဘိက္ခဝေစသော ပစ္ဆိမဝါစနကိုမိန့်တော်မူခြင်း၊
ကုဋေ ၂ သန်း ၄ သိန်းသော သမာပတ်တို့ကို ဝင်
စားတော်မူပြီးအဆုံး၌ပရိနိဗ္ဗာန်ပြုတော်မူခြင်းတို့ကို
ပြရာ ... ... ... ... ... ၄၁၁

၇၅ ပရိနိဗ္ဗာန်ပြုတော်မူသည်နှင့် ဘပြိုင်နက်။ သံဝေဂဓမ္မဂါ
ထာရွတ်တော်မူကြခြင်းတို့ကိုပြရာ ... ... ၄၁၉

၇၆ မြတ်စွာဘုရားအလောင်းတော်ကို ပရိနိဗ္ဗာန်ပြုရာ အင်
ကြင်းဥယျာဉ်၌၊ ခုနစ်ရက်ပတ်လုံး ပူဇော်ခြင်း ပရိ
နိဗ္ဗာနသတ္တာဟ၊ မြို့ရှေ့မကုဋဗန္ဓနတောင်သို့ဆောင်

www.dhammaransi.com



ပုဒ်မနံပါတ်၊ အကြောင်းအရာ။ မျက်နှာနံပါတ်၊

ၡ်သကြိုဟ်အံ့သောအစီအရင်ဖြင့်စီရင်ခြင်း စိတက သဏ္ဍာယာဇ္ဈီကိုပြရာ ... ... ... ၄၁၉
၇၇ အရှင်မဟာကဿပ မထေရ်၊ ပါဝါမှ ကုသိနာရုံပြည်၊ မကုဋဗန္ဓနတောင်၊ အလောင်းတော်တင်ရာ ထင်းပုံသို့ရောက်၍ ရှိခိုးပူဇော်ပြီးဆုံး၌ အလောင်းတော်ကို တေဇောဓာတ်လောင်သည်ကိုပြရာ ... ... ၄၂၄
၇၈ မလ္လာမင်းတို့သည် ဓာတ်တော်တို့ကို မြို့တွင်းမင်းကွန်းစရပ်၌ အစောင့်အရှောက်မြိမြိထားလို၍ သာရဏီဌ္ဌနသဘင် ပျော်ရွှင်ကြခြင်း၊ ခုနစ်ပြည်ထောင် မင်းတို့ ဓာတ်တော်တောင်းစစ်တက်ကြခြင်း၊ ဒေါဏပုဏ္ဏားဓာတ်တော်ဝေခြင်းတို့ကိုပြရာ ... ... ၄၃၉
၇၉ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက်၊ မမြင့်မီဖြစ်ထွန်းသော၊ သာရီရိကစေတီ၊ပါရိဘောဂိကစေတီတော်တို့ကိုပြရာ ... ... ... ၄၄၅
၈၀ အရှင်မဟာကဿပထေရ်နှင့်အဇာတသတ်မင်းတို့တိုင်ပင်၍။ ပျံ့နှံ့တည်ရှိသော ဓာတ်တော်တို့ကို ရုံးရုံပြီးလျှင်၊ ရာဇဂြိုဟ်ပြည်၏ အရှေ့တောင် အရပ်၌ တပေါင်းတည်းဌာပနာသည်ကိုပြရာ ... ... ၄၄၉
၈၁ ဒေါဏပုဏ္ဏား ဓာတ်တော် ဝေတန်သော နှစ်ကာလမှ။ အဇာတသတ်မင်း ဓာတ်တော်တို့ကို မြှုပ်ထား ဌာပနာသော နှစ်ကာလတိုင် အခွန့် အကွာ စသည်ကို တွက်စစ်၍ပြဆိုရာ... ... ... ... ၄၅၃
၈၂ မြတ်စွာဘုရားသခင်၏ ဓမ္မတာ ၃၀။ အနန္တရာယိကဓမ္မ ၄ ပါး။ အစိဇ္ဇဟိတဌာန ၄ ပါး၊ ဘွားဘက်တော် ခုနစ်ယောက် နက္ခတ္တယောဂ၊ ဝေမတ္တရှစ်ပါးတို့ကို ပြဆိုရာ ... ... ... ... ... ၄၅၄
၈၃ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူရာ စည်းဝေးရောက်လာကုန်သော ရဟန်းသံဃာတို့ တိုင်ပင်တော်မူကြပြီးလျှင်။ ရာဇဂြိုဟ်ပြည်၊ ဝေဘာရတောင်၊ စရည်း

www.dhammaransi.com




| ပုဒ်မနံပါတ်၊ | အကြောင်းအရာ၊ | မျက်နှာနံပါတ်၊ |
|---|---|---|
| | ပင်ရောက်ရာ လိုဏ်ဝ၌ ရှင်မဟာကဿပ အမှူးရှိသောရဟန္တာငါးရာတို့ ပဌမသင်္ဂါယနာတင်တော်မူကြသည့်ကိုပြရာ .. ... ... ... | ၄၅၁ |
| ၁၄ | ထိုသင်္ဂါယနာတင်သော မြတ်စွာဘုရားစကားတော်တို့ကို၊ ဧကရသ၊ ဓမ္မ-ဝိနယ- ၂-ရပ်။ စသည်ဖြင့် ခွဲဝေကောက်ယူပုံ ပိဋကတ်ခွဲကိုပြရာ ... ... | ၄၇၄ |
| ၁၅ | သင်္ဂါယနာတင်ပြီးသော အခါ ဘုရားရှင်ပညတ်တော်မူသောသိက္ခာပုဒ်တို့ကိုမနုတ်မပယ်မူ၍ ပညတ်တော်မူတိုင်း ကျင့်ဆောင်ကြရန် ဥဿိုဒုတိယကမ္မဝါစာဖြင့် ရှင်မဟာကဿပကြားတော်မူခြင်းကိုပြရာ ... | ၄၇၁ |
| ၁၆ | သင်္ဂါယနာတင်မထေရ်ကြီးတို့သည်၊ မည်သည့်သိက္ခာပုဒ်သည်ခုဒ္ဒါနုခုဒ္ဒကမည်ပါသနည်းဟု မြတ်စွာဘုရားအား မမေးလျှောက်လိုက်ခြင်း စသော ၅ ပါးသောအရာ၌ ရှင်အာနန္ဒာအား ဒုက္ကဋ် အာပတ်သို့တင်၍ဒေသနာကြားစေခြင်းတို့ကိုပြရာ ... | ၄၁၀ |
| ၁၇ | သံဃာ့အာဏာဖြင့် ဆန္နထေရ်အား ဗြဟ္မဒဏ်ထားရန် ရှင်အာနန္ဒာရာဇဂြိုဟ်မှ ကောသမ္ဗီသို့ကြွခြင်း၊ ဥတေနမင်းနှင့် မောင်းမငါးရာတို့ ရှင်အာနန္ဒာအား ပုဆိုးတထောင်လှူခြင်း၊ ဆန္နထေရ်အား ဗြဟ္မဒဏ်ကြားခြင်း၊ ဗြဟ္မဒဏ်ငြိမ်းခြင်းတို့ကိုပြရာ ... ... | ၄၁၂ |
| ၁၈ | သာသနာတော် အမှတ် လွယ်စိမ့်သော၄ါ။ ဘိုးတော်အညွှန်မင်းကြီး ထားခဲ့သော သက္ကရာဇ် ၁၄၁ ခုကို အဇာတသတ်မင်း ဖြိုခြင်းနှင့် တကွ။ ဒုတိယသင်္ဂါယနာတင်၊ ကာလာသောကမင်းတိုင်၊ ရာဇဂြိုဟ်မင်းဆက်၊ ဝေသာလီမင်းဆက်ရာဇဝင်အစဉ်ကိုပြရာ ... | ၄၁၅ |
| ၁၉ | မြတ်စွာဘုရား၏လက်ထက် ဋ္ဌတဒဂ်ရ ရှင်ဥပါလိကစ၍၊ ဒါသက၊ သောဏက၊ သိဂ္ဂဝ၊ စဏ္ဍဝဇ္ဇိထေရ်ဟူကုန်သော သာသနာဝင်အစဉ်အဆက်ကိုပြရာ ... | ၄၁၆ |
| ၂၀ | သာသနာတော် အနှစ်တရာကျော်တွင်၊ ဝဇ္ဇိတိုင်းသား | |

www.dhammaransi.com



ပုဒ်မနံပါတ်၊　　အကြောင်းအရာ။　　မျက်နှာနံပါတ်၊

ရဟန်းတို့ အဓမ္မဝတ္ထု ဆယ်ပါးကို ပြခြင်းကို အကြောင်းပြု၍၊ ရှင်ယသသရေ၏အစရှိသော ရဟန္တာ ခုနစ်ရာတို့ဒုတိယသင်္ဂါယနာတင်သည်ပြရာ ... ၄၀၆

၉၁ ဒုတိယ သင်္ဂါယနာ တင်ပြီးနောက် တတိယ သင်္ဂါယနာမတင်မီ အနှစ်တရာအတွင်း၌။ ၁၈ ဂိုဏ်းကွဲပြားသည်ကိုပြရာ ... ... ... ... ၅၀၅

၉၂ ဒုတိယသင်္ဂါယနာတင် မထေရ်ကြီးတို့သည် သာသနာတော်၌ ဖြစ်ပေါ်လတ္တံ့သော ကြီးစွာသောဘေးရန်ကိုမြင်နှင်းစိမ့်သော၄၊ တိဿမြဟ္မာကြီးကိုတောင်းပန်ခြင်း၊ သိဂ္ဂဝ၊ စဏ္ဍဝဇ္ဇိ၊ ထေရ်ငယ်နှစ်ပါးကို ဒဏ်ထားခြင်းတို့ကိုပြရာ ... ... ... ၅၀၈

၉၃ ဒုတိယ သင်္ဂါယနာတင်၊ ကာလာသောကမင်းက စ၍၊ စန္ဒဂုတ္တမင်းတိုင်၊ ဝေသာလီ မင်းဆက်၊ ပါဋလိပုတ်မင်းဆက်ရာဇဝင်အစဉ်ကိုပြဆိုရာ ... ... ၅၁၀

၉၄ ဒုတိယသင်္ဂါယနာတင် ရဟန္တာမထေရ်ကြီးတို့မှဆင်း သက်၍၊ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ ထေရ်တိုင်၊ သာသနာဝင်အစဉ်အဆက်ကိုပြရာ ... ... ၅၁၇

၉၅ စန္ဒဂုတ္တမင်းမှ သိရိဓမ္မာသောကမင်း တိုင်၊ ပါဋလိပုတ်ပြည်ရာဇဝင်အစဉ်အဆက်ကိုပြရာ ... ... ၅၂၂

၉၆ သိရိဓမ္မာသောက် မင်းကြီးသည်၊ တူတော် နိဂြောဓသာမဏေကို အမှီပြု၍။ သာသနာတော်၌ မနစ်မဆုတ်သော သဒ္ဓါ ကြည်ညိုခြင်းဖြင့် သက်ဝင် ကြည်ညိုသည်ကိုပြရာ ... ... ... ... ၅၂၇

၉၇ သိရိဓမ္မာ သောကမင်းကြီးသည် ကာလနဂါးမင်း ဘန်ဆင်း၍ ပြအပ်သော မြတ်စွာဘုရား ရုပ်ပုံတော်ကို ခုနစ်ရက်ပတ်လုံးမျက်စိဖြင့်ပူဇော်သည်ကိုပြရာ ... ၅၃၃

၉၈ သိရိဓမ္မာသောကမင်းကြီးသည် အဇာတသတ်မင်း ဌာပနာခဲ့သော ဓာတ်တော်တို့ကိုယူ၍၊ ဇမ္ဗူဒိပ်ကျွန်းအ

ပုဒ်မနံပါတ်။ အကြောင်းအရာ။ မျက်နှာနံပါတ်။

ပြင်၌ စေတီ ရှစ်သောင်းလေးထောင်၊ ကျောင်း ရှစ်
သောင်းလေးထောင်တည်ထားဌာပနာသည်ကိုပြရာ ၅၃၄

၉၉ သိရိဓမ္မာသောကမင်းကြီးသည်၊ သားတော်မဟိန္ဒ၊ သ
မီးတော်သင်္ဃမိတ္တာတို့ကို သာသနာတော်သို့သွတ်
သွင်း၍ သာသနအမွေခံတော်မူသည်ကိုပြရာ ... ၅၃၉

၁၀၀ သာသနာတော်၌တိတ္ထိတို့ကြောင့် အဓိကရဏ်းကြီးစွာ
ဖြစ်ခြင်း၊ ထို အဓိကရဏ်းကို နှိပ်လျက်၊ ရှင်မဟာ
မောဂ္ဂလိ ပုတ္တ တိဿ ထေရ်စသော ရဟန္တာ တ
ထောင်တို့၊ တတိယသင်္ဂါယနာတင်တော်မူကြခြင်း
တို့ကိုပြရာ ... ... ... ... ၅၄၁

၁၀၁ တတိယသင်္ဂါယနာ တင်ပြီးနောက်၊ ရှင်မောဂ္ဂလိပုတ္တ
တိဿထေရ်သည် မဇ္ဈန္တိကထေရ်စသော မထေရ်
တို့ကို၊ ကိုးတိုင်း ကိုးဌာနသို့ သာသနပြု စေလွှတ်
တော်မူသည်ကိုပြရာ ... ... ... ၅၅၂

၁၀၂ သာသနာပြု ကိုးဌာနအဝင် သီဟိုဠ်ကျွန်းကို အစစွာလူ
နေတည်ထောင်သော ဝိဇယဗာဟုမင်းကစ၍၊ ဒေ
ဝါနံပိယတိဿမင်းတိုင်၊ သီဟိုဠ်ကျွန်းအဓိပ္ပတ်ရာ
ဇဝင်အစဉ်ကိုပြဆိုရာ ... ... ... ၅၆၀

၁၀၃ ဇမ္ဗူဒိပ်ကျွန်း ဓမ္မာသောကမင်းနှင့်၊သီဟိုဠ်ကျွန်း ဒေဝါနံ
ပိယတိဿ မင်းတို့ အဒိဋ္ဌ သဟာယ ဖြစ်၍ လက်
ဆောင်ပဏ္ဏာအတုံ့အလှည့်ပို့ကြခြင်း၊ ဓမ္မာသောက
မင်း ပို့သော အဆောင် အရွက်ဖြင့် ဒေဝါနံ ပိယ
တိဿမင်း အဘိသိက်ခံခြင်းနှင့် တကွ၊ အဘိသိက်
အစီအရင်ကိုပြရာ... ... ... ... ၅၆၄

၁၀၄ အရှင်မဟိန္ဒစသောရှိသီဟိုဠ်ကျွန်းသို့သာသနာပြုကြွတော်
မူ၍ မိဿကတောင်၌ ဒေဝါနံပိယတိဿ မင်းအား
စူဠဟတ္ထိ ပဒေါပမ သုတ္တန် ဒေသနာဖြင့် မင်းချင်း
ယောကျ်ား ၄ဝ၀၀သောင်းနှင့်တကွ သရဏဂုံတည်

www.dhammaransi.com




| ပုဒ်မနံပါတ်။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| | စေခြင်း၊ သမစိတ္တသုတ္တန် ဒေသနာဖြင့် အသင်္ချေမျှ လောသောနတ်တို့အားမဂ်ဖိုလ်ရစေခြင်းကိုပြရာ ... | ၅၉၇ |
| ၁၀၅ | အရှင်မဟိန္ဒထေရ်သီဟိုဠ်ကျွန်းသို့ သာသနာပြုရောက်၍ ၂ ရက်မြောက်သော နေ့၌ နှစ်ထောင့်ငါးရာမျှသော လူတို့မဂ်ဖိုလ်တရားရကြသည်ကိုပြရာ... ... | ၅၇၂ |
| ၁၀၆ | အရှင်မဟိန္ဒထေရ် သီဟိုဠ်ကျွန်းသို့ သာသနာပြုရောက်၍၊ဒုတိယခုနစ်ရက်အတွင်း အနမတဂ္ဂိယသုတ္တန်ဒေသနာစသည်ကိုဟောတော်မူလျက်။ ရှစ်ထောင့်ငါးရာမျှသောလူတို့အား မဂ်ဖိုလ်တရား ရစေသည်ကိုပြရာ ... ... ... ... ... | ၅၇၄ |
| ၁၀၇ | အရှင်မဟိန္ဒထေရ်၊ သီဟိုဠ်ကျွန်းသို့ သာသနာပြုရောက်တော် မူသော ပဌမ ဝါ၌ပင်၊ သီဟိုဠ် ကျွန်း သားရဟန္တာ ငါးကျိပ်ငါးပါးတို့နှင့်တကွ။ ရဟန္တာခြောက်ကျိပ်နှစ်ပါး၊ စေတိယ တောင်၌ ဝါဆိုတော် မူကြသည်ကိုပြရာ ... ... ... ... | ၅၇၅ |
| ၁၀၈ | ဒေဝါနံ ပိယတိဿ မင်းကြီးသည်၊ တာဝတိံသာ နတ်ပြည်မှ သုမနသာမဏေ ပင့်ဆောင်ခဲ့သော လကျာမြှပ်ရိုးတော်ဓာတ်ကို ဌာပနာ၍ ထူပါရုံစေတီ တည်ထားကိုးကွယ်သည်ကိုပြရာ... ... ... | ၅၇၇ |
| ၁၀၉ | သီရိဓမ္မာသောက မင်းကြီး ပေးအပ်သဖြင့် သင်္ဃမိတ္တာထေရီပင့်ဆောင်ခဲ့သောမဟာဗောဓိဒက္ခိဏသာခါ ပင်မနှင့်တကွ၊ဗောဓိပင်ပွါး ၄၀ တို့ သီဟိုဠ်ကျွန်း၌ စိုက်ပျိုးတည်ထွန်းသည်ကိုပြရာ ... ... | ၅၈၂ |
| ၁၁၀ | သီဟိုဠ် သာသနာပြု အရှင်မဟိန္ဒထေရ်၊ တပည့် အရိဋ္ဌထေရ်စသော ဆရာစဉ်ဆက်အားဖြင့် သီဟိုဠ်ကျွန်း၌ သာသနာအခြေအမြစ် တည်ထွန်းခြင်းနှင့်တကွ၊ အရှင်သိဝထေရ်တိုင်၊ သီဟိုဠ် သာသနာဝင် အစဉ်အဆက်ကိုပြရာ ... ... ... ... | ၅၉၃ |
| ၁၁၁ | သီဟိုဠ်ကျွန်း၌၊ကကုသန်၊ကောဏာဂုံ၊ကဿပ၊ဟုသော | |

www.dhammaransi.com



ပုဒ်မနံပါတ်၊ အကြောင်းအရာ၊ မျက်နှာနံပါတ်၊

ဈေးဘုရားသုံးဆူတို့၏ သာသနာတော်၊ ပရိဘောဂ
တော်၊ ဗောဓိတော်များလည်း တည်ထွန်းဘူးသည်
ကိုပြရာ ... ... ... ... ... ၅၉၈

၁၁၂ သီဟိုဠ်ကျွန်း၌ အာဒိကမ္မိကပဌမသာသနာပြု၊ဒေဝါနံပိ
ယတိဿမင်းကြီးတည်ထားပြုစုအပ်သောကျောင်း
ကန်စေတီကောင်းမှုတော်အရပ်ရပ်များကိုပြရာ ... ၆၀၂

၁၁၃ ဒေဝါနံပိယတိဿမင်း လွန်သည့်နောက်၊ သီဟိုဠ်ကျွန်း
အနုရာဓမြို့မင်းဆက်ရာဇဝင်အစဉ်၊ကျည်းလူမျိုးတို့
အနှောင့်အရှက်ဖြစ်ပုံနှင့်တကွ၊ သီဟိုဠ်ကျွန်းတစိတ်၊
မဟာဂါမမင်းဆက်ရာဇဝင်အစဉ်တို့ကိုပြရာ ... ၆၀၃

၁၁၄ သီဟိုဠ်ကျွန်းတစိတ်၊ မဟာဂါမမင်းဆက်၊ ဒုဋ္ဌဂါမဏိ
မင်းသည် ကျည်း သုံးဆဲ့သုံးပြည်ထောင်ကို တိုက်
ဖျက်ရှင်းလင်း၍ သီဟိုဠ်တကျွန်းလုံး၌မင်းပြုသည်ကို
ပြရာ ... ... ... ... ... ၆၀၄

၁၁၅ မင်းအဖြစ်သို့ရောက်ပြီးသောဒုဋ္ဌဂါမဏိမင်းကြီးသည်၊
မရိစဝဋ္ဋိကျောင်း၊ လောဟပါသာဒ ဥပုသ်အိမ်နှင့်
တကွ၊ ရာမဂါမမှ ဓာတ်တော်တစရွတ်ကို ပင့်ဆောင်၍
မဟာစေတီတည်ထားသည်ကိုပြရာ ... ... ၆၀၅

၁၁၆ ဒုဋ္ဌဂါမဏိမင်းကြီး၊ ကျည်းလူမျိုးတို့ကို နှိပ်နင်းစဉ်၊ ဆံ
တော်ဓာတ်၊လည်ရိုးတော်ဓာတ် ၂ ပါးတည်ရှိသည့်
မဟိယင်္ဂဏစေတီကို အဆောင် ရှစ်ဆယ် ထပ်မြှင့်
တည်ထားသည်ကိုပြဆိုရာ ... ... ... ၆၁၁

၁၁၇ ကာကဝဏ္ဏ တိဿမင်းကြီး ကောင်းမှု မင်္ဂလာစေတီ၌
ထည့်သွင်းပူဇော်သော၊နလာဋဓာတု-နဖူးသင်းကျပ်
တော်ဓာတ်၏အစုအစဉ်ကိုပြဆိုရာ ... ... ၆၁၂

၁၁၈ သာသနာတော် ၃၇၃ ခု နှစ်းတက် ဒုဋ္ဌဂါမဏိ မင်းမှ၊
၈၁၁ ခုမဟာသေနမင်းတိုင်မင်းပေါင်း(၄၉)သီဟိုဠ်
ရာဇဝင် အစဉ်နှင့်တကွ၊ ထိုအနှစ် ၄၀၀ ကျော် အ
တွင်း၌ မဟာဝိဟာရဝါသီ၊အဘယဂိရိဝါသီ၊ဇေတ

www.dhammaransi.com



## မာတိကာ။


| ပုဒ်မနံပါတ်။ | အကြောင်းအရာ။ | မျက်နှာနံပါတ်၊ |
| --- | --- | --- |
| | ဝနဝါသီ၊ ၃ ဂိုဏ်းကွဲပြားခြင်း၊ ဝဋ္ဋဂါမဏိမင်းလက်ထက်-ပိဋကတ်ကို သက္ကဋ ဘာသာဖြင့် ပေထက်အက္ခရာတင်ခြင်းတို့ကိုပြရာ … … … | ၄၁၇ |
| ၁၁၉ | မဟာသေနမင်း၏ သား၊ ကိတ္တိသိရိ မေဃမင်း လက်ထက်၊ မဇ္ဈိမဒေသ ဒန္တပုရပြည်မှ၊ ဒန္တမင်းသား၊ ဟေမမာလာမင်းသမီးတို့ပင့်ဆောင်ခဲ့၍။ လက်ဝဲစွယ်တော်ဓာတ်သီဟိုဠ်သို့ရောက်သည်ကိုပြရာ … | ၄၂၁ |
| ၁၂၀ | ကိတ္တိ သိရိမေဃမင်းမှ ၃ ဆက်မြောက်၊ ဗုဒ္ဓဒါသမင်းလက်ထက်၊ သက္ကဋဘာသာ အရေးအသားရှိ ပိဋကတ်ကို သီဟဠဘာသာအရေးအသားသို့ ပြောင်းလဲရေးတင်သည့်ကိုပြရာ … … … | ၄၂၃ |
| ၁၂၁ | ဗုဒ္ဓဒါသမင်းမှ ၃ ဆက်မြောက်၊ မဟာနာမမင်း လက်ထက်၊သာသနာတော် ၉၄၃ ခုတွင်၊ရှင်ဗုဒ္ဓဃောသသီဟိုဠ်သို့ရောက်၍၊ သီဟဠဘာသာအရေးအသားရှိပိဋကတ်ကို မာဂဓဘာသာပြန်ဆိုလဲလှယ်၍ သထုံပြည်သို့ဆောင်ယူသည့်ကိုပြရာ … … | ၄၂၃ |
| ၁၂၂ | ပုဂံပြည် အနော်ရထာ မင်း လက်ထက်၊ သုဝဏ္ဏဘူမိသထုံသာသနာတသွယ်၊ နရပတိစည်သူမင်း လက်ထက်၊ သီဟိုဠ်သာသနာ တသွယ်အားဖြင့်၊ မြန်မာတိုင်းနိုင်ငံသို့ သာသနာ နှစ်ကြောင်းနှစ်သွယ် သက်ဆင်းတည်ထွန်းသည်ကိုပြရာ … … | ၄၂၄ |
| ၁၂၃ | ပုဂံပြည်ရောက်၊သထုံသာသနာ၊ သီဟိုဠ်သာသနာတို့မှဆင်းသက်၍၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝတိုင်အောင်မြန်မာတိုင်းနိုင်ငံ၌အစဉ်မပြတ်သာသနာတော်ထွန်းလင်းသည်ကိုပြရာ … … … … | ၄၂၉ |
| ၁၂၄ | သုဝဏ္ဏဘူမိ သထုံပြည်၊ မဟာသိရိမာသောက မင်းလက်ထက်၊အရှင်ဂဝမ္ပတိထေရ် ပင့်ဆောင်ခဲ့သောသွားတော်ဓါတ် ၃၃ ဆူတို့ကိုဌပနာ၍ဇုန္တမနေတောင်၌ကျောက်စေတီ ၃၃ ဆူတည်ခြင်း၊နောက်သိရိမာ | |

www.dhammaransi.com



ပုဒ်မနံပါတ်၊ အကြောင်းအရာ၊ မျက်နှာနံပါတ်၊

သောကမင်းလက်ထက်၊ ရာမညတိုင်း ၃ ရပ်၌ ပျံ့နှံ့
တည်ထားခြင်းတို့ကိုပြရာ ... ... ... ၄၂၀

၁၂၅ တပုဿ ဘလ္လိကတို့ပင့်ဆောင်၍ ဥက္ကလဇနပုဒ်၊သိင်္ဂုတ္တ
ရတောင်၌ တည်ရှိသော ဆံတော်ရှင်စေတီ တဆူ။
ရှင်အနုရုဒ္ဓါစသောရဟန္တာ ၆ ပါးတို့ပင့်ဆောင်၍၊
မဇ္ဈိမဒေသမှအနောက်တောင်၊ပစ္စန္တဒေသ၌ တည်
ရှိသောဆံတော်ရှင်စေတီ ၆ ဆူတို့၏ အဖြစ်ပြုပုံတော်ကို
ပြရာ ... ... ... ... ... ၄၃၃

၁၂၆ ဂေါတမ မြတ်စွာဘုရား၏ ကိလေသပရိနိဗ္ဗာန်၊ ခန္ဓပရိ
နိဗ္ဗာန်၊ဓာတုပရိနိဗ္ဗာန်ဟူသော ပရိနိဗ္ဗာန် ၃ ပါးတို့
ကိုပြရာ ... ... ... ... ... ၄၃၄

၁၂၇ ဂေါတမ မြတ်စွာဘုရားသည် ၄၅ ဝါအတွင်း၊ ပဌမဝါကို
အစ၊ သုဘဒ္ဒပရိဗိုဇ် အဆုံး။ ၂၄ သင်္ချေနှင့် ကုဋေ
ခြောက်ဆယ်၊ ဗိုလ်ခြေတသိန်းမျှသောဝေနေယျတို့
အား တရားဟောရွတ်၊ ကယ်ချွတ်တော်မူသည်ကို
ပြရာ ... ... ... ... ... ၄၃၆

၁၂၈ မြတ်စွာဘုရားရှင်တို့၏ပြည့်စုံမြဲဓမ္မတာ ၃၀ ကိုပြရာ ... ၄၃၉

၁၂၉ မြတ်စွာဘုရားရှင်တို့၏ အနန္တရာယိကဓမ္မ လေးပါးကို
ပြရာ ... ... ... ... ... ၄၄၁

၁၃၀ နိဂုံး ... ... ... ... ... ၄၄၂

မာတိကာပြီး၏။

## တထာဂတဉဒါနဒီပနီကျမ်း-ဒုတိယတွဲ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁။ နဝမဝါ။ ကောသမ္ဗီပြည်၌ဝါဆိုတော် မူစဉ်။ သာမာဝတီစသောမိဘုရားသုံးပါးတို့အကြောင်း။ အတ္တဒဏ္ဍဝတ္ထု၊ အဒ္ဓုပ္ပတ္တိတို့ကိုပြဆိုရာ။

ကောသမ္ဗီပြည်၌ ကိုးဝါမြောက်ဝါဆိုတော်မူသောအခါ၊ အဟံနာဂေါဝ သင်္ဂါမေ၊ အစရှိသော တရားဒေသနာကို ကိုယ်တော်ကို အကြောင်းပြု၍ဟောတော်မူ၏။ အဘယ်ကဲ့သို့အကြောင်းပြုသနည်းဟူမူကား၊ ကောသမ္ဗီပြည်၌ ဥတေနမင်းကြီးအား ဝါသုလဒတ္တာဒေဝီ၊ မာဂန္ဒီ၊ သာမာဝတီဟူ၍ မိဘုရားသုံးယောက်တို့သည်ရှိကုန်၏။ ထိုမိဘုရားတို့အား မောင်းမအခြံအရံ ငါးရာစီရှိကုန်၏။ ထိုမိဘုရားတို့အား ဥတေနမင်းကြီးသည်ပန်းဘိုးတနေ့ရှစ်သပြာပေး၏။ သာမာဝတီသည် ဃောသိတစသောသူဌေးသုံးယောက်တို့၏အလုပ်အကျွေးဖြစ်သော သုမနပန်းသည်အိမ်သို့ မိမိအခြံအရံ မောင်းမငါးရာတို့တွင်၊ ခုဇ္ဇုတ္တရာအမည်ရှိသော မောင်းမငယ်ကိုစေ၍၊ ရှစ်သပြာရှစ်သပြာတို့ဖြင့် မြတ်လေးပန်းပွင့်ကိုဝယ်စေ၏။ ခုဇ္ဇုတ္တရာသည်လည်း နေ့တိုင်းနေ့တိုင်းထိုရှစ်သပြာတို့တွင် လေးသပြာကို မိမိအတွက်ယူ၍ လေးသပြာဖြင့်သာ မိဘုရားတို့ဝယ်၏။ ထိုသုမနပန်းသည်သည်၊ သူဌေးသုံးယောက်တို့ကို ဤသို့ဆို၏။ အကျွန်ုပ်သည် အရှင်သူဌေးတို့အားရှည်စွာသောနေ့ညဉ့်ပတ်လုံးကျေးဇူးပြုပါ၏။ မြတ်စွာဘုရားကို အကျွန်ုပ်သည် ဆွမ်းလှူလိုပါ၏။အကျွန်ုပ်

www.dhammaransi.com



အား တနေ့မျှမြတ်စွာဘုရားကိုပေးပါဟုဆို၏။ သူဌေးတို့လည်း ထိုသို့ ဆွမ်းကျွေးလိုမူ။ အချင်း၊ နက်ဖြန်ကျွေးလော့ဟုဆိုကုန်၏။ သုမနလည်း ကောင်းပြီဟု မြတ်စွာဘုရားကိုဘိတ်မန်၍ ပူဇော်သက္ကာရဖို့စီရင်၏။ ထိုအခါ ပန်းဝယ်လာသောချဋ္ဌုတ္တရာကို သုမနသည်ဆို၏။ ယနေ့ ငါသည် မြတ်စွာဘုရားကို ဆွမ်းကျွေးပါမည်။ အဦ ဖြစ်သော ပန်းပွင့်တို့ ဖြင့်ဘုရားကိုပူဇော်ပါအံ့။ သင်ငုံ့ပါဦး။ ဆွမ်းလုပ်ကျွေးရာ၌အဘော်ဖြစ်၍ တရားနာပါဦး၊ ကြွင်းသော ပန်းတို့ကိုယူ၍ သွားရလတ္တံ့ဟု ဆို၏။ ချဋ္ဌုတ္တရာလည်းကောင်းပြီဟုဝန်ခံ၍ သုမနပန်းသည်သည့် ဘုရားအမှူး ရှိသော သံဃာကို ဆွမ်းလုပ်ကျွေးပြီးသော် မြတ်စွာဘုရားသည် ဆွမ်း အနုမောဒနာ တရား ဟောတော်မူ၏၊ ချဋ္ဌုတ္တရာသည် တရား ဟော တော်မူသောအဆုံး၌သောတာပတ္တိဖိုလ်၌တည်လေ၏။ချဋ္ဌုတ္တရာသည် တပါးသောနေ့တို့၌ လေးသပြာကိုမိမိတို့ယူ၍လေးသပြာဖြင့်သာဝယ် ၍ တတုမ္ဗမျှလောက်သောပန်းကိုယူ၍သွား၏၊ ထိုနေ့၌ကား ရှစ်သပြာ လုံးဖြင့် ဝယ်၍ နှစ်တုမ္ဗမျှလောက်သော ပန်းကိုယူ၍ သာမာဝတီအား ဆက်လေသော် သာမာဝတီဆို၏။ အမိချဋ္ဌုတ္တရာ၊ယနေ့မင်းကြီးသည် ငါတို့အား နှစ်ဆတက်သောပန်းဘိုးကိုပေးသလောဟုဆို၏။ အရှင်မ၊ မပေးဟုဆိုသော်။ အမယ်၊ ထိုသို့မပေးလျက် အဘယ်ကြောင့် တပါး သောနေ့တို့ထက်နှစ်ဆတက်ပန်းပွင့်များလေသနည်းဟုမေး၏၊အရှင်မ၊ တပါးသော နေ့တို့၌ လေးသပြာကို အကျွန်ုပ်ယူ၍ လေးသပြာတိုဖြင့် သာဝယ်ပေသည်ဆိုသော်။ ယနေ့ အဘယ်ကြောင့် သင်မယူသနည်း မေးပြန်၍ ယနေ့မြတ်စွာဘုရားတရားတော်ကိုနာရ၍ မဂ်ဖိုလ်တရားကို ရသောကြောင့်မယူသည်ဟုပြောက်၏။ ထိုအခါချဋ္ဌုတ္တရာကို၊ ဟယ် ကျွန်မပျက်၊ ဤမျှလောက်သောကာလပတ်လုံး ငါနေ့ လေးသပြာစီယူ သော ငါ့ပန်းဘိုးကို တွက်၍ ပေးလော့ဟု တောင်းကောင်း လျက် မ တောင်းမူ၍။ အမိချဋ္ဌုတ္တရာ၊သင်ရအပ်သောတရားအမြိုက်ကိုငါတို့ကို လည်း သောက်ပါစေလော့ဆို၍။ အရှင်မ၊ ထိုသို့ကြားနာလိုတပြီးကား အကျွန်ုပ် ရေချိုးပါရစေဦးဆို၍၊ တဆဲ့ခြောက်လုံးသော နံ့သာရေကို ဖြင့်ချိုးစေ၍၊ ချောညံ့ပြေပြစ်သော အဝတ်နှစ်ထည်ကိုပေးသဖြင့် တ ထည်ကိုဝတ်၍ တထည်ကို ပခုံးတဘက်ရုံတင်၍၊ ခင်းအပ်သော နေ ရာ၌နေ၍၊ဆန်းကြယ်သောယပ်ကိုကိုင်၍၊မာတုဂါမငါးရာတို့ကိုခေါ်၍

www.dhammaransi.com



မြတ်စွာဘုရား ဟောတော်မူသောနည်းဖြင့် တရားဟော၏။ ချန္ဒကုဏ္ဍရာ ဟောသော တရားကို ကြား၍ သာမာဝတီ အမှူးရှိသော ငါးရာသော မောင်းမတို့သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုအလုံးစုံသော မိဘုရားမောင်းမတို့သည် ချန္ဒကုဏ္ဍရာကိုရှိခိုး၍၊ အမယ်ချန္ဒကုဏ္ဍရာ၊ ယနေ့မှစ၍ အမယ်သည်ညစ်ညူးသောအမှုကိုမပြုပါလင့်။ ငါတို့၏အမိအရာ၌ တည်လျက် မြတ်စွာဘုရားထံသို့ နေ့တိုင်းသွား၍။ မြတ်စွာဘုရားဟောသောတရားကိုနာခဲ့၍၊ ငါတို့အားဟောပါလော့ဟုဆိုကုန်၏။ ချန္ဒကုဏ္ဍရာသည်ထိုသို့ဆိုတိုင်းပြု၏။ နောက်အခါ၌ချန္ဒကုဏ္ဍရာသည် ပိဋကတ်သုံးပုံကိုဆောင်သဖြင့်။ မြတ်စွာဘုရားသည်။ ချစ်သားရဟန်းတို့၊ အကြားအမြင်များကုန်သော တရားဟောတတ်ကုန်သော ငါ၏တပည့်သားမိန်းမတို့တွင် ဤချန္ဒကုဏ္ဍရာသည်မြတ်၏ဟု ဧတဒဂ်ထားတော်မူ၏။ မြတ်စွာဘုရားအလုပ်အကျွေး သိတင်းသည်ငါးရာတို့နှင့်တကွ ဥပါသိကာမနှစ်ယောက်တွင်ချန္ဒကုဏ္ဍရာသည်လက်ဝဲရံအလုပ်အကျွေးဒါယိကာမတည်း။

သာမာဝတီအမှူးရှိသော ထိုငါးရာသောမာတုဂါမတို့သည်။ အမိချန္ဒကုဏ္ဍရာ၊ ငါတို့သည်မြတ်စွာဘုရားကိုဖူးမြင်လိုပါကုန်သည်။ မြတ်စွာဘုရားကိုငါတို့အားပြပါ။ ပန်းနံ့သာစသည်တို့ဖြင့်ပူဇော်ပါကုန်အံ့ဟုဆိုကုန်သော်။ အရှင်မတို့၊ မင်းအိမ်မည်သည်ကားဝန်လေးသည်။ သင်တို့ကိုယူ၍ အပသို့သွားအံ့သော်ငါလည်းမတတ်ကောင်းဟု ချန္ဒကုဏ္ဍရာဆိုသဖြင့်။ အမိ၊ ငါတို့ကိုမဖျက်ဆီးပါလင့်၊ ဘုရားကိုသာပြပါလော့ဆိုကုန်သောကြောင့်။ ထိုသို့တပြီးကား၊ သင်တို့၏နေရာတိုက်နံရံတို့၌အကြင်မျှလောက်သောအပေါက်ဖြင့် ကြည့်လောက်၏။ ထိုမျှလောက်သော အပေါက်ဖောက်၍။ ပန်းနံ့သာတို့ကိုယူဆောင်၍။ သူဌေးသုံးယောက်တို့အိမ်သို့ ဆွမ်းစားကြွသော မြတ်စွာဘုရားကို ထိုအပေါက်ရှိရာ၌ရပ်၍ ဖူးမြင်ကုန်၊ လက်တို့ကိုဆန့်၍ရှိခိုးကုန်၊ ပူဇော်ကုန်ဟုချန္ဒကုဏ္ဍရာဆို၍။ သာမာဝတီနှင့်တကွ မောင်းမငါးရာတို့သည် ထိုဆိုတိုင်းပြုကုန်၍သူဌေးတို့အိမ်သို့ကြွသွားသောဘုရားကိုရင်း၊ သူဌေးအိမ်မှကြွလာသောဘုရားကိုရင်းရှိခိုးပူဇော်ကုန်၏။ ထိုရောအခါတနေ့သ၌မာဂန္ဒီသည်မိမိပြာသာဒ်မှထွက်၍။ ထိုသာမာဝတီမိဘုရားတို့၏ နေရာသို့ သွား၍။ တိုက်နံရံတို့၌ အပေါက်တို့ကိုမြင်၍၊ ဤအပေါက်များကိုအဘယ်အလို့ငှါ ဖောက်သနည်းဟု မာဂန္ဒီမေးသော် ထိုမာဂန္ဒီ၏ မြတ်စွာဘုရား၌ရန်ငြိုးဖွဲ့သော

www.dhammaransi.com



အဖြစ်ကို ထိုမောင်းမမိဘုရားတို့သည် မသိကုန်၍။မြတ်စွာဘုရားသည် ဤမြို့တွင်းသို့ကြွလာသောအခါ။ ငါတို့ဤဒွိရပ်၍မြတ်စွာဘုရားကိုဖူးမြင်ကုန်၏ ပူဇော်ကုန်၏ဟုဆိုကုန်သော်။ ဩော်၊ရဟန်းဂေါတမ ဤမြို့သို့လာသည်တကား၊ ယခုအခါ ထိုရဟန်းဂေါတမအား ပြုအပ်သည်ကိုသိရအံ့။ ဤမိန်းမတို့သည်လည်း ရဟန်းဂေါတမ၏ အလုပ်အကျွေးဖြစ်ကြကုန်သည်။ ဤမိန်းမတို့အားလည်း ပြုအပ်သည်ကိုသိရအံ့ဟု ကြံ၍။ ဥတေနမင်းကြီးအား မြတ်သောမင်းကြီး၊ သာမာဝတီ အမှူးရှိသော ငါးရာသောမိန်းမတို့သည် အပဒ္ဒ တောင့်တခြင်းရှိ၏။ နှစ်ရက်သုံးရက်ဖြင့် အရှင်မင်းကြီး၏အသက်ကိုဆောင်ကုန်လတ္တံ့ဟုကြား၏။ မင်းကြီးလည်း ထိုမိန်းမတို့သည်ဤသို့သဘောရှိသောအမှုကိုပြုလတ္တံ့ဟုမယုံ။ အဘန် တလဲလဲ ဆိုသော်လည်း မယုံသည်သာတည်း။ ထိုရွေအခါ သုံးကြိမ်မြော်ဆို၍မယုံလိုသောမင်းကြီးကို။ အရှင်မင်းကြီး၊ အကယ်၍ အကျွန်ုပ်ကိုမယုံအံ့။ ထိုမိန်းမတို့၏နေရာသို့ သွား၍ စုးစမ်းပါလော့ဟု ဆိုသဖြင့်သွား၍ကြည့်သော် တိုက်နံရံပေါက်တို့ကိုမြင်၍။ ဤအပေါက်သည်အဘယ်အပေါက်နည်းမေး၍။အကြောင်းကိုကြားလျှောက်သော်။ မိဘုရားမောင်းမတို့အား အမျက် မထွက်မူ၍။ တစုံတခုမျှ မဆိုဘဲ အပေါက်တို့ကိုသာပိတ်စေ၍။ အလုံးစုံသောအခန်းတို့၌ အထက်၌ လေသာ ပြတင်းတို့ကို ဘောက်ပြုစေ၏။ ကောသမ္ဗီပြည်၌ ဥတေနမင်း၏ မိဘုရားသာမာဝတီတို့လက်ထက်၊နေရာအခန်းတိုက်၌လေသာပြတင်းဘောက်ခြင်းသည်အစဖြစ်၏။ ။

မာဂန္ဓီသည် သာမာဝတီတို့အား တရုံတခုပြုခြင်းငှါမတတ်နိုင်၍။ ရဟန်းဂေါတမအား ပြုအပ်သည်ကို သိအံ့ဟု၊ ပြည်သူတို့အား တံစိုးလက်ဆောင်ပေး၍ မြို့တွင်းသို့ဝင်၍သွားသောရဟန်းဂေါတမကို ကျွန်အမှုလုပ်ယောကျ်ားတို့ကို ဆဲရေးဆိုမြည်ပြေးစေလော့ဟုဆို၏။ ရတနာသုံးပါး၌ မကြည်ညိုကုန်သော မိစ္ဆာဒိဋ္ဌိ အမျိုးတို့သည် မြို့တွင်းသို့ဝင်သောမြတ်စွာဘုရားကို အစဉ်လိုက်၍။ သင်သည်ခိုးသူ၊ သင်သည်အမိုက်၊သင်သည်တွေဝေ၏။ သင်သည်နွားဖြစ်၏။သင်သည်မြည်းဖြစ်၏။ သင်သည် ငရဲသူ ဖြစ်၏။ သင်သည် တိရစ္ဆာန် ဖြစ်၏။ သင့်အား ကောင်းသောအလားသည် မရှိ။ သင့်အား မကောင်းသော အလားကိုသာအလိုရှိအပ်၏။ဤသို့ဆယ်ပါးသောဆဲရေးခြင်းဝတ္ထုတို့ဖြင့်ဆဲရေး

www.dhammaransi.com



ကုန်၏။ အထပ်ထပ် ဆိုကုန်၏။ ထိုသို့ ဆဲရေးဆိုမြည်သည်ကို ကြား၍။ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို။ ဘုန်းတော်ကြီးသောအရှင်ဘုရား၊ ဤသူတို့သည် အကျွန်ုပ်တို့ကိုဆဲရေးဆိုမြည်ကုန်သည်။ ဤမြို့မှ တပါးသောအရပ်သို့သွားပါကုန်အံ့ဟု လျှောက်သော်။ အာနန္ဒာ၊ အဘယ်အရပ်သို့သွားအံ့နည်းမေးတော်မူသဖြင့်။ အရှင်ဘုရား၊ မြို့တပါးသို့သွားအံ့ဟုလျှောက်သော်။ အာနန္ဒာ၊ ထိုမြို့၌လူတို့ဆဲရေးပြန်ခဲ့သော် အဘယ်သို့သွားပါကုန်အံ့ နည်းဟု မေးတော်မူသဖြင့်။ အရှင်ဘုရား၊ ထိုမြို့မှ တပါးသောမြို့သို့သွားပါအံ့ဟုလျှောက်သော်။ ထိုမြို့၌လည်းလူတို့သည် ဆဲရေးပြန်သော် အဘယ်သို့သွားကုန်အံ့နည်း အာနန္ဒာဟု မေးတော်မူပြန်၍။ ထိုမြို့မှလည်း၊ တပါးသောမြို့သို့ပင်သွားကုန်အံ့။ အရှင်ဘုရားဟု လျှောက်သဖြင့်။ အာနန္ဒာ၊ ဤကဲ့သို့ပြုအံ့သော်ငါမအပ်။ အကြင်အဓိကရဏ်းသည် အကြင်အရပ်၌ ဖြစ်၏။ ထိုအဓိကရဏ်းသည် ထိုဖြစ်ရာအရပ်၌ ငြိမ်းပြီးသော်မှ တပါးသော အရပ်သို့ သွားအပ်၏။ အာနန္ဒာ၊ ထိုဆဲသောသူတို့သည် အဘယ်သူများတို့နည်း မေးတော်မူ၍။ အရှင်ဘုရား၊ ကျွန်အမှုလုပ်တို့မှစ၍ အားလုံးသောသူတို့သည် ဆဲရေးကုန်၏ဟု လျှောက်သော်။ အာနန္ဒာ၊ ငါဘုရားသည် စစ်မြေရန်သူဘောင်သို့ ဝင်သော ဆင်ပြောင်ကြီးနှင့် တူ၏။ စစ်မြေသို့ သက်သော ဆင်ပြောင်သည် အရပ်လေးမျက်နှာမှလာသောမြားတို့ကို မကြောက်မရွံ့ သည်းခံအံ့သောငါ ဝန်ဖြစ်သကဲ့သို့။ ထိုအတူ များစွာကုန်သော ဒုဿီလတို့သည် ဆဲရေးဆိုမြည်သောစကားတို့ကို သည်းခံခြင်းမည်သည် ငါ၏ ဝန်ပေတည်းဟု မိန့်တော်မူ၍ ကိုယ်တော်ကို အကြောင်းပြု၍၊ ။အဟံ နာဂေါဝ သင်္ဂါမေ၊စာပတော ပတိတံ သရံ၊အတိဝါကျံ တိတိက္ခိဿံ၊ ဒုဿီလောဟိဗဟုဇ္ဇနော။ ။ဒန္တံ နယန္တိ သမိတိံ၊ ဒန္တံရာဇာဘိရူဟတိ။ ဒန္တောသေဋ္ဌောမနုဿေသု၊ယောတိဝါကျံ တိတိက္ခတိ။ ။ဝရာ မဿတရာဒန္တာ၊အာဇာနေယျာစ သိန္ဓဝါ။ကုဉ္ဇရာစ မဟာနာဂါ၊အတ္တဒန္တောတတောဝရံ။ ။ဟူသောတရားဒေသနာတော်ကို ဟောတော်မူ၏။ ။ဟောတော်မူသောအဆုံး၌ တံပိုးလက်ဆောင်ယူ၍ခရီးမခရီး ကြွတော်မူ၍နေလျက် ဆဲရေးကုန်သော သူအပေါင်းတို့သည် သောတာပတ္တိဖိုလ်၌တည်လေကုန်၏။

---

## ၂။ ကောသမ္ဗီရဟန်းတို့အဓိကရဏ်း မငြိမ်းနိုင်သဖြင့်။ကိုယ်တော်တပါးတည်းဖဲခွဲ၍။ပါလိ လေယျကဆင်မင်းလျှင်အလုပ်အကျွေးရှိလျက်။ပါလိလေယျက တောအုပ်၌ဒသမဝါကပ်တော်မူခြင်းနှင့်တကွ၊ဇေတဝန် ကျောင်းတော်သို့ရောက်တော်မူသည့်တိုင်။ကော သမ္ဗကဝတ္ထုအကျယ်စကားကိုပြဆိုရာ။

ဤသို့အစရှိသောတရားတို့ကို ကောသမ္ဗီပြည်၌ကိုးဝါမြောက်ဝါဆို တော်မူလျက်ဟောတော်မူသဖြင့် မြတ်စွာဘုရားသည် လူနတ်တို့အား အကျွတ်တရား ဝေဌတော်မူ၏။ ဝါကျွတ်သောအခါ ဒေသစာရီလှည့် တော်မူလိုက် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတော်၌ ငါးရာငါးရာ စီတပည့်အခြံအရံရှိကုန်သောဝိနယဓရ၊ဓမ္မကထိကရဟန်းနှစ်ယောက် တို့သည်နေရစ်ကုန်၏၊ ထိုနေ့သာ၌ဓမ္မကထိကရဟန်းသည် ကိုယ်လက် သုတ်သင်ခြင်းကိုပြု၍။ သန့်သက်အုံ၌ သန့်သက်ရေကျန်ကို ခွက်၌ထား ၍ထွက်၏။ နောက်၌ဝိနယဓရရဟန်းဝင်လေသော် ထိုရေကြွင်းကိုမြင် ၍ထွက်ခဲ့၍၊သင်သည်ရေကိုအကြွင်းထားအပ်သလောဟု ဓမ္မကထိက ကိုမေးသော်။ ထား၏အရှင်ဘုရားဟုဆို၍။ ဤသို့ထားရာ၌အာပတ်သင့် သည်ကိုသင်မသိလောဟု ဝိနယဓရကမေး၍ မသိပါဟုဆိုလျှင်။ငါ့ရှင်၊ မသိသည်ဖြစ်စေ။ ဤသို့ရေကြွင်းထားလျှင်အာပတ်သင့်၏ဟု ဝိနယဓရ ဆိုသောကြောင့်အာပတ်ကိုဒေသနာကြားပါအံ့ဟု ဓမ္မကထိကဆိုလျှင်။ ငါ့ရှင်၊သင်သတိမေ့လျော့သဖြင့် စေတနာမရှိမူ၍ပြုမိသော်အာပတ်ကို ဒေသနာကြားဘွယ်ကိစ္စမရှိဟု ဆို၏၊ ဝိနယဓရသည် အာပတ်သင့်၏ ဆိုပြီးလျက်။ အာပတ်မသင့်ဟူ၍ အယူဖြစ်ပြန်၏။ ထိုဝိနယဓရသည် မိမိတပည့်တို့အား ဤဓမ္မကထိကသည် အာပတ်သင့်သည်ကိုမျှ သင့် မှန်းမသိဟူ၍ပြောဆို၏။ ထိုတပည့်တို့သည် ဓမ္မကထိက၏ တပည့်တို့ အား သင်တို့၏ဥပဇ္ဈာယ်သည် အာပတ်သင့်၍မျှလည်း အာပတ်သင့် မှန်းမသိဟု၊ငါတို့ဆရာဆိုသည်ပြောကုန်၏။ ထိုဓမ္မကထိကတပည့်တို့ သည် မိမိတို့၏ဆရာဓမ္မကထိကထံသွား၍ကြားလေကုန်သော်။ ငါ့ရှင် တို့၊ဤဝိနယဓရသည်ရှေး၌အာပတ်မသင့်ဆိုပြီး၍၊ ယခုအာပတ်သင့်၏ ဆိုပြန်သည်။ ဤဝိနယဓရသည် မုသားဆိုသည်ဟု ဆို၏။ တပည့်တို့

www.dhammaransi.com



သည်သွား၍ ဝိနယဓရ၏တပည့်တို့အား သင်တို့၏ဆရာသည် မသား ဆို၏ဟု ဆိုကုန်၏။ အချင်းချင်း ဤသို့ဆိုကြသဖြင့် ထိုသံဃာနှစ်ဖုတို့ အငြင်းအခုံဖြစ်ပွါးကုန်၏။ နောက်အခါ ဝိနယဓရသည် အခွင့်ကို ရ၍ ဓမ္မကထိကအား အာပတ်ကိုမရှုလိုခြင်းကြောင့် ဥက္ခိတ္တကကံကိုပြု၏။ ထိုဥက္ခိတ္တကကံပြုသည်မှစ၍ထိုရဟန်းတို့၏ပစ္စည်းလေးပါးဒါယကာ တို့သည်ရင်း၊ အလုပ်အကျွေး ဒါယကာတို့သည်ရင်း၊ နှစ်ဖုကွဲကုန်၏။ ထိုရဟန်းတို့၏ အဆုံးအမ ခံသော ဘိက္ခုနီမတို့သည်လည်း နှစ်ဖုကွဲ ကုန်၏။ ထိုသူတို့၏ကိုယ်စောင့်နတ်တို့သည်လည်း နှစ်ဖုကွဲလေကုန်၏။ ထိုသူတို့၏ ကိုယ်စောင့်နတ်တို့နှင့် အဆွေခင်ပွန်း ဖြစ်ကုန်သော အာ ကာသဗိုဝ်းနတ်တို့သည်လည်း ကွဲကုန်၏။ ဤသို့လျှင် စတုမဟာရာဇ် နတ်တို့ကိုအစပြု၍ ဗြဟ္မာ့ပြည်တိုင်အောင်ပုထုဇဉ်နတ်ဗြဟ္မာတို့သည် နှစ်ဖုကွဲလေကုန်၏။ဤခိုက်ရန်ငြင်းခုံသော အုတ်အုတ်ကျက်ကျက်အသံ သည်ကား အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင်ရောက်၏။ ။

ထိုအခါ တယောက်သောရဟန်းသည် မြတ်စွာဘုရားရှိရာသို့ကပ် ၍ ဥက္ခေပကရဟန်းတို့က ဓမ္မိကကံဖြင့် ဤဓမ္မကထိကကို နှင်ထုတ်၏။ ဥက္ခိတ္တာနုဝတ္တကဖြစ်ကုန်သော ဓမ္မကထိက၏တပည့်တို့အားကား အ ဓမ္မိကကံဖြင့် နှင်ထုတ်၏။ ဥက္ခေပကဖြစ်ကုန်သော ဝိနယဓရ၏တပည့် ရဟန်းတို့က မြစ်ကုန်သော်လည်း မယူမူ၍ ဥက္ခိတ္တာနုဝတ္တကရဟန်း တို့သည် ဓမ္မကထိကကိုအဘန်တလဲလဲခြံရံ၍နေကြကုန်၏ဟု မြတ်စွာ ဘုရားအားကြားလျှောက်၏။ မြတ်စွာဘုရားသည်သင်တို့အညီအညွတ် ဖြစ်ကြကုန်ဟုနှစ်ကြိမ်စေတော်မူ၍။ တဖန်ထိုရဟန်းတို့သည်မြတ်စွာ ဘုရားရှိရာသို့သွားကုန်၍။ ယခုအခါ ငြင်းခုံခြင်းဖြစ်လျက် နေကုန်၏ဟု ကြားလျှောက်ကုန်၏။ ကောသမ္ဗီပြည်သို့ကြွတော်မူ၍၊ ချစ်သားရဟန်း တို့၊ငြင်းခုံခြင်းသည်မသင့်။ ဤသို့အစရှိသည်ဖြင့်မိန့်တော်မူ၍။ ချစ်သား ရဟန်းတို့၊ ငြင်းခုံအံ့ဟု တိုင်ပင်ခြင်း၊ ကိုယ်သက်ထိပါး၍ ငြင်းခုံခြင်း။ သင်နင်ဆို၍ ငြင်းခုံခြင်းတို့မည်သည် အကျိုးမဲ့ကိုပြုတတ်သည်။ ငြင်း ခုံခြင်းကို မှီ၍ နှံ့ရတိဌက်ယယ်သည်လျက်လည်း ဆင်ပြောင်ကြီးကိုစင် အသက် သေခြင်းသို့ ရောက်စေနိုင်၏ဟု။ လဋုကိကဇာတ်ကို ဟော တော်မူ၏။ ချစ်သားရဟန်းတို့၊ အညီအညွတ်ဖြစ်ကုန်လော့၊ ဆန့်ကျင် သောအယူရှိသည်ကို မပြုကုန်လင့်။ ဆန့်ကျင့်သော အယူကိုမှီ၍ အ

www.dhammaransi.com



ထောင်မကသော ငုံးငှက်တို့သည် သေခြင်းသို့ ရောက်ဘူးလေကုန်၏ဟု၊ ဝဋ္ဋကဇာတ်ကို ဟောတော်မူ၏။ ဤသို့ဟောတော်မူသဖြင့်လည်း ထိုရဟန်းတို့သည် မြတ်စွာဘုရားစကားတော်ကို မယူလိုကုန်သည်ရှိသော်၊ မထင်ရှားသော၊ မြတ်စွာဘုရား၏ ပင်ပန်းခြင်းကိုအလိုမရှိသော အဓမ္မဝါဒီရဟန်းတယောက်သည် ဘုန်းတော်ကြီးသော ရှင်ပင်ဘုရားသည် တရား၏အရှင်တည်း။ ရှင်ပင်ဘုရားသည် ငြင်းခုံခိုက်ရန်ပြုခြင်း၌ ကြောင့်ကြမဲ့ဖြစ်၍ ချမ်းသာစွာနေခြင်းနှင့် ယှဉ်သည်ဖြစ်၍ နေတော်မူပါ။အကျွန်ုပ်တို့သည် ထိုသို့မျက်မှောက်မျက်ကွယ်ငြင်းခုံခြင်းဖြင့် ဆန့်ကျင်သော အယူ၌ တည်ရကုန်လတ္တံ့ဟု၍ လျှောက်သော်။ ချစ်သားရဟန်းတို့၊ ဖြစ်လေဘူးသည်ကား။ ဗာရာဏသီပြည်၌ဗြဟ္မဒတ်အမည်ရှိသောကာသိကရာဇ်မင်းသည်ဖြစ်၍။ ဗြဟ္မဒတ်မင်းသည် ဒီဃာဝုမင်းသား၏အဘဖြစ်သော ကောသလမင်း၏စည်းစိမ်ကိုလုယက်၍၊ မထင်ရှားသောအသွင်ဖြင့် နေသော ဒီဃာဝုမင်းသားသည် ထိုဗြဟ္မဒတ်မင်းကို သတ်စွမ်းနိုင်သောအဖြစ်သို့ရောက်ပြီးလျက်။ အသက်ကိုပေးသောကြောင့် ထိုအခါမှစ၍ ဗြဟ္မဒတ်မင်းနှင့် ဒီဃာဝုမင်းသားတို့ ညီညွတ်သောအဖြစ်ကို အကျယ်ဟောတော်မူ၍။ ချစ်သားရဟန်းတို့၊ ယူအပ်သောဒဏ်ရှိကုန်သော ယူအပ်သော လက်နက်ထားရှိကုန်သောမင်းတို့လျက်လည်း သည်းခံခြင်း နှလုံးကောင်းခြင်း ဖြစ်ပါသေး၏။ရဟန်းတို့၊ ဤငါဘုရားသာသနာတော်၌သင်တို့သည် အကြင်သည်းခံခြင်းဖြင့်သင့်တင့်ကုန်ရာ၏။ ထိုသည်းခံခြင်းဖြင့် ကောင်းစွာဟောအပ်သော၊သုတ်၊ အဘိဓမ္မာ၊ ဝိနည်း၌ရဟန်းဖြစ်ကုန်သောသင်တို့သည် သည်းခံကုန်ရာ၏။သင့်တင့်ကုန်ရာ၏ဟု ဆုံးမတော်မူ၍လည်း ထိုကောသမ္ဗီရဟန်းတို့ကို။ညီညွတ်စိမ့်သောငှါမတတ်နိုင်သောမြတ်စွာဘုရားသည် ထိုရဟန်းတို့နှင့် ရောပြွမ်း၍ နေခြင်း၌ ဆန့်ကျင်သော နှလုံးတော် ရှိသည်ဖြစ်၍။ ယခုအခါ၌ငါသည် ဤရဟန်းတို့နှင့်ရောပြွမ်းသဖြင့် ဆင်းရဲစွာနေရ၏။ ထိုရဟန်းတို့သည်လည်း ငါ၏စကားကိုမျှမလိုက်နာပါကုန်။အကယ်၍ကား ငါသည်တပါးတည်း အပေါင်းမှကင်းခွါလျက် တည်သည်ဖြစ်၍ နေအံ့ဟု ကြံတော်မူ၍။ ကောသမ္ဗီပြည်၌ ဆွမ်းခံသွားတော်မူ၍။ ဆွမ်းဘုန်းပေးပြီးသော် အိပ်ရာနေရာကိုသိမ်းတော်မူ၍။ တစုံတယောက်သော ရဟန်းသံဃာကိုမျှ မပန်ကြားမူ၍။သပိတ်သင်္ကန်းကိုယူတော်မူ၍ကိုယ်

www.dhammaransi.com



တော်ထီးသာလျှင်ဗာလကလောဏကဂ္ဂရွာသို့ကြွတော်မူ၍။ တယောက်တည်းနေသောဘဂုမထေရ်သို့ကပ်၍ ဧကစာရိကဝတ်ကိုဘဂုမထေရ်အားဟောခဲ့၍။ပါစီနဝံသဒ္ဒသုံးယောက်အညီအညွတ်နေကုန်သော နန္ဒိယ၊ ကိမိလ၊ အနုရုဒ္ဓါတို့အား ညီညွတ်ခြင်း၌ အကျိုးဆက်ကိုပြသော သမဂ္ဂါနိသံသသုတ်ကိုဟောတော်မူ၍။အကြင်အရပ်၌ ပါလိလေယျကတောသည်ရှိ၏။ထိုအရပ်သို့ငါသွားအံ့ဟုမိန့်တော်မူ၍။ ပါလိလေယျကရွာငယ်၏အနီး၌ ရက္ခိတဝနသဏ္ဍာသို့ကြွတော်မူ၍။ ထိုတော၌ ဘဒ္ဒသာလအမည်ရှိသော အင်ကြင်းပင်ရင်း၌ ထိုပါလိလေယျက ရွာသားတို့ဆောက်လုပ်၍လှူအပ်သော သခ်မ်း၌ ပါလိလေယျက အမည်ရှိသော ဆင်လည်းလုပ်ကျွေးအပ်သည်ဖြစ်၍ ချမ်းသာစွာနေခြင်းဖြင့် နေတော်မူလျက်။ထိုပါလိလေယျကရွာငယ်ကို ဆွမ်းခံအမှီပြု၍ ဆယ်ဝါမြောက်ဖြစ်သောဝါကို ထိုပါလိလေယျကတော၌ မြတ်စွာဘုရား ဝါဆိုတော်မူ၏။ ။ဒသမဝါ။ ။

ကောသမ္ဗီပြည်၌နေကုန်သော ဃောသိတသူဌေး၊ ကုက္ကုဋသူဌေး၊ ပါဝါရိကသူဌေးစသော ဥပါသကာတို့သည် ကျောင်းသို့ လာကုန်၍ မြတ်စွာဘုရားကို မမြင်ကုန်သော်။ အရှင်ဘုရားတို့၊ မြတ်စွာဘုရားအဘယ်အရပ်၌ရှိလေသနည်းဟုမေး၍၊ ပါလိလေယျကတောသို့ကြွတော်မူ၏ဟုဆိုသော်။အဘယ့်ကြောင့်ကြွသနည်းဟုမေးပြန်၍။ ငါတို့ကိုအညီအညွတ်ပြုတော်မူသည်ရှိသော် ငါတို့ အညီအညွတ် မဖြစ်ကုန်သောကြောင့်ဟုဆိုသဖြင့်။ အသို့နည်း၊ အရှင်ဘုရားတို့သည် မြတ်စွာဘုရား၏ အထံ၌ ရဟန်းပြုကုန်၍ ထိုမြတ်စွာဘုရားသည် အညီအညွတ်ပြုသော်လည်း အရှင်ဘုရားတို့ အညီအညွတ်မဖြစ်ကုန်သလော မေး၍။ ဒါယကာတို့၊ ဟုတ်၏ဟု ဆိုကုန်သော်။ ဤရဟန်းတို့သည် မြတ်စွာဘုရားအထံ၌ ရဟန်းပြုကုန်၍ မြတ်စွာဘုရား အညီအညွတ်ပြုတော်မူသည်ရှိသော်ညီညွတ်သည်မဖြစ်ကုန်။ငါတို့သည်ဤရဟန်းတို့ကြောင့် မြတ်စွာဘုရားကို မဖူးမမြင်ရကုန်။ ဤရဟန်းတို့အား ငါတို့သည်ဆွမ်းမလှူကုန်အံ့။ ရှိခိုးခြင်းအစရှိသည်တို့ကိုမပြုကုန်အံ့ဟု လူတို့သည် တိုင်ပင်ကုန်၍။ ထိုနေ့မှစ၍ ထိုရဟန်းတို့အား အရိုအသေမှုကိုလည်း မပြုကုန်ပြီ။ထိုရဟန်းတို့သည် နည်းသောအစာအာဟာရရှိကုန်သည်ဖြစ်၍ ခြောက်တပ်ကုန်လျက်။ နှစ်ရက် သုံးရက်ဖြင့် အယူကိုဖြောင့်စွာပြု

www.dhammaransi.com



ကုန်၍ အချင်းချင်းအပြစ်ကိုဒေသနာကြား၍ သည်းခံ၍။ ဒါယကာတို့၊ ငါတို့သည် အညီအညွတ်ဖြစ်ပါကုန်ပြီ။သင်တို့သည် ငါတို့အားရှေးနှင့် တူသည်ဖြစ်ပါကုန်ဟုဆိုကုန်၏။ အရှင်ဘုရားတို့သည် မြတ်စွာဘုရား ကိုသည်းခံစေအပ်ပြီလောဟု လူတို့မေးကုန်၍။ ဒါယကာတို့၊သည်းမခံ စေအပ်သေးဟု ရဟန်းတို့ဆိုသော်။ ထိုသို့ဖြစ်မူကား၊ မြတ်စွာဘုရား ကို သည်းခံစေကုန်။ အရှင်ဘုရားတို့အား မြတ်စွာဘုရား သည်းခံပြီး သောကာလ၌ ငါတို့သည်လည်း အရှင်တို့အားရှေးနှင့်အတူဖြစ်ကုန်အံ့ ဟု လူတို့သည့်ဆိုကုန်၏။ ထိုရဟန်းတို့သည် ဝါတွင်းကာလဖြစ်သော ကြောင့် ဘုရားအထံသို့သွားအံ့သော၄ါမဝံ့ကုန်၍၊ ဆင်းရဲငြိုငြင်သဖြင့် ဝါတွင်းသုံးလကိုလွန်စေကုန်၏။ ။

မြတ်စွာဘုရားသည်ကား။ ပါလိလေယျကဆင်မင်းသည် ရေပူရေ ချမ်းကမ်း၍ လုပ်ကျွေးအပ်သည်ဖြစ်၍ ချမ်းသာစွာ ဝါဆိုတော်မူရ၏။ ထိုပါလိလေယျကဆင်မင်းသည် အပေါင်းကိုစွန့်၍ ထိုပါလိလေယျက တောသို့ဝင်လာ၏။ ။ဝင်လာခြင်း၏ အကြောင်းကား။ စင်စစ်သဖြင့် ကား ငါသည် ယခုအခါ၌ ဆင်မတို့ဖြင့်ရင်း၊ ဆင်ရွှေတို့ဖြင့်ရင်း၊ ဆင် ငယ်တို့ဖြင့်ရင်း ပြွမ်းသည်ဖြစ်၍ နေရ၏။ အဖျားပြတ်ပြီးသောမြက်တို့ ကိုစားရ၏။ စနောင့်စနင်ကျိုးပြီးသောသစ်ခက်တို့ကိုစားရ၏။ နောက် သောရေတို့ကိုသောက်ရ၏။ ရေသို့သက်သောအခါရေမှတက်သော အခါ၊ ဆင်မတို့သည်ရင်း၊ ဆင်ရွှေတို့သည်ရင်း၊ဆင်ငယ်တို့သည်ရင်း။ ငါ့ကိုယ်ကိုတိုက်ပွတ်ကုန်၏။ အကယ်၍ကား ငါသည်ဆင်အပေါင်းမှ ခွါ၍နေသော် ကောင်းအံ့ဟုကြံ၍ ထိုဆင်မင်းသည် ဆင်အပေါင်းမှဘဲ လျက် အကြင်အရပ်၌ ပါလိလေယျကတောအုပ်သည်ရှိ၏၊ ဘဒ္ဒသာလ အင်ကြင်းပင်ရင်းသည်ရှိ၏၊ အကြင်အရပ်၌ မြတ်စွာဘုရားသည်ရှိ၏။ ထိုအရပ်သို့ကပ်လေ၏။ ကပ်ပြီး၍ မြတ်စွာဘုရားကိုရှိခိုး၍။ ကြည်ညို သောစိတ်ဖြင့် ဘုရားမှတပါးတစုံတယောက်သောသူကိုမမြင်၍။ ဘဒ္ဒ သာလ အင်ကြင်းပင်ရင်းကို ခြေဖြင့်ခတ်၍ ညီညွတ်အောင် ကျုံးဆွ၍ နှာမောင်းဖြင့် သစ်ခက်ကိုယူ၍ လှံမြက်လှည်း၏။ ထိုနေ့မှစ၍ နှာမောင်း ဖြင့် ရေအိုးကိုယူ၍ သောက်ရေ သုံးဆောင်ရေကို လောင်းပေ၏။ ရေ နွေးဖြင့် အလိုရှိသော် ရေနွေးကိုစီရင်၏။ အဘယ်သို့စီရင်သနည်းဟူမူ ကား။ လက်ဖြင့်ထင်းတုံးတို့ကိုပွတ်၍ မီးဖြစ်စေ၏။ ထိုမီး၌ထင်းတို့ကို

www.dhammaransi.com



ထည့်၍ ထိုမီး၌ကျောက်တို့ကိုဘုတ်၍ သစ်ခက်လှံတံဖြင့်လှိမ့်၍အပိုင်း အခြားရှိသော ထုံးအိုင်ငယ်၌ချ၏၊ ထိုနောင်မှ လက်ကိုရေထဲသို့ ချ၍ ရေ၏ပူသောအဖြစ်ကိုသိ၍လာခဲ့၍။ မြတ်စွာဘုရားကိုရှိခိုး၍။ ပါလိလေယျက၊ ရေကိုပူစေအပ်ပြီလောဟုမိန့်တော်မူ၍။ ထိုအိုင်သို့သွား၍မြတ်စွာဘုရား ရေချိုးတော်မူ၏။ ထိုအခါ အထူးထူးသော သစ်သီးတို့ကို ဆောင်၍ မြတ်စွာဘုရားအားကပ်၏။ မြတ်စွာဘုရားရွာတွင်းသို့ ဆွမ်းခံဝင်တော်မူသောအခါ၌ကား။ သပိတ်သင်္ကန်းကိုယူ၍ ဦးကင်း၌ထား၍ ငြိမ်သက်စွာသွား၏။ ရွာ၏ဥပစာရသို့ ရောက်သောအခါ ပါလိလေယျက၊ ဤအရပ်မှစ၍ သင်သည် ငါ၏နောက်မှလိုက်အံ့သောငှါ မတတ်ကောင်း။ ငါ၏သပိတ်သင်္ကန်းကိုဆောင်ခဲ့လောဟု မြတ်စွာဘုရား မိန့်တော်မူ၍ သပိတ်သင်္ကန်းကိုယူ၍ရွာတွင်းသို့ဆွမ်းရပ်ဝင်လေ၏။ ဆင်မင်းသည်လည်း မြတ်စွာဘုရား ရွာတွင်းမှထွက်လာသည် တိုင်အောင် ထိုအရပ်၌နေ၍ မြတ်စွာဘုရား ကြွတော်မူလာသော ကာလ၌ ခရီးဦးကြို၍ သပိတ်သင်္ကန်းကိုယူ၍ ရှေးနည်းဖြင့်ဆောင်၍နေရာအရပ်၌ချ၍ ရှိခိုးဝတ်ကိုပြု၍ သစ်ခက်ဖြင့်ယပ်ခတ်၏၊ ညဉ့်အခါ၌ သားရဲ သစ်ကျား ဘေးရန်တို့ကိုမြစ်အံ့သောငှါ ကြီးစွာသောလှံတံကို နှာမောင်းဖြင့်ကိုင်၍ မြတ်စွာဘုရားကိုစောင့်အံ့ဟု အရုဏ်တက်သည်တိုင်အောင် တောအုပ်၏အကြား၌လှည့်၏၊ ထိုအခါမှစ၍ ပါလိလေယျကတောအုပ်သည် ရက္ခိတ တောအုပ် မည်သည် ဖြစ်၏။ အရုဏ်တက်သောအခါ၌ ဒန်ပူမျက်သစ်ရေကပ်ခြင်းကို အစပြု၍ ထိုသို့သောနည်းဖြင့် အလုံးစုံသော ဝတ်ကို ပြု၏။ ။ထိုအခါ တခုသော မျောက်သည် ပါလိလေယျက ဆင်မင်းသည် ကောင်းစွာ လုံ့လပြု၍ မြတ်စွာဘုရားအား အဘိသမာစာရိကဝတ်ကိုပြုသည်ကိုမြင်၍ ငါသည်လည်းတစုံတခုသောကောင်းမှုကို ပြုပါအံ့ဟု ကြံ၍လှည့်ပတ်သည်ရှိသော် တနေ့သ၌ ပျားငယ်မရှိသော လပို့နှင့်တကွသောသားလက်ကိုမြင်၍ အရိုးကိုဖြတ်၍ ပျားတံနှင့်တကွ ပျားလပို့ကိုမြတ်စွာဘုရားအထံသို့ယူ၍ ငှက်ပျောဘက်ကိုဖြတ်၍ ထို၌ငှက်ပျောဘက်၌ ထား၍ မြတ်စွာဘုရားအား လှူ၏၊ မြတ်စွာဘုရားသည် ခံတော်မူ၏။ မျောက်သည်မြတ်စွာဘုရားသည် သုံးဆောင်တော်မူပါလတ္တံ့လောဟု ကြည့်သည်ရှိသော် ကိုင်၍နေသည်ကိုမြင်၍ အသို့နည်းဟုကြံ၍ သားလက်တံစွန်း၌ကိုင်၍လှန်၍ကြည့်ရှုသော် အဥတို့ကို

www.dhammaransi.com



မြင်၍ ထိုအဥတို့ကို ဖြည်းညှင်းစွာပယ်၍ တဘန်ကပ်ပြန်၏။ မြတ်စွာဘုရားသည် ဘုန်းပေးတော်မူ၏။ထိုမျောက်သည် နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ထိုထိုသောသစ်ခက်ကိုကိုင်၍က၏။ ထိုအခါကိုင်နင်းသောသစ်ခက်သည်ကျိုး၍။ ထိုမျောက်သည်တခုသောသစ်ငုတ်ပေါ်၌ကျ၍ သေလေသော် မြတ်စွာဘုရား၌ ကြည်ညိုခြင်းရှိသော စိတ်ဖြင့် သေ၍ တာဝတိံသာနတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ ဖြစ်လေ၏။ နတ်သမီးတထောင် အခြံအရံရှိသည်ဖြစ်၏။ ။မြတ်စွာ ဘုရားအား ပါလိလေယျကဆင်မင်းသည်လုပ်ကျွေးသဖြင့် ထိုပါလိလေယျကတော၌ဝါဆိုတော်မူသောအဖြစ်သည် အလုံးစုံသောဇမ္ဗူဒီပါကျွန်း၌ထင်ရှားဖြစ်၏။သာဝတ္ထိပြည်မှအနာထပိဏ်သူဌေး၊ဝိသာခါအစရှိသော ကြွယ်ဝသောအမျိုးတို့သည်အာနန္ဒာမထေရ်အား သတင်းစကားကိုစေလိုက်ကုန်၏။ အရှင် အာနန္ဒာ၊ အကျွန်ုပ်တို့အား မြတ်စွာဘုရားကို ပြတော်မူပါဟုစေလိုက်ကုန်၏။ အရပ်မျက်နှာ၌နေကုန်သော ငါးရာကုန်သော ရဟန်းတို့သည် ဝါကျွတ်ကုန်ပြီးသော် အရှင်အာနန္ဒာသို့ကပ်၍။ အာနန္ဒာ၊ မြတ်စွာဘုရား မျက်မှောက်တော်မှ တရားတော်မြတ်ကို မကြားနာရသည်ကြာမြင့်ပြီ။ ငါတို့တောင်းပန်ပါ၏။ အရှင်အာနန္ဒာ၊ အကျွန်ုပ်တို့သည် မြတ်စွာဘုရားမျက်မှောက်တော်မှ တရားတော်ကို ကြားနာခြင်းငှါရလိုပါကုန်၏ဟု တောင်းပန်ကုန်၏။ အရှင်အာနန္ဒာသည် ထိုငါးရာသောရဟန်းတို့ကိုယူ၍ ထိုပါလိလေယျက တောသို့ကြွ၍၊ ဝါတွင်းသုံးလပတ်လုံး တပါးတည်းနေတော်မူသော မြတ်စွာဘုရား၏ အထံသို့ ဤမျှလောက်သော ရဟန်းတို့နှင့်တကွ ကပ်အံ့သောငှါ မလျောက်ပတ်ဟုကြံ၍။ ထိုရဟန်းတို့ကို အပ၌ထားခဲ့၍ မြတ်စွာဘုရားအထံသို့ ကပ်လေ၏၊ ပါလိလေယျကဆင်မင်းသည်လည်း ထိုအရှင်အာနန္ဒာကိုမြင်၍ လှံတံကိုယူ၍ပြေး၏။ မြတ်စွာဘုရားသည်ကြည့်၍ ပါလိလေယျက၊ ဖဲလော့၊ ထိုလာသောရဟန်းကိုမမြစ်လင့်၊ ဤရဟန်းသည် ငါဘုရားကို ခစားလာသတည်းဟု မိန့်တော်မူ၏၊ ထိုဆင်သည်ထိုအရပ်၌ လှံတံကို စွန့်၍ သပိတ်သင်္ကန်းကိုယူ၏။ အရှင်အာနန္ဒာလည်းပေးတော်မမူ။ သင်သည် မသင်အပ်သောဝတ်ရှိသည်အကယ်၍ဖြစ်အံ့၊ မြတ်စွာဘုရားနေတော်မူသောပျဉ်၌ ထားလတ္တံ့ဟုကြံ၍ မပေးသတည်း။ အရှင်အာနန္ဒာသည် သပိတ်သင်္ကန်းကို မြေ၌ထား၏။ သင်အပ် သော ဝတ်ရှိသော

ရဟန်းသည်ဆရာတို့၏နေရာ၌ မိမိပရိက္ခရာကိုမထားကုန်။ အရှင်အာ
နန္ဒာသည် မြတ်စွာဘုရားသို့ကပ်၍ ရှိခိုး၍နေ၏၊ အာနန္ဒာ၊ တယောက်
တည်းလာသလောဟု မြတ်စွာဘုရားမေးတော်မူ၍ ငါးရာသောရဟန်း
တို့နှင့်တကွ လာသောအဖြစ်ကိုလျှောက်၍ ထိုရဟန်းတို့သည်အဘယ်
မှာနည်းဟုမေးတော်မူလျှင်။ အရှင်ဘုရား၏အလိုတော်ကိုမသိ၍ဥပစာ
အပ၌ထား၍လာပါသည်ဟုလျှောက်သော်။ ထိုရဟန်းတို့ကိုခေါ်လော့ဟု
မိန့်တော်မူသဖြင့်။ အရှင်အာနန္ဒာခေါ်၍ မြတ်စွာဘုရားသို့ကပ်လာကုန်
၍ ရှိခိုး၍နေကုန်၏ မြတ်စွာဘုရားသည် ထိုရဟန်းတို့နှင့် ပြောဟော
ကော်မူ၍။ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ရှင်ပင်ဘုရားသည် ဘုရား
အဖြစ်ဖြင့်လည်း သိမ်မွေ့ နူးညံ့တော်မူ၏။ မင်းမျိုး၏ အဖြစ်ဖြင့်လည်း
သိမ်မွေ့နူးညံ့တော်မူ၏။ ဝါတွင်းသုံးလပတ်လုံးကိုယ်တော်ရပ်ခြင်းထိုင်
ခြင်းတို့ဖြင့်ပြုနိုင်ခဲ့သည်ကိုပြုတော်မူ၏။ ဝတ်ကြီးဝတ်ငယ်ကို ပြုတတ်
သော မျက်သစ်ရေစသည်တို့ကိုမူလည်းပေးတတ်သောသူသည် ရှိပါ
မည်မထင်ဟု ထိုရဟန်းတို့ဆိုကုန်သော်။ ချစ်သားတို့၊ ပါလိလေယျက
ဆင်သည် ခပ်သိမ်းသောကိစ္စတို့ကိုပြုပေ၏။ ဤသို့သဘောရှိသော အ
ဆွေခင်ပွန်းကိုရသဖြင့် တကွနေခြင်း၌ လျှောက်ပတ်၏။ မရသောသူ
သည်ကား တယောက်တည်းသွားခြင်းကို ပြုရာ၏ဟုမိန့်၍။ ။သစေ
လဘေထ နိပကံ သဟာယံ၊သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ။ အဘိဘုယျ
သဗ္ဗာနိ ပရိဿယာနိ၊ စရေယျ တေနတ္တမနောသတိမာ။ ။နောစေ
လဘေထနိပကံသဟာယံ၊ သဒ္ဓိံစရံသာဓုဝိဟာရိဓီရံ။ ရာဇာဝရဋ္ဌံဝိဇိ
တံပဟာယ၊ ဧကောစရေမာတင်္ဂရညေဝနာဂေါ။ ။ဧကဿစရိတံ
သေယျော၊နတ္ထိဗာလေသဟာယတာ။ ဧကောစရေနစပါပါနိကယိရာ၊
အပ္ပေါဿုက္ကောမာတင်္ဂရညေဝနာဂေါ။ ။ဟူသောတရားဒေသနာ
တော်တို့ကို ဟောတော်မူ၏၊ ဒေသနာတော်အဆုံး၌ ထိုငါးရာသော
ရဟန်းတို့သည်ရဟန္တာအဖြစ်သို့ရောက်လေကုန်၏။ ။ထိုဂါထာတို့
၌အဓိပ္ပါယ်ကား။ ချစ်သားရဟန်းတို့၊ ရင့်ပြီးသောပညာရှိသော တကွ
ကျင့်ဘော်ဖြစ်သောအဆွေခင်ပွန်းကို အကယ်၍ရအံ့။ ထိုပညာရှိသည်
ကောင်းသော နေခြင်းဖြင့် နေရ၏။ ထို သူတော်ကောင်းနှင့် နှစ်သက်
သောနှလုံးရှိသည်ဖြစ်၍ သတိရှိသောသူသည် အလုံးစုံသောမကောင်း
သောအကျင့်တို့ကို နှိပ်စက်၍ ကျင့်ရာ၏၊ ဤသို့ ရင့်ပြီးသော ပညာရှိ

www.dhammaransi.com



သော တကွကျင့်သော်ဖြစ်သော ကောင်းသောနေခြင်းရှိသော ပညာရှိ အဆွေခင်ပွန်းကိုမရအံ့။ မင်းသည် မိမိတိုင်းနိုင်ငံကိုစွန့်၍ တယောက်တည်းသွားသကဲ့သို့။ ဆဒ္ဒန်ဆင်ပြောင်သည် တော၌ တစီးတည်းသွားသကဲ့သို့ သွားရာ၏။ တယောက်အထီးတည်း သွားခြင်းသည် မြတ်၏။ မိုက်သောသူကို အဆွေခင်ပွန်းပြု၍မနေရာ။ တယောက်တည်းသွားရာ၏။မကောင်းမှုတို့ကိုမပြုရာဟုလိုသည်။ ။

အရှင်အာနန္ဒာသည် အနာထပိဏ်သူဌေး စသော ကြီးမြတ်သော အမျိုးတို့သည် စေအပ်သောသတင်းစကားကို ကြားလျှောက်၍။ ရှင်ပင်ဘုရား၊ အနာထပိဏ်သူဌေး အမှူးရှိသော ငါးရာကုန်သောအရိယာတပည့် အစရှိသောသူတို့သည် ရှင်ပင်ဘုရား၏ ကြွတော်မူလာခြင်းကို တောင့်တကုန်၏ဟုလျှောက်၏။ မြတ်စွာဘုရားသည် ထိုသို့တပြီးကား။ အာနန္ဒာ၊သပိတ်သင်္ကန်းကိုယူလော့ဟု ယူစေ၍ ထွက်တော်မူ၏၊သင်မင်းသည် သွား၍ခရီး၌ ဘီလာရပ်၏။ အရှင်ဘုရား၊ဆင်မင်းသည် အဘယ်သို့ပြုသနည်းဟု ရှင်အာနန္ဒာလျှောက်၏။ ချစ်သားရဟန်းတို့၊သင်တို့အားဆွမ်းလုပ်ကျွေးလို၏။ ရှည်စွာသောနေ့ညဥ့်ပတ်လုံး ဤဆင်မင်းသည့် ငါ့အားကျေးဇူးပြုပေ၏၊ ဤဆင်မင်းစိတ်ကို ဖျက်ဆီးအံ့သော၄ါ မအပ်။ချစ်သားရဟန်းတို့၊ပြန်ကုန်ဦးဟုမြတ်စွာဘုရားသည်ရဟန်းတို့ကိုယူ၍ပြန်၏၊ဆင်မင်းသည်တောအုပ်သို့ဝင်၍ပိန္နဲ၄ှက်ပျောအစရှိသော အထူးထူးသောသစ်သီးတို့ကိုကောင်းစွာဆောင်၍ မိုးသောသောနေ့၌ ရဟန်းတို့အားလှူ၏။ ငါးရာသောရဟန်းတို့သည် စား၍မကုန်နိုင်ကုန်။ ဆွမ်းစားပြီးသောအဆုံး၌ မြတ်စွာဘုရားသည် သပိတ်သင်္ကန်းကို ယူတော်မူ၍ထွက်၏။ ဆင်လည်း ရဟန်းတို့၏ အကြားအကြားဖြင့်သွား၍ မြတ်စွာဘုရားရှေ့တော်မှဘီလာရပ်ပြန်၏။ အရှင်ဘုရား၊ဆင်မင်းသည် အဘယ်သို့ပြုသနည်းဟု မေး၏။ ချစ်သားတို့၊ သင်တို့ကို လွှတ်လိုက်၍ ငါ့ကိုပြန်စေလိုသည်ဟုမိန့်တော်မူ၍။ မြတ်စွာဘုရားသည် ဆင်မင်းကို ပါလိလေယျက၊ ဤသွားခြင်းသည် တဖန်မပြန်သော သွားခြင်းတည်း။ သင့်အား ဤကိုယ်၏အဖြစ်ဖြင့်ဈာန်မဂ်ဖိုလ်တခုသည်မရှိ၊သင်နေရစ်လော့ဟု မိန့်တော်မူ၏၊ ယိုစကားကိုကြား၍ ဆင်သည် နှာမောင်းကို ခံတွင်း၌ထည့်၍ ငိုလျက်နောက်တော်မှလိုက်၏။ ထိုဆင်သည် မြတ်စွာဘုရားပြန်၍နေပါမူ ထိုဝါတွင်းသုံးလလုပ်ကျွေးသောနည်းဖြင့် တသက်

www.dhammaransi.com



ပန်လုပ်ကျွေးရာ၏။ မြတ်စွာဘုရားသည် ရွာဥပစာရသို့ရောက်သောအခါ။ပါလိလေယျက၊ ဤအရပ်မှစ၍သင်၏သွားရာမြေဟုတ်၊ လူတို့၏နေရာတည်း။ ဘေးရန်များသည်၊ နေရစ်လော့ဟုမိန့်တော်မူ၏။ ဆင်သည် ငိုကျွက်နေရစ်၍၊မြတ်စွာဘုရားသည်မျက်စိအမြင်ကိုလွန်သည်ရှိသော် နှလုံးကွဲသဖြင့်သေ၍။ မြတ်စွာဘုရားကိုကြည်ညိုခြင်းဖြင့် တာဝတိံသာနတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသောရွှေဗိမာန်၌ နတ်သမီးတထောင်တို့၏အလယ်၌ ဖြစ်လေ၍။ ပါလိလေယျကနတ်သားဟူသော အမည်သည် ဖြစ်၏။ ။

မြတ်စွာဘုရားသည် အစဉ်သဖြင့် ကြွတော်မူ၍ ဇေတဝန်ကျောင်းတော်သို့ရောက်တော်မူလေ၏။ ကောသမ္ဗီပြည်၌နေကုန်သော ရဟန်းတို့သည်မြတ်စွာဘုရား သာဝတ္ထိပြည်သို့ကြွပြီဟုကြား၍ မြတ်စွာဘုရားကိုကန်တော့အံ့သောငှါ သာဝတ္ထိပြည်သို့ သွားလေကုန်၏။ ကောသလမင်းကြီးသည် ငြင်းခုံခြင်းကို ပြုရန်သော ကောသမ္ဗီရဟန်းတို့လာပြီကြား၍။ အရှင်ဘုရား၊ ထိုကောသမ္ဗီ ရဟန်းတို့ကို အကျွန်ုပ်၏နိုင်ငံသို့ဝင်ခြင်းငှါ မပေးအံ့ဟု လျှောက်၏၊ မြတ်သောမင်းကြီး၊ဝင်ပါစေ။ ထိုရဟန်းတို့သည် ခိုက်ရန် ငြင်းခုံခြင်းဖြင့်သာ ငါ၏စကားကို မယူကုန်သည်။ယခုအခါ ငါ့ကို သည်းခံစိမ့်သောငှါလာကုန်၏ဟုမိန့်တော်မူ၏၊ အနာထပိဏ် သူဌေးသည်လည်း။ အရှင်ဘုရား၊ ထိုရဟန်းတို့ကို အကျွန်ုပ်၏ ကျောင်းသို့ ဝင်ခြင်းငှါ မပေးအံ့ဟု လျှောက်သော်။ မြတ်စွာဘုရားပယ်တော်မူသဖြင့် သာဝတ္ထိပြည်သို့ရောက်လာကုန်ပြီးသော ထိုရဟန်းတို့အား မြတ်စွာဘုရားသည် တခုသောဆိတ်ကွယ်ရာဖြစ်သော ကျောင်း၌ အိပ်ရာကိုပေးစေ၏။ တပါးသောရဟန်းတို့သည် ထိုကောသမ္ဗီရဟန်းတို့နှင့် အတူမနေကုန်၊ စကားမပြောကုန်၊ရှိမခိုးကုန်။ လာတိုင်းလာတိုင်းသော ရဟန်းတို့သည် မြတ်စွာဘုရားကို။ အရှင်ဘုရား၊ ငြင်းခုံတတ်ကုန်သော ကောသမ္ဗီ ရဟန်းတို့သည် အဘယ်ရဟန်းတို့နည်းဟုမေးလျှောက်ကြကုန်၏။ ထိုရဟန်းတို့တည်းဟု ဘုရားမြတ်စွာပြ၏။လာတိုင်းလာတိုင်းကုန်သောရဟန်းတို့သည် ငြင်းခုံသောရဟန်းတို့ဟူသည် ထိုရဟန်းတို့ပင်တည်းဟု လက်ညှိုး ထိုးကုန်သဖြင့်၊ ထိုကောသမ္ဗီရဟန်းတို့သည် ရှက်ကုန်၏၊ ထိုရဟန်းတို့သည် ရှက်သဖြင့် ဦးခေါင်းမော်တော် မျှော်ကြည့်အံ့သောငှါ မဝံ့ကုန်၊ မြတ်စွာဘုရားခြေ

www.dhammaransi.com



တော်ရင်း၌ ဝပ်၍ ပူဇော် ကန်တော့ကုန်၏။ မြတ်စွာဘုရားသည် ချစ်သားရဟန်းတို့၊ သင်တို့သည်ဝန်လေးသောအမှုကိုပြုကုန်၏။ငါဘုရားအထံ၌ရဟန်းပြုလျက်ငါဘုရားသည်အညီအညွတ်ပြုအပ်သည်ရှိသော်ငါ၏စကားကိုမလိုက်နာကုန်။ ရှေး၌ဖြစ်သောပညာရှိတို့သည် သေခြင်းအနီးသို့ရောက်သောမိဘတို့၏စကားကိုကြား၍ ထိုအမိအဘတို့ကိုသတ်သောမင်းတို့၌လည်း မလွန်ကျူးမူ၍ နောက်အခါ၌ တိုင်းနှစ်တိုင်းတို့၌မင်း၏အဖြစ်ကိုပြုလေကုန်၏ဟုမိန့်တော်မူ၍ တဘန်ကောသမ္ဗိဇာတ်ကိုဟော၍။ ချစ်သားရဟန်းတို့၊ဒီဃာဝုမင်းသားသည် အမိအဘကိုသတ်သောမင်းတို့၌လည်း အမိအဘတို့၏အဆုံးအမတို့ကိုမလွန်မူ၍နောက်အခါ ဗြဟ္မဒတ်မင်း၏သမီးကိုရ၍ ကာသိကတိုင်း ကောသလတိုင်းတို့၌မင်းပြုရ၏။သင်တို့သည် ငါ၏စကားကို မလိုက်နာကုန်သဖြင့် ဝန်လေးသောအမှုကိုပြုကုန်၏ဟုမိန့်တော်မူ၍။ ။ပရေနစဝိဇာနန္တိ၊မယမေတ္ထယမာမသေ။ယေစ တတ္ထ ဝိဇာနန္တိ၊တတော သမ္မန္တိ မေဓဂါ။ ။ဟူသောတရားကို ဟောတော်မူ၏၊ ။ပရေ၊ ပညာရှိမှတပါးကုန်သောသူမိုက်တို့သည်။ မယံ၊ငါတို့သည်။ နဝိဇာနန္တိ၊သေမင်း၏အထံသို့လိုက်ရကုန်အံ့ဟုမသိကုန်။ တေ၊ထိုသူမိုက်တို့သည်။ ဧတ္ထ၊ ဤရန်ငြိုးဖွဲ့ခြင်း၌။ ယမာမသေ၊လုံ့လပြုကုန်၏၊ ယေစ၊ အကြင်ပညာရှိတို့သည်ကား။ တတ္ထ၊ ထို သေခြင်းတရား၌။ ဝိဇာနန္တိ၊ သိကုန်၏။ တတော၊ ထိုသို့သိသောကြောင့်။ မေဓဂါ၊ရန်ငြိုးတို့သည်။ သမ္မန္တိ၊ငြိမ်းကုန်၏။ ။တရား ဒေသနာတော်အဆုံး၌ပူဇော်ကန်တော့ရောက်လာသော ကောသမ္ဗက ရဟန်းတို့သည် သောတာပတ္တိဖိုလ်၌တည်လေကုန်၏။ ။ဤသို့အစရှိသောများစွာသောတရားစကားဖြင့် ပလလည်းတော၌ ဝါကျွတ်တော်မူသည်မှစ၍ တဆဲ့တဝါ မဆိုမီ ကာလပတ်လုံး ပျူနတ် ဗြဟ္မာတို့ကို ကယ်ချွတ်တော်မူ၏။ ။

---

၃။ ကောဒသမဝါ။ဒက္ခိဏာဂိရိဇနပုဒ်၊နာဠပုဏ္ဏားရွာ၌ ဝါဆိုတော်မူလျက်။ကသိဘာရဒွါဇပုဏ္ဏားအားကသိကောပ္ပမာ ဒေသနာကိုဟော၍ချွတ်တော်မူသည်ကိုပြရာ၊

တဆဲ့တဝါ မြောက်၌ကား ဇေတဝန် ကျောင်းတော်မှ ဒေသစာရီ ကြွတော်မူသဖြင့် မဂဓရာဇ်တိုင်း ဒက္ခိဏာဂိရိ ဇနပုဒ်၌ နာဠ အမည်

www.dhammaransi.com



ရှိသောပုဏ္ဏားရွာသို့ ရောက်တော်မူသောအခါ ထိုပုဏ္ဏားရွာ၌ ကသိဘာရဒွါဇမည်သောပုဏ္ဏား၏ သာဝကပါရမီဉာဏ်၏ရင့်ခြင်းကို မြင်တော်မူသဖြင့်၊ ထိုနာဠပုဏ္ဏားရွာကို ဆွမ်းခံ အမှီ ပြု၍၊ ဒက္ခိဏာ ဂိရိကျောင်း၌ဝါဆိုတော်မူ၏။ ထိုရောအခါ လယ်လုပ်ခြင်းဖြင့်အသက်မွေးသော အမျိုးအားဖြင့် ဘာရဒွါဇမည်သော ပုဏ္ဏားအား လယ်ထွန်အကျွေးအမွေးသည်ဖြစ်၏။ ထိုအခါ ကသိဘာရဒွါဇပုဏ္ဏားအား ကောက်စိုက်သောအခါ ငါးရာမျှလောက်သောထွန်တို့ကိုစီရင်ကုန်၏။ မြတ်စွာဘုရားသည် နံနက်စောစောကလျှင်သင်းပိုင်တော်ကိုပြင်ဝတ်၍သပိတ်သင်္ကန်းကိုယူတော်မူ၍ ကသိဘာရဒွါဇပုဏ္ဏား၏လယ်ထွန်ရာသို့ ကပ်တော်မူလေ၏။ ထိုအခါ လယ်ထွန်အမှုလုပ်တို့ကို ကျွေးမွေး၏။ မြတ်စွာဘုရားသည် ထိုကျွေးမွေးရာသို့ကပ်၍ တင့်အပ်ရာ၌ ရပ်တော်မူ၏။ ဘာရဒွါဇသည် ဆွမ်း ရပ်တော်မူသော ဘုရားကို မြင်လျှင်။ ရဟန်း၊ ငါသည် လယ်ထွန်၏။ မျိုးမျိုး၏။ လယ်ထွန်၍မျိုးမျိုး၍ ငါစား၏။ သင်ရဟန်းသည်လည်း လယ်ထွန်လော့၊ မျိုးမျိုးလော့။ လယ်ထွန်၍၊ မျိုးမျိုး၍ စားလော့။ ဤသို့လျှောက်၏။ ပုဏ္ဏား၊ ငါလည်းလယ်ထွန်၏၊ မျိုးမျိုး၏။ လယ်ထွန်၍ရင်း မျိုးကြဲ၍ရင်း ငါဘုန်းပေး၏ဟု မိန့်တော်မူသော်။ အရှင်ဂေါတမ၊ အရှင်ဂေါတမ၏ ထွန်တုံး၊ ထွန်ကိုင်း၊ ထွန်သန်၊ နှင်တံ၊ ထွန်သွားတို့ကို အကျွန်ုပ်တို့မမြင်ပါကုန်။ ထိုသို့မမြင်ကုန်ဘဲလျက်။ ပုဏ္ဏား၊ ငါသည်လည်းလယ်ထွန်၏။ မျိုးကြဲ၏။ လယ်ထွန်၍မျိုးကြဲ၍ ငါဘုန်းပေး၏ဟု အရှင်ဂေါတမဆို၏။ ထိုလယ်ထွန်သော မျိုးကြဲသောအကြောင်းကိုအကျွန်ုပ်တို့သည်အဘယ်သို့သိရကုန်အံ့နည်း။ မေးအပ်သောအရှင်ဂေါတမသည် လယ်ထွန်သော မျိုးကြဲသောအကြောင်းကို ဆိုပါလော့ဟုဆို၍။ ။ကဿကော ပဋိစ္ဆာနာသိ၊ နစပဿာမိ တေကာသိံ။ ကဿကော ပဏ္ဍိတော ဗြူဟိကထံ ဇာနေမု တံကာသိံ။ ။ဟူသောဂါထာဖြင့်လျှောက်၏။ ။ထိုသို့လျှောက်သည့်ကိုအကြောင်းပြု၍။ ။သဒ္ဓါဗီဇံ တပေါဝုဋ္ဌိ၊ ပညာမေယုဂနင်္ဂလံ၊ ဟိရီ ဤသာ မနော ယောတ္တံ၊ သတိမေ ဖာလပါစနံ။ ။ကာယဂုတ္တော ဝစီဂုတ္တော၊ အာဟာရေ ဥဒရေ သံယတော။ သစ္စံ ကရောမိ နိဒ္ဒါနံ၊ သောရစ္စံ မေ ပမောစနံ။ ။ဝီရိယံ မေဓုရဓောရယှံ၊ ယောဂက္ခေမာဓိဝါဟနံ။ ဂစ္ဆတိ အနိဝတ္တန္တံ၊ ယတ္ထ ဂန္တွာ န သောစတိ။ ။ဧဝမေသာကသိကဋ္ဌာ၊ သာဟောတိ အမတပ္ဖလာ၊ ဧတံ

www.dhammaransi.com



ကာသိ ကာသိတ္ဝာန၊သဗ္ဗဒုက္ခာပမုစ္စတိ။ ။ဤလေးဂါထာတို့ဖြင့် ပုဏ္ဏား မေးသောအကြောင်းကို ဖြေတော်မူ၏။ ။ဗြာဟ္မဏ၊ ပုဏ္ဏား။ မေ၊ငါ့ အား။ သဒ္ဓါ၊ ဒိပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်း ဗျာဒိတ်ခံသည်မှ စ၍ရအပ်သောသဒ္ဓါတရားသည်။ ဗီဇံ၊ မျိုးစေ့မည်၏။ တပေါ၊ ဘုရား အဖြစ်သို့ရောက်ကြောင်းဖြစ်သော အကျင့်သည်။ ဝုဋ္ဌိ၊မိုးရေမည်၏။ မေ၊ငါ၏။ ပညာ၊ပညာသည်။ ယုဂနင်္ဂလံ၊ထွန်မိုးထွန်တုံးမည်၏။ ဟိရိ၊ အကုသိုလ်ဒုစရိုက်သုံးပါးတို့မှရှက်တတ်သောဟိရိတရားသည်။ဤသာ၊ ထွန်ကိုင်း မည်၏။ မနော၊ ငါ၏စိတ်သည်။ ယောတ္တံ၊ ဘွဲ့ကြိုး မည်၏။ သတိ၊ ကုသိုလ်တရား၌ အဘန်တလဲလဲ အောက်မေ့ခြင်းသတိသည်။ ဖါလပါစနံ၊ ထွန်သွားနှင်တံမည်၏။ ။ဗြာဟ္မဏ၊ပုဏ္ဏား။ အဟံ၊သည်။ ကာယဂုတ္တော၊ ကာယဒုစရိုက်သုံးပါးမှစောင့်သည်ဖြစ်၏။ ဝစီဂုတ္တော၊ ဝစီဒုစရိုက်လေးပါးမှစောင့်သည်ဖြစ်၏။ ဥဒရေ၊ ဝမ်းကျောင်းမို့ဝဲအပ် သော။ အာဟာရေ၊အစာ၌။ သံယတော၊စောင့်ရှောက်၏။ နိဒ္ဒါနံ၊စပါး ကို ဖျက်တတ်သော ပေါင်းမြက်တို့ကို သင်သည် ရိတ်ဖြတ်သကဲ့သို့။ သစ္စံ၊ ကုသိုလ်ကိုဖျက်တတ်သော မုသာဝါဒကို သစ္စာစကားဖြင့် စွန့် ပစ်ခြင်းကို။ ကရောမိ၊၏။ ပမောစနံ၊ထွန်ပြီးသောနွားကိုသင်ဖွတ်သကဲ့ သို့။မေ၊ငါ၏။စိတ္တံ၊သည်။သောရစ္စံ၊နိဗ္ဗာန်၌မွေ့လျော်သည်ဖြစ်၍။ပမော စနံ၊ နိဗ္ဗာန်ကိုအာရုံပြုသဖြင့် လွတ်အပ်၏။ ။ဓုရဓောရယှံ၊သင်၏နွား သည်ဝန်ကိုဆောင်ရွက်သကဲ့သို့။ မေ၊ငါ၏။ ဝီရိယံ၊လုံ့လသည်။ ယော ဂက္ခေမံ၊ ယောဂတို့၏ကုန်ရာဖြစ်သော နိဗ္ဗာန်ဟူသောအသီးကို။ အဓိ ဝါဟနံ၊အလွန်ဆောင်လျက်။ ယတ္ထ၊အကြင်နိဗ္ဗာန်သို့။ ဂန္တွာ၊ရောက်၍။ နသောစတိ၊မစိုးရိမ်။ တတ္ထ၊ထိုနိဗ္ဗာန်သို့။ အနိဝတ္တန္တံ၊တဘန်မပြန်မူ၍။ ဂစ္ဆတိ၊၏။ ။ဗြာဟ္မဏ၊ပုဏ္ဏား။ ဧဝံ၊ဤသို့။မေ၊ငါသည်။သောကသိ၊ဤ အရဟတ္တဖိုလ်တည်းဟူသောလယ်ကို။ ကဋ္ဌာ၊ထွန်အပ်၏။ သာကသိ၊ ထို အရဟတ္တဖိုလ် တည်းဟူသော လယ်သည်။ အမတပ္ဖလာ၊ မသေ သောနိဗ္ဗာန်ဟူသောအသီးရှိသည်။ ဟောတိ၊၏။ ဧတံကသိံ၊ ထိုအရ ဟတ္တဖိုလ်တည်းဟူသောလယ်ကို။ ကသိတွာန၊ ထွန်၍။ ကသကော၊ ရဟန္တာပုဂ္ဂိုလ်တည်းဟူသောလယ်ထွန်ယောကျ်ားသည်။ သဗ္ဗဒုက္ခာ၊ ခပ်သိမ်းသောဆင်းရဲအပေါင်းမှ။ပမုစ္စတိ၊လွတ်နိုင်၏။ ။

ဤဂါထာတို့ဖြင့် မြတ်စွာဘုရားသည်, ပုဏ္ဏားမေးသောအမေးကို။

www.dhammaransi.com



ပုဏ္ဏား၊သင်သည် မျိုးစေ့၊ မိစလ်းရေ၊ ထွန်ပိုး၊ ထွန်တုံး၊ ထွန်ကိုင်း၊ ထွန်သွား၊ နှင်တံ၊ပေါင်းမြက်ကိုရိတ်ဖြတ်ခြင်း။ နွားကိုလွှတ်ခြင်းတို့ဖြင့်လယ်လုပ်၍စားသကဲ့သို့ ငါသည်လည်း သဒ္ဓါမျိုးစေ့။အကျင့်တည်းဟူသော မိုးလ်းရေ။ ပညာဟူသောထွန်ပိုးထွန်တုံး။ ဟိရိဟူသောထွန်ကိုင်း။စိတ်ဟူသောကြိုး။ သတိဟူသောထွန်သွားနှင်တံ။ သစ္စာဟူသော ထားဖြင့် မှသာဝါဒအကုသိုလ်ကိုဖြတ်ခြင်း။ ရာဂဒေါသမောဟတို့ကိုလွှတ်ခြင်းဖြင့် အရဟတ္တဖိုလ်ဟူသော လယ်ကို လုပ်ဆောင်၍၊ နိဗ္ဗာန်တည်းဟူသော အမြိုက်သီးကို ငါဘုန်းပေး၏။ သင်လယ်လုပ်၍ စားခြင်းသည်ကား မွတ်သိပ်ခြင်းအစရှိသောဘေးမှမလွတ်။ ငါကဲ့သို့အရဟတ္တဖိုလ်တည်းဟူသောလယ်ကိုလုပ်၍စားတတ်သော ရဟန္တာတည်းဟူသောလယ်လုပ်ပုဏ္ဏားသည် ခပ်သိမ်းသောဆင်းရဲမှလွတ်နိုင်၏ဟု ဖြေတော်မူ၏ ။ထိုစကားကို ကြားသောအခါ ကသိဘာရဒွါဇ ပုဏ္ဏားသည် ငါလယ်လုပ်၍ရသော စပါးကို စား၍ကား။ တနေ့မိုးသောက်၌ပင်လျှင် မွတ်သိပ်ခြင်းစသောဆင်းရဲသည်ဖြစ်၏။ အရှင်ဂေါတမလုပ်သော အရဟတ္တဖိုလ် တည်းဟူသော လယ်သည်ကား နိဗ္ဗာန်ဟူသော အသီးကိုဆောင်၏ နိဗ္ဗာန်ဟူသောအသီးကိုစား၍ အရှင်ဂေါတမသည် အလုံးစုံသော ဆင်းရဲမှလွတ်၏ဟု သိ၍၊ သဒ္ဓါကြည်ညိုခြင်းဖြစ်သဖြင့် ထိုအကြောင်းကို မြတ်စွာဘုရားအား သိစေခြင်းငှါ ထိုပုဏ္ဏားသည် တင်လဲထောပတ် ပျား သကာတို့ဖြင့် ဆန်းကြယ်စွာပြုအပ်သော နို့ဃနာကို အဘိုးတသိန်းထိုက်သော ရွှေခွက်၌ပြည့်စေ၍ ဘွဲ့ဖြူပုဆိုးဖြင့် ဖုံးအုပ်၍ မြတ်စွာ ဘုရားသို့ ရှေးရှု ဆောင်ခဲ့၍။ အရှင်ဂေါတမ၊ အရှင်ဂေါတမသည် အကြင်ကြောင့်နိဗ္ဗာန်တည်းဟူသောအသီးရှိသောလယ်ကိုထွန်တတ်၏။ ထိုကြောင့် နိဗ္ဗာန်တည်းဟူသောအသီးရှိသောလယ်ကို ထွန်တော်မူတတ်သောအရှင်ဂေါတမသည် ဤဃနာကိုဘုန်းပေးတော်မူပါဟု ဆို၍။ ဘုဉ္ဇတုဘဝံဂေါတမော-စသော စကားဖြင့် မြတ်စွာဘုရားအား ရွှေခွက်နှင့်တကွသော ဃနာကို ကပ်၏ ။ထိုအခါ၌ မြတ်စွာဘုရားသည်။ ဂါထာဘိဂီတံ မေ အဘောဇနေယျံ၊ အစရှိသော ဂါထာကိုရွတ်၏။ ။ပုဏ္ဏား၊ ဂါထာတို့ဖြင့် အလွန်သောဘုရားဂုဏ်ကိုဆို၍ရအပ်သောဘောဇဉ်သည် အာဇီဝပါရိသုဒ္ဓိကိုရှုသော ဘုရားတို့အားဘုန်းပေးခြင်းငှါ မထိုက်။ ထိုသို့ သဘောရှိသော ဂါထာတို့ဖြင့် ဆို၍

www.dhammaransi.com



ရအပ်သောအစာကိုစား၏။ဤသို့သဘောရှိသောအကျင့်သည်မြတ်စွာဘုရားတို့၏အကျင့်မဟုတ်။ ထိုကြောင့် ဂါထာကိုဆို၍ရအပ်သော အစာကို ဘုရားတို့သည်၊ မဘုန်းပေးကုန်ဟု မိန့်တော်မူ၍၊ များစွာသော ဘုရားကျေးဇူးတော်တို့ကို ပြတော်မူ၍၊ ထိုပုဏ္ဏားကပ်လှူသော ဃနာကိုပယ်တော်မူ၏။ ။ထိုအခါအရှင်ဂေါတမ၊ ဤဃနာကို အဘယ်သူအားလှူပါရအံ့နည်းဟုလျှောက်လျှင် မြတ်စွာဘုရားလည်း။ ပုဏ္ဏား၊နတ်နှင့် တကွသော လောက၌ရင်း။ ဗြဟ္မာနှင့် တကွသော လောက၌ရင်း။ ရဟန်းပုဏ္ဏားနှင့် တကွသော သတ္တဝါ၌ရင်း။ နတ်နှင့်တကွသော လူ၌ရင်း။ အကြင်သူသည်ဤဃနာကိုစား၏။ ဘုရားကိုရင်း၊ဘုရားတပည့်ကိုရင်းကြဉ်၍ ထိုစားသောသူအား အစာကြေခြင်းသို့ရောက်ရာ၏။ ထိုသူကိုငါမမြင်။ ပုဏ္ဏား၊ သင်သည်ဤဃနာကို မြက်မရှိရာအရပ်၌ရင်း၊ ပိုးမရှိ သောရေ၌ရင်း သွန်လော့ဟု မိန့်တော်မူ၏။ ကသိဘာရဒွါဇပုဏ္ဏားသည် ထိုဃနာကို ရေ၌ သွန်လေသော် ဖျစ်ဖျစ်မြည်၍ အခိုးထွက်၏။ ပုဏ္ဏားသည် ထိုအသံကိုကြား၍ ထိုအခိုးကိုမြင်၍ ထိတ်လန့်သောစိတ်ရှိသည်ဖြစ်၍ ကြက်သီးမွေးညှင်းထသည်ဖြစ်၍ မြတ်စွာဘုရားသို့ ကပ်လာ၍ ခြေတော်၌ဦးဖြင့်ဝပ်၍။ အရှင်ဂေါတမ၊ အလွန်နှစ်လိုဖွယ်ရှိစွ။ အရှင်ဂေါတမသည်မှောက်၍ထားသောဝတ္ထုကိုလှန်သကဲ့သို့၊ဖုံးလွှမ်း[illegible]ဝတ္ထုကို ဘွင့်သကဲ့သို့၊ ခရီးမှားသော[illegible]သူကို ခရီးမှန်ကို ကြားသကဲ့သို့၊ အမိုက်တိုက်၌ဆီမီးကိုထွန်းသကဲ့သို့၊ စက္ခု၊အမြင်နှင့်ပြည့်စုံသောသူတို့သည် အပြုအနီစသော အဆင်းတို့ကို မြင်ကုန်သကဲ့သို့၊ ထို့အတူအရှင်ဂေါတမသည်များစွာသောဒေသနာတော်ဖြင့်တရားကိုပြတော်မူပေ၏။ အရှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ အကျွန်ုပ် သိ၏။ တရားတော်ကိုရင်း၊ သံဃာတော်ကိုရင်း ကိုးကွယ်ရာ ဟူ၍ အကျွန်ုပ် သိ၏။အရှင်ဂေါတမအထံ၌ရဟန်းအဖြစ်ကိုအကျွန်ုပ်သည်ရပါလို၏ဟု လျှောက်၏။ ကသိဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားအထံ၌ရဟန်းအဖြစ်ကို ရလေ၏။ ရဟန်းဖြစ်၍ မကြာမြင့်မီ ဆိတ်ငြိမ်ရာသို့ ကပ်၍ ကမ္မဋ္ဌာန်းဘာဝနာနှင့် ယှဉ်သည်ဖြစ်၍ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ။ဤသို့အစရှိသော များစွာသောတရားဒေသနာတော်ဖြင့် များစွာသော လူ နတ် ဗြဟ္မာတို့ကို ကယ်ချွတ်တော်မူလျက် ဒက္ခိဏာဂိရိကျောင်း၌နာဠပုဏ္ဏားရွာကိုဆွမ်းအမှီပြု၍ ဇာတာဒိသမဂါဆိုတော်မူ၏။

www.dhammaransi.com



## ၄။ ဒွါဒသမဝါ၊ ဝေရဉ္ဇမြို့၌ဝါဆိုတော်မူရာ။ မာရ်လှည့်ပတ်သဖြင့်ဆွမ်းရှားတော်မူခြင်း။ မြေကြီးကို အောက်အထက်လှန်ရန်၊ မြောက်ကျွန်းသို့ဆွမ်းခံရန်၊ ရှင်မောဂ္ဂလာန် တောင်းပန်ခြင်း၊ သာဝကတို့အားသိက္ခာပုဒ်ပညတ်ရန် ရှင်သာရိပုတြာတောင်းပန်ခြင်းတို့ကိုပြရာ။

ဒွါဒသမဝါကိုဝေရဉ္ဇပြည်၌ဝါဆိုတော်မူသောအကြောင်းကား။ ။ ဧကာဒသမဝါကျွတ်တော်မူ၍ဒေသစာရီကြွတော်မူသော် ကောသလ တိုင်း၊ သေတဗျမြို့သို့ရောက်၍ သီတင်းသုံးနေတော်မူသောအခါ။ ဝေရဉ္ဇပုဏ္ဏားသည် တစုံတခုသောပြဿနာကိစ္စဖြင့် သေတဗျမြို့သို့လာ၍ မြတ်စွာဘုရားကိုဖူးတွေ့သဖြင့် ပင့်ဘိတ်လေသောကြောင့် ဝါနီးသော ကာလ၌ ငါးရာသော တပည့်ရဟန်းတို့နှင့်တကွ ဝေရဉ္ဇပြည်သို့ ကြွတော်မူ၍။ ဝေရဉ္ဇပြည်မှ မနီးမဝေးဖြစ်သောအရပ်၌၊ နဠေရုအမည်ရှိသောဘီလူးသည် သိမ်းဆည်းအပ်သောတမာပင်ရင်း၌ တဲနေတော်မူ၏။ ထိုအခါ ဝေရဉ္ဇပုဏ္ဏားသည် သာကီဝင်မင်းသားဖြစ်သော အရှင်ဂေါတမသည် ဝေရဉ္ဇမြို့၌ နဠေရုဘီလူးသည် သိမ်းဆည်း အပ်သော တမာပင်ရင်း၌ ငါးရာကုန်သော ရဟန်းတို့နှင့်တကွ နေတော်မူ၏။ ထိုအရှင်ဂေါတမ၏။ ဣတိပိ သောဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ-ဟူသောကိုးပါးသောဂုဏ်တော်တို့ဖြင့် ကျော်စောသောအသံသည် ဖြန့်နှံ့ပြည်တိုင်အောင်နှံ့၍ တက်၏။ ထိုမြတ်စွာဘုရားသည် ဤမနုဿပြွန်လောကကိုရင်း။ တမလွန်လောကကိုရင်း။ ကိုယ်တိုင်သိ၍မျက်မှောက်ပြု၍ တရားဟောတော်မူ၏။ ထိုမြတ်စွာဘုရားသည်၊ အစ၊ အလယ်၊ အဆုံး၊ သုံးပါးသောကောင်းခြင်းနှင့် ပြည့်စုံသော၊ အနက်သဒ္ဒါနှင့်တကွ ဖြစ်သော အလုံးစုံပြည့်စုံသောတရားကိုဟောတော်မူ၏။ ခရုသင်းပွတ်သစ်ကဲ့သို့ထက်ဝန်းကျင်စင်ကြယ်သော၊ မြတ်သောအကျင့်ကို ထင်ရှားပြတော်မူ၏။ ထိုသို့သဘောရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့အား ဖူးမြင်ရခြင်းသည် ကောင်းသည်သာလျှင်တည်းဟု ကြားသည်ဖြစ်၍ မြတ်စွာဘုရား ရှိတော်မူရာသို့ ကပ်လာ၍ မြတ်စွာဘုရားနှင့် ဝမ်းမြောက် ဝမ်းသာ တသက်လျှာ

www.dhammaransi.com



အောက်မေ့အပ်သော စကားကို ပြောပြောဘ၍ တင့်အပ်သောအရပ်၌ နေ၏။ ။

ထိုနောက်၊ ထိုပုဏ္ဏားသည် မိမိအား ခရီးဦးကြိုခြင်း၊နေရာခင်းခြင်း အစရှိသောဝတ္တပစာယိကဝတ် မပြုသည်ကို နှလုံးသွင်း၍၊ အရှင်ဂေါတမ၊ အရှင်ဂေါတမသည် အသက်ကြီးကုန်သော၊တတိယအရွယ်သို့ ရောက်ကုန်ပြီးသော၊ မင်းတဆက်နှစ်ဆက် လည်ကုန်ပြီးသော ပုဏ္ဏား တို့ကိုခရီးဦးမကြို၊ နေရာဖြင့်မဘိတ်၊ရှိမခိုး။ ဤသို့သောစကားကိုကြား ရ၏။ ထိုသို့ကြားတိုင်းမှန်၏။ ဤသို့သောစကားကိုလျှောက်၍။ မြတ်စွာ ဘုရားမိန့်တော်မူ၏။ ပုဏ္ဏား၊အလုံးစုံသောလောက၌ လာခြင်းကောင်း သော ငါဘုရား ခရီးဦးကြိုထိုက်သော သူကိုရင်း၊ နေရာဖြင့် ဘိတ်မန် ထိုက်သောသူကိုရင်းမမြင်။ပုဏ္ဏား၊ဤလောက၌ အကြင်သူကို ငါသည် ရှိမူလည်းခိုးငြားအံ့။ နေရာဖြင့်မူလည်း ဘိတ်ငြားအံ့။ ထိုသူ၏ ဦးခေါင်း သည် ကွဲကျရာ၏ဟု မိန့်တော်မူလျှင်၊ အရှင်ဂေါတမသည် သာမဂ္ဂိ ရသကင်း၏ဟု ပုဏ္ဏားလျှောက်ပြန်၏။ ပုဏ္ဏား၊ အကြင်အကြောင်းဖြင့် ဆိုလိုသော သူသည် ငါ့ကို အရှင်ဂေါတမသည် သာမဂ္ဂိရသ မရှိဟု ဆိုရာ၏။ ထိုအကြောင်းသည်ငါ၌ရှိ၏။ ပုဏ္ဏား၊ အကြင်ရူပါရုံ၌သာယာ ခြင်း၊ သဒ္ဒါရုံ၌သာယာခြင်း အစရှိကုန်သော ရူပရသအစရှိကုန်သော တဏှာတို့သည်ရှိကုန်၏။ ထိုရူပတဏှာ သဒ္ဒတဏှာ ရသတဏှာအစ ရှိသည်တို့ကို ငါဘုရားသည်ပယ်အပ်ကုန်ပြီ။ တဖန်မဖြစ်ခြင်းသို့ရောက် ကုန်ပြီ။ ပုဏ္ဏား၊ အရှင်ဂေါတမသည် သာမဂ္ဂိရသ မရှိဟု အကြင်အ ကြောင်းဖြင့်ဆိုလိုသောသူသည်ငါ့ကိုဆိုရာ၏။ထိုအကြောင်းသည် ငါ၌ ရှိ၏။ ပုဏ္ဏား၊ သင်သည်ကား ငါ့အားအညီအညွတ်ပြုရသောဝတ်မရှိ သည်ကိုရည်၍ သာမဂ္ဂိရသမရှိဟုဆို၏။ ထိုအကြောင်းသည် ငါ့အား မရှိဟုမိန့်တော်မူ၏။ ။ထိုနောက်မှတဖန်၊နိဗ္ဗောဂေါဘဝံဂေါတမော၊ အစရှိသောစကားကို ဆိုပြန်၏။ ထိုသို့ ပုဏ္ဏား များစွာဆိုသော စကား ကို တပါး တပါးသော အကြောင်းဖြင့် မိန့်တော်မူ၍ ပယ်တော်မူပြီး သောအဆုံး၌။ ခုနစ်လုံးရှစ်လုံးသော ကြက်ဥတို့စွင် အကြင်ကြက်သူ ငယ်သည် ခြေသည်းနှုတ်သီးတို့ဖြင့်ဥခွံကိုဘောက်၍ ရှေးဦးစွာပေါက် ၏။ ထိုကြက်သူငယ်ကို နောင်မှပေါက်ကုန်သောကြက်သူငယ်အပေါင်း တို့ထက် အကြီးဟူ၍ဆိုအပ်သကဲ့သို့။ လောကကို ဖုံးလွှမ်းအပ်သော

အဝိဇ္ဇာတည်းဟူသော ဥခွံကို ညဦးယံ၌ ရအပ်သော ကိုယ်တော်၏ ရှေး၌ နေဘူးသော ခန္ဓာကို သိခြင်း ဟူသော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တည်းသောဝိဇ္ဇာ။ သန်ခေါင်ယံ၌ရအပ်သော သတ္တဝါတို့၏စုတိ ပဋိသန္ဓေကိုသိခြင်းဟူသောဒိဗ္ဗစက္ခုဉာဏ်ဟူသောဝိဇ္ဇာ။ မိုးသောက် ယံ၌ရအပ်သော အာသဝေါတရားလေးပါးကိုကုန်စေတတ်သောအရ ဟတ္တမဂ်ဉာဏ်ဟု ဆိုအပ်သော အာသဝက္ခယဉာဏ်ဟူသော ဝိဇ္ဇာ။ ဤဝိဇ္ဇာဉာဏ်သုံးပါးတို့ဖြင့် ဘောက်၍ လောကသုံးပါးတို့၏ ရှေ့ဦးစွာ ဆိုအပ်ပြီးသော ကိစ္စသုံးပါးကို ပြီးစေသည်၏ အဖြစ်ကြောင့် ငါသာ လျှင် လောကသုံးပါးတို့ထက်ကြီးတော်မူ၏ဟူ၍ လောကထက် ကိုယ် တော်၏ကြီးမြတ်တော်မူသောအဖြစ်ကို ဟောပြတော်မူသော်။ အရှင် ဂေါတမသည်သာ လောကထက် ကြီးတော် မူ၏။ မြတ်တော် မူ၏။ ဘုန်း တော်ကြီးသော အရှင်ဘုရား၊ အလွန်နှစ်လိုဘွယ်ရှိစွ။ မှောက်၍ထား သောဝတ္ထုကိုလှန်သကဲ့သို့။ ဖုံးလွှမ်းသောဝတ္ထုကိုဘွင့်သကဲ့သို့။ ခရီး ၌တွေဝေသော သူကို ခရီးကိုကြားသကဲ့သို့။ အမိုက်တိုက်၌ ဆီမီးကို ထွန်းသကဲ့သို့။ မျက်စိ အမြင်ရှိသော သူသည် ရူပါရုံကို မြင်သကဲ့သို့။ ထို့အတူ အရှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် တရားကို ထင်ရှား ပြတော်မူ၏။ အကျွန်ုပ်သည် အရှင် ဂေါတမကိုရင်း၊ တရား တော်ကိုရင်း၊သံဃာတော်ကိုရင်းကိုးကွယ်ရာဟူ၍မှတ်ပါ၏။ ယနေ့ကို အစပြု၍ အသက်ရှည်သမျှကာလပတ်လုံး ရတနာသုံးပါးကိုကိုးကွယ် သောဥပါသကာဟူ၍ အကျွန်ုပ်ကိုအရှင်ဂေါတမသည်မှတ်တော်မူစေ ချင်၏။ ငါးရာသော ရဟန်းတို့နှင့်တကွ မိုဃ်းသုံးလပတ်လုံး ဤဝေရဉ္ဇ ပြည်၌နေခြင်းကိုသည်းခံတော်မူပါဟု လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် ဝန်ခံတော်မူ၏။ မြတ်စွာဘုရား ဝန်ခံသောအဖြစ် ကို ထိုပုဏ္ဏားသည်သိပြီး၍ နေရာမှထ၍ မြတ်စွာဘုရားကို လကျ်ာရစ် လှည့်သည်ကိုပြု၍ရိုသေစွာရှိခိုး၍သွားလေ၏။ ။

မြတ်စွာဘုရားသည် ငါးရာသောရဟန်းတို့နှင့်တကွ ဝေရဉ္ဇပုဏ္ဏား သည်ဘိတ်မန်အပ်သည့်ဖြစ်၍။ ထိုဝေရဉ္ဇပြည်၌ဝါကပ်တော်မူ၏။ ထို အခါ ဝေရဉ္ဇပြည်၌ မိုဃ်းခေါင်သည်ဖြစ်၍ ဖော်မွတ်ခြင်းသည်ဖြစ်၏။ အရိုးဖွေးဖွေးပြူအောင်သေ၏။ သေရအံ့လော၊ ရှင်ရအံ့လောဟု နှစ်ခွရှိ ၏။တရက်ချန်နှစ်ရက်ချန်စားရ၏။ဆင်းရဲစွာအသက်မွေးရ၏။အရိယာ

www.dhammaransi.com



တို့အား ဆွမ်းခံခြင်းဖြင့် မျှအံ့သောငှါမတတ်နိုင်၊ ထိုရောအခါ ဉတ္တရာပထမှ မြင်းကုန်သည်ငါးရာတို့သည်မြင်းငါးရာတို့နှင့်တကွဝေရဥ္စပြည်၌ မိုးလဲလနေခြင်းသို့ ရောက်ကြလေကုန်၏၊ ထိုမြင်းကုန်သည်တို့သည် မြင်းတင်းကုပ်တို့၌ ထို ငါးရာသော ရဟန်းတို့အား လှူအံ့သောငှါ တယောက်မျှလောက်ရုံ၊ တယောက်မျှလောက်ရုံ၊ တကွမ်းစားမျှလောက်သောမယောဆန်ကိုထားကုန်၏၊ ရဟန်းတို့သည် နံနက်စောစော သပိတ်သင်္ကန်းကိုယူကုန်၍ ဝေရဥ္စမြို့သို့ဆွမ်းခံဝင်၍ ဆွမ်းကိုမရကုန်။ အယုတ်သဖြင့်ကန်တော့၏ ဟူသောစကားကိုမျှမရကုန်သည်ဖြစ်၍ မြင်းတင်းကုပ်တို့သို့ဆွမ်းခံသွားကုန်၍ တကွမ်းစားမျှသော မယောဆန်ကိုရကုန်သဖြင့် နေရာသို့ဆောင်ကုန်၍ ဆုံငယ်၌ထောင်း၍ ဘုန်းပေးကုန်၏။ ထိုမထေရ်တို့အား တစုံတယောက်သောကပ္ပိယကာရကသည်မရှိကုန်။ ထိုတကွမ်းစားမျှသော မယောဆန်ကို အကြင်ရဟန်းသည်ခံ၍၊ ယာဂုကိုရင်း၊ ထမင်းကိုရင်းချက်ရာ၏။ ဤသို့ချက်ခြင်းသည် ပေါ့သော အသက်မွေးခြင်းသည်မဖြစ်။ ကိုယ်တိုင်ချက်ခြင်းမှ လွတ်စေသတည်းဟု ရှစ်ပါးသောရဟန်းတို့သည်ရင်း။ တကျိပ်သောရဟန်းတို့သည်ရင်း တပေါင်းတည်းဖြစ်ကုန်၍ဆုံငယ်၌ထောင်းကုန်၍ညက်ပြီးသော် စဝေး၍မိမိအဘို့ကိုရေဖြင့်ဖျော်၍ ဘုန်းပေးကုန်၏။ ဤသို့ဘုန်းပေးကုန်သည်ဖြစ်၍ကြောင့်ကြမဲ့ဖြစ်၍ ရဟန်းတရားကိုပြုကုန်၏။ မြတ်စွာဘုရားအားကား။ မြင်းကုန်သည်တို့သည် တကွမ်းစားမျှသော မယောဆန်ကိုရင်း၊ ထိုဆန်နှင့် လျောက်ပတ်ရုံ ထောပတ်ပျားသကာကိုရင်း လှူကုန်၏။ ထိုမယောဆန်ကိုအရှင်အာနန္ဒာသည်ဆောင်၍ကျောက်ပြင်၌ကြိတ်၍ဆန်ညက်ကိုထောပတ်ပျားသကာတို့နှင့်ယှဉ်၍ မြတ်စွာဘုရားအားကပ်၏။ ဘုန်းရှိသော ပညာရှိသောသူတို့၏ပြုအပ်သော အာဟာရသည် နှစ်သို့ဘွယ်ရှိသည်သာ ဖြစ်၏။ မြတ်စွာဘုရား သက်တော်၌ ထိုအာဟာရ၌ နတ်တို့သည်နတ်ဩဇာကိုထည့်ကုန်၏။ နေ့တိုင်းနေ့တိုင်းဤသို့သဘောရှိသောအာဟာရကိုဘုန်းပေးတော်မူ၍ သမာပတ်ဝင်၍ နေတော်မူ၏။ ထိုနေ့မှစ၍ မြတ်စွာဘုရားဆွမ်းရပ်တော်မမူ။

။မြတ်စွာဘုရားအား ပဌမဗောဓိ၌ အဝါနှစ်ဆယ်အတွင်း မြဲသောအလုပ်အကျွေးတပည့်မည်သည်မရှိ။ ရံခါရံခါ နာဂသမာလထေရ် အစရှိသည် အလုပ်အကျွေးရှိကုန်၏။ အရှင်အာနန္ဒာသည် အမြဲလုပ်ကျွေးခြင်းကိုမရသေး။ ဤသို့သ

www.dhammaransi.com



ဘောရှိသောအရာတို့၌အာနန္ဒာသည် သင့်တင့်လျော်ပတ်၏ဟုသည်းခံတော်မူ၏။ ။မွတ်သိပ်သောအခါ၌ လူတို့သည် ကောင်းမှုကုသိုလ်ကို လွန်စွာအားထုတ်ကုန်၍။ မိမိတို့သည်မစားမူ၍ ရဟန်းတို့အားလှူအပ်သည်ကိုအောင့်မေ့ကုန်လျက်။ ထိုအခါ၌ထိုလူတို့သည် အဘယ်ကြောင့် တယောက်မျှသောဆွမ်းကိုမျှလည်း မလှူကုန်သနည်း။ ဝေရဉ္စပုဏ္ဏားသည် ကြီးစွာသော အားထုတ်ခြင်းဖြင့် မြတ်စွာဘုရား ဝါဆိုတော်မူခြင်းကို တောင်းပန်၏။ ထိုသို့လျက် အဘယ်ကြောင့် ထိုပုဏ္ဏားသည် မြတ်စွာဘုရား ရှိတော်မူသည်၏ အဖြစ်ကိုမျှ မသိသနည်း ဟူမူကား။ မာရ်နတ်သားသည်လှည့်ပတ်လေသောကြောင့် လူတို့သည်လည်း တယောက်မသောဆွမ်းကိုမျှမလှူကုန်။ ဝေရဉ္စပုဏ္ဏားသည်လည်းမြတ်စွာဘုရား ရှိတော်မူသည်၏အဖြစ်ကိုမျှ မအောက်မေ့မိသတည်း။ မြတ်စွာဘုရားအထံမှတဲကာမျှဖြစ်သော ဝေရဉ္စပုဏ္ဏားကိုရင်း။ ဝေရဉ္စပြည်သူအလုံးကိုရင်း။ မြို့ထက်ဝန်းကျင်တယူဇနာမျှသော ဆွမ်းခံသွား၍ပြန်မှီကောင်းသောအရပ်၌နေသောသူတို့ကိုရင်း။ ထိုအလုံးစုံကို မာရ်လှည့်ပတ်၍တွေဝေစေ၍။ ခပ်သိမ်းသောသူတို့အား မမှတ်မိသည်၏အဖြစ်ကိုပြု၍ မာရ်နတ်သားဘဲလေ၏။ ထိုကြောင့် တစုံတယောက်သောသူသည်မျှ မြတ်စွာဘုရားကိုအရိအသေပြုအပ်သောအဖြစ်ကိုမျှမအောက်မေ့မိ။ ။၍တဆဲ့တဝါမြေ့ံနှစ်၌မြတ်စွာဘုရားသည် ဥတ္တရကုရုကျွန်းသို့ရင်း၊ တာဝတိံသာသို့ရင်းသွား၍ ဝါဆိုတော်မူငြားအံ့။ ထိုအရပ်တို့၌လည်း လူနတ်တို့ကို မာရ်သည်လှည့်ပတ်ရာ၏၊ ထိုနှစ်၌မာရ်နတ်သည် မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့ခြင်းပြင်းသောစိတ်ရှိ၏။ ဝေရဉ္စပြည်၌ဝါဆိုသော်တမူကား။ ဥတ္တရာပထမှ လာကုန်သော မြင်းကုန်သည်တို့သည် ရဟန်းတို့အားချီးမြှောံခြင်းကိုပြုကုန်လတ္တံ့ဟု အလွန်သောအကြောင်းကို မြင်တော်မူ၍၊ ထိုဝေရဉ္စပြည်၌သာလျှင် ဝါကပ်တော်မူသတည်း။ ထိုမြင်းကုန်သည်တို့ကား မာရ်လှည့်ပတ်ပြီးသော အဆုံးမှရောက်လာကုန်၏။ ထိုကြောင့် တဘန်ပြန်၍လှည့်ပတ်အံ့သော၌မဝံ့သောကြောင့် မလှည့်ပတ်သတည်း။ ။ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုခေါ်၍။ အာနန္ဒာ၊ ဆုံငယ်ထောင်းသော အသံသည် အကြောင်းအဘယ်နည်းဟု မေးတော်မူ၏။ အရှင်အာနန္ဒာလည်း ထိုအကြောင်းကို ဘုရားအားကြားလျှောက်၏။ အာနန္ဒာ၊ ကောင်းစွကောင်းစွ။ အာနန္ဒာ၊ သူ

www.dhammaransi.com



တော်ကောင်းဖြစ်ကုန်သောသင်တို့သည် ဤသို့ရခဲသော ဆွမ်းရှိသော မွတ်သိပ်သောကာလ၌ ဤသို့သဘောရှိသော အသက်မွေးခြင်းရှိသည့်၏အဖြစ်ဖြင့်ရင်း၊ ပေါ့သော အသက်မွေးခြင်း ရှိသည့်၏အဖြစ်ဖြင့်ရင်း မွတ်သိပ်ခြင်းကိုအောင်၏။ နောင်သောအခါ၌ နောက်ဖြစ်သောရဟန်း အပေါင်းသည် သားပွဲမ်းသလေးဆွမ်းကို မထေမဲ့မြင် ပြုကုန်လတ္တံ့ဟု မိန့်တော်မူ၏။ ။

ထိုအခါ အရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရားသို့ကပ်၍ တင့်အပ် လျောက်ပတ်သောအရပ်၌နေလျက် ရိုသေစွာရှိခိုး၍။ ရှင်ပင်ဘုရား၊ ယခု အခါ၌ ဝေရဉ္စပြည်သည် မွတ်သိပ်၏။ သဗိတ်လက်စွဲသဖြင့် အသက် မွေးခြင်းငှါမပြုလွယ်။ ရှင်ပင်ဘုရား၊ ဤမြေကြီး၏အောက်အပြင်သည် ပျားငယ် မရှိသော ပျားသလက်ကဲ့သို့ အရသာနှင့် ပြည့်စုံ၏၊ ရှင်ပင် ဘုရားကို အကျွန်ုပ်သည် တောင်းပန်ပါ၏။ အကျွန်ုပ်သည်ထိုမြေကြီးကို အထက်အောက်လှန်ပါအံ့။ ဤသို့ လှန်ပြန်သဖြင့် ထိုမြေကြီး၌ မြေဩဇာကို ရဟန်းတို့သည် ဘုန်းပေးရကုန်လတ္တံ့။ ဤသို့မြတ်စွာဘုရား ကိုလျှောက်၏။ မောဂ္ဂလာန်၊ သင်သည် မြေ၌နေသောသတ္တဝါတို့ကိုအ ဘယ်သို့ပြုအံ့နည်းဟုမိန့်တော်မူ၏။ ရှင်ပင်ဘုရား။ အကျွန်ုပ်သည် လက် တဘက်ကို မြေဘန်ဆင်းအံ့။ မြေ၌နေသော သတ္တဝါတို့ကို ဘန်ဆင်း သောမြေ၌နေစေ၍လက်တဘက်ဖြင့်မြေကိုလှန်အံ့ဟုလျှောက်၏။ မောဂ္ဂ လာန်၊ မြေကိုလှန်ခြင်း၌မနှစ်သက်လင့်။ သတ္တဝါတို့သည် ဘောက်ပြန် သောအယူသို့ရောက်ကုန်ရာ၏။ ဤသို့ပယ်တော်မူ၏။ ရှင်ပင်ဘုရား၊ နေ့ ရှဘိလုံးသည် သိမ်းဆည်းအပ်သောတမာပင်မှဥတ္တရကုရုကျွန်းသို့ဆွမ်း ရှခရီးကိုဘန်ဆင်း၍ ဥတ္တရကုရုကျွန်းကို အလားအလာနှင့်ပြည့်စုံသော အရပ်၌ ဘန်ဆင်း၍အကျွန်ုပ်ပြုအံ့။ ရဟန်းအပေါင်းသည် ဥတ္တရကုရု ကျွန်းသို့ဆွမ်းခံသွားရလတ္တံ့။ ဤသို့လျှောက်၏။ မောဂ္ဂလာန်၊ ဥတ္တရကုရု ကျွန်းသို့ ရဟန်းအပေါင်း၏ဆွမ်းခံသွားခြင်းကိုသင်မနှစ်သက်လင့်။ ဤ သို့ပယ်တော်မူ၏။ ။ထိုအခါအရှင်သာရိပုတြာသည် မြတ်စွာဘုရား အားသိက္ခာပုဒ်ပညတ်တော်မူပါမည့်အကြောင်းကို တောင်းပန်၏။ ထို အခါ မြတ်စွာဘုရားသည်၊ သာရိပုတြာ၊ ငံ့ဦး။ သာရိပုတြာ၊ ငါဘုရား သည်သာလျှင် သိက္ခာပုဒ်ပညတ်သောအခါကိုသိလတ္တံ့ဟု မိန့်တော်မူ

www.dhammaransi.com



၍ သာရိပုတြာ၊ ရဟန်းအပေါင်းသည် ကင်းသောဘေးရန်ရှိ၏။ ကင်းသောအပြစ်ရှိ၏။ ဤငါးရာသောရဟန်းအပေါင်းတို့တွင်အဆုံးစွန်ဂုဏ်ဖြင့်ငယ်သောရဟန်းသည် သောတာပန်လျှင်တည်း။ ထိုသောတာပန်သည် မပျက်စီးသောတရားရှိ၏။ အထက်မဂ်လျှင် လည်းလျောင်းရာရှိ၏။ ဤသို့မိန့်တော်မူ၏။ ။

ထိုအခါမြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုခေါ်၍ မိန့်တော်မူ၏။ အာနန္ဒာ၊ အကြင်သူတို့သည် ဘိတ်အပ်သည်ဖြစ်၍ မြတ်စွာဘုရားတို့သည်မိုးသိုးလနေခြင်းကိုနေကုန်၏။ ထိုဘိတ်သောသူတို့ကို မပန်မူ၍ ဒေသစာရီမသွားကုန်။ ဤကားဘုရားတို့၏အလေ့အကျက်တည်း။ အာနန္ဒာ၊ ငါတို့သွားကုန်အံ့။ ဝေရဉ္ဇပုဏ္ဏားကိုပန်ကုန်အံ့ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း။ ရှင်ပင်ဘုရား၊ ဤသို့ပန်ခြင်းသည် ကောင်း၏ဟု ဝန်ခံ၍မြတ်စွာဘုရားသည်သပိတ်သင်္ကန်းကိုယူတော်မူ၍ ရှင်အာနန္ဒာလျှင်နောက်လိုက်ရဟန်းရှိသည်ဖြစ်၍ ဝေရဉ္ဇပုဏ္ဏားအိမ်သို့ ကပ်တော်မူလေ၍ ခင်းအပ်သော ဘုရားနေရာ၌ နေတော်မူ၏။ ထိုအခါ ဝေရဉ္ဇပုဏ္ဏားသည် မြတ်စွာဘုရားသို့ကပ်လာ၍ မြတ်စွာဘုရားကိုရှိသေစွာရှိခိုး၍ တင့်အပ်သောအရပ်၌နေ၏။ မြတ်စွာဘုရားမိန့်တော်မူ၏။ ပုဏ္ဏား၊ သင်သည်ဘိတ်မန်အပ်သည်ဖြစ်၍ ငါတို့ဝါဆိုကုန်ပြီ။ ပုဏ္ဏားကိုငါတို့ပန်ကုန်၏။ ဒေသစာရီသွားခြင်းငှါအလိုရှိ၏ဟုမိန့်တော်မူ၏။ အရှင်ဂေါတမ၊ အကျွန်ုပ်တို့သည် ဘိတ်မန်အပ်သည် မှန်၏။ စင်စစ်သော်ကား၊ အကျွန်ုပ်သည် လှူအပ်သောဝတ္ထုကို မလှူပါရသေး။ ထိုသို့မလှူရခြင်းသည် အကျွန်ုပ်အားလှူဘွယ်ဝတ္ထုမရှိသောကြောင့်လည်းမဟုတ်။မလှူလိုသည်၏အဖြစ်ကြောင့်လည်း မဟုတ်။ အိမ်ရာထောင်သောအကျွန်ုပ်အား‌များသောကိစ္စရှိ၏ ထိုကြောင့် မိုးသုံးလပတ်လုံး လှူအပ်သောဝတ္ထုသည်ရှိသော်ငြား။ လှူလိုသည်၏အဖြစ် ရှိသော်ငြား၊ အကြင် လှူဘွယ်ဝတ္ထုကို အကျွန်ုပ်တို့သည် လှူကုန်ရာ၏၊ ထိုဝတ္ထုကို လှူခြင်းငှါမရ။ အရှင်ဂေါတမ၊ နက်ဖြန်ဆွမ်းဘုန်းပေးခြင်းငှါ ရဟန်းအပေါင်းနှင့်တကွသည်းခံတော်မူပါဟုလျှောက်၏။မြတ်စွာဘုရားလည်းတုဏှီဘာဝဖြင့်သည်းခံတော်မူ၏။ မြတ်စွာဘုရားသည်ဝေရဉ္ဇပုဏ္ဏားအား ကာလနှင့်လျော်သောတရားစကားကိုဆိုတော်မူ၍ နေရာမှထ၍ ကြွတော်မူလေ

www.dhammaransi.com



၏။ ။ဝေရဉ္ဇပုဏ္ဏားသည်ထိုညဥ့်လွန်ပြီးသော် မိမိအိမ်၌ဆွမ်းယာဂု ခဲဘွယ်ဘောဇဉ်အစရှိသည်တို့ကို စီရင်၍ မြတ်စွာဘုရားအား ဆွမ်းစားအံ့သောဌါ အခါတန်ပြီ။ ဆွမ်းစီရင်ခြင်းကိစ္စသည်ပြီးပါပြီဟု အခါကို ကြားလျှောက်စေ၏။ မြတ်စွာဘုရားလည်း နံနက်စောစောကလျှင် သင်းပိုင်ကိုဝတ်၍ သပိတ်သင်္ကန်းကိုယူတော်မူ၍ ငါးရာသောရဟန်းတို့နှင့်တကွ။ ဝေရဉ္ဇပုဏ္ဏားအိမ်သို့ ကြွတော်မူ၍ ခင်းအပ်သောနေရာ၌ နေတော်မူ၏။ ဝေရဉ္ဇပုဏ္ဏားသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သောခဲဘွယ်ဘောဇဉ်ဖြင့် မိမိလက်ဖြင့်လုပ်ကျွေး၍ တန်ပြီဟုမြစ်စေ၍။ ဆွမ်းဘုန်းပေးပြီးသော သပိတ်တော်မှ ချပြီးသောလက်တော်ရှိသောမြတ်စွာဘုရားအား အသပြာတထောင်တထောင်စီအဘိုးထိုက်သောသင်္ကန်းသုံးထည်ကိုလှူ၏။ ငါးရာသောရဟန်းတို့အားလည်း တဦးတဦးသောပုဂ္ဂိုလ်အား ငါးရာငါးရာစီ အဘိုးထိုက်သောသင်္ကန်းသုံးထည်စီကိုလှူ၏။ ဤသို့လျှင် ငါးရာသောရဟန်းတို့အား ငါးသိန်းအဘိုးထိုက်သောပုဆိုးတို့ကိုလှူ၏။ ဤမျှလောက်သောအလှူဝတ္ထုကိုလှူ၍ မရောင့်ရဲသဖြင့် ခုနစ်ထောင်ရှစ်ထောင် အဘိုးထိုက်သော ကမ္ဗလာကို ရင်း၊ ပဋ္ဋုဏ္ဏတိုင်း၌ဖြစ်သောပုဆိုးကိုရင်းဖြတ်၍၊ အာယောဂ(၊)ပတ်၊ အံသကိုနို၊ ခါးပန်း၊ ရေစစ်အလို့ဌါရင်း လှူ၏။ အကြိမ်တရာအကြိမ်တထောင်စစ်သောဆီကျက်ဖြင့် ကျည်တို့ကို ပြည့်စေ၍ တယောက်တယောက်သောရဟန်းအား အဘိုးတထောင်ထိုက်သော ဆီတို့ကို နယ်ဆီအလို့ဌါလှူ၏။ ဤသို့အစရှိသောရဟန်းတို့အားလျှောက်ပတ်သောသုံးဆောင်ဘွယ်ကို မလှူသောမည်သည်မရှိ။ များစွာလှူ၏။ ။ထိုအခါ၌ ဝါတွင်းသုံးလပတ်လုံး မာရ်လှည့်ပတ်သော အားဖြင့် တရားနာခြင်း တည်းဟူသော အမြိုက်အရသာကိုသောက်ခြင်းမှကင်းသော၊ ဝေရဉ္ဇပုဏ္ဏားကို မြတ်စွာဘုရားသည် တနေ့တည်းသော နေ့ဖြင့်သာလျှင် တရားတည်းဟူသောမိုးသည်ကို ရွာစေ၍ ထက်ဝန်းကျင်မှ ပြည့်စုံသောအကြံရှိသည်ကိုပြုတော်မူ၍ တရားနှင့်ယှဉ်သောစကားကိုပြတော်မူ၍။ နေရာမှထ၍ ဖဲတော်မူ၏။ ။

www.dhammaransi.com



## ၅။ ဝေရဉ္စပြည်၌ဝါလပတ်လုံးနေပြီးသော်။ဒေသစာရီကြွချီတော်မူ၏ဟူရာ၌။ဘုရားရှင်တို့၏ဒေသစာရီကြွတော်မူရာ၊မဏ္ဍလ ၃ ပါးတို့ကိုပြဆိုရာစကားချပ်။

ထိုအခါမြတ်စွာဘုရားသည် ဝေရဉ္စပြည်၌ မွေ့လျော်တော်မူသော အတိုင်းနေ၍ ဝေရဉ္စပြည်က ထွက်တော်မူ၍။ ယူဇနာကိုးရာ အဝန်းရှိသော မဟာမဏ္ဍလ၌ ဒေသစာရီ ကြွတော်မူအပ်သော ဘုရားခရီးကို ပယ်၍။မွတ်သိပ်ခြင်းဖြင့်ပင်ပန်းကုန်သောရဟန်းတို့ကိုချီးမြှောက်တော်မူသဖြင့် အဖြောင့်ခရီးကိုယူတော်မူ၍ သွားခြင်း၌ အလိုတော်ရှိသော မြတ်စွာဘုရားသည်၊သောရေယျဇနပုဒ်၊သင်္ကဿပြည်၊ကဏ္ဏကုဇ္ဇဇနပုဒ်တို့သို့မကပ်မူ၍၊ ပယာဂပတိဋ္ဌာနသို့ကပ်တော်မူ၍၊ ထိုပယာဂဆိပ်မှဂင်္ဂါမြစ်ကိုကူး၍ဗာရာဏသီပြည်သို့ရောက်တော်မူ၏။ ။

မြတ်စွာဘုရား ဒေသစာရီကြွတော်မူသောခရီးကား၊ အန္တောမဏ္ဍလ၊မဇ္ဈိမမဏ္ဍလ၊ မဟာမဏ္ဍလဟူ၍ သုံးကြောင်းရှိ၏။ အန္တောမဏ္ဍလ ခရီးကား အဝန်းအားဖြင့် ယူဇနာသုံးရာရှိ၏။ မဇ္ဈိမမဏ္ဍလအလယ်ခရီးကား၊အဝန်းအားဖြင့် ယူဇနာခြောက်ရာရှိ၏။ မဟာမဏ္ဍလပြင်ကြောင်းခရီးကား၊ အဝန်းအားဖြင့် ယူဇနာကိုးရာရှိ၏။ အကြင် ဝါကျွတ်သော အခါ၌ သမထဝိပဿနာနုသောရဟန်းတို့သည်ရှိကုန်၏။ ထိုအခါ ထိုရဟန်းတို့၏ သမထ ဝိပဿနာ ရင့်ခြင်းကို ငံ့တော်မူသဖြင့် တပို့တွဲလပြည့်နေ့တိုင် ငံ့နေတော်မူ၍၊ တပို့တွဲလပြည့်ကျော်တရက်နေ့ ဝါဆိုတော်မူရာအရပ်မှ ထွက်၍ အန္တောမဏ္ဍလ၌ ဒေသစာရီကြွတော်မူ၍။ ငါးလဖြင့်ဆုံးစေ၏။ နတ်တော်လပြည့်တိုင်ငံ့နေတော်မူ၍၊နတ်တော်လပြည့်ကျော်တရက်နေ့ထွက်၍ မဇ္ဈိမမဏ္ဍလ၌ ဒေသစာရီကြွတော်မူ၍။ ဝါဆိုလပြည့်တိုင် ခုနစ်လဖြင့် ဆုံးစေ၏။ သီတင်းကျွတ် လပြည့်ကျော်တရက်နေ့ထွက်တော်မူရလျှင် မဟာမဏ္ဍလ၌ ကြွတော်မူ၍။ ဝါဆိုလပြည့်တိုင် ကိုးလဖြင့် ဒေသစာရီကြွခြင်းကို ဆုံးစေ၏။ အကြင်အခါ၌ မြတ်စွာဘုရားသည် အန္တောမဏ္ဍလ၌ ဒေသစာရီကြွတော်မူ၏၊ ထိုအခါ၊မဇ္ဈိမမဏ္ဍလ၊မဟာမဏ္ဍလတို့၌ ပူဇော်သက္ကာရ ဝေနေယျတို့သည် အန္တောမဏ္ဍလ၌ စုဝေးလာကုန်၏။ မဇ္ဈိမမဏ္ဍလ၊ မဟာမဏ္ဍလတို့၌

www.dhammaransi.com



လည်း ထိုအတူတပါးသောမဏ္ဍလတို့၌ရှိသော ပူဇော်သက္ကာရဝေနေယျတို့သည်ထိုကြွတော်မူရာမဏ္ဍလသို့ချည်းစုဝေးလာကုန်၏။ ။

---

၆။ ဝေရဉ္ဇပြည်မှဗာရာဏသီ၊ထိုမှဝေသာလီသို့ ကြွတော်မူ၍၊ကူဋာဂါရသာလာ၌သီတင်းသုံးနေစဉ်၊သူဌေးသား သုဒိန်ရဟန်းပြုခြင်းနှင့်တကွ၊ရှင်သုဒိန်ကိုအကြောင်းပြု၍ ပဌမပါရာဇိကပညတ်တော်မူသည်ကိုပြရာ။

ထိုဗာရာဏသီပြည်၌လည်း မွေ့လျော်တော်မူသော အတိုင်း နေ၍၊ ဝေသာလီပြည်သို့ကြွတော်မူ၍၊ ဝေသာလီပြည်၊ မဟာဝုန်တော၊ ကူဋာဂါရသာလာ၌နေတော်မူ၏။ ။ထိုအခါ ဝေသာလီပြည်မှ မနီးမဝေး ဖြစ်သော ကလန္ဒပုဏ္ဏားရွာ၌ ကလန္ဒသူဌေးသား သုဒိန်သည် တစုံတခု သောကိစ္စဖြင့် ဝေသာလီပြည်သို့လာရာ မြတ်စွာဘုရားအထံမှ တရား တော်ကိုကြားနာရသဖြင့် အိမ်ရာထောင်သောလူ၏ဘောင်၌ အပြစ်ကို မြင်၍ မြတ်စွာဘုရားအထံ၌ရဟန်းပြုလိုသည်ဖြစ်၍ မြတ်စွာဘုရားအား ရဟန်း အဖြစ်ကို တောင်းပန်သော် အမိအဘတို့ ခွင့်မပြုသောသူကို ဘုရားတို့သည် ရဟန်းမပြုကုန်ဟုမိန့်တော်မူသဖြင့် အိမ်သို့သွား၍မိဘ တို့ကို ခွင့်တောင်းလျှင် သားတယောက်တည်း ဖြစ်သဖြင့် အခွင့်မပေး လိုရကား၊ ရဟန်းမပြုရသော် သေအံ့ဟု မြေ၌အိပ်၍ နှစ်ရက်သုံးရက် ပတ်လုံး ထမင်းမစားနေသောကြောင့်၊ အမိအဘတို့သည် ငါတို့သား သည်သေလေသောထက်ရှင်ပါမူငါတို့မြင်ရပါကုန်လတ္တံ့ဟု အကြံဖြစ် ၍ရဟန်းပြုခြင်းငှါ သုဒိန်အားခွင့်ပြုကုန်၍၊ မြတ်စွာဘုရားအထံသို့သွား ၍ မိဘတို့ ခွင့်ပြုသောအကြောင်းကို လျှောက်သော်။ မထေရ်ရှားသော ဝိဏ္ဍပါတိကမထေရ်အား သုဒိန်ကို ရဟန်းပြုစေ၏။ရှင်သုဒိန်သည်အာ ရညကင်၊ ပိဏ္ဍပါတ်၊ သပဒါနစာရီ၊ ပံသုကူဋ္ဌင်တို့ကိုဆောင်လျက်။ ရွာငယ်တခုကိုအမှီပြု၍ တောကျောင်း၌နေ၏၊ ထိုအခါ မိဘတို့သည် အရှင်သုဒိန်ကိုအိမ်သို့ပင့်၍ များစွာသောရွှေငွေရတနာတို့ကိုပြ၍ ခင်ပွန်း ဟောင်းကိုလည်း ဝတ်စားတန်ဆာဆင်ယင်စေလျက် အနီး၌ခေါ်ထား ၍ မျိုးစေ့ချပါလော့ဟု တောင်းသဖြင့်၊ သိက္ခာပုဒ်မပညတ်သေးဖြစ်၍ အပြစ်မရှိဟု အမှတ်ရှိရကား၊ ခင်ပွန်းဟောင်းကို တောသို့ခေါ်၍ မေ

www.dhammaransi.com



ထုန်သံဝါသ ပြုသဖြင့် မျိုးစေ့ ချလေ၏။ ထိုအကြောင်းကို မိမိကိုယ်စောင့်နတ်မှစ၍ အလုံးစုံသော ရက္ခဗိုလ်ဘုမ္မဗိုလ်စသော နတ်တို့သည် သိကုန်၍ ဗြဟ္မာ့ပြည်တိုင်အောင် ရှင်သုဒိန် မေထုန်မှီဝဲသောကျေးဇူးမဲ့ သည်ကျော်စောလေ၏။ ထိုသုဒိန်ဝတ္ထုတွင် ပဌမပါရာဇိကကိုပညတ်တော်မူ၏။ ။

---

## ၇။ ဝေသာလီမှသာဝတ္ထိပြည်သို့ရောက်တော်မူ၍၊ ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်။စားကြွင်းစားငါးရာ၊ရဟန်းငါးရာတို့ကိုအကြောင်းပြု၍၊ဝါလောဒကဇာတ်၊ပဉ္စသတဘိက္ခုဝတ္ထုတို့ကို ဟောတော်မူသည်ကိုပြရာ။

ဝေသာလီပြည်မှ သာဝတ္ထိပြည်သို့ကြွတော်မူ၍ ဇေတဝန်ကျောင်းတော်၌နေတော်မူသောအခါ သာဝတ္ထိပြည်သူပြည်သားတို့သည် အာဂန္တုကဒါနအဖြစ်ဖြင့် မြတ်စွာဘုရားအားလှူဒါန်းပူဇော်ကုန်၏၊ ထိုအခါငါးရာသောစားကြွင်းစားတို့သည် ရဟန်းတို့ကိုမှီ၍ ပရိဝုဏ်တွင်း၌နေကုန်၏။ ရဟန်းတို့စားကြွင်းဖြစ်သော မွန်မြတ်သောဘောဇဉ်တို့ကို စား၍အိပ်၍နိုးသော်မြစ်သို့သွား၍ ဟစ်ကြော်ကုန်လျက်လက်ပမ်းလက်ခွေသတ်ကုန်လျက် မြူးထူးကုန်၏။ အရံတွင်း၌၎င်း၊ အရံပ၌၎င်း၊ လွန်ကျူးသောအကျင့်ကို ကျင့်ကုန်၏။ ရဟန်းတို့သည် အရှင်တို့၊ ဤစားကြွင်းစားတို့ကိုရှုပါကုန်လော့။ ဤသူတို့သည် ဝေရဉ္ဇပြည်၌ မွတ်သိပ်သောအခါ တစုံတခုဘောက်ပြန်သောအမှုကိုမပြုကုန်။ ယခု ဤသို့သဘောရှိသောအစာတို့ကိုစား၍ များစွာဘောက်ပြန်ခြင်းကို ပြုကုန်၏။ ရဟန်းတို့သည် ဝေရဉ္ဇပြည်၌လည်း ငြိမ်သက်ကုန်၏။ ယခုလည်းငြိမ်သက်စွာနေကုန်၏ဟုတရားသဘင်၌စကားကိုဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် တရား သဘင်သို့ လာတော်မူ၍ ထိုအကြောင်းကို ကြားတော်မူလျှင်၊ ချစ်သားရဟန်းတို့၊ ဤစားကြွင်းစားတို့သည် ရှေး၌မြည်း၏အမျိုး၌ဖြစ်ကုန်၍ ငါးရာကုန်သောသိန္ဓောမြင်းတို့အား ပေးအပ်သော မုဒရက်အဖျော်ဖတ်ကို ရေဖြင့် နယ်၍ သင်ပန်းလျှော်ပုဆိုးဖြင့် စစ်၍ ဝါလောဒကမည်သောနည်းသောအရသာရှိသောယုတ်သောအဖျော်

www.dhammaransi.com



ကိုသောက်၍ ပျားယစ်သောသူကဲ့သို့ ဟစ်ကြော်မြူးထူးကုန်လျက်သွားကုန်၏ဟုမိန့်တော်မူ၍။ဝါလေဝဒကံ အပ္ပရသံနိဟိနံ၊အစရှိသောဂါထာတို့ဖြင့် တန်ဆာ ဆင်ယင်အပ်သော ဝါလောဒက ဇာတ်ကို ဟောတော်မူ၏၊ ။သူတော်ကောင်းတို့သည်ကား။ ချမ်းသာသောအခါ၌ဇွင်း၊ဆင်းရဲသောအခါ၌ဇွင်း၊ လောကဓံတရားကိုဆင့်ခြင်၍ ဘောက်ပြန်ခြင်းမရှိကုန်သည်သာလျှင်တည်းဟုမိန့်တော်မူ၍၊သဗ္ဗတ္တ ဝေ သပ္ပုရိသာ၊အစရှိသော တရားဒေသနာကို ဟောတော်မူ၏။ ဒေသနာတော် အဆုံး၌ တရားနာပရိသတ်တို့သည် သောတာပန်၊ သကဒါဂံ၊အနာဂံ၊ရဟန္တာဖြစ်ကုန်၏၊ ။

---

## ၇။ ဇေတဝန်ကျောင်းတော်၌သီတင်းသုံးတော်မူစဉ်သားတော်ရာဟုလာအားမဟာရာဟုလောဝါဒသုတ်ကိုဟောတော်မူသည်ကိုပြရာ။

တဆဲ့နှစ်ဝါကျွတ်သော် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌နေတော်မူသောအခါ တဆဲ့ရှစ်နှစ်ရှိပြီးသော သာမဏေရပဗ္ဗဇ္ဇအဖြစ်ဖြင့် တဆဲ့တဝါ ရပြီးသော သားတော်ရှင်ရာဟုလာကို ဆုံးမတော်မူလိုသဖြင့်မဟာရာဟုလောဝါဒသုတ်ကိုဟောတော်မူ၏။ဤမဟာရာဟုလောဝါဒသုတ်၊အနုပိယသခက်တော၌ဟောတော်မူအပ်သော အမ္ဗလဋ္ဌိယရာဟုလောဝါဒသုတ်တို့သည် အရှင်ရာဟုလာအား ဝိပဿနာဉာဏ်၏ရင့်ကြောင်းမျှသာဖြစ်သတည်း။ ။

---

## ၈။ တေရသမဝါ၊စာလိယတောင်ကျောင်း၌သီတင်းသုံးတော်မူစဉ်၊အကုသလဝိတက် ၃ ပါးနှိပ်စက်သောရှင်မေဃိယထေရ်အားတရားဟောတော်မူသည်ကိုပြရာ။

ဤသို့အစရှိသော များစွာသော တရားဒေသနာတော်ဖြင့် လူနတ်ပြဟ္မာ သတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေးဌ်ဝေတော်မူလျက်ဇေတဝန်ကျောင်းတော်မှဒေသစာရီကြွတော်မူ၍စာလိယမြို့သို့ရောက်တော်မူသောအခါ ထိုမြို့သားတို့သည် မြို့မှမနီးမဝေးသောအရပ်၌စာလိယတောင်၌ ကြီးစွာသောကျောင်းကိုဆောက်လုပ်၍လှူသဖြင့် ထိုစာ

www.dhammaransi.com



လိယတောင်ကျောင်း၌ တဆဲ့သုံးဝါမြောက်ဖြစ်သော ဝါကို ဆိုတော်မူ၏။ ။မြတ်စွာဘုရားအား ပဌမဗောဓိ အဝါနှစ်ဆယ် အတွင်း၌ အလုပ်အကျွေး တပည့်တို့သည် မမြဲကုန်။ တရံတခါ နာဂသမာလထေရ်လုပ်ကျွေး၏။တရံတခါ နာဂိတထေရ်လုပ်ကျွေး၏။တရံတခါ သာဂတထေရ်လုပ်ကျွေး၏။တရံတခါ သုနက္ခတ္တထေရ်လုပ်ကျွေး၏။ တရံတခါ စုန္ဒသမဏုဒ္ဒေသ လုပ်ကျွေး၏။ တရံတခါ ဥပဝါဏထေရ် လုပ်ကျွေး၏။ တရံတခါ ရှင်မေဃိယထေရ် လုပ်ကျွေး၏။ ဤစာလိယ တောင်၌ တေရသမဝါ ဆိုတော်မူသော အခါကား မြတ်စွာဘုရားအား အရှင်မေဃိယထေရ် လုပ်ကျွေးသတည်း။ ။(ဘုရားဖြစ်သည်မှစ၍ တဆဲ့ငါးဝါသည် ပဌမဗောဓိမည်၏။ ထို့နောက် တဆဲ့ငါးဝါသည် ဒုတိယဗောဓိမည်၏။ ထို့နောက်တဆဲ့ငါးဝါသည်တတိယဗောဓိမည်၏။ဗောဓိသုံးရပ်ကိုပေါင်းသော်လေးဆဲ့ငါးဝါဖြစ်၏)။ ။ထိုအခါရှင်မေဃိယမထေရ်သည် မြတ်စွာဘုရားသို့ ကပ်၍ ရိုသေစွာရှိခိုး၍။ အရှင်ဘုရား၊ အကျွန်ုပ်သည် ဇန္တုဂါမ်ရွာ၌ဆွမ်းခံခြင်းငှါအလိုရှိပါ၏ဟု လျှောက်၏။ မေဃိယ၊ ယခုအခါ သင်သည် ဇန္တုဂါမ်ရွာ၌ဆွမ်းခံအခါကိုသိလော့ဟု မိန့်တော်မူသဖြင့် နံနက်စောစောဇန္တုဂါမ်ရွာ၌ဆွမ်းခံပြီး၍ ဆွမ်းစားပြီးသော် ဆွမ်းခံရွာမှဘဲ၍ ကိမိကာလာအမည်ရှိသော မြစ်သို့ ကပ်၍ ကိမိကာလာမြစ်နား၌သွားသဖြင့် မွေ့လျော်ဘွယ်ရှိသောသရက်တောကို မြင်၍၊ ဤဥယျာဉ်သည် ကြည်ညိုဘွယ်ရှိလှ၏။ မွေ့လျော်ဘွယ်ရှိလှ၏။ ဤသရက်တော၌ ရဟန်းတရားကိုပြုခြင်းငှါလျှောက်ပတ်၏။ မြတ်စွာဘုရားသည်အကယ်၍ခွင့်ပြုပါအံ့။ ရဟန်းတရားကိုပြုခြင်းငှါ ဤသရက်တောသို့လာရအံ့။ ဤသို့သောအကြံသည်ဖြစ်၏။ ရှေးအခါ အရှင် မေဃိယသည် အဖြစ်ငါးရာတိုင်တိုင် ဆက်ကာဆက်ကာမင်း၏အဖြစ်ဖြင့် ထိုသရက်ဥယျာဉ်၌ ဥယျာဉ်ကစားခြင်းဖြင့် မွေ့လျော်ဘူး၏။ ထို့ကြောင့် ထိုသရက်တောကိုမြင်ကာမျှဖြင့်နေခြင်းငှါစိတ်သည်ညွတ်၏။ ထိုအခါ မြတ်စွာဘုရားသို့ကပ်၍ရိုသေစွာရှိခိုး၍ ထိုသရက်တော၌ရဟန်းတရားကိုပြု၍နေလိုသောအကြောင်းကိုလျှောက်၏၊ မြတ်စွာဘုရားသည်မေဃိယထေရ်၏စကားကို ကြားတော်မူသော်။ မေဃိယအား ဉာဏ်သည် မရင့်သေးဟုသိတော်မူသဖြင့်၊မေဃိယ၊အကြင်မျှလောက်တပါးသော ရဟန်းသည်လာ၏။ထိုမျှလောက်ငံ့ဦးလော့ဟုမိန့်တော်မူ၏။ဤမေဃိယ

www.dhammaransi.com



သည့်သရက်တောသို့သွား၍ကမ္မဋ္ဌာန်းမပြည့်စုံသည်ရှိသော်ကမ္မဋ္ဌာန်း၌
အားထုတ်ခြင်းမရှိသည်ဖြစ်၍ ငါ့အားချစ်သဖြင့် တဘန်လာလတ္တံ့ဟုသိ
တော်မူ၍ဤသို့မိန့်သတည်း။ နှစ်ကြိမ်မြောက်ရင်း၊သုံးကြိမ်မြောက်ရင်း၊
မေဃိယသည် ရှင်ပင်ဘုရားအားလေးပါးသောမဂ်ကိစ္စတို့ကို ပြုတော်
မူပြီးသည့်၏အဖြစ်ကြောင့် ထိုထက်အလွန် မဂ်ကိစ္စမရှိပြီ။ ပြုပြီးသော
တရားကိုလည်း တဘန်ပြုခြင်းကိစ္စမရှိပြီ။ အကျွန်ုပ်အားကား မဂ်ကိစ္စ
ပြုဘွယ်ရှိသေး၏။ ပြုအပ်ပြီးသော တရားကို ပွါးစေခြင်းငှါ အကျွန်ုပ်
အားရှိ၏။ရှင်ပင်ဘုရားသည်အကျွန်ုပ်ကိုခွင့်ပြုပါအံ့။ ထိုသရက်တောသို့
ရဟန်းတရားကိုပြုခြင်းငှါသွားပါအံ့ဟုလျှောက်၏။ မေဃိယ၊စင်စစ်သ
ဖြင့်ရဟန်းတရားကိုပြုပါအံ့ဟုဆိုသော် သင့်ကိုငါတို့သည်ကမ္မဋ္ဌာန်းမှ
တပါးသောအကြောင်းကိုအဘယ်သို့ဆိုအံ့နည်း။ မေဃိယ၊ထိုယရက်
တောသို့သွား၍ ရဟန်းတရားကိုပြုအံ့သောငှါ အခါကိုသိလော့ဟု မိန့်
တော်မူ၏။ ထိုအခါ အရှင်မေဃိယသည်နေရာမှထ၍ မြတ်စွာဘုရားကို
ရှိခိုး၍ သရက်တောသို့သွား၍ ထိုသရက်တော၌ တခုသောသရက်ပင်
ရင်း၌နေ၏။ရှေးသောကိုယ်၏အဖြစ်၌ အစဉ်အားဖြင့် အဖြစ်ငါးရာမင်း
ပြု၍ကိုယ်လုပ်မောင်းမတို့ဖြင့်မြူးထူးလျက် မင်္ဂလာရှိသောဥယျာဉ်ဖျာ
၌နေဘူး၏။ ထိုဥယျာဉ်ဖျာ၌ပင်နေ၏။ ထိုအခါမေဃိယထေရ်အားထို
နေရာ၌နေကာမျှဖြင့်ပင် ရဟန်းအဖြစ်ကိုစွန့်သကဲ့သို့၊ မင်း၏အသွင်ကို
ယူ၍မောင်းမအပေါင်းခြံရံလျက် ထီးဖြူအောက်၌မြတ်သောသူတို့အား
နေခြင်းငှါထိုက်သော ပလ္လင်၌ နေသကဲ့သို့ဖြစ်၏။ ထိုသရက် ဥယျာဉ်
တော၌နေသော၊ မင်း၏စည်းစိမ်ကို သာယာသောမေဃိယအား များ
သောအားဖြင့်၊ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်ဟည်း
ဟူသော သုံးပါးသောအကုသိုလ်တရားတို့သည်ဖြစ်ကုန်၏။ ထိုသုံးပါး
သောတရားတို့၏ ဖြစ်ပုံကား။ စည်းစိမ်ကို သာယာသော မထေရ်
အား ကာမဝိတက်သည်ထင်ရှားဖြစ်၏။ထိုခဏ၌ပင်ဥစ္စာနှင့်တကွဘမ်း
အပ်သော ခိုးသူနှစ်ယောက်တို့ကို ဆောင်၍ ရှေ့၌ထားသကဲ့သို့ မြင်၏။
ထိုခိုးသူတို့တွင် တယောက်သောသူကိုသတ်ခြင်းငှါစေသော အခြင်း
အရာအားဖြင့် ဗျာပါဒဝိတက်သည် ဖြစ်၏။ တယောက်သော ခိုးသူကို
နှောင်ဖွဲ့ခြင်းငှါ စေသောအခြင်းအရာဖြင့် ဝိဟိံသာဝိတက်သည် ဖြစ်
၏။ ဤသို့လျှင်မေဃိယမထေရ်သည် နွယ်ရှက်သောသစ်ပင်ကဲ့သို့ရင်း။

www.dhammaransi.com



ယင်တို့သည် များစွာသော အပုပ်ကို ခြံရံသကဲ့သို့ ၎င်း။ အကုသလ ဝိတက်တို့ဖြင့်ပြွမ်းသည်ဖြစ်၍။ ဤသို့လျှင် အကုသလဝိတက်တို့သည် ဖြစ်ကုန်သတည်း။ ထိုအခါ အရှင်မေဃိယသည် ငါ့အား အကုသိုလ် တရားတို့သည် ဖြစ်ကုန်၏။ အံ့ဘွယ်ရှိစွဟု ညချမ်းသောအခါ နေရာမှ ထ၍ ထိုသရက်ဥယျာဉ်မှထဲခဲ့၍ မြတ်စွာဘုရားသို့ကပ်လာ၍ ရှိသေစွာ ရှိခိုး၍၊ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ဤသရက်တောသွဲနေသော အကျွန်ုပ်အား များသောအားဖြင့်၊ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံ သာဝိတက်တို့သည် ဖြစ်ကုန်၏။ အရှင်ဘုရား၊ အကျွန်ုပ်သည် အိမ်ရာ ထောင်သောလူ၏ဘောင်မှထွက်၍ သန္တါခြင်းဖြင့်ရဟန်းပြု၏။ ထိုသို့ပြု လျက် ယုတ်မာသောအကုသလဝိတက်တို့သည်မှိုက်ကုန်၏။ အံ့ဘွယ် ရှိစွ၊မဖြစ်စဘူးမြဲတကား၊ ဤသို့အကြံသည်ဖြစ်၏ဟု မြတ်စွာဘုရားကို လျှောက်၏။ ။မြတ်စွာဘုရားသည်၊အပရိပက္ကာယမေဃိယစေတော ဝိမုတ္တိယာပဉ္စဓမ္မာ။ အစရှိသော တရားဒေသနာတော်ကို ဟောတော် မူ၏။ ထိုအခါ ထိုသို့ဟောသော အကြောင်းကို သိတော်မူ၍၊ ။ခုဒ္ဒါ ဝိတက္ကာသုခုမာဝိတက္ကာ၊အနုဂ္ဂတာ မနသော ဥပ္ပိလာဝါ။ ဧတေ အဝိဒ္ဒါ မနသောဝိတက္ကေ၊ဟုရာဟုရံဓာဝတိဘန္တစိတ္တော။ ။ဧတေစ ဝိဒ္ဒါမန သောဝိတက္ကေ၊အာတာပိယောသံဝရတီသတိမာ။ အနုဂ္ဂတေမနသော ဥပ္ပိလာဝေ၊ အသေသမာနေ ပဇဟာသိ ဗုဒ္ဓေါ။ ။ဟုကိုယ်တော်၏ အဖြစ်ကို ဝမ်းမြောက်ဝမ်းသာမိန့်တော်မူ၏။ ။ဤသို့လျှင်တေရသမ မြောက်ဝါ၌ များစွာသော တရားဒေသနာတော်ဖြင့် များစွာသော လူ နတ်ပြဟ္မာသတ္တဝါတို့အားမဂ်ဖိုလ်နိဗ္ဗာန်တရားကိုပေးတော်မူ၏။ ။

---

၁၀။ စုဒ္ဒသမဝါ၊ဇေတဝန်ကျောင်းတော်၌
သိတင်းသုံးပြီး၍ဝါလကျွတ်လျှင်၊ရှင်သာရိပုတြာအား
ဂေဟာသိက္ခာပေမရှိသေးယောင်တကားဟုရဟန်းတို့ပြောဆိုကြ
သောစကားကိုအကြောင်းပြု၍ဟောတော်မူသော
သာရိပုတ္တထေရဝတ္ထုကိုပြရာ။

စုဒ္ဒသမဝါ ဇေတဝန်ကျောင်း၌စုဒ္ဒသမဝါကျွတ်တော်မူသောအခါအရှင် သာရိပုတြာကိုအကြောင်းပြု၍။ အာသာဃသနုဝိဇ္ဇတိ၊ စသောတရား

www.dhammaransi.com



ကို ဟောတော်မူ၏။ ထိုရဒ္ဒသမဝါ၌ အရှင်သာရိပုတြာသည် တပည့် ရဟန်းအခြံအရံ ငါးရာတို့နှင့်တကွ တခုသောရွာနီးကျောင်း၌ ဝါကပ် တော်မူ၏။ ထိုရွာသားတို့သည် အရှင်သာရိပုတြာအား များစွာသော ဝါဆိုသင်္ကန်းလှူအပ်သောအကြောင်းကိုကြားလျှောက်ကုန်၏။ ဝါကျွတ် လျှင်ပဝါရဏာပြုပြီး၍အလုံးစုံသောဝါဆိုသင်္ကန်းမရောက်မီအရှင်သာ ရိပုတြာသည် မြတ်စွာဘုရားအထံသို့ကြွလိုသည်ဖြစ်၍။ ရဟန်းတို့၊ လူ တို့သည်ဝါဆိုသင်္ကန်းကိုဆောင်ခဲ့ကုန်သည်ရှိသော်ခံ၍ပဉ္စင်းကိုသော် ၎င်း၊ သာမဏေကိုသော်၎င်း၊ ငါ့သို့ပို့လာစေ။ ထိုပုဆိုးတို့ကိုသိုထား၍ သတင်းစကားကိုသော်လည်း ငါ့အား ကြားလာကုန်ဟု တပည့်တို့ကို မှာဆို၍ မြတ်စွာဘုရားအထံသို့လာ၏။ ရဟန်းတို့သည် ထိုအကြောင်း ကို ကြား၍ ယနေ့ အရှင်သာရိပုတြာအား တပ်ခြင်းသည် ဖြစ်ပေါ်ယောင် တကား။ ဝါဆိုသင်္ကန်းကိုခံ၍သော်၎င်း ပို့လာစေ။ ထိုဝတ္ထုကိုထား၍ အကြောင်းကိုသော်လည်းကြားလာကုန်ဟုမှာဆို၏ဟု ရဟန်းတို့သည် ပြောဆိုကုန်၏။ ထိုစကားကို မြတ်စွာဘုရား ကြားတော်မူ၍။ ချစ်သား ရဟန်းတို့၊ သာရိပုတြာအားတပ်ခြင်းသည်မရှိ။ လူတို့အားကောင်းမှုမှ ယုတ်ခြင်းသည်မဖြစ်စေသတည်း။ ပဉ္စင်းငယ်သာမဏေတို့အားတရား နှင့်လျော်စွာ ရခြင်းမှ မယုတ်စေသတည်းဟု အကြံရှိ၍ ဤစကားကို တပည့်တို့အား မှာဆိုသတည်းဟု မိန့်တော်မူ၏။ ။အာသာ ယဿ နဝိဇ္ဇန္တိ၊အသ္မိံလောကေပရမှိစ။ နိရာသာသံ ဝိသံယုတ္တံ၊တ မဟံ ဗြူမိ ဗြာဟ္မဏံ။ ။ဟူသောတရားကို ဟောတော်မူ၏။ ။ဒေသနာတော် အဆုံး၌ ရောက်လာသောတရားနာပရိသတ်တို့သည် သောတာပန် သ ကဒါဂါမ်စသောမဂ်တရားဖိုလ်တရားသို့ရောက်ကုန်၏။ ။

---

၁၁။ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌သီတင်းသုံးတော် မူစဉ်ရှင်ရေဝတလာအားရည်ရွယ်၍ရေဝတလောဝါဒသုတ်ကို ဟောတော်မူ၍။အရဟတ္တဖိုလ်သို့ရောက်စေသည့်ကိုပြရာ။

မြတ်စွာဘုရားသည် ရဒ္ဒသမဝါကျွတ်တော်မူ၍ ဇေတဝန်ကျောင်း တော်၌ နေတော်မူသောအခါ အရှင်ရေဝတလာသည် အသက်နှစ်ဆယ် ပြည့်သဖြင့်ပဉ္စင်းရဟန်းအဖြစ်သို့ရောက်၏။ ထိုအခါမြတ်စွာဘုရားသည်

အရှင်ရာဟုလာသျှင်နောက်လိုက်ရဟန်းရှိသဖြင့်သာဝတ္ထိပြည်၌ဆွမ်းခံကြွတော်မူသည်ရှိသော်၊ အရှင်ရာဟုလာနောက်တော်မှလိုက်၍ မြတ်စွာဘုရား၏အဆင်းတော်၏ တင့်တယ်ခြင်းကိုရှုပြီး၍ မိမိကိုယ်အဆင်းအင်္ဂါလက္ခဏာ၏ တင့်တယ်ခြင်းကိုရှုပြန်၍။ မြတ်စွာဘုရားနှင့်ရင်း၊ မိမိကိုယ်နှင့်ရင်း၊ ဂေဟာသိတပေမကိုဖြစ်စေ၏၊ မြတ်စွာဘုရားသည်ရှေ့မှကြွတော်မူလျက်ပင် နောက်တော်မှလိုက်သောရာဟုလာသည်အဘယ်သို့ကြံသနည်းဟုဆင်ခြင်တော်မူသော် ထိုအကြောင်းကိုသိ၍ ဆွမ်းရပ်တော်မူပြီးသော် ဆွမ်းခံရွာမှဘဲ၍ဆွမ်းဘုန်းပေးတော်မူပြီးသော် အရှင်ရာဟုလာအား အာသဝေါတရားလေးပါးကုန်ခြင်း၌ ဆုံးမအံ့ဟု ကြံတော်မူသဖြင့်အရှင်ရာဟုလာကိုခေါ်တော်မူ၍။ ရာဟုလာ၊ အကြင်အရပ်၌ယင်းတိုက်တောသည်ရှိ၏။ ထိုအရပ်သို့နေ့နေခြင်း၌ ငါတို့ကပ်ကုန်အံ့။ နေရာထိုင်ကိုယူခဲ့လော့ဟု မိန့်တော်မူ၍ ယင်းတိုက်တောသို့ကြွတော်မူ၏။ အရှင်ရာဟုလာလည်းမြတ်စွာဘုရားနေရာထိုင်ကိုကိုင်၍နောက်တော်မှ အစဉ်တစိုက်လိုက်၏၊ ထိုအခါ ကုဋေတသိန်းမက များစွာကုန်သော နတ်တို့သည်လည်း ယနေ့မြတ်စွာဘုရားသည်သားတော်ရာဟုလာအား အာသဝေါတို့ကိုကုန်စေခြင်း၌ဆုံးမတော်မူလတ္တံ့ဟုမြတ်စွာဘုရား၏ နောက်မှအစဉ်လိုက်ကုန်၏။ ထိုအခါရှင်ရာဟုလာသည် တခုသောသစ်ပင်ရင်း၌ မြတ်စွာဘုရားအား နေရာထိုင်ကိုခင်း၏။ မြတ်စွာဘုရားထိုင်တော်မူ၏။ အရှင်ရာဟုလာသည် တင့်အပ်သောအရပ်၌မြတ်စွာဘုရားကိုရှိသေစွာရှိခိုးလျက်နေ၏။ ထိုအခါ။ တံ ကိံ မညသိ ရာဟုလ စက္ခုံ နိစ္စံ ဝါ အနိစ္စံ ဝါတိ အစရှိသောအားဖြင့် စူဠရာဟုလောဝါဒသုတ်ကိုဟောတော်မူ၏။ ထိုသုတ်ကိုဟောတော်မူသောအဆုံး၌အရှင်ရာဟုလာသည် အာသဝေါလေးပါးကုန်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်၏။ အကုဋေတသိန်းမကများစွာကုန်သောနတ်တို့သည်လည်း ကျွတ်တရားရကြကုန်၏။ ။(ထိုနတ်တို့၏အစည်းအဝေးကား တတိယာဘိသမယမည်၏။ ။မိဂဒါဝုန်တော၌ မဂ်ဖိုလ်ရကုန်သောအရှင်ကောဏ္ဍညမထေရ် အမှူးရှိကုန်သော တဆယ့်ရှစ်ကုဋေအရေအတွက်မကများစွာကုန်သောနတ် ပြဟ္မာတို့၏ အစည်းအဝေးကား။ အရှင်ဂေါတမ မြတ်စွာဘုရားအား ပဌမာဘိသမယမည်၏။ ။သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ ပဌမကိုးလ ဝါဆင်းသုံးတော်မူသောအခါ စကြဝဠာ တိုက်ပေါင်း

www.dhammaransi.com



တသောင်း အရေအတွက်မှ စည်းဝေးလာကုန်သော နတ်ဗြဟ္မာတို့၏ အလယ်၌ မဟာမင်္ဂလသုတ်ကိုဟောတော်မူသောအခါ ရေတွက်ခြင်း အစဉ်ကိုလွန်ကုန်သည်ဖြစ်၍ မဂ်ဖိုလ်အကျွတ်တရားရကုန်သော နတ် ဗြဟ္မာတို့၏ အစည်းအဝေးသည်ကား၊ အရှင်ဂေါတမ မြတ်စွာဘုရား အားဒုတိယာဘိသမယမည်၏)။ ။

---

## ၁၂။ အရှင်ရာဟုလာဂန္ဓကုဋီပြင်ပ၌ကျိန်းနေစဉ်၊ မာရ်နတ်သားဆင်ပြောင်အဟန်ဖန်ဆင်း၍ချော်လှန့်လာရာတွင် ဟောတော်မူသောတရားအကြောင်း။

မြတ်စွာဘုရားသည် စန္ဒသမဝါကျွတ်၍ ဇေတဝန် ကျောင်းတော်၌ နေတော်မူသောအခါအရှင်ရာဟုလာမထေရ်သည်လည်းပဉ္စင်းရဟန်း အဖြစ်ဖြင့် ရဟန္တာဖြစ်၍ တဝါမျှမရသေးသောအခါ၌ ဝသဝတ္တီမာရ် နတ်ကို အကြောင်းပြု၍၊ နိဗ္ဗာန်တော အသင်္ခတဿ၊ အစရှိသောတရားဒေ သနာတော်ကို ဟောတော်မူ၏၊ ။အကြောင်းဝတ္ထုကား။ တနေ့သ၌ များစွာကုန်သော မထေရ်တို့သည် ညမိုးချုပ်သောအခါ၌ ဇေတဝန် ကျောင်းတော်သို့ဝင်လာကုန်၍ အရှင်ရာဟုလာ၏နေရာသို့ သွားကုန်၍ အရှင်ရာဟုလာကိုထစေကုန်၏။ အရှင်ရာဟုလာသည် တပါးသောအ ရပ်၌နေစရာမမြင်သည်ဖြစ်၍ မြတ်စွာဘုရား၏ဂန္ဓကုဋီမုတ်ဦး၌အိပ်၏။ မာရ်နတ်သည် ဝသဝတ္တီနတ်ပြည်၌ တည်လျက်ပင် ဂန္ဓကုဋီမုတ်ဦး၌ အိပ်သော အရှင်ရာဟုလာကိုမြင်၍၊ ဤသို့ကြံ၏၊ ရဟန်းဂေါတမအား ကြမ်းပိုးတို့ဖြင့် ကျင်နာဟန်ရှိ၏၊ ဂန္ဓကုဋီတွင်း၌အိပ်သော ဤရာဟုလာ မထေရ်သည် ကြမ်းပိုး ဖြင့်နှိပ်စက်အပ်သည်ဖြစ်၍ အပ၌အိပ်သည်ဖြစ် လတ္တံ့ဟုကြံပြီး၍၊ ကြီးစွာသော ဆင်ပြောင်၏အသွင်ကို ဖန်ဆင်း၍ လာ လတ်၍၊ နှာမောင်းဖြင့် အရှင်ရာဟုလာ၏ဦးခေါင်းကိုရစ်ပတ်၍ ပြင်းစွာ သောအသံဖြင့် ဆင်ပြောင်၏မြည်ခြင်းကိုမြည်၏၊ မြတ်စွာဘုရားသည် ဂန္ဓကုဋီ၏အတွင်း၌နေတော်မူလျက် ထိုဆင်အားမာရ်နတ်၏အဖြစ်ကို သိတော်မူ၍၊ မာရ်နတ်၊ သင်ကဲ့သို့သဘောရှိကုန်သော မာရ်နတ်တို့၏ အသိန်းအသန်းတို့သည်လည်း ငါ့သားရာဟုလာအား ကြောက်ခြင်းကို ဖြစ်စေအံ့သော၄ါ မတတ်နိုင်သည် သာလျှင်တည်း။ ငါ၏ သားသည်

www.dhammaransi.com



ကြောက်ထိတ်လန့်ခြင်း မရှိပြီ။ တန်းခိုးကြီး၏။ ကြီးသော လုံ့လ ရှိ၏။ ကြီးသော ပညာရှိ၏ဟူ၍ မိန့်တော်မူ၍၊ ။နိဋ္ဌင်္ဂတော အသန္တာသီ၊ ဝီတတဏှော အနင်္ဂဏော။ အစ္ဆိန္ဒိ ဘဝသလ္လာနိ၊ အန္တိမာ ယံသမုဿယော။ ။ဝီတတဏှော အနာဒါနော၊ နိရုတ္တိပဒကောဝိဒေါ။ အက္ခရာနံ သန္နိပါတံ၊ ဇညာ ပုဗ္ဗာပရာနိစ။ သဝေ အန္တိမသာရီရော၊ မဟာပညော မဟာပုရိသောတိ ဝုစ္စတိ။ ။ဟူသောတရားဒေသနာကို ဟောတော်မူ၏။ ။ဒေသနာတော်အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်အစရှိသည်တို့သို့ရောက်လေကုန်၏။ ။မာရ်နတ်သည်အရှင်ဂေါတမသည် ငါ့ကိုသိလေ၏ဟုကြံ၍ ထိုအရပ်၌ပင်ကွယ်လေ၏။ ။ ဤသို့ အစရှိသော တရား ဒေသနာတော်ဖြင့် ရဒ္ဒသမဝါမှ ထတော်မူသည်ကာစ၍ ပန္နရသမဝါမဆိုမီတိုင်အောင် လူနတ်ပြဟ္မာတို့ကို ကယ်ချွတ်တော်မူ၏။ ။

---

## ၁၃။ ပန္နရသမဝါ၊ ကပိလဝတ်ပြည်၊ နိဂြောဓာရုံ ကျောင်း၌သီတင်းသုံးနေတော်မူစဉ်။ အဘယ်မျှလောက်သော အကြောင်းဖြင့်ဥပါသကာမည်ရသနည်းစသည်ဖြင့် မေးလျှောက်အပ်သောမဟာနာမ်မင်းကြီး၏ပြဿနာ ကိုဖြေကြားတော်မူသည်ကိုပြရာ။

သာဝတ္ထိပြည်မှ ဒေသစာရီ ကြွတော်မူ၍ သက္ကတိုင်း ကပိလဝတ်ပြည်သို့ရောက်တော်မူသောမြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည်ကို ဆွမ်းခံအမှီပြု၍ နိဂြောဓသာကီဝင်မင်းသား၏ အရုံဖြစ်သော ရောဟိဏီမြစ်နား၌ ဆွေတော်မျိုးတော်တို့သည် ဆောက်လှူအပ်သော နိဂြောဓာရုံကျောင်းတော်၌ ပန္နရသမဝါကိုဆိုတော်မူ၏။ ။ထိုအခါ ဘထွေးတော် သက္ကောဒနသာကီဝင်မင်း၏သား ဖြစ်သော မဟာနာမ်မင်းသားသည် မြတ်စွာဘုရားသို့ ကပ်၍ ရိုသေစွာရှိခိုးလျက် တင့်အပ်သောအရပ်၌နေ၍။ ဘုန်းတော်ကြီးမြတ်သောအရှင်ဘုရား၊ အဘယ်မျှလောက်သောအကြောင်းဖြင့်ဥပါသကာမည်ရသနည်းဟုမေးလျှောက်သည်ကိုအကြောင်းပြု၍။ ယတော ခေါ မဟာနာမ ဗုဒ္ဓံ သရဏံ ဂတော ဟောတိ။ အစရှိသောမဟာနာမသုတ်ကို ဟောတော်မူ၏။ ထိုသုတ္တန်

ဒေသနာတော်၌ အဓိပ္ပါယ်ကား။ မဟာနာမ်၊ အကြင်သူသည် မြတ်စွာဘုရားကိုကိုးကွယ်ဆည်းကပ်ခြင်းသို့ရောက်၏။ တရားတော်ကို၊ သံဃာတော်ကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်၏။ ထိုသူသည် ဥပါသကာမည်၏ ဟူလိုသည်။ ။ထိုနောင် ဘုန်းတော်ကြီးလှသော အရှင်ဘုရား၊ ထိုဥပါသကာသည် အဘယ်မျှလောက်သော အကြောင်းဖြင့် သီလနှင့်ပြည့်စုံသည်မည်သနည်းဟုမေးလျှောက်ပြန်သောကြောင့်။ ယတော ခေါ မဟာနာမ ဥပါသကော ပါဏာတိပါတာ ပဋိဝိရတော ဟောတိ။ အစရှိသော ဒေသနာတော်ကိုဟောတော်မူ၏။ ထိုဒေသနာတော်၌ အဓိပ္ပါယ်သော်ကား။ မဟာနာမ်။ ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးကိုကိုးကွယ်ဆည်းကပ်သော ဥပါသကာသည် သူ၏အသက်ကို သတ်ခြင်းမှကြဉ်၏။ အရှင်မပေးသောသူ၏ဥစ္စာကိုခိုးယူခြင်းမှကြဉ်၏။ ကာမတို့၌ ယုတ်မာသော အကျင့်ဟူသော သူ့သားမယားကို ပြစ်မှားလွန်ကျူးခြင်းမှကြဉ်၏။ မဟုတ်မမှန် ချွတ်လွဲသော စကားကို ဆိုခြင်းမှကြဉ်၏၊ သေအရက်ယစ်မျိုးကိုသောက်ခြင်းမှကြဉ်၏။ ထိုသို့ကြဉ်သော ဥပါသကာသည် သီလနှင့်ပြည့်စုံသည်မည်၏ ဟူလိုသည်။ ။ထိုနောင် အဘယ်မျှလောက်သော အကြောင်းဖြင့် ရတနာသုံးပါးကို ကိုးကွယ်သော ဥပါသကာသည် သဒ္ဓါတရားနှင့် ပြည့်စုံသည်မည်ရာသနည်းဟု လျှောက်ပြန်သောကြောင့်။ ဣဓ မဟာနာမ ဥပါသကော သဒ္ဓေါ ဟောတိ။ အစရှိသော ဒေသနာတော်ကို ဟောတော်မူ၏။ အဓိပ္ပါယ်ကား။ မဟာနာမ်၊ ဤသာသနာတော်၌ ဥပါသကာသည် ကံကိုရင်း၊ ကံ၏အကျိုးကိုရင်း ယုံကြည်သည်။ ရတနာသုံးပါးတို့၌ကြည်ညိုသည်ဖြစ်၍၊ လာခြင်းကောင်းသော ငါဘုရားကို။ ထိုမြတ်စွာဘုရားသည်။ ဣတိပိ သော ဘဂဝါ အရဟံ၊ အစရှိသော ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံ၏ဟု ယုံကြည်၏။ ဤမျှသော အကြောင်းဖြင့် ဥပါသကာသည် သဒ္ဓါတရားနှင့်ပြည့်စုံသည်မည်၏ ဟူလိုသည်။ ။ထိုနောင် ဥပါသကာသည် အဘယ်မျှသော အကြောင်းဖြင့် စာဂနှင့်ပြည့်စုံသည် မည်ရာသနည်းဟု လျှောက်သောကြောင့်။ ဣဓ မဟာနာမ ဥပါသကော ဝိဂတမလမစ္ဆေရေန စေတသာ အဂါရံ အဇ္ဈာဝသတိ။ ပ စသောတရားကို ဟောတော်မူ၏။ အဓိပ္ပါယ်ကား။ မဟာနာမ်၊ ဤသာသနာတော်၌ ဥပါသကာသည် ဝန်တိုခြင်းအညစ်အကြေးကင်းသော စိတ်ဖြင့်အိမ်၌နေ၏။ လွတ်လွတ်စွန့်ကြဲ၏။ ဖြန့်

www.dhammaransi.com



သော လက်ဝါးရှိ၏။ လွတ်လွတ်စွန့်ခြင်း၌ မွေ့လျော်၏။ ဖုန်းတောင်း ယာစကာနှင့်ယှဉ်၏။ ဝေဘန်ခွဲခြမ်းပေးကမ်းခြင်း၌ မွေ့လျော်၏။ ဤမျှ သောအကြောင်းဖြင့် ဥပါသကာသည် စာဂနှင့်ပြည့်စုံသည်မည်၏ဟူ လိုသည်။ ။ထိုနောင်အဘယ်မျှသောအကြောင်းဖြင့်ဥပါသကာသည် ပညာနှင့်ပြည့်စုံသည်မည်သနည်းဟုလျှောက်သောကြောင့်။ဣဓ မဟာ နာမဥပါသကောပညဝါဟောတိ၊ အစရှိသောဒေသနာကိုဟောတော် မူ၏။ အဓိပ္ပါယ်ကား။ မဟာနာမ်၊ ဤသာသနာတော်၌ ဥပါသကာသည် ပညာရှိသည် ဖြစ်၏။ လောကီ လောကုတ္တရာ အကျိုးစီးပွါး နှစ်ပါးသို့ ရောက်စေတတ်သောပညာနှင့်ဝင်း။ မြတ်သော အခိုင်အမျည်မရှိသော ဒုက္ခသစ္စာ၏ကုန်ခြင်းသို့ ကောင်းစွာရောက်စေတတ်သောပညာနှင့်ဝင်း ပြည့်စုံ၏။ ဤမျှသောအကြောင်းဖြင့် ဥပါသကာသည် ပညာနှင့်ပြည့်စုံ သည်မည်၏ဟူလိုသည်။ ။

---

## ၁၄။ နိဂြောဓာရုံကျောင်းတော်၌သီတင်းသုံးနေစဉ်၊ ဝရီးတော်သုပ္ပဗုဒ္ဓမင်းကြီးကိုမြေမျိုရာ၌ဟောတော်မူအပ်သော။ နအန္တလိက္ခေ-စသောဒေသနာတော်ကိုပြရာ။

နအန္တလိက္ခေ နသမုဒ္ဒမဇ္ဈေ။ အစရှိသော တရားဒေသနာတော်ကို မြတ်စွာဘုရားသည် နိဂြောဓာရုံကျောင်း၌ နေတော်မူသောအခါ ဝရီး တော်သုပ္ပဗုဒ္ဓသာကီဝင်မင်းကိုအကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထု အကြောင်းကား။ ထိုသုပ္ပဗုဒ္ဓမင်းသည် ဤသိဒ္ဓတ်မင်းသားဘုရားသည် ငါ၏သမီး ယသောဓရာကိုစွန့်၍တောထွက်၏။ငါ၏သား ဒေဝဒတ်ကို ရဟန်းပြု၍ ထိုငါ့သား၏ရန်သူအရာ၌တည်၏၊ ဤသို့လျှင်နှစ်ပါးသော အကြောင်းတို့ဖြင့် မြတ်စွာဘုရား၌ ရန်ငြိုး ဖွဲ့၍ ... နေ့သ၌ ယခုအခါ ဤသိဒ္ဓတ်မင်းသားဘုရားအား ဆွမ်းဘိတ်မန်ရာအရပ်သို့ သွား၍ ဆွမ်း စားခြင်းငှါမပေးအံ့ဟု ခရီးကိုပိတ်၍၊ခရီးလမ်းမ၌ သေကိုသောက်၍နေ ၏။ထိုရောအခါမြတ်စွာဘုရားသည် ရဟန်းသံဃာအပေါင်းခြံရံလျက် ထိုခရီးသို့ကြွတော်မူ၏။မြတ်စွာဘုရားသည် ဤအရပ်သို့ကြွတော်မူလာ ၏ဟု ထိုသုပ္ပဗုဒ္ဓမင်းအား ကြားကုန်၍ သုပ္ပဗုဒ္ဓမင်းသည်ဆို၏။ အရပ် တပါးမှ သွားလော့ဟု ထိုဘုရားအား ဆိုလေကုန်။ ဤဂေါတမဘုရား

www.dhammaransi.com



သည် ငါ့လက်မှကြီးတကား။ ထိုဂေါတမဘုရားအား ခရီးကိုငါမပေး ဟုဆို၏။ သူတပါးတို့သည် အဘန်တလဲလဲဆိုအပ်သော်လည်း ထိုရှေး အတူဆို၍နေ၏။ မြတ်စွာဘုရားသည် ဝရီးတော်၏အထံမှခရီးကိုမရ၍ ထိုအရပ်မှ ပြန်တော်မူရလေ၏။ ထိုသုပ္ပဗုဒ္ဓမင်းသည်လည်း မင်းချင်း ယောကျ်ားတယောက်ကိုစေ၍။ သင်သွားချေ၊ ထိုသိဒ္ဓတ်မင်းသားဘုရား ၏စကားကိုကြား၍ လာခဲ့လော့ဟု စေ၏။ မြတ်စွာဘုရား လည်း၍ပြန် တော်မူသောအခါ ပြုံးတော်မူ၏။ အရှင်အာနန္ဒာသည်။ ဘုန်းတော်အ လွန်ကြီးတော်မူသောအရှင်ဘုရား၊ ပြုံးတော်မူခြင်း၌ အကြောင်းအသို့ နည်းဟု မေးအပ်သည်ဖြစ်၍။ ချစ်သားအာနန္ဒာ၊ သုပ္ပဗုဒ္ဓမင်းကို မြင်၏ လောဟုမိန့်တော်မူ၏။ အရှင်ဘုရား၊မြင်ပါ၏ဟုလျှောက်သည်ရှိသော်။ အာနန္ဒာ၊ သုပ္ပဗုဒ္ဓမင်းသည် ဝန်လေးသောအမှုကိုပြုဘိ၏။ ငါသို့သော ဘုရားအား ခရီးကို မပေးခြင်းကြောင့် ဤနေ့မှခုနစ်ရက်မြောက်သော နေ့၌ ပြာသာဒ်အောက်ဝယ်စောင်းတန်းလှေကား၏အရင်း၌ မြေကြီးသို့ ဝင်လတ္တံ့ဟု ဘုရားမိန့်တော်မူ၏။ မင်းချင်းသည် ထိုစကားကို ကြား၍ သုပ္ပဗုဒ္ဓမင်း၏အထံသို့ သွားလေသော် ငါ၏တူတော်ဖြစ်သော သိဒ္ဓတ် မင်းသားဘုရားသည်အဘယ်သို့ဆိုအပ်သနည်းဟုမေးသဖြင့် မြတ်စွာ ဘုရားအထံမှကြားတိုင်းသောစကားကိုလျှောက်၏။ ။ထိုသုပ္ပဗုဒ္ဓမင်း သည် မင်းချင်းယောကျ်ား၏စကားကိုကြား၍ ယခုအခါ တူဖြစ်သော ဘုရားအားပြုအပ်သောအပြစ်သည် ငါ့အားမရှိ။ ငါ့တူဘုရားသည် ဒေါ ကြင်စကားကိုဆို၏။ထိုစကား မချွတ်မလွှဲ ဆိုတိုင်းမမှန်သည်ဖြစ်စေ။ ဤသို့မမှန်သောအခါ၌ သိဒ္ဓတ်မင်းသားဘုရားကို မုသာဝါဒဖြင့်နှိပ်အံ့။ အဘယ်သို့ နှိပ်အံ့နည်းဟူမူကား၊ ထိုတူဘုရားသည် ငါ့ကို ခုနစ်ရက် မြောက်သောနေ့၌ မြေမျိုလတ္တံ့ဟူ၍သာ အရပ်ဌာနကို မမှတ်မူ၍မဆို ဘဲ၊ ပြာသာဒ်အောက်၌ စောင်းတန်းခြေရင်း၌ မြေမျိုလတ္တံ့ဟူ၍ဆို၏။ ယခုအခါ၌ ဤနေ့မှစ၍ငါသည် ထိုပြာသာဒ်အောက်သို့မသွားအံ့။ထိုသို့ မသွားသော် ထိုစောင်းတန်းခြေရင်း၌ငါသည်မြေသို့မဝင်မူ၍ ထိုငါ၏ တူဘုရားကို မုသာဝါဒဖြင့်နှိပ်ရအံ့ဟုကြံ၍၊ထိုသုပ္ပဗုဒ္ဓမင်းသည် မိမိ၏ သုံးဆောင်မြဲဖြစ်သော အလုံးစုံကို ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏အ ထက်သို့တင်၍ စောင်းဆန်းကို ပယ်စေ၏။ တံခါးကိုပိတ်၍ တခုတခု သောတံခါး၌ နှစ်ယောက်နှစ်ယောက်သော လက်ပမ်းသည်တို့ကိုထား

www.dhammaransi.com



၍။အကယ်၍ငါသည်မွေ့လျော့သဖြင့် အောက်သို့သက်လိုသည်ဖြစ်အံ့။ ငါ့ကို သင်တို့သည် မြစ်တားကုန်လော့ဟုဆို၍ ခုနစ်ဆင့်မြောက်သော ပြာသာဒ်အ့ထက်၌ အသရေရှိသောတိုက်၌နေ၏။ ရဟန်းတို့သည် ထို အကြောင်းကိုကြား၍မြတ်စွာဘုရားအားလျှောက်ကုန်၏။မြတ်စွာဘုရား မိန့်တော်မူ၏၊ ချစ်သားရဟန်းတို့၊သုပ္ပဗုဒ္ဓမင်းသည် စင်စစ်သဖြင့်ခုနစ် ဆင့်မြောက်ဖြစ်သော ပြာသာဒ်ကို မဆိုလင့်ဦး။ ကောင်းကင်သို့ ပျံ၍ ကောင်းကင်၌မူလည်းနေစေ။ သင်္ဘောလှေဖြင့်မူလည်း သမုဒ္ဒရာ၌ လှွင့် စေ။ တောင်၏အကြားသို့မူလည်းဝင်စေ။ ဘုရားတို့၏စကား၌ နှစ်ပါး အပြားဖြင့်ဖြစ်ခြင်းမည်သည်မရှိ။ ငါဆိုရာအရပ်၌သာလျှင် ထိုသုပ္ပဗုဒ္ဓ မင်းသည် မြေသို့ ဝင်လတ္တံ့ဟု မိန့်တော်မူ၍ တရား ဟောတော်မူလို သောမြတ်စွာဘုရားသည်။ ။နအန္တလိက္ခေ နသမုဒ္ဒမဇ္ဈေ၊နပဗ္ဗတာနံ ဝိဝရံ ပဝိဿ။နဝိဇ္ဇတေ သောဇဂတိပ္ပဒေသော၊ယတ္ထ ဋ္ဌိတံ နပ္ပသဟေ ယျမစ္စု။ ။ဤတရားဒေသနာကို ဟောတော်မူသောအဆုံး၌ များစွာ သော တရားနာ ပရိသတ်တို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။ ။ခုနစ်ရက်မြောက်သောနေ့၌ မြတ်စွာဘုရား၏ ဆွမ်း ရပ်တော်မူသောခရီးသို့တက်သောအခါ၌ ပြာသာဒ်အောက်၌ သုပ္ပဗုဒ္ဓ မင်း၏မင်္ဂလာမြင်းတော်သည် ထိတ်လန့်သည်ဖြစ်၍ ထိုထိုသို့သောနံရံ ကို ကန်ကျောက်၏။ ထိုသုပ္ပဗုဒ္ဓမင်းသည် ခုနစ်ဆင့်မြောက် ဖြစ်သော ပြာသာဒ်၏အထက်၌နေလျက် မြင်းဟိသံကိုကြား၍။ ဤအသံသည် အ ဘယ်အသံနည်းဟု မေး၏။ မင်္ဂလာမြင်းတော်သည် ထိတ်လန့်သည်ဟု လျှောက်ကုန်၏။ ထိုမြင်းသည် သုပ္ပဗုဒ္ဓမင်းကိုမြင်၍နေမြဲနေ၏။ ထိုရော အခါ ထိုမြင်းကိုသုပ္ပဗုဒ္ဓမင်းသည် ဘမ်းကိုင်လိုသည်ဖြစ်၍နေရာမှထ၍ တံခါးသို့ရှေးရှုသွား၏။ တံခါးတို့သည်အလိုလိုပွင့်ကုန်၏။ စောင်းတန်း လှေကားတို့သည် မိမိအရာ၌ တည်ကုန်၏၊ တံခါး၌ စောင့်ကုန်သော လက်ပမ်းသည်တို့သည် ထိုသုပ္ပဗုဒ္ဓမင်းကို လည်၌ကိုင်၍ အောက်သို့ ရှေးရှုပစ်လိုက်ကုန်၏။ ဤသို့သောနည်းဖြင့် ခုနစ်ဆင့်သော တံခါးတို့၌ တံခါးရွက်တို့သည်အလိုလိုပင်ပွင့်ကုန်၏၊စောင်းတန်းတို့သည် မိမိတို့ ၏အရာတို့၌တည်ကုန်၏။ ခပ်သိမ်းသောတံခါးတို့၌ လက်ပမ်းသည်တို့ သည် ထိုရှေးနည်း အတူလျှင် ထိုသုပ္ပဗုဒ္ဓ မင်းကို လည်၌ ကိုင်ကုန်၍ အောက်သို့ရှေးရှုချလိုက်ကုန်၏။ထိုရောအခါ အောက်စောင်းတန်းခြေ

www.dhammaransi.com



ရင်းသို့ရောက်ကာမျှဖြစ်သော ထိုသုပ္ပဗုဒ္ဓမင်းကို မြေကြီးသည်ပြင်းစွာ ပြည့်လျှက် ထက်ခြမ်းခွဲ၍ခံလင့်၏။ ထိုသုပ္ပဗုဒ္ဓမင်းသည် မြေကြီးထဲသို့ ဝင်၍အဝီစိငရဲ၌ဖြစ်လေ၏။ ။

---

## ၁၅။ နိဂြောဓာရုံကျောင်း၌သိတင်းသုံးတော်မူစဉ်၊ မဟာနာမ်မင်းကြီးအား၊သဒ္ဓါစသောတရား ၅ ပါး၌တည်သော သူသည်မြတ်စွာဘုရားကိုနှစ်သက်စေနိုင်၏ဟုဟောပြရာ။

မြတ်စွာဘုရားသည် ထိုနိဂြောဓာရုံကျောင်း၌ ဝါဆိုတော်မူသောအခါများစွာသောရဟန်းတို့သည်မြတ်စွာဘုရားသည်သင်္ကန်းတော်အမှုပြီးသည်ရှိသော် ဝါတွင်းသုံးလလွန်သောအခါ၌ ဒေသစာရီ ကြွတော်မူလတ္တံ့ဟု မြတ်စွာဘုရား၏သင်္ကန်းတော်အမှုကိုပြုကုန်၏။ မဟာနာမ်မင်းသည်ဝါတွင်းသုံးလလွန်သောအခါ၌မြတ်စွာဘုရားသည်ဒေသစာရီကြွတော်မူလတ္တံ့ဟုကြား၍ နိဂြောဓာရုံကျောင်းတော်သို့သွား၍ မြတ်စွာဘုရားသို့ကပ်၍ ရှင်ပင်ဘုရား၊ သင်္ကန်းအမှုပြီးသောအခါ၌ ရှင်ပင်ဘုရားသည်ဒေသစာရီကြွလတ္တံ့ဟုကြား၏။ ရှင်ပင်ဘုရား၊ရှင်ပင်ဘုရား ဒေသစာရီကြွသော်ရှင်ပင်ဘုရားနှင့်ကင်း၍နေသည်ရှိသော်အဘယ်သို့သောနေခြင်းဖြင့် အကျွန်ုပ်သည်နေရပါအံ့နည်းဟု လျှောက်၏။ မဟာနာမ်၊ ရှင်ပင်ဘုရားနှင့်ကင်း၍နေသော် အဘယ်သို့သောနေခြင်းဖြင့်အကျွန်ုပ်သည်နေပါရအံ့နည်းဟုမဟာနာမ်မင်းတို့သည်လာခြင်းကောင်းသော ငါဘုရားအား အကြင်မေးခြင်းကိုမေးအပ်၏။ ထိုမေးခြင်းသည် အမျိုးသားဖြစ်ကုန်သောမဟာနာမ်မင်းတို့အားလျှောက်ပတ်၏။ ချီးမွမ်းဘွယ်ရှိ၏။ မဟာနာမ်၊ သဒ္ဓါတရားရှိသောသူသည် မြတ်စွာဘုရားကိုနှစ်သက်စေနိုင်၏။ သဒ္ဓါတရားမရှိသော သူသည် မြတ်စွာဘုရားတို့ကိုမနှစ်သက်စေနိုင်။ အားထုတ်အပ်သောလုံ့လရှိသောသူသည် မြတ်စွာဘုရားတို့ကို နှစ်သက်စေနိုင်၏။ ပျင်းသောသူသည် မနှစ်သက်စေနိုင်။ ထင်သောသတိရှိသော သူသည် မြတ်စွာဘုရားတို့ကို နှစ်သက်စေနိုင်၏။ လွတ်သော သတိရှိသောသူသည် မနှစ်သက်စေနိုင်။ တည်ကြည်သောသူသည် ဘုရားတို့ကို နှစ်သက်စေနိုင်၏။ မတည်ကြည်သောသူသည်မနှစ်သက်စေနိုင်။ ပညာရှိသောသူသည် ဘုရားတို့ကိုနှစ်သက်စေ

www.dhammaransi.com



နိုင်၏။ ပညာမရှိသောသူသည် ဘုရားတို့ကို မနှစ်သက်စေနိုင်။ မဟာနာမ်၊ ဤသို့သဘောရှိကုန်သော သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတည်းဟူသောဤငါးပါးသောတရားတို့၌တည်၍ ခြောက်ပါးသောတရားတို့ကိုဆောင်၏။ ထိုထက်အလွန် မဟာနာမ်သည်ပွါးလော့။ ဤသို့အစရှိသဖြင့်များစွာသောတရားတို့ကိုဟောတော်မူ၏။ ။

ဤမျှသော စကားအစဉ်သည်ကား ဗောဓိသုံးပါးတွင် ပဌမဗောဓိ အဆုံးဖြစ်သော တဆဲငါးဝါမြောက်တိုင် မြတ်စွာဘုရား၏အဋ္ဌုပ္ပတ္တိကို ဆိုသောစကားတည်း။ ။

---

## ၁၆။ ပန္နရသမဝါကျွတ်တော်မူပြီး၍၊ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေစဉ်၊သိကြားမင်းမေးသောပြဿနာ ၄ ပါးကိုဖြေတော်မူခြင်း။ရဟန်းတို့အားတရားအနုမောဒနာပြုစေရန်ခွင့်ပြုတော်မူခြင်းတို့ကိုပြရာ။

ဤပဌမဗောဓိ တဆဲ့ငါးဝါပတ်လုံး တပည့်သားရဟန်းတို့အား ဒါယကာဘိတ်မန်၍ ဆွမ်းစားရာ၌ ဆွမ်းအနုမောဒနာတရားဟောခြင်းကို ခွင့်ပြုတော်မမူသေး။ ပဌမဗောဓိတဆဲ့ငါးဝါလွန်မှ ဆွမ်းစားရာ၌ အနုမောဒနာတရားဟောခြင်းကိုခွင့်ပြုတော်မူသတည်း။ ။

မြတ်စွာဘုရားသည် တဆဲ့ငါးဝါ ကျွတ်တော်မူ၍ ဒေသစာရီ ကြွတော်မူသဖြင့် သာဝတ္ထိပြည်သို့ရောက်၍ ဇေတဝန်ကျောင်းတော်၌နေတော်မူသောအခါ သိကြားမင်းသည် မေးလျှောက်သည်ကိုအကြောင်းပြု၍ သဗ္ဗဒါနံအစရှိသော တရားကိုဟောတော်မူ၏။ ဝတ္ထုအကြောင်းကားဤသို့တည်း။ ။တပါးသောအခါ၌ တာဝတိံသာနတ်ပြည်၌များစွာသောနတ်တို့သည် စည်းဝေးကုန်၍ လေးပါးသော ပြဿနာတို့ကို ဖြစ်စေကုန်၏။ လေးပါးသောပြဿနာဟူသော်ကား၊ အလှူတို့တွင် အဘယ်အလှူသည် ကြီးမြတ်သနည်း၊ အရသာတို့တွင် အဘယ်အရသာသည် ကြီးမြတ်သနည်း။ မွေ့လျော်ခြင်းတို့တွင် အဘယ်မွေ့လျော်ခြင်းသည် ကြီးမြတ်သနည်း။ တဏှာ၏ကုန်ခြင်းသည် အဘယ်ကြောင့်ကြီးမြတ်သနည်း။ဤအမေးလေးပါးတို့ကိုဖြစ်စေကုန်၏၊ ထိုအမေးလေးပါးတို့ကို တယောက်သောနတ်သည်မျှ ဆုံးဖြတ်ခြင်းငှါ မတတ်နိုင်။ နတ်

www.dhammaransi.com



တယောက်သည် နတ်တယောက်ကိုမေး၏။ ထိုမေးအပ်သောနတ်သည် တပါးသောနတ်ကိုမေး၏၊ ဤသို့အချင်းချင်းတယောက်သည် တယော်ကို မေးသဖြင့် တသောင်းသောစကြာဝဠာတိုက်တို့၌ တဆဲ့နှစ်နှစ်ပတ်လုံးကျင်လည်ကုန်၏။ ဤမျှလော်သောကာလ၌လည်း ထိုပြဿနာလေးပါးတို့၏အနက်ကိုမမြင်နိုင်ကုန်၍ တသောင်းသောစကြာဝဠာ၌နေသောနတ်တို့သည်စည်းဝေးကုန်၍ စတုမဟာရာဇ်နတ်မင်းလေးယောက်တို့၏အထံသို့လာကုန်သောကြောင့်။ အချင်းတို့၊ အဘယ်ကြောင့် များစွာသောနတ်တို့သည်စည်းဝေးကုန်သနည်းဟု မေးသည်ရှိသော်။ လေးပါးသောပြဿနာတို့ကိုဖြစ်စေကုန်၍ ထိုပြဿနာတို့၏အနက်ကို ဆုံးဖြတ်ခြင်းငှါမတတ်နိုင်ကုန်၍ အရှင်နတ်မင်းတို့၏ အထံသို့ လာပါကုန်၏ဟု ဆိုသော်။ အချင်းတို့၊ ဤပြဿနာသည် အဘယ်သို့နည်းဟု မေးသဖြင့်၊ အလှူတို့တွင် အဘယ်အလှူမြတ်သနည်း။ အရသာတို့တွင် အဘယ်အရသာမြတ်သနည်း။ မွေ့လျော်ခြင်းတို့တွင် အဘယ်မွေ့လျော်ခြင်းမြတ်သနည်း။ တဏှာ၏ ကုန်ခြင်းသည်သာလျှင် အဘယ်ကြောင့် မြတ်သနည်း။ ဤပြဿနာလေးပါးတို့ကိုမဆုံးဖြတ်နိုင်သောကြောင့် လာပါကုန်၏။ အရှင်နတ်မင်းကြီးလေးပါးတို့သည် အနက်ကိုဆုံးဖြတ်ပါကုန်လော့ဆိုသော်။ အမောင်နတ်များတို့၊ ငါတို့သည်လည်း ဤပြဿနာတို့၏အနက်တို့ကို မသိပါကုန်။ ငါတို့၏အရှင်ဖြစ်သော သိကြားမင်းသည်ကား၊ တထောင်သောသူသည် ကြံအပ်သောအနက်တို့ကို တခဏခြင်းကြံ၍ သိနိုင်၏။ ထိုသိကြားမင်းသည်ငါတို့ထက်ပညာဖြင့်ထူးမြတ်၏။ အမောင်တို့၊ လာကုန်လော့။ ထိုသိကြားမင်း၏အထံသို့ ငါတို့သွားကုန်အံ့ဟု၊ ထိုတသောင်းသောစကြာဝဠာမှ လာကုန်သော နတ်အပေါင်းတို့ကို ယူ၍ စတုမဟာရာဇ်နတ်မင်းတို့သည် သိကြားမင်းအထံသို့ သွားကြလေကုန်၏။ သိကြားမင်းသည်လည်း အကြောင်းအဘယ်သို့နည်း။ နတ်အစည်းအဝေးသည် များလှစွာ၏ဟု ဆိုအပ်သည်ရှိသော်၊ ထိုပြဿနာလေးပါးတို့၏အနက်ကို မဆုံးဖြတ်နိုင်ကြကြောင်းကို ကြား၍၊ အချင်းနတ်သားတို့၊ ဤပြဿနာတို့၏အနက်ကို ဘုရားမှ တပါးသောသူသည် သိအံ့သောငှါ မတတ်နိုင်။ ဤပြဿနာလေးပါးတို့သည် မြတ်စွာဘုရားတို့၏အရာဖြစ်ကုန်၏။ မြတ်စွာဘုရားသည် ယခုအဘယ်အရပ်၌နေတော်မူသနည်းဟု မေး၍၊ ဇေတဝန်ကျောင်းတော်၌နေသည်ဟု ကြားကုန်၍။ အချင်းနတ်

www.dhammaransi.com



များတို့၊လာကုန်လော့။ ထိုမြတ်စွာဘုရား၏အထံသို့ ငါတို့သွားကုန်အံ့ဟု များစွာသော နတ်အပေါင်းတို့နှင့်တကွ ညဉ့်အဘို့၌ အလုံးစုံသောဇေတဝန်ကျောင်းတော်ကိုထွန်းလင်းစေ၍ မြတ်စွာဘုရားသို့ကပ်၍ ရိုသေစွာရှိခိုး၍ တင့်အပ်သောအရပ်၌ရပ်၏။ ။မြတ်သောသိကြားနတ်မင်း၊ အဘယ်ကြောင့် များစွာသောနတ်အပေါင်းနှင့်တကွလာသနည်းဟုမိန့်တော်မူသော်။ အရှင်ဘုရား၊နတ်အပေါင်းသည် ဤပြဿနာလေးပါးတို့ကိုဖြစ်စေအပ်ကုန်၏။ ဤပြဿနာတို့၏အနက်ကိုသိခြင်း၌စွမ်းနိုင်သောသူသည် မရှိပါ။ အကျွန်ုပ်တို့အား ဤလေးပါးကုန်သော ပြဿနာတို့၏အနက်ကိုထင်ရှားပြတော်မူပါဟုလျှောက်သည်ရှိသော် မြတ်စွာဘုရားမိန့်တော်မူ၏။ သိကြားမင်း၊ငါသည်သုံးဆယ်သောပါရမီတို့ကိုဖြည့်၍၊ စွန့်ခြင်းကြီးငါးပါးတို့ကို စွန့်၍၊ သင်သို့ သဘောရှိကုန်သောနတ်တို့၏ ယုံမှားသက်ာကိုဖြတ်ခြင်းငှါလျှင် သဗ္ဗညုတဉာဏ်တော်ကိုထိုးထွင်း၍ သိအပ်၏။ ခပ်သိမ်းသောအလှူတို့တွင် တရားဟူသောအလှူသည်မြတ်၏။ခပ်သိမ်းသောအရသာတို့တွင် တရားဟူသောအရသာသည် မြတ်၏။ ခပ်သိမ်းသောမွေ့လျော်ခြင်းတို့တွင် တရားဖြင့်မွေ့လျော်ခြင်းသည် မြတ်၏။တဏှာ၏ကုန်ခြင်းသည်ကား ရဟန္တာ၏အဖြစ်သို့ ရောက်စေတတ်သောကြောင့်အလွန်လျှင်မြတ်စွာ၏ဟုမိန့်တော်မူ၍။ ။သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊ တဏှက္ခယော သဗ္ဗဒုခံ ဇိနာတိ။ ။ဟူသော တရားဒေသနာကို ဟောတော်မူ၏။ ဤတရား ဒေသနာတော် အဆုံး၌ ရှစ်သောင်း လေးထောင်ကုန်သောနတ်ဝေနေယျတို့သည် မဂ်ဖိုလ်နိဗ္ဗာန်အကျတ်တရားကိုရကုန်၏။ ။ဤဂါထာ၌ ခပ်သိမ်းသောအလှူကို တရားအလှူသည် အောင်၏ဆိုရာ၌။ အဓိပ္ပါယ်ကား။ အလုံးစုံသောစကြဝဠာတိုက်တို့ကို အထက် ဗြဟ္မာ့ပြည်တိုင်အောင် အခြားမရှိသည်ကိုပြု၍ နေကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့အား ငှက်ပျောဖူးနှင့်တူသော ဥပမာရှိသောသင်္ကန်းတို့ကို အကြင်သူသည် တထည်စီ လှူငြားအံ့။ ထိုဘုရား ပစ္စေကဗုဒ္ဓါရဟန္တာတို့၏အပေါင်း၌ တဦးသောပုဂ္ဂိုလ်သည် လေးပုဒ်ရှိသောဂါထာဖြင့် သင်္ကန်း အနုမောဒနာ ပြုခြင်းသည်လျှင် ထိုဘုရား ပစ္စေကဗုဒ္ဓါရဟန္တာတို့အား ငှက်ပျောရွက်နှသဏ္ဍာန်ရှိသောသင်္ကန်းကိုလှူသောထက်မြတ်၏။ ထိုသင်္ကန်းအလှူ၏အကျိုးသည် ထိုတဂါထာ

www.dhammaransi.com



ဖြင့်အနုမောဒနာပြုခြင်းဟူသောတရားအလှူ၏အကျိုးကိုတဆဲ့ခြောက် စိတ်စိတ်၍ တစိတ်ကိုမျှလည်း မတူ။ ဤသို့ဖြစ်သဖြင့် တရားကိုဟော ခြင်းသည်၎င်း၊ တရားကိုသင်ခြင်းသည်၎င်း၊ တရားကိုနာခြင်းသည်၎င်း၊ အကျိုးကြီးမြတ်၏၊ အကြင်ပုဂ္ဂိုလ်သည်လည်း တရားနာခြင်းကို ပြုစေ ၏။ တရားနာပါ ဟူ၍ နှိုးဆော်တိုက်တွန်း၏။ ထိုပုဂ္ဂိုလ်အားလည်း အ ကျိုးကြီးမြတ်၏။ ဤသို့ဆိုအပ်ပြီးသောသဘောရှိသော ဘုရား ပစ္စေက ဗုဒ္ဓါ ရဟန္တာတို့၏ သပိတ်တို့ကို မွန်မြတ်သောဆွမ်းဖြင့်ပြည့်စေ၍ လှူ သောအလှူထက်၎င်း။ ထောပတ်ဆီအစရှိသောဆေးတို့ကို သပိတ်တို့ ကိုပြည့်စေ၍ လှူသော အလှူထက်၎င်း။ သိဟိုဠ်ကျွန်း၌ မဟာဝိဟာရ ကျောင်းကဲ့သို့ အသိန်းမကသောကျောင်းတို့ကို၎င်း၊ ကြေးပြာသာဒ်ကဲ့ သို့အသိန်းမကသောပြာသာဒ်တို့ကို၎င်း။ ဆောက်လုပ်၍လှူသောကျောင်း အလှူထက်၎င်း။ အနာထပိဏ်သူဌေး အစရှိသော ဒါယကာတို့သည် ကျောင်းကို ရည်၍ ပြုအပ်သော စွန့်ကြဲခြင်းထက်၎င်း။ လေးပုဒ်သာရှိ သော ဂါထာတဂါထာဖြင့် အနုမောဒနာပြုခြင်းတည်းဟူသော တရား အလှူသာလျှင်မြတ်၏၊ အဘယ်ကြောင့်နည်းဟူမူကား။ ဤသို့သဘောရှိ သောကောင်းမှုတို့ကို ပြုကုန်သော သူတို့သည် တရားကို ကြား၍သာ လျှင်ပြုကုန်၏။ တရားကိုမကြားသော်မပြုကုန်ရာ။ အကယ်၍ ဤအလုံး စုံသော သတ္တဝါတို့သည် တရားကိုမကြားကုန်အံ့၊ တဟင်းချိုမျှသော ယာဂုကို၎င်း၊ တယောက်မျှသောဆွမ်းကို၎င်းမလှူကုန်ရာ။ ဤသို့သော အကြောင်းကြောင့် ခပ်သိမ်းသောအလှူတို့ထက် တရားဟူသောအလှူ သည် မြတ်၏။ ။စနည်းလည်း၊ ဘုရား ပစ္စေက ဗုဒ္ဓါတို့ကို ထား၍ တကမ္ဘာပတ်လုံးရွာသောမိုးစက်ပေါက်ကိုရေခြင်းငှါစွမ်းနိုင်သော ပညာ နှင့်ပြည့်စုံသော အရှင်သာရိပုတြာအစရှိသည်တို့သည်လည်း မိမိတို့၏ သဘောမျှသာ ဉာဏ်အားဖြင့် သောတာပတ္တိဖိုလ်အစရှိသည်တို့သို့ရောက် ခြင်းငှါမစွမ်းနိုင်ကုန်။ အဿဇိမထေရ်အစရှိသည်တို့သည် ဟောအပ် သောတရားကို ကြား၍သာလျှင် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြု ကုန်၏။ မြတ်စွာဘုရားတရားဒေသနာကိုကြား၍ သာဝကပါရမီဉာဏ် ကိုမျက်မှောက်ပြု၏။ ဤသို့သောအကြောင်းကြောင့် ဓမ္မဒါနသည်သာ လျှင် မြတ်၏။ ထိုကြောင့် ခပ်သိမ်းသောအလှူကို တရားတည်းဟူသော အလှူသည်အောင်၏ဟူ၍ဆိုသတည်း။ ။ခပ်သိမ်းကုန်သောခန္ဓရသာ၊

www.dhammaransi.com



သာခရသ၊ပုပ္ဖရသ၊ဖလရသတို့သည်ဂင်း။ခါဒနီယရသ၊ဘောဇနီယရသအစရှိသည်တို့သည်ဂင်း။သံသရာဝဋ်၌ကျစေ၍ဆင်းရဲခံရခြင်း၏အကြောင်းသာဖြစ်၏။ သုံးဆဲ့နှစ်ပါးသော ဗောဓိပက္ခိယတရားဟုဆိုအပ်သော ကိုးပါးသောလောကုတ္တရာတရားရသသည်ကား၊ ခပ်သိမ်းသောအရသာတို့ထက် မြတ်၏။ ထိုကြောင့် ဓမ္မရသသည် ခပ်သိမ်းသောအရသာကိုအောင်၏ဟု ဆိုသည်။ ။အကြင်သား၌ မွေ့လျော်ခြင်း၊ သမီး၌မွေ့လျော်ခြင်း၊ဥစ္စာ၌မွေ့လျော်ခြင်း၊ မိန်းမ၌မွေ့လျော်ခြင်း။ ကခြင်း၊သီခြင်း၊ တီးမှုတ်ခြင်း၌မွေ့လျော်ခြင်းတို့သည်သံသရာဝဋ်၌ကျစေ၍ ဆင်းရဲကြီးစွာခံရ ခြင်း၏အကြောင်းဖြစ်၏။ တရားဟောသောသူ၏ဂင်း၊ တရားကိုသင်သောသူ၏ဂင်း၊ တရားကို နာသောသူ၏ဂင်း၊ ကိုယ်တွင်း၌ဖြစ်သောအကြင်နှစ်သို့ခြင်းသည် ဝမ်းမြောက်ခြင်းကိုဖြစ်စေ၏။မျက်ရည်တို့ကိုဖြစ်စေ၏။ အမွေး၏ထွန်ခြင်းကိုဖြစ်စေ၏၊ထိုနှစ်သို့ခြင်းပီတိသည် သံသရာဝဋ်၏အဆုံးကိုပြု၏။အရဟတ္တဖိုလ်အဆုံးရှိသည်ဖြစ်၏၊ ဤသို့သဘောရှိသော တရား၌ မွေ့လျော်ခြင်းသည် ခပ်သိမ်းသောမွေ့လျော်ခြင်းတို့ထက်မြတ်၏။ ထိုကြောင့် ခပ်သိမ်းသောမွေ့လျော်ခြင်းကို တရား၌ မွေ့လျော်ခြင်းသည် အောင်၏ ဟူ၍ဆိုသတည်း။ ။တဏှာ၏ ကုန်ခြင်းအဆုံး၌ အကြင် အရဟတ္တဖိုလ်သည်ဖြစ်၏။ ထိုအရဟတ္တဖိုလ်သည် အလုံးစုံသောဝဋ်ဆင်းရဲကို နှိပ်စက်တတ်သောကြောင့်တဏှာ၏ကုန်ခြင်းသည်ခပ်သိမ်းသောကုန်ခြင်းတို့ထက်မြတ်၏။ထိုကြောင့်တဏှာ၏ကုန်ခြင်းသည် ခပ်သိမ်းသောဆင်းရဲကိုအောင်၏ဆိုသတည်း။ ။

သိကြားမင်းသည် မြတ်စွာဘုရား၏ တရားစကားကိုကြား၍ ဤသို့လျှောက်၏။ အရှင်ဘုရား၊ဤသို့ကြီးမြတ်သောတရားအလှူ၌လည်း အလှူ၏အဘို့ကို အကျွန်ုပ်တို့အား အဘယ်ကြောင့်မပေးစေပါသနည်း။ ယနေ့မှစ၍ အကျွန်ုပ်တို့အား တရားအလှူ၏ အဘို့ကို ပေးဝေပါစေ၊ ရဟန်းသံဃာအားဆိုတော်မူပါဟုလျှောက်၏။ထိုသိကြားမင်းလျှောက်သောစကားကိုကြား၍မြတ်စွာဘုရားသည်ရဟန်းသံဃာကိုစည်းဝေးစေ၍၊ ချစ်သားရဟန်းတို့၊ယနေ့ကိုအစပြု၍ များစွာသောလူတို့၏တရားဟောခြင်းကိုဂင်း၊ပကတိတရားနာခြင်းကိုဂင်း။ တရားဟောသောပုဂ္ဂိုလ်၏အနီး၌နေ၍ အဓိပ္ပါယ်ပြောဟောခြင်းကိုဂင်း၊အယုတ်သဖြင့်

www.dhammaransi.com



ဆွမ်းသင်္ကန်းစသောအလှူ၏အနုမောဒနာကိုလည်း ဆို၍ဟော၍ သတ္တဝါတို့အားတရားအလှူ၏အဘို့ကိုအမျှပေးဝေရာ၏ဟုမိန့်တော်မူ၏။

---

### ၁၇။ သောဠသမဝါ၊ အာဠဝီပြည်၌ဝါဆိုတော်မူစဉ်၊ အာဠဝကဘီလူးအားချွတ်တော်မူခြင်းစသည်ကိုပြရာ။

သာဝတ္ထိပြည်မှဒေသစာရီကြွတော်မူ၍အာဠဝီပြည်သို့ရောက်တော်မူသဖြင့်အာဠဝီပြည်၌ မြတ်စွာဘုရားသည်တဆဲ့ခြောက်ဝါမြောက်ဝါဆိုတော်မူ၏။ရောက်တော်မူသောအကြောင်းကားဤသို့တည်း။ ။အာဠဝီတိုင်းအာဠဝီပြည်၌အာဠဝကအမည်ရှိသောမင်းသည်ခိုးသူတို့မှဖြစ်သောဘေးကိုမြစ်ခြင်းငှါလည်း။တိုင်းကားဇနပုဒ်ပုန်ကန်ခြင်းကိုမြစ်ခြင်းငှါလည်း။ တပါးသောမင်းတို့မှ ဘေးရန်ကိုမြစ်ခြင်းငှါလည်း။ လုံ့လပြုသဖြင့်။ခုနစ်ရက်တကြိမ်ကိုယ်လုပ်မောင်းမတို့ဖြင့်သုံးဆောင်အပ်သောမင်း၏စည်းစိမ်ကိုစွန့်၍ သမင်တောသို့ သွားလေ့ရှိ၏။ တရံရောအခါဗိုလ်ပါအပေါင်းတို့နှင့်တကွ သွားသည်ရှိသော် အကြင်သူ၏အနီးဖြင့်သမင်သည်ပြေး၏။ထိုသူ၏အဘို့ဖြစ်စေသတည်းဟု ကတိကဝတ်ပြု၍သမင်ကိုလိုက်ကြကုန်သော် ဧဏီမည်သောသားသည် မင်း၏အနီးဖြင့် ပြေးလေသဖြင့် ကတိကဝတ် ပြုသည်နှင့်အညီ ကတိကဝတ်ကိုမလွန်မူ၍ လေးကိုကိုင်၍တယောက်ချင်းခြေကျင်သာလျှင်လိုက်လေ၍သုံးယူဇနာခရီးသို့ ရောက်လေ၏။ ဧဏီမည်သောသားတို့၏ သဘောသည်လည်း သုံးယူဇနာတိုင်သာပြေးနိုင်၏။ ထို့ထက်လွန်၍ မပြေးနိုင်သောကြောင့် ခြေကုန်၍မိလေ၏။ မိသောအခါ၌ သမင်သားဖြင့်အလိုမရှိသော်လည်းရသောအဖြစ်ကိုထိစိမ့်သောငှါနှစ်ပိုင်းဖြတ်၍လေးဖြင့်ထမ်း၍ပြန်ခဲ့သော် ညောင်ပင်ကြီးတခုကိုမြင်၍အပင်ပန်းဖြေအံ့သောငှါထိုပညောင်ပင်ရိပ်သို့ဝင်နားလေ၏။ထိုပညောင်ပင်ကြီး၌အာဠဝကအမည်ရှိသောရုက္ခဇိုဝ်းဘီလူးနတ်သည် စတုမဟာရာဇ်နတ်မင်းကြီးတို့၏အထံမှ မွန်းတည့်ရိပ်နှင့်အမျှ၍ပညောင်ရိပ်သို့ဝင်သောသူကိုမိုင်စားရသောဗိမာန်ဖြစ်သောကြောင့်မွန်းတည့်အခါပညောင်ရိပ်အတွင်းသို့ဝင်လာသောသတ္တဝါတို့စားလျက်စောင့်နေ၏။ ထိုဘီလူးသည် အာဠဝကမင်းကိုမြင်လျှင် စားအံ့သောအခြင်းအရာကိုပြ၏။မင်းသည် မိမိ

www.dhammaransi.com



အားစားအံ့သောအခြင်းအရာကိုမြင်လျှင် အလွန်ကြောက်သည်ဖြစ်၍။အရှင်နတ်မင်း၊ငါ့ကိုလွှတ်ပါ။ ဤသမင်သားကိုစားပါဟုဆိုသော်။ သမင်လည်းငါ့အစာ။သင်လည်းငါ့အစာဖြစ်သည်ဆိုဘိသောကြောင့်။ယင်းသို့တပြီးကား။ငါ့ကိုလွှတ်ပါ။ငါ၏ကိုယ်စားနေ့တိုင်းနေ့တိုင်းသင်၏အစာအလို့ငှါ ထမင်းကျက်အိုးတလုံးနှင့်လူတယောက်ပို့လာပါစိမ့်မည်ဟူ၍ဆို၏။ဘီလူးလည်းသင်သည်ယခုတမူကားကြောက်၍ဆို၏။သင်၏နေရာသို့ရောက်သောအခါမင်း၏စည်းစိမ်ချမ်းသာဖြင့်ယစ်၍ငါ့ကိုမေ့လျော့လတ္တံ့။ငါမူကား ငါ့ဗိမာန်သို့မရောက်လာသောသူကိုဇင်း၊ ဤသူကိုစားလော့ဟု စတုမဟာရာဇ်နတ်မင်းတို့ ခွင့်မပြုသောသူကိုဇင်း၊ စားအံ့သော၄ါမရ။ယင်းသို့ဖြစ်သောကြောင့် သင့်ကိုငါမလွှတ်ပြီဟုဆို၏။ အရှင်ဘီလူးနတ်မင်း၊ အကြင်နေ့၌အရှင်နတ်မင်းအားအစာအလို့ငှါမပို့လာအံ့။ထိုနေ့၌လာ၍ ငါ့ကိုစားပါလော့ဟုမင်းဆို၏။ထိုအခါမိမိကိုယ်ကိုမိမိခွင့်ပြုပြီဟုနှလုံးသွင်း၍ အာဠဝကဘီလူးသည်မင်းကိုလွှတ်လိုက်သည်ဖြစ်၍ နေရာပြည်သို့ရှေးရှုပြန်လေ၏။ထိုမင်းနှင့်ကွဲလေသောစစ်သည်ဗိုလ်ပါတို့သည် ခရီး၌သစ်ခက်တဲဆောက်၍ငုံ့နေကြသဖြင့်၊ပြန်လာသောမင်းကြီးကိုမြင်၍ အရှင်မင်းကြီးသည် အဘယ်ကြောင့် သူကဲ့ရဲ့ကာမျှသောအပြစ်ကိုကြောက်၍ ဤသို့စင် ကိုယ်တော်ကိုပင်ပန်းစွာပြု၍တယောက်အထီးတည်းသမင်ကိုလိုက်ဘိသနည်းဟုဆိုကုန်၍ ခရီးဦးကြို၍လက်ကိုလှမ်းလင့်ကုန်၏။ထိုမင်းသည် သမင်ရခဲ့သောအကြောင်း၊ ဘီလူးဘမ်းမိသောအကြောင်း၊ ဘီလူးနှင့်ကတိကဝတ်ပြု၍ပြန်ခဲ့ရကြောင်းအလုံးစုံကိုစစ်သည်ဗိုလ်ပါတို့အားကြားပြီး၍မြို့သို့ပြန်လေကုန်၍ ဖိုးသောက်၍ နံနက်စာစားပြီးသော် မြို့ကွပ်စာချီကိုခေါ်၍အကြောင်းအလုံးစုံကိုပြန်ပေ၏။ စာချီလည်း အကြောင်းကိုကြားလျှင် အရှင်မင်းကြီးသည် အာဠဝကဘီလူးအား ဤမျှသော[illegible]သောနှစ်တိုင်ရုံအရှင်နတ်မင်းအားအစာပေးပါမည်ဟူ၍ကာလအပိုင်းအခြားကိုပြုခဲ့၏လောဟုဆို၏။အချင်းစချီ၊ ငါမပြုခဲ့မိချေဗျာဟုဆို၏။စချီသည်ဆို၏။ အရှင်မင်းကြီးသည်ကာလကိုမပိုင်းခြားမူ၍ဘီလူးနှင့်ပြုသောကတိကဝတ်သည် မကောင်းသောကတိကဝတ်မည်၏။ လူတို့သည် ပိုင်းခြားခြင်းကိုသာရချေ၏။မပိုင်းမခြားခဲ့ချေသော် ဇနပုဒ်တိုင်းသားတို့သည်ချော်ချားခြင်းဖြစ်လတ္တံ့။ ဆိုသို့ နှစ်လကိုမပိုင်းမခြားခဲ့မိသည်မူလည်း

www.dhammaransi.com



ဖြစ်စေ။အရှင်မင်းကြီးသည်ကြောင့်ကြမရှိသည်ဖြစ်၍မင်း၏စည်းစိမ်ကိုခံစားတော်မူလော့။အကျွန်ုပ်သည်ဤအရာ၌စီရင်အံ့ဟုလျှောက်ပြီးသော် နံနက်စောစောသ၍ နှောင်အိမ်တံခါး၌ရပ်၍ အကြင်သူတို့ကိုသတ်အံ့ဟုထား၏။ ထိုသူတို့ကိုရည်၍ အကြင်သူသည်အသက်ရှင်လို၏။ ထိုသူသည် နှောင်အိမ်မှထွက်စေသတည်းဟုဆို၏။ ထိုသူတို့တွင်ရှေးဦးစွာထွက်သောသူကို အိမ်သို့ခေါ်၍။ ရေချိုးစေ၍၊ ဝတ်စားတန်ဆာဆင်စေ၍ထမင်းစားစေပြီးလျှင်။ဤထမင်းကျက်အိုးကိုဘီလူးအားပေးချေလော့ဟူ၍စေလိုက်၏။ထိုသူကိုပညောင်ပင်ရင်းသို့ရောက်ကာမျှ၌သာလျှင် ရုက္ခဗိုဝ်းဘီလူးအာဠဝကသည်ကြောက်မက်ဘွယ်သောကိုယ်ကိုဘန်ဆင်း၍ ကြာစွယ်ကြာရင်းကဲ့သို့စားလေ၏။ လူတို့၏ ဆံအမွေးခြေသည်းလက်သည်းအရိုးစသောအလုံးစုံသည် ဘီလူး၏အာနုဘော်အားဖြင့် ထောပတ်ဆီဦးအစိုင်ကဲ့သို့ အရသာချည်းဖြစ်၍မြေ့မြေ့ကြေလေကုန်၏။ထိုနေ့မှစ၍နှောင်အိမ်၌သူခိုးတို့ကို တနေ့တယောက်ယူ၍ပေးရ၏။နှောင်အိမ်၌ခိုးသူတို့သည်ကုန်လေ၏။ပေးဘန်များသဖြင့်ဘီလူးစာပေးရသောအဖြစ်သည်ထင်ရှားစွာဖြစ်၏။ဥစ္စာကိုခိုး၍မိလျှင်ဘီလူးစာပေးလတ္တံ့သည်ကိုကြောက်၍ခိုးသူအမှုမှကြဉ်ရှောင်ကုန်၏။ ထိုကြောင့် ခိုးသူဟောင်းလည်းကုန်၊ ခိုးသူသစ်လည်းမရှိရကား။ခိုးသူထားရာနှောင်အိမ်လည်းဟင်းလင်းဖြစ်၏။ထိုအကြောင်းကို စချီသည်မင်းအားကြားပေ၏။မင်းလည်း ကြားလျှင် ဤသို့ပြုသော် ခိုးသူပေါ်ရာ၏ဟုကြံ၍မင်းဥစ္စာကိုခရီးဆုံစသည်တို့၌စွန့်ပစ်ထားကုန်၏။လမ်းတွင်ရသည်ဟု ယူသသူကို ဥစ္စာခိုးဟုဘမ်း၍ ဘီလူးစာပေးလေ၏။ ဤသို့ပြုဘန်များသဖြင့် အကြောင်းကို့သိကုန်သော် ထိုဥစ္စာကိုခြေဖျားနှင့်မှ တို့ဝံ့သောသူမရှိ။ထိုကြောင့် ခိုးသူမရသော် ထိုအကြောင်းကို အမတ်တို့အားကြားပေ၏။ အမတ်တို့သည် အိမ်စဉ်အားဖြင့် တယောက်တယောက်သောသူအိုကိုယူ၍ဘီလူးစာပေးအံ့ဟုလျှောက်ကုန်၏။မင်းသည်ထိုအကြောင်းကိုကြားလျှင် လူတို့သည် ငါတို့အဘကိုငါတို့အဘိုးကိုဘီလူးစာပေးသည်ဟုအုတ်အုတ်ကျက်ကျက်ဖြစ်ကုန်လတ္တံ့သည်ဖြစ်သောကြောင့်ဤသို့ပြုခြင်းသည်မသင့်ဟုမြစ်၏။ ထိုသို့တပြီးကား။အရှင်မင်းကြီး၊ပက်လက်အိပ်တတ်ကာမျှသူငယ်ကိုတနေ့တယောက်ပေးအံ့။ ထိုသူငယ်တို့အား ငါ့မိငါ့ဘဟူ၍ချစ်ခြင်းမရှိသေးဖြစ်သောကြောင့်ပေး

www.dhammaransi.com



သော်လည်းအပြစ်မရှိရာဟုလျှောက်ကုန်၏။ မင်းလည်းနှစ်သက်၍ခွင့်ပြု၏။အမတ်တို့သည် ထိုဆိုတိုင်းသောသူငယ်ကို တနေ့တယောက်စီယူ၍ပေးကုန်၏။ထိုအခါ သူငယ်မိဘတို့သည် သူငယ်ကိုယူ၍ တပါးသောဇနပုဒ်သို့ ပြေးလေကုန်၏။ ကိုယ်ဝန်ဆောင်သောမိန်းမတို့သည်လည်းတပါးသောဇနပုဒ်တို့သို့ပြေးသွား၍ သားဘွားခြင်းကိစ္စကိုပြု၍ သားငယ်ကြီးသောအရွယ်သို့ရောက်မှလာကုန်၏။ ဤသို့သောနည်းဖြင့် တဆဲ့နှစ်နှစ်ပတ်လုံးတယောက်စီယူ၍ပေးသဖြင့် သူငယ်တို့သည်ကုန်ခဲ့၏။ ထိုနောင်မှ မြို့တွင်းမြို့ပြင် သူငယ်ကိုရှာသော် မရ၍ အကြောင်းကို မင်းအား။ အရှင်မင်းကြီး၊သားတော်အာဠဝကမင်းသားကိုထား၍ ပြည့်သူတို့၌သားငယ်မရှိပြီဟုလျှောက်ကုန်၏။ မင်းသည်လည်း။ အမတ်တို့၊ငါ့သားသည်ငါ့ထက်မြတ်အံ့လော၊ထိုကြောင့်ငါ့သားကိုပင်ဘီလူးစာပေးလော့ဟုဆို၏။ မင်းချင်းတို့သည် မင်း၏အာဏာဖြင့် နန်းတော်သို့သွား၍ တသောင်းခြောက်ထောင်ကုန်သော မောင်းမတို့နှင့်တကွ မိဘုရားငိုကြွေးစဉ်၊ အာဠဝကမင်းသားကို နက်ဖြန်ဘီလူးစာပေးရအံ့ဟုယူ၍သွားကုန်၏။ ။

ထိုနေ့၌လျှင် မြတ်စွာဘုရားသည် မိုးသောက်ထအခါ၌ ဇေတဝန်ကျောင်းတော် ဂန္ဓကုဋိ၌ နေတော်မူလျက် ပစ္ဆိမယာမကိစ္စ၌တည်၍ သဗ္ဗညုတဉာဏ်ဖြင့် လောကကိုကြည့်တော်မူသော်။အာဠဝကမင်းသားအား အနာဂါမိဖိုလ်ကိုရခြင်း၏ အကြောင်းကိုရင်း၊ အာဠဝကဘီလူးအား သောတာပတ္တိဖိုလ်ကိုရခြင်း၏အကြောင်းကိုရင်း။ တရားဟောတော်မူသောအဆုံး၌ရှစ်သောင်းလေးထောင်ကုန်သောပရိသတ်တို့အားမဂ်ဖိုလ်ရခြင်း၏အကြောင်းကိုရင်းမြင်တော်မူ၍၊မိုးသောက်ထအခါ၌ ကိစ္စငါးပါးတို့တွင် ပုရေဘတ္တကိစ္စကိုပြုပြီး၍။ပြီးစေအပ်သောပစ္ဆာဘတ္တကိစ္စရှိသောမြတ်စွာဘုရားသည် နယုန်လကာယ်ဥပုသ်နေ့၌။ ကိုယ်တော်ထီးပရိက္ခရာရှစ်ပါးကိုလွယ်တော်မူ၍ခြေကြောင်းခရီးဖြင့် သာဝတ္ထိပြည်မှသဉ်ယူဇနာသုံးဆယ်ရှိသောအာဠဝိတိုင်းသို့ကြွတော်မူ၍အာဠဝိပြည်သို့မ ရောက်မီဟာဂါဝုတ်မျှကွာသောအရပ်၌၊ပညောင်ပင်ကြီး၌အာဠဝကဘီလူး၏ဗိမာန်သို့ဝင်၍နေရှစ်တော်မူ၏။ ။ထိုရောအခါအာဠဝကဘီလူးသည် ဟိမဝန္တာတောင်ထိပ်နတ်မင်းကြီးတို့၏သဘင်၌စည်းဝေး၍နေခိုက်ဖြစ်ခဲ့ရကား။ ဂဒြဘအမည်ရှိသောတံခါး

www.dhammaransi.com



စောင့်သာရှိနှင့်၏။ ဤသို့မြတ်စွာဘုရားနေတော်မူပြီးသောအခါ ဂဒြဘာ
မည်သောတံခါးစောင့်သည် မြတ်စွာဘုရားသို့ကပ်လာ၍ ရှိခိုးလျက်။
ရှင်ပင်ဘုရား၊ အဘယ့်ကြောင့်အခါမဟုတ်သည်၌လာတော်မူသနည်း
ဟုမေး၏။ မြတ်စွာဘုရားလည်းအခါမဟုတ်သည်၌လာတော်မူကြောင်း
ကိုမိန့်၍။ ဂဒြဘာ၊ သင်သည်ဝန်မလေးပါသည်ဖြစ်အံ့။ ယနေ့တည အာဠ္ဝ
ဝကဘီလူး၏ဗိမာန်၌ငါနေပါအံ့။ ဤသို့သောစကားကိုလည်းမိန့်တော်
မူ၏။ ထိုနေ့ာင်မှဂဒြဘာသည်ရှင်ပင်ဘုရား။ အကျွန်ုပ်အားဝန်မလေး။ စင်
စစ်သဖြင့်အာဠ္ဝကဘီလူးသည် ခက်ထန်သောစောင်မာန်ရှိ၏။ ကြမ်း
ကြုတ်၏။ အမိအဘတို့အား‌သော်လည်း ရှိခိုးခြင်းအစရှိသော အရိုအ
သေကိုမပြု။ ထို့ကြောင့် ရှင်ပင်ဘုရား၏ဤဗိမာန်၌နေခြင်းကိုမနှစ်သက်
လတ္တံ့။ ဤသို့လျှောက်၏။ မြတ်စွာဘုရားလည်း။ ဂဒြဘာ၊ အာဠ္ဝကဘီလူး
၏သဘောကိုငါသိ၏။ အာဠ္ဝကဘီလူးကြောင့်ငါ့အားတစုံတခုသော
အန္တရာယ်သည်မဖြစ်လတ္တံ့။ အကယ်၍ သင်ဝန်မလေးပါမူ တညဉ့်မျှ
ဤဗိမာန်၌ငါနေပါအံ့ဟုမိန့်တော်မူ၏၊ ဂဒြဘာသည်လည်း နှစ်ကြိမ်မြော်
လျှင်။ ရှင်ပင်ဘုရား၊အကျွန်ုပ်သည် ဝန်မလေး။ အာဠ္ဝကသည်ကျက်
သောအိုးကင်းပူနှင့်တူ၏။ အမိအဘဟူ၍ဝင်း၊ ရဟန်းပုဏ္ဏားဟူ၍ဝင်း၊
တရားပေစာဟူ၍ဝင်းမသိ။ ဤဗိမာန်သို့လာသောသူတို့ကိုနှလုံးမျှလွင့်
အောင်သော်လည်းပြုတတ်၏။ နှလုံးကိုသော်လည်းခွဲတတ်၏။ ခြေကို
ကိုင်၍သမုဒြာတဘက်သို့သော်ဝင်း၊ စကြဝဠာတပါးသို့သော်ဝင်း ပစ်
တတ်၏။ ဤသို့လျှော်၏။ မြတ်စွာဘုရားလည်းသုံးကြိမ်မြောက်။ ဂဒြဘာ၊
အာဠ္ဝက၏သဘောကိုငါသိ၏။ သင်သည်ဝန်မလေးအံ့၊ တညဉ့်မျှငါ
တဲ့နေပါအံ့ဟုမိန့်တော်မူ၏။ ဤစကားကိုကြား၍ဂဒြဘာလျှောက်၏။ ရှင်
ပင်ဘုရား၊ ကျွန်ုပ်တို့အားဝန်မလေး။ ထိုအာဠ္ဝကသည်မိမိအားမကြား
ဦးဘဲ နေ့တော့ဟူခွင့်ပြုချေသော်၊ အကျွန်ုပ်ကိုသော်လည်း သတ်ရာ
၏။ ထိုကြောင့်အကျွန်ုပ်သည်အာဠ္ဝကဘီလူးအားအကြောင်းကိုကြား
ပါဦးအံ့ဟုလျှော်၏။ ဂဒြဘာ၊ သင်သည် အလိုအလျောက်ကြားပါမူကား
ကြားချေဟုမိန့်တော်မူ၏။ ထိုသို့ထပြီးကား။ ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရား
သည် ဤဗိမာန်၌နေသင့်သောအကြောင်းကို သိတော်မူဟု လျှောက်၍
မြတ်စွာဘုရားကိုရှိခိုး၍ဟိမဝန္တာသို့ဈေးရှုသွားလေ၏။ ထိုအခါဗိမာန်
တံခါးသည် အလိုလိုပွင့်၏။ မြတ်စွာဘုရားသည် ဝင်၍ ရတနာဖြင့်ပြီး

သောနတ်တို့၏ပလ္လင်၌နေတော်မူ၍ရှုသောရောင်ခြည်ကိုလွှတ်တော်မူ၏။ထိုရောင်ခြည်တော်ကြောင့် အာဠဝကဘီလူး၏ကိုယ်လုပ်မောင်းမတို့သည်လာကုန်၍မြတ်စွာဘုရားကိုခြံရံကုန်၏။မြတ်စွာဘုရားသည် သင်တို့သည်ရှေးသောဘဝ၌အလှူပေးသောကြောင့်၊သီလသီတင်းသုံးသောကြောင့်၊ပူဇော်အပ်သောသူကိုပူဇော်သောကြောင့်။ ဤသို့သောကိုယ်၏အဖြစ်ကိုရကုန်သည်။ ယခုဘဝ၌လည်း ဒါန သီလ စသောကုသိုလ်ကောင်းမှုကိုပြုကုန်ရာ၏။ အချင်းချင်းငြူစူစောင်းမြောင်းခြင်းကိုမပြုမူ၍နေကုန်ရာ၏ဟု၊ဤသို့အစရှိသောတရားစကားကို ထိုဘီလူးအာဠဝက၏ကိုယ်လုပ်မောင်းမတို့အားဟောတော်မူ၏။ထိုကိုယ်လုပ်မောင်းမတို့သည် မြတ်စွာဘုရား၏ အလွန်သာယာစွာသောအသံကိုကြား၍သာရသာရဟုကောင်းချီးပေးကုန်၏။ ။ဂဒြဘသည်ဟိမဝန္တာသို့သွား၍ဗိမာန်၌မြတ်စွာဘုရားနေကြောင်းကိုအာဠဝကအားကြားပေ၏၊ထိုစကားကိုကြားလျှင် အာဠဝကသည် ဂဒြဘကိုသင်တိတ်တိတ်နေကာမူ၊ငါသွား၍ရဟန်းဂေါတမအားစစ်ထိုးခြင်းအမှုကိုပြုအံ့ဟုအမှတ်ကိုပေး၏။သင်တိတ်တိတ်နေဟူသောအမှတ်ကို အဘယ်ကြောင့်ပေးသနည်းဟူတုံအံ့။ အာဠဝကသည် ယောက်ျားမာန်ကြောင့် ရှက်သည်ဖြစ်၍နတ်မင်းကြီးတို့၏အလယ်၌တစုံတယောက်သောသူကိုမျှမကြားစေလင့်ဟုအမှတ်ပေးသတည်း။ထိုအခါ သာတာဂိရိနတ်မင်း၊ ဟေမဝန္တနတ်မင်းတို့သည်ဇေတဝန်ကျောင်းတော်၌မြတ်စွာဘုရားကိုရှိခိုး၍နတ်တို့၏အစည်းအဝေးသို့သွားကုန်အံ့ဟူ၍မိမိတို့၏အခြွေအရံနှင့်တကွ အထူးထူးသောယာဉ်ကိုစီးလျက် ကောင်းကင်ခရီးဖြင့်သွားကုန်သော် သုံးယူဇနာအရပ်ရှိသော မြေကိုမှီ၍ဖြစ်သောအာဠဝကဘီလူး၏ဗိမာန်အထက်သို့ရောက်လျှင်။ မြတ်စွာဘုရား၏တန်ခိုးအားဖြင့် မိမိတို့ယာဉ်သည် ကောင်းကင်သို့သွားခြင်းကိစ္စမပြီးနိုင်ကုန်ရကား။ အကြောင်းရှိမည်ဟုအောက်သို့ကြည့်သော်အာဠဝကဗိမာန်၌မြတ်စွာဘုရားကိုမြင်၍ ကောင်းကင်မှသက်၍ မြတ်စွာဘုရားကိုရှိခိုး၍ တရားတော်ကိုနာ၍ လက်ျာရစ်လှည့်၍နတ်တို့၏အစည်းအဝေးသို့သွားကုန်အံ့ဟုမြတ်စွာဘုရားကိုပန်၍သွားလေကုန်၏။အာဠဝကဘီလူးသည် ထိုနတ်မင်းတို့ကိုမြင်၍ဤနေရာ၌နတ်မင်းတို့နေထိုင်ဟုထ၍မိမိနေရာ၌နေစေ၏။ထိုနတ်တို့သည် အာဠဝကဘီလူးအား။အာဠဝက၊သင်သည် ဤ

www.dhammaransi.com



ကိုယ်၏အဖြစ်ကိုရတော်စွ။သင်၏ဗိမာန်၌ရှင်ပင်ဘုရားသည်နေတော်မူ၏၊သင်သွား၍ဆည်းကပ်ပါချေဟုဆိုကုန်၏။ ထိုစကားကိုကြားလျှင်အိုးကင်းပူ၌ထည့်အပ်သောဆားကဲ့သို့မိမိကိုယ်တွင်း၌အမျက်ဖြင့်ဖျစ်ဖျစ်မြည်သောနှလုံးရှိသည်ဖြစ်၍အကြင်သူသည်ငါ၏ဗိမာန်၌နေ၏။ထိုသူသည်ဘုရားဟူသည်ကားအဘယ်ဘုရားနည်းဟူ၍ဆို၏။ထိုစကားကို သာတာဂိရိနတ်၊ ဟေမဝတနတ်မင်းတို့ကြားလျှင်။အာဠဝက၊သင်သည် ငါတို့၏ဆရာရှင်ပင်ဘုရားကိုမသိဟုဆို၏။ထိုဘုရားသည် မယ်တော်ဝမ်း၌ပဋိသန္ဓေနေတော်မူသောအခါ၊ဘုရားဖြစ်သောအခါ၊ဓမ္မစကြာတရားကိုဟောသောအခါတို့၌တသောင်းသောစကြဝဠာတိုက်၌ မြေကြီးတုန်လှုပ်၏။ သုံးဆဲ့နှစ်ပါးသောနိမိတ်တို့သည် ဖြစ်ကုန်၏။ ဤအံ့ဘွယ်သရဲတို့ကို မမြင်ပါသလောဟုဆိုကုန်၏။ အာဠဝကသည် ထိုနိမိတ်တို့ကိုမြင်လျက်လည်း အမျက်နှိပ်စက်သည်ဖြစ်၍မမြင်ဟုဆို၏။ထိုစကားကိုကြား၍ထိုနတ်ခင်းကြီးတို့သည်။အာဠဝက၊သင်သည်မြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ၊ သင်၏ မြင်ခြင်းမမြင်ခြင်းသည် အဘယ်အကျိုးရှိအံ့နည်း။ငါတို့ဆရာဘုရားကိုသင်သည်အဘယ်သို့ပြုနိုင်လတ္တံ့နည်း။အလွန်ခွန်အားတန်းခိုးကြီးသောဥသဘအာဇာနည်၏အနီး၌ ယနေ့မွေးသောနွားသူငယ်ကဲ့သို့ မြတ်စွာဘုရားကိုထောက်၍သင်သည်ဖြစ်လတ္တံ့။ နှာမောင်း၊သိုဖျား၊ နားတည်းဟူသောအရပ်သုံးပါးတို့မှယိုသောမုန်ရှိသောဆင်အာဇာနည်၏အနီး၌ ဘားသူငယ်ကဲ့သို့ဖြစ်လတ္တံ့။ ကေသရရာဇာခြင်္သေ့မင်း၏အနီး၌ မြေခွေးငယ်ကဲ့သို့၊ ယူဇနာတရာ့ငါးဆယ်ရှိသောဂဠုန်မင်း၏အနီး၌အတောင်ကျိုးသောကျီးငယ်ကဲ့သို့ဖြစ်လတ္တံ့။သင်သွားချေ၊ ဘုရားအားပြုဖွယ်အပ်သောအမှုကိုပြုချေလော့ဟူ၍ဆိုကုန်၏။ထိုစကားကိုကြားသော်အာဠဝကသည်ပြင်းစွာအမျက်ထွက်၍ ဆေးဒန်းမြင်းသိလာကျောက်ဖျာအပြင်၌လက်ဝဲခြေဖြင့်နင်း၍၊ နတ်မင်းတို့၊ နတ်မင်းတို့ဆရာဂေါတမ၏တန်းခိုးအာနုဘော်ရှိသည်ကိုရင်း၊ ငါ၏ တန်းခိုးအာနုဘော်ရှိသည်ကိုရင်း ကြည့်ကုန်လော့ဟုကြုံးဝါး၍။ ယူဇနာခြောက်ဆယ်ရှိသောကေလာသတောင်ထွန့်ကို လက်ျာခြေဖြင့် နင်း၏။ ထိုတောင်ထွန့်သည် ပြောင်ပြောင်တောက်သောသံတွေကို တူဖြင့်ရိုက်သောအခါ သံချေးပွင့်တို့သည်အလွှားအလွှားကွာသကဲ့သို့ကျ၏။ထိုတောင်ထွန့်၌ရပ်၍၊အဟံအာဠဝ

ကောဟူ၍ကြီးဝါး၏။ ထိုအသံသည် ယူဇနာတသောင်းအပြင်ရှိသော ဇမ္ဗူဒီပါကျွန်းလုံးနှံ့၏။ အာဠဝကဘီလူးကြီးဝါးသောအသံသည် ယူဇနာ သုံးထောင့်ရှိသော ဟိမဝန္တာ၌ မြေကြီးတုန်လှုပ်ခြင်းကို ဖြစ်စေ၏။ ထိုနောင်မှ ရဟန်းဂေါတမကို လေဖြင့်လွှင့်၍ပြေးစေအံ့ဟု၊ မိမိအာနုဘော်ဖြင့် လေလက်နက်ကိုလွှတ်၏။ ထိုနေစက် မိုးသည်းရေဖြင့်မွှန်း၍သေစေအံ့ဟုမိုးသည်းကြီးကိုရွာစေ၏။ ထိုနောက် ကျောက်ဖျာမိုးသည်းကြီးကိုရွာစေ၏ ထိုနောက် လက်နက်မိုးသည်းကိုရွာစေ၏။ ထိုနောက် သဲမိုးသည်းကိုရွာစေ၏။ ထိုနောက် မီးကျီးမီးခဲမိုးသည်းကိုရွာစေ၏။ ထိုနောက် ပြာပူမိုးသည်းကိုရွာစေ၏။ ထိုနောက် ညွှန်နှစ်မိုးသည်းကိုရွာစေ၏။ ထိုနောက် မှောင်ကြီးမိုးသည်းကို ဖြစ်စေ၏။ ဤလက်နက်ကြီးကိုးပါးတို့၏ အာနုဘော်ကိုဒင်း။ ဤလက်နက်ကိုးပါးတို့သည် မြတ်စွာဘုရား၏ရှေ့တော်သို့ရောက်လျှင် အာနုဘော်မရှိသည်ဖြစ်၍ ပန်းပွင့်တို့သာ ဖြစ်ဟန်ကိုဒင်း။ မာရ်မင်းလက်နက်ကြီးကိုးပါး၌ ဆိုအပ်ပြီးသောနည်းဖြင့် သိရာ၏။ ထိုနောင် အထူးထူးသောလက်နက်တို့ကိုကိုင်ကုန်သောအထူးထူးသောအဆင်းသဏ္ဌာန်တို့ကို ဘန်ဆင်းတတ်ကုန်သော အင်္ဂါလေးပါးရှိသော ဘီလူးကုမ္ဘဏ်စစ်သည်အပေါင်းတို့နှင့်တကွ အာဠဝကဘီလူးသည် ပြောင်ပြောင်အရောင်တောက်သောသံတွေကို ဖြုတ်ခြင်ယင်ရဲတို့သည် ချဉ်းခြင်းငှါမဝံ့သကဲ့သို့ မြတ်စွာဘုရား၌ချဉ်းခြင်းငှါမဝံ့သည်ဖြစ်ကုန်၏။ ဤသို့လျှင် ညဉ့်ဦးယံကသည်သန်းခေါင်ယံတိုင်အောင် ကြောက်မက်ဘွယ်အဆင်းသဏ္ဌာန်ကိုပြ၍ ထိုးပစ်ခြင်းကိုပြုသဖြင့် ဂုဏ်ပင်ဘုရားကို တုန်လှုပ်စေခြင်းငှါမတတ်နိုင်သော် အာဠဝကသည် လက်နက်ကြီးကိုးပါးတို့တွင် တစုံတခုသောလက်နက်တို့ဖြင့်မအောင်နိုင်သဖြင့် ဘွဲ့ဖြူပုဆိုးလက်နက်ကိုလွှတ်၏၊ ဤဘွဲ့ဖြူပုဆိုးလက်နက်၏တန်းခိုးအာနုဘော်ကား ကောင်းကင်သို့ ဤပုဆိုးလက်နက်ကိုပစ်အံ့။ တဆဲ့နှစ်နှစ်ပတ်လုံး မိုးသည်းမရွာ။ အကယ်၍မြေ၌ပစ်အံ့၊ ခပ်သိမ်းသောမြက်သစ်ပင်တို့သည်ခြောက်တင်၏။ တဆဲ့နှစ်နှစ်လွန်မှအညွန့်ထွက်နိုင်ရာ၏။ သမုဒ္ဒါရေ၌ပစ်ငြားအံ့။ အိုးကင်းပူ၌ချသော မြေပေါက်ကဲ့သို့ အလုံးစုံသောမဟာသမုဒ္ဒါသည်ခန်းခြောက်ရာ၏။ မြင်းမိုရ်တောင်နှင့်တူသောတောင်ကိုပစ်ငြားအံ့။ ထိုတောင်သည် အထုံးအပိုင်းကျိုးသည်ဖြစ်၍ ဖရိုဖရဲကွဲပြိုရာ၏၊ ဤသို့ကြီးသောအာနုဘော်ရှိသော ဘွဲ့ဖြူပုဆိုးလက်နက်ဖြင့် မြတ်စွာဘုရား

www.dhammaransi.com



ကိုပစ်အံ့ဟုကြံ၍ အာဠဝကသည် မိမိဝတ်ရုံသောပုဆိုးကိုကိုယ်မှခွါ၍ကိုင်၏။ ထိုရောအခါစကြဝဠာတသောင်း၌နေကုန်သောနတ်ဗြဟ္မာတို့သည် မြတ်စွာဘုရားသည် ယနေ့ အာဠဝကဘီလူးကို ဆုံးမတော်မူလတ္တံ့။ မြတ်စွာဘုရားတရားတော်ကို နာကုန်အံ့ဟု လျှင်စွာစည်းဝေးလာကုန်၏။ ထိုမှတပါးမြတ်စွာဘုရားနှင့် အာဠဝကစစ်ထိုးခြင်းကိုရှုလိုကုန်သောနတ်တို့သည်လည်းစည်းဝေးလာကုန်၏။ ထိုအခါ အာဠဝကသည် မိမိရုံသောပုဆိုးလက်နက်ကို လွှတ်၏။ ထိုပုဆိုးလက်နက်သည် ကြောက်မက်ဘွယ်သောအသံကိုပြု၍အခိုးအလျှံထွက်သည်ဖြစ်၍လာလတ်၍၊ မြတ်စွာဘုရားခြေတော်ရင်းသို့ရောက်လျှင် ခြေသုတ်ကြိုးဝန်းဖြစ်၍ကျ၏။ အာဠဝကသည် ဤအခြင်းအရာကိုမြင်၍ ဦးချိုကျိုးသောနွားကဲ့သို့၊ အစွယ်ကျွတ်သော မြွေကဲ့သို့၊ အာနုဘော် မရှိသည်ဖြစ်၍။ ကျိုးပြိုးသောမာန်တည့်ဟူသောတန်းခွန်ရှိသည်ဖြစ်၍။ ငါ၏လက်နက်ကြီးစင်လျက် ရဟန်းဂေါတမကို ကြောက်လန့်စေခြင်းငှါ မတတ်နိုင်ဘဲရှိခဲ့သော် အကြောင်းကားအဘယ်သို့နည်းဟုကြံ၍။ ရဟန်းဂေါတမသည်။ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု-စသောမေတ္တာဗြဟ္မဝိဟာရနှင့်ယှဉ်၍ နေ၏။ ယခုအခါ ရဟန်းဂေါတမကို အမျက် ထွက်သဖြင့် မေတ္တာဗြဟ္မဝိဟာရမှ ကင်းစေအံ့ဟုကြံ၍ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍၊ ရှင်ဂေါတမ၊ငါ၏ဗိမာန်မှထွက်လေလော့၊ အဘဲ့ကြောင့် ငါခွင့်မပြုဘဲ ငါ့ဗိမာန်သို့ဝင်၍အိမ်ရှင်ကဲ့သို့ကိုယ်လုပ်မယ်မတို့၏အလယ်၌ နေသနည်း။ အရှင်မပေးသောငါ့ဗိမာန်ကို သုံးဆောင်ခြင်းသည် မအပ်။ မိန်းမနှင့် ရောရှက်၍နေခြင်းသည်လည်း မအပ်၊ သင်၏ အကျင့်သည် မကောင်းဟုဆို၏။ ထိုစကားကိုကြားလျှင် မြတ်စွာဘုရားသည် စောင်မာန်ခက်ထန်သဖြင့် ဆုံးမခြင်းငှါ မတတ်ကောင်း။ ဥပမာကား ကြမ်းထမ်း ကိုက်ခဲတတ်သော ခွေးကို မကြမ်းဖမ်းစိမ့်သောငှါ ခွေး၏ နှာခေါင်း၌ ထားယယ်ဖြင့်ခွဲလျှင် ထိုခွေးသည် အတိုင်းထက်အလွန်လျှင် ကြမ်းထမ်းကိုက်ခဲသည်ဖြစ်ရာ၏။ ထို့အတူ စောင်မာန်ခက်ထန်သူကို အတုံ့ပြန်လျက်စောင်မာန်ခက်ထန်၍ဆုံးမသော်။ အတိုင်းထက်အလွန် စောင်မာန်ခက်ထန်၍ မဆုံးမနိုင်သည်ဖြစ်ရာ၏။ နူးညံ့သော စကားဖြင့် ဆုံးမသည်ဖြစ်သော်ကား ထိုအာဠဝကသည် ဆုံးမလွယ်သည်ဖြစ်ရာ၏။ မဂ်ဖိုလ်ရခြင်းငှါတတ်ကောင်း၏ဟု သိတော်မူ၍ သာဓု သာဓု အာ

www.dhammaransi.com



ဝသော စသည်ဖြင့် ချစ်ဘွယ်သောစကားကို မိန့်၍။ ကောင်းပြီ ဒါယကာအာဋ္ဌဝက၊ ငါ့ကိုသင်၏မိမာန်၌မနေစေလိုသော် ငါထွက်ပါတော့မည်ဟုထွက်တော်မူ၏၊ ထိုအခါ၌ရဟန်းသည်စကားဆိုလွယ်သောအဖြစ်ရှိ၏။ တခွန်းတည်းသောစကားဖြင့်သာလျှင် ငါ၏မိမာန်မှ ထွက်၏၊ ဤသို့သဘောရှိသော ဆိုလွယ်သောစကားရှိသောရဟန်းကို ဓါသည် အကြောင်းမရှိဘဲ လွန်စွာ တည့်ပတ်လုံးစစ်ထိုးခြင်းကိုပြုမိ၏ဟု နူးညံ့သောစိတ်ရှိသည်ဖြစ်၍ ယခုအခါ တခွန်းတည်းသော စကားဖြင့် မိမာန်မှထွက်ခွာသော်လည်း သိခြင်းငှါမတတ်ကောင်းသေး။ အကြောင်းအသို့နည်း၊ ဆိုလွယ်သောအဖြစ်၌တည်သည်ဖြစ်၍ ထွက်သလော၊ ထိုသို့မဟုတ် အမျက်ရှိ၍ ထွက်သလော၊ စုံစမ်းဦးအံ့ဟု ကြံ၍။ ရဟန်းဂေါတမ၊ ငါ့မိမာန်တွင်းသို့ဝင်ဦးလော့ဟူ၍ဆိုပြန်၏။ ထိုစကားကိုကြားသော် ဆိုလွယ်သောစကားရှိသော မြတ်စွာဘုရားသည် အာဋ္ဌဝကအား နူးညံ့သောစိတ်ရှိသည်၏ အဖြစ်ကို ပြုခြင်း၌ ဥပမာကား၊ ကျိုက်ကျိုက်ဆူသော ရေပူ၌ စန္ဒကူးသရက္ခန်ကို ထည့်သည်ရှိသော် တခဏခြင်း ငြိမ်းလေသကဲ့သို့ ကျိုက်ကျိုက်ဆူသောနှလုံးရှိသော အာဋ္ဌဝက၏ အမျက်တည်းဟူသောမီးပုံကြီးကို ငြိမ်းစိမ့်သောငှါ အလွန်ချစ်ဘွယ်သောယာနူးညံ့စွာသောစကားဖြင့်။ ဒါယကာအာဋ္ဌဝက၊ ငါ့ကိုသင့် မိမာန်တွင်းသို့ ဝင်စေလိုလျှင် ဝင်ပါဦးတော့မည်ဟု မိန့်တော်မူ၍ ဝင်တော်မူ၏။ ထိုအခါအာဋ္ဌဝကလည်း စကားဆိုလွယ်သောအဖြစ်ကို ရှုးစမ်းပြန်လို၍ ရဟန်းဂေါတမ၊ ငါ့မိမာန်မှ ထွက်ဦးလော့ ဆိုပြန်၏။ ထိုစကားကိုကြားသော် ရှင်တော်ဘုရားလည်း စကားဆိုလွယ်တော်မူလှသောအဖြစ်ဖြင့်။ ဒါယကာ၊ သင့်မိမာန်မှထွက်ပြန်စေလိုလျှင် ထွက်ပါအံ့ဟု ထွက်တော်မူပြန်၏။ ဤသို့လျှင် သုံးကြိမ်စေ့အောင် ထွက်ဆိုလည်းထွက်တော်မူ၏။ ဝင်ဆိုလည်းဝင်တော်မူ၏၊ အကယ်၍ မြတ်စွာဘုရားသည် အာဋ္ဌဝကဆိုတိုင်းလိုက်နာတော်မမူအံ့။ သဘောအားဖြင့် ကြမ်းထမ်းခက်ထန်စောင်မာန်ရှိသော အာဋ္ဌဝကသည် အတိုင်းထက်အလွန် ကြမ်းထမ်းခက်ဟန်သည်သာ ဖြစ်ရာ၏။ တရားစကား၏တည်ရာလည်း မဖြစ်ရာ။ ဥပမာကား၊ သဘော အားဖြင့် ငိုမြည်တမ်းသောသားငယ်ကို အမိသည် ရိုက်ခတ်မောင်းမဲခြင်းကို ပြုသည်ရှိသော် အတိုင်းထက်လွန်စွာငိုမြည်တမ်းသည်ဖြစ်ရာ၏။ ဤသို့ဖြစ်သော် ထိုသား

www.dhammaransi.com



ငယ်သည် လွန်၍ပင်ပန်းခြင်းသို့လည်းရောက်ရာ၏။ အမိ၏ အဆုံးအမ စကား သည်လည်း သူငယ်၌ မတည် သည်သာ ဖြစ်ရာ၏။ ရိုက်ခတ် မောင်းမဲခြင်းကိုမပြုမူ၍ သားငယ်၌ လှည့်ပတ်ဖြားယောင်းခြင်း၌ လိမ္မာသောအမိသည် ငိုမြည်တမ်းသောသားငယ်ကို အလိုသို့လိုက်၍ သားချစ် ဘခင်သားရွှေစင် အစရှိသဖြင့် ဖြည်းညှင်းသာယာနာဘွယ်သော စကားကိုဆို၍ရင်း။ ဆင်ရုပ် မြင်းရုပ် စသော အထူးထူးသော ကစားဘွယ်ကိုပေး၍သော်ရင်း။ အချိုအချဉ်အဆိမ့်အဇိမ်နှံ့စသော အထူးထူးသော ခဲဘွယ်စားဘွယ်သော်ဘွယ်တို့ကိုပေး၍သော်ရင်း။ ရင်ခွင်ပိုက်ထားခြင်း အစရှိသော သားချစ်ပျူငှါကို ပြု၍သော်ရင်း။ ဖြားယောင်းသည်ကိုပြုမူကား။ ထိုသားငယ်သည် ငိုမြည်တမ်းခြင်းကင်းသဖြင့် ပင်ပန်းခြင်းမဖြစ်ရာ။ မိခင် ဆုံးမပဲ့ပြင် သွန်သင်သော စကားသည်လည်း သားငယ်၌ တည်ရာ၏။ အဿတိုရ်မြင်းကို ဆုံးမတတ်သော ရထားထိန်းကဲ့သို့မယဉ်ကျေးသောလူနတ်ဗြဟ္မာတို့ကိုယဉ်ကျေးအောင်ဆုံးမတော်မူတတ်သောကြောင့် အနုတ္တရောပုရိသ ဒမ္မသာရထိ မည်တော်မူသော မြတ်စွာ ဘုရားသည် ချစ်ဘွယ် သာယာ နာပျော်ဘွယ်သော စကားကိုဆိုတတ်ခြင်းစသော သုဂတဂုဏ်နှင့်လည်းပြည့်စုံတော်မူသဖြင့် အာဠဝကဘီလူး၏ ကြမ်းထမ်းခက်ထန် စောင်မာန်အမျက်တည်းဟူသော မီးပုံကြီးကို ငြိမ်းစေခြင်းငှါ၊ တရားတည်းဟူသော စတုမဓု အရသာကို အာဠဝက၏နှလုံး၌တည်စိမ့်သောငှါ၊ ချစ်ဘွယ်သာယာနာပျော်ဘွယ်သောစကားဖြင့်။ ဒါယကာအာဠဝက၊ သင့်ဗိမာန်သို့ဝင်စေလိုလျှင် ဝင်ပါဦးမည်ဟု သုံးကြိမ်စေ့အောင် ထွက်ခြင်းဝင်ခြင်းကို ပြုတော်မူသတည်း။ ။ဤသို့ မြတ်စွာဘုရားသည် အာဠဝက၏အလိုသို့လိုက်၍ သုံးကြိမ်စေ့အောင် ထွက်ခြင်းဝင်ခြင်းကိုပြုတော်မူသောနေ့မှ အာဠဝကအား ဤသို့ အကြံဆိုးသည် ဖြစ်၏။ ဤရဟန်းသည် စကားဆိုလွယ်လှ၏။ ဗိမာန်မှ ထွက် ဆိုလျှင်လည်း တခွန်းတည်းဖြင့် ထွက်သည်။ ဝင်လော့ဆိုလျှင်လည်းတခွန်းတည်းဖြင့်ဝင်သည်။ ငါကြံ အောက်မေ့သည်ကား၊ သုံးကြိမ်စေ့အောင်၊ ထွက်လော၊ ဝင်ပြန်လော-ဟူ၍ ဆိုသည့်အတူ၊ တညဉ့်ပတ်လုံး၊ ထွက်လော၊ ဝင်ပြန်လော-ဟူ၍ငါဆိုအံ့။ ဤရဟန်းသည်ကား စကားဆိုလွယ်သသူဖြစ်သောကြောင့် ငါ့စကားကိုလိုက်နာ၍ တညဉ့်ပတ်လုံးထွက်ခြင်းဝင်ခြင်းကိုပြုသဖြင့်ပင်ပန်းလတ္တံ့။

www.dhammaransi.com



ဤသို့ ပင်ပန်းစေပြီးမှ ရဟန်း၏ခြေကို ကိုင်၍ ဂင်္ဂါမြစ်၏တဘက်သို့ ပစ်လိုက်အံ့ဟု မကောင်းသော အကုသိုလ်စိတ်ကိုဖြစ်စေ၍ လေးကြိမ်မြောက်သော် ရဟန်းဂေါတမ၊ ငါ့ဗိမာန်မှသင်ထွက်လော့ဟူ၍ဆိုပြန်၏။ မြတ်စွာဘုရားသခင်သည်း အာဠဝက၏ ထိုမကောင်းသော အကြံကို စေတောပရိယဉာဏ်ဖြင့်သိတော်မူ၍။ အာဠဝက၊ ယခုအခါ ငါသည် ဤဗိမာန်မှမထွက်ပြီ။ ငါ့အား သင်သည်အကြင်အမှုကိုပြုလို၏။ ထိုအမှုကိုပြုလော့ဟူ၍ မိန့်တော်မူ၏။ ထိုစကားကိုကြား၍။ ရဟန်း၊ သင့်ကို ငါပြဿနာမေးအံ့၊အကယ်၍သင်သည်ပြဿနာကိုမဖြေနိုင်အံ့။ သင်၏စိတ်ကိုသော်လည်း ပျံ့လွင့် စေအံ့၊ နှလုံးကိုသော်လည်း ခွဲအံ့။ ခြေကိုသော်လည်းကိုင်၍ ဂင်္ဂါတဘက်သို့ သင့်ကိုပစ်လိုက်အံ့ဟု အာဠဝက ဆို၏။ ထိုစကားကိုကြားတော်မူ၍ မြတ်စွာဘုရားသည်။ အာဠဝက၊ငါသည် နတ်နှင့်တကွသော လူ၌၊ ဗြဟ္မာနှင့်တကွဖြစ်သော လူ၌၊ ရဟန်းပုဏ္ဏားနှင့်တကွဖြစ်သောနတ်လူအပေါင်း၌၊ အကြင်သူသည် ငါ၏စိတ်ကိုပျံ့လွင့်အောင်ပြုနိုင်ရာ၏။ ငါ၏နှလုံးကိုခွဲနိုင်ရာ၏။ ငါ၏ခြေကိုကိုင်၍ မြစ်တဘက်သို့ပစ်နိုင်ရာ၏။ ထိုသူကိုငါမမြင်။ စင်စစ်သဖြင့် သင်သည် အကြင်ပြဿနာကို မေးလို၏။ ထိုပြဿနာကိုမေးလော့ဟု မိန့်တော်မူ၏။ ထိုအာဠဝက၏သဘောကား။ ရှေးသောအခါ ဤဗိမာန်သည် ရွှေဗိမာန်လော၊ ငွေဗိမာန်လော၊ ပတ္တမြားဗိမာန်လောဟု ကြည့်အံ့သော၌ လာကုန်သော၊ တန်းခိုးရှိကုန်သော၊ ကောင်းကင်ဖြင့် သွားလေ့ရှိကုန်သောရသေ့ရဟန်းတို့ကို ပြဿနာမေး၍ ထိုပြဿနာကိုဖြေခြင်း၌ မစွမ်းနိုင်ကုန်သောရသေ့ရဟန်းတို့ကို စိတ်ပျံ့လွင့်အောင်ပြုခြင်းအစရှိသည်ဖြင့် ညှဉ်းဆဲ၏။ ဤသို့ပြဿနာကို မဖြေနိုင်သောရသေ့တို့ကို ညှဉ်းဆဲလေ့ရှိသောကြောင့် မြတ်စွာဘုရားကိုလည်း မဖြေနိုင်လျှင် ညှဉ်းဆဲအံ့ဟုကြံ၍၊ သင်ရဟန်းကိုပြဿနာမေးအံ့ အစရှိသောစကားကို ဆိုသတည်း။ အကြင်ပြဿနာကို ငါ့ကို သင်မေးလို၏။ ထိုပြဿနာကို မေးလော့ဟူသော မြတ်စွာဘုရားစကားတော်ကို ကြား၍ မေးအံ့သော၌။ ။ကိံသုဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊ ကိံသု သုစိဏ္ဏော သုခ မာဝဟာတိ ကိံသု ဟဝေ သာဒုတရံ ရသာနံ၊ ကထံဇီဝိံ ဇီဝိတမာဟုသေဋ္ဌံ။ ။ဟူသော လေးပါးသောအမေးဖြင့်ဘွဲ့သော ဥပဇာတိဂါထာကိုရွတ်၏။ ။ဤဂါထာ၌ အဓိပ္ပါယ်ကား။ အိုအရှင်ဂေါတမ၊ ဤလောက၌ ယောကျ်ား၏

www.dhammaransi.com



မြတ်သောဥစ္စာသည်အဘယ်နည်း။ အဘယ်မည်သောကောင်းစွာလေ့ကျက်အပ်သော တရားသည် ချမ်းသာကို ရွက်ဆောင်တတ်သနည်း။ စင်စစ်သဖြင့် အရသာတို့တွင် ကောင်းမြတ်သော အရသာသည် အဘယ်နည်း။ အဘယ်သို့သော အသက်မွေးခြင်းကို မြတ်သောအသက်မွေးခြင်း ဟူ၍ ဘုရားစသော ပညာရှိတို့သည် ဆိုကုန်သနည်း ဟူလိုသည်။ ။ဤအမေးဂါထာတို့ကို အာဠဝကသည် အဘယ်မှာ ရချေသနည်းဟူအံ့။ ကဿပဘုရားဖြစ်တော်မူသောအခါ၌ အာဠဝက၏အမိအဘတို့သည် ကဿပမြတ်စွာဘုရား အထံသို့ ဆည်းကပ်၍ ရှစ်ပါးသောအမေးတို့ကို အဖြေနှင့်တကွ တတ်အောင် သင်ကုန်၏။ ထိုအမိအဘတို့သည် အာဠဝကကိုလည်း ငယ်သောအခါ၌ သင်စေကုန်၏။ ကာလရှည်သဖြင့် အာဠဝကသည်အဖြေကိုမေ့ခဲ့၍ အမေးကိုမျှလည်း မမေ့ပါစေသတည်းဟုကြံ၍ ရွှေပြား၌ဆေးဒန်းခြင်းသီလာဖြင့်၊ကိံ သူဓ ဝိတ္တံ၊ အစရှိသောအမေးရှစ်ပါးသောဂါထာကိုရေး၍ ဗိမာန်၌ထား၏။ ။အာဠဝကအမေးကို ဖြေတော်မူလို၍ မြတ်စွာဘုရားသည်။ ။သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊ ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။ သစ္စံ ဟဝေ သာဒုတရံ ရသာနံ၊ ပညာ ဇီဝိံ ဇီဝိတမာဟုသေဋ္ဌံ။ ။ဟူသော ဂါထာကို ဟောတော်မူ၏။ ။ဤဂါထာ၌ အဓိပ္ပါယ်သော်ကား။ ။ဤလောက၌ ဘုရား တရား သင်္ဃာတို့၌ ကြည်ညိုခြင်းလက္ခဏာရှိသော ကုသိုလ်စိတ်၌ယှဉ်သောသဒ္ဓါသည် ယောကျ်ားတို့အားမြတ်သောဥစ္စာမည်၏။ ကောင်းစွာ လေ့ကျက်အပ်သော ကုသိုလ်ကမ္မပထ ဆယ်ပါး၊ ပုညကြိယာ ဝတ္ထုဆယ်ပါး၊ ကုသိုလ်သုစရိုက် သုံးပါးသည် ချမ်းသာသုံးပါးကို ရွက်ဆောင် တတ်၏။ မှန်သောစကားကို ဆိုခြင်းတည်းဟူသောရသသည် စင်စစ်အားဖြင့်ခပ်သိမ်းသောအရသာတို့တွင်ကောင်းမြတ်သော အရသာမည်၏။ ပညာဖြင့် အသက်မွေးခြင်းကို မြတ်သော အသက်မွေးခြင်းဟူ၍ ဘုရားအစရှိသောပညာရှိတို့သည် ဆိုကုန်၏ဟူလိုသော်။ ။

ဤသို့လျှင် မြတ်စွာဘုရား ဖြေတော်မူအပ်သော အဖြေလေးပါးကို ကြား၍ အာဠဝကဘီလူးသည် အလွန်ဝမ်းမြောက်သည်ဖြစ်၍ တဘန် ကြွင်းသော အမေးလေးပါးတို့ကို မေးမြန်းလိုသည်ဖြစ်၍။ ။ကထံသု တရတိ ဩဃံ၊ ကထံတရတိ အဏ္ဏဝံ။ ကထံသု ဒုက္ခမစ္စေတိ၊ ကထံသုပရိ

www.dhammaransi.com



သုဇ္ဈတိ။ ။ဟူသောဂါထာကိုရွတ်၍မေး၏။ ။ဤဂါထာ၌အဓိပ္ပါယ်
သေ၁်ကား။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အရှင် ဂေါတမ၊
အဘယ်သို့သောအကြောင်းဖြင့်လျှင် သံသရာတည်းဟူသောဩဃမှ
ကူးမြောက် နိုင်သနည်း။ အဘယ်မည်သော အကြောင်းဖြင့် သံသရာ
တည်းဟူသောသမုဒ္ဒရာကို ကူးမြောက်နိုင်သနည်း။ အဘယ်မည်သော
အကြောင်းဖြင့်လည်း ဝဋ်သုံးပါးတည်းဟူသောဆင်းရဲကိုလွန်မြောက်
နိုင်သနည်း။ အဘယ်မည်သောအကြောင်းဖြင့်လျှင် သတ္တဝါတို့သည်
ကိလေသာတည်းဟူသောအညစ်အကြေးမှစင်သနည်းဟူလိုသည်။ ။
အမေးလေးပါးကို ဖြေတော်မူလို၍။ ။သဒ္ဓါယတရတိဩဃံ၊အပ္ပမာ
ဒေနအဏ္ဏဝံ။ဝီရိယေန ဒုက္ခမစ္စေတိ၊ပညာယ ပရိသုဇ္ဈတိ။ ။ဟူသော
ဂါထာကိုဟောတော်မူ၏။ ။အဓိပ္ပါယ်ကား။ ရတနာသုံးပါးကိုသဒ္ဓါ
ယုံကြည်ခြင်းဟူသော သဒ္ဓါတရားဖြင့် သံသရာတည်းဟူသော ဩဃ
ကို ကူးမြောက်နိုင်၏။ ကုသိုလ်ဆယ်ပါးတရားတို့၌ မမေ့မလျော့ခြင်း
တည်းဟူသောသတိဖြင့်သမုဒ္ဒရာကိုကူးမြောက်နိုင်၏၊ ကုသိုလ်ကောင်း
မှုကိုအားထုတ်ခြင်းလက္ခဏာရှိသောလုံ့လဝီရိယတည်းဟူသောတရား
ဖြင့် ဝဋ်သုံးပါးဟူသောဆင်းရဲကို လွန်နိုင်ရာ၏၊ မဂ်ဖိုလ်လေးချက်၌ ယှဉ်
သော ပညာဟူသောတရားဖြင့်သတ္တဝါတို့သည် ကိလေသာမှစင်၏ဟူ
လိုသည်။ ။ဤသဒ္ဓါယ တရတိ အစရှိသော ဂါထာကို ဟောတော်မူ
သောအဆုံး၌အာဠဝကဘီလူးသည် သောတာပတ္တိဖိုလ်၌တည်လေ၏။
ဤဂါထာ၌၊ ပညာယ ပရိသုဇ္ဈတိ၊ ဟူသော စတုတ္ထပါဒဖြင့် မြတ်စွာ
ဘုရားသည်သစ္စာလေးပါးကိုပြတော်မူ၏။ ။

သောတာပတ္တိဖိုလ်၌တည်ပြီးသော အာဠဝကသည်၊ပညာယ သုဇ္ဈ
တိ ဟူသောပုဒ်၌ ပညာကိုရခြင်း၏အကြောင်းကို မေးပြန်လိုသည်ဖြစ်
၍။ ။ကထံသုလဘတေ ပညံ၊ကထံသုဝိန္ဒတေဓနံ။ကထံသုကိတ္တိံ ပပ္ပေါ
တိ၊ကထံမိတ္တာနိဂန္ထတိ။ ။ဟူသောဂါထာကိုရင်း။ ။အသ္မာလော
ကာ ပရံလောကံ၊ကထံ ပေစ္စနသောစတိ။ ။ဟူသော ဂါထာဝက်ကို
ရင်း ရွတ်၍ မေး၏။ ။အဓိပ္ပါယ်ကား။ ဘုန်းတော် အလွန် ကြီးမြတ်
တော်မူလှသောအရှင်ဂေါတမ။ အဘယ်သို့သောအကြောင်းဖြင့် ပညာ
ကိုရရာသနည်း။အဘယ်သို့သောအကြောင်းဖြင့် ဥစ္စာကိုရရာသနည်း။
အဘယ်သို့သောအကြောင်းဖြင့် ကျော်စောခြင်းသို့ရောက်ရာသနည်း။

www.dhammaransi.com



အဘယ်သို့သော အကြောင်းဖြင့် မိတ်ဆွေခင်ပွန်းကောင်းကို ရရာသနည်း။အဘယ်သို့သောအကြောင်းဖြင့်တမလွန်ဘဝ၌မစိုးရိမ်ရသနည်းဟူလိုသည်။ ။အာဠဝက သောတာပန်ဖြစ်ပြီးမှမေးသော အမေးငါးပါးကိုမြတ်စွာဘုရားသည် ဖြေတော်မူလိုသည်ဖြစ်၍။ ။သဒ္ဒဟာနော အရဟတံ၊ ဓမ္မံ နိဗ္ဗာနပတ္တိယာ။ သုဿူသံ လဘတေ ပညံ၊ အပ္ပမတ္တော ဝိစက္ခဏော။ ။ပတိရူပကာရီ ဓုရဝါ၊ ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ။ သစ္စေန ကိတ္တိံ ပပ္ပေါတိ၊ ဒဒံ မိတ္တာနိ ဂန္ထတိ။ ။ယဿေတေ စတုရော ဓမ္မာ၊ သဒ္ဓဿဃရမေသိနော။ သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ သဝေ ပေစ္စနသောစတိ။ ။ဣင်္ဃ အညေပိ ပုစ္ဆဿု၊ပုထူ သမဏဗြာဟ္မဏေ။ ယဒိ သစ္စာ ဓမ္မာ စာဂါ၊ ခန္တျာဘိယျောဓ ဝိဇ္ဇတိ၊ ။ဟူသော လေးဂါထာတို့ကို ဟောတော်မူ၏။ ။ထိုဂါထာတို့၌အဓိပ္ပါယ်သော်ကား။ဒါယကာအာဠဝက၊ နိဗ္ဗာန်သို့ရောက်ခြင်း၌၊ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာသာဝကတို့၏အကျင့်တရားဖြစ်သော သုစရိုက်သုံးပါး၊ ကုသိုလ်ကမ္မပထဆယ်ပါး။ဗောဓိပက္ခိယတရားသုံးဆဲ့ခုနစ်ပါးတို့ကိုယုံကြည်သည်ဖြစ်၍ မမေ့မလျော့ကျင့်သော ပညာရှိသူတော်ကောင်းသည် ဘုရား အစရှိသော အရိယာတို့၏တရားကို ကြားနာရသည်ဖြစ်၍ မဂ်နှင့်ယှဉ်သော ပညာကိုရရာ၏။ ။ဥစ္စာရခြင်း၌ လျောက်ပတ်သောအကြောင်းကို ပြုလေ့ရှိသောသူ၊ အားလုံ့လဟူသော ဝန်ရှိသော၊ အချမ်းအပူမမှတ်၊ ထကြွလုံ့လပြုလေ့ရှိသောသူသည် ဥစ္စာကိုရရာ၏။ လောကီဖြစ်သော ရွှေငွေဥစ္စာ၊ လောကုတ္တရာဖြစ်သော မဂ်ဖိုလ်ဥစ္စာကိုရရာ၏။ မှန်သောစကားကိုဆိုခြင်းတည်းဟူသောပရမတ္ထသစ္စာဖြင့်။ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကဟူသောကျော်စောခြင်းသို့ရောက်ရာ၏။ လှူဒါန်းပေးကမ်းစွန့်ကြဲခြင်းကိုပြုလေ့ရှိသောသူသည်အဆွေခင်ပွန်းကိုယူနိုင်ရာ၏။ ။သဒ္ဓါယုံကြည်ခြင်းရှိသည်ဖြစ်၍အိမ်ရာထောင်သောလူ၌ကာမဂုဏ်ဟုဆိုအပ်သောစည်းစိမ်ချမ်းသာကိုရှာလေ့ရှိသော အကြင်သူအား ဟုတ်မှန်စွာဆိုခြင်းတည်းဟူသော သစ္စာ၊ ပညာ၊ ထကြွလုံ့လဟူသော ဝီရိယ။ လှူဒါန်းပေးကမ်းခြင်းဟူသော စာဂ။ ဤတရားလေးပါးတို့သည် ရှိကုန်၏။ ထိုတရားလေးပါးနှင့်ပြည့်စုံသောသူသည် စင်စစ်သဖြင့် တမလွန်ဘဝ၌ စိုးရိမ်ခြင်းမရှိ။ ။ဥပါသကာအာဠဝက၊ သင့်ကို ငါတိုက်တွန်းပါ၏။ အကယ်၍မှန်သောစကားရှိခြင်းတည်းဟူသော ဝစီသစ္စာ။

www.dhammaransi.com



အပြားအားဖြင့် သိတတ်သော ပညာ၊ လှူဒါန်း ပေးကမ်းခြင်းဟူသော စာဂ၊ ထကြွခြင်းဟူသော ဝီရိယ။ ဤအကြောင်းလေးပါးတို့ထက်အလွန် မဂ်ဉာဏ်ကိုရခြင်း။ လောကီလောကုတ္တရာဥစ္စာကိုရခြင်း။ ကျော်စော ခြင်းသို့ရောက်ခြင်း။ အဆွေခင်ပွန်းယူခြင်း။ ဤလေးပါးတို့၏အကြောင်း သည် ဤလောက၌ရှိပြီးအံ့။ ငါမှတပါး များစွာကုန်သောရဟန်းပုဏ္ဏား တို့ကိုလည်း သင်သည် မေးလေဦးလောဟူလိုသည်။ ။

ဤသို့လျှင် မြတ်စွာဘုရားသည် ပညာ အစရှိသည်တို့ကို ရခြင်း၏ အကြောင်းတို့ကို ဖြေတော်မူပြီးသည့်နောက်၌ အာဠဝက ဘီလူးသည် မိမိရသော သောတာပတ္တိမဂ်ဖြင့် အကြင်အကြင်သို့သောယုံမှားခြင်း ဝိစိကိစ္ဆာရှိ၏။ ထိုထိုသို့သောဝိစိကိစ္ဆာကို ပယ်အပ်ပြီးသည်ဖြစ်သော ကြောင့် မြတ်စွာဘုရား၏အဖြေတော်၌ယုံမှားသက်သမရှိပြီဖြစ်၍ ပညာ အစရှိသည်တို့ကိုရခြင်း၏အကြောင်းတပါးကို ဘုရားမှတပါး ရဟန်း ပုဏ္ဏားတို့ကိုမမေးလိုသောအဖြစ်ကို မြတ်စွာဘုရားအား ကြားလျှောက် လိုသည်ဖြစ်၍။ ။ကထံ နုဒါနိ ပုစ္ဆေယျံ၊ပုထူ သမဏဗြာဟ္မဏေ။သွာ ဟံ အဇ္ဇ ပဇာနာမိ၊ ယော အတ္ထော သမ္ပရာယိကော။ ။အတ္ထာယ ဝတ မေ ဗုဒ္ဓေါ၊ဝါသာယာဠဝိမာဂတော။ ယော ဟံ အဇ္ဇ ပဇာနာမိ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။ ။သော အဟံ ဝိစရိဿာမိ၊ ဂါမာဂါမံ ပုရာပုရံ။ နမဿမာနော သမ္ဗုဒ္ဓံ၊ဓမ္မဿစ သုဓမ္မတံ။ ။ဟူသော သုံးဂါထာကို ရွတ်၏။ ။ထိုဂါထာ၏အဓိပ္ပါယ်သော်ကား။ ဘုန်းတော်အလွန်ကြီး မြတ်တော်မူသောရှင်ပင်ဘုရား၊ အကြင်ပညာအစရှိသောအကျိုးလေး ပါးကိုရခြင်း၏အကြောင်းသည်ရှင်း။ တမလွန်ဘဝ၌ အကြင်စိုးရိမ်ခြင်း မရှိသည်၏အကြောင်းသည်ရှင်း. ရှိ၏။ ထိုအကြောင်းကို မြတ်စွာဘုရား ဟောတော်မူသောတရားကိုကြားသဖြင့် အကြင်အကျွန်ုပ်သည် သိ၏။ ထိုအကျွန်ုပ်သည် အဘယ်ကြောင့် ယခုအခါ၌ ရှင်ပင်ဘုရားမှ တပါး များစွာသောရဟန်းပုဏ္ဏားတို့ကို မေးပေတုံအံ့နည်း။ ။အကြင်မြတ် စွာဘုရားသည် အာဠဝိပြည်သို့နေခြင်းငှါကြွတော်မူလာ၏။ ထိုမြတ်စွာ ဘုရားသည် အကျွန်ုပ်အား အကျိုးစီးပွါးအလို့ငှါ စင်စစ်ဖြစ်တော်မူပေ ၏။ အကြင်မြတ်စွာဘုရားတည်းဟူသောအလှူခံပုဂ္ဂိုလ်၌ လှူအပ်သော အလှူသည် အကျိုးကြီးမြတ်၏ဟု အကြင် အကျွန်ုပ်သည် ယခုအခါ၌ သိ၏။ ထိုအကျွန်ုပ်သည် နတ်ရွာ တရွာမှ နတ်ရွာ တရွာသို့၊ နတ်ပြည်

www.dhammaransi.com



တပြည်မှ နတ်ပြည်တပြည်သို့၊ ထိုအင္ဂဒက္ခိဏေယျဖြစ်သော မြတ်စွာ ဘုရား၏ သစ္စာလေးပါး တရားကို ကောင်းစွာသိသော အဖြစ်ကိုရင်း။ တရားတော်၏သွာချာတတာစသောဂုဏ်နှင့်ပြည့်စုံသော အဖြစ်ကိုရင်း။ သံဃာတော်၏ သုပ္ပဋိပန္နတာစသော ဂုဏ်နှင့် ပြည့်စုံသော အဖြစ်ကို ရင်းအဘန်တလဲလဲချီးမွမ်း၍ရှိခိုးလျက်သွားပါအံ့ဟုလိုသည်။ ။

ဤသို့လျှင်၊သောအဟံပိစရိသာမိ၊အစရှိသောဂါထာကိုအာဠဝက ရွတ်သည်၏အဆုံး၌ညဉ့်၏လင်းခြင်းသည်ရင်း။ အာဠဝကကိုဆုံးမရာ၌ မြတ်စွာဘုရားတရားတော်ကို နာအံ့ဟူ၍ စကြဝဠာတသောင်းမှ စည်း ဝေးလာကုန်သောသမ္မာဒိဋ္ဌိနတ်ပြဟ္မာ၊ အာဠဝကနှင့်မြတ်စွာဘုရားစစ် ထိုးခြင်းကိုကြည့်အံ့ဟူ၍စည်းဝေးလာကုန်သော မိစ္ဆာဒိဋ္ဌိနတ်ပြဟ္မာတို့ ၏ ကောင်းချီးပေးသောအသံ၏ဖြစ်ခြင်းသည်ရင်း၊ အဒဠဝကမင်းသား ကို အာဠဝိပြည်မှ အာဠဝကဘီလူး၏အစာပို့လာ၍ အာဠဝက၏ဗိမာန် သို့ရောက်သောအခါသည်ရင်း။ တပြိုင်နက်ဖြစ်၏။ ဘီလူးစာပို့လာကုန် သောမင်းချင်းတို့သည် ကောင်းချီးသံကိုကြား၍၊ ဤသို့သောကောင်းချီး သံသည် ဘုရားကိုထား၍ တပါးသောသူတို့အားမဖြစ်။ မြတ်စွာဘုရား သည် အာဠဝက၏အကြောင်းကို ဉာဏ်တော်၌မြင်၍ ဆုံးမအံ့သော၄ါ ကြွတော်မူလာသလောဟု ဆင်ခြင် ကုန်သည် ရှိသော်။ မြတ်စွာဘုရား ကိုရင်း၊ ရှိခိုး၍နေသောဘီလူးကိုရင်း မြင်ကုန်၍၊ ဈေး၌ကဲ့သို့ အပ၌မရပ် မူ၍ ပဒ္ဒောင်ပင်ရင်းသို့ဝင်၍ ရပ်ကုန်လျက်။ ကြီးမြတ်သော တန်းခိုးရှိ သောဘီလူး၊ ဤမင်းသားငယ်ကို ပေးမြဲသောဝတ်ဖြင့် အစာ အလို၄ါ ဆောင်ခဲ့ကုန်ပြီ၊ စားလော့ဟုဆိုကုန်၏။ အာဠဝကဘီလူးသည် သော တာပန်ဖြစ်ပြီးဖြစ်သောကြောင့် အစာ၏အဖြစ်ဖြင့်ပို့လာသောမင်းသား ကိုမြင်လျှင် အလွန်ရှက်သည်ဖြစ်၍ မင်းသားကို လက်နှစ်ဘက်ဖြင့်ခံ၍ မြတ်စွာဘုရားရှေ့တော်၌ အထူးထူးအပြားပြားအားဖြင့် ဆို၍။ ရှင်ပင် ဘုရား၊ ဤမင်းသားကို အကျွန်ုပ်၏အစာအဖြစ်ဖြင့် ပို့လာသည်။ ဤမင်း သားကို ရှင်ပင်ဘုရားအားကပ်လှူပါတော့သည်၊ခံတော်မူပါဟုမြတ်စွာ ဘုရားအား ကပ်၍ဆောက်နှင်း၏။ ထိုအကြောင်းကို ဤသို့ ဂါထာလာ ၏။ ။ဣမံကုမာရံ သတပုညလက္ခဏံ၊သဗ္ဗင်္ဂပေတံပရိပုဏ္ဏဗျဉ္ဇနံ။ဥဒဂ္ဂ စိတ္တော သုမနော ဒဒါမိ တေ၊ပဋိဂ္ဂဟ လောကဟိတာယစက္ခုမာ။ ။ ဟူ၍ ဂါထာလာ၏။ ။အမိပ္ပါယ်ကား၊ ဘုန်းတော်ကြီးသော ရှင်ပင်

www.dhammaransi.com



ဘုရား၊ ကမ္ဘာတသိန်းမကသောကာလ၌ ဆည်းပူးအပ်သောကုသိုလ်ကံ သည်ပြုအပ်သော လက္ခဏာကြီးရှိထသော၊ ခြေလက် အစရှိသော ခပ် သိမ်းသော အင်္ဂါကြီးငယ်နှင့်ပြည့်စုံသော၊ နား-နှာခေါင်း အစရှိသော အစိတ်အစိတ်သောလက္ခဏာငယ်နှင့်ပြည့်စုံသော၍မင်းသားကို ဝမ်း မြောက်ဝမ်းသာ အကျွန်ုပ်သည် ရှင်ပင်ဘုရားအားကပ်လှူပါ၏။လူတို့၏ အကျိုးစီးပွါး များစိမ့်သော၄ါ ခံတော်မူပါ ဟုလိုသတည်း။ ။ဤသို့ လျှောက်သောအဆုံး၌ မင်းသားကို မြတ်စွာဘုရားခံတော်မူ၍။ မင်းသား အားရင်း၊ ဘိလူးအားရင်း မင်္ဂလာအလို့၄ါ။ ။ဒီဃာယုကော ဟောတု အယံကုမာရော၊တဝဉ္စယက္ခသုခိတော ဘဝါဟိ။အဗျာဓိကာ လော ကဟိတာယ တိဋ္ဌ။ ။ဟူ၍ သုံးပါဒရှိသော ဒဏ္ဍကဂါထာကို ရွတ် တော်မူ၏။ ။အဓိပ္ပါယ်ကား။အာဠဝက၊ဤမင်းသားသည်လည်း ချမ်း သာသည် ဖြစ်စေသတည်း။ သင့်အားလည်း ချမ်းသာသည်ဖြစ်စေသ တည်း။သင်တို့သည်အနာမရှိကုန်သည်ဖြစ်၍လူတို့၏အကျိုးစီးပွါးအလို့ ၄ါတည်ကုန်လော့ ဟုလိုသည်။ ။မြတ်စွာဘုရား မင်္ဂလာပြုပြီးသော် အာဠဝကသည်မင်းသားငယ်ကိုသရဏဂုံဆောက်တည်စေလို၍ မြတ် စွာဘုရား၏ ဒဏ္ဍကဂါထာသုံးပါဒတွင် တပိုဒ်ဖြည့်၍။ ။အယံ ကုမာ ရော သရဏံ ဥပေတိ။ ။ဗုဒ္ဓံ၊ဓမ္မံ၊သံဃံ-ဟူသောပုဒ်ဖြင့် ရွတ်၏။ ။ အဓိပ္ပါယ်ကား၊ ဤမင်းသားသည် မြတ်စွာဘုရားကို ကိုးကွယ်ခြင်းသို့ ရောက်၏။ တရား၊သံဃာတို့ကိုလည်း ကိုးကွယ်ခြင်းသို့ရောက်ပါ၏ဟုလို သည်။ ။ထိုနောက်မှ မြတ်စွာဘုရားသည် ဤမင်းသားကို ကြီးစေ၍၊ တဘန်ငါ့အားပေးလှည့်ကုန်မိန့်တော်မူ၍ မင်းချင်းတို့အားပေး၏။ ဤသို့ မင်းသားသည် ဘိလူးလက်မှ မြတ်စွာဘုရားလက်သို့ ရောက်၏။ ဤသို့ အဆင့်ဆင့်ရောက်သည်ကို အကြောင်းပြု၍ ထိုမင်းသားအား ဟတ္ထာ ဠဝကဟူသောအမည်သည်ဖြစ်၏။ ။

ထိုမင်းသားကိုယူ၍ ပြန်ကုန်သော မင်းချင်းတို့ကို လယ်လုပ်တော သွား အစရှိသောသူတို့သည် မြင်ကုန်၍ မင်းသားကို ငယ်လွန်းသော ကြောင့် ဘိလူးအလိုမရှိချေတော့သလောဟု ကြောက်လန့်လျက် မေးကြ ကုန်၏။ မင်းချင်းတို့သည် သင်တို့မကြောက်ကြကုန်လင့်။ မြတ်စွာဘုရား သည် အလုံးစုံသောသူတို့အား ဘေးမရှိသောအဖြစ်ကို ပြုတော်မူပြီဟု

www.dhammaransi.com



ကြားကုန်၏ ထိုစကားကိုကြားကုန်သောကြောင့် ကောင်းစွကောင်းစွ ဟူ၍ အာဠဝီမြို့အလုံး တပြိုင်နက် ဒုတ်ဒုတ်ကျက်ကျက် ဖြစ်ကုန်၏။ မြတ်စွာဘုရားလည်း ဆွမ်းခံသောအခါကို မှတ်၍ ကြွတော်မူအံ့သော အခြင်းအရာကိုပြုတော်မူလျှင်၊ အာဠဝကဘီလူးသည် သပိတ်သင်္ကန်းတော်ကိုယူ၍ ထက်ဝက်သောခရီးတိုင်အောင်ပို့၍ပြန်လေ၏၊ ။မြတ်စွာဘုရားလည်း အာဠဝီမြို့၌ ဆွမ်းခံတော်မူ၍ ဆွမ်းဘုန်းပေးတော်မူပြီးသော် မြို့တံခါး၏အနီး၌ ဆိတ်သောသစ်ပင်ရင်း၌ခင်းအပ်သောဘုရားနေရာ၌ နေတော်မူ၏။ မင်းနှင့်တကွ များစွာသောပြည်သူပြည်သားတို့သည် တပေါင်းတည်း မြတ်စွာဘုရားသို့ ကပ်လာကုန်၍ ရိုသေစွာရှိခိုးကုန်ပြီးသော် ရှင်ပင်ဘုရားတို့သည် ဤသို့သဘောရှိသော ကြမ်းထမ်းသောဘီလူးကို အဘယ်သို့ဆုံးမကုန်သနည်းဟု လျှောက်ကုန်၏။ မြတ်စွာဘုရားလည်း အာဠဝကဘီလူး စစ်ထိုးခြင်းကိုအစပြု၍။ ဤသို့သဘောရှိသော အထူးထူးသော မိုးယံတို့ကို ရွာစေကုန်၏။ ဤသို့ သဘောရှိသော အထူးထူးသော ကြောက်မက်ဘွယ်ကို ပြု၏။ ဤသို့ သဘောရှိသောပြဿနာကို မေး၏။ ထိုဘီလူး၏အမေးကို ဤသို့သောအဖြေဖြင့် ဖြေ၏ဟု ထိုအာဠဝကသုတ်ကို ပင်လျှင် ဟောတော်မူ၏။ ထိုသုတ်ကို ဟောတော်မူသောအဆုံး၌ ရှစ်သောင်း လေးထောင်သော ပရိသတ်တို့အား တရားမဂ်ဖိုလ်ရခြင်းသည်ဖြစ်၏။ ။ထိုနောင်မှ ဝေဿဝဏနတ်မင်း၏နတ်ကွန်းကိုအာဠဝကဘီလူး၏ဗိမာန်အနီး၌ဆောက်၍ပန်းနံ့သာအစရှိသော ပူဇော်သက္ကာရတို့ဖြင့် အမြဲပူဇော်ခြင်းကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားအားလည်း အာဠဝကဘီလူးသည်သိမ်းဆည်းအပ်သော ပညောင်ပင်အနီး၌ ကျောင်းဆောက်၍ လှူဒါန်းပူဇော်ခြင်းကိုပြုကုန်၍။ ဝါဆိုစေခြင်းငှါ လျှောက်တောင်းပန်ကုန်၍ ဝါဆိုတော်မူ၏။ သိကြားလိမ္မာခြင်းသို့ရောက်သော မင်းသားကိုလည်း မင်းသားသည် မြတ်စွာဘုရားကိုမှီ၍ အသက်ကိုရ၏။ ဘုရားအားရင်း၊ တရားသံဃာအားရင်း ဆည်းကပ်လော့ဟု လွှတ်လိုက်ကုန်၏။ ထိုဟတ္ထာဠဝကမင်းသားသည် ဘုရားကိုရင်း၊ တရားသံဃာကိုရင်းဆည်းကပ်၍ မမြင့်မီလျှင် အနာဂါမိဖိုလ်၌တည်၍၊ အလုံးစုံသော မြတ်စွာဘုရား၏ တရားတော်ကို သင်၍။ ငါးရာသော အခြံအရံရှိသည်ဖြစ်၏၊ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်တို့အား ပစ္စည်းလေးပါးဖြင့် ချီးမြှောက်၏။ မြတ်စွာဘုရားသည်

www.dhammaransi.com



လည်း ပစ္စည်းလေးပါးဖြင့်ချီးမြှောက်ကုန်သော ဒါယကာတို့တွင် မြတ်၏ဟုတေဒဂ်ထားတော်မူ၏။ ။

မြတ်စွာဘုရားသည် အာဠဝိပြည်ကို ဆွမ်းခံအမှီပြု၍ ဝါဆိုတော်မူ၏။ ကုဒ္ဒိကာရသိက္ခာပုဒ်ကို အကြောင်းပြု၍၊ ယေမေ အဟံ နစာနာမိ၊ အဋ္ဌိသေနဝဏိဗ္ဗကေ။ အစရှိသောဒေသနာတော်ဖြင့် အဋ္ဌိသဇာတ်ကို ဟောတော်မူ၏။ ဒေသနာတော်အဆုံး၌ များစွာသော လူနတ်ပြဟ္မာတို့သည်အကျွတ်တရားရကုန်၏။ ။အဂ္ဂါဠဝစေတိယကျောင်း၌နေတော်မူသော နိဂြောဓကပ္ပမထေရ် ပရိနိဗ္ဗာန်ပြုတော်မူသောကြောင့် တပည့်ဖြစ်သော ဝင်္ဂီသမထေရ်သည် ဆရာ ပရိနိဗ္ဗာန်ပြုပြီလောဟု မြတ်စွာဘုရားအား မေးလျှောက်သည်ကိုအကြောင်းပြု၍ နိဂြောဓကပ္ပသုတ်ကို ဟောတော်မူ၏။ ။ထိုဒေသနာတော်အဆုံး၌တရားတော်နာပရိသတ်တို့သည်မဂ်ဖိုလ်အကျွတ်တရားကိုများစွာရကုန်၏။ ။

---

၁၈။ သတ္တရသမဝါ၊ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ်၊သိရိမာ၏အကောင်ကိုအကြောင်းပြု၍၊ပဿ စိတ္တံ ကတံ ဗိမ္ဗံ၊စသောတရားဒေသနာကိုဟောတော်မူခြင်း။

ဤသို့အစရှိသောဒေသနာတော်ဖြင့်ဝေနေယျတို့အားတရားအမြိုက်ဆိုက်တော်မူလျက်၊ အာဠဝိပြည်၊ အဂ္ဂါဠဝ စေတိယကျောင်း၌ တဆဲ့ခြောက်ဝါမြောက် ဝါဆိုတော်မူ၍၊ဝါကျွတ်လျှင် ဒေသစာရီကြွတော်မူသဖြင့်ရာဇဂြိုဟ်ပြည်သို့ရောက်တော်မူ၍ ဝေဠုဝန်ကျောင်းတော်၌ တဆဲ့ခုနစ်ဝါမြောက် ဝါဆိုတော်မူ၏။မြတ်စွာဘုရားသည်ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသောအခါ၊ ဇီဝက၏နှမ၊ သိရိမာကိုအကြောင်းပြု၍၊ ပဿ စိတ္တံ ကတံ ဗိမ္ဗံ၊အစရှိသောတရားဒေသနာတော်ကိုဟောတော်မူ၏။ အကြောင်းဝတ္ထုကား။ရာဇဂြိုဟ်ပြည်၌ ဇီဝက၏နှမဖြစ်သော အလွန်အဆင်းလှသော သိရိမာအမည်ရှိသော ပြည့်တန်ဆာမသည်ရှိ၏။ အခါတပါးသော် ဝါတွင်း၌ သုမနသူဌေးသားပုဏ္ဏသူဌေး၏သမီး ဥတ္တရာကိုသေစိမ့်သော၌ ကျိုက်ကျိုက်ဆူသောဆီပူဖြင့်လှန်၍ပြစ်မှားမိသောအပြစ်ကို သည်းခံစေလိုသည်ဖြစ်၍ ဥတ္တရာ၏အိမ်၌ ရဟန်းအပေါင်းတို့နှင့်တကွ ဆွမ်းဘုန်းပေးသောမြတ်စွာဘုရားကို သည်းခံစေ၍ မြတ်စွာ

www.dhammaransi.com



ဘုရား ဆွမ်းအနုမောဒနာကြားတော်မူပြီးလျှင်။ ။အကောဓေန ဇိနေ ကောဓံ၊အသာဓုံ သာဓုနာ ဇိနေ။ ဇိနေ ကဒရိယံ ဒါနေန၊သစ္စေနာလိကဝါဒိနံ။ ။ဟူသောဂါထာကိုဟောတော်မူသောအဆုံး၌ အခြံအရံမာတုဂါမငါးရာတို့နှင့်တကွ သောတာပတ္တိဖိုလ်၌တည်၏။ဤသို့သောတာပန်ဖြစ်ပြီးသောသိရိမာသည် မြတ်စွာဘုရားကိုဆွမ်းဘိတ်၍မိုးသောက်သောနေ့၌ ကြီးစွာသောအလှူကိုလှူ၏။ သံဃာအားလည်း အဋ္ဌကဘတ်ကိုမပြတ်လှူ၏။ထိုဘိတ်သောနေ့မှစ၍ ရှစ်ပါးသောသံဃာသည်မပြတ်အိမ်သို့ဆွမ်းစားသွားရ၏။ထိုရဟန်းတို့အား ထောပတ်ကိုခံကုန်လော့။ နို့ဓမ်းကိုခံကုန်လော့။ ဤသို့အစရှိသည်ဖြင့် ဆို၍ သပိတ်တို့ကိုပြည့်စေ၍လှူ၏။ တယောက်ပုဂ္ဂိုလ်ရသောဆွမ်းသည် သုံးပါး လေးပါးတို့အား မျှလောက်၏။ နေ့တိုင်း တဆဲ့ခြောက်သပြာသောကံကျွေးဖြင့် ဆွမ်းကိုလှူ၏။ တယောက်သောရဟာန်းသည် ထိုသိရိမာအိမ်၌ အဋ္ဌကဘတ်ကိုဘုန်းပေး၍ သုံးယူဇနာရှိသော အရပ်၌ တခုသောကျောင်းသို့ လာ၏။ ထိုအခါ မထေရ်တို့စည်းဝေးရာ၌နေလာသော ထိုရဟန်းကို။ သခင်၊ အဘယ်အရပ်၌ ဆွမ်းခံ၍လာသနည်းဟု မေးကုန်၏။ အရှင်ဘုရားတို့၊ အကျွန်ုပ်သည်သိရိမာအိမ်၌အဋ္ဌကဘတ်ကိုဘုန်းပေး၍လာ၏ဆိုသော်။ နှစ်လိုဘွယ်ကိုပြု၍ လှူ၏လောဟု မေးမြန်းကုန်လျှင်။ ထိုသိရိမာ၏ဆွမ်းကိုချီးမွမ်းခြင်းငှါမတတ်နိုင်။အလွန်လျှင်မွန်မြတ်၏။ တယောက်ရသောဆွမ်းသည်လေးယောက်တို့အားမျှလောက်၏။ ထိုသိရိမာ၏အလှူထက် သိရိမာကိုမြင်ရခြင်းသည် အလွန်မြတ်သေး၏။ ထိုသိရိမာသည် ဤသို့သဘောရှိ၏ အလွန်လှပတင့်တယ်၏ဟု ထိုသိရိမာ၏ကျေးဇူးကိုဆို၏။ ထိုအခါတယောက်သောရဟန်းသည် ထိုသိရိမာ၏ကျေးဇူးကိုကြား၍ မြင်ခြင်းငှါသင့်၏ဟုကြံ၍ ဝါအစဉ်ကိုဆို၍။ ထိုရဟန်းကိုမေး၍။ အရှင်သည် နက်ဖြန်ပင် သိရိမာ၏အိမ်၌သံဃာထေရ်ကြီးဖြစ်၍။အဋ္ဌကဘတ်ကိုရလတ္တံ့ဟု မေးအပ်သောရဟန်း၏စကားကို ကြား၍ ထိုခဏ၌ပင် သပိတ်သင်္ကန်းကိုယူ၍ရာဇဂြိုဟ်ပြည်သို့သွား၍မိုးသောက်သောနေ့၌ နေအရုဏ်တက်သည်ရှိသော် နံနက်စောစော စာရေးတံဝေရာသို့ဝင်၍၊ သံဃာ့ထေရ်အဖြစ်ဖြင့် သိရိမာ၏အိမ်၌ အဋ္ဌကဘတ်ကိုရ၍ သိရိမာအိမ်သို့ လာ၏။ သိရိမာသည်လည်း ထိုပြောဆိုသောရဟန်းသည် ယမန်နေ့၌ သိရိမာ၏ဆွမ်းကိုဘုန်းပေး၍ဖဲခဲ့သည့်နေ့ံ ကိုယ်မကျန်းဖြစ်

ခဲ့၍၊ အလုံးစုံသောတန်ဆာကိုခွါချွတ်၍အိပ်၏။ မိုးသောက်သောနေ့၌ အဌကထာဘတ်ကိုရ၍လာသောရဟန်းတို့ကိုကျွန်မတို့မြင်လျှင်ကြားကုန်၏။ သိရိမာသည်မိမိလက်ဖြင့်သပိတ်ကိုလှမ်းယူ၍ နေရာ၌နေစိမ့်သောငှါရင်း၊ ဆွမ်းလုပ်ကျွေးအံ့သောငှါရင်း မတတ်နိုင်သည်ဖြစ်၍။ အမိတို့၊ သပိတ်တို့ကိုယူ၍ အရှင်ကောင်းတို့ကိုထိုင်နေစေ၍ ယာဂုခဲဘွယ်ကပ်ပြီး၍ ဆွမ်းဘုန်းပေးအံ့သောအခါ၌ သပိတ်တို့ကိုပြည့်စေ၍ ကပ်ကုန်လော့ဟုကျွန်မတို့ကိုစေ၏။ကျွန်မတို့သည်လည်းကောင်းပြီဟုဝန်ခံကုန်၍ ရဟန်းတို့ကိုဝင်စေ၏။ ယာဂုခဲဘွယ်လှူပြီးသော် ဆွမ်းဘုန်းပေးအံ့သောအခါ၌ သပိတ်တို့ကိုပြည့်စေ၍ သိရိမာအားကြားကုန်၏။သိရိမာသည် ငါ့ကိုပွေ့၍ဆောင်ပါကုန်၊ အရှင်ကောင်းတို့အားရှိခိုးအံ့ဟုဆို၏။ ထိုကျွန်မတို့သည်ရဟန်းတို့၏အထံသို့ဆောင်၍ တုန်လှုပ်သောကိုယ်ရှိသည်ဖြစ်၍ ရဟန်းတို့ကိုရှိခိုး၏။ ထိုသင်္ဃာ့ထေရ်ဖြစ်သော ရဟန်းသည် သိရိမာကိုကြည့်၍ နာသော သိရိမာ၏ တင့်တယ်ခြင်းသည်မျှဤသို့သဘောရှိ၏ ရှင့်။ မနာသောအခါ၌ ခပ်သိမ်းသော တန်ဆာဖြင့်တန်ဆာဆင်သောသိရိမာ၏ အဆင်း၏တင့်တယ်ခြင်းသည် အဘယ်ဆိုဘွယ်ရှိအံ့နည်းဟုကြံ၏သောထိုရဟန်းအား များသောအကုဋေမကသောနှစ်တို့ပတ်လုံး ကျင့်လည်သောကိလေသာသည် နှိပ်စက်သဖြင့်၊ ထိုရဟန်းသည်စိတ်မရှိသကဲ့သို့ဖြစ်၍ဆွမ်းဘုန်းပေးအံ့သောငှါမတတ်နိုင်။ ကျောင်းသို့သွား၍ သပိတ်ကိုပိတ်၍ သင့်တင့်ရာ၌ထား၍၊ သင်္ကန်းကိုခြုံ၍အိပ်၏။ ထိုအခါ ထိုရဟန်းကို တယောက်သောအဆွေခင်ပွန်းရဟန်းသည် တောင်းပန်သော်လည်း စားစိမ့်သောငှါမတတ်နိုင်။ ထိုရဟန်းသည် အစာပြတ်သည်ဖြစ်၏။ထိုနေ့၌ပင် သိရိမာသည် ညချမ်းအခါ၌ လွန်၏။ ဗိမ္ဗိသာရမင်းသည် မြတ်စွာဘုရားအား။ ရှင်ပင်ဘုရား၊ ဇီဝကနှမငယ်ဖြစ်သော သိရိမာသည် လွန်နဲ့ပြီဟု ကြားလျှောက်စေ၏။ မြတ်စွာဘုရားလည်း ထိုစကားကိုကြားတော်မူ၍၊ သိရိမာ၏အလောင်းကိုကျီးလင်းတမစားရအောင် လုံစွာစောင့်စေကုန်ဟုမင်းအားတဘန်ကြားစေ၏။ ဗိမ္ဗိသာရမင်းကြီးလည်း မြတ်စွာဘုရားမိန့်မှာတော်မူတိုင်းပြု၏။ သေသည်မှလေးရက်မြောက်သောနေ့၌ အလောင်းသည် ဖူးဖူးရောင်၏။ ကိုးပါးသောအပေါက်တို့မှပိုးလောက်တို့သည်ယိုထွက်ကုန်၏။ ကိုယ်အလုံးကွဲအက်သဖြင့် သလေးထမင်းကဲ့သို့ဖြစ်၏။ ဗိမ္ဗိသာရ

မင်းသည် ဒီမြို့၌ အစောင့်မှုကိုထား၍ သိရိမာ၏အလောင်းကို ရှုလှည့်ကုန်။မရှုကုန်သောသူတို့အား ရှစ်သပြာသောဒဏ်ကိုဖြစ်စေအံ့ဟု မြို့၌စည်လည်စေ၏။ ဘုရားအမှူးရှိသော သံဃာသည်လည်း ကြွလာစေသတည်းဟု မြတ်စွာဘုရားအား ကြားလျှောက်စေ၏။ မြတ်စွာဘုရားသည် သိရိမာကိုရှုခြင်းငှါသွားကုန်အံ့ဟု ရဟန်းတို့အားကြားစေ၏။ထိုရဟန်းသည် လေးရက်ပတ်လုံး တခွန်းသောစကားကိုမျှမဆိုမူ၍ ပြတ်သောအာဟာရရှိလျက်အိပ်၏။ သပိတ်၌ဆွမ်းသည် သိုးပုပ်၏။ အညစ်အကြေးတက်၏။ ထိုအခါ၌ အိပ်သောရဟန်းကို အဆွေခင်ပွန်းရဟန်းသည်သွား၍။ ငါ့ရှင်၊ မြတ်စွာဘုရားသည် သိရိမာကိုရှုအံ့သောငှါသွားတော်မူ၏ဟုဆို၏။ ထိုရဟန်းသည် ထိုသို့မွတ်သိပ်သောကိုယ်ရှိလျက် သိရိမာဟူ၍ဆိုသောအသံကိုကြားလျှင် အဆောတလျင်ထ၍ အဘယ်သို့ဆိုသနည်းဟု မေး၏၊ မြတ်စွာဘုရားသည် သိရိမာကိုရှုအံ့သောငှါ သွားတော်မူ၏။ သင်လည်း သွားပါလော့ဟုဆိုသည်ရှိသော်၊ ကောင်းပြီ၊သွားအံ့ဟုထ၍၊ သပိတ်၌ထမင်းကိုသွန်၍ သပိတ်ကိုဆေး၍ အိတ်၌သွတ်၍ရဟန်းအပေါင်းနှင့်လာ၏၊မြတ်စွာဘုရားလည်းရဟန်းအပေါင်း ခြံရံလျက် တဘက်သောနံပါး၌ရပ်၏။ မင်းအစရှိသော ဥပါသကာဥပါသိကာပရိသတ်သည်နံပါးတဘက်၌ရပ်၏ မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကို ဤသူသည်အဘယ်သူနည်းဟုမေး၏။ အရှင်ဘုရား၊ဇီဝကနှမ သိရိမာတည်းဟုလျှောက်၏။ ဤသူသည် သိရိမာပင်လောဟု မိန့်တော်မူပြန်၏။ သိရိမာပင်တည်းဟု လျှောက်ပြန်သော်။ မြတ်သောမင်းကြီး၊ အသပြာတထောင်ပေး၍ သိရိမာကိုယူစေသတည်းဟု မြို့၌စည်လည်စေ မိန့်တော်မူ၏။ ဗိမ္ဗိသာရမင်းလည်း ဘုရားမိန့်တိုင်း စည်လည်စေသော် တစုံတယောက်မျှ ငါယူအံ့ဟုဆိုသောသူမည်သည် မရှိဖြစ်၍။ ရှင်ပင်ဘုရား၊ မယူကုန်ဟုလျှောက်သော်။ မြတ်သောမင်းကြီး၊ အဘိုးကို ထက်ဝက်ထက်ဝက်ဆုတ်စေလော့ဟုမိန့်တော်မူ၏။ ဗိမ္ဗိသာရမင်းကြီးလည်း ငါးရာပေး၍ယူစေဟု စည်လည်စေ၏။ တစုံတယောက်ယူမည့်သူကိုမမြင်၍ အစဉ်သဖြင့်ထက်ဝက်ထက်ဝက်ဆုတ်ခဲ့၏။အယုတ်သဖြင့်အသပြာတချင်ရွေးကိုမျှပေး၍ ယူစေသတည်းဟုစည်လည်စေ၏။ ငါယူအံ့ဟုဆိုသောသူမည်သည်မရှိ၍။ ရှင်ပင်ဘုရား၊အချည်းနှီးပင် ယူလိုသောသူမရှိပါပြီဟုလျှောက်၏။ ချစ်သားရဟန်းတို့၊ လူအပေါင်း

www.dhammaransi.com



တို့သည် ချစ်အပ်သောသိရိမာကို ရှုကြပါကုန်လော့။ ဤမြို့၌ အသပြာ တထောင်ပေးမှတနေ့မွေလျော်ခြင်းကိုရ၏။ယခုကား တချင်ရွေးမျှပေး၍ယူမည့်သူမရှိ။ ဤသို့သဘောရှိသောအဆင်းသည် ကုန်ခြင်းပျက်ခြင်းသို့ရောက်၏။ ချစ်သားရဟန်းတို့၊ နာသောသူအားအကြင်အပြစ်သည်ရှိ၏။ ထိုအပြစ်ကိုရှုပါကုန်လော့ဟုမိန့်တော်မူ၍၊ ။ပဿ စိတ္တံ ကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။ အာတုရံ ဗဟုသင်္ကပ္ပံ၊ယဿ နတ္ထိ ဓုဝံ ဌိတိ။ ။ဟူသောဂါထာကို ဟောတော်မူ၏။ ။အဓိပ္ပါယ်ကား။ ချစ်သားရဟန်းတို့၊ အကြင်သိရိမာအား အမြဲတည်ခြင်းသည်မရှိ။ ထိုသိရိမာ၏ အဝတ် တန်ဆာတို့ဖြင့် အဆန်းအကြယ် ပြုအပ်သော၊ သုံးရာသောအရိုးတို့ဖြင့်ဆောက်အပ်သော၊ အခါခပ်သိမ်း ဇွရိယာပုထ်လေးပါးတို့ဖြင့် ဆောင်အပ်သည် အဖြစ်ကြောင့် အမြဲလျှင် ကျင်နာ တတ်သော၊ ကိုးပါးသောအပေါက်တို့မှ ယိုသောသွေးပြည်ပိုးလောက်ရှိသော၊ များစွာသော သူတို့သည် အထွေထွေအပြားပြား ကြံအပ်သည်တို့ကို ရှုပါကုန်လော့ဟုလိုသည်၊ ။ဒေသနာတော်အဆုံး၌ ရှစ်သောင်းလေးထောင် ကုန်သော ပရိသတ်တို့အား သစ္စာလေးပါးကို သိ၍ အကျွတ်တရားရခြင်းသည်ဖြစ်၏။ သိရိမာ၏အဆင်း၌တပ်၍ လေးရက်ပတ်လုံး ဆွမ်းမစားသောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ။ဤသို့အစရှိသောတရားဒေသနာတော်ဖြင့်များစွာသောလူနတ်ဗြဟ္မာတို့အား သစ္စာရသမဝါ၌မဂ်ဖိုလ်အမြိုက်တိုက်ကျွေးဌာဝတော်မူ၏။ ။

---

## ၁၉။ သစ္စာရသမဝါကျွတ်တော်မူပြီး၍ဒေသစာရီ ကြွတော်မူစဉ်၊အာဠဝိပြည်သားဂေါနဗ္ဗဥပါသကာကို အကြောင်းပြု၍၊ဇိဃစ္ဆာပရမာရောဂါ၊စသော ဒေသနာကိုဟောတော်မူခြင်း။

ပါကျွတ်လျှင်ဒေသစာရီကြွတော်မူသဖြင့် သာဝတ္ထိပြည်သို့ရောက်၍ ဇေတဝန်ကျောင်းတော်၌ နေ၏။ ။ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ တနေ့သ၌ဝေနေယျကိုကြည့်တော်မူသော် မဂ်ဖိုလ်၏ဥပနိဿယနှင့်ပြည့်စုံသော ဆင်းရဲစွာသောပုဏ္ဏားကိုမြင်၍ သံဃာတော်အပေါင်း ခြံရံလျက် အာဠဝိပြည်သို့ ကြွတော်မူလေ၏။ အာဠဝိ

www.dhammaransi.com



ပြည်သူတို့သည် မြတ်စွာဘုရားကိုဆွမ်းဘိတ်မန်ကုန်၏။ ထိုသူဆင်းရဲသည်လည်း မြတ်စွာဘုရားရောက်တော်မူလာသည်ဟုကြား၍ မြတ်စွာဘုရားအထံ၌ တရားနာအံ့ဟု စိတ်ကိုပြု၏။ ထိုနေ့၌ ထိုသူဆင်းရဲ၏နွားတခုသည် ခြံမှထွက်၍ပြေးခဲ့၏။ ထိုသူဆင်းရဲသည် နွားကိုတည်းရှာရအံ့လော။ သို့မဟုတ် တရားတော်ကိုသော်တည်း နာရအံ့လောဟု ကြံသော် နွားကိုရှာဦးအံ့။ နွားကိုရှာ၍ခြံသို့သွင်းပြီး၍ နောင်မှတရားနာအံ့ဟု စိတ်ကိုဆုံးဖြတ်၍။ နံနက်စောစော အိမ်မှထွက်လေ၏။ အာဠဝီပြည်သူတို့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာငါးရာကို နေရာ၌နေစေ၍ ဆွမ်းလုပ်ကျွေး၍ အနုမောဒနာ ပြုစိမ့်သောငှါ သပိတ်ကို ယူကုန်၏။ မြတ်စွာဘုရားသည် အကြင်သူဆင်းရဲကိုအမှီပြု၍ယူဇနာသုံးဆယ်ခရီးကိုငါလာ၏။ ထိုသူဆင်းရဲသည် နွားပျောက်ရှာခြင်းငှါ တောသို့ဝင်လေသေး၏။ ထိုသူဆင်းရဲလာမှသာလျှင် ငါတရားဟောရအံ့ဟု ဆိတ်ဆိတ်နေတော်မူ၏၊ ထိုသူဆင်းရဲသည်လည်း နေမြင့်သောအခါ၌ နွားကိုရ၍ နွားအပေါင်း၌ ထည့်ခဲ့၍၊ ငါ့အား တပါးသောလျှော့ဘွယ်ဝတ္ထုသည် မရှိသော်လည်း ဘုရားမြတ်စွာအား ရှိခိုးခြင်းကိုမျှပြုရစေတော့ဟု ထမင်းမွတ်သိပ်ခြင်းဖြင့် နှိပ်စက်သော်လည်း အိမ်သို့သွားအံ့သောငှါ စိတ်ကိုမပြုမူ၍။ မြတ်စွာဘုရားအထံသို့လျှင်စွာလာ၍ရှိသေစွာရှိခိုး၍ တင့်အပ်သောအရပ်၌ နေ၏။ ထိုအခါ မြတ်စွာဘုရားသည် အမှုစိုးကို ဆို၏။ ရဟန်းသံဃာ၏အကြွင်းထမင်းအစရှိသော တစုံတခုသည်ရှိပါသေး၏လောဟုမေး၍။ အရှင်ဘုရား၊ အလုံးစုံ ထမင်းဟင်းစသည်ရှိပါသေး၏ ဆိုသော် ထိုသို့တပြီးကား။ ဤသူဆင်းရဲကို လုပ်ကျွေးပါဟုဆို၏။ ထိုအမှုစိုးသည်လည်း ထိုသူဆင်းရဲကို မြတ်စွာဘုရား မိန့်တော်မူရာ၌ပင် နေစေ၍ ယာဂုဘောဇဉ်တို့ဖြင့် ကောင်းမွန်စွာလုပ်ကျွေး၏။ ထိုသူဆင်းရဲသည် ထမင်းစားပြီးသော် ခံတွင်းဆေး၍ ငြိမ်သက်စွာ နေ၏။ ဤသူဆင်းရဲကို ကျွေးမွေးစေသောအရာကိုထား၍ ပိဋကတ်သုံးပါး၌ ဘုရားမြတ်အား ဤသူဆင်းရဲကိုကဲ့သို့ တပါးသော အရာ၌ ထမင်း ဟင်းကို စီရင်သောမည်သည်မရှိ။ ငြိမ်းပြီးသောပူပန်ခြင်းရှိသောထိုသူဆင်းရဲ၏ စိတ်သည်တည်ကြည်သည်ဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် ဒါနကထာ၊ သီလကထာစသော အစဉ်စကားကိုပြောဆို၍ သစ္စာလေးပါးကို ထင်ရှားပြတော်မူ၏။ တရားဟောသော အဆုံး၌ သူဆင်းရဲသည်

www.dhammaransi.com



သောတာပတ္တိဖိုလ်၌တည်လေ၏။ မြတ်စွာဘုရားသည်ဆွမ်းအနုမောဒနာပြုပြီးသော် နေရာမှထ၍ကြွတော်မူလေ၏။ များစွာသောလူအပေါင်းသည် မြတ်စွာဘုရားကိုပို့၍ ပြန်၏။ ။ဘုရားနှင့် အတူသွားကုန်သောရဟန်းတို့သည် ဘုရားမြတ်ကိုကဲ့ရဲ့ကုန်၏။ ငါ့ရှင်တို့၊ မြတ်စွာဘုရား၏ အမှုကို ရှုပါကုန်လော့။ တပါးသောနေ့၌ ထမင်းဟင်းတို့ကို ဤသို့သဘောရှိသောစီရင်ခြင်းမည်သည်မရှိ။ယနေ့မူကားသူဆင်းရဲတယောက်ကိုမြင်၍ယာဂုထမင်းပေးစေသည်ဟုကဲ့ရဲ့ကုန်၏။ မြတ်စွာဘုရားလည်းနောက်သို့လည့်၍ရပ်လျက်။ ချစ်သားတို့၊ အဘယ်သို့ဆိုကုန်သနည်းဟုမေး၍ ထိုအကြောင်းကိုကြားသော် ချစ်သားရဟန်းတို့။ ဩဝါဒဟုတ်၏။ ယူဇနာသုံးဆယ်ရှိသော ခရီးခဲကိုလာသော ငါသည် ဤဥပါသကာ၏ ဥပနိဿယကိုမြင်၍ လာပေသည်။ ထိုသူသည်လည်း အလွန်ထမင်းမွတ်ခြင်းပြင်းလှ၏။ နံနက်စောစောထ၍ နွားကိုရှာလျက် တောသို့လှည့်ပတ်သွားလာရပေလေသည်။ ငတ်မွတ်ခြင်းဆင်းရဲဖြင့် နှိပ်စက်သောသူအားတရားဟောငြားသော်လည်း တရားကို ထိုးထွင်း၍ သိခြင်းငှါ မတတ်နိုင်လတ္တံ့ဟု ကြံ၍ ဤသို့ ငါပြုသည်။ ထမင်းမွတ်သိပ်ခြင်းနှင့် တူသောအနာမည်သည်မရှိဟုမိန့်တော်မူ၍။ ။ဇိဃစ္ဆာ ပရမာ ရောဂါ၊သင်္ခါရာ ပရမာ ဒုခါ။ ဧတံ ဉတွာ ယထာဘူတံ၊ နိဗ္ဗာနံ ပရမံ သုခံ။ ။ ဟူသောတရားကိုအာဋဝိပြည်၏အနီး၌ရပ်လျက်ဟောတော်မူ၏။ ။ ဒေသနာတော်၏အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ်အစရှိသည်တို့သို့ရောက်ကုန်၏။ ။

---

၂၀။ အဋ္ဌာရသမဝါ၊စာလိယတောင်ကျောင်း၌
သီတင်းသုံးစဉ်။မေဃိယထေရ်စသည်ကိုအကြောင်းပြု၍။
ဖန္ဒနံ၊စသောဒေသနာ။အာဋဝိပြည်၊ယက်ကန်းသည်
သမီးကိုအကြောင်းပြု၍။အနိစ္စံဘူတောစသော
ဒေသနာတို့ကိုဟောတော်မူခြင်း။

ဒေသစာရီကြွတော်မူ၍ စာလိယမြို့သို့ ရောက်တော်မူသော မြတ်စွာဘုရားသည်.စာလိယတောင်ကျောင်းကြီး၌ တဆဲ့ရှစ်နှစ်မြောက်ဝါကိုဆိုတော်မူ၏။ ထိုစာလိယတောင် ကျောင်းတော်၌ နှစ်ဝါထပ်၍ ဝါ

www.dhammaransi.com



ဆိုတော်မူသောအခါ၌လည်း အဂှင်မေဃိယထေရ် အစရှိသည်တို့ကို အကြောင်းပြု၍။ ဖန္ဒနံ စပလံ စိတ္တံ၊အစရှိသော များစွာသောတရားဒေသနာတော်ဖြင့် များစွာသောဝေနေယျတို့ကိုတရားအမြိုက်တိုက်ကျွေးတော်မူ၏။ ။

စာလိယတောင် ကျောင်း၌ တဆဲ့ရှစ်ဝါမြောက် ဝါကျွတ်တော်မူ၍ ဒေသစာရီကြွတော်မူလျှင်သာဝတ္ထိပြည်သို့ရောက်၍ဇေတဝန်ကျောင်းတော်၌နေတော်မူ၏။ တနေ့သ၌ကျွတ်ထိုက်သောဝေနေယျတို့ကို ဗုဒ္ဓစက္ခုဖြင့် ရှုကြည့်တော်မူလျှင် အာဠဝီပြည်၌ ယက်ကန်းသည်သို့းအားသောတာပတ္တိမဂ်၏ဥပနိဿယနှင့်ပြည့်စုံခြင်းကို မြင်တော်မူ၍ အာဠဝီပြည်သို့ကြွတော်မူ၍ အာဠဝီပြည်၌ ယက်ကန်းသည်သို့းကိုအကြောင်းပြု၍။ အနိစ္စံ ဟုတောအယံလောကော၊ အစရှိသောတရားဒေသနာတော်ကို ဟောတော်မူ၏။ ။အကြောင်း ဝတ္ထုကား။ မြတ်စွာဘုရားသည် အာဠဝီပြည်၊ အဂ္ဂါဠဝစေတိယကျောင်း၌ဝါဆိုတော်မူသောအခါ အာဠဝီပြည်သူတို့သည် မြတ်စွာဘုရားကို ဆွမ်းပင့်၍ အလှူပေးကုန်၏။ မြတ်စွာဘုရားသည်ဆွမ်းဘုန်းပေးပြီးသော်။ ။အဓုဝံ ဇီဝိတံ၊ဓုဝံ မရဏံ။အဝဿံ မယာ မရိတဗ္ဗံ။မရဏပရိယောသာနံ မေဇီဝိတံ။ဇီဝိတံမေ အနိယတံ၊မရဏံ နိယတန္တိ။ ။ဟူ၍ အနုမောဒနာပြုတော်မူ၍။ ဤသို့မရဏဿတိပွါးစေကုန်။ အကြင်သူတို့အား မရဏဿတိကိုမပွါးစေအပ်။ ထိုသူတို့သည်နေ့ဲအခါ၌မြွေကိုမြင်၍ ကြောက်သောယောကျ်ားကဲ့သို့ သေခြင်းသို့ရောက်သောအခါ၌ မြည်တမ်းလျက် သေရကုန်၏။ အကြင်သူတို့သည် မရဏဿတိကိုပွါးစေအပ်ကုန်၏။ ထိုသူတို့သည် အဝေးမှမြွေကိုမြင်၍ လှံတံဖြင့်ယူ၍စွန့်၍တည်သော ယောကျ်ားကဲ့သို့ သေသောအခါ မထိတ်လန့်ကုန်။ ထိုကြောင့် မရဏဿတိကို ပွါးစေအပ်၏ဟု မိန့်တော်မူ၏။ ထိုတရားဒေသနာတော်ကိုကြား၍ တပါးသောသူတို့သည်မေ့လျော့၍နေကုန်၏။တဆဲ့ခြောက်နှစ်အရွယ်ရှိသော ယက်ကန်းသည်၏သို့းတယောက်သည်ကား မြတ်စွာဘုရားတို့၏တရားသည် အံ့ဘွယ်ရှိစွ။ မရဏဿတိကိုပွါးစေအပ်၏ဟု၊ နေ့အခါ၌ဝင်း၊ ညဉ့်အခါ၌ဝင်း မရဏဿတိကိုပွါးစေ၏။မြတ်စွာဘုရားသည် ထိုအာဠဝီပြည်မှထွက်တော်မူ၍ ဇေတဝန်ကျောင်းတော်သို့ရောက်တော်မူ၏။ သတို့သို့းသည် သုံးနှစ်ပတ်လုံး မရဏဿတိကိုပွါးစေသလျှင်ကတည်း။ ထို

ရောအခါ တနေ့သ၌မြတ်စွာဘုရားသည် မိုးသောက်သောအခါ၌ လော
ကကို ကြည့်ရှုတော်မူသော် ထိုသတို့သမီးကို ဉာဏ်တော်ကွန်ရက်အ
တွင်း၌ဝင်သည်ကို မြင်တော်မူ၍။ အသို့လျှင်ဖြစ်လတ္တံ့နည်းဟု စုံစမ်း
သော်။ဤသတို့သမီးသည် ငါ၏တရားဒေသနာတော်ကိုကြားသောနေ့မှ
စ၍ သုံးနှစ်ပတ်လုံး မရဏာဿတိကိုပွါးစေအပ်ပြီ။ ယခုအခါ ငါသည်
ထိုအာဠဝီပြည်သို့သွား၍ ဤသတို့သမီးကိုပြဿနာလေးပါးတို့ကိုမေး၍၊
ထိုသတို့သမီးသည်ဖြေသည်ရှိသော်လေးပါးသောအရာတို့၌ကောင်းချီး
ပေး၍။ အနိစ္စဘုတော၊ အစရှိသောဂါထာကိုဟောအံ့။ ဂါထာ၏အဆုံး၌
ထိုသတို့သမီးသည်သောတာပတ္တိဖိုလ်၌တည်လတ္တံ့။ ထိုသတို့သမီးကိုမှီ၍
များစွာသောလူအပေါင်းအားလည်း အကျိုးများသည်ဖြစ်လတ္တံ့ဟု သိ
တော်မူ၍။ငါးရာသောရဟန်းအပေါင်းအခြံအရံရှိသည်ဖြစ်၍ဇေတဝန်
ကျောင်းတော်မှထွက်၍ အစဉ်သဖြင့် အာဠဝီပြည်၌ အဂ္ဂါဠဝစေတိယ
ကျောင်းသို့ရောက်တော်မူ၏။ အာဠဝီပြည်သူတို့သည် မြတ်စွာဘုရား
ကြွတော်မူလာသည်ဟု ကြား၍ ကျောင်းသို့သွား၍ ဆွမ်းဘိတ်ကုန်၏။
ထိုသတို့သမီးသည်လည်း မြတ်စွာဘုရားကြွတော်မူလာပြီဟုကြား၍။ငါ
၏အဘသည် လာသတတ်၊ ထိုအဘသည်ကား ငါ့ဆရာဖြစ်သော၊ လ
ပြည့်ဝန်းနှင့်တူသော မျက်နှာရှိသော၊ မြတ်သောဂေါတမဘုရားတည်း
ဟု နှစ်သက်သောစိတ်ရှိသည်ဖြစ်၍။ ငါသည် ဤနှစ်မှ သုံးနှစ်တို့၏အ
ထက်၌ ရွှေအဆင်းနှင့်တူသော အဆင်းရှိသောမြတ်စွာဘုရားကိုမြင်ဘူး
၏။ ယခုအခါ၌ ထိုမြတ်စွာဘုရား၏ ရွှေအဆင်းနှင့်တူသောကိုယ်တော်
ကိုဖူးမြင်အံ့သော၄၊ သာယာစွာသောတရားကိုနာအံ့သော၄ ငါသည်
ရလတ္တံ့ဟု ကြံ၏၊ ထိုသတို့သမီး၏အဘသည်ကား ယက်ကန်းယက်ရာ
စရပ်သို့သွားသည်ရှိသော်၊ အမိ၊ဘခင်သည် သူတပါး၏ဥစ္စာဖြစ်သော
ပုဆိုးကိုယက်ကန်းစင်၌တင်ဆက်အပ်ပြီ။ထိုပုဆိုးအားတထွာမျှလောက်
သည်မပြီးသေး။ ယနေ့ ထိုပုဆိုးကိုပြီးစေအံ့၊ လျင်စွာ ယက်ဘောက်
ယောက်၍အပ္ပလာလှည့်ဟုမှာခဲ့၏။ထိုသတို့သမီးကြံ၏။ငါသည် မြတ်စွာ
ဘုရား၏တရားတော်ကိုနာခြင်း၄ါ အလိုရှိ၏။ အဘသည်လည်း ယက်
ဘောက်ယောက်၍ပို့လှည့်ဟု ငါ့ကိုမှာခဲ့၏။ အသို့နည်း၊ မြတ်စွာဘုရား
တရားကိုရှေးဦးစွာနာရအံ့လော၊ ယက်ဘောက်ယောက်၍သော်လည်း
ပို့ရအံ့လောဟုကြံသောအခါ၊ ထိုသတို့သမီးအား ဤသို့အကြံဖြစ်၏ အဘ

www.dhammaransi.com



သည်ငါ့ကိုယက်ဘော်မပို့လာသေ၁် သတ်ခတ်ရာ၏။ထိုကြောင့် ယက်ဘောက်ယောက်၍ အညာအားပေးချေ၍ နောက်မှတရားကိုနာအံ့ဟုအကြံဖြစ်၍။ ပျဉ်ယော်၌ထိုင်၍ယက်ဘောက်ယောက်၏။ ပြည်သူတို့သည် ဆွမ်းလုပ်ကျွေး၍ သပိတ်ကိုယူ၍ အနုမောဒနာပြုစိမ့်သောငှါ ရပ်၏။ မြတ်စွာဘုရားသည်ငါသည်အကြင်ယက်ကန်းသည်သို့ကိုအမှီပြု၍ယူဇနာသုံးဆယ်ခရီးကိုလာခဲ့၏။ထိုယက်ကန်းသည်သို့သည် ယခုအခါ၌ တရားနာခွင့်ကို မရသေး။ ထိုသတို့သို့အခွင့်ရမှ အနုမောဒနာပြုအံ့ဟု ဆိတ်ဆိတ်နေတော်မူ၏။ ဤသို့ ဆိတ်ဆိတ်နေသော မြတ်စွာဘုရားကို နတ်နှင့်တကွသောလူ၌ တစုံတယောက်သောသူသည် တစုံတခုသော စကားကို ဆိုခြင်းငှါမဝံ့။ ထိုသတို့သို့သည် ယက်ဘောက်ယောက်၍ တောင်း၌ထည့်၍အဘ၏အထံသို့သွားသည်ရှိသော် ပရိသတ်၏အစွန်းသို့ရောက်၍။မြတ်စွာဘုရားကိုတစောင်းကြည့်၍သွား၏။ မြတ်စွာဘုရားသည်လည်း လည်တော်ကိုကြွချီ၍ ကြည့်တော်မူ၏။ထိုသတို့သို့သည် ဘုရားကြည့်တော်မူသော၊အခြင်းအရာဖြင့် မြတ်စွာဘုရားသည် ဤသို့သဘောရှိသောပရိသတ်၏အလယ်၌နေတော်မူ၍ငါ့ကိုကြည့်သော် ငါ၏လာခြင်းကိုတောင့်တ၏။ကိုယ်တော်၏အထံသို့ ငါ၏လာခြင်းကိုသာလျှင်တောင့်တတော်မူ၏ဟုသိသဖြင့်၊ထိုသတို့သို့သည် ယက်ဘောက်တောင်းကိုတခုသောအစွန်း၌ထားခဲ့၍ မြတ်စွာဘုရားအထံသို့သွားလေ၏။ အဘယ်ကြောင့်ကား ထိုသတို့သို့ကို မြတ်စွာဘုရားသည် လည်တော်ကို ချီမြှင့်၍ ကြည့်သနည်းဟူမူကား။ မြတ်စွာဘုရားအား ဤသို့အကြံတော်သည်ဖြစ်၏။ဤသတို့သို့သည် ထိုယက်ကန်းယက်ရာစရပ်သို့သာ သွားလေသည်ရှိသော် ပုထုဇဉ်၏အဖြစ်ဖြင့် သေခြင်းကိုပြု၍။ မမြဲသောဂတိရှိသည်ဖြစ်လတ္တံ့။ ငါ၏အထံသို့လာ၍ သွားသော်ကား သောတာပတ္တိဖိုလ်သို့ရောက်၍မြဲသောဂတိရှိသည်ဖြစ်၍တုသိတာနတ်ပြည်၌ဖြစ်လတ္တံ့ဟု အကြံတော်ရှိ၍ ကြည့်သတည်း။ ထိုသတို့သို့အား ထိုနေ့၌သေခြင်းမှလွတ်သောမည်သည်မရှိ။ကြည့်တော်မူသောအမှတ်ဖြင့် မြတ်စွာဘုရားသို့ကပ်၍ ရောင်ခြည်ခြောက်သွယ်တို့၏ အကြားသို့ဝင်၍ မြတ်စွာဘုရားကိုရှိခိုး၍ တင့်အပ်သောအရပ်၌ရပ်၏။ ဤသို့ သဘောရှိသောပရိသတ်၏အလယ်၌ ဆိတ်ဆိတ်နေတော်မူသောမြတ်စွာဘုရားသည်သတို့သို့ရှိခိုး၍ရပ်သောခဏ၌သာလျှင်၊ အိုသတို့သို့ငယ်၊

အဘယ်အရပ်မှသင်သည်လာခဲ့သနည်းဟုမေးတော်မူ၏။ ရှင်ပင်ဘုရား၊
အကျွန်ုပ်မသိဟု သတို့သွီးဆို၏။ အဘယ်အရပ်သို့ သင်သတို့သွီးငယ်
သွားလိမ့်မည်နည်းဟု မေးတော်မူပြန်၏။ ရှင်ပင်ဘုရား၊ အကျွန်ုပ်သည်
မသိပါဟုဆိုပြန်၏။ သင်သည်မသိလောဟု မေးတော်မူပြန်သော်။ ရှင်
ပင်ပင်ဘုရား၊သိပါ၏ဟုသတို့သွီးလျှောက်၏။ သင်သိ၏လောဟုဘုရား
မေးပြန်သော်။ ရှင်ပင်ဘုရား၊မသိပါဟု လျှောက်ပြန်၏။ ဤသို့လျှင်မြတ်
စွာဘုရားသည် ထိုသတို့သွီးကို လေးပါးသောပြဿနာကိုမေးတော်မူ
၏။ လူများအပေါင်းသည် ကဲ့ရဲ့၏။ ။အမောင်တို့၊ကြည့်ပါကုန်လော့။
ဤယက်ကန်းသည်သွီးသည် မြတ်စွာဘုရားနှင့်တကွ ဆိုချင်တိုင်းဆို၏။
စင်စစ် အဘယ်မှလာခဲ့သနည်းမေးတော်မူလျှင်၊ယက်ကန်းသည်အိမ်မှ
လာပါသည်ဟု ဤသတို့သွီးသည် ဆိုအပ်၏။ အဘယ်သို့သွားလိမ့်မည်
နည်းဟု မေးတော်မူပြန်လျှင်လည်း ယက်ကန်းယက်ရာစရပ်သို့သွားပါ
မည်ဆိုအပ်၏။သို့ကိုလျက် ဆိုချင်တိုင်းဆို၏ဟုကဲ့ရဲ့၏။ မြတ်စွာဘုရား
လည်း လူအပေါင်းကို အသံဆိတ်သည်ကိုပြုတော်မူ၍။ သတို့သွီး၊ အ
ဘယ်မှလာသနည်းဟုငါမေးလျှင် သင်သည်အကျွန်ုပ်မသိပါဟုအဘယ့်
ကြောင့်ဆိုသနည်းမေးတော်မူ၏။ ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားတို့သည်
အကျွန်ုပ်ကို ယက်ကန်းသည်အိမ်မှလာသောအဖြစ်ကို သိတော်မူကုန်
လျက် အဘယ်မှလာခဲ့သနည်းဟု မေးတော်မူသည်မှာ။ အဘယ်ဂတိမှ
လာ၍ ဤလူ၏အဖြစ်၌ သင်ဖြစ်လာသနည်းဟု မေးတော်မူကုန်၏။ အ
ကျွန်ုပ်သည် အဘယ် ဂတိမှလာ၍ ဤလူ၏အဖြစ်၌ ဖြစ်သည်ကို မသိ
သောကြောင့် မသိဆိုပါသည်ဟုလျှောက်၏။ မြတ်စွာဘုရားသည် ထို
သူငယ်မအား၊ ကောင်း၏ကောင်း၏ သတို့သွီးငယ်၊ငါမေးသောပြဿ
နာကိုသင်သည်သာဖြေနိုင်၏ဟု ကောင်းချီးပေးတော်မူ၍။ အလွန်လျှင်
မေးတော်မူပြန်၏။ အဘယ်အရပ်သို့ သွားလေအံ့နည်းဟု ငါမေးအပ်
သော် အဘယ့်ကြောင့်မသိဆိုသနည်းဟုမေး၏။ ရှင်ပင်ဘုရား၊ အရှင်
တို့သည် ယက်ဘောက်တောင်းကိုယူ၍ ယက်ကန်းယက်ရာ စရပ်သို့
သွား၏ဟုသိလျက် မေးတော်မူသည်မှာ ဤလူ၏အဖြစ်မှ တဘန်သွား၍
အဘယ်ဂတိ၌ ဖြစ်လိမ့်သနည်းဟု မေးတော်မူကုန်၏။ အကျွန်ုပ်သည်
လည်းဤကိုယ်၏အဖြစ်မှစုတေသော် အဘယ်ဂတိသို့သွား၍ဖြစ်လတ္တံ့
သည်ကိုမသိသောကြောင့်မသိဆိုပါသည်ဟုလျှောက်၏။ ထိုအခါမြတ်

www.dhammaransi.com



စွာဘုရားသည် ကောင်း၏ကောင်း၏သတို့သွီး၊ငါ၏အမေးကိုသင်သာ ဖြေနိုင်၏ဟု ကောင်းချီးပေးတော်မူ၍ တဘန်မေးတော်မူ၏။ အဘယ့်ကြောင့်သင်သည်မသိလောဟုငါမေးသော်သိပါ၏ဟုလျှောက်သနည်းဟူ၍မေးတော်မူပြန်သော်။ ရှင်ပင်ဘုရား၊သေရအံ့သောအဖြစ်ကိုသိပါ၏။ထိုကြောင့်ဤသို့လျှောက်ပါသည်ဟု လျှောက်သောအခါ၊ရှေးပြဿနာတို့ကိုဖြေရာ၌ကဲ့သို့ ကောင်းချီးပေးတော်မူ၏။ သင်သည်သိ၏လောဟုငါမေးသော် မသိပါဟုအဘယ့်ကြောင့် သင်ဆိုသနည်းမေးပြော်မူသော်။ ရှင်ပင်ဘုရား၊သေရလတ္တံ့သည်၏အဖြစ်ကိုသာသိ၍။ နေ့သေရအံ့၊ညသေရအံ့၊နံနက်သေရအံ့၊ ဤသို့အစရှိသဖြင့် သေရအံ့သောအခါကိုမသိပါသောကြောင့် အကျွန်ုပ် မသိဆိုပါသည်ဟု လျှောက်၏၊ ထိုအခါ၌လည်း ကောင်း၏ကောင်း၏သတို့သွီး၊ သင်သည်သာလျှင် ငါ၏အမေးကိုဖြေနိုင်၏ဟု ကောင်းချီးပေးတော်မူ၍၊ ပရိသတ်ကို ဆိုတော်မူ၏။ ဤမျှလောက်များစွာကုန်သောသင်တို့သည် ဤသတို့သွီးငယ်ဆိုသောအခြင်းအရာကို မသိကုန်၊ စင်စစ် ကဲ့ရဲ့တတ်ကုန်သည်သာလျှင်တည်း။ အကြင်သူတို့အား ပညာမျက်စိသည် မရှိ။ ထိုသူတို့သည် သူကန်းမည်ကုန်၏။အကြင်သူတို့အားပညာမျက်စိရှိကုန်၏၊ထိုသူတို့အား မျက်စိအမြင် ရှိကုန်၏ဟု မိန့်တော်မူ၍။ ။အန္ဓဘူတော အယံလောကော၊ တနုကေတ္ထ ဝိပဿတိ။ သကုဏော ဇာလမုတ္တောဝ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။ ။ဘောဂ္ဂေ၊ အိုလူများအပေါင်းတို့။ အယံ လောကော၊ ဤလောကသည်၊ အန္ဓဘူတော၊ ပညာ မျက်စိ မရှိသည်ဖြစ်၍ အမိုက်အတိသာဖြစ်၏။ ဧတ္ထ၊ဤလောက၌။ တနုကော၊ အနည်းငယ်မျှသောသူသည်။ ဝိပဿတိ၊ အနိစ္စ အစရှိသည်ဖြင့် မြင်နိုင်၏။ ဇာလမုတ္တော၊ မုဆိုးကွန်ယက်မှ လွတ်မြောက်နိုင်သော။ သကုဏော၊ငှက်သည်။အပ္ပေါဣဝ၊နည်းသကဲ့သို့။ အပ္ပေါ၊အနည်းငယ်သောသူသည်သာ။ သဂ္ဂါယ၊ နတ်ပြည့်အကျိုးငှါ။ ဂစ္ဆတိ၊သွား၏။ ။ဤဒေသနာတော်အဆုံး၌သတို့သွီးငယ်သည် သောတာပတ္တိဖိုလ်၌တည်လေ၏။ များစွာသောလူအပေါင်းအခုးလည်း သောတာပတ္တိဖိုလ်ကို ရခြင်းအစရှိသော အကျိုးရှိသည်သာ ဖြစ်၏။ ။ထိုသတို့သွီးသည်လည်း ယက်ဘောက်တောင်းကို ယူ၍ အဘ၏အထံသို့ သွား၏။ အဘသည် ထိုင်လျက် အိပ်ပျော်နှင့်၏။ အိပ်ပျော်သော အခြင်းအရာကို မမှတ်မူ၍

www.dhammaransi.com



ယက်ဘောက်တောင်းကိုကမ်းသော်ထိုသတို့သမီး၏တောင်းသည်လက်ခတ်စွန်းကိုခတ်မိ၍ အသံကိုပြု၍ကျ၏။ အဘသည် ကိုင်မြဲတိုင်းသောအမှတ်ဖြင့် လက်ခတ်ကိုင်၏။လက်ခတ်စွန်းသည် ထိုသတို့သမီးငယ်၏ရင်၌ခတ်မိ၏။ သတို့သမီးသည်ခတ်မိရာ၌ပင်သေ၍လည်းလေ၏။ ထိုအခါ၌အဘသည်ထိုသတို့သမီးကိုကြည့်သော် ကိုယ်၌သွေးလိမ်းကျံသဖြင့်သေသည်ကိုမြင်၍ ကြီးစွာသော စိုးရိမ်ခြင်းသည်ဖြစ်၏။ ထိုစိုးရိမ်ခြင်းကို ဘုရားမှ တပါးသောသူသည် ငြိမ်းစေခြင်းငှါ မတတ်နိုင်လတ္တံ့ဟု ငိုကြွေးလျက် မြတ်စွာဘုရား၏အထံတော်သို့သွား၍အကြောင်းကိုကြားလျှောက်၍။ ရှင်ပင်ဘုရား၊ အကျွန်ုပ်၏စိုးရိမ်ခြင်းကိုငြိမ်းပါစေကုန်လော့ဟုလျှောက်၏။ထိုယက်ကန်းသည်ကိုမြတ်စွာဘုရားသည်သက်သာစေ၍။ ဒါယကာ၊မစိုးရိမ်လင့်။ အစမထင်သောသံသရာဝဋ်၌ ဤယခုအခါ၌ကဲ့သို့ သင့်သမီး၏ သေသောအခါ၌ ယိုသော သင်၏မျက်ရည်သည် မဟာသမုဒြာ လေးစင်းရေထက် လွန်မြတ်၏ဟု မိန့်တော်မူ၍။ အစမထင် သံသရာဝဋ်၌ယှဉ်သော စကားကို ပြောဆိုတော်မူ၏။ ထိုအဘယက်ကန်းသည်သည် စိုးရိမ်ခြင်းခေါင်းပါးသည်ဖြစ်၍။ မြတ်စွာဘုရားအထံ၌ရဟန်းအဖြစ်ကိုတောင်းပန်၍ပဉ္စင်းရဟန်းအဖြစ်ကိုရ၍ မကြာမြင့်မီရဟန္တာအဖြစ်သို့ရောက်လေ၏။ ။

---

## ၂၁။ ဧကူနဝီသတိမဝါ၊ဝေဠုဝန်ကျောင်းတော်၌ ဝါဆိုတော်မူစဉ်၊ကုက္ကုဋမိတ္တမုဆိုးမယားကိုအကြောင်းပြု၍ ပါဏိမှိစေ-စသောဒေသနာကိုဟောတော်မူခြင်း။

အာဠဝီပြည်၌ မွေ့လျော်တော်မူသောအတိုင်းနေ၍ ဒေသစာရီကြွတော်မူသောအခါ။ ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူ၍ တဆဲ့ကိုးနှစ်မြောက်သောဝါကိုရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်၌ဝါဆိုတော်မူ၏။ ။ပါဏိမှိစေ၊ အစရှိသော တရားဒေသနာတော်ကို ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသော အခါ၊ ကုက္ကုဋမိတ္တ အမည်ရှိသော မုဆိုးကိုအကြောင်းပြု၍ ဟောတော်မူ၏။ အကြောင်းကား။ ရာဇဂြိုဟ်ပြည်၌တယောက်သောသူဌေးသမီးသည်အရွယ်သို့ရောက်သည်ရှိသော် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏ အထက်၌ အသရေ ရှိသော တိုက်၌

www.dhammaransi.com



စောင့်ရှောက်အံ့သောငှါ တယောက်သော အလုပ်အကျွေးကို ပေး၍အမိ အဘတို့သည် ထားအပ်သတည်း။ တနေ့သ၌ ညချမ်းသောအခါလေသာတံခါးဖြင့် ခရီးမကိုကြည့်သည်ရှိသော် ကျော့ကွင်းငါးရာ တံကျင်ငါးရာတို့ကိုယူ၍ သမင်တို့ကိုသတ်၍အသားကင်မွေးသော ကုက္ကုဋမိတ္တအမည်ရှိသောမုဆိုးကို၊ ငါးရာသောသမင်တို့ကိုသတ်၍၊ ထိုသမင်တို့၏အသားဖြင့် ကြီးစွာသောလှည်းကိုပြည့်စေ၍ လှည်းဦး၌နေပြီးလျှင်အမဲရောင်းအံ့သောငှါ မြို့သို့ဝင်လာသည်ကိုမြင်၍။ ထိုမုဆိုး၌တပ်သောစိတ်ရှိသည်ဖြစ်၍ အလုပ်အကျွေးငယ်၏လက်၌ လက်ဆောင်ပဏ္ဏာကိုပေး၍ သင်သွားချေ။ထိုလှည်းသမား၏သွားအံ့သောအခါကို သိအောင်မေး၍ လာခဲ့ဟု စေလိုက်၏။ ထိုအလုပ်အကျွေးငယ်သည် သွား၍ ထိုလှည်းသမားအား လက်ဆောင်ပဏ္ဏာကိုပေး၍ ယနေ့ အမဲကိုရောင်း၍နက်ဖြန်နံနက်စောစော ဤမည်သောတံခါးဖြင့် ထွက်၍သွားအံ့ဟု ထိုမုဆိုးဆိုသောစကားကို ကြား၍ လာခဲ့၍ ထိုသူဌေးသမီးအားကြား၏။သူဌေးသမီးသည် မိမိယူအပ်သည်နှင့်ယှဉ်သော အဝတ်ပဆိုးတန်ဆာကိုစီရင်၍၊ နံနက်စောစောက ညစ်နွမ်းသောအဝတ်ကိုဝတ်၍ ရေအိုးကိုယူ၍ ကျွန်မတို့နှင့်တကွ ရေဆိပ်သို့ သွားသကဲ့သို့ထွက်၍ ထိုတံခါးအရပ်သို့သွား၍ ထိုမုဆိုး၏အလာကိုကြည့်လျက်နေ၏၊ ထိုမုဆိုးသည်လည်း နံနက်စောစောလှည်းကိုနှင်လျက် ထွက်လေ၏။ ထိုသူဌေးသမီးသည်ထိုလှည်း၏နောက်မှသွားလေ၏။ထိုမုဆိုးသည်ထိုသူဌေးသမီးကိုမြင်၍ ငါတို့သည် သင့်ကို ဤမည်သောသူ၏သမီးဟူ၍ မသိကုန်။ ငါသို့အစဉ်မလိုက်ပါလင့်ဟုဆို၏၊သင်သည်ငါ့ကိုမခေါ်။ငါသည်မိမိသဘောအားဖြင့်လာ၏။ သင်သည်ဆိတ်ဆိတ်သာနေ၍ သင်၏လှည်းကိုသာနှင်လေလော့ဟုဆို၏။ ထိုမုဆိုးသည် အဘန်တလဲလဲ ထိုသူဌေးသမီးကို မြစ်သလျှင်ကတည်း။ထိုအခါသူဌေးသမီးသည် ထိုမုဆိုးကိုဆို၏။ အမောင်၊မိမိ၏အထံသို့ အသရေမည်သည် လာသည်ကို မြစ်အံ့သောငှါ မအပ်ဟူ၍ဆို၏။ ထိုမုဆိုးသည် ယုံမှားမရှိလျှင် မိမိ၏အထံသို့ ထိုသူဌေးသမီးလာသောအကြောင်းကိုသိ၍ ထိုသူဌေးသမီးကိုလှည်းပေါ်သို့တက်စေ၍သွားလေ၏။ထိုသူဌေးသမီး၏မိဘတို့သည်ကား ထိုမှဤမှရှာ၍မရလျှင်သေလေတော့သည်ဖြစ်လတ္တံ့ဟု သူသေအားရည်၍ ထမင်းကျွေးခြင်းကိုပြုကုန်၏။ ထိုသူဌေးသမီးသည် မုဆိုးနှင့်တကွ ပေါင်းဘော်ခြင်းကိုစွဲ၍

www.dhammaransi.com



အစဉ်သဖြင့် သားယောကျ်ားခုနစ်ယောက်ဘွားမြင်၍၊ ထိုသားတို့အရွယ်ရောက်သောအခါ အိမ်ရာထောင်ခြင်းဖြင့်နှောင်ဖွဲ့၏။ ထိုရောအခါ မြတ်စွာဘုရားသည် တနေ့သ၌မိုးသောက်သောအခါလောကကိုကြည့်တော်မူသော်။ သားခုနစ်ယောက်၊ ချွေးမခုနစ်ယောက်တို့နှင့်တကွ ကုဏ္ဍုဓာနမိတ္တမှူးဆိုးကိုဉာဏ်တော်၏အတွင်း၌ဝင်သည်ကိုမြင်၍၊ ဤသူအပေါင်းသည် အဘယ်သို့ဖြစ်လတ္တံ့နည်းဟု ရှုစမ်းတော်မူသည်ရှိသော်။ ထိုတကျိပ်ငါးယောက်ကုန်သောသူတို့အား သောတာပတ္တိမဂ်၏ ဥပနိဿယကိုမြင်တော်မူ၍၊ နံနက်စောစောကလျှင် သပိတ်သင်္ကန်းကိုယူတော်မူ၍။ ထိုမှူးဆိုး၏ ကျောင်းကွင်းထောင်ရာအရပ်သို့ ကြွတော်မူလေ၏။ ထိုနေ့၌ ကျောင်းကွင်း၌မိသော တခုသောသမင်မည်သည် မရှိ။ မြတ်စွာဘုရားသည် ထိုမှူးဆိုး၏ကျောင်းကွင်းရင်း၌ ခြေတော်ရာကို ပြ၍။ ရှေ့မှ တခုသောချုံအောက်အရိပ်၌နေတော်မူ၏။ ကုဏ္ဍုဓာနမိတ္တမှူးဆိုးသည်လည်း လေးကိုယူလျက် ကျောင်းကွင်းထောင်ရာသို့ သွား၍။ အစမှစ၍ ကျောင်းကွင်းတို့ကို ကြည့်သည်ရှိသော် ကျောင်းကွင်း၌မိသော သမင်တခုကိုမျှ မမြင်၊ မြတ်စွာဘုရားခြေတော်ရာကိုသာမြင်လေ၏။ ထိုအခါ မှူးဆိုးအား ဤသို့အကြံဖြစ်၏။ ဤခြေရာပြသောသူသည် ငါ၏ကျောင်းကွင်း၌မိသော သမင်တို့ကိုလွှတ်လတ္တံ့ဟုကြံလျက်၊ ထိုမှူးဆိုးသည် မြတ်စွာဘုရား၌ရန်ငြိုးဖွဲ့၍ သွားသော်။ ချုံရိပ်၌နေသော မြတ်စွာဘုရားကို မြင်၍။ ဤသူသည်ပင် ငါ၏သမင်တို့ကိုလွှတ်အပ်သည်ဖြစ်လတ္တံ့။ ထိုသူကိုသတ်အံ့ဟု လေးကိုတင်၏။ မြတ်စွာဘုရားသည် မြားကို လွှတ်အံ့သောဌါရင်း၊ ချအံ့သောဌါရင်းပေးတော်မမူ။ မှူးဆိုးသည်မြားကိုလွှတ်အံ့သောဌါရင်း၊ ချအံ့သောဌါရင်း မတတ်နိုင်သည်ဖြစ်၍ နံရိုးကျိုးအံ့သကဲ့သို့ ခံတွင်းမှ တံတွေးအမြှုပ်ယိုသဖြင့် ပင်ပန်းသောသဘောရှိသည်ဖြစ်၏။ ထိုအခါ ထိုမှူးဆိုး၏သားတို့သည် အဘ၏အိမ်သို့သွား၍ ငါတို့၏အဘသည်ကြာလေစွ။ ဤသို့ ကြာမြင့်ခြင်းသည် အကြောင်းအသို့နည်းဆို၍၊ ချစ်သားတို့၊ အဘ၏အထံသို့သွားကုန်လော့ဟု အမိသည်စေအပ်ရကား သားတို့သည် လေးကိုယူ၍ သွားကုန်သော်။ လေးကို မတင်နိုင် မချနိုင်ဘဲရှိသောအဘကိုမြင်၍၊ ဤချုံအောက်၌နေသောသူသည် ငါတို့အဘ၏ရန်သူဖြစ်လတ္တံ့ဟု ခုနစ်ယောက်သောသားတို့သည် လေးကိုတင်ကုန်၏၊ မြတ်စွာဘုရားတန်းခိုးတော်အားဖြင့် ထိုသူတို့၏အဘသည် လေးကို

www.dhammaransi.com



မတင်နိုင် မချနိုင်ဘဲ အမြှုပ်ထွက်၍ ပန်းပိုက်သကဲ့သို့ ထိုသားခုနစ်ယောက်တို့သည်လည်းရှိလေကုန်၏။ ထိုအခါ အမိသည် ငါ၏သားတို့သည် အဘယ်ကြောင့် ကြာလေကုန်သနည်းဟု ခုနစ်ယောက်သော ချွေးမတို့နှင့်တကွသွားလေ၍ ထိုအခြင်းအရာဖြင့်တည်ကုန်သော သားအဘရှစ်ယောက်တို့ကိုမြင်၍ 'အဘယ်သူအားပစ်အံ့ဟု ဤသူတို့သည် လေးတင်၍ နေကုန်သနည်းဟု ကြည့်သည်ရှိသော် မြတ်စွာဘုရားကို မြင်၍။လက်မောင်းကိုမြှောက်၍ ငါ၏ဘခင်ကိုမဖျက်ဆီးပါကုန်လင့်ဟု သည်းစွာသော အသံကို ပြု၏။ ကုက္ကုဋမိတ္တမုဆိုးသည် ထိုအသံကို ကြား၍ငါသည်စင်စစ်ဖျက်ဆီးသည်ဖြစ်၏။ ဤသူသည်ငါ၏ယောက္ခမ ပေတည်း။ ငါသည် ဝန်လေးသောအမှုကိုပြုမိချေ၏တကားဟု ကြံ၏။ ထိုမုဆိုး၏ သားတို့သည်လည်း ဤသူသည် ငါတို့အဘိုးဖြစ်သတည်း၊ ငါတို့အမှုသည် ဝန်လေး၏ဟု ကြံကုန်၏။ ကုက္ကုဋမုဆိုးသည် ဤသူသည် ငါ၏ယောက္ခမပေတည်းဟု မေတ္တာစိတ်ကိုဖြစ်စေ၏။သားခုနစ်ယောက်တို့သည် ငါတို့၏အဘိုးတည်းဟု မေတ္တာစိတ်ကို ဖြစ်စေကုန်၏။ထိုရောအခါ၌ သားတို့၏အမိသည် လျင်စွာလေးတို့ကိုစွန့်ပစ်စေ၍။ ငါ၏အဘကို သည်းခံပါစေဟုဆို၏။ မြတ်စွာဘုရားသည် ထိုသူတို့၏ နူးညံ့သောစိတ်ကို သိတော်မူ၍၊ လေးကို ချနိုင်စေခြင်းငှါ အခွင့်ပေးတော်မူ၏။ထိုအလုံးစုံသောသူတို့သည် မြတ်စွာဘုရားကိုရှိခိုး၍။ရှင်ပင်ဘုရား၊အကျွန်ုပ်တို့အား သည်းခံတော်မူပါဟု သည်းခံစေ၍ တင့်အပ်သောအရပ်၌နေကုန်၏။ ထိုအခါထိုသူတို့အား မြတ်စွာဘုရားသည်ဒါနသီလအစရှိသောအစဉ်စကားကို ပြောဟောတော်မူ၏။ဒေသနာတော်အဆုံး၌ ကုက္ကုဋမိတ္တမုဆိုးသည် သားခုနစ်ယောက်တို့နှင့်ရင်း၊ ချွေးမခုနစ်ယောက်တို့နှင့်ရင်းတကွ မိမိလျှင်တကျိပ်ငါးယောက်မြောက်ဖြစ်၍ သောတာပတ္တိဖိုလ်၌တည်လေကုန်၏။ ။

မြတ်စွာဘုရားသည် ဆွမ်းခံကြွတော်မူ၍ ဆွမ်းဘုန်းပေးတော်မူပြီးသော် ကျောင်းသို့ကြွတော်မူလေ၏ ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို။ ရှင်ပင်ဘုရား၊အဘယ်အရပ်သို့ကြွတော်မူချေသနည်းဟု မေး၏။ အာနန္ဒာ၊ ကုက္ကုဋမိတ္တမုဆိုး၏အထံသို့ သွားချေသည်ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ပါဏာတိပါတ်ကို ပြုသောသူ၏အထံသို့ အရှင်ဘုရားတို့၏ ကြွခြင်းသည် အကြောင်းအသို့

www.dhammaransi.com



ဖြစ်သနည်းဟု လျှောက်သော်။ ဩဝါဒါနန္ဒာ၊ ထိုကုဏ္ဍဓာနမိတ္တမှုဆိုးသည် သားချေးမ တကျိပ် လေးယောက်တို့နှင့် ဘကွ မိမိကိုယ်လျှင် တကျိပ်ငါးယောက်မြောက်ဖြစ်၍၊ မတုန်လှုပ်သောသဒ္ဓါခြင်းနှင့်တည်၍၊ သုံးပါးသောသရဏဂုံတို့၌ ယုံမှားကင်းသည်ဖြစ်၍၊ မကောင်းမှုကိုမပြုသည်ဖြစ်ကုန်ပြီဟုမိန့်တော်မူလျှင်။ရဟန်းတို့သည်လျှောက်ပြန်ကုန်၏။ ရှင်ပင်ဘုရား။ ထိုမှုဆိုးအား မယားသည်လည်းရှိသည်မဟုတ်လောဟု လျှောက်ကုန်၏။ ချစ်သားရဟန်းတို့၊ မယားရှိသည်ဟုတ်၏။ ထိုမယားသည် အမိအဘတို့၏အိမ်၌သတို့သမီးငယ်ဖြစ်၍ သောတာပတ္တိဖိုလ်သို့ ရောက်၏ဟုမိန့်တော်မူ၏။ ။ရဟန်းတို့သည်စကားကိုဖြစ်စေကုန်၏။ ကုဏ္ဍဓာနမိတ္တမှုဆိုး၏ မယားသည် သတို့သမီးငယ်ဖြစ်သော အခါ၌ပင် သောတာပတ္တိဖိုလ်သို့ရောက်၏။ ထိုမှုဆိုး၏အိမ်သို့ရောက်၍ ခုနစ်ယောက်သော သားတို့ကို ရ၏၊ ဤမျှသောကာလပတ်လုံး မိမိလင်သည် လေးကိုဆောင်ခဲ့လော့။ လှံကိုဆောင်ခဲ့လော့။ မြားတို့ကိုဆောင်ခဲ့လော့။ပိုက်တို့ကိုဆောင်ခဲ့လော့ဟုဆိုအပ်သည်ရှိသော် ထိုအလုံးစုံကိုယူ၍ပေး၏။ ထိုမှုဆိုးသည်လည်း ထိုမယားပေးအပ်သောလေးမြားစသည်တို့ကိုယူ၍တောသို့သွား၍ပါဏာတိပါတ်ကိုပြု၏။ အကြောင်းအသို့နည်း၊ သောတာပန်တို့ပင်တည်းသူ့အသက်သတ်ခြင်းကိုပြုကုန်သေးသလော။ဤသို့ စကားကိုဖြစ်စေကုန်၏။ ။မြတ်စွာဘုရားသည် တရားသဘင်သို့လာတော်မူ၍။ ချစ်သားရဟန်းတို့၊ယခုငါလာတော်မူသောအခါ၌ အဘယ်မည်သောစကားကြောင့်စည်းဝေးကြကုန်သနည်းဟု မေးတော်မူလျှင်။ ဤမည်သောစကားကြောင့်ဟူ၍ နားတော်လျှောက်ကြလေသော်။ ချစ်သားရဟန်းတို့၊သောတာပန်တို့သည် ပါဏာတိပါတ်ကိုမပြုကုန်။ ထိုကုဏ္ဍဓာနမိတ္တမှုဆိုး၏မယားသည်ကား လင်၏စကားကိုလိုက်နာအံ့ဟူ၍ ထို လေး မြား လှံ အစရှိသည်တို့ကိုပေးခြင်းကိုပြု၏။ ဤလက်နက်တို့ကို ယူ၍ ဤမှုဆိုးသည် တောသို့သွား၍ သူ့အသက်သတ်ခြင်းကိုပြုစေသတည်းဟု မှုဆိုးမယားအားစိတ်သည်မရှိ။ ဥပမာကား လက်ဝါး၌အမာမရှိသောသူအား အဆိပ်ကိုပင်ကိုင်သော်လည်းထိုအဆိပ်သည်လောင်အံ့သော၄ါ မတတ်နိုင်သကဲ့သို့။ ထိုအတူ အကုသိုလ်စေတနာ၏ မဖြစ်ခြင်းဖြင့် မကောင်းမှုကိုပြုသောသူအား လေးအစရှိသည်တို့ကိုထုတ်၍ ပေးငြားသော်လည်း မကောင်းမှုမည်သည်မဖြစ်ဟုမိန့်တော်မူ၍ တရား

www.dhammaransi.com



ဟောတော်မူလိုသော မြတ်စွာဘုရားသည်။ ။ပါဏိမှိ စေ ဝဏော နာဿ၊ ဟရေယျ ပါဏိနာ ဝိသံ။ နာဗ္ဗဏံ ဝိသမန္ဝေတိ၊ နတ္ထိ ပါပ မကုဗ္ဗတော။ ။ဟူသော ဂါထာကို ဟောတော်မူ၏။ ။အဓိပ္ပါယ်ကား။ လက်ဝါး၌အမာရှိသည်မဖြစ်အံ့။ လက်ဝါးဖြင့် အဆိပ်ကိုဆောင်ငြားအံ့၊ အမာမရှိသောလက်ဝါးသို့ အဆိပ်သည်မလိုက်သကဲ့သို့ အသက်သတ်ခြင်းကိုမပြုမူ၍ လေးလှံကိုကိုင်ကာမျှဖြစ်သောသူအားမကောင်းမှုသည် မရှိဟူလိုသည်။ ။ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်အစရှိသည်တို့သို့ရောက်ကုန်၏။ ။

---

## ၂၂။ ထိုကုက္ကုဋမိတ္တမုဆိုးလင်မယားသားချွေးမတို့၏ အတိတ်ဝတ္ထုကိုဟောတော်မူရာ။

သားချွေးမနှင့် တကွ ကုက္ကုဋမိတ္တအား သောတာပတ္တိမဂ်၏ ဥပနိဿယသည် အကြောင်းအဘယ်သို့နည်းဟု ရဟန်းတို့သည် စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရား လာတော်မူ၍။ ချစ်သား ရဟန်းတို့၊ ယခုအခါ၌ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟုမေးတော်မူ၍ ဤမည်သောစကားကြောင့်တည်းဟု လျှောက်ပေသော်။ ချစ်သားတို့၊ လွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရား၏ဓာတ်တော်စေတီကို စီရင်ကုန်သော် ဤသို့ဆိုကုန်၏။ ဤစေတီအား သလွတ်မြေသည် အဘယ်သို့ ဖြစ်လတ္တံ့နည်း၊ ရေသည် အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု တိုင်ပင်ကုန်သော်။ ဆေးဒန်းမြင်းသီလာသည် သလွတ်မြေ ဖြစ်လတ္တံ့။ နှမ်းဆီသည် ရေဖြစ်လတ္တံ့ဟုကြံကုန်၏။ ထိုသူတို့သည် ဆေးဒန်းမြင်း သီလာကို ညက်စွာထောင်းထု၍ နှမ်းဆီဖြင့်နယ်၍ အုတ်တို့ကိုစီ၍ ရွှေဖြင့် အတွင်း၌စီကုန်၏။ အပရုတ်၌ကား တခဲနက်ရွှေအုတ်တို့သည်ဖြစ်ကုန်၏။ တချပ်တချပ်သော အုတ်တို့သည် အဘိုး အသပြာတထောင် ထိုက်ကုန်၏။ ထိုသူတို့သည်ဓာတ်တော်စေတီဟော်ပြီးလျှင်ကြံကုန်၏။ ဓာတ်တော် မြှုပ်ထားသောကာလ၌ များစွာသောဥစ္စာဖြင့် လိုအပ်၏။ အဘယ်သူကို အကြီး ပြုကုန်အံ့နည်းဟု ကြံကုန်သော်။ ထိုသူတို့တွင် တယောက်သောရွာနေသူဌေးသည် ငါသည် အကြီးဖြစ်အံ့ဟု ဓာတ်တော်မြှုပ်ထားသောအခါ၌ တကုဋေသော ငွေကိုထည့်၏။ ထိုသို့ထည့်

www.dhammaransi.com



သည်ကိုမြင်၍ဤမြို့နေသူဌေးသည် ဥစ္စာပေါများပါလျက်ဤသို့သဘောရှိသောစေတီတော်၌ အကြီးဖြစ်အံ့သောငှါ မတတ်နိုင်။ ရွာနေသူဌေးသည် သပြာတကုဋေကိုထည့်၍ အကြီးဖြစ်လေပြီဟုကဲ့ရဲ့ကုန်၏။မြို့နေသူဌေးသည် ထိုသူတို့၏ကဲ့ရဲ့သောစကားကိုကြား၍ ငါသည်အသပြာနှစ်ကုဋေထည့်၍အကြီးဖြစ်အံ့ဟုပေး၏။ရွာနေသူဌေးသည် ငါသာလျှင်အကြီးဖြစ်လတ္တံ့ဟူ၍ သုံးကုဋေသောအသပြာကို ပေး၏။ ဤသို့သောနည်းဖြင့်ပွါး၍ မြို့နေသူဌေးသည်ရှစ်ကုဋေသောအသပြာတို့ကိုပေး၏။ ရွာနေသူဌေး၏ အိမ်၌ကား ကိုးကုဋေသော အသပြာသည်သာ ရှိ၏။ မြို့နေသူဌေး၏အိမ်၌ကား လေးဆဲ့လေးကုဋေသောအသပြာဥစ္စာသည်ရှိ၏။ ထိုကြောင့် ရွာနေသူဌေးသည် ကြံ၏။ ငါသည် ကိုးကုဋေသောအသပြာတို့ကိုပေးအံ့ဟု အကယ်၍ဆိုအံ့။ ထိုမြို့နေသူဌေးသည် ဆယ်ကုဋေသောအသပြာကို ပေးလတ္တံ့။ ထိုအခါ၌ ငါ့အားမြှုပ်ထားသောဥစ္စာသည်လည်းမထင်လတ္တံ့။ဤသို့ကြံပြီး၍ ထိုရွာနေသူဌေးသည်ဤသို့ဆို၏။ငါသည် ကိုးကုဋေသောအသပြာကိုလည်းပေးအံ့။သားမယားနှင့်တကွ စေတီတော်၏ကျွန်သည်လည်းဖြစ်လတ္တံ့ဟု ဆို၍ ခုနစ်ယောက်သောချွေးမ၊ခုနစ်ယောက်သောသားတို့ကိုရင်း၊ မယားသူဌေးမကိုရင်းယူ၍ မိမိကိုယ်နှင့်တကွစေတီတော်အားဆောက်နှင်း၏။တိုင်းနေသူတို့သည် ဥစ္စာမည်သည်ကိုဖြစ်စေခြင်းငှါတတ်ကောင်း၏။ကိုယ်ကိုဆောင်နှင်းခြင်းငှါသာခဲခက်သည်။ ဤရွာနေသူဌေးသည်ကား သားမယားနှင့်တကွ မိမိကိုယ်ကို ဆောက်နှင်းပေ၏။ ဤသူသည်သာ အကြီးဖြစ်စေသတည်းဟု ထိုရွာနေသူဌေးကိုသာလျှင် အကြီးတင်ကြကုန်၏၊ ဤသို့အားဖြင့် ထိုတကျိပ်ခြောက်ယောက်သောသူတို့သည် စေတီတော်၏ကျွန်ဖြစ်ကုန်၏။ လူများတို့သည် ထိုသူတို့ကို တော်လှန်သည်ကိုပြုကုန်၏။ ဤသို့တော်လှန်ပြီးသော်လည်း စေတီတော်ကိုသာသုတ်သင်လျက်အသက်ရှည်သမျှသော ကာလပတ်လုံး တည်၍၊ ထိုကိုယ်၏ အဖြစ်မှစုတေကုန်သော် နတ်ပြည်၌ဖြစ်လေကုန်၏။ထိုသူတို့သည်ဘုရားတဆူနှင့် တဆူအကြား နတ်ပြည်၌ ကျင်လည်ကုန်ပြီးသော်။ ဤငါတို့ဘုရားဖြစ်တော်မူသော အခါ၌ မယားသည် နတ်ပြည်မှစုတေခဲ့၍ ရာဇဂြိုဟ်ပြည်၌သူဌေးသမီးဖြစ်လေ၏။ထိုသူဌေးသမီးသည် သတို့သမီးငယ်ဖြစ်သော အခါကပင် သောတာပန်ဖြစ်၏။ မမြင်အပ်သေးသော သစ္စာရှိ

www.dhammaransi.com



သောသူအား ပဋိသန္ဓေနေခြင်းမည်သည်ကား ဝန်လေး၏။ ထိုကြောင့် ထိုသတို့သမီး၏လင်ဖြစ်သည်နတ်ပြည်မှလူ့ပြည်သို့ပြန်သည်ရှိသော်မူဆိုး၏အိမ်၌ဖြစ်လေ၏၊ ထိုမုဆိုးအား မြင်သည်နှင့်တကွ သူဌေးသမီး၏ချစ်ခြင်းသည်လွှမ်းမိုး၏၊ ။ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။ ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။ ။ဟူ၍ဘုရားဟောတော်မူ၏။ ။ထိုသတို့သမီးသည် ရှေး၌ချစ်ခြင်းဖြင့်မုဆိုးအိမ်သို့ရောက်လေ၏။ သားတို့သည်လည်းနတ်ပြည်မှစုတေ၍ ထိုသူဌေးသမီးဝမ်း၌ပဋိသန္ဓေယူကုန်၏။ ချွေးမတို့သည် ထိုထိုသို့သောအမျိုးတို့၌ ဖြစ်ကုန်၍လည်း အရွယ်ရောက်သောအခါ ထိုသူတို့၏အိမ်သို့သာ ရောက်ကုန်၏၊ ဤသို့လျှင် ထိုအလုံးစုံသောသူတို့သည် ကဿပဘုရားဖြစ်သောအခါ စေတီတော်ကို ပြုစုသုတ်သင်ဖြင်ဆင်သောကောင်းမှု၏ အာနုဘော်ကြောင့် သောတာပတ္တိဖိုလ်သို့ရောက်ကုန်၏၊ ဤသို့အစရှိသော တရားဒေသနာတော်ဖြင့် တဆဲ့ကိုးဝါမြောက်ဝါ၌ များစွာသောဝေနေယျတို့ကိုတရားအမြိုက်တိုက်ကျွေးတော်မူ၏။ ။

ဘုရားဖြစ်တော်မူသည်မှစ၍ ဤတဆဲ့ကိုးဝါမြောက် ရာဇဂြိုဟ်ပြည်၌ဝါဆိုတော်မူသည်တိုင် မြတ်စွာဘုရားသည် အနိယတဝုတ္ထုမမြဲသောနေခြင်းဖြင့် အလှည့်အလည် ဝါဆိုတော်မူသတည်း။ ။အဝါနှစ်ဆယ်ပြည့်ဝါမှစ၍ နှစ်ဆဲ့ငါးဝါမြောက်တိုင်အောင် နှစ်ဆဲ့ခြောက်နှစ်ပတ်လုံးကား၊ သာဝတ္ထိပြည်၌ အနာထပိဏ်သူဌေး၊ ဝိသာခါ ဒါယိကာမတို့၏ကျေးဇူးကြီးသောအဖြစ်ကိုစွဲ၍အမြဲဝါဆိုတော်မူ၏။ ဇေတဝန်ကျောင်းတော်၌ အဝါနှစ်ဆယ်၊ ပုဗ္ဗါရုံကျောင်းတော်၌ ခြောက်ဝါဆိုတော်မူ၏။ အဆုံးစွန် လေးဆဲ့ငါးဝါမြောက်၌ကား၊ ဝေသာလီပြည်၏အနီး၊ ဗေလုဝရွာ၌ဝါဆိုတော်မူသတည်း။ ။

---

## ၂၃။ ဝိသတိမဝါ၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ်၊ ဝန်တိုစဉ်းလဲသောအာနန္ဒာသူဌေးကိုအကြောင်းပြု၍၊ ပုတ္တာမတ္ထိ-စသောဒေသနာကိုဟောတော်မူခြင်း။

တဆဲ့ကိုးဝါမြောက် ဝါကျွတ်တော်မူလျှင် ဒေသစာရီ ကြွတော်မူသောအားဖြင့် သာဝတ္ထိပြည်သို့ ရောက်တော်မူ၍ ဇေတဝန် ကျောင်း

www.dhammaransi.com



တော်၌နေတော်မူ၏။ ။မြတ်စွာဘုရားသည်ဇေတဝန်ကျောင်းတော်၌နေတော်မူသောအခါ အာနန္ဒာသူဌေးကို အကြောင်းပြု၍၊ပုတ္တ မတ္တိ အစရှိသောတရားကိုဟောတော်မူ၏။ အကြောင်းဝတ္ထုကား။သာဝတ္ထိပြည်၌ အကုဋေရှစ်ဆယ်ကြွယ်သော အာနန္ဒာသူဌေးသည် ရှိ၏။ ထိုသူဌေးသည် အလွန်ဝန်တိုသည် ဖြစ်၏။ ထိုသူဌေးသည် လခွဲတကြိမ် အဆွေအမျိုးတို့ကို စည်းဝေးစေ၍၊ မူလသိရိ အမည်ရှိသော သားကို သုံးပါးသောအခါတို့၌ဤသို့ဆုံးမ၏။ အကုဋေလေးဆယ်သောဥစ္စာကို များ၏ဟု အမှတ်မပြုလင့်။ ထင်ရှားရှိသောဥစ္စာကို သူတပါးအားမပေးအပ်။ အသင်ဖြစ်သော ဥစ္စာကို ဖြစ်စေအပ်၏။ တသပြာ တသပြာကို ပင် သိုးဆောင်ခြင်းကို ပြုသောသူအား ဥစ္စာသည် ကုန်လတ်သလျှင်ကတည်း။ ထို့ကြောင့် မျက်စဉ်းတို့၏ကုန်ခြင်းကိုမြင်၍၊ ခြတို့၏ မြူမှုန်ပေါင်းစုခြင်းကိုရင်း၊ ပျားတို့၏ဝတ်ရက်ပေါင်းစုခြင်းကိုရင်းမြင်၍ပညာရှိသောသူသည် အိမ်၌နေရာ၏ဟု။ အဉ္ဇနာနံ ခယံ ဒိသွာ။စသောဂါထာကိုရွတ်၍ဆုံးမ၏။ ။ထိုသူဌေးသည် အခါတပါးသော် မိမိမြှုပ်ထားအပ်သော ရွှေအိုးငါးလုံးတို့ကို သားအားမကြားမူ၍လျှင် ဝန်တိုခြင်းဟူသောအညစ်အကြေးလိမ်းကျံသည်ဖြစ်၍သေလေသော်။ထိုသာဝတ္ထိပြည်၌သာလျှင် တခုသောတံခါးအနီး ဒွန်းစဏ္ဍားတို့နေရာအိမ်ခြေတထောင်ရှိသောရွာဝယ် တယောက်သောဒွန်းစဏ္ဍားမ၏ဝမ်း၌ပဋိသန္ဓေယူလေ၏ မဟာကောသလမင်းကြီးသည် ထိုသူဌေးသေသောအကြောင်းကိုကြား၍ ထိုသူဌေး၏သားမူလသိရိကိုခေါ်စေ၍ သူဌေးအရာ၌ ထား၏။ ထိုဒွန်းစဏ္ဍားတထောင်သည် ဟပေါင်းတည်းအခစားသဖြင့် အမှုကိုပြု၍ အသက်မွေးသည်ရှိသော် ထိုသူဌေး၏ ပဋိသန္ဓေနေသောအခါမှစ၍ အခကိုမရ၊ မျှလောက်ရုံသောထမင်းမှအလွန်ဖြစ်သောထမင်းတခဲကိုမျှလည်းမရ။ထိုဒွန်းစဏ္ဍားတထောင်တို့သည်ငါတို့သည်ယခုအခါ၌ထမင်းတခဲကိုမျှမရကုန်။ငါတို့အပေါင်း၌ တယောက်သောသူယုတ်မာရှိသည်ဖြစ်ရာ၏ဟု နှစ်ဖို့ခွဲ၏။ အကြင်မျှလောက် ထိုသူ၏အမိအဘတို့သည်အသီးဖြစ်ကုန်၏။ထိုမျှလောက်ခွဲ၍။ဤအိမ်၌ သူယုတ်သည်ဖြစ်၏ဟုအမိကိုစွန့်ပစ်နှင်ထုတ်ကုန်၏။ထိုအမိသည်လည်းအကြင်မျှလောက်သောကာလပတ်လုံး ထိုသူသည်ဝမ်း၌ဖြစ်၏။ ထိုမျှလောက် ထမင်းကိုငြိုငြင်သဖြင့် ရှာ၍သားဘွားရ၏။ ထိုသူငယ်အား လက်ခြေမျက်စိနား

www.dhammaransi.com



နှာခေါင်းတို့သည်ရှင်း၊ ခံတွင်းသည်ရှင်း၊ တည်မြဲတိုင်းအရာ၌ မတည်ကုန်။ ထိုသူသည် ဤသို့သဘောရှိသောအင်္ဂါကြီးငယ်၏ချို့တဲ့ခြင်းဖြင့် မြေဘုတ်ဘီလူးကဲ့သို့ အဆင်းမလှသည် ဖြစ်၏။ ဤသို့ဖြစ်သော်လည်း ဝမ်း၌ အောင်းသောသား၌ ချစ်ခြင်း အားကြီးသည်ဖြစ်၍။ အမိသည် ထိုသားကိုမစွန့်။ ထိုအမိသည် ထိုသားကို ပြုပြင်သဖြင့် မွေးကျွေးသည်ရှိသော် ထိုသူငယ်ကိုယူ၍ လှည့်ပတ်သွားလာ တောင်းစားသောနေ့၌ တစုံတခုမျှမရ။ အိမ်၌ထားခဲ့၍ မိမိချည်းသွား၍တောင်းစားသောနေ့၌ စားလောက်ရုံရ၏။ ထိုအခါ ထိုသူငယ်၏မိမိအလျောက်တောင်းစား၍ အသက်မွေးစွမ်းနိုင်လောက်သောအရွယ်သို့ ရောက်လေလျှင် ခွက်ကို လက်၌ထား၍ ချစ်သား၊ငါတို့သည် သင့်ကိုမှီ၍ကြီးစွာသောဆင်းရဲသို့ ရောက်ပြီ။ယခုအခါ ငါတို့သည် သင့်ကိုမမွေးနိုင်ပြီ၊ ဤမြို့၌အဧည့်ကျန် ခရီးသွားစသည်တို့အား စီရင်အပ်သောထမင်းတို့သည် ရှိကုန်၏။ ထိုအရပ်၌ တောင်းစား၍ အသက်မွေးလေတော့ဟု ထိုသူငယ်ကို လွှတ်လိုက်၏။ ထိုသူငယ်သည် အိမ်စဉ်အတိုင်း အတောင်းစား သွားသော်။ အာနန္ဒာသူဌေးဖြစ်စဉ်ကနေရာအရပ်သို့ရောက်၍။ အမျိုးမာန်ဖြင့် ယစ်သည်ဖြစ်၍ မိမိအိမ်သို့ဝင်လေ၏။ တံခါးသုံးတန်တို့၌ တရုံတယောက်သောသူသည် ထိုသူကိုမမှတ်မိ၊ လေးခုမြော တံခါးမှတ်၌ မူလသိရိသူဌေးသားသည်မြင်၍ ထိတ်လန့်သောနှလုံးရှိသည်ဖြစ်၍ ငို၏။ ။ထိုအခါ ထိုသူကို သူဌေးကျွန်ယောကျ်ားတို့သည် ဟယ်သူယုတ်၊ ထွက်လေ့ဟု သတ်ပုတ် တွန်းထိုး နှင်ထုတ်၍ တံမြက်ချေးစွန့်ရာ၌ ပစ်ထားကုန်၏။ အာနန္ဒာမထေရ် နောက်လိုက်ရဟန်းရှိသည်ဖြစ်၍ ဆွမ်းခံကြွတော်မူသောမြတ်စွာဘုရားသည် ထိုသူအကောင်ကိုမြင်၍၊ အရှင်အာနန္ဒာကို ပြန်၍ ကြည့်တော်မူသဖြင့် အရှင်အာနန္ဒာ မေးလျှောက်သော် ထိုအကြောင်းကိုကြားတော်မူ၍။ အရှင်အာနန္ဒာကို မူလသိရိသူဌေးကို ခေါ်စေ၏။ များစွာသောလူအပေါင်းသည်လည်း စည်းဝေး၏။ မြတ်စွာဘုရားသည် မူလသိရိသူဌေးကိုခေါ်၍ ဤသူကိုသင်သိ၏လောဟုမေး၍ မသိပါဟုလျှောက်သော်။ သင်၏အဘ အာနန္ဒာသူဌေးပင်တည်းဟု မိန့်၍ မယုံသော်၊ အာနန္ဒာသူဌေး၊သင်၏ရွှေအိုးငါးလုံးတို့ကို ကြားဘိလော့ဟု ကြားစေ၍ မူလသိရိသူဌေးကို ယုံကြည်စေ၏။ ထိုမူလသိရိသူဌေးသည် မြတ်စွာဘုရားကိုကိုးကွယ်ခြင်းသို့ရောက်၏။မြတ်စွာဘုရားသည်

www.dhammaransi.com



သူဌေးအား တရားဟောလိုသည်ဖြစ်၍။ ။ပုတ္တာ မတ္ထိ ဓနံ မတ္ထိ၊ ဣတိ ဗာလော ဝိဟညတိ။ အတ္တာပိ အတ္တနော နတ္ထိ၊ ကုတော ပုတ္တာ ကုတော ဓနံ။ ။ဟူ၍ ဟောတော်မူ၏။ ။အဓိပ္ပါယ်ကား။ သားသည် ရှိ၏။ ဥစ္စာသည်ရှိ၏။ ဤသို့သား၌တပ်သဖြင့် ဥစ္စာ၌တပ်သဖြင့် သူမိုက်သည် ဆင်းရဲပင်ပန်း၏။ မိမိကိုယ်သည်ပင်လျှင်မိမိ၏ကိုးကွယ်ရာမဖြစ်။သားသည်ရှင်း။ ဥစ္စာသည်ရှင်း။ အဘယ်မှာ ကိုးကွယ်ရာဖြစ်အံ့နည်း ဟူလိုသည်။ ။ဒေသနာတော်အဆုံး၌ ၅စ်သောင်းလေးထောင်သောဝေနေယျတို့သည် သစ္စာလေးပါးတရားကို သိကုန်၏။ ။ဤသို့ အစရှိသော တရားဒေသနာတော်ဖြင့်များစွာသောဝေနေယျတို့ကိုတရားဟောရွတ်ကယ်ချွတ်တော်မူ၏။ ။ဤဝါသည်နှစ်ဆယ်ပြည့်ဝါတည်း။ ။

---

## ၂၄။ သာဝကအစည်းအဝေး၌မြတ်စွာဘုရား အလုပ်အကျွေးအလို့ငှါရွေးချယ်ခြင်း။ဆ၅စ်ပါးကိုယူ၍ ၅င်အာနန္ဒာလုပ်ကျွေးခြင်းတို့ကိုပြရာ။

ဤသို့လျှင် ပဌမဗောဓိအဝါနှစ်ဆယ်တို့ပတ်လုံး မြတ်စွာဘုရားအား အလုပ်အကျွေးတို့သည် အမြဲမရှိကုန်။ တရံတခါ နာဂသမာလထေရ် လုပ်ကျွေး၏။ တရံတခါ ဥပဝါဏထေရ်သည်လည်း လုပ်ကျွေး၏။ တရံတခါ သုနက္ခတ္တထေရ်။ တရံတခါ စန္ဒသာမဏေကြီး။ တရံတခါ သာဂတထေရ်။တရံတခါ ရာဓထေရ်။ တရံတခါ မေဃိယထေရ်လုပ်ကျွေးသတည်း။ အ၅င်မေဃိယထေရ်ကား တဆဲ့၅စ်ဝါမှစ၍ နှစ်ဆယ်ပြည့်ဝါတိုင်အောင် လုပ်ကျွေးသတည်း။ ။နာဂသမာလထေရ် လုပ်ကျွေးသောအခါ၌ မြတ်စွာဘုရားသည် ထိုမထေရ်နှင့်တကွခရီးသွားတော်မူသော်။ နှစ်ဖြာခွဲသောခရီးသို့ရောက်လေလျှင်၊ထိုမထေရ်သည် ခရီးလွှဲ၍။ အ၅င်ဘုရား၊ အကျွန်ုပ်သည် ဤခရီးဖြင့်သွားအံ့ဟုလျှောက်၏။ မြတ်စွာဘုရားလည်း၊ ရဟန်း၊လာလော့။ ဤခရီးဖြင့်သွားကုန်အံ့ဟုမိန့်၏၊ ထိုအခါ ထိုမထေရ်သည်။ ၅င်ပင်ဘုရား၊ သပိတ်သင်္ကန်းကို ယူတော်မူ။ ဤခရီးဖြင့်အကျွန်ုပ်သွားအံ့ဟုဆို၍ သပိတ်သင်္ကန်းကို မြေ၌ချမည်ပြု၏။ ထိုအခါ မြတ်စွာဘုရားသည်၊ ရဟန်း၊ ဆောင်ယူခဲ့လော့ဟု မိန့်တော်မူ၍။ သပိတ်သင်္ကန်းကိုယူ၍ ကြွတော်မူရ၏၊ ခရီးတကြောင်းဖြင့်သွား

www.dhammaransi.com



လေသောထိုမထေရ်၏သပိတ်သက်န်းတို့ကို ခိုးသူယူလေ၏။ဦးခေါင်းကိုလည်းကွဲအောင်ရိုက်ပုတ်ကုန်၏။ထိုရဟန်းသည် ယခုအခါ ဘုရားသချင်း ကိုးကွယ်ရာ ဖြစ်တော့သည်၊ တပါးကိုးကွယ်ရာမရှိပြီ ကြံ၍၊ သွေးယိုသောဦးခေါင်းဖြင့် မြတ်စွာဘုရားအထံတော်သို့ လာပြန်သောကြောင့်။ ရဟန်း၊ ဤအမှုသည် အသို့နည်းဟု မိန့်တော်မူသော် ထိုအကြောင်းကိုကြားလျှောက်၏။ ထိုအခါ၊ရဟန်း၊မကြံလင့်။ ဤအကြောင်းကိုမြင်၍သင့်ကိုငါမြစ်တားပြီမိန့်၍သက်သာစေ၏။ ။မေဃိယထေရ်လုပ်ကျွေးသောအခါ၌လည်း ထိုမထေရ်နှင့်တကွ မြတ်စွာဘုရားသည် ပါစိနဝံသဒါယ၌ ဇန္တုရွာသို့ကြွတော်မူ၏။ ထိုမထေရ်သည် ထိုဇန္တုရွာ၌ဆွမ်းခံလေသော် မြစ်နား၌ကြည်ညိုဘွယ်ရှိသော သရက်တောကိုမြင်၍၊ ရှင်ပင်ဘုရား၊သပိတ်သက်န်းကိုယူတော်မူ။ အကျွန်ုပ်သည် ဤသရက်ဥယျာဉ်၌ ရဟန်းတရားကိုပြုပါအံ့ဟုဆို၍ မြတ်စွာဘုရားသည် သုံးကြိမ်မြောက်အောင်မြစ်ဟားသော်လည်းသွား၍ အကုသလဝိတက်ဖြင့် အဘန်တလဲလဲနှိပ်စက်သည်ဖြစ်၍ တဘန်ပြန်လာ၍အကြောင်းကိုလျှောက်၏။ထိုမေဃိယထေရ်ကိုလည်း ဤအကြောင်းကိုမြင်၍ သင့်ကိုငါမြစ်တားအပ်ပြီဟုမိန့်တော်မူ၍နှစ်သိမ့်စေ၏။ ။

နှစ်ဆယ်ပြည့်ဝါ ဇေတဝန်ကျောင်းတော်၌ဝါဆို၍ ဒေသစာရီကြွတော်မူသျှင် အစဉ်သဖြင့် သာဝတ္ထိပြည်သို့ရောက်တော်မူ၍။ ဂန္ဓကုဋိပရိဝုဏ်၌ ခင်းအပ်သောဘုရားနေရာ၌နေတော်မူလျက် ရဟန်းသံဃာခစားခြံရံလာသောအခါ၌ ရဟန်းတို့ကိုခေါ်တော်မူ၍၊ချစ်သားရဟန်းတို့၊ယခုအခါ၌ ငါသည် အသက်အရွယ်ကြီးသည်ဖြစ်ခဲ့၏။အချို့သောရဟန်းတို့သည်၊ ဤခရီးဖြင့် သွားအံ့ဟုဆိုသော် တပါးသော ခရီးဖြင့်သွားကုန်၏။ အချို့သောရဟန်းတို့သည် ငါ၏သပိတ်သက်န်းကို မြေ၌ချကုန်၏။ငါ့အားအမြဲလုပ်ကျွေးသောရဟန်းတယောက်ကိုသိကုန်လော့ဟုမိန့်၏။ ရဟန်းတို့အားတရားနှင့်လျော်စွာ ထိတ်လန့်ခြင်းသည်ဖြစ်၏။ ထိုအခါ အရှင်သာရိပုတြာသည်နေရာမှထ၍ရှိခိုးလျက်၊ အရှင်ဘုရား၊ အကျွန်ုပ်သည် အရှင်ဘုရားတို့ကို တောင့်တ၍ ကမ္ဘာတသိန်း အလွန်ရှိသော တသင်္ချေကာလပတ်လုံး ပါရမီတို့ကို ဖြည့်၏။ အကျွန်ုပ်ကဲ့သို့ သဘောရှိသောပညာကြီးသောသူသည် လုပ်ကျွေးသင့်ပါသည်မဟုတ်လော။ အကျွန်ုပ်လုပ်ကျွေးအံ့ဟု လျှောက်၏။ ချစ်သားသာရိပုတြာ၊ အ

www.dhammaransi.com



ကြွင်အရပ်၌သင်နေ၏။ ထိုအရပ်သည် မဆိတ်ညံသည်ဖြစ်၏။ သင်၏အသုံးအမသည် ဘုရားရှင်တို့၏အသုံးအခံနှင့်တူ၏။ ထိုကြောင့် ငါ့အား သင်သည်လုပ်ကျွေးအပ်သောကိစ္စမည်သည်မရှိဟု ရှင်သာရိပုတြာကို ပယ်တော်မူ၏။ ဤသို့သောနည်းဖြင့် အရှင်မောဂ္ဂလာန်ကိုအစပြု၍ ရှစ်ကျိပ်သော မဟာသာဝကတို့သည် လျှောက်တောင်းပန်ကုန်၏၊ ထိုအလုံးစုံကို ပယ်တော်မူ၏။ အရှင်အာနန္ဒာမထေရ်မူကား ဆိတ်ဆိတ်သာ လျှင်နေတော်မူ၏။ ။

ထိုရောအခါ ရှင်အာနန္ဒာကို ရဟန်းတို့သည်ဆိုကုန်၏။ အရှင်အာနန္ဒာ၊ ရဟန်းသံဃာသည်အလုပ်အကျွေး၏အရာကိုတောင်းပန်၏။ သင်သည်လည်း တောင်းပန်ပါလော့ဟုဆိုကုန်၏။ ငါ့ရှင်တို့၊ တောင်းပန်၍ ရသောအရာမည်သည်ကား အဘယ်သို့သဘောရှိသည် ဖြစ်အံ့နည်း။ ငါ့ကို မြတ်စွာဘုရားသည် မမြင်ပါသလော။ ငါ့ကိုအကယ်၍ နှစ်သက်အံ့။ အာနန္ဒာ၊ငါ့ကိုလုပ်ကျွေးလော့ဟုဆိုလတ္တံ့ဟူ၍ဆို၏။ထိုအခါ မြတ်စွာဘုရားသည်။ ချစ်သားရဟန်းတို့၊ အာနန္ဒာကို တပါးသောသူသည် မတိုက်တွန်းအပ်။ မိမိကိုယ်တိုင်ပင်သိ၍ ငါ့ကိုလုပ်ကျွေးလတ္တံ့ဟု မိန့်တော်မူ၏။ ထိုနောင်မှ ရဟန်းတို့သည် ထလော့ငါ့ရှင်အာနန္ဒာ၊မြတ်စွာဘုရားထံ အလုပ်အကျွေးအရာကို တောင်းပန်လေလော့ဟူ၍ဆိုကုန်၏။ အရှင်အာနန္ဒာမထေရ်သည်။ ပယ်ဆုလေးပါး၊ ပန်ဆုလေးပါးအားဖြင့် ရှစ်ပါးသောဆုတို့ကို တောင်းပန်၍ လုပ်ကျွေး၏၊ ။ပယ်ဆုလေးပါး မည်သည်ကား။ ။( ၁ )ဘုန်းတော် ကြီးသော အရှင်ဘုရား၊ အရှင်ဘုရားသည် ကိုယ်တော်ရအပ်သောမွန်မြတ်သောသင်္ကန်းကိုအကယ်၍အနှကျွန်ုပ်အား မပေးပါလတ္တံ့။( ၂ )မွန်မြတ်သောဆွမ်းကို အကယ်၍ မပေးပါလတ္တံ့။( ၃ )တခုသော ဂန္ဓကုဋိ၌ အဘူတကွ နေစိမ့်သော၄ါ မပေးပါလတ္တံ့။ ( ၄ )ဆွမ်းဘိတ်မန်ရာ အရပ်သို့ အကျွန်ုပ်ကို ခေါ်၍ မသွားပါလတ္တံ့။ ဤသို့ မပေးပါသည်ရှိသော် အကျွန်ုပ်သည် မြတ်စွာ ဘုရားကိုလုပ်ကျွေးပါအံ့ဟုလျှောက်ဆို၍။ အာနန္ဒာ၊ဤပယ်ဆုလေးပါး၌ အဘယ်အပြစ်ကိုမြင်သနည်းဟုမိန့်တော်မူသော်။ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ဤလေးပါးသောဝတ္ထုတို့ကို အကျွန်ုပ်သည် အကယ်၍ ရအံ့။သူတပါးတို့သည်ဆိုကုန်လတ္တံ့။ အာနန္ဒာသည်မြတ်စွာဘုရားထံမှ ရအပ်သောမွန်မြတ်သောသင်္ကန်းကို ဝတ်ရ၏။ ဆွမ်းကိုဘုန်းပေးရ၏၊

www.dhammaransi.com



တခုတည်းသောဂန္ဓကုဋိ၌ အတူတကွနေရ၏။ တပေါင်းတည်း ဆွမ်းဘိတ်မန်ရာသို့ သွားရ၏။ ဤလာဘ်ကိုရ၍သာ မြတ်စွာဘုရားကို လုပ်ကျွေး၏။ ဤသို့လာဘ်ကိုရသဖြင့် လုပ်ကျွေးသောသူအား အဘယ်သို့ ဝန်လေးအံ့နည်းဟုဆိုကုန်ရာ၏။ ဤအပြစ်ကိုမြင်၍ ဤပယ်ဆုလေးပါးကိုတောင်းပန်ပါသည်ဟုလျှောက်၏။ ။ပန်ဆုလေးပါးမည်သည်ကား။ ( ၁ )ဘုန်းတော်ကြီးသောအရှင်ဘုရား။ အကျွန်ုပ်ဝန်ခံအပ်သော ဘိတ်မန်ရာသို့ အကယ်၍အရှင်ဘုရားသည်ကြွပါအံ့။( ၂ )တိုင်းတပါးဇနပုဒ်တပါးမှ မြတ်စွာ ဘုရားကို ဖူးမြင် အံ့သောငှါ လာသော ပရိသတ်တို့ရောက်သောခဏ၌သာလျှင် အရှင်ဘုရားကိုပြခြင်းငှါအကယ်၍ရပါအံ့။ ( ၃ )အကြင်အခါ၌ အကျွန်ုပ်အား ယုံမှားသက်သဖြစ်၏။ထိုခဏ၌ မြတ်စွာဘုရားသို့ ကပ်ခြင်းငှါ အကယ်၍ ရပါအံ့။( ၄ )မြတ်စွာဘုရားသည် အကျွန်ုပ်၏မျက်ကွယ်၌ အကြင်တရားကို ဟော၏၊ ထိုတရားကိုလာ၍ အကျွန်ုပ်အားဟောပါအံ့။ ဤဆုလေးပါးကိုရပါမှကား အကျွန်ုပ် အရှင်ဘုရားကိုလုပ်ကျွေးပါအံ့ဟု လျှောက်၏၊ အာနန္ဒာ၊ ဤဆုလေးပါး၌ အဘယ်သို့သောအကျိုးကိုမြင်သနည်းဟုမိန့်တော်မူသော်။ အရှင်ဘုရား၊ ဤလောက၌ သဒ္ဓါကြည်ညိုသောအမျိုးသားသည် မြတ်စွာဘုရားအားလျှောက်ထားခွင့်မရသဖြင့် အကျွန်ုပ်ထံ အရှင်အာနန္ဒာ၊ နက်ဖြန်မြတ်စွာဘုရားနှင့်တကွအကျွန်ုပ်အိမ်၌ဆွမ်းခံပါဟုလျှောက်၏။မြတ်စွာဘုရားသည် ထိုအိမ်သို့အကယ်၍မကြွခဲ့အံ့။ အလိုရှိတိုင်းသောခဏ၌ပရိသတ်ကိုပြခြင်းငှါအကယ်၍မရပါအံ့။ ယုံမှားသက်သကို ပျောက်ခြင်းငှါအလိုရှိသောခဏ၌မရပါအံ့။သူတပါးတို့ဆိုကုန်သည်ဖြစ်လတ္တံ့။ ဤအာနန္ဒာသည် မြတ်စွာဘုရားကို မပြတ်လုပ်ကျွေး၏။ ထိုအာနန္ဒာအား မြတ်စွာဘုရားသည် ဤမျှသောအခွင့်ကိုမျှမချီးမြှောက်ပါဟုဆိုကုန်ရာ၏။ မြတ်စွာဘုရား၏မျက်ကွယ်၌ အကျွန်ုပ်ကို။ ငါ့ရှင်အာနန္ဒာ၊ဤဂါထာကို၊ဤသုတ်ကို၊ ဤဇာတ်ကို အဘယ်အရပ်၌မြတ်စွာဘုရားဟောတော်မူသနည်းဟု မေးသောအခါ။ အကယ်၍ထိုအမေးကို အကျွန်ုပ်သည် မပြည့်စုံစေနိုင်ရှိခဲ့မူ။ ငါ့ရှင်အာနန္ဒာ၊ ဤမျှကိုလည်း သင်သည် မသိ။ အဘယ်ကြောင့်သင်သည် မြတ်စွာဘုရားကို အရိပ်ကဲ့သို့မစွန့်မူ၍ ရှည်စွာသောနေ့ညဉ့်ပတ်လုံးနေသနည်းဟုဆိုကုန်လတ္တံ့။ ထိုကြောင့်အကျွန်ုပ်၏မျက်ကွယ်၌ဟောသောတရားကို တဘန်ဟောခြင်းကို အလိုရှိပါ၏ဟု ဤလေးပါး

www.dhammaransi.com



သောပန်ဆုကိုမြတ်စွာဘုရားအား လျှော်၏။ မြတ်စွာဘုရားသည် အရှင်အာနန္ဒာအားပေးတော်မူ၏။ အရှင်အာနန္ဒာသည် ဤဆုရှစ်ပါးတို့ကိုယူ၍အမြဲအလုပ်အကျွေးသည်ဖြစ်၏။ ။ထိုအရှင်အာနန္ဒာသည် အလုပ်အကျွေးအရာကိုရသောနေ့မှစ၍ မြတ်စွာဘုရားကို ရေပူရေချမ်းကမ်းခြင်း။ ဒန်ပူထူ၊ ဒန်ပူပါး၊ မပါးမထူသောဒန်ပူအားဖြင့် တနေ့သုံးချောင်း သုံးချောင်းသောဒန်ပူကိုကင်ခြင်း။ ခြေဆုပ်နယ်ခြင်း။ ဂန္ဓကုဋိပရိဝုဏ်၌ တံမြက်လှည်းခြင်း။ ဤသို့အစရှိသောကိစ္စတို့ဖြင့်လုပ်ကျွေးသည်ရှိသော် ဤမည်သောအရာ၌မြတ်စွာဘုရားအား ဤမည်သောဝတ္ထုကိုရခြင်းငှါ၊ ဤမည်သောအမှုကို ပြုခြင်းငှါအပ်၏ဟု အကြံဖြစ်၏။ ထိုကြောင့် ဆီမီးတိုင်ကိုကိုင်၍ ကုံးကြိမ် ဂန္ဓကုဋိပရိဝုဏ်ကိုအစဉ်လှည့်၏။ ဤသို့သောအကြံသည်လည်းဖြစ်၏၊ အကယ်၍ငါသည် ငိုက်မျဉ်းခြင်းသို့ရောက်အံ့။ မြတ်စွာဘုရားခေါ်တော်မူသည်ရှိသော် စကားတုံ့ကိုပေးခြင်းငှါမတတ်နိုင်ရာဟုအကြံဖြစ်၏။ ထိုကြောင့်ဆီမီးတိုင်ကိုညဉ့်သုံးယံပတ်လုံးလက်၌ မလွှတ်သတည်း။ နောက်အခါ၌ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌နေတော်မူလျက် များစွာသောအကြောင်းတို့ဖြင့် တရားဘဏ္ဍာစိုးဖြစ်သော အရှင်အာနန္ဒာ၏ ကျေးဇူးကို ဆိုတော်မူ၍။ ဤသာသနာတော်၌၊ ဗဟုသုတ၊ သတိမန္တ၊ ဂတိမန္တ၊ ဥပဋ္ဌာကပုဂ္ဂိုလ်တို့တွင် မြတ်သောအရာ၌ ထားတော်မူ၏၊ ။မြတ်စွာဘုရား အသက်တော် ငါးဆဲ့ငါးနှစ်ပြည့်မှ အရှင်အာနန္ဒာ အလုပ်အကျွေးဖြစ်၍ နှစ်ဆဲ့ငါးဝါပတ်လုံး လုပ်ကျွေး၏။ ။

---

## ၂၅။ အရှင်အာနန္ဒာမထေရ်၏အလုပ်အကျွေးဆုကို ပန်ခဲ့ဘူးသောရှေးဝတ္ထုကိုပြရာ။

အရှင်အာနန္ဒာမထေရ်သည် အလုပ်အကျွေးအရာကိုရလိုသည်ဖြစ်၍။ ဤကမ္ဘာမှပြန်၍ရေသော် ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရားညီတော် သုမနမင်းသားဖြစ်သောအခါ၌။ ဟံသာဝတီပြည်မှ ယူဇနာ တရာ့နှစ်ဆယ်ခြားသောအရပ်၌ အဘအာနန္ဒာမင်းက ကျေးစားပေး၍ ပုန်ကန်သောဇနပုဒ်တိုင်းကားကို ငြိမ်းစေသဖြင့် ခမည်းတော်နှစ်သက်သောကြောင့်ဆုပေးရာတွင် တပါးသောဆုကိုမယူမူ၍၊ ဘုရားအား ဝါတွင်းသုံးလတို့ပတ်လုံး လုပ်ကျွေးပါရအံ့သောဆုကိုယူ၍။ မိမိ

www.dhammaransi.com



စားသောမြို့သို့ဝါဆိုကြွတော်မူစိမ့်သောအကြောင်းကို မြတ်စွာဘုရား အား လျှောက်ထားတောင်းပန်၍။ ဟံသာဝတီပြည်မှ။ ယူဇနာတရာ့နှစ် ဆယ်ကွာသော ခရီး၌ တယူဇနာ တယူဇနာလျှင် ကျောင်းတဆောင် တဆောင်စီဆောက်ခဲ့၍။မိမိနေရာမြို့၌ သောဘဏာဥယျာဉ်၌ ရဟန်းတို့ အား ညဉ့်နေရာနေ့နေရာကုဋိတိုက်စကြံတို့နှင့်တကွ၊သောဘဏာရာမ ကျောင်းကိုတသိန်းသောဥစ္စာတို့ဖြင့်ဆောက်လုပ်၍မြတ်စွာဘုရားအား ပင့်လျှောက်၍ကြွတော်မူလာသောအခါ ဝါတွင်းသုံးလပတ်လုံး မြတ်စွာ ဘုရား အလုပ်အကျွေးဖြစ်သော အရှင်သုမန မထေရ်၏ အနီး၌ နေ၍၊ ဘုရားအမှူးရှိသော သင်္ဃာတော်တို့အား လေးပါးသော ပစ္စည်းတို့ဖြင့် လုပ်ကျွေး၍။အရှင်ဘုရားကဲ့သို့ တဆူသောဘုရားရှင်၏အလုပ်အကျွေး တေဒဂ်ရဖြစ်ရပါလို၏ဟုဆုတောင်း၏။ ထိုမှစ၍ ငါတို့ဘုရားဖြစ်သည် တိုင်အောင် ပါရမီကိုဖြည့်၍ အလုပ်အကျွေးအရာကိုရသတည်း။ ။ နှစ်ဆယ်ပြည့်ဝါကို အစပြု၍ သာဝတ္ထိပြည်၌သာ ဝါဆိုတော်မူ၏။ ဆို တော်မူသောဝါပေါင်းကား နှစ်ဆဲ့ငါးဝါတည်း။ ။

---

## ၂၉။ ပဉ္စသာလပုဏ္ဏားရွာ၌သီတင်းသုံး နေတော်မူစဉ်၊မာရ်နတ်ကိုအကြောင်းပြု၍၊သုသုခံ ဝတဇီဝါမ၊ စသောဒေသနာကိုဟောတော်မူခြင်း။

သာဝတ္ထိပြည်၌ ဝါဆိုတော်မူ၍ ဝါကျွတ်လျှင် ဒေသစာရီကြွတော် မူ၍ ကောသလတိုင်း ပဉ္စသာလပုဏ္ဏားရွာ၌နေတော်မူလျက်။ မာရ်နတ် ကိုအကြောင်းပြု၍၊ သုသုခံ ဝတ ဇီဝါမ၊ အစရှိသောတရားကို ဟော တော်မူ၏။ ။ဝတ္ထုကား။ တနေ့သ၌ မြတ်စွာဘုရားသည် ငါးရာသော သတို့သမီးငယ်တို့၏ သောတာပတ္တိမဂ်၏ ဥပနိဿယနှင့်ပြည့်စုံခြင်းကို မြင်တော်မူ၍၊ ထိုပဉ္စသာလကရွာသို့ ဆွမ်းခံအမှီပြုလျက် နေတော်မူ၍၊ တနေ့သော် နက္ခတ်သဘင်၌ ထိုသတို့သမီးတို့သည် မြစ်သို့သွား၍ရေချိုး ကုန်ပြီးလျှင် တန်ဆာဆင်အပ်ကုန်လျက် ရွာသို့ရှေးရှုလာကုန်၏။ မြတ် စွာဘုရားသည် ထိုရွာသို့ဝင်၍ ဆွမ်းရပ်တော်မူသည်ရှိသော် မာရ်နတ် သည်အလုံးစုံသောရွာသူတို့၏ကိုယ်၌ဝင်၍ အကြင်အခြင်းဖြင့်မြတ်စွာ ဘုရားအား တယောက်မျှသောဆွမ်းကိုမရ။ ထိုအခြင်းဖြင့် ထိုရွာသူ တို့ကိုလှည့်ပတ်၍တယောက်မျှသောဆွမ်းကိုမလှူစေ။ ကန်တော့ပါ၏

www.dhammaransi.com



ဟူ၍သာ တရွာလုံးကိုဆိုစေ၏။ ဆေးတိုင်းသောသပိတ်ဖြင့် ရွာမှထွက်တော်မူသောမြတ်စွာဘုရားကို မာရ်နတ်သည် ရွာတံခါး၌ ရပ်နေနှင့်၍ ရဟန်းကြီး၊ ဆွမ်းရပါစံ့ဟုမေး၏။ မြတ်စွာဘုရားသည်း။ ယုတ်မာသော အလိုရှိသောမာရ်နတ်၊ အကြင်အခြင်းဖြင့်ပြုသော် ငါသည် ဆွမ်းမရ။ ထိုအခြင်းဖြင့် သင်သည်ပြုသည်မဟုတ်လောဟု မိန့်တော်မူသော်။ ထိုသို့တပြီးကား။ အရှင်ဘုရား၊ တဘန်ဝင်၍ဆွမ်းရပ်တော်မူဦးလော့ ဟူ၍ဆို၏။ အကယ်၍ ဤရဟန်းကြီးသည် ဆွမ်းခံဝင်ပြန်အံ့။ ခပ်သိမ်းသော သူတို့၏ကိုယ်၌ဝင်၍ဤရဟန်းကြီးရှေ့၌ရပ်၍လက်ခုပ်တီး၍၊ ပျက်ရယ်မှုကိုပြုအံ့ဟု မာရ်နတ်အားအကြံသည်ဖြစ်၏။ ထိုခဏ၌ ထိုသတို့သမီးငါးရာတို့သည် ရွာတံခါးသို့ရောက်လာ၍ မြတ်စွာဘုရားကိုရှိခိုး၍ တင့်အပ်သောအရပ်၌နေကြကုန်၏။ မာရ်နတ်သည် မြတ်စွာဘုရားကို ဤသို့ဆို၏။ အရှင်ဘုရား၊ ဆွမ်းမရ၍ မစားရသော် ငတ်မွတ်ခြင်းဆင်းရဲသည် မနှိပ်စက်ပါလောဟု မေး၏။ မြတ်စွာဘုရား။ ။ ဟာယ်မာရ်နတ်၊ ယနေ့တစုံတခုကိုမရသော်လည်း အာဘဿရဗြဟ္မာကဲ့သို့ပီတိသုခဖြင့်လွန်စေအံ့ဟုမိန့်တော်မူ၏။ ။သုသုခံဝတ ဇီဝါမ၊ ယေသံနော နတ္ထိ ကိဉ္စနံ။ ပီတိဘက္ခာ ဘဝိဿာမ၊ ဒေဝါ အာဘဿရာ ယထာ။ ။ဟူသော တရားတော်ကို ဟောတော်မူ၏။ ။ပါဠိမ၊ ဟာယ်မာရ်ယုတ်။ ယေသံနော၊ အကြင်ငါတို့အား။ ကိဉ္စနံ၊ ရာဂ ဒေါသစသော ကိလေသာဟူသော ကြောင့်ကြခြင်းသည်။ နတ္ထိ၊ မရှိ။ တေမယံ၊ ထိုငါတို့သည်။ အာဘဿရာ ဗြဟ္မာယထာ၊ အာဘဿရဗြဟ္မာတို့ကဲ့သို့။ ပီတိဘက္ခာ၊ ဈာန်ဝင်စားခြင်း၌ နှစ်သက်ခြင်းပီတိလျှင် အစာရှိကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဝတ၊ စင်စစ်။ သုသုခံ၊ အလွန်ချမ်းသာစွာ။ ဇီဝါမ၊ အသက်ရှည်ကုန်၏။ ။ဤတရားဒေသနာတော်အဆုံး၌ ငါးရာကုန်သော သတို့သမီးတို့သည်သောတာပတ္တိမဂ်ကိုရ၍သောတာပန်ဖြစ်လေကုန်၏။ ။

---

၂၇။ ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေစဉ်။
အင်္ဂုလိမာလထေရ်ပရိနိဗ္ဗာန်ပြုရာ၌။ ယဿပါပံကတံကမ္မံ၊
စသောဒေသနာကိုဟောတော်မူခြင်း။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ နေတော်မူသောအခါ အင်္ဂုလိမာလထေရ်ကို အကြောင်းပြု၍။ ယဿ ပါပံ

www.dhammaransi.com



ကတံ ကမ္ဗံ၊အစရှိသော တရားဒေသနာတော်ကို ဟောတော်မူ၏။ အကြောင်းဝတ္ထုကား။သာဝတ္ထိပြည်၌ ပသေနဒီကောသလမင်း၏အမတ် ပုရောဟိတ် အဂ္ဂပုဏ္ဏား၏ ခင်ပွန်း၊ မန္တာနီ မည်သော ပုဏ္ဏေးမသည် ရင့်သောကိုယ်ဝန်ရှိသဖြင့် ဆယ်လစေ့သော်၊တနေ့သောညဉ့်၌ သားဘွား၏။ထိုသားဘွားဆဲသောခဏ၌ သာဝတ္ထိပြည်အလုံး၌ရှိသောလေးမြား ထား လှံ သန်လျက် ခက်ရင်း စသောလက်နက်တို့သည်တပြိုင်နက် အလျှံတောက်ကုန်၏။ မင်းကြီး၏အိပ်ရာနံပါး၌ ထားသော မင်္ဂလာသန်လျက်သည်လည်း အလျှံပြောင်ပြောင်တောက်၏။ ထိုဘွားသောအခါ အဘပုဏ္ဏားသည် နက္ခတ်ကိုကြည့်သော် ခိုးသူနက္ခတ်ယှဉ်သည်ကိုမြင်သောကြောင့် ငါ၏သားသည် ခိုးသူဖြစ်လတ္တံ့ဟုနှလုံးသွင်း၍။ မိုးသော်သောနံနက်ထ၌ နန်းတော်သို့ သွား၍ မင်းကြီးအား ချမ်းသာစွာအိပ်ရကြောင်းကိုမေး၏။ ဆရာ၊အဘယ်မှာချမ်းသာစွာအိပ်ရအံ့နည်း၊ ယမန်နေ့ညဉ့်အခါ ငါစွဲသော သန်လျက်သည် ပြောင်ပြောင်တောက်သောကြောင့်၊ ဤအကြောင်းသည် ငါအား မင်းအဖြစ်မှရွေ့လိုသောကြောင့် ဖြစ်သလော။ အသက်၏ အန္တရာယ်ဖြစ်လိုသောကြောင့်တည်း ဖြစ်သလောဟု ကြံစည်အောက်မေ့၍ စိုးရိမ်ခြင်းရှိ၏ဟု မင်းကြီး ဆိုသော်။ အရှင်မင်းကြီး၊စိုးရိမ်တော်မမူလင့်။ ယမန်နေ့ညဉ့်အခါ အကျွန်ုပ်အိမ်၌ သားဘွားသည်။ ထိုသား၏ အာနုဘော်ကြောင့် တပြည်လုံး၌ ရှိသော ထားလှံအစရှိသောလက်နက်တို့သည် အလျှံပြောင်ပြောင်တောက်ကုန်၏ဟု ပုဏ္ဏားလျှောက်၍။ ထိုသို့တပြီးကား ဤသူငယ်သည် အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု မင်းကြီးမေးလျှင်။ အရှင်မင်းကြီး၊ ခိုးသူဖြစ်လတ္တံ့ဟု လျှောက်၏။ ဆရာ၊ တယောက်ခိုးသူတည်း ဖြစ်လတ္တံ့လော။ ယင်းသို့ မဟုတ်၊ အရပ်ဘွဲ့၍ရွာဖျက်ပြည်ဖျက်ခိုးသူတည်းဖြစ်လတ္တံ့လောဟု မင်းကြီး မေးပြန်၏။ အရှင်မင်းကြီး၊ တယောက်တည်းသော ခိုးသူသာဖြစ်လတ္တံ့ဟု ဆိုပြီး၍၊ အရှင်မင်းကြီး၊ ခိုးသူဖြစ်လတ္တံ့သော ဤသူငယ်ကို သတ်တော်မူဟုဆိုသော်။ တယောက်တည်းသော ခိုးသူသာဖြစ်သည်ရှိသော် ပယ်တထောင်လယ်ကွက်၌ရောက်သော နတ်ကောက်သလေး တနှံကဲ့သို့ ပမာဏမပြုလောက်၊ သတ်ဘွယ်ကိစ္စမရှိ။ သင့်သားကိုမွေးလေတော့ဟုမင်းကြီးဆို၍ မွေးမြူသဖြင့် အမည်မှည့်အံ့သောအခါ မိဘတို့သည်။ ငါတို့သား၏ဟန်းခိုးအာနုဘော်ကြောင့် အလုံးစုံသော သာ

ဝဋ္ဋိပြည်၌ အလုံးစုံသောလက်နက်တို့သည် အလျှံတောက်ပရကုန်၏။ တစုံတယောက်သောသူသည်မျှ ငါတို့သားကို မညှဥ်းဆဲနိုင်ကုန်ရာဟု နှလုံးသွင်း၍ အဟိ သက ဟူသောအမည်ကို မှည့်ကုန်၏။ ထိုသူသည် အတတ်ပညာသင်လောက်သောအရွယ်သို့ရောက်သောအခါ အတတ်ပညာသင်စိမ့်သော၄ါ မိဘတို့သည် ထိုလုလင်ကို တက္ကသိုလ်ပြည်သို့ ပို့လေကုန်၏။ ထိုလုလင်သည် ဆရာ့အထံ၌ အကျင့်အာစာရနှင့်ပြည့်စုံသော တပည့်ကောင်းဖြစ်၍ အတတ်သင်၏။ ထိုလုလင်သည် ဆရာ၌ရိုသေကျိုးနွံခြင်းရှိ၏။ နှလုံးကိုပွါးစေတတ်သော ချစ်ဘွယ်သောအကျင့်နှင့်ပြည့်စုံ၏၊ ထိုကြောင့်ဆရာ၌အလွန်အကျွမ်းဝင်၏၊ တပည့်ဟောင်းတို့သည် ငါတို့သည် အဟိံသကလုလင်ရောက်လာသည်မှစ၍ မထင်ရှားချေကုန်ဟု နှလုံးမသာရှိကုန်သဖြင့် အဟိံသကလုလင်၌ ရန်ငြိုးဖွဲ့၍၊ဆရာနှင့်ကွဲပြားစိမ့်သော၄ါ ချောပစ်အံ့သောအကြောင်းကို တိုင်ပင်ကုန်၍ ထိုတပည့်တို့သည်သုံးစုပြု၍ တစုသောတပည့်တို့သည် ဆရာ့အိမ်သို့သွား၍။ ဆရာ၊ဤအိမ်၌တခွန်းသောစကားကိုကြားကုန်၏ဟုဆို၍ အဘယ်သို့ကြားကုန်သနည်းမေးသည်ရှိသော်။ အဟိံသကလုလင်သည် သင်ဆရာတို့၏ အတွင်း၌ ဖျက်ဆီး၏ဟု တီးတိုးပြောသံကြားသည်ဟုဆိုကုန်၏။ ထိုစကားကိုကြားသော် ဆရာလည်း။ သူယုတ်တို့၊ သွားလေကုန်။ငါ့သားအဟိံသကနှင့် ငါ၏အကြားကိုမဖျက်လင့်ဟု နှင်ထုတ်လိုက်၏။ ထိုအတူတစုသောတပည့်တို့သည်ချောပစ်သောစကားကိုဆရာ့အားဆိုကုန်၏၊ ဆရာလည်း ရှေးနည်းအတူပယ်လေ၏။ တစုသောတပည့်တို့သည်လည်းဖျက်ပြန်ကုန်၏၊ ထိုသူတို့၏စကားကိုလည်း ဆရာသည်ပယ်၏။ ထို့နောင် သုံးစုသောတပည့်တို့သည် ပေါင်းပြန်၍။ ဆရာ၊ ကျွန်ုပ်တို့စကားကိုမယူသော် စူးစမ်း၍သိတော်မူဟု ဆိုကုန်၏။ ဆရာလည်း သွားလေကုန်သောတပည့်တို့ကိုမြင်၍ ချစ်သနားသဖြင့်၊ဤသို့သောစကားသည် အကြောင်းရှိအံ့ဟုနှလုံးသွင်း၍ ထိုအဟိံသကကို သတ်အံ့ဟုကြံ၏၊ထို့နောင်အကယ်၍ငါသတ်အံ့။ ဒိသာပါမောက္ခဆရာသည် မိမိအထံသို့အတတ်သင်အံ့ဟုလာသောတပည့်ကို သတ်လေ၏ဟုကြားကုန်လျှင် တယောက်သောသူမျှ အတတ်သင်အံ့သော၄ါ ငါသို့မလာလတ္တံ့။ ဤသို့မလာသော် ငါ့အားလာဘ်သပ္ပကာနည်းလတ္တံ့၊ စင်စစ်ကား အဟိံသကလုလင်ကို အတတ်၏အဆုံးကိုပြမည်၊ တထောင်

www.dhammaransi.com



သောသူတို့ကို သတ်လော့ဟုဆိုအံ့။ အကယ်မလွဲသဖြင့် ထိုတထောင်
သောလူတို့တွင် တယောက်ယောက်သည် အဟိံသကကိုသတ်လတ္တံ့။
ဤသို့သတ်၍ အဟိံသကသေမှ ငါ၏ အိမ်တွင် ဖြစ်မှားခြင်း ဖျက်ဆီး
ခြင်းအမှုသည် ငြိမ်းလတ္တံ့ဟုကြံပြီး၍၊ ချစ်သားအဟိံသက၊ သင်သည်
တထောင်သောလူတို့ကို သတ်လေလော့။ ဤသို့သတ်သော သင့်အား
အတတ်၏အဆုံးကို ပြုအပ်သည်ဖြစ်လတ္တံ့ဟုဆို၏။ ထိုစကားကိုကြား
၍။ ဆရာ၊ အကျွန်ုပ်သည် သူတပါးအားနှိပ်စက်ညှဉ်းဆဲခြင်းကိုမပြုသော
အမျိုး၌ဖြစ်၏၊ ထိုကြောင့် တယောက်သောသူကိုမျှသတ်ခြင်းငှါမစွမ်း
နိုင်ဟု ဆို၏။ ဆရာသည် ချစ်သားအဟိံသက၊ မရအပ်သောအဆုံး
ရှိသောအတတ်သည် အကျိုးမရှိဟုဆို၏။ ယင်းသို့သော်ကား၊ ဆရာ၊
ကောင်းပြီဟုဝန်ခံ၍ အဟိံသကသည် လက်နက်ငါးပါးကိုယူ၍ ဆရာ
ကိုရှိခိုး၍တောအုပ်၌နေလျက် တောသို့ဝင်သောသူ၊ တောမှထွက်သော
သူတို့ကိုသတ်လေ၏။ သတ်၍ ထိုသူတို့၏ပုဆိုးဦးရစ်တို့ကို ယူသည်
လည်းမဟုတ်။ တယောက်သေပြီ၊ နှစ်ယောက်သေပြီဟု မှတ်ကာမျှကို
ပြု၍သွား၏။ တထောင်အရေအတွက်တွင် ဤမျှသော အရေအတွက်
သေနှင့်ပြီ။ ဤမျှသော အရေအတွက် ကြွင်းသေး၏ဟု အမှတ်ကိုမပြု။
တချောင်းတချောင်းသော လက်ညှိုးကိုသာ ဖြတ်၍ထား၏။ ထားတိုင်း
ထားတိုင်းသော လက်ညှိုးတို့သည် ကျီးငှက်စား၍ ပျောက်ကုန်၏။ ထို
နောင်မှ ကစဉ့်ကလျားထားအပ်သော လက်ညှိုးတို့သည် ပျောက်ကုန်
၏ဟု နှလုံးသွင်း၍ နောက်၌ ရရသမျှသောလက်ညှိုးတို့ကို ဘောက်၍
ကြိုးဖြင့်သီ၍ လည်၌ ပန်းအမှတ်ပြု၍ဆောင်၏။ ထိုသို့လက်ညှိုးတို့ကို
ဆောင်သောကြောင့် အဟိံသကဟူသော အမည်ကွယ်၍ အင်္ဂုလိမာ
လဟူသောအမည်သည် ထင်ရှားဖြစ်၏။ ထိုအင်္ဂုလိမာလသည် အချင်း
ခပ်သိမ်းတော၌သွားခြင်း၊ နေခြင်း၊ အိပ်ခြင်းကိုပြု၏။ ဟင်းရွက်ရှူး ထင်း
ခွေ အစရှိသည်အလို့ငှါမျှ လူတို့သည် တောသို့ သွားခြင်းငှါ မဝံ့ကုန်။
တောသို့ မလာသော် ညဉ့်အခါ၌ ရွာတွင်းသို့လာ၍ တံခါးရွက်ကိုခြေ
ဖြင့်ကျောက်၍လှစ်၍ အိပ်ပျော်သောသူတို့ကိုသတ်၍လက်ညှိုးကိုဖြတ်
ယူ၍သွားလေ၏။ ရွာ၌နေသောသူတို့သည် ရွာမှထွက်၍ နိဂုံးဇနပုဒ်ကို
ဝင်၍နေကုန်၏။ မြို့၌နေသောသူတို့သည်သုံးယူဇနာအရပ်မှစ၍အိမ်တို့
ကိုစွန့်၍ သားမြေးတို့ကိုလက်ကိုင်ကာလာ၍ သာဝတ္ထိပြည်ကိုရ၍ တပ်

www.dhammaransi.com



တောင်တာ ခိုင်ခံ့စွာဘွဲ့၍။ မင်းရင်ပြင်၌ စည်းဝေး၍။ အရှင်မင်းကြီး၏ နိုင်ငံ၌ အင်္ဂုလိမာလအမည်ရှိသော ခိုးသူသည်ရှိ၏ဟု အုတ်အုတ်ကျက်ကျက်မြည်တမ်းဟစ်ကြော်ကုန်၏။ ထိုအခါအဘဖြစ်သောအဂ္ဂပုဏ္ဏားသည် ခိုးသူဟူသည် ငါ့သားဖြစ်လတ္တံ့ဟုသိ၍ ပုဏ္ဏေးမကို။ အိမ်မှရှင်မ၊ အင်္ဂုလိမာလအမည်ရှိသော ခိုးသူသည်ဖြစ်၏။ ထိုခိုးသူသည် တပါးသူမဟုတ်၊ သင်၏သားဖြစ်သောအဟိံသကပင်တည်း။ ယခုအခါ ကောသလမင်းသည် ထိုခိုးသူကို ဘမ်းအံ့သောငှါ ထွက်လတ္တံ့။ အဘယ်သို့ပြုပါအံ့နည်းဟု ဆို၏။ ပုဏ္ဏေးမလည်း ထိုစကားကိုကြားလျှင်။ အရှင်၊ သွား၍ ငါ့သားကိုယူပါဟုပေ၏။ ပုဏ္ဏားလည်း။ပုဏ္ဏေးမ၊ခိုးသူဟူသည်ကားအကျွမ်းတဝင်မပြုအပ်သူတယောက်ပင်ဖြစ်သောကြောင့်ငါသွား၍မယူဝံ့ချေဟုဆို၏။မိခင်တို့၏နှလုံးသည်ကား နူးညံ့သောသဘောရှိ၏။ ထို့ကြောင့် အမိဖြစ်သောပုဏ္ဏေးမသည် ငါ့သားကို ငါသွား၍ယူအံ့ဟု အိမ်မှထွက်၍သွား၏။ ။

ထိုနေ့၌မြတ်စွာဘုရားသည် လောကကိုကြည့်တော်မူသော် အင်္ဂုလိမာလကိုမြင်၍ ငါကြွသွားတော်မူသည်ရှိသော် အင်္ဂုလိမာလအား ချမ်းသာခြင်းရှိလတ္တံ့။ လေးပုဒ်သောဂါထာကိုကြား၍ ငါ့အထံ၌ရဟန်းပြု၍ အဘိညာဉ်ခြောက်ပါးနှင့်တကွ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုလတ္တံ့။ ငါမသွားမူ အမိ၌ပြစ်မှား၍ သံသရာဝဋ်ဆင်းရဲမှမထွက်နိုင်လတ္တံ့။ ထို့ကြောင့် အင်္ဂုလိမာလအား သင်္ဂြိုဟ်ခြင်းကိုပြုအံ့ဟု နံနက်စောစောက သင်္ကန်းကိုရုံတော်မူ၍ သပိတ်တော်ကိုယူ၍ မြို့တွင်း၌ဆွမ်းခံတော်မူ၍ ဆွမ်းစားပြီးသော် အင်္ဂုလိမာလကို သင်္ဂြိုဟ်အံ့သောငှါ ကြွသွားတော်မူ၏။ ထိုအခါ၌ နွားကျောင်း ကျွဲကျောင်းခရီးသွားစသော သူတို့သည်။ ရှင်ပင်ဘုရား၊ ထိုခရီးကို မသွားပါလေနှင့်။ ထိုခရီး၌ အင်္ဂုလိမာလခိုးသူသည်ရှိ၏။ ထိုသူသည်ကြမ်းတမ်းလှ၏။ သွေးဖြင့်စွန်းသောလက်ရှိ၏။ ထိုးခြင်းခုတ်ခြင်းသတ်ခြင်း၌ ယှဉ်သောနှလုံးရှိ၏။ သတ္တဝါတို့၌ သနားခြင်းကင်း၏။ ထို့ကြောင့် ရွာနိဂုံးဇနပုဒ်တို့၌ နေကုန်သော သူတို့သည် အင်္ဂုလိမာလကိုကြောက်သဖြင့် ရွာနိဂုံးဇနပုဒ်တို့ကိုစွန့်၍ပြေးလကုန်၏။ ထိုရွာနိဂုံးဇနပုဒ်တို့သည်တောဖြစ်ခဲ့ကုန်၏။ ထိုအင်္ဂုလိမာလသည် လူတို့ကိုသတ်၍ လက်ညှိုးကိုပန်ဆောင်၏။ ထိုခရီးသို့ တကျိပ်နှစ်ကျိပ်သုံးကျိပ်လေးကျိပ်စသည် ပေါင်း၍သွားကုန်၏။ ထိုသူတို့သည် အင်္ဂု

www.dhammaransi.com



လိမာလ၏လက်၌သာ သေပျောက်ခြင်းသို့ ရောက်ကြကုန်၏ဟု မသွားသင့်ကြောင်းကို လျှောက်ကုန်၏။ ထိုသို့လျှောက်သော်လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ် နေတော်မူ၍ သွား၏။ နှစ်ကြိမ်မြောက်လည်း ရှေးနည်းအတူလျှောက်၏။ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားဆိတ်ဆိတ် နေတော်မူ၍ သွား၏။ သုံးကြိမ်မြောက်လည်း နွားကျောင်းသားတို့သည် ရှေးနည်းအတူ မသွားသင့်ကြောင်းကို လျှောက်ကုန်၏။ သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၍ သွား၏။ ထိုအခါ အင်္ဂုလိမာလသည် မြတ်စွာဘုရားကိုမြင်၍၊ အံ့ဘွယ်သရဲရှိစွတကား။ မဖြစ်ဘူးမြဲတကား။ ဤခရီးကို တကျိပ်တပူး၊ နှစ်ကျိပ်တပူး၊ သုံးကျိပ်တပူး၊ လေးကျိပ်တပူးစု၍စု၍ လူတို့သည် သွားရကုန်၏။ ထိုသူတို့သည် ငါ၏လက်၌ သေပျောက်ခြင်းသို့ရောက်ကုန်၏။ စင်စစ်သဖြင့် ဤရဟန်းသည် ဘေးမရှိသကဲ့သို့ တယောက်တည်းမထိမဲ့မြင်ပြု၍လာဘိ၏။ ဤရဟန်းကိုငါသတ်အံ့။ ဤသို့အကြံဖြစ်၏။ ထိုသို့ကြံပြီးမှ အင်္ဂုလိမာလသည် သန်လျက်ကိုကိုင်၍ အံသွားခဲလျက် မြတ်စွာဘုရားကိုလိုက်၏။ ထိုသို့လိုက်သောအခါ မြတ်စွာဘုရားသည် အကြင်သို့သော ဘန်ဆင်းခြင်းကိုဘန်ဆင်းသော် အင်္ဂုလိမာလသည် လိုက်၍မမှီခြင်းငှါမစွမ်းနိုင်။ ထိုအခြင်းဖြင့် ဘန်ဆင်းတော်မူ၏။ အဘယ်သို့ ဘန်ဆင်းသနည်းဟူမူကား။ ရေညွန်ဘန်ဆင်းတော်မူ၍ငင်း၊ ချောက်ကမ်းပါးပြတ် ဘန်ဆင်းတော်မူ၍ငင်း။ သုံးယူဇနာတိုင်အောင် ဘန်ဆင်း၍ ကြွတော်မူ၏။ အင်္ဂုလိမာလ သည် မြတ်စွာဘုရားကို လိုက်သော်၊ ရေကို ကူးရခြင်း၊ ညွန်ကိုရုန်းရခြင်း၊ ချောက်ကိုဆင်းရခြင်း၊ တောင်ကို တက်ရခြင်းတို့ဖြင့် အလွန်ပင်ပန်း၍ ခံတွင်း၌စာံတွေးခြောက်၏။ လက်ရင်းတို့၌ ချွေးသည်ထွက်ကုန်၏။ အိုအချင်းတို့၊ အံ့ဘွယ်ရှိစွ၊ လျင်စွာပြေးသောသမင်ကိုသော်လည်း ထမင်းမွတ်၍ ထိုသမင်သားကို စားအံ့ဟု လိုက်သော် အဘယ့်ကြောင့် မမိဘဲရှိတုံအံ့နည်း။ ကြပတေသွားမြဲဖြင့် သွားခဲ့သော ဤရဟန်းကို ငါအားကြိုး၍ လိုက်ပါသော်လည်း မှီခြင်းငှါမစွမ်းနိုင်ဟု အကြံရှိ၍၊ ရဟန်းကြီး၊ ရပ်ဦးလော့ဟုဆို၏။ ထိုစကားကိုကြား၍ မြတ်စွာဘုရားသည်။ အင်္ဂုလိမာလ၊ ငါရပ်တော်မူ၏။ သင်သာမရပ်သည်ဟု မိန့်တော်မူ၏။ ထိုစကားကိုကြား၍ အင်္ဂုလိမာလသည် သာကီဝင်မင်းသားရဟန်းတို့သည်မှန်သောစကားကိုဆိုကုန်၏။ မှန်သည်ကိုသာဝန်

www.dhammaransi.com



ခံကုန်၏။ ထိုသို့လျှက် ဤရဟန်းသည် သွားလျှက်ပင်ငါရပ်၏၊သင်သာ မရပ်သည်ဟုဆို၏။ အကြင် ငါကြီးအောက်မေ့သည့်ကား။ ဤရဟန်းကြီးကို ငါမေးအံ့ဟုကြံပြီး၍ အင်္ဂုလိမာလသည် မေးလိုသည်ဖြစ်၍။ ။ ဂစ္ဆံ ဝဒေသိ သမဏ ဋ္ဌိတောမှိ၊မမဉ္စဗြူသိဋ္ဌိတမဋ္ဌိတောတိ။ပုစ္ဆာမိ တံသမဏဧတမတ္ထံ၊ကထံ ဋ္ဌိတော တွံ အဟံ မဋ္ဌိတောမှိ။ ။ဟူသော ဂါထာကို ရွတ်၍ မေး၏။ ။အဓိပ္ပါယ်ကား။ ရှင်ရဟန်း၊ သင်သည် သွားလျှက်ပင် ငါရပ်၏ဟုဆို၏။ ရပ်၍နေသော အကျွန်ုပ်ကို သင်သာ မရပ်ဟုဆို၏၊ ရှင်ရဟန်း။ သင့်ကို ဤအကြောင်းကိုမေးပါအံ့။ အဘယ် အကြောင်းကြောင့် သင်ရဟန်းသည်ကား ရပ်သည်မည်သနည်း၊ ငါကား မရပ်သည်မည်သနည်း ဟူလိုသည်။ ။အင်္ဂုလိမာလအမေးကို ဖြေလိုသောမြတ်စွာဘုရားသည်။ ။ဋ္ဌိတော အဟံ အင်္ဂုလိမာလ သဗ္ဗဒါ၊သဗ္ဗေသု ဘူတေသု နိဓါယ ဒဏ္ဍံ။တုဝဉ္စပါဏေသုအသညတောသိ၊ တသ္မာ ဋ္ဌိတော အဟံ တေ မဋ္ဌိတောသိ။ ။ဟူသော ဂါထာကို မိန့်တော်မူ၏။ ။ဤဂါထာ၌ အဓိပ္ပါယ်ကား။အင်္ဂုလိမာလ၊ငါသည် အခါ ခပ်သိမ်း အလုံးစုံသောသတ္တဝါတို့၌ ဒဏ်ထားခြင်း ထားလက်နက်တို့ ဖြင့် နှိပ်စက်ညှဉ်းဆဲခြင်းကိုပယ်၍ သူတော်ကောင်းတရား၌ တည်၏။ ထိုကြောင့်ငါသည်ရပ်၏ဟုဆိုသည်။သင်သည်ကားသတ္တဝါအပေါင်း တို့၌ ကိုယ်နှုတ်နှလုံးမစောင့်သည်ဖြစ်၍ ထားလှံအစရှိသောလက်နက် ဖြင့် ထိုးခုတ်သတ်ပုတ်ညှဉ်းဆဲခြင်းပြုသဖြင့် သူတော်ကောင်းတရား၌ မတည်။ထိုကြောင့်သင်သည်သာမရပ်ဟုငါဆိုသည်ဟူလိုသော်။ ။

ထိုနောင်မှ အင်္ဂုလိမာလသည်။ ဋ္ဌိတော အဟံ အင်္ဂုလိမာလ-အစရှိသော သီဟနာဒသည် တပါးသောသူသည် ဟောအပ်သော ဂါထာ သည်မဖြစ်လတ္တံ့။ မဟာမာယာ၏သားဖြစ်သောသိဒ္ဓတ်အမည်ရှိသော မင်းသား၏ သီဟနာဒဂါထာတည်း။ ကုန်ပြီးသောအာသဝေါရှိသော ရှင်တော်ဘုရားသည် ငါသူတော်ကောင်းတရား၌ မတည်သောအဖြစ် ကိုမြင်တော်မူပေစွတကား။ ရှင်ပင်ဘုရားသည် ငါ့အား သင်္ဂြိုဟ်ခြင်း ကိုပြုအံ့ငှါသာ၍ ဤတောကြီးသို့ လာပေသည် တကားဟု ကြံ၍။ ။ စိရဿံ ဝတ မေ မဟိတော မဟေသီ၊မဟာဝနံ သမဏပစ္စုပါဒိသောဟံ။ စရိဿာမိ ပဟာယ ပါပံ သုတွာန၊ ဂါထံ ဘဂဝတော ဓမ္မယုတ္တံ။ ။ ဟူသော ဂါထာကို ရွတ်၏။ ။ရှင်ရဟန်း၊ ဤလူနတ်ဖြဟ္မာတို့သည်

www.dhammaransi.com



ပူဇော်အပ်သော သီလအစရှိသောကျေးဇူးကို ရှာတော်မူလေ့ရှိသော ရှင်ရဟန်းသည် မြင့်ရှည်မှ အကျွန်ုပ်အား သဖြုံဟတ်ခြင်းကို ပြုတော်မူလို၍ ဤတောကြီးသို့ကြွလာတော်မူ၏။ ထိုအကျွန်ုပ်သည် ရှင်ပင်ဘုရားတရားတော်ကို ကြားသောကြောင့် သူ့အသက်ကိုသတ်ခြင်းတည်းဟူသော မကောင်းသောအကျင့်ကိုပယ်၍ သူတော်ကောင်း၏ တရားကိုသာလျှင်ကျင့်ပါတော့အံ့။ဤသို့လျှင် မြတ်စွာဘုရားကိုကြားလျှောက်၏။ ဟူလိုသည်။ ။ထိုနောင် အင်္ဂုလိမာလသည် သန်လျက် လေး လှံ အစရှိသော အလုံးစုံသောလက်နက်တို့ကို ချောက်ကမ်းပါးပြတ်၌စွန့်ပစ်၍ ဘုရားခြေတော်တို့ကို ရိုသေစွာရှိခိုး၍ ထိုအရပ်၌ပင်လျှင်။ ဘုန်းဟော်ကြီးသောရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် အကျွန်ုပ်ကိုရဟန်းပြုတော်မူပါလော့ဟုတောင်းပန်၍ ခပ်သိမ်းသောသတ္တဝါအပေါင်းတို့၌ သနားခြင်းရှိတော်မူသောမြတ်စွာဘုရားသည် ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းနှင့်တူသော လက်ျာလက်မောင်းတော်ကိုဆန့်၍၊ဧဟိ ဘိက္ခု၊ သမ္မာ စရထ အစရှိသဖြင့်ခေါ်တော်မူလျှင်။ အင်္ဂုလိမာလအား ဆံမုတ်ဆိတ် လူဝတ်ပုဆိုးတို့သည် ကွယ်လေ၍၊ သပိတ်သင်္ကန်းစသော ရဟန်းပရိက္ခရာရှစ်ပါးနှင့်ပြည့်စုံစွာ ထက်ကြပ်ပါလျက် အဝါခြောက်ဆယ်ရှိပြီးသော မထေရ်ကြီးကဲ့သို့ မြတ်စွာဘုရားသို့ညွှတ်သောဦးခေါင်းဖြင့်ရှိခိုးလျက် ဧဟိဘိက္ခု ပဉ္စင်းရဟန်း ဖြစ်လေ၏။ အင်္ဂုလိမာလ ဧဟိဘိက္ခုရဟန်းဖြစ်ပြီးသော် နောက်လိုက်ရဟန်းဖြစ်သောအင်္ဂုလိမာလနှင့်တကွဇေတဝန်ကျောင်းတော်သို့ပြန်၍ နေတော်မူ၏။ နောက်အခါ၌ အင်္ဂုလိမာလမထေရ်သည် ဝိပဿနာကိုပွါးစေ၍ အာသဝေါလေးပါး အကြွင်းမရှိကုန်သည်ဖြစ်၍ ရဟန္တာအဖြစ်သို့ရောက်၍ ပရိနိဗ္ဗာန် ပြုလေ၏။ ။ ရဟန်းတို့သည်တရားသဘင်၌စုဝေး၍။ အရှင်တို့၊အင်္ဂုလိမာလထေရ်သည်အဘယ်အရပ်၌ဖြစ်ရှာလေသည်မသိဟုစကားကိုဖြစ်စေကုန်၏။ မြတ်စွာဘုရားသည်လာတော်မူ၍။ ချစ်သားရဟန်းတို့၊ အဘယ်စကားကိုပြောဆိုကြသနည်းဟု မေးတော်မူ၍။ ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အင်္ဂုလိမာလထေရ်၏ဖြစ်ရာအရပ်ကို ပြောဆိုကြပေသည်ဟုလျှောက်သော်။အင်္ဂုလိမာလထေရ်သည် ပရိနိဗ္ဗာန်ယူလေပြီဟု ဘုရားမိန့်တော်မူလျှင်။ အရှင်ဘုရား၊ ဤမျှလောက်သောသူတို့ကိုသတ်၍ ပရိနိဗ္ဗာန်ပြုရ၏လောဟုနားတော်လျှောက်သဖြင့်၊ ဩြော်ပရိနိဗ္ဗာန်ပြုရ၏

www.dhammaransi.com



ချစ်သားရဟန်းတို့၊ အင်္ဂုလိမာလသည်။ ရှေး၌ ကောင်းသော အဆွေခင်ပွန်းကိုမရပါ၍ ဤမျှလောက်မကောင်းမှုကိုပြုရသည်။နောက်အခါ၌ ဘုရားဟူသော အဆွေခင်ပွန်းကောင်း အထောက်အပံ့ကို ရ၍ မမေ့မလျော့ ကမ္မဋ္ဌာန်းကိုပွါးစေသဖြင့်။ အကြင်မကောင်းမှုကို ရှေး၌ပြု၏။ ထိုမကောင်းမှုကို အရဟတ္တမဂ်ကုသိုလ်ဖြင့် ပိတ်အပ်ပြီဟု မိန့်တော်မူ၍။ ။ယဿ ပါပံ ကတံကမ္မံ၊ကုသလေနပိ ဓိယတိ။သော မံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ။ ။ဟူသော တရားကို ဟောတော်မူ၏။ ။ဒေသနာတော်အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်အစရှိသည်တို့သို့ရောက်ကုန်၏။ ။

---

## ၂၀။ ပသေနဒီကောသလမင်းကြီး၏ အသဒိသဒါနကိုပြရာ။

နဝေကဒရိယာအစရှိသော တရားဒေသနာကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌နေတော်မူသောအခါ အသဒိသအလှူကို အကြောင်းပြု၍ ဟောတော်မူ၏။ တပါးသောအခါ ဇေတဝန်ကျောင်းတော်မှ ဝါကျွတ်တော်မူလျှင် ဒေသစာရီကြွတော်မူ၍ ငါးရာသော ရဟန်းတို့ဖြင့် ခြံရံလျက် ဇေတဝန်ကျောင်းတော်သို့ ဝင်၏။ ပသေနဒီကောသလမင်းကြီးသည်ကျောင်းသို့သွား၍မြတ်စွာဘုရားကို ဆွမ်းဘိတ်၍ မိုးသောက်သောနေ့၌ အာဂန္တုကအလှူကိုစီရင်၍၊ ငါ၏အလှူကို ရှုလှည့်ကုန်ဟု ပြည်သူတို့ကိုခေါ်စေ၍ ပြည်သူတို့သည် လာကုန်၍ မင်း၏အလှူကိုမြင်၍။ နက်ဖြန်အလို့ငှါ မြတ်စွာဘုရားကို ပြည်သူတို့သည် ဘိတ်မန်၍ အလှူကိုစီရင်၍၊ ငါတို့၏အလှူကို အရှင်မင်းကြီးသည်ရှုတော်မူလှည့်ပါဟုစေလိုက်ကုန်၏။ မင်းကြီးသည်ထိုပြည်သူတို့၏အလှူကိုမြင်ပြီး၍ ဤပြည်သူတို့သည် ငါ၏အလှူထက်လွန်မြတ်စွာပြုအပ်ပြီ။ငါသည်တဖန်မြိုဦးအံ့ဟုတမိုးသောက်သောနေ့၌အလှူကိုစီရင်ပြန်၏၊ ပြည်သူတို့သည် ထိုအလှူကိုမြင်၍တမိုးသောက်သောနေ့၌အလှူကိုစီရင်ကုန်၏။ ဤသို့လျှင် မင်းကြီးသည် ပြည်သူတို့ကိုရှုံးစေအံ့သောငှါမတတ်နိုင်။ ပြည်သူတို့သည် မင်းကြီးကို ရှုံးစေအံ့သောငှါ မတတ်နိုင်ကုန်။ထိုအခါခြောက်ကြိမ်မြောက်၌ ပြည်သူတို့သည်အဆအရာအဆ

www.dhammaransi.com



အထောင်ပွါးစေ၍။ အကြင်အခြင်းဖြင့် ဤသူတို့၏အလှူ၌ ဤမည်သော ဝတ္ထုသည်မရှိဟူ၍ဆိုအပ်သော၌ါမတတ်ကောင်း။ ထိုအခြင်းဖြင့် ပြည် သူတို့သည် အလှူကို စီရင်ကုန်၏၊ ပသေနဒီကောသလမင်းကြီးသည် ဤပြည်သူတို့၏အလှူထက် လွန်မြတ်စွာ ငါသည်မပြုနိုင်လတ္တံ့။ ငါ့အား အသက်ရှင်သဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု ကြံ၍ အိပ်၏။ ထိုရော အခါ မလ္လိကာမိဘုရားသည် မင်းကြီးသို့ကပ်၍ အဘယ်ကြောင့် အရှင် မင်းကြီး ဤသို့အိပ်သနည်း။အဘယ်ကြောင့် အရှင်မင်းကြီးအား မျက်စိ စသောဣန္ဒြေတို့သည်ညှိုးငယ်ကုန်သနည်းဟုမေးလျှောက်၏။မိဘုရား၊ ယခုအခါ သင်သည် မသိပါလောဟူ၍ဆို၍။ အရှင်မင်းကြီး၊ အကျွန်ုပ် မသိပါဟုလျှောက်သော် မင်းကြီးသည် မိဘုရားအား ထိုပြည်သူတို့ကို အလှူပေးရာ၌မသာနိုင်ကြောင်းကိုကြား၏။ ထိုအခါမင်းကြီးကို။ အရှင် မင်းကြီး၊မကြံသင့်။ အဘယ့်အရာ၌ သင်မင်းကြီးသည် ရေမြေကိုအစိုး ရသောမင်းသည် ပြည်သူတို့မှ ရှုံးသည်ကို မြင်ဘူးသနည်း၊ ကြားဘူး သနည်း။ အရှင်မင်းကြီးတို့၏အလှူကို အကျွန်ုပ်သည် စီရင်အံ့ဟုဆိုပြီး လျှင် ထိုမလ္လိကာမိဘုရားသည်အသဒိသအလှူကိုစီရင်အံ့သော၌ါ မြတ် သောမင်းကြီး၊ သာလကလျာဏီ အမည်ရှိသော သစ်သားပျဉ်ဖြင့် ငါး ရာသောရဟန်းတို့၏ ဝံနေရာမဏ္ဍပ်ကို အတွင်းအကွေ့၌ပြုလော့။ ကြွင်း သောလူပရိသတ်တို့သည်အပအကွေ့၌နေကုန်လတ္တံ့။ငါးရာကုန်သော ထီးဖြူတို့ကို ပြုစေလော့၊ ထိုထီးဖြူတို့ကို ကိုင်၍ ငါးရာသော ဆင်တို့ သည် ငါးရာကုန်သောရဟန်းတို့၏ အထက်၌ ဆောင်းကုန်လျက် ရပ် ကုန်လတ္တံ့။ ရှစ်စင်း ဆယ်စင်းသော ရွှေလှေတို့ကို ပြုစေလော့၊ ထိုရွှေ လှေတို့သည် မဏ္ဍပ်၏အလယ်၌ဖြစ်ကုန်လတ္တံ့။ နှစ်ယောက်နှစ်ယောက် ကုန်သော ရဟန်းတို့၏အကြား၌ တယောက်တယောက်သောမင်းသမီး တို့သည်နေကုန်၍၊နံ့သာအမှုန့်ကိုကြိတ်ကုန်လတ္တံ့။တယောက်တယော သော မင်းသမီးတို့သည် ယပ်ကို ကိုင်၍ နှစ်ယောက်နှစ်ယောက်သော ရဟန်းတို့ကို ယပ်ခတ်လျက် ရပ်ကုန်လတ္တံ့။ ထိုမှကြွင်းသော မင်းသမီးတို့ သည်ကြိတ်ပြီးကြိတ်ပြီးကုန်သောနံ့သာမှုန့်တို့ကိုဆောင်ကုန်၍ ရွှေလှေ တို့၌ ထည့်ကုန်လတ္တံ့။ ထိုမင်းသမီးတို့တွင် အချို့သော မင်းသမီးတို့သည် ကြာညိုပန်းအစည်းတို့ကိုကိုင်ကုန်၍။ ရွှေလှေ၌ထည့်ကုန်ပြီးသော်နံ့သာ တို့ကိုလှုပ်ချောက်မွှေ၍ နံ့သာဖြင့်ထုံခြင်းကိုယူစေကုန်လတ္တံ့။ ပြည်သူ

www.dhammaransi.com



တို့အား မင်းသွီးတို့သည်လည်းမရှိကုန်။ ထီးဖြူတို့သည်လည်း မရှိကုန်။ ဆင်တို့သည်လည်းမရှိကုန်။ ဤအကြောင်းတို့ဖြင့် ပြည်သူတို့သည် ရှုံးကုန်လတ္တံ့။ အရှင်မင်းကြီး၊ ဤဆိုတိုင်း ပြုတော်မူလော့ဟု မလ္လိကာဆိုသော်။ မိဘုရား၊ ကောင်း၏ကောင်း၏။ သင်သည် ကောင်းသောစကားကိုဆိုအပ်၏ဟု ထိုမိဘုရားဆိုတိုင်းသောအမှတ်ဖြင့် အလုံးစုံကိုပြုစေ၏။ တယောက်သောရဟန်းအားကား ဆင်တစီးသည်မလောက်င။ ထိုအခါ မင်းကြီးသည် မလ္လိကာကို ရှင်မိဘုရား၊ တယောက်သောရဟန်းအား တစီးသောဆင်သည် မလောက်။ အဘယ်သို့ပြုအံ့နည်းဟု ဆို၏၊ အရှင်မင်းကြီး၊ ငါးရာသောဆင်တို့သည် မရှိကုန်လောဟု မေးသဖြင့်၊ မိဘုရား၊ ရှိပါ၏။ ရေတွက်သောဆင်မှ ကြွင်းသောဆင်တို့သည် ဆိုးလှပျက်လှကုန်၏။ ထိုဆင်တို့သည် ရဟန်းကိုမြင်၍ ဝေရမ္ဘလေကဲ့သို့ကြမ်းထမ်းသည်ဖြစ်ကုန်၏ဟုဆိုသော်။ အရှင်မင်းကြီး၊ တခုသောဆင်ပျက်ငယ်၏ ထီးဖြူကိုကိုင်၍ ရပ်ရာအရပ်ကို အကျွန်ုပ်သိပါ၏ဟု မလ္လိကာမိဘုရားဆိုသဖြင့် အဘယ်အရပ်၌ ဆင်ပျက်ငယ်ကိုထားရအံ့နည်းဟု မင်းကြီးမေးသော် အင်္ဂုလိမာလမထေရ်၏အနီး၌ ထားလော့ဟု ဆို၍၊ မလ္လိကာမိဘုရားဆိုတိုင်း ပြု၏။ ထိုဆင်ပျက်ငယ်သည် အမြီးကိုပေါင်ကြား၌ထား၍၊ နားရွက်နှစ်ဘက်တို့ကိုချ၍၊ မျက်စိတို့ကိုမှိတ်၍ ယဉ်လှစွာသောဆင်ကဲ့သို့ရပ်၏။ လူများအပေါင်းသည် ဤသို့ပျက်ချော်ကြမ်းထမ်းသောသဘောရှိသောဆင်ကိုသာကြည့်၏။ ။

ပသေနဒီကောသလမင်းကြီးသည် ဘုရားအစရှိသောသံဃာတော်ကို ဆွမ်းလုပ်ကျွေးပြီးသော်။ မြတ်စွာဘုရားကို ရှိခိုး၍။ ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ဤအလှူဝတ္ထု၊အတို့၌ အပ်သောဘဏ္ဍာသည်ရင်း၊ မအပ်သောဘဏ္ဍာသည်ရင်းဖြစ်၏။ ထိုအလုံးစုံကို အရှင်ဘုရားတို့အား သာလျှင်လှူပါ၏ဟုလျှောက်၏။ ထိုအလှူပေးရာ၌တနေ့ခြင်းဖြင့်သာလျှင် တဆဲ့လေးကုဋေအရေအတွက်ရှိသောအသပြာဥစ္စာကို စွန့်အပ်သည်ဖြစ်၏။ မြတ်စွာဘုရားသည် ရအပ်သော ထီးဖြူ၊ နေရာပလ္လင်၊ သပိတ်၊ ခြေဆေးအင်းပျဉ်၊ ဤလေးပါးတို့သည် အဘိုး အတိုင်းမသိ ထိုက်ကုန်၏။ ဤသို့သဘောရှိသည်ကိုပြု၍ မြတ်စွာဘုရားတို့အား ဤအလှူနှင့်အမျှအတူ လှူခြင်းငှါ စွမ်းနိုင်သောသူ မည်သည် မရှိ။ ထိုကြောင့် ဤအလှူသည် အသဒိသအလှူမည်၏။ ခပ်သိမ်းသောဘုရားရှင်တို့အား ဤအသ

www.dhammaransi.com



ဒိသအလှူသည်တကြိမ်သာဖြစ်၏။ ခပ်သိမ်းသောဘုရားတို့အား အသဒိသအလှူကိုလည်း မိန်းမသာလျှင် စီရင်သတည်း။ ။မင်းကြီးအားကား၊ ကာဠအမတ်၊ ဇုဏှအမတ်ဟူ၍ အမတ်ကြီး နှစ်ယောက်တို့သည် ရှိကုန်၏။ထိုအမတ်တို့တွင် ကာဠအမတ်သည်ဤသို့ကြံ၏၊ မင်းမျိုးအား စည်းစိမ် ယုတ်ခဲ့ပြီ။ တနေ့ခြင်းဖြင့် တဆဲ့လေးကုဋေသော ဥစ္စာသည် ကုန်ခြင်းသို့ရောက်၏၊ ဤရဟန်းတို့သည် ဤအလှူကိုစား၍ ကျောင်းသို့ သွား၍ လျောင်းလျက် အိပ်ကုန်လတ္တံ့။ ဪမင်းမျိုးသည် ပျက်စီးခဲ့ပြီဟုကြံ၏၊ ဇုဏှအမတ်သည်ဤသို့ကြံ၏။ ဪအံ့ဘွယ်ရှိစွ၊မင်းအဖြစ်၌ မတည်သောသူသည် ဤသို့သဘောရှိသောအလှူကိုပေးခြင်းငှါမတတ်နိုင်။ခပ်သိမ်းသောသတ္တဝါတို့အားအလှူအတို့ကိုမပေးဝေပါ။ငါမူကား ဤအလှူကို ဝမ်းမြောက်ပါ၏။ ဤသို့ကြံ၏။ မြတ်စွာဘုရား၏ဆွမ်းဘုန်းပေးပြီးသောအဆုံး၌ အနုမောဒနာပြုစိမ့်သောငှါမင်းကြီးသည်သပိတ်ကိုယူ၏။ မြတ်စွာဘုရားသည် ကြံတော်မူ၏။ မင်းကြီးသည် သည်းစွာသောအယဉ်ကို ဖြစ်စေသကဲ့သို့ ကြီးစွာသော အလှူကိုလှူ၏။ လူများအပေါင်းသည် စိတ်ကိုကြည်စိမ့်သောငှါ စာတ်နိုင်ပါအံ့လော၊ မတတ်နိုင်ပါအံ့လောဟု ကြံတော်မူသောမြတ်စွာဘုရားသည် ထိုအမတ်တို့၏ စိတ်ကိုသိတော်မူ၍။ အကယ်၍ ငါသည် မင်းကြီး၏အလှူနှင့် လျောက်ပတ်စွာအနုမောဒနာကိုပြုအံ့၊ ကာဠအမတ်၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲလတ္တံ့။ ဇုဏှအမတ်သည်ကား သောတာပတ္တိဖိုလ်၌ တည်လတ္တံ့ဟုသိတော်မူ၍။ ကာဠအမတ်၌သနားခြင်းကိုစွဲ၍ ဤသို့သောအလှူကြီးကိုပေးသောမင်းကြီးအားလေးပုဒ်ရှိသောဂါထာမျှကိုသာဟော၍နေရာမှထ၍ ကျောင်းသို့ ကြွသွားတော်မူ၏။ ။ရဟန်းတို့သည် အင်္ဂုလိမာလကို။ ငါ့ရှင်၊အသို့နည်း။ ပျက်သောကြမ်းသောဆင်သည် ထီးမိုး၍တည်သည်ကိုမြင်သော် ငါ့ရှင်သည် မကြောက်လေသလောဟု မေးကုန်၏။ အရှင်တို့၊ ငါသည် မကြောက်ဟူ၍ဆို၏။ ရဟန်းတို့သည် မြတ်စွာဘုရားသို့ ကပ်၍။ အရှင်ဘုရား၊အင်္ဂုလိမာလသည် အရဟတ္တဖိုလ်ကိုကြားသည်ဟု လျှောက်ကုန်၏။ မြတ်စွာဘုရားသည်။ ချစ်သားရဟန်းတို့၊ အင်္ဂုလိမာလသည် မကြောက်သည် မှန်၏။ အင်္ဂုလိမာလသည် ကုန်ပြီးသောအာသဝေါရှိသော ယောကျ်ားမြတ်တို့၏ အကြား၌ အကြီးဖြစ်သော ယောကျ်ားမြတ်တည်း။ ငါ၏သား အင်္ဂုလိမာလနှင့်တူသော ရဟန်းတို့

www.dhammaransi.com



သည်မကြောက်ကုန်ဟုမိန့်တော်မူ၍။ ။ဥသဘံ ပဝရံ ဝီရံ၊မဟေသိံ ဝိဇိတာဝိနံ။အနေဇံ နှာတကံ ဗုဒ္ဓံ၊တမဟံဗြူမိဗြာဟ္မဏံ။ ။ဟူသော ဂါထာကိုဟောတော်မူ၏။ ။

ပသေနဒီကောသလမင်းကြီးသည်နှလုံးမသာယာသည်ဖြစ်၍။ ဤသို့ သဘောရှိသောပရိသတ်ဖြင့် အလှူပေး၍တည်သောငါ့အား လျော်ကပတ်စွာအနုမောဒနာမပြုမူ၍ တဂါထာမျှကိုသာ ဟော၍ နေရာမှထ၍ မြတ်စွာဘုရားကြွတော်မူလေသည်။ ငါသည်မြတ်စွာဘုရားသခင်အား လျော်ကပတ်သောအလှူကို မပြုမိ။ မလျော်ကပတ်သည်ကို ပြုမိသည် ဖြစ်လတ္တံ့။ အပ်သောဘဏ္ဍာကို မလှူမိ။ မအပ်သောဘဏ္ဍာကို လှူမိ သည်ဖြစ်လတ္တံ့။ မြတ်စွာဘုရားသည် ငါ့အားအမျက်ထွက်သည်ဖြစ်ရာ ၏။ဤငါ၏အလှူသည် အသဒိသအလှူကြီးမည်၏၊ ထိုအလှူနှင့်လျော် ပတ်သော အနုမောဒနာကို ပြုအံ့သောငှါအပ်၏ဟု ဇေတဝန်ကျောင်း တော်သို့သွား၍ မြတ်စွာဘုရားကိုရှိခိုး၍ ဤသို့လျှောက်၏။အသို့ပါနည်း ရှင်ပင်ဘုရား၊ အကျွန်ုပ်သည် လှူအပ်သည်နှင့်ယှဉ်သောဝတ္ထုကိုလှူမိပါ ၏လော။ သို့တည်းမဟုတ်၊မလှူအပ်သည်ကို လှူမိလေသလော။ ရဟန်း တို့အား အပ်သောဘဏ္ဍာကို မလှူမူ၍၊ မအပ်သောဘဏ္ဍာကို လှူမိလေ သလောဟူ၍ လျှောက်သော်။ မြတ်သောမင်းကြီး၊ ဤသို့လျှောက်ခြင်း သည် အဘယ်ကြောင့်နည်းဟု မြတ်စွာဘုရားမေးတော်မူသဖြင့် အရှင် ဘုရားတို့သည် အကျွန်ုပ်အား အလှူနှင့်လျော်ကပတ်စွာ အနုမောဒနာ မပြုပါသောကြောင့်တည်းဟုလျှောက်၍၊ မြတ်သောမင်းကြီး၊ သင်မင်း ကြီးသည် လျော်ကပတ်သောအလှူကိုသာလျှင်လှူအပ်၏။ ဤသို့အသဒိ သအလှူကြီးမည်သည်ကို ဘုရားတဆူအား တကြိမ်သာလျှင် ပေးခြင်း ငှါတတ်နိုင်၏။ တဖန်ဤသို့သဘောရှိသောအလှူကိုပေးခြင်းငှါမတတ် နိုင်ဟု မိန့်တော်မူလေသော်။ ထိုသို့လျှောက်၊ ရှင်ပင်ဘုရားသည်၊အဘယ် ကြောင့် အကျွန်ုပ်ကို အလှူနှင့်လျော်ကပတ်စွာအနုမောဒနာပြုတော်မမူ ပါသနည်းဟု လျှောက်ပြန်၍။ မြတ်သောမင်းကြီး၊ ပရိသတ်မစင်ကြယ် သောကြောင့်တည်းဟု မိန့်တော်မူသဖြင့်။ အရှင်ဘုရား၊ ပရိသတ်၌ အ ဘယ်အပြစ်ရှိသနည်းဟုလျှောက်၏၊ ထိုသို့လျှောက်သောအခါမြတ်စွာ ဘုရားသည် မင်းကြီးအား အမတ်နှစ်ယောက်တို့၏နှလုံးသွင်းခြင်းကိုကြား ၍။ ကာဠအမတ်၌သနားခြင်းကိုစွဲ၍ အနုမောဒနာကို အလှူနှင့်လျော်

www.dhammaransi.com



ပတ်စွာမပြုသောအဖြစ်ကိုကြားတော်မူ၏။ မင်းကြီးသည်။ကာဠ၊ဤသို့ အကြံဖြစ်သည်မှန်၏လောဟုမေး၍။အရှင်မင်းကြီး၊မှန်ပေ၏ဟုလျှောက် သော်၊ ကာဠ၊သင်၏ဥစ္စာကိုမယူမူ၍ ငါ၏သားမယားတို့နှင့်တကွငါ၏ ဥစ္စာကိုငါလှူသည်။ သင့်အား အဘယ်နှိပ်စက်ခြင်းကိုပြုသနည်း။ သင် သွားလေ။ အကြင်ဥစ္စာကို သင့်အားငါပေး၏။ ထိုဥစ္စာသည် ပေးတိုင်း ဖြစ်လေ၊ ငါ၏တိုင်းမှကား သင်ထွက်လေဟု ကာဠအမတ်ကိုနှင်ထုတ် ၏။ ဇုဏှအမတ်ကိုခေါ်စေ၍။ ဇုဏှ၊သင့်အား ဤသို့အကြံရှိသည်မှန်၏ လောဟု မေး၍ မှန်ကြောင်းကိုလျှောက်သော် ဦးရီးတော်၊ ကောင်း၏။ သင်ဝရီးတော်အားကြည်ညိုသည်ဖြစ်၏။ ငါ့အလုပ်အကျွေးကိုယူ၍ ငါ သည်လှူအပ်သောနည်းဖြင့်ခုနစ်ရက်ပတ်လုံးအလှူကိုပေးလော့ဟုခုနစ် ရက်ပတ်လုံး မင်းအဖြစ်ကိုဇုဏှအားဆောက်နှင်း၍ မြတ်စွာဘုရားကို၊ ဘုန်းတော်ကြီးသောအရှင်ဘုရား၊သူမိုက်၏ဖြစ်ခြင်းကိုရှုတော်မူပါ။အ ကျွန်ုပ်သည် ဤသို့ပေးအပ်သော အသဒိသအလှူကြီး၌ ဤသူမိုက်သည် ပုတ်ခတ်ခြင်းကို ပေးဘိ၏ဟု လျှောက်၏။ မြတ်စွာဘုရားသည်လည်း။ ပြော်မြတ်သောမင်းကြီး၊သူမိုက်သည်သူတပါး၏အလှူ၌မနှစ်သက်မူ၍ အပါယ်လေးပါးသို့ လားရ၏။ ပညာရှိသောသူတို့ကား သူတပါးတို့၏ အလှူ၌နှစ်လို့ဝမ်းမြောက်ခြင်းဖြစ်၍နတ်ရွာသို့လားရသည်သာလျှင်တည်း ဟုမိန့်တော်မူ၍။ ။နဝေ ကဒရိယာ ဒေဝလောကံဝဇန္တိ၊ဗာလာဟဝေ နပ္ပသံသန္တိ ဒါနံ။ဓီရောဝ ဒါနံ အနုမောဒမာနော၊တေနေဝ သောဟော တိ သုခီ ပရတ္ထ။ ။ဟူသောတရားဒေသနာကို ဟောတော်မူ၏။ ဒေ သနာတော်အဆုံး၌ ဇုဏှအမတ်သည် သောတာပတ္တိဖိုလ်၌ တည်လေ ၏။ ။ကဒရိယာ၊စဉ်းလဲဝန်တိုသောသူတို့သည်။ ဒေဝလောကံ၊နတ် ပြည်သို့။ နဝဇန္တိ၊မသွားရကုန်။ ဟဝေ၊စင်စစ်။ဗာလာ၊သူမိုက်တို့သည်။ ဒါနံ၊ အလှူကောင်းမှုကို။ နပ္ပသံသန္တိ၊ မချီးမွမ်းကုန်။ ဓီရောဝ၊ ပညာရှိ သောသူတော်ကောင်းသာလျှင်။ ဒါနံ၊ကို။အနုမောဒမာနော၊ဝမ်းမြောက် သည်ဖြစ်၍။ တေနေဝ၊ထိုသို့ဝမ်းမြောက်ကာမျှကြောင့်လျှင်။ သော၊ထို အလှူဒါန၌ဝမ်းမြောက်သောသူသည်။ပရတ္ထ၊တမလွန်လောက၌။သုခီ၊ ချမ်းသာကိုခံစားရသည်။ဟောတိ၊ဖြစ်၏။ ။အနက်။ ။

## ၂၆။ သုန္ဒရီပရိဗိုဇ်မခွပ်စွဲခြင်းကိုပြရာ။

အဘူတဝါဒီ အစရှိသော တရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌နေတော်မူလျက်။ သုန္ဒရီပရိဗိုဇ်မကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုရောအခါ၌ မြတ်စွာဘုရားအားရင်း၊ ရဟန်းသံဃာအားရင်း၊ ဇမ္ဗူဒိပါကျွန်းကို လွှမ်းမိုး၍စီးသော မြစ်ကြီးငါးသွယ်တို့၏ သည်းစွာသောအယဉ်နှင့်အတူ လာဘ်ပူဇော်သက္ကာမြတ်နိုးခြင်းဖြစ်သည်ရှိသော်ယုတ်သောလာဘ်သပ္ပကာရှိကုန်သောတိတ္ထိတို့သည်နေထွက်သောအခါ၌ ပိုးစုန်းကြူးသည် အရောင်မရှိသကဲ့သို့ဖြစ်ကုန်၍။ တပေါင်းတည်း စည်းဝေးကုန်၍ တိုင်ပင်ကုန်၏။ ငါတို့သည် ရဟန်းဂေါတမဖြစ်စောသောအခါမှစ၍ ချို့တဲ့သော လာဘ်သပ္ပကာရှိကုန်၏။ ငါတို့ကိုတစုံတယောက်သည်မျှ ရှိသောအဖြစ်ကိုမသိပြီ။အဘယ်သူနှင့်အတူတကွဖြစ်၍ ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ကိုဖြစ်စေလျက် ထိုဂေါတမအားလာဘ်သပ္ပကာပူဇော်သက္ကာရကိုကွယ်ပျောက်စေရအံ့နည်းဟု တိုင်ပင်ကုန်၏။ ထိုအခါ တိတ္ထိတို့သည် သုန္ဒရီပရိဗိုဇ်မနှင့် တကွတပေါင်းတည်းဖြစ်၍ ယုတ်စေနိုင်ကုန်လတ္တံ့ဟု တိုင်ပင်ကြကုန်၍။ ထိုတိတ္ထိတို့သည်တနေ့သ၌သုန္ဒရီပရိဗိုဇ်မသည်မိမိတို့၏အရံသို့ဝင်၍ရှိခိုးလျက်နေသော် စကားမပြောဘဲနေကုန်၏။ထိုသုန္ဒရီသည် အဘန်တလဲလဲစကားပြောဆိုပါသော်လည်း စကားတုံ့ကိုမရ၍။ အရှင်တို့၊စင်စစ်သဖြင့် တစုံတယောက်သောသူသည် အရှင်တို့ကိုနှိပ်စက်ညှဥ်းဆဲသလောဟုမေး၏။ တိတ္ထိတို့သည်ဆိုကုန်၏။အသို့နည်း နှမသုန္ဒရီ၊ငါတို့ကိုနှိပ်စက်ညှဥ်းဆဲလျက် လာဘ်သပ္ပကာချို့တဲ့အောင်ပြု၍ သွားလာသောရဟန်းဂေါတမကို သင်မမြင်ပါသလောဟုဆို၏။ ဤအရာ၌ အကျွန်ုပ်သည် အသို့ပြုခြင်းငှါသင့်မည်နည်းဟု မေးသော်၊ နှမသုန္ဒရီ၊ နှမသည်အလွန်အဆင်းလှ၏။ တင့်တယ်ခြင်းသို့ရောက်၏။ ရဟန်းဂေါတမအားအကျော်အစောမဲ့ကိုတင်၍ လူအပေါင်းတို့အား နှမစကားကိုယူစေ၍လာဘ်သပ္ပကာ ကင်းပျောက်သည်ကို ပြုလော့ဟုဆိုကုန်၏။ ထိုသုန္ဒရီသည်ကောင်းပြီဟုဝန်ခံ၍ဘဲလေ၍။ ထိုနေ့မှစ၍ပန်းနံ့သာနံ့သာပျောင်းအကျော် ကရမက် စသည်တို့ကိုယူ၍၊ညအခါ လူများအပေါင်းတို့၏တရားနာပြီး၍ မြို့သို့ဝင်သောအခါ၌ ဇေတဝန်ကျောင်းတော်သို့ ရှေးရှု

www.dhammaransi.com



လှည့်ချေကုန်။သုန္ဒရီအကောင်ကိုလည်း ထမ်းလေကုန်ဟု ထမ်း၍လည်း စေ၏။တိတ္ထိတို့သည်မင်းဆိုတိုင်းပြုရကုန်၏။မိုက်သောလူများအပေါင်း တို့သည် သာသနာ၌ယုံကြည်၏။ တိတ္ထိတို့သည်ဖွင်း၊ သေသောက်ကြူး တို့သည်ဖွင်း၊ လူသတ်ဒဏ် ပေးခြင်းသို့ ရောက်လေကုန်၏။ မြတ်စွာ ဘုရားအား ထိုအခါမှစ၍ လာဘ်သပ္ပကာအတိုင်းထက်အလွန် ပြန့်ပွါး ၏၊ ။ဤသို့ သုန္ဒရီစွပ်စွဲခြင်းကိုခံရသော အကြောင်းမှာ ငါတို့ဘုရား လောင်းသည် မုနာဠိအမည်ရှိသော သေသောက်ကြူးဖြစ်သော အခါ သုရဘိအမည်ရှိသောအရှင်ပစ္စေကဗုဒ္ဓါကိုဒုသီလပါပဓမ္မဟူ၍ဆဲရေး စွပ်စွဲချေသောကြောင့်ခံရသတည်း။ ။

---

## ၃၀။ မြတ်စွာဘုရားနှင့်တကွရဟန်းငါးရာကိုမီးကျီးတွင်း၌ ချအံ့ဟုကြံမှားလေသောတိတ္ထိယသာဝကဂရဟဒိန္နနှင့် ဗုဒ္ဓသာဝကသိရိဂုတ္တတို့အကြောင်း။

ယထာသက်ာရေ မွှာနသို့၊ အစရှိသောတရားဒေသနာကို မြတ်စွာ ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌နေတော်မူသော အခါ ဂရဟဒိန္နမည်သောနိဂဏ္ဌတို့၏တပည့်ကိုအကြောင်းပြု၍ ဟော တော်မူ၏။ ဝတ္ထုကား၊သာဝတ္ထိပြည်၌။သိရိဂုတ္တအမည်ရှိသောသူ၊ဂရ ဟဒိန္န အမည်ရှိသောသူ၊ ဤသူနှစ်ယောက်တို့သည် အဆွေခင်ပွန်းဖြစ် ကုန်၏။ထိုသူနှစ်ယောက်တို့တွင်၊သိရိဂုတ္တသည်မြတ်စွာဘုရားအားကိုး ကွယ်ဆည်းကပ်သောဒါယကာတည်း။ဂရဟဒိန္နကား နိဂဏ္ဌတိတ္ထိတို့ ၏တပည့်တည်း။ နိဂဏ္ဌတို့သည် ဂရဟဒိန္နကို ဤသို့မပြတ်ဆိုကုန်၏။ သင်၏အဆွေဖြစ်သောသိရိဂုတ္တကိုသင်သည်ရဟန်းဂေါတမကိုဆည်း ကပ်၏။ဂေါတမအထံမှသင်သည်အဘယ်ကို့ရသနည်းဟုဆို၍အကြင် အခြင်းဖြင့်ဆုံးမသော် သိရိဂုတ္တသည်ငါတို့သို့ဆည်းကပ်၍ ငါတို့အား လှူဒါန်းဝတ္ထုကိုလှူရာတွံ့။ ထိုအခြင်းဖြင့်ဆုံးမအံ့သော၌ါ မအပ်လော ဟုဆိုကုန်၏။ ဂရဟဒိန္နသည် ထိုတိတ္ထိတို့၏စကားကို ကြား၍ မပြတ် သွား၍ ရပ်ရာထိုင်ရာ အစရှိသည်တို့၌ သိရိဂုတ္တကို။ အချင်းသိရိဂုတ္တ၊ သင့်အားရဟန်းဂေါတမဖြင့် အဘယ်ပြုအံ့နည်း၊ ထိုဂေါတမသို့ဆည်း ကပ်၍အဘယ်ကိုရလတ္တံ့နည်း၊ သင်သည်ငါ၏အရှင်တို့ကို ဆည်းကပ်

www.dhammaransi.com



အံ့သောငှါ မသင့်သလော။ ထိုငါ၏အရှင်တို့အား လှူအံ့သောငှါမအပ်သလောဟူ၍ဆို၏။ သိရိဂုတ္တသည် ထိုသူ၏စကားကိုကြား၍ များစွာသောနေ့တို့၌ တိတ်တိတ်နေပြီး၍။ တနေ့သ၌။ အချင်းဂရဟဒိန္န၊ သင်သည် မပြတ် ငါ့ကိုရယ်ရာထိုင်ရာစသည်တို့၌ ဤသို့ဆို၏။ အချင်း၊သင်သည် ရဟန်းဂေါတမကိုဆည်းကပ်၍ အဘယ်ကိုရလတ္တံ့နည်း။ ငါ၏အရှင်တို့ကိုဆည်းကပ်၍ ထိုအရှင်တို့အားအလှူကိုပေးလောဟု ဆို၏။ ဓေးဦးစွာ သင်၏အရှင်တို့သည် အဘယ်ကိုသိမြင်ကုန်သနည်းဟု မေး၏။အံ့ဘွယ်ရှိစွ။အချင်း၊ဤသို့မဆိုပါလင့်။ငါ့၏အရှင်တို့အား မသိသောမည်သည်မရှိ။အလုံးစုံ အတိတ် အနာဂတ် ပစ္စုပ္ပန်ကိုသိ၏။ ဤအလုံးစုံသော ကာယကံ ဝစီကံ မနောကံကိုသိကုန်၏။ ဤသည်ဖြစ်လတ္တံ့။ ဤသည်မဖြစ်လတ္တံ့။ဤအလုံးစုံဖြစ်ထိုက်သည်မဖြစ်ထိုက်သည်ကိုသိကုန်၏ဟုဆို၏။ သို့ဖြစ်သော် ဤမျှလောက်ကာလပတ်လုံး ဤအကြောင်းကို သင်သည်ငါ့အားမကြားမူ၍အကြင်အမှုကိုပြု၏၊ ထိုအမှုသည်ဝန်လေး၏။ ယခုငါသည် အရှင်ကောင်းတို့၏ဉာဏ်၏အာနုဘော်ကို သိအပ်ပြီ။ အရှင်ဂရဟဒိန္န၊သွားချေ။ သင်၏ အရှင်ကောင်းတို့ကို ငါ၏စကားဖြင့် ဆွမ်းဘိတ်ချေဟုဆို၏။ ထိုဂရဟဒိန္နသည် နိဂဏ္ဌတို့၏အထံသို့သွား၍ ရှိခိုး၍၊ အကျွန်ုပ်၏ ခင်ပွန်းဖြစ်သော သိရိဂုတ္တသည် နက်ဖြန်အလို့ငှါ အရှင်ဘုရားတို့ကို ဆွမ်းဘိတ်ပါ၏ဟုဆို၏။ သိရိဂုတ္တသည် ကိုယ်တိုင်ပင် သင်းဆိုသလောဟုမေး၍၊ အရှင်ကောင်းတို့၊ ဩဝါဒဟုတ်၏ဟုဆိုသော် တိတ္ထိတို့သည်နှစ်သက်ကုန်သည်ဖြစ်၍။ငါတို့၏ကိစ္စသည် ပြီးပြီ။ သိရိဂုတ္တသူဌေး၏ငါတို့၌ကြည်ညိုသောအခါမှစ၍ အဘယ်မည်သော မပြည့်စုံခြင်းသည်ငါတို့အားရှိလတ္တံ့နည်းဟုဆိုကုန်၏။ ။

သိရိဂုတ္တအိမ်သည်ကား ကြီးစွာ၏။ ထိုသိရိဂုတ္တအိမ်၌ နှစ်အိမ်တို့၏အကြား၌အလျားအားဖြင့်ရှည်စွာသောတွင်းကိုတူးစေ၍၊မစင်ရေညွန်ဖြင့်ပြည့်စေ၍။ တွင်း၏အပ၌နှစ်ဘက်သောအစွန်းတို့၌ သစ်ငုတ်တို့ကိုနှက်စေ၍၊ ထိုသစ်ငုတ်တို့၌ကြိုးတို့ကိုဖွဲ့၍ ညောင်စောင်းရှေ့ခြေတို့ကိုတွင်း၏ ရှေ့နံပါး၌ ထားစေ၍ နောက်ခြေတို့ကို ကြိုးတို့၌ ထားစေ၏။ ဤသို့ပြုသဖြင့် ထိုင်သောအခါ၌သာလျှင် မစင်ညွန်ပြည့်သောတွင်းသို့ဦးခေါင်း စောက်ထိုး ကျကုန်လတ္တံ့ဟု မှတ်လျက်။ အကြင်အခြင်းဖြင့်တွင်းသည်မထင်။ ထိုအခြင်းဖြင့် အပေါ်လွှမ်းခင်းနှီးတို့ကို ခင်းစေ၏။

www.dhammaransi.com



ကြီးစွာကြီးစွာကုန်သောအိုးစရည်းတို့ကိုတည်စေ၍ ဌက်ပျောရွက်တို့ဖြင့်ငင်း၊ ပုဆိုးပုဝါတို့ဖြင့်ငင်း၊ အိုးမျက်နှာတို့ကိုပိတ်ဘွဲ့စေ၍၊ အချည်းစည်းဖြစ်ကုန်သောအိုးတို့၌သာလျှင် ယာဂုထမင်းလုံးထောပတ်တင်လဲမုန့်တို့ဖြင့်လိမ်းကျံသည်တို့ကိုပြုစေ၍ အိမ်၏နောက်အဘို့၌ထားစေ၏။ ဂရဟာဒိန္နသည် နံနက်စောစောထိုသိရိဂုတ္တ၏အိမ်သို့လျင်စွာလာ၍ အရှင်ကောင်းတို့အား ပူဇော်သက္ကာရကို စီရင်၍ပြီးပါပြီလောဟုမေး၏။ အချင်း၊ စီရင်၍ပြီးပါပြီဟုဆိုသော် ထိုအလုံးစုံသည်အဘယ်၌ရှိလေသနည်းဟုမေး၍ဤမျှကုန်သောအိုးတို့၌ယာဂု။ ဤအိုးတို့၌ထမင်း။ ဤမျှကုန်သောအိုးတို့၌ ထောပတ်တင်လဲမုန့်အစရှိသည်တို့သည်ရှိကုန်ပြီ။ နေရာတို့ကိုလည်း ခင်းအပ်ပြီဟုဆို၏။ ထိုဂရဟဒိန္နသည် ကောင်းပြီဟုဆို၍ သွားလေ၏။ ဂရဟာဒိန္န၏သွားလေပြီးသောအခါ၌ ငါးရာသော နိဂဏ္ဌတို့သည်လာကုန်၏။ ထိုသိရိဂုတ္တသည် အိမ်မှထွက်၍ ငါးပါးသောထိခြင်းဖြင့်နိဂဏ္ဌတို့ကိုရှိခိုး၍။ ထိုတိတ္ထိတို့၏ရှေ့မှလက်အုပ်ချီလျက် ရပ်၍စိတ်ထဲကကြံ၏။ သင်တို့သည် အတိတ်အနာဂတ်အစရှိသော အလုံးစုံကိုသိကုန်သည်ဟုသင်တို့အလုပ်အကျွေးဂရဟာဒိန္နသည် ငါ့အားပြောဆို၏။ အကယ်၍ နင်တို့သည် မှန်စွာသိကုန်အံ့။ ငါ၏အိမ်သို့ မဝင်ကုန်လင့်။ ငါ၏အိမ်သို့ဝင်ကုန်သောနင်တို့အားယာဂုထမင်းလည်းမရှိ။ ထောပတ်တင်လဲစသည်တို့သည်လည်း မရှိကုန်။ အကယ်၍ မသိသဖြင့် နင်တို့ဝင်လာကုန်အံ့။ မစင်ဖြင့်ပြည့်သောတွင်း၌ နင်တို့ကိုချ၍ရိုက်ပုတ်အံ့။ ဤသို့ ကြံပြီး၍ ကျွန်ယောကျ်ားတို့အား အမှတ်ကို ပေး၏။ ထိုသူတို့၏ ထိုင်သောအဖြစ်ကို သိ၍၊ နောက်အဘို့၌ ရပ်၍၊ ညောင်စောင်းတို့၏ အထက်၌ ခင်းနှီးတို့ကိုရုပ်ကုန်လော့၊ ထိုသူတို့သည် မစင်တွင်း၌ကျ၍။ မစင်ဖြင့် လိမ်းကျံစေသတည်းဟု အမှတ်ပေးပြီးသော အခါ၌ နိဂဏ္ဌတို့ကို။ အရှင်ဘုရားတို့၊ လာတော်မူကုန်လော့ဟု ဆိုသော်။ နိဂဏ္ဌတို့သည်ဝင်ကုန်၍ ခင်းအပ်သောနေရာ၌ ထိုင်အံ့သော်ဌါ အားထုတ်ကုန်၏၊ ထိုအခါထိုနိဂဏ္ဌတို့ကို သူဌေးကျွန်တို့သည်ဆိုကုန်၏၊ အရှင်ဘုရားတို့၊ ငံ့ဦးလော့၊ ရှေးဦးစွာမထိုင်တည့်ပါကုန်လင့်။ အဘယ့်ကြောင့်နည်းဟူမူ၊ ငါတို့အိမ်သို့ဝင်ရုန်သောသူတို့အား ဝတ်ကိုသိ၍ထိုင်အံ့သော်ဌါ အပ်၏ဟုဆို၍။ ဒါယကာတို့၊ အဘယ်သို့ပြုခြင်းငှါအပ်သနည်းဟု မေးသော်။ မိမိတို့အားရောက်သော နေရာ၏အရင်း၌ရပ်၍နေပြီးမှ ခပ်သိမ်း

www.dhammaransi.com



သောသူတို့သည် တပြိုင်နက်တည်းထိုင်အပ်၏ဟုဆိုကုန်၏။ ထိုနိဂဏ္ဌတို့သည် ထိုသူတို့ဆိုသောစကားကို လိုက်နာအံ့သော၌ အပ်၏ဟုကြံကုန်၍။ အလုံးစုံငါးရာသောနိဂဏ္ဌတို့သည် မိမိတို့အားရောက်သောနေရာ၏အရင်း၌ရပ်ကုန်၏၊ ထိုအခါ အရှင်ဘုရားတို့၊ လျင်စွာတပြိုင်နက်တည်းဖြင့် ထိုင်ကုန်လော့ဟုဆို၍ ထိုတိတ္ထိတို့၏ထိုင်သောအဖြစ်ကိုသိလျှင် ညောင်စောင်းတို့၏အထက်၌ခင်းနှီးတို့ကိုရုပ်လိုက်ကုန်၏။ နိဂဏ္ဌတို့သည် တပြိုင်နက်တည်းထိုင်ကုန်သော် ကြိုးတို့၏အထက်၌ ညောင်စောင်းခြေတို့သည် လျှောကျ၍ ဦးခေါင်းစောက်ထိုး မစင်တွင်း၌ ကျလေကုန်၏။ သိရိဂုတ္တသည်ထိုနိဂဏ္ဌတို့ကျကုန်ပြီးသော် အိမ်တံခါးကိုပိတ်စေ၍ တက်လာတိုင်း တက်လာတိုင်းသော နိဂဏ္ဌတို့ကို အတိတ်အနာဂတ်ပစ္စုပ္ပန်ကို အဘယ်ကြောင့် နင်တို့မသိကုန်သနည်းဟု တုတ်ဖျံကန်တို့ဖြင့်ရိုက်ခတ်၍ ဤမျှဖြင့်သင့်လတ္တံ့ဟု တံခါးကိုဖွင့်စေ၍။ ထိုနိဂဏ္ဌတို့သည်ထွက်ပြေးခြင်း၌အားထုတ်ကုန်၏။ ထိုတိတ္ထိတို့၏ပြေးရာခရီး၌ကား နှရပတေတို့ဖြင့် အပြေအပြစ်ပြုအပ်သောမြေ၌ အခင်းတို့ကိုပြုစေ၏။ ထိုတိတ္ထိတို့သည် ထိုအခင်း၌မတည်ကုန်မူ၍ လည်းကုန်သောတိတ္ထိတို့ကို တဖန်ရိုက်ပုတ်ပြန်၍၊ ဤမျှသည် နင်တို့အားတန်ပြီဟု လွှတ်လိုက်၏၊ ထိုတိတ္ထိတို့သည် သင်သည်ငါတို့ကိုဖျက်ဆီးအပ်ပြီ၊ သင်သည်ငါတို့ကိုဖျက်ဆီးအပ်ပြီဟုမြည်တမ်း၍ ဂရဟဒိန္နအိမ်သို့လာကုန်၏။ ဂရဟဒိန္နသည် ထိုသို့သော ဘောက်ပြန်ခြင်းကိုမြင်လျှင် အမျက်ထွက်၍ သိရိဂုတ္တသည်ဖျက်ဆီး၏၊ လက်ကိုဆန့်၍ရှိခိုးကုန်သောသူတို့အား နတ်ပြည် ခြောက်ထပ်၌ အလိုရှိတိုင်း ပေးခြင်း၌ စွမ်းနိုင်သောကောင်းမှု၏လယ်မြေသဘွယ်ဖြစ်သော ငါ၏အရှင်ကောင်းတို့ကိုပျက်စီးခြင်းသို့ရောက်စေ၏ဟု မင်းအိမ်သို့သွား၍ ထိုသိရိဂုတ္တအားအသပြာတထောင်ဒဏ်ကိုပြုစေ၏၊ ထိုရောအခါ သိရိဂုတ္တအား ပသေနဒီကောသလမင်းကြီးသည် သတင်းစကားကိုစေလိုက်၏။ သိရိဂုတ္တလည်း မင်းကြီးထံသွား၍ရှိခိုးလျက် မြတ်သောမင်းကြီး၊ စိစစ်၍ဒဏ်ကိုယူတော်မူကုန်လော့၊ မစိစစ်မူ၍ယူတော်မမူပါလင့်ဟုလျှောက်၏။ စိစစ်ဆင်ခြင်၍ယူအံ့ဟု မင်းကြီးဆိုသော်။ အရှင်မင်းကြီး၊ အကျွန်ုပ်၏အဆွေခင်ပွန်းဖြစ်သောဂရဟဒိန္နသည် အကျွန်ုပ်သို့ကပ်၍ ရှယ်ရာထိုင်ရာအစရှိသည်တို့၌မပြတ်ဤသို့ဆို၏။ အချင်းသိရိဂုတ္တ၊ သင့်အားရဟန်းဂေါတမဖြင့်

www.dhammaransi.com



အဘယ်ပြုအံ့နည်း။ ထိုဂေါတမကို ဆည်းကပ်၍ အဘယ်ကို ရလတ္တံ့နည်းစသည်ဖြင့် ဂရဟာဒိန္နဆိုသော အလုံးစုံသောစကားကို သိရိဂုတ္တပြန်ကြား၍။ အရှင်မင်းကြီး၊ ဤအကြောင်း၌ အကျွန်ုပ်အား ဒဏ်ကိုယူခြင်းငှါ အကယ်၍သင့်အံ့၊ ယူတော်မူပါဟုဆို၏။ မင်းကြီးသည် ဂရဟာဒိန္နကိုကြည့်၍ သင်သည် ဤသို့ဆိုသည်မှန်၏လောဟု မေး၏။ အရှင်မင်းကြီး၊ မှန်ပေ၏ဟုလျှောက်သော်။ သင်သည် ဤမျှသောအမှုကိုမျှလည်း မသိသော တိတ္ထိတို့ကို ငါ့အရှင်တို့သည် အလုံးစုံကိုသိ၏ဟု အဘယ်ကြောင့် သိရိဂုတ္တအားဆိုဘိသနည်း။ သင်တပ်အပ်သောဒဏ်သည် သင့်အားသာလျှင်ဖြစ်စေလော့ဟု ထိုဂရဟာဒိန္နအား ဒဏ်ကိုရောက်စေ၏။ ထိုဂရဟာဒိန္န၏ဆရာတိတ္ထိတို့ကိုလည်းပုတ်ခတ်၍နှင်ထုတ်မိုင်လေ၏။

ထိုဂရဟာဒိန္နသည် သိရိဂုတ္တကိုအမျက်ထွက်၍ ထိုနေ့မှစ၍ လခွဲမျှကာလပတ်လုံး သိရိဂုတ္တနှင့်စကားမဆိုနေလျက် ကြံပြန်၏။ ဤသို့လက်တုံ့မပြန်ဘဲနေအံ့သောငှါငါ့အားမထိုက်။ သိရိဂုတ္တ၏ဆရာ ရဟန်းဂေါတမတို့အားလည်း ပျက်စီးခြင်းကို ငါသည်ပြုအံ့သောငှါအပ်၏ဟု ကြံပြီးလျှင်၊ သိရိဂုတ္တသို့ကပ်၍ အရွယ်တူသိရိဂုတ္တဟု ခေါ်လေ၏။ အသို့နည်း အချင်း ဂရဟာဒိန္န ဟူ၍ဆိုလေသော်။ အချင်းသိရိဂုတ္တ၊ အဆွေခင်ပွန်း ကောင်းသောနှလုံးရှိသော သူတို့အား ကိုယ်လက်တွန်းထိုး၍၊ ဆန့်ကျင်သော သင်နင်စသောစကားကိုဆိုခြင်း၊ ငြင်းခုံခြင်းမည်သည် ဖြစ်ကြလေတော့သည်၊ သင်သည် တစုံတခုသော စကားကိုမျှ မဆို။ အဘယ့်ကြောင့် ဤသို့ပြုသနည်းဆိုသော်။ အချင်း၊ ငါနှင့်တကွသင်၏ စကားမဆိုသည်၏အဖြစ်ကြောင့် ငါလည်းစကားမဆိုဟုဆိုလျှင်။ အချင်းသိရိဂုတ္တ၊ အကြင်စကားမဆိုခြင်းကို ငါသည်ပြုအပ်၏။ ထိုစကားမဆိုခြင်းကိုပြုမိသည်ဖြစ်စေ။ သင်တို့ ငါတို့သည် အချစ်ကိုမပျက်ကြကုန်လတ္တံ့ဟုဆို၍။ ထိုနေ့မှစ၍ ထိုနှစ်ယောက်တို့သည် အတူတကွရပ်ကုန်ထိုင်ကုန်၏။ ထိုရောအခါ တနေ့သ၌ သိရိဂုတ္တသည် ဂရဟာဒိန္နကို။ အချင်း၊ သင့်အား နိဂဏ္ဌတို့ဖြင့် အဘယ် ပြုအံ့နည်း။ ထိုနိဂဏ္ဌတို့ကို ဆည်းကပ်၍ အဘယ်ကိုရလတ္တံ့နည်း။ ငါ၏ဆရာ မြတ်စွာဘုရားကို ဆည်းကပ်အံ့သောငှါရင်း၊ လှူအံ့သောငှါရင်း၊ သင့်အား မပြုအပ်ပါသလောဟူ၍ဆိုသော်။ ထိုဂရဟာဒိန္နသည် ဤမျှသောစကားကိုပင်တောင့်တ၏။ ထို့ကြောင့် ထိုဂရဟာဒိန္နအား ယားဖွသာအရာ၌ဖျောက်မိသကဲ့

www.dhammaransi.com



သို့ဖြစ်၏။ ထိုဂရဟာဒိန္နသည် သိရိဂုတ္တကို သင်၏ဆရာဘုရားသည် အဘယ်ကိုသိသနည်းဟုမေး၏။ ဒိုအချင်း၊ ဤသို့မဆိုပါလင့်။ ငါ၏ဆရာဘုရားသည် မသိသောမည်သည်မရှိ။ အတိတ်အစရှိသောအလုံးစုံကို သိတော်မူ၏။ တဆဲ့ခြောက်ပါးသောအခြင်းအရာတို့ဖြင့် သတ္တဝါတို့၏ စိတ်ကို ပိုင်းခြားတော်မူ၏ဟုဆိုသော်။အချင်းသိရိဂုတ္တ၊ငါသည် ဤအကြောင်းကိုမသိပါ။ အဘယ်ကြောင့် ငါ့အား ဤမျှလောက်ကာလပတ်လုံး ဤအကြောင်းကိုမပြောဆိုပါသနည်း။ ထိုသို့တပြီးကား၊ သိရိဂုတ္တ၊ သင်သည်သွား၍ သင်၏ဆရာဘုရားကိုဘိတ်မန်ပါချေ။ ဆွမ်းကျွေးပါအံ့။ ငါးရာသောရဟန်းတို့နှင့် တကွ နက်ဖြန်နေ့၌ ငါ၏ဆွမ်းကို ခံစိမ့်သောငှါဆိုပါချေဟုဆို၏။သိရိဂုတ္တသည် မြတ်စွာဘုရားသို့ကပ်၍ ရှိခိုး၍၊ ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အကျွန်ုပ်၏အဆွေ ဂရဟာဒိန္နသည် ရှင်ပင်ဘုရားတို့အားဆွမ်းဘိတ်စေအပ်၏။ရှင်ပင်ဘုရားတို့သည် ငါးရာသော ရဟန်းတို့နှင့် တကွ နက်ဖြန်နေ့၌ ထိုဂရဟာဒိန္န ဆွမ်းကို ခံတော်မူပါကုန်ဟုလျှောက်၍။တဘန်လျှောက်ပြန်၏။ စင်စစ်ကား ရှေးဦးစွာသောနေ့၌အကျွန်ုပ်သည်ထိုဂရဟာဒိန္န၏ဆရာတိတ္ထိတို့အားဤသို့သောအမှုကိုပြုအပ်ပြီ။ အကျွန်ုပ်ပြုအပ်သည်ကို အစားပြုလိုသည်ဟူ၍လည်းအကျွန်ုပ်မသိ။အရှင်ဘုရားတို့အားစင်ကြယ်သောစိတ်ဖြင့် ဆွမ်းလှူလိုသည်၏ အဖြစ်ကိုလည်း အကျွန်ုပ် မသိ။ ဆင်ခြင်တော်မူ၍ သင့်သည်ဖြစ်အံ့၊ သည်းခံတော်မူပါ။ မသင့်လျှင် သည်းခံတော်မမူပါလင့်ဟုလျှော်၏။ မြတ်စွာဘုရားသည် ငါတို့အားဂရဟာဒိန္နသည်လှူလို၏လောဟုဆင်ခြင်တော်မူသော် နှစ်အိမ်တို့၏အကြား၌ ကြီးစွာသောတွင်းကို တူးစေ၍ လှည်းအစီးရှစ်ဆယ်မျှကုန်သော ရှားသားထင်းတို့ကိုဆောင်စေ၍ တွင်းကိုပြည့်စေလျက်မီးကျီးကိုပြု၍ ငါတို့ကိုမီးကျီးတွင်း၌ချ၍ နှိပ်ခြင်းငှါ အလိုရှိ၏ဟု မြင်တော်မူပြီး၍။ တဘန် မြတ်စွာဘုရားသခင်သည် ဆင်ခြင်တော်မူပြန်၏။ အသို့နည်း၊ထိုဂရဟာဒိန္နအိမ်သို့သွားခြင်း အကြောင်းကြောင့် အကျိုးရှိမည်လော်မရှိမည်လောဟု ဆင်ခြင်တော်မူသော် ဤအကြောင်းကိုမြင်တော်မူ၏။ ငါသည် ရှားမီးကျီးတွင်း၌ခြေကိုချအံ့။ ထိုတွင်းကိုဖုံးအုပ်၍ထားသောဖျာသည်ကွယ်လတ္တံ့။ မီးကျီးရကို ခွဲ၍ လှည်းဘီးမျှလောက်သော ပဒုမာကြာပွင့်ကြီးသည် ပေါက်လတ္တံ့၊ ထိုအခါငါသည် ပဒုမာကြာပွင့်ချပ်ကိုနင်းလျက်သွား၍ နေရာ၌

www.dhammaransi.com



ထိုင်ရလတ္တံ့။ ငါးရာကုန်သော ရဟန်းတို့သည်လည်း ထိုအတူသွား၍ နေရကုန်လတ္တံ့။ လူများအပေါင်းသည် စည်းဝေးလတ္တံ့။ ငါသည် ထိုအစည်းအဝေး၌ နှစ်ဂါထာဖြင့် အနုမောဒနာကိုပြုအံ့။ အနုမောဒနာပြုသောအဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော ဝေနေယျသတ္တဝါတို့အား မဂ်ဖိုလ်ရခြင်းသည် ဖြစ်လတ္တံ့။ သိရိဂုတ္တသည်ရင်း၊ ဂရဟဒိန္နသည်ရင်း။ သောတာပန်တည်သည် ဖြစ်ကုန်လတ္တံ့။ မိမိ၏ဥစ္စာအရကို ငါ၏သာသနာတော်၌ ဖရိုဖရဲကြဲလတ္တံ့။ ဤအကျိုးကိုမြင်၍ ငါသည်သွားအံ့သောငှါအပ်၏ဟုဆင်ခြင်တော်မူလျက်ဆွမ်းကိုဝန်ခံတော်မူ၏။ သိရိဂုတ္တသည်သွား၍ မြတ်စွာဘုရား၏ဝန်ခံတော်မူခြင်းကို ဂရဟဒိန္နအားကြား၍။ လူသုံးပါးတို့ထက် ကြီးမြတ်သော မြတ်စွာဘုရားအား ပူဇော်သက္ကာရကို ပြုလော့ဟု ဆို၏။ ။ဂရဟဒိန္န သည်လည်း ယခုအခါ၌ ငါသည် ပြုအပ်သည်နှင့် ယှဉ်သည်ကို သိရလတ္တံ့ဟု နှစ်အိမ်တို့၏အကြား၌ ကြီးစွာသောတွင်းကိုတူးစေ၍၊ လှည်းအစီးရှစ်ဆယ်ကုန်သော ရှားသားတို့ဖြင့် ပြည့်စေ၍ ပြာကိုကင်းစေ၍ တညဉ့်ပတ်လုံး နှိုးဆော်လျက် ရှားမီးခဲအရကိုပြု၍ တွင်း၏အထက်၌ ပျဉ်ပြားတို့ကို ခင်းစေ၍ ဖျာဖြင့်ဖုံးလွှမ်းလျက် နွားချေးဖြင့်လိမ်းကျံ၍ နံပါးတဘက်ဖြင့်အားနည်းသော လုံတံကိုခင်း၍ သွားရာခရီးကိုပြုစေ၏။ ဤသို့ပြုသဖြင့် နင်းသောအခါ၌ ဝါးခြမ်းတို့သည်ကျိုးကုန်သော် မီးကျီးတွင်း၌ကျလတ္တံ့ဟုမှတ်လျက်ပြု၏။ ထိုဂရဟဒိန္နသူဌေးသည် အိမ်၏နောက်အတွင်း၌ သိရိဂုတ္တသူဌေးသည်ထားအပ်သောနည်းဖြင့် အိုးစရည်းကြီးတို့ကိုထားစေ၏။ နေရာတို့ကိုခင်းစေ၏၊ သိရိဂုတ္တသည် နံနက်စောစောကလျှင် ထိုဂရဟဒိန္နအိမ်သို့သွား၍၊ အဆွေဂရဟဒိန္န၊ သင်သည် ပူဇော်သက္ကာရကို ပြုအပ်ပြီလောဟုမေးသော်။ အဆွေ၊ ပြော်ပြုအပ်ပြီဟုဆို၍ ထိုအလုံးစုံသည်အဘယ်မှာနည်းမေးသော် အဆွေလာလှည့်ဟု သိရိဂုတ္တပြုသောနည်းဖြင့်ပြ၏။ သိရိဂုတ္တသည်လည်း ကောင်းပြီအဆွေဟုဆို၍သွား၏၊ လူများအပေါင်းသည်စည်းဝေး၏ မိစ္ဆာဒိဋ္ဌိတို့သည်ဘိက်မန်အပ်သည်ရှိသော်များစွာသောသူတို့၏အစည်းအဝေးသည်ဖြစ်၏။ မိစ္ဆာဒိဋ္ဌိအယူရှိသောသူတို့သည်လည်း ရဟန်းဂေါတမ၏ ပျက်စီးခြင်းကို ရှုကုန်အံ့ဟုစည်းဝေးကြကုန်၏။ သမ္မာဒိဋ္ဌိအယူရှိသောသူတို့သည် ယနေ့မြတ်စွာဘုရားသည် ကြီးစွာသော တရားဒေသနာကို ဟောတော်မူလတ္တံ့။

www.dhammaransi.com



ဘုရား၏တင့်တယ်ခြင်းကိုရှုပါကုန်အံ့ဟုစည်းဝေးကုန်၏။ ရိုးသောက်သောနေ့၌မြတ်စွာဘုရားသည် ငါးရာသောရဟန်းတို့နှင့်တကွ ဂရဟဒိန္န၏အိမ်သို့ကြွတော်မူ၏။ ဂရဟဒိန္နသည်အိမ်မှထွက်၍ ငါးပါးသောထိခြင်းဖြင့်ရှိခိုး၍ လက်အုပ်ချီ၍ရပ်လျက် ကြံ၏။ အရှင်ဘုရား၊ အရှင်ဘုရားတို့သည် အတိတ်အနာဂတ်စသောအလုံးစုံကို သိကုန်၏။သတ္တဝါတို့၏စိတ်ကို တဆဲ့ခြောက်ပါးသော အခြင်းအရာတို့ဖြင့် ပိုင်းခြားနိုင်ကုန်၏ဟုအရှင်ဘုရားတို့၏အလုပ်အကျွေးသိရိဂုတ္တသည် အကျွန်ုပ်အားဆိုအပ်ပြီ။ ထိုအလုံးစုံကိုအရှင်ဘုရားတို့သည် အကယ်၍သိကုန်အံ့။ အကျွန်ုပ်တို့၏အိမ်သို့ မဝင်ပါကုန်လင့်။ ဝင်ကုန်သောအရှင်ဘုရားတို့အားယာဂုလည်းမရှိ၊ထမင်းဟင်းအစရှိသောအလုံးစုံတို့သည် မရှိကုန်။စင်စစ်သော်ကား အရှင်ဘုရားတို့အားလုံးကို မီးကျီးတွင်း၌ချ၍နှိပ်စက်အံ့ဟုကြံလျက် မြတ်စွာဘုရား၏သပိတ်တော်ကိုယူ၍။ ရှင်ပင်ဘုရား။ ဤအရပ်မှကြွတော်မူပါကုန်ဟုဆို၍ အရှင်ဘုရား၊အကျွန်ုပ်တို့၏အိမ်သို့လာကုန်သောသူတို့အား ဝတ်ကိုသိ၍လာအံ့သော၎ါ အပ်၏ဟုဆို၏။ဒါယကာ၊အဘယ်သို့ပြုအံ့သော၎ါအပ်သနည်းဟု ဘုရားမေးတော်မူသေ်၊ တယောက်တယောက်စိဝင်လျက် ရှေ့မှသွား၍ ထိုင်ပြီးသောအခါ၌ နောက်မှဘယ်းသောသူသည် လာအံ့သော၎ါ အပ်၏ဟုလျှောက်၏။ဂရဟဒိန္နအား ဤသို့သောအကြံသည် ဖြစ်သတတ်။ရှေ့မှသွားသောသူ၏ မီးကျီးတွင်း၌ကျသည်ကိုမြင်လျှင် ကြွင်းသောရဟန်းတို့သည်မလာကုန်လတ္တံ့။တယောက်တယောက်စိ ခွဲခြား၍သွားစေမှအလုံးစုံသောရဟန်းတို့အားမီးကျီးတွင်းသို့ချရလတ္တံ့ဟုကြံသတည်း။ မြတ်စွာဘုရားသည် ကောင်းပြီဟု မိန့်တော် မူ၍ တယောက်အထီးတည်းကြွတော်မူ၏။ဂရဟဒိန္နသည် မီးကျီးတွင်းသို့ရောက်လျှင် ရပ်လျက်နောက်သို့ဆုတ်၍။ ရှင်ပင်ဘုရား၊ ကြွတော်မူပါဟု လျှောက်၏။ မြတ်စွာဘုရားသည်မီးကျီးတွင်း၏အထက်၌ခြေတော်ကိုနင်းဖြန့်တော်မူလျှင်။ဖုံးသောဖျာသည်ကွယ်ပျောက်လေ၏။မီးကျီးကိုခွဲလျက်လှည်းဘီးမျှလောက်ကုန်သောပဒုမာကြာပွင့်တို့သည်ပေါက်ကုန်၏။မြတ်စွာဘုရားသည် ပဒုမာကြာပွင့်ချပ်၌ နင်းဖော်မူလျက် ကြွတော်မူ၍ ခင်းအပ်သောဘုရားနေရာ၌နေတော်မူ၏။ရဟန်းတို့သည်လည်း ထို့အတူသွား၍နေကုန်၏။ ဂရဟဒိန္န၏ကိုယ်၌အပူသည်တက်၏။ထိုဂရဟဒိန္န

www.dhammaransi.com



သည် လျင်စွာပြေး၍ သိရိဂုတ္တသို့ကပ်၍။ အရှင်သိရိဂုတ္တ၊ငါ့အား တကိုယ်လုံးပူလောင်ခဲ၏ဟူ၍ဆို၏။ ဤသို့ဖြစ်ခြင်းသည်အဘယ်ကြောင့်နည်းဟုမေးသော် ငါးရာသောရဟန်းတို့သုံးဆောင်ရန်ငါ့အိမ်၌ယာဂုထမင်းစသည်တို့သည် မရှိပါ။ အဘယ်သို့ပြုရအံ့နည်းဟုဆို၏။ သင်သည်အဘယ်သို့ပြုသနည်းဟု မေးပြန်သော်။ ငါသည် နှစ်အိမ်တို့၏အကြား၌ ကြီးစွာသောတွင်းကို မီးကျီးဖြင့်ပြည့်သည်ကိုပြုစေ၍။ ထိုတွင်း၌ချ၍နှိပ်စက်အံ့ဟုကြံ၏။ ထိုအခါထိုမီးကျီးတွင်းကိုခွဲ၍ ကြီးစွာသောပဒုမာကြာပွင့်တို့သည်ပေါက်ခဲ့ကုန်၏။ဘုရားအစရှိသောအလုံးစုံသောရဟန်းတို့သည်ပဒုမာကြာပွင့်ချပ်၌နင်းလျက်သွားကုန်၍ ခင်းအပ်သောနေရာ၌နေကုန်ပြီ။ ယခုအခါ၌ အဘယ်သို့ပြုပါရအံ့နည်းဟုဆို၏။ အဆွေ၊သင်သည် ငါ့အား ဤမျှသောအိုးတို့သည်ယာဂု၊ ဤမျှသောအိုးတို့သည် ထမင်းအစရှိသည်တို့တည်းဟု ပြသည်မဟုတ်တုံလောဟု ဆိုသော်။ အရှင်သိရိဂုတ္တ၊ မဟုတ်မမှန် ပျက်မှု စကားသာတည်း။ အိုးစရည်းတို့သည် အချည်းစည်းတို့သာ ဖြစ်ကုန်၏ဟု ဆိုသော်။ဖြစ်စေတော့အဆွေ၊သွားချေ။ထိုအိုးတို့၌ယာဂုအစရှိသည်တို့ကိုကြည့်ချေလော့ဟုဆို၏။ထိုခဏ၌ထိုဂရဟဒိန္နသည် အကြင်အိုးတို့၌ယာဂုဟုဆို၏။ထိုအိုးတို့၌ယာဂုတို့သည်ပြည့်ကုန်၏၊အကြင်အိုးတို့၌ထမင်းအစရှိသည်ကိုပြ၏။ထိုအိုးတို့၌ထမင်းအစရှိသည်တို့သည်ပြည့်ကုန်၏။ထိုသို့ပြည့်စုံခြင်းကိုမြင်၍ဂရဟဒိန္နသည်နှစ်သက်ဝမ်းမြောက်ခြင်းဖြင့်ပြည့်စုံ၏။စိတ်သည်ကြည်ညို၏။ထိုဂရဟဒိန္နသည် ရိုသေစွာဘုရားအမှူးရှိသော ရဟန်းသံဃာကို လုပ်ကျွေး၍ ဆွမ်းဘုန်းပေးပြီးသော်မြတ်စွာဘုရားအားအနုမောဒနာပြုစိမ့်သောငှါ သပိတ်တော်ကိုယူ၏။မြတ်စွာဘုရားသည်အနုမောဒနာပြုတော်မူသော်။ဤသတ္တဝါတို့သည် ပညာမျက်စိမဖြစ်ခြင်းကြောင့်ငါ၏ရင်း၊တပည့်သားတော်တို့၏ရင်း၊ ကျေးဇူးကိုမသိကုန်။ ဘုရားသာသနာတော်၏ကျေးဇူးကိုလည်းမသိကုန်။ ပညာမျက်စိမှကင်းသော သူတို့သည် သူကန်းမည်ကုန်၏။ ပညာရှိကုန်သောသူတို့သည် မျက်စိအမြင် ရှိကုန်သည်မည်ကုန်၏ဟု မိန့်၍။ ။ယထာသင်္ကာရဌာနသ္မိံ၊ဥဇ္ဈိတသ္မိံမဟာပထေ။ပဒုမံတတ္ထဇာယေထ၊သုစိဂန္ဓံမနောရမံ။ ။ဧဝံသင်္ကာရဘူတေသု၊အန္ဓီဘူတေပုထုဇ္ဇနေ။အတိရောစတိပညာယ၊သမ္မာသမ္ဗုဒ္ဓသာဝကော။ ။ဟူ၍

ဟောတော်မူ၏။ ။မဟာပထေ၊ ခရီးမ၌။ ဥဗ္ဗိတသိမ့်၊ စွန့်အပ်သော။ လက်ာရဠာနသိမ့်၊ တံမြက်ချေးစုအရပ်၌။ သုစိဂန္ဓိ၊ ကောင်းသောအနံ့ရှိသော။ ပဒုမံ၊ ပဒုမာကြာသည်။ ဇာယေထ၊ ဖြစ်ငြားအံ့။ တတ္ထ၊ ၌။ ရောဇာ ဒိနံ၊ မင်းအစရှိသောသူတို့အား။ မနောရမံ၊ နှလုံးမွေ့လျော်ဘွယ်သည်။ ဘဝေယျယထာ၊ ဖြစ်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ သင်္ကာရဘူတေသု၊ တံမြက်ချေးစုသဘွယ်ဖြစ်ကုန်သော။ အန္ဓိဘူတေ၊ အမိုက်အတိဖြစ်ကုန်သော။ ပုထုဇ္ဇနေ၊ ပုထုဇဉ်၌။ သမ္မာသမ္ဗုဒ္ဓသာဝကော၊ မြတ်စွာဘုရား၏ တပည့်သားသည်။ ပညာယ၊ ပညာဖြင့်။ အတိရောစတိ၊ လွန်၍တင့်တယ်၏။ ။ဤဒေသနာတော်၏အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော ဝေနေယျသတ္တဝါတို့သည်မဂ်ဖိုလ်အကျွတ်တရားကိုရကုန်၏။ ။သိရိဂုတ္တ၊ ဂရဟဒိန္န၊ အဆွေခင်ပွန်းသူဌေးနှစ်ယောက်တို့သည်လည်းသောတာပတ္တိဖိုလ်သို့ရောက်ကုန်၏။ ထိုသူဌေးနှစ်ယောက်တို့သည်မိမိတို့၏ဥစ္စာကိုဘုရားမြတ်စွာသာသနာတော်၌ဖန်ဖြုံဖရဲကြဲကြကုန်၏။ ။

မြတ်စွာဘုရားသည်ထ၍ကျောင်းတော်သို့ကြွလေ၏။ ညချမ်းသောအခါ၌ ရဟန်းတို့သည် တရားသဘင်၌။ ငါ့ရှင်တို့၊ ဘုရားရှင်တို့၏ဂုဏ်ကျေးဇူးသည် အံ့ဘွယ်သရဲရှိ၏။ ဤသို့သဘောရှိသော ရှားမီးခဲအစုန်၌ ခွဲ၍ခွဲ၍ ပဒုမာကြာတို့သည်ပေါက်ကုန်၏ဟု စကားကိုဖြစ်စေကုန်၏။ မြတ်စွာဘုရားသည်ကြွလာတော်မူ၍ကာယနုတ္တစသည်ဖြင့်မေးတော်မူ၍၊ ဤမည်သောစကားကြောင့်တည်းဟု လျှောက်ပေသော်။ ချစ်သားရဟန်းတို့၊ ယခုအခါ၌ ဘုရားဖြစ်ပြီးသောငါ့အား ရှားမီးကျီးအစုမှ အကြွင်ပဒုမာပေါက်ခြင်းသည်ရှိ၏။ ထိုသို့ပေါက်ခြင်းသည် အံ့ဘွယ်မရှိသေး။ တစိတ်တဒေသသောဉာဏ်၌တည်သော ဘုရားလောင်းဖြစ်သောငါ့အားလည်း ပေါက်ဘူးကုန်သည်သာလျှင်တည်းဟုမိန့်တော်မူ၍။ ရဟန်းတို့တောင်းပန်ကုန်သဖြင့်။ ကာမံပတာပနိရယံ၊ အစရှိသော ဂါထာဖြင့်တန်ဆာဆင်အပ်သောခဒိရင်္ဂါရဇာတ်ကိုဟောတော်မူ၏။

---

## ၃၁။ နန္ဒောပနန္ဒနဂါးမင်းကိုအရှင်မောဂ္ဂလာန်မထေရ်ဆုံးမတော်မူခြင်းအကြောင်း။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ နေတော်မူသောအခါ နန္ဒောပနန္ဒောဝါဒကသုတ်ကို ဟောတော်မူ၏။ ဟောတော်မူကြောင်းကား။

www.dhammaransi.com



တနေ့သ၌ အနာထပိဏ်သူဌေးသည်ညချမ်းသောအခါ၌ တရားနာပြီးလျှင်။ ဘုန်းတော်ကြီးသောအရှင်ဘုရား၊နက်ဖြန်နေ့၌ သံဃာတော်ငါးရာနှင့်တကွအကျွန်ုပ်၏အိမ်သို့ဆွမ်းဘုန်းပေးကြွတော်မူပါဟု ဘိတ်၍သွားလေ၏။ မြတ်စွာဘုရားသည် တုဏှီဘာဝဖြင့် ဝန်ခံတော်မူလျက်နက်ဖြန်မိုးသောက်သောအခါ သဗ္ဗညုတဉာဏ်တော်ဖြင့်လောကကိုကြည့်သည်ရှိသော် နန္ဒောပနန္ဒနဂါးမင်းကိုမြင်တော်မူ၍၊ ထိုနဂါးမင်းအား သရဏဂုံတည်ခြင်း၏ဥပနိဿယကို ဆင်ခြင်တော်မူပြန်သော်။ နဂါးမင်းသည် မိစ္ဆာဒိဋ္ဌိအယူရှိ၏။ ရတနာသုံးပါး၌ကြည်ညိုခြင်းမရှိဟုမြင်တော်မူပြီးလျှင်။ငါ၏တပည့်တို့တွင် အဘယ်သူသည်ဤနဂါး၏မိစ္ဆာဒိဋ္ဌိအယူကို ခွါဖျောက်နိုင်အံ့နည်းဟုဆင်ခြင်သော်။ အရှင်မဟာမောဂ္ဂလာန်သည် ခွါဖျောက်နိုင်အံ့ဟုမြင်တော်မူ၍။ နံနက်နေထွက်သောအခါ၌ အရှင်သာရိပုတြာ၊ အရှင်မောဂ္ဂလာန်အစရှိသောသံဃာငါးရာတို့နှင့်တကွ။ ချစ်သားတို့၊ အနာထပိဏ်သူဌေးအိမ်၌ ဆွမ်းစီရင်ခြင်းကိစ္စမပြီးမီ၊ တာဝတိံသာသို့ ငါတို့သွားကုန်အံ့ဟု ဇေတဝန်ကျောင်းတော်မှထွက်၏။ ထိုနေ့၌နန္ဒောပနန္ဒနဂါးမင်းသည်ကြီးစွာသောသဘင်ကိုစီရင်သည်ဖြစ်၍ ရတနာဖြင့်ပြီးသောပလ္လင်ထက်၌ထီးဖြူဆောင်း၍ များစွာသောနဂါးအပေါင်းတို့ဖြင့် ခြံရံလျက်နေ၏။ ထိုအခါ မြတ်စွာဘုရားသည် ငါးရာသောသံဃာတော်နှင့်တကွ နဂါးမင်းဗိမာန်၏ အထက်ကောင်းကင်ခရီးဖြင့် နတ်ပြည်သို့ကြွတော်မူ၏။ ထိုသို့ကြွတော်မူသည်ကိုနဂါးမင်းမြင်၍အမျက်ထွက်သဖြင့်ဦးခေါင်းပြည်းစည်းဖြစ်ကုန်သောဤရဟန်းတို့သည် ငါ၏အထက်ခရီးဖြင့် နတ်ပြည်သို့တက်ကုန်၏။ယခုအခါမှစ၍ ငါ၏အထက်၌ခြေဘဝါးမြူမှုန့်ကိုချခြင်းငှါ ငါမပေးဟုကြံပြီးသော်။နောက်မှထ၍မြင်းမိုရ်တောင်ခြေရင်းသို့ကပ်လေ၍မြင်းမိုရ်တောင်ကိုခုနစ်ကြိမ်မိမိအခွေဖြင့်ပတ်၍ တောင်ထိပ်ထက်၌ပါးပျဉ်းကိုဖြန့်၍ တာဝတိံသာနတ်ပြည်ကို ပါးပျဉ်းအောက်၌ထား၍မမြင်ရအောင်ဖုံးလွှမ်းလျက်နေ၏။ထိုအခါ ရှင်ရဋ္ဌပါလမထေရ်သည်မြတ်စွာဘုရားကို မေးလျှောက်၏။ ဘုန်းတော်ကြီးသောရှင်ပစ်ဘုရား၊ ရှေးသောအခါ ဤအရပ်သို့ရောက်လျှင် မြင်းမိုရ်တောင်ကိုမြင်၏။တာဝတိံသာနတ်ပြည်ကိုမြင်၏။ ဝေဇယန္တာပြာသာဒ်ကိုမြင်၏။ ပြာသာဒ်များ၌စိုက်သောဌက်မြတ်နား့ကိုမြင်၏။ယခုအခါ၌မမြင်ပါ။အကြောင်း

www.dhammaransi.com



အဘယ်သို့ရှိပါသနည်းဟုလျှောက်၏။ ထိုစကားကိုကြား၍။ ချစ်သား ရဋ္ဌပါလ၊နန္ဒောပနန္ဒနဂါးသည်သင်ချစ်သားတို့ကိုအမျက်ထွက်သဖြင့် မြင်းမိုရ်တောင်ကို မိမိအခွေဖြင့် ခုနစ်ကြိမ်ပတ်၍ တောင်ထိပ်ထက်၌ ပါးပျဉ်းမိုးလျက် အလုံးစုံကို မမြင်ရအောင်ပြု၍နေသတည်းဟု မြတ်စွာဘုရားမိန့်တော်မူ၏။ ယင်းသို့ဖြစ်မူကား။ ရှင်ပင်ဘုရား၊ ထိုနဂါးကို အကျွန်ုပ်ဆုံးမပါချေအံ့ဟူ၍ရှင်ရဋ္ဌပါလလျှောက်သော်၊မြတ်စွာဘုရားသည်အရှင်ရဋ္ဌပါလအားခွင့်ပြုတော်မမူ။ထို့အတူ အရှင်ဘဒ္ဒိယ၊အရှင်ရာဟုလာ အစရှိသော ငါးရာကုန်သောသားတော်တို့သည် အသီးအသီးလျှောက်ကုန်သော်လည်း မြတ်စွာဘုရားသည် အလုံးစုံသောအရှင်တို့အားအခွင့်ပေးတော်မမူ။ အရှင်မောဂ္ဂလာန်သည်။ အရှင်ဘုရား၊ နဂါးကို အကျွန်ုပ်ဆုံးမပါချေအံ့ဟုလျှောက်၏။ မြတ်စွာဘုရားလည်း အရှင်မောဂ္ဂလာန်သာလျှင် ဆုံးမနိုင်မည်ကို မြင်တော်မူ၍။ ချစ်သားမောဂ္ဂလာန်၊ဤနဂါးကိုသင်ဆုံးမချေဟုခွင့်ပြုတော်မူသောအခါအရှင်မောဂ္ဂလာန်သည် ကြီးလှစွာသော နဂါးမင်း၏အရုပ်ကို ဖန်ဆင်း၍၊ တဆဲ့လေးခွေသောအခွေဖြင့် ထိုနဂါး၏အပေါ်မှ မြင်းမိုရ်တောင်ကို ပတ်၍ ထိုနဂါးမင်း၏ ပါးပျဉ်းအထက်၌ အရှင်မောဂ္ဂလာန် ပါးပျဉ်းကို ဖြန့်၍ မြင်းမိုရ်တောင်နှင့်တကွ မလွန့်သာအောင် ကြပ်ကြပ်နှိပ်၏။ ထိုအခါ နဂါးမင်းသည်အခိုးလွှတ်၏။အရှင်မောဂ္ဂလာန်လည်းသင်၏ကိုယ်၌သာအခိုးရှိသည်မဟုတ်။ ငါ၏ကိုယ်၌လည်း အခိုးရှိသည်သာလျှင်တည်းဟု ပြင်းစွာသောအခိုးကိုလွှတ်၏။ ထိုအခိုးတို့တွင် နဂါး၏အခိုးသည် ရှင်မောဂ္ဂလာန်ကိုမထိပါးလေ။အရှင်မောဂ္ဂလာန်၏အခိုးသာလျှင်နဂါးကိုညွှမ်းလေ၏။ ထိုရောအခါ နဂါးသည် အလျှံကိုတောက်စေ၏။ ရှင်မောဂ္ဂလာန်လည်း သင်၏ကိုယ်၌သာအလျှံရှိသည်မဟုတ်၊ ငါ၏ကိုယ်၌လည်းအလျှံရှိသည်ဟု အလျှံကိုတောက်စေ၏။ထိုအလျှံတို့တွင် နဂါး၏အလျှံသည် အရှင်မောဂ္ဂလာန်သို့မထိလာ။အရှင်မောဂ္ဂလာန်၏အလျှံသည်သာလျှင် နဂါး၏ကိုယ်သို့ထိလေ၏။ ထိုအခါ နဂါးသည် ဤသူသည်ငါ့ကိုမြင်းမိုရ်တောင်နှင့်တကွညှပ်၍အခိုးအလျှံထွက်၏။အဘယ်သူဖြစ်သနည်းဟုကြံ၍သင်ကားအဘယ်မည်သောသူနည်းဟုမေး၏။ အရှင်မောဂ္ဂလာန်သည်။ အိုနဂါး၊ ငါကားမောဂ္ဂလာန်တည်းဟုမိန့်၏။ ထိုစကားကိုကြား၍ နဂါးမင်းသည်။အိုရဟန်း၊သင်သည်ရဟန်း၏အ

www.dhammaransi.com



ဖြစ်ဖြင့်ရပ်လေ့ဟုဆို၏။အရှင်မောဂ္ဂလာန်သည် ဘန်ဆင်းသောနဂါး၏အဖြစ်ကိုစွန့်၍ ရဟန်းအသွင်ဖြင့် ထိုနဂါးလကျ်ာနားတွင်းဖြင့်ဝင်၍ လက်ဝဲနားတွင်းမှထွက်၏၊လက်ဝဲနားတွင်းဖြင့်ဝင်၍ လကျ်ာနားတွင်းမှထွက်၏။လကျ်ာနှာခေါင်းပေါက်ဖြင့်ဝင်၍ လက်ဝဲနှာခေါင်းပေါက်မှထွက်၏၊ လက်ဝဲနှာခေါင်းပေါက်ဖြင့် ဝင်၍ လကျ်ာနှာခေါင်းပေါက်မှထွက်၏။ထိုအခါနဂါးမင်းသည်ပေါက်သတ်အံ့ဟုကြံ၍ ခံတွင်းကိုဖွင့်၏။ အရှင်မောဂ္ဂလာန်လည်း နဂါး၏ခံတွင်းဖြင့်ဝင်၍ နဂါးမင်း၏ဝမ်းတွင်း၌စင်္ကြံသွား၏။ထိုအခါမြတ်စွာဘုရားသည်၊ချစ်သားမောဂ္ဂလာန်၊ ဤနဂါးမင်းသည်ကြီးသောတန်ခိုးရှိ၏။ နှလုံးသွင်းခြင်းကိုပြုလေ့၊သတိကိုပြုလေ့ဟုမိန့်တော်မူ၏။ထိုအခါ အရှင်မောဂ္ဂလာန်သည်၊ဘုန်းတော်ကြီးသောအရှင်ဘုရား၊အကျွန်ုပ်သည်ဣဒ္ဓိပါဒ်လေးပါးတို့ကိုပွါးစေအပ်ကုန်ပြီ။အလေ့အလာများစွာပြုအပ်ကုန်ပြီ။နန္ဒောပနန္ဒနဂါးမင်းနှင့်တူသော နဂါးအရာတို့ကိုရင်း၊ အထောင်တို့ကိုရင်း၊ ဆုံးမခြင်းငှါတတ်နိုင်ပါ၏ဟုလျှောက်၏။ထိုနဂါးမင်းသည်၊ရဟန်းသည်ဝမ်းတွင်းသို့ဝင်လေသောအခါငါမမြင်လိုက်မိသောကြောင့်လွတ်နှင့်စေ။ထွက်သောအခါ၌ ရဟန်းကို အစွယ်ကြား၌ထား၍ မုန့်ရန့်ညက်ညက်ကြေအောင်ဝါးအံ့ဟု ကြံ၍။ အိုရဟန်း၊ ထွက်လှည့်လော့။ ငါ၏ဝမ်းတွင်း၌ ထိုမှဤမှ လူးလာခေါက်တင်စင်္ကြံသွား၍ ငါ့ကိုမနှိပ်စက်လင့်ဟုဆို၏။ ထိုစကားကိုကြားသော် အရှင်မောဂ္ဂလာန်သည်ခံတွင်းမှထွက်၍နဂါးမင်း၏ရှေ့တူရူ၌ရပ်၏။နဂါးမင်းလည်းဤသူသည်ငါ၏ဝမ်းတွင်း၌စင်္ကြံသွားသောရဟန်းတကားဟု ဖြင်းပြစ္စွာ နှာခေါင်းလေကိုလွှတ်၏။ ထိုခဏ၌အရှင်မောဂ္ဂလာန်သည်စတုတ္ထဈာန်ကိုဝင်စား၍နေ၏။နဂါး၏နှာခေါင်းလေသည်အရှင်မောဂ္ဂလာန်၏ကိုယ်တော်၌အမွေးတချောင်းကိုမျှလှုပ်စေခြင်းငှါမတတ်နိုင်သည်ဖြစ်၏။ဤနဂါးကိုဆုံးမရာ၌ရှင်ရဋ္ဌပါလအစရှိသောမထေရ်တို့သည် နဂါးကိုမြင်းမိရ်တောင်ဖြင့် ညှပ်ခြင်း၊နားတွင်းဖြင့်ဝင်ခြင်း-ထွက်ခြင်းအစရှိသောအလုံးစုံသောတန်ခိုးပြာဋိဟာတို့ကိုပြုခြင်းငှါစွမ်းနိုင်ကုန်သည်ချည်းတည်း။ ခံတွင်းဖြင့်ထွက်၍ရှေ့၌ရပ်သောအခါ နှာခေါင်းလေဖြင့် လွှတ်သောခဏ၌ကား အရှင်မောဂ္ဂလာန်ကဲ့သို့ လျင်စွာသမာပတ်ဝင်စားခြင်းငှါမတတ်နိုင်ကုန်။အရှင်မောဂ္ဂလာန် တပါးသာလျှင် လျင်စွာ သမာပတ်ကို ဝင်စားခြင်းငှါ

www.dhammaransi.com



တတ်နိုင်သတတ်။ထိုကြောင့် အရှင်ရဋ္ဌပါလစသော ငါးရာကုန်သော မထေရ်တို့အား အခွင့်ပြုတော်မမူသတည်း။နဂါးမင်းသည် နှာခေါင်းလေဖြင့်နှိပ်စက်အံ့သောငှါမတတ်နိုင်သဖြင့် ဤရဟန်းအား နှာခေါင်းလေဖြင့်လွှတ်၍လည်း အမွေးတချောင်းကိုမျှလှုပ်စေခြင်းငှါမတတ်နိုင်ဖြစ်ခဲ့၏။ ရဟန်းသည် တန်းခိုးကြီးလှ၏ဟုအကြံရှိ၏။ ထိုအခါ အရှင်မောဂ္ဂလာန်သည် နဂါး၏အကြံကိုသိ၍ ကိုယ်တော်၏အဖြစ်ကိုစွန့်၍ ဂဠုန်ကိုယ်ကိုဘန်ဆင်းပြန်၍ ပြင်းစွာသောတောင်သံကိုပေး၍ နဂါးမင်းကိုဘမ်းအံ့သောငှါလိုက်လတ်၏။ ထိုအခါ နဂါးမင်းသည် နဂါး၏ကိုယ်ကိုစွန့်၍လုလင်ဘန်ဆင်း၍။အိုသခင်ဘုရား၊သခင်ဘုရားသည် ငါ၏ကိုးကွယ်ရာဟု သိရပါပြီဟု ခြေကို ကိုင်၍ အရှင်မောဂ္ဂလာန်ကို ရှိခိုး၏။အရှင်မောဂ္ဂလာန်မထေရ်မြတ်လည်း။နဂါးမင်း၊ လူသုံးပါးတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ယခုလာတော်မူ၏။ နဂါးမင်း၊ လာလှည့်ဟုခေါ်၍ဆုံးမ၍အမျက်ဒေါသမရှိသည်ကိုပြု၍ မြတ်စွာဘုရားအထံသို့ သွားစေ၏။ ထိုအခါ နဂါးမင်းသည် မြတ်စွာဘုရားကို ရှိခိုး၍။ ဘုန်းတော်ကြီးသောအရှင်ဘုရား၊ အရှင်ဘုရားတို့ကို ငါ၏ကိုးကွယ်ရာဖြစ်၏ဟုသိပြီဟု နားတော်လျှောက်၏။ မြတ်စွာဘုရားသည်။ အိုနဂါးမင်း၊ သင့်အားချမ်းသာခြင်းသည်ဖြစ်စေသတည်းဟုမိန့်၍ ငါးရာသောရဟန်းတို့ဖြင့်ခြံရံလျက် အနာထပိဏ်သူဌေးအိမ်သို့ဆွမ်းစားကြွတော်မူလေ၏။အနာထပိဏ်သူဌေးသည်။ရှင်ပင်ဘုရား၊ယနေ့သည် အလွန်နေမြင့်မှ လာတော်မူသည်ကား အကြောင်းအသို့ရှိပါသနည်းဟုမေးလျှောက်၏။ ထိုအခါ သူဌေး၊ ယနေ့၌ မောဂ္ဂလာန်၏၎င်း၊ နန္ဒောပနန္ဒနဂါးမင်း၏၎င်း စစ်ထိုးကြခြင်းသည်ဖြစ်၏။ ထိုကြောင့်နေမြင့်သတည်းဟုမိန့်၏။ထိုသို့တပြီးကား။ရှင်ပင်ဘုရား၊ အဘယ်သူအားအောင်ခြင်းသည်ဖြစ်သနည်း။ အဘယ်သူအား ရှုံးခြင်းသည် ဖြစ်သနည်းဟု သူဌေးလျှောက်သဖြင့်။ အိုသူဌေး၊ မောဂ္ဂလာန်အားအောင်ခြင်းသည် ဖြစ်၏။နန္ဒောပနန္ဒနဂါးမင်းအားသာလျှင် ရှုံးခြင်းသည်ဖြစ်၏ဟု ဘုရားမိန့်တော်မူ၏။သူဌေးသည်အလွန်ဝမ်းမြောက်၍။ရှင်ပင်ဘုရား၊အောင်ခြင်းတည်းဟူသောမင်္ဂလာဆွမ်းကို ခုနစ်ရက်ပတ်လုံးအကျွန်ုပ်သည် ကျွေးပါအံ့။ အရှင်မောဂ္ဂလာန်အား၎င်း၊အောင်သူကြီး၏ပူဇော်သက္ကာရကိုပြုပါအံ့။ခံတော်မူပါဟုလျှောက်၍၊ ဘုရားအမှူးရှိသောသံဃာငါး

www.dhammaransi.com



ရာတ္တိအား ချွန်စ်ရက်ပတ်လုံး ကြီးစွာသော ပူဇော်သက္ကာရကို ပြု၏။ ဤသို့ဆိုအပ်ပြီးသော နည်းဖြင့် မြတ်စွာဘုရားသည်နန္ဒောပနန္ဒနဂါးကို လက်ဝဲရံအဂ္ဂသာဝကဖြစ်သောအရှင်မောဂ္ဂလာန်အား တန်းခိုးဖြင့်ဆုံးမစေ၍သရဏဂုံတည်စေ၏။ ။

---

## ၃၂။ မြတ်စွာဘုရားသခင်ဗကဗြဟ္မာအားဆုံးမချွတ်တော်မူခြင်းအကြောင်း။

မြတ်စွာဘုရားသည်ဇေတဝန်ကျောင်းတော်၌နေတော်မူသောအခါ ဗကဗြဟ္မာသုတ်ကိုဟောတော်မူခြင်း၏အဓ္ဓုပ္ပတ္တိကားဤသို့တည်း။ ။ မြတ်စွာဘုရားသည်သာဝတ္ထိပြည်ကိုဆွမ်းခံအမှီပြု၍ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ မဟာဗြဟ္မာဘုံ၌ဖြစ်သော ဗကဗြဟ္မာအား ဤသို့သောမိစ္ဆာဒိဋ္ဌိအယူသည်ဖြစ်၏။ဤဘုံနှင့်တကွသောဗြဟ္မာအရပ်သည်မမြဲတည်၏။မရွေ့လွတ်နိုင်သောသဘောရှိ၏။ဤဗြဟ္မာအရပ်သည်ကား ဖြစ်ခြင်းလည်းမရှိ။ပျက်ခြင်းလည်းမရှိ။ ဤဗြဟ္မာအရပ်ထက်ငြိမ်းချမ်းသောအရပ်မည်သည်မရှိ။ ဤသို့ယုတ်မာသောမှားသောအယူသည်ဖြစ်၏။ဗြဟ္မာအရပ်ထက်ငြိမ်းချမ်းသောတပါးသောအရပ်မည်သည်မရှိ။မဂ်လေးပါး၊ဖိုလ်လေးပါး၊အသင်္ခတဓါတ်တည်းဟူသော ဤတရားကိုးပါးသည် ချမ်းသာမရှိဟု ဗြဟ္မာမင်းအားအယူသည်ဖြစ်၏။ အဘယ်အခါ၌ ဤဗကဗြဟ္မာအားမှားသောအယူဖြစ်သနည်းဟူမူကား။ပဌမဈာန်ဘုံ၌ဖြစ်သောအခါ မှားသောအယူသည်ဖြစ်၏။ ဤဗကဗြဟ္မာသည် ရှေးသောအခါ သာသနာတော်အပ၌ ရဟန်းပြု၍ ကသိုဏ်းပရိကံကိုစီးဖြန်း၍ သမာပတ်ရှစ်ပါးကိုဖြစ်စေ၍ မယုတ်သောဈာန်ရှိသည်ဖြစ်၍ စုတေသော်၊ စတုတ္ထဈာန်ဝေဟပ္ဖိုလ်ဘုံ၌ဖြစ်၍ကမ္ဘာငါးရာအသက်ရှည်သဖြင့်နေ၏။ကသိုဏ်းပရိကံကိုစီးဖြန်း၍ ရူပါဝစရကုသိုလ် တတိယဈာန်ကိုရ၍၊ဝေဟပ္ဖိုလ်ဘုံမှစုတေသော် တတိယဈာန်သုံးဘုံတွင်သုဘကိဏှာဘုံ၌ဖြစ်၍ ခြောက်ဆဲ့လေးကမ္ဘာပတ်လုံးအသက်နေ၏။ ထိုဘုံ၌ ၊၊သိုဏ်းပရိကံကိုစီးဖြန်းသော် ရူပါဝစရကုသိုလ်ဒုတိယဈာန်ကိုရ၍စုတေသော်။ ဒုတိယဈာန်သုံးဘုံတွင်အာဘဿရာဘုံ၌ဖြစ်လေ၍ရှစ်ကမ္ဘာပတ်လုံးအသက်နေ၏။ထိုဘုံ

၌ ကသိုဏ်းပရိကံကိုစီးဖြန်းသော် ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကိုရ၍ ထိုအာဘဿရဘုံမှစုတေသော် ပဉ္စမဈာန်သုံးဘုံတွင်မဟာဗြဟ္မာဘုံ၌ ဖြစ်လေ၍ အသင်္ချေယျကပ် တကပ်ပတ်လုံး အသက်နေ၏။ ဤမဟာဗြဟ္မာဘုံ၌ ဖြစ်သောအခါ ဗကဗြဟ္မာသည် မိမိပဋိသန္ဓေကို ဖြစ်စေတတ်သောကုသိုလ်ကံကိုရင်း၊ ရှေး၌မိမိ၏ဖြစ်ဘူးရာဘုံကိုရင်း၊ ဥပပတ်ပဋိသန္ဓေ၏အစွမ်းကြောင့်သိ၏။ ပဉ္စမဈာန်ဘုံ၌ရှည်လျားလသော်ကံကိုရင်း၊ ဖြစ်ရာဘုံတို့ကိုရင်းနှစ်ပါးကိုမေ့လျော့သောကြောင့်။ ဤငါ၏ခန္ဓာကိုယ်သည်ရင်း၊ ဤခန္ဓာကိုယ်၏ဖြစ်ရာဘုံသည်ရင်း၊ နိစ္စ၊ ဓုဝ၊ သဿတဖြစ်၏ဟု မှားသောမိစ္ဆာဒိဋ္ဌိအယူသည်ဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် ဗကဗြဟ္မာ၏မှားသောအယူကိုယူသောအဖြစ်ကိုသိတော်မူ၍၊ ခွန်အားရှိသော ယောကျ်ားသည် ကွေးသောလက်ကို ဆန့်လေသကဲ့သို့သော လျင်ခြင်းဖြင့် ဇေတဝန်ကျောင်းတော်မှ ကွယ်ခဲ့၍။ ထိုဗကဗြဟ္မာမင်း၏ဘုံ၌ထင်ရှားဖြစ်တော်မူ၏။ ထိုအခါ ဗကဗြဟ္မာသည် မြတ်စွာဘုရား အဝေးမှလာတော်မူသည်ကိုမြင်၍၊ ဆင်းရဲမရှိသောရှင်ပင်ဘုရားသည် လာတော်မူသလော။ ရှင်ပင်ဘုရား၏ ဗြဟ္မာ့ပြည်သို့လာခြင်းသည် ကောင်းသောလာခြင်းတည်း။ ကြာမြင့်မှ ရှင်ပင်ဘုရားသည် ဤဗြဟ္မာ့ပြည်သို့ အကြွလာတော်မူခြင်း၏အကြောင်းသည်ရှိ၏။ ထိုအကြောင်းကိုပြုတော်မူ၏ဟု နားတော်လျှောက်၏။ ထိုမှတပါးလည်း။ ငါ့ကဲ့သို့ဆင်းရဲမရှိသော အိုရှင်ပင်ဘုရား၊ ဤဘုံနှင့်တကွသော ဗြဟ္မာအရပ်သည် နိစ္စဓုဝဖြစ်၏။ အခါခပ်သိမ်းထင်ရှားဖြစ်၏။ မကျိုးမပျက်ဖြစ်၍တည်၏။ မရွေ့တတ်သောသဘောရှိ၏။ ဤအရပ်သည်ကား ဖြစ်ခြင်းလည်းမရှိ။ ပျက်ခြင်းလည်းမရှိ။ ဤအရပ်ထက် လွန်ကဲသော ငြိမ်းချမ်းခြင်းမည်သည့်မရှိဟူ၍နားတော်လျှောက်၏။ ။ထိုစကားကိုကြား၍ မြတ်စွာဘုရားသည် ဗကဗြဟ္မာကိုဆို၏။ အိုအချင်းတို့၊ ဗကဗြဟ္မာသည်မိုက်စွတကား။ အိုအချင်းတို့၊ အနိစ္စတရားသည် ထင်ရှားရှိလျက် အကြင်ကြောင့် ဗကဗြဟ္မာသည် နိစ္စဟူ၍ဆိုဘိ၏။ ထိုကြောင့် မိုက်စွတကား။ အခါခပ်သိမ်းထင်ရှားမရှိပါဘဲလျက် အခါခပ်သိမ်းထင်ရှားရှိ၏ဟူ၍ဆိုဘိ၏။ ကျိုးပျက်ခြင်းသည်ထင်ရှားရှိလျက် မကျိုးမပျက်ဆိုဘိ၏။ ရွေ့တတ်သောသဘောသည် ထင်ရှားရှိလျက် မရွေ့တတ်သောသဘောရှိ၏ဟုဆိုဘိ၏။ အကြင်အရပ်၌ဖြစ်ခြင်းသည်ရှိ၏။ ပျက်ခြင်းသည်

www.dhammaransi.com



ရှိ၏၊ ရွေ့တတ်သောသဘောရှိ၏။ တည်ခြင်းသဘောမရှိ။ ထိုအရပ်ကို ဖြစ်ခြင်းသည်မရှိ။ ပျက်ခြင်းသည်မရှိ။ ရွေ့ခြင်းလည်း မရှိ။ တည်ခြင်း သာရှိ၏ဟု ဆိုဘိ၏။ ဤအရပ်ထက်လွန်သော တပါးသော ငြိမ်းခြင်း သည်ရှိလျက် ဤအရပ်ထက်လွန်သော တပါးသောငြိမ်းခြင်းမည်သည် မရှိဟု ဆိုဘိ၏ဟု မိန့်တော်မူ၏။ ။ထိုဂကားကိုကြား၍။ ဥပမာကား၊ ခိုးသူကိုဘမ်းမိသော ယောကျ်ားအား အပေါင်းအဘော်ကို ညွှန်ပြစေ လို၍ နှစ်ချက်သုံးချက်ရိုက်ခတ်၍ မေးသော်။ ယင်းနှစ်ချက်သုံးချက်ရိုက် ခတ်ခြင်းကိုခံနိုင်၍ အပေါင်းအဘော်ကို ညွှန်ပြခြင်းမပြုထိုထက်လွန်၍ လေးချက်ငါးချက်စသည် ရိုက်ခတ်ခြင်းကိုပြု၍မေးသော် ထိုလေးချက် ငါးချက်သော ရိုက်ခတ်ခြင်းကိုမခံနိုင်သည်ဖြစ်၍ အပေါင်းအဘော်တို့ ကို ညွှန်ပြသကဲ့သို့။ ထို့အတူရင်း ရှင်ပင်ဘုရားသည် ဗကဗြဟ္မာသည် ရိုက်ခွတကား၊ဤဗြဟ္မာအရပ်သည် အမြဲမရှိသောသဘောသည် ထင် ရှားရှိလျက် မြဲ၏ဟုဆိုဘိ၏တကား။ ဤသို့အစရှိသောစကားဖြင့် မြိမ်း တော်မူသည်ရှိသော် ဗကဗြဟ္မာသည် မိမိအယူကဲ့သို့သော အယူကို ယူသော အပေါင်းအဘော် မိစ္ဆာဒိဋ္ဌိဗြဟ္မာတို့ကိုညွှန်ပြလိုသဖြင့်။ ဒွါ သတ္တတိ ဂေါတမ ပုညကမ္မာ၊ အစရှိသော ဂါထာကိုရွတ်၍။ အိုအရှင် ဂေါတမ၊ ပြုဘူးသော ကောင်းမှုကံရှိကုန်၍ ဤဗြဟ္မာ့ပြည်၌ ဖြစ်ကုန် သော အကျွန်ုပ်နှင့်တကွ ခုနစ်ကျိပ်ခုနစ်ယောက်ကုန်သော ဗြဟ္မာတို့ သည် မိမိတို့၏အလိုသို့သူတပါးတို့ကိုလိုက်စေတတ်ကုန်၏။ ပဋိသန္ဓေ နေခြင်းကိုရင်း၊ အိုခြင်းကိုရင်း၊ လွန်ကုန်၏။ ဗြဟ္မာမင်းတို့၏ ဖြစ်ခြင်း သည် ပညာနှင့်ပြည့်စုံသောအဆုံးစွန်သောဖြစ်ခြင်းတည်း။ တပါးမက များစွာကုန်သော သူတို့သည် အကျွန်ုပ်တို့ကို ဤဗြဟ္မာ အပေါင်းတို့ သည် ကြီးမြတ်သောဗြဟ္မာမည်၏။ သူတပါးတို့ကို နှိပ်စက်၍ဖြစ်၏။ သူတပါးတို့သည် မနှိပ်စက်နိုင်သည်ဖြစ်၍တည့်၏။ စင်စစ်သဖြင့် ထို ဗြဟ္မာကြီးသည် လူများအပေါင်းကို မိမိအလိုသို့လိုက်စေတတ်၏။ လူ တို့ကိုအစိုးရ၏။ လူတို့ကိုပြုတတ်၏။ မြေ၊ တောင်၊ မြင်းမိုရ်၊ ဟိမဝန္တာ၊ စကြဝဠာ၊ လ၊ နေ၊ ကြယ်တို့ကို ဖန်ဆင်းတတ်၏။ လူတို့ထက်မြတ်၏။ လူတို့ကို သင်သည် မင်းမည်သည်ဖြစ်လော့၊ သင်သည် ပုဏ္ဏားမည် သည်ဖြစ်လော့။ သင်သည်သူကြွယ်ဖြစ်လော့။ သင်သည်သူဆင်းရဲဖြစ် လော့။ သင်သည်လူဖြစ်လော့။ သင်သည်ရဟန်းဖြစ်လော့။ သင်သည်

www.dhammaransi.com



ကုလားအုပ်ဖြစ်လေ့၊ သင်သည် နွားဖြစ်လေ့။ ဤသို့အစရှိသည့်ဖြင့် စီရင်တတ်၏။ ဤဗြဟ္မာကြီးသည်ကား ဖြစ်ပြီးသော သတ္တဝါ၊ မဖြစ်သေးသောသတ္တဝါတို့၏ အဘလည်းမည်၏ဟု အကျွန်ုပ်တို့ကို လူတို့သည် အလွန်တောင့်တအပ်ကုန်၏ ဟူ၍ ဗကဗြဟ္မာသည် ချီးကျူး၏။ ။ထိုစကားကိုကြားတော်မူ၍ဗကဗြဟ္မာအားထိုအယူကိုဖျောက်စိမ့်သော၄ါ။ ။အပ္ပံ ဟိ ဧတံ န ဟိ ဒီဃမာယု၊ ယံ တွံ ဗက မညသိ ဒီဃမာယု။ သတံ သဟဿာန နိရဗ္ဗုဒါနံ၊ အာယုံ ပဇာနာမိ တဝါဟံ ဗြဟ္မေ။ ။ဟူသောဂါထာကို ဟောတော်မူ၏။ ။ဤဂါထာ၏ အဓိပ္ပါယ်သော်ကား။ ။ဗကဗြဟ္မာ။ သင်သည်ဤဗြဟ္မာ့ပြည်၌သင်၏အကြင်အသက်ကြွင်းသည် ရှိ၏၊ ထိုအသက်ကြွင်းကို ရှည်၏ဟူ၍အောက်မေ့၏။ ထိုသင်၏ အသက်ကြွင်းသည် နည်းပြီ။ တသိန်းကုန်သော နိရဗ္ဗုဒတို့၏ အရေအတွက်မျှသော သင်၏ အသက်ကြွင်းရှိတော့သည်ဟု ငါဘုရားသိတော်မူ၏ဟူလို။ ။ဤဂါထာဖြင့် ဗကဗြဟ္မာ၏ ငါတို့ဗြဟ္မာအဖြစ်သည်မြဲ၏ဟူသောမှားသောအယူကိုပယ်တော်မူလို၍၊ သင်၏အသက်ကြွင်းသည် နိရဗ္ဗုဒအရေအတွက်ဖြင့် တသိန်းမျှသာကြွင်းတော့သည်။ နိရဗ္ဗုဒတသိန်းစေ့လျှင် သင်သည် အနိစ္စသဘောကို မလွန်နိုင်သည်ဖြစ်၍ ဤဗြဟ္မာ၏အဖြစ်မှ ရွေ့ရတော့အံ့သည်တကားဟု မိန့်တော်မူ၏။ ။ထိုနောင် ဗကဗြဟ္မာသည် ရှေး၌ဆောက်တည်ခဲ့ဘူးသော မိမိ၏အကျင့်သီလကို မြတ်စွာဘုရားအား မေးလို၍။ ။အနန္တဒဿီ ဘဂဝါတွ မသ္မိ၊ ဇာတိ ဇရံ သောကမုပါတိဝတ္တော၊ ကိံ မေ ပုရာဏံ ဝတသီလဝတ္တံ၊ အာစိက္ခ မေ တံ ယမဟံ ဝိဇညာ။ ။ဟူသော ဂါထာကို ရွတ်၏။ ။ဤဂါထာ၌ အဓိပ္ပါယ်သော်ကား။ ။ဘုန်းတော်ကြီးမြတ်တော်မူသောရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် အဆုံးမရှိသောအာရုံကို မြင်တော်မူလေ့ရှိသည်ဖြစ်၍ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ စိုးရိမ်ခြင်းကို လွန်၍ဖြစ်တော်မူ၏၊ အကျွန်ုပ်၏ ဟောင်းလေပြီးသောအကျင့်သီလကို ရှင်ပင်ဘုရားသည် အဘယ်သို့ ဆိုအံ့နည်း။ အကျွန်ုပ်၏ ဟောင်းလေသောအကျင့်သီလကို အကျွန်ုပ်သည်သိရာ၏။ ထိုအကျင့်သီလကို ရှင်ပင်ဘုရားသည် အကျွန်ုပ်အားကြားတော်မူပါလေ့ဟူလိုသည်။ ။ထိုနောင်မှ ဘုရားမြတ်စွာသည် ဗကဗြဟ္မာ၏ရှေး၌ဖြစ်သောအကျင့်သီလကိုကြားတော်မူလိုသည်ဖြစ်၍၊ ။ယံ တွံ အပါယေသိ ဗဟူ မနုဿေ၊

www.dhammaransi.com



ပိပါသိတေ ဃမ္မနိ သမ္ပရေတော။ တဒ္ဓေပုရာဏံ ဝတသီလဝတ္တံ၊ သုတ္တပ္ပ ဗုဒ္ဓေါဝ မနုဿရာမ္ဟိ။ ။ယံ ဇောတိကူလသ္မိံ ဇနံ ဂဟိတံ၊ အမောဃယိံ ဂယှတံ နိယျမာနံ။ တဒ္ဓေ ပုရာဏံ ဝတ သီလဝတ္တံ၊ သုတ္တပ္ပဗုဒ္ဓေါဝ မနုဿရာမိ။ ။ဂင်္ဂါယသောတသ္မိံဂဟိတနုဒ္ဓံ၊လုဒ္ဒေနနာဂေနမနုဿ ကမျာ။ ပမောစယိတ္ထ ဗလသာပသယှ၊ တဒ္ဓေပုရာဏံ ဝတ သီလဝတ္တံ၊ သုတ္တပ္ပဗုဒ္ဓေါဝ မနုဿရာမိ။ ။ကပ္ပေါစ တေ ပဋ္ဌစရော အဟောသိ၊ သမ္ဗုဒ္ဓိဝတ္တံ့ဝတိနံအမည်။ တဒ္ဓေပုရာဏံဝတသီလဝတ္တံ၊ သုတ္တပ္ပဗုဒ္ဓေါဝ မနုဿရာမိ။ ။ဟူသော ဂါထာတို့ကို ဟောတော်မူ၏။ ။ထိုဂါထာ တို့တွင် ပဌမဂါထာ၌ အဓိပ္ပါယ်သော်ကား။ အိုဗကဗြဟ္မာ၊ အကြင် သင်သည် နွေလအခါ၌ နေ၏ပူခြင်းဖြင့် နှိပ်စက်ကုန်သော ရေမွတ်သိပ် ခြင်းရှိကုန်သောများစွာသောသူတို့ကို သင်၏တန်ခိုးဖြင့် ရေသောက် စေပြီ။ ထိုသင်၏ရှေး၌ဖြစ်သော ထိုအကျင့်သီလကို ငါသည် အိပ်၍နိုး သောယောကျာ်းကဲ့သို့ အောက်မေ့တော်မူ၏ ဆိုလိုသည်။ ။ဒုတိယ ဂါထာ၌ အဓိပ္ပါယ်သော်ကား။ အိုဗကဗြဟ္မာ၊ ဇောတိမည်သော ဂင်္ဂါမြစ် နား၌ အကြင်လူအပေါင်းကို ခိုးသူတို့သည် ဘမ်းယူအပ်သည်ရှိသော်၊ ချည်နှောင်၍ ဆောင်အပ်သည်ရှိသော်။ ထိုလူများကို သင်၏ တန်းခိုး အားဖြင့်လွတ်စေပြီ။ သင်၏ထိုရှေး၌ဖြစ်သောအကျင့်သီလကိုငါဘုရား သည် အိပ်၍ နိုးသော ယောကျာ်းကဲ့သို့ အောက်မေ့တော်မူ၏ ဟူလို သည်။ ။တတိယဂါထာ၌အဓိပ္ပါယ်ကား။ အိုဗကဗြဟ္မာ၊ ကြမ်းထမ်း သော ဂင်္ဂေယျကမည်သော နဂါးသည် လူတို့ကို နှိပ်စက်ညှဉ်းဆဲလို သည်ဖြစ်၍။ ဂင်္ဂါ၏ရေအယဉ်၌ဘမ်းကိုင်အပ်သောလှေကို ဗကဗြဟ္မာ ၏အလောင်း ကေသဝရသေ့၏ တန်းခိုးအစွမ်းဖြင့်နှိပ်စက်၍ သေဘေး မှလွတ်စေပြီ။ သင်၏ရှေး၌ဖြစ်သော ထိုအကျင့်ကိုရင်း၊ ထိုသီလကိုရင်း၊ ငါဘုရားသည် အိပ်၍နိုးသောယောကျာ်းကဲ့သို့ အောက်မေ့တော်မူ၏ ဟူလိုသည်။ ။စတုတ္ထဂါထာ၌ အဓိပ္ပါယ်ကား။ အိုဗကဗြဟ္မာ၊ သင် ဗကဗြဟ္မာ၏ အလောင်းဖြစ်သော ကေသဝရသေ့၏။ ငါဘုရား၏ အ လောင်းဖြစ်သော ကပ္ပလုလင်သည် အလုပ်အကျွေးတပည့်ကြီးဖြစ်ဘူး ပြီ။ ထိုတပည့်လုလင်ကို ပညာရှိတို့၏အကျင့်ဝတ်နှင့်ပြည့်စုံ၏ဟု သင် သည့်အောက်မေ့ပြီ။ သင်၏ရှေး၌ဖြစ်သောထိုအကျင့်သီလကိုငါဘုရား

www.dhammaransi.com



သည်အိပ်၍နိုးသောယောကျ်ားကဲ့သို့အောက်မေ့တော်မူ၏ဟူလိုသည်။ ဤကားပါဠိတော်အဓိပ္ပါယ်တည်း။ ။

အဓိပ္ပါယ်အကျယ်ကား။ ဤဗကဗြဟ္မာသည် ရှေးသောအခါ ဝေဟပ္ဖိုလ်ဘုံ၌မဖြစ်မီ လူ့ပြည်တွင်သူကြွယ်အမျိုး၌ဖြစ်သောအခါ ကာမဂုဏ်စည်းစိမ်ချမ်းသာကို စွန့်၍၊ တောထွက်၍၊ ရသေ့ပြုသဖြင့် သမာပတ်ရှစ်ပါးနှင့်ပြည့်စုံသည်ဖြစ်၍ ဂင်္ဂါမြစ်နား၌သင်္ခမ်းဆောက်၍နေ၏။ ကေသဝရသေ့ဟုအမည်တွင်၏။ ထိုရောအခါ လှည်းကုန်သည်ငါးရာတို့သည် ရေမရှိသောခရီးသို့ ရောက်လျှင် ရေမသောက်ရကုန်သည်ဖြစ်၍ ယခုအခါငါတို့၏အသက်သည်မရှိချေပြီ။ သေရကြကုန်အံ့သည်တကားဟုမှတ်၍နေကြကုန်၏။ ထိုအကြောင်းကို ဗကဗြဟ္မာအလောင်းကေသဝရသေ့သိ၍ ငါသို့သောသူထင်ရှားရှိလျက် ဤလှည်းကုန်သည်တို့သည် အဘယ်ကြောင့် သေပျောက်ရအံ့နည်းဟု မိမိတန်းခိုးဖြင့်ဘန်ဆင်း၍ ဂင်္ဂါမြစ်ရေကိုကမ်းသို့လျှံစေ၍ လှည်းကုန်သည်တို့ရှိရာအရပ်သို့စီးစေ၍ချိုးသောက်ရကုန်သည်ဖြစ်၍ သေဘေးမှလွတ်ကုန်၏။ ။ အခါတပါးရွာကိုဖျက်ဆီးသောခိုးသူတို့သည် ရွာငယ်တရွာကိုလုယက်ဖျက်ဆီးလျက် လူသူတို့ကို ဘမ်းဆီးချည်နှောင်၍ ကျွဲနွားစသည်တို့ကိုသတ်ပုတ် စားသောက်ကုန်၏။ လူတို့သည် ငိုမြည်တမ်းခြင်းကိုပြုကုန်၏။ ထိုအကြောင်းကို ကေသဝရသေ့သိ၍၊ ငါသို့သောသူသည် သိမြင်လျက် ဤသူတို့သည်မပျက်စီးစေကုန်သတည်းဟု အဘိညာဉ်၏အခြေဖြစ်သော သမာပတ်ကိုဝင်စားလျက်. အင်္ဂါလေးပါးရှိသော စစ်သည်ကိုဘန်ဆင်း၍၊ ခိုးသူတို့လာလတ္တံ့သောခရီးဖြင့်ရင်ဆိုင်လာ၏။ ထိုစစ်သည်တို့ကို ခိုးသူတို့မြင်လျှင် ပြည့်ရှင်မင်းသည် ငါတို့ကိုစစ်ပြုအံ့သောငှါ လာလတ်ပြီတကားဟု ကြောက်လန့်ကုန်သဖြင့် လူသူ ကျွဲနွားတို့ကိုလွှတ်၍ ပြေးလေကုန်၏။ ထိုသူတို့သည် ရသေ့၏တန်းခိုးကြောင့် ချမ်းသာစွာ နေရလေကုန်၏၊ ။တပါးသောအခါ• ဂင်္ဂါမြစ်နား၌နေသောဂင်္ဂေယျနဂါးမင်းသည် အမျက်ထွက်သည်ဖြစ်၍ လှေကုန်သည်တို့ကိုသမုဒြာ၌ မျောစေကုန်အံ့ဟု ကြီးစွာသော နဂါး တို့၏ ကိုယ်ကို ဘန်ဆင်းလျက် ရေကိုနှက်ဖြာခွဲ၍ ပါးပျဉ်းမိုးကာ ရှူ ရှူ မြည်၍နေ၏။ ပုရိသ အပေါင်းသည် နဂါးကိုမြင်လျှင်သေဘေးမှကြောက်ကုန်သောကြောင့်

www.dhammaransi.com



ငုံမြည်တမ်းကုန်၏။ ထိုအသံကိုကြား၍ ကောသဝရသေ့သည် ဂဠုန်၏ ကိုယ်ကို ဘန်ဆင်းလျက် နဂါးအားပြပေ၏။ နဂါးမင်းသည် ဂဠုန်ကို မြင်လျှင်ကြောက်လန့်သဖြင့်ရေထဲသို့ပြေးဝင်လေ၏။လူအများတို့သည် ရသေ့၏ တန်းခိုးကြောင့် ချမ်းသာခြင်းသို့ ရောက်ကြကုန်၏။ ။သင် ဗကဗြဟ္မာသည်ကောသဝရသေ့ဖြစ်သောအခါ၌ငါဘုရား၏အလောင်း ဖြစ်သော ကပ္ပလုလင်သည် ထိုရသေ့၏တပည့်ကြီးဖြစ်၍ အလွန်ပညာ ရှိသဖြင့် ဝတ်ကြီးဝတ်ငယ်နှင့်ပြည့်စုံစွာ သင်ဗြဟ္မာ၏အလောင်းရသေ့ အား ခစားလုပ်ကျွေးခြင်းကို ပြု၏။ ရသေ့သည် နှစ်သက်သဖြင့် ဝမ်း မြောက်ဝမ်းသာဖြစ်ဘူး၏ဟု မြတ်စွာဘုရားသည် ဗကဗြဟ္မာ၏ ရှေး၌ ဖြစ်သောအကျင့်သီလကို ကြားတော်မူ၏။ ။ဤသို့ဟောကြားတော် မူသောအဆုံး၌ ဗကဗြဟ္မာမင်းသည် မှားသောမိစ္ဆာဒိဋ္ဌိအယူကိုစွန့်၍ သမ္မာဒိဋ္ဌိအယူ၌ တည်ပြီးလျှင် မြတ်စွာဘုရားအား ချီးမွမ်းထောမနာပြု လိုသဖြင့်။ ။အဒ္ဓါ ပဇာနာသိ မမေတ မာယုံ၊ အညေပိ ဇာနာသိ တ ထာဟိ ဗုဒ္ဓေါ။တထာဟိတျာယံဇလိတာနုဘာဝေါ၊ ဩဘာသယံ တိဋ္ဌ တိဗြဟ္မလောကံ။ ။ဟူသောဂါထာကိုရွတ်၏။ ။ဘန္တေ၊ဘုန်းတော် ကြီးသောရှင်ပင်ဘုရား။ တွံ၊ရှင်ပင်ဘုရားသည်။ မမ၊အကျွန်ုပ်၏။ ဧတံ အာယုံ၊ ထိုနိရဗ္ဗုဒအရေအတွက်ဖြင့် တသိန်းသာကြွင်းသောအသက် ၏အပိုင်းအခြားကို။ အဒ္ဓါ၊စင်စစ်။ ပဇာနာသိ၊သိတော်မူ၏။ အညေပိ၊ အကျွန်ုပ်မှ တပါးသောဗြဟ္မာတို့ကိုလည်း။ ဇာနာသိ၊ သိတော်မူ၏၊ တ ထာဟိ တတောဧဝ၊ ထိုသို့ သိတော်မူသောကြောင့် သာလျှင်။ ဗုဒ္ဓေါ၊ ဘုရား ဖြစ်တော်မူ၏၊ တထာဟိ ကတောဧဝ၊ ထိုသို့ ဘုရားဖြစ်တော် မူသောကြောင့်လျှင်။ တေ၊ ရှင်ပင်ဘုရား၏။ အယံ ဇလိတာနုဘာဝေါ၊ ဤတောက်ပသောတန်းခိုးအာနုဘော်သည်။ ဗြဟ္မလောကံ၊ဗြဟ္မာ့ပြည် သို့။ဩဘာသယံ ဩဘာသယန္တော၊ထွန်းလင်းစေလျက်။တိဋ္ဌတိ၊တည် တော်မူ၏။ ။ဤကားမြတ်စွာဘုရားကိုဗကဗြဟ္မာချီးမွမ်းထောမနာပြု ခဲ့သောစကားတည်း။ ။ဤသို့ဆိုအပ်ပြီးသည်ကား။ ဗကဗြဟ္မာသုတ်၏ အဓိပ္ပါယ်တည်း။ ။

www.dhammaransi.com



## ၃၃။ အနာထပိဏ်သူဌေး၏သမီး စူဠသုဘဒ္ဒါ၊ ယောက္ခမဥဂ္ဂသူဌေးတို့ကိုအကြောင်းပြု၍။ နုရေသန္တော- စသောဒေသနာကိုဟောတော်မူသည်ကိုပြရာ။

နုရေသန္တောအစရှိသောတရားတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေး၏သမီး စူဠသုဘဒ္ဒါကို အကြောင်းပြု၍ ဟောတော်မူ၏။ အဋ္ဌုပ္ပတ္တိကား၊ အနာထပိဏ်သူဌေးအား ငယ်သောအခါမှစ၍ ဥဂ္ဂမြို့၌ နေသော ဥဂ္ဂသူဌေးနှင့် အဆွေခင်ပွန်းဖြစ်ကြ၏။ ထိုသူနှစ်ယောက်တို့သည်. တဆရာတည်း၌ အတတ်အတူသင်ကုန်သောအခါ အချင်းချင်း ကတိကဝတ်ပြုကုန်၏။ ငါတို့အားအရွယ်သို့ရောက်သောအခါ၌ သားသမီးတို့သည် ဘွားကုန်သော် သားယောကျ်ား ဘွားသောသူအား သမီးဘွားသောသူသည် ထိုသားယောကျ်ားအလို့ငှါ မိမိသမီးကို ပေးအပ်၏ ဟူ၍ ကတိကဝတ်ကို ပြုလေကုန်၏။ ထိုနှစ်ယောက်တို့သည် အရွယ်ရောက်သောအခါ၌ မိမိတို့၏အဘသူဌေးအရာ၌ တည်ကြလေကုန်၏။ အနာထပိဏ်သူဌေးအား၊ မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ၊ သုမနဒေဝီ၊ဟူ၍ သမီးသုံးယောက်၊ ကာလဟူ၍သားတယောက်ဖြင်၏။ ဥဂ္ဂသူဌေးအားကား သားယောကျ်ား တယောက်သာဖြင်၏။ တပါးသောအခါ၌ ဥဂ္ဂသူဌေးသည် ကုန်ရောင်းဝယ်လို၍ ငါးရာသောလှည်းတို့ဖြင့် သာဝတ္ထိပြည်သို့ သွား၍ အနာထပိဏ်သူဌေး အိမ်၌ တဲနေလေ၏။ အနာထပိဏ်သူဌေးသည် သမီးစူဠသုဘဒ္ဒါကိုခေါ်၍၊ ချစ်သမီး၊ သင်၏အဘ ဥဂ္ဂသူဌေးသည် လာ၏၊ ထိုသူဌေးအား ပြုဖွယ်ကိစ္စအလုံးစုံသည် သင်၏ဝန်တည်းဟု စေ၏။ ထိုစူဠသုဘဒ္ဒါသည် ကောင်းပြီဟု ဝန်ခံ၍ ထိုဥဂ္ဂသူဌေး၏ လာသောအခါမှစ၍ မိမိလက်ဖြင့်သာလျှင်ဟင်းထမင်းစသည်တို့ကိုပြည့်စုံစေ၏။ ပန်း နံ့သာ နံ့သာပျောင်း အစရှိသည်တို့ကိုလည်း စီရင်လေ၏။ ထမင်းစားပြီးသောအခါ၌ ထိုဥဂ္ဂသူဌေးအား ချိုးရေစီရင်၍ ရေချိုးပြီးသောအခါမှစ၍ အလုံးစုံသောကိစ္စတို့ကို ကောင်းစွာပြု၏။ ဥဂ္ဂသူဌေးသည် ထိုစူဠသုဘဒ္ဒါ၏ အကျင့်နှင့်ပြည့်စုံခြင်းကို မြင်၍ ကြည်ညိုသည်ဖြစ်၍ တနေ့သ၌ အနာထပိဏ်သူဌေးနှင့် ချမ်းသာစွာစကားပြောဟောလျက်၊ ငါတို့သည် ငယ်သောအခါ၌ ဤသို့သောကတိကဝတ်ကိုပြုကြ

www.dhammaransi.com



ကုန်၏ဟု အောက်မေ့စေ၍၊ ရုဋ္ဌသုဘဒ္ဒါကို မိမိ၏သားအလိုငှါတောင်း၏။ ။ထိုဥဂ္ဂသူဌေးသည်ကား သဘောအားဖြင့် မိစ္ဆာဒိဋ္ဌိ အယူရှိ၏။ ထိုကြောင့် မြတ်စွာဘုရားအားအကြောင်းကိုလျှောက်၍ မြတ်စွာဘုရားသည် ဆင်ခြင်တော်မူသဖြင့် ဥဂ္ဂသူဌေးအား မဂ်ဖိုလ်၏ဥပနိဿယကို မြင်တော်မူ၍ ခွင့်ပြုတော်မူပြီးသော်၊ သူဌေးမှနှင့်တိုင်ပင်၍ ထိုဥဂ္ဂသူဌေး၏စကားကို ဝန်ခံလေ၏။ နေ့ရက်ကိုချိန်းချက်မှတ်သား၍ အနာထပိဏ် သူဌေးသည် ရုဋ္ဌသုဘဒ္ဒါကိုခေါ်၍၊ ချစ်သမီး၊ တပါးသောသူ၏အိမ်၌နေ သောသူမည်သည်ကား။ အတွင်းမှမီးကို ပြင်သို့မထုတ်အပ်။ပြင်မှမီးကို အတွင်းသို့ မသွင်းအပ်။ ပေးပြန်တတ်သောသူအား ပေးအပ်၏။ မပေး ပြန်တတ်သော သူအား မပေးအပ်။ ရောက်သောသူ မရောက်သောသူ အား အလှည့်ပေးအပ်၏။ ချမ်းသာစွာနေအပ်၏၊ ချမ်းသာစွာစားအပ် ၏။ ချမ်းသာစွာအိပ်အပ်၏။ မီးကိုလုပ်ကျွေးအပ်၏။ နတ်ကိုရှိခိုးအပ်၏။ ဤဆယ်ပါးသောအဆုံးအမကိုပေး၍၊ အကယ်၍ ငါ့သမီးအား သွားလေ ရာရာအရပ်၌ အပြစ်သည်ဖြစ်အံ့၊ သင်တို့သည် သုတ်သင်အပ်၏ဟူ၍ ရှစ်ယောက်ကုန်သော သူကြွယ်တို့ကို ထည့်လိုက်၏။ ကျွန်မိန်းမ ကျွန် ယောကျ်ားတို့ကိုလည်း ငါ၏ သမီးနှင့် လိုက်လိုသသူတို့သည် လိုက်ကြ ကုန်ဟူ၍ ထည့်လိုက်၏။ အသပြာဖြင့် ပြည့်သောလှည်း။ ရွှေအိုးတို့ဖြင့် ပြည့်သောလှည်း။ ငွေအိုးတို့ဖြင့် ပြည့်သောလှည်း။ မိုးချည်ပုဆိုးတို့ဖြင့် ပြည့်သောလှည်း၊တင်လဲဖြင့်ပြည့်သောလှည်း။ သလေးဆန်တို့ဖြင့်ပြည့် သောလှည်း။ ထမင်းအိုးဟင်းအိုးတို့ဖြင့်ပြည့်သောလှည်း။ ထွန်မိုး၊ထွန် တုံး၊ ထွန်သွား စသော အဆောက်အဦတို့ဖြင့် ပြည့်သောလှည်းတို့ကို ငါးရာစီ ပေးလိုက်၏။ နွားတို့ကိုလည်း ခြံငယ်တခုကို ဘွင့်၍ အလျား သုံးဂါဝုတ်၊ အနံ့တဥသဘအရပ်၌ ပြည့်အောင် ထုတ်၍ ပေးလိုက်၏။ ဤသို့အနာထပိဏ်သူဌေးသည် သမီးရုဋ္ဌသုဘဒ္ဒါအား ကြီးစွာသောပူဇော် သက္ကာရကိုပြု၍ အဆွေခင်ပွန်းဖြစ်သောဥဂ္ဂသူဌေးအား ချွေးမအလိုငှါ ပေးအပ်လိုက်၏။အနာထပိဏ်သူဌေးသည် သမီးကိုလွှတ်လိုက်သောနေ့၌ ဘုရားအမှူးရှိသော သံဃာတော်တို့အား ကြီးစွာသောအလှူကိုပေး၍၊ ရှေးဘဝ၌ သမီးသည်ပြုအပ်သောကောင်းမှုအကျိုး၏ တင့်တယ်ခြင်းကို လောကအား ထင်ရှားပြု၍ပြသကဲ့သို့ ကြီးစွာသော ပူဇော်သက္ကာရဖြင့် လွှတ်လိုက်၏။ ။အစဉ်သဖြင့် ဥဂ္ဂမြို့သို့ရောက်သောအခါ ယောက္ခမ

www.dhammaransi.com



၏အမျိုးနှင့်တကွ လူများအပေါင်းတို့သည် ထိုစူဠသုဘဒ္ဒါအား ခရီးဦးကြိုဆိုခြင်းကိုပြု၏။ ထိုသုဘဒ္ဒါသည်လည်း မိမိ အသရေ၏ တင့်တယ်ခြင်းကို ထင်ရှားပြုခြင်းငှါ တပြည်လုံးအား မိမိကိုယ်ကိုပြလျက် လှည်းစီး၍ မြို့သို့ဝင်၏။ ပြည်သူပြည်သားတို့ပို့လာအပ်သော ပဏ္ဏာကာရတို့ကိုသိမ်းယူ၍ အထိုက်အလျောက်အားဖြင့် ထိုသူတို့အားလည်း ပဏ္ဏာလက်ဆောင်တုံ့ကိုပို့စေ၍။ တပြည်လုံးကို မိမိဂုဏ်နှင့်တစပ်တည်းပြု၏။ မင်္ဂလာပြုသော နေ့၌ကား ထိုစူဠသုဘဒ္ဒါ၏ ယောက္ခမသည် ဆရာဖြစ်သော အဝတ်မဝတ် အချည်းစည်းနေသော တက္ကတွန်းတို့အား ပင့်၍ ချွေးမသည် ငါတို့၏ ဆရာရဟန်းတို့ကို ရှိခိုးလာစေသတည်းဟု စေလိုက်၏။ ထိုစူဠသုဘဒ္ဒါသည် ရှက်သဖြင့် အချည်းစည်း အဝတ်မဝတ်သောထိုတက္ကတွန်းတို့ကို ရှုအံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ သွားအံ့သောငှါ အလိုမရှိ။ ယောက္ခမသည် အဘန်တလဲလဲ စေပါသော်လည်း ချွေးမသည် ပယ်အပ်သည်ဖြစ်၍ အမျက်ထွက်သဖြင့် ဤချွေးမကို နှင်ထုတ်လေကုန်ဟုဆို၏။ ထိုစူဠသုဘဒ္ဒါသည် ငါ့အား အကြောင်းမရှိဘဲ နှင်ထုတ်အံ့သောငှါမတတ်ကောင်းဟု ရှစ်ယောက်သောသူကြွယ်တို့ကို ခေါ်စေ၍ ထိုအကြောင်းကို ကြား၏။ ထိုသူကြွယ်တို့သည် စူဠသုဘဒ္ဒါအား အပြစ်ကင်းသောအဖြစ်ကို ထိုသူဌေးအားကြားကုန်၏။ ထိုသူဌေးသည် ဤချွေးမသည်ငါ၏ဆရာရဟန်းတို့ကိုရှိမခိုးလိုဟု မိမိမယားအားကြား၏။ထိုသူဌေးမသည် ဤချွေးမကား ငါတို့ဆရာရဟန်းတို့ကိုရှိမခိုးဘဲ။ မိမိဆရာဖြစ်သောရဟန်းတို့၏ဂုဏ်ကျေးဇူးကိုသာ များစွာချီးမွမ်း၏။ ထို့ကြောင့် ချွေးမအား အကြောင်းကိုမေးဦးအံ့ဟု ကြံလျက်။ ချွေးမသမီး၊ သင်၏ဆရာရဟန်းတို့သည် အဘယ်သို့သဘောရှိကုန်သနည်း။ သင်သည် များစွာ သင့်ဆရာတို့ကို ချီးမွမ်း၏။ သင်၏ဆရာရဟန်းတို့သည် အဘယ်သို့အလေ့ရှိကုန်သနည်း။ အဘယ်သို့ ကောင်းသောအကျင့်ရှိကုန်သနည်း။ ထိုအကြောင်းကို ငါ့အား သင်သည်ကြားလော့ဟု ဆို၏။ ။ထိုသော်အခါ၊ ယောက္ခမမိန်းမသူအား သုဘဒ္ဒါသည် မြတ်စွာဘုရားတို့၏ဂုဏ်၊ ဘုရားတပည့်သားတော်တို့၏ဂုဏ် ကျေးဇူးကိုထင်ရှားပြုလိုသည် ဖြစ်၍။ ။သန္တိန္ဒြိယံ သန္တမာနံ၊ သန္တံ တေသံ ဂတံ ဌိတံ။ ဩက္ခိတ္တစက္ခု၊ မိတဘာဏီ၊ တာဒိသာ သမဏာ မမ။ ။အစရှိသော ရှစ်ဂါထာတို့ကိုဆို၏။ ။ထိုဂါထာတို့၌ အဓိပ္ပါယ်ကား။ ငါ၏ဆရာ

www.dhammaransi.com



ရဟန်းတို့သည် ငြိမ်သက်သောဣန္ဒြေရှိကုန်၏။ ငြိမ်သက်သော စိတ်ရှိကုန်၏။ ထိုငါ့ဆရာဇို့အား သွားခြင်းသည်ငြိမ်သက်၏။ ရပ်ခြင်းသည် ငြိမ်သက်၏။ ချသောမျက်လွှာရှိ၏။ အတိုင်းအရှည်နှင့်ယှဉ်၍ စကားကို ဆို၏။ငါ၏ဆရာရဟန်းတို့သည်ထိုသို့ဆိုအပ်ပြီးသောဂုဏ်ကျေးဇူးတို့ နှင့်ယှဉ်ကုန်၏။ ထိုဆရာတို့အား ကာယကံသည် စင်ကြယ်၏။မနောက် သောဝစီကံသည်ရှိ၏။ မနောကံသည်စင်ကြယ်၏။ ငါ၏ဆရာတို့သည် ထိုသို့ဆိုအပ်ပြီးသော ကျေးဇူးနှင့် ပြည့်စုံကုန်၏။ အညစ်အကြေးကင်း သောခရုသင်းပုလဲအရောင်ရှိ၏။ ကိုယ်တွင်းကိုယ်ပ၌ စင်ကြယ်၏။ စင် သောတရားတို့နှင့်ပြည့်စုံ၏။ငါ၏ဆရာရဟန်းတို့သည် ဆိုအပ်ပြီးသော ကျေးဇူး ရှိကုန်၏။ လူအပေါင်းတို့သည် လာဘ်ရသဖြင့် မာန်တက်၏။ လာဘ်မရသဖြင့် မာန်ယုတ်၏။ ပညာရှိသည် လာဘ်ရ မရ နှစ်ပါးဖြင့် မျှသော တည်ခြင်းရှိ၏။ ငါ၏ ဆရာ ရဟန်းတို့သည် ဆိုအပ်ပြီးသော ဂုဏ်ရှိကုန်၏။လူအပေါင်းသည် အခြံအရံများသဖြင့်မာန်တက်၏။ အခြံ အရံနည်းသဖြင့်မာန်ယုတ်၏။ အခြံအရံနည်းခြင်း များခြင်း၌ ပညာရှိတို့ သည် မျှသောတည်ခြင်းရှိကုန်၏။ ငါ၏ဆရာ ရဟန်းတို့သည် ဆိုအပ် ပြီးသော မျှသောတည်ခြင်းဟူသော သဘောရှိကုန်၏။ လောကသည် ချီးမွမ်းခြင်းများသည်ဖြစ်၍ မာန်တက်၏။ ကဲ့ရဲ့ခြင်းရှိသဖြင့် မာန်ယုတ် ၏။ ပညာရှိတို့သည် ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းတို့၌ အမျှတည်၏။ငါ၏ဆရာ ရဟန်းတို့သည် ထိုသို့အမျှတည်ခြင်းသဘောရှိကုန်၏။ လောကသည် ချမ်းသာခြင်းဖြင့် မာန်တက်၏။ဆင်းရဲခြင်းဖြင့် မာန်ယုတ်၏။ပညာရှိတို့ သည် ချမ်းသာဆင်းရဲဖြစ်သောအခါတို့၌ မတုန်လှုပ်သော သဘောရှိ ကုန်၏။ ငါ၏ဆရာရဟန်းတို့သည်၊ချမ်းသာခြင်း ဆင်းရဲခြင်းဖြင့်မတုန် လှုပ်သောသဘောရှိကုန်၏။ ဤသို့အစရှိသောစကားတို့ဖြင့် ယောက္ခမ ကို နှစ်သက်စေ၏။ ။ထိုအခါ သုဘဒ္ဒါကို သင်၏ဆရာတို့ကို ငါတို့ အား ပြခြင်းငှါ တတ်နိုင်ပါအံ့လောဟု မေး၍၊ တတ်နိုင်ပါ၏ ဆိုသော်။ ထိုသို့တမှုကား၊ အကြောင်းအခြင်းဖြင့် ထိုသင်၏ဆရာတို့ကို ငါတို့သည် ဖူးမြင်ရကုန်၏။ ထိုအခြင်းဖြင့် ပြုပါလော့ဟု ဆိုသော်။ သုဘဒ္ဒါသည် ကောင်းပြီဟုဝန်ခံ၍၊ဘုရားအမှူးရှိသောသံဃာတော်ငါးရာအားကြီးစွာ သောအလှူကို စီရင်၍၊ အထက်ပြာသာဒ်အပြင်၌ရပ်လျက်၊ ဇေတဝန် ကျောင်းတော်သို့ရှေးရှု ရိုသေစွာ ငါးပါးသောထိခြင်းဖြင့် ရှိခိုး၍၊ မြတ်

www.dhammaransi.com



စွာဘုရား ကျေးဇူးတော်တို့ကို ဆင်ခြင်လျက် နှံ့သာဖြင့် ထုံအပ်သော ပန်းအခိုးတို့ဖြင့်ပူဇော်ပြီးလျှင်။ ဘုန်းတော်ကြီးသောအရှင်ဘုရား၊ နက်ဖြန်အလို့ငှါဘုရားအမှူးရှိသောသံဃာကို အကျွန်ုပ်သည်ဆွမ်းဘိတ်မန်ပါ၏။ ဤမြတ်လေးပန်းအမှတ်ဖြင့် ဆွမ်းဘိတ်မန်သောအဖြစ်ကို ရှင်ပင်ဘုရားသည်သိတော်မူပါဟု ရှစ်ဆုပ်သောမြတ်လေးပန်းတို့ကိုကောင်းကင်၌မြှောက်၏။ မြတ်လေးပန်းရှစ်ဆုပ်တို့သည် မြတ်စွာဘုရားရှိတော်မူရာသို့လာကုန်၍ ပရိသတ်လေးပါးတို့၏ အလယ်၌ တရားဟောတော်မူသော မြတ်စွာဘုရား၏အထက်၌ မိုးတာန်ကြက်သကဲ့သို့ဖြစ်၍ တည်၏။ ထိုခဏ၌ အနာထပိဏ်သူဌေးသည် ကြည့်လျက် တရားနာပြီးလျှင် နက်ဖြန်အလို့ငှါဆွမ်းဘိတ်၏။ နက်ဖြန်အလို့ငှါဆွမ်းကို ငါသည် ဝန်ခံအပ်ပြီဟုမြတ်စွာဘုရားသည်မိန့်တော်မူသော်။ အရှင်ဘုရား၊အကျွန်ုပ်မှ ရှေးဦးစွာလာသောသူမည်သည်မရှိပါ။ အရှင်ဘုရားတို့သည် အဘယ်သူအား ဝန်ခံကုန်သနည်းဟု အနာထပိဏ်သူဌေးသည် လျှောက်အပ်သည်ရှိသော်။ သူကြွယ်၊ စူဠသုဘဒ္ဒါသည် ဘိတ်မန်အပ်ပြီဟုမိန့်တော်မူ၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ စူဠသုဘဒ္ဒါသည် ဤသာဝတ္ထိပြည်မှ ယူဇနာ ၁၂၀ ဝေးသောအရပ်၌နေပါသည်ဟုလျှောက်သော်၊ သူကြွယ်၊ ဩြော် ဝေးသော အရပ်၌ နေ၏။ သူတော်ကောင်းတို့သည် ဝေးသောအရပ်၌နေသော်လည်း ရှေးရှုရာအရပ်၌ တည်ကုန်သကဲ့သို့ ထင်ရှားဖြစ်ကုန်၏ဟု မိန့်တော်မူ၍။ ။ဒူရေ သန္တော ပကာသေန္တိ၊ ဟိမဝန္တောဝ ပဗ္ဗတော။ အသန္တေတ္ထ နဒိဿန္တိ၊ ရတ္တိံ ခိတ္တာ သရော ယထာ။ ။ဟူသော ဂါထာကို ဟောတော်မူ၏။ ။ဂဟပတိ၊ သူကြွယ်။ ဒူရေ၊ ဝေးသောအရပ်၌။ သန္တော၊ သူတော်ကောင်းတို့သည်။ ဟိမဝန္တော၊ ဟိမဝန္တာအမည်ရှိသော။ ပဗ္ဗတော ဣဝ၊ တောင်ကဲ့သို့။ ဗုဒ္ဓါနံ၊ ဘုရားတို့အား။ ပကာသေန္တိ၊ ထင်ရှားဖြစ်ကုန်၏။ ဧတ္ထ၊ ဤငါဘုရား၏ အနီး၌။ ဝသန္တာ၊ နေကုန်သော။ အသန္တော၊ သူတော်ကောင်းမဟုတ်ကုန်သောသူတို့သည်။ ရတ္တိံ၊ ညဉ့်၌။ ခိတ္တာ၊ ပစ်အပ်သော။ သရော ယထာ၊ မြားကဲ့သို့။ နော၊ ငါတို့အား။ န ပကာသေန္တိ၊ ထင်ရှားမဖြစ်ကုန်။ ။ဒေသနာတော်အဆုံး၌များစွာသောတရားနာပရိသတ်တို့သည်သောတာပတ္တိဖိုလ်အစရှိသည်တို့၌တည်လေကုန်၏။ ။

သိကြားနတ်မင် သည့် စူဠသုဘဒ္ဒါ၏ဆွမ်းဘိတ်မန်ခြင်းကို မြတ်စွာ

www.dhammaransi.com



ဘုရားသည် ဝန်ခံတော်မူ၏ဟု သိ၍ ဝိသုကြိုနတ်သားကို ခေါ်ပြီးလျှင်။ အချင်းဝိသုကြိုနတ်သား၊ စုလစ်မွန်းချွန်ကပ်သော ပြာသာဒ်ငါးရာ ဘန်ဆင်း၍နက်ဖြန်စောစောကလျှင်ဘုရားအမှူးရှိသောသံဃာတော်ငါးရာကိုတင်လျက် ဥဂ္ဂမြို့သို့ဆောင်ပို့လော့ဟု စေ၏။ ဝိသုကြိုနတ်သားသည် နက်ဖြန် မိုးသောက်သောနေ့၌ ပြာသာဒ်ငါးရာ ဘန်ဆင်း၍ ဇေတဝန်ကျောင်းတော် မုတ်တံခါးဝ၌ ရပ်လာ၏။ မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သော၊ ကုန်ပြီးသော အာသဝေါရှိသော ငါးရာသော ရဟန်းတို့ကို ရွေးကောက်ယူတော်မူ၍ ရဟန္တာ အခြံအရံ ငါးရာနှင့်တကွ ပြာသာဒ်ငါးရာတို့၌တပါးစီနေတော်မူ၍ ဥဂ္ဂမြို့သို့ကြွတော်မူလေ၏။ ဥဂ္ဂသူဌေးသည်လည်း သုဘဒ္ဒါသည် ပေးအပ်သောနည်းဖြင့်- အခြံအရံတို့နှင့်တကွ မြတ်စွာဘုရား ကြွတော်မူလာရာ ကောင်းကင်ခရီးကို ကြည့်လျက် နေ၏။ များစွာသော ဘုရား၏ အသရေတော်ဖြင့် ထွန်းပလျက် ကြွတော်မူလာသော မြတ်စွာဘုရားကိုမြင်သော် ကြည်ညိုသော နှလုံးရှိသည်ဖြစ်၍၊ ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်သက္ကာရကိုပြုလျက် မြတ်စွာဘုရားကိုရှိခိုး၍၊ ကြီးစွာသောအလှူကို ပေးပြီးလျှင် အထပ်ထပ် ဆွမ်းဘိတ်မန်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေး၏။ မြတ်စွာဘုရားသည် ထိုဥဂ္ဂသူဌေးအားလျောက်ပတ်သောတရားကို ဟောတော်မူ၏။ ဥဂ္ဂသူဌေးကို အစပြု၍ ရှစ်သောင်း လေးထောင်ကုန်သော ဝေနေယျသတ္တဝါတို့သည်အကျွတ်တရားရကြကုန်၏။ ။ရုဋ္ဌသုဘဒ္ဒါကိုချီးမြှောက်သဖြင့် သင်သည် ဤမြို့၌ နေရစ်လော့ဟု အရှင်အနုရုဒ္ဓါကို ထားခဲ့၍ သာဝတ္ထိပြည်သို့ပြန်တော်မူလေ၏။ ထိုအခါမှစ၍ ဥဂ္ဂမြို့၌နေကုန်သော သူတို့သည်ရတနာသုံးပါး၌ကြည်ညိုကုန်၏။ ။

---

## ၃၄။ မြတ်စွာဘုရားနှင့်အဆွေခင်ပွန်းဖွဲ့သော လယ်လုပ်ပုဏ္ဏားအားပျက်သောလယ်ကိုမှီ၍သောက ဖြစ်သည်ကိုကယ်ချွတ်တော်မူခြင်း။

တဏှာယ ဇာယတီ သောကော၊ အစရှိသော တရားဒေသနာကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ မိစ္ဆာဒိဋ္ဌိအယူရှိသောပုဏ္ဏားတယောက်ကိုအကြောင်းပြု၍ ဟောတော်

မူ၏။ ထိုပုဏ္ဏားသည် တနေ့သ၌ အစိရဝတီမြစ်နားသို့သွား၍ လယ်ကို သုတ်သင်၏။ မြတ်စွာဘုရားသည် ထိုနေ့၌ လောကကို ကြည့်တော်မူသော် ထိုပုဏ္ဏားအား မဂ်ဖိုလ်၏ဥပနိဿယနှင့်ပြည့်စုံခြင်းကိုမြင်တော်မူ၍ ထိုပုဏ္ဏား၏အထံသို့ကြွတော်မူလေ၏။ ပုဏ္ဏားသည်မြတ်စွာဘုရားကိုမြင်၍လည်း အရိုအသေကိုမျှ မပြု၊ ဆိတ်ဆိတ်သာ နေ၏။ ထိုအခါ မြတ်စွာဘုရားသည် ပုဏ္ဏားကို ရှေးဦးစွာ ငါစကား ပြောအံ့ဟု ကြံ၍။ ပုဏ္ဏား၊ အဘယ်သို့ပြုသနည်းမေး၏။ ရှင်ဂေါတမ၊ လယ်ကိုသုတ်သင်သည်ဟုဆို၏။ ဤမျှသောစကားကိုဆို၍ ဘုရားကြွတော်မူလေ၏။တမိုးသောက်သောနေ့၌လည်း ထိုပုဏ္ဏားလယ်ထွန်ရာသို့သွား၍။ ပုဏ္ဏား၊အဘယ်ပြုသနည်းဟု မေးတော်မူ၏။ ရှင်ဂေါတမ၊ လယ်ထွန်ပါ၏ဟုဆိုသောစကားကိုကြား၍ဘဲတော်မူ၏။ တမိုးသောက်သောနေ့၌ ထိုအတူသွား၍မေးတော်မူသဖြင့်။ ရှင်ဂေါတမ၊ လယ်ကြဲပါ၏။ ရေထုတ်ပါ၏။ လယ်စောင့်ပါ၏ပြောဆိုသောစကားကိုကြား၍ဘဲတော်မူ၏။ ထိုအခါ တနေ့သ၌ပုဏ္ဏားသည် ဘုရားကိုဤသို့ဆို၏။ ရှင်ဂေါတမ၊ရှင်ဂေါတမသည် အကျွန်ုပ်လယ်သုတ်သင်သောနေ့မှစ၍နေ့တိုင်းလာ၏။အကယ်၍ အကျွန်ုပ်အား လယ်သည်ပြည့်စုံအံ့။ အရှင်ဂေါတမအားလည်း ခွဲဝေ၍ ပေးပါအံ့။ အရှင်ဂေါတမအား မခွဲမဝေ မပေးမူ၍ ငါမစားအံ့။ ဤနေ့မှစ၍ အရှင်ဂေါတမသည် ငါ၏အဆွေခင်ပွန်းတည်းဟု ဆို၏။ နောက်အခါ၌ ပုဏ္ဏားအား ကောက်သည်အသီးမှည့်၍ ငါ့အားကောက်သည် မှည့်ပြီ။ နက်ဖြန် ကောက်ရိတ်အံ့ဟု ကောက်ရိတ်အံ့သော၍ ပြုအပ်ပြီးသောကိစ္စအလုံးစုံရှိသောထိုပုဏ္ဏား၏လယ်၌ ကောက်ပင်ကိုညဥ့်တွင်းခြင်း၌ အယဉ်ထန်စွာမိုးသည်းကြီးရွာ၍ ပျက်စီးလေ၏။ လယ်တည်၍ထားသောတလင်းပြင်နှင့်အတူဖြစ်လေ၏။ ။မြတ်စွာဘုရားကား ရှေးဦးစွာသောနေ့၌ကပင် ဤပုဏ္ဏား၏ကောက်သည် မပြည့်စုံလတ္တံ့ဟုသိတော်မူ၏။ ပုဏ္ဏားသည် နံနက်စောစောလယ်ကိုကြည့်ပါအံ့ဟုသွားလေသော် အချည်းနှီးသောလယ်မြေကိုမြင်၍ ပြင်းစွာဖြစ်သော စိုးရိမ်ခြင်းရှိသည်ဖြစ်၍ကြံ၏။ ရဟန်းဂေါတမသည် ငါ၏လယ် သုတ်သင်သောနေ့မှစ၍ လာ၏။ ငါသည်လည်း ဤလယ်၌ကောက်ပြည့်စုံသည်ရှိသော် ရှင်ဂေါတမအား အစုခွဲဝေခြင်းကိုပြုအံ့။ ရှင်ဂေါတမအား အ[illegible] မပေးမူ၍ ငါ မစားလတ္တံ့။ ဤနေ့မှစ၍အရှင်ဂေါတမသည်ငါ၏အဆွေခင်ပွန်းတည်း

www.dhammaransi.com



ဟုဆိုမိ၏။ငါ၏အလိုသည်လည်း အပြီးသို့မရောက်ပါတကားဟု စိုးရိမ်ခြင်းနှိပ်စက်သဖြင့် အာဟာရမစားမူ၍ညောင်စောင်း၌အိပ်၏။ ထိုအခါ မြတ်စွာဘုရားသည် ပုဏ္ဏား၏အိမ်တံခါးသို့ ကြွတော်မူလေ၏။ ပုဏ္ဏားသည် မြတ်စွာဘုရားကြွတော်မူလာကြောင်းကိုကြား၍ ငါ၏အဆွေကို ဆောင်ခဲ့၍ ဤနေရာ၌နေပါစေကုန်ဟုဆို၏။အလုပ်အကျွေးတယောက်သည်ထိုဆိုတိုင်းပြု၏။မြတ်စွာဘုရားသည် ထိုင်နေတော်မူပြီး၍။ ပုဏ္ဏားအဘယ်၌ရှိလေသနည်းမေးတော်မူ၍ တိုက်တွင်း၌အိပ်၏ဟု ဆိုသော်။ ပုဏ္ဏားကို ခေါ်စေ၍ တင့်အပ်သောအရပ်၌နေသော ပုဏ္ဏားကို အသို့နည်းပုဏ္ဏားဟု မေးတော်မူသော်။ အရှင်ဂေါတမ၊ သင်တို့သည် ငါ၏လယ် သုတ်သင်သောအခါမှ စ၍ နေ့တိုင်း လာသည်။ ငါသည့်လည်း ကောက်ပြည့်စုံသော် သင့်အတို့အစုခွဲဝေခြင်းကိုပြုအံ့ဟုဆိုမိ၏။ ဤအလိုသည် ငါ့အားမပြီး။ ထိုကြောင့် ငါ့အားထမင်းသည်မရှိပြီဟူ၍ဆို၏။ ထိုအခါ မြတ်စွာဘုရားသည်။ ပုဏ္ဏား၊ အဘယ်ကိုမှီ၍ စိုးရိမ်ခြင်းဖြစ်သည်ကိုသင်သိ၏ယောဟုမေးတော်မူ၏။ အရှင်ဂေါတမ၊အကျွန်ုပ်မသိ။ အရှင်ဂေါတမသည်သိ၏လောဟုမေးလျှင်၊ ဩော်ငါသိ၏။ပုဏ္ဏား၊ဖြစ်ဆဲဖြစ်သောစိုးရိမ်ခြင်းသည်၎င်း၊ ဘေးသည်၎င်း၊ တဏှာကိုမှီ၍ဖြစ်၏ဟုမိန့်၍။ ။တဏှာယဇာယတိသောကောဘတဏှာယဇာယတေဘယံ။ တဏှာယဝိပ္ပမုတ္တဿ၊နတ္ထိ သောကော ကုတော ဘယံ။ ။ဟူ၍ဟောတော်မူ၏။ တရားဒေသနာတော်အဆုံး၌ ပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌တည်လေ၏။ ။တဏှာယ၊တဏှာကြောင့်။ သောကော၊ စိုးရိမ်ခြင်းသည်၊ဇာယတိ၊ဖြစ်၏။ တဏှာယ၊ကြောင့်။ ဘယံ၊ဘေးသည်။ ဇာယတေ၊ဖြစ်၏။ တဏှာယ၊တဏှာမှ။ ဝိပ္ပမုတ္တဿ၊လွတ်သောသူအား။ သောကော၊သည်။နတ္ထိ၊မရှိ။ကုတော ဘယံ၊ဘေးအတိမှာရှိအံ့နည်း။

---

## ၃၅။ သေပြီးသောဦး၊ခေါင်းခွံကိုခေါက်ကာမျှဖြင့် လားရာဂတိကိုဟောစွမ်းနိုင်သောဝင်္ဂီသ ပုဏ္ဏားအားချွတ်တော်မူခြင်း။

ဧတိ ံယောဝေဒိသတ္တာနံ၊အစရှိသောဒေသနာကိုဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားသည်သီတင်းသုံးတော်မူစဉ် ဝင်္ဂီသမထေရ်ကို

www.dhammaransi.com



အကြောင်းပြု၍ ဟောတော်မူ၏။ ဝဇ္ဇီကား။ ရာဇဂြိုဟ်ပြည်၌ ဝဏ်ဒိသ အမည်ရှိသောပုဏ္ဏားသည် သူသေ၏ဦးခေါင်းကိုခေါက်၍ ဤဦးခေါင်းသည်ငရဲ၌ဖြစ်သောသူ၏ဦးခေါင်းတည်း။ ဤသည်ကား တိရစ္ဆာန်ဘုံ၌ဖြစ်သောသူ၏ဦးခေါင်းတည်း။ ဤသည်ကား ပြိတ္တာဘုံ၌ဖြစ်သောသူ၏ ဦးခေါင်းတည်း။ ဤဦးခေါင်းသည်ကား လူ့ပြည်၌ ဖြစ်သောသူ၏ ဦးခေါင်းတည်းဟုသိ၏။ ပုဏ္ဏားတို့သည် ဤဝဏ်ဒိသပုဏ္ဏားကိုမှီ၍ ငါတို့သည် ဥစ္စာရအံ့သောငှါတတ်နိုင်၏ဟုကြံကုန်၍။ ထိုဝဏ်ဒိသပုဏ္ဏားကို နီစွာသော နှစ်ထည်ကုန်သောပုဆိုးကိုဝတ်ရုံစေ၍၊ ထိုပုဏ္ဏားကိုယူ၍ ဇနပုဒ်သို့ရင်း၊ မြို့တို့သို့ရင်း သွားကုန်၍ လူတို့ကို ဆိုကုန်၏။ အရှင်တို့၊ ဤပုဏ္ဏားသည် ဝဏ်ဒိသပုဏ္ဏားမည်၏။ သေလေပြီးသော လူတို့၏ ဦးခေါင်းခွံကိုခေါက်၍ ထိုဦးခေါင်းရှင်တို့၏ ဖြစ်လေရာ အရပ်ကို သိ၏။ မိမိတို့၏သေလေကုန်ပြီးသော အဆွေသားခြင်းတို့၏ ဖြစ်ရာအရပ်ကို မေးလော့ဟုဆိုကုန်၏။ လူတို့သည် အားနှင့်လျော်စွာ အသပြာတဆယ်ကိုရင်း၊ နှစ်ဆယ်ကိုရင်း၊ သုံးဆယ်ကိုရင်း၊ အသပြာတရာကိုရင်း ပေးကုန်၍ဆွေမျိုးတို့၏ဖြစ်ရာအရပ်ကိုမေးကုန်၏။ ထိုပုဏ္ဏားတို့သည်အစဉ်သဖြင့် သာဝတ္ထိပြည်သို့ရောက်၍ ဇေတဝန်ကျောင်းတော်မှ မနီးမဝေးသောအရပ်၌ နေခြင်းကိုပြုကုန်၏။ ထိုပုဏ္ဏားတို့သည် နံနက်စာစားပြီးသော် လူအပေါင်းတို့သည်ပန်းနံ့သာလက်စွဲလျက် တရားနာအံ့သောငှါ ကျောင်းသို့သွားသည်ကို မြင်၍ သင်တို့သည် အဘယ်သို့သွားကုန်အံ့နည်းဟုမေးကုန်၍ ကျောင်းသို့တရားနာသွားကုန်၏ဆိုသော်၊ ကျောင်းသို့သွား၍ အဘယ်သို့ ဖြစ်လတ္တံ့နည်း။ ငါတို့၏ ဝဏ်ဒိသပုဏ္ဏားနှင့်တူသောသူမရှိ။ သေသောသူတို့၏ ဦးခေါင်းကိုသော်လည်းခေါက်၍ ဖြစ်ရာအရပ်ကိုသိ၏။ သေကုန်ပြီးသောအဆွေအမျိုးတို့၏ဖြစ်ရာအရပ်ကို မေးကုန်လော့ဟုဆိုကုန်၏။ ထိုလူတို့သည် သင်တို့၏ ဝဏ်ဒိသပုဏ္ဏားသည်အဘယ်သို့သိအံ့နည်း။ ငါတို့ဆရာဘုရားနှင့်တူ၍ သိသောသူမည်သည် မရှိဟုဆိုကုန်၏။ ထိုပုဏ္ဏားတို့သည်လည်း ဝဏ်ဒိသနှင့်တူသောသူမရှိဟုဆိုပြန်သဖြင့်စကားကိုပွါးစေ၍၊ လာကြကုန်။ ယခုအခါ၌ သင်တို့ဆရာဝဏ်ဒိသ၏ သိခြင်းကိုရင်း၊ ငါတို့ဆရာဘုရား၏ သိခြင်းကိုရင်း သိရကုန်လတ္တံ့ဟု ထိုသူတို့ကိုယူ၍ ကျောင်းတော်သို့သွားလေကုန်၏။ မြတ်စွာဘုရားသည် ထိုသူတို့၏လာသောအဖြစ်ကို သိတော်မူ၍၊ ငရဲ၊

www.dhammaransi.com



တိရစ္ဆာန်၊ လူပြည်၊ နတ်ပြည်အားဖြင့် လေးပါးသောအရပ်တို့၌ ဖြစ်ကုန်သောသူတို့၏ဦးခေါင်းလေးလုံးတို့ကို၎င်း။ ရဟန္တာ၏ဦးခေါင်းကို၎င်း။ ဤငါးလုံးသောဦးခေါင်းခွံတို့ကိုဆောင်စေ၍ အစဉ်အားဖြင့်ထားစေ၍ရှေ့တော်သို့ရောက်သောအခါ၊ ဝင်္ဂီသ၊သင်သည် ဦးခေါင်းခွံကိုခေါက်၍ သေသောသူတို့၏ဖြစ်ရာကိုသိ၏ဟူသည် မှန်သလောဟုမေးတော်မူသော်၊ သြော်သိ၏ဟုဆို၍၊ ငရဲသို့သွားသောသူ၏ ဦးခေါင်းကိုပြလျက် ဤဦးခေါင်းသည် အဘယ်၌ဖြစ်လေသောသူ၏ဦးခေါင်းနည်းဟု မေးတော်မူသော်။ ထိုဦးခေါင်းခွံကို ခေါက်၍ ငရဲ၌ဖြစ်သောသူ၏ဦးခေါင်းတည်းဟုဆို၏။ မြတ်စွာဘုရားလည်း ကောင်းပြီဟုကောင်းချီးပေးတော်မူ၍။ ဤမှတပါးသောဦးခေါင်းသုံးလုံးတို့ကိုလည်း မေးတော်မူ၏။ ထိုဝင်္ဂီသသည် မချွတ်မယွင်းစေမူ၍ ဆိုလျှင် ဖျှုးနည်း အတူကောင်းချီး ပေးတော်မူ၍။ ငါးလုံးမြောက် ရဟန္တာ၏ ဦးခေါင်းကိုပြ၍ဤဦးခေါင်းသည် အဘယ်၌ ဖြစ်လေသောသူ၏ဦးခေါင်းနည်းဟု မေးတော်မူ၏။ ထိုဝင်္ဂီသသည် အဘန်ဘန်ခေါက်၍ ဖြစ်ရာအရပ်ကိုမသိနိုင်ရကား။ ဝင်္ဂီသ၊သင်မသိနိုင်ပြီလောဟုမေးတော်မူ၍။ သြော်အရှင်ဘုရား၊ မသိနိုင်ပါဟု ဆိုသော်၊ ဝင်္ဂီသ၊ ငါသိတော်မူ၏။ ဤသူ၏ဦးခေါင်းသည် ကုန်ပြီးသောဂတိရှိသောရဟန်း၏ဦးခေါင်းတည်းဟု မိန့်တော်မူ၏။ထိုအခါဝင်္ဂီသပုဏ္ဏားသည် မြတ်စွာဘုရားကို ဂတိကုန်ပြီးသောရဟန္တာ၏ဦးခေါင်းကိုသိတတ်သောမန္တန်ကို အကျွန်ုပ်အားပေးပါလော့ဟုတောင်း၏။ ဝင်္ဂီသ၊ သင်တို့ကဲ့သို့ ရဟန်းမပြုသောသူတို့အားပေးအပ်သော၌ါမတတ်ကောင်းဟုဘုရားမိန့်တော်မူသော်။ထိုဝင်္ဂီသပုဏ္ဏားသည် ဤမန္တရားကို ငါတတ်သော် အလုံးစုံသော ဇမ္ဗူဒိပါကျွန်း၌ ငါသည် အကြီးမြောက်လတ္တံ့ဟုကြံ၍၊ နောက်လိုက်ပုဏ္ဏားတို့ကို သင်တို့ ထိုအရပ်၌ပင်သုံးလေးရက်နေလင့်ကုန်။ငါသည် ရဟန်းပြုအံ့ဟုဆို၍ထွက်လိုက်ပြီးလျှင် မြတ်စွာဘုရားအထံ၌ရဟန်းပြု၍ ပဉ္စင်းအဖြစ်ကိုရပြီးသော် ဝင်္ဂီသထေရ်ဟူသောအမည်သည်ဖြစ်၏။ ထိုရောအခါ မြတ်စွာဘုရားသည်ထိုမထေရ်အား ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကိုပေး၍ ဤမန္တန်၏ပရိကံကိုသရဇ္ဈာယ်လော့ဟုမိန့်တော်မူ၏။ ထိုမထေရ်သည် ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို သရဇ္ဈာယ်၍ တရက် နှစ်ရက်ရှိလျှင် နောက်လိုက်ပုဏ္ဏားတို့သည် သင်သည် မန္တရားကို ယူပြီလောဟု

မေး၍ယူပါသေး၏။ငံ့ကုန်ဦးဟုဆို၍။သုံးလေးရက်လွန်သဖြင့် ရဟန္တာအဖြစ်သို့ရောက်၍။ တဘန်နောက်လိုက်ပုဏ္ဏားတို့သည် မေးပြန်သော်။ အရှင်တို့၊ယခုအခါ ငါသည် ပြန်လည်အံ့သောဌါမတတ်ကောင်းပြီဟုဆို၏။ ထိုစကားကိုရဟန်းတို့ကြားကုန်၍။ ဘုန်းတော်ကြီးသောအရှင်ဘုရား၊ဝင်္ဂီသမထေရ်သည် မဟုတ်မမှန်သဖြင့် အရဟတ္တဖိုလ်ကိုလူတို့အားကြားသည်ဟုလျှောက်ကုန်၏။ ချစ်သားရဟန်းတို့၊ ဤသို့မဆိုကုန်လင့်။ ချစ်သားရဟန်းတို့၊ ယခုအခါ ငါ၏သား ဝင်္ဂီသမထေရ်သည်စုတိပဋိသန္ဓေ၌လိမ္မာသည်ဖြစ်ပြီဟုမြတ်စွာဘုရားသည်မိန့်တော်မူ၍။ ။စုတိံ ယော ဝေဒိ သတ္တာနံ၊ ဥပပတ္တိဉ္စ သဗ္ဗသော။ အသတ္တံ သုဂတံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။ယဿ ဂတိံ န ဇာနန္တိ၊ ဒေဝါ ဂန္ဓဗ္ဗ မာနုသာ၊ ခီဏာသဝံ အရဟန္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။ဟူသောဂါထာနှစ်ဂါထာဒေသနာတော်ကို ဟောတော်မူ၏။ ။ဒေသနာတော် အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ရောက်လေကုန်၏။ ။ယော၊ အကြင်သူသည်။ သတ္တာနံ၊ သတ္တဝါတို့၏။ စုတိဉ္စ၊ စုတိကိုရင်း။ ဥပပတ္တိဉ္စ၊ ပဋိသန္ဓေကိုရင်း၊ သဗ္ဗသော၊ အချင်းခပ်သိမ်း။ အဝေဒိ၊ သိ၏။ အသတ္တံ၊ မငြိကပ်သည်ဖြစ်၍။ သုဂတံ၊ ကောင်းသောအကျင့်ရှိသည်ဖြစ်၍။ ဗုဒ္ဓံ၊ သစ္စာလေးပါးကိုသိ၏။ တံ၊ ထိုသူကို။ ဗြာဟ္မဏံ၊ ဗြာဟ္မဏမည်၏ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။ ။ဒေဝါ၊ နတ်တို့သည်ရင်း။ ဂန္ဓဗ္ဗမာနုသာ၊ ဂန္ဓဗ္ဗနတ်လူတို့သည်ရင်း။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုသူတို့သည်။ ယဿ၊ အကြင်သူ၏။ ဂတိံ၊ အလားကို၊ န ဇာနန္တိ၊ မသိကုန်။ ခီဏာသဝံ၊ ကုန်ပြီးသောအာသဝေါရှိသော။ အရဟန္တံ၊ ပူဇော်အထူးကိုလည်းခံထိုက်သော။ တံ၊ ထိုသူကို။ ဗြာဟ္မဏံ၊ အပပြုအပ်ပြီးသောမကောင်းမှုရှိသောသူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။ ။

---

## ၃၄။ ချက်မှလဝန်းအရောင်နှင့်တူစွာအရောင်ထွက်သော စန္ဒာဘပုဏ္ဏားအား ချွတ်တော်မူခြင်း။

စန္ဒံဝ ဝိမလံ၊ အစရှိသောတရားတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌နေတော်မူသောအခါ စန္ဒာဘပုဏ္ဏားကိုအကြောင်း

www.dhammaransi.com



ပြု၍ပြောတော်မူ၏။ အကြောင်းကား။ ရာဇဂြိုဟ်ပြည်ဝယ် ဗြာဟ္မဏ မဟာသာလအမျိုး၌စန္ဒာဘအမည်ရှိသောပုဏ္ဏားသည်ရှိ၏။ချက်အဝန်း မှ လ၏အရောင်ကဲ့သို့သောအရောင်သည် ထွက်၏။ ထိုသို့ထွက်သော ကြောင့် ထိုပုဏ္ဏားကို စန္ဒာဘဟူ၍အမည်ကိုမှည့်ကြကုန်၏။ ။ချက်မှ ဤသို့အရောင်ထွက်ခြင်း၏အကြောင်းကား။ ရှေးအခါ ကဿပမြတ်စွာ ဘုရား၏စေတီတော်၌ စန္ဒကူးနီဖြင့် လဝန်းကဲ့သို့ရေးဘူးသောကောင်း မှု၏အကျိုးဆက်တည်း။ ပုဏ္ဏားတို့သည် ဤစန္ဒာဘပုဏ္ဏားကိုယူ၍ ရွာ ကြီးရွာငယ်တို့၌ လူတို့အားလှည့်စားအံ့သောငှါ တတ်ကောင်း၏ဟု ကြံ ကုန်၍။ ထိုစန္ဒာဘပုဏ္ဏားကို ယာဉ်ငယ်တချ၌စီးစေလျက်။ အကြင်သူ သည် ဤစန္ဒာဘပုဏ္ဏား၏ကိုယ်ကိုလက်ဖြင့်သုံးသပ်ရအံ့။ဤသို့သဘော ရှိသောအစိုးရခြင်းစည်းစိမ်ချမ်းသာကိုရလတ္တံ့ဟုဆို၍ လှည့်ပတ်ကုန် ၏။ အသပြာဘရာကိုရင်း၊ တထောင်ကိုရင်းပေးသောသူတို့သည်သာ လျှင် ထိုပုဏ္ဏား၏ကိုယ်ကိုလက်ဖြင့်ထိစိမ့်သောငှါရကုန်၏။ ဤသို့လျှင် ထိုပုဏ္ဏားတို့လှည့်ပတ်လျက်။ထိုထိုဇနပုဒ်မြို့ရွာသို့လှည့်လည်ကုန်သော် သာဝတ္ထိပြည်သို့ရောက်၍။ မြို့နှင့် ဇေတဝန်ကျောင်းတော်၏အကြား၌ နေကုန်၏။သာဝတ္ထိပြည်၌ ငါးကုဋေမျှလောက်ကုန်သော အရိယာသာ ဝကတို့သည် နံနက်ဆွမ်းမစားမီအလှူပေး၍ ဆွမ်းစားပြီးသောအခါ၌ ပန်းနံ့သာအစရှိသော လှူဘွယ်ဝတ္ထုလက်၌ပါကုန်လျက် တရားနာအံ့ သောငှါဇေတဝန်ကျောင်းတော်သို့သွားကုန်၏။ ပုဏ္ဏားတို့သည် ထိုသူ တို့ကိုမြင်၍ အဘယ်သို့သွားကုန်အံ့နည်းဟု မေးကုန်၍။ မြတ်စွာဘုရား အထံသို့ တရားနာအံ့သောငှါသွားအံ့ဟုဆိုကုန်သော်။ အချင်းတို့၊ လာ ကုန်လော့။ ထိုဘုရားအထံသို့သွား၍ အဘယ်ပြုအံ့နည်း။ ငါတို့စန္ဒာဘ ပုဏ္ဏား၏အာနုဘော်နှင့်တူသော အာနုဘော်မည်သည်မရှိ။ ထိုစန္ဒာဘ ပုဏ္ဏား၏ကိုယ်ကို လက်ဖျားဖြင့်တို့ရသောသူသည် ဤသို့သောစည်း စိမ်ချမ်းသာကိုရ၏။ လာကုန်လော့၊ ထိုစန္ဒာဘပုဏ္ဏားကိုရှုလှည့်ကုန်ဟု ဆိုကုန်၏။ သင်တို့ စန္ဒာဘပုဏ္ဏားအား အဘယ်အာနုဘော်ရှိအံ့နည်း။ ငါတို့ မြတ်စွာဘုရားအားသာလျှင် ကြီးသောအာနုဘော်ရှိ၏ဟု အရိ ယာသာဝကတို့သည် ဆိုကုန်၏။ ဤသူတို့သည် အချင်းချင်း မှတ်စိမ့် သောငှါမတတ်နိုင်ကုန်လျှင် စန္ဒာဘပုဏ္ဏား၏ အာနုဘော်ကိုရင်း။ငါတို့ ဆရာမြတ်စွာဘုရား၏အာနုဘော်ကိုရင်း၊သိရကုန်လတ္တံ့ဟု ထိုစန္ဒာဘ

www.dhammaransi.com



ပုဏ္ဏားကိုယူ၍ ကျောင်းသို့လာကုန်၏။ ထိုစန္ဒာဘပုဏ္ဏား၏ လရောင်နှင့်တူသော ချက်မှအရောင်သည် မြတ်စွာဘုရား အံ့ထံသို့ ကပ်ဆဲ၌သာ လျှင်ဘုန်းတော်ကြောင့်ကွယ်၏။ ထိုစန္ဒာဘပုဏ္ဏားသည်မြတ်စွာဘုရား အထံ၌အရောင်ကင်းသည့်ဖြစ်၍ တောင်း၌ထားသောကျီးကဲ့သို့ဖြစ်၏။ ထိုအခါပုဏ္ဏားတို့သည် စန္ဒာဘပုဏ္ဏားကိုတပါးသောအရပ်သို့ဆောင်ကုန်၏။ ချက်၌အရောင်သည် ပကတိဖြစ်ပြန်၏။ တဘန်စန္ဒာဘပုဏ္ဏားကို ဘုရားအထံသို့ဆောင်ပြန်ကုန်၏။ အရောင်တို့သည် ကွယ်ပြန်လေကုန်၏၊ ဤသို့သုံးကြိမ်တိုင်တိုင် အရောင်တို့သည်ကွယ်ပြီးသောနောက်၌ စန္ဒာဘပုဏ္ဏားသည်ကြံ၏။ ဤရဟန်းသည် အရောင်ကိုကွယ်စေတတ်သောမန္တရားကို တတ်သည်ထင်၏ဟုကြံပြီး၍။ မြတ်စွာဘုရားကို အသျှင်ဘုရား၊ သင်ရဟန်းသည် ငါ၏အရောင်ကိုကွယ်စေတတ်သော မန္တရားကိုတတ်သလောဟု မေးသော်။ ဪ ပုဏ္ဏား၊ ငါတတ်၏ဟုမိန့်တော်မူ၍၊ ထိုသို့တပြီးကား၊ မန္တန်ကို ငါ့အားပေးပါလော့ဟုဆို၍၊ ငါကဲ့သို့ရဟန်းမပြုသော သူအား ပေးခြင်းငှါ မတတ်နိုင်ဟု မိန့်တော်မူသော်။ ထိုပုဏ္ဏားသည် ဤမန္တရားကို ငါတတ်သည်ရှိသော် ဇမ္ဗူဒီပါ ကျွန်း၌ ငါသာကြီးမြတ်သည်ဖြစ်လတ္တံ့။ သင်တို့သည်ဤအရပ်၌ပင်နေကုန်ဦး။ ရဟန်းပြု၍နှစ်ရက်သုံးရက်ဖြင့်မန္တရားကိုယူအံ့ဟု နောက်လိုက်ပုဏ္ဏားတို့ကိုဆို၍။ မြတ်စွာဘုရားထံ ရဟန်းအဖြစ်ကိုတောင်းပြီးလျှင် ရဟန်းပြု၍ပဉ္စင်းခံ၏။ မြတ်စွာဘုရားသည် စန္ဒာဘမထေရ်အား ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို သင်ကြား၏။ ဤသည်ကားအဘယ်နည်းဟု ထိုရဟန်းမေးသဖြင့်၊ မန္တရား၏ပရိကံတည်း၊သရဇ္ဈာယ်ခြင်းငှါအင်၏ဟု ဘုရားသခင်မိန့်တော်မူ၏။ ပုဏ္ဏားတို့သည် အကြားအကြား၌လာကုန်၍ သင်သည် မန္တရားကို၊ယူအပ်ပြီလောဟု မေးကုန်၏။ ငါမယူရပါသေးဟု ဆို၍၊ နှစ်ရက်သုံးရက်တို့ဖြင့် ရဟန္တာအဖြစ်သို့ ရောက်၏။ ပုဏ္ဏားတို့သည်လာကုန်၍ မေးသောအခါ၌၊ သင်တို့သွားလေကုန်လော့။ ယခုအခါ၌ ငါသည် တဘန်မလာခြင်းသဘောကိုပြုအင်ပြီဟုဆို၏။ ထိုစကားကိုကြား၍ ရဟန်းတို့သည်။ အရှင်ဘုရား၊ ဤရဟန်းသည်မဟုတ်မမှန်ဘဲအရဟတ္တဖိုလ်ကိုကြားသည်ဟု ဘုရားအားလျှောက်သော် မြတ်စွာဘုရားသည်။ ချစ်သားတို့၊ယခုအခါငါ့သား စန္ဒာဘသည် ကုန်ပြီးသောအာသဝေါရှိ၏။ မှန်သည်ကိုသာ ဆို၏ဟုမိန့်တော်မူ၍၊ ။စန္ဒံ ဝ ဝိမလံ

www.dhammaransi.com



သုန္ဒိ၊ဝိပ္ပသန္နမနာဝိလံ။နန္ဒီရာဂပရိက္ခီဏံ၊တမဟံဗြူမိ ဗြာဟ္မဏံ။ ။ဟူသောတရားကို ဟောတော်မူ၏။ ဒေသနာတော်အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ရောက်လေကုန်၏။ ။သုဒ္ဓိ၊စင်ကြယ်သော။ ဝိမလံ၊အညစ်အကြေးကင်းသော။စန္ဒံဝ စန္ဒမဏ္ဍလဝ၊လကဲ့သို့။ဝိပ္ပသန္နံ၊ကြည်လင်သောစိတ်ရှိသော။အနာဝိလံ၊မနောက်ကျုသော။နန္ဒီရာဂပရိက္ခီဏံ၊နန္ဒီရာဂကုန်ပြီးသော။ တံ၊ထိုသူကို။ ဗြာဟ္မဏံ၊ဗြာဟ္မဏမည်၏ဟူ၍။အဟံ၊ငါဘုရားသည်။ဗြူမိ၊ဟောတော်မူ၏။ ။

---

## ၃၇။ မာရ်နတ်သည်မြတ်စွာဘုရားအားမင်းပြုစိမ့်သော၄ါ တောင်းပန်သည်ကိုအကြောင်းပြု၍၊တရေး ဟောတော်မူခြင်း။

အဋ္ဌမ္ပိ ဇာတမှိ၊အစရှိသောတရားတော်ကိုဒေသနာရီကြွတော်မူ၍ ဟိမဝန္တာတော၏ နံပါးဝယ် အရညကုဋီ၌ နေတော်မူသောအခါ မာရ်နတ်ကိုအကြောင်းပြု၍ဟောတော်မူ၏။ ထိုအခါ၌ မင်းတို့သည် လူတို့ကိုနှိပ်စက်၍မင်းပြုကုန်၏။ ထိုရောအခါ မြတ်စွာဘုရားသည် မတရားသောမင်းတို့၏ အသပြာ ငါးဆယ်၊ တရာ၊ နှစ်ရာ၊ ဤသို့ အစရှိသော ဒဏ်ထားခြင်းဖြင့် နှိပ်စက်အပ်ကုန်သော လူတို့ကိုမြင်၍ သနားခြင်း၏အစွမ်းကြောင့် ဤသို့ ကြံတော်မူ၏။ ငါသည် မသတ်အပ်သော သူကိုမသတ်စေဘဲ။မအောင်အပ်သောသူကို မအောင်စေဘဲ။မရှုံးအပ်သောသူကို မရှုံးစေဘဲ။မစိုးရိမ်အပ်သောသူကို မစိုးရိမ်စေဘဲ။ တရားသဖြင့်မင်း၏အဖြစ်ကိုပြုစေခြင်း၄ါတတ်နိုင်ပါအံ့လောဟူ၍ကြံတော်မူ၏။ ထိုအကြံတော်ကို မာရ်နတ်မင်းသည်သိ၍ ရဟန်းဂေါတမသည်မင်း၏အဖြစ်ကိုပြုခြင်း၄ါတတ်နိုင်ပါအံ့လောဟုကြံ၏။ ဖယခုအခါရဟန်းဂေါတမသည် မင်းပြုလိုတော့သည်ဖြစ်လတ္တံ့။ ဤအဖြစ်သည်လည်း မေ့လျော့ခြင်း၏ အကြောင်းတည်း။ ထိုရဟန်း ဂေါတမသည် ခင်းအဖြစ်ကိုပြုသည်ရှိသော် အခွင့်ကိုရခြင်း၄ါတတ်ကောင်း၏။ငါသွားအံ့။ အားထုတ်ခြင်းကိုဖြစ်စေအံ့ဟု ကြံ၍ မြတ်စွာဘုရားသို့ ကပ်လာ၍ ဤသို့နားတော်လျှောက်၏။ ဘုန်းတော်ကြီးသောအရှင်ဘုရား၊ရှင်ပင်ဘုရားသည် မင်းအဖြစ်ကို ပြုတော်မူပါဦး။ လာခြင်းကောင်းသော မြတ်စွာဘုရားသည်

www.dhammaransi.com



မင်းအဖြစ်ကို ပြုတော်မူပါဦး။ မသတ်အပ်သော သူကို မသတ်စေဘဲ။ မအောင်အပ်သောသူကို မအောင်စေဘဲ။ မစိုးရိမ်အပ်သောသူကို မစိုးရိမ်စေဘဲ။တရားသဖြင့်မင်းအဖြစ်ကိုပြုတော်မူပါဦးဟု နားတော်လျှောက်၏။ထိုအခါ မြတ်စွာဘုရားသည် ထိုမာရ်နတ်ကို ယုတ်မာသောအလိုရှိသောမာရ်နတ်။ သင်သည် ငါ့အား အဘယ်အကြောင်းကိုမြင်သနည်း။ အဘယ်အကြောင်းကြောင့် သင်သည် ငါ့ကို ဤသို့သောစကားကိုဆိုသနည်းဟု မေးတော်မူသော်။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားအား ဣဒ္ဓိပါဒ်လေးပါးတို့ကို ကောင်းစွာပွါးစေအပ်ပြီ။ ရှင်ပင်ဘုရားသည် အလိုတော်ရှိ၍ ဟိမဝန္တာ တောင်မင်းသည် ရွှေဖြစ်စေသတည်းဟုလုံးသွင်းအံ့။ အချင်းယူဇနာသုံးထောင်၊ အစောက်ယူဇနာငါးရာမြင့်သော ထိုဟိမဝန္တာတောင်သည်။ စိတ္တကုဋ်၊ သုဒဿန၊ ဂန္ဓမာဒနအစရှိကုန်သော ရှစ်သောင်းလေးထောင်ကုန်သောအထွတ်တို့နှင့်တကွ ပင်ရွှေဖြစ်ပါလိမ့်မည်။အကျွန်ုပ်သည်လည်း ရှင်ပင်ဘုရားအား ဥစ္စာဖြင့်ပြုဘွယ်ကိစ္စရှိတော်မူလျှင် ဖံကျွေးခံပါမည်။ ဤသို့အကျွန်ုပ်ပြုပါလျှင် အရှင်ဘုရားသည် တရားနှင့်ညီသဖြင့် မင်း၏ အဖြစ်ကို ပြုတော်မူရပါတော့မည်ဟု လျှောက်၏။ ထိုသို့လျှောက်သော့ကြောင့် မြတ်စွာဘုရားသည်ဤသို့မိန့်၏။ ။ပဗ္ဗတဿ သုဝဏ္ဏဿ၊ဇာတရူပဿ ကေဝလာ။ ဒွိတ္တာဝ နာလမေကဿ၊ဣတိ ဝိဒွါ သမဉ္စရေ။ ။ယောဒုက္ခမဒ္ဒက္ခိ ယတောနိဒါနံ၊ကာမေသု သောဇန္တု ကထံ နမေယျ။ဥပဓိံ ဝိဒိတွာ သင်္ဂါတိ လောကေ၊တဿေဝ ဇန္တု ဝိနယာယ သိက္ခေ။ ။မာရ၊ မာရ်နတ်။ ပဗ္ဗတဿ၊ဟိမဝန္တာတောင်မင်း၏။ ကေဝလာ၊အလုံးစုံသည်။ သုဝဏ္ဏံ၊ ရွှေသည်။အဿ၊ဖြစ်ရာ၏။ ဇာတရူပံ၊ငွေသည်။အဿ၊၏၊ ဒွိတ္တာဝ၊သုခ ဒုက္ခနှစ်ပါး အတ္ထိရှိသည်သာတည်း။ ဧကဿ၊ ဒုက္ခမဘက်၊ သက်သက်သုခဖြစ်ခြင်းငှါ။ နာလံ၊မစွမ်းနိုင်။ ဣတိ၊သို့။ ဝိဒွါ၊ပညာရှိသည်။ သမဉ္စရေ၊မှတ်ရာ၏။ ။မာရ၊ မာရ်နတ်။ယောဇန္တု၊အကြင်သတ္တဝါသည်။ ဒုက္ခံ၊ဆင်းရဲသည်။ ယတောနိဒါနံ၊ အကြင်ကာမကြောင့်ဖြစ်၏။ ဣတိ၊ ဤသို့။ အဒ္ဒက္ခိ၊မြင်၏၊ သောဇန္တု၊ သည်၊ ကာမေသု၊ ကာမဂုဏ်တို့၌။ ကထံ၊အဘယ်ကြောင့်။ နမေယျ၊ညွတ်ရာအံ့နည်း။ ယဿ၊အား။ လောကေ၊လောက၌။ဥပဓိံ၊ကို၊ဝိဒိတွာ၊သိ၍ သင်္ဂါတိ၊ငြိ၏၊ တဿေဝ ဇန္တု၊

www.dhammaransi.com



ထိုသတ္တဝါအားသာလျှင်။ ဝိနယာယ၊ ဆောင်ခြင်းငှါ။ မာရော၊ မာရ်နတ်သည်။ သိက္ခေ၊ ကျင့်ဖူ၏။ ။

ဤဂါထာတို့ဖြင့် မာရ်နတ်ကို ထိတ်လန့်စေ၍ ယုတ်မာသောအလိုရှိသောမာရ်နတ်၊ သင်၏အဆုံးအမသည်တပါးသာလျှင်တည်း။ ငါ၏အလိုသည်လည်း တပါးတည်း။ ငါ့အား သင်နှင့်တကွ တရားစကား နှီးနှော တိုင်ပင်ခြင်းမည်သည်မရှိ။ ငါသည် ဤသို့ဆိုလတ္တံ့သောနည်းဖြင့်ဆုံးမတော်မူ၏ဟုမိန့်၍။ ။အတ္ထမှိ ဇာတမှိ သုခါ သဟာယာ၊ တုဋ္ဌီ သုခါ ယာ ဣတရီတရေန။ ပုညံ သုခံ ဇီဝိတသင်္ခယမှိ၊ သဗ္ဗဿ ဒုက္ခဿ သုခံ ပဟာနံ။ ။သုခါ မတ္တေယျတာ လောကေ၊ အထော ပေတ္တေယျတာ သုခါ။ သုခါ သာမညတာ လောကေ၊ အထော ဗြဟ္မညတာ သုခါ။ ။သုခံ ယာဝ ဇရာ သီလံ၊ သုခါ သဒ္ဓါ ပတိဋ္ဌိတာ။ သုခေါ ပညာယ ပဋိလာဘော၊ ပါပါနံ အကရဏံ သုခံ။ ။ဟူ၍ဟောတော်မူ၏။ ။အတ္ထမှိ၊ အမှုကိစ္စသည်။ ဇာတမှိ၊ ဖြစ်သည်ရှိသော်။ သဟာယာ၊ အဆွေခင်ပွန်းရှိခြင်းသည်။ သုခါ၊ ချမ်းသာ၏။ ဣတရီတရေန၊ ရရသမျှသောပစ္စည်းဖြင့်။ ယာတုဋ္ဌီ၊ အကြင်ရောင့်ရဲလွယ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ သာတုဋ္ဌီ၊ သည်။ သုခါ၊ ချမ်းသာ၏။ ဇီဝိတသင်္ခယမှိ၊ အသက်ကုန်သောကာလ၌။ ပုညံ၊ ကောင်းမှုရှိသောသူသည်။ သုခံ၊ ချမ်းသာ၏။ သဗ္ဗဿ၊ အလုံးစုံသော။ ဒုက္ခဿ၊ ဆင်းရဲကို။ ပဟာနံ၊ ပယ်ခြင်းသည်။ သုခံ၊ ချမ်းသာ၏။ ။လောကေ၊ ၌။ မတ္တေယျတာ၊ အမိကိုကျွေးမွေးသော အဖြစ်သည်။ သုခါ၊ ချမ်းသာ၏။ အထော၊ ထိုမှတပါး။ ပေတ္တေယျတာ၊ အဘကို လုပ်ကျွေးမွေးခြင်းသည်။ သုခါ၊ ချမ်းသာ၏။ လောကေ၊ လူ၌။ သာမညတာ၊ ရဟန်း၏အဖြစ်သည်။ သုခါ၊ ချမ်းသာ၏။ အထော၊ ထိုမှတပါး။ ဗြဟ္မညတာ၊ မြတ်သောတရားကိုသိရသောအဖြစ်သည်။ သုခါ၊ ၏။ ။ယာဝဇရာ၊ အိုသည်တိုင်အောင်။ သီလံ၊ သီလသည်။ သုခံ၊ ချမ်းသာ၏။ သဒ္ဓါပတိဋ္ဌိတာ၊ သဒ္ဓါတရား၌ တည်ခြင်းသည်။ သုခါ၊ ၏။ ပညာယ၊ မဂ်ဉာဏ်ကို။ ပဋိလာဘော၊ ရခြင်းသည်။ သုခေါ၊ ချမ်းသာ၏။ ပါပါနံ၊ မကောင်းမှုတို့ကို။ အကရဏံ၊ မပြုခြင်းသည်။ သုခံ၊ ချမ်းသာ၏။ ။ဒေသနာတော်အဆုံး၌ အကုဋေမက များစွာသော နတ်တို့သည် အကျွတ်တရားရလေကုန်၏၊ မာရ်နတ်သည်လည်း ထိုအရပ်၌ကွယ်လေ၏။ ။

## ၃၀။ ပေါက္ခရသာတိပုဏ္ဏားသည် တပည့်အမ္ဗဋ္ဌလုလင်ကိုစေလွှတ်၍မြတ်စွာဘုရား၏ လက္ခဏာတော်တို့ကိုစုံစမ်းစေကြောင်း။

မြတ်စွာဘုရားသည်ဒေသစာရီကြွတော်မူသဖြင့်။ကောသလတိုင်း၌ ဣစ္ဆာနင်္ဂလအမည်ရှိသော ပုဏ္ဏားရွာသို့ ရောက်တော်မူ၍၊ ဣစ္ဆာနင်္ဂလ တောအုပ်၌ ငါးရာသော ရဟန်းတို့နှင့်တကွ နေတော်မူ၏။ ထိုအခါ၌ ပေါက္ခရသာတိပုဏ္ဏားသည် ပသေနဒီကောသလ မင်းကြီးသည် ပိုင်စားပေးအပ်သော၊ များသော မြက်ထင်းရေရှိသော၊ များသောစပါးရှိသောဥက္ကဋ္ဌမြို့၌နေ၏။ ထိုပေါက္ခရသာတိပုဏ္ဏားသည်၊အချင်းတို့၊သာကီဝင်မင်းသားဖြစ်သော ရဟန်းဂေါတမသည် ငါးရာသောရဟန်းတို့ဖြင့် ခြံရံလျက် ဒေသစာရီလှည့်သည်ရှိသော် ဣစ္ဆာနင်္ဂလပုဏ္ဏားရွာသို့ ရောက်၍၊ ဣစ္ဆာနင်္ဂလတောအုပ်၌နေသတတ်။ ထိုအရှင်ဂေါတမအား၊ ဣတိပိသောဘဂဝါအရဟံ၊အစရှိသောဂုဏ်တော်ကိုးပါးဖြင့် ကောင်းသောကျော်စောသံသည်နှံ့၍တက်၏။ ထိုအရှင်ဂေါတမသည် နတ်နှင့်တကွ မာရ်နှင့်တကွ ဗြဟ္မာနှင့်တကွ ရဟန်းပုဏ္ဏားနှင့်တကွ ဖြစ်သော ဤလောကကို မိမိအလိုလိုသိ၍ မျက်မှောက်ပြု၍ကြား၏။ အစအလယ်အဆုံး ကောင်းခြင်းသုံးပါးနှင့်ပြည့်စုံသော အနက်သဒ္ဒါနှင့်ပြည့်စုံသော တရားကိုဟော၏။ ခရုသင်းပွတ်သစ်ကဲ့သို့ စင်ကြယ်သော မြတ်သော အကျင့်ကိုထင်ရှားပြု၏။ ထိုသို့သဘောရှိသောရဟန္တာတို့အား ဖူးမြင်ရခြင်းသည်ကောင်းသည်သာလျှင်တည်းဟုကြား၏။ထိုအခါ၌ ပေါက္ခရသာတိပုဏ္ဏားအား အမ္ဗဋ္ဌ အမည်ရှိသော တပည့်လုလင်သည် ရှိ၏။ ဗေဒင်သုံးပုံကိုတတ်၏။ အဘိဓာန်ကျမ်း၊အလင်္ကာကျမ်း၊လောကီသဒ္ဒါကျမ်းနှင့်ငါးကွဖြစ်ကုန်သော ဣတိဟာသကျမ်း၊ဝေယျာကရဏကျမ်းတို့ကိုတတ်၏။ လောကာယတကျမ်း၊ မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့တတ်၏။ မိမိဆရာဥစ္စာဖြစ်သော ဝိဇ္ဇာသုံးပါးဟုဆိုအပ်သောဗေဒင်စကား၌ အကြင်မျှလောက်ကို ငါသိ၏။ ထိုမျှကိုသင်သိ၏။ အကြင်မျှလောက်ကို သင်သိ၏။ ထိုမျှကိုငါသိ၏ဟု၊ ဆရာနှင့် အလှည့်အလည်ခွင့်ပေးဝန်ခံ၏။ ထိုအခါ ပေါက္ခရသာတိပုဏ္ဏားသည်။ အမ္ဗဋ္ဌလုလင်ကို ချစ်သားအမ္ဗဋ္ဌ၊ သာကီဝင်မင်းမျိုးမှရဟန်းပြုသော သာကီ

www.dhammaransi.com



ဝင်မင်း၏သားဖြစ်သော ရဟန်းဂေါတမသည် ကောသလတိုင်း၌ ဒေသစာရီသွားသော် ဣစ္ဆာနင်္ဂလရွာသို့ရောက်၍၊ ငါးရာသော ရဟန်းတို့နှင့်တကွ ဣစ္ဆာနင်္ဂလတောအုပ်၌နေ၏။ ထိုရဟန်းဂေါတမအား ဤသို့သော အကြောင်းကြောင့် ထိုဘုရားသည် အရဟံမည်၏-အစရှိသော ဂုဏ်တော်ကိုးပါးဖြင့် ကောင်းသော ကျော်စောသံသည် နှံ့၍တက်၏။ ထိုရဟန်းဂေါတမသည် နတ်ပြဟ္မာ ရဟန်းပုဏ္ဏားနှင့်တကွ ဖြစ်သော ဤလူကို မိမိကိုယ်တိုင်မျက်မှောက်ပြု၍သိသဖြင့်ကြား၏။ ကောင်းခြင်းသုံးပါးနှင့်ပြည့်စုံသောတရားကိုဟော၏။ မြတ်သောအကျင့်ကိုထင်ရှားပြ၏။ ထိုသို့သဘောရှိသောရဟန္တာတို့ကိုဖူးမြင်ရခြင်းသည် ကောင်း၏ ဟုကြား၏။ ချစ်သားအမ္ဗဋ္ဌ၊ သင်သည် အကြင်အရပ်၌ ရဟန်းဂေါတမသည်ရှိ၏။ထိုအရပ်သို့ကပ်လေ၍ ရဟန်းဂေါတမကို သိအောင်ပြုချေ။ ထိုအရှင်ဂေါတမအား အကယ်၍တည်းထိုသို့သောကျေးဇူးသည်ထင်ရှားဖြစ်၍ ကျော်စောသလော။ အကယ်၍ ထိုသို့သော ကျေးဇူးသည် ထင်ရှားမရှိဘဲလျက် ကျော်စောသလော။ အကယ်၍ထိုအရှင်ဂေါတမသည် ကျော်စောတိုင်း မှန်သောသဘောရှိသလော။ အကယ်၍တည်း ကျော်စောတိုင်း မမှန်သောသဘောရှိသလော။အကြင်အခြင်းဖြင့် ငါတို့သည် အရှင်ဂေါတမကိုသိရာ၏။ထိုအခြင်းဖြင့် သင်သိချေဟုဆို၏။ ဒိုဆရာ၊ အဘယ်ကဲ့သို့သောအပြားဖြင့် အကျွန်ုပ်သည် ထိုအရှင်ဂေါတမကို အကယ်၍တည်း ထိုအရှင်ဂေါတမအားထိုအရဟံအစရှိသော ဂုဏ်သည် ထင်ရှားရှိသဖြင့်လျှင်ကျော်စော၏။ အကယ်၍တည်း ထင်ရှားမရှိဘဲလျက်ကျော်စော၏။အကယ်၍တည်းထိုအရှင်ဂေါတမသည် ကျော်စောတိုင်းမှန်သောသဘောရှိ၏။ အကယ်၍ ကျော်စောတိုင်းမှန်သောသဘောမရှိဟူ၍ သိပါရအံ့နည်းဟု အမ္ဗဋ္ဌလုလင် မေးပြန်သော်။ ချစ်သားအမ္ဗဋ္ဌ၊ငါတို့၏ဗေဒင်ကျမ်းတို့၌သုံးဆဲ့နှစ်ပါးသောမဟာပုရိသလက္ခဏာတို့သည် လာကုန်၏။ အကြင်လက္ခဏာတို့နှင့် ပြည့်စုံသော ယောက်ျားမြတ်အားနှစ်ပါးသောအလားတို့သည်သာဖြစ်ကုန်၏။တပါးသောအပြားမရှိကုန်။ အကယ်၍အိမ်၌နေအံ့ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော လေးကျွန်းကိုအစိုးရသော တရားနှင့်ယှဉ်သော စကြဝတေးမင်းဖြစ်၏။အကယ်၍အိမ်မှထွက်၍ကျောင်း၌ရဟန်းပြုအံ့၊ဝဋ်ပြတ်ပြီးသော သစ္စာလေးပါးကို ကိုယ်တိုင်သိသောဘုရားဖြစ်၏။ ချစ်သားအမ္ဗဋ္ဌ၊ ငါ

www.dhammaransi.com



သည် ဗေဒင်တို့ကိုပေးအပ်ပြီ။ သင်သည် ဗေဒင်တို့ကိုခံအပ်ပြီ။ ဤသို့ ပေါက္ခရသာတိပုဏ္ဏားဆိုသော်၊ ဆရာကောင်းပြီဟုအမ္ဗဋ္ဌလုလင်သည် ပေါက္ခရသာတိပုဏ္ဏားအားဝန်ခံ၍ နေရာမှထ၍ ဆရာကိုရှိခိုး၍လကျ်ာ ရစ်လှည့်၍ မြည်းကသောရထားကို စီး၍ များစွာသော ပုဏ္ဏားလုလင် တို့နှင့်တကွ အကြင်အရပ်၌ဣစ္ဆာနင်္ဂလတောရှိ၏။ ထိုအရပ်သို့သွား၍။ ယာဉ်ဖြင့်သွားကောင်းသော အရပ်လွန်လျှင် ယာဉ်မှသက်၍ ခြေလျင် သာလျှင်အရံတွင်းသို့ဝင်လေ၏။ ထိုအခါ များစွာသောရဟန်းတို့သည် လွင်တီးခေါင်၌ စင်္ကြံသွားကုန်၏။ အမ္ဗဋ္ဌလုလင်သည် ထိုရဟန်းတို့သို့ ကပ်လာ၍။ အရှင်ဘုရားတို့၊ ယခုအခါ၌ ထိုအရှင်ဂေါတမသည်အဘယ် အရပ်၌နေတော်မူသနည်း။ ထိုအရှင်ဂေါတမကိုဖူးမြင်ခြင်းငှါ အကျွန်ုပ် တို့သည် ဤအရပ်သို့ကပ်လာကုန်၏ဟုဆို၏။ ထိုသို့ဆိုသော် ထိုရဟန်း တို့အား ဤအမ္ဗဋ္ဌလုလင်သည် ကျော်စောထင်ရှားသောအမျိုး၌ဖြစ်၏။ ကျော်စောထင်ရှားသော ပေါက္ခရသာတိပုဏ္ဏား၏တပည့်တည်း။ စင်စစ်လျှင် မြတ်စွာဘုရားအား အမ္ဗဋ္ဌလုလင်နှင့်တကွ စကားပြောဟော ခြင်းသည်ဖြစ်ရာ၏ဟု အကြံဖြစ်၍။ အမ္ဗဋ္ဌကို ဤသို့ဆိုကုန်၏။ အမ္ဗဋ္ဌ၊ ထိုပိတ်သောတံခါးရှိသောကျောင်း၌ ဘုရားနေတော်မူ၏။ ထိုကျောင်း သို့သွား၍ ဖြည်းညှင်းသာယာစွာကျောင်းဦးသို့ဝင်၍ ချောင်းဟန့်၍တံခါး ကိုခေါက်လော့။ သင့်အား ဘုရားမြတ်စွာသည် တံခါးကိုဖွင့်လတ္တံ့ဟု ဆိုကုန်၏။ အမ္ဗဋ္ဌလုလင်သည် ထိုရဟန်းတို့ဆိုတိုင်းပြုလေ၏။ မြတ်စွာ ဘုရားတံခါးကို ဖွင့်တော်မူ၏။ အမ္ဗဋ္ဌလုလင်သည် ပုဏ္ဏားလုလင်ငယ် တို့နှင့်တကွဝင်၍ မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ စကားပြော ဟောပြီးသော် တင့်အပ်သော အရပ်၌ နေကုန်၏။ အမ္ဗဋ္ဌလုလင်သည် စင်္ကြံသွားလျက် ထိုင်၍နေတော်မူသော ဘုရားနှင့် စကားဘက်၍ပြော ၏။ ရပ်လျက်လည်း ထိုင်၍နေသောဘုရားနှင့် စိုးစဉ်းစိုးစဉ်းသောစကား ကိုပြော၏။ ထိုအခါ မြတ်စွာဘုရားသည် အမ္ဗဋ္ဌကို ဤသို့မိန့်၏။ ဤသို့ လောအမ္ဗဋ္ဌ၊ သင်တို့၏ပုဏ္ဏားမျိုး၌ အရွယ်ကြီးကုန်သော အသက်ကြီး ကုန်သော ဆရာတို့နှင့်ရင်း။ ဆရာ၏ဆရာတို့နှင့်ရင်း တကွစကားပြော ခြင်းသည် ယခုအခါ သင်သွားလျက်ရပ်လျက် ထိုင်သောငါနှင့် စိုးစဉ်း သော စကားကို ပြောဆိုသကဲ့သို့ ဖြစ်သလောဟု မေးတော်မူသော်၊ ဤသို့ ပြောဆိုခြင်းသည် မဖြစ်စဖူး အရှင်ဂေါတမ။ သွားသောပုဏ္ဏား

သည် သွားသောပုဏ္ဏားနှင့်။ ရပ်သောပုဏ္ဏားသည် ရပ်သောပုဏ္ဏားနှင့်။ ထိုင်သော ပုဏ္ဏားသည် ထိုင်သောပုဏ္ဏားနှင့်။ အိပ်သော ပုဏ္ဏားသည် အိပ်သော ပုဏ္ဏားနှင့်သာ တကွပြောဆိုခြင်းငှါ ရအပ်၏ဟူ၍ ဆိုသော်။ အမ္ဗဋ္ဌ၊ သွားသောတပည့်သည် သွားသောဆရာနှင့်။ ရပ်သောတပည့်သည် ရပ်သောဆရာနှင့်။ ထိုင်သောတပည့်သည် ထိုင်သောဆရာနှင့် ပြောဟောခြင်းကိုရအပ်၏။ အိပ်သောတပည့်သည် အိပ်သောဆရာနှင့် ပြောဟောရ၏-သင်ဆိုခြင်းသည် အသို့နည်း၊ သင်၏ဆရာသည် နွားကဲ့သို့သဘောရှိသလော။ ထိုသို့မဟုတ် သင်သည်သာ နွားကဲ့သို့ သဘောရှိသလောဟု ဘုရား မေးတော်မူသဖြင့်။ အမ္ဗဋ္ဌသည် အမျက်ထွက်၍။ အရှင်ဂေါတမ၊ အကြင်သူတို့သည်ဦးခေါင်းပြည်းကုန်၏။ ရဟန်းယောင်ဖြစ်ကုန်၏။ ကဲ့ရဲ့အပ်ကုန်၏။ မည်းသောသဘောရှိကုန်၏။ ဗြဟ္မာမင်း၏ခြေဖဝါးမှ ဘွားကုန်၏။ ထိုသူတို့နှင့် တကွ စကားပြောသည်ရှိသော် ယခုအခါ အရှင်ဂေါတမနှင့် ငါသည် ပြောဆိုသကဲ့သို့ ပြောဆိုရ၏-ဟူ၍ဆို၏။ ဤစကားကို အမ္ဗဋ္ဌသည် မြတ်စွာဘုရားကိုရည်၍ဆို၏။ ။

ထိုအခါ မြတ်စွာဘုရားသည် ဤအမ္ဗဋ္ဌသည် လာသောအခါမှစ၍ ငါနှင့် စကားပြောသည်ရှိသော်မာနကိုသာမှီ၏။ အဆိပ်ထန်သောမြွေဟောက်ကိုလည်၌ကိုင်ဘိသကဲ့သို့။ မီးပုံကြီးကိုလက်ဖြင့်ပိုက်လိုသကဲ့သို့။ အမြန်ယစ်သောဆင်ပြောင်၏ လက်ရင်း၌နေ၍ နှာမောင်း၌ သုံးသပ်သကဲ့သို့ မိမိ၏ပမာဏကိုမသိ ပြောဆိုဘိ၏။ ငါသည် မိမိအတိုင်းအရှည်ကိုသိစေအံ့ဟုကြံတော်မူ၍။ အမ္ဗဋ္ဌ၊ သင်သည် အကြင်အလိုဖြင့်ငါ၏အထံသို့လာ၏။ ထိုအလိုကိုသာ နှလုံးသွင်းလော့။ သင့်ကို ဆရာသည် တစုံတခုသောအလိုဖြင့် ငါ၏အထံသို့စေအပ်၏။ ငါ့ကို နှိပ်စက်စေခြင်းငှါမစေ။ ထို့ကြောင့် ထိုအလိုကိုနှလုံးသွင်းလော့ဟု မိန့်တော်မူပြီးသော်။ အမ္ဗဋ္ဌ၏မာနကိုနှိမ်လိုသဖြင့်၊ အမ္ဗဋ္ဌ၊ သင်သည် ဆရာ၏အိမ်၌မနေဘူးဘဲ။ အတတ်မတတ်ဘဲ။ အကြားအမြင်မရှိဘဲ။ ငါ ဆရာ့အိမ်၌နေဘူး၏။ အတတ်တတ်၏။ အကြားအမြင်များ၏ဟု အောက်မေ့ဘိ၏။ ဆရာ၏အထံ၌မကြီးသော။ အတတ်ပညာမရှိသောသူတို့သည်သာ ဤသို့ ကြမ်းထမ်းသောစကားကိုဆိုကုန်၏ဟုမိန့်တော်မူသော်။ အမ္ဗဋ္ဌသည် အမျက်ထွက်ပြန်၍။ မြတ်စွာဘုရားကို ရှုတ်ချနှိပ်စက်ငွပ်စွဲလို၍ မြတ်စွာဘုရား၏အနီးသို့ ဆောင်လျက်။ ရဟန်းဂေါတမ၊ သင်သာယုတ်သည် ဖြစ်လတ္တံ့ဟုကြံ၍။ အရှင်

www.dhammaransi.com



ဂေါတမ၊သာကီဝင်မင်းမျိုးသည်ကြမ်းထမ်း၏။ ရုန့်ရင်း၏။ ဗုံးတောင်းကဲ့သို့ပေါ့၏။ စကားများ၏။ ကဲ့ရဲ့အပ်ကုန်၏၊ ပုဏ္ဏားတို့ကိုအရိုအသေ အလေးအမြတ်မပြုကုန်။ မပူဇော်ကုန်။ ဤသို့ပုဏ္ဏားတို့ကို အရိုအသေ အလေးအမြတ်မပြုခြင်းသည်မလျောက်ပတ်။ဤသို့လျှင်အမ္ဗဋ္ဌသည်သာကီဝင်မင်းမျိုးတို့၌ရှေးဦးစွာကဲ့ရဲ့အပ်သောအဖြစ်ကိုရောက်စေ၏။ ။ အသို့နည်းအမ္ဗဋ္ဌ၊ သာကီဝင်မင်းမျိုးတို့သည် အဘယ်သို့သင့်ကိုပြုကုန်သနည်းမိန့်တော်မူသော်။ ရှင်ဂေါတမ၊တရံရောအခါ၌ ငါသည် ဆရာပေါက္ခရသာတိ၏အမှုကြောင့် ကပိလဝတ်ပြည်သို့သွား၍။ သာကီဝင်မင်းမျိုးတို့စည်းဝေးရာ မင်းကွန်းသို့ကပ်ချဉ်း၏။ ထိုအခါ များစွာသောသာကီဝင်မင်းတို့သည်၎င်း၊ မင်းသားငယ်တို့သည်၎င်း မင်းကွန်းနေရာ၌ မြင့်သောနေရာတို့၌ နေကုန်၏။ အချင်းချင်း ဆိုပြောကြကုန်သဖြင့် လက်ချပ်လက်ဝါးတီး၍ ပြင်းစွာရယ်ကုန်၏။ မြူးတူးကြကုန်၏၊ စင်စစ်သော်ကား ငါ့ကိုပင် ရယ်သွမ်းသွေးကြသည်ထင်၏။ တစုံတယောက်သောသူသည်မျှ နေရာဖြင့် မဘိတ်မန်ပါ။ အရှင်ဂေါတမ၊ ထိုသို့ပြုကြခြင်းသည်မလျောက်ပတ်။ဤသာကီဝင်မင်းမျိုးတို့သည် ကဲ့ရဲ့အပ်သောအမျိုးဖြစ်လျက် ပုဏ္ဏားတို့ကို အရိုအသေ အလေးအမြတ်မပြုကုန်။ မပူဇော်ကုန်။ ဤသို့ပြုခြင်းသည် မလျောက်ပတ်ဟု နှစ်ကြိမ်မြောက် သာကီဝင်မင်းမျိုးတို့၌ အလွန်ကဲ့ရဲ့အပ်သောအဖြစ်ကို အမ္ဗဋ္ဌသည်ရောက်စေ၏။ ။အမ္ဗဋ္ဌ၊ နှံစုတ်ငှက်ငယ်သည်မျှလည်း မိမိ၏အသိုက်၌အလိုအတိုင်းနေလေ၏။ဤကပိလဝတ်ပြည်သည် သာကီဝင်မင်းတို့အားမိမိနေရာပြည် ဖြစ်ပလေသည်။ ဤအနည်းငယ်မျှသော မေ့လျော့ခြင်းဖြင့် အမ္ဗဋ္ဌသည် ရန်ငြိုးဖွဲ့ခြင်းငှါမထိုက်ဟုဘုရားမိန့်တော်မူသော်။ အရှင်ဂေါတမ၊ မင်းမျိုး၊ပုဏ္ဏားမျိုး၊ကုန်သည်မျိုး၊သူဆင်းရဲမျိုးဟူ၍ လေးပါးတို့တွင် သုံးပါးသောအမျိုးတို့သည် ပုဏ္ဏား၏ခြေရင်း အလုပ်အကျွေးသာလျှင် ဖြစ်ကုန်၏။ အရှင်ဂေါတမ၊ ဤသာကီဝင်မင်းတို့သည် ကဲ့ရဲ့စက်ဆုပ်အပ်သောအမျိုးဖြစ်လျက် ပုဏ္ဏားတို့ကို အရိုအသေ အလေးအမြတ်မပြု၊ မပူဇော်ကုန်၊ မကျိုးနွံကုန်။ ဤသို့ဖြစ်ခြင်းသည် မလျောက်ပတ်ဟူ၍ သုံးကြိမ်မြောက်အမ္ဗဋ္ဌလုလင်သည် သာကီဝင်မင်းတို့၌ ကဲ့ရဲ့စက်ဆုပ်အပ်သောအမျိုး၏အဖြစ်သို့ရောက်စေ၏။ ။ထိုအခါဤအမ္ဗဋ္ဌသည် အလွန်ပြင်းစွာ ဇာတ္တာဝါဒဖြင့် သာကီဝင်မင်းတို့အား ရှောက်စေ

www.dhammaransi.com



၏။ စင်စစ်သော်ကား ငါသည် အမ္ဗဋ္ဌ၏အနွယ်ကို မေးအံ့ဟု မြတ်စွာဘုရားအား အကြံတော်ဖြစ်၍။ အမ္ဗဋ္ဌ၊ သင်သည် အဘယ်အနွယ်ဖြစ်သနည်းဟု မေးတော်မူ၍။ အရှင်ဂေါတမ၊ငါသည် ကဏှာယနအနွယ်ဖြစ်၏ဟုလျှောက်သော်။ အမ္ဗဋ္ဌ၊ သင်၏အမိအဘဖြစ်သော ရှေးအနွယ်ကို ငါအောက်မေ့သော် သာကီဝင်မင်းတို့သည် သင်၏သခင်ဖြစ်ခဲ့၏။ သင်သည်ကား သာကီဝင်မင်းတို့၏ ကျွန်မသားဖြစ်ခဲ့၏။အမ္ဗဋ္ဌ၊ထိုသာကီဝင်မင်းတို့သည် ဥက္ကာကရာဇ်မင်းကြီးကို အဘိုး ဟူ၍ ဆိုခြင်း၌ ထိုက်ကုန်၏။ ဖြစ်ဘူးလေသည်ကား။ အမ္ဗဋ္ဌ၊ ဥက္ကာကရာဇ်မင်းသည် မိဘုရားကြီးသေလွန်သည်ဖြစ်၍ မြှောက်ထားအပ်သော မိဘုရားငယ်ကိုချစ်လေးမြတ်သဖြင့် ထိုမိဘုရား၏ဇာနည်သောသားအားပြည်ကို ပေးလိုသည်ဖြစ်၍ အထက်မိဘုရားကြီး၏သား ဥက္ကာမုခ၊ ကရကဏ္ဍက၊ ဟတ္ထိနိက၊ သိနိသူရ။ ဤသားကြီးလေးယောက်တို့ကို တိုင်းမှနှင်ထုတ်သည်ဖြစ်၍၊ ဟိမဝန္တာတောနံပါး၊ လေးထောင့်ရေကန်၏ အနား၌ အင်ကြင်းတောရှိ၏။ ထိုဟော၌ နေခြင်းကိုပြုလေကုန်၏။ ထိုမင်းသားလေးယောက်တို့သည် အမျိုးပျက်အံ့သည်ကိုကြောက်သောကြောင့်။ မိမိတို့၏နှမငယ်တို့နှင့် အိမ်ရာထောင်ခြင်းကိုပြုလေကုန်၏။ ထိုအခါ၌ အမ္ဗဋ္ဌ၊ ဥက္ကာကရာဇ်မင်းကြီးသည် အမတ်တို့ကိုခေါ်၍။ အမတ်တို့၊ ယခုအခါ မင်းသားတို့သည် အဘယ်အရပ်၌ နေလေကုန်သနည်းဟု မေးသော်။ အရှင်မင်းကြီး၊ ဟိမဝန္တာတော၊ ရေကန်နား အင်ကြင်းတော၌ ပြည်တည်ထောင်၍ နေကြကုန်၏။ ထိုမင်းသားတို့သည် အမျိုးပျက်အံ့သည်ကိုကြောက်သောကြောင့်နှမတို့နှင့်အိမ်ရာထောင်ကြကုန်၏ဟုလျှောက်၏၊ ထိုအခါ အမ္ဗဋ္ဌ၊ဥက္ကာကရာဇ်မင်းကြီးသည်၊သကျာဝတ ဘော ကုမာရာ၊ပရမသကျာဝတ ဘောကုမာရာ၊ဟူ၍ ဝမ်းမြောက်သောစကားကိုမြွက်၏၊ အမ္ဗဋ္ဌ၊ ထိုမင်းသားညီနောင် မောင်နှမ ရှစ်ယောက်တို့ကို အစပြု၍ သာကီဝင်မင်းမျိုးဟူ၍ ထင်ရှားဖြစ်ကုန်၏။ ထိုဥက္ကာကရာဇ် မင်းကြီးသည် သာကီဝင်မင်းမျိုးတို့၏ ရှေးဦးစွာဖြစ်သော ယောကျ်ားတည်း။ အမ္ဗဋ္ဌ၊ဥက္ကာကရာဇ်မင်းကြီးအား ဒိသာအမည်ရှိသော ကျွန်မသည်ဖြစ်၏။ ထိုကျွန်မသည် ကဏှ အမည်ရှိသော သားကို ဘွား၏။ ကဏှသည် အမိဝမ်းတွင်းကပင် သွားပေါက်၏။ မုဆိတ်ဆံပင်ပေါက်၏။ အမိ၊ငါ့ကိုမွေးကျွေးပါကုန်။ ငါ့ကိုရေချိုးပါကုန်။ ဤမစင်မှ ငါ့ကို

www.dhammaransi.com



လွတ်ပါစေကုန်။ သင်အမိ၏အကျိုးငှါငါသည်ဖြစ်ပါလတ္တံ့ဟူ၍ ဘွားစ ဥ္စပင်စကားကိုဆို၏။ ဥပမာကား။ အမ္ဗဋ္ဌ၊ ယခုအခါ၌ မြေဘုတ်ဘီလူးကို လူတို့မြင်လျှင် မြေဘုတ်ဘီလူးဟု သိကုန်သကဲ့သို့။ ထိုအတူ ထိုအခါ၌ ကဏှကိုလည်း လူတို့သည် မြေဘုတ်ဘီလူးမှတ်ကုန်၏၊ ထိုလူတို့သည် ဤသို့ဆိုကုန်၏။ ဤငနက်သည် ဘွားလျှင်ပင် စကားကိုဆို၏။ ငနက်သည် မြေဘုတ်ဘီလူးဖြစ်၏ဟူ၍ဆိုကုန်၏။ အမ္ဗဋ္ဌ၊ ဤငနက်ကိုအစပြု၍ ကဏှာယနအမျိုးဟူ၍ထင်ရှားဖြစ်၏။ ထိုငနက်သည် ကဏှာယနအမျိုးတို့တွင် ရှေးဦးစွာအစဖြစ်သောယောကျ်ားတည်း။ ဤသို့လျှင် အမ္ဗဋ္ဌ၊ သင်၏ရှေးမှဖြစ်သောအမိအဘမှဖြစ်သောအမည်အနွယ်ကို အောက်မေ့သော်ငါ။ အားသာကီဝင်မင်းတို့သည်သင်၏အရှင်သခင်ဖြစ်ကုန်၏။ သင်သည်ကား သာကီဝင်မင်းတို့၏ ကျွန်မသားဖြစ်၏ဟူ၍ ဘုရားမိန့်တော်မူသော်။ အမ္ဗဋ္ဌ၏ နောက်ပါ ပုဏ္ဏားလုလင်တို့သည် ဘုရားကို ဤသို့ လျှောက်ကုန်၏။ အမ္ဗဋ္ဌလုလင်ကို အရှင်ဂေါတမသည် ပြင်းစွာ ကျွန်မသားအခေါ်အဝေါ် ဖြင့်မဆိုပါလင့်။ အရှင်ဂေါတမ၊ အမ္ဗဋ္ဌသည် ကောင်းစွာဘွား၏။ ကောင်းသော အမျိုးသားတည်း။ အကြားအမြင် များ၏။ ကောင်းသောစကားကိုဆိုတတ်၏။ ပညာရှိ၏။ အရှင်ဂေါတမနှင့် တကွ စကားဘက်၍ ပြောဆိုခြင်းငှါစွမ်းနိုင်၏ဟူ၍ လျှောက်ကုန်၏။ ထိုအခါမြတ်စွာဘုရားသည် ထိုလုလင်တို့ကိုဤသို့မိန့်တော်မူ၏။ လုလင်တို့၊ သင်တို့အား ·အမ္ဗဋ္ဌသည် မကောင်းသဖြင့်ဘွား၏။ အမျိုးကောင်း သားမဟုတ်။ အကြားအမြင်နည်း၏။ အသိပညာမရှိ၊ ရဟန်းဂေါတမ နှင့် စကားဘက်၍ မဆိုနိုင်ဟူ၍ စိတ်ရှိသည်ဖြစ်အံ့။ အမ္ဗဋ္ဌလုလင်ကို လွှတ်စေ။ သင်တို့သည် ငါနှင့်တကွစကားဘက်၍ ပြောဆိုကြကုန်။ အကယ်၍ကား အမ္ဗဋ္ဌလုလင်သည် ကောင်းသောအမိမှ ဘွား၏။ အမျိုးကောင်းသားဖြစ်၏။ စကားတတ်၏၊ လိမ္မာ၏၊ ပညာရှိ၏။ ရဟန်းဂေါတမ နှင့်ဘက်၍ ပြောဆိုခြင်းငှါ စွမ်းနိုင်၏ဟု သင်တို့မှတ်ထင်အံ့။ သင်တို့ နေကြလေ။ အမ္ဗဋ္ဌလုလင်သည် ငါနှင့်တကွဘက်၍ စကားပြောဆိုစေ ဟုမိန့်တော်မူသော်။ ထိုလုလင်တို့သည် ကြံကုန်၏။ အမ္ဗဋ္ဌလုလင်သည် အရှင်ဂေါတမကိုဘက်၍ဆိုချေသောကြောင့် မိမျိုးဘနွယ်အစရှိသည် ကိုဘော်လျက် အမ္ဗဋ္ဌကိုကျွန်မသားဟူ၍ဆိုလျှင်၊ အမ္ဗဋ္ဌသည် မိမိကိုယ် ကို ကျွန်မသားအဖြစ်မှလွတ်စေခြင်းငှါ မတတ်နိုင်ရှိချေပြီ။ ဤသို့အမျိုး

www.dhammaransi.com



အနွယ်ဆိုသည်ကိုလည်း သိနိုင်ခဲ၏။ ငါတို့ပင်လည်း တယောံတယောံ ကိုကျွန်မသားဟူ၍ ရဟန်းဂေါတမဆိုပြန်ချေသော် ရဟန်းဂေါတမ ကိုဘက်၍တရားအဘယ်သူပြုနိုင်လတ္တံ့နည်း။အမ္ဗဋ္ဌဘွဲ့သည့်အထုပ်ကို အမ္ဗဋ္ဌသာ ဖြေစေတော့။ငါတို့ကိုလွှတ်စေဟုကြိုကုန်၍။ အရှင်ဂေါတမ၊ အမ္ဗဋ္ဌသည် အမျိုးကောင်းသားတည်း။ အကြားအမြင်များ၏။ တတ် လိမ္မာ၏။ ပညာရှိ၏။ အရှင်ဂေါတမနှင့်ဘက်၍ ပြောဆိုခြင်းငှါစွမ်းနိုင် ၏။အမ္ဗဋ္ဌကိုသာ ပြောဆိုပါလော့ဟုဆိုကုန်၍ဆိတ်ဆိတ်သာ နေကြလေ ကုန်၏။ ထိုအခါ မြတ်စွာဘုရားသည်။ အမ္ဗဋ္ဌ၊ တရားနှင့်လျော်သော ဤအမေးသည်သင့်အားရောက်၏။ သင်သည်မဖြေလိုဟူ၍မနေရ၊ဖြေ ရမည်။အကယ်၍သင်မဖြေအံ့။အကြောင်းတပါးဖြင့်လည်း အကြောင်း တပါးကိုလွှမ်းမိုး၍ဆိုအံ့။ ဆိတ်ဆိတ်သော်လည်းနေအံ့။ အရပ်တပါးသို့ သော်လည်း ပြေးသွားအံ့။ဤနေရာ၌ပင် သင်၏ဦးခေါင်းသည် ခုနစ်စိတ် ကွဲလတ္တံ့။ငါဆိုလတ္တံ့သောစကားကိုအသို့အောက်မေ့သနည်း။အမ္ဗဋ္ဌ၊ အဘယ်သို့ သင်သည် အသက်ဖြင့်ကြီးကုန်သော အရွယ်ဖြင့်ကြီးကုန် သော ဆရာအဆက်ဆက်ဖြစ်ကုန်သော မိမျိုးဘနွယ် ပြောတတ်ကုန် သော ပုဏ္ဏားတို့၏အထံမှ ကဏှာယနအမျိုးသည် အဘယ်သူမှစ၍ဖြစ် ၏။ အဘယ်သူသည် ကဏှာယနတည်း။ အဘယ်သူသည် ကဏှာယန အမျိုး၏ ရှေးဦးအစဖြစ်သော ယောကျ်ားတည်းဟူ၍ ကြားဘူးသနည်း။ ဖြေလော့ဟုမိန့်တော်မူသော်။အမ္ဗဋ္ဌသည် ရဟန်းဂေါတမသည် ငါ့ကို သာလျှင် ကျွန်မသား၏အဖြစ်ကို ဆိုလို၏။ ငါ့ကိုယ်တိုင်ဆိုပြန်သည်ရှိ သော် ကျွန်ပင်စင်စစ်ဖြစ်ရာ၏။ဤဂေါတမသည် တကြိမ်နှစ်ကြိမ်မေး၍ ဆိတ်ဆိတ်နေလတ္တံ့။ထိုနောင်မှ ငါသည် နောက်သို့ဆုတ်၍ဘဲရလတ္တံ့ ဟုကြံ၍ဆိတ်ဆိတ်သာမဖြေဘဲနေ၏။ မြတ်စွာဘုရားသည် ငါဆိုလတ္တံ့ သောစကားကို အဘယ်သို့အောက်မေ့သနည်း။ ဤသို့စသည်ဖြင့် နှစ် ကြိမ်မြောက်မေးတော်မူပြန်၏။ အမ္ဗဋ္ဌလည်း ဆိတ်ဆိတ်နေပြန်၏။ ထို အခါ မြတ်စွာဘုရားသည် အမ္ဗဋ္ဌကိုဆို၏။ အမ္ဗဋ္ဌ၊ယခုအခါ ဖြေလော့။ ယခုသင့်အား ဆိတ်ဆိတ်နေရအံ့သောအခါမဟုတ်ပြီ။ အမ္ဗဋ္ဌ၊ငါဘုရား သည် သုံးကြိမ်စေ့အောင်တရားနှင့်ညီသောပြဿနာကိုမေးအပ်သော အကြင်သူသည်မဖြေ။ထိုသူ့အား ထိုအရပ်၌လျှင် ဦးခေါင်းသည် ခုနစ် စိတ်ကွဲလတ္တံ့ဟူ၍ဆိုတော်မူ၏။ ။ထိုအခါသိကြားမင်းသည် ဝရဇိန်

www.dhammaransi.com



လက်နက်ကို စွဲကိုင်လျက် ပြောင်ပြောင်တောက်သော အခိုးအလျှံနှင့် တကွဖြစ်သော ကြီးစွာသောသံတူကို ယူ၍၊ အကယ်၍ အမ္ဗဋ္ဌသည် မြတ်စွာဘုရားသည် သုံးကြိမ်တိုင်အောင် တရားနှင့် အညီ မေးတော်မူသောပြဿနာကိုမဖြေကြားအံ့။ ဤအရပ်၌သာလျှင် အမ္ဗဋ္ဌ၏ဦးခေါင်းကိုခုနစ်စိတ်ခွဲအံ့ဟု အမ္ဗဋ္ဌ၏အထက်ကောင်းကင်၌တည်၏။ထိုသိကြားမင်းကို၊အမ္ဗဋ္ဌသည်ရင်း။ မြတ်စွာဘုရားသည်ရင်း မြင်၏။ ။အဘယ်ကြောင့် သိကြားသည် ဤသို့ပြုသနည်းဟူမူကား။ ဘုရားဖြစ်တော်မူစဉ်၌ တရား မဟောပြီဟု ကြောင့်ကြမဲ့ ဖြစ်သောအခါ သိကြားမင်းသည် သဟံပတိဗြဟ္မာနှင့်တကွလာ၍။ အရှင်ဘုရား၊ တရားဟောတော်မူပါ။ ရှင်ပင်ဘုရားတို့အာဏာဖြင့်မကျင့်သောသူတို့ကို အကျွန်ုပ်၏အာဏာဖြင့်ကျင့်စေအံ့။ ရှင်ပင်ဘုရားတို့၏ဓမ္မစက်ကိုလည်းဖြစ်ပါစေ။ အကျွန်ုပ်၏အာဏာစက်ကိုလည်းဖြစ်ပါစေအံ့ဟု ဝန်ခံသောကြောင့် ယခုအခါ အမ္ဗဋ္ဌကိုခြိမ်းချောက်၍ ပြဿနာကိုဖြေစေအံ့ဟုကြံလျက်၊ကြီးစွာသော ဦးခေါင်း၊ ပြူးလှစွာသော အစွယ်၊ ကြောက်ဘွယ်သော မျက်စိတို့ကို ဘန်ဆင်း၍ အမ္ဗဋ္ဌ၏အထက်ကောင်းကင်၌ရပ်လှာသဘည်း။ အဘယ်ကြောင့်သူတပါးတို့မမြင်ရသနည်းဟူမူကား။အကယ်၍သူတပါးတို့မြင်ကုန်အံ့။ ထိုသို့ဘုရားအမေးကိုမဖြေခြင်းသည်ကား ဝန်မလေး။ရဟန်းဂေါတမသည် မိမိအယူသို့မသက်လိုသောအမ္ဗဋ္ဌကို သိကြားအားခေါ်၍ပြသည်။ထိုကြောင့် အမ္ဗဋ္ဌသည် ကြောက်၍ဖြေရသည်ဟုဆိုကုန်ရာ၏။ထိုကြောင့် အမ္ဗဋ္ဌနှင့် ဘုရားသာမြင်ရသတည်း။ ထိုသိကြားကိုမြင်၍ အမ္ဗဋ္ဌအားတကိုယ်လုံးမှချွေးတို့သည်ယိုကုန်၏။ ဝမ်းထဲ၌အူအသည်း ပြောင်းပြန်လန်၍ ပြင်းစွာသောအသံဖြင့် မြည်တမ်းလျက် သိကြားကို တပါးသောသူတို့သည်လည်း မြင်ပါကုန်၏လောဟု ထိုမှ ဤမှ ကြည့်သော်တစုံတယောက်သောသူအားမှုကြက်သီးထခြင်းစသည်ကိုမမြင်၍ ဤဘေးသည်ငါ့အားသာလျှင်ဖြစ်၏ဟုပြင်းစွာကြောက်လျက်၊အကယ်၍ငါသည်ဘိလူးဟုဆိုချေအံ့၊သင့်အားသာမျက်စိတို့သည်ရှိကုန်၍သင်သာဘိလူးကိုမြင်လေတော့သည်။ရှေးဦးစွာဘိလူးကိုမမြင်မူ၍၊ဂေါတမနှင့် ဝါဒ တိုက်ဆိုင်သောအခါမှလျှင် ဘိလူးကို မြင်ပလေသည်ဟု သူတပါးတို့ဆိုကုန်ရာ၏ဟုကြံ၍။ ဤအရပ်၌ ရဟန်းဂေါတမမှတပါး ငါ့အား ကိုးကွယ်ရာမရှိချေပြီဟု မှတ်လျက် မြတ်စွာဘုရားကိုသာ ကိုး

www.dhammaransi.com



ကွယ်မှီခိုပုန်းအောင်းရာ လည်းလျှောင်းရာဟု ရှာလျက်၊ မြတ်စွာဘုရား အနီးသို့လာ၍၊ ထိုစကားကို အရှင်ဂေါတမသည် အဘယ်သို့ဆိုတော်မူသနည်း။ တဘန်အမိန့်တော်ရှိပါဦးဟုလျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် အမ္ဗဋ္ဌ၊ ဆရာအဆက်ဆက်ဖြစ်ကုန်သော၊ ကြီးရင့်အိုမင်းကုန်သော၊ အမျိုးအနွယ်ကိုမှီကုန်သောပုဏ္ဏားတို့၏အထံမှ သင်သည် ကဏှာယနအမျိုးသည် အဘယ်သူတွင်စ၍ ဖြစ်၏။ အဘယ်သူသည် ကဏှာယနအမျိုး၏ရှေးဦးအစယောကျ်ားတည်းဟူ၍ ကြားဘူးသနည်းဟု မေးတော်မူလေ၏။ ဘုန်းတော် ကြီးသော အရှင်ဂေါတမ၊ အရှင်ဂေါတမဆိုတော်မူသကဲ့သို့ပင် ဥက္ကာကရာဇ်မင်း၏ကျွန်မ ဒိသာမည်သောမိန်းမ၏သား ကဏှသည် ကဏှာယနအမျိုး၏ အစဖြစ်၏။ ထိုကဏှသည် ကဏှာယနအမျိုး၌ ရှေးဦးစွာ အစဖြစ်သော ယောကျ်ားတည်းဟု အမ္ဗဋ္ဌသည် လျှောက်၏။ ။ထိုစကားကိုကြားသော် ပုဏ္ဏားလုလင်တို့သည်။အချင်းတို့၊အမ္ဗဋ္ဌသည် မကောင်းသဖြင့်သွား၏။အမျိုးကောင်းသားမဟုတ်။ သာကီဝင်မင်းတို့၏ကျွန်မ ဒိသာ၏သားတည်း။ သာကီဝင်မင်းတို့သည် အမ္ဗဋ္ဌလုလင်၏ အရှင်သခင်တည်း။ တရားနှင့် အညီဆိုသော အရှင်ဂေါတမကို မောင်းမဲအုပ်၏ဟု ငါတို့အောက်မေ့မှားချေကုန်ပြီဟုပြင်းစွာပွဲ့တင်ထပ်မျှသောအသံကိုဖြစ်စေကုန်၏။ ။

ထိုအခါ မြတ်စွာဘုရားအား ဤပုဏ္ဏားလုလင်ငယ်တို့သည် အမ္ဗဋ္ဌကို ကျွန်မ၏သားဟူသောဝါဒဖြင့် ပြင်းစွာကဲ့ရဲ့ကြကုန်၏။ အကယ်၍ကား ငါသည် တဘန်လွတ်စေအံ့ဟု အကြံတော်ဖြစ်၍။ အိုလုလင်တို့၊သင်တို့သည် အမ္ဗဋ္ဌကိုကျွန်မသားဟူသောဝါဒဖြင့်ပြင်းစွာမကဲ့ရဲ့ကြကုန်လင့်။ ထိုသာကီဝင်မင်းတို့၏ကျွန်ဖြစ်သောကဏှသည် မြတ်သောရသေ့ဖြစ်၏။ထိုကဏှသည် ဂင်္ဂါမြစ်၏တောင်ဘက်၌ ဒက္ခိဏာပထအမည်တွင်သောဇနပုဒ်သို့သွား၍ ရသေ့တပါးထံဝတ်ကြီးဝတ်ငယ်ပြည့်စုံစွာပြု၍ ရသေ့သည် နှစ်သက်သဖြင့်။ အချင်းယောကျ်ား၊ သင့်အား မန္တရားကို ငါပေးအံ့။ အကြင်မန္တရားကို အလိုရှိ၏။ ထိုမန္တရားကိုဆိုလော့ဟုဆို၍။ ဆရာ၊ ငါ့အား တပါးမန္တန်ဖြင့် ပြုဘွယ်မရှိ။ အကြင်မန္တရား၏ အာနုဘော်ဖြင့် လက်နက်သည်မရောက်နိုင်။ထိုမန္တရားကိုပေးပါဟုတောင်းသဖြင့် လက်နက်မရောက်နိုင်သော မန္တန်ကို တတ်အောင်သင်၍ ထိုဆရာ့အထံ၌ပင် မန္တန်၏ အာနုဘော်ကိုစမ်း၍ ရသေ့အသွင်ကိုယူ၍၊

www.dhammaransi.com



ဥက္ကာကရာဇ်မင်းသို့ကပ်လျက်၊ မဒ္ဒရူပီအမည်ရှိသောသမီးကို တောင်းလေသော် ဥက္ကာကရာဇ်မင်းသည် ငါ၏ကျွန်မ ဒိသာ၏သား ကဏှပင် ငါ၏သမီးမဒ္ဒရူပီကိုတောင်းရာသလောဟု ပြင်းစွာအမျက်ထွက်၍သင့်ကိုလေးဖြင့်ပစ်သတ်အံ့မှာမြားကိုတင်၏။ ကဏှလည်း မြားမရောက်နိုင်သောမန္တရားကို ရွတ်လေသောကြောင့် မင်းကြီးသည် မြားကို လွှတ်လည်းမလွှတ်နိုင်။ ရုပ်လည်းမရုပ်နိုင်ရှိချေ၏။ ထိုအခါ အမတ်တို့သည် ၎င်း၊ ခြေရင်းအလုပ်အကျွေးယောကျ်ားတို့သည်၎င်း၊ ကဏှသို့ကပ်လာ၍။ ရှင်ရသေ့၊ မင်းကြီးအားချမ်းသာပါစေဟုတောင်းပန်ကုန်သော်။ သင်တို့မင်းကြီးသည် မဒ္ဒရူပီကိုငါ့အားပေးသော် ချမ်းသာလတ္တံ့။ မြားကိုမူကား အောက်သို့လွှတ်သော် မင်းကြီးနိုင်ငံအလုံး မြေမျိုလတ္တံ့ဟုဆို၍၊ ရှင်ကဏှရသေ့၊ မင်းကြီးအား၎င်း၊ ဇနပုဒ်သူတို့အား၎င်း ချမ်းသာပေးပါဟုတောင်းပန်ကုန်သော်။ သင်တို့မင်းကြီးသည်သမီးမဒ္ဒရူပီကိုငါ့အားပေးသော် မင်းကြီးအား၎င်း၊ ဇနပုဒ် သူတို့အား၎င်း၊ ချမ်းသာ လတ္တံ့။ မြားကို အထက်သို့လွှတ်မူ သင်တို့မင်း၏နိုင်ငံအလုံး၌ ခုနစ်နှစ်ပတ်လုံး မိုးမရွာလတ္တံ့ဟု ဆိုပြန်၏။ ရှင်ရသေ့၊ မင်းကြီးအား၎င်း၊ တိုင်းနိုင်ငံသူတို့အား၎င်းချမ်းသာပါစေ။ မိုးကိုလည်းရွာပါစေ။ မဒ္ဒရူပီကိုပေးပါကုန်အံ့ဟု တောင်းပန်ကုန်သော်။ မဒ္ဒရူပီကို ပေးသော်၊ မင်းကြီးအား၎င်း၊ ဇနပုဒ်အား၎င်းချမ်းသာလတ္တံ့။ မိုးလည်းရွာလတ္တံ့။ စင်စစ်သော်ကား မင်းကြီးသည် မြားကိုမင်းသားအကြီး၌ တင်စေလော့။ မင်းကြီးလည်းချမ်းသာလတ္တံ့။ သားအကြီးအား ကြက်သီးမွေးညင်းမျှ မထ ချမ်းသာလတ္တံ့ဟုဆို၍ မြားကို ကျစေတတ်သောမန္တန်ကို ရွတ်သဖြင့် မြားကျ၍ သားအကြီး၏ချက်၌တည်လေ၏။ ဥက္ကာကရာဇ်မင်းသည်ပြင်းစွာကြောက်ထိတ်လန့်သဖြင့် သမီးမဒ္ဒရူပီကို ဦးခေါင်းဆေးလျှော်၍ ကဏှအားပေးရလေ၏။ ကဏှကိုလည်းတော်ဖွန့်သည်ကိုပြုစေ၍မြတ်သောအရာ၌ထား၍ချီးမြှောက်ရလေ၏။ လုလင်တို့၊ သင်တို့သည် အမ္ဗဋ္ဌလုလင်ကို ဒါသိပုတ္တဝါဒဖြင့် ပြင်းစွာ မနှိပ်စက်ကြကုန်လင့်။ အမ္ဗဋ္ဌလုလင်၏ အနွယ် ကဏှာယန၏အစ ကဏှသည် တန်းခိုး အာနုဘော်ကြီးသော ရဟန်းရသေ့သည် ဖြစ်၏ဟု မြတ်စွာဘုရားသခင် မိန့်တော်မူသဖြင့်၊ အမ္ဗဋ္ဌလုလင်သည် အလွန်လျှင် တရောသောအိုးဖြင့် ထိပ်၌ရေစင်သွန်းကုန်သကဲ့သို့ သက်သာရာရသဖြင့် ကိုယ်တွင်း၌ ပူပန်ခြင်းကင်းသဖြင့်၊

www.dhammaransi.com



ရဟန်းဂေါတမသည် ငါ့ကိုနှစ်သက်စေအံ့ဟုကြံ၍ တခုသောပက္ခဖြင့် အဆွေတော်သည်ကိုပြုပေ၏။ ငါသည် သာကီဝင်မင်းမျိုးပင်ဖြစ်၏ဟု အမ္ဗဋ္ဌအားအကြံသည်ဖြစ်၏။ ။ထိုအကြံကိုသိတော်မူ၍ အမ္ဗဋ္ဌသည် ငါသည် မင်းပင်ဖြစ်၏ဟု ကြံပြန်ချေပြီ။ မိမိ၏ မင်းမျိုးမဟုတ်ပြီးသော အဖြစ်ကို ငါသည်သိစေအံ့ဟု ဘုရားရှင်ကြံတော်မူ၍။ တံ ကိံ မညသိ အမ္ဗဋ္ဌ၊ အစရှိသည်ဖြင့် ဒေသနာတော်ကိုပွါးစေ၍။ အမ္ဗဋ္ဌ၊ငါဆိုလတ္တံ့သောစကားကို အဘယ်သို့အောက်မေ့သနည်း။မင်းသည် ပုဏ္ဏေးမနှင့် အိမ်ထောင်၍သားဘွားသော်။ထိုသားကိုပုဏ္ဏားတို့၌ နေရာဦး ရေဦးကို ရရာသလော။ ပုဏ္ဏားတို့နှင့်အတူ စားသောက်ရရာ သလော။ ပုဏ္ဏားတို့သည် ဗေဒင် သင်ကုန်ရာသလောဟု မေးတော်မူပြန်သော်။ အရှင်ဂေါတမ၊ ထိုမင်းသားနှင့်ပုဏ္ဏေးမတွင်မြင်သောသားသည် ပုဏ္ဏားတို့၌ နေရာဦးရေဦးကိုရရာ၏။ ပုဏ္ဏားတို့နှင့်အတူတကွစားသောက်ရရာ၏။ ဗေဒင်ကိုလည်း သင်ချရရာ၏ဟုလျှောက်၏။ ပုဏ္ဏားတို့၌ သမီးဆောင်ခြင်းသမီးပေးခြင်းကိုရရာသလောဟု မေးတော်မူပြန်သော်လည်း ရရာ၏ဟုလျှောက်၏။မင်းတို့သည် ထိုသားကိုမင်း၏အဘိသိက်သွန်းကုန်ရာသလောအမ္ဗဋ္ဌဟု မေးတော်မူသော်။ အရှင်ဂေါတမ၊ ထိုသားကို မင်းတို့သည် မင်း၏အဘိသိက်ဖြင့်မသွန်းကုန်ရာ။ အဘယ်ကြောင့်နည်းဟူသော် အမိမှ မင်းမျိုး မဟုတ်သောကြောင့်တည်းဟု လျှောက်၏။ ။ အသို့အောက်မေ့သနည်းအမ္ဗဋ္ဌ၊ ဤလောက၌ ပုဏ္ဏားသတို့သားသည် မင်းမျိုးသမီးငယ်နှင့် အိမ်ထောင်ခြင်းကိုပြု၍ သားယောကျ်ားဘွားသော် ထိုသားသည် ပုဏ္ဏားတို့နှင့်နေရာဦးသောက်ရေဦးကိုရရာသလော။မရရာသလော။ ပုဏ္ဏားတို့နှင့်အတူတကွ စားသောက်ရာသလော။ ပုဏ္ဏားငယ်တို့သည် ဗေဒင်ကိုသင်ကုန်ရာသလော။ မိမိတို့၌သမီးဆောင်ခြင်း ပေးခြင်းကို ပိတ်ပင်ရာသလော၊ မပိတ်ပင်ရာသလောဟု မေးတော်မူသော်။ အရှင်ဂေါတမ၊ထိုပုဏ္ဏားလုလင်ကြောင့် မင်းမျိုးသမီးငယ်တွင်မြင်သောသားသည် ပုဏ္ဏားတို့၌ နေရာဦးရေဦးကိုရရာ၏။ အတူတကွ စားသောက်ရာ၏။ ဗေဒင်ကိုသင်ကုန်ရာ၏။ သွီးပေးခြင်းဆောင်ခြင်းကို မပိတ်ပင်ရာဟုလျှောက်၏။ ထိုသားကိုမင်း၏အဘိသိက်ဖြင့်သွန်းရာသလောဟု မေးတော်မူသော်။ မသွန်းကုန်ရာ။ အဘယ်ကြောင့်နည်း၊ ထိုသားသည်အဘမှမင်းမျိုးမဟုတ်သောကြောင့်တည်းဟုလျှောက်သော်။

www.dhammaransi.com



ဤသို့လျှင် အမ္ဗဋ္ဌ၊ မင်းသားနှင့်ပုဏ္ဏေးမတွင် မြင်သည့်သား၊ပုဏ္ဏားသား နှင့်မင်းသမီးတွင် မြင်သောသားတို့သည် ပုဏ္ဏားတို့၌ကား အဘော်သွင်း ရ၏။မင်း၏အဖြစ်ကို မရသောကြောင့် မင်းမျိုးသာမြတ်၏။ ထို့ကြောင့် ပုဏ္ဏားမျိုးသည်ယုတ်၏။ သင်အမ္ဗဋ္ဌတို့၏ ကဏှာယနအနွယ်၌ ရှေးဦး အစ ကဏှ၏မယားသည် ဥက္ကာကရာဇ်မင်းသမီး ဖြစ်ငြားသော်လည်း သင်တို့ အနွယ်ကို မင်းမျိုး မင်းနွယ်ဟူ၍ မမှတ်အပ်ချေပြီ။ ။အသို့ အောက်မေ့သနည်း အမ္ဗဋ္ဌ၊ ဤလောက၌။ ပုဏ္ဏားတို့သည် ပုဏ္ဏားတယောက်ကို တစုံတခုသောအပြစ်ကြောင့် ဦးခေါင်းပြည်းသည်ကိုပြု၍ ပြာပက်၍တိုင်းမှသော်၎င်း၊ မြို့မှသော်၎င်းနှင်ထုတ်ကုန်၏။ ထိုနှင်ထုတ်အပ်သောသူသည် ပုဏ္ဏားတို့၌နေရာဦးအစရှိသော အောက်၌ဆိုအပ်ပြီးသော အလုံးစုံကိုရရာသလောဟု မေးတော်မူသော်။ မရရာ။ဗေဒင် မသင်ရာ။ သမီးဆောင်ခြင်းပေးခြင်းကို ပိတ်ပင်ရာသည်ဖြစ်၏ အရှင် ဂေါတမဟူ၍လျှောက်၏။ ငါဆိုဦးအံ့အမ္ဗဋ္ဌ၊မင်းတို့သည် မင်းတယောက်ကို တစုံတခုသောအပြစ်ကြောင့် ဦးခေါင်းပြည်းသည်ကိုပြု၍ ပြာပက်၍ တိုင်းမှမြို့မှနှင်ထုတ်၏။ ထိုနှင်ထုတ်အပ်သောမင်းသားသည် ပုဏ္ဏားတို့၌ နေရာဦးရေဦးစသော အောက်၌ဆိုအပ်ပြီးသော အလုံးစုံကိုရရာသလောဟု မေးတော်မူသော်။ အရှင်ဂေါတမ၊ရရာ၏။ ပုဏ္ဏားတို့သည် ထိုနှင်ထုတ်သောမင်းသားကိုဗေဒင်သင်ရာ၏၊ မိန်းမတို့၌ပုဏ္ဏေးမငယ် ပေးခြင်းဆောင်ခြင်းကို မပိတ်ပင်အပ်ဟူ၍ လျှောက်သော်။ ဤသို့အားဖြင့်လည်း အမ္ဗဋ္ဌ၊မင်းမျိုးတို့၌ ဦးခေါင်းပြည်းစေ၍ ပြာပက်၍ နှင်ထုတ်အပ်သောမင်းသားသည် အလွန်ယုတ်လှပြီ။ထိုသူပင်လည်းပုဏ္ဏားတို့၌ အဘော်ပင်ရလေ၏။ ထို့ကြောင့် အမ္ဗဋ္ဌ၊ မင်းမျိုးသည်မြတ်၏။ ပုဏ္ဏားမျိုးသည် ယုတ်၏ဟူ၍ သင်မှတ်ရာ၏။ ဤသို့အမ္ဗဋ္ဌ၊ မင်းမျိုးသာမြတ်၍ ပုဏ္ဏားမျိုးသာ ယုတ်ကြောင်း ကိုလည်း သနင်္ကုမာရ အမည်ရှိသော ဗြဟ္မာသည်။ ။ခတ္တိယော သေဋ္ဌော ဇနေတသ္မိံ၊ ယေဂေါတ္တပဋိသာရိနော။ ဝိဇ္ဇာစရဏသမ္ပန္နော၊သော သေဋ္ဌော ဒေဝမာနုသေ။ ။ဟူ၍ ဂါထာဆိုခဲ့၏။ ။ယေဇနာ၊ အကြင်လူတို့သည်။ ဂေါတ္တပဋိသာရိနော၊ ငါကဿပအနွယ်၊ ဘာရဂ္ဂဝအနွယ်အစရှိသဖြင့်အောက်မေ့တတ်ကုန်၏။ ဧတသ္မိံ ဇနေ၊ထိုလူအပေါင်း၌။ ခတ္တိယော၊မင်းသည်။ သေဋ္ဌော၊မြတ်၏။ ဒေဝမာနုသေ၊နတ်လူအပေါင်း၌။ ယော၊အကြင်သူသည်။ ဝိဇ္ဇာစရဏ

www.dhammaransi.com



သမ္ဗန္ဓော၊ဝိဇ္ဇာသုံးပါး စရဏတဆဲ့ငါးပါးတို့နှင့်ပြည့်စုံ၏။ သော၊ထိုသူသည်။ သေဋ္ဌော၊မြတ်၏။ ။အမ္ဗဋ္ဌ၊ ဤဂါထာကို သနင်္ကုမာရဗြဟ္မာ ရွတ်ဆိုခြင်းသည် အကျိုးစီးပွါးနှင့် စပ်သော ကောင်းသောရွတ်ခြင်း၊ ကောင်းသောဆိုခြင်းမည်၏ဟုငါသိတော်မူ၏။ ငါလည်း သနင်္ကုမာရ ဗြဟ္မာကဲ့သို့။ ခတ္တိယော သေဋ္ဌော ဇနေတသ္မိံ၊ အစရှိသော စကားကို ပင်ဆို၏ဟူ၍မိန့်တော်မူ၏။ ။

ဤသို့မိန့်တော်မူရာ၌ဝိဇ္ဇာစရဏသမ္ပန္နော၊သော သေဋ္ဌော ဒေဝမာနုသေ။ဟူသောစကားကိုကြား၍၊ ပုဏ္ဏားတို့၌ ဗေဒင်သုံးပုံကို ဝိဇ္ဇာ၊ပဉ္စသီကိုစရဏဆိုသဖြင့် ငါသည်လည်း ဝိဇ္ဇာစရဏနှင့်ပြည့်စုံ၏၊ငါသည်မြတ်၏ဟုမှတ်၍ ဝိဇ္ဇာစရဏအကြောင်းကိုသိလိုသဖြင့်။ ကတမာ ဝိဇ္ဇာ၊ ကတမံ စရဏံ။ အစရှိသည်ဖြင့် မေးလျှောက်ပြန်သော်။ အမ္ဗဋ္ဌအား၊ ထိုကဲ့သို့ ဇာတိဝါဒ၊ ဂေါတ္တဝါဒ၊ မာနဝါဒနှင့်စပ်သော အိမ်ရာထောင်ခြင်းနှင့်စပ်သောလူ၌ ဝိဇ္ဇာစရဏမရှိသောအဖြစ်ကို။ နခေါ ပန အမ္ဗဋ္ဌ၊ စသော ဒေသနာတော်ဖြင့် အကျယ် ဟောတော် မူပြီးသော်။ အမ္ဗဋ္ဌ၊ အကြင်သူသည် ငါ၌ယုံမှားခြင်း နှလုံးစွဲသည်ဖြစ်၏။ ထိုသူသည် ငါ့ကို မေးသဖြင့်၊ ငါသည်လည်း ဖြေသဖြင့်၊ထိုသူ၏ယုံမှားခြင်းကို သုတ်သင်ရလတ္တံ့ဟု မိန့်တော်မူ၍၊ မြတ်စွာဘုရားသခင်သည် ထိုင်၍နေတော်မူရာကျောင်းမှ ထွက်၍ စင်္ကြံသို့ရှေးရှု တည်ရပ်တော်မူ၏၊ အမ္ဗဋ္ဌလုလင်သည်လည်း ကျောင်းမှထွက်၍ စင်္ကြံသို့တက်၏။ အဘယ့်ကြောင့်ကား မြတ်စွာဘုရားသည်စင်္ကြံသို့တက်တော်မူသနည်း။အဘယ့်ကြောင့်ကား ယသ္သ ခေါ အမ္ဗဋ္ဌ စသော စကားကို ဆိုတော်မူသနည်း ဟူမူကား။ အမ္ဗဋ္ဌအားတရားဟောလျက်တနေ့လုံးကိုပင်ထိုင်၍လွန်စေသော်လည်း ဤကိုယ်၏အဖြစ်ဖြင့် မဂ်ဖိုလ်ရခြင်း၏အကြောင်းသည် မရှိ။-ဤအမ္ဗဋ္ဌသည် မြတ်စွာဘုရား၌ လက္ခဏာတော်ကြီး သုံးဆဲ့နှစ်ပါးကို ရေတွက်ကြည့်ရှုအံ့သောငှါ လာသည်ဖြစ်လျက်။ ထိုလက္ခဏာကို ရှာဖွေကြည့်ရှုခြင်းကိစ္စကိုကားမပြု။ ထို့ကြောင့် အမ္ဗဋ္ဌအား သတိကိုဖြစ်စေခြင်းငှါ နည်းပေးအံ့ဟု ကြံတော်မူ၍။ အမ္ဗဋ္ဌ၊အကြင်သူအား ငါ၌ယုံမှားခြင်းရှိ၏ အစရှိသောစကားကိုမိန့်သတည်း။ လက္ခဏာတော်ကိုကြည့်ရှုအံ့သောငှါလာကုန်သော သူတို့သည် ထိုင်၍လျှောင်း၍ နေကုန်သော ဘုရားတို့

www.dhammaransi.com



အား ကြည့်ရှုအံ့သောငှါမတတ်နိုင်။ သွားကုန် ရပ်ကုန်သော ဘုရားတို့အားသာ တတ်နိုင်ကုန်၏။ လက္ခဏာကိုရှာအံ့သောငှါလာသောအဖြစ်ကိုသိလျှင် ထိုင်နေရာမှ ထ၍ လက္ခဏာကို ရှာလိုသသူရှာစိမ့်သောငှါ ရပ်ခြင်း သွားခြင်းသည် ဘုရားတို့၏အလေ့အကျက်တည်း။ ထို့ကြောင့် မြတ်စွာဘုရားသည်ထိုင်ရာနေရာမှထ၍ စင်္ကြံသွားအံ့သောငှါရပ်တော်မူသတည်း။ အမ္ဗဋ္ဌသည်လည်း မြတ်စွာဘုရား၏အဆင်းတော်၏ပြည့်စုံခြင်း၌ကြည်ညိုခြင်းကိုမျှမဖြစ်စေမူ၍။ ဝတ်သောပုဆိုးကိုဖြေ၍ လည်၌ရောက်သဖြင့်တွဲလျားချ၍လက်တဘက်ဖြင့်ပုဆိုးစွန်ကိုကိုင်၍ရံခါလက်မောင်းကို ရံခါကျောကို ရံခါဝမ်းကိုပြလျက် မြတ်စွာဘုရား စင်္ကြံသွားတော်မူသည်နှင့် အတူ စင်္ကြံသွား၍ မြတ်စွာဘုရားကိုယ်တော်၌ လက္ခဏာတော်တို့ကိုကြည့်၍ တခုနှစ်ခု အစရှိသည့်ဖြင့်ရေတွက်၍ ရှာဘွေသော် ဆဒ္ဒန်ဆင်မင်း၏ အင်္ဂါဇာတ်ကဲ့သို့ ပဒုမာကြာချပ်နှင့် တူသော အအိမ်ဖြင့်ဖုံးလွှမ်းအပ်သော ကောသောဟိတဝတ္ထဂုယှလက္ခဏာ၊ ပဟုတဇိဝှာလက္ခဏာ။ ဤလက္ခဏာတော်နှစ်ပါးကိုထ[illegible]၍ များသောအားဖြင့် လက္ခဏာတော်ကြီး သုံးဆယ်ကို မြင်လေ၏။ ကောသောဟိတ ဝတ္ထဂုယှလက္ခဏာ၊ ပဟုတဇိဝှာလက္ခဏာတော်တို့ကို မမြင်ရသောကြောင့် ထိုလက္ခဏာတော် နှစ်ပါး၌ ယုံမှားသက်သရှိ၏။ မဆုံးဖြတ်နိုင်ရှိ၏။ ထိုအခါ မြတ်စွာဘုရားသည် ပကတိဝတ်မြဲရုံမြဲတိုင်းသော ကိုယ်တော်၌ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ်တော်လက္ခဏာကို အကြင်အခြင်းဖြင့်တန်းခိုးဘန်ဆင်းသည်ရှိသော် အမ္ဗဋ္ဌသည်မြင်၏။ ထိုအခြင်းဖြင့် တန်းခိုးဘန်ဆင်း၍ အမ္ဗဋ္ဌအားပြ၏။ အမ္ဗဋ္ဌသည် မြတ်စွာဘုရား၏ အင်္ဂါဇာတ်တော်ကိုအရိပ်၌မြင်၏။ ထို့နောင်မှ မြတ်စွာဘုရားသည် လျှာတော်ကိုထုတ်၍ နှားတွင်းတော်နှစ်ပေါက်ကိုသုံးသင်၏။ လျှာတော်ကို သေးစွာလုံး၍ နှာခေါင်းတွင်းသို့ သွင်း၏။ လျှာတော်ဖြင့် အလုံးစုံသော နဖူးတော်အပြင်ကိုဖုံးလွှမ်း၏။ ထိုအခါ အမ္ဗဋ္ဌသည် လက္ခဏာတော်တို့ကို မြင်ပြီးလျှင် ရဟန်းဂေါတမသည် သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်တို့နှင့်ပြည့်စုံပေ၏ဟု နှလုံးသွင်းပြီး၍။ အရှင်ဂေါတမ၊ ယခုအခါ၌အကျွန်ုပ်တို့သည်သွားပါကုန်အံ့၊ အကျွန်ုပ်တို့သည် များသောကိစ္စရှိ၏။ များသောပြုဘွယ်ရှိ၏ဟု လျှောက်၏။ အမ္ဗဋ္ဌ၊ ယခုအခါ၌ အကြင်သွားခြင်း၏အခါသည်ရှိ၏။ ထိုသွားခြင်း၏အခါကို သင်

www.dhammaransi.com



သည့်သိလေ့ဟု မြတ်စွာဘုရားမိန့်တော်မူသော်။အမ္ဗဋ္ဌသည် မြည်းက သောရထားသို့တက်၍ဘဲလေ၏။ ။

ထိုအခါ ပေါက္ခရသာတိပုဏ္ဏားသည် ဥက္ကဋ္ဌမြို့မှထွက်၍ မိမိအရံ၌ များစွာသော ပုဏ္ဏားအပေါင်းနှင့်တကွ အမ္ဗဋ္ဌအလာကို မြော်လျက်နေလင့်၏။ထိုအခါ၌ အမ္ဗဋ္ဌလုလင်သည် အကြင်အရပ်၌ထိုအရံသည့်ရှိ၏။ ထိုရှိရာအရပ်သို့ နှင်လေ၍၊ ယာဉ်ဖြင့်သွားကောင်းသောအရပ်ဆုံးလျှင် ယာဉ်မှသက်၍။ ခြေဖြင့်သာလျှင် ဆရာပေါက္ခရသာတိပုဏ္ဏားအထံသို့ ကပ်၍ ဆရာကိုရှိခိုး၍ တင့်အပ်သောအရပ်၌နေ၏။ ထိုအခါ ပေါက္ခရသာတိပုဏ္ဏားသည် အမ္ဗဋ္ဌကို မေး၏။ အသို့နည်း အမ္ဗဋ္ဌ။ ထိုဂေါတမဘုရားကို မြင်ခဲ့၏လောဟုမေးသော်။ အိုဆရာ၊ငါတို့သည် ထိုဂေါတမကိုမြင်ခဲ့၏ဟုလျှောက်သာဖြင့် အသို့နည်းအမ္ဗဋ္ဌ၊ ထိုဂေါတမဘုရားအား ထိုသို့သော ကျေးဇူးသည် ထင်ရှားရှိသဖြင့် ကျော်စောသံသည် နှံ့၍ တက်သလော။ ထင်ရှားမရှိဘဲလျက် ကျော်စော သလော။ အသို့နည်း အမ္ဗဋ္ဌ၊ ထိုဂေါတမဘုရားသည် ကျော်စောတိုင်းသော သဘော ရှိသလော။ ထိုကျော်စောခြင်းမှ ချွတ်လွဲသောသဘောရှိသလောဟုမေးပြန်၏။အိုဆရာ၊ထိုဂေါတမဘုရားအား ထိုကျော်စောသောကျေးဇူးသည် ထင်ရှားရှိလျက်ကျော်စော၏။ ထိုအရှင်ဂေါတမဘုရားသည် ထိုကျော်စောတိုင်းသော သဘောရှိ၏။ ချွတ်ယွင်းသော သဘောမရှိ။ ထိုအရှင်ဂေါတမဘုရားသည် သုံးဆဲ့နှစ်ပါးသော လက္ခဏာတော်နှင့် ပြည့်စုံ၏။ ဤသို့ဆရာကိုအမ္ဗဋ္ဌလျှောက်၍။ မောင်အမ္ဗဋ္ဌ၊ ရဟန်းဂေါတမနှင့်တကွ တစုံတခုသောစကားပြောဟောခြင်းသည် သင့်အားဖြစ်ခဲ့၏လော မေးသော်။ အိုဆရာ၊ ငါ့အား ရဟန်းဂေါတမနှင့်တကွ တစုံတခုပြောဟောခြင်းသည်ဖြစ်ခဲ့၏ဟူ၍လျှောက်၏။ အမောင်အမ္ဗဋ္ဌ၊ အဘယ်ကဲ့သို့သော အပြားအားဖြင့် သင့်အား ဂေါတမနှင့်တကွပြောဟောခြင်းသည်ဖြစ်ခဲ့သနည်းဟု မေးပြန်၍။ အမ္ဗဋ္ဌလုလင်သည် အကြင်မျှလောက် ပြောခဲ့၏။ ထိုအလုံးစုံကိုပေါက္ခရသာတိပုဏ္ဏားအားကြားလေ၏။ ။ထိုရောအခါ ပေါက္ခရသာတိပုဏ္ဏားသည် အမ္ဗဋ္ဌကို ဆို၏။ ဟယ်အချင်း၊ ငါတို့၏ ပညာရှိမိုက်စွတကား။ ဟယ်အချင်း၊ငါတို့၏ဗေဒင်တတ်မိုက်စွတကား။ အမ္ဗဋ္ဌ၊ နင်သည် ထိုအရှင်ဂေါတမကို ထိပါးတိုက်ခိုက်၍ ဆိုသကဲ့သို့ ဆိုတတ်သော သဘောရှိသော အကျိုးမဲ့ကိုကျင့်တတ်သောသူကြောင့်

www.dhammaransi.com



ယောက်ျားသည် သေသည့်၏အထက်၌ ချမ်းသာကင်းသောမကောင်းသောသူတို့၏လားရာဖြစ်သောငရဲသို့ ဖြစ်လေရာ၏ဟုဆို၍ ပြင်းစွာအမျက်ထွက်သဖြင့် အမ္ဗဋ္ဌလုလင်ကိုပေါက္ခရသာတိပုဏ္ဏားသည် ခြေဖြင့်ကျောက်၍ မြေ၌လှိမ့်လိုက်၏။ ထိုခဏ၌ပင် မြတ်စွာဘုရားသို့ဖူးမြင်လိုသဖြင့် ကပ်ခြင်းငှါအလိုရှိ၏။ ထိုအခါ တမည့်သားပုဏ္ဏားတို့သည်။ အိုဆရာ၊ ယနေ့အခါ ရဟန်းဂေါတမကိုဖူးမြင်လိုသဖြင့် ကပ်အံ့သောငှါ အလွန်မိုးချုပ်ခဲ့ပြီ။ နက်ဖြန်နံနက်၌ အရှင်ပေါက္ခရသာတိပုဏ္ဏားသည် ရဟန်းဂေါတမကိုဖူးမြင်ခြင်းငှါကပ်ရပါလတ္တံ့ဟုဆိုကုန်၏။ ။

---

## ၃၉။ အမ္ဗဋ္ဌလုလင်၏စကားကိုကြား၍ပေါက္ခရသာတိပုဏ္ဏား မြတ်စွာဘုရားထံဖူးမြော်လာခြင်း။

ထိုအခါ၌ ပေါက္ခရသာတိ ပုဏ္ဏားသည် မိမိအိမ်၌ မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ကိုစီရင်စေ၍ ယာဉ်၌တင်စေ၍ မီးရှူးများစွာထွန်းကုန်လျက် နံနက်ညဉ့် စောစောကပင် ဥက္ကဋ္ဌမြို့မှထွက်၍ ဣစ္ဆာနင်္ဂလတောသို့သွားလေ၏။ အကြင်မျှလောက် ယာဉ်ဖြင့် သွားကောင်းသောအရပ်သည်ရှိ၏။ ထိုမျှလောက်ယာဉ်ဖြင့်သွား၍ယာဉ်မှသက်၍ ခြေဖြင့်သာလျှင် မြတ်စွာဘုရားသို့ ကပ်လေ၍။ မြတ်စွာဘုရားနှင့်တကွ ဝမ်းမြောက်ဝမ်းသာပြောဟော၍တင့်အပ်သောအရပ်၌နေပြီးသော်။ပေါက္ခရသာတိပုဏ္ဏားသည် မြတ်စွာဘုရားကိုမေးလျှောက်၏။ အရှင်ဂေါတမ၊ အကျွန်ုပ်တို့၏တပည့်အမ္ဗဋ္ဌသည်ခြေရင်းတော်သို့ရောက်လာ၏လောဟုလျှောက်သော်။ ပုဏ္ဏား၊သင်၏တပည့်အမ္ဗဋ္ဌသည် ရောက်လာသလျှင်ကတည်းဟုဘုရားမိန့်၏။ အိုအရှင်ဂေါတမ၊အရှင်ဂေါတမအား အမ္ဗဋ္ဌနှင့်တကွ စကားအတွံ့အလှည့်ပြောဟောခြင်းသည် ဖြစ်သလောဟု မေးလျှောက်ပြန်၍။ ပုဏ္ဏား၊ အမ္ဗဋ္ဌနှင့်တကွ အလှည့်အလည်စကားပြောခြင်းသည်ဖြစ်၏ဟုမိန့်တော်မူသော်။ အဘယ်သို့သောအခြင်းအရာဖြင့်ပြောဟောခြင်းသည်ဖြစ်လေသနည်း မေးလျှောက်ပြန်သဖြင့်၊အကြင်မျှလောက်အမ္ဗဋ္ဌနှင့်မြတ်စွာဘုရားသည်ပြောဆိုရ၏• ထိုမျှလောက်အလုံးစုံကို ပေါက္ခရသာတိပုဏ္ဏားအား ကြားတော်မူသော်။ ဘုန်းတော်ကြီးသောအရှင်ဂေါတမ၊ အမ္ဗဋ္ဌလုလင်သည် မိုက်သူစွာသလျှင်ကတည်း။

www.dhammaransi.com



အရှင်ဂေါတမသည် အမ္ဗဋ္ဌအား သည်းခံတော်မူပါဟု မြတ်စွာဘုရား ကိုပေါက္ခရသာတိပုဏ္ဏားလျှောက်သဖြင့်။ ပုဏ္ဏား၊ အမ္ဗဋ္ဌလုလင်သည် ချမ်းသာသည် ဖြစ်စေဟု မိန့်တော်မူ၏။ ။ထိုအခါ ပေါက္ခရသာတိ ပုဏ္ဏားသည် မြတ်စွာဘုရား၏ကိုယ်တော်၌ သုံးဆဲ့နှစ်ပါးသော လက္ခဏာတော်တို့ကိုရေတွက်ကြည့်ရှုသည်ရှိသော် ကောသောဟိတဝတ္ထ ဂုယှလက္ခဏာ၊ ပဟုတဇိဝှလက္ခဏာ။ ဤနှစ်ပါးကိုထား၍ များသော အားဖြင့် အလုံးစုံသောလက္ခဏာတို့ကို မြင်လေ၏။ ကောသောဟိတ ဝတ္ထဂုယှ၊ ပဟုတဇိဝှ။ ဤလက္ခဏာ နှစ်ပါးတို့ကို မမြင်သာ၍ ယုံမှား သက်သာရှိ၏။ စိတ်ကိုမဆုံးဖြတ်နိုင်ရှိ၏။ ထိုအခါ၌ မြတ်စွာဘုရားအား ပုဏ္ဏားသည် ငါ၏အင်္ဂါဇာတ်တော်လက္ခဏာ၊ရှည်လျားပြန့်သောလျှာ တော်လက္ခဏာ။ ဤနှစ်ပါးကို ထား၍ အလုံးစုံတို့ကိုမြင်ပြီ။ လက္ခဏာ နှစ်ပါးတို့၌ မမြင်သာ၍ ယုံမှားသက်သာရှိ၏။ စိတ်ကို မဆုံးဖြတ်နိုင်ရှိ၏။ ငါလည်း လက္ခဏာတော်နှစ်ပါးကိုပြအံ့ဟု အကြံတော်ဖြစ်၍။ အကြင် အခြင်းဖြင့် တန်းခိုးဘန်ဆင်းသော် ဆဒ္ဒန်ဆင်မင်း၏ အင်္ဂါဇာတ်နှင့်တူ သော ပဒုမာကြာချပ်ကဲ့သို့သော အအိမ်ဖြင့်ဖုံးအပ်သော ကောသော ဟိတဝတ္ထဂုယှလက္ခဏာကို ပေါက္ခရသာတိပုဏ္ဏားသည် ဝတ်ရုံသော သင်္ကန်းတော်တို့၏ပြင်မှ အရိပ်ဖြင့်မြင်ရာ၏။ ထိုသို့သောအခြင်းအရာ ရှိသော တန်းခိုးတော်ကို ဘန်ဆင်းတော်မူ၍ အရိပ်ဖြင့် ပြတော်မူပြီး သော်၊ လျှာတော်ကို ထုတ်၍ နားတွင်းတော် နှစ်ဘက်တို့ကို သုံးသပ် တော်မူ၏။ လျှာတော်ကို သင်္ကန်းချုပ်အပ်ကဲ့သို့ သေးလှစွာလုံး၍ နှာ ခေါင်းတော်နှစ်ပေါက်တို့သို့သွင်း၍ သုံးသပ်တော်မူ၏။ ထိုသေးလှစွာ လုံးပြီးသော လျှာတော်ကို အပြန့်ရှိတိုင်းဖြန့်၍။ အလုံးစုံသော နဖူးပြင် တော်ကိုဖုံးလွှမ်းအုပ်၏။ ဤသို့မြတ်စွာဘုရားသည် လက္ခဏာတော်နှစ် ပါးကိုပြသဖြင့် မြင်ရပြီးသော် ပေါက္ခရသာတိပုဏ္ဏားသည် အရှင်ဂေါ တမဘုရားသည် ယောကျ်ားမြတ်တို့၏ လက္ခဏာတော်တို့နှင့် ပြည့်စုံ ပေ၏ဟုနှလုံးထား၍။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ယနေ့အလို့ငှါ ငါးရာသော သံဃာတော်နှင့်တကွ အရှင်ဘုရားသည် အကျွန်ုပ်၏ဆွမ်း ကို ခံတော်မူပါဟုလျှောက်၏။ မြတ်စွာဘုရားသည် တုဏှိဘာဝဖြင့်ခံ တော်မူ၍ နေထွက်သောအခါ သပိတ်သင်္ကန်းကိုယူတော်မူ၍ သံဃာ တော်ငါးရာနှင့်တကွ ပေါက္ခရသာတိပုဏ္ဏားအိမ်သို့ ကြွ၍ ဆွမ်းဘုန်း

ပေးပြီးသော်။ ပေါက္ခရသာတိပုဏ္ဏားအား၊ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာတို့ဖြင့် ပြောဆိုတော်မူ၍ သစ္စာလေးပါးတရားကို ထင်ရှားပြတော်မူပြီးသောအဆုံး၌ ပေါက္ခရသာတိပုဏ္ဏားသည် သို့လားသို့လားဟု ယုံမှားခြင်းကင်း၍ သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုအခါ ပေါက္ခရသာတိပုဏ္ဏားအား ဘုရားမှတပါးကိုးကွယ်ရာမရှိပြီးသည်ဖြစ်၍။ ရှင်ပင်ဘုရား၊အကျွန်ုပ်သည် ယနေ့ကိုအစပြု၍ အသက်ရှိသော ကာလပတ်လုံး အရှင်ဘုရားကိုရင်း၊ တရားသံဃာတော်ကိုရင်း ကိုးကွယ်ရာဟု မှတ်ပါ၏။ အကျွန်ုပ်ကို သရဏဂုံဆောက်တည်သော ဥပါသကာဟူ၍ မှတ်တော်မူပါ။ ဥက္ကဋ္ဌမြို့၌ သရဏဂုံ ဆောက်တည်ကုန်သောအမျိုးတို့၏အိမ်သို့ ရှင်ပင်ဘုရားသည် ကပ်တော်မူသကဲ့သို့ အကျွန်ုပ်၏အိမ်သို့လည်း ကပ်တော်မူပါ။ ထိုအကျွန်ုပ်အိမ်၌ ယောကျ်ားမိန်းမငယ်တို့သည်ရှင်ပင်ဘုရားကိုရှိခိုးပါကုန်လတ္တံ့။ ခရီးဦး ကြိုပါကုန်လတ္တံ့။ နေရာခင်းပါကုန်လတ္တံ့။ သောက်ရေကပ်ပါကုန်လတ္တံ့။ စိတ်ကိုသော်လည်း ကြည်ညိုပါစေကုန်လတ္တံ့။ ဤသို့ပြုသဖြင့် ထိုသူတို့အား စီးပွါးချမ်းသာ တာရှည်စွာဖြစ်ပါလတ္တံ့ဟု ပေါက္ခရသာတိပုဏ္ဏားသည် မြတ်စွာဘုရားအား ရှိခိုး နားတော်လျှောက်၏။ မြတ်စွာ ဘုရားသည်။ ပုဏ္ဏား၊ ကောင်းသောစကားကို သင်သည် ဆိုအပ်၏ဟု မိန့်တော်မူ၍ ကြွတော်မူလေ၏။ ။

ဤသို့မြတ်စွာဘုရားသည် ပေါက္ခရသာတိပုဏ္ဏား ဆရာတပည့်တို့အား အင်္ဂါဇာတ်တော်ကို အရိပ်ဖြင့်ထင်တော်မူစေ၍ပြရာ၌၊ လူများအပေါင်းသည် ရှက်ခြင်းကိုပြုအပ်သောအရာ၌ရှက်ခြင်းကိုမပြုမူ၍။ မြတ်စွာဘုရားသည်အင်္ဂါဇာတ်တော်ကိုအရိပ်ဖြင့်ထင်စေ၍ပြလေသည်ဟု နှလုံးမရှိအပ်။ မြတ်စွာဘုရား၏နှလုံးခွဲသားကိုမြင်ရ၍ ကျွတ်လတ္တံ့သော သတ္တဝါဖြစ်ငြားအံ့။ မြတ်စွာဘုရားသည် နှလုံးခွဲသားတော်ကိုပင်ထုတ်၍ ပြတော်မူရာ၏။ ပေါက္ခရသာတိ ပုဏ္ဏားသည်လည်း ဗုဒ္ဓဗေဒင်ကိုလည်းတတ်သသူဖြစ်၍ ဘုရားဖြစ်ကြောင်း လက္ခဏာတော်ကြီးသုံးဆဲ့နှစ်ပါးကိုမြင်လျှင် ယုံကြည်၍ သောတာပန်ဖြစ်လတ္တံ့သော ဗုဒ္ဓဝေနေယျဖြစ်သောကြောင့် ပြတော်မူရသည်။ ပေါက္ခရသာတိပုဏ္ဏားဆရာတပည့်တို့အားသာ ပြရသည်မဟုတ်၊ ဗုဒ္ဓဗေဒင်ကို တတ်ကုန်သဖြင့် ဘုရားဟူ၍ ကျော်စောသည်နှင့် ညီမညီကို စုံစမ်းကုန်အံ့ဟု မြတ်စွာ

ဘုရားကိုယ်တော်၌ သုံးဆဲ့နှစ်ပါးသော လက္ခဏာတော်တို့ကို ရှုလို၍ လာကုန်သော ဥတ္တရမည်သောပုဏ္ဏားအား၏တပည့်တို့အားရင်း။ဗာဝရိယ ပုဏ္ဏားအား၏တပည့် တကျိပ်ခြောက်ယောက်တို့အားရင်း။ ထိုတကျိပ်ခြောက် ယောက်တို့၏တပည့်တရာတို့အားရင်း။အရိပ်ထင်စေ၍ပြတော်မူသည် ပင်တည်း။ ။ဤအမ္ဗဋ္ဌသုတ်ကို ဇာနုဿောနိလပုဏ္ဏားရွာ၌ ဇာနုဿောနိလ တောအုပ်၌နေတော်မူလျက်ဟောတော်မူ၏။ ။

---

## ၄၀။ မြတ်စွာဘုရားအရိပ်တော်ပမာဏကို နိူင်းရှည့်သောပုဏ္ဏားအားတရားဟောတော်မူသည်ကိုပြရာ။

ဇေတဝိသေ ပုဇယတော၊ အစရှိသော တရားဒေသနာကို ဝေဠုဝန် ကျောင်းတော်၌နေတော်မူသောအခါ ဟောတော်မူ၏။ ဟောကြောင်း ကား။ ရာဇဂြိုဟ်ပြည်၌ မထင်ရှားသောပုဏ္ဏားသည် မြတ်စွာဘုရားတို့ ၏ အတိုင်းအရှည် ပမာဏကို ယူအံ့သော၍ မတတ်နိုင်ဟုကြား၍၊ ငါ သည့်အတိုင်းအရှည်ကိုယူအံ့ဟု အတောင်ခြောက်ဆယ်ရှိသောဝါးကို ယူ၍ မြတ်စွာဘုရား ဆွမ်းခံဝင်တော်မမူမီ မြို့တံခါးဝ၏အပ၌ နေနှင့်၍ မြတ်စွာဘုရား ဆွမ်းရပ် ကြွတော်မူလာသော အခါ မြတ်စွာဘုရား၏ အနီးသို့ချဉ်း၍ ထိုအတောင်ခြောက်ဆယ်ဝါးကိုထောင်၏။ထိုဝါးသည် ပုဆစ်ဒူးနှင့် မျှရုံသာရှိ၏။ နက်ဖြန်မိုးသောက်၌ အတောင်ခြောက်ဆယ် ဝါးနှစ်လုံးကိုဆက်၍မြို့၏အပတံခါးဝ၌နေနှင့်၏။မြတ်စွာဘုရားဆွမ်းရပ် ကြွတော်မူလာသောအခါ ချဉ်း၍ ထိုဝါးကို ထောင်ပြန်သော် မြတ်စွာ ဘုရား၏ခါးတော်မျှသာဖြစ်၍ မြတ်စွာဘုရားမျက်နှာတော်ကို ကောင်း ကင်၌ လပြည့်ဝန်းကဲ့သို့ ပုဏ္ဏားသည်မျှော်၍ကြည့်ရ၏။ပုဏ္ဏား၊ဤသို့ပြု ခြင်းသည့်အကြောင်းအဘယ်နည်းဟု မေးတော်မူသော်။ အရှင်ဘုရား၊ အကျွန်ုပ်သည် အရှင်ဘုရားတို့၏အရပ်တော်ပမာဏကိုယူပါသည်ဟု လျှောက်သဖြင့်။ ပုဏ္ဏား၊သင်သည် စကြဝဠာတတိုက်လုံး၌ပေါက်သမျှ သောဝါးကိုဆက်၍ ငါ၏အရပ်တော်ပမာဏကို အကယ်၍ယူငြားအံ့။ ငါ၏အရပ်တော်ကိုမမှီနိုင်လတ္တံ့။ ပုဏ္ဏား၊ငါသည်လေးသင်္ချေနှင့်ကမ္ဘာ တသိန်းပါရမီကိုဖြည့်သည်ရှိသော် အကြင်အခြင်းဖြင့် တပါးသောသူ သည် ငါ၏ပမာဏအတိုင်းအရှည်ကိုယူနိုင်ရာ၏။ ထိုအခြင်းဖြင့် ပါရမီ

တော်ကိုငါ ဖြည့်တော်မမူ။ ပုဏ္ဏားဘုရားမည်သည် တုဘက်မရှိ၊ မနှိုင်း ရှည့်အပ်ဟုမိန့်တော်မူ၍။ ။ဇောတာဒိသေ ပူဇယတော၊ နိဗ္ဗုတေ အကုတော ဘယေ။ နသက္ကာ ပုညံ သင်္ခါတုံ၊ ယမေတ မပိ ကေနစိ။ ။ဟူသောတရားကို ဟောတော်မူ၏။ ဒေသနာတော် အဆုံး၌ ရှစ်သောင်း လေးထောင်သောဝေနေယျတို့သည် အကျွတ်တရားရလေကုန်၏။ ။ နိဗ္ဗုတေ၊ ငြိမ်းပြီးသော ကိလေသာရှိသော။ အကုတောဘယေ၊ တစုံတခုသောအကြောင်းကြောင့် ဘေးမရှိသော။ ဇောတာဒိသေ၊ ထိုငါကဲ့သို့ သဘောရှိသော ဘုရား၌။ ပူဇယတော၊ ပူဇော်သောသူအား။ ယံပုညံ၊ အကြင်ကောင်းမှုသည်။ အတ္ထိ၊ ရှိ၏။ ဧတံပုညံ၊ ထိုကောင်းမှု၏အကျိုးကို။ ကေနစိ၊ တစုံတယောက်သောသူသည်။ အပိ၊ စင်စစ်။ သင်္ခါတုံ၊ ရေတွက် အံ့သောငှါ။ နသက္ကာ၊ မတတ်ကောင်း။ ။ဤကားအနက်။ ။

---

## ၄၁။ ဝိသာခါဒါယိကာမ၏ပစ္စုပ္ပန်ဝတ္ထု အကျယ်စကားကိုပြဆိုရာ။

ယထာပိ ပုပ္ဖရာသိမှာ၊ အစရှိသောတရားဒေသနာကို မြတ်စွာဘုရားသည် သာဝတ္ထိပြည်ကိုအမှီပြု၍ ပုဗ္ဗါရုံကျောင်းတော်၌နေတော်မူလျက် ဝိသာခါဒါယိကာမကိုအကြောင်းပြု၍ဟောတော်မူ၏။ သာဝတ္ထိပြည်၌ မြတ်စွာဘုရားကျောင်းတော်သည်။ ဇေတဝန်ကျောင်း၊ ပုဗ္ဗါရုံကျောင်း ဟုနှစ်ကျောင်းရှိသတည်း။ ထိုကျောင်းနှစ်ရပ်တို့တွင်ဇေတဝန်ကျောင်း ၏အဖြစ်ကိုဆိုခဲ့ပြီ။ ပုဗ္ဗါရုံကျောင်း၏အဖြစ်၊ ဒါယိကာမ ဝိသာခါ၏အဖြစ်ကို ဤသို့ဆိုလတ္တံ့သောစကားဖြင့်သိအပ်၏။ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်း၏ အခွန်ထမ်းရာဖြစ်သော အင်္ဂတိုင်းမြောက်နားဝယ် ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေးသည်နေ၏။ ထိုသူဌေး၏သားဖြစ်သော ဓနဉ္စယသူဌေး ၏မိဘုရား သုမနဒေဝီဝမ်း၌ ဝိသာခါဒါယိကာမသည် စွဲနေ၍ ဆယ်လ ခြောက်လျှင်ဘွား၏။ ဝိသာခါသည် မြတ်စွာဘုရားဒုက္ကရစရိယာကျင့်၍ နှစ်နှစ် ကျော်တွင် ဘွားဟန် ရှိ၏။ မြတ်စွာဘုရားအောက် သုံးဆဲ့တနှစ် အသက်ငယ်ဟန်ရှိ၏။ ဝိသာခါဒါယိကာမသည်ဘွား၍ ခုနစ်နှစ်မြောက် သောကာလ။ မြတ်စွာဘုရားဂေဠုဝန်ကျောင်းတော်၌နှစ်ဝါဆိုပြီးသော် ဘဒ္ဒိယမြို့၌ သေလပုဏ္ဏားစသော ဝေနေယျတို့၏ ဥပနိဿယနှင့်ပြည့်စုံ

ခြင်းကိုမြင်၍ များစွာသောရဟန်းသံဃာခြံရံလျက် ဝင်္ဂတိုင်း၌ဒေသစာရီကြွတော်မူသော် ဘဒ္ဒိယမြို့သို့ရောက်တော်မူ၏။ ထိုအခါ၌ ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေးသည် ဘုန်းကြီးသောသူငါးယောက်တို့၏အကြီးဖြစ်၍ သူဌေးအရာကိုပြု၏။ မေဏ္ဍကသူဌေး၊ သူဌေးမယား စန္ဒပဒုမသိရီ၊ သား ဓနဉ္စယ၊ ချွေးမသုမနဒေဝီ၊ ကျွန်ပုဏ္ဏ။ ဤသူငါးယောက်တို့သည် မဟာပုညတည်း။ ။မေဏ္ဍကသူဌေးသည် မြတ်စွာဘုရား မိမိမြို့သို့ရောက်လာသောအဖြစ်ကိုသိ၍ သားဓနဉ္စယသူဌေး၏သမီးဖြစ်သော ဝိသာခါသူငယ်မကို အမိ၊ သင့်အခြံအရံသူငယ်မငါးရာတို့နှင့်တကွ လှည်းငါးရာစီး၍ နောက်လိုက်ကျွန်မငါးရာတို့ဖြင့်ခြံရံလျက်၊ သင့်အားရင်း၊ ငါတို့အားရင်း၊ မင်္ဂလာဖြစ်စိမ့်သောအလို့ငှါ မြတ်စွာဘုရားကို ခရီးဦးကြိုပြုချေဟု ဆို၏။ ဝိသာခါသူငယ်မသည် ကောင်းပြီဟုဝန်ခံ၍ အဘိုးဆိုတိုင်းပြု၏။ အရာသင့်သည် မသင့်သည်၌ လိမ္မာသောကြောင့် ယာဉ်ဖြင့်သွားသင့်ရာအရပ်၌ယာဉ်ဖြင့်သွား၍၊ ယာဉ်မှဆင်း၍ ခြေကျင်သာလျှင် မြတ်စွာဘုရားသို့ကပ်၍၊ ရှိခိုးလျက်တင့်အပ်ရာ၌နေ၏။ မြတ်စွာဘုရားသည် ထိုဝိသာခါအား ရှေးစရိုက်၏အစွမ်းအားဖြင့် တရားဟောတော်မူ၏။ ဒေသနာတော်အဆုံး၌ ငါးရာကုန်သော သူငယ်မတို့နှင့်တကွ သောတာပတ္တိဖိုလ်၌တည်လေ၏။ ။မေဏ္ဍကသူဌေးသည်လည်း မြတ်စွာဘုရားသို့ကပ်၍ တရားနာသဖြင့် သောတာပတ္တိဖိုလ်၌ တည်ပြီးလျှင် မြတ်စွာဘုရားကိုဘိတ်မန်၍ မိမိအိမ်၌ မွန်မြတ်သောဘောဇဉ်ဖြင့် ဘုရားအမှူးရှိသော သံဃာတော်ကိုလုပ်ကျွေး၏။ လခွဲပတ်လုံးလုပ်ကျွေး၍ အလှူကြီးကိုပေး၍ လခွဲလွန်သော် မြတ်စွာဘုရား ကြွတော်မူလေ၏။ ။ထိုရော အခါ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းနှင့်၊ သာဝတ္ထိပြည် ပသေနဒီကောသလမင်းတို့သည် အချင်းချင်းနှမ၏လင်တို့သည်ဖြစ်ကုန်၏။ ဗိမ္ဗိသာရမင်းသည်၊ မဂဓတိုင်း၊ အင်္ဂတိုင်းတို့ကို အစိုးရ၏။ ပသေနဒီကောသလမင်းသည်ကား၊ ကာသိတိုင်း၊ ကောသလတိုင်းတို့ကို အစိုးရ၏။ ဗိမ္ဗိသာရမင်း၏နိုင်ငံ၌ကား၊ ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ပုဏ္ဏ၊ ကာကဝလိယသူဌေးဟူ၍မနိုင်းရှည့်အပ်သောစည်းစိမ်ရှိသောသူဌေးကြီးငါးယောက်တို့သည်ဖြစ်ကုန်၏။ ဇောတိကသူဌေးကား ရာဇဂြိုဟ်ပြည်၌နေ၏။ ဇဋိလကား အင်္ဂတိုင်း တက္ကသိုလ်ပြည်၌နေ၏။ မေဏ္ဍကလည်း အင်္ဂတိုင်း ဘဒ္ဒိယမြို့၌နေ၏။ တနေ့သ၌ ပသေနဒီကောသလမင်းကြီးသည် ပေါက်ဖ

www.dhammaransi.com



ဗိမ္ဗိသာရမင်း၏နိုင်ငံ၌ သူဌေးကြီးငါးယောက်တို့သည်ရှိကုန်၏။ ငါတို့နိုင်ငံ၌ကား တယောက်မျှမရှိ။ ဗိမ္ဗိသာရမင်း၏အထံသို့သွား၍ တယောက်သောသူဌေးကြီးကို တောင်းအံ့ဟု ရာဇဂြိုဟ်ပြည်သို့သွား၍ ဗိမ္ဗိသာရမင်းနှင့်စကားပြောဟောပြီးသော် အဘယ့်ကြောင့်လာသနည်းဟု မေးသဖြင့် သင်တို့၏နိုင်ငံ၌ သူဌေးကြီးငါးယောက်တို့သည်ရှိကုန်၏။ ထိုကြောင့် တယောက်ကိုယူ၍သွားအံ့ဟု လာ၏။ ထိုငါးယောက်တို့တွင် တယောက်ကို ငါ့အားပေးပါဟုဆို၏။ အမျိုးကြီးတို့ကိုရွေ့စိမ့်သော၄ါ ငါတို့မတတ်နိုင်ဟုဆို၍။ မရလျှင်ငါမသွားအံ့ဟုဆိုပြန်သဖြင့်။ အမတ်တို့နှင့်တကွ ဗိမ္ဗိသာရမင်းတိုင်ပင်၍ သူဌေးကြီးတို့ကိုပေးချေသော် မြေကြီးရွေ့သည်နှင့်တူ၏ဟုအမတ်တို့ဆိုသောကြောင့်။ မေဏ္ဍကသူဌေး၏သား၊ ဓနဉ္စယနှင့်တိုင်ပင်၍ မင်းကြီးအား စကားတခုကိုပေးအံ့ဟုဆို၍။ ဓနဉ္စယသူဌေးကိုခေါ်၍။ သူဌေး၊ ကောသလမင်းသည်သူဌေးတယောက်ကိုယူလို၏ဟုဆို၏။ သင်တို့သည် ထိုမင်းနှင့်လိုက်ပါချေဟုဆို၏။ အရှင်မင်းကြီးတို့သည် စေလွှတ်ကုန်သော် အကျွန်ုပ်လိုက်ပါအံ့ဟုဆိုသဖြင့်။ အမောင်၊ မျိုးရိက္ခာပြု၍သွားပါလေဟု မင်းကြီးဆိုလျှင်။ ဓနဉ္စယသည် လည်းမိမိပြုအပ်သည်ကိုပြု၏၊ ဗိမ္ဗိသာရမင်းသည် ထိုဓနဉ္စယအားကြီးစွာသော ပူဇော်သက္ကာရကို ပြုပြီးလျှင် သူဌေးကိုယူ၍ သွားလေလော့ဟု ပသေနဒီကောသလမင်းကိုလွှတ်လိုက်၍သွားကြလေ၏၊ ဘဒ္ဒိယမြို့မှ တညဉ့်အိပ်ခရီးကွာသဖြင့် နေခြင်း၄ါသင့်တင့်သောအရပ်သို့ရောက်၍ ညစခန်းချရာတွင်။ ဤအရပ်သည် အဘယ်သူ၏ နိုင်ငံနည်းဟု မင်းကို ဓနဉ္စယမေး၍ငါ၏နိုင်ငံတည်းဆိုသောကြောင့်။ ဤမှသည် သာဝတ္ထိသို့ အဘယ်မျှလောက်ဝေးသနည်းမေး၍ ခုနစ်ယူဇနာအထက်၌ရှိ၏ဟု ဆိုသော် မြို့တွင်းသည် ကျဉ်းမြောင်းလေအံ့။ အကျွန်ုပ်တို့အား အလုပ်အကျွေးသည်များလှ၏၊ အကယ်၍အရှင်မင်းကြီးသည် နှစ်သက်အံ့။ ဤအရပ်၌နေလိုပါသည်ဟု မင်းကြီးကိုဆိုသော် မင်းကြီးဝန်ခံ၍၊ ထိုအရပ်၌မြို့တည်၍ ဓနဉ္စယအားမင်းကြီးပေးခဲ့၍သွားလေ၏။ ညချမ်းသောအခါ၌ တည်အပ်သောကြောင့် ထိုမြို့ကို သာကေတဟုသမုတ်၏၊ ထိုသာကေတမြို့ကို ဝိသာခါရှစ်နှစ်ကိုးနှစ်ရှိတွင်တည်၏။ ။

ဝိသာခါအဘ သာကေတမြို့ကို တည်၍ ခြောက်နှစ် ခုနစ်နှစ်ခန့်ရှိသောအခါ သာဝတ္ထိ၌ မိဂါရသူဌေး၏သားအရွယ်သို့ရောက်ပြီးသော

www.dhammaransi.com



ပုဏ္ဏာဝဇ္ဇနကို အမိုအဘတို့သည်။ ချစ်သား၊ နှစ်သက်သောသူငယ်မကို ရှုးစမ်းလော့ဟုဆိုကုန်သော်။ အလိုမရှိဟုပယ်သဖြင့်။ ချစ်သား၊ ဤသို့ မပြုလင့်။သားမရှိသောအမျိုးမည်သည်မတည်ဟု အထပ်ထပ်ဆိုသော ကြောင့်၊ ကောင်းခြင်းငါးပါးနှင့်ပြည့်စုံသော သူငယ်မကိုရသော် သင် တို့စကားကို လိုက်နာအံ့။ ဘုန်းရှိသောမိန်းမတို့၏ဆံတို့သည် ဥဒေါင်း မြီးစည်းနှင့်တူကုန်သည်ဖြစ်၍ ဖြေ၍လွှတ်သော် ဝတ်သော အဝတ်၏ အောက်နားသို့ ခတ်၍ အထက်သို့ သားလျှိုးထားကဲ့သို့ အဖျားညွတ်၍ တည်သော ဆံ၏ကောင်းခြင်း။ သွားဖုံးသည် ကျီးအာသီးအမှည့်နှင့်တူ သည်ဖြစ်၍အသား၏ကောင်းခြင်း။သွားတို့သည်ဖြူစင်စွာအမျှညီညွတ် စွာ၊ မကျဲသော၊ ရိုက်၍ထားသောဝဇိရစိန်ကျောက်အစဉ်ကဲ့သို့၊ ခရု သင်းပွတ်သစ်ကဲ့သို့ရှိသော သွားတည်းဟူသော အရိုး၏ကောင်းခြင်း။ ဖြူသောမိန်းမမူ မဟာလှေကားပွင့် အဆင်းနှင့် တူသော အရေရှိခြင်း။ ညိုသောမိန်းမမူ ပွေးညှာင်းတင်းတိပ်တို့ဖြင့် မလိမ်းကျံသည်ဖြစ်၍ သိမ် မွေ့ နူးညံ့သော ကြာညိုပွင့်နှင့် တူသော အရေရှိခြင်း တည်းဟူသော အရေ၏ကောင်းခြင်း။ သားတကျိပ်ဘွားသော်လည်း တယောက်သာ ဘွားသောမိန်းမကဲ့သို့ အရွယ်မယုတ်ခြင်း တည်းဟူသော အရွယ်၏ ကောင်းခြင်း။ ဤငါးပါးသောကောင်းခြင်းနှင့် ပြည့်စုံသောမိန်းမကို ရှာ ကုန်လော့ဟုဆို၍။ ရှစ်ယောက်သော ပုဏ္ဏားတို့ကို ဘိတ်မန်၍ ထမင်း ကျွေးပြီးသော်။ ဆရာတို့၊ ကောင်းခြင်းငါးပါးနှင့်ပြည့်စုံသောမိန်းမရှိရာ သလောဟုမေး၍ ရှိကုန်၏ဆိုသော်၊ ဤသို့သဘောရှိသောမိန်းမကို ရှာ စိမ့်သောငှါ ရှစ်ယောက်သော ပုဏ္ဏားတို့ကို သင်တို့ သွားချေကုန်ဟု ဥစ္စာပေး၍ရောက်သောအခါ၌ပြုအပ်သည့်ကိုသိကုန်အံ့။ ဤသို့သဘော ရှိသောသူငယ်မကိုမြင်သောအခါ ဤရွှေပန်းကိုပေးလေကုန်ဟု အသိုး အသပြာ တသိန်းထိုက်သော ရွှေပန်းကိုပေး၍ လွှတ်လိုက်ကုန်၏။ ထို ပုဏ္ဏားတို့သည် ထိုထိုသောမြို့ရွာတို့သို့သွား၍ရှာကုန်သော် မရသဖြင့်ပြန် လာ၍။ ဟင်းလင်းဘွင့်အပ်သော နက္ခတ်သဘင်နေ့၌ သာကေတမြို့သို့ ရောက်ကုန်၍၊ ယနေ့ငါတို့၏အမှုသည်ပြီးလတ္တံ့ဟုကြံကုန်၍ တခုသော မြစ်နားစရပ်၌တဲနေကုန်၏။ ထိုသာကေတမြို့၌ တနှစ်တကြိမ်ဟင်းလင်း ဘွင့်သော သဘင်မည်သည်ဖြစ်၏။ ထိုနေ့၌ လွင်သို့မထွက်ကုန်သော အမျိုးသမီးတို့သည့်လည်း အခြွေအရံနှင့်တကွအိမ်မှထွက်၍ မှဖုံးလွှမ်း

www.dhammaransi.com



သောကိုယ်ဖြင့် ခြေကျင်သာလျှင် မြစ်နားသို့ သွားကုန်၏။ မင်းပုဏ္ဏားအစရှိသည်တို့၏သား အစရှိသည်တို့သည် မိမိတို့နှင့် အမျိုးတူ နှစ်လိုသောသူငယ်မကိုမြင်သော်ပန်းကုံးစွပ်ကုန်အံ့ဟု ထိုရေဆိပ်ခရီးကိုမှီ၍ နေကုန်၏။ထိုအခါဝိသာခါသတို့သမီးသည် တဆဲ့ငါးနှစ်တဆဲ့ခြောက်နှစ်အရွယ်ဖြစ်၍ ခပ်သိမ်းသောတန်ဆာတို့ဖြင့်တန်ဆာဆင်လျက်ငါးရာသောသတို့သမီးတို့ဖြင့်ခြံရံလျက် မြစ်နားသို့သွား၍ရေချိုးအံ့ဟုရောက်လာ၏။ထိုအခါမိုဃ်းကြီးတက်၍ရွာ၏။ငါးရာသောသတို့သမီးတို့သည် လျင်စွာပြေး၍စရပ်သို့ဝင်လေကုန်၏။ပုဏ္ဏားတို့သည်ကြည့်၍ ထိုငါးရာတို့တွင် တယောက်မျှ ကောင်းခြင်းငါးပါးနှင့်ပြည့်စုံသည်ကိုမမြင်ကုန်။ ဝိသာခါသည် ပကတိသွားခြင်းဖြင့်သွား၍ စရပ်သို့ဝင်၍ အဝတ်တန်ဆာတို့သည်မိုဃ်းစွတ်ကုန်၏။ထိုအခါပုဏ္ဏားတို့သည်ထိုဝိသာခါအား လေးပါးသောကောင်းခြင်းတို့ကိုမြင်၍ သွားကိုမြင်လိုသောကြောင့် ငါတို့၏သမီးသည်ပျင်းသောသဘောရှိ၏။ဤမိန်းမတို့၏လင်သည် တချင်ရွေးကိုမျှ မရလတ္တံ့ဟု အချင်းချင်း ပြောဆိုကုန်၏။ ထိုအခါ ဝိသာခါသည် ပုဏ္ဏားတို့ကို သင်တို့သည် အဘယ်သူကိုဆိုကုန်သနည်းဟုမေး၏၊ အမိ၊ ရှင်မကိုပင်ဆို၏ဟု ပုဏ္ဏားတို့သည်ဆို၏။ ထိုဝိသာခါသည် သာယာစွာသောအသံဖြင့် အဘယ့်ကြောင့် သင်တို့ဆိုကုန်သနည်းဟု ပုဏ္ဏားတို့ကိုမေး၏။ သင်၏အခြွေအရံ မိန်းမတို့သည် အဝတ်တန်ဆာကိုမိုဃ်းမစွတ်စေမူ၍ လျင်စွာစရပ်သို့ဝင်လာကုန်၏၊ သင်မူကား ဤမျှသောအရပ်၌ လျင့်စွာသွားခြင်းကိုမျှမပြု။ သင်၏အဝတ်တန်ဆာတို့ကို မိုဃ်းစွတ်စေ၍လာ၏၊ ထို့ကြောင့်ဆိုကုန်၏ဟုကြားသော်။အမောင်တို့၊ ဤသို့မံဆိုကုန်လင့်၊ ငါသည် ထိုမိန်းမတို့ထက် အားကြီး၏၊ တခုသောအကြောင်းကို မှတ်၍ကား လျင်စွာမသွားဟည့်ဟု ဆို၏။ အကြောင်းအသို့နည်းဟုမေးသော်။ အမောင်တို့၊ မင်း၊ မင်းစီးဆင်၊ မိန်းမ၊ ရဟန်း၊ ဤလေးယောက်တို့သည် ပြေး၍မတင့်တယ်ကုန်။ ထို့ကြောင့် ငါမပြေးသည်။ အကြောင်းတပါးလည်းရှိသေး၏၊ အမိအဘတို့သည် သမီးကိုရင်ခွင်၌နေစေ၍မွေးမြူကုန်၏။ အမောင်တို့၊ ငါတို့သမီးပျိုတို့မည်သည် ရောင်းအပ်သောဘဏ္ဍာမည်၏၊ ငါတို့ကို တပါးအမျိုးသို့ ပို့အံ့သော၌ မွေးကုန်၏။အကယ်၍ လျင်စွာပြေးသဖြင့် သက်ဇုတ်တို့၌တိုက်မိ၍သော် ၎င်း။ မြေ၌ချော်၍သော်၎င်း။ ခြေလက်စသည်ကျိုးခဲ့သော် အမျိုးအား

www.dhammaransi.com



ဝန်ဖြစ်ရာ၏။ ငါ၏ကန်ဆာတို့ကိုမိုးယန်းစွတ်သော်လည်း ခြောက်လတ္တံ့။
ဤအကြောင်းကိုမြင်၍ လျှင်စွာမပြေးသည့် အမောင်တို့ဟုဆို၏။ ဤသို့
ဆိုသောအခါ ဝိသာခါ၏သွားကိုပုဏ္ဏားတို့မြင်၍၊ဤသို့ကောင်းခြင်းနှင့်
ပြည့်စုံသောသူကို ငါတို့မမြင်ဘူးကုန်ဟု ထိုဝိသာခါအား ကောင်းချီး
ပေး၍၊အမိ၊သင့်အားသာလျှင် ဤရွှေပန်းတန်ဆာသည်ရောက်ပါတော့
သည်ဟု ရွှေပန်းကိုပေးကုန်၏။ ထိုအခါ အမောင်တို့၊အဘယ်မြို့မှလာ
ကုန်သနည်းဟု ပုဏ္ဏားတို့ကိုဝိသာခါမေး၍။ အမိ၊သာဝတ္ထိပြည်မှလာ
၏ဟုဆိုသော်။ အဘယ်မည်သောသူဌေးအိမ်မှနည်းဟုမေးပြန်၍။ မိဂါ
ရသူဌေး၏အိမ်မှဟု ဆိုကုန်သော်။ အရှင့်သားသည် အဘယ်အမည်ရှိ
သနည်းဟုမေးပြန်၍။ ပုဏ္ဏဝဍ္ဎနအမည်ရှိ၏ဟုဆိုသော်။ ဝိသာခါသည်
ငါတို့နှင့်အမျိုးတူ၏ဟုရွှေပန်းကိုလှမ်းယူ၍။အဘထံသို့ ငါတို့အားလှည်း
ရထားကို ပို့လှည့်ပါစေကုန်ဟုစေလိုက်၏။ ဓနဉ္စယသူဌေးသည် ငါးရာ
သောရထားတို့ကိုပို့စေ၏။ဝိသာခါသည် အခြံအရံတို့နှင့်တကွ ရထား
စီးလျက်ပြန်လေ၏။ပုဏ္ဏားတို့သည်လည်းအတူလိုက်ကြလေကုန်၏။အိမ်
သို့ရောက်သောအခါ၌ ဓနဉ္စယသူဌေးသည်။ပုဏ္ဏားတို့ကို ဝိသာခါမေး
သကဲ့သို့ မေး၏။ ထိုမိဂါရသူဌေး၌ ဥစ္စာ အဘယ်မျှရှိသနည်းဟု မေး
သဖြင့် အကုဋေလေးဆယ်ရှိ၏ဟူ၍ ပြောဆိုကုန်သော်၊ ငါတို့ဥစ္စာကို
ထောက်စာကတချင်ရွေးမျှသာရှိ၏ဟုဆိုပြီးလျှင် ပုဏ္ဏားတို့ကိုဝန်ခံကုန်
၏။ သူဌေးသည် ပုဏ္ဏားတို့အားပူဇော်သက္ကာရပြုပြီးလျှင် တနေ့နှစ်နေ့မျှ
နေစေ၍လွှတ်လိုက်၏။ ။

ထိုပုဏ္ဏားတို့သည် သာကေတမြို့မှ သာဝတ္ထိပြည်သို့ ပြန်၍ ငါတို့
သည် သူငယ်မ-ရခဲ့ကုန်၏ဟုကြားကုန်၏။ အဘယ်သူ၏သမီးနည်းမေး
သဖြင့် ဓနဉ္စယသူဌေး၏အိမ်၌ရခဲ့ကုန်၏ဟုဆိုသော်၊ လျှင်စွာဆောင်အံ့
သော၌သင့်၏ဟု ကောသလမင်းအားကြား၍ သွားအံ့သော၌စီရင်၏။
မင်းလည်းငါသည် ယောက်ဖဗိမ္ဗိသာရမင်းအထံမှ ဆောင်၍ သာကေ
တ၌ ပိုင်စားထားခဲ့သောအမျိုးတည်း။ငါလည်း မြတ်နိုးတနာပြုအပ်၏။
ငါလည်း လိုက်အံ့ဆိုသော် ကောင်းပြီအရှင်မင်းကြီးဟုဆို၍၊ဓနဉ္စယသူ
ဌေးထံ မိဂါရသူဌေးသည် သတင်းစကားစေလိုက်၏။ ငါလာသော် ငါ
တို့မင်းကြီးသည်လည်း လိုက်လာပါလတ္တံ့။ မင်းကြီးမှာ ဗိုလ်ပါများစွာ
ပါလတ္တံ့။အလုံးစုံသောသူအပေါင်းအား ပြုအပ်သောဝတ်ကို တတ်နိုင်

www.dhammaransi.com



ပါအံ့လောဟုစေလိုက်၏။ ဓနဉ္စယသူဌေးကလည်း မင်းသည်တပြည်လုံးကိုပင်ခေါ်၍လာလိုသော်လည်း လာစေဟူ၍ပြန်ကြား၏။ မိဂါရသူဌေးသည် မြို့တွင်းမြို့ပြင်တဆဲ့ရှစ်ကုဋေဒိမ်ခြေရှိသောမြို့၌ အိမ်စောင့်မှုကိုသာထားခဲ့၍ အလုံးစုံသောလူကိုယူ၍လာပြီးသော် သာကေတမြို့မှ ယူဇနာခွဲကွာသောအရပ်၌တဲနေ၍ငါတို့လာကုန်ပြီဟုစေလိုက်၏။ ဓနဉ္စယသူဌေးလည်း များစွာသောပဏ္ဏာလက်ဆောင်ကိုပို့စေ၍ထိုသူတို့၏နေရာကိုသင့်လျော်အောင်သွီးနှင့်တကွတိုင်ပင်သော် ဝိဇိရစိန်စက်သွားကဲ့သို့ ထက်သောပညာရှိသောကြောင့်၊ယောက္ခမတို့အား ဤအိမ်ကို၊ မင်းကြီးအား ဤအိမ်ကို။ ဤသို့စသည်ဖြင့် အလုံးစုံသောသူတို့အား ထိုက်လျောက်သောအိမ်တို့ကိုသုတ်သင်စေ၍ကျွန်အမှုလုပ်တို့ကိုခေါ်၍ ဤမျှသောသူတို့သည် မင်းကြီး၌။ ဤမျှသောသူတို့သည် အိမ်ရှေ့မင်း၌ ဝတ်ကိုပြုကုန်လော့။ဤသို့စသည်ဖြင့်စီရင်၍။ ဆင် မြင်း နွား ကျွဲတို့ကိုလည်း သင်တို့သာ ထိန်းကျောင်းကုန်။ ဆင်ထိန်း မြင်းကျောင်းစသောသူတို့သည်လည်းလာ၍ ထိမ်းမြားမင်္ဂလာသဘင်ကိုရှုစေကုန်။ တစုံတယောက်သည်မျှ ငါတို့သည် ဝိသာခါ၏မင်္ဂလာသဘင်ပွဲကိုမရှုပါရဟု မဆိုစေလင့်ဟုစီရင်၏။ ထိုနေ့၌လျှင် ဓနဉ္စယလည်း ရွှေပန်းထိမ်သည်ငါးရာတို့ကိုခေါ်၍ သမီးဆင်စရာ မဟာလတာတန်ဆာ•လုပ်ကုန်ဟု ရွှေစင်နိက္ခတထောင်ချိန်၍အပ်၏။အကျပ်အစိတ်ကိုတနိက္ခဆိုသောကြောင့် နိက္ခတထောင်သည် ပိဿာပေါင်းနှစ်ရာ့ငါးဆယ်ရှိ၏။ ထိုရွှေနှင့်လျော်စွာ၊ ငွေ၊ပုလဲ၊ပတ္တမြား၊သန္တာ၊ဝဇိရစိန်ကျောက်တို့ကိုလည်းထုတ်၍ပေး၏။

မင်းကြီးသည်နှစ်ရက်သုံးရက်နေ၍ငါတို့အားမြင့်ရှည်စွာမွေးကျွေးခြင်းကိုပြုအံ့သော၌ သူဌေးသည်မတတ်နိုင်ရာ။ ယခုအခါ သူငယ်မ၏ သွားရအံ့သောအခါကို သိလော့ဟု ဓနဉ္စယသူဌေးအား ဆိုလေစေ၏။ ဓနဉ္စယလည်း စေပြန်၏။ အရှင်မင်းကြီးသည် မိုးလအခါ လာသည်။ မိုးလေးလပတ်လုံး သွားခြင်းငှါမတတ်နိုင်ရာ။ အရှင်မင်းကြီးတို့အား လိုလိုသမျှအလုံးစုံကို အကျွန်ုပ်၏ဝန် ဖြစ်စေ။ အကျွန်ုပ်သည် စေလိုက်သောအခါ ကြွတော်မူရလတ္တံ့ဟု စေလိုက်၏။ ထိုနေ့မှစ၍ သာကေတမြို့သည် အမြဲသဘင်ခံသကဲ့သို့ဖြစ်၏။မင်းအစရှိသော အလုံးစုံသောသူတို့သည် ပန်းနံ့သာ အဝတ်တန်ဆာ ဆင်ယင်ကုန်လျက် သွားလာလှည့်ပတ်ရကုန်၏။ဤသို့အားဖြင့် သုံးလတို့သည်လွန်ကုန်၏။ တန်ဆာသည်

www.dhammaransi.com



မပြီးနိုင်သေး။ အမှုကိုစီရင်ခန့်ထားကုန်သောသူတို့သည် ထင်းမှတပါး အလုံးစုံမရှိဟူ၍မရှိပါ။ထမင်းချက်စရာထင်းမလောက်နိုင်ပါဟု သူဌေး အားကြားလာကုန်၏။ သွားလေကုန်။ အမောင်တို့၊ဤမြို့၌ ဒိမ်ဆိုးစရပ် ဆိုး၊ဆင်တင်းကုပ်ဆိုးစသည်တို့ကို ဖျက်ယူ၍ချက်လေကုန်ဟုဆိုလိုက် ၏။ဤသို့ချက်ပြုတ်သဖြင့် လခွဲလွန်သော် ထင်းမရှိပြောဆိုလာပြန်သော ကြောင့်။ ယခုအခါ ထင်းမရနိုင်ပြီ။ပုဆိုးကျီတို့ကိုဘွင့်၍ ကြမ်းထမ်းရုန့် ရင်းသောပုဆိုးတို့ကိုကြီးလွန်ကျစ်၍ ဆီတိုက်တို့ကိုဘွင့်၍ ဆီအိုးတို့၌ ဆီဖြင့်ဆွတ်၍ထမင်းချက်လေကုန်ဟု ချက်စေသဖြင့် လခွဲပတ်လုံးချက် ရကုန်၏။မဟာလတာတန်ဆာလည်းပြီး၏။ ဤတန်ဆာ၌ဂဖိုရစိန်ကျောက် လေးပြည်။ ပုလဲတဆဲ့တပြည်။ သန္တာနှစ်ဆဲ့နှစ်ပြည်။ ပတ္တမြားကျောက် သုံးဆဲ့သုံးပြည်။ ပြည်ပေါင်းခုနစ်ဆယ်။ ဤမျှသော ကျောက်တို့သည် ခြယ်လယ် စီရင်ခြင်းသို့ ရောက်လေကုန်၏။ တင်းချင့်ကား လေးတင်း ခြောက်ပြည် ကျောက်ပေါင်းရှိ၏။ ဤကျောက်တို့ဖြင့်ရင်း၊ ထိုမှတပါး သော ရတနာခုနစ်ပါးတို့နှင့်ရင်း ပြီးခြင်းသို့ရောက်၏။ ငွေဖြင့် ကြိုးကို ပြုလုပ်၏။ထိုတန်ဆာကိုထိပ်၌ဝတ်သော် ခြေဘမိုးတိုင်အောင်ရောက်၏။ ထိုထိုသို့သော အရပ်၌ တန်ဆာတို့ကိုယှဉ်၍ ပြုအပ်ကုန်၏။ ရွှေဖြင့်ပြီး သောအဖုတို့သည်ဖြစ်ကုန်၏။ငွေဖြင့်ပြီးသောအကွင်းတို့သည်ဖြစ်ကုန် ၏။ထိပ်ထက်၌ တံဆိပ်အဘွဲ့တခု။ပခုံးထွတ်နှစ်ခုတို့၌ နှစ်ခု။လည်၌တခု။ နားနှစ်ဘက်တို့၌ နှစ်ခု။ ပုဆစ်ဒူးနှစ်ဘက်တို့၌ နှစ်ခု။ ပေါင်နှစ်ဘက်တို့၌ နှစ်ခု။ ခါးစောင်နှစ်ဘက်တို့၌ နှစ်ခု။ တတောင်နှစ်ဘက်တို့၌ နှစ်ခု။ ခြေ နှစ်ဘက်တို့၌ နှစ်ခုတို့ကိုပြုကုန်၏။ ထိုတန်ဆာ၌ ဥဒေါင်းရုပ်ကိုပြုကုန် ၏။ လက်ျာအတောင်၌ ရွှေနီဖြင့်ပြီးသောအတောင်ငါးရာ။ လက်ဝဲ၌ အတောင်ငါးရာဖြစ်ကုန်၏။နှုတ်သီးကား သန္တာဖြင့်ပြီး၏။ မျက်စိတို့သည် ပတ္တမြားနီဖြင့်ပြီးကုန်၏။ လည်သည်ရင်း၊ အမြီးသည်ရင်း ပတ္တမြားဖြင့် ပြီးကုန်၏။ အတောင်ရိုးတို့သည် ငွေဖြင့်ပြီးကုန်၏။ မြင်းခေါင်းတို့သည် ငွေဖြင့်ပြီးကုန်၏။တန်ဆာဆင်သောအခါ တောင်ထိပ်၌ရပ်၍ ကသော ဥဒေါင်းကဲ့သို့ထင်၏။ တထောင်သောအတောင်အရိုးတို့၏အသံသည် နတ်တို့၏ ပဉ္စင်တူရိယာကဲ့သို့ဖြစ်၏။ အနီးသို့ရောက်သောသူအားသာ လျှင် ဥဒေါင်းမဟုတ်သောအဖြစ်ကိုသိ၏။ အသပြာ ကိုးကုဋေ ထိုတန် ဆာအဘိုးထိုက်၏။ လက္ခအသပြာ ပိုလ်တသိန်းပေးရ၏။ တပိုလ်သော်

www.dhammaransi.com



ငါးကျပ်ဟူရကား၊ ပိုလ်တသိန်းသော် ဗိဿာငါးထောင်ရှိ၏။ အသပြာပေါင်း အရေအတွက် ငါးသိန်းရှိ၏။ ကဿပဘုရား ဖြစ်သောအခါ၌ ဘုရားအမှူးရှိသော သံဃာတော်နှစ်သောင်းတို့အား သင်္ကန်းချုပ်ချည်၊ ချုပ်အပ်၊ ဆိုးရည်ခေါင်းတို့ကို မိမိဥစ္စာကိုသာ လှူဘူးသောကောင်းမှုကြောင့်ဤတန်ဆာကိုဆင်ရသတည်း။ ။

ဓနဉ္စယသူဌေးသည် မိဿလေးလပတ်လုံး သမီး၏အမှုကြီးငယ်ကို ပြုပြီး၍ သမီးအား ပေးလိုက်သောဥစ္စာကား။ အသပြာဖြင့် ပြည့်သောလှည်းငါးရာ။ ရွှေဖြင့်ပြည့်သောလှည်း။ ငွေဖြင့်ပြည့်သောလှည်း။ ဝါချည်ပုဆိုး ပိုးချည်ပုဆိုးတို့ဖြင့် ပြည့်သောလှည်း။ ထောပတ်ဖြင့်ပြည့်သောလှည်း။ ဆီဖြင့်ပြည့်သောလှည်း။ ဆန်ဖြင့်ပြည့်သောလှည်း။ တင်လဲဖြင့်ပြည့်သောလှည်း။ အိုးဖြင့်ပြည့်သောလှည်း။ ထွန်ပိုးထွန်တုံးအစရှိသည်တို့ဖြင့်ပြည့်သောလှည်း။ ဤအလုံးစုံတို့ကို ငါးရာငါးရာစီအရေအတွက်ဖြင့် အလိုရှိသမျှ သူမှာမတောင်းရမ်းရစေသတည်းဟု ခပ်သိမ်းသော အဆောက်အဦကိုပေး၏။ ရထားတခု၌ တန်ဆာခပ်သိမ်းဆင်ကုန်လျက် ကျွန်မ လေးယောက်လေးယောက်တို့ကို နေစေ၍ ရထားလှည်း ငါးရာ ပေး၏။ ခြေရင်းအလုပ်အကျွေးကျွန်မနှစ်ထောင်ပေး၏။ နွားတို့ကိုလည်း ခြံငယ်တခုကိုဖွင့်၍ အနံ့တဥသဘ၊ အလျားသုံးဂါဝုတ်ရှိသောအရပ်၌ ပြည့်စေလျက် ပေး၍ ခြံကိုပိတ်ထားသော်လည်း ဆီးတားမနိုင် ခုန်၍ ထိုး၍ လိုက်ပြန်လေသည်ကား၊ နွားပိုက်ခြောက်သောင်း။ နွားမခြောက်သောင်း။ နွားငယ်ခြောက်သောင်း။ နွားဥသဘခြောက်သောင်း။ ပေါင်းလေးသိပါလေ၏။ အလျားသုံးဂါဝုတ်၊ အနံ့တဥသဘ၏အတွင်း၌ နွားတို့သည် အချင်းချင်းထိစေ၍ နေရသတည်း။ အဘယ်ကောင်းမှုကြောင့် ဆီးတား၍ မနိုင် နွားတို့သည် လိုက်ကုန်သနည်း ဟူမူကား။ ကဿပဘုရားပွင့်တော်မူသောကာလ ဗာရာဏသီပြည်၌ကိကီမင်းကြီး၏သမီး ခုနစ်ယောက်တို့တွင် အငယ်ဆုံး သံဃဒါသီဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော် နှစ်သောင်းအား ငါးပါးသော နွားနို့အရသာကို လှူသော အခါ တန်ပြီဟု မြစ်ငြားသော်လည်း မနေမူ၍ ဤလည်း ကောင်းပါ၏။ ဤလည်းကောင်းပါ၏ဟုလှူသောကောင်းမှုကြောင့်လိုက်ကုန်သတည်း။ သူဌေးကြီးသည် ဤမျှသောဥစ္စာတို့ကိုပေးပြီးသော် သူဌေးမသည် ဆို၏။ သင်တို့သည် သမီးအား အလုံးစုံကိုစီရင်အပ်ကုန်ပြီ၊ ကျွန်အမှုလုပ်

www.dhammaransi.com



မိန်းမတို့ကိုမစိရင်ပါဟုဆိုသော်။ ငါ၏သမီးအား ချစ်သောသူတို့၏အဖြစ်ကိုသိအံ့သော၄ါ မစိရင်သည်။ ငါ၏သွီးယာဉ်စီး၍သွားသောအခါ၌ ငါ၏သမီးနှင့်အတူလိုက်လိုသောသူတို့သည် လိုက်စေကုန်။ မလိုက်ချင်သောသူတို့သည် နေစေကုန်ဟုဆို၏။ ။မသွားမီတနေ့တွင် သမီးကိုအနီး၌နေစေ၍။ အမိ၊ တပါးသောအမျိုး၌နေသောသူမည်သည် ဤသို့ဤသို့သောအကျင့်ကိုကျင့်အပ်၏ဟု အဆုံးအမကိုပေး၏။ တပါးသောအမျိုး၌ နေသောသူ မည်သည်ကား။ အတွင်းကမီးကို ပြင်သို့ မထုတ်အပ်။ပြင်မှမီးကို အတွင်းသို့မသွင်းအပ်။ ပေးပြန်သောသူအား ပေးအပ်၏။ မပေးပြန်သောသူအားမပေးအပ်။ ပေးပြန်သောမပေးပြန်သောသူအား ပေးအပ်၏။ ချမ်းသာစွာနေအပ်၏။ ချမ်းသာစွာစားအပ်၏။ ချမ်းသာစွာ အိပ်အပ်၏။ မီးကိုလုပ်ကျွေးအပ်၏။ အိမ်တွင်းနတ်ကို ရှိခိုးအပ်၏။ ဤဆယ်ပါးသော အဆုံးအမကိုပေး၏။ မိဂါရသူဌေးသည်လည်း အခြားမဲ့တိုက်၌နေသဖြင့် ဓနဥ္စယသူဌေးဆုံးမပေးသောအသံကို ကြား၏။မိုးသောက်သောနေ့၌ ထိုအလုံးစုံသောသူတို့ကိုစည်းဝေးစေ၍ မင်းကြီး၏ စစ်သည် အလယ်၌ ရှစ်ယောက်သော သူကြွယ်တို့ကို အသီးခွဲယူ၍ ငါ၏သွီးသွားလေရာရာအရပ်၌ သွီးအားအပြစ်သည်ဖြစ်အံ့။သင်တို့ သုတ်သင်အပ်၏ဟု မှာလိုက်၏။ အဘိုး အသပြာကိုးကုဋေ ထိုက်သောမဟာလ္လတာတန်ဆာဖြင့်သမီးကိုတန်ဆာဆင်၍ ရေချိုးကသယ်မှုန့်ဘိုးငါးဆဲ့လေးကုဋေအသပြာပေး၍ ယာဉ်ထက်သို့တင်၍ သာကေတမြို့ထက်ဝန်းကျင်၌ သူဌေး၏ဥစ္စာဖြစ်သောသိပတိုင်ဌကျွန်းအနုရာဓပြည်ရှိတဆဲ့လေးရွာတို့၌ သမီးဝိသာခါနှင့်အတူ လိုက်လိုသသူတို့သည်လိုက်လေကုန်ဟု စည်လည်စေ၍အသံကိုကြားကုန်၍။ အရှင့်သမီးသွားလေသောအခါ ငါတို့အားဤအရပ်၌အဘယ်ပြုအံ့နည်းဟု တဆဲ့လေးရွာမှ စိုးစဉ်းကိုသာ ကြွင်းစေ၍ လိုက်လေကုန်၏။ ဓနဥ္စယသူဌေးသည် မင်းကြီးအားရင်း၊ မိဂါရသူဌေးအားရင်း၊ ပူဇော်သက္ကာရကို ပြု၍ အတန်ငယ်ပို့လိုက်၍ ထိုမင်းသူဌေးတို့နှင့်တကွ သမီးကိုလွှတ်လိုက်၏။ မိဂါရသည် ယာဉ်စီး၍ နောက်ဆုံးမှလိုက်သော် ဝိသာခါ၏ဗိုလ်ပါအပေါင်းကိုမြင်၍။ဤသူတို့သည် အဘယ်သူတို့နည်းဟုမေး၍ ချွေးမ၏ ကျွန်အမှုလုပ်တို့တည်းဟုဆိုသော်။ဤမျှလောက်သောသူတို့ကိုအဘယ်သူကျွေးမွေးနိုင်ပါအံ့နည်း။ ပုတ်ခတ်၍ ပြန်လေစေကုန်။ မပြန်လိုသောသူတို့ကို

www.dhammaransi.com



ဤတွင်နေရစ်စေကုန်ဟုဆို၏။ မဖြစ်စေကုန်လင့်၊ လိုက်စေကုန်။ ငါတို့သည် ဗိုလ်ပါအား ထမင်းရိက္ခာပေးကုန်အံ့ဆိုသော်လည်း။ အမိ၊ ငါတို့အား ဤသူတို့ကို ကျွေးမွေးစရာထမင်းမရှိဟု ခုတ်ခဲလှံကန်တို့ဖြင့် ပစ်ခတ်၍ပြေးစေ၍ အကြွင်းမှုကို ဤမှုဖြင့် ငါတို့အားတန်ပြီဟု ယူ၍သွားလေ၏။ ။ဝိသာခါသည် သာဝတ္ထိမြို့တံခါးသို့ရောက်သောအခါငါသည် အမိုးရှိသော ယာဉ်၌ နေ၍သော်တည်း ဝင်ရအံ့လော။ ရထား၌ နေ၍သော်တည်း ဝင်ရအံ့လောဟု ကြံပြီးသော် ပေါင်းမိုးရှိသောယာဉ်ဖြင့် ဝင်သော် ငါ၏တန်ဆာအထူးသည် မထင်ရှားလတ္တံ့။ ဤသို့ကြံ၍။ ပြည်သူအလုံးအား မိမိကိုယ်ကိုပြ၍ ရထား၌နေ၍မြို့သို့ဝင်၏။ မြို့သူတို့သည် ဝိသာခါ၏ စည်းစိမ်ကိုမြင်၍ ဝိသာခါ၏စည်းစိမ်ချမ်းသာသည် ဤသူအားလျောက်ပတ်ပေစွဟုဆိုကုန်၏။ ဝိသာခါသည် များစွာသောစည်းစိမ်ဖြင့် သူဌေးအိမ်သို့ဝင်ရောက်သောနေ့၌ပင် ဝိသာခါ၏ အာနုဘော်ကြောင့်၊ ငါတို့သူဌေးသည် ငါတို့မြို့သို့ရောက်ပြီ။ များစွာသောပူဇော်သက္ကာရကို ပြုကုန်အံ့ဟု ပြည်သူအလုံးတို့သည် အားနှင့် အလျောက်လက်ဆောင်ပဏ္ဏာ ပို့လာကုန်၏။ ဝိသာခါသည် ပို့လာတိုင်း ပို့လာတိုင်းသောပဏ္ဏာတို့ကို အသီးအသီး မှတ်သားစေ၍ ထိုမြို့သူတို့အားလည်း။ ဤသည်ကို ငါ၏အမိအား။ ဤသည်ကို ငါ၏အဘအား။ ဤသည်ကိုငါ၏မောင်အားပေးကုန်လော့ဟု အရွယ်နှင့်လျော်စွာချစ်ဘွယ်သောစကားဖြင့်ဆို၍ပဏ္ဏာတို့ပေး၏။ ဤသို့လက်ဆောင်တို့ပေးသဖြင့်ဝိသာခါသည် တပြည်လုံးသူတို့ကို အဆွေပြု၏။ ။ထိုနေ့ညဉ့်၌ မြည်းမဘွားသည်ရှိသော် ဝိသာခါသည်ဆီမီးတိုင်ကိုကိုင်လျက် ဆင်း၍ မြည်းမကိုရေနွေးဖြင့် ချိုးစေ၍ နယ်ဆီလိမ်းကျံ၍ မိမိနေရာသို့လာ၏။ ။မိဂါရသူဌေးသည် သားပုဏ္ဏဝဍ္ဍနအား ထိမ်းမြား မင်္ဂလာပြုသော်။ အဦးဖြစ်သောကျောင်းတော်၌နေသော မြတ်စွာဘုရားကို ပစ်ထား၍၊ အခါလေးဖြင့် ဖြစ်သော ချစ်ခြင်းရှိသော အချည်းစည်းအဝတ်မဝတ်သောတိတ္ထိတို့ကို သာကျွေးမွေးလျက် ငါ၏အရှင်တို့အား ပူဇော်သက္ကာရပြုအံ့ဟု-များစွာကုန်သောအိုးသစ်တို့ဖြင့် ဧရမရှိသောနို့ဃနာကိုချက်စေ၍ငါးရာသော အစေလကတိတ္ထိတို့ကို ဘိတ်ပင့်၍ အိမ်တွင်းသို့ဝင်စေ၍၊ ချွေးမသည်လည်းလာ၍ အရှင်ကောင်းတို့ကို ရှိခိုးလှည့်ဟု ဝိသာခါသို့စေလိုက်၏။ ဝိသာခါသည် အရိယာတစည့်ဖြစ်သောတာပန်ဖြစ်၍ ရဟန္တာဟူသော

စကားကို ကြားလျှင် နှစ်သက်၍ ထိုတိဖ္ဖိတို့ ထမင်းကျွေးရာသို့လာ၍ ကြည့်သော်။ ဤသို့ အရှက်အကြောက်ကိုကြဉ်၍ ရဟန္တာ မဖြစ်ကုန်။ အဘယ့်ကြောင့် ငါ့ယောက္ခမသည် ငါ့ကို ခေါ်လေဘိ သနည်း၊ စက်ဆုပ်ဘွယ်ဟုကဲ့ရဲ့၍ မိမိနေရာသို့သွားလေ၏။ အံ့ဝတ်မဝတ်သောတိဖ္ဖိတို့သည် တပြိုင်နက်တည်းဖြင့်၊ သူဌေး၊ အဘယ့်ကြောင့် သင်သူဌေးအား သူငယ်မတပါးကိုမရနိုင်သကဲ့သို့ ရဟန်းဂေါတမ၏ တပည့်သူယုတ်မကို အိမ်တွင်းသို့သွင်းဘိသနည်း။ ထိုသူယုတ်မကို ဤအိမ်မှလျင်စွာထုတ်ဘိလော့ဟု ဆိုကုန်၏။ သူဌေးသည် ထိုသူတို့၏စကားဖြင့် နှင်ထုတ်အံ့သော၄ါမတတ်ကောင်း။ အမျိုးကြီး၏သမီးတည်းဟုကြံ၍။ဆရာတို့၊ မိန်းမငယ်သည်ကား သိ၍ဖြင်း မသိ၍ဖြင်း ဆိုရာ၏၊ အရှင်တို့သည် ဆိတ်ဆိတ်သာနေပါကုန်ဇလော့ဟုဆို၍ လွှတ်လိုက်ပြီးလျှင် သူဌေးသည် မြတ်သောနေရာ၌နေ၍ ရွှေခွက်ဖြင့် ရေမရှိသောနို့ဃနာကိုစား၏။ ထိုအခါ ဆွမ်းခံသွားသောဘုရားတပည့်တပါးသည် ဆွမ်းအလို့၄ါ ထိုအိမ်သို့ဝင်လေ၏။ ဝိသာခါသည် ယောက္ခမကိုယပ်ခံ၍နေစဉ် ထိုရဟန်းကိုမြင်၍ ယောက္ခမအားကြားအံ့သော၄ါမသင့်ဟုဆိတ်ဆိတ်နေ၍ မထေရ်အား ယောက္ခမမြင်လွယ်အောင်ခွါ၍နေ၏။ သူဌေးမိုက်သည် မထေရ်ကိုမြင်သော်လည်း မမြင်သကဲ့သို့ အောက်သို့မျက်နှာချ၍စား၏။ ဝိသာခါသည် မထေရ်ကိုမြင်၍လည်း ငါ၏ယောက္ခမသည် ရဟန်းဟူသောအမှတ်ကိုမျှ မပြုပါဟု သိ၍၊ကန်တော့ပါ၏ အရှင်ဘုရား၊ အကျွန်ုပ်၏ယောက္ခမသည် အသစ်ကိုမပြု။ အဟောင်းကိုသာ စားပါ၏ဟု ဆို၏။ သူဌေးသည် နိဂဏ္ဌတို့ကိုဆိုသောအခါ သည်းခံ၍၊ အဟောင်းကိုသာစားသည်ဟု ဆိုသောခဏ၌ လက်ကိုဖယ်၍၊ ဤဃနာကို ဆောင်လေကုန်။ ဤသူယုတ်မကိုလည်း အိမ်မှနှင်ထုတ်လေကုန်။ ဤချွေးမသည် ငါ့အား ဤသို့မင်္ဂလာအခါ၌ မစင်စားမည်သည့်ကိုပြု၏ဟုဆို၏။ ထိုအခါ ဝိသာခါ၏ကျွန်အမှုလုပ်တို့သည် အနီး၌ဖြစ်ကုန်၏။ ဝိသာခါကို လက်ခြေတို့၌ ကိုင်ငံ့မည်ကိုထား၍ စကားတွံ့ကိုမျှဆိုခြင်းငှါစွမ်းနိုင်သောသူမရှိ။ ဝိသာခါသည် ယောက္ခမစကားကို ကြား၍။ ဤမျှဖြင့် ငါတို့သည် မထွက်ကုန်သေး၊အဘတို့သည် ငါ့ကို ရေဆိပ်မှရေခပ်ကျွန်မကိုကဲ့သို့ ဆောင်အပ်သည်မဟုတ်။ ထင်ရှားရှိသောမိဘ၏သမီးတည်း။ ဤမျှဖြင့် မထွက်သေး။ ဤသို့သော အကြောင်းကြောင့်ပင် အကျွန်ုပ်အဘသည်

www.dhammaransi.com



ဤမြို့သို့လာသောအခါ၌ဤရှစ်ယောက်သောသူကြွယ်တို့ကို၊ အကယ်၍ ငါ၏သို့အားအပြစ်ဖြစ်အံ့၊ သင်တို့သုတ်သင်ပါလေကုန်မှာ၍ အကျွန်ုပ်ကို ထိုသူတို့၏လက်၌အပ်ထား၏။ ထိုသူကြွယ်တို့ကိုခေါ်၍ အကျွန်ုပ်၏ အပြစ်ကိုသုတ်သင်ပါစေကုန်လော့ဟုဆိုသော်။ ဤချွေးမသည် ကောင်းသောစကားကို ဆို၏ဟု သူကြွယ်တို့ကို ခေါ်စေ၍၊ ဤသူငယ်မသည် မင်္ဂလာပြုသောအခါ ရွှေခွက်ဖြင့် နို့ဃနာစားသော ငါ့ကို မစင်စားဆို၏။ ထို့ကြောင့် ဤချွေးမအား အိမ်မှနှင်ထုတ်ကုန်လော့ဟုဆို၏။ ဤသို့ဆိုသည်မှန်ပေသလောဟု သူကြွယ်တို့မေးသော် အကျွန်ုပ် ဤသို့မဆိုပါ။ သခင်ကောင်းတပါးဆွမ်းရပ်လာသည်ရှိသော် ယောက္ခမသည်ရေမရှိသောနို့ဃနာကို မိမိသာစား၍ ထိုသခင်ကို သတိမမူပါသောကြောင့်။ ငါ၏ယောက္ခမသည် ကောင်းမှုသစ်မပြု၊ အဟောင်းကိုသာ စားသည်ဟုကြံ၍ ယောက္ခမသည် အဟောင်းကိုသာလျှင် စားသည်ဟု ဆို၏။ ဤစကား၌ ငါ့အား အဘယ်အပြစ်ရှိအံ့နည်းဆို၏။ ရှင်သူဌေး၊ ဤစကား၌ အပြစ်မရှိ။ ငါတို့၏သို့သည် သင့်သည်ကိုသာ ဆိုပေ၏။ သင်အဘယ့်ကြောင့် အမျက်ထွက်သနည်း ဆိုကြသော်။ အရှင်တို့၊ ဤချွေးမအား ဤစကားဖြင့်အပြစ်မရှိသည်ဖြစ်စေ။ ဤချွေးမသည် တနေ့ညသန်ခေါင်ယံ၌ ကျွန်ယောက်ျား ကျွန်မိန်းမ ခြံရံလျက် အိမ့်အနောက်ကို သွားလေသည်ဟုဆို၏။ ဟုတ်ပေသလော အမိဟု မေးကြသော်။ အဘတို့၊ အကြောင်းတပါးဖြင့် အကျွန်ုပ်မသွား။ ဤအိမ်၌ မြည်းမသားဘွားသည်ကို အမှတ်မဲ့နေအံ့သော်ငှါ မသင့်ဟုကြံ၍၊ ဆီမီးထွန်းလျက် ကျွန်မများနှင့်သွား၍ မြည်းမအား ရေနွေးနှင့်ဆေးကြောသုတ်သင်ခြင်းကိုပြု၏။ ဤသို့ပြုရာ၌ အဘယ်အပြစ်ရှိအံ့နည်းဆိုသော်။ ရှင်သူဌေး၊ ငါတို့၏သို့သည် ကျွန်တို့မပြုသည့်အမှုကိုပင်ပြုပေသည်။ ဤသို့သွားရာ၌ အဘယ်အပြစ်မြင်သနည်းဟုမေးကုန်၏။ အရှင်တို့၊ ဤ၌လည်း အပြစ်မရှိသော် လွတ်စေ။ ဤသူငယ်မ၏အဘသည် ဤမြို့သို့လာခါနီးတွင် ပန်းကွယ်ရာ၌နေ၍၊ အတွင်းကမီးကို ပြင်သို့မထုတ်အပ်၊ စသည်ဖြင့် ဆယ်ပါးသောဆုံးမခြင်းကို ဤသူငယ်မအားပေး၏။ ဤဆယ်ပါးတို့အနက်ကို ဆိုအံ့သောငှါ အပ်၏။ ငါတို့သည် အိမ်နီးချင်းတို့အား မီးကိုမဖေးနေအံ့သောငှါရင်း၊ ထိုသူတို့၏မီးကို မယူနေအံ့သောငှါရင်း မတတ်နိုင်ကုန်ဟုဆို၏။ ဤသို့ဆိုတိုင်းမှန်သလော အမိဟု မေးကုန်သော်။ အဘတို့၊ အကျွန်ုပ်အဘ

www.dhammaransi.com



သည် ဤအကြောင်းများကိုရည်၍မဆို။ ထိုဆုံးမခြင်းတို့၏အနက်မှာမူ အတွင်းဖြစ်သော ယောက္ခမလင်တို့၏ ကျေးဇူးမဲ့စကားကို အပြင်ဖြစ်သောမိန်းမယောက်ျားတို့အား မပြောဆိုလင့်။ ပြင်မိန်းမယောက်ျားတို့ ယောက္ခမလင်တို့၏ ကျေးဇူးမဲ့ဆိုသည်ကို ဆောင်ခဲ့၍၊ ယောက္ခမလင်တို့အား မပြောဆိုလင့်။ တခါအငှါးရမ်းသော ဥစ္စာကို ပြန်ပို့လာသသူတို့အား ပေးအပ်၏။ မပြန်မပို့သူတို့အား မပေးအပ်။ ပေးပြန်လာသည်ဖြစ်စေ၊ မပေးပြန်လာသည်ဖြစ်စေ၊ ဆွေဆင်းရဲ မျိုးဆင်းရဲတို့အားကား သဂြိုဟ်ထောက်မသဖြင့် ပေးအပ်၏။ ယောက္ခမလင်တို့ကို မြင်လျှင်။ ထရ ပြောင်းရမည့်အရပ်၌ မနေမူ၍၊ ချမ်းသာစွာ မပြောင်းမထရမည့် အရပ်၌ နေအပ်၏။ ယောက္ခမလင်တို့ မစားခင် မစားမူ၍ အရိုအသေ ပြုအပ်၏။ ယောက္ခမလင်တို့ကိုလုပ်ကျွေး၍ ထိုသူတို့စားရသည် မစားရသည်ကို သိ၍ နောက်မှ စားအပ်၏။ ယောက္ခမလင်တို့၏ ရှေးဦးစွာ အိပ်ရာသို့တက်၍ မအိပ်မူ၍ ထိုသူတို့အားပြုအပ်သော ဝတ်ကြီး ဝတ်ငယ်ကိုပြု၍ နောက်မှ အိပ်အပ်၏။ ယောက္ခမလင်တို့ကို မီးပုံကြီးကဲ့သို့ မှတ်၍ အရိုအသေပြုအပ်၏။ ယောက္ခမလင်တို့ကို နတ်ကိုကဲ့သို့ ပြု၍ ရှုအံ့သောငှါအပ်၏။ဤသည်လျှင် ဆုံးမခြင်းဆယ်ပါးတို့၏အနက်တည်း ဟုဆိုသေး်။ ထိုစကားကိုကြားလျှင် စကားမဆိုဝံ့ဘဲ မျက်နှာအောက်သို့ပေး၍ သူဌေးနေလေသေး်၊ သူကြွယ်တို့ဆိုကုန်၏။ သူဌေး၊ ငါတို့၏ သမီးအား တပါးသောအပြစ်ရှိလျှင် ဆိုဦးလော့။ အဘယ့်ကြောင့် ငါတို့၏သမီးကို အကြောင်းမရှိဘဲလျက် နှင်ထုတ်ရဘိသနည်းဟုမေးကြသည် ရှိသေး် ဝိသာခါဆို ၍။အဘတို့၊အသို့နည်း အကျွန်ုပ်သည် ယောက္ခမ၏ စကားဖြင့် ရှေးဦးစွာက သွားခြင်းငှါသင့်သည်ဖြစ်၏။ အကျွန်ုပ်၏အဘသည် ဤမြို့သို့လာခါနီး၌ အကျွန်ုပ်အား အပြစ် ရှိ မရှိကို သုတ်သင်စိမ့်သောငှါ အကျွန်ုပ်ကို အဘတို့သို့အပ်လိုက်၏။ အဘတို့သည် အကျွန်ုပ်အား အပြစ်မရှိသောအဖြစ်ကိုသိရပြီ။ ယခုအခါ၌ အကျွန်ုပ်သွားလွယ်ပါပြီဟုဆို၍ ကျွန်မိန်းမကျွန်ယောက်ျားတို့ကို ယာဉ်အစရှိသည်တို့ကို စီရင်ကုန်ဟုစေ၏။ ။ထိုအခါ မိဂါရသူဌေးသည် ရှစ်ယောက်သော သူကြွယ်တို့ကိုခေါ်၍။ ငါသည် မသိသောကြောင့် ဆိုမိသည်။ ငါ့ချွေးမ သည်းခံပါစေဟုတောင်းပန်စေ၍။ အဘတို့၊ သင်တို့ သည်းခံပါဆိုလျှင် ငါသည်းခံအံ့။ ငါသည် မြတ်စွာဘုရား သာသနာတော်၌ မတုန်မလှုပ်

ကြည်ညိုသောအမျိုးသမီးဖြစ်သည်။ ရဟန်းသံဃာနှင့်ကင်း၍ မနေနိုင်။ အကျွန်ုပ်၏အလိုအားဖြင့် ရဟန်းသံဃာကိုလုပ်ကျွေးအံ့သော၌ရလျှင် နေပါအံ့ဟုဆိုသော်။အမိ၊သင့်အလိုအတိုင်း ရဟန်းသံဃာတို့ကို လုပ်ကျွေးပါလော့ဟုဆို၏။ ။ဝိသာခါသည်ထိမ်းမြားမင်္ဂလာပြု၍ မိုးသောံသောနေ့၌မြတ်စွာဘုရားကိုဆွမ်းဘိတ်၍အိမ်တွင်းသို့သွင်း၏။ တိတ္ထိတို့သည် မြတ်စွာဘုရား မိဂါရသူဌေးအိမ်သို့ ကြွတော်မူသော အဖြစ်ကိုသိလျှင်။အိမ်၏နောက်အဘို့၌ခြံရံ၍နေကုန်၏။ ဝိသာခါသည် အလှူရေစက်ကိုပေး၍ အလုံးစုံပူဇော်သက္ကာရကို စီရင်၏။ ငါ့ယောက္ခမသည် လာ၍ မြတ်စွာဘုရားကိုလုပ်ကျွေးလှည့်ဟုစေလိုက်၏။ထိုအခါ မြတ်စွာဘုရား၊သခင်အထံသို့သွားလိုသောမိဂါရသူဌေးကို။သူကြွယ်၊သင်သည် ဂေါတမရဟန်း၏အထံသို့မသွားလင့်ဟု တိတ္ထိတို့သည် မြစ်ကုန်သောကြောင့်၊ ငါ၏ချွေးမသည် အလိုလိုသာလုပ်ကျွေးပါလော့ဟု စေလိုက်၏။ဝိသာခါသည်ဘုရားအမှူးရှိသောသံဃာတော်ကိုလုပ်ကျွေး၍ ဆွမ်းဘုန်းပေးပြီးသော်။ ယောက္ခမသည် တရားနာလှည့်ဟု ခေါ်၏။ မိဂါရသူဌေးလည်း ယခုအခါ နေအံ့သော၌ မလျောက်ပတ်ဟု တရားနာအံ့သော၌သွားသော် တိတ္ထိတို့သည်ဆိုကုန်၏။ သူဌေး၊သွားသော်လည်း တင်းထိမ်ပြင်မှနေ၍ တရားကိုနာလေဟု မှာလိုက်ကုန်၏။ ထိုတိတ္ထိတို့သည်ပင် သူဌေး၏ ရှေးဦးစွာလာ၍ တင်းထိမ် ရံကုန်၏။ သူဌေးသည် သွား၍တင်းထိမ်ပ၌နေ၏။မြတ်စွာဘုရားသည် သင်မိဂါရသူဌေးသည် တင်းထိမ်အပ၌နေလိုလည်း နေ။ နံရံ၏တဘက်၌နေလိုလည်း နေ။ မြင်းမိုရ်တောင်၏တဘက်၌ နေလိုလည်း နေ။ စကြဝဠာ၏ တဘက်၌ နေလိုလည်း နေ။ငါသည် သင့်အား ငါ၏အသံကိုကြားစေနိုင်၏ဟု ဒါနသီလစသောအစဉ်စကားကိုပြောဆိုတော်မူ၏။ ။ဇမ္ဗုသပြေပင်၏ပင်စည်ကို ကိုင်၍ဖွဲ့နည်းသကဲ့သို့၊ အမြိုက်မိုးကြီးကိုရွာစေသကဲ့သို့ တရားဟောတော်မူသည်ရှိသော်။ အပါးတော်၌တည်သောသူတို့သည်၎င်း၊ စကြဝဠာတသောင်းကို လွန်၍ တည်သောသူတို့သည်၎င်း။ မြတ်စွာဘုရားသည် ငါ့ကိုသာကြည့်၏။ ငါ့အားတရားဟော၏ဟု ထင်ကုန်၏။ မြတ်စွာဘုရားသည် ထိုထိုသို့သောသူကိုကြည့်သကဲ့သို့၊ထိုထိုသို့သောသူနှင့် စကားပြောသကဲ့သို့ဖြစ်တော်မူ၏။ လမင်းသည်လည်း ကောင်းကင်ပြင်၌တည်လျက် ငါ၏အထက်၌ လမင်းတည်၏ဟု ခပ်သိမ်းသော

www.dhammaransi.com



သတ္တဝါတို့အား ထင်ကုန်သကဲ့သို့၊ ထိုအတူ အမှတ်မရှိသောအရပ်၌ နေကုန်သောကျွတ်ထိုက်သောသတ္တဝါတို့သည် ထင်ကုန်၏။ ဤသို့ဖြစ်ခြင်းသည် ဦးခေါင်းကိုဖြတ်၍၊ မျက်စိကိုထုတ်၍၊ နှလုံးသားကိုထုတ်၍၊ သားကို၊ သမီးကို၊ မယားကို၊ သူတပါးတို့အားစွန့်ကြ၍လှူသောကောင်းမှု၏အကျိုးတည်း။ ။မြတ်စွာဘုရား တရားဟောသည်ရှိသော် သူဌေးသည် တင်းထိမ်ပဋ်၌နေလျက် သောတာပတ္တိဖိုလ်၌တည်လေ၏။ မတုန်လှုပ်သောသဒ္ဓါခြင်းနှင့်ပြည့်စုံ၏။ ရတနာသုံးပါးတို့၌ ယုံမှားခြင်းကင်း၍ တင်းထိမ်ကိုကြွလျက်ဝင်လှာ၍ ဝိသာခါ၏သားမြတ်ကို နှုတ်သီးဖြင့်စုတ်၍ ယနေ့မှစ၍ သင်သည် ငါ၏အမိတည်းဟု ဝိသာခါကို အမိ၏အရာ၌ထား၏။ ထိုကြောင့် မိဂါရမာတာဟူသောအမည်သည် ဝိသာခါအားဖြစ်၏။ ။နောက် သားရသောအခါ၌ မိဂါရဟူသောအမည်ကို ထိုသားအားမှည့်၏။ သူဌေးကြီးသည် ဝိသာခါ၏နို့ကိုလွှတ်၍ မြတ်စွာဘုရားခြေတော်၌ ဦးဖြင့်ဝပ်၍ လက်ဖြင့်ဆုပ်၍၊ အရှင်ဘုရား၊ အကျွန်ုပ်သည် မိဂါရမည်ပါ၏ဟု သုံးကြိမ် အမည်ကိုကြား၍။ အရှင်ဘုရား၊ အကျွန်ုပ်သည် ဤမျှသောကာလပတ်လုံး ရတနာသုံးပါး၌ အလှူသည် အကျိုးကြီးမြတ်၏ဟုမသိပါ။ ယခုမှာအကျွန်ုပ်သည် ချွေးမကိုမှီ၍သိအပ်ပြီ။ အပါယ်ဆင်းရဲမှလွတ်ပြီ။ အကျွန်ုပ်၏ချွေးမသည် အကျွန်ုပ်၏အကျိုးစီးပွါးအလို့ငှါဤအိမ်သို့လာပေ၏ဟုဆို၍။ သော ဟံ အဇ္ဇ ပဇာနာမိ၊ အစရှိသောဂါထာကိုရွတ်၏။ ဝိသာခါသည် တမိုးသောက်သောနေ့၌လည်း ဆွမ်းဘိတ်မန်၍လုပ်ကျွေး၏။ မိဂါရသူဌေး သောတာပတ္တိဖိုလ်၌တည်သည်မှစ၍ ထိုအိမ်သည် သာသနာတော်၌ ဘွင့်သောတံခါးရှိ၏။ မြတ်စွာဘုရား ဆယ်ဝါမြောက်တွင် ဝိသာခါသည် မိဂါရသူဌေး၏ ချွေးမဖြစ်သောနေ့၏ နောက်တနေ့မှစ၍ မြတ်စွာဘုရားနှင့် ဆရာတကာဖြစ်၏။ ။သူဌေးသည်ငါ၏ချွေးမသည်ကျေးဇူးရှိပေစွ၊ ကြည်ညိုသောအခြင်းအရာကိုပြုကုန်အံ့။ ဤချွေးမ၏တန်ဆာသည် လေးလှ၏။ အခါခပ်သိမ်းဆင်ယင်အံ့သောငှါမတတ်နိုင်။ နေ့၌ရင်း၊ ညဥ့်၌ရင်း၊ အခါခပ်သိမ်းဆင်နိုင်ကောင်းသောတန်ဆာကို ငါသည်ပြုအပ်၏ဟု အဘိုးတသိန်းထိုက်သောမဟာလတာအမည်ရှိသောတန်ဆာကိုပြု၍ပြီးသည်ရှိသော်၊ ဘုရားအမှူးရှိသော သံဃာတော်ကို ဆွမ်းဘိတ်၍ ဆွမ်းလုပ်ကျွေး၏။ ဝိသာခါကို တဆဲ့ခြောက်လုံးသောနံ့သာရေ့တို့ဖြင့်ချိုးစေ၍၊ ထိုတန်ဆာ

www.dhammaransi.com



ကိုဆင်စေ၍၊မြတ်စွာဘုရားကိုရှိခိုးစေ၏။ ဝိသာခါသည် ထိုအခါမှစ၍ အလှူအစရှိသောကောင်းမှုတို့ကိုပြု၍ မြတ်စွာဘုရားအထံ၌ ဆုရှစ်ပါးတို့ကိုရ၍ ကောင်းကင်၌လကဲ့သို့ထင်ရှား၏။သားသမီးတို့ဖြင့် ပွါးစီးခြင်းသို့ရောက်၏။ သားယောကျာ်းတကျိပ်၊ သမီးမိန်းမတကျိပ်တို့သည်ဖြစ်ကုန်၏။ ထိုသားသမီးတို့တွင် တယောက်တယောက်အားလည်း သားတကျိပ် သမီးတကျိပ်အားဖြင့် နှစ်ကျိပ်စီဖြစ်၍ မြေးလေးရာဖြစ်၏။ မြေးတို့တွင်လည်း တယောက် တယောက်အား နှစ်ကျိပ်စီ ဖြစ်၍ မြစ်ရှစ်ထောင်ဖြစ်၏။ဝိသာခါသည် အသက်တရာ့နှစ်ဆယ်နေ၍ ဆံဖြူတပင်မျှမရောက်။တဆဲ့ခြောက်နှစ်ရွယ်အမြဲဖြစ်၏။သားမြေးမြစ်တို့ဖြင့်ကျောင်းသို့သွားသော်။ ဤသူတို့တွင် ဝိသာခါသည် အဘယ်နည်းဟု မေးရကုန်၏။ ဇာရိယာပုထ်လေးပါးလုံး၌ပင် တင့်တယ်၏။ ဝိသာခါသည် ဆင်ငါးစီးအားကိုဆောင်၏။ ထိုကြောင့် ကောသလမင်းသည် ဝိသာခါ၏ အားကိုသိလို၍ တရားနာ၍ ကျောင်းမှပြန်သောအခါ ဆင်ကိုလွှတ်၏။ ဆင်သည် နှာမောင်းကိုချီ၍ ဝိသာခါသို့ ရှေးရှုလာ၍။ ကျွန်မအချို့တို့သည် ပြေးလေကုန်၏။အချို့ကား ဝိသာခါသို့ကပ်လာကုန်၏။ အဘယ့်ကြောင့်ပြေးလာကုန်သနည်းဟုမေး၍၊ မင်းကြီးသည် ရှင်မအားကိုစမ်းလို၍ ဆင်ကိုလွှတ်သည်ဟုဆိုကုန်သော်၊ဆင်ကိုမြင်၍အဘယ့်ကြောင့် ပြေးသနည်း၊ငါ ဆင်ကိုနှိပ်အံ့ဟုဆို၍၊ အကယ်၍ပြင်းစွာနှိပ်အံ့၊ ပျက်စီးရာ၏ဟု လက်ချောင်းနှစ်ချောင်းဖြင့်သာ နှာမောင်း၌ကိုင်၍တွန်းလိုက်၏။ ဆင်သည်နောက်ဆုတ်ခွေးထိုင်ထိုင်၍လည်းလေ၏။ထိုအခါလူတို့သည် ကောင်းချီးပြောကုန်၏။ ။

ထိုအခါ သာဝတ္ထိပြည်၌ ဝိသာခါသည် သားမြေးမြစ်များစွာဖြစ်၍ အလွန်မင်္ဂလာရှိသောသူဟု သမုတ်အပ်၏၊ သားမြေးမြစ်တို့တွင် တယောက်သောသူမျှ အကြား၌သေသောမည်သည် မရှိ။မင်္ဂလာပွဲလမ်းသဘင်တို့၌ ဝိသာခါကိုဘိတ်မန်၍ ရှေးဦးစွာကျွေးမွေးကုန်၏။ ထိုနေ့အခါ ကြွနေ့သည်၌ များစွာသောသူတို့သည် တန်ဆာဆင်ယင်ကုန်လျက် တရားနာအံ့သောငှါကျောင်းသို့သွားကုန်၏၊ဝိသာခါသည် ဘိတ်မန်ရာ၌ ထမင်းစား၍ မဟာလတာတန်ဆာကိုဆင်၍ အလုပ်အကျွေးနှင့်တကွ ကျောင်းသို့သွားလေသော်။ အနီးသို့ရောက်သောအခါ၌ ဤသို့ အဘိုးကြီးသော၊ ထိပ်မှစွပ်လျှင် ခြေဖျားမိုးတိုင်အောင်ရောက်သောတန်ဆာ

www.dhammaransi.com



ကိုဆင်လျက် ဝင်းခဲ့သော ငါ့မအပ်ဟုကြံ၍ တန်ဆာကိုချွတ်၍ အဝတ်ဖြင့်ထုပ်၍ ကျွန်မအား ဤတန်ဆာထုပ်ကိုယူလော့ဟု ယူခဲ့စေ၍ မြတ်စွာဘုရားအထံမှပြန်သော အခါတန်ဆာကိုဆင်အံ့ဟု ကျောင်းတော်သို့ ဝင်လေ၏။ ဝိသာခါ၏ဘုန်းကြောင့် ဤကျွန်မတယောက်သာ ဆင်ငါးစီးအားကိုဆောင်၍ ဤတန်ဆာကိုဆောင်ရွက်နိုင်သတည်း။ ထိုဝိသာခါသည်တရားနာ၍ပြန်သောအခါ ထိုကျွန်မသည်တန်ဆာကိုမေ့ရစ်လေ၏။ ရှင်အာနန္ဒာသည် မြတ်စွာဘုရားအား၊ ရှင်ပင်ဘုရား၊ဝိသာခါသည် တန်ဆာထုပ်ကိုမေ့၍သွားလေပြီဟု လျှောက်သော်။ အာနန္ဒာ၊ သိမ်း၍ထားလော့ဟု မိန့်တော်မူသဖြင့်။ အရှင်အာနန္ဒာ တန်ဆာထုပ်ကိုယူ၍ စောင်းတန်းဦး၌ဆွဲ၍ထား၏။ ။ဝိသာခါသည် ကျောင်းတော်အရံမှ ထွက်၍။တံခါး၏အနီးဥပစာ၌ ရပ်လျက်။ အမိ၊တန်ဆာကိုယူခဲ့၊ဆင်အံ့ဟုဆိုသောခဏ၌ ကျွန်မသည် တန်ဆာထုပ်မေ့ရစ်သောအဖြစ်ကို သိ၍။ အရှင်မ၊ မေ့ရစ်ခဲ့ပြီဟုဆိုသော်။ ထိုသို့တပြီးကား သွားချေလော့။ အကယ်၍မူကား အရှင်အာနန္ဒာသည် ကောက်ယူ၍ တပါး၌ထားနှင့်သည်ဖြစ်အံ့။ မဆောင်ခဲ့လင့်လော့။ တန်ဆာကို အရှင်အာနန္ဒာအား ငါစွန့်တော့သည်။ သိအောင်ပြုခဲ့ဟု မှာလိုက်၏။ ရှင်အာနန္ဒာသည်လည်း ကျွန်မပြည့်ဝလာသည်ကိုမြင်၍။ အဘယ်ကြောင့် လာပြန်သနည်း မေးသဖြင့်။ တန်ဆာထုပ်ကို အကျွန်ုပ်မေ့၍သွားမိသည်။ မြင်တော်မူပါသလောဟုမေး၏။ငါသည် ကောက်ယူ၍စောင်းတန်းဦး၌ဆွဲ၍ထားသည်။ သွား၍တန်ဆာကိုယူလေလော့ဟုဆို၏၊ ထိုကျွန်မသည်လည်း။ ရှင်ပင်ဘုရား၊ အရှင်တို့လက်ဖြင့် သုံးသပ်လေပြီးဖြစ်မူကား မယူခဲ့နှင့်တော့ဟု မှာလိုက်ပါသည်ဆို၍လက်ချည်းပြန်လေ၏။ အမိ၊အသို့နည်းဟု ဗိသာခါမေးသည်ရှိသော်။ အရှင်အာနန္ဒာ သိမ်းယူထားနှင့်သောအကြောင်းကို ကျွန်မကြားလျှောက်၏။ ထိုအခါ အမိ၊ အရှင်အာနန္ဒာသုံးသပ်လေပြီးသောတန်ဆာကိုငါမဆင်ပြီ။ ဤတန်ဆာကို အရှင်တို့အားသာလျှင် စွန့်လှူတော့သည်။ထိုတန်ဆာကိုစွန့်၍ အရှင်တို့အားကပ္ပိယဘဏ္ဍာကို ဆောင်အံ့၊ သွားချေဦး။ ထိုတန်ဆာကိုဆောင်ခဲ့ဟု စေလိုက်၍။ ကျွန်မသွား၍ ဆောင်ချေပြီးသော် ဝိသာခါသည် မဆင်ပြီဟူ၍ ရွှေပန်းထိမ်သည်တို့ကိုခေါ်၍အဘိုးပြတ်စေသော်။အသပြာ ၉ ကုဋေ အဘိုးထိုက်၏။ လက္ခမူကား အသပြာတသိန်းထိုက်၏ဆိုသော်။ တန်ဆာထုပ်ကို

www.dhammaransi.com



ယာဉ်၌တင်စေ၍ ရောင်းချေကုန်ဟုဆို၏၊ အဘိုး ၉ ကုဋေပေး၍ယူနိုင်သသူသည်မရှိ။ ထိုတန်ဆာကို ဆင်ခြင်း၌ လျောက်ပတ်သော သူကိုလည်းမရ၍၊ ဝိသာခါသည်ပင် ထိုတန်ဆာ၏အဘိုးကိုပေး၍။ တသိန်းအလွန်နှင့်တကွအသပြာ ၉ ကုဋေကိုလှည်း၌တင်၍ ဇေတဝန်ကျောင်းတော်သို့ဆောင်ခဲ့၍။ မြတ်စွာဘုရားကိုရှိခိုး၍။ ရှင်ပင်ဘုရား၊အကျွန်ုပ်၏တန်ဆာကို အရှင်အာနန္ဒာသည် လက်ဖြင့် သုံးသပ်သောကြောင့် ထိုတန်ဆာကို ဆင်အံ့သော၌မတတ်ကောင်း။ ထိုတန်ဆာကိုစွန့်၍ ကပ္ပိယဘဏ္ဍာကို ဆောင်အံ့ဟု ရောင်းစေသော်လည်း ဝယ်နိုင်သောသူကိုမမြင်၍ အကျွန်ုပ်သည်ပင် အဘိုးပေး၍လာ၏။ ပစ္စည်းလေးပါးတို့တွင် အဘယ်ပစ္စည်းကို ကပ်ရအံ့နည်းအရှင်ဘုရားဟုလျှောက်သော်။ ဒါယိကာမဝိသာခါ၊ မြို့အရှေ့တံခါး၌ သံဃာ၏နေရာကို သင်သည်ပြုခြင်း၌ သင့်၏ဟုမိန့်တော်မူသော်။ သင့်ပြီအရှင်ဘုရားဟုဆို၍၊ ဝိသာခါသည် နှစ်သက်သည်ဖြစ်၍ အသပြာ ၉ ကုဋေတို့ဖြင့်မြေကိုဝယ်၍ ၉ ကုဋေ အသပြာဖြင့်ကျောင်းကိုပြုခြင်း၌အားထုတ်၏။ ။

ထိုရောအခါ တနေ့သ၌ မြတ်စွာဘုရားသည် လောကကို ရှုကြည့်တော်မူသော်။ နတ်ပြည်မှစုတေ၍ ဘဒ္ဒိယမြို့၌ သူဌေးအမျိုး၌ ဖြစ်လာသောဘဒ္ဒိယသူဌေးသားအား ဥပနိဿယနှင့်ပြည့်စုံခြင်းကိုမြင်၍။အနာထပိဏ်သူဌေးအိမ်၌ ဆွမ်းစားခြင်းကိုပြု၍၊ မြောက်တံခါးသို့ ဖဲရှုကြွတော်မူသောဘုရားကိုမြင်၍ လူတို့သည် မြတ်စွာဘုရား ဒေသစာရီကြွတော်မူလတ္တံ့ဟုဆိုကုန်၏။ဝိသာခါလည်း ထိုနေ့၌ မြတ်စွာဘုရားသည် မြောက်တံခါးသို့ ဖဲရှုကြွတော်မူသည်ဟုကြား၍၊ လျင်စွာသွား၍ ရှိခိုး၍။ဒေသစာရီကြွတော်မူလိုသလော အရှင်ဘုရားဟုလျှောက်၍၊ ကြွတော်ကြွလို၏ဝိသာခါဟု မိန့်တော်မူလေသော်။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ဤမျှလောက်သောဥစ္စာကိုစွန့်၍ အရှင်ဘုရားတို့၏ ကျောင်းကိုပြုပါစေ၏။ ပြန်တော်မူပါအရှင်ဘုရားဟု လျှောက်ပြန်သော်။ ဝိသာခါ၊ ဤသွားခြင်းသည် မနစ်သောသွားခြင်းတည်းဟုမိန့်တော်မူ၍။ ဤသို့ကြွရာ၌ မြတ်စွာဘုရားသည် မချွတ်ဟိတ်နှင့်ပြည့်စုံသော တစုံတယောက်ကိုမြင်တော်မူ၏ဟုကြံ၍။ ထိုသို့မူကားရှင်ပင်ဘုရား၊ အကျွန်ုပ်အားပြုပြီးသည်မပြုသေးသည်ကိုသိတတ်သော ရဟန်းတယောက်ကို ပြန်ပါစေဟုလျှောက်သော်။ဝိသာခါ၊အကြင်ရဟန်းကိုသင်နှစ်သက်၏။ထိုရဟန်း

၏သပိတ်ကိုယူလော့ဟုမိန့်တော်မူ၏။ ဝိသာခါသည် အရှင်အာနန္ဒာကို
ချစ်မြတ်နိုးလှသော်လည်း။ အရှင်မောဂ္ဂလာန်သည်တန်းခိုးကြီး၏။အရှင်
မောဂ္ဂလာန်ကိုမှီ၍ အမှုသည် လျင်စွာပြီးလတ္တံ့ဟု ကြံ၍။ အရှင်မောဂ္ဂ
လာန်၏သပိတ်ကိုယူ၏။ မထေရ်သည် မြတ်စွာဘုရားကိုကြည့်၏။ မြတ်
စွာဘုရားသည်။ မောဂ္ဂလာန်၊ သင်၏ အခြံအရံဖြစ်သော ငါးရာသော
ရဟန်းတို့ကိုယူ၍ပြန်ရစ်လော့ဟုမိန့်တော်မူသဖြင့်။ အရှင်မောဂ္ဂလာန်
သည်အခြံအရံငါးရာနှင့်တကွပြန်နေတော်မူ၏။ ထိုအရှင်မောဂ္ဂလာန်၏
တန်းခိုးအားဖြင့် ယူဇနာငါးဆယ် ခြောက်ဆယ်ဝေးသော အရပ်တို့သို့
သစ်အလို့ငှါ သွားကုန်၍။ ကြီးစွာသောသစ်တို့ကိုယူ၍ နေ့ခြင်းပင်လျှင်
ပြန်နိုင်ကုန်၏။ လှည်း၌ သစ်သားတို့ကို တင်၍ ပင်ပန်းခြင်းမည်သည်
မဖြစ်။ ဝင်ရိုးတို့သည် မကျိုးကုန်။ မကြာမြင့်မီလျှင် ဘုံနှစ်ဆင့်ရှိသော
ပြာသာဒ်ကိုပြုကုန်၏။ အောက်မြေ၌ ခန်းတိုက်ငါးရာ။အထက်ဘုံ၌ ခန်း
တိုက်ငါးရာအားဖြင့် ခန်းတိုက် တထောင်ဖြင့် တန်ဆာ ဆင်အပ်သော
ပြာသာဒ်သည်ဖြစ်၏။ သန့်ရှင်းစင်ကြယ်သောမြေအပြင်၌ ပြာသာဒ်ကို
ပြု၏။ ပြာသာဒ်ချည်းသာလျှင်မတင့်တယ်သေးဟု ထိုပြာသာဒ်ကိုခြံရံ၍
တိုက်ခန်းငါးရာ။ ပြာသာဒ်ငယ်ငါးရာ။ စရပ်အရှည်ငါးရာတို့ကို ပြုစေ
၏။ ဝိသာခါ၏ပြာသာဒ်အမှုသည် ကိုးလတို့ဖြင့်ပြီး၏။ ခြေဆေးဖျဉ်းကို
မူကား တခဲနက်ခတ်သောနီဖလံရွှေဖြင့်သာလျှင် ရွက်အိုးခြောက်ဆယ်
ဝင်လောက်သောဖျဉ်းကိုပြုစေ၏။ထိုအခါ မြတ်စွာဘုရားသည် ကိုးလ
တို့ဖြင့် ဒေသစာရီ ကြွတော်မူ၍ သာဝတ္ထိသို့ ပြန်တော်မူ၍။ ဇေတဝန်
ကျောင်းတော်သို့ ကြွသည်ကို ဝိသာခါကြားလျှင် ခရီးဦးကြိုဆိုလျက်၊
မြတ်စွာဘုရားကို မိမိကျောင်းသို့ ပင့်ဆောင်၍။ ဤဝါတွင်း သုံးလပတ်
လုံး ရဟန်းသံဃာနှင့်တကွ ဤကျောင်း၌နေတော်မူပါ။ ကျောင်းပူဇော်
ခြင်းကို ပြုပါအံ့ ဟူ၍ တောင်းပန်၏။ မြတ်စွာဘုရားသည် ဝန်ခံတော်
မူ၍။ ထိုနေ့မှစ၍ ဝိသာခါသည် ဘုရားအမှူးရှိသော သံဃာတော်အား
ကျောင်းတွင်သာအလှူပေး၏။ ဝိသာခါ၏အဆွေခင်ပွန်းမိန်းမတယော်
သည် အဘိုးတသိန်းထိုက်သော ကမ္ဗလာကိုယူခဲ့၍။ ခင်ပွန်းမ၊ ဤပုဆိုး
ကို သင်၏ပြာသာဒ်၌ မြေအခင်းပြု၍ ခင်းရာအရပ်ကိုကြားပါဟုဆိုလေ
သော်။အဆွေ၊ ငါသည် ရှင့်အားခင်းရန်နေရာမရှိဆိုလျှင် မခင်းစေလို
၍ဆိုသည် မှတ်လတ္တံ့။ သင်၏ကိုယ်တိုင်ကြည့်ပါလော့ဟုဆို၍။ ဘုံနှစ်

www.dhammaransi.com



ဆင့်၌ အခန်းတထောင်ကိုကြည့်သော်။ ထိုပုဆိုးအောက် အဘိုးနည်းသောပုဆိုးကိုမမြင်၍။ ဤပြာသာဒ်၌ကောင်းမှုအတွက်မရပါဟုငို၏။ အရှင်အာနန္ဒာသည် ငိုကြောင်းကိုမေးသော်။ ဤပုဆိုးခင်းရာအရပ်ကို မရ၍ ငိုကြောင်းကိုလျှောက်သဖြင့် ခြေဆေးရာ၌ခင်းလော့။ သံဃာသည်ခြေဆေးပြီးလျှင် ခြေကိုသုတ်၍ ဝင်လတ္တံ့။ ဤသို့ဖြစ်လျှင် သင့်အားအကျိုးကြီးလတ္တံ့ဟုမိန့်တော်မူ၍ ခင်းစေ၏။ ဝိသာခါသည် မိုဃ်းလေးလပတ်လုံး ကျောင်းတွင်း၌နေ၍ ရဟန်းသံဃာအားအလှူပေး၏။ အဆုံးသောနေ့၌ ရဟန်းသံဃာအား သင်္ကန်းလျာပုဆိုးကိုလှူ၏။ သံဃနဝရဟန်းရသောပုဆိုးသည်အဘိုးတသိန်းထိုက်၏။ အလုံးစုံသပိတ်တို့ကို ထောပတ်ဆီစသောဆေးတို့ဖြင့်ပြည့်စေ၍လှူ၏။ထိုအလှူ၌အသပြာ ၉ ကုဋေတို့သည်ကုန်ခြင်းသို့ရောက်ကုန်၏။ ကျောင်းရာမြေ ၉ ကုဋေ၊ ကျောင်းဆောက်ရာ၌ ၉ ကုဋေ၊ အလှူ၌ ၉ ကုဋေအားဖြင့် အလုံးစုံ နှစ်ဆဲ့ခုနစ်ကုဋေသော အသပြာတို့ကို သာသနာတော်၌စွန့်၏။ ဝိသာခါကျောင်းပူဇော်ပြီးသည်မှစ၍ မြတ်စွာဘုရားသည် ဝိသာခါ၏အိမ်၌ ဆွမ်းကိုခံ၍ တောင်တံခါးဖြင့် ထွက်၍ ဇေတဝန်ကျောင်းတော်၌ နေ၏။ အနာထပိဏ်သူဌေးအိမ်၌ဆွမ်းကိုယူ၍ အရှေ့တံခါးဖြင့်ထွက်၍ ပုဗ္ဗါရုံကျောင်းတော်၌နေ၏။ ထိုအိမ်၌ ဆွမ်းကိုယူ၍ မြောက်တံခါးဖြင့် ထွက်တော်မူလျှင်ဒေသစာရီကြွတော်မူ၏။ ဤသို့ဖြစ်သောကြောင့် မြောက်တံခါးသို့ထွက်တော်မူသောမြတ်စွာဘုရားကို လူတို့မြင်ကုန်လျှင် ဒေသစာရီကြွတော်မူလတ္တံ့ဟု သိကုန်၏။ ။ကျောင်းလှူပြီးသောနေ့၌ ညနေချမ်းသောအခါ ဝိသာခါသည် သားမြေးတို့ဖြင့် ခြံရံလျက် အကြင်အကြင်အလိုကို ရှေး၌တောင့်တ၏။ ထိုအလုံးစုံသည် ပြည့်စုံပြီဟု ဝမ်းမြောက်သဖြင့် ကျောင်းကိုလှည့်၍ ငါးဂါထာတို့ဖြင့် သာယာစွာ ဥဒါန်းကျူး၏။ ။ကဒါ ဟံ ပါသာဒံ ရမ္မံ၊သုဓာမတ္တိကလေပနံ။ဝိဟာရဒါနံဒဿာမိ၊သင်္ကပ္ပေါ မယှံ ပူရိတော။ ။ကဒါဟံမဉ္စပီဌဉ္စ၊ဘိသိဗိမ္ဗောဟနာနိစ။သေနာသနဘဏ္ဍံ ဒဿာမိ၊သင်္ကပ္ပေါ မယှံ ပူရိတော။ ။ကဒါ ဟံ သလာကဘတ္တံ၊သုစိ မံသူပသေစနံ။ ဘောဇနဒါနံ ဒဿာမိ၊သင်္ကပ္ပေါ မယှံ ပူရိတော။ ။ကဒါဟံ ကာသိကံဝတ္ထံ၊ခေါမကပ္ပါသိကာနိစ။ စီဝရဒါနံ ဒဿာမိ၊သင်္ကပ္ပေါ မယှံ ပူရိတော။ ။ကဒါဟံသပ္ပိနဝနီတံ၊မဓု

www.dhammaransi.com



တေလဋ္ဌ ဖါဏိတံ။ဘေသဇ္ဇဒါနံဒဿာမိ၊သက်ပြေါမယှံပုရိတော။
ဤငါးဂါထာဖြင့်ဉဒါန်ကျူး၏။ ။

---

## ၄၂။ ဝိသာခါဒါယိကာမ၏ရှေးအတိတ် ဆုတောင်းကိုပြရာ။

ရဟန်းတို့သည် ဝိသာခါ၏ဉဒါန်းကျူးသံကို ကြား၍၊ ဘုန်းတော်ကြီးသောအရှင်ဘုရား၊အကျွန်ုပ်တို့သည်ဤမျှလောက်သောကာလပတ်လုံး ဝိသာခါ သီချင်းသီလျက် ကသည်ကို မမြင်ဘူးပါကုန်။ ယခုအခါသားမြေးတို့ဖြင့်ခြံရံလျက် သီချင်းသီ၍ကချ်ပြာသာဒ်ကိုလှည့်ဘိ၏။ အသို့နည်း။ ဝိသာခါအား အကြီမျှား၍ သည်းခြေသော်လည်းပျက်လေသလောဟုမြတ်စွာဘုရားအားကြားလျှောက်ကုန်၏။ မြတ်စွာဘုရားလည်းချစ်သားရဟန်းတို့၊ငါ၏သမီးဝိသာခါသည် သီချင်းသီသည်မဟုတ်။ မိမိ၏အလိုသည်ပြည့်စုံပြီ၊ တောင့်တအပ်သော ပတ္ထနာသည် ပြည့်စုံပြီဟု ဝမ်းမြောက်သောကြောင့်ဉဒါန်းကျူးသတည်းဟုမိန့်တော်မူ၏။ အဘယ်အခါ၌ဤဝိသာခါသည်ဆုတောင်းအပ်သနည်းဟု လျှောက်သဖြင့်ချစ်သားရဟန်းတို့၊ ဤကမ္ဘာမှ ကမ္ဘာတသိန်းအထက်၌ ပဒုမုတ္တရမြတ်စွာဘုရားဖြစ်တော်မူသောအခါ။ တယောက်သောဒါယိကာမသည်ဆုရှစ်ပါးကိုတောင်း၍ မြတ်စွာဘုရား၏အမိအရာ၌ တည်လျက် ပစ္စည်းလေးပါးတို့ဖြင့်လုပ်ကျွေး၏၊ ညနံနက်မြတ်စွာဘုရားအားခစား၏။ ထိုဒါယိကာမ၏တယောက်သော အဆွေခင်ပွန်းသည်လည်း ထိုဒါယိကာမနှင့် တကွမပြတ် ကျောင်းတော်သို့ လိုက်ရာ၏ မြတ်စွာဘုရားနှင့် ထိုဒါယိကာမ၏အကျွမ်းဝင်သဖြင့် စကားပြောဟောသော အဖြစ်ကိုရင်း၊ အကျွမ်းဝင်သောအဖြစ်ကိုရင်းမြင်၍။အဘယ်အကြောင်းဖြင့်ဘုရားနှင့်အကျွမ်းဝင်ခြင်းဖြစ်သနည်းဟု ကြံ၍။ အရှင်ဘုရား၊ ဤမိန်းမသည် အရှင်ဘုရားတို့အားအသို့တော်သနည်းဟုမေး၏။ အလုပ်အကျွေး ဒါယိကာမတို့တွင်အမြတ်တည်းဟုမိန့်တော်မူသော် အဘယ်ကောင်းမှုကိုပြု၍ ဒါယိကာမတို့တွင်အမြတ်ဖြစ်သနည်းဟုမေးပြန်သဖြင့် ကမ္ဘာတသိန်းပတ်လုံးဆုတောင်း၍ပါရမီကိုဖြည့်ရ၏ဟုမိန့်တော်မူသဖြင့် ယခုအခါ၌ဆုတောင်း၍ရခြင်းငှါတတ်ကောင်းပါအံ့လောအရှင်ဘုရားဟုမေး၍ တတ်ကောင်း

www.dhammaransi.com



၏ဟု မိန့်တော်မူလေသော်။ ရဟန်းတသိန်းနှင့်တကွ ခုနစ်ရက်ပတ်လုံး အကျွန်ုပ်၏ဆွမ်းကိုခံတော်မူပါဟုလျှောက်၍ ဘုရားဝန်ခံတော်မူသဖြင့် ထိုဒါယိကာမသည် ခုနစ်ရက်ပတ်လုံးအလှူပေး၍ အဆုံးစွန်သောနေ့၌ သင်္ကန်းအစုံတသိန်းနှင့်တကွဆွမ်းလုပ်ကျွေး၍မြတ်စွာဘုရားခြေရင်း၌ ဝပ်၍။ အရှင်ဘုရား၊ ဤကောင်းမှု၏အကျိုးအားဖြင့် အရှင်ဘုရားကဲ့သို့ သောဘုရားတဆူ၏အထံမှဆုရှစ်ပါးကိုရ၍ အမိအရာ၌တည်၍ပစ္စည်း လေးပါးတို့ဖြင့် လုပ်ကျွေးကုန်သော သူတို့ထက် မြတ်သည်ဖြစ်ရလို၏ ဟု ဆုတောင်း၏။ မြတ်စွာဘုရားလည်း ဤသူ၏ ပတ္ထနာသည် ပြည့်စုံ လတ္တံ့လော ဆင်ခြင်သော်။ ကမ္ဘာတသိန်းအဆုံး၌ ဂေါတမဘုရား ဖြစ် သောအခါ ဝိသာခါအမည်ရှိသောဥပါသိကာမဖြစ်၍ ဆုရှစ်ပါးကိုရ၍ အမိအရာ၌တည်၍ အလုပ်အကျွေးဒါယိကာမတို့ထက် မြတ်သည်ဖြစ် လတ္တံ့မြင်တော်မူ၍။ ဒါယိကာမ၊ တောင်းသည့်ဆုအတိုင်းပြည့်လတ္တံ့ ဟု ကြားတော်မူသဖြင့် နက်ဖြန်ပင် ထိုဆုပြည့်တော့အံ့သကဲ့သို့ ထင် လျက် အသက်ထက်ဆုံးကောင်းမှုကိုပြု၍ စုတေသော် နတ်ပြည်၌ဖြစ် လေ၏။ ဤသို့လျှင် နတ်ပြည် လူ့ပြည်ဘဝများစွာကျင်လည်၍ ကဿပ ဘုရားဖြစ်သောအခါ ဗာရာဏသီပြည်၌ ကိကီမင်း၏သမီးခုနစ်ယောက် တွင် အငယ်ဆုံးသဃဒါသီမင်းသမီးဖြစ်လာ၍ အစ်မခြောက်ယောက်တို့ နှင့်တကွကောင်းမှုပြု၍ ကဿပဘုရားခြေတော်ရင်း၌ဝပ်လျက် အရှင် ဘုရားကဲ့သို့သောဘုရား၏အမိအရာ၌တည်၍ပစ္စည်းလေးပါးဖြင့်ဘုရား ကိုလုပ်ကျွေးသောသူတို့ထက် အမြတ်ဖြစ်ရလို၏ဟုဆုတောင်း၍ ထိုမှ စုတေသော် နတ်ပြည်၌ဖြစ်၍ ဤယခု ငါဘုရားဖြစ်တော်မူသောအခါ အင်္ဂတိုင်းဘဒ္ဒိယပြည်၌ မေဏ္ဍကသူဌေးသား ဓနဉ္စယသူဌေး၏သမီးဘုရား သုမနဒေဝီဝမ်း၌ ဖြစ်လာ၍ ငါဘုရားရဟန်း ပြု၍ ဒုက္ကရစရိယာ ကျင့် တော်မူသောအခါ နှစ်နှစ်ခြောက်ဆိတွင်ဘွား၍ ဝိသာခါအမည်ရှိလျက် ခုနစ်နှစ်အရွယ်၌ သောတာပန်ဖြစ်၍ ငါ၏သာသနာတော်၌ ကောင်းမှု များစွာပြု၍ဆုရှစ်ပါးကိုရ၍ ဘုရားအလုပ်အကျွေးဒါယိကာမတို့ထက် အမြတ်သည်ဖြစ်၏။ ထိုသို့ မိမိ၏အလိုပြည့်သဖြင့် ဝမ်းမြောက်သော စကားကို ဆိုသတည်းဟု မိန့်၍ တရားဟောတော်မူလိုသဖြင့်။ ရဟန်း တို့၊ လိမ္မာစွာသော ပန်းသည်သည် အထူးထူးသော ပန်းပွင့်အစုတို့မှ အထူးထူးသောပန်းကုံးတို့ကိုပြုသကဲ့သို့၊ ထို့အတူ ဝိသာခါသည် ငါ၏

www.dhammaransi.com



သာသနာတော်၌ကောင်းမှုများစွာပြုလို၏ဟုမိန့်၍။ ။ယထာပိ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏေ ဗဟူ။ ဧဝံဇာတေန မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ။ ။ဟူသောတရားတော်ကို ဟောတော်မူ၏။ ။ယထာပိ၊ ဥပမာကား။ ပုပ္ဖရာသိမှာ၊ ပန်းပွင့်အစုမှ။ ဗဟူ၊ များစွာကုန်သော။ မာလာဂုဏေ၊ ပန်းကုံးတို့ကို။ ကယိရာ၊ ပြုသကဲ့သို့။ ဧဝံ၊ ဤအတူ။ ဇာတေန၊ ပဋိသန္ဓေနေခြင်းရှိသော။ မစ္စေန၊ သတ္တဝါသည်။ ဗဟုံ၊ များစွာ။ ကုသလံ၊ ကုသိုလ်ကို။ ကတ္တဗ္ဗံ၊ ပြုရာ၏။ ။(ဝိသာခါဒါယိကာမ၊ အသက်သုံးဆဲ့ခုနစ်နှစ်-ရှစ်နှစ်ဆီတွင်။ ပုဗ္ဗါရုံကျောင်းကို ဆောက်ဟန်ရှိ၏။ ထိုအခါ မြတ်စွာဘုရားသည် အသက်တော် ခြောက်ဆဲ့ရှစ်နှစ်၊ ဝါတော်သုံးဆဲ့သုံးဝါခန့်ရှိသကဲ့သို့ထင်၏)။ ။

---

## ၄၃။ ဝိသာခါ၏အပေါင်းအဘော်သေယစ်သောမိန်းမ ငါးရာတို့အားတရားဟောချတ်တော်မူခြင်း။

ကောနုဟာသော ကိမာနန္ဒော၊ အစရှိသောတရားတော်ကိုဇေတဝန်ကျောင်းတော်၌ နေတော်မူသော အခါ မြတ်စွာဘုရားသည် ဝိသာခါဒါယိကာမ၏ အပေါင်းအဘော်ဖြစ်ကုန်သော ငါးရာသောမိန်းမတို့ကို အကြောင်းပြု၍ဟောတော်မူ၏။သာဝတ္ထိပြည်၌ ငါးရာကုန်သောအမျိုးသားတို့သည်ဤသို့ပြုသဖြင့် ဤမိန်းမတို့သည်မမေ့မလျော့နေကုန်သည်ဖြစ်ကုန်လတ္တံ့ဟု ကြံကုန်၍၊ မိမိတို့၏မယားတို့ကို ဝိသာခါမဟာဥပါသိကာကို အပ်နှင်းကုန်၏။ ထိုငါးရာသော မယားတို့သည် ဥယျာဉ်သို့ရင်း ကျောင်းသို့ရင်းသွားကုန်သော် ဝိသာခါနှင့်တကွသာသွားရကုန်၏။ တပါးသောအခါ၌ ယနေ့မှစ၍ ခုနစ်ရက်ပတ်လုံး သေသောက်သဘင်သည် ဖြစ်လတ္တံ့ဟု သေသောက်သဘင်ပြု နှိုးဆော်ဟစ်ကြွေးသည်ရှိသော်။ ထိုငါးရာကုန်သောမိန်းမတို့သည် မိမိ့လင်တို့အတွက်သေအရက်ကိုစီရင်ကုန်၏။ထိုလင်ယောက်ျားတို့သည်ခုနစ်ရက်ပတ်လုံးသေသောက်ပွဲကစားပြီး၍ ရှစ်ရက်မြောက်သောနေ့၌ အမှုလုပ်သွားကုန်၏။ထိုမိန်းမတို့သည် ငါတို့သည်လင်၏မျက်မှောက်၌သေကိုမသောက်ရကုန်။သေတို့သည်လည်း ကြွင်းကုန်၏။ အကြင်အခြင်းဖြင့် ထိုလင်တို့သည် မသိကုန်။ထိုအခြင်းဖြင့် ငါတို့သည် ဤသေကိုသောက်ကုန်အံ့ဟုကြံကုန်၍၊ ဝိသာခါ၏အထံသို့သွားကုန်၍။ အရှင်မ၊ အကျွန်ုပ်တို့သည် ဥယျာဉ်ကို

www.dhammaransi.com



ရှုခြင်းငှါ အလိုရှိပါကုန်၏ဟု ဆိုကုန်၍။ အမိတို့၊ ကောင်းပြီဟုဝန်ခံ၍၊ ထိုသို့ဥယျာဉ်ရှုလိုကုန်တပြီးကား ပြုအပ်သောကိစ္စတို့ကိုပြု၍ထွက်ကုန်လော့ဟုဆိုသော် ထိုဝိသာခါနှင့်တကွ ထွက်ကုန်၍ ဖုံးလွှမ်းအပ်သော အခြင်းအရာဖြင့် သေကိုဆောင်ခဲ့စေ၍ ဥယျာဉ်၌သောက်ကုန်၍။ ယစ်ကုန်သည်ဖြစ်၍ သွားလာလှည့်ပတ်ကုန်၏။ ဝိသာခါသည် ဤမိန်းမတို့သည်မလျော်ကန်ပတ်သောအမှုကိုပြုအပ်၏။ ယခုအခါရဟန်းဂေါတမ၏တပည့်မိန်းမတို့သည်သေသောက်ကုန်၏ဟု တိတ္ထိတို့သည်ကဲ့ရဲ့ကုန်လတ္တံ့ဟုကြံ၍ ထိုမိန်းမတို့ကိုဤသို့ဆို၏။ သင်တို့သည် မလျော်ကန်ပတ်သောအမှုကိုပြု၏။ ငါ့အားလည်းအကျော်အစောမဲ့ကိုဖြစ်စေ၏။ သင်တို့၏လင်တို့သည် အမျက်ထွက်ကုန်လတ္တံ့။ ယခုအဘယ်သို့ပြုပါကုန်အံ့နည်းဟု ဝိသာခါဆိုသော်။ အရှင်မ၊ အကျွန်ုပ်တို့နာကျန်ပြုကုန်အံ့ဟုဆို၏။ ထိုသို့တပြီးကား သင်တို့၏အမှုဖြင့် ထင်ကုန်လတ္တံ့ဟုဆို၏။ ထိုမိန်းမတို့သည်လည်း အိမ်သို့သွားကုန်၍ နာယောင်ပြုလေကုန်၏။ လင်တို့သည် အမှုလုပ်ရာမှလာကုန်၍ မိန်းမတို့သည် အဘယ်သို့သွားလေကုန်သနည်းဟုမေး၍ နာကုန်၏ဟု ပြောဆိုကုန်သော စကားကိုကြားလျှင်။ဤမိန်းမတို့သည်သေကြွင်းတို့ကိုသောက်သည်ဖြစ်လတ္တံ့ဟုမြိမ်းချောက်ရိုက်ခတ်သဖြင့် အကျိုးမဲ့ကို ရောက်ကုန်၏။ ထိုမိန်းမတို့သည် နောက်သေသောက်သဘင်ခံရာ၌လည်းထိုရှေးနည်းအတူသေသောက်လိုကုန်၍ ဝိသာခါသို့ကပ်၍။ အရှင်မ၊ ငါတို့ကို ဥယျာဉ်သို့တခါဆောင်ပါဦးဟုဆိုကုန်၍။ ရှေး၌လည်း ငါ၏အကျော်အစောမဲ့ကိုသင်တို့သည်ဖြစ်စေကုန်ပြီ။သင်တို့သွားလေကုန်။ သင်တို့ကိုငါမဆောင်လိုဟုဝိသာခါပယ်အပ်သည်ဖြစ်၍၊ ဤသို့ အကျွန်ုပ်တို့မပြုပါကုန်အံ့ဟုဆို၍ ဝိသာခါသို့ကပ်၍။ အရှင်မ၊ အကျွန်ုပ်တို့သည် ဘုရားကိုဖူးမြင်ခြင်းငှါအလိုရှိကုန်၏။ကျောင်းသို့ဆောင်ပါလော့ဟုဆိုကုန်၍ ယခုအမှု၌ကားသင်တို့သွားလေကုန်။ လှူဘွယ်တန်းဘွယ်တို့ကို ပြုလေကုန်ဟုဆို၏။ ထိုမိန်းမတို့သည် ပန်းကလပ်တို့ဖြင့်နံ့သာတို့ကိုယူခဲ့၍ အရက်တို့ဖြင့်ပြည့်ကုန်သောပလင်းငယ်တို့ကို လက်တို့ဖြင့်ဆွဲခဲ့ကုန်၍၊ အပေါ်ရုံပုဆိုးကြီးတို့ဖြင့်ခြုံရုံကုန်၍ ဝိသာခါသို့ကပ်ကုန်၍ ဝိသာခါနှင့်တကွ ကျောင်းတွင်းသို့ဝင်ကုန်၍ တင့်အပ်သောအရပ်၌နေကုန်၏။သေဖူးငယ်တို့မှသေကိုသောက်ကုန်၍ ဖူးငယ်တို့ကိုစွန့်ပစ်ကုန်၍ တရားသဘင်ဝယ် မြတ်စွာ

www.dhammaransi.com



ဘုရား၏ရှေ့တော်၌နေကုန်၏။ ဝိသာခါလည်း။အရှင်ဘုရား၊ဤမိန်းမတို့အားတရားဟောတော်မူပါဟုလျှောက်၏။ ထိုမိန်းမတို့သည် သေယစ်သောအဟုန်ဖြင့်တုန်လှုပ်သောကိုယ်ရှိကုန်လျက်ငါတို့ကကုန်အံ့ဘိကုန်အံ့ဟု စိတ်ကို ဖြစ်စေကုန်၏။ ထိုရောအခါ ဝသဝတ္တီ မာရ်နတ်ပြည်၌နတ်တယောက်သည် ဤမိန်းမတို့၏ကိုယ်တွင်း၌ဝပ်ဝင်၍ ရဟန်းဂေါတမ၏ရှေ့၌ ဘောက်ပြန်သောအခြင်းအရာကို ဖြစ်စေအံ့ဟု ကြံလျက်။ ထိုမိန်းမတို့ကိုယ်တွင်း၌ဝဲဝင်၍ ထိုမိန်းမငါးရာတို့တွင်အချို့သောမိန်းမတို့ကို မြတ်စွာဘုရား၏ရှေ့တော်၌လက်ခုပ်တီးစေ၏။ အချို့သောမိန်းမတို့ကိုကစေ၏။ အချို့သောမိန်းမတို့ကိုသီစေ၏။ ဤအမှုသည်အဘယ့်ကြောင့် ဖြစ်သနည်းဟု ဆင်ခြင်တော်မူသော်၊ ထိုအကြောင်းကိုသိ၍။ ယခုအခါ၌ မာရ်နတ်ပြည်၌နေသောနတ်တို့အား ယုတ်သောအခြင်းအရာကိုရ စေခြင်းငှါ ပါရမီတို့ကို ငါမဖြည့်ဟု ကြံတော်မူ၍။ ထိုမိန်းမငါးရာကိုတို့ထိတ်လန့်စိမ့်သောငှါ မျက်မှောင်တော်မှညိုသောရောင်ခြည်တော်ကို လွှတ်၏။ ထိုသို့မျက်မှောင်တော်မှ ညိုသောရောင်ခြည်တော်ထွက်သောအခါ၌ အမိုက်ဖြင့် နှိပ်စက်သည်ဖြစ်၍။ ထိုမိန်းမငါးရာတို့သည် ပြင်းစွာထိတ်လန့်ကုန်လျက်သေရအံ့သောဘေးကိုကြောက်ကုန်၏။ ထိုကြောင့်ထိုမိန်းမတို့ဝမ်း၌သေတို့သည်ကြေလေကုန်၏။ မြတ်စွာဘုရားသည် နေတော်မူသောပလ္လင်မှ ကွယ်တော်မူ၍ မြင်းမိုရ်တောင်ထိပ်၌ရပ်တော်မူပြီးလျှင် ရွှေအင်းပျဉ်၌တင်၍ထားသော ငွေမြှုပ်ကဲ့သို့နှာယောင်၏အထက် နဖူးတော်ပြင်အလယ်၌ လက်ျာရစ်ခွေလျက် အထက်သို့အဖျားတက်၍တည်သော၊ ဖြေ၍ဆန့်သော် မောင်းထက်ဝက်မျှရှည်သော ဥဏ္ဏာလုံမွေးရှင်တော်မှ ဖြူသောရောင်ခြည်ကို လွှတ်တော်မူ၏။ ထိုခဏ၌ နေလ တသိန်းထွက်သောအခါကဲ့သို့ဖြစ်၍။ ထိုမိန်းမငါးရာတို့အား ကြောက်ထိတ်လန့်ခြင်းကင်း၍သက်သာရကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုမိန်းမတို့ကိုခေါ်တော်မူ၍၊ သင်တို့သည်ငါ၏အထံသို့လာကုန်သည်ရှိသော် မေ့လျော့ကုန်သဖြင့်လာအံ့သောငှါမအပ်ကုန်။ သင်တို့၏မေ့လျော့ခြင်းဖြင့် မာရ်နတ်ပြည်၌ နေကုန်သောနတ်တို့သည် ယုတ်သောအခြင်းအရာကိုရ၍ သင်တို့သည် ရယ်ခြင်းပြုံးခြင်းကိုမှုပြုအံ့သောငှါမအပ်သော ငါဘုရား၏ရှေ့၌ ရယ်ခြင်း၊လက်ခုပ်တီးခြင်း၊ ကခြင်း၊ သီခြင်းတို့ကို ပြုကုန်၏။ ယခုအခါ သင်တို့သည်

www.dhammaransi.com



ရာဂအစရှိသောမီးတို့ကို ငြိမ်းစေခြင်းငှါအားထုတ်ခြင်းကိုပြုအပ်၏ဟု မိန့်တော်မူ၍၊ မြင်းမိုရ်တောင်ထိပ်၌ ရပ်တော်မူလျက်ပင်။ ။ကောနု ဟာသော ကိ မာနန္ဒော၊နိစ္စံ ပဇ္ဇလိတေ သတိ၊အန္ဓကာရေန ဩနဒ္ဓါ၊ ပဒီပံ နဂဝေသထ။ ။ဟူသော တရားတော်ကို ဟောတော်မူ၏။ ။ ဘောနန္ဒော၊အိုမာတုဂါမတို့။ ဇာဓ၊ဤလူအပေါင်း၌။နိစ္စံ၊အမြဲ။ပဇ္ဇလိတေ၊ ရာဂစသောဆဲ့တပါးသောမီးတောက်သည်။ သတိ၊ရှိလျက်။ တုမှာကံ၊ သင် မာတုဂါမတို့အား။ ဟာသော၊ ရွှင်ခြင်းသည်။ ကောနု၊ အဘယ် အကျိုးရှိအံ့နည်း။ အာနန္ဒော၊နှစ်လိုဝမ်းမြောက်ခြင်းသည်။ကိန္နု၊အဘယ် အကျိုးရှိအံ့နည်း။ အန္ဓကာရေန၊ အဝိဇ္ဇာဟူသောအမိုက်တိုက်ဖြင့်။ ဩနဒ္ဓါ၊မြှေးရှက်အုပ်ကုန်သော။တုမှေ၊သင်တို့သည်။ကိံ၊အဘယ်ကြောင့်။ ပဒီပံ၊ပညာတည်းဟူသောဆီမီးကို။နဂဝေသထ၊မရှာကုန်သနည်း။ ။ ဒေသနာတော်၏အဆုံး၌ ထိုငါးရာသောမိန်းမတို့သည် သောတာပတ္တိ ဖိုလ်၌တည်လေကုန်၏။ ထိုမိန်းမတို့၏ ရတနာသုံးပါးတို့၌ မတုန်မလှုပ် ကြည်ညိုခြင်း၌တည်သည်၏အဖြစ်ကိုသိတော်မူ၍မြင်းမိုရ်တောင်ထိပ်မှ မြတ်စွာဘုရားကွယ်တော်မူ၍ ဘုရားနေရာ၌ နေတော်မူ၏။ ။ထိုအခါ ဝိသာခါသည် မြတ်စွာ ဘုရားကို။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ဤသေမည်သည် ယုတ်မာစွ။ ဤသို့သောတာပန်ဖြစ်ခြင်း၏အကြောင်း နှင့်ပြည့်စုံကုန်သောမိန်းမတို့သည်၊ ရှင်ပင်ဘုရား၏ရှေ့တော်၌ ဣရိယာ ပုထ်ကိုမျှတည်တံ့စေခြင်းငှါမစွမ်းနိုင်ကုန်သည်ဖြစ်၍၊ ရယ်ခြင်း၊လက် ချပ်တီးခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ ကခြင်းတို့ကိုပြုကုန်၏ဟု လျှောက် သော်။ဩဝိသာခါ၊ဤသေမည်သည် အလွန်ယုတ်မာ၏။ ဤသေကို မှီ၍ များစွာသောသတ္တဝါတို့သည်ပျက်စီးခြင်းသို့ရောက်၏ဟုမိန့်တော် မူ၍။ အဘယ်အခါ၌ရောက်ဘူးလေသနည်းဟုလျှောက်ပြန်သဖြင့်။ ထိုသေ ကြောင့်ပျက်စီးခြင်းကိုအကျယ်ချဲ၍ကုမ္ဘဇာတ်ကိုဟောတော်မူ၏။

---

## ၄၄။ တက္ကသိုလ်ပြည့်ရှင်ပုက္ကုသာတိမင်းကြီးအား ဓာတုဝိဘင်္ဂသုတ်ကိုဟော၍ချွတ်တော်မူခြင်း။

ဆယ်မိမာခေါ် ဘိက္ခု ဓာတုယော၊အစရှိသော ဓာတုဝိဘင်္ဂသုတ်ကို ပုက္ကုသာတိမင်းအား ဟောကော်မူခြင်း၏အကြောင်းကား။ အင်္ဂတိုင်း၊

www.dhammaransi.com



တက္ကသိုလ်ပြည်၌ပုက္ကုသာတိအမည်ရှိသောမင်းသည်မင်းပြု၏။ ထိုမင်းသည်ကား ကာမဂုဏ်တို့၌ ငြီးငွေ့သည်ဖြစ်၍ ပြည်၌ဆုံးမစံမှုသော၌ါ တရားသူကြီးကို အပ်၍ မိမိသည် အခတ်ဖိုလ်ပါမှုခွါ၍ ထမင်းဆောင်အလုပ်အကျွေးငယ်တယောက်နှင့်သာ မိုးသြလေးလပတ်လုံး ပြာသာဒ်ထက်၌နေပြီး၍၊ မိုးသြလေးလလွန်သော် ဈေး၌သက်နိုးဝယ်စေ၍ အရှင်ဂေါတမဘုရားကို ဆရာဟုရည်၍ မိမိအလိုလိုရဟန်းပြု၍ နန်းမှဆင်း၍ ရာဇဂြိုဟ်ပြည်သို့လာခဲ့၍။ ရာဇဂြိုဟ်ပြည်၌၊ ဘဂ္ဂဝအမျိုးဖြစ်သော အိုးထိန်းသည်အား ခွင့်တောင်း၍ ထိုအိုးထိန်းသည်၏စရပ်၌ တဲနေနှင့်၏။ ထိုအခါမြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌နေသဖြင့်၊ ထိုနေ့၌ လောကကိုကြည့်တော်မူသည်ရှိသော်။ ပုက္ကုသာတိမင်းသည် ဘုရားကိုရည်မှတ်လျက်ရဟန်းပြု၍ ရာဇဂြိုဟ်ပြည်သို့လာသည်ကိုမြင်တော်မူ၍၊ မဂ်ဖိုလ်၏ဥပနိဿယကိုဆင်ခြင်တော်မူသော် အနာဂံတည်အံ့သည်ကိုမြင်တော်မူ၍။ ပုက္ကုသာတိအား ငါသည်သဂြိုဟ်ခြင်းကိုပြုအံ့ဟု သာဝတ္ထိပြည်၌ ဆွမ်းခံတော်မူ၍။ ဆွမ်း ဘုန်းပေးပြီးသော် တစုံတယောက်သောသူအားမကြားမူ၍၊ သပိတ်သင်္ကန်းကို ယူတော်မူလျက်၊ ကိုယ်တော်ထီးသာလျှင် သာဝတ္ထိပြည်မှ လေးဆဲ့ငါးယူဇနာကွာသောရာဇဂြိုဟ်ပြည်သို့ နေ့ချင်းဖြင့်ကြွတော်မူခဲ့၍ ဘဂ္ဂဝအမျိုးဖြစ်သောအိုးထိန်းသည်သို့ကပ်၍၊ ဘဂ္ဂဝ၊ သင့်အားအကယ်၍ဝန်မလေးပါမူ ယနေ့တညဥ့်မျှသင်၏စရပ်၍တဲနေပါအံ့ဟု မြတ်စွာဘုရားတိုင်ကြားသည်ရှိသော်။ ရှင်ပင်ဘုရား၊ အကျွန်ုပ်ဝန်မလေး။ ရှေးဦးစွာရောက်နှင့်သောရဟန်းတပါးခွင့်တောင်းသဖြင့် အကျွန်ုပ်ခွင့်ပြု၍ တဲနေနှင့်ပလေသည်။ ထိုရဟန်းကိုပန်ကြား၍ ထိုရဟန်းဝန်မလေးမူ တဲနေတော်မူပါဟု ဘဂ္ဂဝဆိုသဖြင့် ထိုစရပ်သို့ကပ်၍။ ရဟန်း၊ အကယ်၍တည်း သင့်အားဝန်မလေးမူ၊ ယနေ့တညဥ့် ငါလည်း တဲနေပါအံ့ဟု မြတ်စွာဘုရားခွင့်တောင်းသော်။ ငါ့အရှင်၊ ဖါလည်းဝန်မလော။ စရပ်လည်းကျယ်ပါ၏။ တဲနေပါဆိုသဖြင့် မြတ်စွာဘုရားသည် စရပ်သို့ဝင်၍ တင့်အပ်ရာ၌ ဘုရားနေရာကို ခင်းလျက် ထက်ဝယ်ခွေ၍ ကိုယ်တော်ကို ဖြောင့်စွာဆောက်တည်၍၊ သတိကိုရှေးရှုဖြစ်စေ၍၊ များစွာသော ညဥ့်ပတ်လုံးနေတော်မူ၏။ ပုက္ကုသာတိလည်း လက်လှုပ်ခြင်း ခြေလှုပ်ခြင်း စသည်တို့ကိုမပြု၊ ထက်ဝယ်ခွေ၍ ကိုယ်ကိုမတ်စွာထား၍ သတိကိုရှေးရှုဖြစ်

www.dhammaransi.com



စေလျက် များစွာသောညဉ့်ပတ်လုံးနေ၏။တယောက်သည်တယောက်အား မေးခြင်းဖြေခြင်းကိုမျှမပြု၊ ဆိတ်ဆိတ်သာလျှင် နေကြကုန်၏။ ထိုအခါမြတ်စွာဘုရားသည်ဤသို့ကြံတော်မူ၏။ဤရဟန်းသည် လက်လှုပ်ခြင်း ခြေလှုပ်ခြင်းမည်သည်မျှလည်း မရှိ။ ချေခြင်းဆတ်ခြင်းလည်း မရှိ။ ကြည်ညိုဘွယ်ရှိသော အမျိုးကောင်းသားဖြစ်၏။ ငါစ၍စကားမဆိုနေဘိမူကား အာယုကပ်ပတ်လုံးပင်သော်လည်း နေရာ၏။ ငါပင်ဤရဟန်းအား ရှေးဦးစွာအကြောင်းကိုမေးအံ့ဟုကြံတော်မူ၍။ ရဟန်း၊သင်သည် အဘယ်သူကိုရည်၍ ရဟန်းပြုသနည်း။ အဘယ်သူသည် သင်၏ဆရာနည်း။ အဘယ်သူ၏တရားကို သင်သည် နှစ်သက်သနည်းဟု မြတ်စွာဘုရားမေးတော်မူလျှင်၊ ငါ့အရှင်၊ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော သာကီဝင်မင်း၏သားဖြစ်သော ဂေါတမအမည်ရှိသော ရဟန်းသည် ရှိ၏။ ထိုရဟန်းဂေါတမအား၊ ဣတိပိ သောဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊သတ္ထာဒေဝမနုဿာနံ၊ဗုဒ္ဓေါ၊ဘဂဝါ။ ဟူ၍ကောင်းသောကျော်စောသံသည် နှံ့၍တက်၏။ ထိုသာကီဝင်မင်းသားဖြစ်သော ရဟန်းဂေါတမကို ရည်၍ ငါသည် ရဟန်းပြု၏။ ထိုရဟန်းဂေါတမသည် ငါ၏ဆရာတည်း။ ထိုရဟန်းဂေါတမ၏တရားကို ငါနှစ်သက်၏။ ဤသို့ ပုက္ကုသာတိ ဆိုသော်။ ထိုသို့ တပြီးကား။ ရဟန်း၊ ယခုအခါ၌ ပစ္စည်းလေးပါးပူဇော်အထူးကို ခံတော်မူထိုက်သော ထိုမြတ်စွာဘုရားသည် အဘယ်အရပ်၌နေတော်မူသနည်းဟု မြတ်စွာဘုရားမေးတော်မူ၏။ ငါ့အရှင်၊ ယခုအခါ၌ ထိုမြတ်စွာဘုရားသည် ဤရာဇဂြိုဟ်ပြည်မှ မြောက်ဖြစ်သော သာဝတ္ထိမြို့၌ နေတော်မူ၏ဟု ပုက္ကုသာတိလျှောက်၏။ထိုနောက်မှပုက္ကုသာတိကိုမြတ်စွာဘုရားမေးတော်မူပြန်၏။ရဟန်း၊ သင်သည် ထိုဘုန်းတော်ရှခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကိုမြင်ဘူး၏လော။ ထိုမြတ်စွာဘုရားကို သင်သည် သိပါ၏လောဟုမေးတော်မူလေသော်။ငါ့အရှင်၊ငါသည် ထိုမြတ်စွာဘုရားကိုလည်း မသိပါ။မြင်လည်းမမြင်ဘူးပါဟူ၍ ပုက္ကုသာတိလျှောက်သဖြင့်ဆင်ခြင်တော်မူသော်။ဤရဟန်းသည် ငါ့ကိုရည်၍ရဟန်းပြု၍လာသော ပုက္ကုသာတိပင်ဖြစ်သည်။ ငါလည်း ဤပုက္ကုသာတိကိုပင် သင်္ဂြိုဟ်အံ့သော ငှါလာသည်ဟုကြံတော်မူပြီးမှ။ရဟန်း၊သင့်အား ငါသည် တရားဟော

www.dhammaransi.com



အံ့။ ငါ၏တရားကို သင်နာလော့။ နှလုံး၌သွင်းလော့ဟု မိန့်တော်မူ၍။ ။ ဆယိမာခေါ ဘိက္ခု ဓာတုယော၊ ဆဖဿာယတနာနိ၊ အစ ရှိသော ဓာတုဝိဘင်္ဂသုတ်ကို ဟောတော်မူ၏။ သုတ္တန်ဒေသနာတော်၏အဆုံး၌ ပုက္ကုသာတိသည် သြရမ္ဘာဂိယ သံယောဇဉ်ငါးပါးကိုပယ်၍ အနာဂံ အဖြစ်၌ တည်လေ၏။ အနာဂံဖြစ်ပြီးသော ပုက္ကုသာတိသည် မြတ်စွာ ဘုရားကိုသိ၍ ဤသို့စင် ရှင်ပင်ဘုရားကို ငါသည် အာဝုသောဝါဒဖြင့် ပြောဆိုမိချေသည်ဟု အပြစ်ကိုမြင်၍ကန်တော့ပြီးသော် ရဟန်းပဉ္စင်း အဖြစ်ကို တောင်းပန်၏။ မြတ်စွာဘုရားသည် ဧဟိဘိက္ခု ဥပသမ္ပဒ၏ ဥပနိဿယကိုဆင်ခြင်တော်မူသော် မမြင်၍ ဧဟိဘိက္ခုခေါ်တော်မမူ။ သပိတ်သင်္ကန်းကိုရှာလေဟု မိန့်တော်မူသောကြောင့် သပိတ်သင်္ကန်း ကိုရှာလေရာဝယ်၊ ရှေးဘဝကရန်ဘက်ဖြစ်ဘူးသောဘီလူးသည် နွားမ ယောင်ဆောင်၍ခွေ့သဖြင့် စုတေ၍ သုဒ္ဓါဝါသဘုံ၌ဖြစ်လေ၏။ ။ထို အကြောင်းကို ရဟန်းတို့ ကြား၍၊ ရှင်ပင် ဘုရား၊ ရှင်ပင်ဘုရားသည် ပုက္ကုသာတိ မင်းကို အနည်းငယ်သော တရားဖြင့် ဆုံးမတော်မူသည့် နောက် မကြာမြင့်မီစုတေရလေသည်။ ထိုမင်း၏အလားသည် အဘယ် သို့ဖြစ်ပါလေသနည်းဟု မေးလျှောက်ကုန်သောကြောင့်။ ချစ်သားတို့၊ ပုက္ကုသာတိသည် သြရမ္ဘာဂိယသံယောဇဉ်ငါးပါးကို ပယ်၍ သုဒ္ဓါဝါ သဘုံ၌ ဥပပတ်ဖြစ်လေပြီဟု မိန့်တော်မူ၏။ ။ခပ်သိမ်းသောရဟန်း ပုဂ္ဂိုလ်တို့အား အလုံးစုံသောအကြောင်းတို့ကို သိခြင်းသည် အာဝဇ္ဇန ပဋိဗဒ္ဓ-ဆင်ခြင်ခြင်းနှင့် စပ်သည်သာလျှင်တည်း။ ထို့ကြောင့် မြတ်စွာ ဘုရားသည် ပုက္ကုသာတိကိုသင်္ဂြိုဟ်တော်မူလို၍ သာဝတ္ထိမှရာဇဂြိုဟ် သို့လာတော်မူ၍ပုက္ကုသာတိကိုတွေ့ပြီးသော်လည်း ဤသူသည်အဘယ် သူဖြစ်မည်နည်းဟု ဆင်ခြင်တော်မမူသေး၍ ငါပင် ရှေးဦးစွာမေးရစေ ဟုမေးတော်မူသတည်း။ ။

## ၄၅။ အလွန်ကြီးသောအသုရိန်နတ်သားသည်မြတ်စွာဘုရား မျက်နှာတော်ကိုမော်၍ဖူးမြော်ရကြောင်း။

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌နေတော်မူ သောအခါ၌၊ အသုရိန္ဒသုတ်ကိုဟောတော်မူ၏။ အကြောင်းဝတ္ထုကား။

www.dhammaransi.com



အသုရိန် နတ်သားသည် အလွန်ကြီးမြင့်၏။ အရပ်သည် ယူဇနာလေးထောင့်ရှစ်ရာမြင့်၏။ လက်မောင်းတဘက်အကြား ယူဇနာ တထောင့်နှစ်ယူဇနာခြား၏။ သားမြတ်နှစ်ခုကြား ယူဇနာခြောက်ရာခြား၏။ လက်ဘဝါး ခြေဘဝါးတို့၏အနံကား ယူဇနာသုံးရာရှိ၏။ လက်ဆစ်ယူဇနာငါးဆယ်ရှိ၏။ မျက်မှောင်ကြားယူဇနာငါးဆယ်ရှိ၏။ ခံတွင်းဝအကျယ်ယူဇနာနှစ်ရာရှိ၏။ ခံတွင်းအစောက်ယူဇနာ ကိုးရာရှိ၏။ လည်ယူဇနာသုံးရာရှိ၏။ နဖူးယူဇနာ သုံးရာရှိ၏။ ဦးခေါင်း ယူဇနာ ကိုးရာရှိ၏။ ထိုအသုရိန်သည် ငါသည်မြင့်လှ၏။ဘုရားဂေါတမကို ညွှတ်၍ ရှုကြည့်အံ့သောငှါ မတတ်နိုင်ဟုကြံ၍ မြတ်စွာဘုရားအထံသို့မဆည်းကပ်ဘဲနေ၏။တရံရောအခါ နတ်တို့၏အထံမှ မြတ်စွာဘုရား၏ကျေးဇူးတော်တို့ကို ကြား၍။ ဘုရားဂေါတမသည် အဘယ်ကဲ့သို့ပင် ဖြစ်လေသနည်း။ ငါသွား၍ကြည့်ချေအံ့ဟုကြံ၍ မြတ်စွာဘုရားအထံသို့ လာ၏။ မြတ်စွာဘုရားသည် အသုရိန်နတ်သား၏နှလုံးအလိုကို သိတော်မူ၍ ဣရိယာပုထ်လေးပါးတို့တွင် အဘယ်ဣရိယာပုထ်ဖြင့် ငါ၏ကိုယ်တော်ကို အသုရိန်နတ်အား ပြရအံ့နည်းဟု ကြံတော်မူပြီးလျှင်၊ ရပ်၍နေသောသူမည်သည်ကား နိမ့်သူပင်ဖြစ်သော်လည်း မြင့်သကဲ့သို့ထင်တတ်၏။ထိုကြောင့် လျောင်းလျက်သာလျှင်ငါ၏ကိုယ်တော်ကို ရာဟုအသုရိန်အားပြအံ့ဟုကြံတော်မူ၍။ အရှင်အာနန္ဒာကိုဂန္ဓကုဋိပရိဝုဏ်၌ညောင်စောင်းခင်းချေဟု စေတော်မူ၍ အရှင်အာနန္ဒာ ခင်းပြီးသော် မြတ်စွာ ဘုရားသည် ထိုညောင်စောင်းသို့ကြွ၍ လျောင်းလျက် နေတော်မူနှင့်၏။ အသုရိန်နတ်သားလာရောက်၍ မျက်နှာတော်ကိုကြည့်သော် ကောင်းကင်၏အလယ်၌လပြည့်ဝန်းကိုမော်၍ကြည့်ရသကဲ့သို့ကြည့်ရ၏။ဤသို့ကြည့်ခြင်းအကြောင်း အဘယ်သို့နည်းဟု မြတ်စွာဘုရား မေးတော်မူသဖြင့်။ ဘုန်းတော်ကြီးသောအရှင်ပင်ဘုရား၊ အကျွန်ုပ်သည် ငါသည် ကြီးမြင့်လှ၏။မြတ်စွာဘုရားကိုညွှတ်ငုံ့၍ကြည့်ခြင်းငှါမတတ်နိုင်ဟု အရှင်ဘုရားသို့မဆည်းမကပ်နေမိ၏ဟုလျှောက်သော်။အသုရိန်၊ရှေးရှေးသောကာလ၌ပါရမီကိုဖြည့်တော်မူသောငါသည် မျက်နှာအောက်သို့ပြု၍ဖြည့်တော်မမူ။ အထက်သို့သာပြု၍ ဖြည့်တော်မူသည်ဟု မိန့်တော်မူ၏။ အသုရိန်လည်းထိုနေ့ကိုအစပြု၍မြတ်စွာဘုရားအားကိုးကွယ်လေ၏။ ။

---

www.dhammaransi.com



## ၄၆။ ရှင်ဒေဝဒတ်မြတ်စွာဘုရားအား ရှေးဦးစွာရန်ငြိုးဖွဲ့သည့်ကစ၍မြေမျိုသည့်တိုင်အောင်သော အကျယ်စကားကိုပြရာ။

ဇူဝတပွတိ ပေစ္စတပွတိ၊ အစရှိသောတရားကို ဇေတဝန်ကျောင်းတော်၌နေတော်မူလျက် ရှင်ဒေဝဒတ်ကိုမြေမျိုလေသည့်ကိုအကြောင်းပြု၍ဟောတော်မူ၏။ အကြောင်းဝတ္ထုကား၊ ဘုရားမြတ်စွာသည် အနုပိယနိဂုံး၌ မွေ့လျော်တော်မူသည်အား လျော်စွာ နေတော်မူ၍။ ကောသမ္ဗီပြည်သို့ကြွ၍ ကောသမ္ဗီပြည်၌ဃောသိတသူဌေး၏အရံ၌နေတော်မူသောအခါ များစွာသောလူတို့သည် များစွာသော လှူဘွယ်ဝတ္ထုတို့ကို ယူခဲ့ကုန်၍။ မြတ်စွာဘုရား အဘယ်မှာနည်း။ အရှင် သာရိပုတြာ အဘယ်မှာနည်း။ အရှင်မောဂ္ဂလာန် အဘယ်မှာနည်း။ အရှင်ကဿပ အဘယ်မှာနည်း။ အရှင်ဘဒ္ဒိယ၊ အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာ၊ အရှင်ဘဂု၊ အရှင်ကိမိလထေရ် အဘယ်မှာနည်း။ ဤသို့အစရှိသည်ဖြင့် ရှစ်ကျိပ်သောမထေရ်တို့၏နေရာကိုရှာလျက်သွားကုန်၏။ အရှင်ဒေဝဒတ် အဘယ်မှာနေသည်အဘယ်မှာရပ်သည်ဟုတစုံတယောက်မျှမေးသောသူမည်သည်မရှိ။ထို့ကြောင့် ရှင်ဒေဝဒတ်သည်ကြံ၏-ထိုသူတို့နှင့်အတူငါသည် ရဟန်းပြုပါ၏။ ထိုသူတို့လည်း မင်းမျိုးရဟန်း။ ငါလည်း မင်းမျိုးရဟန်းဖြစ်လျက် လာဘ်သပ္ပကာ လက်၌ပါကုန်သော လူတို့သည် ထိုသူတို့ကိုသာ ရှာဘွေမေးမြန်းကုန်၏။ တစုံတယောက်သည်မျှ ငါ့ကိုမမေးမရှာပါ။ငါသည် အဘယ်သူနှင့်တကွဖြစ်၍ ဘယ်သူကို ကြည်ညိုစေ၍ လာဘ်ပူဇော်သက္ကာရကိုဖြစ်စေရအံ့နည်းဟုကြံပြီး၍။ ဤသို့အကြံဖြစ်ပြန်၏။ဤဗိမ္ဗိသာရမင်းသည် ရှေးဦးတကြိမ်မှဖူးမြင်ရသဖြင့် တသိန်းတသောင်းကုန်သောပရိသတ်တို့နှင့်တကွ သောတာပန်ဖြစ်၏။ ဤမင်းနှင့်တကွ ဖြစ်အံ့သော်ဌါ မတတ်ကောင်း။ ပသေနဒီကောသလ မင်းနှင့်လည်း တကွဖြစ်အံ့သော်ဌါ မတတ်ကောင်း။ ဗိမ္ဗိသာရမင်း၏သားဖြစ်သောအဇာတသတ်မင်းသားသည် တစုံတယောက်သောသူ၏ကျေးဇူးအပြစ်ကိုမသိသေး။ ဤမင်းသားနှင့်တကွဖြစ်အံ့ဟု ကြံပြီး၍။ ကောသမ္ဗီပြည်မှ ရာဇဂြိုဟ်ပြည်သို့သွား၍ သတို့သားငယ်အသွင်ကိုဖန်ဆင်း၍။ လေးစင်းသောမြွေဟောက်တို့ကိုလက်ခြေတို့၌ လက်ကောက်ခြေကျင်း

www.dhammaransi.com



ပြု၍။ တစင်းသောမြွေကိုလည်း၌တန်ဆာဆင်၍။ တစင်းသောမြွေကိုဦးခေါင်း၌ခေါင်းပေါင်းအခွေကဲ့သို့ပြု၍။တစင်းသောမြွေကို ပခုံးတဘက်၌တင်၍။ ကောင်းကင်မှ သက်ပြီးလျှင်။ အဇာတသတ်မင်းသား၏ ရင်ခွင်၌ထိုင်နေလာ၏။ မင်းသားသည်ကြောက်၍ သင်အဘယ်သူနည်းဟု မေးသော်။ငါဒေဝဒတ်တည်းဟုဆို၍မင်းသားအကြောက်ကိုပျောက်စိမ့်သော၄ါ သတ္တိသားငယ်အသွင်ကိုဖျောက်၍ သင်္ဃာတ်သင်္ကန်းကိုဆောင်လျက် မင်းသား၏ရှေ့မှရပ်လျက် ထိုအဇာတသတ်မင်းသားကို ကြည်စေ၍ လာဘ်သပ္ပကာကိုဖြစ်စေ၏။ အဇာတသတ်သည် ဒေဝဒတ်ကိုကြည်ညိုသဖြင့်၍ ဂယာသီသ၌ကျောင်းဆောက်၍ ဒေဝဒတ်ကိုနေစေချက်ဆရာပြု၏။ ဆွမ်းချက်ဝတ်အိုး အလုံးငါးရာတည်၏။ ရာဇဂြိုဟ်ပြည်မှ တဂါဝုတ်ခန့်ကွာသော ဂယာသီသ၌ နေသော ဒေဝဒတ်သို့ ရထားငါးရာအခြံအရံနှင့်တကွ ညနံနက်မပြတ် မင်းသားသည် ဆည်းကပ်၏။ ဤသို့ အဇာတသတ်မင်းသားသည် ကိုးကွယ်ချီးမြှောက်အပ်သဖြင့်ဒေဝဒတ်အားလာဘ်များလျှင် ငါသည်ရဟန်းသံဃာကိုဆောင်အံ့ဟု ယုတ်မာသောစိတ်ကိုဖြစ်စေ၏။ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ နေသောအခါ မင်းနှင့်တကွသော ပရိသတ်၌ တရားဟောတော်မူသော မြတ်စွာဘုရားသို့ ကပ်၍ ရှိခိုးလျက် နေရာမှ ထ၍ လက်အုပ်ချီလျက်။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ယခုအခါ၌ ရှင်ပဓိဘုရားသည်အိုပြီ။ အရွယ်တော်ကြီးပြီ။ အသက်တော်ကြီးပြီ။ မျက်မှောက်သောကိုယ်၏အဖြစ်၌ ချမ်းသာစွာနေခြင်းကိုယှဉ်တော်မူလော့။ အကျွန်ုပ်သည် ရဟန်းသံဃာကို ဆောင်ပါအံ့၊ အကျွန်ုပ်အား ရဟန်းသံဃာကိုနှင်းတော်မူလော့ဟုလျှောက်၍။ ဒေဝဒတ်၊ မသင့်။ သင့်အား ရဟန်းသံဃာကိုဆောင်ခြင်း၄ါ မနှစ်သက်လင့်ဟု ပယ်တော်မူ၏။ နှစ်ကြိမ်မြောက်ဝင်း သုံးကြိမ်မြောက်ဝင်း ဒေဝဒတ်သည်လျှောက်၏၊ဘုန်းတော်ကြီးသောရှင်ပင်ဘုရားသည် ယခုအခါအိုပြီ၊ အရွယ်ကြီးပြီ၊ အသက်ကြီးပြီ၊ မင်းနှစ်ဆက်သုံးဆက်လည်ပြီ။ ပတိယအရွယ်သို့ရောက်ပြီ။ မျက်မှောက်၌ချမ်းသာစွာနေတော်မူ။ သံဃာကိုအကျွန်ုပ်ဆောင်အံ့။ အကျွန်ုပ်အား ရဟန်းသံဃာကို အပ်နှင်းတော်မူဟု လျှောက်၏။ ဒေဝဒတ်၊မသင့်။သင့်အား ရဟန်းသံဃာကိုဆောင်ခြင်း၌ မနှစ်သက်လင့်ဟု ပယ်တော်မူ၏။ ထိုအခါဒေဝဒတသည်။ ဤဂေါတမဘုရားကား သာရိ

www.dhammaransi.com



ပုတြာ၊ မောဂ္ဂလာန်တို့ကိုသာ ချီးမြှောက်၏ဟု နှလုံးမသာသည်ဖြစ်၍ ဘုရားကိုရှိခိုး၍လကျာရစ်လှည့်၍သွားလေ၍ရန်ငြိုးဖွဲ့လေ၏။ ဤသည် လျှင်ရှေးဦးစွာရန်ငြိုးဖွဲ့ခြင်းတည်း။ ။

ထိုအခါမြတ်စွာဘုရားသည် အရှင်သာရိပုတြာကိုစေ၍ ဒေဝဒတ် အားရာဇဂြိုဟ်ပြည်၌ပကာသနီယကံကိုစေပြု၏။ ဒေဝဒတ်သည်ကိုယ် ဖြင့်နှုတ်ဖြင့်အကြင်အမှုကိုပြု၏။ အကြင်အမှုကိုဆို၏။ ထိုသို့ ပြုဆိုခြင်း ကြောင့် ဒေဝဒတ်ကိုဘုရားဟူ၍၊ တရားဟူ၍၊ သံဃာဟူ၍မမှတ်အပ်။ ဒေဝဒတ်ဟူ၍သာ မှတ်အပ်၏ဟု ပကာသနီယကံကို ပြုစေ၏။ ဤသို့ ပကာသနီယကံပြုသောအခါ ထိုရာဇဂြိုဟ်ပြည်၌ ရတနာသုံးပါးတို့ကို မသဒ္ဓါမကြည်ညိုကုန်သော ပညာအသိမရှိကုန်သော သူမိုက်တို့သည် ဤသာကီဝင်မင်းသား ရဟန်းတို့သည် ဒေဝဒတ်အား လာဘ်သပ္ပကာ များသည်ကို ငြူစူ၏ဟုဆိုကုန်၏။ ရတနာသုံးပါး၌ သဒ္ဓါကြည်ညိုကုန် သော ပညာရှိကုန်သောသူတို့သည် အကြင်အခြင်းဖြင့် မြတ်စွာဘုရား သည် ဒေဝဒတ်ကိုရာဇဂြိုဟ်ပြည်၌ ထင်ရှားပြုစေ၏။ထိုအခြင်းဖြင့် ဤ အမှုသည်အနည်းငယ်မဖြစ်လတ္တံ့ဟုဆိုကုန်၏။ထိုအခါဒေဝဒတ်သည် ငါ့ကို ဘုရားစွန့်ပစ်လေပြီ။ ငါသည်လည်း ထိုဘုရား၏အကျိုးမဲ့ကိုသာ ပြုတော့အံ့ဟု ကြံ၍ အဇာတသတ်မင်းသားသို့ကပ်၍ ဤသို့ဆို၏။ မင်း သား၊ ရှေးအခါ လူတို့သည် အသက်ရှည်ကုန်သည်။ယခုအခါ အသက် တိုကုန်သည်။သင်သည် သတို့သားငယ်ဖြစ်လျက် အကြင်အကြောင်း ဖြင့်သေရာ၏။ထိုအကြောင်းသည်ရှိ၏။ထိုကြောင့် သင်သည် အဘကို သတ်၍ မင်းပြုလော့။ ငါသည်လည်း ဘုရားကိုသတ်၍ ဘုရားပြုတော့ မည်ဟု ဆိုသော် အဇာတသတ်မင်းသားသည် အရှင်ဒေဝဒတ်ယည် တန်းခိုးကြီး၏။ အာနုဘော်ကြီး၏။ အရှင်ဒေဝဒတ်သည် အကြောင်းကို သိလေရာ၏ဟု ဒေဝဒတ်စကားကိုနာ၍၊ ပေါင်၌ထားကိုဖွဲ့လျက် စော စောကပင် အဆောတလျင် နန်းတော်တွင်းသို့ ဝင်လေ၏။ နန်းတော် တွင်း၌ခစားကုန်သော အမတ်ကြီးတို့သည် မင်းသားကို ဘမ်းကုန်၍ ဗိစစ်မေးမြန်းရှာဖွေသော် ပေါင်၌ဖွဲ့သောထားငယ်ကိုရ၍ မင်းသား၊ သင်သည် အဘယ်သို့ပြုလိုသနည်းဟုမေးကုန်၏။အဘမင်းကိုသတ်လို ၏ဟုဆို၍။ အဘယ်သူသည် မင်းသားအားတိုက်တွန်းသနည်းဟု မေး စစ်ပြန်သဖြင့်။ ရှင်ဒေဝဒတ်တိုက်တွန်း၏ဆိုသော်၊ အချို့သောအမတ်

www.dhammaransi.com



တို့သည် မင်းသားကိုလည်းသတ်အပ်၏။ ဒေဝဒတ်ကိုလည်းသတ်အပ်၏။အလုံးစုံသောရဟန်းကိုလည်းသတ်အပ်၏ဟုဆိုကုန်၏။ အချို့သောအမတ်တို့သည် မင်းသားနှင့်ဒေဝဒတ်ကိုသတ်အပ်၏ဆိုကုန်၏။ အချို့သောအမတ်တို့သည် မင်းသားဒေဝဒတ် အလုံးစုံကိုပင် မသတ်အပ်။ မင်းကြီးအား ကြား၍ မင်းကြီးဆိုတိုင်းကိုသာ ပြုအပ်၏ဟု ဆိုကုန်၏၊ ထိုနောက်စကားကိုနာကြ၍ အမတ်တို့သည်မင်းသားကိုယူ၍ဗိမ္ဗိသာရမင်းကြီးအားအလုံးစုံသောအကြောင်းကိုကြားလျှောက်လေကုန်၏။မင်းကြီးလည်းအဘယ်အမတ်ကြီးတို့သည် အဘယ်အယူရှိကုန်သနည်းဟုမေးသော်။အမတ်တို့သည် သုံးစုကွဲ၍ အယူရှိကြကြောင်းကို လျှောက်ကုန်သဖြင့်။ အချင်းတို့၊ အဘယ်သို့ပြုလတ္တံ့နည်း။ ရှေးဦးကပင် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ ဒေဝဒတ်၏ ယခုသဘောသည် ရှေးနှင့်မတူပြီ။ ဒေဝဒတ် ပြုသောအမှု၊ ဆိုသောစကားကြောင့် ဒေဝဒတ်ကိုဘုရား တရား သံဃာဟူ၍မမှတ်အပ်ဟု ထင်ရှားဖြစ်စေပြီဆို၍။ ထိုအမတ်ကြီးသုံးစုတို့တွင် မင်းသားကိုရင်း ဒေဝဒတ်ကိုရင်း အလုံးစုံသောရဟန်းတို့ကိုရင်း သတ်အပ်၏ဟုဆိုသော အမတ်တို့ကို သူရင်းငှါးကိုပြုအပ်၏။ မင်းသားနှင့်ဒေဝဒတ်ကို သတ်အပ်၏အယူရှိသော အမတ်တို့ကို နိမ့်သောအရာ၌ထားအပ်၏။ အလုံးစုံကို မသတ်အပ်၊ မင်းကြီးအားကြားလျှော်၍ မင်းကြီးဆိုတိုင်းကိုပြုအပ်၏ဟုအယူရှိသောအမတ်တို့ကို မြင့်သောနေရာ၌ထားအပ်၏ဟုဆို၍။ အဇာတသတ်မင်းသားကိုလည်း သင်သည်အဘယ်ကြောင့် ငါ့ကိုသတ်လိုသနည်းဟုမေး၍ မင်းအဖြစ်ကိုအလိုရှိသောကြောင့်သတ်လိုသည်ဟုဆိုလျှင်။ အကယ်၍သင်သည်မင်းပြုလိုအံ့၊မင်းပြုလော့ဟုအဇာတသတ်အားပြည်ကိုနှင်း၏။ ။

ထိုအကြောင်းကိုကြားလျှင် ဒေဝဒတ်လာပြန်၍၊ မင်းသား၊ပြည်ကိုအပ်ကာမျှဖြင့် အမှုအပြီးသို့မရောက်သေး။နောက်ကာလ အဘသည်အလိုရှိပြန်လျှင် အမှုသစ်ဖြစ်လတ္တံ့၊ပြုအပ်သောကိစ္စကိုအပြီးတိုင်ရောက်စေမှသင့်မည်ဟုဆို၏၊ ထိုစကားကိုကြားလျှင် ဒေဝဒတ်သည် အဟုတ်ကိုဆိုပေသည်။အဘသည်လည်း အသတ္တုစသာတာ ရဟာဖြစ်သည်ဟုနှလုံးသွင်း၍ ငါ၏အဘကိုနှောင်သွင်းထားဘိ။ ငါ၏အမိမှတပါးသောသူကိုမဝင်စေနှင့်ဟု မင်းချင်းတို့ကိုစေ၍ အဘကိုနှောင်အိမ်သွင်းစေ၍ ခုနစ်ရက်ရှိပြီးသော် ငါ၏အဘမသေသေးလောဟုမေး၍ မသေကြောင်းကို

www.dhammaransi.com



လျှောက်လျှင်။ အဘယ်ကြောင့်နည်းဟုမေး၍။ မယ်တော်ထမင်းယူခဲ့၍ စားရသောကြောင့် မသောပါဟု လျှောက်၍။ မယ်တော်ကို လက်တွင် အထုပ်အပိုး မပါစေလင့်ဟု မင်းချင်းတို့ကိုဆိုသဖြင့် ဆီးတားမြစ်ကုန် သော်။ မယ်တော်ဝေဒေဟီမိဘုရားသည်ထမင်းကိုကိုယ်၌ဝတ်ရုံသော တဘက်၌ ယူခဲ့၍ စားရ၏။ ခုနစ်ရက်ရှိပြန်သော် မသေသေးလောဟု မေး၍ ကိုယ်၌ဝတ်ရုံသောအဝတ်ထဲမှာထမင်းပါသောကြောင့်စားရ၍ မသေသေးဟု လျှောက်၍ ငါ၏မယ်တော်ကို အပေါ်ရုံအဝတ်မပါစေ နှင့်ဟုဆို၍ အဝတ်တန်ဆာအပေါ်ရုံနှင့်တကွမဝင်ရသော် ဆံထုံးထဲ၌ ထမင်းကိုယူခဲ့သဖြင့်စားရ၍ ခုနစ်ရက်ရှိပြန်၍မသေသေးလောဟုမေး ၍ မယ်တော်ဆံထုံးထဲ၌ထမင်းပါ၍စားရသောကြောင့် မသေသေးဟု လျှောက်လျှင်။ မယ်တော်ကို ဆံထုံးထုံး၍မဝင်စေနှင့်ဟု ဆိုပြန်သော ကြောင့် ဆံထုံးထုံး၍မဝင်ရသော် ခြေနင်းခွက်၌ထမင်းကိုထည့်၍ယူခဲ့ ၍ စားရ၏။ ခုနစ်ရက်ရှိ၍ မေးပြန်သော် မယ်တော် ခြေနင်းခွက်တွင် ထမင်းပါ၍စားရသောကြောင့် မသေသေးဟုလျှောက်လျှင်။ ငါ၏မယ် တော်ကို ခြေနင်းစီး၍ မဝင်စေနှင့်ဆို၍ မြစ်ပြန်သဖြင့် ခြေနင်းမစီးရခဲ့ သော် ကိုယ်ကိုရေမိုးချိုးသန့်ပျံ့စွာချိုး၍ ယာဂုထမင်းများသကာတို့ကို လိမ်းကျံ၍ဝင်သဖြင့် ထိုမိဘုရားကိုယ်၌ကပ်သော အာဟာရကို လျှာ ဖြင့်လျက်၍မှီဝဲသဖြင့် ခုနစ်ရက်ကြာပြန်၍ မသေသေးလောမေးသော်။ အရှင်မင်းကြီး၊ မယ်တော်သည် ယာဂုများတင်လဲစသောလျက်ဘွယ် တို့ကိုကိုယ်၌လိမ်းကျံ၍ဝင်လာသဖြင့် ထိုအာဟာရကိုလျှာဖြင့်လျက်၍ မှီဝဲရသောကြောင့်မသေသေးဟုလျှောက်လျှင်။ငါ၏မယ်တော်ကိုမဝင် စေနှင့်ဟုမြစ်လေ၏။ ဗိမ္ဗိသာရမင်းကြီးသည် နှောင်အိမ်ထဲ၌ အာဟာရ ကိုမမှီဝဲရသော်လည်း စင်္ကြံသွားသဖြင့် ခုနစ်ရက်ပတ်လုံးမျှ၏။ မသေ သေးလောမေးပြန်၍ မသေသေးဟု လျှောက်သော်။ အဘယ့်ကြောင့် နည်းမေး၍စင်္ကြံသွား၍ခမည်းတော်နေသည်ဟုလျှောက်လျှင်ငါ့ခမည်း တော်၏ ခြေဘဝါးနှစ်ဘက်ကို သင်တုန်းဖြင့် အစိတ်အစိတ်လှီးဖြွင်း၍ ဆားလူး၍ မီးကျီးစ၌ ကင်လေဟု စေသဖြင့်။ ထိုစေတိုင်း မင်းချင်းတို့ ပြု၍၊ အဇာတသတ်မင်း၏ခမည်းတော် ဗိမ္ဗိသာရမင်းကြီး သေခြင်းသို့ ရောက်၏၊ အဇာတသတ်မင်းသည် မြတ်စွာဘုရား ဘုရားဖြစ်တော်မူ၍ သုံးဆဲ့ခုနစ်ဝါမြောက်နောက်တွင် မင်းဖြစ်၏။ ။ဤသို့ အဇာတသတ်

www.dhammaransi.com



မင်းသားအဘဖိမ္ဗိသာရကိုသတ်၍မင်းဖြစ်ပြီးသောအခါဆရာဒေဝဒတ်သည် ဒါယကာမင်းကြီးမှာ အလိုပြည့်ပြီ။ငါ့မှာအလိုမပြည့်။ ထို့ကြောင့် ဂေါတမဘုရားကိုသတ်စေခြင်းငှါ သုံးကျိပ်တယောက်သောလေးသမားတို့ကိုဆရာ့အားပေးလော့ဟုတောင်း၏။ ။

ထိုအခါ မြတ်စွာဘုရားသည် ဂိဇ္ဈကုဋ်တောင်ကျောင်း၌ နေတော်မူ၏။ ရာဇဂြိုဟ်ပြည်ကား၊ အလျား၊ အနံ၊ အချင်း၊ သုံးဂါဝုတ်စီရှိ၏။ မြို့တွင်းအိမ်ခြေ ကိုးကုဋေ၊ မြို့ပြင်အိမ်ခြေ ကိုးကုဋေအားဖြင့် တဆဲ့ရှစ်ကုဋေ ရှိ၏။ တံခါးကြီး သုံးဆဲ့နှစ်။ တံခါးငယ်မလွှယ် ခြောက်ဆဲ့လေးတံခါးရှိ၏။ နွားခြံကဲ့သို့ တောင်ညိုငါးလုံးရံ၏။ အရှေ့၌ ပဏ္ဍဝတောင်။ အရှေ့တောင်၌ ဝေဘာရ။အနောက်တောင်၌ဂိဇ္ဈကုဋ်။အနောက်မြောက်၌ ဝေပုလ္လ။မြောက်၌ ဣသိဂိလိ။ဤတောင်ငါးလုံးတို့သည်ရံကုန်၏။ထိုရာဇဂြိုဟ်ပြည်ကို ရံလည်၍ မြတ်စွာဘုရား သီတင်းသုံးတော်မူရာကျောင်းရပ်မှာလည်း ဇေဠုဝန်ကျောင်းတော်။ ဣသိဂိလိတောင်၌ ကျောက်ညိုလိုဏ်။ဝေဘာရတောင်၌ စရည်းပင်လိုဏ်။သိတဝနန၌ သပ္ပသောဏ္ဍိကလိုဏ်။ တပေါဒါမြစ်နား၌ တပေါဒါရုံကျောင်းတော်။ ဂိဇ္ဈကုဋ်တောင်ကျောင်းတော်။ဇီဝကသရက်ဥယျာဉ်၌ ကျောင်းတော်။ဂေါတမနိဂြောဓာရုံ ကျောင်းတော်။ စောရပပါတ ကျောင်းတော်။ မဒ္ဒကုစ္ဆိမိဂဒါယ ကျောင်းတော်။ ဤသို့အစရှိသောအားဖြင့် တဆဲ့ရှစ်ရပ်ရှိ၏။ ။ဝေဠုဝန်ကျောင်းတော်ကား ရာဇဂြိုဟ်ပြည်၏ အနောက်မြောက်၌တည်၏။ ဇီဝက၏ သရက်ဥယျာဉ် ကျောင်းတော်ကား ဂိဇ္ဈကုဋ်တောင်နှင့် မြို့တံတိုင်း၏အကြားတွင် တည်၏။ ဒေဝဒတ်သည် အဇာတသတ်မင်းထံ သွား၍ လေးသမားတို့ကို တောင်းလေသော် သုံးကျိပ် တယောက်သော လေးသမားတို့ကို ခေါ်၍။ အချင်းတို့၊ ဆရာရှင်ဒေဝဒတ်ဆိုတိုင်းကို သင်တို့ပြုလေကုန်ဟု မှာ၍ ရှင်ဒေဝဒတ်ထံ လွှတ်လိုက်၏။ ဒေဝဒတ်သည် ထိုသုံးကျိပ်တယောက်တို့တွင် လေးသမားကြီးကိုခေါ်၍ သင်သည် သွားချေ။ ရဟန်းဂေါတမသည် ဤမည်သောအရပ်၌နေလေ၏။ ထိုဂေါတမကို ယေအောင်လေးဖြင့်ပစ်သတ်၍ ဤမည့်သောခရီးဖြင့် ပြန်လာလှည့်ဟုဆို၏။ ထိုလေးသမားကြီးပြန်လာလတ္တံ့သောခရီး၌ နှစ်ယောက်သောလေးသမားတို့ကို ဤခရီးဖြင့် ယောကျ်ားတယောက်သည် လေးထမ်း၍ လာလတ္တံ့။ ထိုယောကျ်ားကိုသင့်တို့သတ်၍ ဤမည်သောခရီးဖြင့်ပြန်ခဲ့

www.dhammaransi.com



ကုန်ဆို၍ ထား၏၊ ထိုနှစ်ယောက်သောယောက်ျားတို့ ပြန်လတ္တံ့သော ခရီး၌ လေးယောက်သောယောက်ကျားတို့ကို ဤခရီးဖြင့် ယောက်ျား နှစ်ယောက်တို့သည်လာကုန်လတ္တံ့။ ထိုသူတို့ကိုသင်တို့သတ်၍ ဤမည်သောခရီးဖြင့် ပြန်ခဲ့ကုန်ဟုဆို၍ ထား၏။ ထိုလေးယောက်တို့ ပြန်လာလတ္တံ့သောခရီး၌လည်း ရှစ်ယောက်သော ယောက်ျားတို့ကို စောင့်၍ သတ်စိမ့်သော၄ါ ရှေးနည်းမှာထား၏။ ထိုရှစ်ယောက်တို့ပြန်လာလတ္တံ့သော ခရီး၌လည်း ဤခရီးဖြင့် ရှစ်ယောက်သော ယောက်ျားတို့သည် လာကုန်လတ္တံ့။ ထိုသူသို့ကို သင်တို့ သတ်၍ လာခဲ့ဟု တကျိပ်ခြောက်ယောက်သောသူတို့ကို ဆီး၍သတ်စိမ့်သော၄ါ ထား၏၊ ။ဤသို့လျှင် ဒေဝဒတ်သည် ဘုရားတဆူကို ရည်၍ မိမိပြုသောအမှုကို လျှို့ဝှက်လိုသဖြင့် အဆင့်အဆင့်သတ်၍ များစွာသောသူတို့ကို ပျက်စီးစေခြင်း၄ါ စေခိုင်းပြီးသောအခါ လေးသမားကြီးတယောက်သည် သန်လျက် ထားကိုယူ၍၊ လေး မြား တောင့်တို့ကို ကိုယ်၌မြဲမြံစွာဖွဲ့၍ မြတ်စွာဘုရားရှိတော်မူရာအရပ်သို့ ကပ်လေလျှင်။ မြတ်စွာဘုရား၏ မနီးမဝေးသော အရပ်၌ ကြောက်ထိတ်လန့်လျက် ခိုင်ကြံ့သော ကိုယ်ဖြင့် ရပ်လေ၏၊ ထိုသို့ ကြောက်ထိတ်လန့်လျက် ရပ်သည်ကိုမြင်တော်မူ၍။ ဒါယကာ၊ မကြောက်လင့်။ လာလှည့်ဟု မြတ်စွာဘုရားမိန့်တော်မူလျှင်။ သန်လျက် လေးမြားတောင့်တို့ကို တင့်အပ်ရာ၌ထား၍၊ ဘုရားမြတ်စွာသို့ ကပ်၍၊ မြတ်စွာဘုရားသခင်၏ခြေတော်တို့၌ဝပ်၍။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ အကျွန်ုပ်သည် မိုက်မဲတွေဝေမလိမ္မာသောအလျောက် ဖြစ်မှာ်း လိုသောစိတ်ဖြင့် ဤအရပ်သို့ ကပ်လာချေ၏။ အပြစ်ကို သည်းခံတော်မူပါ။နောင်အခါ စောင့်စည်းဆင်ခြင်ပါအံ့ဟုလျှောက်တောင်းပန်သော်။ ဒါယကာ၊သင်သည်အပြစ်ကိုအပြစ်အားဖြင့်မြင်၍ သဘောအားလျော်စွာထင်ရှားပြု၏။ ငါတို့သည် သင့်အားသည်းခံကုန်၏။ ထိုသို့သည်းခံခြင်းသည်လည်း သင့်အား အကျိုးစီးပွါးများရာ၏ဟု မိန့်တော်မူ၍ ထိုယောက်ျားအား ဒါနကထာ သီလကထာစသော အစဉ်စကားကိုပြောဟောတော်မူပြီးသော်။ ထိုယောက်ျား၏ ခံ့သော နူးညံ့သော နီဝရဏကင်းသောအဖြစ်ကိုသိတော်မူ၍။ ကိုယ်တော်မှ အသီးထုတ်အပ်သော တရားဒေသနာတော်ဖြင့်၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတရားလေးပါးကိုထင်ရှားပြတော်မူ၏။ ဥပမာကား၊စင်ကြယ်

www.dhammaransi.com



သော အညစ်အကြေးကင်းသောပုဆိုး၌ အညီအညွတ် ဆိုးရည်ထက် ဝန်းကျင်စွဲသကဲ့သို့ ထို့အတူ ထိုယောက်ျားလေးသွားအား ထိုနေရာ၌ အကြွင်းဖြစ်တတ်သောသဘောတရားရှိ၏။ ထိုတရားသည် ချုပ်တတ်သောသဘောရှိ၏ဟု။ မြူအညစ်အကြေးကင်းသော သောတာပတ္တိမဂ်ပညာမျက်စိသည် ထင်ရှားဖြစ်၏။ မြင်ပြီးသောတရားရှိသော၊ နိဗ္ဗာန်သို့ သက်ပြီးသော တရားရှိသော၊ ကူးမြောက်ပြီးသော ဝိစိကိစ္ဆာရှိသော၊ သို့လား သို့လားဟူ၍ ယုံမှားခြင်းကင်းပြီးသော၊ ဝေသာရဇ္ဇဉာဏ်သို့ ရောက်ပြီးသော လေးသွားသည်၊ ဘုရားမှတပါး ကိုးကွယ်ရာ ဘုရားသာသနာ၌ မရှိသည်ဖြစ်၍။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရားသည် မှောက်၍ထားသောဝတ္ထုကို လှန်ဘိသကဲ့သို့၊ ဖုံးလွှမ်းသောဝတ္ထုကို ဘွင့်ဘိသကဲ့သို့၊ ဆီမီးထွန်းဘိသကဲ့သို့၊ မျက်စိ အမြင်ရှိသော သူတို့သည် ဆင်ရုပ်မြင်းရုပ်အစရှိသောအရုပ်တို့ကိုမြင်ဘိသကဲ့သို့။ ထို့အတူ ရှင်ပင်ဘုရားသည် များစွာသောအကြောင်းဖြင့် တရားကိုပြပေ၏။ ထိုအကျွန်ုပ်သည် မြတ်စွာဘုရားတို့ကို ကိုးကွယ်ရာဟူ၍မှတ်ပါ၏။ တရားတော်ကို သံဃာတော်ကို ကိုးကွယ်ရာဟူ၍မှတ်ပါ၏။ ယနေ့ကို အစပြု၍ အသက်ရှည်သောကာလပတ်လုံး သရဏဂုံဆောက်တည်သော ဥပါသကာဟု အကျွန်ုပ်ကိုမှတ်တော်မူပါဟူ၍ မြတ်စွာဘုရားကိုလျှောက်၏။ ထိုအခါ ထိုယောက်ျားကို ဤခရီးဖြင့်မသွားလေလင့်ဟုဆို၍ တပါးသော ခရီးဖြင့် လွှတ်လိုက်၏။ ။ထိုယောက်ျားကို သတ်အံ့သောငှါ စောင့်နေနှင့်သော ယောက်ျားနှစ်ယောက်တို့သည် ထိုယောက်ျားကို မြှော်လင့်၍။ ထိုတယောက်သောယောက်ျားသည် လာခဲလှ၏ဟု ခရီးရင်ဆိုင်လာကုန်သော် တခုသောသစ်ပင်ရင်း၌ထိုင်၍နေသောမြတ်စွာဘုရားသခင်ကိုမြင်ကုန်၍ မြတ်စွာဘုရားအထံသို့ကပ်၍ ရှိခိုး၍နေကုန်၏။ ထိုနှစ်ယောက်တို့အား အစဉ်စကားကို ဆို၍ တရားဟောတော်မူသဖြင့် သောတာပတ္တိဖိုလ်၌ တည်စေ၏။ ထိုနှစ်ယောက်သောသူတို့ကိုလည်း ဤခရီးဖြင့် မသွားလေကုန်လင့်ဟု မြစ်တော်မူ၍ တပါးခရီးဖြင့် လွှတ်လိုက်၏။ လေးယောက်သောယောက်ျားတို့သည်ငင်း၊ ရှစ်ယောက်သောယောက်ျားတို့သည်ငင်း၊ ထို့အတူသာလျှင်ဖြစ်ကြကုန်၏။ တကျိပ်ခြောက်ယောက်သော ယောက်ျားတို့သည်လည်း ရှစ်ယောက်သောယောက်ျားတို့လာခဲလှ၏ဟု ခရီးရင်ဆိုင်လာကုန်သော် မြတ်စွာဘုရား

www.dhammaransi.com



ကိုမြင်ကုန်၍ကပ်လှာ၍ရှိခိုး၍နေကုန်၏။ မြတ်စွာဘုရားလည်း ထိုသူတို့ကို တရားစကားဖြင့် သောတာပတ္တိဖိုလ်၌တည်စေ၍ တသက်ပတ်လုံး သရဏဂုံ၌ တည်စေကုန်၏။ ။ရှေးဦးစွာ သောတာပန်တည်သော ယောကျ်ား လေးသွားတယောက်သည် ရှင်ဒေဝဒတ်အထံသို့ သွား၍။ အရှင်ဘုရား၊ငါသည် ထိုမြတ်စွာဘုရားကို လေးဖြင့်ပစ်သတ်အံ့သော်ငှါ မတတ်နိုင်။ ထိုမြတ်စွာဘုရားသည် တန်းခိုးကြီးလှပေ၏ဟူ၍ ဒေဝဒတ်ကို လျှောက်လေသော်။ ဟယ်တကာ၊ သင်သည် ရဟန်းဂေါတမကို အသက်မှမချနိုင်သော် နေလေ့၊ငါပင် ရဟန်းဂေါတမကို အသက်မှ ချအံ့ဟုဆို၍နှင်လိုက်၏။ ။မြတ်စွာဘုရားသည် ဂိဇ္ဈကုဋ်တောင်ရိပ်၌ စင်္ကြံသွား၍နေတော်မူသောအခါ ဒေဝဒတ်သည် ဂိဇ္ဈကုဋ်တောင်သို့ တက်၍ ဤကျောက်ဖြင့်ဘိ၍ ဂေါတမကို သေစေအံ့ဟု ကြီးစွာသော ကျောက်ကို ကုပ်ယန္တရားဖြင့်ကော်၍ လှိမ့်လိုက်၏။ နှစ်ခုသောတောင်ထွတ်တို့သည်ပေါင်းဆုံလာ၍ခံလေကုန်၏။ကျောက်ဖြင့်ခတ်မိ၍ကျောက်လုံးမှ အလွှာသည် ကွာ၍ကျလေသဖြင့် မြတ်စွာဘုရားခြေဖမိုးတော်၌ မှန်၍သွေးဥခြင်းကိုဖြစ်စေ၏။ထိုအခါမြတ်စွာဘုရားသည် အထက်သို့ ကြည့်တော်မူ၍ မဂ်ဖိုလ်မှအချည်းနှီးဖြစ်သော ဒေဝဒတ်၊ အကြင်သင်သည် ငါ့အားခြေ၌သွေးဥခြင်းကိုဖြစ်စေ၏။ထိုသင်သည်များစွာသော မကောင်းမှုကိုပွါးစေ၏ဟုမိန့်၍။ ရဟန်းတို့ကိုခေါ်တော်မူ၍။ ချစ်သား ရဟန်းတို့၊ဒေဝဒတ်သည် ငါ့အားပြစ်မှားလိုသောစိတ်ဖြင့် ခြေ၌သွေးဥခြင်းကို ဖြစ်စေ၏။ ဤသို့ ဖြစ်စေခြင်းသည် သေသည်၏ အခြားမဲ့၌ အဝီစိသို့ လားစေတတ်သော အနန္တရိယကံကို ပြုသည်မည်၏ဟု မိန့်တော်မူ၏။ ။ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားကို ဒေဝဒတ်သည် သတ်ခြင်းငှါလုံ့လပြု၏ဟုကြား၍ လာကုန်၍ မြတ်စွာဘုရား၏ ကျောင်းတော်ထက်ဝန်းကျင်မှ၊ပြင်းသောအသံ၊များစွာသောအသံကို ပြုကုန်လျက်သရဇ္ဈာယ်ခြင်းကိုပြုကုန်လျက် မြတ်စွာဘုရားကိုစောင့်အံ့သော်ငှါ စင်္ကြံသွားကြကုန်၏။ ထိုအသံကိုဘုရားကြားတော်မူ၍ အရှင်အာနန္ဒာကို ခေါ်တော်မူ၍၊ ချစ်သား အာနန္ဒာ၊ ဤပြင်းစွာများစွာသော အသံသည် အဘယ်အသံနည်းဟု မေးတော်မူသဖြင့်။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရားကိုစောင့်ရှောက်အံ့သော်ငှါ ပြင်းစွာသောအသံဖြင့် သရဇ္ဈာယ်ခြင်းကို ပြုကုန်လျက်။ ရှင်ပင်ဘုရား၏ ကျောင်းတော်ထက်

www.dhammaransi.com



ဝန်းကျင်မှ ရဟန်းတို့သည် စင်္ကြံသွားကုန်၏ ဟူ၍ အာနန္ဒာလျှောက်သော်။အာနန္ဒာ၊မြတ်စွာဘုရားသည် အရှင်တို့ကိုခေါ်တော်မူ၏ဟု ငါ၏စကားဖြင့်ခေါ်ချေလော့ဟုစေတော်မူသဖြင့်။ ထိုရဟန်းတို့သည် လာကုန်၍ မြတ်စွာဘုရားသခင်ကို ရှိခိုး၍ နေသောအခါ၌။ ချစ်သားရဟန်းတို့၊ အကြင်အကြောင်းကြောင့် ငါဘုရားကို သူတပါးတို့သည် လုံ့လပြုသဖြင့် အသက်မွေးနိုင်ရာ၏၊ ထိုအကြောင်းသည်မရှိ။ သူတပါး၏လုံ့လမဟုတ်သဖြင့် ဘုရားတို့သည် ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့ဟု မိန့်တော်မူ၍။ ပဉ္စသတ္တာရသုတ်ကို ဟောတော်မူပြီးသော်။ ချစ်သားရဟန်းတို့၊ လာခြင်းကောင်းသော ငါဘုရားကို သူတပါးတို့လုံ့လပြု၍ အသက်မွေးနိုင်အံ့သောအကြောင်းမရှိ။သူတပါး၏လုံ့လမဟုတ်သဖြင့် ဘုရားတို့သည် ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့။ ချစ်သားရဟန်းတို့၊သင်တို့သည် ကျောင်းရှိရာသွားလေကုန်၊ ငါဘုရားကို သင်တို့သည် မစောင့်အပ်ကုန်ဟု မိန့်တော်မူလိုက်၏။ ။မြတ်စွာဘုရားအား သွေးဥသော အရပ်၌ ပြင်းစွာသောဝေဒနာသည်ဖြစ်၏။ရဟန်းတို့သည် မြတ်စွာဘုရားသခင်ကို မဒ္ဒကုစ္ဆိကျောင်းတော်သို့ ဆောင်ကြလေကုန်၏။မြတ်စွာဘုရားသည် ဇီဝက၏သရက်ဥယျာဉ်ကျောင်းတော်သို့ ကြွတော်မူလိုသဖြင့် ငါ့ကိုဇီဝကသရက်ဥယျာဉ်သို့ဆောင်ကုန်ဟုမိန့်တော်မူ၍ ထိုသရက်ဥယျာဉ်ကျောင်းသို့ဆောင်ရလေကုန်၏။ဇီဝကသည် ထိုအကြောင်းကိုကြား၍ မြတ်စွာဘုရား၏အထံတော်သို့လာ၍ အမာကို ဆေးကုအံ့သော၌ ထက်သောဆေးကိုပေး၍ အမာကိုပုဆိုးကြမ်းဖြင့် အုပ်၍။ အရှင်ဘုရား၊ အကျွန်ုပ်သည် မြို့တွင်း၌ တယောက်သောသူကို ဆေးကု၏၊ ထိုသူ၏အထံသို့သွား၍လာပါအံ့၊ ဤဆေးကို အကျွန်ုပ်လာသည်တိုင်အောင် ဘွဲ့မြဲတိုင်းရှိပါစေဟုလျှောက်၍မြို့တွင်းသို့သွား၍ ထိုသူအားဆေးပေးခြင်းကိစ္စကိုပြု၍ ဥယျာဉ်သို့လာခဲ့သော် မိုးချုပ်သဖြင့် မြို့တံခါးပိတ်နှင့်၍ မထွက်ရရှိလျှင် ဤသို့ကြံ၏။ငါသည် မြတ်စွာဘုရားအားတပါးသောသူကဲ့သို့ဝန်လေးသောအမှုကို ပြုမိချေပြီ။ မြတ်စွာဘုရား၏ခြေတော်၌ ထက်ဝက်သောဆေးကိုပေး၍ အမာကိုပုဆိုးကြမ်းအုပ်၍ ငါလာသည်။ ထိုအမာကိုဖြေအံ့သောအခါတည်း။ ထိုအမာကိုမဖွင့်မဖြေသည်ရှိသော် မြတ်စွာဘုရားအား ကိုယ်၌ တညဉ့်ပတ်လုံးပူပန်ခြင်းသည်ဖြစ်လေလတ္တံ့ဟုကြံ၏။ထိုခဏ၌ မြတ်စွာဘုရားသည် အာနန္ဒာကိုခေါ်၍။အာနန္ဒာ၊ဇီဝက

www.dhammaransi.com



သည် ညဖိုးချုပ်သောအခါသို့ ရောက်၍ မလာနိုင်ရှိခဲ့ပြီ။ ဤအခါသည် အနာကိုဖြေအံ့သောအခါတည်း။ ဖြေလော့ဟု အာနန္ဒာကို ပုဆိုးကြမ်းအဘွဲ့ကိုဖြေစေလျှင်။ သစ်ပင်မှအပွေးကွာသကဲ့သို့ ကိုယ်တော်မှအမာသည် ကွာ၍သွားလေ၏။ ဇီဝကသည် အရက်တက်လျှင် တက်ခြင်းမြတ်စွာဘုရားအထံတော်သို့လာ၍ ရှင်ပင်ဘုရားသည် အဘယ်သို့ရှိပါသနည်း။ ကိုယ်တော်၌ပူလောင်ခြင်းဖြစ်လေသလောဟုမေး၏၊ ဇီဝက၊ ဘုရားအား ဗောဓိမဏ္ဍိုင်၌ အလုံးစုံသောပူပန်ခြင်းသည်ငြိမ်းပြီဟု မိန့်တော်မူ၍။ ။ဂတဒ္ဓိနော ဝိသောကဿ၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။ သဗ္ဗဂန္ထပ္ပဟီနဿ၊ ပရိဠာဟော န ဝိဇ္ဇတိ။ ။ဟူသော တရားကို ဟောတော်မူ၏။ ။ဂတဒ္ဓိနော၊ ဝဋ်တည်း ဟူသော သွားပြီးသော ခရီးရှိသော။ ဝိသောကဿ၊ ဝဋ်လျှင်အရင်းရှိသော သောကကင်းပြီးသော။ သဗ္ဗဓိ၊ ခပ်သိမ်းသောခန္ဓာကိုယ်၌။ ဝိပ္ပမုတ္တဿ၊ လွတ်ပြီးသော။ သဗ္ဗဂန္ထပ္ပဟီနဿ၊ အလုံးစုံသော ဂန္ထလေးပါးကို ပယ်အပ်ပြီးသော ရဟန္တာအား။ ပရိဠာဟော၊ ကိုယ်၏ပူပန်ခြင်း စိတ်၏ပူပန်ခြင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။ ။ ဒေသနာတော်၏အဆုံး၌ ရောက်လာသော တရားနာပရိသတ်တို့သည် သောတာပတ္တိမဂ်အစရှိသည်တို့သို့ရောက်လေကုန်၏။ ။

ထိုရောအခါ ဒေဝဒတ်သည် အဇာတသတ်မင်းအိမ်သို့သွား၍။ မြတ်သောမင်းကြီး၊ ဘုရားကိုသတ်စိမ့်သော၌ လေးသမားကြီးကို စေလွှတ်ပါသည်၊ အကျွန်ုပ်ရဟန်းဂေါတမကိုမသတ်နိုင်ပါဟုပြန်လာ၍ ဆရာပင်ကိုယ်တိုင်ဂိဇ္ဈကုဋ်တောင်သို့တက်၍ ကျောက်လုံးကြီးဖြင့်ဘိ၍သေစိမ့်ကြံ၍ လှိမ့်ပါသည်ကိုလည်း တောင်ထွတ်နှစ်ခု ရုံးပု၍ ခံလာသောကြောင့် ဂေါတမမသေလွတ်ပြန်လေသည်ဖြစ်သောကြောင့်။ ဆင်ထိန်းတို့ကိုစီရင်ခြင်း၌ ခွင့်ပေးပါတောင်းလေ၏။ ထိုအခါနာဠာဂိရိဆင်သည် ကြမ်းထမ်း၏။ လူကိုသတ်တတ်၏။ ထိုဆင်ကိုယူလော့ဟုဆို၏။ ဒေဝဒတ်သည်ခွင့်ရလျှင်မြို့တွင်းသို့ဝင်၍ဆင်တင်းကုပ်သို့သွား၍။ ဆင်ထိန်းတို့ကို ဤသို့ဆို၏။ ဆင်ထိန်းတို့၊ ငါတို့ မင်း၏အဆွေခင်ပွန်းမည်သည်ကား နိမ့်သောအရာ၌တည်သောသူကို မြင့်ရာသို့တင်ခြင်း၌စွမ်းနိုင်၏။ ထမင်းကိုဖြင့် ကံကျေးရိက္ခာကိုဖြင့် ပွါးခြင်း၌စွမ်းနိုင်၏။ ထိုကြောင့်၊ အချင်းတို့၊ သင်တို့သည် နက်ဖြန်မိုးသောက်လျှင် နာဠာဂိရိဆင်ကိုတဆဲ့ခြောက်လုံးသောသေဘ်ကိုတိုက်၍အကြင်အခါ၌ဂေါတမရဟန်းသည်

www.dhammaransi.com



ဤခရီးသို့ ဆွမ်းခံလာ၏။ ထိုအခါ နာဠာဂိရိကိုလွှတ်၍ ဂေါတမဆွမ်းခံ
လာသောခရီးသို့ ရင်ဆိုင် ဂေါတမနှင့်တွေ့အောင် ရိုက်ခတ်၍ ဆင်ကို
တင်လိုက်ကုန်ဟုစေ၏။ ဆင်ထိန်းတို့သည် ဒေဝဒတ်၏စကားကိုဝန်ခံ
၏။ထိုသို့ဒေဝဒတ်စီရင်သည့်အခြင်းအရာသည်ထိုနေ့မိုးသောက်သော
အခါ ရာဇဂြိုဟ်ပြည်တမြို့လုံး•အုတ်အုတ်ကျက်ကျက်ကျော်စောသည်
ဖြစ်၍ ထိုရာဇဂြိုဟ် ပြည်သူပြည်သားတို့သည် နံနက်စောစောကပင်
စည်းဝေးကုန်၍ ခရီးနံပါးနှစ်ဘက်တို့၌ ပြာသာဒ်ထက်၊တိုက်အိမ်အမိုး
ထက်တို့သို့တက်ကုန်၍ ဘုရားတည်းဟူသောဆင်နှင့် နာဠာဂိရိဆင်၏
ဓွတိုက်ခြင်းကိုကြည့်ကုန်အံ့ဟု နေကြလေကုန်၏။ ထိုဆင်ထိန်းတို့
သည် မိုးသောက်ထစောစောကပင်တဆဲ့ခြောက်လုံးသောထက်လှစွာ
သောသေကိုတိုက်၍နေနှင့်ကုန်၏။ ထိုအခါမြတ်စွာဘုရားသည် နံနက်
စောစောကပင် သင်းပိုင်တော်ကိုပြင်ဝတ်၍ လျှပ်စစ်နွယ်အဆင်းနှင့်တူ
သော ခါးပန်းတော်ကိုစည်း၍ ပဒေါင်သီးမှည့်အဆင်းနှင့် တူသော
ကိုယ်ဝတ်ဒုကုဋ်တော်ကိုရုံ၍ သပိတ်တော်ကိုပိုက်၍ ရဟန်းအပေါင်း
တို့ဖြင့်ခြံရံလျက် ဝေဠုဝန်ကျောင်းတော်မှ ထွက်၍ မြို့တွင်းသို့ ဝင်၍
နာဠာဂိရိဆင်ရှိနှင့်သော ခရီးမသို့ ဆွမ်းခံ ကြွတော်မူလေ၏။ ထိုအခါ
ဆင်ထိန်းတို့သည် နာဠာဂိရိဆင်ကိုချည်တိုင်မှဖြုတ်၍ထိုခရီးဖြင့်တင်၍
မြတ်စွာဘုရားသို့ရှေးရှုလွှတ်လိုက်ကုန်၏။ ထိုနာဠာဂိရိဆင်သည် လမ်း
နား၌ရှိသော ဈေးဆိုင်ကနွားဖြင်းအစရှိသည်တို့ကို နင်းဖျက်လျက်လာ
လတ်၏။နောက်တော်မှလိုက်သောရဟန်းတို့သည်နာဠာဂိရိဆင်ကိုမြင်
၍။ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ဤနာဠာဂိရိဆင်သည်ကြမ်းလှ၏။
လူကိုသတ်တတ်၏။ ဤခရီးမှပဲတော်မူပါအရှင်ဘုရားဟု လျှော်ကုန်၏။
ချစ်သားရဟန်းတို့။ လာကုန်လော့၊မကြောက်ကုန်လင့်။ချစ်သားရဟန်း
တို့၊လာခြင်းကောင်းသောငါဘုရားကို သူတပါးလုံ့လပြုသဖြင့် အကြင်
အကြောင်းဖြင့်အသက်မှချနိုင်ရာ၏။ ထိုအကြောင်းသည်မရှိ၊ ငါဘုရား
တို့သည် သူတပါးတို့၏လုံ့လမဟုတ်သဖြင့် ပရိနိဗ္ဗာန် ပြုကုန်လတ္တံ့ဟု
မိန့်တော်မူ၏။ ရဟန်းတို့သည် နှစ်ကြိမ်ရင်း သုံးကြိမ်ရင်း။အရှင်ဘုရား၊
ဤဆင်သည်ကြမ်းလှ၏၊ လူကိုသတ်တတ်၏၊ ထိုဆင်သည် ဤခရီးသို့
လာ၏။ ပဲတော်မူပါဟုလျှောက်ကုန်၏။ မြတ်စွာဘုရားလည်း သုံးကြိမ်
မြောက်ပင် ချစ်သားတို့။ လာကုန်လော့၊ မကြောက်ကုန်လင့်။ မြတ်စွာ

www.dhammaransi.com



ဘုရားကို သူတပါး လုံ့လပြုသဖြင့် သတ်နိုင်အံ့သော အကြောင်း မရှိ။ ဘုရားတို့သည် သူတပါး၏လုံ့လ မဟုတ်သဖြင့် ပရိနိဗ္ဗာန် ပြုလတ္တံ့ဟု မိန့်တော်မူ၍သွား၏။ထိုအခါမိန်းမတယောက်သည် သူငယ်ကိုယူ၍ ထို ခရီးကိုသန်း၍ပြေး၏။နာဠာဂိရိဆင်သည်ထိုမိန်းမကိုလိုက်၏။ ထိုအခါ မြတ်စွာဘုရားသည် ပြဟ္မာမင်း၏အသံနှင့်တူသောအသံတော်ကို မြွက် ၍၊အိုနာဠာဂိရိဆင်၊သင့်အား ဤမိန်းမကိုသတ်စိမ့်သောငှါဆင်ထိန်းတို့ သည် ဤခရီး၌မလွှတ်ကုန်။ ငါ့ကိုနင်းသတ်စိမ့်သောငှါသာ လွှတ်သည် တကား။ ငါသို့ ရှေးရှုလာခဲ့လော့ဟု ခေါ်တော်မူ၏။ ထိုအသံတော်ကို ကြား၍ ထိုမိန်းမကိုလွှတ်ခဲ့၍နားရွက်အမြီးကိုထောင်၍ ဘုရားသို့ရှေးရှု ပြေးလာ၏။ ထိုအခါ ခရီးနှစ်ဘက်နား၌ ပြာသာဒ်ဦးပြည်း တိုက်အစရှိ သည်တို့သို့ တက်၍ ကြည့်ကြကုန်သောသူတို့တွင်။ ဘုရားကို မသဒ္ဓါ မကြည်ညိုကုန်သောအသိအမြင်နည်းကုန်သောသူမိုက်တို့သည်ရဟန်း ဂေါတမသည် အလွန်အဆင်းလှလေ၏။ ဆင်နင်းသတ်၍သေလတ္တံ့ဟု ဆိုကုန်၏၊ သဒ္ဓါကြည်ညိုကုန်သောအသိအမြင်နှင့်ပြည့်စုံကုန်သောသူ တို့သည် မကြားမမြင်ဘူးတကား၊ ဘုရားတည်းဟူသောဆင်မင်းသည် နာဠာဂိရိဆင်မင်းနှင့် စစ်ထိုးတော်မူကုန်လတ္တံ့ဟု ဆိုကုန်၏။ ထိုအခါ အရှင်အာနန္ဒာသည် မိမိအသက်ကိုမြတ်စွာဘုရား၌စွန့်ကြံ၍။ မြတ်စွာ ဘုရား၏ရှေ့တော်သို့ တက်ပြေးလာ၍ မြတ်စွာဘုရား ကိုယ်တော်စား ငါ့ကို ဤဆင်တိုက်ခွေ့နင်းသတ်စေဟုကြံ၍ရပ်လာ၏။ ထိုအခါဖဲလော့ အာနန္ဒာ၊ ငါဘုရားကိုချစ်သားကယ်ရမည်မဟုတ်။ ယခုအခါ ငါ့ထံသို့ ဆင်လာစေဟုမိန့်တော်မူ၍။ အတိုင်းမသိသောစကြဝဠာ၌ တည်ကုန် သော အတိုင်းမသိအပိုင်းအခြားမရှိသော သတ္တဝါတို့၏ကိုယ်၌ နှံ့စေ ခြင်းငှါစွမ်းနိုင်သော။ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အစရှိသော။ အနောဓိသမေတ္တာတော်တည်းဟူသောရေစင်ကိုတဦးဖြည်းသာဖြစ် သော နာဠာဂိရိဆင်၏ ကိုယ်ပကိုယ်တွင်းသို့ချည်းဝင်လေအောင်ဆီး၍ သွန်းလောင်းတော်မူနှင့် သဖြင့်။ နာဠာဂိရိ ဆင်သည် ရှင်ပင် ဘုရား၏ မေတ္တာရေစင်ဖြင့် တွေ့အပ်သောကိုယ်ရှိသည်ဖြစ်၍။ မြတ်စွာဘုရား၏ အနီးသို့ရောက်လျှင် နှာမောင်းကိုချ၍ ခြေတော်ရင်း၌ပုဆစ်တုပ်လျက် ဝပ်၏။ မြတ်စွာ ဘုရားသည် လက်ျာ လက်တော်ဖြင့် နာဠာဂိရိဆင်၏ ဦးကင်းထိပ်၌ အဖန်တလဲလဲသုံးသပ်တော်မူလျက်။ မာကုဥ္ဇရနာဂမာ

www.dhammaransi.com



သဒေါ၊ စသောဂါထာတို့ဖြင့် ဆုံးမတော်မူ၏။ ။ထိုအခါ နတ်ဗြဟ္မာတို့သည် မိမိတို့ဆင်ခဲ့သောအဝတ်တန်ဆာအစရှိသည်တို့ဖြင့် များစွာပူဇော်ကုန်သည်ဖြစ်၍။ ရာဇဂြိုဟ်ပြည် မြို့တွင်းမြို့ပြင် ထက်ဝန်းကျင်၌ ပုဆစ်ဒူးနစ်မျှ နတ်တို့ပူဇော်သော ရွှေငွေရတနာတို့သည် ဖြစ်ကုန်၏။ မြတ်စွာဘုရား ဆုံးမအပ်သော နာဠာဂိရိ ဆင်လည်း မြတ်စွာဘုရား၏ ခြေဘွားတော်အောက်မြေကို နှာမောင်းဖြင့်ယူ၍။ မိမိထိပ်၌ ကြဲဖြန့်၍။ တွန့်လျက် နောက်သို့ဆုတ်၍။ မြတ်စွာဘုရားကို ရှုပြီးသော် ဆင်တင်းကုပ်သို့သွား၍ မိမိနေရာ၌နေလေ၏။ နောက်အခါ၌လည်း ဘုရားဆုံးမတိုင်း ယဉ်ကျေးသည်သာလျှင် ဖြစ်၏။ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်သို့သွား၍။ အသိန်းမကများစွာသောသရဏဂုံဆောက်တည်သောဒါယကာတို့သည်ဆောင်ခဲ့အပ်သောကြီးစွာသောအလှူကို သုံးဆောင်၍။ ထိုနေ့၌ စည်းဝေးလာကုန်သော တဆဲ့နှစ်ကုဋေ အရေအတွက်ရှိသော ရာဇဂြိုဟ် မြို့သူတို့အား တရားအမြိုက် တိုက်တော်မူသဖြင့်။ ရှစ်သောင်းလေးထောင်ကုန်သောဝေနေယျတို့သည် အကျွတ်တရားရကုန်၏။ ။ထိုအခါတသတ်မင်းသည်မြို့အနောက်တံခါး၌နတ်ဗြဟ္မာတို့ပူဇော်သော မကိုန်သရဘူ အစရှိသော ရွှေငွေဥစ္စာတို့သည် ပြည်သူတို့အား ဖြစ်စေ။ မြို့အရှေ့တံခါး၌ ဥစ္စာရတနာတို့သည် မင်း၏ဘဏ္ဍာဖြစ်စေဟု မောင်းကြေးနင်းခတ်၏။ ပြည်သူတို့သည် မင်းစီရင်တိုင်း ပြုကုန်၏။ နာဠာဂိရိဆင်ကိုလည်း ဓနပါလဟု အမည်တွင်စေ၍ သမုတ်လေ၏။ ။ဒေဝဒတ်သည်နာဠာဂိရိဆင်ဖြင့်သေစိမ့်ဟုခွေတိုက်စေသည်ကို ခံရလေသည်ကား။ ရှေးသောကိုယ်၏အဖြစ်၌ အရှင်ဂေါတမ အလောင်းတော်သည် ဆင်ထိန်းအမျိုး၌ဖြစ်၍ ဆင်စီး၍ ခရီးမ၌သွားလေသော် အရှင်ပစ္စေကဗုဒ္ဓါကိုမြင်၍ ပြစ်မှားလိုသော စိတ်ဖြင့် ဆင်နှင့်တိုက်မိချေသောကြောင့် အနှစ်များစွာငရဲ၌ဆင်းရဲခံပြီးမှ ဘုရားဖြစ်တော်မူသောအခါ မကောင်းမှုကံကြွင်းအကျိုးပေးလာပြန်၍ဝိပါက်တော်ခံရချေသတည်း။ ။

တို့အခါလူတို့သည် ဤဒေဝဒတ်သည် သူယုတ်ကြီးတကား။ ဘုန်းမရှိပါတကား။ ဤသို့ကြီးသော တန်းခိုးရှိသော ကြီးသောအာနုဘော်ရှိသော အရှင်ဂေါတမကို သတ်ခြင်းငှါ အားထုတ်လေ၍ လုံ့လပြုဘိသနည်းဟုကဲ့ရဲ့ကုန်၍။ ဒေဝဒတ်ကိုယုတ်သောအားဖြင့်ကြည့်ကုန်၏။ ဒေ

www.dhammaransi.com



ဝဒတ်သည် အဇာတသတ်အား ဗိမ္ဗိသာရမင်းကြီးကို သတ်စေသော အဖြစ်။ လေးသမားကိုစေ၍ မြတ်စွာဘုရားအားသတ်စေသောအဖြစ်။ ကျောက်လှိမ့်သောအဖြစ်သည် ရှေး၌မထင်ရှား။ ဆင်ကိုလွှတ်စေသော အခါ၌သာလျှင်။ ဒေဝဒတ်သည် ဗိမ္ဗိသာရမင်းကြီးကို သတ်စေသည်။ ဘုရားကိုသတ်စိမ့်သော၄ါ လေးသမားတို့ကိုစေသည်။ ဂိဇ္ဈကုဋ်တောင်သို့တက်၍ကျောက်ကိုလှိမ့်သည်။ ယခုလည်းဆင်ကိုလွှတ်စေသည်ဟု ထင်ရှားစွာဖြစ်၍။ ဤသို့ သဘောရှိသော သူယုတ်မာကို မင်းသည်အဆွေခင်ပွန်းဖွဲ့၍ လက်တွင်းသွင်း၍ကျင်လည်ဘိ၏ဟု အုတ်အုတ်ကျက်ကျက် မင်းရင်ပြင်၌ဟစ်ကြော်ကုန်၏။ အဇာတသတ်မင်းသည် ထိုပူများအသံကိုကြား၍ ဒေဝဒတ်အား လှူမြဲဖြစ်သော ငါးရာသော ဆွမ်းဝတ်တို့ကိုဖြတ်၍။ မဆည်းကပ်ဘဲ ဒေဝဒတ်ကိုဆရာအဖြစ်မှပဲလေ၏။ မြို့သူတို့သည်လည်း အိမ်သို့ကပ်လာသောဒေဝဒတ်အား တယောက်မမျှသော ထမင်းကိုလည်း မပေးပြီ။ ဒေဝဒတ်သည် ယုတ်သောလာဘ်သပ္ပကာရှိသည်ဖြစ်၍။ လူတို့၌ တောင်းရမ်း၍စားရလေ၏။ ။ရဟန်းတို့သည် ထိုနာဠာဂိရိဆင်ဖြင့်တိုက်သောနေ့ ညချမ်းသောအခါ တရားသဘင်၌စုဝေးကုန်၍။ အရှင်တို့၊ အရှင်အာနန္ဒာအား ကျေးဇူးများလှ၏။ ထိုသို့ကြမ်းထမ်းလှစွာ လူကိုသတ်တတ်သောဆင်သည် ပြေးလာသည်ရှိသော် မြတ်စွာဘုရား၌ အသက်ကိုစွန့်၍ ငါ့ကိုသတ်နင်းစေတော့ဟု၊ မြတ်စွာဘုရား ရှေ့တော်မှ ရပ်၍ နေ၏ဟု အရှင်အာနန္ဒာ၏ ကျေးဇူးစကားကိုဆိုကုန်၏။ ထိုစကားကိုကြားတော်မူ၍။ ချစ်သားတို့၊အာနန္ဒာသည်ယခုအခါ၌သာငါ၏အကျိုး၄ါအသက်ကိုစွန့်သည်မဟုတ်။ ရှေး၌လည်း စွန့်ဘူးလေပြီဟုမိန့်တော်မူ၍။ ရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍။ရုဏ္ဍဟံသဇာတ်။ကက္ကဋဇာတ်တို့ကိုဟောတော်မူ၏။ ။

ထိုဒေဝဒတ်သည် ယုတ်သောလာဘ်သပ္ပကာရှိသည်ဖြစ်၍။လူတို့၌ တောင်း၍စားသောအကြောင်းကို ရဟန်းတို့ကြား၍ ဘုရားအားလျှောက်ကုန်သော်။ ရှင်တော်ဘုရားသည် ဒေဝဒတ်ကိုခေါ်၍။ ဒေဝဒတ်၊သင်သည်၊ လူတို့၌တောင်းရမ်း၍စား၏ဟူသည် မှန်သလောဟု မေးတော်မူသော် မှန်ပေ၏အရှင်ဘုရားဟု လျှောက်သဖြင့်။ မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်တော်မူ၍။ ရဟန်းတို့အား မျက်နှာမသာသောပုဂ္ဂိုလ်တို့ကိုနှိပ်ခြင်း၄ါ။ သီလကိုချစ်သောရဟန်းတို့အား ချမ်းသာစွာနေခြင်း

www.dhammaransi.com



ဌါ။ ယုတ်မာသော အလိုရှိသော ရဟန်းသည် အပင်းအသင်းကို မှီ၍ သင်္ဃာကို ခွဲရာ၏။ ထိုသို့ ခွဲမည့် ဒါယကာတို့ကို အစဉ်သနားခြင်းဌါ။ ဤအကျိုးသုံးပါးကိုစွဲ၍ တိကဘောဇဉ်ကို ပညတ်၏။ ဂဏဘောဇဉ်၌ သဒ္ဓါအားလျော်စွာပြုအပ်၏ဟု ပညတ်တော်မူလေသော်၊ ဒေဝဒတ်သည် တောင်း၍မစားရသဖြင့် ပလ္လားရုံ၍စားအံ့ဟု ကြံပြန်၍ ကောကာလိက၊ သမုဒ္ဒဒတ္တတို့သို့ကပ်၍။ ငါ့ရှင်တို့၊ လာလတ်ကုန်။ ငါတို့သည် ရဟန်းဂေါတမအား သင်္ဃာ၏ကွဲခြင်းကိုပြုကုန်အံ့ဟုဆိုသော်။ ကောကာလိကသည် ဆို၏။ ငါ့ရှင်ဒေဝဒတ်၊ ရဟန်းဂေါတမသည် တန်းခိုးကြီးလှ၏။ အာနုဘော်ကြီးလှ၏၊ အဘယ်အကြောင်းဖြင့် သင်္ဃာ၏ကွဲခြင်းကိုပြုနိုင်လတ္တံ့နည်းဟုဆိုကုန်၏၊ သင်တို့သာလိုက်ကြကုန်။ ငါတို့သည် ရဟန်းဂေါတမသို့ကပ်၍။ ရှင်ပင်ဘုရားသည် များစွာကုန်သော အကြောင်းဖြင့်။ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ခေါင်းပါးခြင်း၊ ကိလေသာကိုခွါခြင်း၊ ကြည်ညိုဘွယ်ရှိခြင်း၊ ကိလေသာကို ဖျက်ဆီးခြင်း၊ လုံ့လကို အားထုတ်ခြင်းတို့၏ကျေးဇူးကို ဆိုလေ့ရှိ၏၊ ဤငါးပါးသော ဝတ္ထုသည် အလိုနည်းခြင်း အစရှိသော အကျိုးဌါ ဖြစ်ကုန်၏။ ဤငါးပါးသောဝတ္ထုတို့ကို ရဟန်းတို့အား ခွင့်ပြုတော်မူပါဟု ငါးပါးသော ဝတ္ထုတို့ကို တောင်းပန်ကုန်အံ့။ ရဟန်းဂေါတမသည် ခွင့်မပြုလတ္တံ့။ ထိုအခါ ငါတို့သုံးယောက်သည် လူတို့ကို ဤငါးပါးသောဝတ္ထုဖြင့်သိစေအံ့။ ငါ့ရှင်တို့၊ ဤဝတ္ထုငါးပါးတို့ဖြင့် ရဟန်းဂေါတမအား သင်းခွဲခြင်းကိုငါတို့ပြုနိုင်ကုန်လတ္တံ့။ ငါ့ရှင်တို့၊လူတို့သည် အဝတ်အစားဖြင့် ခေါင်းပါးစွာ ကျင့်သောသူကို ကြည်ညို၏ဟုဆိုပြီး၍။ ဒေဝဒတ်သည် အခြံအရံနှင့်တကွ မြတ်စွာဘုရားသို့ကပ်၍၊ ရှိသေစွာရှိခိုး၍။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် များစွာသော အကြောင်းဖြင့် အလိုနည်းခြင်းစသည့်တို့၏ကျေးဇူးကိုဆိုတော်မူလေ့ရှိ၏။ ဤငါးပါးသောဝတ္ထုသည် အလိုနည်းခြင်းအစရှိသော အကျိုးဌါ ဖြစ်ပါကုန်၏၊ တောင်းပန်ပါ၏ ရှင်ပင်ဘုရား။ ရဟန်းတို့သည် တသက်ပတ်လုံး တောကျောင်းနေသည်ဖြစ်ပါစေ၊ အကြင်ရဟန်းသည် ရွာနီးကျောင်းသို့လာအံ့။ထိုရဟန်းကိုအပြစ်တွေ့ပါစေ။တသက်ပတ်လုံးဆွမ်းခံ၍စားသည်ဖြစ်ပါစေ။ အကြင်ရဟန်းသည် ဒါယကာတို့ ပင့်ခေါ်၍လှူသော ဆွမ်းကို သာယာ၏။ ထိုရဟန်းကို အပြစ်သင့်ပါစေ။ တသက်ပတ်လုံး

www.dhammaransi.com



မြေမှုန့်အလိမ်းအလိမ်းကပ်သော ပံသုကူသင်္ကန်းကိုသာ ဝတ်သည်ဖြစ်ပါစေ။ အကြင်ရဟန်းသည် ဒါယကာတို့လှူသောသင်္ကန်းကို ဝတ်၏။ ထိုရဟန်းကိုအပြစ်သင့်ပါစေ။ တသက်ပတ်လုံး သစ်ပင်ရင်းတည်းဟူသောကျောင်း၌နေသည်ဖြစ်ပါစေ။ အကြင်ရဟန်းသည် အမိုးရှိသောကျောင်းသို့ကပ်၏။ထိုရဟန်းကိုအပြစ်သင့်ပါစေ။တသက်ပတ်လုံး ငါးအမဲကို မစားသည်ဖြစ်ပါစေ။ အကြင်ရဟန်းသည် ငါးအမဲကိုစား၏။ ထိုရဟန်းကို အပြစ်သင့်ပါစေဟု ဤငါးပါးသော ဝတ္ထုကို ဒေဝဒတ်တောင်းပန်၏။ ။ဒေဝဒတ်၊ မသင့်ဟု မြတ်စွာဘုရား ပယ်တော်မူ၍။ အကြင်ရဟန်းသည် တောကျောင်း၌နေလို၏။ ထိုရဟန်းသည် နေစေ။ ရွာနီးကျောင်း၌ နေလိုသောရဟန်း နေစေ။ ဆွမ်းခံဝတ်ဆောက်တည်လိုသောရဟန်း ဆောက်တည်စေ။ ဒါယကာတို့လှူသောဆွမ်းကိုစားလိုသောရဟန်း စားစေ၊ပံသုကူသင်္ကန်းရှာ၍ဝတ်လိုသောရဟန်း ဝတ်စေ။ ဒါယကာတို့လှူသောသင်္ကန်းကိုဝတ်လိုသောရဟန်း ဝတ်စေ၊ဒေဝဒတ်၊သစ်ပင်ရင်း၌နေလိုသောရဟန်းအားလည်း ဆောင်းနွေအားဖြင့် ရှစ်လကိုသာခွင့်ပြု၏။ ရဟန်းတို့ကိုရည်၍ သတ်သည်ကိုမြင်ခြင်းကြားခြင်း ရွံ့ရှာခြင်းတည်းဟူသော အစွန်းသုံးပါးမှစင်ကြယ်သော ငါးအမဲကိုလည်း ငါခွင့်ပြုတော်မူ၏ဟုဘုရားမိန့်တော်မူသော်။ ဒေဝဒတ်သည် ဤငါးပါးသောဝတ္ထုတို့ကိုခွင့်ပြုတော်မမူဟု နှစ်သက်သည်ဖြစ်၍ ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ မိမိပရိသတ်နှင့်တကွ မြတ်စွာဘုရားကို ရှိခိုး၍ နေရာမှထ၍ လကျ်ာရစ်လှည့်၍ သွားလေ၏။ ။ထိုအခါ ဒေဝဒတ်သည် ကောကာလိက သမုဒ္ဒဒတ္တတို့နှင့်တကွ မြို့တွင်းသို့ဝင်ကုန်၍ ငါးပါးသောဝတ္ထုတို့ဖြင့် လူတို့ကိုမှတ်သိစေ၏။ ဒါယကာတို့၊ ငါတို့သည် ရဟန်း ဂေါတမကို ရှင်ပင်ဘုရားသည် အလိုနည်းခြင်း အစရှိသည်တို့၏ ကျေးဇူးကို ဆိုတော်မူလေ့ရှိ၏။ ဤငါးပါးသော ဝတ္ထုတို့သည် အလိုနည်းခြင်းအစရှိသောအကျိုး၌ဖြစ်ပါကုန်၏။ ထိုရဟန်းတို့သည် တောကျောင်းသာနေပါစေ။ ရွာနီးကျောင်း၌နေသော်အပြစ်သင့်ပါစေ။ ပိဏ္ဍပါတ်ရတင်သာဆောက်တည်ပါစေ။ နိမန္တနဘတ်ကို သာယာသော် အပြစ်သင့်ပါစေ။ ပံသုကူရတင်သာဆောက်တည်ပါစေ။လှူတို့လှူသောသင်္ကန်းကို သာယာသော် အပြစ်သင့်ပါစေ။ ရုက္ခမူရတင်သာ ဆောင်ပါစေ။ အမိုးရှိသောကျောင်းသို့ ကပ်သော် အပြစ်သင့်ပါ

www.dhammaransi.com



စေ။တသက်ပန် ငါးအမဲတို့ကို မစားပါစေနှင့်။စားသော် အပြစ်သင့်ပါစေဟု ငါးပါးသောဝတ္ထုတို့ကို ငါတို့တောင်းပန်ပါကုန်သည်။ ရဟန်းဂေါတမသည် ခွင့်မပြု။ငါတို့မှာမူကား၊ဤငါးပါးကုန်သောဝတ္ထုတို့ဖြင့်ကျင့်ကုန်၏။ ဤသို့ လူတို့ကိုသိစေကုန်၏၊ ထိုသို့ ဒေဝဒတ်သိစေအပ်သောလူအပေါင်းတို့တွင်မသဒ္ဓါမကြည်ညိုသောသူတို့သည် သကျဝင်မင်းသားဖြစ်သောအရှင်ဒေဝဒတ်တို့သည် ကိလေသာကိုခွါထွက်ကုန်၏။ခေါင်းပါးသောအသက်မွေးခြင်းရှိပေကုန်၏။ ရဟန်းဂေါတမသည်ကား လာဘ်များခြင်းကိုအလိုရှိ၏။ လာဘ်သပ္ပကာများစေခြင်းငှါ စေ့ဆော်၏ဟုဆိုကုန်၏။ သဒ္ဓါကြည်ညိုကုန်သော လိမ္မာကုန်သောသူတို့သည် ,အဘယ့်ကြောင့် ဒေဝဒတ်သည် မြတ်စွာဘုရားအား သံဃာကွဲပြားစေခြင်းငှါလုံ့လပြုဘိသနည်းဟု ကဲ့ရဲ့ကုန်၏။ ထိုကဲ့ရဲ့ကုန်သောလူတို့၏စကားကိုကြား၍ရဟန်းတို့သည်မြတ်စွာဘုရားအားလျှောက်လေကုန်၏။ မြတ်စွာဘုရားသည် ဒေဝဒတ်ကိုခေါ်တော်မူ၍။ဒေဝဒတ်၊သင်သည် သံဃာကိုသင်းခွဲခြင်းငှါလုံ့လပြုသည်ဟုငါကြားသည်။ထိုစကားမှန်သလောဟုမေးတော်မူ၍။ မှန်ပေ၏ရှင်ပင်ဘုရားဟု လျှောက်သော်။ ဒေဝဒတ်၊သံဃာကိုသင်းခွဲခြင်းကိုသင်မနှစ်သက်လင့်။ သံဃာကိုသင်းခွဲခြင်းသည် ဝန်လေး၏။ ဒေဝဒတ်၊ အကြင်သူသည် အညီအညွတ်ဖြစ်သောသံဃာကို သင်းခွဲ၏။ ထိုသူသည် တကမ္ဘာပတ်လုံး ငရဲခံရသောမကောင်းမှုကိုပွါးစေသည်မည်၏။ တကမ္ဘာပတ်လုံး အဝီစိငရဲ၌ခံရ၏။ ဒေဝဒတ်၊အကြင်သူသည် ကွဲပြားသောသံဃာကို အညီအညွတ်ပြု၏။ ထိုသူသည် မြတ်သောကောင်းမှုကို ပွါးစေ၏။ တကမ္ဘာပတ်လုံး နတ်ပြည်၌မွေ့လျော်ရ၏၊ ဒေဝဒတ်၊သံဃာကိုကွဲပြားခြင်းကိုသင်မနှစ်သက်လင့်။ ဒေဝဒတ်၊သံဃာကိုသင်းခွဲခြင်းသည်ဝန်လေးလှ၏ဟူ၍ မိန့်တော်မူ၏။ထိုညမိုးသောက်သောအခါ၌အရှင်အာနန္ဒာသည်နံနက်အခါ၌သင်းပိုင်ကိုပြင်ဝတ်၍သပိတ်သင်္ကန်းကိုယူ၍ ရာဇဂြိုဟ်ပြည်တွင်းသို့ဆွမ်းခံဝင်လေသော် ဒေဝဒတ်သည်အရှင်အာနန္ဒာကိုမြင်၍။အရှင်အာနန္ဒာသို့ကပ်လာ၍။ ငါ့ရှင်အာနန္ဒာ၊ ယနေ့ကို အစပြု၍ မြတ်စွာဘုရားမှ ကြဉ်၍ရဟန်းသံဃာမှကြဉ်၍. ငါတို့သည် ဥပုသ်ကိုပြုကုန်အံ့။ သံဃာ့ကံကိုပြုကုန်အံ့ဟူ၍ဆို၏၊အရှင်အာနန္ဒာသည် ဆွမ်းခံသွား၍ ဆွမ်း စားပြီးသော်ဆွမ်းခံရာမှပြန်၍ မြတ်စွာဘုရားသို့ကပ်၍ ရိုသေစွာရှိခိုးပြီးလျှင် တင့်အပ်

www.dhammaransi.com



သောအရပ်၌နေ၍ မြတ်စွာဘုရားကိုဤသို့လျှောက်၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ဤရာဇဂြိုဟ်ပြည်၌ ဆွမ်းခံသွားသော အကျွန်ုပ်ကို ဒေဝဒတ်မြင်လေ၍ အကျွန်ုပ်သို့ ကပ်လာ၍ ငါ့ရှင် အာနန္ဒာ၊ ယနေ့ကို အစပြု၍ ငါတို့သည် ဘုရားမှကြဉ်၍ ရဟန်းသံဃာမှကြဉ်၍ ဥပုသ်ကို ပြုကုန်အံ့၊ သံဃာ့ကံကိုပြုကုန်အံ့ဟူ၍ ဆို၏၊ ရှင်ပင်ဘုရား၊ ဒေဝဒတ်သည် ယနေ့သံဃာကိုသင်းခွဲလတ္တံ့ဟူ၍ အရှင်အာနန္ဒာ မြတ်စွာဘုရားကိုလျှောက်၍။ ။ထိုအခါ မြတ်စွာဘုရားသည် ထိုအကြောင်းကိုသိတော်မူ၍။ ။သုကရံ သာဓုနာ သာဓုံ၊သာဓုံပါပေန ဒုက္ကရံ။ပါပံပါပေန သုကရံ၊ပါပ မရိယေဟိ ဒုက္ကရံ။ ။ဟူသော ဥဒါန်းကို ကျူးတော်မူ၏။ ။သာဓုနာ၊ သူတော်ကောင်းသည်။ သာဓုံ၊ကောင်းသောအမှုကို။ သုကရံ၊ ပြုလွယ်၏။ ပါပေန၊သူယုတ်မာသည်။ သာဓုံ၊ ကောင်းသော အမှုကို။ ဒုက္ကရံ၊ပြုနိုင်ခဲ၏။ ပါပေန၊သူယုတ်မာသည်။ ပါပံ၊မကောင်းမှုကို။ သုကရံ၊ပြုနိုင်လွယ်၏။ အရိယေဟိ၊ အရိယာသူတော်ကောင်းတို့သည်။ပါပံ၊မကောင်းမှုကို။ဒုက္ကရံ၊ပြုနိုင်ခဲ၏။ ။

ထိုရောအခါ၌ဒေဝဒတ်သည် ဥပုသ်နေ့၌နေရာမှထ၍စာရေးတံကို ချ၏၊ ငါ့ရှင်တို့၊ငါတို့သည့်. ရဟန်းဂေါတမသို့ကပ်၍ ဝတ္ထုငါးပါးကို တောင်းပန်အပ်ကုန်ပြီ။ဤငါးပါးသောဝတ္ထုတို့ကိုရဟန်းဂေါတမသည် ခွင့်မပြု။ ငါတို့သည် အရညကင်ရတင်။ ပံသုကူရတင်။ငါးအမဲကိုမစားခြင်း။ စသောငါးပါးကုန်သော ဤဝတ္ထုတို့ကို ဆောက်တည်ကျင့်ကုန်၏။အကြင်သူအားဤငါးပါးသောဝတ္ထုတို့ကို တသက်ပတ်လုံးဆောက်တည်၍ ကျင့်ခြင်းငှါနှစ်သက်၏။ ထိုရဟန်းသည် စာရေးတံကို ယူစေသတည်းဟုစာရေးတံချ၏၊ထိုအခါ ဝဇ္ဇီတိုင်းသားဖြစ်ကုန်သောငါးရာကုန်သောရဟန်းတို့ကား သီတင်းငယ်ဖြစ်ကုန်၏။ ဝိနည်း၌မလိမ္မာကုန်သေးသည်ဖြစ်ကုန်၍ ထိုဝဇ္ဇီတိုင်းသား ရဟန်းငယ်တို့သည် ဤသည်လျှင်တရားပေတည်း။ ဤသည်လျှင် အဆုံးအမပေတည်း။ ဤသည်လျှင်ဘုရားသာသနာတည်းဟု စာရေးတံကို လှမ်းယူကုန်၏။ ထိုသို့စာရေးတံယူပြီးသောအခါ ဒေဝဒတ်သည် သံဃာကိုသင်းခွဲ၍ ထိုငါးရာသောဝဇ္ဇီတိုင်းသား ရဟန်းတို့ကိုယူ၍။ ဂယာသီသကျောင်းသို့ သွား၍ နေလေ၏။ ။ထိုအခါ အရှင်သာရိပုတြာအရှင်မောဂ္ဂလာန်တို့သည်မြတ်စွာဘုရားသို့ကပ်၍ လျှောက်ပတ်သောအရပ်၌နေ၍ရှိသေစွာရှိခိုး၍၊ ရှင်

www.dhammaransi.com



ပင်ဘုရား၊ ဒေဝဒတ်သည် သဃာကိုသင်းခွဲ၍ငါးရာသောရဟန်းတို့ကို ယူ၍ ဂယာသီသသို့သွားလေပြီဟု မြတ်စွာဘုရားအားလျှောက်သော်။ သာရိပုတြာ၊ သင်တို့အားထိုရဟန်းငယ်တို့၌သနားခြင်းသည်အဘယ့် ကြောင့် မဖြစ်ကြပါလေသနည်း။ သာရိပုတြာ၊ ထိုရဟန်းငယ်တို့သည် ပျက်စီးခြင်းသို့မရောက်ကုန်မီသင်တို့သည်သွားပါချေကုန်ဟုဘုရားမိန့် တော်မူသော်။ အရှင်သာရိပုတြာအရှင်မောဂ္ဂလာန်တို့သည် ကောင်းပါ ပြီအရှင်ဘုရားဟုဝန်ခံကုန်၍ မြတ်စွာဘုရားကိုရှိခိုး၍နေရာမှထပြီးလျှင် ဂယာသီသသို့သွားလေကုန်၏။ ထိုအခါ မထင်ရှားသောရဟန်းသည် မြတ်စွာဘုရား၏ အထံ၌ ငိုလျက် နေ၏။ ထိုရဟန်းကို မြတ်စွာဘုရား သည်။ ရဟန်း၊ အဘယ့်ကြောင့် သင်သည် ငိုသနည်းဟု မေးတော်မူ သော်၊ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ရှင်သာရိပုတြာ ရှင်မောဂ္ဂ လာန်တို့သည် ဒေဝဒတ်၏အထံသို့သွားလေကုန်၏။ ဒေဝဒတ်၏တရား ကိုနှစ်သက်ကုန်၏။ ထို့ကြောင့်အကျွန်ုပ်ငိုသည်ဟုလျှောက်သဖြင့်။ ရဟန်း၊ သာရိပုတြာ မောဂ္ဂလာန်တို့သည် ဒေဝဒတ်၏တရားကိုနှစ်သက်၍သွား သည်မဟုတ်ပါလေ။ ငါးရာသောရဟန်းတို့ကိုသိလိမ္မာစေခြင်းငှါသွား လေသည်ဟုမိန့်တော်မူ၏။ ။ထိုအခါ ဒေဝဒတ်သည် များစွာသော ပရိသတ်၌ တရားဟော၍နေလျက် အဝေးမှလာသော ရှင်သာရိပုတြာ ရှင်မောဂ္ဂလာန်တို့ကိုမြင်လျှင်။ မော်၍ကြည့်ပါကုန်လော့ချစ်သားရဟန်း တို့။ ငါသည် အကြင်မျှလောက်ကုန်သောတရားကို ကောင်းစွာဟော ၏။ ထိုမျှလောက်သောတရားကို နှစ်သက်ကုန်သည်ဖြစ်၍ သာရိပုတြာ မောဂ္ဂလာန်တို့သည်လည်း ငါ့အထံသို့လာကုန်၏ဟု ဆိုသော်။ ကော ကာလိကသည်ဆို၏၊ ငါ့ရှင်ဒေဝဒတ်၊ သာရိပုတြာ မောဂ္ဂလာန်တို့ကို အကျွမ်းမဝင်ပါလင့်။ သာရိပုတြာ မောဂ္ဂလာန်တို့သည် ယုတ်မာသော အလိုရှိကုန်၏၊ ယုတ်မာသောအလို၏နိုင်ငံသို့လိုက်တတ်ကုန်၏ဟူ၍ ဆို နှင့်၏။ ဒေဝဒတ်ကဆိုပြန်၏၊ ထိုသာရိပုတြာ မောဂ္ဂလာန်တို့သည် ငါ၏ တရားကို အကြင်ကြောင့်နှစ်သက်ကြကုန်၏၊ ထို့ကြောင့် သာရိပုတြာ မောဂ္ဂလာန်တို့၏လာခြင်းသည် ကောင်းသောလာခြင်းပင်တည်းဟုဆို ၏။ ထိုအခါ ဒေဝဒတ်သည် သူ့နေရာတဝိုင်းဖြင့် အရှင်သာရိပုတြာကို။ ငါ့ရှင်သာရိပုတြာ၊ ဤငါ့နေရာ၌ နေလှည့်လော့ဟု ဘိတ်မန်၏၊ ငါ့ရှင်၊ ကောင်းပြီဟု အရှင်သာရိပုတြာသည် တပါးသောနေရာ၌နေ၏။ အရှင်

www.dhammaransi.com



မောဂ္ဂလာန်လည်း တပါးသော နေရာကိုယူ၍ တင့်အပ်သော အရပ်၌ နေ၏။ ထိုအခါ၌ ဒေဝဒတ်သည် ရဟန်းတို့ကိုတရားစကားဖြင့်ရောင့်ရဲစေ၍ ဆောက်တည်စေ၍ ရွှင်စေ၍ အရှင်သာရိပုတြာကို တိုက်တွန်း၏။ ငါ့ရှင်သာရိပုတြာ၊ ရဟန်းသံဃာသည် ငိုက်မျည်းခြင်းကင်းကြပြီ။ ငါ့ရှင်သာရိပုတြာ၊ သင်သည် တရားစကားကို ပညာ၌ ထင်စေလော့။ ငါ့အား ခါးညောင်း၏။ ထိုခါးညောင်းခြင်းကို ဆန့်ပါဦးအံ့ဆို၍ တိုက်တွန်း၏။ ငါ့ရှင်၊ ကောင်းပြီဟု အရှင်သာရိပုတြာသည် ဒေဝဒတ်အား စကားတုံ့ကိုကြားပေ၏။ ထိုအခါ၌ဒေဝဒတ်သည်ဒုကုဋ်ကိုထပ်ခေါက်ခေါက်၍ လက်ျာနံပါးဖြင့် အိပ်ခြင်းကိုပြု၏၊ ညောင်းညာသော၊ လွတ်သောသတိရှိသော အဆင်အခြင်နှင့် မပြည့်စုံသော ထိုဒေဝဒတ်အား တမုဟုတ်ခြင်းဖြင့်သာလျှင် အိပ်ပျော်ခြင်းသို့ ရောက်လေ၏၊ ထိုအခါ အရှင်သာရိပုတြာသည်။ ဒေသနာပြာဋိဟာ၊ အနုသာသနီပြာဋိဟာကို ပြ၍ တရားစကားဖြင့် ထိုရဟန်းတို့ကိုဆုံးမ၏။အရှင်မောဂ္ဂလာန်သည်၊ တန်ခိုးပြာဋိဟာ၊ အနုသာသနီပြာဋိဟာကို ပြ၍ တရားစကားဖြင့် ထိုရဟန်းတို့ကို ဆုံးမ၏။ အဘန်တလဲလဲဆုံးမ၏။ ဤသို့ ရှင်သာရိပုတြာ ရှင်မောဂ္ဂလာန်တို့သည်၊ ဒေသနာပါဋိဟာရိယ၊ ဣဒ္ဓိပါဋိဟာရိယ၊ အနုသာသနီပါဋိဟာရိယတို့ဖြင့် ဆုံးမအပ်ကုန်သော ငါးရာကုန်သော ထိုဝဇ္ဇီတိုင်းသား ရဟန်းငယ်တို့အား ရာဂဒေါသမောဟတည်းဟူသော မြူကင်းသော။ ကိလေသာတည်းဟူသော အညစ်အကြေးကင်းသော။ သောတာပတ္တိမဂ်ပညာစက္ခုသည်ထင်ရှားဖြစ်၏။ ထိုအခါအရှင်သာရိပုတြာသည် ရဟန်းတို့ကို။ ငါ့ရှင်တို့၊ မြတ်စွာဘုရား၏အထံသို့ ငါတို့သွားကုန်အံ့၊ ထိုမြတ်စွာဘုရား၏ တရားတော်ကို အကြင်ရဟန်းသည် နှစ်သက်၏။ ထိုရဟန်းသည် ငါတို့နှင့်တကွလိုက်စေသတည်းဟု ခေါ်၏၊ ။ထိုအခါ အရှင်သာရိပုတြာအရှင်မောဂ္ဂလာန်တို့သည် ထိုငါးရာသောရဟန်းတို့ကိုယူ၍ ကောင်းကင်ခရီးဖြင့် ဝေဠုဝန်ကျောင်းတော်သို့ကပ်လာကုန်၏။ ။ထိုအခါကောကာလိကသည်နေရာမှထ၍ဒေဝဒတ်၏ရင်၌ ပုဆစ်ဒူးဖြင့်ဆောင့်၍၊ ငါ့ရှင်ဒေဝဒတ်၊ ထလော့၊ သင်၏ရဟန်းငါးရာတို့ကိုသာရိပုတြာမောဂ္ဂလာန်တို့သည်ဆောင်လေကုန်ပြီ။ ငါ့ရှင်ဒေဝဒတ်၊ရှင်သာရိပုတြာရှင်မောဂ္ဂလာန်တို့သည် ယုတ်မာသော အလိုရှိကုန်၏၊ ယုတ်မာသော အလို၏ နိုင်ငံသို့ လိုက်တတ်ကြကုန်၏။

www.dhammaransi.com



အကျွမ်းမဝင်ပါလင့်ဟု သင့်ကိုငါမဆိုသလောဟုဆို၍နှိုး၏။ ဒေဝဒတ်အား ထိုနေရာ၌ ခံတွင်းမှ သွေးပူအန်၏။ ။အရှင်သာရိပုတြာသည်လည်း ဝေဠုဝန်ကျောင်းတော်သို့ရောက်လျှင် မြတ်စွာဘုရားသို့ကပ်၍ ရှိခိုး၍။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ဘေဒါနုဝတ္တကရဟန်းငါးရာတို့ကို တဘန်ပဉ္စင်းခံရဦးမည်လောဟုလျှောက်သော်။ သာရိပုတြာ၊ ထိုဘေဒါနုဝတ္တကရဟန်းငါးရာတို့ကို ပဉ္စင်းအသစ်ခံခြင်း၌ သင်မနှစ်သက်လင့်။ ထိုရဟန်းတို့ကို ထုလ္လစ္စည်းအာပတ်ကို ဒေသနာကြားစေတော့ဟုမိန့်တော်မူ၏။ ။ရဟန်းငါးရာတို့ဖြင့်ခြံရံ၍ ကောင်းကင်ဖြင့်လာသော ရှင်သာရိပုတြာကိုမြင်ကုန်၍ ဤသို့ဆိုကုန်၏။ ရှင်ပင်ဘုရား၊ အရှင်သာရိပုတြာသည် သွားသောအခါ၌ မိမိကိုယ်လျှင် နှစ်ယောက်မြောက် သွားလေ၏။ ယခုအခါ များစွာသောရဟန်းတို့ဖြင့် ခြံရံလျက်လာ၏။ အလာတင့်တယ်စွဟု လျှောက်ကုန်သော်။ ချစ်သားရဟန်းတို့၊ ငါ့သားသာရိပုတြာသည် ငါ့အထံသို့လာသည်ရှိသော် ယခုအခါ၌သာတင့်တယ်သည်မဟုတ်။ ရှေး၌ တိရစ္ဆာန်အမျိုး၌ ဖြစ်သော ငါ၏သားသည် ငါ၏အထံသို့လာသောအခါ၌ တင့်တယ်သည်သာလျှင်တည်းဟု မိန့်တော်မူ၍။ ဟောတိ သီလဝတ္တံ အဝတ္ထာ၊ အစရှိသောဂါထာတို့ဖြင့် တန်ဆာဆင်အပ်သောသုဝဇာတ်ကိုဟောတော်မူ၏။ ။

မြတ်စွာဘုရားသခင်သည် အရှင်သာရိပုတြာကိုမေးတော်မူ၏။ သာရိပုတြာ၊ သင်တို့အား ဒေဝဒတ်သည် အဘယ်သို့ကျင့်သနည်းဟုမေးတော်မူသော်။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရားသည်၊ များစွာသော ညဉ့်ပတ်လုံး ရဟန်းတို့ကိုတရားစကားဖြင့် နှစ်သိမ့်စေ၍၊ ထက်စေရွှင်စေ၍။ သာရိပုတြာ၊ ရဟန်းသံဃာသည် ငိုက်မျည်းခြင်း ကင်းပြီ။ သင်သည် ရဟန်းတို့ကို တရားစကားဖြင့် ထင်စွာပြုလေလော့။ ငါသည် ခါးညောင်း၏။ ခါးဆန့်ဦးအံ့ဟုတိုက်တွန်းသကဲ့သို့။ ထိုအတူရှင်ပင်ဘုရား၊ ဒေဝဒတ်သည်ပြု၍ အကျွန်ုပ်ကိုတရားတိုက်တွန်း၏ဟုလျှောက်သဖြင့်။ သာရိပုတြာ၊ ယခုသာ ဒေဝဒတ်သည် ငါ့အတုကိုပြုသည်မဟုတ်။ ရှေး၌လည်းငါ၏အတုကိုပြု၍ သေခြင်းသို့ရောက်လေ၏ဟုမိန့်တော်မူ၍။ ။ချစ်သားရဟန်းတို့၊ ဖြစ်ဘူးလေသည်ကား၊ တောကြီးထဲ၌ အိုင်ကြီးတခုသည်ရှိ၏။ ထိုအိုင်ကြီးကိုမှီ၍ဆင်တို့သည်နေကုန်၏။ ထိုဆင်တို့သည် ထိုအိုင်သို့သက်၍ ကြာစွယ် ကြာရင်းတို့ကို နှာမောင်းဖြင့်နုတ်၍၊ စင်

ကြယ်စွာရေဆေး၍စားကုန်၏။ ထိုကြာစွယ်ကြာရင်းတို့သည် ထိုဆင်တို့အား အဆင်းလှစေခြင်းငှါဖြစ်၏၊ ထိုကြာစွယ် ကြာရင်းတို့ကို စားခြင်းကြောင့် သေခြင်းသို့ရင်း၊သေလောက်ရုံမျှသောဆင်းရဲသို့ရင်းမရောက်ကုန်။ ချစ်သားရဟန်းတို့၊ ထိုဆင်ကြီးတို့၏အတုကိုလိုက်၍ကျင့်သောဆင်ငယ်တို့သည် ထိုအိုင်သို့သက်၍ကြာစွယ်ကြာရင်းတို့ကိုနှာမောင်းဖြင့်နုတ်၍ ကောင်းစွာရေမဆေးမူ၍ ညွန်နှင့်တကွသောကြာစွယ်ကြာရင်းတို့ကို စားကုန်၏။ ထိုစားခြင်းကြောင့် ထိုဆင်ငယ်တို့သည် သေခြင်းသို့လည်းရောက်ကုန်၏။ သေလောက်ရုံသောဆင်းရဲသို့လည်းရောက်ကုန်၏။ထိုအတူငါ၏အတုကိုပြုသောဒေဝဒတ်သည်အထီးကျန်လျက်သေလတ္တံ့ဟု နာဂဇာတ်ကို ဟောတော်မူ၏။ ။တဘန် ရဟန်းတို့သည်။ ရှင်ပင်ဘုရား၊ ဒေဝဒတ်သည် အင်္ဂသာဝကနှစ်ယောက်တို့ကို နံပါးနှစ်ဘက်တို့၌ထား၍ ဘုရား၏တင့်တယ်ခြင်းဖြင့် တရားဟောအံ့ဟု ရှင်ပင်ဘုရား၏အတုကိုပြုသည်ဟု ဆိုကုန်သော်။ ချစ်သားရဟန်းတို့၊ ဒေဝဒတ်သည် ယခုအခါ၌သာပြုသည်မဟုတ်၊ရှေး၌လည်းငါ့အတုကိုပြုသည်ရှိသော် မတတ်နိုင်ဘဲ သေခြင်းသို့ရောက်လေ၏ဟုမိန့်တော်မူ၍။ အဝိဝိကာသယေတိ၊သဂုဏံ မဥ္ဇုဘာဏိတံ။ အစရှိသောဂါထာပုဒ်တို့ဖြင့် တန်ဆာ ဆင်အပ်သော ဇာတ်ကို ဟောတော်မူ၏။ ။တပါးသောနေ့တို့၌ ထိုသို့သဘောရှိသောစကားကို အကြောင်းပြု၍။ အဇာတာရံ ဝိရတရံ ဝနာနိ။အစရှိသောဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သောဇာတ်ကို ဟောတော်မူ၏။ ။တဘန် ဒေဝဒတ်သည် ကျေးဇူးမသိဟုဆိုကြသောစကားကို အကြောင်းပြု၍။ အကရမှ သတေ ကိစ္စံ၊ ယံဖလံအဟုဝမှသေ။ စသောဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သောဇာတ်အစရှိသည်တို့ကို ဟောတော်မူ၏။ ။တဘန် ဒေဝဒတ်သည် မြတ်စွာဘုရားကို သတ်ခြင်းငှါလုံ့လပြုခြင်းကိုအကြောင်းပြု၍။ဥာတော မေ တံ ကုရုင်္ဂသ၊ အစရှိသော ဂါထာပုဒ်တို့ဖြင့် တန်ဆာ ဆင်အပ်သော ကုရုင်ဇာတ်ကို ဟောတော်မူ၏။ ။တဘန် ဒေဝဒတ်သည် လာဘ်သပ္ပကာမှရင်း၊ ရဟန်းအဖြစ်မှရင်း။ နှစ်ပါးစုံတို့မှယုတ်လေ၏ဟူသောစကားကို အကြောင်းပြု၍။ ချစ်သား ရဟန်းတို့၊ ယခုအခါ၌သာဒေဝဒတ်သည် နှစ်ပါးစုံမှယုတ်သည်မဟုတ်။ ရှေး၌လည်းယုတ်လေပြီမိန့်တော်မူ၍။ အက္ခိဘိန္နော ပဋောနဋ္ဌော။ ဤသို့အစရှိသော ဂါထာပုဒ်

www.dhammaransi.com



တို့ဖြင့် တန်ဆာဆင်အပ်သောဇာတ် အစရှိသော များစွာသောဇာတ်တို့ကို ရာဇဂြိုဟ်ပြည်၌ နေတော်မူလျက် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူပြီး၍။ ရာဇဂြိုဟ်မှသာဝတ္ထိပြည်သို့ကြွတော်မူ၍ ဇေတဝန်ကျောင်းတော်၌ဝါဆိုတော်မူလေ၏။ ။

ဒေဝဒတ်သည်ကိုးလတို့ဖြင့်နာ၍ပစ္ဆိမဝါအခါ၌ မြတ်စွာဘုရားကို ဖူးမြင်လိုသည်ဖြစ်၍။ မိမိတပည့် ကောကာလိကသမုဒ္ဒဒတ္တတို့ကိုဆို၏။ ငါသည် မြတ်စွာဘုရားကိုဖူးမြင်လိုပါ၏။ ထိုငါ့ယောက်ဖဘုရားကို ငါ့အားပြပါဟုဆိုသော်။ အချင်းဒေဝဒတ်၊ သင်သည် စွမ်းနိုင်သောကာလ၌ မြတ်စွာဘုရားနှင့်တကွရန်ဘက်ပြု၍ ယခုမှ အဘယ်သို့ ငါတို့သည် ဆရာ့ကို ထိုအရပ်သို့ဆောင်ပို့ဝံ့မည်နည်းဟုဆိုကုန်သော်၊ ငါ့ကိုသင်တို့သည် မဖျက်ဆီးပါလင့်။ ငါသာလျှင် မြတ်စွာဘုရားကိုရန်ငြိုးဖွဲ့ခြင်းပြုချေသည်။ ငါ့ယောက်ဖဘုရားသည်တဆံဖျားမျှငါ၌ရန်ငြိုးဖွဲ့ခြင်းမရှိပေ။ ပို့သာပို့ကြပါဟူ၍ဆို၏။ ထိုဒေဝဒတ်ဆိုသောစကားသည်မှန်၏။ မြတ်စွာဘုရားသည် သတ်အံ့သော၌ါ လာသော လေးသမားကြီး၌ရင်း။ ဒေဝဒတ်၌ရင်း။ အင်္ဂုလိမာလခိုးသူ၌ရင်း။ နာဠာဂိရိဆင်၌ရင်း။ သားတော် ရာဟုလာ၌ရင်း၊ အမျှဖြစ်စေအပ်သော နှလုံးတော် စိတ်တော် ရှိသည်သာတည်း။ ဒေဝဒတ်သည် ကောကာလိကတို့ကို မြတ်စွာဘုရားကို ငါ့အားပြပါဟု အဘန်တလဲလဲတောင်းပန်သဖြင့်။ ထိုဒေဝဒတ်ကို ညောင်စောင်းဖြင့် ထမ်း၍ ကောကာလိက သမုဒ္ဒဒတ္တတို့သည် ဂယာသီသမှ ထွက်ခဲ့ကုန်၏။ ထိုဒေဝဒတ်လာသောအကြောင်းကိုကြား၍ ရဟန်းတို့သည် မြတ်စွာဘုရားအား။ ရှင်ပင်ဘုရား။ ဒေဝဒတ်သည် ရှင်ပင်ဘုရားကို ဖူးမြင်အံ့သော၌ါ လာသတည်းဟု ကြားလျှောက်ကုန်၏။ ချစ်သားရဟန်းတို့၊ ဒေဝဒတ်သည် ထိုကိုယ်၏အဖြစ်ဖြင့် ငါဘုရားကိုဖူးမြင်အံ့သော၌ါမရလတ္တံ့ဟု မိန့်တော်မူ၏။ ထိုစကားသည်မှန်၏၊ ရဟန်းတို့သည့် ငါးပါးသောဝတ္ထုတို့ကို တောင်းပန်သောနေ့မှစ၍ ဘုရားကိုမဖူးမြင်ရခြင်းသည်ကား ဓမ္မတာတည်း။ ။အရှင်ဘုရား။ ဒေဝဒတ်သည်၊ ဤမည်သောအရပ်သို့ရောက်ပြီဟုလျှောက်ကုန်သော်၊ ချစ်သားတို့၊ သင်တို့သည်ဆိုလိုသမျှဆိုတော့။ ဒေဝဒတ်သည် ငါ့ကိုမမြင်ရလတ္တံ့ဟုမိန့်တော်မူ၏။ အရှင်ဘုရား၊ ဤကျောင်းမှ တယူဇနာခြားအရပ်သို့ရောက်ပြီ။ ယူဇနာခွဲ၊ တဂါဝုတ်မျှခြားသေးအရပ်သို့ရောက်ပြီ။ ဇေတဝန်ကျောင်း

www.dhammaransi.com



တော်ရေကန်အနီးသို့ရောက်ပြီရှင်ပင်ဘုရားဟုလျှောက်ကုန်သော်။ ချစ်သားတို့၊ဒေဝဒတ်သည် ဇေတဝန်ကျောင်းတော်အတွင်းသို့ပင် ဝင်လာစေဦး၊ ငါ့ကို ဒေဝဒတ်သည် ဖူးမြင်ခြင်းငှါမရလတ္တံ့ဟု မိန့်တော်မူ၏။ ဒေဝဒတ်ကို ထမ်း၍လာသောသူတို့သည် ဇေတဝန်ကျောင်းတော်ရေကန်အနားး၌ ညောင်စောင်းကိုချ၍ ရေချိုးအံ့သောငှါ ရေကန်သို့သက်လေကုန်၏။ ဒေဝဒတ်သည်လည်း ညောင်စောင်းမှ ထ၍ ခြေနှစ်ဘက်တို့ကိုမြေ၌ထား၍နေ၏။ထိုခြေနှစ်ဘက်တို့သည် မြေကြီးထဲသို့ဝင်ကုန်၏။ ဒေဝဒတ်သည် အစဉ်အတိုင်း ခြေမျက်စိတိုင်အောင်၊ပုဆစ်ဒူးတိုင်အောင်၊သားမြတ်တိုင်အောင်ဝင်ပြီး၍မေးရိုးသည်မြေကြီး၌တည်သောအခါ၌။ ဣမေဟိ အဋ္ဌိဟိ တ မဂ္ဂပုဂ္ဂလံ၊ဒေဝါတိဒေဝံ နရဒမ္မသာရထိံ။ သမန္တစက္ခုံ သတပုညလက္ခဏံ၊ ပါဏေဟိ ဗုဒ္ဓံသရဏံ ဂတောသ္မိ။ ။ ဟူသော ဂါထာကိုရွတ်၍ ပူဇော်၏။ ။ဒေဝါတိဒေဂံ၊ နတ်တကာတို့ထက်မြတ်သော နတ်ဖြစ်တော်မူသော။ နရဒမ္မသာရထိံ၊ ယောကျ်ားတော်တကာတို့ကိုဆုံးမတော်မူတတ်ထသော။ သမန္တစက္ခုံ၊ထက်ဝန်းကျင်မှမြင်တော်မူသော သဗ္ဗညုတဉာဏ်မျက်စိရှိတော်မူထသော။ သတပုညလက္ခဏံ၊ အရာမက များစွာသော ဘုန်းတော်ကြောင့်ဖြစ်သော သုံးဆဲ့နှစ်ပါးကုန်သော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့ဖြင့် ပြည့်စုံတော်မူထသော။ အဂ္ဂပုဂ္ဂလံ၊ မြတ်သောပုဂ္ဂိုလ်လည်းဖြစ်ထသော။ တံဗုဒ္ဓံ၊ထိုရှင်ဂေါတမဘုရားကို။ ဣမေဟိ အဋ္ဌိဟိ၊ဤအရိုးတို့ဖြင့်။ ပူဇေမိ၊ ပူဇော်ပါ၏။ သရဏံ၊ကိုးကွယ်ခြင်းသို့။ ဂတော၊ရောက်သည်။ အသ္မိ၊ ဖြစ်ပါ၏။ ။ဤသို့မြေမျိုသောအခါ၌ ပူဇော်လတ္တံ့သောအရာကို မြင်တော်မူ၍ မြတ်စွာဘုရားသည် ဒေဝဒတ်ကိုရဟန်းပြုတော်မူသတည်း။ အကယ်၍ဒေဝဒတ်သည်ရဟန်းမပြုပါရလတ္တံ့။လူဖြစ်၍ဝန်လေးသော မကောင်းမှုကံကိုလည်းပြုလေရာ၏။နောက်အခါ၌ ဘဝမှထွက်မြောက်ခြင်း၏အကြောင်းကို ပြုခြင်းငှါမတတ်နိုင်လတ္တံ့။ ရဟန်းပြုရပါမူ၊ ဝန်လေးသောမကောင်းမှုကံကိုပင် အကယ်၍ပြုငြားအံ့။နောက်အခါ၌ဘဝမှ ထွက်မြောက်ခြင်း၏ အကြောင်းကို ပြုနိုင်ပါလတ္တံ့ဟု မြင်တော်မူ၍ မြတ်စွာဘုရားဒေဝဒတ်ကိုရဟန်းပြုတော်မူသတည်း။ဤကမ္ဘာမှ ကမ္ဘာတသိန်း၏နောက်၌ ထိုဒေဝဒတ်သည်အဋ္ဌိဿရ အမည်ရှိသောပစ္စေကဗုဒ္ဓါဘုရားဖြစ်လတ္တံ့သတည်း။ ။

www.dhammaransi.com



ထိုဒေဝဒတ်သည် မြေထဲသို့ဝင်၍ အဝီစိငရဲ၌ဖြစ်လေ၏။ မတုန်မလှုပ်သောမြတ်စွာဘုရား၌ ပြစ်မှားသည်၏အဖြစ်ကြောင့်ကား။ မလှုပ်ရှားနိုင်ဖြင်၍ခံရ၏။ ယူဇနာတရာအစောက်နက်သောအဝီစိငရဲ၏အတွင်း၌ ယူဇနာတရာအစောက်ရှိသောကိုယ်ဖြင့်ဖြစ်လေ၏။ ဦးခေါင်းသည် နားရွက်နှစ်ဘက် ထိအောင် အထက်သံအိုးကင်းဖုံး၌ ဝင်လေ၏။ ခြေဘဝါးနှစ်ဘက်တို့သည် ဖမျက်တိုင်အောင် အောက်သံမြေ၌ဝင်လေ၏။ ထန်းပင်လုံးကြီး ပမာဏရှိသော သံတံကျင်သည် နောက်နံရံမှ ထွက်လတ်၍ ကျောလယ်၌ခွဲဝင်ပြီးလျှင် ရင်မှထွက်လာ၍ ရှေ့နံရံ၌ဝင်လေ၏။ တချောင်းသောသံတံကျင်သည် လက်ျာနံရံမှထွက်လတ်၍လက်ျာနံပါး၌ခွဲဝင်ပြီးလျှင်လက်ဝဲနံပါးဖြင့်ထွက်လာ၍ လက်ဝဲဘက်နံရံ၌ဝင်လေ၏။ တချောင်းသည် လက်ဝဲဘက်နံရံမှထွက်လတ်၍ လက်ဝဲနံပါးဖြင့် ဒေဝဒတ်၏ကိုယ်၌ခွဲဝင်၍ လက်ျာနံပါးဖြင့်ထွက်ပြီးလျှင် လက်ျာဘက်နံရံ၌ဝင်ပြန်လေ၏။ သံတံကျင် တချောင်းသည် အထက် သံအိုးကင်းဖုံးမှ ထွက်လတ်၍ဒေဝဒတ်၏ဦးနှောက်ကိုခွဲပြီးလျှင် ကျင်ကြီးပေါက်ဖြင့်ထွက်၍အောက်သံမြေ၌ဝင်လေ၏။ ဤသို့လျှင်မလှုပ်မရှားနိုင်ဒေဝဒတ်ခံရသတည်း။ ။ရဟန်းတို့သည်ဒေဝဒတ်သည်ဤမျှလောက်သောမကောင်းမှုကိုပြု၍ မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါမရမူ၍ မြေသို့ဝင်ရလေ၏ဟု စကားကိုဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ချစ်သားရဟန်းတို့၊ယခုအခါ၌သာ ဒေဝဒတ်သည် ငါ့အားပြစ်မှား၍ မြေသို့ဝင်ရသည်မဟုတ်။ ရှေး၌လည်းဝင်ဘူးလေသည်သာလျှင်တည်းဟု မိန့်တော်မူ၍။ ဆင်မင်းဖြစ်သောအခါ၌ ခရီးမှားသောယောက်ျားကိုနှစ်သိမ့်စေ၍ မိမိကုန်း၌တင်၍ ဘေးမရှိရာ အရပ်သို့ ပို့လိုက်သော် ဆင်မင်းကို ပြစ်မှားသောယောက်ျားသည် ဆင်မင်း၏မျက်စိအမြင်ကိုလွန်ကာမျှ၌ မြေသို့ဝင်ရလေသောအဖြစ်ကိုပြအံ့ဖွသာငှါ။အကတညုဿ ပေါသဿ၊နိစ္စံ ဝိဝရဒဿိနော။ အစရှိသောဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ဆင်မင်းဇာတ်ကိုဟောတော်မူပြီး၍။ တဘန်ထိုစကားကိုပြောဆိုပြန်သောကြောင့်။ခန္တိဝါဒီရသေ့ဖြစ်သောကိုယ်တော်၌ပြစ်မှား၍ ကလာဗုမင်း၏ မြေသို့ဝင်သောအဖြစ်ကို ပြခြင်းငှါ ခန္တိဝါဒီဇာတ်ကိုရင်း။ စူဠဓမ္မပါလဖြစ်တော်မူသော့ကိုယ်တော်၌ပြစ်မှား၍ မဟာပတာပမင်း၏မြေသို့ဝင်သောအဖြစ်ကိုပြခြင်းငှါ စူဠဓမ္မပါလဇာတ်ကိုရင်း ဟောတော်မူ၏။ ။

www.dhammaransi.com



ဒေဝဒတ်သည် မြေထဲသို့ဝင်လေသည်ရှိသော် လူများအပေါင်းသည် ရွှင်လန်းနှစ်သက်သည်ဖြစ်၍ တမ်းခွန်ကုက္ကားဌက်ပျောပင်တို့ကိုစိုက်၍ ရေပြည့်မြူတာအိုးတို့ကို တည်၍ ငါတို့အား ရန်ဝေးပေစွတကားဟု ကြီးစွာသောသဘင်ကိုခံကုန်၏။ ထိုအကြောင်းကို မြတ်စွာဘုရားအား ရဟန်းတို့ကြားလျှောက်ကုန်သော်။ ချစ်သားတို့၊ယခုအခါ၌သာ ဒေဝဒတ်သေသည်ရှိသော် လူများသည်နှစ်သက်သည်မဟုတ်၊ ရှေး၌လည်း နှစ်သက်ဘူးလေပြီဟု မိန့်တော်မူ၍၊ ခပ်သိမ်းသော သူအပေါင်းသည် မချစ်နှစ်လိုအပ်သောကြမ်းယမ်းရုန့်ရင်းသော ဗာရာဏသီပြည်၌ ပိင်္ဂလ မင်းသေသည်ရှိသော် လူအပေါင်း၏နှစ်သက်သောအဖြစ်ကိုပြခြင်းငှါ။ သဗ္ဗောဇနော ဟိံသိတော ပိင်္ဂလေန၊တသ္မိံမတေ ပစ္စယာ ဝေဒယန္တိ။ အစရှိသော ဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ပိင်္ဂလဇာတ်ကို ဟောတော်မူ၏။ ။ရဟန်းတို့သည်မြတ်စွာဘုရားကိုဇမ်းလျှောက်ကုန် ၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ယခုအခါ၌ ဒေဝဒတ်သည် အ ဘယ်ဂတိ၌ဖြစ်လေသနည်းဟု မေးကုန်၏။ ရဟန်းတို့၊ဒေဝဒတ်သည် အဝိစိငရဲကြီး၌ ဖြစ်လေ၏ဟု မိန့်တော်မူသော်။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ဒေဝဒတ်သည် ဤလူဖြစ်သောဘဝ၌ပူပန်ဆင်းရဲစွာကျင် လည်ပြီး၍ တဘန်ဘဝသို့ပြောင်း၍လည်း ပူပန်ဆင်းရဲခြင်းပြင်းစွာသော အရပ်၌ပင်ဖြစ်ပြန်ရလေတော့သည်လောဟုလျှောက်ကုန်သော်။ဪ ဟုတ်၏ ချစ်သားရဟန်းတို့။ ရဟန်းသည်မူလည်း ဖြစ်စေ၊ လူသည်မူ လည်းဖြစ်စေ။ မေ့မေ့လျော့လျော့ ကုသိုလ်တရားကိုမပြုမူ၍ နေလေ့ရှိ သောသူအား ဤဘဝနောက်ဘဝနှစ်ပါးစုံ၌ပင် ပူပန်ဆင်းရဲကြီးစွာဖြစ် ရလေကုန်၏ဟုမိန့်တော်မူ၍၊ ။ဣဓ တပ္ပတိ ပေစ္စ တပ္ပတိ၊ပါပကာရီ ဉဘယတ္ထတပ္ပတိ။ပါပံ မေ ကတန္တိ တပ္ပတိ၊ဘိယျော တပ္ပတိ ဒုဂ္ဂတိံ ဂတော။ ။ဟူသော တရားဒေသနာကိုဟောတော်မူ၏။ ။ပါပကာ ရီ၊မကောင်းမှုကိုပြုလေ့ရှိသောသူသည်။ ဣဓ၊ဤပစ္စုပ္ပန်ဘဝ၌။ တပ္ပတိ၊ ပူပန်ဆင်းရဲရ၏၊ ပေစ္စ၊ တမလွန်ဘဝ၌။ တပ္ပတိ၊ ပူပန်ဆင်းရဲ၏။-ဉဘ ယတ္ထ၊ပစ္စုပ္ပန်တမလွန်ဘဝနှစ်ပါး၌၊ တပ္ပတိ၊ပူပန်ဆင်းရဲ၏။ မေမယာ၊ ငါသည်။ ပါပံ၊မကောင်းမှုကို။ ကတံ၊ပြုမိ၏။ ဣတိ၊ဤသို့။ တပ္ပတိ၊ပူပန် ဆင်းရဲ၏။ ဒုဂ္ဂတိံ၊ မကောင်းသောသူတို့၏ သွားရာဖြစ်သော ငရဲသို့။ ဂတော၊ ရောက်သည်ဖြစ်၍။ ဘိယျော၊ လွန်စွာ။ တပ္ပတိ၊ ပူပန်ဆင်းရဲ

www.dhammaransi.com



၏။ ။ဤဒေသနာတော်အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်အစရှိသည်တို့၌တည်ကုန်၏။ ။

---

## ၄၇။ သာကေတမြို့သား ပုဏ္ဏားအိုသို့ ခင်ပွန်းနှစ်ယောက်တို့အနာဂတ်တည်သည်ကစ၍ ပရိနိဗ္ဗာန်ပြုသည့်တိုင်အောင်ပြခဲ့ဆိုရာ။

အဟိံသကာယာမုနယော၊ အစရှိသော တရားဒေသနာတော်ကို မြတ်စွာဘုရားသည်။ သာကေတမြို့ကိုဆွမ်းခံမှီ၍။ အဉ္ဇနဝန၌နေတော်မူသောအခါ ရဟန်းတို့ မေးလျှောက်သည်ကို အကြောင်းပြု၍ ဟောတော်မူ၏။မြတ်စွာဘုရားသည် ရဟန်းသံဃာအပေါင်းခြံရံလျက်ဆွမ်းခံဝင်တော်မူသောအခါ၌သာကေတမြို့၌နေသောပုဏ္ဏားအိုတယောက်သည်။ မြို့မှထွက်သည်ရှိသော် တံခါးကြား၌ မြတ်စွာဘုရားကိုမြင်၍၊ ခြေတော်တို့၌ ဝပ်၍၊ ဖမျက်တို့၌ ကြပ်ကြပ် ကိုင်၍။ သားချစ်တို့မည်သည် အမိအဘတို့ကိုအိုသောအခါ၌လုပ်ကျွေးအပ်ပါသည်မဟုတ်တုံလော။ အဘယ်ကြောင့် ဤမျှသောကာလပတ်လုံး မိမိကိုယ်ကိုမပြဘဲနေဘိသနည်း။ ငါသည် အမိ၏ရှေးဦးစွာ သင့်ကိုမြင်အပ်သည်ဖြစ်၏။ သားချစ်၊အမိကိုမြင်ခြင်းငှါသာလျှင်ဟု မြတ်စွာဘုရားကိုယူ၍ မိမိအိမ်သို့သွားလေ၏။မြတ်စွာဘုရားသည် ထိုအိမ်သို့ရောက်၍ ခင်းအပ်သောနေရာ၌ ရဟန်းသံဃာနှင့်တကွ နေတော်မူ၏။ ပုဏ္ဏေးမအိုသည်လည်းလာ၍ မြတ်စွာဘုရား၏ခြေတော်တို့၌ဝပ်၍၊ သားချစ်၊ သင်သည် ဤမျှလောက်သောကာလပတ်လုံး အဘယ်သို့သွားချေသနည်း။စင်စစ်ကား မိအိုဘအိုတို့ကိုလုပ်ကျွေးအပ်သည်မဟုတ်လောဟုဆို၍၊ သားသမီးတို့ကိုလည်းလာကုန်လောဟုခေါ်၍၊ ရှင်မတို့မောင်ကို၊မောင်မင်းတို့ အစ်ကိုယ်ကို ရှိခိုးကုန်လောဟုဆို၍ ရှိခိုးစေ၏။ ထိုပုဏ္ဏားအိုသို့ခင်ပွန်းတို့သည် နှစ်သက်သောနှလုံးဖြင့် ဘုရားသခင်အမှူးရှိသော ရဟန်းသံဃာတို့ကို ဆွမ်းလုပ်ကျွေး၍၊ ရှင်ပင်ဘုရား၊ ဤအိမ်၌သာလျှင် ဆွမ်းကိုယူတော်မူပါဟု လျှောက်သောကြောင့်၊ ဘုရားတို့မည်သည် တခုသောအရပ်၌သာ အမြဲ ဆွမ်းကိုမယူကုန်ဟု မိန့်တော်မူသော်။ ထိုသို့တပြီးကား။ ရှင်ပင်ဘုရား၊ အကြင်သူတို့သည် ရှင်ပင်ဘုရားတို့အား ဆွမ်းကို

www.dhammaransi.com



ဘိတ်အုံသော၍ လာကုန်၏။ ထိုသူတို့ကို အကျွန်ုပ်တို့၏အထံသို့ စေတော်မူလိုက်ပါဟု ဆိုကုန်၏၊ မြတ်စွာဘုရားသည် ထိုနေ့မှစ၍ ဆွမ်းဘိတ်မန်အုံသော၍ လာသောသူတို့ကို ပုဏ္ဏားအိုတို့အား သွား၍ကြားပါချေဟုစေ၏။ ထိုဘိတ်လာသောသူတို့သည် သွား၍ နက်ဖြန်အလို့၌ မြတ်စွာဘုရားကို ဆွမ်းဘိတ်မန်ကုန်၏ဟု ပုဏ္ဏားအိုတို့ကို ဆိုကုန်၏။ ပုဏ္ဏားအိုသည် မိုးသောက်သောနေ့၌။ မိမိအိမ်မှထမင်းအိုးဟင်းအိုးတို့ကိုယူ၍၊ မြတ်စွာဘုရားနေသောအရပ်သို့လာ၍၊ ထိုဘိတ်မန်သောသူတို့၏ ဆွမ်းနှင့်အတူပြင်ရ၏။ တပါးသောအရပ်ကဆွမ်းဘိတ်မန်သောသူမရှိသည်ရှိသော် ပုဏ္ဏားအိုသို့းခင်ပွန်းအိမ်၌သာလျှင် မြတ်စွာဘုရားသည် ဆွမ်းစားခြင်းကိစ္စကို ပြုတော်မူ၏။ ထိုပုဏ္ဏားအိုသို့းခင်ပွန်းနှစ်ယောက်တို့သည် မိမိတို့၏အိမ်မှသာလျှင်လှူဘွယ်ဝတ္ထုတို့ကိုအခါခပ်သိမ်း မြတ်စွာဘုရားအား ပေးလှူကုန်၍။ တရားစကားကိုနာကုန်လျက် အနာဂါမိဖိုလ်သို့ရောက်လေကုန်၏။ ။

ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကုန်လျက် စကားပြောဟောခြင်းကိုဖြစ်စေကုန်၏။ အရှင်တို့၊ ဤအမည်ရှိသောပုဏ္ဏားသည်။ မြတ်စွာဘုရား၏ ခမည်းတော်သည် သုဒ္ဓေါဒန မင်းကြီး၊ မယ်တော်မဟာမာယာဟူ၍သိလျက်ပင် ပုဏ္ဏေးမနှင့်တကွ မြတ်စွာဘုရားကို ငါတို့၏သားဟူ၍ဆို၏။ မြတ်စွာဘုရားသည်လည်း ထိုပုဏ္ဏားဆိုတိုင်းပင်ဝန်ခံတော်မူ၏။ အကြောင်း အဘယ်သို့ဖြစ်လေသနည်းဟု စကားကိုဖြစ်စေကုန်၏။ ။မြတ်စွာဘုရားသည် ထိုရဟန်းတို့၏စကားကိုကြားတော်မူ၍။ ချစ်သားရဟန်းတို့၊ ပုဏ္ဏားအို သမီးခင်ပွန်းနှစ်ယောက်တို့သည်။မိမိတို့၏သားဖြစ်ဘူး၍ သားဟုဆိုကုန်၏မိန့်တော်မူ၍၊ လွန်လေပြီးသောအကြောင်းကို ဆောင်တော်မူ၏။ ။ချစ်သားရဟန်းတို့၊ လွန်လေပြီးသောအခါ၌ ထိုပုဏ္ဏားအိုသည် အခြားမဲ့ အဖြစ်ငါးရာတိုင်တိုင် ငါ၏အဘသည် ဖြစ်၏။ အဖြစ်ငါးရာတိုင်တိုင် ငါ၏ဘထွေးသည် ဖြစ်၏။ အဖြစ်ငါးရာတိုင်တိုင် ငါ၏ဘကြီးသည် ဖြစ်၏။ ထိုပုဏ္ဏေးမသည်လည်း အခြားမဲ့အဖြစ်ငါးရာတိုင်တိုင် ငါ၏အမိသည်ဖြစ်၏။ အခြားမဲ့ အဖြစ်ငါးရာတိုင်တိုင် ငါ၏မိထွေးသည် ဖြစ်၏။ အခြားမဲ့ အဖြစ်ငါးရာတိုင်တိုင် ငါ၏ မိကြီးသည်ဖြစ်၏။ ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် ငါသည် အခွဲနှင့်တကွ အဖြစ်တထောင်တိုင်တိုင် ပုဏ္ဏား၏လက်၌ကြီး၏။

www.dhammaransi.com



အခွဲနှင့်တကွ အဖြစ်တထောင် တိုင်တိုင် ပုဏ္ဏေးမ၏လက်၌ ငါကြီး၏။ ဤသို့လျှင် အဖြစ်သုံးထောင်တိုင်တိုင် ပုဏ္ဏားသမီးခင်ပွန်းတို့အဖြစ်ကို ပြတော်မူ၍။ ဤဂါထာ နှစ်ခုတို့ကို ဟောတော်မူ၏၊ ။ယသ္မိံ မနော နိဝိသတိ၊စိတ္တဉ္စာပိ ပသီဒတိ၊ အဒိဋ္ဌပုဗ္ဗကေ ပေါသေ၊ကာမံ တသ္မိံပိ ဝိဿာသေ။ ။ပုဗ္ဗေဝ သန္နိဝါသေန၊ပစ္စုပ္ပန္နဟိတေနဝါ။ဧဝံ တံဇာယတေ ပေမံ၊ဥပ္ပလံဝ ယထောဒကေတိ။ ။ဘိက္ခဝေ၊ရဟန်းတို့။ အဒိဋ္ဌပုဗ္ဗကေ၊မမြင်ဘူးသော။ ယသ္မိံ ပေါသေ၊ အကြင်ယောကျ်ားန၌။ မနော၊ နှလုံးသည်။ နိဝိသတိ၊အမြဲဝင်၏။ စိတ္တဉ္စာပိ၊စိတ်သည်လည်း။ ပသီဒတိ၊ ကြည်ညို၏။ တသ္မိံ၊ထိုယောကျ်ားန၌။ ကာမံ၊အလိုသည်။ အပိ၊ စင်စစ်။ ဝိဿာသေ၊အကျွမ်းဝင်၏။ ။ပုဗ္ဗေဝ၊ ရှေးသောကိုယ်၏ အဖြစ်၌သာလျှင်။သန္နိဝါသေနဝါ၊အတူတကွပေါင်းဘော်နေဘူးသောကြောင့်ရင်း။ ပစ္စုပ္ပန္နဟိတေနဝါ၊ ပစ္စုပ္ပန်ဘဝ၌ အကျိုးစီးပွါးကို မြင်သည်၏အဖြစ်ကြောင့်ရင်း။ဥဒကေ၊ရေ၌။ဥပ္ပလံ၊ကြာသည်။ဇာယတိယထာ၊ဖြစ်သကဲ့သို့။ဧဝံတထာ၊ထိုအတူ။တံပေမံ၊ထိုမြင်ကာမျှချစ်ခြင်းသည်၊ဇာယတေ၊ ဖြစ်၏။ ။မြတ်စွာဘုရားသည် ထိုအမျိုးကိုမှီ၍ သုံးလပတ်လုံး ထိုသာကေတမြို့၌နေတော်မူ၏။ထိုပုဏ္ဏားအိုသမီးခင်ပွန်းနှစ်ယောက်တို့သည် ရဟန္တာအဖြစ်ကိုမျက်မှောက်ပြု၍ပရိနိဗ္ဗာန်ပြုလေကုန်၏။ ။

ထိုရောအခါ ထိုပုဏ္ဏားတို့အား များစွာသောပူဇော်သက္ကာရကိုပြုကုန်၍။နှစ်ယောက်သောသူတို့၏အလောင်းကောင်ကိုတခုသောအထွတ်တပ်သောတလားတိုက်သို့သာလျှင် တင်ကုန်၍။ သုသာန်တစသို့ မှီလေကုန်၏။ မြတ်စွာဘုရားသည်လည်းငါးရာသောရဟန်းတို့ဖြင့်ခြံရံလျက်။ ထိုအလောင်းကို ဆောင်သူတို့နှင့်တကွသာလျှင် သင်းချိုင်းသို့ကြွသွားတော်မူ၏။ မြတ်စွာဘုရား၏ မယ်တော်ခမည်းတော်ပေတည်းဟု များစွာသောလူအပေါင်းတို့သည် မြို့မှထွက်၍ သင်းချိုင်းသို့လိုက်၏။ မြတ်စွာဘုရားသည် သင်းချိုင်း၏အနီး၌ တခုသောစရပ်သို့ဝင်၍ နေတော်မူ၏။ လူတို့သည် မြတ်စွာဘုရားကိုရှိခိုးကုန်၍။ တင်အပ်လျောက်ပတ်သောအရပ်၌ နေကုန်၍၊ ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှသော ရှင်ပင်ဘုရား၊ရှင်ပင်ဘုရားသည်။မယ်တော်ခမည်းတော်တို့သေခဲ့ကုန်ပြီဟူ၍။ ဤသို့ ရှင်ပင်ဘုရား ကြံတော်မမူပါကုန်လင့်ဟု လျှောက်ထား

www.dhammaransi.com



ပြီးမှ မြတ်စွာဘုရားနှင့်သာလျှင် တကွစကားပြောဟောခြင်းကို ပြုကုန်၏။ ။မြတ်စွာဘုရားသည်။ ထိုလူအပေါင်းကို။ ဒါယကာတို့၊ ဤသို့ မဆိုလင့်ဟုပယ်တော်မမူမူ၍။ ပရိသတ်တို့၏အလိုကို ကြည့်တော်မူပြီးလျှင်။ ထိုခဏနှင့် လျော်ကပ်သော တရားကို ဟောတော်မူလိုသည်ဖြစ်၍။ ။အပ္ပံ၀တ ဇီဝိတံ ဣဒံ၊ ဩရံ၀ဿသတာ မိယျတိ။ယောစေပိ အတိစ္စ၀တိ၊ အထခေါ သော မိယျတိ။ ။ဟူသော တရားတော်ကို ဟောတော်မူ၏။ ။ဘောန္တော၊ အိုလူများတို့။ အပ္ပံ၀တ၊ အနည်းငယ်သာတကား။ ဣဒံ ဇီဝိတံ၊ ဤအသက်သည်။ ဩရံ၀ဿသတာ၊ အနှစ်တရာအောက် အယုတ်အားဖြင့်။ မိယျတိ၊ သေတတ်၏။ ယောအာယု၊ အကြင်အသက်သည်။ စေပိ၊အကယ်၍လည်း။ အတိဇိ၀တိ၊ အလွန်အသက်ရှည်ငြားအံ့။ဧဝံပိ၊ဤသို့ရှည်သော်လည်း။အထခေါ၊စင်စစ်အားဖြင့်။ သောအာယု၊ထိုအသက်သည်။ မိယျတိဧ၀၊ သေသည်သာလျှင်တည်း။ ။ဤတရားဒေသနာတော် အဆုံး၌ ရှစ်သောင်း လေးထောင်သော၀ေနေယျသတ္တ၀ါတို့သည် သစ္စာလေးပါးတရားကိုသိခြင်းသည် ဖြစ်ကြကုန်၏။ ။ဤဂါထာသည် ဇရာသုတ် မည်၏။ ။ရဟန်းတို့သည် ပုဏ္ဏားပုဏ္ဏေးမတို့၏ ပရိနိဗ္ဗာန်ပြုကုန်ပြီးသည်၏အဖြစ်ကို မသိကုန်သည်ဖြစ်၍၊ ရှင်ပင်ဘုရား၊ ပုဏ္ဏား ပုဏ္ဏေးမတို့၏ တမလွန် ဘ၀သည်အဘယ်သို့ဖြစ်လေသနည်းဟုမေးလျှောက်ကုန်၏။မြတ်စွာဘုရားသည်ဤသို့မိန့်တော်မူ၏။ ချစ်သားရဟန်းတို့၊ ပုဏ္ဏားပုဏ္ဏေးမတို့ကဲ့သို့ သဘောရှိကုန်သောအသေက္ခမုနိဖြစ်သောရဟန္တာတို့အား တမလွန် ဘ၀သည်မရှိပြီ။ ဤသူတို့ကဲ့သို့ သဘောရှိသောရဟန္တာတို့သည် ရွေ့ခြင်းမရှိသော သေခြင်းမရှိသော မြတ်သောနိဗ္ဗာန်သို့သာလျှင် ရောက်လေကုန်၏ဟု မိန့်တော်မူ၍၊ ။အဟိံသကာယာ မုနယော၊ နိစ္စံ ကာယေန သံဝုတာ။တေယန္တိ အစ္စုတံဌာနံ၊ယတ္ထ ဂန္တွာ နသောစရေ။ ။ဟူသောတရားကို ဟောတော်မူ၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ အဟိံသကာယာ၊ မညှဉ်းဆဲအပ် ကုန်သော ကိုယ်ရှိကုန်သော။ ကာယေန၊ ကာယဝိညတ်ဟုဆိုအပ်သော သုံးပါးဖြင့်။ သံဝုတာ၊ စောင့်အပ်ကုန်သော။ တေ မုနယော၊ ထိုအသေက္ခမုနိရဟန်းတို့သည်။ ယတ္ထ၊ အကြင်နိဗ္ဗာန်သို့။ ဂန္တွာ၊ ရောက်ကုန်၍။ နသောစရေ၊ စိုးရိမ်ခြင်းမရှိကုန်။ အစ္စုတံ၊ ရွေ့ခြင်းမရှိသော။ တံဌာနံ၊ထိုနိဗ္ဗာန်တည်းဟူသောအရပ်သို့။ ယန္တိ၊ရောက်

www.dhammaransi.com



ကုန်၏။ ။ဤဒေသနာတော် အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ရောက်ကုန်၏။ ။

---

## ၄၇။ ဗန္ဓုလစစ်သူကြီး၊မဟာလိလိစ္ဆဝိ၊ သွေတော်မျိုးတော်တို့၏ပျက်စီးခြင်းစသောအဖြစ်အပျက်များနှင့်တကွ။ဝိဋ္ဋူဘမင်း၏အကြောင်း အကျယ်စကားကိုပြဆိုရာ။

ပုပ္ဖါနိဟော၀ ပစိနန္တံ၊ အစရှိသော တရားတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူလျက် အစိရဝတီ မြစ်ရေအလျဉ်သည် မျှော၍သေလေသောဝိဋ္ဋူဘမင်းသားကိုအကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထုအစဉ်စကားကား။ သာဝတ္ထိပြည်၌ မဟာကောသလမင်း၏သားသည် ပသေနဒီကောသလမင်းမည်၏။ဝေသာလီပြည် လိစ္ဆဝိမင်း၏သားသည် မဟာလိမည်၏။ ကုသိနာရုံပြည်၌ မလ္လာမင်း၏ သားသည် ဗန္ဓုလမည်၏။ ဤသူသုံးယောက်တို့သည် ဒိသာပါမောက္ခ ဆရာ၏အထံ၌ အတတ်သင်အံ့ဟု တက္ကသိုလ်ပြည်သို့လာကြကုန်သော် မြို့ပါးစရပ်၌ ပေါင်းမိကြ၍၊ အချင်းချင်း အမျိုးအမည်ကို မေးကြပြီးမှ ခင်ပွန်းဖွဲ့၍၊တပေါင်းတည်းဆရာသို့ကပ်၍ ခွင့်တောင်းပြီးလျှင် မကြာမြင့်မီသင်ပြီးသောအတတ်ရှိကုန်သည်ဖြစ်၍ တပြိုင်နက်ပင် မိမိမိမိတို့၏မြို့သို့ ပြန်သွားကြလေကုန်၏။ ရောက်လျှင် ပသေနဒီကောသလမင်းသည်အဘအားအတတ်ကိုပြ၍ အဘကြည်ညိုသဖြင့် မင်း၏အဖြစ်ကို ပေး၏။ ။မဟာလိလည်းလိစ္ဆဝိမင်းတို့အားအတတ်ကိုပြသော် အားထုတ်လွန်သဖြင့် မျက်စိနှစ်ဘက်တို့သည် ထွက်လေကုန်၏၊လိစ္ဆဝိမင်းတို့သည် ငါတို့ဆရာ၏မျက်စိတို့သည် ပျက်ခြင်းသို့ ရောက်ကုန်သော်လည်း။ ငါတို့သည် ဆရာကိုမစွန့်မူ၍ လုပ်ကျွေးကုန်အံ့ဟု။ တနှစ်လျှင် အသပြာတသိန်းအခွန်ထွက်သော တံခါးတပေါက်ကိုပေး၏။ထိုတံခါး၏အနီး၌ အိမ်ဆောက်၍ လိစ္ဆဝိမင်းသားငါးရာတို့ကို အတတ်သင်လျက် နေစေ၏။ ။ကုသိနာရုံ၌ မလ္လာမင်းတို့ကား ဝါးအလုံးခြောက်ဆယ်တို့ကို အလယ်၌ သံချောင်းထည့်၍ထည့်၍ အစည်းခြောက်ဆယ် စည်းပြီးမှ စိုက်ထောင်၍ထားသော ဤဝါးအစည်းတို့ကို ဗန္ဓုလသည်

သန်လျက်ဖြင့်ကြိတ်၍ ဖြတ်စေကုန်သတည်းဟုဆိုသေ၁်။ ဗန္ဓုလလည်း အတောင်ရှစ်ဆယ်မျှလောက်သောကောင်းကင်သို့ချန်၍။ သန်လျက်ဖြင့် ဖြတ်၍လာ၏။ အဆုံးစွန်သောဝါးအစည်း၌ သံချောင်းအသံကို ကြားလျှင် ဤအသံသည် အဘယ်အသံနည်းဟုမေးပြီးမှ။ အစည်းခြောက်ဆယ်တို့၏အလယ်၌ သံချောင်းတချောင်းစီ ထားသောအဖြစ်ကို သိသဖြင့်။ သန်လျက်ကိုပစ်လိုက်၍ ငိုလျက် ဤမျှသော ဆွေမျိုးအပေါင်း၌ ငါ့အား ချစ်သောသူမရှိ။ အကယ်၍ရှိပါက ဤအကြောင်းကိုကြားပါကုန်သဖြင့် ငါသိလျှင် သံချောင်း၏အသံကိုမထွက်စေမူ၍ ဖြတ်ရလေရာ၏ဟု ဆိုပြီးလျှင် အလုံးစုံသောဤမင်းတို့ကိုသတ်၍ ငါမင်းပြုအံ့ဟု အမိအဘတို့အား ဆို၏။ ချစ်သားဗန္ဓုလ၊ ဤသို့ အလှည့်အားဖြင့် မင်းပြုခြင်းသည် ဘိုးဘေးတို့မှအစဉ်ဆင်းသက်သောမင်း၏အဖြစ်တည်း။ ဤသို့သတ်၍ မင်းပြုအံ့သော၌ါ မရအပ်ဟု အမိအဘတို့ အထူးထူးအပြားပြားဆို၍ မြစ်တားကုန်သေ၁်။ ထိုသို့ဖြစ်မူကား ငါ၏အဆွေပသေနဒီကောသလ မင်း၏ အထံသို့ သွားအံ့ဟု သာဝတ္ထိပြည်သို့ သွားလေ၏၊ ဗန္ဓုလလာကြောင်းကို ကြား၍ ပသေနဒီမင်းလည်း ခရီးဦးကြိုပြု၍ များစွာသော ပူဇော်သက္ကာရဖြင့် မြို့သို့ဝင်စေ၍ စစ်သူကြီးအရာ၌ထား၏။ ထိုဗန္ဓုလသည်မိဘတို့ကိုလည်းယူ၍သာဝတ္ထိပြည်၌နေလေ၏။ ။

ထိုအခါ ပသေနဒီကောသလမင်းသည် တနေ့သ၌ ပြာသာဒ်ထက်၌ ရပ်လျက် ခရီးမကိုကြည့်သော် မဟာအနာထပိဏ်။ စူဠအနာထပိဏ်။ ဝိသာခါ။ သုပ္ပဝါသာတို့၏အိမ်သို့ အထောင်မကများစွာသော ရဟန်းတို့သည် နိစ္စဘတ်အလို့ငှါသွားကုန်သည်ကိုမြင်လျှင်။ အရှင်ကောင်းတို့သည် အဘယ်သို့သွားကြကုန်သနည်းဟုမေး၍ အရှင်မင်းကြီး၊ မဟာအနာထပိဏ်အိမ်သို့ ရဟန်းနှစ်ထောင်။ စူဠအနာထပိဏ်အိမ်သို့ငါးရာ။ ထိုအတူ ဝိသာခါအိမ်သို့ငါးရာ။ သုပ္ပဝါသာအိမ်သို့ငါးရာ။ နေ့တိုင်းနိစ္စဘတ်အလို့ငှါ ရဟန်းတို့သွားကုန်၏ဟုဆိုသေ၁်။ မင်းကြီးသည်လည်း ရဟန်းသံဃာတို့အား လုပ်ကျွေးလို၍ ကျောင်းသို့သွားပြီးလျှင်။ ရဟန်း တထောင်နှင့်တကွ ဘုရားကိုဆွမ်းဘိတ်၍ ခုနစ်ရက်ပတ်လုံး အလှူပေး၍။ ခုနစ်ရက်မြောက်သောနေ့၌။ အရှင်ဘုရား၊ ငါးရာသောရဟန်းတို့နှင့် တကွမပြတ်အကျွန်ုပ်၏ဆွမ်းကိုခံတော်မူပါဟု ဘုရားကိုရှိခိုး၍လျှောက် သေ၁်။မြတ်သောမင်းကြီး၊မြတ်စွာဘုရားတို့မည်သည်တခုသောအရပ်

www.dhammaransi.com



၌ မပြတ်ဆွမ်းကို မခံကုန်။ ဘုရားတို့၏မပြတ်လာခြင်းကို သင်မင်းကြီးသည် မတောင့်တလင့်ဟုမိန့်တော်မူ၍။ ထိုသို့သော် တယောက်သော ရဟန်းကိုခေါင်းတပ်၍ မပြတ်စေတော်မူပါဟုလျှောက်သဖြင့်။ အရှင်အာနန္ဒာကိုဝန်ပြု၏။ မင်းကြီးသည် ရဟန်းသံဃာတော်တို့ကြွလာသော် သပိတ်ကိုလှမ်း၍ မိမိကိုယ်တိုင်ခုနစ်ရက်ပတ်လုံးလုပ်ကျွေး၏။ ရှစ်ရက်မြောက်သောနေ့၌ ပျှံလွင့်သည်ဖြစ်၍ကြာမြင့်ခြင်းကိုပြု၏။ မင်းမျိုး၌မည်သည်၊ မစေပဲ နေရာခင်း၍ ရဟန်းတို့ကိုနေစိမ့်သော ဌါစီရင်သောသူကို မရအပ်ကုန်။ ထို့ကြောင့် ငါတို့သည် ဤအရပ်၌ ကြာမြင့်စွာရပ်ခြင်းငှါ မတတ်နိုင်ကုန်ဟု များစွာသောရဟန်းတို့သည် ဖဲကြလေကုန်၏။ မင်းကြီးသည်ကိုးရက်မြောက်သောနေ့၌လည်းမေ့လျော့၏။ ရပ်ပြီး၍ရဟန်းတို့သည်ဖဲလေကုန်၏။ ဆယ်ရက်မြောက်သောနေ့၌လည်းမေ့လျော့၏။ ထိုဆယ်ရက်မြော်သောနေ့၌ အာနန္ဒာမထေရ်တပါးကိုထား၍ အလုံးစုံသောရဟန်းတို့ဖဲကုန်၏၊ ဘုန်းရှိသောသူတို့သည် အကြောင်း၌ လိမ္မာကုန်၏။ အမျိုးတို့၏ကြည်ညိုခြင်းကိုစောင့်ကုန်၏။ အရှင်အာနန္ဒာလည်း။ ကမ္ဘာတသိန်းပါရမီဖြည့်ပြီး၍ ဘုန်းရှိသောသူဖြစ်ရကား အကြောင်း၌ လိမ္မာသောကြောင့် အမျိုးတို့၏ကြည်ညိုခြင်းကိုစောင့်လျက်ရပ်၏။ ထိုကြောင့် အရှင်အာနန္ဒာတပါးတည်းကိုသာလုပ်ကျွေးရကုန်၏၊ ရဟန်းတို့သွားပြီးသောအခါ၌ မင်းလာ၍ စီရင်တိုင်းတည်ကုန်သော ခဲဘွယ်ဘောဇဉ်တို့ကိုမြင်လျှင်။ အရှင်တို့ အဘယ်ကြောင့် မလာကုန်သနည်းမေးလျှင် အာနန္ဒာတပါးသာလာ၏ဟု ကြားသော်။ ငါ၏ ဤမျှလောက်သောဥစ္စာ၏ပျက်စီးခြင်းကိုပြုကုန်၏ဟု ရဟန်းတို့အားအမျက်ထွက်၍ မြတ်စွာဘုရား၏အထံသို့သွားပြီးလျှင်။ အရှင်ဘုရား၊အကျွန်ုပ်သည် ငါးရာသော ရဟန်းတို့ဘို့ ခဲဘွယ်ဘောဇဉ်ကိုစီရင်ပါ၏။ အာနန္ဒာတပါးသာကြွလာ၏။ စီရင်အပ်သော ဆွမ်းတို့သည် ထိုစီရင်တိုင်း ရှိကုန်၏။ ငါးရာသောရဟန်းတို့သည် အကျွန်ုပ်၏အိမ်၌အမှတ်ကိုမပြုကြပါကုန်။ အကြောင်းအဘယ်သို့နည်းဟု မြတ်စွာဘုရားကို လျှောက်၏။ မြတ်စွာဘုရားသည်ရဟန်းတို့အားအပြစ်ကိုမဆိုမူ၍။ မြတ်သောမင်းကြီး၊ငါ၏တပည့်သား ရဟန်းတို့အား သင်မင်းကြီးတို့နှင့် အကျွမ်း မဝင်သောကြောင့်သွားကုန်သည်ဖြစ်လတ္တံ့ဟုမိန့်တော်မူပြီးမှ။ အမျိုးတို့သို့ကပ်အပ်သောအကြောင်း မကပ်အပ်သောအကြောင်းကို ရဟန်းတို့အား ထင်

www.dhammaransi.com



ရှားပြတော်မူလိုသည်ဖြစ်၍။ ချစ်သားရဟန်းတို့၊ နှစ်သက်ဘွယ်မလုပ်ကျွေးခြင်း။ မနှစ်လိုဘွယ်ဖြင့်ရှိခိုးခြင်း။ မနှစ်လိုဘွယ်ဖြင့် နေရာခင်းခြင်း။ ထင်ရှားဖြစ်သောဝတ္ထုပစ္စည်းကို လျှို့ဝှက်ခြင်း။အများရှိလျက် အနည်းပေးခြင်း။ မွန်မြတ်သော ဝတ္ထုပစ္စည်းရှိလျက် ကြမ်းထမ်းရုန့်ရင်းသော ဝတ္ထုပစ္စည်းကိုပေးခြင်း။ ရိုသေစွာမပေးမူ၍ မရိုမသေပေးခြင်း။ တရားနာအံ့သောငှါ ရိုသေစွာအနီး၌မနေခြင်း။ ဟောသောတရားကို မနှစ်လိုခြင်း။ ဤကိုးပါးသောအင်္ဂါတို့နှင့်ပြည့်စုံသောအမျိုးတို့သို့ မကပ်အပ်။ မသိ၍ ကပ်မိသော်လည်း အနီးသို့မနေအပ်ဟု ဒါယကာတို့သို့ မကပ်အပ်သောအကြောင်းကိုရင်း။ ဆိုအပ်ပြီးသောအကြောင်းကိုးပါးမှပြန်၍ နှစ်လိုဘွယ်ဖြင့် လုပ်ကျွေးခြင်းအစရှိသော အကြောင်းကိုးပါးတို့နှင့် ပြည့်စုံသောအမျိုးတို့သို့ကပ်အပ်၏။ကပ်ပြီး၍လည်း အနီးသို့နေအပ်၏ဟု ဒါယကာတို့သို့ ကပ်အပ်သော အကြောင်းကိုးပါးကိုရင်း။ ရဟန်းတို့အား ဟောတော်မူ၍။ ဤသို့လျှင် မြတ်သောမင်းကြီး၊ ငါ၏တပည့်သားရဟန်းတို့အား သင်မင်းကြီးတို့၏အထံ၌ အကျွမ်းဝင်ခြင်းကို မရကုန်၍ သွားကုန်သည်ဖြစ်လတ္တံ့ဟု မိန့်တော်မူ၍။ မြတ်သောမင်းကြီး၊ ရှေး၌ဖြစ်သော ပညာရှိတို့သည်လည်း၊ ယုံမှားအပ်သောအရပ်၌ အရိုအသေလုပ်ကျွေးခြင်းကို ရအပ်သော်လည်း။ သေခြင်းနီးသောဝေဒနာသို့ရောက်၍ အကျွမ်းဝင်ရာအရပ်သို့သာလျှင်ပြောင်းသွားလေကုန်၏ဟု မိန့်တော်မူသဖြင့်။ အရှင်ဘုရား၊အဘယ်အခါ၌ သွားလေဘူးသနည်းဟု မင်းကြီးမေးလတ်သော်။ကေသဝဇာတ်ကိုဟောတော်မူ၏။ ။ဤဇာတ်၌အဓိပ္ပါယ်ကား။ ။

လွန်လေပြီးသော အခါ၊ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်။ ကေသဝအမည်ရှိသောမင်းသည် မင်း၏အဖြစ်ကိုစွန့်၍ ရသေ့ရဟန်း ပြု၏။ ငါးရာသော မင်းချင်း ယောကျ်ားတို့သည်လည်း အတူလိုက်၍ရဟန်းပြုကုန်၏။ ကပ္ပအမည်ရှိသောဆေတ္တာသည်လည်း ရဟန်းပြု၍ ငါဘုရားလောင်းကေသဝရသေ့၏ ကပ္ပမည်သောအလုပ်အကျွေးတပည့်သည် ဖြစ်၏။ ကေသဝရသေ့သည် ပရိသတ်နှင့်တကွ ရှစ်လပတ်လုံးဟိမဝန္တာ၌နေပြီး၍။မိုးလအခါ၌ ချဉ်ဆားမှီးအံ့သောငှါ ဗာရာဏသီပြည်သို့လာ၍ ဆွမ်းအလို့ငှါ မြို့တွင်းသို့ဝင်သော ကေသဝရသေ့ကိုမင်းကြီးမြင်၍။သဒ္ဓါကြည်ညိုသဖြင့် မိုးလေးလပတ်လုံး မိမိ

www.dhammaransi.com



အထံ၌နေစိမ့်သော၄ါ ပဒိုညာဥ်ကိုယူ၍ ဥယျာဉ်၌နေစေပြီးမှ ညနံနက် ဆည်းကပ်၏။တပည့်ရသေ့တို့သည် သုံးလေးရက်နေပြီး၍ဆင်သံမြင်း သံအစရှိသည့်တို့ဖြင့် ပြွမ်းသည်ကို ဆင်ခြင်လျက်။ ဆရာ၊ ငါတို့ဆန့် ကျင်ကုန်၏။ သွားကုန်အံ့ဟုဆိုကုန်လျှင်။ ချစ်သားတို့၊ အဘယ်သို့သွား ကုန်အံ့နည်းဟု မေးသော်။ ဟိမဝန္တာသို့သွားကုန်အံ့ဟု ဆိုကုန်သဖြင့်။ အမောင်တို့၊ငါတို့ရောက်သောနေ့၌ မင်းကြီးသည် ငါတို့ကို၍အရပ်၌ ရှိစေလနေစိမ့်သော၄ါ ပဒိုညာဥ်ကိုယူရကား အဘယ်သို့ သွားကုန်အံ့ နည်းဟုဆိုသော်။ဆရာသည်မင်းကြီးအားငါတို့ကိုမကြားမူ၍ပဒိုညာဥ် ကိုမေးသည်။ငါတို့မနေနိုင်ပြီ။ သွားကုန်အံ့ဟုဆို၍ ဆရာကိုရှိခိုးပြီးလျှင် သွားကြလေကုန်၏။ ကပ္ပမည်သော တပည့်နှင့် ဆရာသာ ကျန်ရစ်၏။ ခစားလာသောမင်းကြီးသည် အရှင်တို့အဘယ်သို့သွားလေကုန်သနည်း ဟုမေး၏။ မြတ်သောမင်းကြီး၊ ငါတို့ဆန့်ကျင်ကုန်၏ဟုဆိုကုန်၍ ဟိမ ဝန္တာတောသို့ သွားလေကုန်ပြီဟုဆို၏။ ။ထိုရသေ့တို့သည် ဝေးစွာ မသွားမူ၍ဆရာ၏သတင်းစကားကိုကြားလွယ်သောအရပ်၌နေကုန်၏။ ကပ္ပမည်သော အလုပ် အကျွေးလည်း မကြာမြင့်မီ ဆန့်ကျင်၍ ဆရာ သည် အဘန်တလဲလဲမြစ်သော်လည်း မတတ်နိုင်ပြီဟုဆရာကိုရှိခိုးပြီးမှ သွားလေ၍။ ထိုရသေ့တို့၏အထံသို့ မသွားမူ၍ ဆရာ၏အကြောင်းကို ကြားလွယ်သောအရပ်၌နေလေ၏။ နောက်အဘို့၌ တပည့်တို့ကိုအောက်မေ့သောဆရာအားဝမ်းအနာသည်ဖြစ်၏။ မင်းကြီးသည် ဆေးသမားကို ဆေးကုစေ၏။ အနာသည်မငြိမ်း။ မြတ်သောမင်းကြီး၊ ငါ၏အနာငြိမ်း ခြင်းကိုအလိုရှိသလောဟု ရသေ့မေးသဖြင့်။ အရှင်ဘုရား၊ အကယ်၍ အကျွန်ုပ်တတ်နိုင်သည်ဖြစ်မူ ယခုပင်အရှင်ဘုရားအား အနာငြိမ်းခြင်း ကိုပြုရာ၏ဟု မင်းကြီးဆိုသော်။ မြတ်သောမင်းကြီး၊ အကယ်၍ငါ့အား ချမ်းသာခြင်းကို မင်းကြီးအလိုရှိပါအံ့။ ငါ့ကို တပည့်တို့၏အထံသို့သာ ပို့လော့ဟုဆိုသဖြင့်။ ကောင်းပြီအရှင်ဘုရားဟု ညောင်စောင်း၌အိပ်စေ ၍။နာရဒအမတ်အမှူးရှိသော အမတ်လေးယောက်တို့ကို ငါ၏အရှင်၏ အကြောင်းကိုသိ၍။ ငါ့အား သတင်းစကားကိုစေလွှတ်ကုန်ဟု ပို့စေ၏။ ။ ကပ္ပအမည်ရှိသောတပည့်သည် ဆရာ၏လာခြင်းကိုကြား၍ ခရီးဦးကြို သဖြင့်။သင်မှတပါးသောတပည့်တို့သည် အဘယ်၌ရှိလေကုန်သနည်း ဟူ၍မေးသော်။ ဤမည်သောအရပ်၌နေကုန်သတတ်ဟုလျှောက်၍။ထို

www.dhammaransi.com



တပည့်တို့သည်လည်းဆရာလာသောအဖြစ်ကိုကြားလျှင် ထိုဆရာရှိရာ အရပ်သို့ ရပဝေးလာကုန်၍။ ဆရာအား ရေဇေးရေနွေး ပေး၍ သစ်သီး ကြီးငယ်တို့ကို ပေးကုန်၏။ ထိုခဏ၌ အနာသည်ငြိမ်းကုန်၏။ သုံးလေး ရက်ဖြင့် ရွှေအဆင်းနှင့်တူသော အဆင်းသည်ဖြစ်၏။ ။ထိုရောအခါ နာရဒ အမတ်သည် ကေသဝရသေ့ကို။ ။ဘဂဝါ၊ ဘုန်းတော်ကြီး သော။ကေသိ၊ကေသိရှင်ရသေ့၊တွံ၊သင်ရသေ့သည်။သဗ္ဗကာမသမိဒ္ဓိ နံ၊ အလုံးစုံသောလိုဘွယ်ဝတ္ထုနှင့်ပြည့်စုံသော။ မနုဿိန္ဒံ၊ ဗာရာဏသီ မင်းကို။ ဇဟိတွာန၊စွန့်ခဲ့၍။ ကပ္ပဿ၊ကပ္ပရသေ့၏။အဿမေ၊ကျောင်း ၌။ ကထံနု ရမသေ၊ အဘယ်ကြောင့် မွေ့လျော်သနည်း။ ။ဟု မေး ၏။ ။ကေသဝရသေ့လည်း။ ။နာရဒ၊ နာရဒ အမတ်။ ကပ္ပဿ၊ ကပ္ပရသေ့၏။ အဿမေ၊သင်္ခမ်း၌။ မနောရမာ၊ နှလုံးမွေ့လျော်ဘွယ်ရှိ ကုန်သော။ ရုက္ခာ၊သစ်ပင်တို့သည်။ သန္တိ၊ရှိကုန်၏။ ရမဏီယာနိ၊နှလုံး မွေ့လျော်ဘွယ်ရှိကုန်သော တောတို့သည်။ သန္တိ၊ ရှိကုန်၏။ သာရူနိ၊ ကောင်းမြတ်ကုန်သော ရေတို့သည်။ သန္တိ၊ ရှိကုန်၏။ ကပ္ပဿ၊ ကပ္ပ ရသေ့၏။ သုဘာ သိတာနိ၊ ကောင်းစွာ ဆိုအပ်ကုန်သော စကားတို့ သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ၊ထိုကြောင့်။ ဣမံ၊ ဤသင်္ခမ်းကျောင်းကို။ မယံ၊ ငါတို့သည်။ ရမယန္တိ၊ ရောစယာမ၊ နှစ်လိုမွေ့လျော်ကုန်၏။ ။ ဤသို့ဆို၍။ ဤသို့အရပ်ရပ်မွေ့လျော်ဘွယ်နှင့်တကွ ငါ့ကိုမွေ့လျော်စေ သောကပ္ပရသေ့သည်၊ ဆားမခတ်သောရေဖြင့် ပြုတ်ဖြော်သော သစ် ရွက်၊ မြက်သီးဆန်၊ ကြိတ်ဆန်၊ ယာဂုကိုသော်စေ၏။ထိုယာဂုကိုသော် သဖြင့် ငါ၏ရောဂါသည် ငြိမ်း၏ဟုဆို၏။ ။ထိုစကားကိုကြား၍ နာ ရဒအမတ်သည်။ ။ဘန္တေ၊အရှင်ဘုရား။ တွံ၊အရှင်ဘုရားသည်။ သာ လိနံ၊သလေးတို့၏။ သုစိမံသူပသေစနံ၊စင်ကြယ်စွာသောသားပွဲမ်းဖြစ် သော။ ဩဒနံ၊ဆွမ်းကို။ ဘုဉ္ဇေ၊စား၏။ ကထံ၊အသို့မူ၍။တံ၊အရှင်ဘုရား ကို။ အလောဏံ၊ဆားမခတ်သော။ သာမာကနီဝါရံ၊မြက်သီးဆန်ကြိတ် ဆန်အာဟာရသည်။ ဆာဒယန္တိ၊ နှစ်သက်စေသနည်း။ ။ထိုစကား ကိုကြား၍ ကေသဝရသေ့သည်။ ။နာရဒ၊နာရဒအမတ်။ ယတ္ထ၊ အ ကြင်နေရာ၌။ဝိဿတ္ထော၊အကျွမ်းဝင်သည်ဖြစ်၍။ သာဒုံဝါ၊သာယာအပ် သော ဘောဇဉ်ကိုရင်း။ ယဇိဒိ၊ထိုမျှ။ အသာဒုံဝါ၊ မသာယာအပ်သော ဘောဇဉ်ကိုရင်း။ အပ္ပံဝါ၊အနည်းငယ်သောဘောဇဉ်ကိုရင်း။ ယဒိ၊ ထို

www.dhammaransi.com



မျှို။ ဗဟုံဝါ၊များစွာသောဘောဇဉ်ကိုရင်း။ ဘုဉ္ဇေယျ၊စားရာ၏။ တတ္တ၊ ထိုနေရာ၌။ ဇဝံ၊ ဤသို့။ ဘုတ္တံ၊ စားအပ်သော ဘောဇဉ်သည်။ သာရ၊ ကောင်း၏။ ကသ္မာ၊အဘယ်ကြောင့်။ သာရ၊ကောင်းသနည်းဟူမူကား။ ဝိဿာသာ၊အကျွမ်းဝင်ခြင်းသည်။ ပရမာ၊မြတ်သော။ ရသာ၊အရသာ သည်။ ယသ္မာ၊အကြင်ကြောင့်။ ဟောတိ၊ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ သာရ၊ကောင်း၏။ ။ဟု မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကိုဆောင်၍ ဇာတ်ကို ပေါင်းတော်မူ၏။ ထိုအခါ ဗြဟ္မဒတ်မင်းသည် အရှင်မောဂ္ဂလာန်ဖြစ်လာ၏။နာရဒသည် အရှင်သာရိပုတြာဖြစ်လာ၏။ ကပ္ပသည်ကား အာနန္ဒာဖြစ်လာ၏။ကေသဝရသေ့ကားငါဘုရားတည်းဟု ဇာတ်တော်ကိုပေါင်းတော်မူ၏။ ။ဤသို့လျှင် မြတ်သောမင်းကြီး၊ ရှေးအခါ၌ ပညာရှိသူတော်ကောင်းတို့သည်လည်း သေခြင်း၏ အနီး ဖြစ်သောဝေဒနာသို့ရောက်၍ အကျွမ်းဝင်ရာအရပ်သို့ သွားဘူးကုန်၏။ ငါ၏တပည့်သားတို့သည် သင်မင်းကြီးတို့၏အထံ၌အကျွမ်းဝင်ခြင်းကို မရကုန်သည်ထင်၏ဟုမိန့်တော်မူ၏။ ။

မင်းကြီးသည် ရဟန်း သံဃာနှင့် တကွ အကျွမ်းဝင်ခြင်းကို ပြုအံ့ သောငှါအပ်၏ဟုကြံ၍။ အဘယ်သို့လျှင် ပြုရအံ့နည်းဟု ကြံပြန်သဖြင့်။ မြတ်စွာဘုရား၏ဆွေမျိုးတို့၏သမီးကို ငါ၏အိမ်၌ထားအံ့သောငှါအပ်၏။ ဤသို့ထားသည်ရှိသော်ပဉ္စင်းငယ်တို့သည်ရင်း၊သာမဏေငယ်တို့သည် ရင်း၊ မြတ်စွာဘုရား၏ ဆွေမျိုးမင်းဟု ငါ၏အထံသို့ လွတ်လွတ် အမြဲ လာကုန်လတ္တံ့ဟု ကြံပြီး၍။ ငါ့အား တယောက်သောသမီးကိုပေးကုန် လော့ဟု သာကီဝင်မင်းတို့၏ အထံသို့ သတင်းစကားကို စေလိုက်ပြီး နောက်။ပေးမည်ဆိုလျှင် အဘယ်သာကီဝင်မင်း၏သမီးနည်းဟုမေး၍။ သိအောင်ပြုမြီးမှလာခဲ့ကုန်လော့ဟုမှာ၍တမန်တို့ကိုစေလိုက်၏၊တမန် တို့သွားလေကုန်၍သာကီဝင်မင်းတို့အားသတို့သမီးကိုတောင်းကုန်၏။ သာကီဝင် မင်းတို့သည် စည်းဝေးကုန်ပြီးလျှင်။ ကောသလမင်းသည် ကြမ်းထမ်းရန့်ရင်း၏၊ အကယ်၍မပေးကုန်အံ့။ ပျက်စီးကုန်လတ္တံ့။ စင်စစ်သော်ကား ငါတို့၏အမျိုးနှင့်မတူ၊ အဘယ်သို့ပြုရအံ့နည်းဟု ကြံကြကုန်၏။ မဟာနာမ်မင်းသည် ငါ၏ကျွန်မသမီးဝမ်း၌ဖြစ်သော ဝါသဘခတ္တိယာသည် ရှိ၏။ ထိုဝါသဘခတ္တိယာကို ပေးကုန်အံ့ဟု တိုင်ပင်ကြ ပြီးမှ။ တမန်တို့ကိုကောင်းပြီ၊ပေးကုန်အံ့ဟုဆိုကုန်၏။ အဘယ်သူ၏သမီး

www.dhammaransi.com



နည်းဟုမေးပြန်သော်။ မြတ်စွာဘုရား ဘထွေးတော်၏ သားဖြစ်သော မဟာနာမ်သကျဝင်၏သမီးတည်း။ ဝါသဘခတ္တိယာမည်၏ဟုဆိုလျှင် ကောင်းပြီဟုဆိုကုန်ပြီးမှ။ ထိုတမန်တို့သည် ပြန်သွားလေကုန်၍ ကောသလမင်းကြီးအား ကြားလျှောက်ကြကုန်၏။ ကောသလမင်းကြီးသည် အကယ်၍ဤကဲ့သို့ဖြစ်အံ့။ ကောင်းလှပြီ။လျင်စွာဆောင်ချေကုန်။ မင်းတို့မည်သည် များသောမာယာရှိ၏။ကျွန်မ၏သမီးကိုပင်လည်း ပေးလိုက်တတ်၏။ သို့ဖြစ်၍ မင်းနှင့်အတူတကွ ထမင်းစားသောသူကို ဆောင်ခဲ့ကုန်ဟု မှာ၍ စေလိုက်၏။ ထိုတမန်တို့သည် သွား၍။ အရှင်မင်းကြီး၊ အရှင်မင်းကြီးနှင့်အတူတကွ ထမင်းစားသောသမီးကို ငါတို့မင်းသည် အလိုရှိ၏ဟုဆိုကုန်၏။ မဟာနာမ်သည်လည်း။ အမောင်တို့၊ကောင်းပြီဟုဆို၍။ ထိုဝါသဘခတ္တိယာကိုတန်ဆာဆင်စေပြီးလျှင် မိမိထမင်းစားသောအခါ၌ခေါ်စေ၍။ ထိုဝါသဘခတ္တိယာနှင့်တကွ စားသောအခြင်းအရာကိုပြ၍တမန်တို့အားဆောက်နှင်း၏။ထိုတမန်တို့သည်ထိုဝါသဘခတ္တိယာကိုယူပြီးလျှင် သာဝတ္ထိပြည်သို့သွားကုန်၍ မင်းကြီးအားကြားကုန်၏။ မင်းကြီးသည် နှစ်သက်သော နှလုံးရှိသည်ဖြစ်၍။ ထိုဝါသဘခတ္တိယာကို ငါးရာကုန်သော မိန်းမတို့၏ အကြီးကိုပြု၍ မိဘုရားကြီးအရာ၌ အဘိသိက်သွန်း၏။ ထိုဝါသဘခတ္တိယာသည် မကြာမြင့်မီ ရွှေအဆင်းနှင့်တူသောသားကို ဘွား၏။ ထိုအခါ ထိုသတို့သားငယ်အား အမည်မှည့်အံ့သောအခါ၌ အဘိုးဖြစ်သော မဟာနာမ်သကျဝင်မင်း၏ အထံသို့စေလိုက်၏။ စေဟန်ကား။ သကျဝင်မင်း၏သမီး ဝါသဘခတ္တိယာသည်သားဘွားပြီဖြစ်၍ ထိုသူငယ်၏အမည်ကို အဘယ်ကဲ့သို့မှည့်ရအံ့နည်းဟုစေလိုက်၏။ ထိုသတင်းစကားကိုယူ၍သွားသော အမတ်သည်ကား အတန်ငယ်နားထိုင်း၏။ ထိုအမတ်သည်သွား၍ မင်းသား၏အဘွားမအားကြား၏။ ထိုသကျဝင်မင်းမျိုးတို့သည် ထိုသတင်းစကားကိုကြားလျှင်။ ဝါသဘခတ္တိယာသည် သားမဘွားမူ၍လည်း အလုံးစုံသောလူတို့ကိုနှိပ်စက်၏။ ယခု သားဘွားပြန်တပြီးကား မင်းကြီးအား အလွန်အကျွမ်းဝင်သည်ဖြစ်လတ္တံ့ဟူ၍ဆို၏။ ထိုနားထိုင်းသောတမန်အမတ်သည် ဝလ္လဘဟူသောစကားကို ဝိဋူဍဘဟုအကြားမှား၍။ဝိဋူဍဘအမည်ရှိ၏ဟုမှတ်ပြီးလျှင် ကောသလမင်းကြီးသို့ကပ်၍။အရှင်မင်းကြီး၊ "သတို့သားအား ဝိဋူဍဘ ဟူသော အမည်ကို မှည့်ကုန်လော့ဟု

www.dhammaransi.com



လျှောက်၏။ကောသလမင်းကြီးသည်ငါတို့၏ရှေး၌ဖြစ်သောအမျိုး၏အမည်ဖြစ်လတ္တံ့ဟုကြံ၍မိတ္တဒုဗ္ဘဟူသောအမည်ကိုမှည့်၏။ ထိုအခါမိတ္တဒုဗ္ဘမင်းသား၏ငယ်သောအခါ၌ပင်လျှင်။ မင်းသည်ဤသို့ပြုသဖြင့် မြမြစွာချစ်အပ်သည်ကို ပြုအံ့ဟု စစ်သူကြီးအရာကို မိတ္တဒုဗ္ဘမင်းသားအား ပေး၏။ထိုမိတ္တဒုဗ္ဘသည် စစ်သူကြီး၏အဆောင်အရွက်ဖြင့်ကြီး၍။ခုနစ်နှစ်ရှိသောအခါ၌ တပါးသောမင်းသားတို့အား အမိ၏အမျိုးမှ ဆင်ရုပ်မြင်းရုပ်အစရှိသည်တို့ကို ဆောင်ခဲ့ကုန်သည်တို့ကိုမြင်၍ အမိကို မေး၏။ အမိ၊တပါးသောမင်းသားတို့အား အမိအမျိုးမှ ပဏ္ဏာလက်ဆောင်ဆောင်ခဲ့ကုန်၏။ငါ့အားမူကား တစုံတယောက်သည်တစုံတခုကိုမျှမပို့လာ။ အသို့နည်း၊ သင်သည် မိမဲ့ဘမဲ့လောဟူ၍မေး၏။ ။ထိုရှေးအခါဝါသဘခတ္တိယာသည် သားကိုဆို၏။ ချစ်သား၊သင့်အားသကျဝင်မင်းမျိုးဖြစ်ကုန်သော အဘွားအဘိုးတို့သည် ဝေးသောအရပ်၌ နေကုန်၏။ ထို့ကြောင့် ထိုအဘိုးအဘွားစသောသူတို့သည် တစုံတခုကိုမျှ မပို့လာစေနိုင်ဟုဆို၍ လှည့်စား၏။ ။မင်းသားတဆဲ့ခြောက်နှစ်မြောက်သောအခါ၌။ အမိ၊ငါသည် အဘွားကြီးတို့၏အမျိုးကိုရှုလို၏ဟု ဆိုလျှင်။ချစ်သား၊ မသင့်၊ ထိုအရပ်သို့သွား၍ အဘယ်ပြုအံ့နည်းဟု မြစ်အပ်သော်သည်းမရ။အဘန်တလဲလဲတောင်းပန်သောကြောင့်။ ဝါသဘခတ္တိယာသည် ထိုသို့တပြီးကား ချစ်သားသွားတော့ဟုဝန်ခံ၍ ထိုမိတ္တဒုဗ္ဘသည်ကောသလမင်းကြီးကိုကြားလျှောက်၍များစွာသောအခြံအရံဖြင့်ထွက်၏။ ဝါသဘခတ္တိယာသည် ရှေးဦးစွာကမ္ဘည်းမှာစာပို့စေ၏။ ဤအရပ်၌အကျွန်ုပ်သည် ချမ်းသာစွာ နေပါရ၏။ အရှင်တို့သည် တစုံတခုသောအကြောင်းထူးကိုမပြုပါကုန်လင့်ဟု ကမ္ဘည်းစာဖြင့်တောင်းပန်၏။ သာကီဝင်မင်းမျိုးတို့သည် မိတ္တဒုဗ္ဘ၏လာကြောင်းကိုသိ၍။ ရှိခိုးအံ့သောငါမတတ်ကောင်းဟု။ ထိုမိတ္တဒုဗ္ဘအောက် ငယ်ကုန်သောမင်းသားတို့ကိုဇနပုဒ်သို့ စေလိုက်ကုန်၏။ ထိုမိတ္တဒုဗ္ဘ ကပိလဝတ်သို့ ရောက်သော်သာကီဝင်မင်းတို့သည် မင်းကွန်း၌စည်းဝေးကုန်၏။ မိတ္တဒုဗ္ဘသည် ထိုမင်းကွန်းသို့သွား၍နေလေ၏၊ ထိုအခါမိတ္တဒုဗ္ဘကို။ ချစ်သား၊ဤသူသည်ကား သင်၏မိကြီးတော်၏။ ဤသူကား သင်၏မိထွေး။ဤသူသည် သင်၏အဘွား။ ဤသူသည် သင်၏ ဦးရီးတည်း။ ဤသို့စသည်ဖြင့်ဆို၍ ရှိခိုးစေကုန်၏။ မိတ္တဒုဗ္ဘသည် အလုံးစုံသောသူတို့ကိုရှိခိုးပြီးမှ။ တယောက်

www.dhammaransi.com



သောသူမှ မိမိကို ရှိခိုးသည်ကို မမြင်သောကြောင့်။ အသို့နည်း၊ ငါ့ကို ရှိခိုးသင့်သည်သူ မရှိသလောဟု မေးရာ။ ချစ်သား၊ သင်၏ညီငယ်ဖြစ်သော သကျဝင်မင်းသားတို့သည် ဇနပုဒ်တို့သို့ သွားလေကုန်သည် ဆို၍။ ထိုမိတ္တဒုဗ္ဘအား ကြီးစွာသောမြတ်နိုးတနာပေးကမ်းခြင်း သက္ကာရကိုပြုကုန်၏။ ထိုမိတ္တဒုဗ္ဘသည် တရက် နှစ်ရက်မျှ နေ၍ များစွာသော အခြံအရံတို့ဖြင့် ခြံရံ၍ ထွက်လေ၏။ ထိုအခါ တယောက်သောကျွန်မသည်မင်းကွန်း၌။ ထိုမိတ္တဒုဗ္ဘနေသောပျဉ်ကို ဤပျဉ်သည် ဝါသဘခတ္တိယာကျွန်မ၏သား နေရာပျဉ်တည်းဟု ဆဲရေး၍ ဆားငန်ရေဖြင့် ဆေးရ၏။ မိတ္တဒုဗ္ဘ၏ မင်းချင်းယောကျ်ားသည် မိမိလက်နက်မေ့ရစ်၍ ပြန်ပြီးလျှင် ထိုလက်နက်ကိုယူရာ ထိုမိတ္တဒုဗ္ဘမင်းသားအား ဆဲရေးသော အသံကိုကြား၍ ထိုအကြောင်းကို မေးလျှင် ပြန်ပြောသဖြင့်။ မင်းချင်းယောကျ်ားသည် ထိုမိတ္တဒုဗ္ဘအားဝါသဘခတ္တိယာကျွန်မ၏သားအဖြစ်ကိုသိ၍ ဗိုလ်ပါအပေါင်းတို့အားပြောဆိုလေ၏။ ထိုအခါ ဝါသဘခတ္တိယာသည် ကျွန်မ၏သမီးတည်းဟု ကြီးစွာသောအုတ်အုတ်ကျက်ကျက်သည်ဖြစ်၏။ ထိုအသံကိုကြား၍ မိတ္တဒုဗ္ဘသည် ထိုသာကီဝင်တို့ ယခုအခါ၌ ငါ၏နေရာပျဉ်ကို ဆားငန်ရေဖြင့်ဆေးနှင့်စေဦး။ ငါသည်ကား မင်း၏အဖြစ်၌ တည်သောအခါ ထိုသကျဝင် မင်းတို့၏ လည်ချောင်းသွေးဖြင့် ငါ၏သန်လျက်ကို ဆေးအံ့ဟု စိတ်ကို ဖြစ်စေ၏။ ထိုမိတ္တဒုဗ္ဘသည် သာဝတ္ထိပြည်သို့ ရောက်သောအခါ၌ အမတ်တို့သည် အလုံးစုံသောအကြောင်းကိုမင်းကြီးအားကြားလျှောက်ကုန်၏။ ပသေနဒီကောသလမင်းသည် ငါ့အားကျွန်မ၏သမီးကိုပေးကုန်၏ဟု သကျဝင်မင်းတို့အား အမျက်ထွက်၍။ ဝါသဘခတ္တိယာအားရင်း၊ သားအားရင်း၊ ပေးအပ်သောအဆောင်အရွက်ကိုဖြတ်၍။ ကျွန်မ ကျွန်ထီးတို့သည်ရအပ်သော အဆောင်အရွက်ကို ပေးစေ၏။ ထိုနောင်မှ သုံးလေးရက်လွန်သဖြင့်။ မြတ်စွာဘုရားသည် မင်းကြီး၏နန်းတော်သို့ကြွ၍နေတော်မူ၏။ မင်းသည်လာ၍ မြတ်စွာဘုရားကိုရှိခိုး၍၊ ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရား၏ ဆွေတော်မျိုးတော်တို့သည်။ အကျွန်ုပ်အား ကျွန်မ၏သမီးကိုပေးအပ်ကုန်သတည်း။ ထိုကြောင့် အကျွန်ုပ်သည် သားနှင့်တကွ ထိုဝါသဘခတ္တိယာအား ပေးပြီးသောအဆောင်အရွက်ကိုယူ၍။ ကျွန်မိန်းမ ကျွန်ယောကျ်ားတို့ရအပ်သမျှကို ပေးစေပြီဟု လျှောက်၏။ မြတ်စွာဘုရား

www.dhammaransi.com



သည်။ မြတ်သောမင်းကြီး၊ သာကီဝင်မင်းတို့သည် မသင့်သည်ကိုပြုအပ်၏။ ပေးကုန်သည်ရှိသော် ဓာတ်တူသတို့သမီးကို ပေးရာ၏ဟု မိန့်တော်မူ၍။ မြတ်သောမင်းကြီး၊ထိုအကြောင်းကိုဆိုဦးအံ့။ ဝါသဘခတ္တိယာသည် မင်း၏သမီးတည်း။ ရေမြေကိုအစိုးရသောမင်း၏အိမ်၌ အဘိသိက်သွန်းခြင်းကိုရ၏။ မိဍူဒဘသည်လည်း မင်းကိုစွဲ၍ ဘွား၏။ အမိမျိုးသည်အဘယ်ပြုအံ့နည်း။ အဘမျိုးသည်သာ အတိုင်းအရှည်ဖြစ်၏။ ရှေးပညာရှိတို့သည် ဆင်းရဲစွာသောထင်းကိုခွေ၍ရောင်းစားသောသူဆင်းရဲမအား မိဘုရားကြီးအရာကို ပေးဘူးလေကုန်ပြီ။ ထိုသူဆင်းရဲမ၏ဝမ်း၌ဖြစ်သောသတို့သားသည် ကဋ္ဌဝါဟနမင်းဟူသောအမည်ဖြင့် တဆဲ့နှစ်ယူဇနာရှိသော ဗာရာဏသီပြည်၌ မင်းအဖြစ်သို့ရောက်ဘူးပြီဟု ကဋ္ဌဟာရိကဇာတ်ကိုဟောတော်မူ၏။မင်းကြီးသည် တရားတော်ကိုကြား၍ အဘမျိုးသာလျှင် ပမာဏဖြစ်သတည်းဟု နှစ်သက်ပြီးလျှင်။ ဝါသဘခတ္တိယာသားအမိတို့အား ပေးမြဲတိုင်းသောအဆောင်အရွက်တို့ကိုပေးပြန်စေ၍။မိဍူဒဘကိုစစ်သူကြီးအရာ၌ထား၏။ ။

ဗန္ဓုလစစ်သူကြီး၏ မယားမလ္လိကာသည်လည်း ရှည်စွာသောကာလတို့ပတ်လုံး သားမဘွား။ ထိုအခါ မလ္လိကာကို ဗန္ဓုလသည်၊ သင်၏မိဘအိမ်သို့သွားလေတော့ဟု လွှတ်သဖြင့်။ မြတ်စွာဘုရားကို ရှိခိုးပြီးမှ သွားအံ့ဟု မြတ်စွာဘုရားထံသွား၍၊ အကြောင်းကို မေးတော်မူသော် အရှင်ဘုရား၊ အကျွန်ုပ်လင်သည် အမျိုး၏အိမ်သို့စေ၏ဟု လျှောက်၏။ အဘယ့်ကြောင့်နည်းဟု မေးတော်မူပြန်သော်။ မိန်းမမြုံဖြစ်၍ သားမရှိသောကြောင့်နှင်၏ဟု လျှောက်သဖြင့်။ ဤသို့သားမရသောကြောင့် နှင်တပြီးကား မသွားလင့်၊ ပြန်လေတော့ဟု ဘုရားမိန့်တော်မူ၏။ ထိုမလ္လိကာသည် နှစ်သက်သောစိတ်ရှိ၍၊ မြတ်စွာဘုရားကိုရှိခိုးပြီးမှ အိမ်သို့ပြန်လာရာ။ အဘယ့်ကြောင့် ပြန်လာသနည်းဟု ဗန္ဓုလကမေးသော်။ မြတ်စွာဘုရားသည် ပြန်စေအပ်၏ဟုဆို၏။ဗန္ဓုလသည်လည်း အရှည်ကိုမြင်လေ့ရှိသောမြတ်စွာဘုရားသည် အကြောင်းကိုမြင်တော်မူသည်ဖြစ်လတ္တံ့ဟု ဝန်ခံ၏။ ထိုမလ္လိကာသည် မကြာမြင်မီ ကိုယ်ဝန်ကိုရ၍ ချင်ခြင်းဖြစ်သည်ရှိသော်။ အကျွန်ုပ်အား ချင်ခြင်းဖြစ်၏ဟုကြား၏။ အဘယ်သို့ဖြစ်သနည်းဟု မေးသော်။ ဝေသာလီမင်းမျိုးတို့၏ အဘိသိက်သွန်းရာမင်္ဂလာရေကန်သို့သက်၍ ရေချိုးလို သောက်လိုသောချင်ခြင်း

www.dhammaransi.com



သည်ဖြစ်၏ဟုဆိုသော်။ဗန္ဓုလသည်ကောင်းပြီဟုဆို၍။ဗိုလ်တထောင်အားရှိသောလေးကိုယူ၍။ မလ္လိကာကိုရထားသို့တက်စေပြီးလျှင်။ သာဝတ္ထိမှထွက်၍ ရထားကိုနှင်လေသော်။ မဟာလိနေသောတံခါးဖြင့် ဝေသာလီမြို့သို့ဝင်လေ၏။ မဟာလိ၏အိမ်သည်လည်း တံခါး၏အနီး၌ဖြစ်သဖြင့်။ထိုမဟာလိသည် ရထား၏တံခါးခုံ၌ ခိုက်မိသောအသံကိုကြား၍၊ဤအသံသည်ကား ဗန္ဓုလ၏ရထားသံတည်း။ယခုအခါ၌ လိစ္ဆဝီမင်းတို့၏ပျက်စီးခြင်းသည်ဖြစ်လတ္တံ့ဟုဆို၏။ ။ထိုရေကန်တွင်၊အတွင်း၌ရင်း၊အပ၌ရင်း၊အားကြီးသောယောကျ်ားတို့သည်စောင့်ကုန်၏။ အပေါ်၌လည်း သံကွန်ရက်ဖြင့်အုပ်၏။ငှက်တို့၏ထွက်ဝင်ရာမျှမရှိ။ဗန္ဓုလသည် ရထားမှသက်၍ အစောင့်ယောကျ်ားတို့ကို သန်လျက်ဖြင့်ခတ်၍ ပြေးစေပြီးမှ။သံကွန်ရက်ကိုဖြတ်၍ရေကန်အတွင်း၌မယားကိုသောက်စေ ချိုးစေ၏။မိမိလည်းသောက်ချိုး၏ ပြီးမှတဘန် မလ္လိကာကိုရထားသို့တင်၍ မြို့မှထွက်ပြီးလျှင် လာမြဲခရီးဖြင့်နှင်လေ၏။ ထိုရေကန်စောင့်တို့သည် လိစ္ဆဝီမင်းတို့အား ကြား၏။ လိစ္ဆဝီမင်းသား ငါးရာတို့သည် အမျက်ထွက်ကုန်၍။ ရထားငါးရာတို့ကို တက်စီးပြီးလျှင် ဗန္ဓုလ မလ္လိကာတို့ကိုဘမ်းကုန်အံ့ဟုထွက်ကုန်၏။ထိုအကြောင်းကို မဟာလိအားကြားကုန်၏။မဟာလိသည်သင်တို့သည်မလိုက်လေကုန်လင့်။ အလုံးစုံသောဝေသာလီမင်းတို့ကို ဗန္ဓုလသည် သတ်လတ္တံ့ဟု မဟာလိဆို၏။ ထိုငါးရာသောမင်းသားတို့သည် လိုက်ကုန်အံ့သည်သာလျှင်တည်းဟုဆိုကုန်၏။ ထိုသို့လိုက်လိုတပြီးကား လှည်းဘီး၏ ပုံတောင်းထိအောင် မြေသို့ဝင်ရာကိုမြင်လျှင်ပြန်လည်ကြကုန်။ထိုသို့မြင်၍မပြန်ကုန်မူ ရှေ့မှ မိုးကြိုးထစ်သကဲ့သို့ကြားကုန်လတ္တံ့။ ထိုအရပ်မှပြန်ခဲ့ကုန်၊ ထိုအရပ်မှ မပြန်သော်သင်တို့၏ရထားဦး၌အပေါက်ကိုမြင်ကုန်လတ္တံ့။ထိုအရပ်မှ ပြန်လည်ကုန်။ ရှေ့သို့မလိုက်လေကုန်လင့် ဟူ၍ မှာလိုက်၏။ ထိုလိစ္ဆဝီမင်းသားတို့သည် ထိုမဟာလိ၏ စကားဖြင့် မပြန်ကုန်မူ၍ ထိုဗန္ဓုလ လက်ပန်းသည်ကို အစဉ်လိုက်လေကုန်၏။ ဤသို့လိုက်သဖြင့် မလ္လိကာသည် လိစ္ဆဝီမင်းတို့မြင်းရထားတို့သည် ထင်ကုန်၏ အရှင်ဟုဆို၏။ထိုသို့တပြီးကား။ တခုသောရထားဦးသည် ထင်သောအခါ ငါ့အားကြားလော့ဟုဗန္ဓုလဆို၍။ မလ္လိကာသည်အကြင်အခါ၌အလုံးစုံသောရထားတို့ကို တခုတည်းကဲ့သို့ထင်၏။ ထိုအခါ၊အရှင်၊ယခုအခါ တစီးတည်း

www.dhammaransi.com



သောရထားဦးသည် ထင်ပြီဟု ကြား၏။ ဗန္ဓုလသည် ဤကြိုးကိုကိုင်လော့ဟု လက်ကိုင်ကြိုးကိုမလ္လိကာအားပေး၍၊ ရထားၔရပ်လျက်လေးကိုတင်၏။ ယှဉ်းဘီးသည် ပုံတောင်းတိုင်အောင် မြေသို့ဝင်လေ၏။ ထိုအရပ်ကိုမြင်ကုန်သော်လည်း လိစ္ဆဝိမင်းတို့သည် မပြန်ကုန်။ ဗန္ဓုလသည် အတန်ငယ်သွား၍ ညှို့ကိုခတ်လိုက်၏။ မိုးကြိုးထစ်သောအသံကဲ့သို့ဖြစ်၏။ ထိုအသံကိုကြားသောအရပ်မှလည်း မပြန်ကုန်၊ အစဉ်လိုက်ကုန်လေ၏။ ဗန္ဓုလသည် ရထားၔရပ်လျက်လျှင် တစင်းသောမြားကိုပစ်၏။ ထိုမြားသည်ရထားငါးရာတို့၏ရထားဦးကိုဖောက်၍၊ ငါးရာကုန်သော မင်းသားတို့ကို မြားအရန်းအတား ချပ်မိန်ညိုဘွဲ့သော အရပ်၌ထုတ်ချင်းဖောက်သဖြင့်သွား၍မြေသို့ဝင်လေ၏။ ထိုမင်းသားတို့သည် မိမိတို့ကိုယ်ကို မြားဖောက်၍သွားသောအဖြစ်ကိုမသိကုန်မူ၍ ရထားရပ်ဦးလော့ဟူ၍ဆိုကုန်လျက်လိုက်ကုန်သလျှင်ကတည်း။ ဗန္ဓုလသည် ရထားကိုရပ်စေ၍ သင်တို့သည် သေအပ်ကုန်ပြီ၊ သူသေတို့နှင့်တကွ ငါ့အား စစ်ထိုးခြင်းမည်သည်မရှိဟုဆို၏။ ထိုလိစ္ဆဝိတို့ကလည်း သေသောသူတို့မည်သည် ငါတို့ကဲ့သို့မဟုတ်ကုန်ဟု ဆိုလျှင်၊ ထိုသို့တပြီးကား အလုံးစုံ၏ရှေ့ဖြစ်သောသူအား ဝတ်ဆင်သောချပ်မိန်ညိုဝတ်လုံကိုဖြေကုန်လော့ဟုဆိုလတ်သော် ဖြေကာမျှ၌ထိုသူသည်သေ၍လည်းလေ၏။ ထိုအခါ ထိုအလုံးစုံသောမင်းတို့ကို သင်တို့သည်လည်း ဤသူကဲ့သို့သေကုန်ပြီ၊ မိမိတို့၏အိမ်သို့ရောက်မှ စီရင်အပ်သည်ကိုစီရင်၍၊ သားမယားတို့ကိုဆုံးမ၍၊ ချပ်မိန်ညိုတို့ကိုဖြေလကုန်ဟုဆို၍ ပြန်လေစေ၏၊ ထိုလိစ္ဆဝိမင်းတို့သည် ဗန္ဓုလမှာလိုက်တိုင်းပြုပြီးမှ အသက်ကုန်ခြင်းသို့ရောက်ကြကုန်၏။ ။

ဗန္ဓုလသည် မလ္လိကာကို သာဝတ္ထိသို့ဆောင်လေ၏။ ထိုမလ္လိကာသည် တဆဲ့ခြောက်ကြိမ် အစုံအစုံသော သားတို့ကိုဖွား၍ သုံးကျိပ်နှစ်ယောက်သောသားယောကျ်ားတို့သည်ဖြစ်ကုန်၏။ ထိုအလုံးစုံသောသားတို့သည် ရဲရင့်ကုန်၏။ ခွန်အားနှင့် ပြည့်စုံကုန်၏။ ခပ်သိမ်းသောအတတ်တို့ကို တတ်ကုန်၏။ တယောက်တယောက်သော သားအားတထောင်တထောင်သော ယောကျ်ား အခြံအရံ ရှိ၏။ အဘနှင့်တကွ မင်း၏နန်းတော်သို့ဝင်ကုန်သော် ထိုဗန္ဓုလသားအဘတစုအခြံအရံတို့ဖြင့်သာလျှင် မင်း၏ရင်ပြင်သည် ပြည့်၏။ ။ထိုရောအခါ တနေ့သ၌

www.dhammaransi.com



တရားဆုံ ဖြတ်ရာ၌ စဉ်းလဲသောတရားကို စီရင်သဖြင့် ရှုံးသောသူတို့သည်။ ဗန္ဓုလစစ်သူကြီးလာသည်ကို မြင်၍ ပြင်းစွာသော မြည်တမ်းခြင်းကို မြည်တမ်းကုန်လျက်။ တရားဆုံးဖြတ်သောအမတ်တို့၏ စဉ်းလဲသဖြင့် တရား စီရင်ခြင်းကို ဗန္ဓုလအား ကြားကုန်၏။ ဗန္ဓုလလည်း တရားစီရင်ရာသို့သွား၍ ထိုတရားကိုအသစ်စီရင်လျှင်။ အရှင်ဟုတ်မှန်သောသူကို အရှင်ပြုပေ၏ဟုဆိုလတ်၍ လူများသည် သည်းစွာသော အသံဖြင့် ကောင်းချီးပေးခြင်းကို ဖြစ်စေ၏။ ။မင်းကြီးသည် ကြား၍ ဤအသံသည်အဘယ်အသံနည်းဟုမေးကာလ။ထိုအကြောင်းကိုကြားလျှောက်သဖြင့်။ ဗန္ဓုလကိုနှစ်သက်၍ တရားသူကြီးဟောင်းအမတ်တို့ကို ပယ်ပြီးလျှင်။ ဗန္ဓုလအား တရားဆုံးဖြတ်ခြင်းကို ဆောက်နှင်း၏။ ထိုနေ့မှစ၍ ဗန္ဓုလသည် ကောင်းစွာဆုံးဖြတ်၏။ရှေးတရားသူကြီးငယ်တို့သည် တန်ဆိုးမရကုန်သဖြင့် လာဘ်နည်းကုန်သည်ဖြစ်၍။ ဗန္ဓုလသည် မင်း၏အဖြစ်ကိုတောင့်တ၏၊မင်းမျိုး၌ဖျက်ဆီးကုန်၏ဟုပသေနဒီကောသလမင်းကြီးအား ကုန်းချောစားကုန်၏။ ပသေနဒီကောသလမင်းကြီးသည် ထိုအမတ်တို့၏စကားကိုယူ၍။စိတ်ကိုနှိပ်အံ့သော ငှါမတတ်နိုင်သဖြင့်။ ဤအရပ်၌ သတ်သည်ရှိသော် ငါ့အား ကဲ့ရဲ့ခြင်းသည်ဖြစ်လတ္တံ့ဟုကြံ၍၊မင်းလုလင်ယောကျ်ားတို့အား ပစ္စန္တရွာကိုလုယက်ဖျက်ဆီးချေဟုစေပြီးလျှင် ဗန္ဓုလကိုခေါ်၍၊ ချစ်သားဗန္ဓုလ၊ ပစ္စန္တရွာသည် ပျက်စီး၏။သားသုံးကျိပ်နှစ်ယောက်တို့နှင့်တကွသွား၍ ခိုးသူတို့ကိုဘမ်းချေဟုစေလိုက်၏။ ထိုအရပ်၌သာလျှင် သားသုံးကျိပ်နှစ်ယောက်တို့နှင့်တကွ ထိုဗန္ဓုလ၏ဦးခေါင်းကို ဖြတ်၍ ဆောင်ခဲ့ကုန်ဟု၊ စွမ်းနိုင်ကုန်သော တပါးသော သူရဲကြီးတို့ကိုလည်း မှာလိုက်၍။ ထိုဗန္ဓုလတို့နှင့်အတူတကွပင်စေလိုက်၏။ ဗန္ဓုလသည် ပစ္စန္တရွာသို့ရောက်သော် စစ်သူကြီးလာ၏ဟုကြားကုန်၍။ ထိုခိုးသူယောင်ဆောင်ကုန်သောမင်းချင်းယောကျ်ားတို့သည် ပြေးလေကုန်၏။ ထိုဗန္ဓုလသည် ထိုရွာကို အမြဲနေစေ၍ နှစ်သိမ့်စေပြီးမှပြန်လေ၏။ ထိုရောအခါ ထိုသူရဲကြီးတို့သည် ဗန္ဓုလအား သားတို့နှင့်တကွ ဦးခေါင်းကိုဖြတ်လေကုန်၏။ထိုနေ့၌မလ္လိကာသည် ငါးရာသောရဟန်းတို့နှင့်တကွ လက်ျာရံလက်ဝဲရံ အဂ္ဂသာဝကနှစ်ပါးတို့ကို ဆွမ်းဘိတ်အပ်သည်ဖြစ်ကုန်၏။ ထိုအခါ မလ္လိကာအား နံနက်အခါ၌ပင်လျှင်။ သင်၏လင်အား သားတို့နှင့်တကွ ဦးခေါင်း

www.dhammaransi.com



ပြတ်ပြီဟုကမ္ပည်းမှတ်စာကိုဆောင်ခဲ့၍ပေးလာကုန်၏။ မလ္လိကာသည် ထိုအကြောင်းကိုသိပြီး၍။တစုံတယောက်သောသူအား တစုံတခုသော စကားကို မဆိုမူ၍။ ကမ္ပည်းကို ရင်ခွင်၌ ထားပြီးလျှင်။ ရဟန်းသံဃာ အားသာလျှင် ဆွမ်းလုပ်ကျွေး၏။ ထိုမလ္လိကာ၏အလုပ်အကျွေး ကျွန်မ တို့သည် ရဟန်းတို့အားဆွမ်းလှူပြီး၍ ထောပတ်အိုးတို့ကို ဆောင်ကုန် သော်။ မထေရ်တို့၏ရှေ့မှ ထောပတ်အိုးတလုံးသည် ကွဲ၏။ ရှင်သာရိ ပုတြာသည်။ ဒါယိကာမ၊ကွဲတတ်သောသဘောသည်ကွဲ၏။ မကြံအပ် ဟုဆို၏။ ထိုမလ္လိကာသည် ရင်ခွင်၌ကမ္ပည်းစာကိုယူ၍။ ရှင်ပင်ဘုရား၊ သားသုံးကျိပ်နှစ်ယောက်နှင့်တကွ အဘ၏ဦးခေါင်း ပြတ်ပြီဟူ၍ ဤသူ တို့သည် ဤကမ္ပည်းကိုဆောင်ခဲ့ကုန်၏။ အကျွန်ုပ်သည် အရှင့်အား ဤ စကားကို ကြား၍လည်းမကြံ။ ထောပတ်အိုးဖွဲ့သဖြင့် အဘယ်ကြောင့် ကြံအံ့နည်းဟုလျှောက်၏။ ရှင်သာရိပုတြာသည်။ အနိမိတ္တာ အနညာတံ၊ သတ္တာနံ ဣဓ ဇီဝိတံ။ အစရှိသော စကားကိုဆို၍။ တရား ဟောပြီးမှ ကျောင်းသို့ကြွလေ၏။ ။ထိုမလ္လိကာသည် သုံးကျိပ်နှစ်ယောက်သော ချွေးမတို့ကိုခေါ်၍ သင်တို့၏လင်တို့သည် အပြစ်မရှိကုန်ဘဲလျက် မိမိ တို့ပြုအပ်သော ရှေးမကောင်းမှု၏ အကျိုးကို ရကုန်ပြီ။ သင်တို့သည် မစိုးရိမ်ကုန်လင့်၊ မငိုကြွေးကုန်လင့်။ မင်း၌လည်း နှလုံးပြစ်မှားခြင်းကို မပြုကြပါကုန်လင့်ဟူ၍ ဆုံးမ၏။ မင်းကြီးလည်း ထိုစကားကို ကြား၍။ ထိုသူတို့အား အပြစ်မရှိသောအဖြစ်ကိုအောက်မေ့၍ ထိတ်လန့်ခြင်းသို့ ရောက်သဖြင့်။ မလ္လိကာ၏အိမ်သို့သွား၍၊ မလ္လိကာကိုဖင်း၊ ချွေးမတို့ကို ဖင်း၊သည်းခံစေ၍၊မလ္လိကာအားဆုကိုပေး၏။ မလ္လိကာသည် အကျွန်ုပ် ယူအပ်သည်ဖြစ်စေဟု ဆို၍။ ထိုပသေနဒီကောသလမင်း သွားလေပြီး သော်။ ထိုသားလင်တို့၏ မတကာဘတ်ကိုလှူ၍ ရေချိုးပြီးလျှင် မင်းသို့ ကပ်၍ ရှိခိုးပြီးမှ။ အရှင်မင်းကြီးတို့သည် အကျွန်ုပ်အား ဆုကို ပေးပြီ။ အကျွန်ုပ်အားတပါးဆုဖြင့်အလိုမရှိ။ အကျွန်ုပ်အား‌ဖင်း၊သုံးကျိပ်နှစ်ယော သော ချွေးမတို့အားဖင်း၊ အမိအဘတို့၏အိမ်သို့ပြန်ပါရခြင်းကို ခွင့်ပြု တော်မူပါဟုလျှောက်၏။မင်းလည်း ဝန်ခံ၏။ မလ္လိကာသည် ချွေးမတို့ကို သင်တို့သည် သင်တို့မိဘတို့၏အိမ်သို့ပြန်လေကုန်လော့ဟုစေလိုက်၏။ မိမိသည်လည်းကုသိနာရုံပြည်၌မိဘတို့အိမ်သို့ပြန်လေ၏၊ ။

မင်းကြီးသည် ဗန္ဓုလ စစ်သူကြီး၏ တူဖြစ်သော ဒီဃကာရာယန

www.dhammaransi.com



အမည်ရှိသောသူအား စစ်သူကြီး၏အရာကိုပေး၏။ ထိုဒီဃကာရာယန သည်ကား ငါ၏ဝရီးကိုသတ်အပ်၏ဟု မင်းကြီးအား အခွင့်ကိုရှာလျက် သွားလာ၏။ မင်းကြီးသည် အပြစ်မရှိသောဗန္ဓုလကိုသတ်သောအခါမှ စ၍ နှလုံးမသာခြင်းသည်ဖြစ်၍ စိတ်၏သာယာခြင်းသည် မဖြစ်။ မင်း၏ စည်းစိမ်ချမ်းသာကို မခံစား။ ထိုအခါ မြတ်စွာဘုရားသည် သကျဝင် မင်းတို့၏ မာတုဇေဒ္ဓကမည်သော နိဂုံးရွာကို အမှီပြု၍ နေတော်မူ၏။ မင်းကြီးသည် နိဂုံးရွာသို့ စစ်အင်္ဂါလေးပါးနှင့်တကွ သွား၍။ မြတ်စွာ ဘုရားကျောင်းတော်မှ မဝေးသောအရပ်၌ သစ်တပ်ဖြင့်နေ၍။ များစွာ သောအခြံအရံဖြင့် မြတ်စွာဘုရားကိုရှိခိုးအံ့ဟုသွား၍ကျောင်းတော်ပါး သို့ရောက်လတ်သော်။ မင်းမြောက်တန်ဆာငါးပါးကို ဒီဃကာရာယန အားပေး၍။ တယောက်အထီးတည်းသာလျှင် ဂန္ဓကုဋိသို့ ဝင်လေ၏။ ထိုပသေနဒီကောသလမင်းကြီးသည် ဂန္ဓကုဋိသို့ဝင်လေပြီးသော်။ဒီဃ ကာရာယနသည် ထိုမင်းမြောက်တန်ဆာငါးပါးကို ယူ၍ ဝိဋ္ဋူဘမင်း သားကို မင်းမြှောက်၍။ ကောသလမင်းကြီးအား တစီးသော မြင်းကို၎င်း၊ အလုပ်အကျွေးပြုသောမောင်းမယ်တယောက်ကို၎င်း၊ ထားခဲ့၍၊ အလုံးစုံကိုယူ၍ သာဝတ္ထိသို့သွားလေ၏။ မင်းကြီးသည် မြတ်စွာဘုရား နှင့်တကွ ချစ်ဘွယ်သောစကားကို ပြောပြီးမှ မြတ်စွာဘုရားကို ရှိခိုး၍ ထွက်ခဲ့သော် စစ်သည်တို့ကို မမြင်သောကြောင့် ထိုမောင်းမယ်ကို မေးလျှင် ထိုအကြောင်းကို ကြား၍၊ ငါသည် ဤမှနှင့် သာဝတ္ထိသို့ဖြန် သော်လည်း မင်း၏အဖြစ်ကိုမရချေပြီ၊ ရာဇဂြိုဟ်သို့သွား၍ ငါ၏တူဖြစ် သော အဇာတသတ်မင်းကိုယူ၍။ ဝိဋ္ဋူဘကိုဘမ်းအံ့ဟု ကြံပြီးမှ ရာဇ ဂြိုဟ်သို့သွားလေသော်။ နေဝင်သောအခါ၌ တံခါးကိုပိတ်ကုန်ပြီးမှ မြို့ သို့ရောက်၍ မြို့၏အပါး တရသောစရပ်၌ အိပ်လေ၏။ လေနေပူတို့ဖြင့် ပင်ပန်းသော မင်းကြီးသည် ညဉ့်အတွင်း၌ ထိုစရပ်၌ပင် သေခြင်းကိုပြု လေ၏။မိုးသောက်လင်းပြီးသည်ရှိသော် မောင်းမယ်သည်ကောသလ တိုင်းသူတို့ကိုအစိုးရသောအရှင်မင်းကြီး။သင်မင်းကြီးသည် ကိုးကွယ် ရာမရှိဖြစ်ခဲ့ပြီတကား ဟူ၍ မြည်တမ်းသောအသံကို ရာဇဂြိုဟ်ပြည်သူ တို့သည်ကြား၍ အဇာတသတ်မင်းအား လျှောက်ကုန်သော်။ ထိုအဇာ တသတ်မင်းသည် ဦးရီးတော်ကောသလမင်းအား များစွာသောပူဇော် သက္ကာရဖြင့်အလောင်းဖုတ်ခြင်းကိစ္စကိုပြု၏။ ။

www.dhammaransi.com



မိတ္တဒုဟ္ဗသည်သာဝတ္ထိ၌မင်း၏အဖြစ်ကိုရပြီးနောက်အထက်ကရန်ငြိုးကိုအောက်မေ့၍။ အလုံးစုံသောသကျဝင်မင်းတို့ကိုသတ်အံ့ဟုများစွာသော စစ်သည်အပေါင်းဖြင့် ထွက်၏။ မိတ္တဒုဟ္ဗစစ်ထွက်သောနေ့၌ မြတ်စွာဘုရားသည် မိုးသော်ထအခါ၌လောကကိုကြည့်တော်မူသော်။ ဆွေတော် မျိုးတော်အပေါင်း၏ ပျက်စီးလတ္တံ့သောအကြောင်းကို မြင်တော်မူ၍။ ငါသည် ဆွေမျိုးတို့အားသင်္ဂြိုဟ်ခြင်းကိုပြုအံ့သော၌ါအပ်၏ဟုကြံတော်မူ၍။ နံနက်အခါ သာဝတ္ထိပြည်၌ ဆွမ်းခံကြွတော်မူ၍၊ ဆွမ်းဘုဉ်းပေးပြီးသော် ဂန္ဓကုဋိ၌သီဟသေယျကိုပြုတော်မူ၍၊ ညချမ်းသောအခါ၌ ကောင်းကင် ခရီးဖြင့် ကြွတော်မူပြီးလျှင်။ ကပိလဝတ်ပြည်၏အနီး၌ ကျဲသောအရိပ်ရှိသော တခုသောသစ်ပင်အောက်၌ နေတော်မူ၏။ ထိုသစ်ပင်မှမဝေးသောအရပ်၌ကား မိတ္တဒုဟ္ဗ၏နိုင်ငံအတွင်း၌ ချမ်းမြေ့သောအရိပ်ရှိသော ပညောင်ပင်ကြီးသည် ရှိ၏၊ ထိုမိတ္တဒုဟ္ဗသည် မြတ်စွာဘုရားကိုမြင်၍ ကပ်လာ၍ရှိခိုးပြီးလျှင်။ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ အဘယ်ကြောင့် ဤကဲ့သို့သဘောရှိသော ကျဲသောအရိပ်ရှိသောသစ်ပင်ရင်း၌ နေတော်မူသနည်း။ ထိုချမ်းမြေ့သောအရိပ်ရှိသောပညောင်ပင်ရိပ်၌ နေတော်မူလှည့်ပါရှင်ပင်ဘုရားဟု လျှောက်သော်။ဖြစ်စေ ရှိစေတော့မင်းမြတ်၊ ဆွေမျိုးတို့၏ အရိပ်သည် ချမ်းမြေ့၏ဟု မိန့်တော်မူသောကြောင့်။ အဆွေအမျိုးတို့ကို စောင့်ခြင်းငှါ မြတ်စွာဘုရားကြွလာသည် ဖြစ်လတ္တံ့ဟုကြံ၍၊ မိတ္တဒုဟ္ဗမင်းသည် တပ်ကိုရုပ်၍ သာဝတ္ထိပြည်သို့ပြန်လေ၏။ မြတ်စွာဘုရားသည်လည်း ကောင်းကင်ဖြင့်ပျံလေ၍ဇေတဝန်ကျောင်းတော်သို့ကြွလေ၏။ ။တနှစ်ရောက်ပြန်သောအခါ မိတ္တဒုဟ္ဗသည် သကျဝင်မင်းတို့အပြစ်ကို အောက်မေ့ပြန်၍။ နှစ်ကြိမ်မြောက်စစ်ထွက်သောကြောင့်။မြတ်စွာဘုရားလည်း နှစ်ကြိမ်မြောက်၍ ထိုသစ်ပင်ရင်း၌ပင် နေတော်မူသော မြတ်စွာဘုရားကို မြင်၍ ရှေးအတူတဘန်ပြန်လေ၏။ သုံးကြိမ်မြောက်စစ်ထွက်ပြန်သောအခါ၌။ ရှေးအတူ မြတ်စွာဘုရားကိုမြင်၍ပြန်လေ၏။ လေးကြိမ်မြောက်နှစ်၌ ထိုမိတ္တဒုဟ္ဗစစ်ထွက်ပြန်သည်ရှိသော်။ မြတ်စွာဘုရားသည် သကျဝင်မင်းတို့၏ ရှေးမကောင်းမှုကံကိုကြည့်တော်မူလျှင်။ ထိုသကျဝင်တို့၏ ရှေးသောအခါ တနေ့သ၌ မြစ်ငယ်တခုတွင်ငါးတို့ကိုသေစေခြင်းငှါအဆိပ်ခတ်သော မကောင်းမှု၏ မမြစ်နိုင်အပ်သော အဖြစ်ကို မြင်တော်မူ၍။

www.dhammaransi.com



လေးကြိမ်မြောက်၌ မြတ်စွာဘုရားသည် မကြွပြီ။ ကမ္မသကာဟူ၍သာ ဥပေက္ခာဗြဟ္မဝိဟာရဖြင့် နေတော်မူ၏။ ။မိတ္တဒုဗ္ဘသည် သကျဝင်တို့ကို သတ်အံ့ဟု များစွာသော စစ်သည်ဗိုလ်ပါဖြင့် ထွက်လာသော အကြောင်းကိုကြား၍။ မြတ်စွာဘုရား၏ဆွေတော်မျိုးတော်တို့သည် သူတပါးအား ထားလက်နက်ဖြင့်မသတ်ကုန်။ မိမိတို့ကိုယ်ပင်သေသော်လည်း သူတပါးကိုအသက်မှမချကုန်။ထိုကြောင့် ကြံ့နှင့်ကြကုန်၏။ငါတို့သည် သင်အပ်ပြီးသော လက်ငင်လေးအတတ်ရှိကုန်၏။ ထိုသို့ပင်ဖြစ်ကုန်သော်လည်း ငါတို့သည်သူတပါးကိုအသက်မှချခြင်းငှါမဟတ်နိုင်ကုန်။ ငါတို့၏လင်းလေးအတတ်ကိုသာပြ၍ ပြေးစေကုန်အံ့ဟုကြံကုန်ပြီးလျှင်။ထိုသကျဝင်တို့သည်ထိုအကြံအတိုင်း။ချပ် ကာဝတ်လုံ မိန်ညိုတန်ဆာဆင်ကုန်လျက် ထွက်ကုန်၍ စစ်ထိုးခြင်းကို အားထုတ်ကုန်၏။ ထိုသကျဝင်တို့ပစ်အပ်သောမြားတို့သည်။မိတ္တဒုဗ္ဘ၏စစ်သည်ရဲမက်တို့၏အကြားအကြားဖြင့်သာသွားကုန်၏။ ခါးကြားနားပေါက်ကြားအစရှိသည်တို့ဖြင့်ထွက်ကုန်၏။ထိုသို့ထွက်ခြင်းကို မိတ္တဒုဗ္ဘမြင်၍၊အချင်းတို့၊ ထိုသကျဝင်တို့သည် လက်နက်ဖြင့် သူ့အားမသတ်ကုန်ဟူ၍ ဆိုသည်မဟုတ်လော။ထိုသို့လျက် ငါ၏ယောကျ်ားတို့ကို ဖျက်ဆီးကုန်၏ဟုဆို၏။ ထိုအခါ ယောကျ်ားတယောက်ဆို၏။အသို့နည်းအရှင်၊အရှင်ပြန်၍ကြည့်တော်မူလော့။ ငါ၏ယောကျ်ားတို့ကို သကျဝင်တို့သည်ဖျက်ဆီးကုန်၏ဟုဆို၏။ အရှင်မင်းကြီး၏ တယောက်သောယောကျ်ားသည်မျှသေသောမည်သည်မရှိ၊ အရှင်မင်းကြီးစစ်သည်တို့ကို ရေတွက်ပါစေကုန်လော့ဟုဆို၍ရေတွက်စေသည်ရှိသော်။တယောက်သောသူမျှသေသည်ကိုမမြင်။ထိုမိတ္တဒုဗ္ဘသည် ထိုအရပ်မှပြန်ပြန်၍။အချင်းတို့၊အကြင်အကြင်သို့သောသူတို့သည် သကျဝင်ဖြစ်ကုန်၏ဟုဆိုကုန်၏။ထိုအလုံးစုံသောသူတို့ကိုသတ်လေကုန်။ ငါ၏အဘိုးဖြစ်သောမဟာနာမ်သာကီဝင်၏အထံ၌ရှိသောသူတို့အား အသက်ကိုပေးလေကုန်ဟုဆို၏။သကျဝင်တို့သည် ကိုင်အပ်သည်နှင့်ယှဉ်သော ကိုင်ကောင်းသော ဝတ္ထုကိုမမြင်ကုန်သည်ဖြစ်၍။ အချို့သောသကျဝင်သည်မြက်ကိုကိုင်၍။ အချို့သောသကျဝင်သည် ကျူကိုကိုင်၍နေကုန်၏။ နင်တို့သည် သကျဝင်ဟုတ်၏လောဟု မေးသည်ရှိသော်။ သကျဝင်တို့သည် သေကုန်သော်လည်း မုသာဝါဒကို မဆိုကုန်သောကြောင့်။ မြက်ကို ကိုင်၍နေသော

သကျဝင်တို့သည်။ ငါတို့သကျဝင်မဟုတ်၊ မြက်ဟူ၍ဆိုကုန်၏။ ကျူကို ကိုင်၍နေသော သကျဝင်တို့သည်လည်း ငါတို့သကျဝင်မဟုတ်၊ ကျူ ဟူ၍ဆိုကုန်၏။ ထိုသို့မြက်ကိုကိုင်၍နေသောသူ၊ ကျူကိုကိုင်၍နေသော သူတို့သည်၎င်း။ မဟာနာမ်၏အထံ၌နေသောသူတို့သည်၎င်း အသက် ကိုရကုန်၏။ ထိုသူတို့တွင် မြက်ကိုကိုင်၍နေသော သူတို့သည် တိဏ သကျဝင်ဟူသောအမည်ရှိသည်ဖြစ်ကုန်၏။ ကျူကိုကိုင်၍နေသောသူ တို့သည်· နဠသကျဝင်ဟူသော အမည်ရှိသည်ဖြစ်ကုန်၏။ ထိုမှကြွင်း သောသူတို့ကား နို့စို့ တတ်ကာမျှသောသူတို့ကိုပင်လည်း မလွှတ်ကုန် မူ၍ သတ်စေကုန်သည် ဖြစ်သောကြောင့်။ သွေးချောင်းစီးသည်ဖြစ်၍။ ထိုဝိဍူဍဘသည်ထိုသကျဝင်တို့၏လည်ချောင်းသွေးဖြင့်မိမိနေရာထိုင် ပျဉ်ကို ဆေးစေ၏။ ဤသို့ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သကျဝင် အနွယ်သည်ဝိဍူဍဘကြောင့်ပြတ်၏။ ။

ထိုဝိဍူဍဘသည် မဟာနာမ်သကျဝင်ကိုယူ၍ပြန်လေသော်။ ညစာ စားသောအခါ၌ ညစာစားအံ့ဟု တခုသောအရပ်၌တပ်ချ၍ ထမင်းည စာကပ်လာသည်ရှိသော်။ အတူတကွ ထမင်းစားအံ့ဟု ဝိဍူဍဘသည် အဘိုးကိုခေါ်စေ၏။ မင်းတို့သည် အသက်ကိုသော်လည်း စွန့်ကုန်၏။ ကျွန်မသားနှင့်အတူ မစားကုန်။ ထိုကြောင့်မဟာနာမ်သည်လည်း တခု သောအိုင်ကြီးကိုကြည့်၍။ ချစ်သား၊ အဘိုးသည်ညစ်နွမ်းသောကိုယ်ရှိ သည်ဖြစ်၍ ရေချိုးဦးအံ့ဆို၏။ ကောင်းပြီအဘိုး ရေချိုးတော့ဟု ဝိဍူဍဘ ဆို၍။ ထိုမဟာနာမ်သည် ထမင်းအတူမစားသော် ငါ့ကို သတ်လတ္တံ့။ ထိုကြောင့်အလိုလိုသေရသော်မြတ်၏ဟု ဆံတို့ကိုဖြေ၍၊ အဖျား၌အထုံး ကိုပြု၍၊ ဆံကွင်းတို့၌ ခြေမတို့ကိုသွင်း၍ ရေ၌ငုပ်လေ၏။ ထိုမဟာနာမ် ၏သီလကျေးဇူးတန်ခိုးအားဖြင့်နဂါး၏နေရာသည်ပူသောအခြင်းအရာ ကိုပြပေ၏၊ နဂါးမင်းသည် အကြောင်းအသို့နည်းဟု စူးစမ်းလေသော်။ မဟာနာမ်၏အဖြစ်ကိုမြင်၍ မဟာနာမ်၏အထံသို့လာပြီးလျှင်။ ထိုမဟာ နာမ်မင်းကို မိမိပါးပျဉ်း၌နေစေ၍ နဂါးပြည်သို့ဝင်လေ၏။ တဆဲ့နှစ်နှစ် ပတ်လုံး နဂါးပြည်၌ဝင်ပြု၍နေရ၏။ ဝိဍူဍဘသည်လည်း ငါ၏အဘိုး သည် ယခုလာလတ္တံ့ဟု ငံ့နေရာ။ အလွန်ကြာမြင့်သောကြောင့် ရှာ ဖွေစေ၍။ ဆီမီးရောင်ဖြင့် ကြွင်းသောသူတို့၏ ပုဆိုးအဝတ်ကြားတို့၌ ကြည့်ရှုစေ၍မမြင်ကုန်သောကြောင့်။ ပြေးလေတော့သည်ဖြစ်လတ္တံ့ဟု

ဆို၍တပ်ချီသွားလေ၏။ ။ထိုမိဍ္ဍူဒုဘသည် အစိရဝတီမြစ်သို့ရောက်သဖြင့်တပ်ချ၍နေလေ၏။အချို့သောသူတို့သည်မြစ်ထဲသောင်ပြင်အရပ်၌ အိပ်ကုန်၏။ အချို့သောသူတို့သည် ကမ်းထိပ်၌အိပ်ကုန်၏။ မြစ်တွင်း၌ အိပ်သောသူတို့၌သည်း ရှေး၌မကောင်းမှုကို မပြုသောသူတို့သည် ပါရှိကုန်၏။ ကမ်းထိပ်၌ အိပ်သောသူတို့၌လည်း ရှေး၌ မကောင်းမှုကိုပြုသောသူတို့သည် ပါရှိကုန်၏။ ထိုသူနှစ်ဦးတို့၏အိပ်ရာ၌ ပိုးရွခြပုန်းတို့သည်တက်ကုန်၏။ထိုသူတို့သည် ငါတို့အိပ်ရာ၌ ပိုးရွတက်သည်ဟုဆို၍ ရှေး၌မကောင်းမှုကိုမပြုသောသူတို့သည် မြစ်မှကမ်းထိပ်သို့တက်၍ အိပ်ကုန်၏။ ရှေး၌ မကောင်းမှုကိုပြုခဲ့ဘူးသောသူတို့သည်လည်း ကမ်းထိပ်မှ မြစ်ကျင်းသို့ဆင်း၍ အိပ်လေကုန်၏။ မိဍ္ဍူဒုဘအိပ်ရာလည်း မြစ်ကျင်း၌ဖြစ်၏။ ဤသို့ လူသူခွဲမိပြီးသောခဏ၌။ ကြီးစွာသောမိုးသည် တက်လတ်၍ တခဲနက် အလျှဉ်ရှိသောမိုးသည် ရွာ၏။ မြစ်ထဲ၌ ရေအလျဉ်ထန်စွာ လွှမ်းမိုးစီးလာ၍။ မိဍ္ဍူဒုဘသည် ရှေးမကောင်းမှုပြုဘက်ပရိသတ်နှင့်တကွ သမုဒ္ဒရာသို့ဝင်လေ၏။ အလုံးစုံသောမြစ်ကျင်း၌ အိပ်သောသူတို့သည်လည်း။သမုဒ္ဒရာငါးလိပ်တို့၏အစာဖြစ်လေကုန်၏။

ထိုသူတို့သေလေကုန်ပြီးသော် လူများအပေါင်းသည်စကားကိုဖြစ်စေကုန်၏။ ရဟန်းတို့သည်လည်း စကားကိုဖြစ်စေကုန်၏။ သကျဝင်မင်းမျိုးတို့သည်ကား သေရခြင်းသည်မသင့်။ဤသို့ရုတ်ထစ်၍သကျဝင်မင်းတို့ကိုသေစေအပ်၏။ ထိုသို့သေစေခြင်းသည် မလျောက်ပတ်ဟူ၍ စကားကို ဖြစ်စေကုန်၏။ ထိုစကားကိုကြားတော်မူ၍ မြတ်စွာဘုရားသည်၊ချစ်သားရဟန်းတို့၊သကျဝင်မင်းတို့အား ဤကိုယ်၏အဖြစ်၌ဤသို့သေရခြင်းသည် အကယ်၍မလျောက်ပတ်သည်မှန်၏။ ထိုသို့မှန်သော်လည်း ရှေး၌ပြုအပ်သောမကောင်းမှု၏အစွမ်းအားဖြင့်ကား။ ထိုသကျဝင်မင်းတို့သည် လျောက်ပတ်သောသေခြင်းကို ရအပ်၏ဟု မိန့်တော်မူသော်။ ရှင်ပင်ဘုရား၊အဘယ်ကဲ့သို့ ထိုသကျဝင်တို့သည်ရှေး၌ပြုဘူးလေကုန်သနည်းဟုလျှောက်သဖြင့်။ချစ်သားတို့၊ရှေးသောအခါ၌ဤသကျဝင်တို့သည်တပေါင်းတည်းဖြစ်၍မြစ်၌ငါးတို့ကိုသေစေခြင်းငှါအဆိပ်ကိုခတ်ကုန်၏ဟုမိန့်တော်မူ၏။ ။တဘန်တနေ့သ၌ ရဟန်းတို့သည်။ တရားသဘင်၌ စကားကို ဖြစ်စေကုန်၏။ မိဍ္ဍူဒုဘသည် ဤမျှလောက်သော သကျဝင်တို့ကို သတ်၍ လာသည်ရှိသော်။ မိမိ၏ နှလုံး၏အလို

www.dhammaransi.com



သည့် အပြီးသို့မရောက်ဘဲသာလျှင်။ ဤမျှလောက်သောလူအပေါင်းကို ယူ၍။ သမုဒြာ၌ငါးလိပ်တို့၏အစာဖြစ်လေပြီဟူ၍ပြောဆိုကုန်၏။ မြတ်စွာဘုရားသည် တရားသဘင်သို့လာတော်မူ၍။ ချစ်သားတို့၊ ယခုငါလာတော်မူသောအခါ၌ အဘယ်စကားဖြင့် စည်းဝေးကြသနည်းဟု မေးတော်မူလျှင်၊ ဤမည်သောစကားကြောင့်တည်းဟု လျှောက်ပေသော်။ ချစ်သားရဟန်းတို့၊ ဤသတ္တဝါတို့အား နှလုံးအလိုအပြီးသို့မရောက်မူ၍သာလျှင် အိပ်ပျော်သောရွာကို သည်းစွာသောရေအလျဉ်သည် လွှမ်းမိုးလေသကဲ့သို့။ သေခြင်းသည် ဇိဝိတိန္ဒြေကိုဖြတ်၍ သမုဒြာ၌ ဒုပ်ဝင်စေ၏ဟု မိန့်တော်မူ၍။ ။ပုပ္ဖါနိ ဟေဝ ပစိနန္တံ၊ဗျာသတ္တမာနသံ နရံ၊ သုတ္တံ ဂါမံ မဟောဃောဝ၊မစ္စု အာဒါယ ဂစ္ဆတိ။ ။ဟူသောတရားကို ဟောတော်မူ၏။ ။ပုပ္ဖါနိ၊ ပန်းပွင့်တို့ကို။ ပစိနန္တံယထာ၊ ဆွတ်သောသူကဲ့သို့။ ဧဝံ၊ဤအတူရင်း။ ဗျာသတ္တမာနသံ၊အထူးထူးသောအာရုံ၌ ငြိသောစိတ်ရှိသော။ နရံ၊ရဟန်းရှင်လူမိန်းမယောကျ်ားကို။ သုတ္တံ၊ အိပ်ပျော်သော။ ဂါမံ၊ရွာကို။ မဟောဃော၊ ပြင်းစွာသော ရေအလျဉ်သည်။ အာဒါယ၊ယူ၍။ ဂစ္ဆတိဣဝ၊သွားသကဲ့သို့။ မစ္စု၊သေခြင်းသည်။ အာဒါယ၊ ယူ၍။ ဂစ္ဆတိ၊ သွားလေ၏။ ။ဤဒေသနာတော်မြတ်၌ အဓိပ္ပါယ်ကား။ပန်းသည်ယောကျ်ားသည် ပန်းဥယျာဉ်သို့ဝင်၍ ပန်းဆွတ်အံ့ဟုပန်းချုံသို့ကပ်သော်၊ ထိုပန်းချုံမှပန်းကိုမယူမူ၍၊တပါးသောပန်းချုံကိုတောင့်တလျက်။ အလုံးစုံသောပန်းအရုံ၌စိတ်ကိုစေ၏၊ ဤပန်းချုံမှဆွတ်အံ့၊ထိုပန်းချုံမှဆွတ်အံ့ဟု စိတ်ကိုစေ၏။ ထိုပန်းချုံမှလည်း မယူမူ၍၊ တပါးသော်ပန်းချုံ၌ဆွတ်လျက်သာ မွေ့လျော့ခြင်းသို့ရောက်လေသကဲ့သို့၊ထိုအတူအချို့သောမိန်းမယောကျ်ားသည် ကာမဂုဏ်ငါးပါးတည်းဟူသော ပန်းချုံသို့ သက်၍။ နှလုံးမွေ့လျော် ဘွယ်သော ရူပါရုံကို ရပြီးနောက်။ နှလုံးမွေ့လျော်ဘွယ်သော သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံတို့တွင် တပါးပါးကိုတောင့်တပြန်၍၊ ထိုသဒ္ဒါရုံ စသည်တို့တွင်တပါးပါးကိုရပြန်၍လည်း။ ထိုရသောအာရုံမှတပါးကိုတောင့်တပြန်၏။အချို့သောယောကျ်ားမိန်းမသည် ရူပါရုံကိုရသဖြင့် တပါးသောအာရုံကိုမတောင့်တမူ၍ ထိုရူပါရုံကိုသာ သာယာ၏။ ဤသို့ကာမဂုဏ်ငါးပါးတည်းဟူသော ပန်းချုံကိုသာလျှင် ဆွတ်လျက်။ တောင့်တအပ်သောကာမဂုဏ်၌ ငြိသောစိတ်ရှိသော သူကို။ နှစ်ယူစေ၍ သုံးယူစေ၍

www.dhammaransi.com



အလျားအစောက် ဖျည်နက်သော ပြင်းစွာလွှမ်းမိုး၍စီးကျသော ရေအလျဉ်သည် အလုံးစုံသောလူတို့ အိပ်ပျော်သော ရွာကိုယူ၍ သမုဒ္ဒရာသို့ ရောက်စေသကဲ့သို့။ ထိုအတူ အထူးထူးသောအာရုံ၌ငြိသောနှလုံးရှိသော ယောကျ်ားမိန်းမကို သေမင်းသည် ယူ၍၊ အပါယ်လေးပါး တည်းဟူသောသမုဒ္ဒရာ၌ကျစေ၏ဟူလိုသည်။ ။ဤတရားဒေသနာတော်အဆုံး၌ များစွာသော တရားနာပရိသတ်တို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ရောက်လေကုန်၏။ ။

ဝိနည်းအဋ္ဌကထာဋီကာ၌၊ အဇာတသတ်မင်းဖြစ်မှမြတ်စွာဘုရားကို ရှစ်နှစ် ကိုးကွယ်လိုက်ရ၏ဟု ဆိုသောကြောင့်။ မြတ်စွာဘုရား သုံးဆဲ့ ခုနစ်ဝါပြည့်နောက်တွင် အဘဗိမ္ဗိသာရမင်းကို သတ်၍ အဇာတသတ်မင်းပြု၏။ အဇာတသတ်မင်း၏အမိ ဝေဒေဟီမိဘုရားကား။ ပသေနဒီကောသလမင်း၏ နှမတည်း။ ဗိမ္ဗိသာရ၊ အဇာတသတ် တို့သည်ကား အင်္ဂတိုင်း၊ မဂဓတိုင်း၊ နှစ်တိုင်းကိုပိုင်၏။ ပသေနဒီကောသလမင်းကား ကာသိတိုင်း၊ ကောသလတိုင်း၊ နှစ်တိုင်းကို ပိုင်၏။ အဇာတသတ်မင်း ဖြစ်မှ။ ကာသိကတိုင်း၌ ရွာငယ်တရွာကြောင့်။ ကောသလမင်း၊ အဇာတသတ်မင်း၊ အချင်းများ၍စစ်ဖြစ်သည်။ ကောသလမင်းစစ်တခေါက် နှစ်ခေါက် သုံးခေါက်ဟက်သည်။ အဇာတသတ်မင်းကို မဘက်နိုင်ချေ။ ရှုံးချေသည်သာဖြစ်သောကြောင့်။ ကောသလမင်းကြီးသည်သမီးဝဇိရကုမ္မာကို အဇာတသတ်အား လက်ဆောင်ပြု၍ အသင့်ကျင့်ရသည်ဟု ဓမ္မပဒအဋ္ဌကထာ၌ ဆိုသောကြောင့်။ အဇာတသတ်မင်းဖြစ်၍ သုံးနှစ် လေးနှစ်ရှိမှ။ ကောသလမင်းနှင့် ဂူမှတ်မှတ် ဝရီးမှတ်မှတ် သင့်တင့်ကြသည်။ ။သက္ကတိုင်း မာတုဇေဋ္ဌကနိဂုံး၌ သီတင်းသုံးနေသောအခါ။ မြတ်စွာဘုရားသို့ ကောသလမင်း ဆည်းကပ်လာရာတွင်။ ဒီဃကာရာယန အမတ်သည် မိတ္တဒုဋ္ဌကို မင်းမြှောက်၍ အလျင်ပြန်နှင့်လေသောကြောင့်။ငါ့တူအဇာတသတ်ကိုခေါ်၍မိတ္တဒုဋ္ဌကိုဘမ်းအံ့ဟု ကောသလမင်းကြီး ရာဇဂြိုဟ်သို့ သွားရာတွင် လွန်သည်ဟူ၍ ဆိုသောကြောင့်။ ကောသလမင်းနှင့် အဇာတသတ်၊ လေးမြတ်ချစ်ကြည်သင့်တင့်မှ မိတ္တဒုဋ္ဌမင်းဖြစ်သည်ကို၆ထောက်လျှင်။ မြတ်စွာဘုရားလေးဆဲ့တဝါရောက်မှ မိတ္တဒုဋ္ဌမင်းဖြစ်၍။ ရှေးရန်ငြိုးကို အောက်မေ့သဖြင့်။ သကျဝင်တို့ကို မိတ္တဒုဋ္ဌစစ်တက်သည်။ သုံးခေါက်တိုင်တိုင် မြတ်စွာဘုရား တား

www.dhammaransi.com



ဖြစ်တော်မူသည်။ လေးခေါက်တက်ရာတွင်မှ၊ ဆွေတော်မျိုးတော်တို့၏ ဧရးကံကိုရှု၍ မပဟန့်တားဘဲနေလေသောကြောင့်။ ဆွေတော် မျိုးတော်တို့ ပျက်စီးခြင်းသို့ရောက်သည့်ဆိုသည်ကိုထောက်သော်။ မြတ်စွာဘုရား လေးဆဲ့လေးဝါရောက်မှပင် ဆွေတော်မျိုးတော်တို့ ပျက်စီးခြင်းသို့ရောက်ဟန်ရှိ၏။ ။

---

## ၄၉။ ဝေဿဝဏစသောနတ်မင်းကြီး ၄ ပါးတို့နေရာစာတုမဟာရာဇ်နတ်မြို့များ၏အကြောင်းစသည့်နှင့် တကွအာဋာနာဋိယသုတ်၏အဋ္ဌုပ္ပတ္တိကိုပြဆိုရာ။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်ကို အမှီပြု၍ ဂိဇ္ဈကုဋ်တောင်ကျောင်းဝယ် နေတော်မူသောအခါ၌။ အာဋာနာဋိယသုတ်ကို ဟောတော်မူ၏။ ဟောကြောင်းကား။ ကဿပဘုရားပွင့်တော်မူပြီးနောက်။ ဗာရာဏသီပြည်၌ကုဝေရမည်သောပုဏ္ဏားသည်ကြံစွာသောကြံခင်းကိုလုပ်၍ ကြံညှစ်ယန္တရားခုနစ်ခုတို့ဖြင့် ကြံကိုအရည်ညှစ်၏။ ယန္တရားတခုမှထွက်သောကြံရည်အဘိုးအခွန်ကို။ လာလာသမျှသော ဇမ္ဗူဒီပါကျွန်းသူတို့အား ပေးလှူ၏။ ထိုနှင့်မရောင့်ရဲ၍ ယန္တရားခြောက်ခုတို့၌ထွက်သောအဘိုးအခွန်တို့ကိုလည်းလှူ၍ အနှစ်နှစ်သောင်းကာလပတ်လုံးအလှူကောင်းမှုတို့ကိုပြု၏။ ထိုပုဏ္ဏားသည်လွန်ခဲ့သော်၊စာတုမဟာရာဇ်နတ်ပြည်၌ ကုဝေရနတ်ဟူ၍ တန်ခိုးအာဏာကြီးစွာဖြစ်လေ၏။ ထိုစာတုမဟာရာဇ်နတ်ပြည်၌ကား။ ဓတရဋ္ဌ၊ဝိရူဠှက၊ဝိရူပက္ခ၊ကုဝေရ၊ဟူ၍ နတ်မင်းကြီးလေးယောက်တို့သည်ဖြစ်ကုန်၏။ ထိုနတ်မင်းကြီးတို့သည်။မြင်းမိုရ်တောင်ပတ်လည်ယုဂန္ဓိုရ်တောင်နှင့်မျှသောကောင်းကင်အရပ်၌အာန်ဆင်းတည့်ထောင်အပ်သော ဘိလူးနတ်မြို့တို့အနက်။ မြင်းမိုရ်တောင်၏ အရှေ့အဘို့၌ အာဋာနာဋမြို့။ နာဋသုရိယမြို့။ မြင်းမိုရ်တောင်၏ တောင်အဘို့၌ ကုသိနာဋမြို့။ ပရကုသိဋနာဋမြို့။ မြင်းမိုရ်တောင်၏အနောက်အဘို့၌ ကသိဝန္တမြို့။ ဇနောဃမြို့။ မြောက်အဘို့၌ နဝနဝုတိယမြို့။အမ္ဗရမြို့။ အမ္ဗရဝတိယမြို့။ အာဠကမန္ဒာမြို့။ ဝိသာဏမြို့ဟူ၍။ နတ်မြို့တို့သည်ရှိကုန်၏။ ထိုနတ်မြို့တို့တွင်။အာဠကမန္ဒာမြို့သည် ရာဇဌာနီမင်းနေပြည်ကြီးဖြစ်၏။ကုဝေရနတ်မင်းလက်ထက် ဝိသာဏ

www.dhammaransi.com



မြို့မှာနေရာတွင်မှ ဝိသာဏာမြို့သည် မင်းနေ ရာဇဓာနီဖြစ်၏။ ကုဝေရ နတ်မင်းကြီးသည် ဝေဿဝဏနတ်မင်းဟူ၍လည်းတွင်၏။ ထိုနတ်မင်း တို့တွင်။ ဓတရဋ္ဌနတ်မင်းသည် ဂန္ဓဗ္ဗနတ်တို့၏အကြီးတည်း။ ဝိရူဠှက နတ်မင်းသည် ကုမ္ဘဏ္ဍနတ်တို့၏ အကြီးတည်း။ ဝိရူပက္ခနတ်မင်းသည် နဂါးတို့၏အကြီးတည်း။ကုဝေရနတ်မင်းကြီးသည် ဘီလူးတို့၏အကြီး တည်း။ ထိုနတ်မင်း လေးယောက်တို့တွင် ကုဝေရနတ်သည် တန်ခိုး အာဏာကြီးလှစွာ၏။ ထိုနတ်မင်းအား နတ်၌ဖြစ်သောဆင်ယာဉ်၊ မြင်း ယာဉ်၊ ပြာသာဒ်ယာဉ်၊ ထမ်းစင်ယာဉ်တို့သည်ရှိကုန်၏။ ထိုယာဉ်တို့၌ အိပ်စဉ် ထိုင်စဉ်။နတ်မင်းကြီးသွားလိုသောစိတ်ရှိလျှင် အလိုလို ယာဉ် တို့သည် သွားကုန်၏။ ထိုကုဝေရနတ်မင်းကြီး၏ ကျွန်အလုပ်အကျွေး တို့သည်ကား။ နွားမကိုစီး၍လှည့်ပတ်ကုန်၏။ နွားမမှတပါး။ ကျွဲ၊ မြင်း၊ ဆင်၊ အစရှိသော အခြေလေးချသတ္တဝါတို့ကိုစီး၍ ထိုထိုသောအရပ် တို့သို့လည်း လှည့်ပတ်ကုန်၏။ မိန်းမ၊ယောကျ်ား၊မိန်းမပျို၊ယောကျ်ား ပျိုတို့ကိုသည်း ရထားယာဉ်က၍စီးပြီးလျှင် လှည့်ပတ်ကုန်၏။ ထိုနတ် မင်းကြီးလေးယောက်တို့သည် သိကြားမင်းနှင့်တကွ အာဋာနာဋမြို့၌ စည်းဝေး၍။ သိကြားမင်း၏ရန်ဘက်ဖြစ်သောအသုရာတို့ကိုဆီးကာအံ့ သော၌။ ထိုနတ်မင်းကြီးလေးယောက်တို့၏စစ်သူကြီးဖြစ်ကုန်သော၊ ဣန္ဒ၊ သောမ၊ ဝရုဏ၊ ဘာရဒွါဇ၊ ပဇာပတိ၊ စန္ဒန၊ ကာမသေဋ္ဌ၊ ကိန္နု၊ ဃဏ္ဍု၊ နိဃဏ္ဍု၊ ပနာဒ၊ ဩပမည၊ မာတလိ၊ စိတ္တသေန၊နဠ၊ဇနေသဘ၊ သာ တာဂိရိ၊ဟေမဝတ၊ပုဏ္ဏက၊ကရတိယ၊ ဂုဠ၊သိဝက၊ မုစလိန္ဒ၊ ဝေဿာ မိတ္တ၊ဂေါပါလက၊ သုပ္ပဂေဓ၊ဟိရိ၊နေတ္တိ၊မန္ဒိယ၊ပဉ္စာလစန္ဒ၊ အာဠဝ က၊ပဇ္ဇုန္န၊သုမန၊သုမုခ၊မဏိ၊ မာဏိ၊ရောဒိရ၊ သေရိသက။ ဤစစ်မှူးတို့ ကိုခေါင်းတပ်၍။ အရှေ့မျက်နှာ၌ ဂန္ဓဗ္ဗနတ်စစ်သည်။ တောင်မျက်နှာ၌ ကုမ္ဘဏ္ဍနတ်စစ်သည်။ အနောက်မျက်နှာ၌ နဂါးနတ်စစ်သည်။ မြောက် မျက်နှာ၌ ဘီလူး နတ်စစ်သည်တို့ကို အာဋာနာဋမြို့မှသည် စကြဝဠာ တောင်အဆိုက် အစောင့် ထား၏။ ထိုနတ်မင်းကြီးတို့သည်၊ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ ဤဘုရား ခုနစ်ဆူတို့ကိုရှိခိုးသော အစဉ်အားဖြင့်။ အာဋာနာဋိယာရက္ခဟူသော အမည်ဖြင့်ဂါထာကုံးဖွဲ့ပြီးလျှင်။ထိုနတ်မင်းကြီးလေးယောက်တို့သည် များစွာသော ဂန္ဓဗ္ဗနတ်မင်းစစ်သည်၊ များစွာသော ကုမ္ဘဏ်စစ်သည်၊

www.dhammaransi.com



များစွာသောနဂါးစစ်သည်၊များစွာသောဘီလူးစစ်သည်တို့ဖြင့် အရပ်လေးမျက်နှာကို အစောင့်အရှောက် ထား၍။ ညဦးယံလွန်သော သန်ခေါင်အခါ၌လာလတ်၍။ ဂိဇ္ဈကုဋ်တောင် ထက်ဝန်းကျင်အရပ်ကို မိမိတို့၏ အဝတ်တန်ဆာရောင်၊ ကိုယ်မှထွက်သော အရောင်တို့ဖြင့် လအထောင်နေအထောင်တက်သကဲ့သို့ထွန်းလင်းစေ၍၊တင့်အပ်လျောက်ပတ်သောအရပ်၌။ အချို့သောဘီလူးတို့သည် မြတ်စွာဘုရားကို ရှိခိုးကုန်လျက်။ အချို့သောဘီလူးတို့သည် မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာပြောဟောသောစကားကိုဆိုလျက် နေကုန်၏။ အချို့သောဘီလူးတို့သည် မြတ်စွာဘုရားအား အမည်အနွယ်ကိုကြားကုန်လျက် နေကုန်၏။ အချို့သောဘီလူးတို့သည် မြတ်စွာဘုရားသို့ ညွတ်သောလက်အုပ်ရှိသည်ဖြစ်၍နေကုန်၏။ အချို့သောဘီလူးတို့သည် တိတ်တိတ်ပင်နေကုန်၏။ ထိုသို့နေကုန်သောဘီလူးတို့တွင် ဝေဿဝဏနတ်မင်းကြီးသည် မြတ်စွာဘုရားနှင့် အလွန်အကျွမ်းဝင်သောကြောင့်၎င်း။ စကားပြောဟောခြင်း၌ အလွန်လိမ္မာတတ်မြောက်သောကြောင့်၎င်း။မြတ်စွာဘုရားကို ခွင့်တောင်းလိုသဖြင့် ဤသို့လျှောက်၏။ ဘုန်းတော်ကြီးမြတ်တော်မူသောအရှင်ဘုရား၊အချို့ကုန်သော အရှင်ဘုရားအားမကြည်ညိုကုန်သော၊ တန်ခိုးကြီးကုန်သော ဘီလူး။ တန်ခိုးလတ်ဖြစ်ကုန်သော ဘီလူး။ တန်ခိုးနည်းကုန်သော ဘီလူးတို့သည် ရှိကုန်၏။ ထိုဘီလူးတို့သည်အဘယ့်ကြောင့်မကြည်ညိုကုန်သနည်းဟုဆိုသော်။အရှင်ဘုရားသည် ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊သုရာမေရယတို့မှကြဉ်စေခြင်းငှါ တရားဟောတော်မူ၏၊ အကြင်ဘီလူးတို့သည်၊သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊သူ့သားမယားကိုပြစ်မှားခြင်း၊မုသားဆိုခြင်း၊ သေအရက်ကိုသောက်ခြင်းမှ မကြဉ်ကုန်။ ထိုကြောင့် ထိုဘီလူးတို့သည် အရှင်ဘုရားအား မချစ်ကုန်၊မနှစ်လိုကုန်၊ အရှင်ဘုရား၏ တပည့်တော်တို့သည်လည်း။ တော၌ ဖြစ်ကုန်သော၊ နည်းသောအသံရှိကုန်သော။ ကြွေးကြော်သောအသံမရှိကုန်သော။လူတို့၏အဆင်းသဏ္ဍာန် ဟန်ပန်ကင်းကုန်သော။ လူတို့အားလျှို့ဝှက်ကုန်သော။ကိန်းအောင်းခြင်းငှါလျောက်ပတ်ကုန်သောတောကျောင်းတို့ကို မှီဝဲကုန်၏။ထိုတောကျောင်းအရပ်၌အမြဲနေကုန်သောရှင်ပင်ဘုရားတို့အားလည်း မကြည်ညိုကုန်သောဘီလူးတို့သည်ရှိကုန်၏။ ဘုန်းတော်

www.dhammaransi.com



ကြီးသော အရှင်ဘုရား။ ထိုဘီလူးတို့ကို ကြည်ညိုစေခြင်းငှါ။ ဘိက္ခု၊
ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ၊ ဤပရိသတ်လေးပါးတို့ကိုလုံခြုံစေခြင်း
ငှါ၊ စောင့်ရှောက်စေခြင်းငှါ၊ မညှဉ်းဆဲစေခြင်းငှါ၊ ဤအာဋာနာဋိယာ
ရက္ခကိုအရှင်ဘုရားသည်တတ်အောင်သင်ပါဟုလျှောက်၏။ ။မြတ်
စွာဘုရားသည် ဆိတ်ဆိတ်နေသောအားဖြင့် ဝန်ခံတော်မူ၏။ မြတ်စွာ
ဘုရား၏ဝန်ခံတော်မူသောအဖြစ်ကိုသိ၍။ ထိုအခါ၌ ဝေဿဝဏနတ်
မင်းကြီးသည် မိမိတို့ဘွဲ့သီခဲ့အပ်သော။ဝိပဿိဿနမတ္ထု၊အစရှိသော
အာဋာနာဋိယာရက္ခကိုရွတ်၏။ ဤသို့ရွတ်ပြီး၍ဆင်းရဲကင်းသောအရှင်
ဘုရား၊ ဤသည်လျှင် ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ
ယောကျ်ား၊ ဥပါသိကာမိန်းမတို့အား စောင့်ခြင်းငှါ၊ မညှဉ်းဆဲစေခြင်း
ငှါ၊ ချမ်းသာစွာနေခြင်းငှါ အာဋာနာဋိယာရက္ခတည်း။ အရှင်ဘုရား၊
အကြင်အမှတ်မရှိ တပါးပါးသောသူအား ဤအာဋာနာဋိယာရက္ခကို
ကောင်းစွာယူအပ်သည်ဖြစ်အံ့။ အပြည့်အစုံသင်အံ့၊ ထိုသူကို၊ ဘီလူး၊
ကုမ္ဘဏ်၊ ဂန္ဓဗ္ဗ၊ နဂါးတို့တွင် အကြီးအငယ် ယောကျ်ားမိန်းမ အမှတ်
မရှိတယောက်ယောက်သောသူသည်ဖြစ်မှားလိုသောစိတ်ဖြင့်။ ထိုအာ
ဋာနာဋိယာရက္ခကိုကောင်းစွာယူအပ်သောရဟန်းယောကျ်ား၊ရဟန်း
မိန်းမ၊ လူယောကျ်ား၊ လူမိန်းမတို့အနီး၌ အကယ်၍ သွားအံ့။ ရပ်အံ့။
ထိုင်အံ့၊ လျောင်းအံ့။ ထိုသူသည် ဖြစ်မှားလိုသောစိတ်ဖြင့် သွားလာရပ်
နေ အိပ်လျောင်းသော ဘီလူးကုမ္ဘဏ်ဂန္ဓဗ္ဗနဂါးနတ်တို့မည်ကုန်ရာ၏။
ထိုဘီလူး၊ကုမ္ဘဏ်၊ဂန္ဓဗ္ဗ၊နဂါးနတ်တို့သည်နိဂုံးတို့၌အရိုအသေအလေး
အမြတ်ပြုခြင်းကို မခံရပြီ။အာဠကမန္တာမည်သောရာဇဓာနီ၌ နေခြင်းငှါ
မရပြီ၊ ဘီလူးနတ်တို့၏ အစည်းအဝေးသို့ မဝင်ရပြီ။ ထိုသူကို ဘီလူး၊
ကုမ္ဘဏ်၊ဂန္ဓဗ္ဗ၊နဂါးတို့သည် သို့မ်းဆောင်ခြင်းသို့မ်းပေးခြင်းတို့ကိုမပြုကုန်
ပြီ။ စင်စစ်သော်ကား၊ အရှင်ဘုရား၊ ထိုသူကို၊ ဘီလူး၊ ကုမ္ဘဏ်၊ ဂန္ဓဗ္ဗ၊
နဂါးတို့သည် ရှစ်ပါးကုန်သော ဆဲရေးခြင်းတို့ဖြင့် ဆဲရေးကုန်ရာ၏။
ထိုရဟန်းယောကျ်ား၊ရဟန်းမိန်းမ၊ ဥပါသကာယောကျ်ား၊ဥပါသိကာ
မိန်းမတို့အနီး၌ ဘမ်းစားကုန်အံ့ဟု ဖြစ်မှားလိုသောစိတ်ဖြင့် သွားလာ
ရပ်နေသောထိုသူ၏ထိပ်က လည်တိုင်အောင်မျိုသောသံအိုးကင်းကို
မှောက်၍သံမယ်နဲဖြင့်နှက်ကုန်ရာ၏။ ထိုသူ၏ဦးခေါင်းကိုမူလည်း ခုနစ်
စိတ်ခွဲကုန်ရာ၏။ အရှင်ဘုရား၊ကြမ်းထမ်းကုန်သော။ ဖြစ်မှားတတ်ကုန်

www.dhammaransi.com



သော။ဆိုနိုင်ခက်ကုန်သော။ နတ်မင်းကြီးတို့၏စကားကိုရင်း၊ နတ်မင်းကြီးတို့၏ ကျွန်ယောက်ျားတို့၏စကားကိုရင်း မယူကုန်သော ဘီလူး၊ ကုမ္ဘဏ်၊ဂန္ဓဗ္ဗ၊နဂါးတို့သည် ရှိကုန်၏။ ထိုသူတို့ကို နတ်မင်းကြီးတို့၏ ဆန့်ကျင်ဘက်ဘီလူးတို့ဟူ၍ဆိုအပ်ကုန်၏။ဥပမာကား။မဂဓရာဇ်မင်းကြီး၏ရင်း၊ မဂဓရာဇ်မင်း၏ မင်းချင်း ယောက်ျားတို့၏ရင်း စကားကို မယူကုန်သောခိုးသူတို့ကို။ မဂဓရာဇ်မင်း၏ဆန့်ကျင်ဘက်ဟူ၍ဆိုအပ်သကဲ့သို့တည်း။ အရှင်ဘုရား၊ အကြင်အမှတ်မရှိသော၊ ကြမ်းထမ်းဆိုနိုင်ခက်ကုန်သော။ ဖြစ်များတတ်ကုန်သော ဘီလူး၊ကုမ္ဘဏ်၊ဂန္ဓဗ္ဗ၊နဂါးတို့သည်၊သွားသော၊ရပ်သော၊ထိုင်သော၊ လျောင်းသောရဟန်းမိန်းမ၊ ရဟန်းယောက်ျား၊ ဥပါသိကာမိန်းမ၊ဥပါသကာယောက်ျားတို့ကိုဘမ်းစားဖြစ်များလိုသဖြင့်။ အနီး၌သွား၍၊ရပ်၍၊အိပ်၍ဘမ်းစားအံ့။ ထိုဘီလူးကုမ္ဘဏ်စသောသူတို့ကို။ နှစ်ကျိပ်ရှစ်ယောက်ကုန်သော၊ ဇာန္တ၊သောမ၊ ဝရုဏအစရှိကုန်သော စစ်သူကြီးတို့အား ဤသူတို့သည်လူကိုဘမ်း၏။ ကိုယ်၌ဝင်၏။ ညှဉ်းဆဲ၏။ နှိပ်စက်၏။ မလွှတ်လိုကုန်။ ထိုသူတို့ကိုလွှတ်စေကုန်စွန့်စေကုန်ဟုတိုင်ကြားအပ်၏ဟူ၍။ ဝေဿဝဏနတ်မင်းသည် မြတ်စွာဘုရားအားလျှောက်၍။ မိမိတို့၏ အခြွေအရံ၊ ဘီလူး၊ ကုမ္ဘဏ်၊ ဂန္ဓဗ္ဗ၊နဂါးတို့အား။ ဤအာဋာနာဋိယာရက္ခသည် မြတ်စွာဘုရားသခင်၏တရားအာဏာလည်းဖြစ်စေ၊ငါတို့၏အာဏာလည်းဖြစ်စေဟု ကြားဆို၍။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူသောအရှင်ဘုရား၊ အကျွန်ုပ်တို့သည် များသောကိစ္စရှိကုန်၏။များသောပြုဘွယ်ရှိကုန်၏။ယခုအခါ၌အကျွန်ုပ်တို့သည် သွားပါကုန်အံ့ဟုလျှောက်ကာလ။ နတ်မင်းကြီးတို့၊ ယခုအခါ၌ သင်တို့သည် သွားအံ့သောအခါကို သိလေကုန်ဟု ဘုရားမိန့်တော်မူသဖြင့်။ အချို့သောဘီလူးတို့သည် မြတ်စွာဘုရားကို ရှိခိုး၍၊ လကျ်ာရစ်လှည့်၍ ထိုအရပ်၌ ကွယ်လေကုန်၏။ အချို့သော ဘီလူးတို့သည် မြတ်စွာဘုရားသို့ညွတ်သောလက်အုပ်ကိုပြု၍ ကွယ်လေကုန်၏။ အချို့သောဘီလူးတို့သည် မြတ်စွာဘုရားအား အမျိုးအမည်ကို ကြားလျှောက်၍ ထိုအရပ်၌ကွယ်လေကုန်၏။အချို့သောဘီလူးတို့သည်ဝမ်းမြောက်ဝမ်းသာပြောဟော၍ ထိုအရပ်၌ကွယ်လေကုန်၏။ အချို့သော ဘီလူးတို့သည် ဆိတ်ဆိတ်ပင်ကွယ်လေကုန်၏။ ။ထိုညဉ့်မိုးသောက်သောအခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်တော်မူ၍။ ဝေဿ

www.dhammaransi.com



ဝဏ္ဏနတ်မင်းကြီး ကြားလျှောက်သည့် အတိုင်း။ အာဋာနာဋိယာရက္ခ သုတ်ကိုရဟန်းတို့အားဘုရားမြတ်စွာဟောတော်မူ၏။ ။

---

## ၅၀။ မြတ်စွာဘုရားသည်ရာဇဂြိုဟ်ပြည်၊ဝေဒိယက တောင်၊ဣန္ဒသာလဂူလိုဏ်၌သီတင်းသုံးနေတော်မူစဉ်သိကြား မင်းအားသက္ကပဉှသုတ်ကိုဟောတော်မူသည်ကိုပြရာ။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့၏အရှေ့ မနီးမဝေးသောအရပ်၌။ အမ္ဗသဏ္ဍာအမည်ရှိသော ပုဏ္ဏားရွာ၏မြောက်၊ ဝေဒိယကတောင်၏အနီး၊ ဣန္ဒသာလဂူလိုဏ်၌သီတင်းသုံးနေတော်မူသောအခါ သက္ကပဉှသုတ်ကို ဟောတော်မူ၏၊ ။ဟောတော်မူကြောင်းကား၊ ထိုဣန္ဒသာလဂူလိုဏ်၌ မြတ်စွာဘုရားနေတော်မူသောအခါ သိကြားမင်းအား ကြီးစွာသော ကြောင့်ကြခြင်းသည်ဖြစ်၏။ အဘယ်ကြောင့်ဖြစ်သနည်းဟူမူကား။ ထိုအခါ၌ သိကြားမင်း၏အသက်သည်ကုန်၏။ထိုသို့ကုန်ကြောင်းကိုသိ၍ သေခြင်းဘေးဖြင့်ခြိမ်းသောကြောင့်ဖြစ်သတည်း။ အကြင်နတ်တို့အား သေခြင်း၏ပုဗ္ဗနိမိတ်တို့သည် ထင်ကုန်၏။ထိုနတ်တို့တွင် အနည်းငယ် သောကောင်းမှုကြောင့်နတ်ပြည်၌ဖြစ်ကုန်သောနတ်တို့သည် ထိုနိမိတ် ထင်သောအခါ၌ ယခုအခါ ငါတို့သည် အဘယ်၌ဖြစ်ရကုန်အံ့နည်းဟု ကြောက်ထိတ်လန့်ကုန်၏၊ ကုသိုလ်ကောင်းမှု များစွာပြု၍ နတ်ဖြစ်ကုန် သောနတ်တို့သည်ကား။ သေခြင်းနိမိတ်ထင်သော်လည်း မိမိတို့၏ဒါန သီလဘာဝနာကိုအကြောင်းပြု၍၊ ယခုအခါ ငါတို့သည် အထက်နတ် ပြည်၌စည်းစိမ်ချမ်းသာကိုခံစားရလတ္တံ့ဟုသိကုန်၍မကြောက်မထိတ် လန့်ကုန်။ သိကြားမင်းသည် ပုဗ္ဗနိမိတ်တို့ကိုမြင်၍ ယူဇနာတသောင်းရှိ သောနတ်ပြည်။ ယူဇနာတထောင် အစောက်ရှိသော ဝေဇယန္တာ ပြာ သာဒ်။ ယူဇနာငါးရာရှိသောသုဓမ္မာသဘင်။ ယူဇနာသုံးရာရှိသောဝေဇ ယန္တာရထား။ ယူဇနာတရာရှည်မြင့်သောပင်လယ်ကသစ်ပင်။ ယူဇနာ ခြောက်ဆယ်ရှိသော ပဏ္ဍုကမ္ဗလာကျောက်ဖျာ။ အခွဲနှင့်တကွသုံးကုဋေ သောနတ်ကချေသည်။ နတ်ပြည်နှစ်ထပ်၌နေသောနတ်ပရိသတ်။ နန္ဒဝန် ဉယျာဉ်။ စိတ္တလတာ ဉယျာဉ်။ မိဿက ဉယျာဉ်၊ ဖါရုသက ဉယျာဉ်။ ဤအလုံးစုံသောစည်းစိမ်ကိုကြည့်၍၊ အချင့်တို့၊ ဤအလုံးစုံသောစည်း

www.dhammaransi.com



စိမ်သည် ငါ့အား ပျက်ခဲ့ပြီတကားဟု စိုးရိမ်ခြင်းသည် ဖြစ်သဖြင့်၊ တစုံတယောက်သောရဟန်းသည်ရင်း၊ ပုဏ္ဏားသည်ရင်း၊ လူတို့၏အဘိုးဖြစ်သောမဟာဗြဟ္မာသည်ရင်း၊ ဤသူအပေါင်းတို့တွင် တစုံတဦးသောသူသည် ငါ၏နှလုံး၌စူးဝင်သော သောကတည်းဟူသောငြောင့်ကို ထုတ်၍၊ ဤစည်းစိမ်ကို မြဲမြံစွာပြုခြင်းငှါစွမ်းနိုင်သောသူသည် ရှိပါအံ့လောဟုကြည့်သော်၊ ဘုရားမှတပါး တစုံတယောက်ကိုမမြင်မူ၍၊ ဘုရားကိုသာလျှင်မြင်သဖြင့်၊ ဘုရားသို့ကပ်လိုသဖြင့်၊ ယခုအခါ၌ မြတ်စွာဘုရားသည်၊ အဘယ်ရွာ၊ အဘယ်နိဂုံး၊ အဘယ်မြို့၊ အဘယ်သူ၏ဆွမ်းကိုစား၍ အဘယ်သူ့အားအမြိုက်တရားကြားပြီးလျှင်နေတော်မူသနည်းဟုကြည့်သော်၊ အမ္ဗသဏ္ဍရွာ၏မြောက်၊ ဝေဒိယကတောင်ယံ၊ နှံ့ပဲပင်ရောက်ရာလိုဏ်၌ နေတော်မူသည်ကိုမြင်၍၊ မြတ်စွာဘုရားသို့ ဆည်းကပ်ဖူးမြင်အံ့သောငှါ၊ တာဝတိံသာ၊ စတုမဟာရာဇ်၊ နတ်ပြည်နှစ်ထပ်၌နေသော နတ်တို့ကိုစည်းဝေးစေ၏။ ။

သိကြားသည် နတ်တို့ကို စည်းဝေးစေဘူးသည် မရှိ။ ထိုသို့လျက် နတ်ပြည်နှစ်ထပ်၌ နတ်အလုံးကိုအဘယ့်ကြောင့်စည်းဝေးလေသနည်းဟု ဆိုသော်၊ အဘော်အလို့ငှါ စည်းဝေးသတည်း။ အဘယ့်ကြောင့်ကား အဘော်လိုသနည်းဟူမူကားအံ့၊ ရှေး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် အရံတွင်း၌၊ ထင်းရှူးသားဖြင့် အနာထပိဏ်သူဌေးဆောက်ဆုပ်သော သရလာဂါရကုဋိ၌နေတော်မူသောအခါ၊ ဤသိကြားမင်းသည် မြတ်စွာဘုရားကိုဖူးမြင်ခြင်းငှါကပ်လာ၏။ မြတ်စွာဘုရားသည် ရှေးဦးစွာ ဤသိကြား၏ဥဿုံသည် မရင့်သေး။ သုံးလေးရက်လွန်၍ ငါသည် ဣန္ဒသာလဂူဟာ၌နေသောအခါ၊ ပုဗ္ဗနိမိတ်ငါးပါးတို့ကို မြင်၍ သေဘေးမှကြောက်သဖြင့်၊ နတ်ပြည် နှစ်ထပ်နတ်တို့နှင့် တကွကပ်လာပြီးမှ၊ တဆဲ့လေးပါးသောပြဿနာတို့ကိုမေး၍၊ ဥပေက္ခာပြဿနာကို ဖြေသော အဆုံး၌၊ ရှစ်သောင်းကုန်သောနတ်တို့နှင့်တကွသောတာပတ္တိဖိုလ်၌ တည်လတ္တံ့ဟု မြင်တော်မူ၍ ဖူးမြင်ခြင်းငှါခွင့်မပြုဘဲ ဖလသမာပတ်ဖြင့်နေတော်မူ၏၊ ထိုကြောင့် သိကြားပြန်ရ၏။ ထိုသိကြားသည် ရှေး၌ ဖါတ်ယောက်တည်းသွားချေသောကြောင့် မြတ်စွာဘုရားသည် ငါ့အားဖူးမြင်ခြင်းငှါ ခွင့်မပေး၊ စင်စစ် ငါ့အား မဂ်ဖိုလ်၏ ဥပနိဿယသည် မရှိအံ့။ ဤနတ်ပြည်နှစ်ထပ်၌ နေကုန်သော နတ်

အပေါင်းတို့တွင်'တယောက်ယောက်အား မဂ်ဖိုလ်၏ ဥပနိဿယတို့သည်ဖြစ်လတ္တံ့။ ထိုသူကိုရည်၍မြတ်စွာဘုရားသည်တရားဟောလတ္တံ့။ ဤအခါ တရားကိုငါလည်းနာရ၍ မိမိ၏နှလုံးမသာခြင်းကိုငြိမ်းစေအံ့ဟု ကြံ၍အဘော်လိုသတည်း။ ။

ထိုနတ်အပေါင်းတို့သည် ကောင်းပြီအရှင်သိကြားမင်း၊ ဘုရားကိုငါတို့ဖူးမြင်ကုန်အံ့၊ ဘုရားဖြစ်သောအခါကိုအလွန်ရခဲ၏" အရှင်သိကြားမင်းသည် ငါတို့အား တောတောင်ရေမြေသို့ကစားအံ့သော၌ သွားစို့ဟုမခေါ်မူ၍။ ဤသို့သောအရာ၌ယှဉ်ခြင်းကား ကောင်း၏ဟု ဝန်ခံကုန်၏၊ ထိုနေ၁င်မှပဉ္စသိခနတ်သားကိုလည်း အသီးထုတ်၍ခေါ်ပြန်၏။ ။ ဤပဉ္စသိခနတ်သားကို အဘယ့်ကြောင့် အသီးခေါ်ပြန်သနည်း' ဟူမူကား။ သိကြားမင်းအား ဤသို့အကြံသည်ဖြစ်၏။ ငါသည် နတ်ပြည်နှစ်ထပ်၌ နတ်တို့ကိုယူ၍ အဦးဖြင့်မြတ်စွာဘုရားသို့ကပ်အံ့သော၌ မသင့်။ ပဉ္စသိခနတ်သားသည် မြတ်စွာဘုရားနှင့်အလွန်အကျွမ်းဝင်၏၊ အလိုရှိတိုင်းမြတ်စွာဘုရားသို့ကပ်၍ ပြဿနာမေး၏၊ ဤပဉ္စသိခကို ရှေးဦးစွာကြည်ညိုစေ၍၊ အခွင့်ပြုစေ၍၊ ငါသည် နောက်မှအလိုရှိတိုင်း မြတ်စွာဘုရားသို့ကပ်ပြီးလျှင် ပြဿနာမေးအံ့ဟုကြံ၍။ ခွင့်တောင်းစိမ့်သော၌ ပဉ္စသိခကို အသီးထုတ်၍ခေါ်ပြန်သတည်း၊ ပဉ္စသိခလည်း ထိုနတ်တို့ကဲ့သို့ ကောင်းပြီဟုသိကြားမင်းအားဝန်ခံပြီးလျှင်။ ဗေလုဝပဏ္ဍုစောင်းကိုလွယ်၍ သိကြားမင်း၏အထံသို့ကပ်လေ၏၊ ပဉ္စသိခနတ်သား၏ ဗေလုဝပဏ္ဍုစောင်းသည်၊ စောင်းခွက်ကားရွှေဖြင့်ပြီး၏။ စောင်းကောက်သည် ပတ္တမြားညိုဖြင့်ပြီး၏။ စောင်းညှို့သည့်.ရွှေဖြင့်ပြီး၏။ တန်ဆာတို့သည် သန္တာဖြင့်ပြီးကုန်၏။ စောင်းခွက်အဦးသည် တဂါဝုတ်ရှိ၏။ ညှို့ချည်ရာအရပ်သည် တဂါဝုတ်ရှိ၏။ စောင်းကော်သည် တဂါဝုတ်ရှိ၏။ ဤသုံးဂါဝုတ်ရှိသော ဥသျှစ်သီးမှည့်ကဲ့သို့ ဖြော့တော့သော အဆင်းရှိသောစောင်းကိုယူ၍၊ အမျှင်ငါးဆယ်ကုန်သော ညှို့တို့ကို စည်းပြီးလျှင်။ လက်သည်းဖျားဖြင့် အလျော့အတင်းညှိ၍ သာယာစွာသော အသံကိုထွက်စေလျက်။ နတ်အပေါင်းတို့အား သိကြားမင်း၏ သွားအံ့သောအခါကိုသိစေလျက် အနီး၌ရပ်၏။ ပဉ္စသိခ၏စောင်းသံကို ကြားသဖြင့် နတ်အပေါင်းတို့သည် စည်းဝေး လာပြီးသည် ရှိသော်။ သိကြားမင်းသည် ပဉ္စသိခကို ရှေ့ဆောင်ပြုလျက်။ ဥပမာကား။ အားရှိစွာသောယောက်ျား

www.dhammaransi.com



သည် ခွေ၍ထားသောလက်ကို ဆန့်လိုက်ဘိသကဲ့သို့ နတ်အပေါင်းတို့နှင့်တကွ တာဝတိံသာ၌ကွယ်ခဲ့၍။ မဂဓရောဇ်တိုင်း၊ ရာဇဂြိုဟ်ပြည်၏ အရှေ့၊ အမ္ဗသဏ္ဍာပုဏ္ဏားရွာ၏မြောက်၊ ဝေဒိယကတောင် ထက်ဝန်းကျင်အရပ်၌ ထင်ရှားဖြစ်လှာ၏။ တပါးသောနေ့တို့၌ကား တယောက်တည်းသောနတ်၏ရောင်း၊မာရ်၏ရောင်း၊ဗြဟ္မာ၏ရောင်း အဝတ်တန်ဆာကိုယ်ရောင်ကိုယ်ဝါတို့ကြောင့် အလင်းသည်ဖြစ်၏။ ထိုနေ့၌ကား နတ်ပြည်နှစ်ထပ်၌ နေသော မရေမတွက်နိုင်သော နတ်အပေါင်းတို့၏ အဝတ်တန်ဆာ ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့် နေအထောင် လအထောင်ထွက်သကဲ့သို့ အလွန်ထွန်းလင်းသော အရောင်သည် ထိုတောင် ထက်ဝန်းကျင်၌ ဖြစ်၏။ အမ္ဗသဏ္ဍာပုဏ္ဏားရွာသည်လည်း အလင်းသည် ဖြစ်၏။ တပါးသော အခါ၌ ညဥ့်သုံးယံတွင် ညဦးယံလွန်၍ သန်ခေါင်ယံ၌သာ သိကြား အစရှိသောနတ်တို့သည် ဘုရားသို့ ကပ်လာကုန်၏။ ထိုနေ့၌ကား သိကြားမင်းအား သဘောဖြင့် ကြောက်ထိတ်လန့်ခြင်းအားကြီးသည်ဖြစ်၍ လူတို့ညစာစားပြီးသော်၊ ရွာ၏အလယ်၌ သူငယ်တို့ကစားသောအခါ၊ ဦးစွာဖြစ်သော ညဦးယံအတွင်၌ သိကြားတို့လာလေသောကြောင့်။တောင်ထက်ဝန်းကျင်ရွာတို့၌လူတို့မြင်ကုန်၍ ဤသို့ဆိုကြကုန်၏။ယနေ့ အဘယ့်ကြောင့်ဝေဒိယကတောင်သည် ပြောင်ပြောင်တောသည်ဖြစ်ဘိသနည်း။ ယနေ့ အဘယ့်ကြောင့် ဝေဒိယကတောင်သည် အလျှံထွက်ဘိသနည်း။ ယနေ့အဘယ့်ကြောင့် ဝေဒိယကတောင်သည် ညဥ့်ကိုပင် နေ့ကဲ့သို့အလင်းဖြစ်ဘိသနည်း။ အမ္ဗသဏ္ဍာပုဏ္ဏားရွာသည်လည်း အဘယ့်ကြောင့် အလင်းဖြစ်ဘိသနည်းဟုဆိုကုန်လျက်။ ထိတ်လန့်ကြောက်ရွံ့ ကြက်သီးမွေးညင်းထသည်ဖြစ်ကုန်လျက်။ အချင်းတို့၊ ယနေ့ တန်းခိုးကြီးသော နတ်သည်ရောင်း၊ တန်းခိုးကြီးသောဗြဟ္မာသည်ရောင်း။ မြတ်စွာဘုရားကို ပြဿနာ မေးအံ့သောငှါ၊ တရားနာအံ့သောငှါ ကပ်လာသည် ထင်၏။ အဘယ်သို့လျှင် မြတ်စွာဘုရားသည် ပြဿနာ ဖြေတော်မူလိမ့်နည်း။ အဘယ်သို့လျှင် တရား ဟောတော်မူလိမ့်နည်း။ အချင်းတို့၊ ဤသို့ တန်းခိုးကြီးသော နတ်ဗြဟ္မာတို့၏ ယံမှားသံသယကို ပျောက်တတ်သောမြတ်စွာဘုရားသည် အကြင်ငါတို့၏အနီးဖြစ်သော ကျောင်း၌ နေတော်မူ၏။ ထိုမြတ်စွာဘုရားအား အကြင် ငါတို့သည် တခွက် တယောက်မျှသော ဆွမ်းကို လှူခြင်းငှါရ၏။ ထိုငါတို့သည်

www.dhammaransi.com



ရတော်စွတကားဟု ဆိုကုန်လျက်။ ရွှင်သော အမွေးရှိကုန်သည်ဖြစ်၍ ဆယ်ချောသောလက်သည်းတို့ဖြင့် တောက်ပသော လက်အုပ်ကို ထိပ်၌ တင်၍ရှိခိုးကုန်လျက်ရပ်ကုန်၏။ ။

ထိုအခါ သိကြားမင်းသည် ပဉ္စသိခနတ်သားစောင်းသမားကို ခေါ်၍ ဆို၏။ အချင်းပဉ္စသိခ၊ ငါသည် မြတ်စွာဘုရားသို့ မကပ်ကည့်ဝံ့သေး။ မြတ်စွာဘုရားတို့သည် ဈာန်ဝင်စားလေ့ရှိကုန်၏။ ဈာန်၌မွေ့လျော်ကုန်၏။ ထိုဈာန်ဝင်စားသောအခြားမဲ့၌ ကိန်းအောင်းတတ်ကုန်၏။ အချင်းပဉ္စသိခ၊စင်စစ်ကား သင်သည် ရှေးဦးစွာမြတ်စွာဘုရားကိုနှစ်သက်စေရာ၏။သင်သည်ရှေးဦးစွာနှစ်သက်ပါစေ။နောက်မှ ငါသည် ထိုမြတ်စွာဘုရားကိုဖူးမြင်ခြင်းငှါကပ်လာပါအံ့ဟူ၍ဆို၏။ ပဉ္စသိခနတ်သားသည် ကောင်းပြီဟုသိကြားမင်း၏စကားကိုဝန်ခံ၍။ လကျာ်ပခုံး၌လွယ်၍ယူခဲ့သောဗေလုဝပဏ္ဍုစောင်းကိုတီးအံ့သောအစီအရင်ဖြင့် လက်ဝဲလက်မှ ပိုက်ယူ၍ နှံ့ပဲပင် ရောက်ရာ လိုဏ်သို့ ကပ်ပြီးလျှင်။ မြတ်စွာဘုရားနှင့် နီးလည်း မနီးလွန်း။ဝေးလည်း မဝေးလွန်း။စောင်းသံကို မြတ်စွာဘုရား ကြားကောင်းသော အရပ်၌ နေ၍။ ပဉ္စသိခနတ်သားသည်။ ။ဗုဒ္ဓူပသဉှိတာ။ ဓမ္မူပသဉှိတာ။ သံဃူပသဉှိတာ။ အရဟန္တူပသဉှိတာ။ ကာမူပသဉှိတာ။ ။ဤစောင်းချင်းအခံဂါထာမှစ၍ စောင်းချင်းတဆဲ့လေးဂါထာကို နှုတ်ကသီသည့်အသံနှင့် လက်ကတီးသည့် စောင်းသံ၊ လိုက်ညီအောင် စောင်းကိုတီး၍ မြတ်စွာဘုရားအား ကြားစေ၏။ ၂။ စောင်းချင်းအခံဂါထာ၌ အနက်ကား။ ။ဗုဒ္ဓူပသဉှိတာ၊ဘုရားကိုမှီ၍ ဖြစ်၏။ ဓမ္မူပသဉှိတာ၊တရားကိုမှီ၍ဖြစ်၏။ သံဃူပသဉှိတာ၊သံဃာကို မှီ၍ဖြစ်၏။ အရဟန္တူပသဉှိတာ၊ ရဟန္တာကိုမှီ၍ဖြစ်၏။ ကာမူပသဉှိတာ၊ကာမဂုဏ်ကိုမှီ၍ဖြစ်၏။ ။ဤကားအခံဂါထာအနက်တည်း။ ။ စောင်းချင်းဂါထာတို့ကား။ ။

( ၁ ) ဝန္ဒေတေပိတရံဘဒ္ဒေ၊တိမ္ဗရုံ သူရိယဝစ္ဆသေ။ယေန ဇာတာသိ ကလျာဏိ၊အာနန္ဒဇနနီ မမ။ ။ဘဒ္ဒေ၊ကောင်းသောအမြင်ရှိသော။ သူရိယဝစ္ဆသေ၊ နေပျိုသောနေအရောင်နှင့်တူသော ကိုယ်ရောင်ရှိသော နတ်သမီး။ ယေန၊ အကြင်တိမ္ဗရုနတ်မင်းကြောင့်။ မမ၊ငါ့အား။ အာနန္ဒဇနနီ၊ နှစ်သက်ဝမ်းမြောက်ခြင်းကိုပွါးစေတတ်သော။ ကလျာဏီ၊ ခပ်သိမ်းသောအင်္ဂါကြီးငယ်၏တင့်တယ်ခြင်းရှိသောသင်နတ်သမီးသည်။

www.dhammaransi.com



ဇာတာ၊ဖြစ်သည်။ အသိ၊ဖြစ်၏။ တော၊သင်၏။ ပိတရံ• အဘဖြစ်သော။ တံတိမ္ဗရုံ၊ထိုတိမ္ဗရုနတ်မင်းကို။အဟံ၊သည်။ဝန္ဒေ၊ရှိခိုးပါ၏။ ။

( ၂ ) ဝါတောဝ သေဒတံ ကဗ္ဗော၊ပါနီယံဝ ပိပါသတော။အင်္ဂီရသိပိယာ မေသိ၊ဓမ္မော အရဟတာမိဝ။ ။သေဒတံ၊ချွေးယိုကုန်သော သူတို့သည်။ ဝါတော၊လေကို။ ကဗ္ဗောဇာဝ၊ချစ်အပ်သကဲ့သို့။ ပိပါသတော၊ရေမွတ်သောသူသည်။ ပါနီယံ၊ရေကို။ ကဗ္ဗောဇာဝ၊ချစ်အပ်သကဲ့သို့။ အရဟတာ၊ရဟန္တာတို့သည်။ ဓမ္မော၊လောကုတ္တရာတရားကို။ ကဗ္ဗောဇာဝ၊ချစ်အပ်သကဲ့သို့။ အင်္ဂီရသိ၊ကိုယ်မှအရောင် ပြောင်ပြောင်ထွက်သောနတ်သမီး။ မေ၊ငါသည်။ တံ၊သင့်ကို။ ပိယာ၊ချစ်အပ်သည်။ အသိ၊ဖြစ်၏။ ။

( ၃ ) အာတုရဿေဝ ဘေသဇ္ဇံ၊ဘောဇနံဝ ဇိဃစ္ဆတော။ပရိနိဗ္ဗာပယ မံ ဘဒ္ဒေ၊ဇလန္တံ မိဝ ဝါရိနာ။ ။ဘေသဇ္ဇံ၊ ဆေးသည်။ အာတုရဿ၊ ကျင်နာ ခြင်းကို။ နိဗ္ဗာပယိ ဇာဝ၊ ငြိမ်းစေသကဲ့သို့။ ဘောဇနံ၊ ထမင်းသည်။ ဇိဃစ္ဆတော၊မွတ်သိပ်ဆာလောင်ခြင်းကို။ နိဗ္ဗာပယိဇာဝ၊ ငြိမ်းစေသကဲ့သို့။ ဝါရိနာ၊ရေသည်။ ဇလန္တံ၊အလျှံပြောင်ပြောင်လောင်သော တောမီးကို။ နိဗ္ဗာပယိဇာဝ၊ ငြိမ်းစေသကဲ့သို့။ ဘဒ္ဒေ၊ ကောင်းသော အမြင်ရှိသောနတ်သမီး။ တယာ၊ဂုဏ်ကြောင့်။ ဥပ္ပန္နံ၊ဖြစ်သော။ ပရိဠာဟံ၊ရာဂဘည်းဟူသောပူပန်ခြင်းရှိသော။ မံ၊ငါ့ကို။ ပရိနိဗ္ဗာပယ၊ ငြိမ်းပါစေလော့။ ။

( ၄ ) သီတောဒကံ ပေါက္ခရဏိံ၊ယုတ္တံ ကိဉ္ဇက္ခရေဏုနာ။နာဂေါ ဃမ္မာဘိတတ္တောဝ၊ဩဂဟေ တေ ထနူဒရံ။ ။ဘဒ္ဒေ၊ ကောင်းသော အမြင်ရှိသောနတ်သမီး။ ဃမ္မာဘိတတ္တော၊ နွေလအခါ နေပူဖြင့်နှိပ်စက်သော။ နာဂေါ၊ဆင်ပြောင်သည်။ ကိဉ္ဇက္ခရေဏုနာ၊ပဒုမာကြာ၏ဝတ်ဆံမှုန်နှင့်။ ယုတ္တံ၊ ယှဉ်ထသော။ သီတောဒကံ၊ ချမ်းသော ရေရှိသော။ ပေါက္ခရဏိံ၊ရေကန်သို့။ ဩဂါဟေတွာန၊သက်၍။ ဩကမော၊နှာဖျားသာပေါ်ရုံငုပ်လျှက်။ သုခံ၊သာယာခြင်းကို။ ဝိန္ဒတိဇာဝ၊ရသကဲ့သို့။ ဧဝံ၊ ထိုအတူ။တော၊သင်၏။ထနူဒရံ၊သားမြတ်ကြားသို့။ဩဂါဟေ၊သက်၍။ သုခံ၊သာယာခြင်းကို။ဝိန္ဒာမိ၊ရပါလို၏။ ။

( ၅ ) အစ္စင်္ကုသောဝ နာဂေါဝ၊ဇိတံ မေ တုတ္တတောမရံ။ကာရဏံ နပ္ပဇာနာမိ၊ သမ္မတ္တော လက္ခဏူရုယာ။ ။ဘဒ္ဒေ၊ အဇ္ဈါမည်သော နှမ။

www.dhammaransi.com



အစွကိုသော၊ ဒဲပြားအားဖြင့်ယိုသောရန်ဖြင့်ယစ်သော။ နာဂေါ၊ဆင် ပြောင်သည်။ မေ၊ငါသည်။ တုဏ္ဍတောမရှိ၊ နားရင်း၌ထိုးသောသံဆူး ခက်ရင်းကို၊ဖိတံ၊အောင်အပ်ပြီ။ ဣတိ၊ဤသို့။ နဇာနာတိဣဝ၊မသိသကဲ့ သို့။ ဧဝံ၊ဤအတူ။ ဘဂိနိ၊နှမ။ တဝ၊သင်၏။ လက္ခဏူရူယာ၊လက္ခဏာနှင့် ပြည့်စုံသောပေါင်ကြောင့်။ သမ္ဗတ္တော၊ တပ်သောစိတ်ဖြင့် ပြင်းစွာယစ် သည်ဖြစ်၍။ ကာရဏံ၊ တပ်ခြင်းမှကင်းအံ့သောအကြောင်းကို။ နပ္ပဇာ နာမိ၊မသိ။ ။

(၄) တယိ ဂေဓိတစိတ္တော သို့၊ စိတ္တံ ဝိပရိဏာမိတံ။ ပဋိဂန္တုံ နသက္ကောမိ၊ဝက်ဃသ္သော၀ အမ္ဗုဇော။ ။ဘဒ္ဒေ၊ ကောင်းသောမျက် နှာရှိသောနှမ။ တယိ၊သင်နှမ၌။ အဟံ၊သည်။ဂေဓိတစိတ္တော၊တပ်သော စိတ်ရှိသည်။ အသို့၊ဖြစ်၏။ မေ၊ငါ၏။ စိတ္တံ၊စိတ်သည်။ ဝိပရိဏာမိတံ၊ ဘောက်ပြန်ခဲ့ပြီ။ ဝက်ဃသ္သော၊ငါးမျှားချိတ်၌မိသော။ အမ္ဗုဇော၀၊ငါး ကဲ့သို့။ ပဋိဂန္တုံ၊ နောက်သို့တဘန် ပြန်နစ်အံ့သောငှါ။ နသက္ကောမိ၊ငါ မတတ်နိုင်ပြီ။ ။

(၅) ဝါမူရု သဇ မံ ဘဒ္ဒေ၊သဇမံမန္ဒလောစနေ။ပရိသဇမံကလျာ ဏိ၊ဧတံ မေ အဘိပတ္ထိတံ။ ။ဝါမူရု၊ လက်ဝဲဘက်၌တည်သောပေါင် ရှိသော။ ဘဒ္ဒေ၊နှမ။ မံ၊ငါ့ကို။ သဇ၊လည်ဘက်ပါလော့။ မန္ဒလောစနေ၊ မျက်မှောင်မချိလွန်းသဖြင့် ကြည့်တတ်သောနှမ။ မံ၊ငါ့ကို။ သဇ၊လည် ဘက်ပါလော့။ ကလျာဏိ၊ ခပ်သိမ်းသောအင်္ဂါလက္ခဏာကြီးငယ်ဖြင့် တင့်တယ်သောနှမ။ မံ၊ငါ့ကို။ ပရိသဇ၊တကိုယ်လုံးကို ဘက်ပါလော့။ မေ၊ငါသည်။ ဧတံ၊ ဤသို့တကိုယ်လုံးကို ဘက်ခြင်းကို။ အဘိပတ္ထိတံ၊ အလွန်တောင့်တခဲ့ပြီ။ ။

(၆) အပ္ပကော ဝတ မေ သန္တော၊ကာမော ဝေလ္လိတကေသိယာ။ အနေကဘာဝေါ သမ္ပါဒိ၊ အရဟန္တေဝ ဒက္ခိဏာ။ ။ဘဒ္ဒေ၊ကောင်း သောအမြင်ရှိသောနှမ။ ဝတ၊စင်စစ်။ မေ၊ငါ၏။ ကာမော၊ကာမဂုဏ်၌ အလိုသည်။ အပ္ပကော၊နည်းသည်။သန္တော၊ဖြစ်ပါလျက်။ ဝေလ္လိတကေ သိယာ၊ နောက်သို့ဖြေချတ်လွတ်သောအခါ မြွေကဲ့သို့လွန့်၍သွားသော ဆံရှိသောနှမကြောင့်။ အရဟန္တေ၊ ရဟန္တာ၌။ ဒက္ခိဏာဣဝ၊ အလှူ၏ အကျိုးကဲ့သို့။အနေကဘာဝေါ၊တပါးမကများသောဘာဝသည်။သမ္ပါဒိ၊ ဖြစ်ခဲ့ပြီ။ ။

(၉) ယံ မေ အတ္ထိ ကတံ ပုညံ၊အရဟန္တေသု တာဒိသု။ တံ မေ သဗ္ဗင်္ဂကလျာဏိ၊တယာ သဒ္ဓိံ ဝိပစ္စတံ။ ။သဗ္ဗင်္ဂကလျာဏိ၊ခပ်သိမ်းသော ကောင်းခြင်းအင်္ဂါနှင့်ပြည့်စုံသောနှမ။ တာဒိသု၊ သည်းခံခြင်းရှိကုန်သော။ အရဟန္တေသု၊ ရဟန္တာတို့၌။ မေ၊ငါသည်။ ကတံ၊ ပြုအပ်သော။ယံပုညံ၊အကြင်ကောင်းမှုသည်။အတ္ထိ၊ရှိ၏။ တံပုညံ၊ထိုကောင်းမှုသည်။ မေ၊ငါ့အား။တယာ၊သင်နှမနှင့်။သဒ္ဓိံ၊တကွ။ ဝိပစ္စတံ၊အကျိုးပေးပါစေသတည်း။ ။

(၁၀) ယံ မေ အတ္ထိ ကတံ ပုညံ၊အသ္မိံ ပထဝိမဏ္ဍလေ။ တံ မေ သဗ္ဗင်္ဂကလျာဏိ၊တယာ သဒ္ဓိံ ဝိပစ္စတံ။ ။သဗ္ဗင်္ဂကလျာဏိ၊ခပ်သိမ်းသော ကောင်းခြင်းအင်္ဂါနှင့် ပြည့်စုံသော နှမ။ အသ္မိံပထဝိမဏ္ဍလေ၊ ဤမြေအပြင်၌။ မေ၊ငါသည်။ ကတံ၊သော။ယံပုညံ၊သည်။အတ္ထိ၊၏။ တံပုညံ၊သည်။ မေ၊ငါ့အား။တယာ၊နှင့်။သဒ္ဓိံ၊တကွ။ဝိပစ္စတံ၊အကျိုးပေးပါစေသတည်း။ ။

(၁၁) သကျပုတ္တောဝ ဈာနေန၊ဧကောဒိနိပကော သတော။အမတံ မုနိ ဇိဂိသာနော၊ တမဟံ သူရိယဝစ္ဆသေ။ ။သူရိယဝစ္ဆသေ၊နေလုလင်၏ရောင်မျှင်ကဲ့သို့ခြေဖျားမှသည်ဆံလျှော်ထိအောင်ပြောင်ပြောင်တောက်သော ကိုယ်ရောင်ရှိသောကြောင့် သူရိယဝစ္ဆသာမည်သောနှမ။ဈာနေန၊ဈာန်အားဖြင့်။ဧကောဒိ၊တယောက်တည်းအဖြစ်သို့ရောက်သော။ အနုပက္ကော၊ရင့်ပြီးသောပညာရှိသော။ သတော၊သတိနှင့်ပြည့်စုံသော။ သကျပုတ္တော၊ သာကီဝင်မင်း၏ သားဖြစ်သော။ မုနိ၊ ဘုရားသည်။ အမတံ၊နိဗ္ဗာန်ကို။ ဇိဂိသာနော ဣဝ၊တောင့်တသကဲ့သို့။ အဟံ၊ငါသည်။တံ၊သင်နှမကို၊ဇိဂိသာမိ၊တောင့်တ၏။ ။

(၁၂) ယထာပိ မုနိ နန္ဒေယျ၊ပတွာ သမ္ဗောဓိမုတ္တမံ။ဧဝံ နန္ဒေယျံ ကလျာဏိ၊မိဿီဘာဝံ ဂတော တယာ။ ။ကလျာဏိ၊ ကောင်းခြင်းငါးပါးရှိသောနှမ။ မုနိ၊ သကျဝင်မင်းသား ဘုရားသည်။ ဥတ္တမံ၊ မြတ်သော။ သမ္ဗောဓိံ၊ သစ္စာလေးပါးကိုသိသော ဘုရားအဖြစ်သို့။ ပတွာ၊ရောက်၍။ နန္ဒေယျ ယထာ၊နှစ်လိုသာယာသကဲ့သို့။ ဧဝံတထာ၊ထိုအတူ။ အဟံ၊ငါသည်။ တယာ၊သင်နှမနှင့်။ မိဿီဘာဝံ၊ ရောရှက်သောအဖြစ်သို့။ဂတော၊ရောက်၍။နန္ဒေယျံ၊နှစ်သက်ရာ၏။ ။

(၁၃) သက္ကော စေ မေ ဝရံ ဒဇ္ဇာ၊တာဝတိံသာနမိဿရော။တာ

www.dhammaransi.com



ဟံ ဘဒ္ဒေ ဝရေယျာမိ၊ ဇဝံ ကာမော ဒဒ္ဒော မမ။ ။ဘဒ္ဒေ၊ဘဒ္ဒါမည်သော နှမ။ သက္ကော၊ သိကြားမင်းသည်။ မေ၊ငါ့အား။ ပဉ္စသိခ၊ ပဉ္စသိခနတ်သား။ တယာ၊သင်သည်။တာဝတိံသာနံ၊တာဝတိံသာနတ်တို့ကို။ ဣဿရော၊ အစိုးရသော သိကြားမင်း၏ အဖြစ်ကိုမူလည်း။ ဂဏှသေ၊ ယူအပ်မည်လော။ သူရိယဝစ္စသံဝါ၊ သူရိယဝစ္စသာကိုမူလည်း။ ဂဏှသေ၊ယူအပ်မည်လော။ ဣတိ၊ဤသို့။ ဝရံ၊ဆုကို။ စေဒဇ္ဇာ၊ အကယ်၍ ပေးပါမူကား။ ဘဒ္ဒေ၊ကောင်းသောအမြင်ရှိသောနှမ။ အဟံ၊ ငါသည်။ တံ၊သင်နှမကို၊ ဝရေယျာမိ၊တောင့်တပါ၏။ ဇဝံ၊ဤသို့။ မမ၊ငါ၏။ ကာမော၊အလိုသည်၊ဒဠှော၊မြဲ၏။ ။

(၁၄) သာလံဝ နစိရံ ဖုလ္လံ၊ပိတရံ တေ သုမေဓသေ။ဝန္ဒမာနော နမဿာမိ၊ယဿာသေတာဒိသီ ပဇာ။ ။သုမေဓသေ၊ ကောင်းသော ပညာရှိသောနှမ။ ယဿ၊ အကြင်တိမ္ဗရုမည်သော ဂန္ဓဗ္ဗနတ်မင်းအား။ ဧတာဒိသီ၊ ထိုငါချစ်မြတ်နိုးအပ်သောသဘောရှိသော။ပဇာ၊သမီးသည်။ အသိ၊ဖြစ်၏။ နစိရံ၊မကြာမြင့်မီ။ ဖုလ္လံ၊ပင်လုံးကျွတ်ပွင့်သော။ သာလံဝ၊ အင်ကြင်း ပင်ကဲ့သို့။ သောဘဏံ၊ တင့်တယ်သော။ တေ၊ သင်နှမ၏။ ပိတရံ၊အဘဖြစ်သောတိမ္ဗရုနတ်မင်းကို။ ဝန္ဒမာနော၊ရှိခိုးသောငါသည်။ နမဿာမိ၊ ရှိခိုးပါ၏။ ။ဤဆိုအပ်ပြီးသည်သာလျှင် ပဉ္စသိခနတ်သား သည် မြတ်စွာဘုရားကို စောင်းသံဖြင့်ကြားလျှောက်သော စောင်းချင်း ဂါထာ၏အနက်တည်း။ ။

ဤသို့ပဉ္စသိခစောင်းသံဖြင့် လျှောက်သောမြတ်စွာဘုရားသည် ပဉ္စ သိခကို ဤသို့မိန့်တော်မူ၏။ ပဉ္စသိခ၊သင်၏စောင်းညှိသံသည် သီချင်း သံကို မလွန်။ သီချင်းသံသည် စောင်းသံကို မလွန်။ ပဉ္စသိခ၊ အဘယ် အခါ၌ သင်သည် ဤစောင်းချင်း ဂါထာတို့ကို ဖွဲ့အပ်ကုန်သနည်းဟု မေးတော်မူသော်။ ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် တပါးသောအခါ ဥရုဝေလတော နေရဉ္ဇရာမြစ်နား၌၊ အဇပါလညောင်ပင်ရင်းဝယ် ခပ် သိမ်းသောသူတို့၏ ရှေးဦးစွာ သစ္စာလေးပါး တရားကို သိသည်ဖြစ်၍ ရှစ်ခမြောက်ဖြစ်သောသတ္တာဟ၌နေတော်မူ၏။ ထိုအခါ တိမ္ဗရုအမည် ရှိသောဂန္ဓဗ္ဗနတ်မင်း၏သို့ ဖြစ်သော ငယ်မည်အားဖြင့် ဘဒ္ဒါအမည်ရှိ သောသူရိယဝစ္စသာကို အကျွန်ုပ်သည့်အလွန်အလိုရှိ၏။ရှင်ပင်ဘုရား၊ ထိုဘဒ္ဒါအမည်ရှိသော နှမသည်မူကား။ ရထားထိန်း မာတလိနတ်မင်း

www.dhammaransi.com



၏သားသည် သိခဏ္ဍီအမည်ရှိ၏။ ထိုသိခဏ္ဍီနတ်သားကို ချစ်မြတ်နိုး၏။ အကြင်အခါမှ အကျွန်ုပ်သည် တစုံတခုသောအကြောင်းကြောင့် သူရိယဝစ္စသာကိုမရသေး။ ထိုအခါ၌ အကျွန်ုပ်သည်အကြင်အရပ်၌တိမ္ဗရုနတ်မင်းကြီးအိမ်သည် ရှိ၏။ ထိုအိမ်သို့ကပ်၍ ဗေလုဝပဏ္ဍုစောင်းကို တီး၍စောင်းသံကိုတိမ္ဗရုနတ်မင်းအားကြားစေ၏။ ဤစောင်းချင်းတဆဲ့လေးဂါထာကို ဘွဲ့၍လည်း စောင်းချင်းကို ကြားစေ၏။ ဤသို့ကြားစေသည်ရှိသော်။ ရှင်ပင်ဘုရား၊သူရိယဝစ္စသာသည် အကျွန်ုပ်ကိုဤသို့ဆို၏။ ငါကဲ့သို့ ဆင်းရဲကင်းသော နတ်သား၊ မြတ်စွာဘုရားကို အကျွန်ုပ်သည် မျက်မှောက်၌ မမြင်စဘူးပါ။ စင်စစ်သော်ကား။ တာဝတိံသာနတ်တို့၏သုဓမ္မာသဘင်၌ ကသောအကျွန်ုပ်သည် ထိုမြတ်စွာဘုရားကို ကြားဘူးရုံမျှသာ။ အမောင်ပဉ္စသိခ၊အကြင်ကြောင့် သင်သည် ထိုမြတ်စွာဘုရားကိုကြားသိစေဘိ၏။ ထို့ကြောင့် ယခုအခါ၌ သင့်အား ငါနှင့် ပေါင်းဘော်ရခြင်းသည် ဖြစ်စေတော့ဟု ဆို၏။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊အကြင်အခါ၌ အကျွန်ုပ်အားထိုနှမနတ်သမီးနှင့်ထိုသို့ပေါင်းဘော်ရခြင်းသည်ဖြစ်၏။ထိုမှနောက်၌ကား အကျွန်ုပ်သည်ပေါင်းဆုံရခြင်းမရှိပါပြီဟု၍လျှောက်၏။ ။(အဘယ့်ကြောင့်မြတ်စွာဘုရားသည်။ ပဉ္စသိခ၊သင်၏စောင်းသံသည် သီချင်းသံနှင့်နှီးနှော၏၊ ဤသို့စသည်ဖြင့် ချီးမွမ်းတော်မူဘိသနည်း။ မြတ်စွာဘုရားအား ထိုသီချင်းသံစောင်းသံ၌ စာပ်ခြင်းသည်ရှိသလောဟူ၍ြားအံ့၊မရှိ။ ဤသို့သောအရာတို့၌ မြတ်စွာဘုရားသည် ဆန္ဒဂိုပေက္ခာဖြင့်ရှုတော်မူ၏။ စင်စစ်သော်ကား။ ကောင်းသောအာရုံ မကောင်းသောအာရုံကိုသိတော်မူ၏၊ ထိုအာရုံတို့၌ မတပ်။ အကယ်၍ကား မြတ်စွာဘုရားသည်ပဉ္စသိခ၏စောင်းသီချင်း၏ကျေးဇူးကိုမချီးမွမ်းမဆိုပါအံ့။ပဉ္စသိခသည် ငါ့အား မြတ်စွာဘုရားသည် ခွင့်ပြုတော်မူပြီဟုမသိရာ။ထိုသို့မသိသော် ပဉ္စသိခအား မြတ်စွာဘုရားသည် ခွင့်ပြုတော်မမူပါဟု သိကြားမင်းသည်နတ်အပေါင်းကိုယူ၍ ထိုအရပ်မှပင် ပြန်လေရာ၏။ ထိုသို့ပြန်လေသော် သိကြားနတ်တို့အား ရှုံးခြင်းကြီးစွာ ဖြစ်လေရာ၏၊ စောင်းသီချင်း၏ကျေးဇူးကို ဆိုတော်မူသည်ရှိသော်ကား။ ဘုရားမြတ်စွာသည် ပဉ္စသိခအား ခွင့်ပြုတော်မူပြီဟု နတ်အပေါင်းနှင့် တကွ ကပ်လာပြီးလျှင်။ ပြဿနာမေး၍ ဖြေတော်မူသော အဆုံး၌။ ရှစ်သောင်းလေးထောင်သော ပရိသတ်နှင့်တကွ သိကြားမင်း

www.dhammaransi.com



သည် သောတာပတ္တိဖိုလ်၌ တည်လတ္တံ့ဟုသိတော်မူ၍။ ကာမဂုဏ်နှင့်စပ်သော စောင်းသိချင်း၏ကျေးဇူးကိုဆိုတော်မူသတည်း)။ ။

ထိုအခါ သိကြားမင်းအား ဤသို့အကြံသည် ဖြစ်၏။ ပဉ္စသိခသည် မြတ်စွာဘုရားနှင့်တကွနှစ်လိုဝမ်းမြောက်၏။ ဤပဉ္စသိခကိုငါသည်ငါ၏အမှုဖြင့်စေအပ်၏။သူသည်ကား မိမိ၏အမှုကိုသာပြု၏။ ဤသို့သဘောရှိသောမြတ်စွာဘုရား၏အထံ၌နေ၍ ဘုရားမြတ်စွာအားမလျောက်ပတ်သော ကာမဂုဏ်နှင့်စပ်သောစကားကိုပြောဆို၏။ယခုအခါ၌ မြတ်စွာဘုရားအား မရှက်သည်ဖြစ်၍ ဘော်ပြန်သောအမှုကိုသော်လည်းပြုရာ၏။ ယခုအခါ၌ ငါ၏အမှုကိုသိစေအံ့ဟုကြံပြီးမှ ခေါ်၍၊ အချင်းပဉ္စသိခ၊ သင်သည် ငါ၏အလို့ငှါ ရှိခိုးပါတော့လော။ ရှင်ပင်ဘုရား၊ နတ်တို့ကိုအစိုးရသောသိကြားမင်းသည် နတ်အမတ်ကြီး၊ နတ်အခြွေအရံတို့နှင့်တကွ ရှင်ပင် ဘုရား၏ ခြေတော်တို့ကို ရှိခိုး၏ဟု လျှောက်ပါလော့ဟု သိကြားမင်း ဆိုသော်။ ကောင်းပြီ အရှင်သိကြားမင်းဟု ပဉ္စသိခသည် သိကြားမင်းအား စကားတုံ့ပေး၍။ ပဉ္စသိခသည် မြတ်စွာဘုရားသို့ကပ်၍။ ရှင်ပင်ဘုရား၊နတ်တို့ကိုအစိုးရသောသိကြားမင်းသည် နတ်အမတ်ကြီး၊နတ်အခြွေအရံတို့နှင့်တကွ ရှင်ပင်ဘုရား၏ခြေတော်တို့ကို ရှိခိုးပါ၏ဟု လျှောက်၏။ ထိုအခါ ကောင်းပြီပဉ္စသိခ။ သိကြားမင်းသည် နတ်အမတ်ကြီး၊နတ်အခြွေအရံတို့နှင့်တကွချမ်းသာသည်ဖြစ်စေသတည်း။ နတ်အသုရာနဂါးဂန္ဓဗ္ဗနတ်တို့သည်၎င်း တပါးကုန်သော များစွာသော သတ္တဝါအပေါင်းတို့သည်၎င်း ချမ်းသာခြင်းကိုအလိုရှိကုန်၏ဟု မြတ်စွာဘုရားအနုမောဒနာပြုတော်မူ၏။ ။ဤသို့ရှိခိုးပြီးသော် သိကြားမင်းသည် မြတ်စွာဘုရားနေတော်မူရာ ဣန္ဒသာလလိုဏ်သို့ဝင်၍။ တင့်အပ်သောအရပ်၌ မြတ်စွာဘုရားကို ရှိခိုး၍ နေ၏။ နတ်အပေါင်းတို့သည်လည်းဣန္ဒသာလလိုဏ်သို့ဝင်၍ မြတ်စွာဘုရားကိုရှိခိုး၍ တင့်အပ်သောအရပ်၌နေကြကုန်၏။ပဉ္စသိခသည်လည်း လိုဏ်သို့ဝင်၍ ဘုရားကိုရှိခိုး၍တင့်အပ်သောအရပ်၌နေ၏။ ။ထိုအခါ ဣန္ဒသာလလိုဏ်သည်မညီမညွတ်ဖြစ်လျက် ကောင်းစွာညီညွတ်သည်ဖြစ်၏။ လိုဏ်တွင်း၌အမိုက်တိုက်သည်ပျောက်၏။ အရောင်အလင်းသည် ထင်ရှားဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် သိကြားမင်းအား ဤသို့သောစကားကို မိန့်တော်မူ၏။ သိကြားမင်း၊ရှေးဦးစွာများသောပြုဖွယ်ရာကိစ္စရှိလျက် ရှည်သော

www.dhammaransi.com



အသက်ရှိသော သင်သိကြားမင်း၏ ဤအရပ်သို့ အကြင်လာခြင်းသည် ရှိ၏။ ထိုလာခြင်းသည်အံ့ဘွယ်ရှိစွ။ မဖြစ်ဘူးမြဲတကားဟုမိန့်တော်မူ၏။ သိကြားမင်းသည်။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ရှင်ပင်ဘုရားကို အကျွန်ုပ်သည် ဖူးမြင်ခြင်းငှါ ကပ်လိုသည်ကား ကြာမြင့်ပါပြီ။ စင်စစ်သော်ကား တာဝတိံသာနတ်တို့အား တစုံတခုသော ပြုဘွယ်ရာကိစ္စကြောင့်သာလျှင် အကျွန်ုပ်သည်ရှင်ပင်ဘုရားကိုအဖူးအမြင်ကပ်ခြင်းငှါ မတတ်နိုင်တည့်ပါဟူ၍ လျှောက်၏။ ။(ဤတစုံတခုသော ပြုဘွယ်ရာကိစ္စကြောင့်ဆိုရာ၌။နတ်တို့အား သားသွီးတို့သည်ရင်ခွင်၌ဖြစ်လာကုန်၏။ ထိုနတ်တို့ကို တန်ဆာဆင်ခြင်းကိုပြုသောနတ်တို့သည် အိပ်ရာကိုရ၍ဖြစ်လာကုန်၏။ ပန်းဆွတ် ရေခပ်စသော အမှုကြီးငယ်ကိုပြုသောသူတို့သည် ဗိမာန်တွင်း၌ဖြစ်လာကြကုန်၏။ထိုသူတို့ကြောင့် အမှုကိစ္စသည်မရှိ။တရားတွေ့ဆိုင်ရခြင်းသည်မရှိ။ အကြင်နတ်သားနတ်သွီးတို့သည်ကား ဘုံဗိမာန်တို့၏အပိုင်းအခြား၌ဖြစ်လာကုန်၏။ထိုဗိမာန်ရှင်တို့သည် သင်၏ဥစ္စာ၊ ငါ၏ဥစ္စာဟူ၍ မဆုံးဖြတ်နိုင်ကုန်သော် တရားပြုရကုန်၏။သိကြားမင်းကိုမေးကြရကုန်၏။ သိကြားမင်းသည် စစ်ကြော၍ အကြင်နတ်၏ဗိမာန်သည် နီး၏။ ထိုနီးသောဗိမာန်ရှင်တို့ဥစ္စာဟု ဆို၏။ အနီးအဝေးတူမျှသောအရပ်၌ဖြစ်ကုန်အံ့။ အကြင်သူ၏ဗိမာန်ကိုကြည့်၍ဖြစ်၏။ ထိုကြည့်သောဗိမာန်ရှင်၏ဥစ္စာဟုဆို၏။ တခုခုသောဘုံဗိမာန်ကိုမျှမကြည့်အံ့။ငြင်းခုံခြင်းကိုဖြတ်အံ့သောငှါ မိမိ၏ဥစ္စာပြုလေ၏။ ဥယျာဉ်ကစားခြင်းအစရှိသည်လည်း ပြုဘွယ်ကိစ္စမည်ကုန်၏။ဤသို့သောကိစ္စကိုရည်၍ဆိုသတည်း)။ ။

ထိုရောအခါ၌ သိကြားမင်းသည် ဤသို့လျှောက်၏။ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊တပါးသောအခါ၌ရှင်ပင်ဘုရားသည် သာဝတ္ထိပြည် သရလာဂါရကုဋိ၌ နေတော်မူသောအခါ။ အကျွန်ုပ် ရှင်ပင်ဘုရားကို ဖူးမြင်အံ့သောငှါ လာပါ၏။ ထိုအခါ၌ ရှင်ပင်ဘုရားသည် တပါးသော သမာဓိဖြင့် နေတော်မူ၏။ ။(သိကြားသည် မသိသောကြောင့် တပါးသောသမာဓိဖြင့်ဟူ၍ ဆိုသည်။ မြတ်စွာဘုရားသည်ကား သိကြား၏ ဥာဏ်မရင့်သေးသော အဖြစ်ကို သိ၍။ ဖလသမာပတ်ဖြင့် နေတော်မူသတည်း)။ ။ထိုအခါ၌ ဝေဿဝဏ်နတ်၏ အလုပ်အကျွေး ဖြစ်သော ဘုဇတိအမည်ရှိသောနတ်သွီးသည် မြတ်စွာဘုရားကိုလက်အုပ်ချီ၍ရှိခိုး

လျက်နေနှင့်၏။ ဘူဇတိကို အကျွန်ုပ်သည် ဤသို့ဆို၏။ နှမဘူဇတိ၊ ငါ၏ အလို့ငှါ မြတ်စွာဘုရားကို နှမသည်ရှိခိုးပါလျှင် ရှင်ပင်ဘုရားကိုသိကြားမင်းသည် အမတ်အခြွေအရံနှင့်တကွ ရှင်ပင်ဘုရား၏ ခြေတော်တို့ကို ရှိခိုး၏ဟုလျှောက်ပါဆိုသော်။ ရှင်ပင်ဘုရား၊ဘူဇတိသည် အကျွန်ုပ်ကို ဤသို့ဆို၏။ သိကြားမင်း၊ယခုအခါ၌ မြတ်စွာဘုရားကို ရှိခိုးခြင်းငှါအခါ မဟုတ်။ မြတ်စွာဘုရားသည် ကျိန်း၍နေတော်မူသည်ဟု ဆို၏။ ထိုသို့ တပြီးကား၊နှမဘူဇတိ၊အကြင်အခါ၌ မြတ်စွာဘုရားသည် ထိုသမာဓိမှ ထ၏။ထိုအခါ၌ ငါ၏စကားဖြင့်၊ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ရှင်ပင်ဘုရား၏ခြေတော်တို့ကို သိကြားမင်းသည်အမတ်အခြွေအရံတို့နှင့် တကွ ရှိခိုးလာ၏ဟုဆို၍ ရှိခိုးရစ်ပါဟု အကျွန်ုပ်မှာခဲ့၏။ အသို့နည်းရှင်ပင်ဘုရား၊နှမဘူဇတိသည် ရှင်ပင်ဘုရားကိုရှိခိုးပါ၏လောဟုလျှောက်၍၊ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ အကျွန်ုပ်တို့၏ ရှေးဦးစွာ၊ အကြင် နတ်တို့သည် တာဝတိံသာ၌ဖြစ်နှင့်ကုန်၏။ ထိုနတ်တို့၏မျက်မှောက်မှ အကျွန်ုပ်သည်ကြားရပါ၏။အကြင်အခါ၌ ဘုရားမြတ်စွာတို့သည် လူ့ရွာ၌ဖြစ်ကုန်၏။ထိုအခါ၌ နတ်ပြည်တို့သည်ပြည့်ကုန်၏။ အသူရာပြည်တို့သည်ယုတ်ကုန်၏ဟူ၍ကြားပါကုန်၏။ဤသို့ဖြစ်ခြင်းကိုယခုအကျွန်ုပ်သည်သက်သေမှတ်ရပါ၏။အကြင်အခါမှစ၍ရှင်ပင်ဘုရားသည်လောက၌ ထင်ရှားဖြစ်တော်မူ၏။ ထိုအခါမှစ၍ အကျွန်ုပ်တို့နတ်ပြည်သည် ပြည့်ပေ၏။ အသူရာ၏ပြည်တို့သည်ယုတ်ကုန်၏။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ဤကပိလဝတ်ပြည်၌သာလျှင်၊ ဂေါပိကာအမည်ရှိသော သကျဝင်၏သမီးသည် ဘုရား တရား သံဃာတို့၌ ကြည်ညို၏၊ ပဉ္စသီလတို့၌ ပြည့်စုံစွာဆောက်တည်၍ ကျင့်၏။ ထိုဂေါပိကာသည် မိန်းမ၏ အဖြစ်၌စိတ်အလိုကင်း၍ ယောကျ်ား၏အဖြစ်၌စိတ်အလိုပွါးစေသဖြင့်။ ထိုကိုယ်၏အဖြစ်မှ စုတေသောအခါ တာဝတိံသာနတ်ပြည်၌ဖြစ်လာ၍ အကျွန်ုပ်၏သားအဖြစ်သို့ရောက်လာ၏။ ထိုတာဝတိံသာနတ်ပြည်၌လည်း ဂေါပကနတ်သားဟူ၍ နတ်အပေါင်းတို့သည် သိကုန်၏။ ။

(သကျဝင်မင်းသမီးဂေါပိကာသည်၊ ငါသည့် ဤမိန်းမ၏အဖြစ်ကို အလိုမရှိအပ်။ ဤမိန်းမ၏အဖြစ်၌တည်၍။ စကြာမင်း၊ သိကြားမင်း၊ မာရ်မင်း၊ ဗြဟ္မာမင်းတို့၏ စည်းစိမ်ချမ်းသာကို ခံစားခြင်းငှါ မတတ်နိုင်။ ဘုရား ပစ္စေကဗုဒ္ဓါဖြစ်ခြင်းငှါမတတ်နိုင်။ထို့ကြောင့်အလိုမရှိအပ်။ ယောကျ်ား

www.dhammaransi.com



အဖြစ်မည်သည်အလိုရှိအပ်၏။ဤယောကျ်ားအဖြစ်၌တည်၍ထိုဆိုအပ်ပြီးသောစည်းစိမ်ချမ်းသာကိုခံစားခြင်းငှါတတ်နိုင်၏။ ဘုရား ပစ္စေကဗုဒ္ဓါဖြစ်ခြင်းငှါတတ်နိုင်၏ဟုကြံ၍ ယောကျ်ားအဖြစ်ကိုအလိုရှိအပ်သတည်း)။ ။ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ဂေါပကမှတပါးကုန်သောရဟန်းသုံးယောက်တို့သည်လည်း ရှင်ပင်ဘုရား၌မြတ်သောအကျင့်ကိုကျင့်၍။ အကျွန်ုပ်သားဂေါပကအောက်ယုတ်သော ဂန္ဓဗ္ဗနတ်မျိုး၌ဖြစ်လာကုန်၏။ ထိုသုံးယောက်သောနတ်တို့သည် ငါးပါးသော ကာမဂုဏ်တို့ဖြင့် ခံစားကုန်လျက်။ အပြည့်အစုံဖြစ်ကုန်လျက်။ အကျွန်ုပ်တို့အား ခစားအံ့သောငှါလာကုန်၏။ထိုသုံးယောက်သောနတ်သားတို့သည်။ အကျွန်ုပ်တို့ကိုလုပ်ကျွေးအံ့သောငှါလာကုန်သည်ရှိသော် ထိုနတ်သားတို့ကို အကျွန်ုပ်သားဂေါပကသည်မြင်၍ စောဒနာ၏။အဘယ်သို့စောဒနာသနည်း။ထိုနတ်သားသုံးယောက်တို့ကိုမြင်၍။ဤနတ်သားသုံးယောက်တို့သည် အလွန်တင့်တယ်ကုန်၏။ အလွန်အဆင်းလှကုန်၏၊ အဘယ်ကောင်းမှုကိုပြု၍ လာကုန်သနည်းဟု ဆင်ခြင်သော်။ ရဟန်းအဖြစ်မှလာကုန်၏ဟုမြင်၍၊ ထိုနောင်မှ ရဟန်းပြုသည်ဖြစ်စေ။ သီလကိုပြည့်စုံစွာပြု၏လောဟု ဆင်ခြင်ပြန်သော် ပြည့်စုံစွာပြု၏ဟုမြင်၍။ သီလကိုပြုသည်ဖြစ်စေ၊ သီလမှတပါး•ဂုဏ်ကျေးဇူးသည် ရှိ၏လော မရှိလောဟု ဆင်ခြင်ပြန်သော် ဈာန်ရသောပုဂ္ဂိုလ်တည်းဟုမြင်၏။အဘယ်အရပ်၌ဤရဟန်းတို့သည် နေကုန်သနည်းဟု ဆင်ခြင်ပြန်သော် ငါ၏အိမ်သို့သာလျှင်အမြဲကပ်၍ ငါသည်လုပ်ကျွေးအပ်သော ရဟန်းတို့ပင်တည်းဟုမြင်၍။ သီလကိုပြည့်စုံစွာပြုသောရဟန်းတို့သည် နတ်ပြည်ခြောက်ထပ်တို့တွင် ဖြစ်လိုသည့်နတ်ပြည်၌ဖြစ်ရကုန်၏။ ဈာန်ရသောရဟန်းတို့သည်ကား ဗြဟ္မာ့ပြည်၌ ဖြစ်ရကုန်၏၊ ဤရဟန်းတို့သည် ဗြဟ္မာ့ပြည်၌လည်း မဖြစ်လေကုန်။ ငါ၏အထက် နတ်ပြည်၌မူလည်း မဖြစ်ကုန်။ ငါသည်ကား ဤရဟန်းတို့၏အဆုံးအမ၌တည်၍။ နတ်ပြည်နှစ်ထပ်၏အရှင်ဖြစ်သော သိကြားမင်း၏ပလ္လင်၌သားဖြစ်လာ၏၊ ဤရဟန်းတို့သည်ကား ငါ၏အလုပ်အကျွေးဖြစ်သော ကချေသည်နတ်မျိုး၌ဖြစ်လာ၏၊ ဤရဟန်း နတ်သုံးယောက်တို့သည် အရိုးတွင်ပုဂ္ဂိုလ် မည်၏၊ ဤအရိုးတွင်ပုဂ္ဂိုလ်သုံးယောက်တို့ကို လိမ်၍ လိမ်၍ ကြင်ကြင်ပွတ်အပ်၏ဟုကြံ၍၊အချင်းတို့၊သင်တို့သည် ထိုမြတ်စွာဘုရား၏တရားတော်ကို

www.dhammaransi.com



အဘယ်သို့မျက်နှာပြု၍နာကုန်သနည်း။ မြတ်စွာဘုရားသည် ဇာနည်ရှုပြု၍ တရားကို ဟောတော်မူသည်ရှိသော်။ တပါးကိုနှုတ်လုံးသွင်း၍ တပါးကို မျက်နှာပြု၍ နာကုန်ယောင်တကား။ ငါမူကား မိန်းမဖြစ်လျက်၊ သင်တို့အား သက်နှန်းဆွမ်းဖြင့်လုပ်ကျွေး၍၊ သင်တို့၏အဆုံးအမကိုခံ၍၊ မိန်းမ၏အဖြစ်၌ စိတ်အလိုကိုကင်းစေ၍၊ ထိုမိန်းမအဖြစ်မှစုတေသောအခါ သိကြားမင်း၏သားဖြစ်လာ၏။ ငါ့ကို ဂေါပကနတ်သားဟူ၍ တပြည်လုံးသိကုန်၏။ အချင်းနတ်သားတို့သည်မူကား။ ယောက်ျားဖြစ်ကုန်၍၊ မြတ်စွာဘုရား၌ မြတ်သောအကျင့်ကို ကျင့်ကုန်လျက်။ ငါတို့အား ကခြင်းသီခြင်းဖြင့် လုပ်ကျွေးရသောကချေသည်နတ်မျိုး၌ ဖြစ်လာကုန်၏။ အချင်းတို့။ တဆူသော ဘုရား၏သာသနာ၌ တရားနှင့်လျော်စွာ ကျင့်ကုန်လျက်ဂန္ဓဗ္ဗနတ်မျိုး၌ဖြစ်ကုန်သောသင်တို့ကိုမြင်ရခြင်းသည်ကား မကောင်းသဖြင့်မြင်ရ၏။အချင်းတို့၊သင်တို့သည် မရှက်ကုန်မကြောက်ကုန်ဟု ဂေါပကနတ်သားသည် မောင်းမဲ ဆိုမြည်၏၊ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ဤသို့ အကျွန်ုပ်၏သား ဂေါပကနတ်သား မောင်းမဲ ဆိုမြည်အပ်သော ကချေသည် နတ်သုံးယောက်တို့တွင်။ နှစ်ယောက်သောနတ်တို့သည် မျက်မှောက်၌ပင်သတိကိုရလေကုန်၍ ဗြဟ္မပုရောဟိတာဘုံသို့ ဖြစ်လေကုန်၏။ တယောက်ဖသော နတ်ကချေသည်သည်ကား၊ ထိုဂန္ဓဗ္ဗနတ်ပြည်၌ပင် အမြဲနေလေ၏။ ထိုနတ်သားနှစ်ယောက်တို့သည် အဘယ်ကြောင့် သတိရ၍ ဗြဟ္မာ့ဘုံ၌ ဖြစ်လေကုန်သနည်း။ တယောက်သောနတ်သားသည် အဘယ်ကြောင့် ဂန္ဓဗ္ဗနတ်ပြည်၌အမြဲဖြစ်လေသနည်း။ရှင်ပင်ဘုရားဟူ၍သိကြားမင်းမြတ်စွာဘုရားကိုလျှောက်၏။ ။သိကြားမင်း၊ ထိုနတ်သားတို့သည် ဤသို့ကြံကြကုန်သတည်း။ ငါတို့ကချေသည်နတ်တို့သည် ကကုန်သဖြင့်၊ သီကုန်သဖြင့်၊ ငါတို့သို့ လာ၍ ဆုလာဘ်သပ္ပကာပေးခြင်းကိုသာရ အပ်ပါ၏၊ ဤနတ်သားသည်ကား၊ ငါတို့ကို မြင်သောအခါမှစ၍၊ ခုံသောက်၌ ရပုံထားအပ်သော ဆားကဲ့သို့ ဖျစ်ဖျစ်မြည်သောအသံကို ပြုသည်သာလျှင်တည်း။ ဤသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟု ကြံကုန်ဆင်ခြင်ကုန်သော်၊ မိမိတို့၏ ရဟန်းအဖြစ်ကိုရင်း၊ သီလစင်ကြယ်သောအဖြစ်၊ ပဌမဈာန်ကို ရသောအဖြစ်ကိုရင်း၊ ထိုဂေါပက၏အိမ်သို့ မိမိတို့အမြဲကပ်သော အဖြစ်ကိုရင်းမြင်၍။သီလစင်ကြယ်သောရဟန်းတို့သည်နတ်ပြည်ခြောက်

www.dhammaransi.com



ထပ်တွင်ဖြစ်လိုရာနတ်ပြည်၌ဖြစ်ရကုန်၏။ ဈာန်ရသောရဟန်းတို့သည် ဗြဟ္မာ့ပြည်၌ဖြစ်ကုန်၏။ ငါတို့သည်ကား ဗြဟ္မာ့ပြည်၌လည်းမဖြစ်နိုင်ကုန်။ အထက်နတ်ပြည်၌မှုလည်း မဖြစ်နိုင်ချေကုန်။ ဤနတ်သားသည်ကား မိန်းမဖြစ်သောအခါ ငါတို့ဩဝါဒ၌ တည်ရလျက် ငါတို့၏ အထက်၌ဖြစ်ရ၏။ ငါတို့သည် ရဟန်းပြုပါလျက်၊ မြတ်စွာဘုရား၌ မြတ်သောအကျင့်ကိုကျင့်ပါကုန်လျက်၊ ဇရေး၌ဖြစ်ဘူးသောအရပ်၌တပ်ခြင်းဟူသောနိကန္တိတဏှာကိုမဖြတ်နိုင်ချေသောကြောင့်ငါတို့ကိုအရိုးတွင်ပုဂ္ဂိုလ်ဟု ဆို၍ ပြင်းစွာ နှိပ်စက်ချေသည်ဟု သိကုန်၍၊ ထိုဂေါပကနတ်သား၏ စကားကို နာလျက်။ နှစ်ယောက်သော ဂန္ဓဗ္ဗနတ်တို့သည် ရဘူးသောပဌမဈာန်၌သတိကိုရ၍ ပဌမဈာန်ကိုအခြေပြုလျက်၊ သစ္စာ ၄ ပါး(?)ရတို့ကို သုံးသပ်ကုန်လျက်၊ အနာဂါမိဖိုလ်၌ တည်လေကုန်၏။ ထိုအခါ ထိုသူတို့အား။ နည်းသောအာနုဘော်ရှိသော ကာမာဝစရအတ္တဘောသည် ဆောင်ရွက်ခြင်းငှါ မတတ်နိုင်သဖြင့်။ ထိုခဏ၌ မတ်တတ်ရပ်လျက်ပင်စုတေ၍၊ ဗြဟ္မပုရောဟိတာဘုံ၌ ရပ်လျက် မတ်တတ်ပင်ဖြစ်လေကုန်၏။ ဂန္ဓဗ္ဗနတ်သားတယောက်သည်ကား နိကန္တိကို မဖြတ်နိုင်ခြင်းကြောင့် ထိုစာတုမဟာရာဇ် နတ်ပြည်၌ပင် အမြဲနေလေ၏ဟု မိန့်တော်မူ၏။ ။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူသောရှင်ပင်ဘုရား၊ ထိုနတ်သားသုံးယောက်တို့တွင်နှစ်ယောက်သောဂန္ဓဗ္ဗနတ်တို့သည်ဤမျက်မှောက်သောကိုယ်၏အဖြစ်၌ ရှင်ပင်ဘုရား၏ အကျင့်တရားကိုသိ၍ အကျွန်ုပ်တို့၏ မြင်စဉ်ပင်လျှင် ဗြဟ္မပုရောဟိတာဘုံသို့ဖြစ်၍ မဂ်ဖိုလ်အထူးကိုရကုန်ပြီ။ အကျွန်ုပ်တို့သည်လည်း ထိုနတ်သားနှစ်ယောက်တို့သိသောတရားကို ရောက်ခြင်းငှါ လာပါကုန်၏။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ပြုအပ်ပြီးသော အခွင့်ရှိသော အကျွန်ုပ်တို့သည် ရှင်ပင်ဘုရားအား ပြဿနာမေးပါကုန်အံ့ဟု သိကြားလျှောက်သော်။ မြတ်စွာဘုရားအား ဤသို့သောအကြံသည်ဖြစ်၏။ ဤသိကြားသည် ရှည်စွာသောညဉ့်ပတ်လုံးစင်ကြယ်သောပညာရှိ၏။ အကြင်အမှတ်မရှိသောပြဿနာကိုငါ့အား ဤသိကြားမေးလေအံ့။ ထိုအလုံးစုံသောပြဿနာကို အကျိုးနှင့်စပ်သည်ကိုသာလျှင် မေးလတ္တံ့။ အကျိုးမရှိသည်ကို မမေးလတ္တံ့။ ထိုသိကြားမေးအပ်သည်ဖြစ်၍ငါသည်လည်းအကြင်အဖြေကိုဖြေလတ္တံ့။

www.dhammaransi.com



ထိုအဖြေကိုဤသိကြားလျှင်စွာသိလတ္တံ့ဟုကြံတော်မူ၍။ ။ပုစ္ဆာဝါသဝံ ပဥ္ဟံ၊ယံကိဉ္စိ မနသိစ္ဆသိ။တဿတဿေဝပဥ္ဟဿ၊အဟံ အန္တံ ကရောမိ တေ။ ။ဟူသောဂါထာဖြင့် မိန့်တော်မူ၏။ ။ဝါသဝ၊ သိကြားမင်း။ ယောတွံ၊အကြင်သင်သိကြားမင်းသည်။ ယံကိဉ္စိ၊အကြင်အမှတ်မဲ့ တပါးပါးသော။ ယံပဥှံ၊ အကြင်ပြဿနာအမေးကို။ မနသာ၊ နှလုံးဖြင့်။ ဣစ္ဆသိ၊အလိုရှိ၏။ သောတွံ၊ထိုသင်သိကြားမင်းသည်။ တံပဥှံ၊ထိုမေးလိုသောပြဿနာကို။မံ၊ငါဘုရားကို။ပုစ္ဆ၊မေးလော့။ အဟံ၊ငါဘုရားသည်။ တေ၊သင်သိကြားမင်းအား။ တဿတဿေဝ၊ထိုထိုသို့သောပြဿနာ၏သာလျှင်။အန္တံ၊အဆုံးဖြစ်သောအဖြေကို။ကရောမိ၊ပြုအံ့။ ။

ဤသို့မိန့်သောအခါ သိကြားမင်းသည် မြတ်စွာဘုရားသည် ငါ့အား ခွင့်ပြုတော်မူပြီဟုသိ၍ ရှေးဦးစွာသော ဤပြဿနာကိုမေး၏။ ။ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ နတ်၊ လူ၊ အသုရာ၊ နဂါး၊ ဂန္ဓဗ္ဗတို့သည်၎င်း။ ထိုမှတပါးများစွာသောသူတို့သည်၎င်း။ ရန်မရှိကုန်သည်၊ ဒဏ်မရှိကုန်သည်၊ ဆန့်ကျင်ဘက်မရှိကုန်သည်ဖြစ်၍၊ စိုးရိမ်ခြင်း ကြောင့် ကြခြင်းမရှိကုန်သည်ဖြစ်၍ နေရလို၏ဟု ထိုသူတို့အား အလိုသည်ဖြစ်၏။ ထိုသို့လျက်လည်း၊ အဘယ်မည်သော သံယောဇဉ်ကြောင့် ရန်ရှိသည်ဖြစ်၍၊ ဒဏ်ရှိသည်ဖြစ်၍၊ စောင်းမြောင်းခြင်းရှိသည်ဖြစ်၍ နေရကုန်သနည်း။ ထိုနတ်၊ လူ၊ အသုရာ၊နဂါး၊ဂန္ဓဗ္ဗတို့အား၎င်း၊ ထိုမှတပါးများစွာသောသူတို့အား၎င်း၊ ဤသို့ဖြစ်ဘိသနည်းဟု ပဌမမေးလျှောက်သော်။ ဣဿာမစ္ဆရိယသံယောဇဉ်ကြောင့်ဟု ဖြေတော်မူ၏။ ။ရှင်ပင်ဘုရား၊ ဣဿာမစ္ဆရိယ သံယောဇဉ်၏ အကြောင်းသည် အဘယ်နည်းဟု ဒုတိယပြဿနာကိုမေးပြန်သော်။ ဣဿာမစ္ဆရိယသံယောဇဉ်၏အကြောင်းကား။ ချစ်၊မချစ်၊နှစ်ပါးလျှင်တည်းဟု ဖြေတော်မူ၏။ ။ချစ်၊မချစ်၊နှစ်ပါး၏အကြောင်းကား အဘယ်နည်းရှင်ပင်ဘုရားဟုတတိယပြဿနာကို မေးပြန်သော်။ ချစ်၊ မချစ်၊ နှစ်ပါး၏ အကြောင်းကား။ သိကြားမင်း၊ ဆန္ဒလျှင်တည်းဟု ဖြေတော်မူ၏။ ။ဆန္ဒ၏အကြောင်းကား အဘယ်နည်းဟု စတုတ္ထပြဿနာကို လျှောက်ပြန်သော်။ ဆန္ဒ၏အကြောင်းကား။ ဝိတက်လျှင်တည်းဟု ဖြေတော်မူ၏။ ။ဝိတက်၏အကြောင်းကား အဘယ်နည်း ရှင်ပင်ဘုရားဟု ပဥ္စမပြဿနာကိုမေးလျှောက်ပြန်သော်။ သိကြားမင်း၊သံသရာ်ဝဋ်ကိုအကျယ်ချဲ့တတ်သော၊

www.dhammaransi.com



တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော ပပဉ္စသညာအတ္တိအစုကြောင့်ဖြစ်၏။ ထိုပပဉ္စသညာလျှင် ဝိတက်၏အကြောင်းတည်းဟု ဖြေတော်မူ၏။ ။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ အဘယ်သို့ကျင့်သောရဟန်းသည် ပပဉ္စသညာ၏ ချုပ်ခြင်းနှင့် လျော်ကပ်သော နိဗ္ဗာန်သို့ ရောက်စေတတ်သော အကျင့်ကို ကျင့်သည်ဖြစ်သနည်းဟု ဆဋ္ဌပြဿနာကိုမေးပြန်၏။သိကြားမင်း၊မှီဝဲအပ်သော သောမနဿဝေဒနာ၊ မမှီဝဲအပ်သော သောမနဿဝေဒနာ၊ နှစ်ပါးတို့တွင်၊ အကြင် သောမနဿဝေဒနာကို မှီဝဲသော် အကုသိုလ်တရားတို့သည် ယုတ်ကုန်၏။ ကုသိုလ် တရားတို့သည်ပွါးကုန်၏။ ထိုသောမနဿဝေဒနာကို မှီဝဲအပ်၏၊ အကြင်သောမနဿဝေဒနာကိုမှီဝဲသော် အကုသိုလ်တရားတို့သည် ပွါးကုန်၏။ ကုသိုလ်တရားတို့သည်ယုတ်ကုန်၏။ထိုသောမနဿဝေဒနာကိုမမှီဝဲအပ်။ ထိုမှီဝဲအပ်သောသောမနဿဝေဒနာသည်။ သဝိတက္ကသဝိစာရသော မနဿဝေဒနာ၊အဝိတက္ကအဝိစာရသောမနဿဝေဒနာ၊ဟူ၍ နှစ်ပါးရှိကုန်၏။ထိုနှစ်ပါးတို့တွင်။အဝိတက္ကအဝိစာရသောမနဿဝေဒနာသည် မွန်မြတ်စွာ၏။ မှီဝဲအပ်သောဥပေက္ခာဝေဒနာ၊မမှီဝဲအပ်သောဥပေက္ခာဝေဒနာ၊ဟူ၍နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်၊အကြင်ဥပေက္ခာဝေဒနာကိုမှီဝဲအပ်သော် အကုသိုလ်တရားပွါး၏။ ကုသိုလ်တရား ယုတ်၏။ ထိုဥပေက္ခာဝေဒနာကိုမမှီဝဲအပ်။အကြင်ဥပေက္ခာဝေဒနာကိုမှီဝဲသော် အကုသိုလ်တရားယုတ်၏၊ ကုသိုလ်တရား ပွါး၏။ ထိုဥပေက္ခာဝေဒနာကိုမှီဝဲအပ်၏။ ထိုမှီဝဲအပ်သော ဥပေက္ခာဝေဒနာသည် သဝိတက္ကသဝိစာရဥပေက္ခာ၊ အဝိတက္ကအဝိစာရဥပေက္ခာ၊ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်၊ အဝိတက္ကအဝိစာရဥပေက္ခာဝေဒနာကို မှီဝဲသောသူအား မွန်မြတ်စွာ၏ဟု ဖြေတော်မူ၏။ ။(ဤဥပေက္ခာဝေဒနာကို ဖြေတော်မူသောအဆုံး၌၊သိကြားမင်းသည် ရှစ်သောင်းလေးထောင်သော နတ်တို့နှင့်တကွ သောတာပတ္တိဖိုလ်၌တည်လေ၍ သောတာပန်ဖြစ်လေ၏။ သို့လောသို့လောဟု ယုံမှားခြင်းကင်း၏။ ဝိဂတကထံကထာဟူသော ဩဘင့်ကိုနတ်အင်ပြီးသည်ဖြစ်၏)။ ။ထိုနောင်မှ၊ ဆင်းရဲကင်းသောရှင်ပင်ဘုရား၊ အဘယ်သို့သောအကြောင်းဖြင့် ပါတိမောက္ခသံဝရကို စောင့်ခြင်း၌ကျင့်သည်ဖြစ်သနည်းဟုမေးလျှောက်၏၊ အကုသိုလ်တရားပွါးသော၊ ကုသိုလ်တရားယုတ်သော၊ မမှီဝဲအပ်သော ကာယသမာစာရ၊

www.dhammaransi.com



ဝစီသမာစာရကို မမှီဝဲမူ၍။ အကုသိုလ် တရား ယုတ်သော၊ ကုသိုလ် တရား ပွါးသော၊ မှီဝဲအပ်သော ကာယသမာစာရ၊ ဝစီသမာစာရကို မှီဝဲသောရဟန်းသည် ပါတိမောက္ခသံဝရကို စောင့်ခြင်းငှါကျင့်သည် မည်၏ဟုဖြေတော်မူ၏။ ။ထိုနောင်မှ၊ဆင်းရဲကင်းသောရှင်ပင်ဘုရား၊ အဘယ်သို့သော အကြောင်းဖြင့် ဣန္ဒြိယသံဝရသီလကို စောင့်ခြင်းငှါ ကျင့်သောသည်သည်ဖြစ်သနည်းဟုမေးလျှောက်၏၊သိကြားမင်း၊အကုသိုလ်တရားပွါးရသော၊ ကုသိုလ်တရားယုတ်ရသော၊ ဝိညာဉ်ခြောက်ပါးဖြင့်မမှီဝဲအပ်သော အာရုံခြောက်ပါးကိုမမှီဝဲမူ၍။ အကုသိုလ်တရား ယုတ်ရသော၊ ကုသိုလ်တရားပွါးရသော၊ ဝိညာဉ်ခြောက်ပါးဖြင့် မှီဝဲအပ်သော အာရုံခြောက်ပါးကိုမှီဝဲသောရဟန်းသည် ဣန္ဒြိယသံဝရသီလကိုစောင့်ခြင်းငှါကျင့်သည်ဖြစ်၏ဟုဖြေတော်မူ၏။ ။ထိုနောင် ရှင်ပင်ဘုရား၊ ခပ်သိမ်းသော ရဟန်းပုဏ္ဏားတို့သည်၊ တူသောအယူ၊ တူသောသီလ၊တူသောဆန္ဒ၊တူသောအလိုရှိကုန်သလောဟုမေးလျှောက်၏။ သိကြားမင်း၊ခပ်သိမ်းသောရဟန်းပုဏ္ဏားတို့သည် တူသောအယူ၊ တူသော သီလ၊ တူသောဆန္ဒ၊ တူသောအလို မရှိကုန်ဟု ဖြေတော်မူ၏။ ။ထိုနောင်မှ အဘယ်ကြောင့်နည်းဟု မေးပြန်၍။ သိကြားမင်း၊ ခပ်သိမ်းသောသတ္တဝါတို့သည် အထူးထူးသောဓာတ်ရှိကုန်၏။ အထူးထူးသော ဓာတ်ရှိသော လောက၌ အကြင်အကြင်ဓာတ်တို့၏ အစွမ်းအားဖြင့် သုံးသပ်ကုန်၏။ ထိုထိုသို့သောဓာတ်ကိုသာလျှင် နှလုံးသွင်း၍ ခေါ်ဝေါ်ကုန်၏။ ထို့ကြောင့် မတူကုန်ဟု မိန့်တော်မူ၏။ ။ထိုနောင်မှ ရှင်ပင်ဘုရား၊ ခပ်သိမ်းသော ရဟန်းပုဏ္ဏားစသော သတ္တဝါတို့သည် စင်စစ်ပြီးကုန်၏လော။ စင်စစ်ရာဂတို့၏ကုန်ခြင်းသည် ရှိသလော။ စင်စစ် မြတ်သော အကျင့်ရှိသလော။ စင်စစ် အဆုံးရှိသလောဟူ၍ မေးလျှောက်၏။ သိကြားမင်း၊ခပ်သိမ်းသောရဟန်းပုဏ္ဏားစသောသတ္တဝါတို့သည် စင်စစ်မပြီးကုန်။ စင်စစ်ရာဂတို့၏ကုန်ခြင်းသည် မရှိကုန်ဟု ဖြေတော်မူ၏။ ။အဘယ်ကြောင့်နည်းဟုမေးလျှောက်ပြန်၏။သိကြားမင်း၊ အကြင်ရဟန်းပုဏ္ဏားစသောသတ္တဝါတို့သည် တဏှာဟုဆိုအပ်သောပပဉ္စသညာအတို့မှလွတ်ကုန်၏။ ထိုရဟန်းပုဏ္ဏားစသောသတ္တဝါတို့သည်စင်စစ်ပြီးခြင်းရှိကုန်၏။ အကြင်ရဟန်းပုဏ္ဏားစသောသတ္တဝါတို့သည်တဏှာဟုဆိုအပ်သော ပပဉ္စသညာအတို့မှမလွတ်ကုန်။ထို

www.dhammaransi.com



ရဟန်းပုဏ္ဏားစသော သတ္တဝါတို့သည် စင်စစ်မပြီးဆုံးနိုင်။ ဤသို့မြတ်စွာဘုရားသည် သိကြားမင်းအား ဖြေတော်မူသော်။ ။သိကြားမင်း နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ ဤသို့လျှောက်၏။ ဘုန်းတော် ကြီးသော ရှင်ပင်ဘုရား၊ တုန်လှုပ်စေတတ်သော တဏှာသည် အနာမည်၏။ အိုင်းမည်၏။ သတ္တဝါတို့ ငြောင့်မည်၏။ တဏှာသည် ဤယောကျ်ားကို ထိုသို့သောဘဝကို ဖြစ်စေခြင်းငှါငင်တတ်၏။ ထို့ကြောင့် သတ္တဝါတို့သည် မြတ်သည် ယုတ်သည်ဟူ၍ ဖြစ်၏။ ရှင်ပင်ဘုရား၊ ဤပြဿနာတို့ကို ငါဖြေအံ့ဟု ခွင့်ပေးခြင်း အမှုကိုမျှလည်း ရှင်ပင်ဘုရားမှတပါးသော ရဟန်းပုဏ္ဏားတို့သည် ခွင့်မပြုဘူးလေ။ ထိုပြဿနာတို့ကို ရှင်ပင်ဘုရားသည် ဖြေတော်မူပေ၏။ ရှည်စွာသောညဥ့်ပတ်လုံး အကျွန်ုပ်နှလုံး၌ရှုးဝင်သော ငြောင့်ကို ရှင်ပင်ဘုရားသည် နုတ်တော်မူပေ၏ဟုလျှောက်၍။ သိကြားမင်း၊ ဤပြဿနာတို့ကို ငါမှတပါးသောရဟန်းပုဏ္ဏားတို့၌ မေးဘူးသည်ကို အမှတ်ရ၏လောဟု မြတ်စွာဘုရားမေးတော်မူသော်။ တပါးသောရဟန်းပုဏ္ဏားတို့၌ မေးဘူးသည်ကိုအမှတ်ရပါ၏ဟုလျှောက်သဖြင့်။ ထိုရဟန်းပုဏ္ဏားတို့သည် အဘယ်သို့ဖြေကုန်သနည်း။ အကယ်၍သင့်အားဝန်မလေးသည်ဖြစ်အံ့၊ ငါ့အားဆိုပါလော့ဟုမိန့်တော်မူ၏ ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားကဲ့သို့သဘောရှိသော ဘုရားသခင်ထံ၌နေသော အကျွန်ုပ်အား ဖြေရန် ဝန်မလေးပါ။ အရှင်ဘုရား။ အကြင် ရဟန်းပုဏ္ဏားတို့သည် တော၌နေ၏။ အစွန်ဖြစ်သောကျောင်းအိပ်ရာနေရာရှိ၏၊ ထိုရဟန်းပုဏ္ဏားတို့သို့ကပ်၍ ဤပြဿနာတဆဲ့လေးပါးကို အကျွန်ုပ်မေးသော်၊ ပြည့်စုံစွာမဖြေနိုင်ကုန်။ ထိုသို့မဖြေနိုင်ကုန်သည်ဖြစ်၍ ဆင်းရဲမရှိသောအမောင်၊ အသက်ရှည်သော ငါ့ရှင်သည် အဘယ်အမည်ရှိသနည်းဟု အကျွန်ုပ်ကိုသာလျှင်မေးကုန်၏။ ငါသည် သိကြားတည်းဟု ဆိုအပ်သော်၊ အကျွန်ုပ်ကို ထိုရဟန်းပုဏ္ဏားတို့သည် ထို့ထက်အလွန် မေးမြန်းကုန်၏။ သိကြားမင်း၊ ငါ့ရှင်သည် အဘယ်မည်သောကောင်းမှုကိုပြု၍ ဤအရာကိုရသနည်းဟုမေးမြန်းကုန်သဖြင့်။ ထိုသူတို့အား အကျွန်ုပ်သည် ကြားဘူးတိုင်း သင်ဘူးတိုင်းသောတရားကိုဟော၏။ ထိုသို့ဟောကာမျှဖြင့် ထိုသူတို့သည် ငါတို့ကား သိကြားကိုလည်းမြင်ရ၏။ ငါတို့အမေးကိုလည်း ဖြေပေ၏ဟု နှစ်လိုဝမ်းမြောက်ကုန်၏။ စင်စစ် ထိုသူတို့သည် အကျွန်ုပ်၏တပည့်သာ

www.dhammaransi.com



ဖြစ်ကုန်၏။ အကျွန်ုပ်သည် ထိုသူတို့၏ တပည့်မဖြစ်။ ဘုန်းတော်ကြီး
သောရှင်ပင်ဘုရား၊ အကျွန်ုပ်သည်ကား ရှင်ပင်ဘုရား၏ တပည့်ဖြစ်၏။
သောတာပန်ဖြစ်၏။ အပါယ်လေးပါးသို့မကျတတ်သောသဘောရှိ၏။
မြဲသောအလားရှိ၏။သမ္ဗောဓိတရားလျှင် လည်းလျောင်းရာရှိ၏ဟု
သိကြားမင်း မြတ်စွာဘုရားကို လျှောက်၏။ ။သိကြားမင်း၊ သင်ရှေးဌ
ဤသို့သဘောရှိသော နှစ်လိုဝမ်းမြောက်ခြင်းကိုရဘူးသည်ကိုမှတ်မိ၏
လောဟု မေးတော်မူသော်။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား။ ရဘူး
သည်ကိုမှတ်မိပါ၏ဟုလျှောက်၏။ အဘယ်သို့မှတ်မိပါသနည်းဟုမေး
တော်မူ၍။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ အသုရာတို့နှင့် အကျွန်ုပ်
တို့သည် စစ်ထိုးခြင်းသည်ဖြစ်၏။ထိုစစ်ထိုးရာ၌ နတ်တို့သည် အောင်
ကုန်၏။ အသုရာတို့သည် ရှုံးကုန်၏၊ ရှင်ပင်ဘုရား၊ ထိုအသုရာစစ်ကို
အောင်၍၊ အောင်ပြီးသောစစ်မြေရှိသော အကျွန်ုပ်အား ဤသို့သောအ
ကြံသည်ဖြစ်၏။ အကြင်နတ်ပြည်၌ဖြစ်သောဩဇာ၊အသုရာပြည်၌ဖြစ်
သောဩဇာတို့သည်ရှိကုန်၏။ထိုဩဇာနှစ်ပါးတို့ကို နတ်တို့သည်သာ
စားရလတ္တံ့ဟူ၍ ဝမ်းမြောက်ခြင်းကိုရ၏။ ထိုသို့ရခြင်းသည် ဒဏ်နှင့်
တကွဖြစ်၏။ ထားလက်နက်နှင့်တကွဖြစ်၏။ ငြီးငွေ့ခြင်းငှါ၊ ရာဂကင်း
ခြင်းငှါ၊ ချုပ်ခြင်းငှါမဖြစ်ရွှ။ ရှင်ပင်ဘုရား၏ တရားတော်ကို နာရသော
ကြောင့် ရအပ်သော ဝမ်းမြောက်ခြင်းသည်ကား ဒဏ်နှင့်တကွမဖြစ်၊
ထားလက်နက်နှင့် တကွ မဖြစ်။ စင်စစ်လျှင် ငြီးငွေ့ခြင်းငှါ၊ ရာဂကင်း
ခြင်းငှါ၊ချုပ်ခြင်းငှါဖြစ်၏ဟု သိကြားလျှောက်၏။ သင်သိကြားမင်းအား
အဘယ်မည်သောအကျိုးတို့ကို မြင်သည်ဖြစ်၍ ဤသို့ သဘောရှိသော
ဝမ်းမြောက်ခြင်းကိုကြားသနည်းဟု မြတ်စွာဘုရားမေးတော်မူပြန်လေ
လျှင်။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ခြောက်ပါးသောအကျိုးထူး
ကိုမြင်၍ ဤသို့သဘောရှိသောဝမ်းမြောက်ခြင်းကို ကြားပါ၏ဟု လျှောံ
သော်။ ခြောက်ပါးသော အကျိုးထူး အဘယ်နည်းဟု မေးတော်မူပြန်
သဖြင့်။ ရှင်ပင်ဘုရား။ 'ဤအရပ်၌ပင်နေသော နတ်ဖြစ်သော အကျွန်ုပ်
အား၊နတ်တို့၏အသက်ကိုရအပ်ပြီ၊ ဤရှေးဦးစွာသောအကျိုးထူး။ နတ်
ပြည်မှစုတေသော် နတ်၏အသက်ကိုစွန့်၍။ 'အကြင်အရပ်၌ ငါ၏နှလုံး
သည်မွေ့လျော်၏၊ ထိုအရပ်၌ မတွေဝေသည်ဖြစ်၍ အမိဝမ်းတိုက်သို့
ပဋိသန္ဓေအားဖြင့်ရောက်လတ္တံ့။ဤနှစ်ခုမြောက်သောအကျိုးထူး။ ငါသည်

www.dhammaransi.com



တွေ့ဝေခြင်းမရှိဘဲ။ ဘုရားသာသနာ၌ မွေ့လျော်လျက် အသင့်အားဖြင့် နေရလတ္တံ့။ ဤသုံးခုမြောက်သောအကျိုးထူး။ အကြင်အခြင်းဖြင့်ငါ့အား အကြင် သစ္စာလေးပါး တရားသည် အကယ်၍ ဖြစ်လတ္တံ့။ ဤလေးခု မြောက်သောအကျိုးထူး။ငါသည်လူ့ပြည်မှစုတေ၍ လူ့ပြည်၌ဖြစ်သော ကိုယ်ကိုစွန့်၍ တဘန်နတ်ပြည်၌မြတ်သောနတ်သည်ဖြစ်လတ္တံ့။ ဤငါး ခုမြောက်သော အကျိုးထူး။ ငါ့အား အဆုံးစွန်သော ကိုယ်ဖြစ်သည်ရှိ သော် များသောအခြံအရံရှိကုန်သောအကနိဋ္ဌဗြဟ္မာတို့၏နေရာသည် ငါ၏နေရာဖြစ်လတ္တံ့။ ဤခြောက်ခုမြောက်သောအကျိုးထူး။ ဤခြောက် ပါးသောအကျိုးထူးတို့ကိုမြင်၍ ဤသို့သဘောရှိသော ဝမ်းမြောက်ခြင်း ကို အကျွန်ုပ်ကြားပါ၏။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ အပြီးသို့ မရောက်သော အကြံရှိသည် ဖြစ်၍၊ ယုံမှားခြင်းရှိသည် ဖြစ်၍၊ ရှင်ပင် ဘုရားကို ရှာလျက် ရှည်စွာသော အခွန့်ပတ်လုံး အကျွန်ုပ်သည် ကျင် လည်ရပြီ။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ အကြင်သူတို့ကို ဆိတ် ငြိမ်ရာအရပ်၌နေကုန်သော ရဟန်းတို့ဟူ၍ မှတ်အပ်ကုန်၏။ ထိုသူတို့ ကို အဘယ်သို့သောအကြောင်းဖြင့် နှစ်သက်ခြင်း၊ ဆန့်ကျင်ခြင်းသည် ဖြစ်ပါသနည်းဟုမေးပါသော်လည်း။ ထိုသူတို့သည် အကြောင်း၌ရင်း၊ အကျင့်၌ရင်း၊ ဖြေခြင်း၌မပြည့်စုံစေနိုင်ကုန်။ ရှင်ပင်ဘုရား၊ ထိုရဟန်း ဟူ၍ မှတ်အပ်သောသူတို့သည် အကြင်အခါ၌ အကျွန်ုပ်သိကြားသည် လာ၏ဟုသိကုန်၏။ထိုအခါ၌အကျွန်ုပ်ကိုသာလျှင်အဘယ်ကောင်းမှုကို ပြု၍ ဤသိကြားမင်း၏အဖြစ်သို့ရောက်သနည်းဟု မေးကုန်၏။ ကြားဘူး တိုင်းသော တရားကို ထိုသူတို့အား အကျွန်ုပ်သည် ဟောရ၏။ ဤသို့ အကျွန်ုပ်ဟောကာမျှတည်းဖြင့် ငါတို့သည် တရားကိုလည်း ကြားရ၏။ သိကြားမင်းကိုလည်းမြင်ရပေ၏ဟု ဝမ်းမြောက်ကုန်၏။အကြင်အခါ၌ ဝိစိကိစ္ဆာကို ပျောက်တတ်သော မြတ်စွာဘုရားကို အကျွန်ုပ်သည် မြင် ၏။ ထိုအခါ အကျွန်ုပ်သည် မြတ်စွာဘုရားကိုဆည်းကပ်ပါပြီ၊ တဏှာ တည်းဟူသောငြောင့်ကို နုတ်တတ်သော၊ တုဘက်ကင်းသော ပုဂ္ဂိုလ် ဖြစ်တော်မူထသော၊ ကြီးသောလုံ့လရှိတော်မူထသော၊ နေမင်း၏ အ ဆွေဖြစ်တော်မူထသော မြတ်စွာဘုရားကို အကျွန်ုပ်သည် ရှိခိုးပါ၏ဟု ရှိခိုးပြီး၍၊ သိကြားသည် ပဉ္စသိခနတ်သားကိုခေါ်၍။ ပဉ္စသိခနတ်သား၊ အကြင်သင့်အား ရှေးဦးစွာမြတ်စွာဘုရားကိုကြည်ညိုစေ၏။ ရှေးဦးစွာ

www.dhammaransi.com



သင့်အား ကြည်ညိုစေအပ်ပြီးသောမြတ်စွာဘုရားကို ငါတို့သည်ပြသနာမေးရပေကုန်၏။ ထိုမြတ်စွာဘုရားကိုဖူးမြင်ခြင်း၌ ငါတို့သည်ရပေ၏။ထိုသင်နတ်သားသည် ငါတို့အားကျေးဇူးကြီးလှပေ၏။ ထို့ကြောင့် အဘ၏အရာ၌သင့်ကိုငါထားပါ၏။ သင်သည် ဂန္ဓဗ္ဗနတ်မင်းကြီးဖြစ်ရလတ္တံ့။ ဘဒ္ဒါအမည်ရှိသောသူရိယဝစ္စသာကိုလည်း သင့်အား ငါပေး၏။ ထိုသူရိယဝစ္စသာသည်လည်း သင်ပဥ္စသိခနတ်သားကို အလွန်ပင်တောင့်တလိုချင်ချစ်ခင်လေးမြတ်၏။ ဤသို့ဆို၍ သူရိယဝစ္စသာကို ပဥ္စသိခနတ်သားအားပေးပြီးသော်။သိကြားမင်းသည် မြေကြီးကိုလက်ဖြင့်အထပ်ထပ်သုံးသပ်၍။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ဟူ၍ ဥဒါန်းကိုဆို၏။ ။(ဤနမောတဿအစရှိသည်ကား သိကြားမင်း၏ဥဒါန်းရှိခိုးဂါထာတည်း)။ ။

---

## ၅၁။ ပါဠလိရွာငယ်နယ်စပ်၌ အခွန်ဘဏ္ဍာကိုအကြောင်းပြု၍အဇာတသတ်မင်းနှင့် လိစ္ဆဝီမင်းတို့စစ်ဖြစ်ကြခြင်းအကြောင်း။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ နေတော်မူသောအခါ။ အဇာတသတ်သည် လိစ္ဆဝီမင်းတို့ကို စစ်ထိုးလိုသည်ဖြစ်၍။ ငါသည်ဤသို့တန်းခိုးကြီးကုန်သော အာနုဘော်ကြီးကုန်သော ဝဇ္ဇီမင်းတို့ကို ဖြတ်အံ့၊ ပျက်ဆီးအံ့၊ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်သည်ဖြစ်စေအံ့ဟူ၍။ ရပ်သောအခါထိုင်သောအခါစသည်တို့၌ဆိုလေ့ပြု၏။ စစ်ထိုးသွားအံ့သော၌ ဗိုလ်ပါတို့ကိုစေ့စပ်၏။ အဘယ့်ကြောင့် ဤမင်းအား ဝဇ္ဇီမင်းတို့ကို စစ်ထိုးခြင်း၌ အလို ဖြစ်လေသနည်း ဟူငြားအံ့။ ဂင်္ဂါနား၌ ပါဠလိမည်သော ရွာငယ်တရွာသည်ရှိ၏။ ထိုရွာကိုအမှီပြု၍။ ဂင်္ဂါ၏အလယ်၌ ယူဇနာခွဲတိုင်အောင် အဇာတသတ်၏ အာဏာဖြစ်၏။ ဝဇ္ဇီမင်းကလည်းယူဇနာခွဲတိုင်အောင်အာဏာထား၏။ တောင်ခြေရင်းမှ အဘိုး ထိုက်တန်သော ဘဏ္ဍာသည် ပါဠလိရွာသို့ တနှစ်တကြိမ် အရောင်းကျလာ၏။ အဇာတသတ်မင်းသည် ထိုဘဏ္ဍာကိုယူအံ့သော၌ ယနေ့သွားအံ့၊ နက်ဖြန်သွားအံ့၊ ကြိစဉ်အတွင်း။ လိစ္ဆဝီမင်းတို့ကအလျင်လာ၍ အလုံးစုံကိုယူသွားလေ၏။ အဇာတသတ်မင်းကား

www.dhammaransi.com



နောက်ကျသဖြင့်ထိုဘဏ္ဍာတို့ကိုမရရှိ၏။ဤသို့ရှိဘန်များသဖြင့်ရန်ငြိုး ဘွဲ၍ စစ်ထိုးခြင်းငှါ အလိုရှိသည်ဖြစ်သတည်း။ ထိုနောင်မှ ကြံပြန်၏။ အပေါင်းနှင့်တကွစစ်ထိုးခြင်းမည်သည် ဝန်လေး၏။အချည်းနှီးထိုးခုတ် ခြင်းမည်သည်မရှိ ထို့ကြောင့်တယောက်သောပညာရှိနှင့်တိုင်ပင်၍စစ် ထိုးရမှုကား အပြစ်သည်ကင်းရာ၏။ ဘုရားမြတ်စွာနှင့်တူသောပညာရှိ မည်သည်လည်း လောက၌မရှိပြီ။ မြတ်စွာဘုရားသည်လည်း အဦး ဖြစ် သောကျောင်း၌နေတော်မူ၏။ ထိုအရပ်သို့သွား၍ မြတ်စွာဘုရားကိုမေး စေအံ့။ ငါစစ်သွား၍အကျိုးရှိမူကား မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေ တော်မူလတ္တံ့။အကျိုးမရှိမူကား မင်းကြီးသွား၍ အဘယ်မှုစအံ့နည်းဟု မိန့်ဆိုတော်မူလတ္တံ့။ ဤသို့ ကြံပြီးသော် ဝဿကာရပုဏ္ဏားကို ခေါ်၍၊ ပုဏ္ဏား၊ သင်သည် မြတ်စွာဘုရားသို့ ကပ်၍ ငါ၏စကားဖြင့် မြတ်စွာ ဘုရား၏ခြေတော်တို့ကို ရှိခိုးချေ။ မြတ်စွာဘုရားအား အနာနည်းသော အဖြစ်၊ ကြောင့်ကြနည်းသောအဖြစ်စသည်ကိုမေးချေ။ ဘုန်းတော်ကြီး သောရှင်ပင်ဘုရား၊ အဇာတသတ်မင်းသည် ရှင်ပင်ဘုရား၏ခြေတော် တို့ကို ရှိခိုးပါ၏။ အနာနည်းသောအဖြစ်၊ ကြောင့်ကြနည်းသောအဖြစ်၊ ပေါ့ပါးသောအရာ၊ ချမ်းသာစွာနေရခြင်းတို့ကို မေး၏။ အဇာတသတ် မင်းသည် ဝဇ္ဇီမင်းတို့ကိုစစ်ထိုးလို၏။တန်ခိုးအာနုဘော်ကြီးကုန်သော ဝဇ္ဇီမင်းတို့၏အမျိုးကို ငါသည်ဖြတ်အံ့၊ အကျိုးမဲ့ပျက်စီးခြင်းသို့ရောက် စေအံ့ဟုဆိုသည်ဟု လျှောက်လေ။ မြတ်စွာဘုရားဆိုသော စကားကို မှတ်၍ငါ့အားကြားလေ့။ဘုရားမြတ်တို့သည်ချွတ်ယွင်းသောစကားကို မဆိုကုန်ဟုဆိုသော်။ ကောင်းပြီအရှင်မင်းကြီးဟု ဝန်ခံ၍ ဝဿကာရ ပုဏ္ဏားသည် မြတ်စွာဘုရားသို့ကပ်၍ မင်းကြီး မှာလိုက်တိုင်းကို ကြား လျှောက်၏။ ထိုအခါ၌အရှင်အာနန္ဒာသည် မြတ်စွာဘုရားအားယပ်လေ ခပ်၍ အနီး၌ နေလင့်၏။ မြတ်စွာဘုရားသည် ပုဏ္ဏားနှင့်တကွ စကား ခပြောမူ၍ အာနန္ဒာကိုခေါ်၍၊ အာနန္ဒာ၊ အသို့နည်း။ ဝဇ္ဇီမင်းတို့သည် မပြတ်လျှင် စည်းဝေးခြင်း များကုန်၏ဟု သင်ကြားဘူးသည် မဟုတ် လောဟု မေးတော်မူ၏။ ရှင်ပင်ဘုရား၊ ဝဇ္ဇီ မင်းတို့သည် မပြတ်လျှင် အညီအညွတ် စည်းဝေးတိုင်ပင်ခြင်းများသည်ကို အကျွန်ုပ်ကြားဘူး၏ ဟု လျှောက်သော်၊ အာနန္ဒာ၊ အကြင်မျှလောက်သော ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် မပြတ်အညီအညွတ်စည်းဝေးခြင်းများကုန်၏။ ထိုမျှ

www.dhammaransi.com



လောက်သောကာလပတ်လုံး ဝဇ္ဇီမင်းတို့၏ ပြန့်ပွါးစည်ပင်ခြင်းကိုသာ အလိုရှိအပ်၏။ ယုတ်ခြင်းကိုမလိုအပ်။ အသို့နည်း အာနန္ဒာ၊ ဝဇ္ဇီမင်းတို့သည် အညီအညွတ်စည်းဝေးကုန်၏။ အညီအညွတ်ထကုန်၏။ အညီအညွတ်ပြုအပ်သောအမှုတို့ကိုပြုကုန်၏ဟု သင်သည်ကြားဘူး၏လောဟုမေးတော်မူပြန်လျှင် ကြားဘူးပါ၏ဟု လျှောက်သဖြင့်။ အာနန္ဒာ၊အကြင်မျှလောက်သော ကာလပတ်လုံး အညီအညွတ် စည်းဝေးကုန်၏။ အညီအညွတ်ထကုန်၏။ ဝဇ္ဇီမင်းတို့ ပြုဘွယ်ကိစ္စကို အညီအညွတ်ပြုကုန်၏။ ထိုမျှလောက်သောကာလပတ်လုံး ဝဇ္ဇီမင်းတို့အားပွါးပြန့်ခြင်းကိုသာလိုအပ်၏။ယုတ်ခြင်းကိုမလိုအပ်။ အသို့နည်းအာနန္ဒာ၊ဝဇ္ဇီမင်းတို့သည် ရှေးမင်းတို့ မပညတ်အပ်သော အခွန် ဗာလိနတ်စာဒဏ်တို့ကို အသစ်မပညတ်မူ၍။ ရှေးပညတ်ထားအပ်သောအခွန်ဗာလိနတ်စာပေးခြင်း၊ ဒဏ်ထားခြင်း တို့ကို မလွန်စေမူ၍။ ရှေး ဝဇ္ဇီမင်းတို့၏ အကျင့်တရားကိုယူ၍ကျင့်ကုန်၏ဟု သင်သည်ကြားဘူး၏လောဟုမိန့်တော်မူပြန်လျှင်။ ကြားဘူးပါ၏ဟုလျှောက်သဖြင့်။ အာနန္ဒာ၊အကြင်မျှလောက်ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် ရှေးမင်းတို့မပညတ်အပ်သော အခွန်စသည်တို့ကိုမပညတ်မူ၍၊ ရှေးအစဉ်အားဖြင့်လာသော အခွန်ယူခြင်းအစရှိသည်တို့ကို မပြတ်စေမူ၍၊ ရှေးဝဇ္ဇီမင်းတို့၏ အကျင့် တရားကိုယူ၍ကျင့်ကုန်၏။ ထိုမျှလောက်ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ပြန့်ပွါးခြင်းကိုသာလိုအပ်၏၊ ဆုတ်ယုတ်ခြင်းကိုအလိုမရှိအပ်။ အာနန္ဒာ၊ အသို့နည်း။ ဝဇ္ဇီမင်းတို့သည် အမျိုးအသက်အရွယ်ကြီးကုန်သော ဝဇ္ဇီမင်းတို့ကို အရိုအသေအလေးအမြတ်ပြုကုန်၏၊ ပူဇော်ကုန်၏၊ ထိုသို့သောသူတို့၏စကားကို နားထောင်ကုန်၏ဟု ကြားဘူးကုန်၏လောဟု မေးတော်မူပြန်လျှင်၊ ကြားဘူးပါ၏ ရှင်ပင်ဘုရားဟု လျှောက်သဖြင့်။ အာနန္ဒာ၊အကြင်မျှလောက်ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် အမျိုးအသက်အရွယ်ကြီးကုန်သော ဝဇ္ဇီမင်းတို့အား အရို အသေ အလေး အမြတ်ပူဇော်သက္ကာရပြုကုန်၏။ ကြီးသောသူတို့၏စကားကို နားထောင်ကုန်၏။ ထိုမျှလောက်ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ပွါးစီးခြင်းကိုသာလိုအပ်၏။ယုတ်သည်မဖြစ်ရာ။ အသို့နည်းအာနန္ဒာ၊ဝဇ္ဇီမင်းတို့သည်အမျိုးမိန်းမတို့ကို၎င်း၊ အမျိုးသတို့သမီးတို့ကို၎င်း၊ အနိုင် အထက် နှိပ်စက်ညှဉ်းဆဲသဖြင့် မပုပ်နှံစေကုန်ဟူ၍ သင်သည်ကြားဘူးကုန်၏လောဟု

www.dhammaransi.com



မိန့်တော်မူသော်။ ရှင်ပင်ဘုရား၊ကြားဘူးပါ၏ဟုလျှောက်သဖြင့်။အာနန္ဒာ၊ အကြင်မျှလောက်သောကာလပတ်လုံးဝဇ္ဇီမင်းတို့သည် အမျိုးမိန်းမတို့ ကို အမျိုးသတို့သမီးတို့ကို အနိုင်အထက်နှိပ်စက်၍ မပူပန်စေကုန်။ထိုမျှ လောက်သောကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ပွါးပြန့်ခြင်းကိုသာ လို အပ်၏၊ အယုတ်ကိုမလိုအပ်။ အသို့နည်းအာနန္ဒာ။ ဝဇ္ဇီမင်းတို့သည် မြို့ တွင်းမြို့ပ၌ဖြစ်ကုန်သော စေတီယဌာနဟုဆိုအပ်ကုန်သော နတ်တို့ကို အရိုအသေအလေးအမြတ်ပြုကုန်၏။ ထိုနတ်တို့အား ပေးဘူးသည်ကို၊ ပြုဘူးသည်ကို၊ တရားနှင့်လျော်သော ဗာလိနတ်စာကို မယုတ်စေကုန် ဟူ၍ သင်သည် ကြားဘူးကုန်၏လောဟုမေးတော်မူပြန်သော်။ ရှင်ပင် ဘုရား၊ကြားဘူးပါ၏ဟုလျှောက်သဖြင့်။ အာနန္ဒာ၊မြို့တွင်းမြို့ပ၌ဖြစ်ကုန် သော ဝဇ္ဇီမင်းတို့ကိုးကွယ်ရာဖြစ်သောနတ်တို့ကို အရိုအသေ အလေး အမြတ်ပြုကုန်လျက်။ ရှေးမင်းတို့ပေးမြဲတိုင်းပြုမြဲအတိုင်း၊ တရားနှင့်လျော် စွာ နတ်ခွန်ပူဇော်သက္ကာရကို အကြင်မျှလောက်သော ကာလပတ်လုံး မယုတ်စေကုန်။ထိုမျှလောက်သောကာလပတ်လုံး ဝဇ္ဇီမင်းတို့အား။ထို နတ်တို့သည် မစောင့်ရှောက်သည်ဖြစ်၍၊ မဖြစ်သေးသောစည်းစိမ် ချမ်းသာတို့ကို ဖြစ်စေကုန်၏။ ဖြစ်ပြီးသော ချောင်းဆိုးကုတ်ဟီး အစ ရှိသောအနာတို့ကိုပျောက်စေကုန်၏။စစ်မြေအရပ်၌အဘော်အပေါင်း ဖြစ်၍ စောင်မကုန်၏။ ဤသို့အားဖြင့် ထိုဝဇ္ဇီမင်းတို့အား ပြန့်ပွါးကြီး ကျယ်ခြင်းကိုသာအလိုရှိအပ်၏၊ အကျိုးစီးပွါးယုတ်သည်မဖြစ်ရာ။ ။ အသို့နည်းအာနန္ဒာ၊ ဝဇ္ဇီမင်းတို့သည် ရဟန်းသံဃာကို သဒ္ဒါကုန်၏။ ကြည်ညိုကုန်၏။ရဟန္တာရောက်လာသည်ရှိသော် ခရီးဦးကြိုဆိုကုန်၏။ သွား၍ ဖူးမြင်ကုန်၏။ ပြောဟောကုန်၏။ တရားနာကုန်၏။ အလှူပေး ကုန်၏။ ကျောင်းသင်္ခမ်းပြု၍ လှူကုန်၏။ မလာသေးသော ရဟန္တာတို့ သည် အဘယ်သို့လျှင်ငါတို့နိုင်ငံသို့လာရောက်ပါအံ့နည်း။လာပြီးသော ရဟန်းတို့သည်အဘယ်သို့လျှင်ချမ်းသာစွာနေရပါအံ့နည်းဟုအောက် မေ့ခြင်း။ ကျောင်းပါး၌ သစ်ပင်တို့ကို မခုတ်ခြင်း။ ကျင်ကြီး ကျင်ငယ် မပြုခြင်း။ ကျောင်းဖရကန်တို့၌ ငါးတို့ကိုမဘမ်းယူခြင်းစသည်တို့ဖြင့် တရားနှင့်လျော်စွာသော အစောင့်အရှောက်သည်ဖြစ်၏ဟု သင်ကြား ဘူး၏လောမေးတော်မူပြန်သဖြင့်။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ကြားဘူးပါ၏ဟုလျှောက်သဖြင့်။ အာနန္ဒာ၊ဤသို့လျှင် ဝဇ္ဇီမင်းတို့သည်။

www.dhammaransi.com



ရဟန်းသံဃာတို့၌ သဒ္ဓါကြည်ညိုသဖြင့်။ မလာသေးသောရဟန်းတို့သည် အဘယ်သို့လျှင် ငါတို့နိုင်ငံသို့လာပါအံ့နည်း။လာပြီးသောရဟန်းတို့သည် အဘယ်သို့လျှင် ချမ်းသာစွာနေရအံ့နည်းဟု၊ ခရီးဦးကြိုခြင်း။ သွား၍ ဖူးမြင်ခြင်း။ စကား ပြောဟောခြင်း။ အလှူပေးခြင်း။ တရားနာခြင်း။ ကျောင်းကန်ဆောက်၍ပေးခြင်း။ ကျောင်း၏အနီး၌ သစ်ပင်တို့ကို မခုတ်မထစ်ခြင်း။ ကျင်ကြီးကျင်ငယ်မစွန့်ခြင်း။ ကျောင်းကန်၌ ငါးတို့ကို မဘမ်းယူခြင်းတို့ဖြင့် တရားနှင့်လျော်စွာ စောင့်ရှောက်ကုန်သော ဝဇ္ဇီမင်းတို့၏နိုင်ငံသည် ရဟန်းသံဃာတို့၏ နေရာဖြစ်၏။ ထိုကြောင့် နတ်တို့ စောင့်ရှောက်သော် ဘီလူးတို့သည် ဘမ်းစား နှိပ်စက်ခြင်းငှါ ခွင့်မရသည်ဖြစ်၍။ အနာရောဂါ ကင်းသဖြင့် ဝဇ္ဇီမင်းတို့အား စီးပွါး ချမ်းသာ၊ပြည်ရွာတိုင်းကား၊ပြန့်ပွါးစည်ပင်သည်သာဖြစ်ရာ၏။ ယုတ်သည်မဖြစ်ရာဟုမိန့်တော်မူပြီး၍။ ဝဿကာရပုဏ္ဏား၊ တပါးသောအခါ ၌ သာနန္ဒရမည်သော ဘီလူးသည် စောင့်အပ်သောသစ်ပင်၏ အနီး၌ ဆောက်၍လှူအပ်သောကြောင့် သာနန္ဒရစေတီယမည်သောကျောင်း၌ ငါနေသောအခါ ဤအပရိဟာနီယတရား ခုနစ်ပါးကို ဝဇ္ဇီမင်းတို့အား ဟောအပ်ပြီ။ အကြင်မျှလောက်သောကာလပတ်လုံး ဤတရားခုနစ်ပါး တို့သည် ဝဇ္ဇီမင်းတို့၌ထင်ကုန်၏။ ထိုမျှလောက်သော ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ပြန့်ပွါးစည်ပင်သည်သာဖြစ်ရာ၏။ ယုတ်သည် မဖြစ်ရာဟု ဟောတော်မူ၏။ ။ဤသို့ ဟောတော်မူပြီးသော် ဝဿကာရ ပုဏ္ဏား ဤသို့လျှောက်၏။ ဘုန်းတော်ကြီးသောအရှင်ဂေါတမ၊ တပါး တပါးသော အပရိဟာနီယတရားနှင့် ပြည့်စုံကုန်သော ဝဇ္ဇီမင်းတို့အား လည်း ပြန့်ပွါးစည်ပင်သည်သာဖြစ်ရာ၏။ယုတ်သည်မဖြစ်ရာ။ခုနစ်ပါး သော အပရိဟာနီယ တရားတို့နှင့် ပြည့်စုံကုန်သော ဝဇ္ဇီမင်းတို့အား ကား အဘယ်ဆိုရာရှိအံ့နည်း။ ရှင်ပင်ဘုရား၊ အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့ကိုဖြားယောင်းခြင်း၊ အချင်းချင်းကွဲပြားအောင်ပြုလုပ်ခြင်းတို့ ကိုထား၍ စစ်ထိုးခြင်းကိုမပြုအပ်သည်သာလျှင်တည်းဟုလျှောက်ပြီးမှ မြတ်စွာဘုရားဟောတော်မူသော တရားစကားကို နှစ်လိုဝမ်းမြောက်၍ သွားအံ့သော အကြောင်းကို ပန်၍ သွားလေ၏။ ။(ဆင်ယာဉ်၊ မြင်းယာဉ်၊ ရွှေငွေလက်ဆောင်ပေးသဖြင့် ဖြားယောင်းခြင်းကိုထား၍။ အချင်းချင်းကွဲပြားအောင်ဖျက်သည်ကိုထား၍ ဟူသောစကားကို ဝဿ

ကာရပုဏ္ဏားဆိုသည့်ကား၊ မြတ်စွာဘုရား ဟောတော်မူသော စကားကြောင့် နည်းကိုရ၍ဆိုသတည်း။ နည်းကိုရခဲ့သည်ကို မြတ်စွာဘုရားသိတော် မမူသလော၊ သိတော်မူ၏၊ သိတော်မူလျက် အဘယ့်ကြောင့်အရှင်အာနန္ဒာနှင့် ပြောဆိုတော်မူလေသနည်းဟူမူကား။ ဝဇ္ဇီမင်းတို့ကိုသနားတော်မူသောကြောင့်တည်း။ မြတ်စွာဘုရားအား ဤသို့သောအကြံတော်သည်ဖြစ်၏။ ငါသည် အာနန္ဒာနှင့်မပြောဆိုသည်ရှိသော် ဤရာဇဂြိုဟ်မင်းသည် သုံးလေးရက်ဖြင့်သွား၍ အလုံးစုံသောလိစ္ဆဝီမင်းတို့ကိုဘမ်းလတ္တံ့။ ငါပြောဆိုသည်ရှိသော်ကား၊ သုံးနှစ်ပတ်လုံးညီညွတ်သောမင်းတို့ကို ကွဲပြားအောင်ဖျက်ပြီးမှ ယူလတ္တံ့။ လိစ္ဆဝီမင်းတို့သည် ဤမျှလောက်သောနှစ်ပတ်လုံးအသက်ရှည်ကုန်လျက် မိမိတို့၏တည်ရာဖြစ်သောကုသိုလ်ကောင်းမှုတို့ကိုပြုရကုန်လတ္တံ့ဟု အကြံတော်ရှိ၍ ဝဿကာရပုဏ္ဏား၏ရှေ့တွင်အရှင်အာနန္ဒာနှင့်ပြောဆိုတော်မူသတည်း)။

ဝဿကာရ ပုဏ္ဏားသည် အဇာတသတ်မင်း၏ အထံသို့ ရောက်သောအခါ၌။ ဆရာ၊ မြတ်စွာဘုရားအဘယ်သို့ဆိုတော်မူသနည်း မင်းကြီးမေး၏။ ထိုဝဿကာရပုဏ္ဏားသည်လည်း မြတ်စွာဘုရားဆိုတော်မူတိုင်းကိုကြား၏။ မင်းကြီး၊ ရဟန်းဂေါတမ၏စကားသည် တစုံတခုသောအကြောင်းဖြင့် ဝဇ္ဇီမင်းတို့ကို ဘမ်းအံ့သောငှါ မတတ်နိုင်။ ဆင်ယာဉ်၊မြင်းယာဉ်၊ရွှေငွေလက်ဆောင်ပေး၍ ဖြားယောင်း၍ အကျွမ်းဝင်သဖြင့်သော်လည်း ယူအံ့သောငှါ တတ်ကောင်း၏။ အချင်းချင်းကွဲပြားအောင်ပြု၍ကွဲပြားသဖြင့်လည်း ယူအံ့သောငှါတတ်ကောင်း၏ဟုဆို၏။ ထိုနောင်မှ အဇာတသတ်မင်းသည် ဝဿကာရကိုဆို၏။ ဆရာ၊ ဖြားယောင်းသဖြင့် ငါတို့အား ဆင်မြင်းသာ ပျောက်ပျက်တော့မည်။ ကွဲပြားအောင်ပြု၍ယူအံ့။ အဘယ်သို့ပြုရသော်သင့်အံ့နည်းဟု ဝဿကာရကိုမေး၏။ ဝဿကာရက၊မင်းကြီးသည် ဝဇ္ဇီမင်းတို့ကိုရည်၍ ပရိသတ်၏အလယ်၌စကားကိုဖြစ်စေလော့။ ထိုနောင်မှ အကျွန်ုပ်သည် မြတ်သောမင်းကြီး၊ ထိုဝဇ္ဇီမင်းတို့သည် လယ်လုပ်ခြင်းကုန်သွယ်ခြင်းအစရှိသည်တို့ကိုပြု၍ အသက်မွေးကုန်၏။ ထိုဝဇ္ဇီမင်းတို့ဖြင့် သင်မင်းကြီးအား အဘယ်ပြုအံ့နည်းဆို၍အကျွန်ုပ်သွားအံ့။ ထိုနောက်မှ၊အရှင်မင်းကြီးသည်အချင်းတို့၊အကြောင်းအသို့နည်း။ ငါသည်ဝဇ္ဇီမင်းတို့အား အကြောင်းပြု၍ဖြစ်သောစကားကို ဝဿကာရသည်ဖြစ်၏ဟု ဆိုကုန်လော့။ နေ့

www.dhammaransi.com



အဘို့၌လည်း လိစ္ဆဝီမင်းတို့ထံသို့ လက်ဆောင်ပဏ္ဏာကို အကြင်သူတို့အား စေ၍ အကျွန်ုပ်သည် ပို့စေအံ့။ ထိုသူတို့ကိုဘမ်းစေ၍ မေးစစ်၍ အကျွန်ုပ်ကိုလည်းဘမ်းစေလော့။ အရှင်မင်းကြီးတို့သည် အကျွန်ုပ်ကို နှောင်ဘွဲ့ခြင်း ရိုက်ခတ်ခြင်းတို့ကိုမပြုမူ၍။ အကျွန်ုပ်ကို ဦးခေါင်းပြည်းကာမျှကိုပြု၍ မြို့မှ နှင်ထုတ်ကုန်လော့။ ထိုသို့ နှင်ထုတ်သောအခါ ငါသည် သင်မင်းကြီး၏မြို့၌ တံတိုင်းတို့ကို ကျုံးတို့ကိုပြုစေ၏။ ငါသည် မြို့တံတိုင်း အားနည်းသောအရာကို သိ၏။ ကျုံးတိမ်ရာနက်ရာကိုသိ၏။ မကြာမြင့်မီပင် အံ့ဖြောင့်ကိုပြုအံ့ဟုဆိုအံ့။ ထိုစကားကိုကြား၍ သင်မင်းကြီးသည် အကျွန်ုပ်ကို လိစ္ဆဝီမင်းတို့ထံသို့သွားစေသတည်းဟုဆိုကုန်လော့ဟု ဝဿကာရပုဏ္ဏားဆို၏။ ထိုအလုံးစုံကို အဇာတသတ်မင်းပြု၏၊ လိစ္ဆဝီမင်းတို့သည် ထိုဝဿကာရပုဏ္ဏား၏ လာကြောင်းကိုကြား၍ ဤပုဏ္ဏားသည် ကောက်ကျစ်စဉ်းလဲ၏။ ထိုပုဏ္ဏားအား ဂင်္ဂါကိုကူးစိမ့်သော၌ါ မပေးကုန်လင့်ဟု ဆိုကုန်၏။ ထိုလိစ္ဆဝီမင်း အပေါင်းတို့တွင် အချို့သော သူတို့သည် ငါတို့ကို အကြောင်းပြု၍ ဆိုပေသောကြောင့် ထိုပုဏ္ဏားကို ဤသို့ပြု၏ဟု ဆိုသော်။ ထိုသို့ဖြစ်တပြီးကား၊ အချင်းတို့၊ ကူးစေလော့ဟုဆိုကုန်၏။ ထိုဝဿကာရပုဏ္ဏားကို လိစ္ဆဝီမင်းတို့သည် မြင်၍ အဘယ့်ကြောင့်လာသနည်းဟု မေးကုန်၍ ထိုအလုံးစုံကို ဝဿကာရကြား၏။ လိစ္ဆဝီမင်းတို့သည် အနည်းငယ်သော အမှုဖြင့် အဇာတသတ်မင်း သင့်အား ဤသို့လေးသောဒဏ်ကိုပြုခြင်းငှါမလျောက်ပတ်ဟုဆို၍။ ထိုရာဇဂြိုဟ်ပြည်၌ သင့်အား အရာအထူးသည် အဘယ်သို့နည်းဟု မေးကုန်၏။ငါသည် တရားဆုံးဖြတ်သောအမတ်ကြီးဖြစ်၏ဆိုသဖြင့်။ ငါတို့မြို့၌ တရားသူကြီးအရာသည်ပင် သင့်အား ဖြစ်စေဘော့ဟု ဆိုကုန်သဖြင့်။ ထိုဝဿကာရပုဏ္ဏားသည် ကောင်းစွာ တရားကို ဆုံးဖြတ်၏။ လိစ္ဆဝီမင်းသားငယ်တို့သည် ထိုဝဿကာရပုဏ္ဏား၏ အထံ၌ အတတ်ပညာ သင်ကြကုန်၏။ ။ထိုပုဏ္ဏားသည် မိမိ ဂုဏ်ကျေးဇူးသည် လိစ္ဆဝီမင်းတို့၌တည်ပြီးသည်ဖြစ်၍။တနေ့သ၌ တယောက်သော လိစ္ဆဝီမင်းကိုလက်၌ငင်၍ တင့်အပ်ရာသို့သွား၍။သူငယ်တို့သည် လယ်ထွန်ကုန်၏လောမေး၏။ ဩဝ်ထွန်ကုန်၏ဟု ဆိုသော်။ နွားနှစ်ခုတို့ကို က၏လောမေးပြန်၏။ ဆရာ၊နွားနှစ်ခုတို့ကိုက၏ဟုဆို၏။ ဤမျှသာပြောဆို၍ပြန်သွတ်၏။ ထို့နောင်မှ ထိုလိစ္ဆဝီမင်းကို၊ တယောက်သော မင်း

www.dhammaransi.com



သည် သင့်အားဆရာသည် အဘယ်သို့ဆိုသနည်းဟုမေး၏။ ထိုပုဏ္ဏား မေးတိုင်းကိုပြောသော် မယုံသည်ဖြစ်၍ ဤမင်းသည် ငါ့အားဟုတ်မှန်သောစကားကို မဆိုဟု ထိုမင်းနှင့်တကွ ကွဲပြားလေ၏။ ပုဏ္ဏားသည် တပါးသောနေ့၌လည်း၊ လိစ္ဆဝီမင်းတယောက်ကို တရသော အစွန်သို့ဆောင်၍၊ အဘယ်ဟင်းလျာဖြင့် စားခဲ့သနည်းဟုမေးပြန်၏။ ထိုလိစ္ဆဝီကိုလည်း တပါးသောမင်းသည်သင့်အား ဆရာအသို့ဆိုသနည်းမေး၍၊ ဟုတ်တိုင်းကိုပြန်သော်လည်း မယုံ၍ ထိုမင်းနှင့်ကွဲ၏။ တနေ့သ၌လည်း တယောက်သောလိစ္ဆဝီမင်းကိုတရသောအစွန်သို့ဆောင်၍၊ သင်လိစ္ဆဝီမင်းသည် အလွန်ဆင်းရဲလှသလောဟုမေး၍။ အဘယ်သူသည် ဤသို့ဆိုသနည်းဟုမေးသော် ဤမည်သောလိစ္ဆဝီဆို၏ဟုပြော၏။ တနေ့သ၌ လိစ္ဆဝီမင်းတယောက်ကို လျောက်ပတ်ရာအရပ်သို့ဆောင်၍၊ သင်သည် ကြောက်တတ်လှသည် ဆိုသလောဟု မေး၍။ အဘယ်သူသည် ဤသို့ဆိုသနည်းဟုပြန်၍မေးသော် ဤမည်သောလိစ္ဆဝီဆို၏ဟုပြော၏ ဤသို့သောနည်းဖြင့် တပါးသူသည်မဆိုသောစကားကို တပါးသူအားဆို၍။ သုံးနှစ်တို့ဖြင့် ထိုခုနစ်ရာ့ခုနစ်ကျိပ်ခုနစ်ယောက်သော လိစ္ဆဝီမင်းတို့ကို အချင်းချင်းကွဲပြားစေ၏။ အကြင်အချင်းဖြင့်ပြုသည်ရှိသော်တကြောင်းတည်းသောခရီးဖြင့် နှစ်ယောက်သော လိစ္ဆဝီမင်းတို့သည် မသွားကုန်။ ထိုအခြင်းဖြင့်ပြု၏။ စည်းဝေးသောစည်ကိုလည်စေသော်လည်း၊ အစိုးရသောလိစ္ဆဝီမင်းတို့သည် စည်းဝေးစေကုန်၊ ရဲရင့်ကုန်သော လိစ္ဆဝီမင်းတို့သည် စည်းဝေးစေကုန်ဟုဆို၍ မစည်းဝေးကုန်ပြီ၊ ဝဿကာရသည် အဇာတသတ်မင်းထံ ယခုအခါ၌ လိစ္ဆဝီမင်းတို့ကို ဘမ်းယူအပ်သောအခါတည်း၊ အရှင်မင်းကြီးသည်လျင်စွာစစ်ချီ၍လာစေသတည်းဟု သတင်းစကားစေလိုက်၍။ အဇာတသတ်မင်းသည် ဗိုလ်ပါရုံးရ၍ မြို့မှထွက်၏။ ဝေသာလီမင်းတို့သည် ကြားကုန်၍။ အဇာတသတ်အား ဂင်္ဂါကိုကူးအံ့သော၌မပေးကုန်အံ့ဟုစည်လည်စေကုန်၏၊ ထိုစည်သံကိုကြားကုန်၍လည်း ရဲရင့်သောလိစ္ဆဝီမင်းတို့သာစည်းဝေးကုန်လော့စသည်ဆို၍ မစည်းဝေးဘဲနေကုန်၏။ မြို့သို့ဝင်စိမ့်သော၌မပေးကုန်အံ့၊ တံခါးတို့ကိုပိတ်၍နေကုန်အံ့ဟု စည်လည်စေကုန်၏။ တယောက်သောလိစ္ဆဝီမင်းသည်မျှ မစည်းဝေး၍ ဟင်းလင်းရှိမြဲတိုင်းသောတံခါးတို့ဖြင့် အဇာတသတ်မင်း ဝေသာလီမြို့သို့ ဝင်၍၊ အလုံးစုံ ကုန်သော

www.dhammaransi.com



လိစ္ဆဝီမင်းတို့ကိုပျက်စီးခြင်းသို့ရောက်စေ၍ပြန်လေ၏။ ။(ဝေသာလီပြည်ပျက်သည့်ကား၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသည့်နောက်သုံးနှစ်မှတည်း။ဝဿကာရပုဏ္ဏားမြတ်စွာဘုရားကိုမေးလာသည့်ကား၊ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ လေးဆဲ့လေးဝါမြောက်ဝါဆိုတော်မူပြီး၍ ရာဇဂြိုဟ်ပြည်သို့လာ၍၊ ဂိဇ္ဈကုဋ်တောင်ကျောင်း၌နေတော်မူသောအခါတည်း)။ ။

---

## ၅၂။ မြတ်စွာဘုရားဂိဇ္ဈကုဋ်တောင်ကျောင်း၌ သီတင်းသုံးနေစဉ်။ရဟန်းတို့အားအပရိဟာနိယတရားတို့ကိုဟောတော်မူခြင်း။

ဝဿကာရပုဏ္ဏား မြတ်စွာဘုရားအထံမှဖဲ၍မကြာမီလျှင် မြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုခေါ်၍။ အာနန္ဒာ၊ အကြင်မျှလောက်သောရဟန်းတို့သည် ရာဇဂြိုဟ်ပြည်ကို မှီ၍ နေကုန်၏၊ ထိုမျှလောက်သောရဟန်းတို့ကို ယခုအခါ၌ စည်းဝေးစေလော့ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာသည်၊ ကောင်းပြီအရှင်ဘုရားဟုဝန်ခံ၍။ ရာဇဂြိုဟ်မြို့ပတ်လည်တဆဲ့ရှစ်ဆောင်သော ကျောင်းရပ်တို့တွင်၊ ဝေးသော ကျောင်းတို့သို့တန်းခိုးကြီးသော ရဟန်းတို့ကိုစေလွှတ်၍၊ နီးသောကျောင်းတို့သို့ မိမိကိုယ်တိုင်သွား၍။ ငါ့အရှင်တို့၊ ညီမူရာစရပ်၌ ငါ့ရှင်တို့၏စည်းဝေးခြင်းကို မြတ်စွာဘုရားသည် အလိုတော်ရှိ၏။ ယခုအခါ ငါ့ရှင်တို့စည်းဝေးကုန်လော့ဟုနှိုးဆော်၍ စည်းဝေးကုန်ပြီးသော် အာနန္ဒာသည် မြတ်စွာဘုရားသို့ ကပ်၍။ ရှင်ပင်ဘုရား၊ သံဃာအပေါင်းသည် ညီမူရာစရပ်၌စည်းဝေးပါပြီ၊ ညီမူရာစရပ်သို့ ကြွတော်မူအပ်သောအခါကို ရှင်ပင်ဘုရားသည် သိတော်မူပါလော့ဟုလျှောက်၏။ မြတ်စွာဘုရားသည်ကြွတော်မူလာ၍ ခင်းအပ်သောဘုရားနေရာ၌ နေတော်မူလျက်၊ ချစ်သားရဟန်းတို့၊ သင်တို့အား အပရိဟာနိယတရား ခုနစ်ပါးကို ငါဟောအံ့။ သင်တို့သည် နာကုန်လော့၊ နှလုံး၌ကောင်းစွာပြုကုန်လော့ဟု မိန့်တော်မူပြီး၍။ ချစ်သားရဟန်းတို့၊အကြင်မျှလောက်သောကာလပတ်လုံး သင်ရဟန်းတို့သည် မပြတ်စည်းဝေးကုန်၏။ စည်းဝေးခြင်းများကုန်၏။ ထိုမျှလောက်သောကာလပတ်လုံး ရဟန်းတို့အား စည်ပင်ပြန့်ပွါးခြင်းကို

သာအလိုရှိအပ်၏။ ယုတ်ခြင်းကိုအလိုမရှိအပ်။ အကြင်မျှလောက်သော ကာလပတ်လုံး ရဟန်းတို့သည် အညီအညွတ်ထကုန်လတ္တံ့။ အညီအညွတ် သင်္ဃာကိစ္စကိုပြုကုန်လတ္တံ့။ ထိုမျှလောက်သော ကာလပတ်လုံး သင်ရဟန်းတို့အား စည်ပင် ပြန့်ပွါးခြင်းကိုသာ အလိုရှိအပ်၏။ ယုတ်ခြင်းကို အလိုမရှိအပ်၊ အကြင်မျှလောက်သော ကာလပတ်လုံး ရဟန်းတို့သည် ဘုရားမပညတ်သည်ကို မပညတ်ကုန်လတ္တံ့။ ဘုရားပညတ်တော်မူသောသိက္ခာပုဒ်ကို မဖျက်ကုန်လတ္တံ့။ ပညတ်အပ်သောသိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ကုန်လတ္တံ့။ ထိုမျှလောက်သော ကာလပတ်လုံး သင်ရဟန်းတို့အား ပြန့်ပွါးခြင်းကိုသာ လိုအပ်ကုန်၏။ ယုတ်သည်မဖြစ်ရာ။ အကြင်မျှလောက်သောကာလပတ်လုံး ရဟန်းတို့သည် ညဥ့်၏အပိုင်းအခြားကိုသိခြင်းများကုန်သော၊ ရဟန်းပြု၍ကြာမြင့်ကုန်ပြီးသော မထေရ်ကြီးတို့ကို အရိုအသေအလေးအမြတ် ပြုကုန်လတ္တံ့။ ပူဇော်ကုန်လတ္တံ့။ ထိုမထေရ်ကြီးတို့၏စကားကိုနားထောင်ကုန်လတ္တံ့။ ထိုမျှလောက်သော ကာလပတ်လုံး သင်ရဟန်းတို့အား ပြန့်ပွါးခြင်းကိုသာအလိုရှိအပ်၏။ ယုတ်သည်မဖြစ်ရာ။ အကြင်မျှလောက်သောကာလပတ်လုံး ရဟန်းတို့သည် ဘဝသစ်ကိုတဘန်ဖြစ်စေတတ်သော၊ ဖြစ်ဆဲသောတဏှာ၏ အလိုသို့မလိုက်ကုန်လတ္တံ့။ ထိုမျှလောက်သော ကာလပတ်လုံး သင်ရဟန်းတို့အား ပြန့်ပွါးခြင်းကိုသာ လိုအပ်၏။ ယုတ်သည်ကို မလိုအပ်။ အကြင်မျှလောက်သောကာလပတ်လုံး ရဟန်းတို့သည် တောကျောင်း နေခြင်းတို့၌ ငဲ့ကွက်ခြင်းရှိသည် ဖြစ်ကုန်လတ္တံ့။ ထိုမျှလောက်သော ကာလပတ်လုံး သင်ရဟန်းတို့အား ပြန့်ပွါးခြင်းကိုသာ လိုအပ်၏။ ယုတ်သည်မဖြစ်ရာ။ အကြင်မျှလောက်သောကာလပတ်လုံး ရဟန်းတို့အား မလာကုန်သေးသောသီလကို ချစ်ကုန်သောရဟန်းတို့သည်အဘယ်သို့လျှင်လာပါကုန်အံ့နည်း။ လာကုန်ပြီးသောသီလကိုချစ်ကုန်သောရဟန်းတို့သည် ချမ်းသာစွာနေပါကုန်အံ့နည်းဟူ၍ သတိကို ဖြစ်စေကုန်လတ္တံ့။ ထိုမျှလောက်သော ကာလပတ်လုံး သင်ရဟန်းတို့အား ပြန့်ပွါးခြင်းကိုသာ လိုအပ်၏။ ယုတ်သည်ကို မလိုအပ်။ ချစ်သားရဟန်းတို့၊ အကြင်မျှလောက်သောကာလပတ်လုံး ဤခုနစ်ပါးကုန်သော အပရိဟာနိယတရားတို့သည် ရဟန်းတို့၌တည်ကုန်လတ္တံ့။ ရဟန်းတို့သည် ဤခုနစ်ပါးသောတရားတို့၌ ထင်ကုန်လတ္တံ့။ ထိုမျှလောက်သော

www.dhammaransi.com



ကာလပတ်လုံးရဟန်းတို့အားပြန့်ပွါးခြင်းကိုသာလိုအပ်၏။ ယုတ်သည်ကိုမလိုအပ်။ ။ချစ်သားရဟန်းတို့၊ တပါးကုန်သော အပရိဟာနိယတရား ခုနစ်ပါးတို့ကိုလည်း ဟောအံ့။ ချစ်သား ရဟန်းတို့၊ အကြင်မျှလောက်သောကာလပတ်လုံး ရဟန်းတို့သည် အမှု၌မွေ့လျော်ကုန်သည်၊ အမှု၌မွေ့လျော်ခြင်းကို ယှဉ်ကုန်သည် မဖြစ်ကုန်လတ္တံ့။ စကား၌ မွေ့လျော် ကုန် သည်၊ စကား၌ မွေ့လျော်သော အဖြစ်ကို ယှဉ်ကုန်သည် မဖြစ်ကုန်လတ္တံ့။ အိပ်ခြင်း၌ မွေ့လျော်ကုန်သည်၊ အိပ်ခြင်း၌ မွေ့လျော်သည်၏အဖြစ်ကိုယှဉ်ကုန်သည်မဖြစ်ကုန်လတ္တံ့၊ ဂိုဏ်းအခွေအရံ၌မွေ့လျော်ကုန်သည်။ ဂိုဏ်းအခွေအရံ၌မွေ့လျော်သောအဖြစ်ကိုယှဉ်ကုန်သည်မဖြစ်ကုန်လတ္တံ့။ ယုတ်မာသောအလိုရှိကုန်သည်၊ ယုတ်မာသောအလို၏နိုင်ငံသို့လိုက်ကုန်သည်မဖြစ်ကုန်လတ္တံ့။ ယုတ်မာသောအဆွေခင်ပွန်းရှိကုန်သည်၊ ယုတ်မာသော အဆွေခင်ပွန်းသို့ ကိုင်းညွတ်သောအဖြစ်ရှိကုန်သည်မဖြစ်ကုန်လတ္တံ့။ အနည်းမျှသောဈာန်မဂ်ဖိုလ်အထူးကိုရသဖြင့်၊ ထိုတရားကို ရသည်၏အခြားမဲ့၌ လုံ့လကို လွတ်ခြင်းသို့မရောက်ကုန်လတ္တံ့။ ထိုမျှလောက်သောကာလပတ်လုံး ရဟန်းတို့အားပွါးပြန့်ခြင်းကိုသာ လိုအပ်၏၊ ယုတ်ခြင်းကို မလိုအပ်။ ချစ်သားရဟန်းတို့၊အကြင်မျှလောက်သောကာလပတ်လုံး ရဟန်းတို့၌ဤခုနစ်ပါးသောတရားတို့သည် တည်ကုန် လတ္တံ့။ ရဟန်း တို့သည် ဤခုနစ်ပါးသောတရားတို့၌ ထင်ကုန်လတ္တံ့။ ထိုမျှလောက်သောကာလပတ်လုံး ရဟန်းတို့အား စည်ပင်ပြန့်ပွါးခြင်းကိုသာ လိုအပ်ကုန်၏။ ယုတ်ခြင်းကို မလိုအပ်။ ။ချစ်သားရဟန်းတို့၊တပါးလည်းဖြစ်ကုန်သောအပရိဟာနိယတရားခုနစ်ပါးတို့ကိုဟောဦးအံ့။ ချစ်သားရဟန်းတို့၊ အကြင်မျှလောက်သောကာလပတ်လုံး ထိုရဟန်းတို့သည် သဒ္ဓါတရားရှိကုန်သည် ဖြစ်ကုန်လတ္တံ့။ ရှက်သောနှလုံးရှိကုန်သည်ဖြစ်ကုန်လတ္တံ့။ လန့်သောနှလုံးရှိကုန်သည်ဖြစ်ကုန်လတ္တံ့။ အကြားအမြင်များကုန်သည် ဖြစ်ကုန်လတ္တံ့။ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးစေကုန်လတ္တံ့။ အားထုတ်အပ်သော လုံ့လရှိကုန်သည် ဖြစ်ကုန်လတ္တံ့။ ရှေးရှုထင်သောသတိရှိကုန်သည် ဖြစ်ကုန်လတ္တံ့။ ပညာရှိကုန်သည် ဖြစ်ကုန်လတ္တံ့၊ ထိုမျှလောက်သော ကာလပတ်လုံး ပွါးခြင်းကိုသာ အလိုရှိအပ်၏။ ယုတ်ခြင်းကိုအလိုမရှိအပ်ကုန်။ ချစ်သား ရဟန်းတို့၊ အကြင်မျှလောက်သော ကာလပတ်လုံး ဤအပရိ

www.dhammaransi.com



ဟာနိယတရား ခုနစ်ပါးတို့သည် ရဟန်းတို့၌တည်ကုန်လတ္တံ့။ ရဟန်းတို့သည်ဤတရားခုနစ်ပါးတို့၌ထင်ကုန်လတ္တံ့။ ထိုမျှလောက်သောကာလပတ်လုံး ရဟန်းတို့အား ပွါးပြန့် စည်ပင်ခြင်းကိုသာ အလိုရှိအပ်ကုန်၏။ ယုတ်ခြင်းကို အလို မရှိအပ်ကုန်။ ။ချစ်သား ရဟန်းတို့၊ တပါးလည်းဖြစ်ကုန်သော အပရိဟာနိယတရား ခုနစ်ပါးတို့ကို ဟောဦးအံ့။ ကောင်းစွာ နာလင့်ကုန်။ ချစ်သားရဟန်းတို့၊ အကြင်မျှလောက်သော ကာလပတ်လုံး ရဟန်းတို့သည် သတိသမ္ဗောဇ္ဈင်ကိုပွါးစေကုန်လတ္တံ့။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို။ ဝီရိယ သမ္ဗောဇ္ဈင်ကို။ ပီတိ သမ္ဗောဇ္ဈင်ကို။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို။ သမာဓိသမ္ဗောဇ္ဈင်ကို။ ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးစေကုန် လတ္တံ့။ ထိုမျှလောက်သော ကာလပတ်လုံး ပြန့်ပွါးခြင်းကို သာလိုအပ်၏။ ယုတ်ခြင်းကိုမလိုအပ်ကုန်။ အကြင်မျှလောက်သောကာလပတ်လုံး။ ဤတရား ခုနစ်ပါးတို့သည် ရဟန်းတို့၌ တည်ကုန်လတ္တံ့။ ရဟန်းတို့သည် ဤတရားခုနစ်ပါးတို့၌ ထင်ကုန်လတ္တံ့။ ထိုမျှလောက်သောကာလပတ်လုံး ပြန့်ပွါးခြင်းကိုသာ လိုအပ်၏။ ယုတ်ခြင်းကို မလိုအပ်ကုန်။ ။ချစ်သားတို့၊ တပါးလည်း ဖြစ်ကုန်သော အပရိဟာနိယတရားခုနစ်ပါးတို့ကို ဟောဦးအံ့။ အကြင်မျှလောက်သော ကာလပတ်လုံး။ ရဟန်းတို့သည် အနိစ္စသညာကိုပွါးစေကုန်လတ္တံ့။ အနတ္တသညာကို။ အသုဘသညာကို။ အာဒီနဝသညာကို။ ပဟာနသညာကို။ ဝိရာဂသညာကို။ နိရောဓသညာကိုပွါးစေကုန်လတ္တံ့။ ထိုမျှလောက်သောကာလပတ်လုံးပွါးခြင်းကိုသာလိုအပ်၏။ ယုတ်ခြင်းကိုမလိုအပ်။ ။ချစ်သား ရဟန်းတို့။ တပါးလည်း ဖြစ်ကုန်သော အပရိဟာနိယတရား ခြောက်ပါးတို့ကို ဟောဦးအံ့၊ အကြင်မျှလောက်သောကာလပတ်လုံး။ ရဟန်းတို့သည်။ သီတင်းသုံးဖော်ရဟန်းတို့၌၊ မျက်မှောက်ရင်း၊ မျက်ကွယ်ရင်း။ မေတ္တာကာယကံကို ရှေးရှု ဖြစ်စေကုန်လတ္တံ့။ မေတ္တာဝစီကံကို ရှေးရှုဖြစ်စေကုန်လတ္တံ့။ မေတ္တာမနောကံကို ရှေးရှု ဖြစ်စေကုန်လတ္တံ့။ အကြင်မျှလောက်သောကာလပတ်လုံးတရားနှင့်လျော်ကုန်သောတရားသဖြင့်ရ အပ်ကုန်သောအကြင်လာဘ်တို့သည်ရှိကုန်၏။ အဆုံးစွန်အားဖြင့် တသပိတ် ပြည့်ရုံမျှသော ဆွမ်းရှိကုန်၏။ ထိုသို့ သဘောရှိသော လာဘ်တို့ကို သီလရှိကုန်သော သီတင်းသုံးဖော်ရဟန်းတို့နှင့် ခွဲခြမ်းဝေဘန်၍ သုံးဆောင်လေ့ ရှိသည်။ သီတင်း သုံးဖော်တို့နှင့် ဆက်ဆံ

www.dhammaransi.com



သော သုံးဆောင်ခြင်းရှိကုန်သည်ဖြစ်ကုန်လတ္တံ့။ အကြင်မျှလောသော ကာလပတ်လုံး။ ရဟန်းတို့အား၊ မကျိုကုန်သော၊ မပေါက်ကုန်သော၊ မပြောက်ကုန်သော၊ မကျားကုန်သော၊ တဏှာ၏ကျွန်အဖြစ်မှတော်လှန်ကုန်သော၊ ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော၊ မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သော၊ သမာဓိကို ဖြစ်စေဇာတ်ကုန်သော သီလတို့သည် ရှိကုန်၏။ ထိုသို့သဘောရှိသောသီလတို့၌ သီတင်းသုံးဘော်ရဟန်းတို့နှင့်မျက်မှောက်၌ရင်း၊ မျက်ကွယ်၌ရင်း၊တူသောသီလရှိကုန်သည်ဖြစ်၍၊ ရဟန်းတို့သည်နေကုန်လတ္တံ့။ ရဟန်းတို့အားမြတ်သောသံသရာဝဋ်မှ ထွက်မြောက်ခြင်းကိုပြုတတ်သော၊ ကောင်းစွာဝဋ်ဆင်းရဲ၏ ကုန်ကြောင်းဖြစ်သောအကြင်အယူသည်ရှိ၏။ ထိုသို့သဘောရှိသောအယူ၌။ သီတင်းသုံးဘော်ရဟန်းတို့နှင့်တကွ၊ မျက်မှောက်၌ရင်း၊ မျက်ကွယ်၌ရင်း၊ တူသောအယူရှိကုန်သည်ဖြစ်၍ရဟန်းတို့သည်နေကုန်လတ္တံ့။ ထိုမျှလောက်သောကာလပတ်လုံး ပြန့်ပွါးခြင်းကိုသာ လိုအပ်၏။ ယုတ်ခြင်းကို မလိုအပ်ကုန်။ ချစ်သားရဟန်းတို့။ အကြင်မျှလောက်သော ကာလပတ်လုံး။ ဤအပရိဟာနိယတရား ခြောက်ပါး တို့သည် ရဟန်းတို့၌ တည်ကုန်လတ္တံ့။ ဤအပရိဟာနိယတရားခြောက်ပါးတို့၌ ရဟန်းတို့သည် ထင်ကုန်လတ္တံ့။ ထိုမျှလောက်သောကာလပတ်လုံး ရဟန်းတို့အား ပြန့်ပွါးစည်ပင်ခြင်းကိုသာ လိုအပ်၏။ ယုတ်ခြင်းကို မလိုအင်ကုန်။ ။ဤသို့လျှင် မြတ်စွာဘုရားသည် လေးဆဲ့လေးဝါမြောက်၊ သာဝတ္ထိပြည်၌နေတော်မူ၍၊ ဝါကျွတ်လျှင်၊ ဝဇ္ဇီမင်းတို့အား အပရိဟာနိယတရားခုနစ်ပါး။ ရဟန်းတို့အား အပရိဟာနိယတရား ခုနစ်ပါး၊ ခြောက်ပါး။ ဤအပရိဟာနိယတရားတို့ကို ဟောတော်မူပြီးလျှင်၊ ဂိဇ္ဈကုဋ်တောင်ကျောင်း၌နေတော်မူ၍။ ဣတိ သီလံ၊ဣတိ သမာဓိ၊ဣတိ ပညာ။ သီလပရိဘာဝိတော သမာဓိမဟပ္ဖလောဟောတိ မဟာနိသံသော။သမာဓိပရိဘာဝိတာပညာမဟပ္ဖလာ ဟောတိ မဟာနိသံသာ။ပညာပရိဘာဝိတံ စိတ္တံ သမ္မဒေဝ အာသဝေဟိ ဝိမုစ္စတိ။သေယျထိဒံ။ကာမာသဝါဘဝါသဝါ အဝိဇ္ဇာသဝါတိ။ ။ဟူသော ဤတရားကို များစွာ ပြောဟော၍လေ့ကို ပြုတော်မူ၏။ အဓိပ္ပါယ်ကား။ သီလသည် ဤသို့ ဖြစ်၏။ သမာဓိသည် ဤသို့ဖြစ်၏။ ပညာသည် ဤသို့ဖြစ်၏။ သီလဖြင့် ထုံအပ်သော သမာဓိသည် များသောအကျိုးရှိ၏။ များသောအကျိုးဆက်ရှိ၏။ သမာဓိဖြင့်

www.dhammaransi.com



ထိုအပ်သောပညာသည်များသောအကျိုးရှိ၏။ များသောအကျိုးဆက်ရှိ၏။ ပညာဖြင့်ထုံအပ်သောစိတ်သည် ကောင်းစွာသာလျှင်အာသဝေါတရားတို့မှ လွတ်လွယ်၏။ ဤအာသဝေါတရားဟူသော်ကား။ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝတည်း။ ဤအာသဝေါတရားတို့မှလွတ်၏ဟူလိုသော်။ ။

---

## ၅၃။ ပါဋလိဂ္ဂါမ၊အာဝသထာဂါရ၌သီတင်းသုံးနေလျက်။ပါဋလိဂ္ဂါမသားတို့အား။သီလဝိပတ္တိအပြစ် ၅ ပါး၊သီလသမ္ပတ္တိအကျိုး ၅ ပါးတို့ကိုဟောတော်မူခြင်း။

ထိုရောအခါ မြတ်စွာဘုရားသည်ရာဇဂြိုဟ်ပြည်၌မွေ့လျော်သောအတိုင်းနေတော်မူ၍၊အရှင်အာနန္ဒာကို အာနန္ဒာ၊အကြင်အရပ်၌ အမ္ဗလဋ္ဌိကာသည်ရှိ၏။ထိုအရပ်သို့သွားကုန်အံ့ဟုခေါ်တော်မူ၏။အရှင်အာနန္ဒာသည် ကောင်းပြီအရှင်ဘုရားဟု ဝန်ခံ၏။ မြတ်စွာဘုရားသည် များစွာသော ရဟန်းအပေါင်းတို့နှင့်တကွ အမ္ဗလဋ္ဌိကာသို့ ကြွတော်မူ၍။ ထိုအမ္ဗလဋ္ဌိကာ၌နေတော်မူ၏။ ထိုအမ္ဗလဋ္ဌိကာ၌လည်း။ ဣတိသီလံ၊ဣတိသမာဓိ၊ အစရှိသော တရားကိုသာ များစွာပြောဟောတော်မူ၏။ ။ ထိုအခါ၌ မြတ်စွာဘုရားသည် အမ္ဗလဋ္ဌိကာ၌ မွေ့လျော်သောအတိုင်းနေတော်မူ၍။ အရှင်အာနန္ဒာကို၊ အာနန္ဒာ၊ အကြင်အရပ်၌ နာဠန္ဒာပြည်သည်ရှိ၏။ ထိုအရပ်သို့ သွားကုန်အံ့ဟု ခေါ်တော်မူ၏။ အရှင်အာနန္ဒာလည်း ကောင်းပြီအရှင်ဘုရားဟု ဝန်ခံ၍၊ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာတို့နှင့်တကွနာဠန္ဒာသို့ကြွတော်မူ၍၊ ထိုနာဠန္ဒာပြည်၌ ပါဝါရိကသူဌေး၏သရက်ဥယျာဉ်တော၌ နေတော်မူ၏။ ထိုအခါ၌ အရှင်သာရိပုတြာသည်။ မြတ်စွာဘုရားသို့ကပ်၍ တင့်အပ်သောအရပ်၌နေလျက် ရှိနိုး၍။ ဘုန်းတော် ကြီးသော ရှင်ပင်ဘုရား၊ အကျွန်ုပ်သည် ဤသို့ကြည်ညို၏။ အကြင်သစ္စာလေးပါးတရားကိုသိခြင်းသည်ရှိ၏။ ထိုသစ္စာလေးပါးကိုသိခြင်း၌ မြတ်စွာဘုရားထက်လွန်မြတ်သော ဘုရားမှတပါးသောရဟန်းသည်၎င်း၊ပုဏ္ဏားသည်၎င်း၊မဖြစ်ဘူးလေကုန်၊ ယခုလည်း မရှိ။ ဤသို့ကြံ၍ အကျွန်ုပ်သည် ကြည်ညို၏ဟု လျှောက်သော်။ သာရိပုတြာ၊ သင်သည် မြတ်သော ဤမြွက်ကြောက်မရွံ့သော စကားကို ဆိုအပ်၏။ စင်စစ် မှတ်ယူအပ်သော ခြင်္သေ့ဟောက်သော အသံကဲ့သို့

www.dhammaransi.com



သောအသံကိုဟောက်၏။ ဤသို့အစရှိသောစကားကို မိန့်တော်မူပြီး၍ ဇာတိသီလံ၊ ဇာတိသမာဓိ၊အစရှိသော ဤတရားကို ရဟန်းတို့အားများစွာပြောဟောတော်မူ၏။ ။ထိုအခါမြတ်စွာဘုရားသည် နာဠိန္ဒပြည်၌ မွေ့လျော်တော်မူတိုင်း နေပြီး၍။ အရှင် အာနန္ဒာကို၊ အာနန္ဒာ၊ အကြင်အရပ်၌ ပါဝုလိမည်သောရွာငယ်သည် ရှိ၏၊ ထိုရွာသို့သွားအံ့ဟု ခေါ်တော်မူ၍၊ များစွာသောရဟန်းသံဃာနှင့်တကွ ပါဝုလိရွာငယ်သို့ ကြွတော်မူ၍ ရောက်လေ၏။ ပါဝုလိရွာသားဥပါသကာတို့သည် မြတ်စွာဘုရားသည် များစွာသောရဟန်းသံဃာနှင့်တကွ ပါဝုလိရွာသို့ရောက်တော်မူလာပြီဟု ကြားကုန်ပြီးလျှင်၊ မြတ်စွာဘုရားသို့ ကပ်လာကုန်၍၊ မြတ်စွာဘုရားကိုရှိခိုး၍၊ တင့်အပ်သောအရပ်၌ နေကုန်ပြီးသော်။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် အာဝသထာဂါရကို သည်းခံတော်မူပါဟုလျှောက်၏၊ မြတ်စွာဘုရားသည် တုဏှိဘာဝဖြင့် သည်းခံတော်မူ၏။ ။အာဝသထာဂါရဟူသည်ကား။ ဧည့်သည်တို့ တဲမိမ့်သော၄ါ ဆောက်သော စရပ်တည်း။ ပါဝုလိရွာ၌ အဇာတသတ်မင်း၊ လိစ္ဆဝီမင်းတို့၏ မင်းချင်းယောက်ျားတို့သည် လာကုန်၍။ အိမ်ရှင်တို့ကို အိမ်မှ ထုတ်ပြီးလျှင်၊ တလရင်း၊ လခွဲပတ်လုံးရင်း၊ အခါခပ်သိမ်း မပြတ်လျှင်နေလာကုန်၏။ ထို့ကြောင့် ထိုသူတို့လာသောအခါ၌ နေရာဖြစ်လတ္တံ့ဟု ရွာလယ်၌ ကြီးစွာသောစရပ်ကိုဆောက်၍၊ ထိုစရပ်တွင် တခုသော အရပ်၌ ဥစ္စာထားရာ။ တခုသောအရပ်၌ လူနေရာတို့ကိုပြုကုန်၏။ ။ထိုပါဝုလိရွာသားဥပါသကာတို့သည် မြတ်စွာဘုရားရောက်တော်မူလာ၏ဟုကြားလျှင် ငါတို့သည် မြတ်စွာဘုရားကို သွား၍သော်လည်း ပင့်ဆောင်အပ်သည် ဖြစ်လျက်။ မြတ်စွာဘုရားသည် အလိုလိုပင် ငါတို့ရွာသို့ကြွတော်မူလာပေ၏။ ယခုမြတ်စွာဘုရားအား အာဝသထာဂါရ၌ မင်္ဂလာစကားကိုဆိုစေအံ့ဟုကြံကုန်ပြီးသော်။ဘုရားတို့မည်သည်တောကိုအလိုရှိ၏။ တော၌မွေ့လျော်ကုန်၏။ ရွာတွင်း၌နေခြင်း၄ါ အလိုရှိအံ့လော မရှိအံ့လောဟု မသိကုန်သည်ဖြစ်၍။ အာဝသထာဂါရကို မသုတ်သင်မပြင်ဆင်ဦးဘဲ မြတ်စွာဘုရားသို့ကပ်လာကုန်၍။ အာဝသထာဂါရကို သည်းခံတော်မူပါဟု လျှောက်၍ ဘုရား ဝန်ခံတော်မူသောအခါ၌ သုတ်သင် ပြုပြင်ဆင်အံ့သော၄ါ အာဝသထာဂါရသို့ လာကုန်၍။ အလုံးစုံသောအာဝသထာဂါရ၌ နေရာခင်းပြီးလျှင်၊ တခုသော

www.dhammaransi.com



အရပ်၌ မြတ်စွာဘုရားကိုကျိန်းစေအံ့ဟု တင်းထိမ်ဖြင့်ကာရံ၍ ညောင်စောင်းခင်းထားကုန်၍။ ရေဖြင့်ပြည့်သော စဉ့်အိုးတို့ကိုတည်၍။ ဆီမီးတို့ကိုထွန်းစေ၍၊ တဘန် မြတ်စွာဘုရားသို့ ကပ်လာကုန်ပြီးမှ။ မြတ်စွာဘုရားကိုရှိခိုးပြီးလျှင်။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ အာဝသထာဂါရ၌ အလုံးစုံကိုနေရာအပြည့်ခင်းအပ်ကုန်ပြီ။ ရေဖြင့်ပြည့်သောစဉ့်အိုးတို့ကို တည်အပ်ကုန်ပြီ။ ဆီမီးထွန်းအပ်ကုန်ပြီ။ ရှင်ပင်ဘုရားသည် ထိုစရပ်သို့ကြွအံ့သောအခါကို သိတော်မူနိုင်လော့ဟူ၍ လျှောက်ကုန်၏။ ထိုညချမ်းသောအခါ၌ မြတ်စွာဘုရားသည် သပိတ်သင်္ကန်းတို့ကိုအာနန္ဒာအား ယူစေ၍။ များစွာသော ရဟန်းသံဃာနှင့်တကွ အာဝသထာဂါရသို့ကြွတော်မူ၍၊ ခြေတော်တို့ကိုရေဖြင့် ဆေးပြီးလျှင် စရပ်တွင်းသို့ဝင်၍။အလယ် သည့်တိုင်ကိုမြတ်စွာဘုရားသည်မှီ၍ အရှေ့သို့ရှေးရှုနေတော်မူ၏။ ရဟန်းသံဃာသည်လည်း ခြေတော်တို့ကို ဆေးကုန်၍ စရင်တွင်းသို့ ဝင်ပြီးလျှင် မြတ်စွာဘုရား၏ နောက်တော်မှ နံရံကိုမှီ၍ အရှေ့သို့ မျက်နှာပြုလျက် နေကုန်၏။ မြတ်စွာဘုရားကိုရှေ့ထား၍ နေကုန်၏။ ပါဋလိဂ္ဂါသား ဥပါသကာတို့သည်လည်း ခြေဆေးကုန်လျက် စရပ်တွင်းသို့ဝင်ကုန်၍ အရှေ့နံရံကိုမှီကုန်ပြီးလျှင်အနောက်သို့မျက်နှာထားသဖြင့် ဘုရားကိုရှေးရှုပြု၍နေကုန်၏၊ မြတ်စွာဘုရားကို ရှေ့ထား၍နေကုန်၏။ထိုအခါ မြတ်စွာဘုရားသည်။ပါဋလိဂ္ဂါသားဥပါသကာတို့အား။ ပဉ္စိမေ ဂဟပတယော အာဒီနဝါ ဒုဿီလဿ သီလဝိပတ္တိယာ၊ အစရှိသောအားဖြင့် သီလဝိပတ္တိသုတ်ကိုဟောတော်မူ၏။ ။ထိုသုတ်၌အဓိပ္ပါယ်ကား။ သူကြွယ်တို့၊ သီလမရှိသောသူအား။ သီလပျက်ခြင်းကြောင့်၊ ငါးပါးကုန်သောအပြစ်တို့သည် ထင်ကုန်၏။ ငါးပါးဟူသည်ကား။ အကြင်သူသည် သီလပျက်၏။ ထိုသူအား မေ့လျော့ခြင်းကိုအကြောင်းပြု၍ ကြီးစွာသော စည်းစိမ်ဥစ္စာ၏ ဆုံးပါးခြင်းသည် ဖြစ်၏။ ဤသည်လျှင် ရှေးဦးစွာသော အပြစ်တည်း။ ထိုသီလမရှိသော ပုဂ္ဂိုလ်အား မကောင်းသော ကျော်စောသံသည် နှံ့၍တက်၏။ ဤသည်လျှင် နှစ်ခုမြောက်သောအပြစ်တည်း။ ထိုသီလမရှိသောပုဂ္ဂိုလ်အား။ အကြင်အကြင်သော မင်း၊ပုဏ္ဏား၊သူကြွယ်၊ ရဟန်းပရိသတ်သို့ချဉ်းကပ်၏။ ထိုသို့သော ပရိသတ်သို့ မျက်နှာမသာသည်၊ ခရွံ့ရှင့်သည်ဖြစ်၍ချဉ်းကပ်ရ၏။ ဤသည်လျှင် သုံးခုမြောက်သော အပြစ်တည်း။ ထိုသီလမရှိ

www.dhammaransi.com



သောပုဂ္ဂိုလ်သည်၊မိုက်မဲတွေဝေလျက်သေရ၏။ ဤသည်လျှင် လေးခုမြောက်သောအပြစ်တည်း။ထိုသီလပျက်စီးသောသူသည် သေသည်၏အခြားမဲ့၌ မကောင်းသောသူတို့၏သွားရာဖြစ်သောငရဲ၌ ဖြစ်ရလေ၏။ ဤသည်လျှင်ငါးခုမြောက်သောအပြစ်တည်း။ ဤငါးပါးသောအပြစ်တို့သည် သီလမရှိသောပုဂ္ဂိုလ်အား သီလပျက်သောကြောင့်ဖြစ်၏ ဟူလိုသည်။ ။ထိုနောင်မှ။ပဉ္စိမေဂဟပတယောအာနိသံသာသီလဝတော သီလသမ္ပဒါယ။ကတမေပဉ္စ၊ စသည်ဖြင့် သီလသမ္ပဒါသုတ်ကို ဟောတော်မူ၏။ ။ထိုသုတ်၌ အဓိပ္ပါယ်ကား။ သူကြွယ်တို့၊သီလရှိသောသူအား သီလပြည့်စုံခြင်းကြောင့် ငါးပါးသောအကျိုးတို့သည်ဖြစ်ကုန်၏။ ငါးပါးကား။ သီလရှိသော သီလနှင့်ပြည့်စုံသောသူသည်-ကုသိုလ်ဓမ္မ၌ မမေ့မလျော့ခြင်းကို အကြောင်းပြု၍ ကြီးစွာသော စည်းစိမ်ဥစ္စာကိုရ၏။ကောင်းသောကျော်စောသံသည် နှံ့၍တက်၏။ မင်းပုဏ္ဏားသူကြွယ်ရဟန်းပရိသတ်တို့သို့ ရဲရင့်သည်ဖြစ်၍၊ မျက်နှာ ရွှင်သန်းသည်ဖြစ်၍ ဆည်းကပ်ရ၏။ မတွေမဝေသည်ဖြစ်၍ သေခြင်းကိုပြုရ၏။ သေသည်၏အခြားမဲ့၌ သီလနှင့်ပြည့်စုံသောသူသည်နတ်ရွာသို့လားရ၏။ သီလရှိသောသူအားသီလနှင့်ပြည့်စုံခြင်းကြောင့် ဤအကျိုးငါးပါးတို့သည်ဖြစ်ကုန်၏ဟူလိုသည်။ ။ဤသို့အစရှိသောအားဖြင့် များစွာသောညဥ့်တို့ပတ်လုံး နှစ်သိမ့်စေ၍။ရွှင်စေ၍။ထက်စေ၍။ဆောက်တည်စေ၍။ လွှတ်လိုက်၏။ သူကြွယ်တို့၊ ညဥ့်ဦးယံသည် လွန်ပြီ။ အကြင်သွားခြင်းအခါသည်ရှိ၏။ ထိုအခါကိုသိကုန်လော့မိန့်တော်မူ၍လွှတ်လိုက်၏။ မြတ်စွာဘုရားသည် ထိုဒါယကာတို့ရှိခိုး၍ လကျ်ာရစ်လှည့်၍ သွားလေကုန်ပြီးသည်ရှိသော်တင်းထိမ်တွင်းသို့ဝင်၍ကျိန်းစက်တော်မူ၏။ ။

---

၅၄။ မြတ်စွာဘုရားသခင်၊ပါဋလိရွာ၊
အာဝသထာဂါရ၌သီတင်းသုံးနေစဉ်၊အဇာတသတ်မင်း၏အမတ်၊
သုနိဓ၊ဝဿကာရတို့သည် ဝဇ္ဇီမင်းသားတို့ကိုမြစ်အံ့သော၄ှါ၊
ပါဋလိရွာ၌မြို့တည်လှာသည်ကိုပြရာ။

ထိုရောအခါ သုနိဓ၊ဝဿကာရအမည်ရှိကုန်သော အဇာတသတ်မင်း၏အမတ်ကြီးတို့သည်ဝဇ္ဇီမင်းတို့အားပေးအပ်ဖသာအခွန်အတုတ်

www.dhammaransi.com



ကို မြစ်အံ့သော၌ အဓာတသတ်မင်း စေအပ်သည်ဖြစ်၍။ ပါဋလိဂ္ဂါ ငယ်၌ မြို့တည်ထောင်ကုန်၏။ ထိုအခါ တရတရ၌ တထောင်တထောင် အရရှိကုန်သောနတ်တို့သည်။ ပါဋလိဂ္ဂါ၌မင်းအမတ်စသည်တို့၏အိမ် ရာကို သိမ်းဆည်းကုန်၏။ အကြင် အရပ်အဘို့တို့၌ တန်းခိုး ကြီးကုန် သောနတ်တို့သည် နေရာအလို့၌သိမ်းဆည်းကုန်၏။ ထိုနေရာ၌တန်းခိုး ကြီးကုန်သောမင်းအမတ်တို့၏အိမ်တို့ကိုဘန်ဆင်းစိမ့်သော၌ ထိုမင်း အမတ်တို့၏စိတ်ကိုညွတ်စေကုန်၏။ အလတ်ဖြစ်သော တန်းခိုးရှိကုန် သောနတ်တို့သည်နေရာအလို့၌သိမ်းဆည်းကုန်သောနေရာအဘို့တို့၌ အလက်သောတန်းခိုးရှိကုန်သော မင်းအမတ်တို့၏အိမ်တို့ကိုဘန်ဆင်း စိမ့်သော၌ ထိုမင်းအမတ်တို့၏ စိတ်တို့ကို ညွတ်စေကုန်၏။ တန်းခိုး နည်းသောနတ်တို့ သိမ်းဆည်းအပ်သောနေရာအဘို့တို့၌၊ တန်းခိုးငယ် ကုန်သော မင်း အမတ်တို့၏ အိမ်တို့ကို ဘန်ဆင်းစိမ့်သော၌၊ ထိုမင်း အမတ်တို့၏စိတ်တို့ကို ညွတ်စေကုန်၏။ ထိုအိမ်ရာဘန်ဆင်းကုန်သော ဗိသုကာဆရာတို့သည်ကား မိမိတို့၏ အတတ် အာနုဘော် အားဖြင့်။ မြေအောက် အတောင် သုံးဆယ်မျှလောက်သောအရပ်၌။ ဤအရပ်၌ နဂါးတို့သည် ယူကုန်၏။ ဤအရပ်၌ ဘီလူးယူ၏။ ဤအရပ်၌ မြေဘုတ် ယူ၏။ ဤအရပ်၌ ကျောက်ရှိ၏။ ဤအရပ်၌ သစ်ငုတ်ရှိ၏ဟု မြင်ကုန်၏။ ထိုအခါ ဗိသုကာဆရာတို့သည်။ အတတ်မန္တရားကို ရွတ်၍ နတ်တို့နှင့် စာကွတိုင်ပင်ကုန်သကဲ့သို့ဘန်ဆင်းကုန်၏၊ နတ်တို့သည်လည်း ထိုဗိသု ကာဆရာတို့၏ ကိုယ်တွင်း၌ဝင်၍ ထိုသို့သောအိမ်ရာတို့ကို ဘန်ဆင်း စိမ့်သော၌ ထိုဆရာတို့၏စိတ်ကို ညွတ်စေကုန်၏၊ မသဒ္ဓါသောနတ် တို့သည် မသဒ္ဓါသောမင်းအမတ်စသည်တို့၏အိမ်တို့ကို ဘန်ဆင်းစိမ့် သော၌ ညွတ်စေကုန်၏။ ရတနာသုံးပါး၌ သဒ္ဓါသော နတ်တို့သည်။ ရတနာသုံးပါး၌ သဒ္ဓါကုန်သော မင်းအမတ်စသည်တို့၏အိမ်ကို ဘန် ဆင်းစိမ့်သော၌ ညွတ်စေကုန်၏။ အဘယ်ကြောင့် ဤကဲ့သို့ညွတ် စေသနည်း ဟူမူကား။ သဒ္ဓါသောနတ်တို့အား ဤသို့စိတ်အကြံသည် ဖြစ်၏။ ဤအရပ်၌ လူတို့သည်အိမ်ဘန်ဆင်းကုန်လတ္တံ့။ ရှေးဦး စွာရဟန်း သံဃာတော်တို့နေ၍ မင်္ဂလာတရားကို ဟောတော်မူကုန်လတ္တံ့။ ငါတို့ သည် သီလရှိသောအရှင်တို့ကိုဖူးမြင်ရကုန်လတ္တံ့၊ တရားတော်ကိုနာရ ကုန်လတ္တံ့။ ပြဿနာအဖြေကိုနာရကုန်လတ္တံ့။ အနုမောဒနာကိုပြုရကုန်

www.dhammaransi.com



လတ္တံ့။ လူတို့သည် အလှူပေးကုန်၍ ငါတို့အား အဘိုကိုဝေကုန်လတ္တံ့။ ဤသို့ အကြံရှိကုန်သောကြောင့်။ သဒ္ဓါသောနတ်တို့သည် သဒ္ဓါသော သူတို့၏အိမ်ကို ဘန်ဆင်းစေခြင်းငှါ ဗိသုကာဆရာတို့၏စိတ်ကို ညွတ်စေကုန်သတည်း။ ။ထိုရောအခါ၌ မြတ်စွာဘုရားသည်လူတို့၏မျက်စိအမြင်ကိုလွန်သော၊နတ်တို့၏မျက်စိဖြင့်။ တထောင်တထောင်အစုရှိကုန်သောနတ်တို့သည်။ ပါဋလိရွာ၌အိမ်ရာတို့ကိုသိမ်းယူကုန်သည်တို့ကိုမြင်တော်မူ၍။ ထိုညဉ့်မိုးသောက်သောအခါ၌ အရှင်အာနန္ဒာကိုခေါ်၍၊ ချစ်သားအာနန္ဒာ၊အဘယ်သူသည် ပါဋလိရွာ၌ မြို့ဘန်ဆင်းသနည်းဟုမေးတော်မူသဖြင့်။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ သုနိဓ၊ဝဿကာရ အမတ်တို့သည်။ ဝဇ္ဇီမင်းတို့အား အခွန်အတုတ်ကို မြစ်ခြင်းငှါ ပါဋလိရွာ၌ မြို့ဘန်ဆင်းကုန်၏ဟုလျှောက်သော်။ အာနန္ဒာ၊ တာဝတိံသာနတ်တို့နှင့်တိုင်ပင်၍ ဘန်ဆင်းကုန်သကဲ့သို့၊ ထိုအတူ သုနိဓပုဏ္ဏား၊ ဝဿကာရပုဏ္ဏားအမတ်တို့သည်။ ဝဇ္ဇီမင်းတို့အား အခွန်အတုတ်ကို မြစ်ခြင်းငှါ၊ ပါဋလိရွာ၌မြို့ကိုဘန်ဆင်းကုန်၏။ အာနန္ဒာ၊ငါသည်ဤညဉ့်အခါ၌လျှင် လူတို့၏ မျက်စိအမြင်ကို လွန်သော နတ်တို့၏ မျက်စိဖြင့် တထောင်တထောင်အစုရှိကုန်သောနတ်တို့သည် ပါဋလိရွာ၌ အိမ်ရာတို့ကို သိမ်းယူကုန်သည်တို့ကိုမြင်၏။ တန်းခိုးကြီးသော နတ်တို့သည် တန်းခိုးကြီးသောမင်းအမတ်တို့၏အိမ်ရာတို့ကို ယူကုန်၏။ အလတ်ဖြစ်သော တန်းခိုးရှိသော နတ်တို့သည် အလတ်ဖြစ်သော တန်းခိုးရှိသော မင်းအမတ်တို့၏အိမ်ရာတို့ကို စောင့်ယူကုန်၏။ တန်းခိုးနည်းသောနတ်တို့သည် တန်းခိုးနည်းသော မင်းအမတ်တို့၏ အိမ်ရာတို့ကို စောင့်ယူကုန်၏၊ အိမ်တို့ကို ဘန်ဆင်းစိမ့်သောငှါ စိတ်တို့ကို ညွတ်စေကုန်၏။ အာနန္ဒာ၊ ဤပါဋလိမြို့သည်၊ အကြင်မျှလောက်ကုန်သော အရိယာသူတော်ကောင်းတို့သည် ရှိကုန်၏။ ထိုမျှလောက်ကုန်သော အရိယာသူတော်ကောင် တို့၏နေရာဖြစ်ကုန်လတ္တံ့။ အကြင်မျှလောက်သော ကုန်သည်တို့သည်ရှိကုန်၏ ထိုမျှလောက်သောကုန်သည်တို့၏ဥစ္စာထုပ်ကို ဖြေရာဖြစ်ကုန်လတ္တံ့။ ဇမ္ဗူဒီပါကျွန်းအလုံး၌ မရအပ်သော ဘဏ္ဍာကိုလည်း ဤပါဋလိပုတ်မြို့၌ရလတ္တံ့။ တပါးသောအရပ်၌ရောင်းလိုသဖြင့် လာသော ကုန်သည်တို့သည်လည်း ဤမြို့၌သာလျှင် ရောင်းအံ့သောငှါ ဥစ္စာထုပ်တို့ကိုဖြေလတ္တံ့။ တံခါးလေးပေါက်တို့၌ လေးသိန်း။ မြို့လယ်

www.dhammaransi.com



သဘင်၌တသင်နှဲးအားဖြင့်၊နေ့တိုင်းနေ့တိုင်း ငါးသိန်းငါးသိန်းသောအခွန်တို့သည်တက်ကုန်လတ္တံ့။ ဤမြို့သည် မြတ်သောမြို့ကြီးဖြစ်လတ္တံ့။ အာနန္ဒာ၊ ဤပါဋလိပုတ်မြို့အား၊ သုံးပါးသောအန္တရာယ်တို့သည် ဖြစ်ကုန်လတ္တံ့၊ တစုသည် မီးကြီးလောင်၍ပျက်လတ္တံ့။ တစုသည် ဂင်္ဂါမြစ်ရေတိုက်၍ကမ်းပြို၍ပျက်လတ္တံ့။ တစုကား အချင်းချင်းမကြည်ညိုကြကုန်သည်ဖြစ်၍ ပျက်လတ္တံ့ဟု၊ မြတ်စွာဘုရား ဗျာဒိတ်ထားတော်မူ၏။ ။(ဤပါဋလိပုတ်မြို့ကား။ မြတ်စွာဘုရား လေးဆဲ့ငါးဝါ မြောက်သောနှစ်တွင်တည်သောမြို့တည်း)။ ။ဤသို့ဗျာဒိတ်ထားတော်မူပြီးသော်မြတ်စွာဘုရားသည်ဂင်္ဂါမြစ်နားသို့ကြွတော်မူ၍ မျက်နှာသစ်တော်မူပြီးလျှင် ဆွမ်းခံ အခါကို ငံ့လျက် နေတော်မူ၏။ ထိုအခါ။ သုနိဓ၊ ဝဿကာရအမတ်တို့သည်။ မြတ်စွာဘုရား ရောက်လာတော်မူကြောင်းကိုကြား၍။ ငါတို့၏မင်းသည့်ရဟန်းဂေါတမ၏ အလုပ်အကျွေး ဒါယကာတည်း။ ထိုမင်းသည်ငါတို့ကိုမေးလတ္တံ့။ မြတ်စွာဘုရားသည် ပါဋလိရွာသို့ကြွတော်မူလေ၏။ သင်တို့သည်မြတ်စွာဘုရားသို့အဆည်းအကပ်ရောက်ကုန်၏လော၊မရောက်ကုန်လော။ သင်တို့သည်ဆွမ်းဘိတ်မန်ကုန်၏လော၊မဘိတ်မန်ကုန်လောဟု မေးလတ္တံ့။ ဆွမ်းမဘိတ်မန်ကုန်ဟူ၍ လျှောက်သောအခါ ငါတို့အားအပြစ်ကိုတင်၍ နှိပ်လတ္တံ့။ ဤမြို့ကိုလည်း ငါတို့သည် ထိုမြတ်စွာဘုရား၏လာရာအရပ်၌ဘန်ဆင်းကုန်၏၊ ရဟန်းဂေါတမ၏ သွားရာသွားရာအရပ်၌လည်း ယုတ်မာသော သတ္တဝါတို့သည် ဖဲ၍ရှောင်လင့်ကုန်၏။ ထို့ကြောင့် ထိုရဟန်းဂေါတမကို ငါတို့သည် မင်္ဂလာတရားကိုဟောစေကုန်အံ့ကြံပြီး၍၊အကြင်အရပ်၌ မြတ်စွာဘုရားရှိ၏။ ထိုအရပ်သို့ကပ်လာ၍။ အရှင်ဂေါတမသည် အကျွန်ုပ်တို့၏ဆွမ်းကိုယနေ့အလို့ငှါ သံဃာတော်နှင့်တကွ ခံတော်မူပါဟု လျှောက်၏။ မြတ်စွာဘုရားသည် တုဏှီဘာဖြင့် ဝန်ခံတော်မူ၏။ သုနိဓ၊ ဝဿကာရတို့သည် ဘုရား ဝန်ခံတော်မူကြောင်းကို သိ၍။ မိမိတို့တဲနေရာ စရပ်သို့သွား၍၊ ထိုစရပ်၌ မွန်မြတ်သောခဲဘွယ်ဘောဇဉ်တို့ကို စီရင်၍။ အရှင်ဂေါတမ၊ ဆွမ်းဘုဉ်းပေးတော်မူအံ့သောအခါတန်ပြီ၊ ဆွမ်းပြင်၍ပြီးပါပြီဟု အခါကို ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသည် သင်းပိုင်ကိုပြင်ဝတ်၍၊ သင်္ကန်းကိုယူ၍၊ သံဃာတော်အပေါင်းနှင့်တကွထို

www.dhammaransi.com



အမတ်တို့တဲချ်စရပ်သို့ကြွတော်မူ၍။ ခင်းအပ်သောနေရာ၌ နေတော်
မူ၏။ ထိုအမတ်တို့သည် မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့် မိမိတို့
လက်ဖြင့် လုပ်ကျွေး၍ ရောင့်ရဲစေကုန်၏။ တန်ပြီဟု မြစ်စေကုန်၏။ ထို
အခါ သုနိဓ၊ ဝဿကာရအမတ်တို့သည်၊ မြတ်စွာဘုရားဆွမ်းစားပြီး
သော်။ သပိတ်တော်မှလက်တော်ချပြီးသော်။ အမှတ်မဲ့ တပါးပါး နိမ့်
သောနေရာကိုယူ၍ မြတ်စွာဘုရားကိုရှိခိုး၍ နေကြကုန်၏။ ။မြတ်စွာ
ဘုရားသည် ဤဂါထာတို့ဖြင့် အနုမောဒနာ ပြုတော်မူ၏၊ ။ယသ္မိံ
ပဒေသေ ကပ္ပေတိ၊ ဝါသံ ပဏ္ဍိတဇာတိယော။ သီလဝန္တေတ္ထ ဘော
ဇေတွာ၊သညတေ ဗြဟ္မစရိယေ။ ။ယာ တတ္ထ ဒေဝတာ အာသုံ၊
တာသံ ဒက္ခိဏာ မာဒိသေ။တာ ပူဇိတာ ပူဇယန္တိ၊မာနိတာ မာနယန္တိ
နံ။ ။တတော နံ အနုကမ္ပန္တိ၊ မာတာ ပုတ္တံဝ ဩရသံ။ ဒေဝတာနု
ကမ္ပိတော ပေါသော၊သဒါ ဘဒြာနိ ပဿတီတိ။ ။ဤဂါထာတို့ဖြင့်
အနုမောဒနာပြု၏၊ ။ယသ္မိံပဒေသေ၊အကြင်အရပ်၌။ ပဏ္ဍိတဇာတိ
ယော၊ပညာရှိသောသူသည်။ ဝါသံ၊ နေခြင်းကို။ ကပ္ပေတိ၊ပြု၏။ တတ္ထ၊
ဤအရပ်၌။ သညတေ၊ကိုယ်နှုတ်နှလုံးစောင့်သုံးကုန်သော။ ဗြဟ္မစရိ
ယေ၊ မြတ်သော အကျင့်ရှိကုန်သော။ သီလဝန္တေ၊ သီလ ရှိကုန်သော
ရဟန်းတို့ကို။ ဘောဇေတွာ၊ဆွမ်းကျွေး၍။ ။တတ္ထ၊ထိုအရပ်၌။ ယာ
ဒေဝတာ၊ အကြင်နတ်တို့သည်။ အာသုံ၊ဖြစ်ကုန်၏။ တာသံ၊ထိုနတ်တို့
အား။ ဒက္ခိဏံ၊အလှူကို။ အာဒိသေ၊ပေးဝေရာ၏။ ပူဇိတာ၊လူတို့ပူဇော်
အပ်ကုန်သော။တာ၊ထိုနတ်တို့သည်။ ပူဇယန္တိ၊အတုံ့ပူဇော်ကုန်၏။ မာ
နိတာ၊ မြတ်နိုးအပ်ကုန်သောနတ်တို့သည်။ နံ၊ထိုသူကို။ မာနယန္တိ၊အတုံ့
မြတ်နိုးကုန်၏။ ။တတော၊ ထိုသို့ မြတ်နိုးသောကြောင့်။ မာတာ၊အမိ
သည်။ ဩရသံ၊ရင်၌ဖြစ်သော။ ပုတ္တံ၊သားကို။ အနုကမ္ပတိဣဝ၊အစဉ်
စောင့်ရှောက်သကဲ့သို့။ နံ၊ထိုအမိမ့်ရှင်ကို။ ဒေဝတာ၊ နတ်တို့သည်။ အနု
ကမ္ပန္တိ၊အစဉ်စောင့်ရှောက်ကုန်၏။ ဒေဝတာနုကမ္ပိတော၊နတ်တို့အစဉ်
စောင့်ရှောက်အပ်သော။ ပေါသော၊ ယောကျာ်းသည်။ သဒါ၊အခါခပ်
သိမ်း။ဘဒြာနိ၊ကောင်းသောအကျိုးစီးပွါးတို့ကို။ပဿတိ၊မြင်ရ၏။ ။
ဤသို့ အနုမောဒနာပြုပြီး၍၊ မြတ်စွာဘုရားသည် နေရာမှထ၍ ကြွတော်
မူလေ၏။ ။ထိုသုနိဓ၊ဝဿကာရတို့သည် မြတ်စွာဘုရားသို့ နောက်

www.dhammaransi.com



တော်မှ အစဉ်လိုက်ကုန်၏။ ရဟန်းဂေါတမသည် အကြင်တံခါးဖြင့် ထွက်၏။ ထိုတံခါးသည် ဂေါတမတံခါးမည်သည်ဖြစ်လတ္တံ့။ အကြင် ဆိပ်ဖြင့် ဂင်္ဂါမြစ်ကိုကူး၏။ ထိုဆိပ်သည် ဂေါတမဆိပ်အမည်ရှိလတ္တံ့ ဟုကြံ၍လိုက်ကုန်၏။ ထိုအခါ မြတ်စွာဘုရားထွက်တော်မူသောတံခါး သည် ဂေါတမတံခါးမည်သည်ဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် မြို့မှထွက်၍ဂင်္ဂါမြစ်သို့ကပ်တော်မူလေ၏။ထိုအခါဂင်္ဂါမြစ်သည် ရေ ဖြင့်ပြည့်၏။ ကမ်းနှင့်မျှ၏။ ကမ်းထိပ်၌နေသောကျီးသည် သောက်နိုင် ကောင်းအောင်ရှိ၏။ ဤမှာဘက်မှ ထိုမှာဘက်သို့ကူးလိုကုန်သည်ဖြစ်၍ အချို့သောသူတို့သည် လှေကိုရှာကုန်၏။ အချို့ကား သစ်ကိုရှာကုန်၏။ အချို့ကားဖေါင်ကိုဖွဲ့ကုန်၏။ထိုအခါမြတ်စွာဘုရားသည်။ဉပမာကား။ ခွန်အားကြီးသောယောကျ်ားသည် ကွေးသောလက်ကို ဆန့်ဘိသကဲ့ သို့။ ဆန့်သောလက်ကို ကွေးဘိသကဲ့သို့။ သဃ်ာနှောက်ပါနှင့် တကွ ဂင်္ဂါမြစ်၏ ဤမှာဘက်ကမ်း၌ကွယ်ခဲ့၍၊ ထိုမှာဘက်ကမ်း၌ရှေးရှုတည် လေ၏။ ထိုအခါ မြတ်စွာဘုရားသည်၊ ဤမှာဘက်ကမ်းမှ ထိုမှာဘက် ကမ်းသို့ကူးလိုကုန်၍ လှေရှာကုန်သည်တို့ကို၊သစ်ရှာကုန်သည်တို့ကို၊ ဝါးဖေါင်ရှာကုန်သည်တို့ကိုသိတော်မူ၍၊ ။ယေ တရန္တိ အဏ္ဏဝံ သ ရံ၊သေတုံ ကတွာ ဝိသဇ္ဇ ပလ္လလာနိ။ ကုလ္လံဟိ ဇနာ ပဗန္ဓတိ၊နတိဏ္ဏာ မေဓာဝိနော ဇနာ။ ။ဟူသောဂါထာဖြင့် ဉဒါန်းကျူးတော်မူ၏။ ။

ယေအရိယပုဂ္ဂလာ၊ အကြင်အရိယာပုဂ္ဂိုလ်တို့သည်။ အဏ္ဏဝံ၊ သမုဒ္ဒရာ နှင့်တူသော။ သရံ၊ တဏှာတည်းဟူသောမြစ်ကို။ တရန္တိ၊ ကူးကုန်၏၊ တေအရိယပုဂ္ဂလာ၊ ထိုအရိယာပုဂ္ဂိုလ်တို့သည်။ သေတုံ၊ အရိယမဂ် တည်းဟူသောတံတားကို။ ဝါ၊ဖေါင်ကို။ ကတွာ၊ဖွဲ့သည်ကိုပြု၍၊ ပလ္လ လာနိ၊ ညွန်ပျောင်းတို့ကို။ ဝိသဇ္ဇ၊ စွန့်၍။ တရန္တိ၊ ကူးကုန်၏။ ဟိသစ္စံ၊ မှန်၏။ နဒီ ၊မြစ်ကို။ တရိတုကာမော၊ကူးလိုသော။ ဇနော၊လူများသည်။ ကုလ္လံ၊ သစ်ဖေါင်ဝါးဖေါင်ကို။ ပဗန္ဓတိ၊ ဖွဲ့၏။ မေဓာဝိနော၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် ပြည့်စုံကုန်သော၊ ဇနာ၊ အရိယာဖြစ်သောသူတို့သည်၊ ကုလ္လေန၊ဇလှေဖေါင်နှင့်။နတိဏ္ဏာ၊မကူးမြောက်ကုန်။ ။

www.dhammaransi.com



၅၅။ မြတ်စွာဘုရားသည်ပါဠလိရွာမှကောဋိဂါမ၊
ထိုမှနာတိကရွာသို့ရောက်တော်မူ၍သီတင်းသုံးနေစဉ်၊ခပ်သိမ်း
ရုံသောသူတို့ပင်။ငါသည်မည်သည့်ဂတိမည်သည့်အလားရှိ၏ဟု
သိနိုင်ဆုံးဖြတ်နိုင်စကောင်းသော၊ဓမ္မာဒါသမည်သောတရား
ကြေးမုံကိုအရှင်အာနန္ဒာအားဟောတော်မူခြင်း။

ထိုရေအခါ၌မြတ်စွာဘုရားသည်။အာနန္ဒာ၊ကောဋိဂါမရွာသို့ငါတို့သွားကုန်အံ့ဟု အာနန္ဒာကိုခေါ်တော်မူ၍။ များစွာသောရဟန်းသံဃာနှင့်တကွကြွတော်မူပြီးလျှင်ကောဋိဂါမရွာ၌နေတော်မူ၏။ ။(ကောဋိဂါမရွာဟူသည်ကား။ ငါတို့ဘုရားလောင်းဖြစ်သော မဟာပနာဒမင်း၏ပြာသာဒ်ကို မဟာပနာဒမင်းမရှိသည့်နောက်၌၊ နတ်တို့သည် ဂင်္ဂါမြစ်၌ချ၍ထားကုန်၏။ ဂင်္ဂါမြစ်ရေအဟုန်ကြောင့်။ ထိုပြာသာဒ်လည်းလေသော်။ ထိုပြာသာဒ်၏ အထွတ်များနှင့်မျှသော ဂင်္ဂါမြစ်နား၌ ရွာတည်၍ ကောဋိဂါမဟူ၍ သမုတ်သတည်း။ ပယာဂပတိဋ္ဌရွာကား။ ပြာသာဒ်စောင်းတန်းဦးတွင် တည်သောရွာတည်း။ ထိုနှစ်ရွာတို့၏ အကြား၌ နှစ်ဆဲ့ငါးယူဇနာ ခြား၏)။ ။ထိုကောဋိဂါမရွာ၌ နေတော်မူသောအခါ။ မြတ်စွာဘုရားသည်။ ရဟန်းတို့ကိုခေါ်တော်မူ၍။ စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။ ကတမေသံ စတုန္နံ၊အစရှိသော သုတ္တန်တရားကို ဟောတော်မူ၏။ ဤသုတ္တန်ကို ဟောပြီးသောနောင်မှလည်း။ ထိုကောဋိဂါမရွာ၌နေတော်မူလျက်။ ဣတိသီလံ၊ ဣတိသမာဓိ၊ဣတိပညာ၊ အစရှိသော တရားတော်ကိုလည်း အကြိမ်များစွာရဟန်းတို့အား ဟောကြားတော်မူ၏။ ။ထိုနောင် မွေ့လျော်တော်မူသောအတိုင်း ကောဋိဂါမရွာ၌နေတော်မူပြီး၍။ အရှင်အာနန္ဒာကို ခေါ်တော်မူ၍။ ချစ်သားအာနန္ဒာ၊ အကြင်အရပ်၌နာတိကရွာသည်ရှိ၏။ ထိုအရပ်သို့ငါတို့သွားကုန်အံ့မိန့်တော်မူ၍၊ များစွာသောရဟန်းသံဃာနှင့်တကွ ကြွတော်မူ၍ နာတိကရွာ၌အုဌ်ဖြင့်စီ၍ပြုအပ်သောဇရပ်သည့်တို့တဲရာစရပ်၌နေတော်မူ၏။ ။ထိုအခါ၌။ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ရှိခိုးစွာရှိခိုးပြီး၍ စာင့်အပ်လျောက်ပတ်သောအရပ်၌ နေပြီးသော်။ မြတ်စွာဘုရားကို ဤသို့လျှောက်၏။ ဘုန်းတော်ကြီးသောအရှင်ဘုရား

www.dhammaransi.com



ဘုရား၊ နာတိကရွာ၌ သာလအမည်ရှိသောရဟန်းသည်သေခြင်းကိုပြု၏။ ထိုသာလ၏တမလွန်ဘဝအလားသည်အဘယ်သို့ဖြစ်လေသနည်း။ နန္ဒာမည်သောဘိက္ခုနီမသည် သေလွန်၏။ ထိုနန္ဒာ၏အလားသည် အဘယ်သို့ဖြစ်လေသနည်း။ သုဒတ္တမည်သောဥပါသကာသည် သေလွန်၏။ ထိုသုဒတ္တ၏အလားသည် အဘယ်သို့ ဖြစ်လေသနည်း။ သုဇာတာမည်သောဥပါသိကာမသည် သေလွန်၏။ ထိုဥပါသိကာမ၏ အလားသည်အဘယ်သို့ဖြစ်လေသနည်း။ ကုက္ကုဋမည်သောဥပါသကာသည် နာတိကရွာ၌သေလွန်၏။ထိုဥပါသကာ၏အလားသည် အဘယ်သို့ဖြစ်လေသနည်း။ ကာဠိမ္ဗမည်သောဥပါသကာသည်သေလွန်၏။ထိုဥပါသကာ၏အလားသည် အဘယ်သို့ဖြစ်လေသနည်း။ နိကဋမည်သောဥပါသကာသည်သေလွန်၏။ထိုဥပါသကာ၏အလားသည် အဘယ်သို့ဖြစ်လေသနည်း။ ကဋိဿဟမည်သောဥပါသကာသည်သေလွန်၏။ တုဋ္ဌမည်သောဥပါသကာသည် သေလွန်၏။ သန္တုဋ္ဌမည်သောဥပါသကာသည်သေလွန်၏။ ဘဒ္ဒမည်သောဥပါသကာသည်သေလွန်၏။ သုဘဒ္ဒမည်သောဥပါသကာသည်သေလွန်၏။ ထိုဥပါသကာ၏အလားသည် အဘယ်သို့ ဖြစ်လေသနည်းဟု လျှောက်၏။ ။အာနန္ဒာ၊ သာလမည်သောရဟန်းသည်အာသဝေါလေးပါးတို့၏ကုန်ခြင်းကြောင့်အရဟတ္တဖိုလ်စိတ်ဖြင့် ကိလေသာမှလွတ်ခြင်းကိုပြု၍ မျက်မှောက်၌ကိုယ်တိုင်သိ၍နေ၏။ နန္ဒာမည်သောဘိက္ခုနီမသည်အောက်အဘို့ရှိသောသံယောဇဉ်ငါးပါးတို့၏ ကုန်ခြင်းကြောင့် ဥပပါတ်ပဋိသန္ဓေဖြင့် ဗြဟ္မာ့ပြည်၌ နေလေ၏။ထိုပြည်၌ပရိနိဗ္ဗာန်ပြုလေအံ့။ သုဒတ္တမည်သောဥပါသကာသည် သံယောဇဉ်သုံးပါးတို့၏ ကုန်ခြင်းကြောင့်။ ရာဂ ဒေါသ မောဟတို့၏ ခေါင်းပါးခြင်းကိုပြုသောကြောင့်သကဒါဂါမ်ဖြစ်၏။လူ့ပြည်သို့တကြိမ်သာလာ၍ ဒုက္ခ၏အဆုံးကိုပြုလတ္တံ့။ သုဇာတာမည်သော ဥပါသိကာမသည် သံယောဇဉ်သုံးပါးတို့၏ ကုန်ခြင်းကြောင့် သောတာပန်ဖြစ်၏။ အပါယ်လေးပါးသို့ မကျမူ၍ နတ်ရွာသုဂတိလျှင် မြဲသောသဘောရှိ၏။ အထက်မဂ်တရားလျှင် လည်းလျောင်းရာ ဖြစ်၏။ ကုက္ကုဋ မည်သောဥပါသကာသည်ဩရမ္ဘာဂိယသံယောဇဉ်ငါးပါးတို့၏ကုန်ခြင်းကြောင့် ဗြဟ္မာ့ပြည်၌ ဥပပါတ်ပဋိသန္ဓေနေလေ၏။ ထိုဗြဟ္မာ့ပြည်၌ပရိနိဗ္ဗာန်ပြုလေအံ့။ ကာဠိမ္ဗဥပါသကာ၊ နိကဋဥပါသကာ၊ ကဋိဿဟဥပါသကာ၊

www.dhammaransi.com



တုမ္ဗဥပါသကာ။ သက္ကဋဒြူဥပါသကာ။ ဘဒ္ဒဥပါသကာ။ သုဘဒ္ဒဥပါသကာတို့သည်။ အောက်အဘို့၌ဘွဲ့သော သံယောဇဉ်ငါးပါးတို့၏ကုန်ခြင်းကြောင့် ဖြစ်ပေါ်ပြည်၌ ဥပပါတ် ပဋိသန္ဓေ နေလေ၏။ ထိုဖြစ်ပေါ်ပြည်၌ ပရိနိဗ္ဗာန်ပြုလေအံ့။ အာနန္ဒာ၊ငါးကျိပ်အလွန်ရှိကုန်သော။ နာတိကရွာ၌ သေလွန်ကုန်သော ဥပါသကာတို့သည်။ အောက်အဘို့၌ ဘွဲ့အင်ကုန်သော သံယောဇဉ်ငါးပါးတို့၏ကုန်ခြင်းကြောင့် ဖြစ်ပေါ်ပြည်၌ဥပပါတ်ပဋိသန္ဓေအားဖြင့်ဖြစ်ကုန်၏။ ထိုဖြစ်ပေါ်ပြည်၌ ပရိနိဗ္ဗာန်ပြုလေကုန်အံ့။ အလွန်နှင့်တကွ ကိုးကျိပ်ကုန်သော နာတိကရွာ၌ လွန်ကုန်သော ဥပါသကာတို့သည်သံယောဇဉ်သုံးပါးတို့၏ကုန်ခြင်းကြောင့်။ ရာဂဒေါသမောဟတို့၏ ခေါင်းပါးသောကြောင့်။ သကဒါဂါမိ ဖြစ်ကုန်ပြီ။ ဤလူ့ပြည်သို့ တကြိမ်မျှလာ၍ ဒုက္ခ၏အဆုံးကိုပြုကုန်လတ္တံ့။ ချစ်သား အာနန္ဒာ။ တကျိပ်အလွန်ရှိကုန်သော ငါးရာကုန်သောဥပါသကာတို့သည်။ သံယောဇဉ်သုံးပါးတို့၏ ကုန်ခြင်းကြောင့် သောတာပန်ဖြစ်ကုန်ပြီ။ မြဲသောဂတိရှိ၏။ သစ္စာလေးပါးတရားလျှင်လည်းလျောင်းရာဖြစ်၏။ဤသို့မိန့်ပြီး၍။ စင်စစ်သော်ကား၊ ချစ်သားအာနန္ဒာ၊ အကြင်အကြင် လူဖြစ်သောသူသည်သေ၏။ ထိုသူသေရာ၌၊ငါဘုရားသို့ကပ်၍ ထိုသူ၏ဂတိကိုအကြင်ကြောင့်မေးကုန်လတ္တံ့။ ဤသို့မေးဖြင်းသည် မလျောက်ပတ်။ ဤသို့မေးခြင်းသည်ငါဘုရားအားပင်ပန်းစေသည်ဖြစ်ရာ၏။ ထို့ကြောင့်ကား။ အာနန္ဒာ၊ဤလောက၌။ လူတို့၏မျက်နှာရိပ်ကို ကြည့်ရာဖြစ်သော ကြေးမုံကဲ့သို့၊ တမလွန်သို့သွားလေကုန်သောသူတို့၏ဂတိကိုကြည့်ရာဖြစ်သော တရားတည်းဟူသောကြေးမုံကို ငါဟောအံ့။ အကြင်တရားနှင့်ပြည့်စုံသော အရိယာတပည့်သည်။ မိမိသည်ပင် မိမိကိုယ်ကို ငါသည် ငရဲ၌ဖြစ်ခြင်းကုန်ပြီ။ တိရစ္ဆာန်အမျိုး၌ ဖြစ်ခြင်းကုန်ပြီ။ ပြိတ္တာ၌ ဖြစ်ခြင်း ကုန်ပြီ။ အသုရကာယ်၌ ဖြစ်ခြင်းကုန်ပြီ။ အပါယဒုဂ္ဂတိသည် ကုန်ပြီ။ ပျက်စီးသောသဘောမရှိပြီ။ သစ္စာလေးပါးလျှင်လည်းလျောင်းရာဖြစ်ပြီဟု ကြားလိုသည်ရှိသော် ကြားရာ၏။ထိုတရားတည်းဟူသောကြေးမုံကို ဟောအံ့။ တရားဒေသနာကို ဟောအံ့။ ထိုတရားသည် အဘယ်နည်းဟူမူကား။ဣဓာနန္ဒ အရိယသာဝကော ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ ဣတိပိ သော ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော

www.dhammaransi.com



ပုရိသဒမ္မသာရထိ၊ သတ္ထာ ဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါတိ၊ ဓမ္မေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟီတိ၊သံဃေ အဝေစ္စပ္ပသာဒေနသမန္နာဂတော ဟောတိ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။ ဥဇုပ္ပဋိပန္နောဘဂဝတောသာဝကသံဃော။ဉာယပ္ပဋိပန္နော ဘဂဝတောသာဝကသံဃော။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသဘဂဝတော သာဝကသံဃော အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။ အရိယကန္တေဟိ သီလေဟိ သမန္နာဂတော ဟောတိ အခဏ္ဍေဟိ အစ္ဆိဒ္ဒေဟိ အသဗလေဟိ အကမ္မာသေဟိ ဘုဇိဿေဟိ ဝိညုပ္ပသတ္ထေဟိ အပရာမဋ္ဌေဟိ သမာဓိသံဝတ္တနိကေဟီတိ။ ။ဤသုတ္တန်တရားကို ဓမ္မာဒါသ တရားကြေးမုံဟူသော အမည်ဖြင့် ဟောပြီး၍။ ဤတရားလေးပါးနှင့် ပြည့်စုံသောအရိယာတပည့်သည်။ ငါသည် အပါယ်လေးပါးဂတိ၌ ဖြစ်ခြင်းကုန်ပြီ။ သောတာပန်ဖြစ်ပြီဟု မိမိသည်ပင်လျှင် မိမိကိုယ်ကိုကြားအပ်၏ဟု မိန့်တော်မူပြီးသော်၊ ထိုနာတိကရွာ အုဋ္ဌစရပ်၌ပင် နေတော်မူလျက်။ ဤတိသီလံ၊ဤတိသမာဓိ၊ဤတိပညာအစရှိသောတရားကိုလည်း ရဟန်းတို့အားများစွာဟောကြားတော်မူ၏။ ။

---

## ၅၆။ မြတ်စွာဘုရားသည်၊နာတိကရွာမှ၊ ဝေသာလီပြည်၊ထိုမှကြွတော်မူ၍၊ဝေဠုဝရွာ၌ ၄၅ ဝါ မြောက်ဝါကပ်တော်မူသည်ကိုပြရာ။

မြတ်စွာဘုရားသည့် နာတိကရွာ၌မွေ့လျော်သောအတိုင်းနေတော်မူပြီး၍၊ အာနန္ဒာ၊အကြင်အရပ်၌ဝေသာလီသည်ရှိ၏။ ထိုအရပ်သို့ငါတို့ သွားကုန်အံ့ဟု ရှင်အာနန္ဒာကို ခေါ်၍၊ များစွာသော ရဟန်းသံဃာနှင့် တကွ ဝေသာလီပြည်သို့ ကြွတော်မူပြီးလျှင်။ အမ္ဗပါလီကာမည်သော ပြည့်တန်ဆာမ၏သရက်ဥယျာဉ်၌နေတော်မူ၏။ ထိုအခါရဟန်းတို့ကို ခေါ်တော်မူ၍၊ အမ္ဗပါလီကာ ပြည့်တန်ဆာမကို မြင်သောအခါ၌ သတိ

www.dhammaransi.com



ကိုဖြစ်စေခြင်းငှါ၊ သတော ဘိက္ခဝေ ဘိက္ခု ဝိဟာရေယျ သမ္ပဇာနော၊ အယံဝေါအမှာကံအနုသာသနီတိ၊ဟူ၍။ချစ်သားရဟန်းတို့။ရဟန်းတို့ မည်သည်ကား။ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ အဆင်အခြင်နှင့် ပြည့်စုံ သည်ဖြစ်၍ နေရာ၏။ ဤသည်လျှင် သင်တို့အား ငါ၏အစဉ်ဆုံးမခြင်း အနုသာသနီတည်းဟုမိန့်၍၊ဒအဘယ်သို့ကား ရဟန်းသည်သတိနှင့်ပြည့် စုံသည်ဖြစ်သနည်းဟု ကထေတုကမျတာပုစ္ဆာဖြင့် မေးတော်မူဦး၍။ ဣဓဘိက္ခဝေဘိက္ခုကာယေကာယာနုပဿီ၊အစရှိသဖြင့်။သတိပဋ္ဌာန် ဥဒ္ဒေသကို ဟောတော်မူ၍။ အဘယ်သို့ကား အဆင်အခြင်နှင့် ပြည့်စုံ သည် ဖြစ်သနည်းဟု၊ ကထေတုကမျတာပုစ္ဆာဖြင့်ရင်း မေးတော်မူ၍။ ဣဓ ဘိက္ခဝေဘိက္ခု အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ၊ စသည်ဖြင့်။ သမ္ပဇာနပဗ္ဗကို ဟောတော်မူ၏။ ချစ်သား ရဟန်းတို့၊ ဤသည်လျှင်သတိနှင့်ပြည့်စုံသည်မည်၏။အဆင်အခြင်နှင့်ပြည့်စုံသည် မည်၏ဟု မိန့်၍။ ချစ်သားတို့၊ ရဟန်းမည်သည် သတိနှင့်ပြည့်စုံသည် ဖြစ်၍။အဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍နေရာ၏။ ဤသည်လျှင်သင်တို့ အား ငါ၏အနုသာသနီတည်းဟု မိန့်တော်မူ၏။ ။ထိုရောအခါ အမ္ဗ ပါလိကာ ပြည့်တန်ဆာမသည်။ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့် တကွ ဝေသာလီသို့ ရောက်တော်မူသည်ဖြစ်၍ ငါ၏သရက်ဥယျာဉ်၌ နေတော်မူ၏ဟု ကြား၍။ ကောင်းကုန်ကောင်းကုန်သော ယာဉ်တို့ကို ကစေ၍၊ ကောင်းသောကောင်းသောယာဉ်ကိုစီး၍ ဝေသာလီမှသည် မိမိသရက်ဥယျာဉ်သို့ နှင်လေ၍။ ယာဉ်ဖြင့် သွားကောင်းသောအရပ်၌ ယာဉ်ဖြင့်သွားပြီးမှ၊ ယာဉ်မှသက်၍ခြေဖြင့်သာလျှင်မြတ်စွာဘုရားရှိရာ အရပ်သို့ကပ်၍ တင့်အပ်သောအရပ်၌ မြတ်စွာဘုရားကိုရှိခိုး၍ နေ၏။ ထိုသို့နေပြီးသော အမ္ဗပါလိကာမည်သော ပြည့်တန်ဆာမကို မြတ်စွာ ဘုရားသည် တရားစကားဖြင့်ကောင်းစွာပြပေ၏၊ဆောက်တည်စေ၏၊ ထက်စေ၏၊ရွှင်စေ၏။ မြတ်စွာဘုရားသည်၊ တရားစကားဖြင့်ကောင်း စွာပြအပ်သော၊ဆောက်တည်စေအပ်သော၊ရွှင်စေအပ်သောပြည့်တန် ဆာမအမ္ဗပါလိကာသည်။ မြတ်စွာဘုရားကို။ ဘုန်းတော်ကြီးသောရှင် ပင်ဘုရား၊ နက်ဖြန်အလို့ငှါ အကျွန်ုပ်၏ဆွမ်းကို သံဃာတော်နှင့်တကွ ခံတော်မူပါဟုလျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ သဖြင့်ဝန်ခံတော်မူ၏၊ အမ္ဗပါလိကာသည် မြတ်စွာဘုရား၏ဝန်ခံတော်

www.dhammaransi.com



မှုသော အဖြစ်ကိုသိ၍။ မြတ်စွာဘုရားကိုရှိခိုး၍။ လက်ျာရစ်လည်သည် ကိုပြု၍ ဖဲလေ၏။ ။ဝေသာလီပြည်၌နေကုန်သောလိစ္ဆဝီမင်းတို့သည် လည်း၊မြတ်စွာဘုရားသည်ဝေသာလီပြည်သို့ရောက်လာ၏။ အမ္ဗပါလိ ကာ၏သရက်ဥယျာဉ်၌နေ၏ဟုကြားကုန်၍။ ကောင်းကုန်ကောင်းကုန် သောယာဉ်တို့ကိုကစေ၍။ ကောင်းသော်ကောင်းသောယာဉ်တို့ကို စီး ကုန်၍။ ကောင်းကုန်ကောင်းကုန်သော ယာဉ်တို့ဖြင့် ဝေသာလီပြည်မှ ထွက်လေကုန်၏။ ထိုလိစ္ဆဝီမင်းတို့တွင်။အချို့သောလိစ္ဆဝီမင်းတို့သည်။ ညိုသောနံ့သာပျောင်းတို့ကိုလိမ်းကုန်၏။ ညိုသောအဝတ်ကို ဝတ်ကုန် ၏။ ညိုသောတန်ဆာကိုဆင်ကုန်၏။ အချို့သောလိစ္ဆဝီမင်းတို့သည်။ရွှေ သောနံ့သာပျောင်းတို့ကိုလိမ်းကုန်၏။ ရွှေသောအဝတ်ပုဆိုးတို့ကို ဝတ် ကုန်၏။ ရွှေသောတန်ဆာတို့ကိုဆင်ကုန်၏။ အချို့သော လိစ္ဆဝီမင်းတို့ သည်။ နီသောနံ့သာပျောင်းတို့ကိုလိမ်းကုန်၏။ နီသောအဝတ်ပုဆိုးတို့ ကိုဝတ်ကုန်၏။ နီသောတန်ဆာတို့ကိုဆင်ကုန်၏။ အချို့သောလိစ္ဆဝီမင်း တို့သည် ဖြူသောနံ့သာပျောင်းတို့ကိုလိမ်းကုန်၏။ ဖြူသောအဝတ်ပုဆိုး တို့ကိုဝတ်ကုန်၏။ဖြူသောတန်ဆာတို့ကိုဆင်ကုန်၏။ ထိုအခါအမ္ဗပါလိ ကာပြည့်တန်ဆာမသည် လိစ္ဆဝီမင်းသားငယ်တို့၏ လှည်းဝင်ရိုးစွန်းကို မိမိလှည်းဝင်ရိုးစွန်းဖြင့်တိုက်မိစေ၏။လှည်းဘီးကို လှည်းဘီးဖြင့်ခိုက်မိ စေ၏။ ထမ်းပိုးကိုထမ်းပိုးဖြင့်ခိုက်မိစေ၏။ ထိုအခါလိစ္ဆဝီမင်းတို့သည်။ ဟယ်အမ္ဗပါလိ၊ အဘယ့်ကြောင့် သင်သည် မင်းသားငယ်တို့၏ဝင်ရိုး စွန်းကို မိမိ၏ဝင်ရိုးစွန်းဖြင့်။ လှည်းဘီးကိုမိမိလှည်းဘီးဖြင့်။ ထမ်းပိုးကို မိမိ၏ထမ်းပိုးဖြင့် တိုက်ခိုက်စေ၍ သွားသနည်းဟု မေးကုန်၏။ အရှင် သားတို့၊ အကျွန်ုပ်သည်နက်ဖြန်အလို့ငှါ မြတ်စွာဘုရားကိုသံဃာတော် နှင့်တကွ ဆွမ်းဘိတ်မန်အပ်ပြီ၊ ထို့ကြောင့်ကား အကျွန်ုပ်သည် တိုက် ခိုက်၍သွား၏ဟုဆို၏။ အမယ်အမ္ဗပါလိ၊ မြတ်စွာဘုရားအား တကြိမ် လှူရန်ဆွမ်းကို အသပြာတသိန်းအဘိုးဖြင့်ငါတို့အားပေးပါဟု တောင်း ကုန်၏။ အရှင်သားတို့၊ ဇနပုဒ်နှင့်တကွသောဝေသာလီပြည်ကိုပင်ပေး သော်လည်း ကြီးမြတ်သော အကျိုးရှိသောဆွမ်းကို မပေးအံ့ဟုဆို၏။ ထိုအခါ လိစ္ဆဝီမင်းတို့သည်၊အချင်းတို့၊အမ္ဗပါလိကာသည် ငါတို့ ကိုအောင်အပ်ခဲ့ပြီ။အချင်းတို့၊စင်စစ်အားဖြင့် အမ္ဗပါလိကာသည်ငါတို့ ကိုအောင်ပါပြီတကားဟု လက်ခါကုန်၏။ ထိုလိစ္ဆဝီမင်းတို့သည် အမ္ဗ

ပါလိကာ၏သခင်ဥယျာဉ်သို့သွားလေကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုလိစ္ဆဝီမင်းသားတို့ကို အဝေးမှပင် လာကုန်သည်တို့ကို မြင်တော်မူ၍၊ ရဟန်းတို့ကိုဤသို့မိန့်တော်မူ၏။ ချစ်သားရဟန်းတို့၊ အကြင်ရဟန်းတို့သည် တာဝတိံသာနတ်တို့ကို မမြင်ဘူးကုန်။ ထိုရဟန်းတို့သည် ဤလိစ္ဆဝီပရိသတ်ကိုရှုကြကုန်လော့။ တာဝတိံသာနတ်တို့သည် အညိုအရွှေ အစရှိသည်တို့ဖြင့် အဆင်းလှကုန်သကဲ့သို့၊ လိစ္ဆဝီမင်းတို့လည်းအဆင်းလှကုန်၏ဟူ၍ တာဝတိံသာနတ်တို့နှင့်အမျှပြု၍ရှုပါကုန်လော့။ အဘန်တလဲလဲရှုကုန်လော့။ နှလုံး၌ထားကုန်လော့ဟူ၍ မိန့်တော်မူ၏။ အဘယ်ကြောင့်ကား မြတ်စွာဘုရားသည် အရာမကများစွာသော တပည့်သားတော်တို့အား။ တပါးသောရူပါရုံ အစရှိသည်တို့၌ မျက်စိ အစရှိသည်တို့ဖြင့် ရှုခြင်းကို မြစ်တော်မူပြီးလျက်။ လိစ္ဆဝီ မင်းသားတို့တွင်သာ ကြည့်ကုန်လော့၊ မှတ်ကုန်လော့ဟု အဘယ်ကြောင့်အာရုံကိုယူခြင်း၌ တိုက်တွန်းတော်မူလေသနည်း ဟူတုံအံ့။ ရဟန်းတို့အား အကျိုးစီးပွါးကို အလိုတော်ရှိသောကြောင့်ရင်း၊ အနိစ္စလက္ခဏာကို ထင်ရှားဖြစ်စေခြင်းငှါရင်း၊ တိုက်တွန်းတော်မူ၏။ ထိုရဟန်းတို့တွင် အချို့သောရဟန်းတို့သည် ချို့သောလုံ့လရှိသည်ဖြစ်၍မေ့လျော့ကုန်၏။ ထိုရဟန်းတို့ကို တာဝတိံသာနတ်နှင့်တူသော ဝေသာလီမင်းတို့၏ စည်းစိမ်ချမ်းသာဖြင့် ဖြားယောင်း၍။ မမေ့မလျော့ ရဟန်းတရားကိုပြုကုန်သောသူတို့အား ဤသို့သောစည်းစိမ်ကို ရလွယ်၏ဟု ရဟန်းတရား၌ အားထုတ်စေခြင်းငှါတိုက်တွန်းတော်မူ၏။ ဆိုဘွယ်ရှိသေး၏။ အလုံးစုံကုန်သော ဤလိစ္ဆဝီ မင်းတို့သည် မကြာမြင့်မီပင် အဇာတသတ် မင်းကြောင့် ပျက်စီးခြင်းသို့ရောက်လတ္တံ့။ ထိုအခါ လိစ္ဆဝီမင်းတို့၏ စည်းစိမ်ချမ်းသာကိုမြင်လိုက်ကုန်ပြီး၍ တည်ကုန်သောရဟန်းတို့အား။ ထိုလိစ္ဆဝီမင်းတို့ကဲ့သို့ သဘောရှိကုန်သောမင်းဘို့၏ စည်းစိမ်ချမ်းသာတို့လျက်လည်း ပျက်စီးခြင်းသည်ထင်ဘိ၏တကားဟု သံဝေဂတရားတို့၌ အနိစ္စလက္ခဏာကို ပွါးစေ၍။ ပဋိသမ္ဘိဒါလေးပါးနှင့် တကွ ရဟန္တာ အဖြစ်သို့ ရောက်ကုန်လတ္တံ့ဟု နှလုံးသွင်းတော်မူ၍လည်း ကြည့်လိုက်ကုန်၊ ရှုလိုက်ကုန်၊ တာဝတိံသာနတ်တို့နှင့်အတူ လူဖြစ်သောလိစ္ဆဝီမင်းတို့သည် လှပတင့်တယ်ကုန်၏။ သင်တို့မှတ်လိုက်ကုန်ဟူ၍ တိုက်တွန်းတော်မူလတည်း။ ။

www.dhammaransi.com



ထိုရောအခါလိစ္ဆဝီမင်းတို့သည် ယာဉ်ဖြင့်သွားကောင်းသောအရပ်ကိုယာဉ်ဖြင့်သွား၍၊ ယာဉ်မှသက်၍ ခြေဖြင့်သာလျှင် သရက်ဥယျာဉ်သို့ဝင်၍ မြတ်စွာဘုရားသို့ကပ်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ မြတ်စွာဘုရားကို ရှိသေစွာရှိခိုးလျက်နေကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် လိစ္ဆဝီမင်းတို့ကို တရားစကားဖြင့် ကောင်းစွာပြပေ၏။ နှစ်သိမ့်စေ၏၊ ထက်စေ၏။ ရွှင်စေ၏။ မြတ်စွာဘုရားသည် တရားစကားဖြင့် ကောင်းစွာ ပြအပ်သည်၊ ထက်စေအပ်သည်၊ ရွှင်စေအပ်သည်ဖြစ်၍။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် သံဃာတော်နှင့်တကွ နက်ဖြန်အလို့ငှါ အကျွန်ုပ်တို့၏ဆွမ်းကိုခံတော်မူပါဟု လျှောက်၏။ မြတ်စွာဘုရားသည်ဤသို့မိန့်၏။ လိစ္ဆဝီမင်းများတို့၊ ငါသည်နက်ဖြန်အလို့ငှါ အမ္ဗပါလီကင်၏ဆွမ်းကို ဝန်ခံခဲ့ပြီဟုမိန့်၏။ ထိုအခါ လိစ္ဆဝီမင်းတို့သည် အချင်းတို့၊ ငါတို့ကိုအမ္ဗပါလိကာသည်အောင်အပ်ပြီ၊ အောင်အပ်ပြီဟူ၍လက်ကိုခါကုန်၏။ ထိုရောအခါ လိစ္ဆဝီမင်းတို့သည် မြတ်စွာဘုရား၏တရားစကားကိုနှစ်လိုဝမ်းမြောက်ကုန်လျက် မြတ်စွာဘုရားကို ရှိခိုးပြီးမှ လက်ျာရစ်လည်သည်ကိုပြု၍ ဖဲလေကုန်၏။ ။ထိုရောအခါ အမ္ဗပါလိကာသည် ထိုညဉ့်လွန်သဖြင့်မိမိအရာမ်၌မွန်မြတ်သောဘောဇဉ်တို့ကိုစီရင်၍၊ မြတ်စွာဘုရားအား ဆွမ်းဘုဉ်းပေးအံ့သောအခါတန်ပါပြီ။ ဆွမ်းသည်ပြင်ဆင်၍ပြီးပါပြီဟူ၍ အခါကိုကြားလျှောက်စေ၏။ မြတ်စွာဘုရားသည် နံနက်အခါ၌ သင်းပိုင်ကိုပြင်ဝတ်၍။ သပိတ်သင်္ကန်းကိုယူ၍ ရဟန်းသံဃာတော်အပေါင်းနှင့်တကွ အမ္ဗပါလိကာ၏အာရာမ်သို့ကပ်တော်မူ၍ ခင်းအပ်သောနေရာ၌နေတော်မူ၏။ အမ္ဗပါလိကာသည် ဘုရားအမှူးရှိသောသံဃာကို မွန်မြတ်သောခဲဘွယ်ဘောဇဉ်ဖြင့် ကိုယ်တိုင်လုပ်ကျွေးနှစ်သိမ့်စေသဖြင့်။ တန်ပြီဟုမြစ်စေ၏။ ထိုအခါအမ္ဗပါလိကာသည်။ မြတ်စွာဘုရား ဆွမ်းစား ပြီးသော်။ သပိတ်တော်မှ လက်တော်ချပြီးသော်။ အမှတ်မဲ့တံခုခုသောနိမ့်သောနေရာကိုယူ၍။ တင့်အပ်သောအရပ်၌ နေပြီးသော်။ မြတ်စွာဘုရားကို။ ဘုန်းတော်ကြီးလှသော ရှင်ပင်ဘုရား၊ ဤအာရာမ်ကို ဘုရားအမှူးရှိသောသံဃာတော်အားလှူပါ၏ဟု လျှော၏။ မြတ်စွာဘုရားသည်သရက်ဥယျာဉ်ကိုခံတော်မူ၍၊ အမ္ဗပါလိကာကို တရားစကားဖြင့် ကောင်းစွာဟောပြဆောက်တည်စေ၍၊ နေရာတော်မှထ၍ကြွတော်မူလေ၏။ ။ထိုဖေသာလီပြည်၌၊ အမ္ဗပါလိ

www.dhammaransi.com



လူးလဲခြင်းကို မပြုမူ၍၊ မနှိပ်စက်ဖဲစမူ၍ သည်းခံတော်မူ၏။ မြတ်စွာဘုရားအား ဤသို့သော အကြံတော်သည်ဖြစ်၏။ အကြင်ငါသည်အလုပ်အကျွေးဒါယကာတို့ကိုမကြားမူ၍၊ ရဟန်းသံဃာတို့ကိုမပန်မူ၍၊ ပရိနိဗ္ဗာန်ပြုအံ့။ ဤသို့ပြုခြင်းသည် ငါ့အားမလျောက်ပတ်။ သို့ဖြစ်၍ကား ငါသည် ဤပြင်းစွာသောအနာကို အရဟတ္တဖိုလ်သမာပတ်ဝီရိယဖြင့် ခွါ၍။ အရဟတ္တဖိုလ်သမာပတ်ဖြင့် ဇီဝိတသင်္ခါရကိုဆောက်တည်၍ နေအံ့ဟုကြံတော်မူ၍။ အသက်ကိုထားခြင်းငှါစွမ်းနိုင်သော အရဟတ္တဖိုလ်သမာပတ်ကိုဝင်စားတော်မူ၏။ ထိုအခါ၌မြတ်စွာဘုရားအားအနာသည် ငြိမ်း၏။ ။အသို့နည်း၊ မြတ်စွာဘုရားသည် ဤဖလသမာပတ်ကို ရှေး၌ဝင်စားတော်မမူဘူးလော ဟူတုံအံ့၊ ဝင်စားတော်မူ၏။ ထိုသမာပတ်သည်ကား ခဏိကသမာပတ်သာတည်း။ ထိုခဏိကသမာပတ်သည်လည်း သမာပတ်၏အတွင်း၌သာဝေဒနာကိုခွါနိုင်၏။ သစ်သားဖြင့်ရင်း၊ အိုးခြမ်းဖြင့်ရင်း၊ ပိုင်းဖြတ်အပ်သောမှော်သည် ရေကိုဖုံးလွှမ်းလွယ်သကဲ့သို့။ ခဏိကသမာပတ်မှ ထကာမျှ၌ပင် ဝေဒနာ လွှမ်းမိုးလွယ်၏။ ရူပသတ္တကအရူပသတ္တကတို့ကိုအထုံးအဖွဲ့မရှိသည်ကိုပြု၍။ မဟာဝိပဿနာ၏အစွမ်းဖြင့် ဝင်စားအပ်သော သမာပတ်သည်ကား၊ ကြာမြင့်စွာဝေဒနာကိုခွါ၏။ အားကြီးသောယောကျ်ားသည်လက်ခြေတို့ဖြင့်ယက်၍တွန်းဖယ်အပ်သောမှော်သည် ကြာမြင့်မှ ဖုံးလွှမ်းသကဲ့သို့၊ ထိုအတူကြာမြင့်မှဝေဒနာသည်ဖြစ်၏။ ။ထိုနေ့၌မြတ်စွာဘုရားသည် မဟာဗောဓိပလ္လင်၌ အသစ်ဖြစ်သောဝိပဿနာကိုဖြစ်စေသကဲ့သို့၊ ရူပသတ္တကအရူပသတ္တကတို့ကိုအထုံးအဖွဲ့မရှိသည်ကိုပြု၍။ တဆဲ့လေးပါးသောအခြင်းအရာတို့ဖြင့်ဆောင်၍ မဟာဝိပဿနာဖြင့် ဝေဒနာကိုခွါ၍၊ ဆယ်လတိုင်တိုင်မဖြစ်စေသတည်းဟု ဓိဋ္ဌာန်တော်မူ၍ဝင်စားတော်မူ၏။ ။

ထိုရောအခါမြတ်စွာဘုရားသည်အနာမှထပြီးသည်ဖြစ်၍ကျောင်းတော်မှထွက်ပြီးလျှင်၊ ကျောင်းရိပ်၌ခင်းအပ်သောနေရာ၌နေတော်မူ၏။ ရှင်အာနန္ဒာလည်း မြတ်စွာဘုရားသို့ကပ်၍၊ ရှိသေစွာရှိခိုး၍ တင့်အပ်သောအရပ်၌နေပြီးလျှင် မြတ်စွာဘုရားကို ဤသို့လျှောက်၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ကိုယ်တော်ခန္ဓာကျန်းသာယာသောအဖြစ်ကို အကျွန်ုပ်သည်မြင်အပ်ပြီ။ စင်စစ်သော်ကား၊ အရှင်ဘုရား၊ အကျွန်ုပ်၏

www.dhammaransi.com



ကိုယ်သည်၊ ကြမ်းခက်ထဲရော်ရှိသည်ဖြစ်၏။ အရှေ့အနောက်တောင်မြောက်ကိုမျှ မသိနိုင်ပြီ။ မြတ်စွာဘုရားကိုယ်တော်မကျန်းသောကြောင့် လေ့လာနှုတ်ကျက် ဆောင်ရွက်အပ်သော တရားတို့သည် အကျွန်ုပ်၏ နှလုံး၌မထင်ပြီ။ စင်စစ်သော်ကား၊ အရှင်ဘုရား၊ အကြင်မျှလောက်သော ကာလပတ်လုံး မြတ်စွာဘုရားသည်၊ ရဟန်းသံဃာကို တစုံတခုကိုမျှ မမှာထားသေး။ ထိုမျှလောက်သောလပတ်လုံး မြတ်စွာဘုရားသည်ပရိနိဗ္ဗာန်မပြုလတ္တံ့ ဧဪက်မေ့၍၊ အကျွန်ုပ်အား ထွက်သက်ဝင်သက်မျှ လာသည်ဖြစ်၏ဟုလျှောက်၏။ ထိုအခါမြတ်စွာဘုရားသည်၊ အသို့နည်း အာနန္ဒာ၊ ရဟန်းသံဃာသည် အဘယ်ကြောင့် ငါ၌တောင့်တအပ်သနည်း။ ငါသည်အလုံးစုံသောတရားကိုဟောအပ်ပြီ။ အာနန္ဒာ၊ ငါဘုရားအား၊ တစုံတခုသောအဘတ်ပညာကိုပျို့ရွယ်စဉ်ကာလမဟောကြားမူ၍၊ သေရာညောင်စောင်း၌ လျောင်းသောအခါမှ ချစ်ခင် လေးမြတ်သော တပည့်အား သင်ကြားခဲ့အံ့ဟု တရားလက်ဆုပ်ထားသကဲ့သို့။ ဤသူအားတရားမဟောသေးဟု၊ ပုဂ္ဂိုလ်ကိုအပပြု၍ငင်း၊ ဤတရားကိုမဟောသေးဘူးဟု၊ တရားကို အပပြု၍ငင်း။ အသက်အရွယ်ကြီးရင့်စွာ၍ သေခါနီးမှဟောအံ့ဟူ၍၊ လက်ဆုပ်ထားသောတရားမည်သည်မရှိပြီ။ အာနန္ဒာ၊ ငါသည်သာလျှင်ရဟန်းသံဃာကိုဆောင်အံ့။ ငါ့ကိုသာလျှင် ရဟန်းသံဃာသည်ရည်မှတ်၍ တောင့်တသည်ဖြစ်စေသတည်းဟူ ငါဘုရား၏စိတ်တော်သည်မရှိ။ အာနန္ဒာ၊ ထိုမြတ်စွာဘုရားသည် ရဟန်းသံဃာကိုအကြောင်းပြု၍တစုံတခုသောစကားကိုအဘယ်မှာ ဆိုတော့အံ့နည်း။ ဤသို့မဖြစ်ရာဟု မိန့်တော်မူ၏။ ယခုအခါ အာနန္ဒာ ငါဘုရားသည်အိုမင်းခဲ့ပြီ။ အရွယ်ကြီးခဲ့ပြီ။ မင်းနှစ်ဆက်သုံးဆက်လည်လေပြီ။ အသက် ရှစ်ဆယ်ရှိခဲ့ပြီ။ ဥပမာကား။ အာနန္ဒာ၊ လှည်းပေါင် လှည်းဘီးတို့ကိုဖွဲ့ချည်နှောင်၍ ပြင်ဆင်ခြင်းနှင့်ရောသော လှည်းအိုကဲ့သို့။ ထို့အတူငါဘုရား၏ကိုယ်ကိုလည်း အရဟတ္တဖိုလ်တည်းဟူသော အဖွဲ့ဖြင့် ဇရိယာပုထ်လေးပါးတို့ကိုဖြစ်စေရခဲ့ပြီ။ အာနန္ဒာ၊ အကြင်အခါ၌ ငါဘုရားသည် အလုံးစုံသောအာရုံတို့ကိုနှလုံးမသွင်းခြင်းကြောင့် အချို့သော လောကီဝေဒနာတို့၏ချုပ်ခြင်းကြောင့် အနိမိတ္တစေတောသမာဓိသို့ကပ်၍နေ၏။ ထိုအခါ၌ငါဘုရား၏ကိုယ်သည် ချမ်းသာမြတ်သည်ဖြစ်၏။ ထို့ကြောင့်ရကား။ အာနန္ဒာ၊ သင်တို့သည် မိမိကိုယ်သာ

www.dhammaransi.com



လျှင်မှီခိုရာကျွန်းသဘွယ်ဖြစ်၍၊ မိမိကိုယ်သာလျှင် လည်းလျောင်းရာရှိသည်ဖြစ်၍၊ ကိုယ်မှတပါး လည်းလျောင်းရာ မရှိသည်ဖြစ်၍။ တရားသာလျှင် ကိုးကွယ်ရာမှီခိုရာကျွန်းရှိသည်ဖြစ်၍၊ တရားသာလျှင်လည်းလျောင်းရာရှိသည်ဖြစ်၍၊ တရားမှတပါး လည်းလျောင်းရာ မရှိသည်ဖြစ်၍နေကုန်ရာ၏။ အဘယ်သို့နေသည်ရှိသော် မိမိကိုယ်သာ မှီခိုရာကျွန်းသဘွယ်ဖြစ်၍ တရားသာ မှီခိုရာကျွန်းကြီးသဘွယ်ရှိသည်ဖြစ်၍နေသည်ဖြစ်ရာသနည်းဟု ကထေတုကမျတာပုစ္ဆာဖြင့်မေးတော်မူဦး၍။ ဣဓဘိက္ခဝေဘိက္ခု ကာယေကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ၊ စသည်ဖြင့်ဖြေတော်မူ၍။ အာနန္ဒာ၊ ဤသို့မိမိကိုယ်၌ကာယ၏အစုကိုအဘန်တလဲလဲအောက်မေ့၍၊ ကိလေသာကိုပူပန်စေတတ်သောလုံ့လရှိသည်ဖြစ်၍၊ အဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍၊ အာရုံခြောက်ပါး၌တပ်ခြင်းအမျက်ထွက်ခြင်းကိုဖျောက်၍ နေခြင်းစသည်လျှင် မိမိကိုယ်သာမှီခိုရာကျွန်းကြီးသဘွယ်ရှိသည်ဖြစ်၍ တရားသာ မှီခိုကိုးကွယ်ရာ ကျွန်းကြီးသဘွယ်ရှိသည် ဖြစ်၍ နေသည်မည်၏ဟု ဟောတော်မူ၏။ ။

ဤသို့ မြတ်စွာဘုရားသည် အနာမှထမြောက်ပြီးသောအခါ၌၊ ရဟန်းတို့သည် စကားကိုဖြစ်စေကုန်၏။ ငါ့ရှင်တို့၊ သိကြားမင်း၏ မြတ်စွာဘုရား၌ချစ်မြတ်နိုးခြင်းသည် အံ့ဘွယ်ရှိစွ။ ဤသို့သဘောရှိသောစည်းစိမ်ကိုစွန့်၍ မျက်နှာတွန့်ခြင်းကိုမျှ မပြုမူ၍ နံ့သာဒိုးကို ဦးခေါင်းဖြင့်ဆောင်ရွက်သကဲ့သို့။ မြတ်စွာဘုရားကိုယ်တော်၏အညစ်အကြေးဖြင့်သုံးဆောင်သောအိုးကို ဦးခေါင်းဖြင့် ရွက်ဆောင်၍ လုပ်ကျွေးခြင်းကိုပြု၏ဟုစကားကိုဖြစ်စေကုန်၏။မြတ်စွာဘုရားသည်ထိုစကားကိုကြားတော်မူ၍၊ အသို့ဆိုကုန်သနည်း ချစ်သားရဟန်းတို့၊ သိကြားနတ်မင်းသည် ငါ၌ အကြင်ကြောင့်ချစ်ခြင်းကိုပြု၏။ ထိုချစ်ခြင်းသည် အံ့ဘွယ်မရှိ။ ဤသိကြားမင်းသည် ငါ့ကိုမှီ၍ အိုသောသိကြား၏အဖြစ်ကိုစွန့်၍သောတာပန်ဖြစ်၍ ပျိုသော သိကြား၏အဖြစ်သို့ရောက်၏။ သေခြင်းဘေးမှကြောက်သည်ဖြစ်၍ ပဉ္စသိခအမည်ရှိသော ဂန္ဓဗ္ဗနတ်သားကိုရှေ့တည်ပြု၍လာသောသိကြားအား၊ ဣန္ဒသာလဂူလိုဏ်၌နတ်ပရိသတ်၏အလယ်၌ငါဘုရားသည်၊ ပုစ္ဆ ဝါသဝ မံ ပဉှံ၊ အစရှိသောဂါထာဖြင့်ဆို၍။ ထိုသိကြား၏ယုံမှားသက်ာကိုဖျောက်၍တရားဟော၏။ ဒေသ

www.dhammaransi.com



နာတော်အဆုံး၌ နှစ်ဆဲ့လေးကုဋေသော နတ်ဗြဟ္မာ လူ ဗြဟ္မာ သတ္တဝါတို့အား မဂ်ဖိုလ်တရားရခြင်းသည်ဖြစ်၏။ သိကြားမင်းသည်လည်း ထိုနေရာ၌ပင်သောတာပတ္တိဖိုလ်သို့ရောက်၍ သိကြားပျိုဖြစ်၏။ ဤသို့ဝါသည် သိကြားအား များစွာကျေးဇူးရှိ၏။ ထို့ကြောင့် ဝါ၌ သိကြား၏ချစ်ခြင်းသည် အံ့ဘွယ်မရှိ၊ ချစ်သားရဟန်းတို့၊ အရိယာသူတော်ကောင်းတို့အားမြင်ရခြင်းသည်လည်း ချမ်းသာ၏။ ထိုအရိယာတို့နှင့်တကွ တခုတည်းသောအရပ်၌အတူနေရခြင်းသည်လည်းချမ်းသာ၏။ သူမိုက်တို့နှင့်ကား ထိုအလုံးစုံသည်ဆင်းရဲ၏ဟုမိန့်တော်မူ၍။ ။သာဟုဒဿနမရိယာနံ၊ သန္နိဝါသော သဒါ သုခေါ။ အဒဿနေန ဗာလာနံ၊ နိစ္စမေဝ သုခီ သိယာ။ ။အစရှိသောတရားကိုဟောတော်မူ၏။ ။

---

၅၈။ အရှင်သာရိပုတြာမထေရ်
မယ်တော်ရူပသာရိပုဏ္ဏားမအိမ်၊ ဘွားရာတိုက်ခန်း၌
ပရိနိဗ္ဗာန်ယူတော်မူခြင်း။

မြတ်စွာဘုရားသည် ဝေဠုဝန္တရာ၌ ဝါကျွတ်တော်မူလျှင် အလုပ်အကျွေးဒါယကာတို့အားတရားဟောတော်မူလိုသဖြင့်သာဝတ္ထိမြို့သို့ပြန်အံ့ဟုလာခဲ့တိုင်းသောခရီးဖြင့်ပြန်ကြွတော်မူ၍သာဝတ္ထိပြည်သို့ရောက်တော်မူသောအခါ။ ဇေတဝန်ကျောင်းတော်သို့ဝင်၍နေတော်မူ၏။ ထိုအခါတရားစစ်သူကြီးဖြစ်သောအရှင်သာရိပုတြာသည်မြတ်စွာဘုရားအားပြုအပ်သောဝတ်ကိုပြု၍ နေ့နေရာသို့ကြွတော်မူလေ၏။ ထိုနေ့နေရာ၌ ရှင်သာရိပုတြာကိုတပည့်တို့သည် ဝတ်ပြု၍ဖဲလေကုန်ပြီးသော်။ နေ့နေရာကိုတံမြက်လှည်း၍၊ စမ္မက္ခဏ်နေရာကိုခင်း၍၊ ခြေတို့ကိုဆေး၍၊ ထက်ဝယ်ပလ္လင်ကိုဖွဲ့၍ဖလသမာပတ်ကိုဝင်စားတော်မူ၏။ ထိုအခါ၌ ပိုင်းခြားတိုင်းသောကာလဖြင့် ထိုသမာပတ်မှထသော အရှင်သာရိပုတြာအားဤသို့သောအကြံသည်ဖြစ်၏။ မြတ်စွာဘုရားတို့သည်တည်းရှေးဦးစွာပရိနိဗ္ဗာန်ပြုတော်မူကုန်မည်လော။ သို့တည်းမဟုတ်၊ လက်ျာရံလက်ဝဲရံအဂ္ဂသာဝကတို့သည်တည်းရှေးဦးစွာပရိနိဗ္ဗာန်ပြုကုန်မည်လောဟုကြံတော်မူသော်၊ လက်ျာရံလက်ဝဲရံအဂ္ဂသာဝကတို့သည်ရှေးဦးစွာပရိနိဗ္ဗာန်ပြုကုန်၏ဟုသိတော်မူ၍။ မိမိ၏အာယုသင်္ခါရကိုကြည့်

တော်မူသော်ခုနစ်ရက်မျှသာငါ၏အာယုသင်္ခါရသည်ဖြစ်လတ္တံ့ဟုသိတော်မူ၏။ အဘယ်အရပ်၌ပရိနိဗ္ဗာန်ပြုရအံ့နည်းဟုကြံတော်မူပြန်၏။ အရှင်ရာဟုလာသည် တာဝတိံသာ၌ပရိနိဗ္ဗာန်ပြုလေပြီ၊အရှင်အညာသိကောဏ္ဍညသည် ဆဒ္ဒန်အိုင်၌ပရိနိဗ္ဗာန်ပြုလေပြီ။ ငါသည် အဘယ်အရပ်၌ပြုရအံ့နည်းဟု အဘန်တလဲလဲကြံပြန်သော်။ မယ်တော်ကို အကြောင်းပြု၍သတိကိုဖြစ်စေ၏။ ငါ၏မယ်တော်သည်၊ခုနစ်ယောက်ကုန်သောရဟန္တာတို့၏မယ်တော်ဖြစ်၍လည်း။ဘုရား၊ တရား၊ သံဃာတို့၌မကြည်ညို။ထိုမယ်တော်အားမဂ်ဖိုလ်၏ဥပနိဿယရှိ၏လော၊မရှိလောဟုဆင်ခြင်ပြန်သော်။သောတာပတ္တိမဂ်၏ဥပနိဿယကိုမြင်တော်မူ၍။ အဘယ်သူ၏တရားဒေသနာဖြင့် တရားရခြင်းသည်ဖြစ်လတ္တံ့နည်းဟုကြည့်တော်မူပြန်သော်။ငါ၏တရားဒေသနာဖြင့်သာလျှင်ရလတ္တံ့။ သူတပါး၏တရားဒေသနာဖြင့်မရလတ္တံ့။အကယ်၍ငါသည်ကြောင့်ကြမဲ့နေချေအံ့။ငါ့အား သူတပါးတို့ဆိုကုန်သည်ဖြစ်လတ္တံ့။ ရှင်သာရိပုတြာမထေရ်သည်မယ်တော်မှကြွင်းသောလူအပေါင်းတို့၏ကားကိုးကွယ်ရာဖြစ်၏။ထိုစကားသည် မှန်၏။ထိုရှင်သာရိပုတြာသမစိတ္တသုတ္တန်ဒေသနာကိုဟောတော်မူသောနေ့၌ကုဋေတသိန်းကုန်သောနတ်တို့သည်ရဟန္တာအဖြစ်သို့ရောက်ကုန်၏၊ အောက်မဂ်သုံးပါးတို့သို့ရောက်ကုန်သောနတ်တို့၏အရေအတွက်ကားမရေတွက်နိုင်သလျှင်ကတည်း။ဤသုတ္တန်မှ တပါးသောအရာတို့၌လည်း မဂ်ဖိုလ်ရကုန်သောသူတို့သည်များစွာထင်ကုန်၏။ အရှင်သာရိပုတြာမထေရ်၌စိတ်ကိုကြည်ညိုစေ၍နတ်ပြည်၌ဖြစ်ကုန်သော အမျိုးတို့သည် ရှစ်သောင်း အရေအတွက်ရှိကုန်၏။ ထိုသို့လျှက် ထိုအရှင်သည် မိမိမယ်တော်၏ မိစ္ဆာအယူကိုမျှလည်း မပယ်နိုင်ပါတကားဟူ၍ ဆိုကုန်လတ္တံ့။ထိုကြောင့် မယ်တော်ကိုမိစ္ဆာအယူမှလွတ်စေ၍။ဘွားရာတိုက်ခန်း၌ပင်လျှင် ပရိနိဗ္ဗာန်ပြုအံ့ဟုစိတ်ကိုဆုံးဖြတ်တော်မူ၍၊ ယနေ့ပင်လျှင်မြတ်စွာဘုရားကိုခွင့်ပြုစေ၍ထွက်တော့အံ့ဟုကြံ၍။ညီတော်စုန္ဒမထေရ်ကိုခေါ်၍။ငါ့ရှင်စုန္ဒ၊ငါတို့နာဠကရွာသို့ သွားကုန်အံ့။ ငါးရာကုန်သော ရဟန်းပရိသတ်တို့အား။ အရှင်တို့၊ တရားစစ်သူကြီးဖြစ်သောမထေရ်သည် နာဠကရွာသို့သွားတော်မူလို၏။ သပိတ်သင်္ကန်းကို ယူကုန်လော့ဟု အမှတ်ပေးချေ မိန့်တော်မူသော်။အရှင်စုန္ဒလည်းအမှတ်ပေး၏။ ငါးရာကုန်သောရဟန်း

www.dhammaransi.com



တို့သည်အိပ်ရာနေရာကိုသိမ်း၍သပိတ်သင်္ကန်းကိုယူကုန်၍မထေရ်၏ အထံသို့လာကုန်၏။ အရှင်သာရိပုတြာမထေရ်သည် အိပ်ရာနေရာကို သိမ်း၍။ နေ့နေရာကို ဝံမြက်လှည်း၍၊ နေ့နေရာသစ်မ်းတံခါးဝ၌ ရပ် လျက်၊ထိုနေ့နေရာကိုရှုတော်မူပြီးလျှင်၊ဤယခုရှုခြင်းသည်ကား အဆုံး စွန်သောရှုခြင်းတည်း။ တဖန်ရှုရခြင်းမည်သည်မရှိပြီဟုမိန့်၍။ ငါးရာ သောရဟန်းတို့ဖြင့်ခြံရံလျက်မြတ်စွာဘုရားသို့ကပ်၍ရှိသေစွာရှိခိုး၍။ ဤ၊ဆိဋ္ဌောဒါနိဘဝိဿာမိ၊အစရှိသောဂါထာဖြင့်။ လူသုံးပါးတို့၏ကိုး ကွယ်ရာဖြစ်တော်မူသောဘုရား၊ယခုအခါ၌အကျွန်ုပ်သည်ပြတ်သည် ဖြစ်သတတ်။ အကျွန်ုပ်အား သွားခြင်းလာခြင်းသည် မရှိပြီ၊ဤအကျွန်ုပ်၏ ရှိခိုးခြင်းသည် အဆုံးစွန်တည်း။ ထင်ရှားရှိသော အကျွန်ုပ်၏အသက် သည် နည်းပြီ။ ခုနစ်ရက်အလွန်တွင် အကျွန်ုပ်၏ခန္ဓာကိုယ်ကို မြေ၌ ချရတော့အံ့၊ ဘုန်းတော်ကြီးသောရှင်ပင်ဘုရားသည် ခွင့်ပြုတော်မူပါ လော့။ အကျွန်ုပ်အား ပရိနိဗ္ဗာန်ပြုရအံ့သောအခါရောက်ပြီ၊ အကျွန်ုပ် သည် အာယုသင်္ခါရကိုလွှတ်အပ်ပြီ။ ဤသို့လျှောက်၏။ ။ဘုရားတို့ သည်၊ ပရိနိဗ္ဗာန်ပြုလေတော့ဆိုလျှင် သေခြင်း၏ကျေးဇူးကို ဆိုသည် မည်၏။ ပရိနိဗ္ဗာန်မပြုလင့်ဦးဟူ၍ဆိုလျှင် ဝဋ်၏ကျေးဇူးကို ဆိုသည် မည်၏ဟု။မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တို့သည်အပြစ်တင်ကုန်လတ္တံ့ဟုရှုလုံးသွင်း တော်မူကုန်၍။ ထိုစကားနှစ်ခွန်းကိုပင် မဆိုကုန်၊ ထို့ကြောင့် ချစ်သား သာရိပုတြာ၊အဘယ်အရပ်၌ပရိနိဗ္ဗာန်ပြုလေအံ့နည်းဟုမေးတော်မူ၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊မဂဓရောဇ်တိုင်း၊နာဠကရွာ၌၊ဘွား ရာတိုက်ခန်းသည်ရှိ၏၊ ထိုဘွားရာတိုက်ခန်း၌ ပရိနိဗ္ဗာန်လွန်ပေအံ့ဟု လျှောက်လေသော်။ချစ်သားသာရိပုတြာ၊ယခုအခါ၌သွားခြင်း၏အခါ ကိုသိလော့။ ချစ်သားသာရိပုတြာ၊ယခုမှနောက်၌ သင်၏နောင်ကြီးညီ ငယ်တို့အား သင်ချစ်သားကဲ့သို့ သဘောရှိသော ရဟန်းကို မြင်ရခဲ သည်ဖြစ်သတတ်။ထို့ကြောင့် နောင်ကြီးညီငယ်တို့အား တရားဟောပါ ဦးလော့ဟုမိန့်တော်မူ၏။ အရှင်သာရိပုတြာသည် ငါ့အားတန်းခိုးဘန် ဆင်းခြင်းလျှင်ရှေ့သွားရှိသောဟောခြင်းကိုမြတ်စွာဘုရားသည် တောင့်တတော်မူ၏ဟုသိ၍ မြတ်စွာဘုရားကိုရှိခိုးပြီးလျှင်။ထန်းတဖျား မျှကောင်းကင်သို့ပျံတက်ပြီးမှ တဖန်သက်၍ရှိခိုး၏။ ဤသို့သောနည်း ဖြင့်အဆင့်ဆင့် ထန်းခုနစ်ဖျားတိုင်အောင်ပျံတက်၍၊သက်၍ ရှိခိုးပြီးမှ

www.dhammaransi.com



ထန်းခုနစ်ဖျားပမာဏမြင့်သော ဟောင်းကင်ပြင်၌ ရပ်လျက် တန်းခိုးဘန်ဆင်းခြင်းကိုပြု၍ တရားဟောတော်မူ၏။ သာဝတ္ထိတမြို့လုံး၌ နေသောလူတို့သည်စည်းဝေးကုန်၏။ မထေရ်သည် ကောင်းကင်မှသက်၍။ မြတ်စွာဘုရားအား ရှိခိုးလျက်။ အကျွန်ုပ်သွားအံ့သောအခါတန်ပြီ အရှင်ဘုရားဟုလျှောက်၏။ မြတ်စွာဘုရားသည် တရားစစ်သူကြီးကို တဘန်ရှိခိုးစေအံ့ဟုကြံတော်မူ၍။ နေရာတော်မှထလျက်။ဂန္ဓကုဋိရတ်ဝသို့ ရှေးရှုကြွတော်မူ၍။ ပတ္တမြားပျဉ်၌ရပ်တော်မူ၏။ မထေရ်လည်း မြတ်စွာဘုရားအားသုံးကြိမ်တိုင်လကျာရစ်လည်၍။ရှေ့၊နောက်၊လက်ဝဲ၊လကျာ၊ လေးမျက်နှာတို့၌ ရှိခိုး၍။ ရှင်ပင်ဘုရား၊ ဤကမ္ဘာမှ ကမ္ဘာ တသိန်းအလွန်ရှိသော အသင်္ချေယျကပ်၏ အထက်၌၊ အနောမဒဿီ ဘုရားမြတ်၏ခြေတော်ရင်း၌ဝပ်၍။ ရှင်ပင်ဘုရားအား ဖူးမြင်ရခြင်းကို တောင့်တခဲ့၏။ထိုတောင့်တခြင်းသည် အကျွန်ုပ်အားပြည့်စုံပြီ။ အရှင် ဘုရားကိုမြင်ရပြီ။ထိုမြင်ရခြင်းသည် ရှေးဦးစွာသောမြင်ရခြင်းတည်း။ ဤယခုအခါမြင်ရခြင်းသည်အဆုံးစွန်သောမြင်ရခြင်းတည်း။တဘန်ရှင် ပင်ဘုရားတို့အားမြင်ရခြင်းမည်သည်မရှိပြီဟုလျှောက်၍။ ဆယ်ခုသော လက်သည်းအပေါင်းတို့၏ ပြုသောအရောင်ဖြင့်တောက်ပသော လက် အုပ်ကိုချီ၍။ မျက်စိမြင်ငုကာင်းသောအရပ်တိုင်အောင်ရှေးရှုပြုလျက်၊ နောက်ဆုတ်ဆုတ်၍။ ဤအဖြစ်မှစ၍ စုတိပဋိသန္ဓေ၏အစွမ်းအားဖြင့် တစုံတခုသောအရပ်၌သွားခြင်းလာခြင်းမည်သည်မရှိပြီဟု လျှောက်ခဲ့၍ ကြွလေ၏။ ထိုအခါမဟာပထဝိမြေကြီးသည်ကြည်းဟီးသည်ကိုပြု၍ ကြီးစွာသောတုန်လှုပ်ခြင်းသည်ဖြစ်၏။ မြတ်စွာဘုရားသည်။ချစ်သား တို့၊ သင်တို့၏နောင်ကြီးကိုပို့ယိုက်ကုန်လော့ဟု၊ ခြံရံလျက်တည့်ကုန် သောရဟန်းတို့ကိုမိန့်တော်မူလျှင်။ရဟန်းတို့သည်ဇေတဝန်ကျောင်း တော်တံခါးရုတ်တိုင်အောင်ပို့လိုက်ကုန်၏။ မထေရ်သည်။ အရှင်တို့၊ သင်တို့သည် တည်ရစ်ကြကုန်လော့၊ မမေ့မလျော့ဖြစ်ကုန်လော့ဟုမိန့် ၍ရဟန်းတို့ကိုပြန်စေပြီးမှ။မိမိပရိသတ်နှင့်တကွပဲလေ၏။လူတို့သည် ကား။ရှေး၌မထေရ်သည် တဘန်ပြန်လာသောသွားခြင်းကိုသွားတော် မူ၏။ယခုအခါ ဤသွားခြင်းသည်ကား တဘန်မပြန်လာတော့အံ့သော သွားခြင်းဖြင့်ကြွသွားတော်မူခဲ့ပြီဟုထက်ဝန်းကျင်မှငိုကြွေးကုန်လျက် အစဉ်လိုက်ကြကုန်၏။ထိုလူတို့ကိုလည်းဒါယကာတို့၊မမေ့မလျော့ပြု

www.dhammaransi.com



ကုန်လော့၊ သင်္ခါရတရားသည်လည်း ဤသို့ဖြစ်တတ်သောသဘောရှိကုန်၏ဟုမိန့်တော်မူ၍ပြန်စေကုန်၏။ ။

ထိုအခါမထေရ်သည် ခုနစ်ရက်ပတ်လုံး ခရီးအကြား၌ လူတို့အားသင်္ဂြိုဟ်ချီးမြှောက်ခြင်းကိုပြုတော်မူလျက်။ ညနေချမ်းအခါ နာဠကရွာသို့ ရောက်တော်မူလေ၍။ ရွာတံခါး ပဉ္စောင်ပင်ရင်း၌ နားရပ်တော်မူ၏။ထိုအခါ မထေရ်၏တူဖြစ်သော ရေဝတမည်သော ပုဏ္ဏားလုလင်သည် ရွာပသို့သွားသော် မထေရ်ကိုမြင်၍၊အနီးသို့ကပ်လာပြီးမှ ရှိခိုး၍နေ၏။ မထေရ်သည် ထိုရေဝတကိုဆို၏။ ရေဝတ၊သင်၏အဘွားကြီးသည် အိမ်၌ ရှိ၏လောဟု မေးတော်မူသော်။ အရှင်ဘုရား၊ ရှိပါ၏ဟုလျှောက်သဖြင့်။ သင်သွားချေ၊ ငါတို့၏ ဤနာဠကရွာသို့ ရောက်လာသောအဖြစ်ကို ကြားချေလော့။ အဘယ်ကြောင့် လာသနည်းဟု မေးသော်၊ ယနေ့တရက်မျှ ရွာတွင်း၌ ဖြစ်လတ္တံ့။ ဘွားရာတိုက်ကိုလည်းသုတ်သင်ကုန်။ ငါးရာသောရဟန်းတို့၏နေရာကိုလည်းသိလေကုန်ဟုမိန့်တော်မူ၍ စေလိုက်၏။ ထိုရေဝတလုလင်သွားလေ၍၊ အဘွားကြီး၊ ငါ၏ ဝရီးတော်လာ၏ဟု ဆို၏။ ယခုအခါ အဘယ်၌ရှိလေသနည်းဟု မေးသဖြင့်၊ရွာတံခါး ပဉ္စောင်ပင်ရင်း၌ရှိသည်ဟု ဆို၏။ တယောက်တည်းလော၊ တပါးသောအဘော်လည်း ပါသေးလောဟု မေးပြန်သော်၊ ငါးရာသောရဟန်းတို့သည် ပါကုန်၏ဟုဆို၍။ အဘယ်ကြောင့်လာသနည်းမေးပြန်သဖြင့်။ထိုရေဝတသည် ထိုလာသောအကြောင်းကိုကြား၏။ မယ်တော်ပုဏ္ဏေးမသည်၊ အဘယ့်ကြောင့် ဤမျှလောက်ကုန်သောရဟန်းတို့အား နေရာဖြင့် စေဘိသနည်း။ ငါ၏သား ဥပတိဿသည် ငယ်သောအခါ ရဟန်းပြုနေပြီး၍။ ကြီးသောအခါမှ လူထွက်ချင်ပြန်လေတော့သလောဟုကြံပြီးမှ။ ဘွားရာတိုက်ကိုသုတ်သင်စေ၍၊ ငါးရာသောရဟန်းတို့အားနေရာကိုပြုပြင်စေ၍၊ ဆီမီးတို့ကိုထွန်းညှိပြီး၍၊ ထိုအကြောင်းကို ရှင်သာရိပုတြာမထေရ်၏ အထံသို့ သတင်းစကားစေလိုက်၏။ မထေရ်လည်း၊ ငါးရာသောရဟန်းတို့နှင့်တကွပြာသာဒ်ထက်သို့တက်၍ဘွားရာတိုက်သို့ဝင်၍နေ၏။ ထိုသို့နေပြီးမှလျှင် သင်တို့၏နေရာသို့ သွားလေကုန်ဟု ရဟန်းတို့ကို လွှတ်တော်မူလိုက်၏။ ထိုရဟန်းတို့၏သွားကာမျှ၌သာလျှင် အရှင်သာရိပုတြာမထေရ်အား ကြမ်းထမ်းသောအနာသည်ဖြစ်၏။သွေးအန်သောအနာဟုဆိုအပ်သော ဖသခြင်း

www.dhammaransi.com



အနီးရှိသောဝေဒနာသည် ဖြစ်၏။ သောက်သောဆေးတခွက် ဝင်၏။ တခွက်ပင်ထွက်၏။ မယ်တော်ပုဏ္ဏားမသည် ငါ့သား၏ဖြစ်ခြင်းကို ငါသည်မနှစ်သက်ဟုဆို၍၊မိမိနေရာတိုက်တံခါးကိုမှီလျက်ရပ်နေ၏။ စာတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့သည် တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတြာသည် ယခုအဘယ်အရပ်၌ရှိသနည်းဟု နတ်မျက်စိဖြင့်ရှုသော်။ နာဠကရွာ၊ ဘွားရာတိုက်ခန်း၌၊ ပရိနိဗ္ဗာန်လွန်ရာညောင်စောင်း၌လျောင်း၏ဟုမြင်ကုန်၍။ယခုအခါမထေရ်ကိုအဆုံးစွန်သောမြင်ခြင်းတည်း။ ငါတို့သွားကုန်အံ့ဟုလာကုန်၍ရှိခိုးလျက်ရပ်ကုန်၏။မထေရ်သည် သင်တို့အဘယ်သူနည်းဟု မေးတော်မူသော်။ရှင်ပင်ဘုရား၊အကျွန်ုပ်တို့သည်နတ်မင်းကြီးလေးယောက်တို့တည်းဟုလျှောက်ကုန်၏။ အဘယ့်ကြောင့်လာကုန်သနည်း မေးတော်မူ၏။ သူနာအလုပ်အကျွေးဖြစ်ကုန်အံ့ဟူ၍ လာကုန်သည်ဟု လျှောက်သော်။ ရှိစေတော့၊ ငါ့အား သူနာအလုပ်အကျွေးသည်ရှိပြီ။ သင်တို့သွားလေကုန်ဟု လွှတ်တော်မူလိုက်၏။ထိုနတ်တို့သွားလေသောအဆုံး၌ သိကြားသည်လာ၏။ ထိုသိကြားသွားပြန်သော် သုယာမနတ်အစရှိကုန်သော နတ်တို့သည်လည်းလာကုန်၏။ မဟာဗြဟ္မာသည်လည်းလာ၏။ ထိုနတ်ဗြဟ္မာတို့ကို မထေရ်သည် နတ်မင်းကြီးလေးယောက်အဲ့သို့ဆို၍လွှတ်လိုက်၏။ မယ်တော်ပုဏ္ဏားမသည် ထိုနတ်ဗြဟ္မာတို့၏ လာခြင်း သွားခြင်းကို မြင်၍၊ ငါ၏သား ဥပတိဿကို ရှိခိုး၍သွားလေကုန်သည်ကား အဘယ်သူတို့နည်းဟု မထေရ်ရှိရာတိုက်သို့သွားပြီးလျှင်၊ ချစ်သားစုန္ဒ၊ နောင်တော်အသို့ရှိပါသနည်းဟုမေး၏။စုန္ဒထေရ်သည်မယ်တော်ကိုအကြောင်းပြန်ကြားပြီးလျှင်။ အရှင်သာရိပုတြာအား မယ်တော်ဥပါသိကာမကြီးလာ၏ဟုလျှောက်၏။ မထေရ်သည် ဒါယိကာမကြီး၊ အချိန်မဟုတ်သည်၌ အဘယ်ကြောင့်လာသနည်းဟု မေးတော်မူသော်။ ချစ်သားဥပတိဿ၊ သင်ချစ်သားကို ရှုအံ့သော၄ါ အမိလာပါသည်ဟုဆို၍။ ရှေးဦးစွာလာသောလေးယောက်တို့သည် အဘယ်သူတို့နည်းဟုမေး၏။ဒါယိကာမကြီး၊နတ်မင်းကြီးလေးယောက်တို့တည်းဟုမိန့်တော်မူသော်။ ချစ်သားဥပတိဿ၊ စာတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့ထက် သင်သည် လွန်မြတ်ပေသလောဟု မယ်တော်မေးပြန်၍။ ဒါယိကာမကြီး၊ ဩော် ဟုတ်၏။ စာတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည်

www.dhammaransi.com



အရှံစောင့်နှင့်တူကုန်၏။ ငါတို့၏ဆရာဘုရား ပရိသန္တေနေသောအခါမှ စ၍ သန်လျက်လက်စွဲကုန်သည်ဖြစ်၍ အစောင့်အရှောက်ကိုပြုရကုန်၏ဟုမိန့်၏။ ချစ်သားဥပတိဿ၊ ထိုနတ်မင်းကြီးတို့သွားသောအဆုံး၌လာပြန်သည်ကား အဘယ်သူနည်းဟုမေး၏။ ဒါယိကာမကြီး၊သိကြားမင်းတည်းဟုမိန့်တော်မူသော်။ ချစ်သားဥပတိဿ၊ သိကြားမင်းထက်ပင်လည်း သင်သည်မြတ်လေသလောဟု မယ်တော်မေးပြန်၍။ ဒါယိကာမကြီး၊ ဤသိကြားမင်းသည် ငါတို့ဆရာဘုရား၏ သက်နံးသပိတ်ကိုယူ၍ နောက်၌လိုက်သော သာမဏေနှင့်တူ၏။ ငါတို့ဆရာမြတ်စွာဘုရား တာဝတိံသာ နတ်ပြည်မှ သက်တော်မူသော အခါ၌ သပိတ်သက်နံးတော်ကိုယူ၍ နောက်တော်မှသက်ရ၏ဟု မိန့်၏။ ထိုသိကြားသွားသောအဆုံး၌ အလုံးစုံသောပြာသာဒ်ကို ထွန်းလင်းစေဘိသကဲ့သို့လာပြန်သည်ကား အဘယ်သူနည်း ချစ်သားဥပတိဿဟု မေးပြန်၏။ ဒါယိကာမကြီး၊ ဤ နောက်လာသောသူကား ဒါယိကာမကြီးတို့ ကိုးကွယ်သော ဘုန်းကြီးသော ဆရာဟုဆိုအပ်သော မဟာဗြဟ္မာတည်းဟုမိန့်တော်မူသော်။ ချစ်သားဥပတိဿ၊ ငါတို့၏ဘုန်းကြီးသောဘုရားဟုသိအပ်သောမဟာဗြဟ္မာထက်ပင်လည်းသင်သည်လွန်မြတ်သလောဟုမေး၏၊ ထြော်လွန်မြတ်၏။ ဒါယိကာမကြီး၊ဤသို့သောဗြဟ္မာကြီးသည် ငါတို့ဆရာဘုရား၏ဘွားတော်မူသောနေ့၌၊ဗြဟ္မာကြီးလေးယောက်တို့သည် ရွှေကွန်ရက်ဖြင့် မယ်တော်ဝမ်းမှ ဘွားစဖြစ်သော ယောကျ်ားမြတ်ကိုခံရကုန်၏ဟုမိန့်တော်မူသော်။ ငါ့သားဥပတိဿ၏ တန်းခိုးအာနုဘော်သည်လျက် ဤသို့ဖြစ်ဘိ၏၊ ငါ့သားဆရာဖြစ်သော ဘုရား၏တန်းခိုးအာနုဘော်သော်ကား အဘယ်သို့သဘောရှိသည်ဖြစ်ရှာလတ္တံ့နည်းဟု ကြံသောမယ်တော်ပဉ္စေားမအား အကြံဖြစ်သည်နှင့်တကွငါးပါးအပြားရှိသောနှစ်သက်ခြင်းသည်ဖြစ်၍တကိုယ်လုံးပြည့်၏။ မထေရ်သည် ငါ၏မယ်တော်အား နှလုံးဝမ်းမြောက်ခြင်းဖြစ်ပြီ။ယခု၌အခါသည်တရားဟောအံ့သောအခါတည်းဟုကြံတော်မူ၍။ဒါယိကာမကြီး၊ အဘယ်သို့ ကြံသနည်းဟု မေးတော်မူ၏။ မယ်တော်သည်လည်း ချစ်သားဥပတိဿ၊အမိကြံသည်ကား။ ငါ့သား၏ဂုဏ်ကျေးဇူးသည်မျှလည်း ဆရာဘုရားမှရှေးဦးစွာ ဤသို့စင်ဖြော်သေး၏။ ငါ့သားဆရာဖြစ်သောဘုရား၏ဂုဏ်ကျေးဇူးသည်ကားအဘယ်သို့သဘောရှိသည်ဖြစ်

www.dhammaransi.com



လတ္တံ့နည်း။ ဤသို့ကြံသည်ဟုလျှောက်၏။ ဒါယိကာမကြီး၊ငါ၏ဆရာ
ဘုရား၏ အမိဝမ်းမှဘွားတော်မူသောအခါ၊ တောထွက်တော်မူသော
အခါ၊ သစ္စာလေးပါးတရားကိုသိတော်မူသောအခါ၊ ဓမ္မစကြာတရား
ဟောတော်မူသောအခါတို့၌ တသောင်းသော စကြဝဠာတိုက်၌ မြေ
ကြီးပြင်းစွာ တုန်လှုပ်လေပြီ။ ငါ့ဆရာဘုရား၏၊ သီလနှင့်၊ သမာဓိနှင့်၊
ပညာနှင့်၊ ဝိမုတ္တိနှင့်၊ ဝိမုတ္တိဉာဏ်အမြင်နှင့်တူသောသူသည် လောက၌
မရှိ။ဤသို့သောအကြောင်းကြောင့် ထိုမြတ်စွာဘုရားသည်အရဟံမည်
တော်မူ၏။ ဤသို့အစရှိသောနည်းဖြင့် အကျယ်ချဲ့၍ မြတ်စွာဘုရား၏
ဂုဏ်တော်နှင့်စပ်သော တရားဒေသနာတော်ကို ဟောတော်မူ၏။ မယ်
တော်ပုဏ္ဏေးမ ရူပသာရီသည် သားတော်၏ တရားဒေသနာတော်အ
ဆုံး၌ သောတာပတ္တိမဂ်ဖြင့် မိစ္ဆာဒိဋ္ဌိအယူယုံမှားခြင်းတဆဲ့ခြောက်ပါး
ကိုပယ်ပြီး၍ သောတာပတ္တိဖိုလ်၌တည်၍၊ ချစ်သားဥပတိဿ၊အဘယ်
ကြောင့် ဤသို့ပြုဘိသနည်း။ အဘယ်ကြောင့် သင်ချစ်သားသည် ဤသို့
သဘောရှိသော အမြိုက်တရားကို ဤမျှလောက်သော ကာလပတ်လုံး
အမိအားမတိုက်နေဘိသနည်းဟုဆို၏။ ။အရှင်သာရိပုတြာမထေရ်
သည်။ ယခုအခါ၌ ငါ၏မယ်တော်ရူပသာရီပုဏ္ဏေးမအားနို့ရည်တိုက်
ကျွေး၍ မွေးပေသောအခိုးကို ပေးဆပ်အပ်ပြီ။ ဤမျှသောတရားမျှဖြင့်
သာသင့်လတ္တံ့ကြံ၍၊ သွားလေတော့ ဒါယိကာမကြီးဟု မယ်တော်ကို
လွှတ်လိုက်၍၊ညီတော်စုန္ဒကိုခေါ်၏။ စုန္ဒ၊အဘယ်အခါရောက်ပြီနည်းဟု
မေးတော်မူ၍၊ ရှင်ပင်ဘုရား၊ မိုးသောက်အားကြီးပြီဟုလျှောက်သော်။
ထိုသို့တပြီးကား။ စုန္ဒ၊ ရဟန်းသံဃာတို့ကို စည်းဝေးစေလော့ဟု မိန့်
တော်မူ၏။ စုန္ဒသည် သံဃာတို့စည်းဝေးပါပြီဟုလျှောက်၏။ စုန္ဒ၊ငါ့ကို
ချီကြွ၍ ထိုင်စေလော့ဟု မိန့်တော်မူသဖြင့် ချီကြွ၍ထိုင်စေ၏။အရှင်သာ
ရိပုတြာမထေရ်သည် ရဟန်းတို့ကို ခေါ်တော်မူ၍။ ငါ့ရှင်တို့၊ လေးဆဲ့
လေးဝါပတ်လုံး ငါနှင့်တကွ ကျင်လည်ကုန်သော သင်တို့အား။ ငါ၏
ကိုယ်နှုတ်ဖြင့် လွန်ကျူးခြင်းသည် အကယ်၍ရှိအံ့။ ထိုအလုံးစုံကို သင်
တို့သည် ငါ့အားသည်းခံပါကုန်ဟူ၍ မိန့်တော်မူ၏။ ရှင်ပင်ဘုရား၊ဤမျှ
လောက်သော နှစ်ပတ်လုံး၊ အရိပ်ကဲ့သို့ဖြစ်၍ ရှင်ပင်ဘုရားနှင့် မစွန့်မူ၍
ကျင်လည်ကုန်သော အကျွန်ုပ်တို့အား၊ မချောက်ပတ်သောအမှုမည်
သည်မရှိပါကုန်။ရှင်မင်ဘုရားသည်သာလျှင် အကျွန်ုပ်တို့အား သည်းခံ

www.dhammaransi.com



တော်မူပါကုန်ဟုလျှောက်ကုန်၏။ ထိုရောအခါ၌ မထေရ်သည် အရှင်တို့၊ ငါ့ကိုအိပ်ရာညောင်စောင်း၌ လှည်းကုန်လော့မိန့်တော်မူ၍၊ နေအရဏ်သည် ထင်လာသောအခါ၌၊ နှစ်သိန်းလေးသောင်း အထုယှူဇနာရှိသောမြေကြီးကို ပွဲတင်ထပ်မျှလှုပ်စေလျက်။ ကမ္ဘာဇရုပ် အကြွင်းမရှိသောနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။ များစွာသောလူတို့သည် မထေရ်၏ ပရိနိဗ္ဗာန်ပြုရာ၌ ကြီးစွာသော ပူဇော်သက္ကာရကို ပြုကုန်၍။ စန္ဒကူးနံ့သာ အတိပြီးသော ထင်းဖြင့် အမြင့် အတောင်တရာရှိအောင် ရပုံ၍၊ အလောင်းတော်ကို ရွှေတလားဖြင့်.ထင်းပုံထက်၌ တင်၍ ဖုတ်ကြဉ်း သင်္ဂြိုဟ်ကုန်၏။ အရှင် စုန္ဒမထေရ်သည် အရှင်သာရိပုတြာ၏ ဓာတ်တော်တို့ကို ရေစစ်ပုဝါဖြင့် ထုပ်၍ သပိတ် သင်္ကန်းတို့ကိုရင်း၊ ဓာတ်တော်တို့ကိုရင်း ယူခဲ့ပြီးလျှင်။ ဇေတဝန်ကျောင်းသော်သို့ လာ၍ အရှင် အာနန္ဒာကိုယူ၍ မြတ်စွာဘုရားသို့ ကပ်လေ၏။ မြတ်စွာဘုရားသည် ဓာတ်တော်ထုပ်ကို ယူ၍။ ဂါထာငါးရာတို့ဖြင့် ရှင်သာရိပုတြာမထေရ်၏ကျေးဇူးကိုဆို၍။ ရှင်သာရိပုတြာ၏ဓာတ်တော်တို့ကို ဇေတဝန်ကျောင်းတော် မြောက်မုတ်တံခါးအနီး၌ မြှုပ်ထား၍ာပနာပြီးသော် စေတီတည်စေ၏။ ။

---

## ၅၆။ အရှင်မောဂ္ဂလာန်မထေရ်ဣသိဂိလိတောင်နံရံ၌ ပရိနိဗ္ဗာန်ပြုတော်မူသည်ကိုပြရာ။

ထိုနောင်မှ မြတ်စွာဘုရားသည် များစွာသောရဟန်းအပေါင်းဖြင့် ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ကြွတော်မူလာ၍။ ရာဇဂြိုဟ်ပြည်သို့ရောက်သောအခါ၌။ အရှင်မောဂ္ဂလာန် မထေရ်သည် ရာဇဂြိုဟ်မြို့၏မြောက်၊ ဣသိဂိလိတောင်နံရံ၊ ကျောက်ညိုလိုဏ်၌။ ပရိနိဗ္ဗာန်ပြုကြောင်းကား။ ဤသို့တည်း။ ။မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှကြွလာ၍ ဝေဠုဝန်ကျောင်းတော်၌နေတော်မူသောအခါ အဝတ်မဝတ်အချည်းစည်းကျင့်ကုန်သော ငါးရာသောတိတ္ထိတို့သည် စည်းဝေးကုန်၍ကြံကုန်၏။ ငါ့ရှင်တို့၊ အဘယ်သို့သောအကြောင်းကြောင့် ရဟန်းဂေါတမအား လာဘ်သပ္ပကာ များစွာ ဖြစ်သနည်း၊ သင်တို့သည် သိကုန်၏လောဟု တိတ္ထိတယောက်ကို တယောက်မေး၏။ ငါတို့သည်မသိကုန်၊သင်သည်သိ၏

www.dhammaransi.com



လောဟု ပြန်၍မေးသော်၊ ဩြော်ငါသိ၏။ မဟာမောဂ္ဂလာန်မည်သော ထိုရဟန်းကိုမှီ၍ဖြစ်၏။ ထိုစကားသည်မှန်၏။ ထိုမောဂ္ဂလာန်သည် နတ်ပြည်သို့သွား၍ နတ်တို့သည်ပြုအပ်သောကောင်းမှုကို မေး၍ လာခဲ့၏။ ဤမည်သောကောင်းမှုကိုပြု၍ ဤသို့သောနတ်၏စည်းစိမ်ကိုရ၏ ဟူ၍ လူတို့အားကြား၏။ ငရဲပြည်သို့သွား၍ ငရဲခံရသောသူတို့သည်ပြုအပ်သောမကောင်းမှုကို မေး၍ လာခဲ့၏။ ဤမည်သောမကောင်းမှုကိုပြု၍ ဤသို့သောဆင်းရဲခြင်းကိုခံရ၏ဟု လူတို့အားကြား၏။ လူတို့သည် ထိုစကားကိုကြား၍ များစွာသောလာဘ်သပ္ပကာကိုဆောင်ခဲ့၏။ အကယ်၍ ထိုမောဂ္ဂလာန်ကို သတ်ခြင်းငှါတတ်နိုင်ကုန်အံ့။ ထိုလာဘ်သပ္ပကာသည် ငါတို့အားဖြစ်လတ္တံ့ဟုဆို၏။ ဤအကြောင်းသည် ရှိ၏ဟု ကြံ၍၊ အလုံးစုံသောတိတ္ထိတို့သည်တူသောအလိုရှိကုန်ကြသဖြင့် တစုံတခုကို ပြုပြီးလျှင် ငါတို့သည် သတ်စေကုန်အံ့ဟု ကြံကုန်၍။ မိမိတို့၏အလုပ်အကျွေးဖြစ်ကုန်သောတကာတို့ကို နှိုးဆော်လျှင် အသပြာတထောင်ကိုရကုန်၏။ ထိုအခါ လူကိုသတ်သောအမှုကိုပြု၍ကျင်လည်ကုန်သော ခိုးသားငါးရာတို့ကိုခေါ်စေ၍။ ဒါယကာတို့၊ မောဂ္ဂလာန်အမည်ရှိသော မထေရ်သည် ကာဠသိလာကျောက်ညိုလိုဏ်၌နေ၏။ သင်တို့သည် ထိုကျောက်ညိုလိုဏ်သို့သွား၍ မောဂ္ဂလာန်ကိုသတ်ကုန်လော့ဟု ခိုးသူတို့အား အသပြာတထောင်ကိုပေး၏။ ထိုငါးရာသောခိုးသားတို့သည် ဥစ္စာကိုလိုသောကြောင့် ကောင်းပြီဟုဝန်ခံကြပြီးလျှင်။ မောဂ္ဂလာန်ကိုသတ်ကုန်အံ့ဟု သွားကုန်၍ အရှင်မောဂ္ဂလာန်၏နေရာအရပ်ကို ခြံရံလေကုန်၏၊ ထိုခိုးသူတို့ခြံရံအပ်သောအဖြစ်ကိုမထေရ်သိ၍၊ လိုဏ်ပံခါးရွက်၌ သံကောက်ပေါက်ဖြင့်ထွက်၍ဖဲလေ၏။ ခိုးသူတို့သည် မထေရ်ကိုထိုနေရာ၌မမြင်မတွေ့ကုန်သောကြောင့်။ ထိုနောက်တဘန် တနေ့၌သွား၍ ထိုကျောက်ညိုလိုဏ်ကိုဝန်းရံပြန်လေကုန်၏။ အရှင်မောဂ္ဂလာန်သည်သိ၍ အချက်ဝန်းကိုဘွင့်၍ ကောင်းကင်သို့ပျံလေ၏။ ဤသို့ ထိုခိုးသားငါးရာတို့သည် ပဌမအကြိမ်၌ရင်း၊ ဒုတိယအကြိမ်၌ရင်း၊ မထေရ်ကိုဘမ်းယူအံ့သောငှါ မတတ်နိုင်ကုန်။ ပဌမဝါဆိုလ၌ရင်း၊ အလယ် ဝါခေါင်လ၌ရင်း၊ မထေရ်ကို ဘမ်းမိအံ့သောငှါ မတတ်နိုင်ကြကုန်။ ပစ္ဆိမလ၌ကား မထေရ်သည် မိမိပြုအပ်သောမကောင်းမှုကံ၏ရောက်အပ်သောအဖြစ်ကိုသိ၍။ အရပ်တပါး မသွားဘဲ နေလေ၏။ ခိုးသူတို့သည် မထေရ်ကို

www.dhammaransi.com



ဘမ်း၍ ဆန်ခွဲကိုကဲ့သို့ အရိုးအသား ထွားထွားကြွေအောင် ရိုက်ပုတ်ကုန်၍ သေလေပြီဟူသောအမှတ်ဖြင့်။ တည်ရှိသောချုံ၏အပေါ်၌ပစ်ထား၍ သွားလေကုန်၏။ မထေရ်သည် အရဟတ္တဖိုလ်ဈာန်သမာပတ်ဖြင့်မြဲမြံစွာရစ်ပတ်၍ ကောင်းကင်ဖြင့် မြတ်စွာဘုရား၏အံ့ထံသို့လာပြီးလျှင်။ မြတ်စွာဘုရားကိုရှိခိုး၍။အရှင်ဘုရား၊အကျွန်ုပ်သည် ပရိနိဗ္ဗာန်ပြုပါအံ့ဟူ၍လျှောက်၏။ချစ်သား မောဂ္ဂလာန်၊ပရိနိဗ္ဗာန်ပြုတော့အံ့လောဟုမြတ်စွာဘုရားမိန့်တော်မူသော်၊ ပြုပါတော့အံ့ ရှင်ပင်ဘုရားဟုလျှောက်သဖြင့်။ ချစ်သား၊ အဘယ်အရပ်၌ ပြုလေအံ့နည်းဟု မိန့်တော်မူသော်။ ကျောက်ဂူလိုဏ်၌ပြုပါအံ့ဟုလျှောက်၏။ ထိုသို့တပြီးကား။ချစ်သားမောဂ္ဂလာန်၊ ငါ့အားတရားဟော၍သွားလေလော့၊ သင်ကဲ့သို့သဘောရှိသောတပည့်ကို ယခုအခါ ငါ့အားမြင်ရခြင်းမည်သည်မရှိပြီဟုမိန့်တော်မူ၏။ အရှင်မောဂ္ဂလာန်သည် ကောင်းပြီရှင်ပင်ဘုရားဟုဝန်ခံ၍ ကောင်းကင်သို့ပျံပြီးလျှင် ပရိနိဗ္ဗာန်ပြုအံ့သောနေ့၌ အရှင်သာရိပုတြာကဲ့သို့ အထူးထူးအပြားပြားသော တန်းခိုးပြာဋိဟာကိုပြု၍ တရားဟောပြီးမှ။ မြတ်စွာဘုရားကိုရှိခိုး၍ ကျောက်ညိုလိုဏ်သို့သွားပြီးလျှင် ပရိနိဗ္ဗာန်ပြုတော်မူလေ၏။ ။အရှင်မောဂ္ဂလာန်ကို ခိုးသူတို့သည်သတ်ကုန်၏ ဟူသောစကားသည် ဇမ္ဗူဒီပါကျွန်းအနှံ့ကျော်စော၏။အဇာတသတ်မင်းသည် ခိုးသူတို့ကို ရှာစိမ့်သောငှါ မင်းချင်းယောကျ်ားတို့ကို စေ၏။ ထိုခိုးသူတို့သည် အိမ်ဈေး၌ သေသောက်ကြူးကုန်သည် ရှိသော်၊ တယောက်သောသူသည် တယောက်သောသူ၏ ကျောကို ခြေနှင့်ကျောက်၍ ထိုသူကိုကြိမ်း၏။ ဟယ်မကောင်းစွာသောသူ၊နင်သည် အဘယ်ကြောင့် ငါ့၏ကျောကို ပုတ်ခတ်သနည်းဟုဆို၏။ ဟယ်မကောင်းစွာသော ခိုးသူ၊နင်အဘယ်ကြောင့်မဟာမောဂ္ဂလာန်ကို ရှေးဦးစွာရိုက်ခတ်သနည်းဟုဆို၏။အသို့ငါရိုက်ခတ်သောအဖြစ်ကို နင်သိသနည်းဟုဆို၏။ ဤသို့နင်ရိုက်ခတ်၏၊ ငါရိုက်ခတ်၏ ဆိုကုန်ကြသော်၊ ထိုသူတို့၏စကားကို မင်းချင်းယောကျ်ားတို့ကြားကုန်၍ ထိုအလုံးစုံသောခိုးသူတို့ကိုဘမ်း၍ အဇာတသတ် မင်းအား ပြလေကုန်၏။ မင်းကြီးသည် ထိုခိုးသူတို့ကို သင်တို့သည် မထေရ်ကိုသတ်အပ်သလောဟုမေးသော်။ဩော်ရှင်မင်းကြီး၊သတ်သည်မှန်၏ဟူ၍ လျှောက်သဖြင့်။ အဘယ်သူနင်တို့ကိုစေအပ်သနည်းဟုမေးပြန်သော်။ အဝတ်မဝတ် အချည်းစည်းနေသော တိတ္ထိ

www.dhammaransi.com



တို့သည်စေကုန်၏ဟု လျှောက်ကုန်၏။ မင်းကြီးသည် ထိုငါးရာသော
တိတ္ထိတို့ကိုခေါ်စေ၍ ခိုးသူငါးရာတို့နှင့်တကွ ချင်းတို့ကို မင်းရင်ပြင်၌
ချက်မှုအနက်ရှိသော တွင်းတို့ကို တူးစေပြီးလျှင်။ ထိုတွင်း၌ မြှုပ်ပြီးမှ
ကောက်ရိုးဖုံးလွှမ်း၍ မီးတိုက်ကုန်ပြီးသော်။ သေသောအဖြစ်ကိုသိ၍၊
သံထွန်သွားတို့ဖြင့် ထွန်စေ၍ အပိုင်းအပိုင်းကိုပြုစေ၏။ ။ရဟန်းတို့
သည် တရားသဘင်၌ စကားကိုဖြစ်စေကုန်၏။ ငါ့ရှင်တို့၊မဟာမောဂ္ဂ
လာန်မထေရ်သည် ကိုယ်တော်အား မလျောက်ပတ်သောသေခြင်းသို့
ရောက်ရ၏ဟုစကားကိုဖြစ်စေကုန်၏။မြတ်စွာဘုရားလာတော်မူ၍။ချစ်
သားတို့၊ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟုမေး
တော်မူ၍။ ဤမည်သောစကားကြောင့်တည်းဟုလျှောက်ကုန်သော်။ချစ်
သားတို့၊မဟာမောဂ္ဂလာန်သည် ဤကိုယ်၏အဖြစ်အား မလျောက်ပတ်
သောသေခြင်း မှန်၏။ ထိုမောဂ္ဂလာန်သည် ပြုအပ်သောကံအားကား
လျောက်ပတ်သည်သာတည်းဟုမိန့်တော်မူ၏၊ ဘုန်းတော်ကြီးသောရှင်
ပင်ဘုရား၊ထိုရှင်မောဂ္ဂလာန်အားရှေး၌ပြုဘူးသောကံသည် အဘယ်သို့
နည်းဟုမေးအပ်သော်။ မြတ်စွာဘုရားသည် ရှေးအကြောင်းကိုဆောင်
တော်မူ၏။ ။ချစ်သားတို့၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌
အမျိုးသားတယောက်သည်။မိမိကိုယ်တိုင်သာလျှင် ထောင်းခြင်း ချက်
ခြင်းအစရှိသောအမှုတို့ကိုပြုလျက်။မိကာန်းဘကာန်းနှစ်ယောက်တို့ကို
မွေးကျွေး၏။ ထိုအခါ၌ ထိုအမျိုးသား၏အမိအဘတို့သည်။ ချစ်သား၊
သင်သည်တယောက်အထီးတည်း အိမ်၌ရင်း၊တော၌ရင်း၊ အမှုကိုပြု၍
ပင်ပန်း၏။သင်ချစ်သားအားငါတို့သည်သတို့သမီးတယောက်ကိုဆောင်
ကုန်အံ့ဟုဆိုကုန်သော်။အိုမိခင်ဘခင်တို့၊ဤသို့သဘောရှိသောအမှုဖြင့်
ငါသည် အလိုမရှိ။ငါသည် ကောင်းစွာ သင်တို့ကို အသက်ရှိသောကာ
လပတ်လုံး မိမိလက်ဖြင့်လုပ်ကျွေးပါအံ့ဟုဆို၍ ထိုအမျိုးသားသည်ပယ်
သော်လည်း အဘန်အလဲလဲတောင်းပန်ကုန်၍ သတို့သမီးတယောက်
ကိုဆောင်ကုန်၏။ ထိုသတို့သမီးသည် သုံးလေးရက်မျှသာလျှင် ထိုအမိ
အဘတို့ကိုလုပ်ကျွေး၍နောက်အခါ၌ထိုအမိအဘတို့ကိုအလိုမရှိသည်
ဖြစ်၍။ သင်၏ အမိအဘတို့နှင့် တကွနေခြင်းငှါ မတတ်နိုင်ဟု ကဲ့ရဲ့၏။
ထိုယောကျ်ားသည် မိမိစကားကိုမယူလိုသည်ရှိသော်။ထိုယောကျ်ား
တောသို့သွားသောအခိုက်၌။ သင်ပေါင်းဘူးဟင်းဘတ် အစရှိသည်တို့

www.dhammaransi.com



ကိုရင်း၊ ယာဂုတို့ကိုရင်းယူ၍။ ထိုထိုသောအရပ်၌ ကြဲထားလေ၏။ ထို အမျိုးသားသည် တောမှ လာ၍ ဤသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့် နည်းဟုမေးသည်ရှိသော်။ ဤအမှုသည် သူကာန်းအိုတို့၏အမှုတည်း။ အလုံးစုံသောအိမ်ရာကို ညစ်ညူးခြင်းကိုပြု၍ လှည့်လည်ကုန်၏။ ဤသူ ကာန်းအိုတို့နှင့် တခုတည်းသောအရပ်၌နေအံ့သောငါမတတ်နိုင်ဟုဆို ၏။ ဤသို့ ထိုသတို့သမီးအထပ်ထပ်ဆိုသည်ရှိသော်။ ဤသို့စင် ကမ္ဘာ တသိန်းအလွန်ရှိသော အသင်္ချေယျကာလပတ်လုံး ဖြည့်ပြီးသောပါရမီ ရှိသော ယောကျ်ားသည်လျှက်လည်း။ အမိအဘတို့နှင့်တကွ ချစ်မြတ် နိုးအပ်သောအဖြစ်ကို ပျက်စေတော့ဟုကြံ၍။ ထိုသူအိုတို့အား ပြုအပ် သောအမှုကို သိရအံ့ဟုဆိုပြီးလျှင်။ ထိုမိဘသူကာန်းတို့ကို ထမင်းစား စေ၍။ အိုမိခင်ဘခင်တို့၊ ဤမည်သောအရပ်၌ အဆွေအမျိုးတို့သည် သင်တို့၏လာခြင်းကို တောင့်တကုန်၏။ ထိုအရပ်သို့သွားကုန်အံ့ဟု ထို အမိအဘတို့အား ယာဉ်၌တင်၍သွားလေသော်။ တောအလယ်သို့ရောက် သောအခါ၌။ ဘခင်၊ ဆွဲကြိုးတို့ကို ကိုင်ကုန်လော့။ နွားတို့သည်ကား အသံအမှတ်ဖြင့်သွားကုန်လတ္တံ့။ ဤအရပ်၌လည်း ခိုးသူတို့သည်ရှိကုန် ၏ဟုဆိုပြီးမှ အဘ၏လက်၌ကြိုးကိုပေး၍သွားသည်ရှိသော်။ အသံကို ဘောက်ပြန်စေ၍ ခိုးသူတို့ထသောအသံကဲ့သို့ပြု၏။ အမိအဘသူအိုနှစ် ယောက်တို့သည် အသံကိုကြား၍ ခိုးသူထ၏ဟူသောအမှတ်ဖြင့်။ ချစ် သား၊ ငါတို့သည်အိုကုန်ပြီ။ သင်တို့သည်သာလျှင် အသက်ကိုစောင့် လေလော့ဟု ဆိုကုန်၏။ ထိုယောကျ်ားသည် ထိုသို့သောအခြင်းအရာ ဖြင့် မြည်တမ်းသော အမိအဘ တို့အား ခိုးသူအသံကိုပြု၍ ရိုက်ခတ် လျက် အသေသတ်ပြီးမှ တောအရပ်၌ပစ်၍ပြန်လေ၏။ ဤသည်လျှင် ထို မောဂ္ဂလာန်၏ရှေးကံတည်းဟု မိန့်တော်မူ၍။ ချစ်သားတို့၊ မောဂ္ဂလာန် သည် ဤမျှသော မကောင်းမှုကိုပြု၍ အနှစ်တထောင်မက များစွာတို့ ပတ်လုံး ငရဲ၌ ခံရပြီးမှ။ အဖြစ်တရာ တိုင်တိုင်သော ကိုယ်၏ အဖြစ်၌ ခိုးသူရိုက်ခတ်၍ မှုန့်မှုန့်ညက်ညက် ကြေလျက် သေခြင်းသို့ ရောက်၏။ ထိုကြောင့်မောဂ္ဂလာန်သည်မိမိနှင့်လျော်ပတ်သောသေခြင်းကိုရ၏ဟု မိန့်တော်မူ၍။ ချစ်သားတို့၊ခိုးသူငါးရာတို့နှင့်တကွ တိတ္ထိတို့သည်လည်း မပြစ်မှားအပ်သော ငါ၏သားမောဂ္ဂလာန်၌ ပြစ်မှားလေသောကြောင့်။ မလျော်ကပ်ပတ်သောသေခြင်းကို ရလေကုန်ပြီ။ ထိုစကားသည် မှန်၏။

www.dhammaransi.com



မပြစ်မှားအပ်သော်သူအား ပြစ်မှားသောသူသည်။ ဆယ်ပါးသော အကြောင်းတို့ဖြင့် အကျိုးမဲ့ပျက်စီးခြင်းသို့ရောက်သလျှင်ကတည်းဟု မိန့်တော်မူ၍တရားဟောတော်မူ၏။ ။ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ။ဒသန္နမညတရံ့ဌာနံ၊ခိပ္ပမေဝနိဂစ္ဆတိ။ ။ဝေဒနံဖရုသံဇာနိံ၊ သရီရဿစ ဘေဒနံ။ ဂရုကံဝါပိ အာဗာဓံ၊ စိတ္တက္ခေပဉ္စ ပါပုဏေ။ ။ရာဇတောဝါ ဥပဿဂ္ဂံ၊ အဗ္ဘက္ခာနဉ္စ ဒါရုဏံ။ပရိက္ခယဉ္စ ဉာတီနံ၊ဘောဂါနဉ္စ ပဘင်္ဂုနံ။ ။အထ ဝ ဿအဂါရာနိ၊အဂ္ဂိဍယှတိ ပါဝကော။ကာယဿ ဘေဒါ ဒုပ္ပညော၊နိရယံ သော ပပဇ္ဇတီတိ။ ။

ယော၊အကြင်သူသည်။ ဒဏ္ဍေန၊ဒဏ်ဖြင့်။ အဒဏ္ဍေသု၊ဒဏ်ထားခြင်းငှါ မထိုက်ကုန်သော။ အပ္ပဒုဋ္ဌေသု၊ မပြစ်မှားထိုက်သောသူတို့၌။ ဒုဿတိ၊ပြစ်မှား၏။ သော၊ထိုသူသည်။ ဒသန္နံ၊ ဆယ်ပါးကုန်သောအကြောင်းတို့တွင်။ အညတရံ၊တပါးပါးသော။ ဌာနံ၊အကြောင်းသို့။ ခိပ္ပမေဝ၊ လျှင်စွာသာလျှင်။ နိဂစ္ဆတိ၊ ရောက်၏။ ။ဖရုသံ၊ကြမ်းကြုတ်စွာသော။ ဝေဒနံဝါ၊ ဒုက္ခဝေဒနာသို့ရင်း။ ဇာနိံ၊ဥစ္စာရှုံးခြင်းသို့ရင်း။ သရီရဿ၊ကိုယ်၏။ ဘေဒနံ၊ ကျိုးပွဲပျက်စီးခြင်းသို့ရင်း။ ဂရုကံ၊လေးသော။ အာဗာဓံဝါပိ၊ အနာနှိပ်စက်ခြင်းသို့ရင်း။ စိတ္တက္ခေပဉ္စ၊ စိတ်ပျံ့လွင့်ခြင်းသို့ရင်း။ပါပုဏေ၊ရောက်၏။ ။ရာဇတော၊ဗါ၊မင်းမှမူလည်း။ ဥပဿဂ္ဂံ၊ နှိပ်စက် ညှဉ်းဆဲခြင်းသို့ရင်း။ ဒါရုဏံ၊ ကြမ်းထမ်းသော။ အဗ္ဘက္ခာနဉ္စ၊ စွပ်စွဲခြင်းသို့ရင်း။ ဉာတီနံ၊ ဆွေမျိုး တို့၏။ ပရိက္ခယံ၊ ကုန်ခြင်းသို့ရင်း။ ဘောဂါနံ၊စည်းစိမ်တို့၏။ပဘင်္ဂုနဉ္စ၊ပျက်စီးခြင်းသို့ရင်း။ပါပုဏေ၊ရောက်၏။ ။အထ၊ထိုမှတပါး။ အဿ၊ထိုသူ၏။ အဂါရာနိ၊အိမ်တို့ကို။ ပါဝကော၊ပါဝကဟုဆိုအပ်သော။ အဂ္ဂိ၊မီးသည်။ ဍယှတိ၊လောင်၏။ ကာယဿ၊ခန္ဓာကိုယ်၏။ဘေဒါ၊ပျက်သည်မှ။ပရံ၊နောက်၌။ဒုပ္ပညော၊ပညာနည်းသော။ သော၊ထိုသူသည်။ နိရယံ၊ငရဲသို့။ ဥပပဇ္ဇတိ၊ဖြစ်ရ၏။ ။ ဤကားအနက်တည်း။ ။

---

၄၀။ မြတ်စွာဘုရားဝေသာလီပြည်၊စာပါလစေတီ၌နေ့သန့်တော်မူစဉ်အာယုသင်္ခါရလွှတ်တော်မူသည်ကိုပြရာ။

မြတ်စွာဘုရားသည် ထိုအရှင်မောဂ္ဂလာန်၏ဓာတ်တော်တို့ကို ဝေဠုဝန်ကျောင်းတော်မုခ်ဟံခါး၏အနီး၌ စေတီတည်၍ ရာဇဂြိုဟ်ပြည်

မှထွက်ပြီးလျှင်၊ ရဟန်းသံဃာများစွာနှင့်တကွ အစဉ်သဖြင့် ဂင်္ဂါသို့
ရှေးရှု ကြွတော်မူသဖြင့်၊ ဥက္ကာစေလသို့ ကပ်တော်မူ၍၊ ထိုဥက္ကာစေလ
ဂင်္ဂါနား၌ ရဟန်းသံဃာခြံရံလျက် နေတော်မူ၍၊ ထိုဂင်္ဂါနား၌ အရှင်
သာရိပုတြာအရှင်မောဂ္ဂလာန်တို့၏ ပရိနိဗ္ဗာန်ပြုခြင်းနှင့်စပ်သောသုတ္တန်
ကိုဟောတော်မူ၏၊ ဥက္ကာစေလမှထွက်၍ ဝေသာလီပြည်သို့ကြွတော်မူ
လေ၏၊ ဤသို့ကြွတော်မူ၍ ဝေသာလီပြည်သို့ရောက်တော်မူသောအခါ
မြတ်စွာဘုရားသည် နံနက်အခါ၌ သင်းပိုင်တော်ကိုပြင်ဝတ်၍ သပိတ်
သင်္ကန်းကိုယူ၍ ဝေသာလီမြို့တွင်းသို့ ဆွမ်းအလို့ငှါဝင်တော်မူလေ၏။
ဝေသာလီပြည်၌ ဆွမ်းခံကြွတော်မူ၍၊ ဆွမ်းစားပြီးသော် ဆွမ်းခံရွာမှ
ဖဲတော်မူ၍၊ ရှည်သောအသက်တော်ရှိသောအာနန္ဒာကို၊ အာနန္ဒာ၊ စမ္မ
ခဏ်နေရာကိုယူခဲ့လော့၊ အကြင်အရပ်၌စာပါလစေတီသည်ရှိ၏၊ ထို
အရပ်သို့နေ့ခြင်းငှါ ကပ်ကုန်အံ့ဟု မိန့်တော်မူ၏၊ အရှင်အာနန္ဒာသည်
ကောင်းပြီအရှင်ဘုရားဟုဝန်ခံ၍၊ စမ္မခဏ်ကိုယူပြီးလျှင် မြတ်စွာဘုရား
၏နောက်မှ အစဉ်လိုက်၏၊ မြတ်စွာဘုရားသည် စာပါလစေတီအရပ်
သို့ကပ်၍၊ ခင်းအပ်သော နေရာ၌ နေတော်မူ၏၊ အရှင်အာနန္ဒာသည်
လည်း မြတ်စွာဘုရားကိုရှိခိုး၍ တင့်အပ်သောအရပ်၌ နေ၏၊ ထိုအခါ
အာနန္ဒာကိုဤသို့မိန့်တော်မူ၏၊ အာနန္ဒာ၊ ဝေသာလီပြည်သည်မွေ့လျော်
ဘွယ်ရှိ၏၊ မြို့၏အရှေ့ဥဒေနစေတီသည် မွေ့လျော်ဘွယ်ရှိ၏၊ မြို့တောင်
ဂေါတမကစေတီသည် မွေ့လျော်ဘွယ်ရှိ၏၊ မြို့၏အနောက်သတ္တမ္ဗစေ
တီသည် မွေ့လျော်ဘွယ်ရှိ၏၊ မြို့၏မြောက်ဗဟုပုတ္တကစေတီသည် မွေ့
လျော်ဘွယ်ရှိ၏၊ သာနန္ဒရ စေတီသည် မွေ့လျော်ဘွယ်ရှိ၏၊ စာပါလ
စေတီသည် မွေ့လျော်ဘွယ်ရှိ၏၊ အာနန္ဒာ၊ အကြင်အမှတ်မရှိသောသူ
အား လေးပါးသောဣဒ္ဓိပါဒ်တို့ကို ပွါးစေအပ်၏၊ များစွာအလေ့အလာ
ပြုအပ်၏၊ ယာဉ်သဘွယ်ပြုအပ်၏၊ ယာခင်းသဘွယ်ပြုအပ်၏၊ ဆောက်
တည်အပ်၏၊ ပွါးစီးစေအပ်၏၊ ကောင်းစွာ အားထုတ်အပ်၏၊ ထိုသူ
သည် အလိုရှိသည်ရှိသော်၊ အာယုကပ်ပတ်လုံးဍင်း၊ အာယုကပ်ထက်
အလွန်ဍင်းတည်ရာ၏၊ အာနန္ဒာ၊ ငါဘုရားအားလည်း ထိုဣဒ္ဓိပါဒ်လေးပါး
တို့ကို ပွါးစေအပ်ပြီ၊ များစွာအလေ့အလာ အစရှိသည်ပြုအပ်ပြီ၊ အာ
နန္ဒာ၊ ထိုငါဘုရားသည်အလိုတော်ရှိသည့်ရှိသော်၊ အာယုကပ်ပတ်လုံး
ဍင်း၊ အာယုကပ်ထက်အလွန်ပင်သော်ဍင်း တည်နိုင်ရာ၏ဟု မိန့်တော်

www.dhammaransi.com



မူ၏။ ဤသို့ မြတ်စွာဘုရားသည် နိမိတ် ဩဘာသကို ပြတော်မူသော်လည်း။အရှင်အာနန္ဒာသည်ထိုးထွင်း၍သိအံ့သောငှါမတတ်နိုင်။ ။

(ဤအရာ၌ ကပ်ဟူသည် အာယုကပ်တည်း။ အာယုကပ်ဟူသည်လည်း ထိုထိုသို့သောကာလ၌ဖြစ်သောလူတို့၏အသက်ပမာဏတည်း။ တနည်းလည်း။ မြတ်စွာဘုရား တို့သည် အရာမဟုတ် သည်၌ ကြိုးဝါးခြင်းမည်သည်မရှိ။ ဝေဠုဝဂ္ဂရွာ၌ဝါဆိုတော်မူသောအခါဖြစ်သောသေခြင်းအနီးရှိသော ဝေဒနာကို မဟာဝိပဿနာဖလသမာပတ်ဖြင့် ဆယ်လပတ်လုံး ခွါတော်မူသကဲ့သို့။ ထိုအတူ ဆင့်ကာ ဆင့်ကာ ဆယ်လတကြိမ် ဆယ်လတကြိမ် ထိုသမာပတ်ကိုဝင်စားသဖြင့် မာရဏန္တိကဝေဒနာကိုခွါ၍ ဤဘဒ္ဒကပ်တကမ္ဘာလုံးပင်တည်နိုင်ရာ၏။ ထိုသို့လျှက်အဘယ်ကြောင့် တည်တော်မမူသနည်းဟူတုံအံ့။ ဥပါဒိန္နကရုပ်ဟု ဆိုအပ်သောကိုယ်မည်သည်ကား ဆံဖြူခြင်းသွားကျိုးခြင်းအစရှိသည်တို့သည် နှိပ်စက်အပ်၏။ ဘုရားတို့မည်သည်လည်း ဆံဖြူခြင်း သွားကျိုးခြင်းအစရှိသောအဖြစ်သို့ မရောက်မူ၍ အသက်ကို ငါးစုစု၍ လေးစုမြောက်သောအဘို့၌ ခပ်သိမ်းသော သူတို့သည် ချစ်နှစ်လိုဖွယ်သောအခါ၌သာလျှင်ပရိနိဗ္ဗာန်ပြုကုန်၏။ဘုရားသို့အစဉ်လိုက်၍သိကုန်သောလက်ျာရံလက်ဝဲရံမဟာသာဝကတို့သည်လည်း ပရိနိဗ္ဗာန်ပြုကုန်သည်ရှိသော်၊ ကိုယ်တော်တပါးတည်း သစ်ငုတ်သဘွယ်ဖြစ်၍ တည်ရာ၏။ သာမဏေငယ်ပဉ္စင်းငယ်တို့ဖြင့်ခြံရံသော်လည်း၊ ဘုရားတို့၏ပရိသတ်သည်အံ့ဘွယ်ရှိစွဟု ရှုတ်ချအပ်သောအဖြစ်သို့ရောက်ရာ၏။ ထိုကြောင့်ဆယ်လတကြိမ် မာရဏန္တိကဝေဒနာကို သမာပတ်ဖြင့်ခွါ၍ခွါ၍ ဘဒ္ဒကပ်ကမ္ဘာလုံးတည်တော်မမူသတည်း)။ ။ "

မြတ်စွာဘုရားသည် ရုန့်ရင်းသိလွယ်သော နိမိတ်ဩဘာသကို ပြုသော်လည်း။ ရှင်အာနန္ဒာသည် ထိုးထွင်း၍ မသိနိုင်သည်ဖြစ်၍၊ ဘုန်းတော်ကြီးလှသော ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် များစွာသောလူအပေါင်းတို့၏အစီးအပွါးအလို့ငှါ ချမ်းသာခြင်းငှါ နတ်လူတို့ကို အစဉ်သနားတော်မူသဖြင့်အာယုကပ်ပတ်လုံးတည်တော်မူပါဟူ၍မတောင်းပန်လေ။အဘယ့်ကြောင့်ကား သတိမန္တ ဂတိမန္တဖြစ်သော အရှင်အာနန္ဒာသည် ရုန့်ရင်း ကြမ်းထမ်းစွာ သိလွယ်သော နိမိတ်ဩဘာသကို ပြုတော်မူလျက်လျှင်။မြတ်စွာဘုရားသည် ငါ့ကို တောင်းပန်စေလို၏ဟု

www.dhammaransi.com



မသိလေသနည်းဟူမူကား။ အရှင်အာနန္ဒာအား လေးပါးသောဝိပလ္လာသကိုမပယ်ရသေးဖြစ်၍အရှင်အာနန္ဒာ၏စိတ်ကိုမေ့လျော့တွေဝေအောင်မာရ် မှေးလေသောကြောင့် မသိသတည်း။ အကြင်သူအား အကွင်းမဲ့တဆဲ့နှစ်ပါးသော ဝိပလ္လာသတို့ကို မပယ်သေး။ ထိုသူ၏စိတ်ကို မာရ်နတ်သည် မေ့လျော့တွေဝေထိတ်လန့်အောင် ပြုသတည်း။ ။ထိုမာရ်နတ်သည် စိတ်ကိုမေ့လျော့တွေဝေအောင် အဘယ်သို့ပြုသနည်းဟူမူကား။ကြောက်ဘွယ်သောအရုပ်အဆင်းကိုပြ၏။ ကြောက်ဘွယ်သော အသံကိုကြားစေ၏။ သတ္တဝါတို့သည် ထိုအရုပ်ကိုမြင်၍ ထိုအသံကိုကြား၍ သတိကိုလွတ်စေသဖြင့်၊ခံတွင်းကိုဟင်းလင်းပြု၏။ ထိုသူတို့၏ခံတွင်းဖြင့်လက်ကိုသွင်း၍ နှလုံးခွံသားကို နှိပ်နယ်ကုန်၏။ ထိုသို့နှိပ်နယ်သောကြောင့် သတ္တဝါတို့သည် စိတ်မရှိသကဲ့သို့ဖြစ်ကုန်၏။အရှင်အာနန္ဒာအားကား ခံတွင်းဖြင့်လက်ကိုသွင်းအံ့သောငှါမတတ်နိုင်။ ကြောက်မက်ဘွယ်သော အာရုံကိုပြ၏။ ထိုအာရုံကိုမြင်၍ အရှင်အာနန္ဒာသည် ထိုနိမိတ်ဩဘာသကို မသိလေသတည်း။ ။နှစ်ကြိမ်မြောက်ငင်း။သုံးကြိမ်မြောက်ငင်း။ မြတ်စွာဘုရားသည် အာနန္ဒာကို။ ချစ်သားအာနန္ဒာ၊ ဝေသာလီပြည်သည် နှလုံးမွေ့လျော်ဘွယ်ရှိ၏။မြို့၏အရှေ့ဥဒေနစေတီသည် နှစ်လိုဘွယ်ရှိ၏။ ဤသို့အစရှိသော အောက်၌ ဆိုအပ်ခဲ့ပြီးသော နိမိတ်ဩဘာသစကားကိုပင် မိန့်တော်မူ၏။ အရှင်အာနန္ဒာသည် မသိသည့်သာတည်း။ မြတ်စွာဘုရားကို မတောင်းပန်သည်သာတည်း။ ။ထိုအခါ၌ မြတ်စွာဘုရားသည် အာနန္ဒာကို။အာနန္ဒာ၊သင်သွားလေလော့ဟု မိန့်တော်မူ၏။ ။(အဘယ်ကြောင့်ကား မြတ်စွာဘုရားသည် သိလျက်ကိုပင် သုံးကြိမ်တိုင်အောင် နိမိတ်ဩဘာသစကားကို ဆိုတော်မူသနည်းဟူမူကား။နောက်အဘို့၌။တိဋ္ဌတုဘန္တေ၊အစရှိသဖြင့်တောင်းပန်သောအခါ၌၊ တုယှေဝေတံဒုက္ကဋံ၊ အစရှိသည်ဆို၍ အပြစ်တင်သဖြင့်၊ အာနန္ဒာအား သောကစိုးရိမ်နည်းခြင်းကိုပြုအံ့သောငှါ မိန့်တော်မူသတည်း)။ ။ထိုသို့သွားလေလော့ဟူ၍မိန့်တော်မူသောအခါ၌၊အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ရှိခိုး၍၊ နေရာမှထပြီးလျှင် လက်ျာရစ်လှည့်သည်ကိုပြု၍ ဖဲလေပြီးမှ မနီးမဝေးသော အရပ်ဝယ်၊ တခုသော သစ်ပင်၏အနီး၌နေလေ၏။ ။

ထိုအခါ ကာမာဝစရနတ်ပြည်ခြောက်ထပ်ကို အစိုးရသော မာရ်

www.dhammaransi.com



နတ်သည် အရှင်အာနန္ဒာပဲ၍ မကြာမြင့်မီ မြတ်စွာဘုရားအထံသို့ ကပ်လာ၍၊ တင့်အပ်သောအရပ်၌ ရပ်ပြီးလျှင်။ မြတ်စွာဘုရားအား ဤသို့ လျှောက်၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် ယခုအခါ၌ပရိနိဗ္ဗာန်ပြုတော်မူပါလော့။ လာခြင်းကောင်းသောရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် ပရိနိဗ္ဗာန်ပြုတော် မူပါလော့၊ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားအား ယခုအခါသည် ပရိနိဗ္ဗာန်ပြုအံ့သော အခါတည်း။ ဘုန်းတော် ကြီးသော ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည်။ အကျွန်ုပ်ကို၊ ယုတ်မာသော၊ ဟာယ်အလိုဆိုးရှိသောမာရ်နတ်၊ အကြင်မျှလောက်သော ကာလပတ်လုံး ငါ၏တပည့်သားဖြစ်ကုန်သော ရဟန်းယောကျ်ားတို့သည်၊ တရား၌ လိမ္မာကုန်သည်၊ ဆုံးဖြတ်နိုင်ကုန်သည်၊ ရဲရင့်ကုန်သည်။ များသောအကြားအမြင်ရှိကုန်သည်၊ သုတ်အဘိဓမ္မာ ဝိနည်းကို ဆောင်ကုန်သည်၊ လောကုတ္တရာတရားကိုးပါး အလျော်ဖြစ်သောတရားကိုကျင့်ကုန်သည်၊ အရိုအသေပြု၍ကျင့်ကုန်သည်၊ ကောင်းသော တရားကိုကျင့်ကုန်သည် မဖြစ်ကုန်သေး။ မိမိဆရာ၏ အယူကို တတ်အောင်သင်၍ကြားနိုင်ကုန်သေး။ မဟောနိုင်ကုန်သေး။ မပညတ်နိုင်ကုန်သေး။ မထားနိုင်ကုန်သေး။ မဖွင့်နိုင်ကုန်သေး။ မခွဲခြမ်းနိုင်ကုန်သေး။ ထင်စွာမပြုနိုင်ကုန်သေး။ ဖြစ်ပေါ်လာသော သူတပါး၏အယူဝါဒကို တရားနှင့်လျော်စွာနှိပ်၍ ပြာဋိဟာပြခြင်းနှင့်တကွသော တရားကို မဟောနိုင်ကုန်သေး။ ထိုမျှလောက်သော ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်ပြုတော်မမူသေးဟူ၍ အကြင်စကားကိုဆိုတော်မူပြီ။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ယခုအခါ၌ ထိုတပည့်သားတော် ဖြစ်သော ရဟန်းယောကျ်ားတို့သည်၊ တရား၌ လိမ္မာကုန်ပြီ။ ဆုံးဖြတ်နိုင်ကုန်ပြီ။ ရဲရင့်ကုန်ပြီ၊ အကြားအမြင် များပါကုန်ပြီ။ သုတ် အဘိဓမ္မာ ဝိနည်းကို ဆောင်ကုန်ပြီ။ လောကုတ္တရာတရားကိုးပါး၏အလျော်ဖြစ်သော တရားကိုကျင့်နိုင်ပါကုန်ပြီ။ အရိုအသေပြု၍ကျင့်ကုန်ပြီ။ ကောင်းသောတရားကိုကျင့်ကုန်ပြီ။ မိမိဆရာ၏ဥစ္စာဖြစ်သော အယူကို တတ်အောင်သင်ကြားကုန်ပြီ။ ဟောကြားကုန်ပြီ။ ပညတ်ကုန်ပြီ။ ထားနိုင်ကုန်ပြီ။ ဖွင့်နိုင်ကုန်ပြီ။ ခွဲခြမ်းနိုင်ကုန်ပြီ။ ထင်စွာပြုနိုင်ကုန်ပြီ။ ဖြစ်သောသူတပါး၏ဝါဒကိုတရားနှင့်အညီနှိပ်၍ ပြာဋိဟာပြခြင်းနှင့်တကွ တရားကို ဟောတတ်ကုန်ပြီ။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် ယခုအ

www.dhammaransi.com



ခါ၌ ပရိနိဗ္ဗာန်ပြုတော်မူပါလော့။ လာခြင်းကောင်းသောရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူပါလော့။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ယခုအခါ ရှင်ပင်ဘုရားအား ပရိနိဗ္ဗာန်ပြုအပ်သော အခါ ရောက်ပါပြီဟူ၍လျှောက်၏။ ။(ရဟန်းမိန်းမ၊ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမတို့ကိုလည်းစွဲ၍ဤဆိုပြီးသောနည်းဖြင့်လျှောက်၏)။

ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည်။ ယခုအခါ ပရိနိဗ္ဗာန် ပြုတော်မူပါလော့။ ရှင်ပင်ဘုရား၊ ယခုအခါ၌ ရှင်ပင်ဘုရား အား ပရိနိဗ္ဗာန်ပြုချိန်တန်ပြီ။ ဤစကားကို ရှင်ပင်ဘုရားသည်ဆိုတော်မူ ဘူး၏။ ယုတ်မာသောအလိုဆိုးရှိသော မာရ်နတ်၊ ငါ၏သာသနာအဆုံး အမဖြစ်သော မြတ်သောအကျင့်သည်၊ အကြင်မျှလောက်သော ကာလ ပတ်လုံး ကောင်းစွာ ပြန့်ပြော စည်ပင်သာယာသည် မဖြစ်သေး။ ပြန့် သည်၊ များစွာသောလူတို့သိအပ်သည်၊ အပြန့်ကျယ်စွာဖြစ်သည်၊နတ် လူတို့သည် ကောင်းစွာ ပြအပ်သည် မဖြစ်သေး။ ထိုမျှလောက်သော ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်ပြုတော်မမူသေးဟု ဤစကားကိုဆို တော်မူဘူးပြီ။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ယခုအခါ၌ ရှင်ပင် ဘုရား၏အဆုံးအမ သာသနာတော်ဟုဆိုအပ်သော မြတ်သောအကျင့် သည် ကောင်းစွာပြန့်ပြောစည်ပင်သာယာသည်ဖြစ်ပါပြီ။အပြန့်ကျယ် သည်၊ များစွာသောသူတို့ သိအပ်သည်၊ များစွာဖြစ်သည်၊ နတ်လူတို့ သည်ကောင်းစွာပြအပ်သည်ဖြစ်ပြီ။ ယခုအခါ၌ ပရိနိဗ္ဗာန်ပြုတော်မူပါ လော့။ရှင်ပင်ဘုရားအား ယခုအခါ၌ပရိနိဗ္ဗာန်ပြုချိန်တန်ပြီဟူ၍လျှောက် သည် ရှိသော်။ မြတ်စွာဘုရားသည် မာရ်နတ်ကို ဤသို့ မိန့်တော်မူ၏။ ယုတ်မာသော အလိုရှိသောမာရ်နတ်၊ သင်သည် ကြောင့်ကြမဲ့နေသည် ဖြစ်လော့။မကြာမြင့်မီလျှင် လာခြင်းကောင်းသော ငါဘုရား၏ပရိနိဗ္ဗာန် ပြုခြင်းသည် ဖြစ်လတ္တံ့။ ဤတပို့တွဲလပြည့်မှ သုံးလတို့ကို လွန်သဖြင့်။ လာခြင်းကောင်းသော ငါဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့ဟုမိန့် တော်မူ၏။ ။ထိုအခါမြတ်စွာဘုရားသည် စာပါလစေတီ၌ သတိနှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ အဆင်အခြင်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍။ တပို့တွဲလပြည့်နေ့ အာယုသင်္ခါရတရားကိုလွှတ်တော်မူ၏။ ။(လွှတ် တော်မူ၏ဆိုသည့်ကား။ မြတ်စွာဘုရားသည် လက်ဖြင့်ခဲအုတ်ကိုလွှတ် သကဲ့သို့မဟုတ်။ ဤနေ့မှ စ၍ သုံးလမျှသာလျှင် မဟာဝိပဿနာ သမာ

www.dhammaransi.com



ပတ်ကိုဝင်စားအံ့။သုံးလမှနောက်၌ ငါသည်သမာပတ်ကိုမဝင်စားပြီဟု စိတ်တော်ကိုဖြစ်စေခြင်းသာတည်း)။ ။

---

## ၆၁။ အာယုသင်္ခါရလွှတ်တော်မူသောအခါ မြေလှုပ်ခြင်းနှင့်တကွ၊မြေလှုပ်ကြောင်းရှစ်ပါး၊ပရိသတ်ရှစ်ပါး၊ အဘိဘာယတနရှစ်ပါးတို့ကိုဟောတော်မူခြင်း။ ရှင်အာနန္ဒာတောင်းပန်ခြင်းတို့ကိုပြရာ။

မြတ်စွာဘုရားသခင် အာယုသင်္ခါရ လွှတ်တော်မူသောခဏ၌၊ တသောင်းသော စကြဝဠာတိုက်အလုံး၊ ကြော်ခြင်းကိုဖြစ်စေတတ်သော၊ ကြက်သီးမွေးညင်းထစေတတ်သော၊ ပြင်းစွာသောမြေကြီး၏တုန်လှုပ်ခြင်းသည်ဖြစ်၏။ မိုးသည်းမရွာဘဲ၊အခြောက်ပင်၊ မိုးသည်းတိမ်မမြင်၊ ကြည်ကြည်စင်လျက်၊ပြင်းစွာထစ်ကြိုး၏။ အခါမဲ့လျှပ်စစ်နွယ်တို့သည်ပြိုးပြိုးပြက်ထွက်ကုန်၏။ ထိုအခါမြတ်စွာဘုရားသည် အကြောင်းကိုသိတော်မူ၍။ ။တုလ မတုလဉ္စ သမ္ဘဝံ၊ဘဝသင်္ခါရ မဝဿဇိ မုနိ။အဇ္ဈတ္တရတော သမာဟိတော၊အဘိန္ဒိကဝစမိဝတ္တသမ္ဘဝန္တိ။ ။ဟူ၍ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးတော်မူ၏။ ။မုနိ၊မုနိငါပါးတို့အထွတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ သမ္ဘဝံ၊သုက်သွေးတို့၏ အကြောင်းဖြစ်ထသော။ ဘဝသင်္ခါရံ၊ခန္ဓာငါးပါးတည်းဟူသော တဘာန်ဘဝသစ်ကို ပြုတတ်ထသော။ တုလဉ္စ၊ ကာမာဝစရကုသိုလ်ကံ အကုသိုလ်ကံကိုရင်း။ အတုလဉ္စ၊ ရူပါဝစရ အရူပါဝစရ ကုသိုလ်ကံကိုရင်း။ အဝဿဇိ၊ စွန့်တော်မူလေပြီ။ မဟာယောဓော၊သူရဲကြီးသည်။ သင်္ဂါမေ၊စစ်မြေအရပ်၌။ ကဝစံ၊ချပ်ကို။ အဘိန္ဒိဣဝ၊ဖျက်ဆီးသကဲ့သို့။ အဇ္ဈတ္တရတော၊နိယကဇ္ဈတ္တဟုဆိုအပ်သော ဖလသမာပတ်၌ မွေ့လျော်တော်မူထသော။ သမာဟိတော၊ ဥပစာရ သမာဓိဖြင့် တည်ကြည်သော သမာဓိ ရှိထသော။ မုနိ၊ မြတ်စွာဘုရားသည်။ အတ္တသမ္ဘဝံ၊ ကိုယ်တော်၌ဖြစ်သော ကိလေသာကို။ အဘိန္ဒိ၊ဖျက်ဆီးတော်မူလေပြီ။ ။မြတ်စွာဘုရားသည် မကြောက်မရွံ့ အာယုသင်္ခါရ တရားကို လွှတ်တော်မူသော အဖြစ်ကို သိစေခြင်းငှါ ဤဥဒါန်းကိုကျူးတော်မူသတည်း။ ။

ထိုသို့မြေလှုပ်သော်အခါ၌ အရှင်အာနန္ဒာအား ဤသို့သော အကြံ

သည်ဖြစ်၏။ အချင်းတို့၊အံ့ဘွယ်ရှိစွတကား။ အချင်းတို့၊ မဖြစ်ဘူးမြဲတကား။ ဤမြေလှုပ်ခြင်းသည် အလွန်ကြီးစွတကား။ ကြောက်ဘွယ်ရှိ၏။ အမွေး၏ရှင်ခြင်းကိုဖြစ်စေဘိ၏။မိုးယံမရွာဘဲ အခြောက်ဖြင့်ပင် တိမ်စင်ကြည်ကြည် ပြင်းစွာထစ်ကြိုး၍မြည်ဘိ၏။ အခါမဲ့ လျှပ်စစ်နွယ်တို့သည် ပြိုးပြိုးပြက်ထွက်ဘိ၏။တသောင်းသောလောကဓာတ်၌ မြေကြီးလှုပ်ခြင်းထင်ရှားဖြစ်၏။အကြောင်းအဘယ်နည်း၊အထောက်အပံ့သည် အဘယ်သို့ ဖြစ်သနည်း။ ဤသို့သော အကြံသည် ဖြစ်၏။ ။ထိုအခါ၊ အရှင်အာနန္ဒာသည် မြတ်စွာဘုရားသို့ကပ်၍ ရိုသေစွာရှိခိုး၍ တင့်အပ်သောအရပ်၌ နေပြီးသော် မြတ်စွာဘုရားကို ဤသို့လျှောက်၏။ ရှင်ပင်ဘုရား၊ အံ့ဘွယ်ရှိစွတကား။ မဖြစ်ဘူးမြဲတကား။ ဤမြေလှုပ်ခြင်းသည် ကြီးစွတကား။ကြောက်ခြင်းကိုဖြစ်စေတတ်သော၊အမွေး၏ရှင်ခြင်းကို ဖြစ်စေတတ်သော ဤမြေလှုပ်ခြင်းသည် အလွန် ကြီးစွတကား။ မိုးယံမရွာဘဲပြင်းစွာထစ်ကြိုးမြည်ဘိ၏။ အခါမဲ့လျှပ်စစ်တို့သည်ပြိုးပြိုးပြက်ထွက်ဘိ၏၊ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ဤမြေကြီးလှုပ်ခြင်း၏ ထင်ရှားဖြစ်ခြင်း၌အကြောင်းအဘယ်သို့ဖြစ်လေသနည်း။ အထောက်အပံ့အဘယ်သို့ဖြစ်လေသနည်းဟုလျှော်၏။ ။အာနန္ဒာ၊ကြီးစွာသော မြေလှုပ်ခြင်း၏ ထင်ရှားဖြစ်ခြင်း၌ ရှစ်ပါးကုန်သော ဤအကြောင်းတို့သည်ရှိကုန်၏။ရှစ်ပါးတို့ဟူသည်အဘယ်နည်းဟူမူ။ ။( ၁ )အာနန္ဒာ၊ ဤယူဇနာနှစ်သိန်းလေးသောင်းအထုရှိသော မြေကြီးသည် ရေ၌တည်၏။ ထိုရေသည်လေ၌တည်၏၊ ထိုလေသည်ကား ငြိ၍တည်ရာမရှိဘဲ၊ ကောင်းကင်ပြင်၌တည်သည်ဖြစ်၏။အာနန္ဒာ၊အကြင်အခါ၌ ဥက္ကာပကမည်သော ကြီးစွာသောလေတို့သည်လာကုန်၏။ ထိုဥက္ကာပကလေတို့သည်လာကုန်သည်ရှိသော် ယူဇနာခြောက်သောင်းအလွန်ရှိသောကိုးသိန်းအထုရှိသောရေကိုခံသောလေကိုဖြတ်၏။ ထိုလေဖြတ်ရာကောင်းကင်၌ ရေသည်အောက်သို့ကျ၏။ ထိုရေကျရာ၌မြေသည်အောက်သို့ကျ၏။ တဘန်လေသည် မိမိအစွမ်းအားဖြင့် ဓမ္မကရိတ်တွင်း၌ ရေကိုချုပ်သကဲ့သို့ရေကိုဘွဲ့၍ယူ၏။ ထိုသို့ဘွဲ့၍ယူအပ်သောကြောင့် ထိုရေသည်အထက်သို့တက်ပြန်၏။ထိုရေတက်သည်ရှိသော်မြေသည်တက်၏။ဤသို့ရေလှုပ်သည်ရှိသော် မြေကြီးတုန်လှုပ်၏။ ဤသို့တုန်လှုပ်ခြင်းသည် ယခုထက်တိုင်အောင်ဖြစ်၏။ မြေအထုထုသည်၏အဖြစ်ကြောင့်

www.dhammaransi.com



သက်ခြင်းတက်ခြင်းမထင်သတည်း။ ဤသည်လျှင် ရှေးဦးစွာသောမြေလှုပ်ခြင်း၏ အကြောင်းတည်း။ ။( ၂ )တန်ခိုးနှင့် ပြည့်စုံသော ဝသီဘော်ငါးပါးသို့ ရောက်သော ရဟန်းသည်ရင်း၊ ပုဏ္ဏားသည်ရင်း၊ မြေကို အနည်းငယ်ဟူသော အမှတ်ကို ပွါးစေ၍။ ရေကို အတိုင်းမသိဟူသောအမှတ်ကိုပွါးစေ၍၊ မြေကိုအပြားအားဖြင့် တုန်လှုပ်စေ၏။ ထိုမှဤမှ ပြင်းစွာပြင်းစွာအပြားအားဖြင့် တုန်လှုပ်စေ၏။ အထက်အောက်တုန်လှုပ်စေ၏။ ဤသို့တုန်လှုပ်ခြင်းသည် နှစ်ခုမြောက်သောအကြောင်းတည်း။ ။( ၃ )အကြင်အခါ၌ မြတ်စွာဘုရား အလောင်းသည် မယ်တော်ဝမ်းသို့သက်၏။ ထိုအခါ၌မြေသည်တုန်လှုပ်၏။ ဤသည်လျှင်သုံးခုမြောက်သောအကြောင်းတည်း။ ။( ၄ )အကြင်အခါ၌ မြတ်စွာဘုရားအလောင်းသည် မယ်တော်ဝမ်းမှဘွား၏။ ထိုအခါ၌မြေသည်တုန်လှုပ်၏။ ဤသည်လျှင် လေးခုမြောက်သော အကြောင်းတည်း။ ။( ၅ )အကြင်အခါ၌မြတ်စွာဘုရားသည်သစ္စာလေးပါးတရားကိုသိ၏။ထိုအခါ၌မြေကြီးသည် လှုပ်၏။ ဤသည်လျှင် ငါးခု မြောက်သော အကြောင်းတည်း။ ။( ၆ )အကြင်အခါ၌မြတ်စွာဘုရားသည်ဓမ္မစကြာတရားကိုဟော၏။ ထိုအခါ၌မြေကြီးတုန်လှုပ်၏။ ဤသည်လျှင်ခြောက်ခုမြောက်သော အကြောင်းတည်း။ ။( ၇ )အကြင်အခါ၌ မြတ်စွာဘုရားသည်အာယုသင်္ခါရကိုလွှတ်၏။ ထိုအခါ၌ မြေကြီးသည် လှုပ်၏။ ဤသည်လျှင် ခုနစ်ခု မြောက်သော အကြောင်းတည်း။ ။( ၈ )အကြင်အခါ၌မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြု၏။ ထိုအခါ၌မြေလှုပ်၏။ ဤသည်လျှင်ရှစ်ခုမြောက်သောမြေလှုပ်ခြင်း၏အကြောင်းတည်း။ဤသို့လျှင်အာနန္ဒာ၊မြေကြီးလှုပ်ခြင်း၏ အကြောင်းတို့ကား ရှစ်ပါးတို့တည်း။ ။အာနန္ဒာ၊ပရိသတ်တို့သည် ရှစ်ပါးအပြားရှိကုန်၏။ ပရိသတ်ရှစ်ပါးဟူသည် အဘယ်နည်း။ အာနန္ဒာ၊ ခတ္တိယပရိသတ်။ ဗြာဟ္မဏပရိသတ်။ ဂဟပတိပရိသတ်။ သမဏပရိသတ်။ စာတုမဟာရာဇ်နတ်ပရိသတ်။ တာဝတိံသာနတ်ပရိသတ်။ မာရ်ပရိသတ်။ ဗြဟ္မာပရိသတ်ဟူ၍ ရှစ်ပါးအပြားရှိ၏။ အာနန္ဒာ၊ငါသည်အရာမကသောမင်းပရိသတ်သို့ကပ်၍ ထိုမင်းပရိသတ်၌လည်း အတူတကွ နေဘူး၏။ အတူတကွ စကား ပြောဘူး၏၊ တကွဆွေးနွေးခြင်းသို့ရောက်ဘူး၏။ ထိုမင်းပရိသတ်၌ ထိုမင်းတို့၏ အဆင်းသဏ္ဌာန် အသွင်အပြင်အသံသည် အကြင်သို့သဘောရှိ၏။ ငါ၏

www.dhammaransi.com



အဆင်းသဏ္ဌာန် အသံသည် ထိုမင်းတို့ကဲ့သို့ သဏ္ဌာန်ရှိသည်ဖြစ်၍။ ငါသည် ထိုမင်းပရိသတ်ကို တရားစကားဖြင့်ကောင်းစွာပြ၍။ကောင်းစွာဆောက်တည်စေ၍။ ကောင်းစွာ ထက်စေရွှင်စေ၍။ တရားဟောသောငါ့ကိုမူကား ထိုမင်းပရိသတ်သည်မသိ။ ဤသူသည်စကားဆို၍။ ထိုသူသည် အဘယ်သူနည်း။ နတ်လော လူလောဟုတွေးတော၍။ အကယ်၍ငါဘုရားသည်မင်းနေရာ၌နေလျက် သာယာစွာသောအသံဖြင့် တရားဟောအံ့။ယနေ့ငါတို့မင်းသည် သာယာစွာသောအသံဖြင့်စကားပြောဆို၏။ ဤသို့သာလျှင် ထိုသူတို့၏စိတ်သည် ဖြစ်၏။ တရားစကားဖြင့် ကောင်းစွာပြ၍။ ကောင်းစွာဆောက်တည်စေ၍။ ကောင်းစွာရွှင်စေ၍။ငါဘုရားပဲတော်မူခဲ့သည်ရှိသော်။ ဤအရပ်၌ ယခုတွင်ပင် မဂဓဘာသာဖြင့် သီဆိုလျက် သာယာစွာ စကားပြောဆို၍ ပဲလေသောသူသည် အဘယ် သူနည်း။ လူဖြစ်လေသလော၊ နတ်ဖြစ်လေသလောဟု တွေးတော ဆင်ခြင်ကုန်၏။ တွေးတောဆင်ခြင်ကုန်သော်လည်း မသိကုန်ဟုမိန့်တော်မူ၏။ ။(မသိကုန်သောသူတို့အား အဘယ်အကျိုးငှါ မြတ်စွာဘုရားသည်တရားဟောတော်မူလေသနည်းဟူတုံအံ့။ ဝါသနာပါစေခြင်း အကျိုးငှါ ဟောတော်မူသတည်း။ ဤသို့ မသိဘဲ ကြားနာသော်လည်း တရားသည် နောင်အခါ၌ အထောက်အပံ့ဖြစ်၏။ ကြွင်းသောပရိသတ်ခုနစ်ပါးတို့၌လည်း ဤနည်းအတူပင်တည်း။ ဤပရိသတ်ရှစ်ပါးတို့ကိုကား၊ ဤမင်း အစရှိသော ပရိသတ်တို့သို့ ကပ်၍ တရားဟောသောငါဘုရားအား ကြောက်ခြင်းရွံ့ရှားခြင်းမည်သည်မရှိသည်သာလျှင်တည်း။ မာရ်နတ်တယောက်တည်းကိုကား ငါဘုရားအဘယ်မှာလျှင်ကြောက်အံ့နည်း။မကြောက်သည်ဖြစ်၍သာလျှင် အာယုသင်္ခါရကို ငါလွှတ်တော်မူ၏ဟုပြခြင်းငှါ ဆောင်တော်မူ၏။ ။ရူပါဝစရ၊ အရူပါဝစရ အားဖြင့်လည်းရှစ်ပါးသောသမာပတ်တို့ကိုကား ဤရှစ်ပါးသော သမာပတ်တို့ကို ဝင်စားသော ငါ့အားရင်း။ ထိုသမာပတ်တို့မှ ထသောငါ့အားရင်း၊ ကြောက်ရွံ့ရှားခြင်းမရှိ၊ မာရ်နတ်တယောက်တည်းကိုကား အဘယ်မှာလျှင်ကြောက်အံ့နည်း။မကြောက်သည်ဖြစ်၍သာလျှင် အာယုသင်္ခါရကိုလွှတ်တော်မူ၏ဟုပြခြင်းငှါဆောင်တော်မူ၏)။ ။

ချစ်သား အာနန္ဒာ။ ညှိုသောရေရှိသော နေရဉ္ဇရာမြစ်နား၌။ တပါးသောအခါ၌ငါဘုရားသည်။ မဂဓရာဇ်တိုင်း၊ဉရုဝေလတော၊အဇပါလ

www.dhammaransi.com



ညောင်ပင်ရင်း၌၊ သူတပါးတို့၏ဈေးဦးစွာ သစ္စာလေးပါး တရားတို့ကို သိတော်မူပြီး၍ အဇ္ဈမသတ္တာဟ၌နေတော်မူ၏။ ထိုအခါ၌ယုတ်မာသော အလိုရှိသော မာရ်နတ်သည် ငါရှိရာသို့ကပ်လာ၍။ တင့်အပ်သောအရပ်၌ နေပြီးသော်၊ မာရ်နတ်သည် အာနန္ဒာ၊ ငါ့ကို ဤသို့လျှောက်၏။ ရှင်ပင် ဘုရား၊ လာခြင်းကောင်းသော ရှင်ပင်ဘုရားသည် ယခုအခါ၌ပရိနိဗ္ဗာန် ပြုပါလော့၊ ယခုအခါ၌ ရှင်ပင်ဘုရားအား ပရိနိဗ္ဗာန်ပြုခါတန်ပြီဟု လျှော၏။ ထိုသို့လျှောက်သောအခါ အာနန္ဒာ၊ ငါဘုရားသည် မာရ်နတ်ကိုဤသို့ ဆို၏။ ယုတ်မာသောအလိုရှိသော မာရ်နတ်၊ အကြင်မျှလောက်သော ကာလပတ်လုံး ငါ၏တပည့်သားရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါ သကာယောကျ်ား၊ ဥပါသိကာမိန်းမတို့၊ သုတ်အဘိဓမ္မာဝိနည်းတရား၌ လိမ္မာကုန်သည် မဖြစ်ကုန်သေး။ ဆုံးမတတ်ကုန်သည်၊ အကြားအမြင် များကုန်သည်။ အရိုအသေ ကျင့်ကုန်သည်။ လောကုတ္တရာတရား အ လျောက်ကို ကျင့်ကုန်သည်မဖြစ်ကုန်သေး။ မိမိဆရာ၏ အယူကို တတ် အောင်သင်၍ သူတပါးတို့အားမဟောကြားနိုင်ကုန်သေး။ မဖွင့်နိုင်ကုန် သေး။ မခွဲခြမ်းနိုင်ကုန်သေး။ ဖြစ်သောကဲ့ရဲ့စွပ်စွဲခြင်းကို အကြောင်းနှင့် လျော်စွာ နှိပ်၍ ပြာဋိဟာ ပြခြင်းနှင့် တကွ တရားကို မဟောနိုင်ကုန် သေး။ ထိုမျှလောက်သော ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်မပြုသေး။ ယုတ်မာသောအလိုရှိသော မာရ်နတ်။ အကြင်မျှလောက်သော ကာလ ပတ်လုံးလည်း၊ ငါ၏ အဆုံးအမဖြစ်သော မဂ်ဖိုလ်တည်းဟူသော အ ကျင့်သည်ပြန့်ပွါးစည်ပင်သည်မဖြစ်သေး။ အပြန့်ကျယ်သည်၊ ထိုထိုသို့ သောအရပ်၌ ပြန့်ပွါးသည်၊ များစွာသောသူတို့သိအပ်သည်၊ များစွာ ဖြစ်သည်၊ လူနတ်တို့သည် ကောင်းစွာထင်ရှားပြအပ်သည်မဖြစ်သေး။ ထိုမျှလောက်သောကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်မပြုသေးဟု မိန့် တော်မူလိုက်၏။ ။ချစ်သား အာနန္ဒာ၊ ယခုအခါ ဤစာပါလစေတီ၌ ကား မာရ်နတ်သည်ငါသို့ကပ်လာ၍တင့်အပ်သောအရပ်၌ရပ်ပြီးသော် ဤသို့ငါ့ကိုလျှောက်၏။ ရှင်ပင်ဘုရားသည်ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ ယခုအခါ၌ရှင်ပင်ဘုရားအား ပရိနိဗ္ဗာန်ပြုချိန်တန်ပါပြီ။ နတာဝါဟံပါပိမ အစရှိသည်ဖြင့် အကြင်စကားကို ရှင်ပင်ဘုရားသည်ဆိုတော်မူဘူးပြီ၊ ယခုအခါ၌ ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရား၏ အဆုံးအမတော် ဖြစ်သော မြတ်သောအကျင့်သည် ပြည့်စုံပြီ၊ စည်ပင်ပြန့်ပွါးပြီ။ များစွာသောသူ

www.dhammaransi.com



ကိုသိစေအပ်ပြီ။နတ်လူတို့သည် ကောင်းစွာထင်ရှားပြုအပ်ပြီ။ယခုအခါ၌ ရှင်ပင်ဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ ယခုအခါ၌ ရှင်ပင်ဘုရားအား ပရိနိဗ္ဗာန်ပြုတော်မူအပ်သောအခါတန်ပါပြီဟူ၍ လျှောက်တောင်းပန်၏။ ထိုကြောင့်ရကား။ အာနန္ဒာ၊ ငါဘုရားသည် မာရ်နတ်သားကို ဤသို့သောစကားကိုဆိုအပ်ပြီ၊ ယုတ်မာသော အလိုရှိသော မာရ်နတ်။ သင်သည် အငြှမသက္ကာဟာမှုစ၍ လာခြင်းကောင်းသောရှင်ပင်ဘုရား၊ပရိနိဗ္ဗာန်ပြုပါလော့ဟု မြည်တမ်းလှလေပြီ။ယခုအခါ ယနေ့မှစ၍ ကင်းသော အားထုတ်ခြင်းရှိသည်ဖြစ်လော့။ ငါ့အား ပရိနိဗ္ဗာန်ပြုစေခြင်း၌လုံ့လကိုမပြုလင့်လော့။မကြာမြင့်မီ ငါဘုရားအား ပရိနိဗ္ဗာန်ပြုခြင်းသည်ဖြစ်လတ္တံ့။ ဤတပို့တွဲလပြည့်မှ သုံးလလွန်သဖြင့် ငါဘုရားသည် ပရိနိဗ္ဗာန်ပြုတော့အံ့ဟု မိန့်တော်မူလိုက်ပြီ။ချစ်သားအာနန္ဒာ၊ယခုအခါစာပါလစေတီ၌လာခြင်းကောင်းသောငါဘုရားသည်အာယုသင်္ခါရကိုလွှတ်အပ်ပြီ။ ငါဘုရားသည် အာယုသင်္ခါရကိုလွှတ်တော်မူသောကြောင့်။ဤမြေကြီးသည်ငါ၌သနားသောအားဖြင့်ကြောက်ဘွယ်ဘနန်းကြီးစွာသောတုန်လှုပ်ခြင်းကိုဖြစ်စေသတည်းဟုမိန့်တော်မူ၏။ ။

ထိုအခါ ရှည်သောအသက်ရှိသော အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ဤသို့ လျှောက်တောင်းပန်၏။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့။ လာခြင်းကောင်းသော ရှင်ပင်ဘုရားသည် များစွာသောလူအပေါင်း၏ အစီးအပွါးအလို့ငှါ ချမ်းသာခြင်းငှါ လောကကို အစဉ်သနားတော်မူသဖြင့် နတ်လူအပေါင်းတို့အား အကျိုးစီးပွါးအလို့ငှါ အာယုကပ်ပတ်လုံးတည်တော်မူပါလော့ဟုလျှောက်တောင်းပန်၏။ ။မြတ်စွာဘုရားသည် အာနန္ဒာ၊ ယခုအခါ၌ ငါဘုရားကို မတောင်းပန်လင့်လော့။ ယခုအခါ ငါဘုရားကို တောင်းပန်အံ့သောငှါ အခါမဟုတ်ပြီဟုမိန့်တော်မူ၏။ နှစ်ကြိမ်မြောက်ရင်း၊သုံးကြိမ်မြောက်ရင်း။ အရှင်အာနန္ဒာသည်တောင်းပန်၏။ထိုအခါ အာနန္ဒာ၊သင်သည်လာခြင်းကောင်းသောငါဘုရား၏သစ္စာလေးပါးတရားကိုသိခြင်းကို ယုံကြည်၏လောဟု မေးတော်မူ၏၊ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ယုံကြည်ပါ၏ဟု လျှောက်သော်။ ထိုသို့လျှောက် အာနန္ဒာ၊အဘယ်ကြောင့်သင်သည်ငါဘုရားမြစ်တား၍မနိုင်၊သုံးကြိမ်စေ့အောင် နှိပ်ဘိသနည်းဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးသော

www.dhammaransi.com



ရှင်ပင်ဘုရား၊ရှင်ပင်ဘုရား၏မျက်မှောက်တော်မှ အကျွန်ုပ်သည် ကြားရပါ၏။ နာ၍ဖြင့်ခံရပါ၏။ အကြင်အမှတ်မဲ့သောသူအား လေးပါးသော ဣဒ္ဓိပါဒ်တို့ကို ပွါးစေအပ်၏။ အလေ့အလာ များစွာ ပြုအပ်၏။ ယာဉ်သဘွယ်၊ ယာသဘွယ်ပြုအပ်၏။ ကောင်းစွာ အားထုတ်အပ်၏။ ထိုသူသည် အလိုရှိသည်ရှိသော် အာယုကပ်ပတ်လုံးဖြစ်၊ အာယုကပ်ထက်အလွန်သော်ဖြစ်၊တည်နိုင်ရာ၏၊အာနန္ဒာ၊ငါဘုရားသည် ဣဒ္ဓိပါဒ်တရားလေးပါးတို့ကိုပွါးစေပြီ။ အလေ့အလာပြုအပ်ပြီ။ ငါဘုရားအလိုတော်ရှိသော် အာယုကပ်ပတ်လုံးဖြစ်၊ အာယုကပ်ထက်အလွန်ဖြစ်၊ တည်နိုင်ရာ၏ဟူ၍ ကြားဘူးပါ၏အရှင်ဘုရားဟု လျှောက်၏။ ။အာနန္ဒာ၊သင်သည် ဤကြားဘူးသောစကားကိုယုံကြည်၏လောဟုမိန့်တော်မူ၏။ရှင်ပင်ဘုရား၊အကျွန်ုပ်သည်ယုံကြည်ပါ၏ဟုလျှောက်၏။ထို့ကြောင့်ရကား အာနန္ဒာ၊ ငါဘုရားသည် ဤသို့ ရှုန့်ရင်းကြမ်းထမ်းသောနိမိတ်ဩဘာသကိုပြုလျက် သင်သည် ထိုးထွင်း၍မသိ။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ရှင်ပင်ဘုရားသည် အာယုကပ်ပတ်လုံး လောကကိုသနားတော်မူသဖြင့်၊ လောကသုံးပါးတို့၏ အကျိုး စီးပွါး ချမ်းသာအလို့ငှါ တည်တော်မူပါဟု ငါဘုရားကို မတောင်းပန်။ ဤသို့မတောင်းပန်ခြင်းသည် သင့်အားမလျှောက်ပတ်။ ချစ်သားအာနန္ဒာ၊ငါဘုရားကိုသင်အကယ်၍ တောင်းပန်ပါအံ့။သင်၏နှစ်ခွန်းသောစကားကိုငါဘုရားသည်ပယ်ရာ၏။ ထို့နောက်မှ သုံးခွန်းမြောက် တောင်းပန်သောစကားကို ငါဘုရားသည် သည်းခံတော်မူရာ၏။ ထို့ကြောင့်ရကား။ အာနန္ဒာ၊ဤသို့အကြင်ကြောင့် မတောင်းပန်၊ ထိုမတောင်းပန်ခြင်းသည် သင်၏သာလျှင်မကောင်းသဖြင့်ပြုခြင်းတည်း။ ဤသို့မတောင်းပန်ခြင်းသည် သင်၏သာလျှင် ချွတ်ယွင်းခြင်းတည်း။ ။အာနန္ဒာ၊ ငါဘုရားသည် တပါးသောအခါ၊ ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်ကျောင်း၌ နေတော်မူ၏။ ထိုအခါ၌လည်း။ အာနန္ဒာ၊သင့်ကိုငါခေါ်၍ဆို၏။ ချစ်သားအာနန္ဒာ၊ ရာဇဂြိုဟ်ပြည်သည် မွေ့လျော်ဘွယ်ရှိ၏။ ဂိဇ္ဈကုဋ်တောင် ကျောင်းသည် မွေ့လျော်ဘွယ်ရှိလှ၏။ အကြင်အမှတ်မဲ့သောသူအား ဣဒ္ဓိပါဒ်လေးပါးကို ပွါးစေအပ်၏။ အလေ့အလာများစွာပြုအပ်၏။ထိုသူသည် အာယုကပ်ပတ်လုံးဖြစ်၊ အာယုကပ်ထက်အလွန်ဖြစ်၊ တည်နိုင်ရာ၏။ အာနန္ဒာ၊ ငါဘုရားသည်လည်း ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးစေအပ်ပြီ။ အလေ့အလာ များစွာပြု

www.dhammaransi.com



အပ်ပြီ။ ငါဘုရားသည် အလိုတော်ရှိသော် အာယုကပ်ပတ်လုံးရင်း၊အာယုကပ်ထက်အလွန်ရင်းနေနိုင်ရာ၏။ဤသို့ငါဘုရားသည် ရုန့်ရင်းသော နိမိတ်ထြဘာသကိုပြုလျက် သင်သည် သိခြင်းငှါမတတ်နိုင်။ ဤအခါ ရှင်ပင်ဘုရား၊ရှင်ပင်ဘုရားသည် အာယုကပ်ပတ်လုံး လူနတ်တို့၏စီးပွါးချမ်းသာအလို့ငှါတည်တော်မူပါဟု မတောင်းပန်လေ။ အကယ်၍ သင်တောင်းပန်ငြားအံ့။ သင်၏ နှစ်ကြိမ်တောင်းပန်သောစကားကိုသာ ငါဘုရားပယ်ရာ၏။သုံးကြိမ်မြောက်တောင်းပန်သောစကားကို ငါဘုရားသည် သည်းခံရာ၏။ ထို့ကြောင့် အာနန္ဒာ၊ သင်၏ထိုမတောင်းပန်ခြင်းသည် မကောင်းသဖြင့်ပြုခြင်းတည်း။ ဤမတောင်းပန်ခြင်းသည်၊ သင့်အားသာလျှင် ချွတ်ယွင်းခြင်းတည်း။ ။အာနန္ဒာ၊အခါတပါး ငါဘုရားသည် ထိုရာဇဂြိုဟ်ပြည် ဂေါတမပညောင်စေတီ၌ နေတော်မူ၏။ ထိုရာဇဂြိုဟ်ပြည် စောရပပါတလိုဏ်၌နေတော်မူ၏။ ထိုရာဇဂြိုဟ်ပြည်၌လျှင် ဝေဘာရတောင်နံ့ရံ၊ စရည်းပင်ခေါက်ရာလိုဏ်၌ နေတော်မူ၏။ ထိုရာဇဂြိုဟ်ပြည်၌လျှင် ဣသိဂိလိတောင် နံ့ရံ ကျောက်ညိုလိုဏ်၌ နေတော်မူ၏။ ထိုရာဇဂြိုဟ်ပြည်၌လျှင်၊ ရင်းတိုက်တော၊ သပ္ပသောဏ္ဍိကလိုဏ်၌နေတော်မူ၏။ ထိုရာဇဂြိုဟ်ပြည်၌လျှင် တပေါဒါမြစ်နား၊တပေါဒါရုံ ကျောင်း၌ နေတော်မူ၏။ ထိုရာဇဂြိုဟ်ပြည်၌လျှင် ရှဉ့်နက်တို့ကို အစာကျွေးရာဖြစ်သော ဝေဠုဝန်ဉယျာဉ် ကျောင်းတော်၌ နေတော်မူ၏။ ထိုရာဇဂြိုဟ်ပြည်၌လျှင် ဇီဝကသရက်ဉယျာဉ်ကျောင်းတော်၌နေတော်မူ၏၊ ထိုရာဇဂြိုဟ်ပြည်၌လျှင် မဒ္ဒကုစ္ဆိမိဂဒါယ၌ နေတော်မူ၏။ ထိုအရပ်တို့၌လည်း အာနန္ဒာ၊ သင့်ကို ငါခေါ်၍ ဆို၏။ အာနန္ဒာ၊ ရာဇဂြိုဟ်ပြည်သည် မွေ့လျော်ဘွယ်ရှိ၏။ ဂိဇ္ဈကုဋ်တောင်ကျောင်းတော်သည် မွေ့လျော်ဘွယ်ရှိ၏။ ဂေါတမပညောင်စေတီသည် မွေ့လျော်ဘွယ်ရှိ၏။ စောရပပါတလိုဏ် ကျောင်းတော်သည် မွေ့လျော်ဘွယ်ရှိ၏။ ဝေဘာရတောင်နံ့ရံ စရည်းပင်ခေါက်ရာ လိုဏ်ကျောင်းတော်သည် မွေ့လျော်ဘွယ်ရှိ၏။ ဣသိဂိလိတောင် ကျောက်ညိုလိုဏ်သည် မွေ့လျော်ဘွယ် ရှိ၏။ ရင်းတိုက်တော၌ သပ္ပသောဏ္ဍိက လိုဏ်သည် မွေ့လျော်ဘွယ် ရှိ၏၊ တပေါဒါရုံကျောင်းသည် မွေ့လျော်ဘွယ် ရှိ၏။ ဝေဠုဝန်ကျောင်းတော်သည်မွေ့လျော်ဘွယ်ရှိ၏၊ဇီဝကသရက်တောဉယျာဉ်ကျောင်းတော်သည် မွေ့လျော်ဘွယ် ရှိ၏။ မဒ္ဒကုစ္ဆိမိဂဒါယ

www.dhammaransi.com



သည် မွေ့လျော်ဘွယ်ရှိ၏။အကြင်အမှတ်မဲ့သောသူအား ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးစေအံ့။ ဤသို့အစရှိသည်ဖြင့် ဤတဆဲ့တပါးသောအရပ်တို့၌ ရုန့်ရင်းသောနိမိတ်ဩဘာသကို ငါပြတော်မူ၏။ ။တပါးသော အခါ၌လည်း။အာနန္ဒာ၊ငါဘုရားသည် ဤဝေသာလီပြည် ဥဒေနစေတီ၌ နေတော်မူ၏။ ဤဝေသာလီပြည် ဂေါတမစေတီ၌နေတော်မူ၏။ ဤဝေသာလီပြည် သတ္တမ္ဗစေတီ၌နေတော်မူ၏။ ဤဝေသာလီပြည် ဗဟုပုတ္တကစေတီ၌နေတော်မူ၏။ ဤဝေသာလီပြည် သာနန္ဒရစေတီ၌နေတော်မူ၏။ ဤဝေသာလီပြည် စာပါလစေတီ၌ နေတော်မူ၏။ ထိုအရပ်တို့၌လည်း။ အာနန္ဒာ၊ သင့်ကိုငါခေါ်တော်မူ၍ဆို၏။ အာနန္ဒာ၊ ဤဝေသာလီပြည်သည်မွေ့လျော်ဘွယ်ရှိ၏။ ဥဒေနစေတီသည်မွေ့လျော်ဘွယ်ရှိ၏။ ဂေါတမစေတီသည် မွေ့လျော်ဘွယ် ရှိ၏။ သတ္တမ္ဗ စေတီသည် မွေ့လျော်ဘွယ်ရှိ၏။ ဗဟုပုတ္တကစေတီသည် မွေ့လျော်ဘွယ်ရှိ၏။ သာနန္ဒရစေတီသည် မွေ့လျော်ဘွယ် ရှိ၏။ စာပါလ စေတီသည် မွေ့လျော်ဘွယ်ရှိ၏။ အာနန္ဒာ၊ အကြင်အမှတ်မဲ့တပါးပါးသောသူအား လေးပါးသော ဣဒ္ဓိပါဒ်တို့ကို ပွါးစေအပ်၏။ ယာဉ်သဖွယ်ဖြစ်စေအပ်၏။ ယာသဖွယ်ပြုအပ်၏။ လေ့ကျက်အပ်၏၊ ထိုသူသည် အလိုရှိသည်ရှိသော် အာယုကပ်ပတ်လုံးနေနိုင်ရာ၏။ အာနန္ဒာ၊ ငါဘုရားအားလည်း ဣဒ္ဓိပါဒ်လေးပါးတို့ကိုပွါးစေအပ်ပြီ။ ငါဘုရားသည် အလိုရှိသည်ရှိသော် အာယုကပ်ပတ်လုံးဖြင်း၊ အာယုကပ်ထက် အလွန်သော်ဖြင်း တည်နိုင်ရာ၏။ ဤသို့ငါဘုရားသည် ရုန့်ရင်းသောအနက်ရှိသော ထိလွယ်သောနိမိတ်ဩဘာသကိုပြုပါလျက်။ သင်သည် ထိုးထွင်း၍ သိခြင်းငှါ မတတ်နိုင်။ အာယုကပ်ပတ်လုံးတည်တော်မူပါဟု ငါဘုရားကိုသင်သည်မတောင်းပန်။အာနန္ဒာ၊ငါဘုရားသည် ထိုထိုသို့သောအရပ်တို့၌ နိမိတ်ဩဘာသပြုသောအခါ၌ သင်သည် ငါဘုရားကိုတောင်းပန်ပါအံ့။ငါဘုရားသည် သင်ချစ်သား၏ နှစ်ကြိမ်တောင်းပန်သောစကားကိုသာပယ်ရာ၏။ သုံးကြိမ်မြောက်တောင်းပန်သောစကားကိုသည်းခံရာ၏။ ထိုကြောင့်ရကား။ အာနန္ဒာ၊ ငါဘုရားသည် နိမိတ်ဩဘာသပြုပါလျက် သင် မတောင်းပန်။ ထိုမတောင်းပန်ခြင်းသည် သင်၏သာလျှင် မကောင်းသောပြုခြင်းတည်း။ သင်၏သာလျှင် ချွတ်ယွင်းခြင်းတည်း။ ။ချစ်သား အာနန္ဒာ၊ ဤအကြောင်းကို ရှေးဦးစွာက ငါဘုရားသည်ကြားအပ်ပြီးသည်မဟုတ်

www.dhammaransi.com



တုံလော။ အလုံးစုံသောလျှင်ဖြစ်ကုန်သော ချစ်အပ်နှစ်လိုအပ်သောသူတို့နှင့်။ ပဋိသန္ဓေအားဖြင့် အသီးအသီး ဖြစ်ခြင်း၊ သေသဖြင့်ကင်း၍ ဖြစ်ခြင်း၊ ဘဝအပြားအားဖြင့် တပါးဖြစ်ခြင်းသည်ရှိ၏။ ချစ်သားအာနန္ဒာ၊ အကြင်သင်္ခါရတရားသည်ဖြစ်၏၊ ထင်ရှားဖြစ်၏၊ ပြုပြင်အပ်၏၊ ပျက်တတ်သောသဘောရှိ၏။ ဤပျက်တတ်သောသင်္ခါရတရား၌ ငါဘုရားအား မပျက်စေသတည်းဟု အဘယ်မှာတောင့်တ၍ရမည်နည်း။ အာနန္ဒာ၊ အကြင်အာယုသင်္ခါရသည်ရှိ၏။ ထိုအာယုသင်္ခါရကို ငါဘုရားသည်စွန့်အပ်ပြီ။ အန်အပ်ပြီ။ လွှတ်အပ်ပြီ။ ပယ်အပ်ပြီ။ အာယုသင်္ခါရတရားကို ငါသည်လွှတ်အပ်ပြီ။ ငါဘုရားအား မကြာမြင့်မီ ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့။ ဤတပို့တွဲလပြည့်မှ သုံးလလွန်သဖြင့် ငါဘုရားသည်ပရိနိဗ္ဗာန်ပြုတော်မူအံ့ဟူ၍ ဤစကားကို စင်စစ်မှန်သောအားဖြင့် ဆိုအပ်ပြီ။ချစ်သားအာနန္ဒာ၊ငါဘုရားသည်အသက်ဟူသောအကြောင်းကြောင့် တဘန်လာပြန်လတ္တံ့သော၊ တဘန် ပြုပြင်ပြန်လတ္တံ့သော အကြောင်းသည်မရှိရာဟူ၍မိန့်တော်မူ၏။ ။

---

၄၂။ မြတ်စွာဘုရားသည်၊ရဟန်းတို့အားငါဘုရားသည်
မကြာမြင့်မီပရိနိဗ္ဗာန်ပြုတော်မူရအံ့၊မမွေမလျော့ဖြစ်ကုန်လော့ဟု
ဆုံးမတော်မူခြင်း၊ဝေသာလီပြည်ကိုအဆုံးစွန်နာဂါ
ပလောကိတဖြင့်ကြည့်တော်မူခြင်းတို့ကိုပြရာ။

ထိုအခါ မြတ်စွာဘုရားသည်။ အာနန္ဒာ၊ အကြင်အရပ်၌ မဟာဝုန်တော၊ကူဋာဂါရသာလာသည်ရှိ၏။ ထိုအရပ်သို့ ငါတို့သွားကုန်အံ့ဟု ခေါ်တော်မူ၏။ အာနန္ဒာလည်း ကောင်းပြီ အရှင်ဘုရားဟု ဝန်ခံ၏။ ထိုရောအခါ မြတ်စွာဘုရားသည် အာနန္ဒာနှင့်တကွမဟာဝုန်တော၌ရှလစ်မွန်းချုန်တပ်သောစရပ်သို့ ကြွတော်မူ၍ ခင်းအပ်သော ဘုရားနေရာ၌ နေပြီး၍သော်။ ချစ်သားအာနန္ဒာ၊ သင်သည် သွားချေ၊ အကြင်မျှလောက်ကုန်သောရဟန်းတို့သည် ဝေသာလီပြည်ကို ဆွမ်းမှီ၍နေကုန်၏။ ထိုအလုံးစုံသော ရဟန်းတို့ကို ညီမှုရာစရပ်၌ စည်းဝေးစေလော့ဟု မိန့်တော်မူ၏။အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏စကားတော်ကိုဝန်ခံ၍ ဝေသာလီပြည်ကို ဆွမ်းမှီ၍နေကုန်သော အလုံးစုံသော ရဟန်းတို့ကို

www.dhammaransi.com



ညီမူရာစရပ်၌စည်းဝေးစေပြီးမှ။ မြတ်စွာဘုရားသို့ကပ်လာ၍ ရိုသေစွာ ရှိခိုးလျက်၊ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ဝေသာလီပြည်ကိုမှီ၍ နေကုန်သော အလုံးစုံသောရဟန်းတို့ကို စည်းဝေးစေပါပြီ။ထိုညီမူရာ စရပ်သို့ ရှင်ပင်ဘုရားသည်ကြွတော်မူအံ့သောအခါကိုသိတော်မူပါဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ညီမူရာစရပ်သို့ ကပ်တော် မူ၍၊ ခင်းအပ်သော ဘုရားနေရာ၌ နေတော်မူပြီးသော်။ ရဟန်းတို့ကို ခေါ်တော်မူ၍။ ချစ်သားရဟန်းတို့၊ အကြင်တရားတို့ကို ငါဘုရားသည် ကိုယ်တိုင်သိတော်မူ၍ ဟောအပ်လေပြီ။ ထိုတရားတို့ကို သင်တို့သည် ကောင်းစွာ တတ်အောင် သင်ကုန်၍။ အကြင်အခြင်းဖြင့် မှိဝဲသည်ရှိ သော် ဤမြတ်သောအကျင့်တည်းဟူသောသာသနာတော်သည် မြင့်မြ စွာတည်ရာ၏။ ထိုအခြင်းဖြင့် အဘန်တလဲလဲမှိဝဲအပ်၏။ ပွါးစေအပ်၏။ အလေ့အလာ များစွာပြုအပ်၏။ ထိုသို့မှိဝဲခြင်းသည် လူနတ်တို့အား စီး ပွါးချမ်းသာအလို့ငှါ ဖြစ်ရာ၏။ ထိုပိုင်းခြား၍သိအပ်သော တရားတို့ဟူ သည်အဘယ်နည်းဟူမူကား။ စတ္တာရောသတိပဋ္ဌာနာ၊စတ္တာရောသမ္မပ္ပ ဓာနာ။ စတ္တာရော ဣဒ္ဓိပါဒါ၊ ပဉ္စိန္ဒြိယာနိ၊ ပဉ္စဗလာနိ၊ သတ္တဗောဇ္ဈင်္ဂါ၊ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ ။ဤတရားတို့ကိုကောင်းစွာသင်၍မှိဝဲ အပ်ကုန်၏။ ထိုသို့မှိဝဲခြင်းသည် သာသနာတော် အဓွန့်မြင့်ရှည် တည် သည်ဖြစ်ရာ၏။လူနတ်တို့အားစီးပွါးချမ်းသာဖြစ်ရာ၏ဟုမိန့်တော်မူ၏။

ထိုရောအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်တော်မူ၍။ ချစ် သားရဟန်းတို့၊သင်တို့အားငါမှာတော်မူခဲ့အံ့။ သင်္ခါရတရားတို့သည် ပျက်တတ်သောသဘောရှိကုန်၏။ သင်တို့ မမေ့မလျော့ခြင်းနှင့်ပြည့်စုံ ကြစေကုန်လော့။ မကြာမြင့်မီ ငါဘုရားအား ပရိနိဗ္ဗာန်ပြုခြင်းသည်ဖြစ် လတ္တံ့။ ဤတပို့တွဲလပြည့်မှ သုံးလလွန်သဖြင့် ငါဘုရားသည် ပရိနိဗ္ဗာန် ပြုလေအံ့ဟူ၍ မိန့်တော်မူ၏။ မြတ်စွာဘုရားသည် ဤသို့သောစကားကို မိန့်မှာတော်မူပြီး၍။ ထိုမှနောက်၌တဘန်လည်း။ ။ပရိပက္ကော ဝယော မယှံ၊ပရိတ္တံ မမဇီဝိတံ။ပဟာယ ဝေါ ဂမိဿာမိ၊ကတံ မေ သရဏမတ္တ နော။ ။အပ္ပမတ္တာ သတိမန္တော၊ သုသီလာ ဟောထ ဘိက္ခဝေါ။ သု သမာဟိတသင်္ကပ္ပါ၊သစိတ္တ မနုရက္ခထ။ ။ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ။ပဟာယ ဇာတိသံသာရံ၊ဒုက္ခဿန္တံ ကရိဿ တိ။ ။ဟူသော စကားတော်ကို မိန့်တော်မူပြန်၏။ ။ဘိက္ခဝေါ၊

ရဟန်းတို့။ မယှဉ်ငါ၊အား။ ဝယော၊အရွယ်သည်။ပရိပက္ကော၊ရင့်ပြီ။ မမ၊ ငါ၏။ ဇီဝိတံ၊အသက်သည်။ပရိတ္တံ၊နည်းပြီ။ ဝေါ၊သင်တို့ကို။ ပဟာယ၊ စွန့်၍။ ဂမိဿာမိ၊ သွားရလတ္တံ့။ မေ၊ငါသည်။ အတ္တနော၊မိမိ၏။ သရဏံ၊ကိုးကွယ်ရာကို။ ကတံ၊ပြုအပ်ပြီ။ ။ဘိက္ခဝေ၊တို့။ တုမှေ၊ သင်တို့သည်။ အပ္ပမတ္တာ၊ မမေ့ မလျော့ကုန်သည်။ သတိမန္တော၊ သတိရှိကုန်သည်။ သုသီလာ၊ ကောင်းသော သီလ ရှိကုန်သည်။ သုသမာဟိတာ၊ ကောင်းစွာတည်ကြည်ကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။ သင်္ကပ္ပါ၊ ကောင်းသော အကြံအစည်ရှိကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။ သစိတ္တံ၊မိမိစိတ်ကို။အနုရက္ခထ၊အစဉ်စောင့်ကုန်လော့။ ။ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤသုတ် အဘိဓမ္မာ ဝိနည်း၌။ အပ္ပမတ္တော၊မမေ့မလျော့။ ဝိဟဿတိ၊နေဌြားအံ့။ သောဘိက္ခု၊ သည်။ ဇာတိကန္တာရံ၊ ဇာတိ ဟူသော ခရီးခဲကို။ ပဟာယ၊ စွန့်၍။ ဒုက္ခဿ၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲ၏။ အန္တံ၊အဆုံးကို။ ကရိဿတိ၊ပြုရလတ္တံ့။ ။ဤသို့ ဥပဒ္ဒါနသာလာ၌ စည်းဝေးကုန်သော ရဟန်းတို့အား မိန့်တော်မူပြီးသော် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရသာလာ၌ မွေ့လျော်သောအတိုင်းနေ၍၊ ဝေသာလီမှကြွတော်မူအံ့သောနေ့၌၊ နံနက်အခါ သင်းပိုင်ကိုပြင်ဝတ်၍၊ ဒုကုဋ်ကိုယ်ဝတ်ကို အမျှထပ်ပြီးမှရုံတော်မူ၍၊သပိတ်တော်ကိုပိုက်ပြီးလျှင် ဝေသာလီပြည်သို့ဆွမ်းခံဝင်တော်မူ၍ ဆွမ်းစားပြီးသော် ဝေသာလီပြည်မှထွက်တော်မူ၍ ဆင်ပြောင်ကြီး၏ကြည့်ခြင်းဖြင့် ဝေသာလီပြည်ကို ကြည့်တော်မူ၍။ အရှင်အာနန္ဒာကို ခေါ်တော်မူ၏။ အာနန္ဒာ၊ ဝေသာလီပြည်ကို ဤယခုကြည့်ခြင်းသည် ငါဘုရားအား အဆုံးစွန်သော ကြည့်ခြင်းဖြစ်လတ္တံ့ဟု မိန့်တော်မူပြီးမှ။ အာနန္ဒာ၊အကြင်အရပ်၌ဘဏ္ဍုဂ္ဂါမ်ရှိ၏။ ထိုအရပ်သို့ငါတို့သွားကုန်အံ့ဟု အာနန္ဒာကိုခေါ်၍ ဘဏ္ဍုဂ္ဂါမ်သို့ ကြွတော်မူလေ၏။ ။(ဆင်ပြောင်ကြီး၏ ကြည့်ခြင်းဟူသည်ကား။ များစွာသောလူအပေါင်းတို့၏အရိုးတို့သည် အစွန်းဖြင့်အစွန်းကိုထိ၍တည်ကုန်၏။ပစ္စေကဗုဒ္ဓါတို့၏အရိုးသည် ချွန်းဖြင့် ချိတ်သကဲ့သို့ ချိတ်၍ တည်ကုန်၏။ မြတ်စွာဘုရားတို့အားကား ထိုကဲ့သို့မဟုတ်ကုန်။ မြတ်စွာဘုရားတို့၏ လည်ရိုးတော်တို့သည် သံကွင်းဆက်ကဲ့သို့ တစပ်တည်း ဘွဲ၍ တည်ကုန်၏။ ထိုကြောင့် နောက်သို့လှည့်၍ ကြည့်တော်မူလိုသောအခါ လည်တော်

www.dhammaransi.com



ကိုလှည့်အံ့သော၌ မတတ်ကောင်း။ ဥပမာကား။ ဆင်ပြောင်ကြီးသည် နောက်အဘို့ကို ကြည့်လိုသည်ရှိသော် အလုံးစုံသောကိုယ်ဖြင့်လည်၍ ကြည့်သကဲ့သို့၊ ထို့အတူ ကိုယ်တော်အလုံးကို လှည့်၍ကြည့်အပ်သည် ဖြစ်၏။ ။မြတ်စွာဘုရားအားကား။မြို့တံခါး၌ရပ်၍ ဝေသာလီပြည်ကို ကြည့်တော်မူအံ့ဟု စိတ်ဖြစ်ဖွတော်မူကာမျှ၌။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ အကုဋေအသင်္ချေမက များစွာသောကမ္ဘာတို့ပတ်လုံး ရှင်ပင်ဘုရားတို့သည် ပါရမီကိုဖြည့်တော်မူအပ်သည်ရှိသော်။လည်တော်ကိုလှည့်၍ ကြည့်အပ်သော ကံကို မပြုအပ်ဟူသကဲ့သို့။ မြေကြီးသည် အိုးထိန်းစက်ကဲ့သို့လှည့်၍ မြတ်စွာဘုရားကို ဝေသာလီပြည်သို့ ရှေးရှုပြုပေ၏။ ။အသို့နည်း။ ဝေသာလီမှသာမဟုတ်။ သာဝတ္ထိပြည်၊ ရာဇဂြိုဟ်ပြည်၊ နာလန္ဒပြည်၊ပါဋလိရွာ၊ ကောဋိရွာ၊ နာတိကရွာတို့၌လည်း ထိုပြည်ထိုရွာတို့မှ ထွက်တော်မူသောအခါ၌လည်း ထိုပြည် ထိုရွာတို့ကို အဆုံးစွန်ရှုခြင်းသည်ဖြစ်၏။ထိုသို့လျက် အဘယ့်ကြောင့် ထိုပြည် ထိုရွာတို့၌ နာဂါပလောကိတကို မကြည့်လေသနည်း ဟူမူ။ အံ့ဘွယ်သခဲ၏မရှိလေသောကြောင့် မကြည့်သတည်း။ ဝေသာလီမင်းတို့သည် ကား နီးသော ပျက်စီးခြင်းရှိကုန်၏။ သုံးနှစ်တို့၏ အထက်၌ အဇာတသတ်ကြောင့် ထိုမင်းတို့သည်ပျက်စီးခြင်းသို့ရောက်ကုန်လတ္တံ့။ထိုလိစ္ဆဝီမင်းတို့သည်မြို့တံခါး၌နာဂါပလောကိတမည်သောစေတီကိုတည်၍ ပန်းနံ့သာအစရှိသည်တို့ဖြင့် ပူဇော်ကုန်လတ္တံ့။ ထိုသို့ပူဇော်ခြင်းသည် ထိုမင်းတို့အား စီးပွါးချမ်းသာများစွာဖြစ်လတ္တံ့ဟု ထိုမင်းတို့ကို သနားတော်မူသောကြောင့် ဝေသာလီပြည် မြို့တံခါး၌သာ။ နာဂါပလောကိတကိုပြုတော်မူသတည်း)။ ။

---

၄၃။ မြတ်စွာဘုရားသည်ဝေသာလီမှဘဏ္ဍုရွာ၊
ဟတ္ထိဂါမ၊အမ္ဗဂါမ၊ဇမ္ဗုဂါမ၊ဘောဂနဂရ၊ထိုမှပါဝါပြည်၊စုန္ဒ
ရွှေပန်းထိမ်၏ဥယျာဉ်သို့ရောက်တော်မူ၍စုန္ဒ၏သားပွဲမ်း
ဆွမ်းကိုဘုန်းပေးသည့်တိုင်အောင်ပြရာ။

ထိုရောအခါ မြတ်စွာဘုရားသည် များစွာသောရဟန်းတို့ဖြင့် ခြံရံလျက် ဘဏ္ဍုရွာသို့ကြွတော်မူ၏။ ဘဏ္ဍုရွာ၌ နေတော်မူသောအခါ

ရဟန်းတို့ကို ခေါ်တော်မူ၍။ ။စတုန္နံ ဘိက္ခဝေ ဓမ္မာနံ အနနုဗောဓာ
အပ္ပဋိဝေဓာဧဝမိဒံဒီဃမဒ္ဓါနံ သန္ဓာဝိတံသံသရိတံ မမဉ္စေဝတုမှာကဉ္စ။
ကတမေသံစတုန္နံ။အရိယဿဘိက္ခဝေ သီလဿ အနနုဗောဓာအပ္ပဋိ
ဝေဓာ ဧဝမိဒံဒီဃမဒ္ဓါနံ သန္ဓာဝိတံသံသရိတံ မမဉ္စေဝတုမှာကဉ္စ။အရိ
ယဿဘိက္ခဝေသမာဓိဿ။လ။ အရိယာယဘိက္ခဝေပညာယ။လ။အရိ
ယာယ ဘိက္ခဝေ ဝိမုတ္တိယာ။လ။ ဤသို့အစရှိသောသုတ္တန်တရားဒေသ
နာကိုဟောတော်မူ၏။ ။ထိုဘဏ္ဍုဂြာမ်၌လည်း မြတ်စွာဘုရားသည်။
ဣတိသီလံ၊ဣတိသမာဓိ၊ ဣတိပညာ။သီလပရိဘာဝိတောသမာဓိ၊ အစ
ရှိသော တရားဒေသနာကို ရဟန်းတို့အား များစွာ အလေ့အလာပြု၍
ဟောကြားတော်မူ၏။ ။ထိုအခါမြတ်စွာဘုရားသည် ဘဏ္ဍုဂြာမ်၌မွေ့
လျော်တော်မူတိုင်း နေပြီး၍၊ အာနန္ဒာ၊အကြင်အရပ်၌ ဟတ္ထိဂြာမ်သည်ရှိ
၏။အကြင်အရပ်၌အမ္ဗဂြာမ်သည်ရှိ၏။အကြင်အရပ်၌ ဇမ္ဗုဂြာမ်သည်ရှိ၏။
အကြင်အရပ်၌ ဘောဂမြို့သည်ရှိ၏။ ထိုအရပ်သို့ ငါတို့သွားကုန်အံ့ဟု
မိန့်တော်မူ၍ များစွာသောရဟန်းတို့နှင့်တကွ ဘောဂမြို့သို့ ကြွတော်
မူ၍ ထိုဘောဂမြို့၌ သာနန္ဒရစေတီ၌နေတော်မူ၏။ ထိုသာနန္ဒရစေတီ၌
လည်း ရဟန်းတို့ကိုခေါ်တော်မူ၍။စတ္တာရောမေ ဘိက္ခဝေ မဟာပဒေ
သာ၊အစရှိသည်ဖြင့်မဟာပဒေသလေးပါးကို ဟောတော်မူ၏။ ။ထို
နောက်မှမြတ်စွာဘုရားသည် ထိုဘောဂမြို့ သာနန္ဒရစေတီ၌နေတော်မူ
လျက်။ ဣတိသီလံ။ဣတိသမာဓိ။ဣတိပညာ။ ဤသို့အစရှိသောတရားကို
သာလျှင် အလေ့အလာများစွာပြု၍ ရဟန်းတို့အား ဟောကြားတော်မူ
၏။ ။ထိုအခါမြတ်စွာဘုရားသည် ဘောဂမြို့၌မွေ့လျော်တော်မူသော
အတိုင်းနေတော်မူပြီး၍၊ အရှင်အာနန္ဒာကို ခေါ်တော်မူ၍။ အာနန္ဒာ၊ အ
ကြင်အရပ်၌ ပါဝါပြည်သည်ရှိ၏။ ထိုအရပ်သို့ငါတို့သွားကုန်အံ့ဟုမိန့်
တော်မူ၍ များစွာသောရဟန်းအပေါင်းတို့နှင့်တကွ ပါဝါပြည်သို့ ကြွ
တော်မူ၍။ထိုပါဝါပြည်၌ စုန္ဒရွှေပန်းထိမ်၏သရက်ဥယျာဉ်၌ နေတော်မူ
လေ၏။(ထိုညသည်ကား။ကဆုန်လပြည့်အဘိတ်နေ့ညလျှင်တည်း)။ ။
စုန္ဒအမည်ရှိသော ရွှေပန်းထိမ်သည်သည်၊မြတ်စွာဘုရားသည် များစွာ
သော ရဟန်းသံဃာအပေါင်းနှင့်တကွ ပါဝါမြို့သို့အစဉ်ရောက်လာ၍။
ငါ၏သရက်ဥယျာဉ်၌ ထည်နေတော်မူ၏ဟု ကြား၍။ အကြင်အရပ်၌
မြတ်စွာဘုရားသည် ရှိ၏။ ထိုအရပ်သို့ ကပ်လာ၍၊ မြတ်စွာ ဘုရားကို

www.dhammaransi.com



ရှိသေစွာရှိခိုး၍ဇင့်အပ်လျောက်ပင်သောအရပ်၌နေပြီးသောပန်းထိမ်သည်ရဲန္ဒကို မြတ်စွာဘုရားသည်တရားစကားဖြင့်နှစ်သိမ့်စေ၏၊ ရွှင်စေ၏။ ကောင်းစွာပြပေ၏။ ထိုအခါ၌စုန္ဒအမည်ရှိသောပန်းထိမ်သည်သားသည်။ မြတ်စွာဘုရားသည် တရားနှင့်လျော်သောစကားဖြင့် နှစ်သိမ့်စေအပ်သည်၊ ထက်စေအပ်သည်၊ ရွှင်စေအပ်သည်ဖြစ်၍။ မြတ်စွာဘုရားကိုဤသို့လျှောက်၏။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည်ရဟန်းသံဃာတော်နှင့်တကွ နက်ဖြန်အလို့ငှါအကျွန်ုပ်၏ဆွမ်းကိုခံတော်မူပါစေသတည်းဟု လျှောက်၏။ မြတ်စွာဘုရားသည်ဆိတ်ဆိတ်နေသောအဖြစ်ဖြင့် ဝန်ခံတော်မူ၏။ စုန္ဒသည်မြတ်စွာဘုရားဝန်ခံသောအခြင်းအရာကိုသိ၍ နေရာမှထပြီးလျှင် မြတ်စွာဘုရားကိုရှိခိုး၍ လက်ျာရစ်လှည့်သည်ကိုပြုပြီးမှအိမ်သို့ပြန်လေ၏။ ။

ထိုရောအခါစုန္ဒမည်သောရွှေပန်းထိမ်သည်၏သားသည်ထိုညလွန်သဖြင့် မိမိအိမ်၌မွန်မြတ်သောခဲဘွယ်ဘောဇဉ်ကိုရင်း ပိရင်၍၊ နူးညံ့သိမ်မွေ့သောအသားရှိသော၊ အလိုလိုဖြစ်သောဝက်ပျို၏အသား၌ ဆန်နှင့်ရော၍ ချက်အပ်သော များစွာသော သားပွဲမ်းဆွမ်းကိုရင်း စီရင်စေ၍။ မြတ်စွာဘုရားအား ဆွမ်းပြင်၍ပြီးပါပြီ။ ဆွမ်းစားအံ့သောအခါ တန်ပါပြီဟုလျှောက်စေ၏။ ထိုဝက်သားပွဲမ်း၌ကား၊ ကျွန်းငယ် နှစ်ထောင်နှင့်တကွ ကျွန်းကြီးလေးကျွန်းတို့၌ရှိသော ဩဇာအရသာဟူသမျှကို နတ်တို့သည်ဆောင်ယူခဲ့၍ထည့်ကုန်၏။ ထိုအခါမြတ်စွာဘုရားသည် နံနက်အခါ၌သင်းပိုင်ကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူ၍ ရဟန်းသံဃာနှင့်တကွ စုန္ဒပန်းထိမ်သည်အိမ်သို့ကြွတော်မူ၍ ခင်းအပ်သောနေရာ၌ နေတော်မူ၏၊ ထိုအခါမြတ်စွာဘုရားသည် စုန္ဒကိုခေါ်၍မိန့်တော်မူ၏။ စုန္ဒ၊ အကြင်ဝက်သားပွဲမ်းကို သင်သည်စီရင်အပ်၏။ ထိုဝက်သားပွဲမ်းဖြင့်ငါ့ကိုသာလုပ်ကျွေးလော့၊ ရဟန်းသံဃာတို့ကို ဝက်သားပွဲမ်းမှ ကြွင်းသောခဲဘွယ်ဘောဇဉ်ဖြင့် လုပ်ကျွေးလော့ဟုမိန့်တော်မူ၏။ ထိုအခါ စုန္ဒသည် မြတ်စွာဘုရားကို ဝက်သားပွဲမ်းဖြင့် လုပ်ကျွေး၏။ ထိုဝက်သားပွဲမ်းမှတပါးသော အကြင်ခဲဘွယ်ဘောဇဉ်သည် ရှိ၏၊ ထိုခဲဘွယ်ဘောဇဉ်ဖြင့်ရဟန်းသံဃာကိုလုပ်ကျွေး၏။ မြတ်စွာဘုရားသည် ဘုဉ်းပေးပြီးလျှင်စုန္ဒကိုခေါ်၍မိန့်၏။ စုန္ဒ၊ အကြင်ဝက်သားပွဲမ်းသည် သင်အားကြွင်း၏။ ထိုကြွင်းသော ဝက်သားပွဲမ်းကို တွင်း၌ မြှုပ်လော့။ နတ်နှင့်တကွ

www.dhammaransi.com



သောလျှင် ဤဝက်သားပွမ်းကိုစား၍ အကြင်သူအားအစာကြေခြင်းသို့ ရောက်ရာ၏။ငါဘုရားမှတပါး ထိုအစာကြေအံ့သောသူကို ငါမမြင်ဟု မိန့်တော်မူ၏။ အဘယ့်ကြောင့်ကား ဤစကားကို မြတ်စွာဘုရား မိန့်တော်မူသနည်းဟူအံ့။ မြတ်စွာဘုရားသည် ဘုဉ်းပေးတော်မူကြွင်းကို ရဟန်းတို့အားရင်း၊ လူတို့အားရင်း မပေးစေ။ တွင်း၌မြှုပ်စေသည်ဟု အပြစ်တင်ကဲ့ရဲ့စကားဆိုလိုသောသူတို့အား ဆိုခွင့်မရစိမ့်သော၄ါမိန့်တော်မူသတည်း။စုန္ဒပန်းထိမ်သည်သည် မြတ်စွာဘုရားအား ပရိနိဗ္ဗာန်ပြုခြင်းသည်မဖြစ်ရာဟုထိုဝက်သားပွမ်းကိုစိရင်သတည်း။ ။

---

### ၆၄။ စုန္ဒ၏သားပွမ်းဆွမ်းကိုဘုဉ်းပေးပြီးနောက်ဝမ်းတော်လားခြင်း၊ပါဝါမှကုသိနာရုံသို့ကြွရာလမ်းခရီးတွင်ပုက္ကုသမလ္လာမင်းအားတရားဟောခြင်း၊စုန္ဒ၏သားပွမ်းဆွမ်း၌သက်သာပျောက်ရန်ဟောတော်မူခြင်းတို့ကိုပြရာ။

ထိုရောအခါ စုန္ဒမည်သော ရွှေပန်းထိမ်သည်၏ ဝက်သားပွမ်းကို ဘုဉ်းပေးသောမြတ်စွာဘုရားအား၊ကြမ်းထမ်းသောဝမ်းကျသောအနာသည်ဖြစ်၏။ထိုးကျင့်သော သေခြင်းအနီးရှိသော ဝေဒနာသည်ဖြစ်၏။ မြတ်စွာဘုရားသည် သတိရှိတော်မူသည်ဖြစ်၍ အဆင်အခြင်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ ထိုဒုက္ခဝေဒနာကို သည်းခံတော်မူ၏။မပင်ပန်းမူ၍ သည်းခံတော်မူ၏။ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုခေါ်တော်မူ၍။ အာနန္ဒာ၊အကြင်အရပ်၌ကုသိနာရုံပြည်သည်ရှိ၏။ ထိုအရပ်သို့ငါတို့သွားကုန်အံ့ဟုမိန့်တော်မူ၏။အရှင်အာနန္ဒာလည်းကောင်းပြီဟု ဝန်ခံ၏။ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်တကွ ကုသိနာရုံပြည်သို့ ဒေသစာရီကြွတော်မူ၏။ထိုအခါ မြတ်စွာဘုရားသည် ခရီးမှသက်တော်မူ၍ အမှတ်မဲ့ တပါးသောသစ်ပင်ရင်းသို့ကပ်ပြီး၍၊ အရှင်အာနန္ဒာကို အာနန္ဒာ၊ငါတို့ကိုက်တွန်း၏။ ငါ၏ဒုကုဋ်ကို လေးထပ်ခေါက်၍ ခင်းပါလော့။ အာနန္ဒာ၊ငါသည် ပင်ပန်းသည်ဖြစ်၏။ ထိုင်နေပါဦးအံ့ဟုမိန့်တော်မူ၏။ အရှင်အာနန္ဒာသည်ကောင်းပြီဝန်ခံ၍ဒုကုဋ်တော်ကိုလေးထပ်ခေါက်၍ ခင်းပေ၏။ မြတ်စွာဘုရားနေတော်မူ၏။ ။ထိုသို့ နေတော်မူပြီးသော မြတ်စွာဘုရားသည် အာနန္ဒာကိုခေါ်၍ ချစ်သား အာနန္ဒာ၊ သောက်ကို ငါ

www.dhammaransi.com



တိုက်တွန်းပါ၏။ သင်သည်သောက်ရေဆောင်ပါချေ၊ ငါရေမွတ်သည်ဖြစ်၏။ ငါရေသောက်ပါအံ့ဟုမိန့်တော်မူ၏။ ဤသို့မိန့်တော်မူသော်အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ဤသို့လျှောက်၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ယခုအခါငါးရာသောလှည်းတို့သည် ဤမြစ်ငယ်ကိုကူး၍သွားလေကုန်၏။ လှည်းဘီးဖြတ်၍ သွားသဖြင့် အနည်းငယ်သောရေသည်ချောက်ချားလျက်နောက်လျက်စီး၏။ ရှေ့မနီးမဝေးသောအရပ်၌ကကုဓချောင်းမြစ်သည်ရှိ၏။ ဤကကုဓချောင်းမြစ်သည် ကြည်သောရေရှိ၏။ မြိန်သောရေရှိ၏။ ချမ်းသောရေရှိ၏။ ဖြူသောရေရှိ၏။ နှလုံးမွေ့လျော်ဘွယ်သော ကောင်းသောဆိပ်ရှိ၏။ ထိုကကုဓချောင်းမြစ်၌ မြတ်စွာဘုရားသည် ရေသောက်တော်မူပါရလတ္တံ့။ ကိုယ်တော်ကိုလည်းချမ်းဧးသည်ကို ပြုတော်မူပါရလတ္တံ့ဟု လျှောက်၏။ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် အာနန္ဒာကို။ အာနန္ဒာ၊ ငါ တိုက်တွန်း၏။ ဤသို့အစရှိသဖြင့်စေတော်မူ၏။ နှစ်ကြိမ်မြောက်လည်း အာနန္ဒာသည်မြတ်စွာဘုရားကို ရှင်ပင်ဘုရား၊ ယခုအခါ ငါးရာသောလှည်းတို့သည်ဤမြစ်ကိုကူးလေကုန်၏။ ဤသို့အစရှိသောစကားဖြင့် လျှောက်၏။ သုံးကြိမ်မြောက် မြတ်စွာဘုရားသည် ရှေးနည်းစေတော်မူပြန်၏။ ထိုအခါအာဏာတော်ကိုမဆန်ပါပြီအရှင်ဘုရားဟု အရှင်အာနန္ဒာသည် မြတ်စွာဘုရားအားဝန်ခံ၍ မြတ်စွာဘုရား၏ သပိတ်တော်ကိုယူ၍ ထိုလှည်းငါးရာအညာကကူးသွားလေသော မြစ်ငယ်သို့ကပ်၍ ရေခပ်ဆင်းလေ၏။ လှည်းဘီးဖြတ်၍သွားသဖြင့် အနည်းငယ်သောရေရှိသော၊ ချောက်ချားလျက် နောက်လျက်စီးသော ထိုမြစ်ငယ်သည်။ အရှင်အာနန္ဒာ ရေခပ်လာသောခဏ၌ သန့်ရှင်းကြည်စွာ မနောက်ကျုသည်ဖြစ်၍ စီး၏။ ထိုအခါအာနန္ဒာအား ဤသို့သောအကြံသည်ဖြစ်၏။ အချင်းတို့၊ မြတ်စွာဘုရား၏ တန်းခိုးကြီးသောအဖြစ်သည် အံ့ဘွယ်ရှိစွတကား။ မဖြစ်ဘူးမြဲဟကား။ ငါးရာသောလှည်း၏ လှည်းဘီးတို့သည် ဖြတ်၍ကူးအပ်သဖြင့် အနည်းငယ်သောရေရှိသည်ဖြစ်၍ လှုပ်ချောက်ချား၍ နောက်ကျုလျက် စီးသော ဤမြစ်ငယ်သည်။ ငါသည် ကပ်လာသည်ရှိသော်လျှင်သန့်ရှင်းကြည်လင်စွာမနောက်သည်ဖြစ်၍စီးဘိ၏ဟုအံ့ဩခြင်းရှိသည်ဖြစ်၍ သပိတ်တော်ဖြင့် သောက်ရေကိုယူ၍။ မြတ်စွာဘုရား ရှိတော်မူရာ ကပ်လာ၍ မြတ်စွာဘုရားကို ဤသို့ လျှောက်၏။ ဘုန်းတော်ကြီး

www.dhammaransi.com



သောရှင်ပင်ဘုရား၊ရှင်ပင်ဘုရား၏တန်းခိုးအာနုဘော်ကြီးသောအဖြစ်သည်အံ့ဘွယ်ရှိစွ။မဖြစ်ဘူးမြဲတကား။ လှည်းဘီးဖြင့်ဖြတ်ကူးအပ်သည်ဖြစ်သောကြောင့် အနည်းငယ်ဖြစ်၍လှုပ်ချောက်ချားသဖြင့်နောက်ကျုစွာစီးသော ရေသည် အကျွန်ုပ်မြစ်နားသို့ရောက်ကာမျှ၌သာလျှင် သန့်ရှင်းကြည်လင် စင်ကြယ်စွာ မနောက်ကျုသည်ဖြစ်၍ စီးပေ၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရားသည် သောက်ရေကို သောက်တော်မူပါလော့၊လာခြင်းကောင်းသောမြတ်စွာဘုရားသည်သောက်ရေကိုသောက်တော်မူပါလော့ဟူ၍အရှင်အာနန္ဒာသည်ကား၏။မြတ်စွာဘုရားသောက်တော်မူ၏။ ။

ထိုအခါ ကာလာမအမျိုးဖြစ်သော အာဠာရရသေ့၏တပည့်၊မလ္လာမင်းသားပုက္ကုသအမည်ရှိသောသူသည်။ ကုသိနာရုံပြည်မှ ပါဝါပြည်သို့ ငါးရာသောလှည်းတို့ဖြင့် ကုန်သွယ်အံ့သော၄ါ အခွန့်ရှည်သောခရီးကို သွားသည်ဖြစ်၏။ အဘယ့်ကြောင့် သွားသ ှည်း။ ထိုမလ္လာမင်းတို့သည်အလှည့်အားဖြင့်မင်းပြုကုန်၏။ထိုကြောင့်မိမိတို့အလှည့်မရောက်မီအခါ၌ ကုန်သွားကုန်သတည်း။ လှည်းကုန်သည်တို့၏ သဘောကား လှည်းဦးမှလေလာသောအခါရှေ့ဆုံးလှည်း၌နေ၍သွားမြဲတည်း။နောက်မှလေလာသောအခါလှည်းအပေါင်းကိုရှေ့မှသွားစေ၍၊မိမိသည်နောက်မှလိုက်သတည်း။ထိုအခါနောက်မှလေလာ၍ပုက္ကုသသည်လှည်းတို့၏နောက်မှလိုက်သတည်း။ ပုက္ကုသ၏ဆရာတို့ကား ရှည်သော ကြောင်သော မျက်စိရှိသောကြောင့် အာဠာရဟု တွင်သတည်း။ ။ထိုအခါ ပုက္ကုသသည် တခုသောသစ်ပင်ရင်း၌နေသော မြတ်စွာဘုရားကို မြင်လျှင်ကပ်လာ၍ ရိုသေစွာရှိခိုးပြီးလျှင်တင့်အပ်သောအရပ်၌နေပြီးသော်မြတ်စွာဘုရားကို ဤသို့လျှောက်၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ အံ့ဘွယ်ရှိစွ၊ မဖြစ်ဘူးမြဲတကား။ ရဟန်းတို့သည် ငြိမ်သက်သောနေခြင်းဖြင့် နေကုန်၏။ ဖြစ်လေဘူးသည်ကား။ ကာလာမအမျိုးဖြစ်သောအာဠာရသည်အခွန့်ရှည်သောခရီးကိုသွားသည်ရှိသော်ခရီးမှဖဲ၍ခရီးနှင့်မနီးမဝေး၊ အမှတ်မဲ့သောသစ်ပင်ရင်း၌နေ၏။ ထိုအခါ ငါးရာသောလှည်းတို့သည် အာဠာရကိုမှီ၍မှီ၍လွန်လေကုန်၏။ ထိုအခါ မထင်ရှားသောယောကျ်ားသည် ထိုငါးရာသောလှည်းတို့၏ နောက်မှနောက်မှလာ၍ အကြင်သစ်ပင်ရင်း၌ အာဠာရသည်ရှိ၏၊ထိုအရပ်သို့ကပ်လာ၍

www.dhammaransi.com



အာဠာရကို ဤသို့ဆို၏။ အရှင်အာဠာရ၊ ငါးရာသောလှည်းတို့သည်လွန်၍သွားလေကုန်သည်တို့ကိုမြင်ပါ၏လောဟုမေး၏။ ဒါယကာ၊ ငါသည်မမြင်ဟုဆို၏။ အသို့နည်းအရှင်ဘုရား၊ လှည်းသံကိုကြားတော်မူ၏လောမေးပြန်၏။ ဒါယကာ၊ ငါသည် လှည်းသံကိုမကြားပါဟုဆို၏။ အသို့နည်းအရှင်ဘုရား၊ အိပ်ပျော်သည်ဖြစ်သလောဟုမေးပြန်၏။ ဒါယကာ၊ ငါသည် အိပ်ပျော်သည်လည်းမဖြစ်ဟု ဆို၏။ သညာရှိ၏လောရှင်ပင်ဘုရားဟုဆိုသော်။ ဒါယကာ၊ ရှိ၏ဟုဆိုသဖြင့်။ ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် စိတ်ရှိသည်ဖြစ်လျက် နိုးကြားသည်ဖြစ်လျက် ငါးရာသောလှည်းတို့သည်လွန်၍သွားလေသည်ကို မြင်လည်းမမြင်။ အသံကိုလည်းမကြား။ ရှင်ပင်ဘုရား၊ စင်စစ်သော်ကား ရှင်ပင်ဘုရား၏ဒုကုဋ်သည်မြူဖြင့်ပြွမ်း၏ဟုဆိုသော်။ ဒါယကာ၊ ဤမြူဖြင့်ပြွမ်းသည်ဟုတ်၏ဟုဆို၏။ ထိုအခါ၌ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ထိုယောကျ်ားအား ဤသို့သောစိတ်သည်ဖြစ်၏။ အချင်းတို့၊ အံ့ဘွယ်ရှိစွ။ အချင်းတို့၊ မဖြစ်ဘူးမြဲတကား။ အချင်းတို့၊ ရဟန်းတို့သည် ငြိမ်သက်သောနေခြင်းဖြင့်နေပေကုန်၏။ အကြင်ကြောင့်စိတ်ရှိသည်ဖြစ်လျက်၊ နိုးကြားသည်ဖြစ်လျက်၊ ငါးရာသော လှည်းတို့သည် လွန်၍သွားလေသည်ကို မြင်လည်း မမြင်၊ ကြားလည်းမကြားဖြစ်ဘိ၏ဟု ဤသို့သောစိတ်အကြံရှိသည်ဖြစ်၍၊ အာဠာရ၌ ကြည်ညိုခြင်းကို ဖြစ်စေ၍ ထိုယောကျ်ားသည် သွားလေ၏ဟု လျှောက်၏။ ။ထိုအခါ မြတ်စွာဘုရား ဤသို့မိန့်တော်မူ၏။ ပုက္ကုသ၊ ငါဆိုလတ္တံ့သောစကားကို သင်သည် အဘယ်သို့အောက်မေ့သနည်း။ အကြင်သူသည်စိတ်ရှိသည်ဖြစ်လျက်၊ နိုးကြားလျက်၊ ငါးရာသောလှည်းတို့ လွန်၍သွားလေကုန်သည်ကိုမျှ မမြင်၊ လှည်းသံကိုမျှလည်း မကြား။ အကြင်သူသည်မူလည်း မိုဃ်းသည်ရွာသည်ရှိသော်ချစ်ချစ်မြည်လျက်၊ လျှပ်စစ်တို့သည် ပြက်ကုန်လျက်။ မိုဃ်းကြိုးကျသည်ကိုလည်း မမြင်၊ မိုဃ်းကြိုးထစ်သံကိုလည်းမကြား။ ထိုနှစ်ယောက်သောသူတို့တွင် အဘယ်သူလျှင် ပြုနိုင်ခဲသနည်း မေးတော်မူ၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ငါးရာကုန်သော လှည်းတို့သည့်ရင်း၊ ခြောက်ရာကုန်သောလှည်း၊ ခုနစ်ရာကုန်သော လှည်းတို့သည်ရင်း။ ရှစ်ရာကုန်သောလှည်း၊ ကိုးရာကုန်သောလှည်းတို့သည်ရင်း၊ အထောင်ကုန်သောလှည်းတို့သည်ရင်း၊ လှည်းအသောင်းတို့သည်ရင်း၊ လှည်းအသိန်းတို့သည်ရင်း အသို့

www.dhammaransi.com



လျှင်ပြုကုန်လတ္တံ့နည်း။ စင်စစ်သော်ကား။ အကြင်သူသည် စိတ်ရှိသည်ဖြစ်လျက်၊ နိုးကြားလျက်၊ မိုးရွာသောအခါ၌ မိုးသည်ချစ်ချစ်မြည်သည်ရှိသော်၎င်း၊ လျှပ်စစ်တို့သည်ပြက်ကုန်သော်၎င်း၊ မိုးကြိုးပစ်သည်ကိုလည်းမမြင်၊ မိုးကြိုးထစ်မြည်သံကိုလည်းမကြား။ ဤသည်ကိုသာလျှင်ပြုနိုင်ခဲ၏၊ ဤသည်ကိုသာလျှင် ဖြစ်စေနိုင်ခဲ၏ဟု ပုက္ကုသသည်လျှောက်၏။ "ဤလောက၌ပုက္ကုသ၊ ငါသည် အခါတပါးသော် အာတုမာမြို့ ကောက်တလင်းတဲ၌ နေတော်မူ၏။ ထိုအခါ၌ မိုးရွာသည်ရှိသော် မိုးသည်ချစ်ချစ်မြည်လျက်၊ လျှပ်စစ်တို့သည်ပြက်ကုန်လျက်၊ မိုးကြိုးပစ်သဖြင့်၊ ကောက်တလင်းတဲ၏ မနီးမဝေးသောအရပ်၌ လယ်ထွန်ညီနောင်နှစ်ယောက်တို့သည်၎င်း၊ လေးခုသောနွားတို့သည်၎င်း သေကုန်၏။ ထိုအခါ၌ ပုက္ကုသ၊ အာတုမာမြို့မှများစွာသောလူတို့သည်ထွက်ကုန်၍ အကြင်အရပ်၌ လယ်ထွန်ညီနောင်နှစ်ယောက်တို့သည်၎င်း၊ လေးခုသော နွားတို့သည်၎င်း သေကုန်၏။ ထိုအရပ်သို့ ကပ်လာကုန်၏။ ထိုအခါ ငါသည် ထိုတလင်းတဲမှ ထွက်၍ တံခါးဝ၌ စင်္ကြံသွား၏။ ထိုအခါပုက္ကုသ၊ မထင်ရှားသောယောကျ်ားတယောက်သည် ထိုလူများအပေါင်းမှဖဲ၍ ငါရှိရာသို့ကပ်လာပြီးလျှင် ငါ့ကိုရှိခိုး၍ တင့်အပ်သောအရပ်၌နေ၏။ ပုက္ကုသ၊ထိုအခါငါသည် ထိုယောကျ်ားကို ဤသို့ဆို၏။ ဒါယကာ၊ ထိုအရပ်၌ များစွာသောလူအပေါင်းသည် စည်းဝေး၏။ အဘယ့်ကြောင့်စည်းဝေးသနည်းဟု မေးတော်မူသော်။ အရှင်ဘုရား၊ မိုးကြိုးကျ၍ လယ်ထွန် ညီနောင် နှစ်ယောက်နှင့်၊ နွားလေးခုတို့သေရှာသောကြောင့် စည်းဝေးကြပါသည်။ ဘုန်းတော်ကြီးသောအရှင်ဘုရားသည်ကား အဘယ်အရပ်၌ ဖြစ်တော်မူသနည်းဟု လျှောက်၏။ ဒါယကာ၊ ငါသည် ဤအရပ်၌ပင်ဖြစ်၏မိန့်တော်မူသော်။ အရှင်ဘုရား၊ အသို့ပါနည်း။ ထိုမိုးကြိုး ကျ၍ သေသည်တို့ကို မြင်တော်မူပါ၏လောဟု လျှောက်၏။ ဒါယကာ၊ ငါသည်မမြင်ပါဟုမိန့်၏။ အရှင်ဘုရား၊ အသို့ပါနည်း။ မိုးကြိုးပစ်သောအသံကို ကြားတော်မူပါ၏လော့ဟုလျှောက်၏။ ဒါယကာ၊ ငါမကြားဟုမိန့်၏။ အသို့ပါနည်း အရှင်ဘုရား၊ အိပ်ပျော်တော်မူသလောဟုမေး၏။ ဒါယကာ၊ ငါမအိပ်ဟု မိန့်၏။ အသို့နည်းအရှင်ဘုရား၊ စိတ်ရှိတော်မူ၏လောဟု လျှောက်၏။ ဒါယကာ၊ ငါသည် စိတ်ရှိ၏ဟု မိန့်တော်မူ၏။ အသို့နည်းအရှင်ဘုရား၊

www.dhammaransi.com



ရှင်ပင်ဘုရားသည် စိတ်ရှိသည်ဖြစ်လျက်၊ နိုးကြားပါလျက်၊ မိုးရွာသောအခါ၌ မိုးသည် ချစ်ချစ်မြည်လျက်၊ လျှပ်စစ် ပြက်ကုန်လျက်၊ မိုးကြိုး ပစ်သည်ကိုလည်း မြင်တော်မမူ။ မိုးထစ်ကြိုးသော အသံကိုလည်း ကြားတော်မမူသလောဟု လျှောက်၏။ ဒါယကာ၊ ငါသည် မမြင်မကြားပါဟုမိန့်၏။ ထိုသို့မိန့်သောအခါ ပုက္ကုသ၊ ထိုယောကျ်ားအားဤသို့စိတ်သည်ဖြစ်၏။ အချင်းတို့၊အံ့ဘွယ်ရှိစွတကား။ အချင်းတို့၊ မဖြစ်ဘူးမြဲတကား။ အချင်းတို့၊ ရဟန်းတို့သည် ငြိမ်သက်စွာ နေခြင်းဖြင့်နေကုန်၏။ အကြောင်မြတ်စွာဘုရားသည် စိတ်ရှိပါလျက်၊ နိုးကြားပါလျက်၊မိုးရွာသော်၊ ချစ်ချစ်မြည်လျက် လျှပ်စစ်ပြက်လျက် မိုးကြိုးပစ်သည်ကိုလည်းမမြင်။ မိုးကြိုးသံကိုမျှလည်း မကြား။ ထိုမြတ်စွာဘုရားသည် အံ့ဘွယ်ရှိ၏ဟုကြံ၍ ထိုယောကျ်ားသည် ငါ၌ ကြည်ညိုခြင်းကိုကြား၍ ရှိခိုးလျက် လက်ျာရစ်လှည့်၍ ဖဲလေ၏။ ဤသို့မိန့်တော်မူသော်။မလ္လာမင်း၏သားပုက္ကုသသည် ဤစကားကိုဆို၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ကာလာမအမျိုးဖြစ်သောအာဠာရ၌ အကျွန်ုပ်၏အကြောင်ကြည်ညိုခြင်းရှိ၏။ ထိုကြည်ညိုခြင်းကို ထိုအကျွန်ုပ်သည် ပြင်းစွာသော လေမုန်တိုင်း၌ လွင့်လိုက်ပါ၏။ အယဉ်ထန်စွာစီးသော မြစ်၌ မျှောလိုက်ပါ၏။ ရှင်ပင်ဘုရား၊ အလွန် နှစ်ယို့ဘွယ် ရှိ၏၊ ဥပမာကား။ မှောက်၍ထားသောဝတ္ထုကို လှန်သကဲ့သို့။ ဖုံးလွှမ်းသောဝတ္ထုကိုဘွင့်သကဲ့သို့။ ခရီး၌ တွေဝေသောသူအား ခရီးကိုကြားသကဲ့သို့။ အမိုက်တိုက်၌ဆီမီးကိုညှိသကဲ့သို့။ မျက်စိအမြင်ရှိသောသူတို့သည် ရူပါရုံတို့ကိုမြင်သကဲ့သို့။ ထိုအတူ ရှင်ပင်ဘုရားသည် များစွာသောအကြောင်းဖြင့် တရားကိုထင်ရှားပြတော်မူ၏။ ထိုအကျွန်ုပ်သည် ရှင်ပင်ဘုရားကိုကိုးကွယ်ခြင်းသို့ရောက်ပါ၏။ တရားတော်ကိုငှင်း၊သံဃာတော်ကိုငှင်း၊ ကိုးကွယ်ခြင်းသို့ ရောက်ပါ၏။ ရှင်ပင်ဘုရားသည် ယနေ့ကို အစပြု၍ အသက်ရှည်သောကာလပတ်လုံး သရဏဂုံဆောက်တည်သောဒါယကာဟုမှတ်တော်မူပါဟုလျှောက်၏။ ။

ထိုအခါပုက္ကုသသည် မထင်ရှားသောယောကျ်ားကို ခေါ်၍ဆို၏။ အချင်း၊ ငါသည်တိုက်တွန်းပါ၏။ ငါ၏သိင်္ဂါရွှေအဆင်းနှင့်တူသော အဆင်းရှိသော ပြေပြစ် ချောမွေ့သော သွားရာ လာရာ ငါဆောင်အပ်သော ပုဆိုးတစုံကို ဆောင်ယူချေဟုဆို၏။ ကောင်းပြီ အရှင့်သားဟု

www.dhammaransi.com



ထိုယောက်ျားသည့် ပုက္ကုသအား ဝန်ခံ၍၊ ထိုရွှေအဆင်းနှင့် တူသော အဆင်းရှိသော ချောမောပြေပြစ်သောပုဆိုးတစုံကို ဆောင်ယူချေ၍ ပုက္ကုသအားဆောက်နှင်း၏။ ပုက္ကုသသည် သိင်္ဂီရွှေအဆင်းနှင့်တူသော အဆင်းရှိသော၊ သွားရာလာရာ ပခုံးတင်၍ ဆောင်အပ်သော ဤပုဆိုး တစုံကို အကျနှုပ်သည်အကြားအကြား၌ သဘင်နေ့ကြိမ်သည့်အခါအ ပေါ်ရုံပြု၍ဖုံးလွှမ်းအပ်၏။ မြတ်စွာဘုရားသည် အကျနှုပ်ကို အစဉ်သနား သည်ကိုပြု၍ ထိုပုဆိုးတစုံကို ခံတော်မူပါဟု လျှောက်၏။ ထိုသို့တပြီး ကား။ ပုက္ကုသ၊ တထည်သောပုဆိုးဖြင့် ငါ့ကိုလွှမ်းလော့။ တထည်ဖြင့် အာနန္ဒာကိုလွှမ်းလော့ဟု မြတ်စွာဘုရားမိန့်တော်မူ၏၊ ကောင်းပြီရှင်ပင် ဘုရားဟု မလ္လာမင်း၏သားပုက္ကုသသည် မြတ်စွာဘုရား၏စကားကိုဝန် ခံ၍ တထည်ဖြင့်မြတ်စွာဘုရားကိုလွှမ်း၏။ တထည်ဖြင့် အရှင်အာနန္ဒာ ကိုလွှမ်း၏။ ။(အရှင်အာနန္ဒာသည် ထိုပုဆိုးကိုယူ၏လော၊မယူလော ဟုတုံအံ့။ယူ၏။ အဘယ့်ကြောင့်ယူသနည်းဟူမူကား။ အပြီးသို့ရောက် ပြီးသောလုပ်ကျွေးခြင်းကိစ္စရှိခြင်းကြောင့်တည်း။ မှန်၏။ အရှင်အာနန္ဒာ သည် ဤသို့သဘောရှိသောလာဘ်ကိုပယ်၍ မြတ်စွာဘုရားအား လုပ် ကျွေးသောအရာကိုကျင့်၏၊ ထိုလုပ်ကျွေးခြင်းကိစ္စသည် အရှင်အာနန္ဒာ အားအပြီးသို့ရောက်ပြီ၊ထို့ကြောင့်ယူလေသတည်း။ အကြင်သူတို့သည် လည်း အာနန္ဒာသည်နှစ်ဆဲ့ငါးနှစ်ပတ်လုံးလုပ်ကျွေးလျက်မြတ်စွာဘုရား ထံဆည်းကပ်၍နေပါသော်လည်း၊တစုံတခုကိုမျှ မြတ်စွာဘုရား၏အထံ တော်မှမရစဘူးပါဟူ၍ ဆိုကုန်ရာ၏၊ ထိုသူတို့၏စကားအခွင့်ကိုဖြတ် ခြင်းငှါလည်းယူသတည်း။ မြတ်စွာဘုရားသည်လည်းသိတော်မူ၏။အာ နန္ဒာသည်ယူ၍ မိမိသည် မဆောင်လတ္တံ့။ ငါ့အားပင်လျှင် ပူဇော်ခြင်း ကိုပြုလတ္တံ့။ ပုက္ကုသသည်ကား။ အာနန္ဒာကို ပူဇော်သဖြင့် သဿံကို ပူဇော်အပ်သည်ဖြစ်လတ္တံ့။ဤသို့ဖြစ်သဖြင့် ပုက္ကုသအား ကြီးစွာသော ကောင်းမှုအစုသည်ဖြစ်လတ္တံ့။ ဤသို့ကြံတော်မူ၍မြတ်စွာဘုရားသည် တထည်သောပုဆိုးကို အာနန္ဒာမထေရ်အား လှူစေသတည်း)။ ။ထို ရောအခါ မြတ်စွာဘုရားသည် မလ္လာမင်း၏သားဖြစ်သော ပုက္ကုသကို ပုဆိုးအနုမောဒနာ တရားစကားဖြင့် ကောင်းစွာ ပြအပ်သည် ဖြစ်၍၊ ဆောက်တည်စေအပ်ပြီးသည်ဖြစ်၍၊ ရွှင်စေအပ်ပြီးသည်ဖြစ်၍၊နေရာမှ ထ၍ မြတ်စွာဘုရားကိုရှိခိုးပြီးလျှင် လက်ျာရစ်လှည့်၍ ဖဲလေ၏။ ။ထို

www.dhammaransi.com



အခါ ရှင်အာနန္ဒာသည် ပုဏ္ဏုသပဲ၍ မကြာမြင့်မီ သိင်္ဂီရွှေအဆင်းနှင့်တူသောအဆင်းရှိသော ထိုပုဆိုးကို မြတ်စွာဘုရား၏ကိုယ်တော်ကို ဖုံးလွှမ်း၏။ မြတ်စွာဘုရား၏ကိုယ်တော်၌ရုံအပ်သောထိုပုဆိုးသည်၊ ရှားမီးခဲစရသည် အတွင်း၌သာ အလျှံထွက်၍၊ အပ၌အလျှံမထွက်သကဲ့သို့၊ ဖုံးလွှမ်းသောအတိုင်းထင်၏။ ထိုအခါအာနန္ဒာသည် မြတ်စွာဘုရားကို ဤသို့လျှောက်ကုန်၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ အံ့ဘွယ်ရှိစွ။ ရှင်ပင်ဘုရားအား မဖြစ်ဘူးပါတကား။ ရှင်ပင်ဘုရား၏ အရေတော်၏အဆင်းသည် အကြင်မျှလောက်စင်ကြယ်၏။ဖြူစင်၏။ ရှင်ပင်ဘုရား၏ ထိုမျှလောက်သန့်ရှင်းစင်ကြယ်သောအရေရှိသောကိုယ်တော်၌ ရုံအပ်သော သိင်္ဂီရွှေအဆင်းနှင့်တူသော ဤပုဆိုးသည် မီးကျီးခဲစရကဲ့သို့ထင်ဘိ၏ဟုလျှောက်၏။ အာနန္ဒာ၊ဤသို့ဖြစ်ခြင်းသည် သင်ဆိုတိုင်းဟုတ်၏။ နှစ်ပါးသောအခါတို့၌ မြတ်စွာဘုရား၏ကိုယ်တော်သည် အလွန်သန့်ရှင်းစင်ကြယ်သည်ဖြစ်၍ အရေ၏အဆင်းသည်ဖြူစင်သည်ဖြစ်၏။ အဘယ်ကာလနှစ်ပါးတို့၌နည်း ဟူမူကား။ အာနန္ဒာ၊ အကြင်ညဉ့်၌လည်း လာခြင်းကောင်းသော ဘုရားသည် သဗ္ဗညုတဉာဏ်ကို သိ၏။ အကြင်ညဉ့်၌လည်း ကမ္မဇရုပ် အကြွင်း မရှိသော နိဗ္ဗာန ဓာတ်ဖြင့် လာခြင်းကောင်းသောမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြု၏။ ဤနှစ်ပါးသောအခါကာလတို့၌ လာခြင်းကောင်းသော မြတ်စွာဘုရား၏ကိုယ်တော်သည် အလွန်လျှင် သန့်ရှင်းစင်ကြယ်သည်ဖြစ်၏။ အရေအဆင်းသည် ဖြူစင်သည်ဖြစ်၏။ အာနန္ဒာ၊ယနေ့ညဉ့်ပစ္ဆိမယာမ်၌ကုသိနာရုံပြည်၏အကွေ့အင်ကြင်းတောဝယ်အစုံသောအင်ကြင်းပင်ပျိုတို့၏အကြား၌ငါဘုရားပရိနိဗ္ဗာန်ပြုခြင်းသည်ဖြစ်လတ္တံ့ဟု မိန့်တော်မူ၍။ အာနန္ဒာ၊ အကြင်အရပ်၌ ကကုဓမြစ်သည်ရှိ၏။ ထိုအရပ်သို့ငါတို့သွားကုန်အံ့ဟု အာနန္ဒာကိုဆို၍။ များစွာသော ရဟန်းသံဃာနှင့်တကွ ကြွတော်မူလေ၏။ ။

(အဘယ်ကြောင့်ကား မြတ်စွာဘုရား၏ ကိုယ်တော် အရေ အဆင်းသည် ဤအခါနှစ်ပါးတို့၌ အလွန်လျှင်သန့်ရှင်းစင်ကြယ်စွာဖြစ်သနည်း ဟူမူကား၊ အာဟာရထူးသောကြောင့်၎င်း။ ဝမ်းမြောက်ခြင်းအားကြီးသောကြောင့်၎င်း ဖြစ်သတည်း။ ဤနှစ်ပါးသောကာလတို့၌။ သုဇာတာလှူသောဃနာဆွမ်း၌၎င်း။ စုန္ဒရွှေပန်းထိမ်လှူသော ဝက်သားပွမ်း၌၎င်း နတ်တို့သည် စကြဝဠာတတိုက်လုံး၌ရှိသော အရသာ ဩဇာဟူသမျှ

www.dhammaransi.com



ကိုယူဆောင်၍ထည့်ကုန်၏။ ထိုမွန်မြတ်သောဘောဇဉ်သည်ဝမ်းသို့ဝင်၍ ကြည်လင်သောအာဟာရဇရုပ်ကိုဖြစ်စေ၏။ အာဟာရဇရုပ်ကြည်လင်သော ကြောင့်မနလျှင်ခြောက်ခုမြောက်သောဈာန်တို့သည်အလွန်လျှင် တင့်တယ်ကုန်၏၊ ဘုရားဖြစ်တော်မူသောနေ့၌လည်း ကမ္ဘာအကုဋေအသိန်းမကသောကာလပတ်လုံး ရဝေးအပ်သော ကိလေသာအရတို့ကို ငါသည်ယနေ့ပယ်အပ်ပြီဟုဆင်ခြင်တော်မူသောမြတ်စွာဘုရားအား ကြီးစွာသော ဝမ်းမြောက်ခြင်းသည် ဖြစ်၏။ ပရိနိဗ္ဗာန်ပြုတော်မူသောနေ့၌လည်း ယနေ့ညဉ့်အခါ၌ ငါသည် အသိန်းမကများစွာသော ဘုရားတို့သည် ဝင်အပ်သော မြတ်သောနိဗ္ဗာန်ပြည်ကို ဝင်ရလတ္တံ့ဟု ဆင်ခြင်တော်မူသောမြတ်စွာဘုရားအား ကြီးစွာသောဝမ်းမြောက်ခြင်းသည်ဖြစ်၏။ စိတ်တော်သည် ကြည်၏။ စိတ်တော်ကြည်သည်ရှိသော် နှလုံးသွေးသည်ကြည်၏။ နှလုံးသွေးကြည်သည်ရှိသော် မနလျှင်ခြောက်ခုမြောက်သော ဈာန်တို့သည် အလွန်တင့်တယ်ကုန်၏။ ဤသို့အာဟာရထူးသောကြောင့်၎င်း။ ဝမ်းမြောက်ခြင်း အားကြီးသောကြောင့်၎င်း။ ဤအခါနှစ်ပါးတို့၌ မြတ်စွာဘုရား၏ ကိုယ်တော်သည်၎င်း၊ အရေ၏အဆင်းသည်၎င်း၊ အလွန်သန့်ရှင်းစင်ကြယ်သည်ဖြစ်၏)။ ။

ထိုရောအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်း သံဃာနှင့် တကွကကုဓမြစ်သို့ကပ်ပြီးလျှင် ကကုဓမြစ်သို့ဆင်းသက်တော်မူ၍ ရေသုံးသပ်ခြင်း သုံးဆောင်ခြင်းကိုပြုတော်မူပြီးမှ တက်တော်မူ၍၊ အကြင်အရပ်၌သရက်တောသည်ရှိ၏။ ထိုသရက်တောသို့ကပ်တော်မူ၍ ရှည်သော အသက်တော်ရှိသောစုန္ဒကိုခေါ်တော်မူ၍၊ တိုက်တွန်းပါ၏ စုန္ဒ၊ သင်သည် ငါ၏ဒုကုဋ်ကို လေးထပ်ခေါက်၍ ခင်းပါလော့။ ငါသည် ပင်ပန်းလှသည်ဖြစ်၏။ ကျိန်းပါအံ့ဟုမိန့်တော်မူ၏။ အရှင်စုန္ဒသည် ကောင်းပြီအရှင်ဘုရားဟု မြတ်စွာဘုရားအားဝန်ခံ၍ ဒုကုဋ်တော်ကို လေးထပ်ခေါက်၍ခင်း၏။ ထိုအခါ မြတ်စွာဘုရားသည် လကျာနံပါးဖြင့် ခြသေ့မင်း၏အိပ်ခြင်းနှင့်တူသောအိပ်ခြင်းကိုပြုတော်မူ၏။ လကျာခြေတော်၌ လက်ဝဲခြေတော်ကို စဉ်းငယ်အလွန်ထား၍ သတိရှိသည်ဖြစ်၍ အဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍ ကျိန်းခြင်းကိုပြုတော်မူ၏။ ထိုအခါ၌ အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ ရေသနုပ်ဆောင်ကိုညှစ်၍ ကျန်ရစ်၏။

www.dhammaransi.com



ရန္တမထေရ်သည် မြတ်စွာဘုရား၏အနီး၌ရှိ၏။ ထို့ကြောင့် ရန္တကိုမြတ်စွာဘုရားခေါ်တော်မူ၏။ ။

ထိုအခါ အရှင်အာနန္ဒာ လာတော်မူလျှင် မြတ်စွာဘုရားသည် အာနန္ဒာကိုခေါ်တော်မူ၍။ အာနန္ဒာ၊သင်သည် ရွှေပန်းထိမ်သည်၏သားဖြစ်သောစုန္ဒအား အကြင် အမှတ်မရှိသောသူသည် နှလုံးမသာခြင်းကိုဖြစ်စေရာ၏။ ထိုနှလုံးမသာခြင်းကို ချစ်သားအာနန္ဒာသည် ဖျောက်အပ်၏။ ဒါယကာစုန္ဒ၊ အကြင်သင့်၏ဆွမ်းကို လာခြင်းကောင်းသော မြတ်စွာဘုရားသည် နောက်ဆုံးစွန်ဘုဉ်းပေးတော်မူ၏။ ထိုသင့်အား ရတော်စွ။ ထိုသင့်အား ကောင်းသောရခြင်းတည်း။ ဒါယကာစုန္ဒ၊ ငါသည် မြတ်စွာဘုရားသခင်၏ မျက်မှောက်တော်မှ ဤသုတ်ကို ကြားရလိုက်၏။ ငါသည် မြတ်စွာဘုရားသခင်မျက်မှောက်တော်မှ နာခံလိုက်ရ၏။ နှစ်ပါးသောဆွမ်းတို့သည် မျှသောအကျိုးရှိကုန်၏။ မျှသောအကျိုးရင်းရှိကုန်၏။ တပါးသော ဆွမ်းတို့ထက် အလွန်လျှင် ကြီးမြတ်သော အကျိုးရှိကုန်၏။ ကြီးမြတ်သော အကျိုးဆက်ရှိကုန်၏။ ဆွမ်းနှစ်ပါးတို့ဟူသည် အဘယ်နည်း ဟူမူကား။ အကြင် ဆွမ်းကို ဘုဉ်းပေး၍ လာခြင်းကောင်းသော ငါဘုရားသည် အတုမရှိမြတ်သော သဗ္ဗညုတဉာဏ်ကိုသိတော်မူ၏။ အကြင်ဝက်သားပြွမ်းဆွမ်းကိုစား၍ လာခြင်းကောင်းသော ငါဘုရားသည် ကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဤဆွမ်းနှစ်ပါးတို့သည် မျှသော အကျိုးပြီးခြင်း ရှိကုန်၏။ မျှသောအကျိုး၏ ရင့်ခြင်းရှိကုန်၏။ တပါးသောဆွမ်းတို့ထက် အလွန်လျှင် အကျိုးကြီးမြတ်ကုန်၏။ ကြီးမြတ်သောအကျိုးဆက်ရှိကုန်၏။ အသက်ရှည်သော ရွှေပန်းထိမ်သည်၏သားဖြစ်သော စုန္ဒသည် အသက်ရှည်ခြင်းကိုဖြစ်စေတတ်သော ကောင်းမှုကို ဆည်းပူးအပ်၏။ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အခြံအရံများခြင်း၊ ပညာကြီးခြင်း၊ နတ်ရွာသို့လားခြင်း၊ အစိုးရခြင်းကို ဖြစ်စေတတ်သော ကုသိုလ်ကောင်းမှုကို ရွှေပန်းထိမ်သည်သားစုန္ဒသည် ဆည်းပူးအပ်၏။ ဤသို့လျှင် အာနန္ဒာ၊ ပန်းထိမ်သည်သားစုန္ဒအား နှလုံးမသာခြင်းကို သင်သည် ဖျောက်အပ်၏ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူခဲ့၏။ ။သုဇာတာလှူအပ်သောဃနာနို့ဆွမ်းကိုစား၍ မြတ်စွာဘုရားသည်သဗ္ဗညုတဉာဏ်ကိုသိ၏။

www.dhammaransi.com



ထိုဃနာဆွမ်းကို ရာဂဒေါသမောဟနှင့်တကွ ဖြစ်သောအခါ၌ စား၏။ စုန္ဒသည် လှူအပ်သောဆွမ်းကို ရာဂ ဒေါသ မောဟ ကင်းစင်တော်မူသောအခါ၌စား၏။ အဘယ်ကြောင့် ထိုဆွမ်းနှစ်ပါးသည် အကျိုးတူမျှလေသနည်းဟူမူကား။ ပရိနိဗ္ဗာန်မျှသောကြောင့်ရင်း။သမာပတ်မျှသောကြောင့်ရင်း။အောက်မေ့ခြင်းမျှသောကြောင့်ရင်း၊အကျိုးတူမျှသတည်း။ မြတ်စွာဘုရားသည် သုဇာတာလှူသော ဃနာဆွမ်းကိုစား၍ ကမ္မဇရုပ်အကြွင်းရှိသော ကိလေသပရိနိဗ္ဗာန်ပြုတော်မူ၏။ စုန္ဒရွှေပန်းထိမ်သည်၏ဆွမ်းကိုစား၍ ကမ္မဇရုပ်အကြွင်းမရှိသော ခန္ဓပရိနိဗ္ဗာန်ပြုတော်မူ၏။ ဤသို့ပရိနိဗ္ဗာန်တူမျှသောကြောင့်လည်း အကျိုးတူမျှ၏။ သစ္စာလေးပါးကို သိတော်မူသောနေ့၌ မြတ်စွာဘုရားသည် အကုဋေ နှစ်သန်း လေးသိန်းသောသမာပတ်ကို ဝင်စားတော်မူ၏။ ပရိနိဗ္ဗာန်စံတော်မူအံ့သောနေ့၌လည်း ထိုအလုံးစုံသောသမာပတ်ကို ဝင်စားတော်မူ၏။ ဤသို့ဝင်စားအပ်သောသမာပတ်၏ တူမျှသောကြောင့်လည်း တူမျှသောအကျိုးရှိ၏။သုဇာတာသည် နောက်အဘို့၌ဤသို့ကြား၏။ဃနာဆွမ်းကိုခံသောသူသည် ရုက္ခဇိုဝ်းနတ်မဟုတ်၊ ဘုရားလောင်းတည်း။ ထိုဃနာဆွမ်းကိုစား၍ သစ္စာလေးပါးတရားကိုသိ၏။ ခုနစ်ရက်ချန့်စ်လိ ထိုမြတ်စွာဘုရားအား ထိုဆွမ်းဖြင့် မျှခြင်းသည်ဖြစ်၏။ ဤသို့ကြား၍၊ ငါသည် ရတော်စွတကားဟုအောက်မေ့သဖြင့် အားကြီးစွာသောနှစ်သက်ခြင်းသည်ဖြစ်၏။ဝမ်းမြောက်ခြင်းသည်ဖြစ်၏။ စုန္ဒအားလည်း နောက်အဘို့၌ ငါသည် အဆုံးစွန်သောဆွမ်းကို လှူရ၏။ တရားတည်းဟူသောအရင်းကိုယူရ၏။ငါ၏ဆွမ်းကိုစား၍ မြတ်စွာဘုရားသခင်သည် ကမ္မဇရုပ်အကြွင်းမရှိသောနိဗ္ဗာနဓာတ်ဖြင့်ပရိနိဗ္ဗာန်ပြုတော်မူ၏ဟုကြား၍။ငါသည် ရတော်စွတကားဟုအောက်မေ့သဖြင့် အားကြီးစွာသောနှစ်သက်ဝမ်းမြောက်ခြင်းသည်ဖြစ်၏။ဤသို့ အောက်မေ့ခြင်းတူသောအကျိုးရင်းကိုယူသောကြောင့်လည်းတူမျှသောအကျိုးရှိသတည်း။ ။ထိုအခါ မြတ်စွာဘုရားသည်ထိုအကြောင်းကိုသိတော်မူ၏။ဒဒတော ပုညံ ပဝၶုတိ၊ စသည်ဖြင့် ဥဒါန်းကျူးတော်မူ၏။ ။

www.dhammaransi.com



## ၆၅။ မြတ်စွာဘုရားကုသိနာရုံပြည်သို့ ကြွတော်မူ၍၊ အင်ကြင်းဥယျာဉ်ဝယ်၊ ပရိနိဗ္ဗာန်ပြုတော်မူရာ ညောင်စောင်း၌လျောင်းတော်မူခြင်း။ အာမိသပူဇာ၊ ဓမ္မပူဇာနှစ်ပါးတို့ကိုပြရာ။

ထိုရောအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုခေါ်တော်မူ၍။ အာနန္ဒာ၊ အကြင်အရပ်၌ ဟိရညဝတီမြစ်၏ထိုမှာဘက်ကမ်းသည်ရှိ၏။ အကြင်အရပ်၌ ကုသိနာရုံပြည်မှ ဥပဝတ္တန ဖြစ်သော မလ္လာမင်းတို့၏ အင်ကြင်းတောသည်ရှိ၏။ ထိုအရပ်သို့ငါတို့သွားကုန်အံ့ဟုမိန့်တော်မူ၍။ များစွာသောရဟန်းအပေါင်းနှင့်တကွ ကြွတော်မူလေ၏။ ။(များစွာသော ရဟန်းသံဃာအပေါင်းနှင့်ဆိုရာ၌ အဘယ်မျှလောက်ရဟန်းသံဃာ များလေသနည်း ဟူတုံအံ့။ ဝေဠုဝဂ္ဂရွာ၌ ဝေဒနာကိုခွါတော်မူသည်မှစ၍ မကြာမြင့်မီ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူလတ္တံ့ဟု ကြား၍ ထိုထိုသောအရပ်တို့မှလာကုန်သော ရဟန်းအပေါင်းတို့တွင် တယောက်သောရဟန်းသည်မျှလည်းဖဲသောမည်သည်မရှိ။ ထို့ကြောင့် ရေတွက်ခြင်း အစဉ်ကိုလွန်သော ရဟန်းသံဃာသည်ဖြစ်၏)။ ။ထိုများစွာသော ရဟန်းအပေါင်းနှင့်တကွ ကြွတော်မူ၍။ အကြင်အရပ်၌ ဟိရညဝတီမြစ်၏ထိုမှာဘက်ကမ်းသည်ရှိ၏။ အကြင်အရပ်၌ ကုသိနာရုံပြည်မှ ဥပဝတ္တနဖြစ်သောမလ္လာမင်းတို့၏အင်ကြင်းတောသည် ရှိ၏။ ထိုအရပ်သို့ကပ်တော်မူ၍ အရှင်အာနန္ဒာကို ခေါ်တော်မူ၏။ အာနန္ဒာ၊ ငါတို့ကိုတွန်းပါ၏။ သင်သည် ငါ့အား အစုံသောအင်ကြင်းပင်ပျိုတို့၏ အကြား၌ မြောက်သို့ ဦးခေါင်းပြု၍ မလ္လာမင်းတို့သည် သုံးဆောင်အပ်သော ညောင်စောင်းကို ခင်းပါလော့။ ငါသည် ပင်ပန်းလှသည်ဖြစ်၏။ အာနန္ဒာ၊ ငါသည် ပင်ပန်းလှသည်ဖြစ်၍ လျောင်းပါအံ့ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာသည်လည်း ကောင်းပါပြီအရှင်ဘုရားဟု စကားတော်ကို ဝန်ခံတော်မူ၍၊ အစုံသော အင်ကြင်းပင်ပျိုတို့၏အကြား၌ မြောက်သို့ ဦးခေါင်းပြု၍မလ္လာမင်းတို့၏ညောင်စောင်းကိုခင်းပေ၏။ ။

(ဥပဝတ္တနဖြစ်သော အင်ကြင်းတောဟူသည်ကား၊ သိဟိုဠ်ကျွန်း၌ အနုရာဓပြည်၏ အရှေ့အနောက်၊ ကလမ္ဗနဒီမြစ်နားမှ သက်၍ ရာဇမာတုကျောင်း၏ တံခါးဖြင့် ထူပါရုံသို့ သွားအပ်သကဲ့သို့။ ထို့အတူ ဟိရည

www.dhammaransi.com



ဝတီမြစ်၏ အနောက်ဘက်မှ အင်ကြင်းတော ဥယျာဉ်သို့ သွားအပ်၏။ အနုရာဓပြည်၏တောင်မျက်နှာမှ တောင်တံခါး၏အနောက်ဘက်၌ ထုပါရုံသည်ရှိသကဲ့သို့။ ထိုအတူ ထိုအင်ကြင်းတောသည်ရှိ၏။ ထုပါရုံမှ တောင်တံခါးဖြင့်မြို့သို့ဝင်သောခရီးသည်အရှေ့သို့ရှေးရှုသွား၍မြောက်အရပ်ဖြင့်လည်သကဲ့သို့။ ထိုအတူ ဥယျာဉ်မှအင်ကြင်းတောသည် အရှေ့သို့သွား၍မြောက်သို့လည်၏။ ဤသို့ဥပဝတ္တနအရကို သုတ်မဟာဝါအဋ္ဌကထာ မဟာပရိနိဗ္ဗာနသုတ်အဖွင့်၌ ဆို၏။ ဤသို့ဆိုသည့်အလိုသော်ကား။ အင်ကြင်းတောသည် ကုသိနာရုံပြည်၏တောင်မျက်နှာအနောက်အဘို့၌ကဲ့သို့ ဖြစ်၏။ တပါးသောအဋ္ဌကထာ၌ကား။ ကုသိနာရုံပြည်၏အရှေ့မြောက်ထောင့်၌အင်ကြင်းတောသည်ရှိ၏။ အင်ကြင်းတောသည် အရှေ့သို့ရှေးရှုသွား၍တောင်သို့လည်၏။ မြော်သို့ဦးခေါင်းပြု၍ လက်ျာနံပါးဖြင့် လျောင်းတော်မူသော မြတ်စွာဘုရား၏ မျက်နှာတော်ကို မြို့မြောက်တံခါးဖြင့် ထွက်၍လာသောသူတို့သည် အဝေးမှမြင်ကုန်၏ဟူ၍ဆို၏)။ ။အာနန္ဒာ၊ငါပင်ပန်း၍သည်ဖြစ်၏ဟူ၍ဆိုရာ၌။ ဂေါစရိယဆင်။ ကာဠာဝကဆင်။ ဂင်္ဂေယျဆင်။ ပိင်္ဂလဆင်။ ပဗ္ဗတေယျကဆင်။ ဟေမဝတဆင်။ တမ္ဗဆင်။ မန္ဒာကိရိဆင်၊ ဥပေါသထဆင်။ ဆဒ္ဒန္တဆင် ဟူ၍ ဆယ်ပါးသောဆင်မျိုးတို့တွင်။ဂေါစရိယဟုဆိုအပ်သောပကတိဆင်ဆယ်စီးတို့အားသည်။ တခုသော ကာဠာဝကဆင်၏ အားဖြစ်၏။ ကာဠာဝကဆင်ဆယ်စီးတို့၏အားသည် ဂင်္ဂေယျဆင်တစီး၏ အားဖြစ်၏။ဤသို့ အစရှိသည်ဖြင့် ဆယ်ကြိမ်မြောက်၍ပွါးသောအရေအတွက်ဖြင့် ကုဋေတထောင် အရေအတွက်ရှိသော ပကတိဆင်တို့၏အားနှင့်မျှသော ဆဒ္ဒန်ဆင် ဆယ်စီးတို့၏အားသည် မြတ်စွာဘုရားအားတော်ဖြစ်၏။ ထိုအားတော်သည် ရန္တပန်းထိမ်သည်၏ဆွမ်းကိုဘုဉ်းပေးတော်မူသည်မှစ၍။ကောသောအရပ်၌ထည့်အပ်သောရေကဲ့သို့ ကုန်ခြင်းသို့ရောက်သည်ဖြစ်၏။ပါဝါမြို့မှသည် ကုသိနာရုံပြည်သို့သုံးဂါဝုတ်မျှခြား၏။ထိုမျှလောက်အတွင်း၌နှစ်ဆဲ့ငါးကြိမ်နားနေတော်မူ၍ ကြိုးစွာသော အားထုတ်ခြင်းဖြင့် ကြွတော်မူသော မြတ်စွာဘုရားသည် နေဝင်သောအခါ ဆည်းဆာရောင်ဖြင့် အင်ကြင်းတောသို့ဝင်တော်မူရလေ၏။ဤသို့ လျှင်အနာဟူသည်ကား အလုံးစုံသောအနာမရှိသောအဖြစ်ကို နှိပ်နင်းလျက်လာသတည်း။ ဤအကြောင်းကိုပြတော်မူသကဲ့သို့။အလုံးစုံသော

www.dhammaransi.com



လူအပေါင်းတို့အား ထိတ်လန့်ခြင်းကိုဖြစ်စေတတ်သောစကားကိုမြွက်တော်မူလျက်။အာနန္ဒာ၊ငါဘုရားပင်ပန်းတော်မူလှ၏။ လျောင်းတော်မူအံ့ဟူသောစကားကိုဆိုတော်မူသတည်း။ ။

အဘယ်ကြောင့်ကား မြတ်စွာဘုရားသည် ဤသို့ကြီးစွာသောအားထုတ်ခြင်းဖြင့် ဤကုသိနာရုံ ပြည်သို့ လာတော်မူသနည်း။ တပါးသောအရပ်တို့၌ ပရိနိဗ္ဗာန်ပြုအံ့သော်ငြါ မတတ်ကောင်း သလော ဟူတုံအံ့။ တစုံတခုသောအရပ်၌ ပရိနိဗ္ဗာန်ပြုအံ့သော်ငြါ မကောင်းသည်မဟုတ်။ သုံးပါးသော အကြောင်းတို့ဖြင့်ကား ဤကုသိနာရုံ ပြည်သို့ လာတော်မူသတည်း။ သုံးပါးသောအကြောင်းကို ဤသို့ မြင်တော်မူ၏။ ငါသည် တပါးသောအရပ်၌ ပရိနိဗ္ဗာန် ပြုတော်မူသည်ရှိသော် မဟာသုဒဿနသုတ်၏အဖွဲ့ပွတ္တိသည်မဖြစ်လတ္တံ့။ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုသော်ကား။ ငါသည် မဟာသုဒဿနစကြာမင်း ဖြစ်သောအခါ နတ်ပြည်၌ ခံစားအပ်သော အကြင်စည်းစိမ်ချမ်းသာကို လူ့ပြည်၌ပင် ခံစားဘူး၏။ ထိုစည်းစိမ်ချမ်းသာကို နှစ်ခုသော ဘာဏဝါရတို့ဖြင့် တန်ဆာဆင်၍ ဟောအံ့။ ထိုငါ၏သုတ္တန်တရားကို ကြား၍ များစွာသော လူတို့သည် ကုသိုလ်ကောင်းမှုကို ပြုအပ်၏ဟူ၍ အောက်မေ့ကုန်လတ္တံ့။ ဤသို့မြင်တော်မူ၏။ တပါးတုံလည်း။တပါးသောအရပ်၌ ပရိနိဗ္ဗာန်ပြုသောငါ့ကို ဥဒိစ္စပုဏ္ဏားမျိုးမှ ပရိဗိုဇ်ရဟန်းပြုသောသုဘဒ္ဒသည် မဖူးမြင်ရလတ္တံ့။ ထိုသုဘဒ္ဒသည်လည်း ဗုဒ္ဓ ဝေနေယျလျှင်တည်း။ သာဝက ဝေနေယျ မဟုတ်။ထိုသုဘဒ္ဒကို သာဝကတို့သည် မဆုံးမနိုင်ကုန်လတ္တံ့။ကုသိနာရုံ၌ပရိနိဗ္ဗာန်ပြုသော်ကား၊ငါ့ကို ထိုသုဘဒ္ဒသည်ကပ်လာ၍ပြဿနာကို မေးလတ္တံ့။ ပြဿနာကို ဖြေသောအဆုံး၌ သရဏဂုံတို့၌တည်၍ ငါ၏အထံ၌ ရဟန်းပဉ္စင်းအဖြစ်ကိုရ၍ ကမ္မဋ္ဌာန်းကိုယူ၍ ငါထင်ရှားရှိစဉ်ပင်လျှင် ရဟန္တာအဖြစ်သို့ရောက်၍ နောက်ဆုံးမျက်မှောက် သာဝကသည်ဖြစ်လတ္တံ့။ ဤသို့လည်းမြင်တော်မူ၏။ တပါးတုံလည်း၊ ငါသည် တပါးသောအရပ်၌ ပရိနိဗ္ဗာန်ပြုသည်ရှိသော် ဓာတ်တော်ဝေရာ၌ကြီးစွာသော ငြင်းခုံခြင်းသည် ဖြစ်လတ္တံ့။ သွေးသည် မြစ်ကဲ့သို့ စီးလတ္တံ့။ ကုသိနာရုံ၌ ပရိနိဗ္ဗာန်ပြုသော်ကား။ ဒေါဏပုဏ္ဏားသည် ထိုငြင်းခုံခြင်းကိုငြိမ်းစေ၍ ဓာတ်တော်ကိုခွဲဝေလတ္တံ့။ ဤသို့လည်းမြင်တော်မူ၏။ ဤအကြောင်း သုံးပါးတို့ကြောင့် မြတ်စွာဘုရားသည် ကြီးစွာသောအား

www.dhammaransi.com



ထုတ်တော်မူခြင်းဖြင့် သုံးဂါဝုတ်မျှသော ခရီး၌ နှစ်ဆဲ့ငါးထောက် နားတော်မူ၍ကုသိနာရုံပြည်သို့လာတော်မူသတည်း။ ။

အရှင်အာနန္ဒာ ညောင်စောင်းခင်းပြီးသော အခါ၌။ မြတ်စွာဘုရားသည်မြောက်သို့ဦးခေါင်းပြုတော်မူ၍လက်ျာနံပါးဖြင့်စောင်း၍။လက်ျာခြေတော်၌ လက်ဝဲခြေတော်ကို ဖမျက်ရိုးချင်းပုဆစ်ရိုးချင်းမထိစေဘဲ။ စဉ်းငယ်လွန်သဖြင့်တင်၍၊ ကာမဘောဂီသေယျ၊ ပေတသေယျ၊သီဟသေယျ၊ တထာဂတသေယျဟူ၍ အိပ်ခြင်းလေးပါးတို့တွင်။ ခြင်္သေ့မင်း၏အိပ်ခြင်းဟုဆိုအပ်သော သီဟသေယျကို သတိသမ္ပဇဉ်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ပြုတော်မူ၏။ မထသော အိပ်ခြင်းဖြင့် အိပ်တော်မူသောကြောင့် ထအံ့ဟူသော အမှတ်ကို ပြု၍ဟု-ဥဋ္ဌာနသညံ့ မနသိကရိတွာ-ဟူသောစကားကို ဤနေရာ၌မဆိုသတည်း။ မထဟူသည်လည်း ကိုယ်တော်ဖြင့်သာမထသတည်း။ အိပ်ခြင်း၏အစွမ်းဖြင့်ကား။ ကည၌ပတ်လုံး မြတ်စွာဘုရားအားဘဝင်စိတ်မျှသော်လည်းမဖြစ်ရ။ ညဦးယံ၌ မလ္လာမင်းတို့အား တရားဟောရ၏။ သန်ခေါင်ယံ၌ သုဘဒ္ဒကိုဆုံးမသဖြင့်တရားဟောရ၏။မိုးသောက်ယံ၌ရဟန်းသံဃာကိုဆုံးမတော်မူရ၏။ မိုးသောက် အားကြီးသောအခါ၌ ပရိနိဗ္ဗာန် ပြုတော်မူရ၏။ ။ထိုသို့ မြတ်စွာဘုရားသခင်သည် လက်ျာနံတောင်းဖြင့် လျောင်းတော်မူသော အခါ၌။ခြေတော်ရင်း၌ တပင်၊ဦးခေါင်းတော်ရင်း၌တပင်အားဖြင့် အစုံသောအင်ကြင်းပင်ပျိုတို့သည်ပင်လုံးကျွတ်ပွင့်ကုန်၏။ အခါမဲ့အင်ကြင်းပန်းတို့ဖြင့် မြတ်စွာဘုရား ကိုယ်တော်ကို ကြဲကုန်၏။ လွှမ်းမိုး သဖြင့် ကြဲကုန်၏။ မြတ်စွာ ဘုရားအား ပူဇော်ခြင်းငှါ ဘုမ္မစိုဝ်း နတ်တို့သည် ကောင်းစွာလှုပ်အပ်သော ပင်စည်အခက်အခွရှိကုန်သည်ဖြစ်၍၊ မြတ်စွာဘုရားကိုယ်တော်၏ အထက်၌ ဖရိဖရဲကြဲသကဲ့သို့ ကြွေကျကုန်၏။ စင်စစ်သော်ကား ထိုအစုံသော အင်ကြင်းပင်ပျိုတို့သည်သာ မဟုတ်သေး။ထိုဥယျာဉ်၌အလုံးစုံသောသစ်ပင်တို့သည် ပင်လုံးကျွတ်အရင်းမှ အဖျားသို့တိုင်အောင် ပွင့်ကုန်၏။ စင်စစ်သော်ကား ထိုဥယျာဉ်၌သာ မဟုတ်သေး။အလုံးစုံသော တသောင်းသောစကြာဝဠာတိုက်၌။ အပွင့်ကိုဆောင်ကုန်သော သစ်ပင်တို့သည် ပင်လုံးကျွတ်ပွင့်ကုန်၏။ အသီးကိုဆောင်ကုန်သောသစ်ပင်တို့သည် ပင်လုံးကျွတ်သီးကုန်၏။ ခပ်သိမ်းသောသစ်ပင်တို့၏ပင်စည်တို့၌ ပင်စည်ပဒုမာကြာတို့သည် ပွင့်ကုန်၏။

www.dhammaransi.com



အခက်တို့၌ အခက်ပဒုမာကြာတို့သည် ပွင့်ကုန်၏။ အနွယ်တို့၌ အနွယ် ပဒုမာကြာတို့သည်ပွင့်၏။ ကောင်းကင်တို့၌ ကောင်းကင်ပဒုမာကြာတို့ သည်ပွင့်ကုန်၏။ မြေအပြင်ကိုခွဲ၍ ဒဏ္ဍပဒုမာကြာတို့သည် ပွင့်ကုန်၏။ အလုံးစုံသော သမုဒြာ၌ ငါးပါးသော ကြာမျိုးတို့ဖြင့် ဖုံးလွှမ်းသည်ဖြစ် ၏။ ယူဇနာသုံးထောင်အပြန့်ရှိသော ဟိမဝန္တာတောသည် တခဲနက်ဘွဲ့ အပ်သော ဥဒေါင်းမြီးစည်းကဲ့သို့။ အခြားမဲ့ဆွဲသောပန်းဆိုင်းကွန်ရက် ကဲ့သို့။ ကောင်းစွာညွတ်၍ဘွဲ့အပ်သော ပန်းဦးဆောက်ကဲ့သို့။ ကောင်း စွာပြည့်စေအပ်သော ပန်းကာလင်ကဲ့သို့။ အလွန်နှလုံးမွေ့လျော်ဘွယ်ရှိ သည်ဖြစ်၏။ နတ်ပြည်တွင်နန္ဒာရေကန်၌ဖြစ်ကုန်သော၊ ရွှေအဆင်းနှင့် တူသော အဆင်းရှိကုန်သော၊ သစ်ရွက် ထီးဝန်းပမာဏ ရှိကုန်သော တကုဋ္ဌုံမျှလောက်ကုန်သော ဝတ်မှုံရှိကုန်သော ထင်ရှားပန်းတို့သည် မြတ်စွာဘုရားအား ပူဇော်ခြင်းငှါ နတ်ပြည်မှ ကျလာကုန်၍ မြတ်စွာ ဘုရား၏ ကိုယ်တော်အထက်၌ ဖရိုဖရဲကြွကုန်၏။ မပြတ်လျှင် အဘန် တလဲလဲ အပြားအားဖြင့်ကြွကုန်၏။ ထင်ရှားပန်းဖြင့်သာ ကြွကုန်သည် မဟုတ်။ နတ်ပြည်၌ဖြစ်ကုန်သော မဟာလှေကားပန်း၊ ပင်လယ်ကသစ် ပန်းအစရှိသည်တို့ကို ရွှေပန်းတောင်းတို့၌ပြည့်စေ၍ စကြဝဠာအနား ရေး၌ရင်း၊ တာဝတိံသာနတ်ပြည်၌ရင်း၊ ဗြဟ္မာ့ပြည်၌ရင်း တည်ကုန် သော နတ်ဗြဟ္မာအပေါင်းတို့သည် မြတ်စွာဘုရားအား ပူဇော်ချီးမြှော် အပ်ကုန်သည်ဖြစ်၍ ကောင်းကင်မှ ကျကုန်၍ မြတ်စွာဘုရား၏ ကိုယ် တော်အထက်၌ ဖရိုဖရဲကြွကုန်၏။ ခရီးအကြား၌မလွင့်ပါးဘဲလာကုန် ၍၊ ပွင့်ချပ်ဝတ်ဆံမှုံတို့ဖြင့် မြတ်စွာဘုရား ကိုယ်တော်ကို ကြွကုန်၏။ နတ်ပြည်၌ဖြစ်သောစန္ဒကူးမှုန့်တို့သည် မြတ်စွာဘုရားအား ပူဇော်ခြင်း ငှါနတ်တို့သည် ကြဲမြှောက်အပ်ကုန်သည်ဖြစ်၍ ကောင်းကင်မှကျလာ ပြီးလျှင် မြတ်စွာဘုရား၏ကိုယ်တော်၌ ဖရိုဖရဲကြွကုန်၏။ မပြတ်အဘန် တလဲလဲအပြားအားဖြင့်ကြွကုန်၏။ နဂါးဂဠုန်လူတို့သည်လည်း မိမိတို့ သုံးဆောင်အပ်သော စန္ဒကူးမှုန့်တို့ကို မြတ်စွာဘုရားအား ပူဇော်ခြင်း ငှါကြဲကုန်၏။ အကျော်၊ ကရမက်၊ စန္ဒကူးနီ အစရှိကုန်သော နတ်တို့၏ နံ့သာမျိုးဖြစ်ကုန်သော အမှုန့်တို့ကိုရင်း၊ ဆေးဒန်းမြင်းသီလာ၊ မျက်စဉ်း၊ ရွှေငွေအမှုန့်တို့ကိုရင်း။ အလုံးစုံသောနတ်၌ဖြစ်သော နံ့သာအထုးတို့ကို ရင်း ရွှေကလပ်ငွေကလပ်တို့ကိုပြည့်စေ၍၊ စကြဝဠာတောင်အနားရေး

www.dhammaransi.com



စသည်၌တည်ကုန်သောနတ်တို့သည် မြတ်စွာဘုရားကို ပူဇော်ခြင်းငှါ ကြံပစ်အပ်သည်ဖြစ်၍ ကောင်းကင်မှကျလာကုန်၍၊ ခရီးအကြား၌ ဖရိုဖရဲ မလွင့်မပါးမူ၍ မြတ်စွာဘုရား၏ကိုယ်တော်၌သာ ကြဲဖြန့်ကျလာကုန်၏။ နတ်၌ဖြစ်ကုန်သော စည်စောင်းငြင်းတို့သည် မြတ်စွာဘုရားအားပူဇော်ခြင်းငှါ နတ်တို့သည် တီးမှုတ်အပ်ကုန်သည်ဖြစ်၍ ကောင်းကင်ပြင်၌မြည်ကုန်၏။စင်စစ်သော်ကား။ စည်စောင်းငြင်းစသောပဉ္စင်္ဂတူရိယာတို့သာမဟုတ်ကုန်သေး။ အညှိုဖွဲ့အပ်ကုန်သော၊ သားရေဖြင့်မြှေးရံအင်ကုန်သော တခဲနက်သောစည်၊ အခေါင်းရှိသောစည်စသည်အပြားရှိကုန်သော၊စောင်း၊လက်ချပ်၊ ပြွေအစရှိကုန်သော၊ တသောင်းသောစကြဝဠာ၌နေကုန်သော နတ်နဂါးဂဗ္ဗုန်တို့၏ စည်မျိုးဟူသမျှတို့သည်။ ဤစကြဝဠာတခုတည်း၌ စည်းဝေးလာကုန်၍ မြတ်စွာဘုရားကိုပူဇော်ခြင်းငှါတီးမှုတ်ကုန်သဖြင့် ကောင်းကင်ပြင်၌မြည်ကုန်၏၊ ထိုနတ်တို့၏ သီချင်းသည်တို့သည်လည်း မြတ်စွာဘုရားသခင်ကို ပူဇော်ခြင်းငှါတသောင်းသောစကြဝဠာမှလာရောက်ကုန်၍ ကောင်းကင်ပြင်၌သီကုန်၏။ ။ဝရုဏနတ်၊ ဝါရဏနတ်၊ ဤနတ်တို့သည်ကား ရှည်သောအသက်ရှိကုန်၏။ ထိုနတ်တို့သည် ယောကျာ်းမြတ်ဖြစ်သော သေတကေတုနတ်သားသည် လူ့ပြည်၌ဖြစ်၍ ဘုရားဖြစ်လတ္တံ့ဟု ကျော်စောသောအသံကို ကြား၍ ပဋိသန္ဓေယူသောနေ့၌ ပန်းကုံးကိုယူ၍ ပူဇော်လာအံ့ဟု ကြံပြီးလျှင် ပန်းကုံးအံ့သောငှါ အားထုတ်ကုန်၏။ ထိုနတ်နှစ်ယောက်တို့ ပန်းကုံးစဉ် ယောကျာ်းမြတ်သည် မယ်တော်ဝမ်း၌ ဖြစ်ပြီကြား၍။အခြားနတ်တို့ကသင်တို့သည် အဘယ်သူအလို့ငှါ ပန်းကုံးကုံးသနည်းဟုဆိုအပ်ကုန်သော်။ထိုနတ်တို့သည် ယခုအခါ၌ ငါတို့ပန်းကုံးသည်မပြီးသေး၍၊ ပဋိသန္ဓေယူသောအခါ၌ မပူဇော်ရလျှင်ရှိစေ။ မယ်တော်ဝမ်းမှ ဘွားသောအခါ ယူ၍ သွားကုန်အံ့ဟု ဆိုကုန်၏။ တဘန်ဘွားတော်မူပြီဟုကြားပြန်သော် တောထွက်သောနေ့၌ ယူ၍သွားအံ့ဟုဆိုကုန်၏။ နှစ်ဆဲ့ကိုးနှစ်ပက်လုံး လူတို့၏ဘောင်၌ နေပြီး၍။ ယခု မြတ်သော တောထွက်ခြင်းကို ထွက်ပြီဟု ကြားပြန်သော်။ သစ္စာလေးပါးတရားကိုသိသောနေ့၌ ယူ၍သွားကုန်အံ့ဟု ဆိုကုန်၏။ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်ပြီး၍ ယခု ဘုရားဖြစ်ပြီဟု ကြားပြန်သော်။ ဓမ္မစကြာတရားဟောသောအခါ ယူ၍သွားကုန်အံ့ဟု ဆိုကုန်၏။ လေးဆဲ့

www.dhammaransi.com



ကိုးရက်အလွန် ဗောဓိမဏ္ဍိုလ်အနီး၌ နေ၍။ ဣသိပတန မိဂဒါဝုန်သို့ သွား၍ ဓမ္မစကြာတရားကိုဟောတော်မူပြီဟု ကြားပြန်သော်။ ယမိုက်ပြာဋိဟာပြသောနေ့၌ ယူ၍ ပူဇော်ကုန်အံ့ဟု ဆိုကုန်၏။ ခြောက်ဝါဆိုတော်မူပြီး၍၊ ခုနစ်ဝါမြောက် ဝါမဆိုမီ၊ ဝါဆိုလပြည့်နေ့ ယမိုက်ပြာဋိဟာပြတော်မူပြီဟု ကြားပြန်သော်။ နတ်ပြည်မှသက်သောအခါ ယူ၍ သွားကုန်အံ့ဟုဆိုကုန်၏။ သုံးလတို့ပတ်လုံးဝါဆိုပြီး၍ နတ်ပြည်မှသက်ပြီဟုကြားပြန်သော်။ အာယုသင်္ခါရလွှတ်သောအခါ ယူ၍သွားအံ့ဟုဆိုကုန်၏။ယခုအခါအာယုသင်္ခါရလွှတ်တော်မူပြီဟု ကြားပြန်သော်။ယခုလည်း မပြီးသေးဖြစ်၍၊ ပရိနိဗ္ဗာန်ပြုသောနေ့၌ ယူ၍သွားကုန်အံ့ဟု ဆိုကုန်၏။ယခုအခါ မြတ်စွာဘုရားသည် အစုံသောအင်ကြင်းပင်ပျိုတို့၏ အကြား၌ ပရိနိဗ္ဗာန် ပြုတော်မူခြင်းသည် ဖြစ်လတ္တံ့။ သင်တို့သည် အဘယ်သူ့အား ပူဇော်အံ့သော်ငှါ ကုံးကုန်သနည်းဟု ဆိုသောစကားကို ကြားပြန်၍။ ဤသို့ဖြစ်ခြင်းသည် အသို့နည်း။ ယနေ့ပင် ပဋိသန္ဓေယူ၍။ ယနေ့ပင်ဘွားတော်မူ၏၊ ယနေ့ပင်တောထွက်တော်မူ၏။ ယနေ့ပင်ဒုက္ကရစရိယာကျင့်တော်မူ၏၊ ယနေ့ပင်ဘုရားဖြစ်တော်မူ၏။ ယနေ့ပင် ဓမ္မစကြာတရား ဟောတော်မူ၏။ ယနေ့ပင် ယမိုက်ပြာဋိဟာပြတော်မူ၏။ ယနေ့ပင် နတ်ပြည်မှသက်တော်မူ၏။ ယနေ့ပင် အာယုသင်္ခါရ လွှတ်တော်မူ၏။ ယနေ့ပင် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့သတတ်။ငါတို့နတ်ပြည်ဝယ် နှစ်ရက်မြောက်သောနေ့ နံနက်၌ ယာဂုသောက်သောကာလပတ်လုံးမျှလည်း တည်တော်မူကောင်းပါသည် မဟုတ်တုံလော။ ဆယ်ပါးသောပါရမီတို့ကိုဖြည့်၍ ဘုရားအဖြစ်သို့ရောက်တော်မူသော မြတ်စွာဘုရားအား ဤသို့သောဖြစ်ခြင်းသည် မလျောက်ပတ်လေတကားဟုဆိုကုန်၍။ မပြီးသေးသောပန်းကုံးကိုပင်ယူ၍ လာခဲ့ကုန်သော်။ စကြဝဠာတိုက်ထဲ၌ နေရာကိုမရကုန်သောကြောင့်။ စကြဝဠာမျက်နှာဝ အနားရေး၌ ပန်းကုံးကိုဆွဲ၍ ဂကြဝဠာအနားရေး၌သာလျှင် ပြေးကုန်လျက်။ လက်ဖြင့်လက်ကိုကိုင်၍ လည်ဖြင့်လည်ကိုရက်၍ ရဘနာသုံးပါးတို့ကို အာရုံပြု၍။ သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်၏လက္ခဏာ။ ရောင်ခြည်တော်ခြောက်သွယ်။ ပါရမီတော် ဆယ်ပါး။ အခွဲနှင့်တကွ ခြောက်ရာသောဇာတ်တော်။ တဆဲ့လေးပါးသောဗုဒ္ဓဂုဏ်တော်တို့ကိုအကြောင်းပြု၍ သီချင်းဘွဲ့ပြီးလျှင် ထိုထိုသို့သောသီချင်း၏အဆုံး၌ မဟာယသော

www.dhammaransi.com



မဟာယသောဟု ဆိုကုန်၏။ ထိုသို့ သိကုန်သောနတ်၏ သိချင်းသံတို့သည့်ကောင်းကင်ပြင်၌ဖြစ်ကုန်၏။ ။

ထိုရောအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုခေါ်၍ မိန့်တော်မူ၏။ အာနန္ဒာ၊အင်ကြင်းပင်ပျိုအစုံတို့သည်အခါမဲ့ပင်လုံးကျွတ်ပွင့်ကုန်သဖြင့် ငါဘုရားအားပူဇော်ခြင်း၄ါ ငါဘုရား၏ကိုယ်တော်ကို ပန်းပွင့်တို့ဖြင့် ကြဲကုန်၏။ နတ်ပြည်၌ဖြစ်သောထင်ရှားပန်းတို့သည် ငါဘုရားအား ပူဇော်ခြင်း၄ါ ကောင်းကင်မှကျ၍ ငါဘုရားကိုယ်တော်ကိုကြဲလာကုန်၏။နတ်၌ဖြစ်သောစန္ဒကူးမှုန့်တို့သည်ငါ့အားပူဇော်ခြင်း၄ါကောင်းကင်မှကျကုန်၍ ငါဘုရားကိုလွှမ်းမိုး၍ကြဲကုန်၏။ နတ်၌ဖြစ်သောစည်စောင်းငြင်း အစရှိသော တူရိယာငါးပါးတို့သည် ငါ့ကို ပူဇော်ခြင်း၄ါ ကောင်းကင်ပြင်၌တီးမှုတ်ကုန်၏။နတ်၌ဖြစ်သောသီချင်းတို့သည်ငါ့ကို ပူဇော်ခြင်း၄ါ ကောင်းကင်ပြင်၌ ဖြစ်ကုန်၏ ဟူ၍။ မြတ်စွာဘုရား အင်ကြင်းပင်စုံကြား၌ လက်ျာနံပါးဖြင့် လျောင်းတော်မူသောအခါ၌လျှင်။ မြေမှစ၍ စကြဝဠာ မျက်နှာဝအနားမှ ဖြဟ္မာ့ပြည်တိုင်အောင် စည်းဝေးကုန်သော နတ်ပရိသတ်တို့၏ မြတ်စွာဘုရားအား ပူဇော်ခြင်း၄ါ ကြီးစွာသောအားထုတ်ခြင်းကိုမြင်တော်မူ၍ အရှင်အာနန္ဒာအား ကြားတော်မူပြီး၍။ ချစ်သားအာနန္ဒာ၊ ဤမျှအတိုင်းအရှည်ရှိသော ပူဇော်ခြင်းဖြင့်လည်း။ ငါဘုရားကိုအရိုအသေပြုအပ်သည်၊အလေးအမြတ်ပြုအပ်သည်၊မြတ်နိုးအပ်သည်၊ကျိုးနွံအပ်သည်မဖြစ်သေး။ အာနန္ဒာ၊ ငါဘုရားသည် ဒီပင်္ကရာမြတ်စွာဘုရားခြေတော်ရင်း၌ဗျာဒိတ်ရခြင်းအကြောင်း တရားရှစ်ပါးကို ပေါင်း၍ ဆုတောင်းခြင်းကိုပြုသော်။ ပန်းနံ့သာ၊ စည်စောင်းငြင်း၊ သီချင်းတို့ကို ရခြင်း၏အကျိုး၄ါ ဆုတောင်းခြင်းကို ငါမပြုအပ်။ ထိုပူဇော်သက္ကာရအလို့၄ါ ပါရမီကိုမဖြည့်။ ထို့ကြောင့် ငါ့အားပူဇော်သည်မဖြစ်ဟူ၍မိန့်တော်မူ၏။ ။အဘယ်ကြောင့်ကား။မြတ်စွာဘုရားသည် တပါးသောအရာ၌။ အောက်မည်းညိုပွင့်တပွင့်မျှကိုလည်း ဘုရားဂုဏ်ကိုဆင်ခြင်၍ ပူဇော်ခြင်း၏အကျိုးကို ဘုရားရှင့်ဉာဏ်တော်ဖြင့်လည်း မပိုင်းခြားနိုင်ဟု ချီးမွမ်းတော်မူပြီးလျက်။ ဤအခါ၌ ကြီးစွာသောပူဇော်ခြင်းတို့ကိုပယ်တော်မူလေသနည်း ဟူတုံအံ့။ ပရိသတ်ကို ချီးမြှောက်လိုသဖြင့်ရင်း၊ သာသနာတော်မြတ်၏ အရှည်တည်ခြင်းကို အလိုရှိသဖြင့်ရင်း ပယ်တော်မူသတည်း။အကယ်၍မြတ်စွာဘုရားသည်

www.dhammaransi.com



ပယ်တော် မမူအံ့။ နောက်အခါ သီလအရာ၌ သီလကို မပြည့်စေကုန်
လတ္တံ့။ သမာဓိအရာ၌ သမာဓိကိုမပြည့်စေကုန်လတ္တံ့။ ဝိပဿနာအရာ၌
ဝိပဿနာတိုက်ကိုမပွါးစေလတ္တံ့။ အလုပ်အကျွေးဒါယကာတို့ကို အာ
မိသပူဇာအရာ၌သာ ဆောက်တည်စေ၍၊ ပူဇော်ခြင်းကိုသာ ပြုစေကုန်
လတ္တံ့။ ဤအာမိသပူဇာမည်သည်လည်း။ သာသနာတော်ကို တရက်မျှ
ရင်း၊ ယာဂုတကျိုက်သောက်မျှရင်းတည်စေခြင်းငှါမတတ်နိုင်။ သိဟိုဠ်
ကျွန်း၌မဟာဝိဟာရကျောင်းကဲ့သို့ တထောင်သောကျောင်းသည်ရင်း။
မဟာစေတီကဲ့သို့ တထောင်သော စေတီသည်ရင်း။ သာသနာတော်
ကိုတည်စေခြင်းငှါမတတ်နိုင်။ အကြင်သူသည် ကောင်းမှုကိုပြု၏။ ထို
သူအားသာလျှင်အကျိုးရ၏။ ကောင်းသောအကျင့်သည်သာလျှင် မြတ်
စွာဘုရားအား လျောက်ပတ်သော ပူဇော်ခြင်းမည်၏။ ထိုဓမ္မပူဇာသည်
ကား ထိုမြတ်စွာဘုရားသည်လည်း တောင့်တ တော်မူ၏။ သာသနာ
တော်ကိုလည်း တည်စေနိုင်၏။ ထို့ကြောင့် ထိုဓမ္မာနုဓမ္မပဋိပတ်ကိုပြု
တော်မူခြင်းငှါ၊ အာနန္ဒာ၊ အကြင်ရဟန်းယောကျ်ားသည်ရင်း။ အကြင်
ရဟန်းမိန်းမသည်ရင်း။ အကြင်ဒါယကာယောကျ်ားသည်ရင်း။ အကြင်
ဒါယိကာမိန်းမသည်ရင်း။ လောကုတ္တရာတရားကိုးပါး၏ အလျော်ဖြစ်
သော မဂ်ဉာဏ်ဖိုလ်ဉာဏ်၏ ရှေ့အတို့၌ဖြစ်သောအကျင့်ကို ကျင့်၏။
ထိုရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာယောကျ်ား၊ ဥပါသိကာ
မိန်းမတို့သည်သာ ငါဘုရားကိုအရိုအသေအလေးအမြတ်ပြုသည်မည်
၏။ ပူဇော်သည်မည်၏။ မြတ်သောပူဇော်ခြင်းဖြင့် ပူဇော်သည်မည်၏။
ထို့ကြောင့်ရကား။ အာနန္ဒာ၊ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသ
ကာယောကျ်ား၊ ဥပါသိကာမိန်းမတို့သည် ငါတို့ လောကုတ္တရာတရား
ကိုးပါး၏ အလျော်ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်၏ ရှေ့အတို့၌ ဖြစ်
သောအကျင့်ကိုကျင့်ကုန်ရာ၏။ အရိုအသေကျင့်ကုန်ရာ၏။ အစဉ်ကျင့်
ကုန်ရာ၏။ ဤသို့ကျင့်၍ မြတ်သောအကျင့်ဖြင့် ပူဇော်ခြင်းသည် နိရာမိ
သပူဇာမည်၏။ ဤနိရာမိသပူဇာသည်သာလျှင် ငါဘုရား၏ သာသနာ
တော်ကိုတည်စေခြင်းငှါ တတ်နိုင်၏ဟု မိန့်တော်မူ၏။ ။ဤနိရာမိသ
ပူဇာဟု ဆိုအပ်သော လောကုတ္တရာတရားကိုးပါး၏အလျော်ဖြစ်သော
အကျင့်မည်သည်ကား။ ရဟန်းတို့အား သီလအာစာရပညတ်ဟု ဆို
အပ်သော ဝိနည်းသိက္ခာပုဒ်ကို ကျင့်ခြင်း။ ရတင်တေရသကို ဆောင်

www.dhammaransi.com



ခြင်းမှ ဝေါဟြဲသွတိုင်အောင် ဓမ္မာနုဓမ္မပဋိပဒါဟူသိအပ်၏။ ထို့ကြောင့် အကြင်ရဟန်းယောကျ်ားသည်၊ အငါရဝခြောက်ပါးတို့၌တည်၍ သိက္ခာပုဒ်ကိုလွန်ကျူး၏။ အနေသန မရှာမှီးအပ်သောရှာမှီးခြင်း နှစ်ဆဲ့တပါးဖြင့်အသက်မွေး၏။ ထိုရဟန်းယောကျ်ားသည် ဓမ္မာနုဓမ္မ လောကုတ္တရာတရားကိုးပါး၏ အလျော် ဖြစ်သော ပုဗ္ဗဘာဂပဋိပဒါဟုဆိုအပ်သောအကျင့်ကို မကျင့်။ ရဟန်းမိန်းမ၌လည်း ဤနည်းအတူတည်း။ အကြင်ရဟန်းယောကျ်ား ရဟန်းမိန်းမသည်ကား။ မြတ်စွာဘုရားသည် ပညတ်အပ်သော အလုံးစုံသောသိက္ခာပုဒ်တော်တို့ကို မလွန်ကျူးမူ၍ကျင့်၏။ ထိုရဟန်းယောကျ်ား ရဟန်းမိန်းမသည်၊ဓမ္မာနုဓမ္မဖြစ်သော ပုဗ္ဗဘာဂပဋိပဒါဟုဆိုအပ်သောအကျင့်ကို ကျင့်သည်မည်၏။ ဥပါသကာယောကျ်ား။ ဥပါသိကာမိန်းမတို့သည်လည်း။ ပဉ္စသီငါးပါးတို့ကိုမဆောက်တည်၊မကျင့်။ အကုသလကမ္မပထတရားဆယ်ပါးတို့ကိုဆောက်တည်၍ကျင့်၏။ ထိုယောကျ်ားမိန်းမတို့သည် ဓမ္မာနုဓမ္မပုဗ္ဗဘာဂပဋိပဒါဟုဆိုအပ်သော အကျင့်ကို ကျင့်သည်မမည်။ အကြင်ယောကျ်ားမိန်းမသည်ကား။သရဏဂုံသုံးပါးကိုကိုးကွယ်၏။ ပဉ္စသီငါးပါး၊ ဒသသီဆယ်ပါးကိုဖြည့်ကျင့်၏။ တလတလ၌ရှစ်ကြိမ်ဥပုသ်သီလကိုဆောက်တည်၍ကျင့်၏။ အလှူပေး၏။ ပန်းနံ့သာပူဇော်ခြင်းကိုပြု၏။ အမိအဘကို အရိုအသေအလေးအမြတ်လုပ်ကျွေး၏။ တရားနှင့်လျော်သောရဟန်းပုဏ္ဏားကို အရိုအသေလုပ်ကျွေး၏။ ထိုယောကျ်ားမိန်းမတို့သည်။ ပုဗ္ဗဘာဂပဋိပဒါ အကျင့်ကို ကျင့်သည်မည်၏။ ဤအကျင့်ကိုကျင့်သောသူသည်မြတ်စွာဘုရားအားအလွန်မြတ်သောပူဇော်ခြင်းဖြင့်ပူဇော်သည်မည်၏ဟုလိုသော်။ ။

---

၆၆။ ပရိနိဗ္ဗာန်ပြုတော်မူရာညောင်စောင်း၌လျောင်းလျက်၊ နတ်တို့၏အလိုကိုသိ၍ရှင်ဥပဝါဏထေရ်ကိုဖယ်ရှား စေတော်မူခြင်း။နတ်တို့ငိုကြွေးခြင်းတို့ကိုပြရာ။

ထိုရောအခါ၌အရှင်ဥပဝါဏသည်မြတ်စွာဘုရား၏ရှေ့တော်မှမြတ်စွာဘုရားကိုယပ်လေခပ်လျက်နေ၏။ ထိုအရှင်ဥပဝါဏသည် ပကတိအားဖြင့် ဆင်ငယ်၏ကိုယ်အတိုင်းအရှည်မျှလောက်ကြီးသော ကိုယ်ရှိ

www.dhammaransi.com



၏။ပံသုကူသင်္ကန်းကိုရုံလိုက်ပြန်သဖြင့် အလွန်ကြီးသကဲ့သို့ဖြစ်၏။ ထို ရောအခါမြတ်စွာဘုရားသည် အရှင်ဥပဝါဏကို၊ရဟန်း၊ဖဲလော့။ သင် သည် ငါ့ရှေ့၌မတည်လင့်ဟု မောင်းမဲ၏။မထေရ်သည် တခွန်းခြင်းဖြင့် ယပ်ကိုချ၍ ဟင့်အပ်ရာ၌နေလေ၏။ ထိုအခါ အရှင်အာနန္ဒာအား ဤသို့ သောအကြံသည် ဖြစ်၏၊ ဤအရှင်ဥပဝါဏသည် မြတ်စွာဘုရားပဋ္ဌမ ဗောဓိ၌မမြဲသောအလုပ်အကျွေးရှိသောအခါ၌ မြတ်စွာဘုရားကို လုပ် ကျွေးဘူး၏။ မြတ်စွာဘုရား၏အနီး၌ကျင်လည်ဘူး၏။ထိုသို့လျက် မြတ် စွာဘုရားသည် အဆုံးစွန်သော၍ကာလ၌၊ ရဟန်း၊ဖဲလော့။ သင်သည် ငါ၏ရှေ့မှမတည်လင့်ဟု အရှင်ဥပဝါဏကို မောင်းမဲတော်မူဘိ၏။ အ ဘယ်အကြောင်းရှိ၍ဥပဝါဏကိုဖဲလော့၊ ငါ့ရှေ့တွင်မနေလင့်ဟုမောင်း မဲလေသနည်းဟုအကြံဖြစ်၏။ ထိုရောအခါအရှင်အာနန္ဒာသည်မြတ်စွာ ဘုရားကို၊ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ဤအရှင်ဥပဝါဏသည် ရှင်ပင်ဘုရားအား ရှည်စွာသော နေ့ညဉ့် ပတ်လုံး လုပ်ကျွေးဘူးပါ၏။ အနီး၌ကျင်လည်ဘူးပါ၏။ထိုသို့လျက် ရှင်ပင်ဘုရားသည် ဤအဆုံးစွန် သောကာလ၌ အရှင်ဥပဝါဏကို၊ ဖဲလော့ရဟန်း၊ငါ့ရှေ့တွင် မနေလင့် ဟု မောင်းမဲတော်မူ၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ အကြောင်း အဘယ်သို့ရှိ၍ ရှင်ပင်ဘုရားသည် ဥပဝါဏကိုဖဲလော့ရဟန်း၊ ငါ့ရှေ့ တွင်မနေလင့်ဟု မောင်းမဲတော်မူသနည်းဟုလျှောက်၏။ အာနန္ဒာ၊ယေ ဘုယျအားဖြင့်၊ အသညသတ်ပြဟ္မာ၊ အရူပါဝစရပြဟ္မာတို့ကိုထား၍ တသောင်းသောလောကဓာတ်၌ နေကုန်သော နတ်တို့သည် ငါဘုရား ကိုဖူးမြင်အံ့သော၄ါ စည်းဝေးလာကုန်၏။ ချစ်သားအာနန္ဒာ၊ကုသိနာရုံ ပြည် မလ္လာမင်းတို့၏ ဥပဝတ္တနမည်သောအင်ကြင်းတောမှ ထက်ဝန်း ကျင် တဆဲ့နှစ်ယူဇနာရှိသောအရပ်တိုင်တိုင် သားမြီးဖျားဖြင့်ထိုးလောက် ရုံမျှ လွတ်သော အရပ်မည်သည် မရှိ။ တန်းခိုးကြီးသော နတ်တို့ဖြင့် ပြည့်၏။ ရှေးဦးစွာ ငါဘုရားနှင့် နီးသော သားမြီးဖျားမျှလောက်သော အရပ်၌ ဘိမ်မွေ့ငယ်စွာသော ကိုယ်ကို ဘန်ဆင်း၍။ တကျိပ်တကျိပ် သောတန်းခိုးကြီးသောနတ်တို့သည် ရပ်ကုန်၏။ ထိုနတ်တို့၏နောက်၌ နှစ်ကျိပ်နှစ်ကျိပ်သော တန်းခိုးကြီးသော နတ်တို့သည် ရပ်ကုန်၏။ ထို့ နောက်၌သုံးကျိပ်သုံးကျိပ်။ထို့နောက်၌လေးကျိပ်လေးကျိပ်။ထို့နောက်၌ ငါးကျိပ် ငါးကျိပ်။ ထို့နောက်၌ ခြောက်ကျိပ် ခြောက်ကျိပ် ကုန်သော

www.dhammaransi.com



တန်းခိုးကြီးသောနတ်တို့သည်ရပ်ကုန်၏။ ထိုနတ်တို့သည် အချင်းချင်း လက်ဖြင့်ရင်း၊ ခြေဖြင့်ရင်း၊ အဝတ်ဖြင့်ရင်း၊ ထိပါးခြင်းမရှိကုန်။ ဖဲလော့၊ ငါ့ကိုမထိစေလင့်ဟု ဆိုရသောမည်သည်မရှိ။ အာနန္ဒာ၊ နတ်တို့သည် ကဲ့ရဲ့ကုန်၏။ အဘယ်သို့ ကဲ့ရဲ့ကုန်သနည်းဟူမူ။ ငါတို့သည် မြတ်စွာ ဘုရားကိုဖူးမြင်အံ့သော၄ါ ဝေးသောအရပ်မှ လာရကုန်၏။ လောက၌ ပစ္စည်းလေးပါး ပူဇော်အထူးကို ခံထိုက်သော ဘုရားတို့သည်လည်း တရံတခါ၌သာဖြစ်တော်မူကုန်၏၊ ယခုညဥ့်၌ပင်လျှင်လည်း ပစ္ဆိမယံ၌ ထိုမြတ်စွာဘုရားအား ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့။ တန်းခိုးကြီး သော ဤအရှင်ဥပဝါဏထေရ်သည်လည်း မြတ်စွာဘုရား၏ရှေ့တော်၌ ဆီးကာလျက် တည်ဘိ၏။ အဆုံးစွန်သောအခါ၌ ငါတို့သည် မြတ်စွာ ဘုရားကိုဖူးမြင်ခြင်း၄ါမရပါကုန်ဟူ၍ နတ်တို့သည် ဥပဝါဏကိုကဲ့ရဲ့ ကုန်၏။ ထို့ကြောင့်ရကား၊ ငါဘုရားသည် မောင်းမဲပေသတည်းဟုမိန့် တော်မူ၏။ ။(နတ်တို့သည် နတ်မျက်စိဖြင့် တိုက်နံရံ စသည်တို့ကို ထွင်းဖောက်၍မြင်စွမ်းနိုင်ပါကုန်လျက် အဘယ့်ကြောင့် ရှင်ဥပဝါဏ ထေရ်၏ကိုယ်ကို ထွင်းဖောက်၍ မမြင်နိုင်လေသနည်းဟူတုံအံ့။ ပုထု ဇဥ်ရဟန်းတို့၏ ကိုယ်ကိုသော်ကား ထွင်းဖောက်၍ မြင်ခြင်း၄ါတတ် နိုင်ကုန်၏။ ရဟန္တာတို့၏ကိုယ်ကိုမူ ထွင်းဖောက်၍မြင်ခြင်း၄ါမတတ် နိုင်ကုန်။ အရှင် ဥပဝါဏအားမူကား။ ရဟန္တာ ဖြစ်သောကြောင့်ရင်း။ ထက်သော တန်းခိုးရှိသောကြောင့်ရင်း။ အနီးသို့ကပ်၍နေအံ့သော၄ါမျှ မဝံ့ကုန်။အဘယ့်ကြောင့်ကားအရှင်ဥပဝါဏသည်ထက်သောတန်းခိုး ရှိသနည်းဟူမူကား။ ကဿပမြတ်စွာဘုရားစေတီတော်စောင့်နတ်ဖြစ် ခဲ့အားသောကြောင့်တည်း)။ ။

အရှင်အာနန္ဒာသည် မေးလျှောက်ပြန်၏။ ဘုန်းတော်ကြီးသောရှင် ပင်ဘုရား၊နတ်တို့သည်ကဲ့ရဲ့ကုန်၏ဟု ရှင်ပင်ဘုရားတို့သည် ဆိုကုန်၏။ ရှင်ပင်ဘုရားတို့၏ပရိနိဗ္ဗာန်ပြုခြင်းကို ထိုနတ်တို့သည် အဘယ်သို့နှလုံး သွင်း၍ သည်းခံနိုင်ကုန်သနည်းဟု မေးလျှောက်၏။ ချစ်သားအာနန္ဒာ၊ ရာဂမကင်းသေးသောနတ်တို့သည်ရှိကုန်၏။ ထိုနတ်တို့သည် ကောင်း ကင်၌ မြေဖန်ဆင်းကုန်၍၊ ပကတိမြေ၌ပင် မြေဖန်ဆင်းကုန်၍။ ထိုဖန် ဆင်းသောမြေ၌ဆံတို့ကို ဖရိုဖရဲဖြလျက် ငိုကြွေးကုန်၏။ လက်မောင်း တို့ကိုမြှောက်၍ ငိုကြွေးကုန်၏။ ကမ်းပါးပြတ်သို့ကျသကဲ့သို့ ထိုမှဤမှ

www.dhammaransi.com



ကျကုန်၏။ ခြေပစ်လျက်လက်ပစ်လျက် လူးလည်းကုန်၏၊ ထိုမှဤမှလူး လည်းကုန်၏။ အလွန်လျင်စွာ ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုလတ္တံ့သတတ်။ အလွန်လျင်စွာ လာခြင်းကောင်းသောမြတ် စွာဘုရားသည် ပရိနိဗ္ဗာန် ပြုလတ္တံ့သတတ်။ မျက်စိအမြင်ကို ပြုတတ် သောမြတ်စွာဘုရားသည် အလွန်လျင်စွာ သောကာ၌ကွယ်ပျောက်တော့ လတ္တံ့ဟု ငိုကြွေးကုန်၏။ ရာဂဒေါသကင်းပြီးသော အနာဂါမ်ရဟန္တာ ဖြစ်သော နတ်တို့သည်ကား။ သင်္ခါရ တရားတို့သည် အမြဲ မရှိကုန်။ ဤသင်္ခါရတရားတို့၌ မြဲသော အဖြစ်ကို အဘယ်မှာရအံ့နည်းဟု သတိ အဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍ သည်းခံနိုင်ကုန်၏ဟုမိန့်တော်မူ၏။

---

၆၇။ ရှင်အာနန္ဒာမေးလျှောက်၍၊ပရိနိဗ္ဗာန်ပြုပြီး နောက်၊မနောဘာဝနီယရဟာန်းတို့ကိုဖူးမြင်ရရာဖြစ်သော သံဝေဂနိယဌာနလေးပါးကိုဟောတော်မူရာ။

ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော ရှင်ပင်ဘုရား၊ ရှေးအခါ အရပ်လေးမျက်နှာ၌ဝါဆိုကုန်သော အကြင်ရဟာန်းတို့သည်။ဝါကျွတ် သောအခါ၌ မြတ်စွာဘုရားကို ဖူးမြင်အံ့သောငှါလာကုန်၏။ အကျွန်ုပ် တို့သည် နှလုံးကိုပွါးစေတတ်ကုန်သော ထိုရဟာန်းတို့ကို ဖူးမြင်ခြင်းငှါ ရပါကုန်၏၊ဆည်းကပ်ခြင်းငှါရပါကုန်၏။ ဘုန်းတော်ကြီးသောရှင်ပင် ဘုရား၊ ရှင်ပင်ဘုရား လွန်တော်မူသဖြင့်ကား။ အကျွန်ုပ်တို့သည် နှလုံး ကို ပွါးစေတတ်ကုန်သော ရဟာန်းတို့ကို ဖူးမြင်ခြင်းငှါ မရကုန်လတ္တံ့၊ ဆည်းကပ်ခြင်းငှါ မရကုန်လတ္တံ့ဟူ၍ အရှင် အာနန္ဒာသည် မြတ်စွာ ဘုရားကို လျှောက်သည်ရှိသော်။ ချစ်သား အာနန္ဒာ၊ သဒ္ဓါခြင်းရှိသော အမျိုးသားတို့အား။ လေးပါးကုန်သောရှုခြင်းငှါထိုက်ကုန်သော၊သံဝေ ဂကိုဖြစ်စေတတ်ကုန်သော အကြောင်းတို့သည် ရှိကုန်၏။ လေးပါးဟူ သည် အဘယ်နည်းဟူမူကား။ အာနန္ဒာ၊အကြင်အရပ်၌ မြတ်စွာဘုရား သည်ဘွားတော်မူ၏ဟု ဘွားတော်မူရာ အရပ်သည် သဒ္ဓါသောအမျိုး သားတို့အား ရှုခြင်းငှါထိုက်သော သံဝေဂရကြောင်းဖြစ်သော အရပ် တည်း။ ဤအရပ်၌ လာခြင်းကောင်းသောမြတ်စွာဘုရားသည် အတုမရှိ မြတ်သောသစ္စာလေးပါးကိုသိ၏ဟု။ သစ္စာလေးပါးကိုသိရာ ဗောဓိပင်

www.dhammaransi.com



သည့် သဒ္ဓါသော အမျိုးသားတို့အား ရှုခြင်းငှါထိုက်သော သံဝေဂရ ကြောင်းဖြစ်သောအရပ်တည်း။ဤအရပ်၌ ဓမ္မစကြာတရားကိုဟော၏ ဟု။ ဓမ္မစကြာတရား ဟောရာ ဣသိပတနမိဂဒါဝုန်သည် သဒ္ဓါသော အမျိုးသားတို့အား ရှုခြင်းငှါထိုက်သော သံဝေဂ ရကြောင်းဖြစ်သော အရပ်တည်း။ ဤအရပ်၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူ၏ဟု ငါဘုရားပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံပြည်၌ အင်ကြင်းတောအရပ်သည်၊ သဒ္ဓါသောအမျိုးသားအား ရှုမြင်ခြင်းငှါထိုက်သောသံဝေဂရကြောင်း ဖြစ်သော အရပ်တည်း။ အာနန္ဒာ၊ ဤ လေးပါးသော အရပ်တို့သည်။ သဒ္ဓါသောအမျိုးသားတို့အား ရှုမြင်ခြင်းငှါထိုက်သော သံဝေဂကိုဖြစ်စေတတ်ကုန်သောအရပ်တို့တည်း။ အာနန္ဒာ၊သဒ္ဓါခြင်းရှိသောရဟန်း ယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမတို့ သည်။လာခြင်းကောင်းသောမြတ်စွာဘုရားသခင်သည် ဤအရပ်၌ဘွား ၏။ ဤအရပ်၌ ဘုရားဖြစ်၏။ ဤအရပ်၌ ဓမ္မစကြာတရားကို ဟော၏။ ဤအရပ်၌ပရိနိဗ္ဗာန်ပြု၏ဟု ထိုထိုအရပ်တို့သို့ဖူးမြင်အံ့သောငှါလာကုန် လတ္တံ့။ အာနန္ဒာ၊အကြင်အမှတ်မရှိသောသူတို့သည်။ထိုစေတီလေးပါး ကို ဖူးမြင်အံ့သောငှါ ဒေသစာရီလှည့်ကုန်စဉ်။ ကြည်ညိုသော စိတ်ရှိ ကုန်သည်ဖြစ်၍ အကြား၌သေခြင်းကိုပြုကုန်ငြားအံ့။ ရုတိစိတ်၏အခြား မဲ့၌လျှင် ထိုအလုံးစုံသောသူတို့သည် နတ်ပြည်သို့ ဖြစ်ကုန်လတ္တံ့။ အာ နန္ဒာ၊အကြင်သူသည်ထိုသို့သောကျောင်း၌ စေတီပြင်ကိုတံမြက်လှည်း ၏။နေရာတို့ကိုရေဆေးကုန်၏။ ဗောဓိကိုရေသွန်းလောင်း၏။ ထိုသူတို့ ၌ ဆိုဘွယ်မရှိသလျှင်ကတည်း။ ။ဤမည်သောကျောင်း၌ စေတီကို ရှိခိုးအံ့ဟု ထွက်ကုန်၍ ကြည်ညိုသော စိတ်ရှိကုန်လျက် ခရီးအကြား၌ သေသော်လည်း အန္တရာယ်မရှိသဖြင့် နတ်ပြည်သို့သာဖြစ်လတ္တံ့ဟု၍ မိန့်တော်မူ၏။ ။

---

## ၄၈။ ရှင်အာနန္ဒာမေးလျှောက်သဖြင့်။မာတုဂါမတို့၌ ကျင့်ရာသောတရားကိုဟောတော်မူရာ။

ထို့နောက် အာနန္ဒာသည်။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ အ ကျွန်ုပ်တို့သည် မာတုဂါမ၌အဘယ်သို့ကျင့်ပါရအံ့နည်းဟုလျှောက်၏။

www.dhammaransi.com



အာနန္ဒာ၊ မာတုဂါမကို မမြင်အောင်ကျင့်ရာ၏ဟု မိန့်တော်မူ၏။ မြင်ခဲ့သည်ရှိသော် ရှင်ပင်ဘုရား၊ အဘယ်သို့ကျင့်အပ်သနည်းဟု လျှောက်ပြန်၏။ အာနန္ဒာ၊စကားမပြောအပ်ဟုမိန့်တော်မူ၏။ စကားပြောမိသော်ကား ရှင်ပင်ဘုရား အဘယ်သို့ကျင့်အပ်သနည်းဟုလျှောက်ပြန်၏။အာနန္ဒာ၊ အမိအရွယ်ရှိသော မာတုဂါမတို့၌၊ အမိဟူသောအမှတ်ကို ဖြစ်စေခြင်း။ နှမအရွယ်ရှိသောမာတုဂါမတို့၌၊ နှမဟူသောအမှတ်ကို ဖြစ်စေခြင်း။ သမီးအရွယ်ရှိသောမာတုဂါမတို့၌၊သမီးဟူသောအမှတ်ကိုဖြစ်စေခြင်းတို့ဖြင့်သတိကိုဖြစ်စေအပ်၏ဟုမိန့်တော်မူ၏။ ။

(မာတုဂါမကို မမြင်အောင်ကျင့်အပ်၏ ဆိုရာ၌။ ကျောင်း၌ တံခါးပိတ်၍နေသောရဟန်းသည် တံခါး၌ရပ်လာသောမာတုဂါမကိုအကြင်မျှလောက်မမြင်သေး၊ ထိုမျှလောက်တပ်ခြင်းသည်မဖြစ်သေး၊ စိတ်တုန်လှုပ်ခြင်းသည် မဖြစ်သေး။ မြင်ရမှုကား ထိုနှစ်ပါးစုံသည် ဖြစ်၏။ ထို့ကြောင့်မိန်းမကိုမမြင်ရခြင်းသည်မြတ်သောအကျင့်မည်၏။ထို့ကြောင့် မမြင်အောင် ကျင့်အပ်၏ဟု မိန့်သတည်း။ ။ဆွမ်းကိုယူ၍ ကပ်လာသော မာတုဂါမစသည်ကို မြင်ခဲ့သော် အဘယ်သို့ ကျင့်ရအံ့နည်းဟု လျှော်ရာ၌။ အကြင်ကြောင့် အာနန္ဒာ၊သန့်လျက်ကိုချိုးလျက်၊အကယ်၍သင်သည် ငါနှင့်တကွစကားဆိုအံ့။ဤအရပ်၌ပင်လျှင်သင်၏ဦးခေါင်းကိုဖြတ်အံ့ဟု ရပ်သော ယောကျ်ားနှင့် စကားပြောခြင်းသည် မြတ်၏။ သင်သည် အကယ်၍ငါနှင့်တကွစကားဆိုအံ့။ဤအရပ်၌သာလျှင် သင်၏အသားကို အပြွင်းအပြွင်းပြု၍စားအံ့ဟုရပ်သော ဘီလူးမနှင့်စကားပြောခြင်းသည်မြတ်၏။ ထိုသူတို့နှင့် စကားပြောခြင်းကြောင့် တဘဝသောကိုယ်၏သာလျှင် ပျက်စီးခြင်းသည်ဖြစ်၏။ အပါယ်လေးပါးတို့၌ဆင်းရဲကြီးစွာ ခံရခြင်းသည် မဖြစ်၊ မာတုဂါမနှင့် စကားပြောဟောသည်ရှိသော်အကျွမ်းဝင်သည်ဖြစ်၏။အကျွမ်းဝင်သည်ရှိသော်ရာဂသို့သက်သည် ဖြစ်ရာ၏။ ရာဂသို့ သက်သော စိတ်ရှိသည်ရှိသော် သီလပျက်စီးခြင်းသို့ရောက်၍ အပါယ်လေးပါးကို ဖြစ်စေရာ၏။ ထို့ကြောင့် မြင်သော်လည်း စကားမပြောအပ်ဟု မိန့်တော်မူသတည်း။ ။စကားပြောဟောရသော် အဘယ်သို့ကျင့်ရအံ့နည်းဟူရာ၌။ အကယ်၍မာတုဂါမသည် နေ့ကိုမူလည်းမေးအံ့။ သီလကိုမူလည်းယူလိုအံ့။ တရားကိုမူလည်းနာလိုအံ့။ ပြဿနာကိုသော်လည်းမေးအံ့။ ဤသို့ သဘောရှိသော

www.dhammaransi.com



အမှုရှိသော်ကား ထိုမိန်းမအား ရဟန်းတို့သည် စင်စစ် ပြောဆိုအပ်သောအမှုမည်၏။မပြောဆိုချေသော် ဤရဟန်းသည် အဏ္ဍနားပင်း၏။ စား၍သာပိတ်ဘွဲ့သောခံတွင်းရှိသည်ဖြစ်၍နေ၏ဟုဆိုရာ၏။ထို့ကြောင့် စကားပြောဆိုအပ်၏။ စကား ပြောဆိုသော်လည်း။ အမိနှင့် မျှသော မိန်းမ၌ အမိ၏စိတ်ကို။ နှမနှင့်မျှသောမိန်းမ၌ နှမ၏စိတ်ကို။ သမီးနှင့်မျှသောမိန်းမ၌သမီး၏စိတ်ကိုဖြစ်စေကုန်ရာ၏ဟု ဆုံးမတော်မူလိုသည်ဖြစ်၍။ မာတုဂါမနှင့်စကားပြောဟောသောရဟန်းသည် သတိကို ဖြစ်စေအပ်၏ဟုမိန့်တော်မူသတည်း)။ ။

---

## ၆၉။ အရှင်အာနန္ဒာမေးလျှောက်သဖြင့် မြတ်စွာဘုရားအလောင်းတော်၌ကျင့်ရာသောတရား၊ ထူပါရဟာလေးပါးတို့ကိုဟောတော်မူရာ။

အရှင်အာနန္ဒာသည်၊ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ အကျွန်ုပ်တို့သည် ရှင်ပင်ဘုရား၏ကိုယ်တော်၌ အဘယ်သို့ကျင့်ရပါကုန်အံ့နည်းဟုလျှောက်၏။ချစ်သားအာနန္ဒာ၊ငါဘုရား၏ကိုယ်တော်ကိုပူဇော်သက္ကာရပြုခြင်း၌ သင်တို့သည် ကြောင့်ကြမဲ့ဖြစ်ကုန်လော့။ အာနန္ဒာ၊သင်တို့သည် မြတ်သောတရား၌သာစေ့ဆော်ကုန်။ မြတ်သောရဟန်းတရား၌သာယှဉ်ကုန်။ မြတ်သောတရား၌ မမေ့မလျော့ကုန်သည်ဖြစ်၍။ ပြင်းခြင်းသောလုံ့လရှိကုန်သည်ဖြစ်၍။နိဗ္ဗာန်သို့လွှတ်သောစိတ်ရှိကုန်သည်ဖြစ်၍နေကုန်လော့။ ချစ်သားအာနန္ဒာ၊ငါဘုရား၌အလွန်ကြည်ညိုကုန်သော ပညာရှိကုန်သော မင်း ပုဏ္ဏား သူကြွယ်တို့သည် ရှိပါကုန်၏။ ထိုမင်း ပုဏ္ဏား သူကြွယ်တို့သည် ငါဘုရား၏ကိုယ်တော်ကို ပူဇော်ခြင်းကိုပြုပေကုန်လတ္တံ့။ ဤသို့ မိန့်တော်မူ၏။ ။ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ရှင်ပင်ဘုရား၏ကိုယ်တော်၌ အဘယ်သို့ကျင့်အပ်ပါသနည်းဟုလျှောက်၏။ ချစ်သားအာနန္ဒာ၊ အကြင်အခြင်းဖြင့် စကြဝတေးမင်း၏ကိုယ်၌ကျင့်၏၊ ထိုအခြင်းဖြင့် မြတ်စွာဘုရား၏ကိုယ်တော်၌ ကျင့်အပ်၏ဟုမိန့်တော်မူ၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ စကြဝတေးမင်း၏ကိုယ်၌အဘယ်သို့ကျင့်လေသနည်းမေးလျှောက်ပြန်သော်။အာနန္ဒာ၊ စကြဝတေးမင်း၏ ကိုယ်ကို အစာမကျေသော ဖဲသိုးဖြင့် ရစ်ကုန်၏။

www.dhammaransi.com



ရစ်ပြီး၍ ကောင်းစွာဖပ်အပ်ပြီးသောဝါဂွမ်းဖြင့် ရစ်ကုန်၏။ ဝါဂွမ်းဖြင့် ရစ်ပြီး၍။ အစာမကျေသောပုဆိုးဖြင့်ရစ်ပြန်၏။ ဤသို့သောနည်းအားဖြင့် ငါးရာကုန်သောပုဆိုးအစုံတို့ဖြင့် စကြာဝတေးမင်း၏ကိုယ်ကို ရစ်ပြီးသော်။ တခုသောသံဖြင့်ပြီးသော ဆီဖြင့်ပြည့်သောတလားဌ်ထည့်၍၊ သံဖြင့်ပြီးသော တလားဖုံးဖြင့် မှောက်၍။ အလုံးစုံ နံ့သာဖြင့် ပြီးသော ထင်းပုံ၌တင်၍ စကြာဝတေးမင်း၏ကိုယ်ကိုမီးဖုတ်ကုန်၏။ ခရီးလေးဆုံ၌ စကြာဝတေးမင်း၏ဓာတ်တို့ကို စေတီတည်ကုန်၏။ ချစ်သား အာနန္ဒာ၊ ဤသို့လျှင် စကြာဝတေးမင်း၏ကိုယ်၌ ကျင့်ကုန်၏။ အကြင်အခြင်းဖြင့် စကြာဝတေးမင်း၏ကိုယ်၌ကျင့်ကုန်၏။ ထိုအခြင်းဖြင့် ငါဘုရား၏ကိုယ်တော်၌ကျင့်အပ်၏။ ငါဘုရား၏ဓာတ်တော်တို့ကို ခရီးလေးဆုံ၌စေတီကိုပြုအပ်၏။ ထိုစေတီ၌ အကြင်သူတို့သည်၊ ပန်းကိုဖြစ်၊ နံ့သာကိုဖြစ်၊ အခိုး အထုံ အမှုံကိုဖြစ်၊ တင်ကုန်လတ္တံ့။ ရှိသေစွာမူလည်း ရှိခိုးကုန်လတ္တံ့။ စိတ်ကိုမူသည်းကြည်စေကုန်လတ္တံ့။ ထိုသူတို့အားထိုသို့စိတ်ကိုကြည်စေခြင်း၊ ရှိခိုးခြင်း၊ ပန်းနံ့သာစသည်တင်ခြင်းသည်။ ရှည်စွာသော နေ့ညဉ့်ပတ်လုံးစီးပွါးချမ်းသာအလို့ငှါဖြစ်လတ္တံ့ဟုမိန့်တော်မူ၏၊ ။

ထို့နောင်မှ ချစ်သား အာနန္ဒာ၊ စေတီသိုက်သော ပုဂ္ဂိုလ်တို့သည် လေးပါးတို့တည်း။ လေးပါးတို့ဟူသည်အဘယ်နည်း။ မြတ်စွာဘုရား၏ ဓာတ်တော်ကို စေတီပြု၍ ကိုးကွယ် ထိုက်၏။ ပစ္စေကဗုဒ္ဓါ ဘုရား၏ ဓာတ်ကို။ ဘုရားတပည့်သားရဟန္တာတို့၏ဓာတ်ကို။ စကြာဝတေးမင်း၏ဓာတ်ကိုလည်းစေတီတည်၍ ကိုးကွယ်ထိုက်၏။ ။အဘယ်အကျိုးထူးကိုစွဲ၍ စေတီတည်ထိုက်သနည်း ဟူတုံအံ့။ ဤသည်ကား မြတ်စွာဘုရား၏စေတီတည်းဟု အများသောသူတို့သည်စိတ်ကိုကြည်စေကုန်လတ္တံ့။ ထိုသူတို့သည် သေသည်၏အခြားမဲ့၌နတ်ပြည်၌ဖြစ်ကုန်လတ္တံ့။ ဤသည်ကား ပစ္စေကဗုဒ္ဓါ တို့၏ စေတီတည်း။ ဤသည်ကား ဘုရားတပည့်သား ရဟန္တာတို့၏ စေတီတည်း။ ဤသည်ကား တရားနှင့်လျော်သောစကြာဝတေးမင်း၏စေတီတည်းဟု များစွာသောလူတို့သည်စိတ်ကိုကြည်စေကုန်လတ္တံ့။ ထိုသူတို့သည်သေသည်၏အခြားမဲ့၌နတ်ပြည်သို့ဖြစ်ရကုန်လတ္တံ့။ ဤအကျိုးထူးကိုစွဲ၍ လေးပါးသောဓာတ်တို့ကိုစေတီတည်ထိုက်သတည်းဟုထုပါရဟလေးပါးကိုဟောတော်မူ၏။ ။

www.dhammaransi.com



မြတ်စွာဘုရားသည် အဘယ့်ကြောင့် လူဖြစ်သောအိမ်၏အလယ်၌ နေပြီး၍ သေလေသောစကြဝတေးမင်းအား စေတီတည်ထိုက်သော အဖြစ်ကိုခွင့်ပြု၍ သီလရှိသောပုထုဇဉ်ရဟန်းအား စေတီတည်ထိုက် သောအဖြစ်ကို ခွင့်ပြုတော်မမူပါလေသနည်းဟူတုံအံ့။ အံ့ဘွယ်မရှိရာ သည်၏အဖြစ်ကြောင့်တည်း။အကယ်၍ သီလဝန္တပုထုဇဉ်ရဟန်းအား စေတီတည်ထိုက်၏ဟုခွင့်ပြုချေအံ့။ ဇမ္ဗူဒီပါကျွန်း၌ရင်း။သီဟိုဠ်ကျွန်း၌ ရင်း။ စေတီတည်ရာအရပ်သည်ပင် မရှိနိုင်ရာ။ ထိုသို့ ဖြစ်ခဲ့သော် ထို စေတီတို့သည်လည်း အံ့ဘွယ်ရှိသည်မဖြစ်လေတွံ့ဟု၊ပုထုဇဉ်သီလဝန္တ တို့၏အရိုးဓာတ်ကို စေတီတည်ခြင်းငှါ ခွင့်ပြုတော်မမူသတည်း။ စကြ ဝတေးမင်းသည်ကား တယောက်တည်းသာဖြစ်၏။ထိုကြောင့်အံ့ဘွယ် ဖြစ်၏။ သီလဝန္တပုထုဇဉ်ရဟန်းအားကား ပရိနိဗ္ဗာန်ပြုသော ရဟန်း ကဲ့သို့ကြီးစွာသောပူဇော်သက္ကာရကိုပြုအပ်၏။ ။

---

## ၇၀။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော့အံ့ ဖြစ်၍ရှင်အာနန္ဒာငိုကြွေးသည်ကိုအလံအာနန္ဒ၊စသောစကားဖြင့် သက်သာရာရစေ၍။ရှင်အာနန္ဒာ၏အစ္ဆရိယအဗ္ဘုတဓမ္မ ကျေးဇူးတရားလေးပါးတို့ကိုဟောတော်မူရာ။

ထိုသို့မြတ်စွာဘုရားသည် ထူပါရဟလေးပါးကို ဟောတော်မူပြီး သောအခါ၌။ အရှင်အာနန္ဒာသည် ကျောင်းတွင်းသို့ဝင်ပြီးလျှင် တံခါး မျောက်လက်အရင်းကိုကိုင်ဆွဲ၍ ငိုလျက်ရပ်၏။ ငါသည် သေက္ခသာ တည်း။ မဂ်ကိစ္စပြုဘွယ်ရှိသေး၏၊ အကြင်မြတ်စွာဘုရားသည် ငါ့အား အစဉ်သနားတော်မူ၏။ ငါ၏ ဆရာ ဖြစ်သော ထိုမြတ်စွာဘုရားသည် လည်း ပရိနိဗ္ဗာန်ပြုခြင်းသည် ယခုအခါ ဖြစ်တော့လတ္တံ့။ ဤသို့ ဆို၍ ငိုမြည်တမ်း၏။ ထိုရှေ့အခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ် တော်မူ၍။ ချစ်သားရဟန်းတို့၊ အာနန္ဒာသည် အဘယ်အရပ်၌ နေလေ သနည်းဟုမေးတော်မူ၏။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ရှည်သော အသက်ရှိသော ထိုအာနန္ဒာသည် ကျောင်းတွင်းသို့ဝင်ပြီးလျှင် တံခါး မျောက်လက်ကိုဆွဲ၍ငိုလျက်ရပ်၏။ စင်စစ်ငါသည်သေက္ခသာတည်း။ မဂ်ကိစ္စပြုဘွယ်ရှိသေး၏။ အကြင် မြတ်စွာဘုရားသည် ငါ့ကို အစဉ်

www.dhammaransi.com



သနားတော်မူ၏။ ထိုမြတ်စွာဘုရားသည်လည်း ပရိနိဗ္ဗာန်ပြုခြင်း ဖြစ်တော့လတ္တံ့ဟုဆို၍လည်း ငိုမြည်တမ်း၏ဟု ရဟန်းတို့လျှောက်ကုန်၏။ ထိုသို့လျှောက်သော် မြတ်စွာဘုရားသည် မထင်ရှားသော ရဟန်းကို ခေါ်၍။ ရဟန်း၊ သင်သည်လာလှည့်။ ငါ၏စကားဖြင့် အာနန္ဒာကိုခေါ်ချေ။ ငါ့ရှင်အာနန္ဒာ၊မြတ်စွာဘုရားသည် ငါ့ရှင်ကိုခေါ်တော်မူ၏ဟုဆို၍ ခေါ်ချေဟု စေတော်မူ၏။ ထိုရဟန်းသည် ကောင်းပြီ အရှင်ဘုရားဟု မြတ်စွာဘုရား၏စကားတော်ကိုဝန်ခံ၍။ အာနန္ဒာရှိရာသို့သွား၍။ ငါ့ရှင် အာနန္ဒာ၊သင့်ကိုမြတ်စွာဘုရားသည် ခေါ်တော်မူ၏ဟုဆို၏။ ကောင်းပြီ အရှင်ဟု အရှင်အာနန္ဒာသည် ထိုရဟန်းအား စကားတုံ့ပေး၍။အကြင် အရပ်၌ မြတ်စွာဘုရားရှိတော်မူ၏။ ထိုအရပ်သို့ ကပ်လေ၍၊ မြတ်စွာ ဘုရားကို ရှိသေစွာရှိခိုး၍ တင့်အပ်သောအရပ်၌နေ၏။ တင့်အပ်သော အရပ်၌နေပြီးသောအရှင်အာနန္ဒာကို မြတ်စွာဘုရားဤသို့မိန့်တော်မူ၏။ ချစ်သားအာနန္ဒာ၊ သင်ချစ်သား၏ ငိုကြွေးမြည်တမ်းခြင်းသည် မသင့်။ မစိုးရိမ်လင့်၊ မငိုကြွေးလင့်။ ချစ်သား အာနန္ဒာ၊ ငါလည်း ဤသို့သော စကားကို ရှေးဦးကပင်ကြားအပ်ပြီမဟုတ်တုံလော။ အလုံးစုံသာလျှင် ဖြစ်ကုန်သော ချစ်နှစ်လိုအပ်ကုန်သောသူတို့နှင့် အထူးထူးဖြစ်၍ ကွေကွင်းရခြင်း၊ သေသဖြင့်ကွေကွင်းရခြင်း၊ ဟပါးအပြားဖြင့် ကွေကွင်း ရခြင်းသည်ရှိ၏။ဤသင်္ခါရတရားတို့၌ ထိုသို့အထူးထူးဖြစ်၍ကွေကွင်း ရခြင်း၊ သေသဖြင့်ကွေကွင်းရခြင်း၊ တပါးအပြားအားဖြင့် ကွေကွင်း ရခြင်းသည် မဖြစ်ပါစေသတည်းဟု အဘယ်မှာလျှင် တောင့်တ၍ရအံ့ နည်း။ အာနန္ဒာ၊ အကြင်သင်္ခါရတရားသည် ဖြစ်တတ်၏။ ထင်ရှားဖြစ် တတ်၏။ ပြုပြင်တတ်၏။ ပျက်တတ်သော သဘော ရှိ၏။ ထိုသင်္ခါရ တရားသည် မြတ်စွာဘုရားကိုယ်တော်ကိုမပျက်ဆီးရာ။ ထိုအကြောင်း သည် မရှိသည်သာလျှင်တည်း။ ။ချစ်သား အာနန္ဒာ၊ ရှည်စွာသော ကာလပတ်လုံး သင်ချစ်သားသည် ငါဘုရားကို အစီးအပွါးရှိသော၊ချမ်း သာသော၊နှစ်ခွမဖြစ်သော၊အတိုင်းအရှည်မရှိသော မေတ္တာကာယကံ ဖြင့်၊ မေတ္တာဝစီကံဖြင့်၊ မေတ္တာမနောကံဖြင့် လုပ်ကျွေးအပ်ပြီ။ ချစ်သား အာနန္ဒာ၊ သင်သည်ပြုအပ်ပြီးသောကောင်းမှုရှိသည်ဖြစ်၏။ ကမ္မဋ္ဌာန်း စီးဖြန်း၍ လျင်စွာလျှင် အာသဝတရားလေးပါးကင်းသည်ဖြစ်လတ္တံ့ဟု မိန့်တော်မူ၏။ ။

www.dhammaransi.com



ထိုသို့မိန့်တော်မူပြီးသောအခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို
ခေါ်တော်မူ၍ ဤသို့မိန့်တော်မူ၏။ ချစ်သားရဟန်းတို့၊လွန်လေပြီးသော
အခါ၌လည်း မြတ်စွာဘုရားတို့သည်ဖြစ်ကုန်ပြီ။နောက်လာလတ္တံ့သော
အခါ၌လည်း မြတ်စွာဘုရားတို့သည်ဖြစ်ကုန်လတ္တံ့။ထိုအခါ နှစ်ပါးတို့
၌ ဖြစ်ကုန်သော ဘုရားတို့အားလည်း။ ယခုအခါ၌ ငါ့အား အာနန္ဒာ
အလုပ်အကျွေးဖြစ်သကဲ့သို့။ အာနန္ဒာ အတိုင်းအရှည်ရှိသော အလုပ်
အကျွေးတို့သည်ဖြစ်ကုန်ပြီ၊ဖြစ်ကုန်လတ္တံ့။ ။ချစ်သားရဟန်းတို့၊အာ
နန္ဒာသည်ပညာရှိ၏။ အဘယ်သို့ရှိသနည်း။ ဤအခါသည်ကား မြတ်စွာ
ဘုရားကို ရဟန်းတို့သည်ဖူးမြင်ခြင်းငှါကပ်အပ်သောအခါတည်းဟူ၍
သိ၏။ဤအခါသည်ကား ရဟန်းမိန်းမတို့သည်၊ဥပါသကာယောကျ်ား
တို့သည်၊ ဥပါသိကာ မိန်းမတို့သည်၊ မင်းတို့သည်၊ မင်း၏ အမတ်တို့
သည်၊ တိတ္ထိတို့သည်၊ တိတ္ထိတို့၏ တပည့်တို့သည် ဖူးမြင်ခြင်းငှါကပ်
အပ်သောအခါတည်းဟုသိ၏။ ။ချစ်သားရဟန်းတို့၊ အာနန္ဒာ၌ လေး
ပါးကုန်သော အံ့ဘွယ်သရဲမဖြစ်ဘူးမြဲသောကျေးဇူးတို့သည်ရှိကုန်၏။
လေးပါးတို့ဟူသည် အဘယ်တို့နည်း။ ချစ်သားရဟန်းတို့၊ အကယ်၍
ရဟန်းပရိသတ်သည် အာနန္ဒာကို ဖူးမြင်ခြင်းငှါကပ်အံ့။ ဖူးမြင်ခြင်းဖြင့်
လည်းထိုရဟန်းပရိသတ်သည်နှစ်လိုသောနှလုံးရှိသည်ဖြစ်၏။မရောင့်ရဲ
သည်ဖြစ်၏။ အကယ်၍ အာနန္ဒာသည် ထိုရဟန်းပရိသတ်တို့၌ တရား
ဟောအံ့။ အရှင်အာနန္ဒာ ဟောသော စကားဖြင့်လည်း ထိုရဟန်းပရိ
သတ်တို့သည် နှစ်လိုသောနှလုံးရှိသည်၊မရောင့်ရဲသည်ဖြစ်၏။ ဘိက္ခုနီ
ပရိသတ်၊ ဥပါသကာပရိသတ်၊ ဥပါသိကာပရိသတ်တို့၌လည်း ဤနည်း
လျှင်တည်း။ ထိုတရားဟောပြီးအဆုံး၌ အရှင်အာနန္ဒာသည် ဆိတ်ဆိတ်
နေ၏။ ဤသို့လျှင် ချစ်သားရဟန်းတို့၊ အာနန္ဒာ၌ လေးပါးကုန်သောအံ့
ဘွယ်သရဲ မဖြစ်ဘူးမြဲကုန်သော ကျေးဇူးတရားတို့သည် ဖြစ်ကုန်၏။
ချစ်သား ရဟန်းတို့၊ စကြဝတေးမင်း၌လည်း အံ့ဘွယ်သရဲလေးပါးတို့
သည်ဖြစ်ကုန်၏။စကြဝတေးမင်းကိုဖူးမြင်ခြင်းငှါ မင်းပရိသတ်၊ပုဏ္ဏား
ပရိသတ်၊ သူကြွယ်ပရိသတ်၊ ရဟန်းပရိသတ်သည်ကပ်လာ၏။ ထိုပရိ
သတ်တို့သည် စကြဝတေးမင်းကိုမြင်သဖြင့် နှစ်လိုသောနှလုံးရှိသည်၊
မရောင့်ရဲသည်ဖြစ်၏။ စကြဝတေးမင်းသည် ထိုပရိသတ်၌စကားပြော
ဆိုအံ့။ ထိုစကားဖြင့်လည်း နှစ်လိုသောနှလုံးရှိသည်၊ မရောင့်ရဲသည်ဖြစ်

www.dhammaransi.com



၏။ဤသို့ပရိသတ်လေးပါးအားစကြာမင်း၌ဖြစ်သကဲ့သို့အာနန္ဒာ၌လည်း ဖြစ်၏ဟုမိန့်တော်မူ၏။ ။

---

၇ ၁။ ဤကုသိနာရုံပြည်ငယ်၌ပရိနိဗ္ဗာန်ပြုပလေသည်ဟု ရှင်အာနန္ဒာလျှောက်၍ငါမဟာသုဒဿနစကြာမင်းဖြစ်စဉ်က။ ဤကုသိနာရုံပြည်သည်ကုသဝတီရာဇဓာနီကြီးဖြစ်ဘူး ပြီဟုမဟာသုဒဿနသုတ်ကိုဟောတော်မူရာ။

ဤသို့ မြတ်စွာဘုရားမိန့်တော်မူသည်ရှိသော်။ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ဤသို့လျှောက်၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် ဤငယ်စွာသော သစ်ခက်သဘွယ် ဖြစ်သော မြို့၌ ပရိနိဗ္ဗာန်ပြုတော်မမူပါလင့်။ စမ္ပာနဂိုရ်၊ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ သာကေတ၊ ကောသမ္ဗီ၊ ဗာရာဏသီအစရှိသော မြို့ကြီးတို့သည် ရှိပါကုန်၏။ ထိုမြို့ကြီးတို့၌ရှင်ပင်ဘုရားသည်ပရိနိဗ္ဗာန်ပြုတော်မူပါလော့။ထိုမြို့တို့၌ များစွာကုန်သောခတ္တိယမဟာသာလ၊ဗြာဟ္မဏမဟာသာလ၊ဂဟပတိမဟာသာလအမျိုးတို့သည် မြတ်စွာဘုရား၌ အလွန်ကြည်ညိုကုန်၏။ ထိုအမျိုးတို့သည် မြတ်စွာဘုရား၏ကိုယ်တော်ကို ကြီးစွာသောပူဇော်သက္ကာရကိုပြု၍ ဖုတ်ကြဉ်းသင်္ဂြိုဟ်ကုန်လတ္တံ့ ဟူ၍ လျှောက်၏၊ ။ ထိုသို့ လျှောက်သောအခါ၌။ ချစ်သား အာနန္ဒာ၊ ဤကုသိနာရုံပြည်ကို မြို့ကြီးတို့၏ အတုအပသာ၊ ငယ်လှစွာသောမြို့၊ ကျတ်တီးကုန်းခင် မြေပြင်မညီမညွတ်သောမြို့။ သစ်ပင်၌ သစ်ခက်သဘွယ် ငယ်စွာသောမြို့ ဟူ၍မဆိုလင့်။ အာနန္ဒာ၊ဤသို့မဆိုပါလင့်။ ဖြစ်ဘူးလေသည်ကား။ အာနန္ဒာ၊ ငါဘုရားအလောင်း သူတော်ကောင်းသည် စကြာကို လည်စေတတ်သော၊ တရားနှင့်ညီစွာ ကျင့်သော၊ တရားမင်းဖြစ်သော၊ လေးကျွန်းလုံးကိုအစိုးရသော၊ အောင်အပ်ပြီးသောစစ်မြေရှိသော၊ ဇနပုဒ်၏ မြဲမြံခိုင်ခံ့ခြင်းသို့ ရောက်သော၊ စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ မိဘုရားရတနာ၊ သားကြီးရတနာ၊ ပဏ္ဍမြားရတနာ၊ သူဌေးကြီးရတနာ။ ဤရတနာခုနစ်ပါးနှင့် ပြည့်စုံသော မဟာသုဒဿန အမည်ရှိသော စကြာမင်းသည်ဖြစ်၏။ ချစ်သားအာနန္ဒာ၊ မဟာသုဒဿနစကြာမင်းအား ဤကုသိနာရုံပြည်သည် ကုသဝတီအမည်ရှိသောမင်းနေပြည်

www.dhammaransi.com



ကြီးသည်ဖြစ်၏။ အရှေ့အနောက်အားဖြင့် အလျား တဆဲ့နှစ်ယူဇနာရှိ၏။ တောင်မြောက်အားဖြင့် အနံခုနစ်ယူဇနာရှိ၏။ အာနန္ဒာ၊ ကုသဝတီမည်သော မင်းနေပြည်သည် ခပ်သိမ်းသော ကာမဂုဏ်နှင့်ပြည့်စုံ၏။ စည်ပင်ပွင့်လန်း၏။ များစွာသောလူရှိ၏။ တရော့တပါးသော လူမျိုးတို့ဖြင့်ပြွမ်း၏။ ဝပြောသာယာ၏။ ဥပမာကား။ အာနန္ဒာ၊ကု ဝေရနတ်မင်းကြီးတို့အား အာဠကမန္ဒာမည်သောမင်းနေပြည်သည်ပြည့်စုံသကဲ့သို့။ ပွင့်လန်း စည်ပင်သကဲ့သို့။ များသော လူရှိသကဲ့သို့။ ဘီလူးမျိုးတို့ဖြင့်ပြွမ်းသကဲ့သို့။ ကုသဝတီပြည်ကြီးသည် ပြည့်စုံပွင့်လန်း စည်ပင် သာယာဝပြော၏။ များစွာသောလူရှိ၏။ လူမျိုးတို့ဖြင့်ပြွမ်း၏။ ချစ်သားအာနန္ဒာ၊ ကုသဝတီရာဇဓာနီသည်၊ ညဉ့်၌ဒ်ရင်း၊ နေ့၌ဒ်ရင်း၊ ဆင်သံ၊ မြင်းသံ၊ ဘုန်းရှိသောသူတို့၏ သွားလာလှည့်ပတ်ရာ စီးသော ရထားတို့၏ အသံ၊ စည်ကြီးသံ၊ မုရိုးစည်သံ၊စောင်းသံ၊သီချင်းသံ၊ ကြေး ဖြင့်ပြီးသောခွက်ခွင်းသံ၊ မောင်းကြေးနင်းအသံ၊ခရုသင်းသံ၊စားလှည့်ကုန်သောက်လှည့်ကုန်ခေါ်သောအသံ။ ဤဆယ်ပါးသော အသံတို့ဖြင့် မဆိတ်သည်ဖြစ်၏။ အာနန္ဒာ၊ကုသဝတီမင်းနေပြည်ကြီးသည်၊ ရွှေတံတိုင်း၊ငွေတံတိုင်း၊ ကြောင်မျက်ရွဲ တံတိုင်း၊ ဖလ် တံတိုင်း၊ ပတ္တမြားနီ တံတိုင်း၊ ပတ္တမြားပြောက်တံတိုင်း၊အလုံးစုံသောရတနာဖြင့်ပြီးသောတံတိုင်း။ ဤတံတိုင်းခုနစ်ထပ်တို့ဖြင့် ရံအပ်၏။ အာနန္ဒာ၊ ကုသဝတီပြည်ကြီး၌၊ ရွှေတံခါး၊ ငွေတံခါး၊ ကြောင်မျက်ရွဲ တံခါး၊ ဖလ်တံခါး။ ဤသို့အားဖြင့် အဆင်းလေးပါးရှိသောတံခါးတို့သည်ဖြစ်ကုန်၏။တခုတခုသောတံခါး၌ ခုနစ်ခုခုနစ်ခုကုန်သော တံခါးတုရိုဏ်းတိုင်တို့သည် စိုက်ကုန်၏။ အရပ်သုံးသူ့ သုံးသူစီ မြေ၌ဝင်ကုန်၏။ အတောင်အားဖြင့် တဆဲ့ငါးတောင်မြေ၌ဝင်၏။ အစောက်အားဖြင့် တဆဲ့နှစ်သူမြင့်၏။ အတောင်ပေါင်းခြောက်ဆယ်မြင့်၏။ တုရိုဏ်းတိုင်တခုသည် ရွှေဖြင့်ပြီး၏။ တခုသည်ငွေ၊ တခုသည် ကြောင်မျက်ရွဲ၊ တခုသည်ဖလ်၊ တခုသည်ပတ္တမြားနီ၊ တခုသည် ပတ္တမြားပြောက်၊ တုရိုဏ်းပတိုင်တခုသည် အလုံးစုံသောရတနာတို့ဖြင့်ပြီး၏။ အာနန္ဒာ၊ ကုသဝတီပြည်သည်၊ ရွှေထန်းပင်အစဉ်။ ငွေထန်းပင်အစဉ်။ ကြောင်မျက်ရွဲဖြင့် ပြီးသော ထန်းပင်အစဉ်။ ဖလ်ဖြင့်ပြီးသော ထန်းပင်အစဉ်။ ပတ္တမြားနီဖြင့်ပြီးသောထန်းပင်အစဉ်။ပတ္တမြားပြောက်ဖြင့်ပြီးသောထန်းပင်အစဉ်။ အလုံးစုံသောရတနာဖြင့်ပြီးသောထန်းပင်

www.dhammaransi.com



အစဉ်အားဖြင့်။ ထန်းရုနစ်စဉ်တို့ဖြင့် ရံအပ်၏။ တံတိုင်း ခုနစ်ထပ်တို့၏ အတွင်း၌ တစဉ်စီတည်း။ ရွှေဖြင့်ပြီးသောထန်းပင်၌ ရွှေဖြင့်ပြီးသောပင်စည်။ ငွေသီးငွေရွက်တို့သည်ဖြစ်ကုန်၏။ ငွေဖြင့်ပြီးသောထန်းပင်၌ ငွေဖြင့်ပြီးသောပင်စည်။ ရွှေသီးရွှေရွက်။ ကြောင်မျက်ရွဲထန်းပင်၌ ကြောင်မျက်ရွဲဖြင့်ပြီးသော ပင်စည်။ ဖလ်သီးဖလ်ရွက်။ ဖလ်ဖြင့်ပြီးသောထန်းပင်၌ ဖလ်ဖြင့်ပြီးသောပင်စည်။ ကြောင်မျက်ရွဲအသီးအရွက်။ ပတ္တမြားနီဖြင့်ပြီးသောထန်းပင်၌ ပတ္တမြားနီဖြင့်ပြီးသောပင်စည်။ ပတ္တမြားပြောက်အသီးအရွက်။ ပတ္တမြားပြောက်ထန်းပင်၌ ပတ္တမြားပြောက်ပင်စည်။ ပတ္တမြားနီ အသီးအရွက်။ အလုံးစုံ ရတနာဖြင့်ပြီးသောထန်းပင်၌ အလုံးစုံ ရတနာဖြင့်ပြီးသောပင်စည်။ အလုံးစုံသောရတနာဖြင့်ပြီးသော အသီးအရွက်တို့သည်ဖြစ်ကုန်၏။ လေဖြင့်ခတ်ကုန်သော် ထိုထန်းပင်စည်တို့၏အသံသည် သာယာသည်၊ တပ်ဘွယ်ရှိသည်၊ နာခြင်း၌ခန့်သည်၊ နှလုံးမွေ့လျော်ဘွယ်ရှိသည် ဖြစ်၏။ ဥပမာကား။ အာနန္ဒာ၊ ကောင်းစွာတီးမှုတ်အပ်သော အသံနှင့်ပြည့်စုံသော အင်္ဂါငါးပါးနှင့်ပြည့်စုံသော စည်စောင်းငြင်း၏အသံသည် သာယာသည်၊ တပ်ဘွယ်ရှိသည်၊ နာခြင်း၌ခန့်သည်၊ နှလုံးမွေ့လျော်ဘွယ် ရှိသည် ဖြစ်သကဲ့သို့။ ညင်းညင်းသော လေသည်ခတ်အပ်သောထန်းခက်ထန်းရွက်တို့၏အသံသည် သာယာနာပျော်ဘွယ်နှလုံးမွေ့လျော်ဘွယ်ရှိလှ၏။ ထိုရောအခါ။ အာနန္ဒာ၊ ကုသဝတီပြည်ကြီး၌ သေသောက်ကြူး၊ ကြွေအန် လောင်းကြူး၊ မိန်းမကြူးသောသူတို့သည် ညင်းညင်းသာသောလေသည် ခတ်အပ်ကုန်သည်ရှိသော်။ ထိုထန်းပင် ထန်းလက် ထန်းရွက်တို့၏အသံကိုနာခံလျက် သာယာပျော်မြူးကုန် စံစားကုန်၏။ ချစ်သားအာနန္ဒာ၊ မဟာသုဒဿနမည်သော စကြာမင်းသည် ရတနာ ခုနစ်ပါးနှင့်ပြည့်စုံ၏။ တန်းခိုးလေးပါးနှင့် ပြည့်စုံ၏။ ။ရတနာ ခုနစ်ပါးဟူသည် အဘယ်နည်း၊ ဟူမူကား။ (၁)အာနန္ဒာ၊တဆဲ့ငါးရက်ဥပုသ်နေ့၌ ဦးခေါင်းလျှော်ပြီးသော် ဥပုသ်သီလဆောက်တည်၍ မြတ်သော ပြာသာဒ်ထက်၌ နေသော မဟာသုဒဿနမင်းအား တထောင်သော အကန့်ရှိသော၊ အကွပ်နှင့်တကွဖြစ်သော၊ ပုံတောင်းနှင့်တကွဖြစ်သော အလုံးစုံသောအခြင်းအရာနှင့်ပြည့်စုံသော၊ နတ်၌ ဖြစ်သော စကြာရတနာသည် အရှေ့လောကဓာတ်မှ သမုဒ္ဒါဂ ပေါ်၍လာသကဲ့သို့ ဖြစ်လာ၏။ ထိုစကြာရတနာကို မြင်၍

မဟာသုဒဿနမင်းအား ဤသို့သော စိတ်အကြံသည် ဖြစ်၏။ ငါကြားဘူးသည်ကား။ ဦးထိပ်၌သွန်းအပ်ပြီးသော အဘိသိက်ရှိသော၊ ဥပုသ်နေ့၌ဥပုသ်သုံးပြီး၍၊ပြာသာဒ်ထက်၌နေသောအကြင်မင်းအား နတ်၌ဖြစ်သောစကြာရတနာသည်ထင်ရှားဖြစ်၏။ ထိုမင်းသည်စကြဝတေးမင်းဖြစ်၏ဟူ၍ကြားဘူး၏။ငါသည်လည်း စကြဝတေးမင်းဖြစ်၏ဟု ကြံ၏။ ဤသို့ ကြံပြီးသောအခါ၌ မဟာသုဒဿနမင်းသည် နေရာမှထ၍၊ ပခုံးတဘက်၌ ကိုယ်ဝတ် တဘက်ရုံတင်၍၊ လက်ဝဲလက်ဖြင့် ရွှေကရားကို ကိုင်ပြီးလျှင်၊ လက်ျာလက်ဖြင့် စကြာရတနာကို အရှင်စကြာ ရတနာသည် လည်စေသတည်း၊ အရှင်စကြာရတနာသည် ရန်အပေါင်းကို အောင်စေသတည်းဟု ဆို၍ ရေစင် ဖျန်း၏။ ထိုအခါ စကြာရတနာသည် အရှေ့အရပ်မျက်နှာ ပုဗ္ဗဝိဒေဟကျွန်းသို့လည်လေ၏။ စစ်အင်္ဂါလေးပါးသည်လည်း မဟာသုဒဿနစကြာမင်းနှင့် တကွ အနီး၌ကပ်၍ ပါလေ၏။ အကြင် အရပ်၌ စကြာသည် ရပ်၏၊ ထိုအရပ်၌ မင်းကြီးသည် စစ်အင်္ဂါလေးပါးနှင့်တကွ နေခြင်းကိုပြု၏။ ထိုအရှေ့ကျွန်း၌ မင်းတို့သည် စကြာမင်းသို့ကပ်လာကုန်၍။ မြတ်သောမင်းကြီး၊လာတော်မူသော့။ အရှင်မင်းကြီး၏ လာခြင်းသည် ကောင်းသောလာခြင်းတည်း။ အရှင်မင်းကြီး၏ ဥစ္စာဖြစ်သောတိုင်းပြည်ကို ဆုံးမတော်မူလော့ဟုဆိုကုန်၏။ မဟာသုဒဿနမင်းသည်ဤသို့ဆို၏။ သတ္တဝါကိုမသတ်အပ်။ အရှင်မပေးသောဥစ္စာကိုမယူအပ်။ ကာမေသုမိစ္ဆာစာရကိုမကျင့်အပ်။ မုသားမဆိုအပ်။ သေအရက်ကိုမသောက်အပ်ဟူ၍ ပဉ္စသီလဖြင့်ဆုံးမ၏။တိုင်းပြည်ကို အစိုးရမြဲတိုင်းလည်း အစိုးရလေလော့ဟု မိန့်တော်မူ၏။ထိုကျွန်းမင်းတို့သည်စကြဝတေးမင်းသို့အစဉ်လိုက်၍ ကျင့်ကုန်၏။ ထိုအခါ စကြာရတနာသည်အရှေ့သမုဒ္ဒရာသို့သက်၍ သမုဒ္ဒရာမှတက်၍ တောင်ကျွန်းသို့လည်၏။ တောင်သမုဒ္ဒရာသို့ သက်၍ တဖန်တက်၍ အနောက်အပရဂေါယာဉ်ကျွန်းသို့လည်၏။ အနောက်သမုဒ္ဒရာသို့ သက်၍ တဖန်တက်၍ မြောက်ဥတ္တရကုရုကျွန်းသို့လည်၏။ ထိုကျွန်းတို့၌ မင်းတို့သည်လည်းလာ၍ အဆုံးအမခံကုန်သဖြင့် အရှေ့ကျွန်း၌ကဲ့သို့ဆုံးမပြီး၍။ မြောက်သမုဒ္ဒရာသို့သက်၍ တဖန်တက်၍ ဇမ္ဗူဒိပ်ကျွန်းသို့ လာ၍၊ မဟာသုဒဿနမင်း၏ နန်းတော်တံခါး ရွှေလွှတ်တော်ဦး၌ မင်းအိမ်တော်ကို တင့်တယ်စေလျက်။ ဝင်ရိုးဖြင့်ခိုက်သကဲ့သို့ တည်၏။ ဤသို့

www.dhammaransi.com



သဘောရှိသောစကြာရတနာသည်ဖြစ်၏။ ။( ၂ )တပါးလည်း၊အာနန္ဒာ၊ မဟာသုဒဿနမင်းအား အလုံးစုံဖြူသော၊ မြေခွဲခုနစ်ပါးသောထိခြင်းရှိသော၊ တန်းခိုးကြီးသော၊ ကောင်းကင်သွားတတ်သောဥပေါသထအမည်ရှိသော ဆင်ရတနာသည်ဖြစ်၏။ ထိုဆင်ရတနာကိုမြင်သော သုဒဿနမင်းကြီးအား။ အချင်းဆင်သည် ကောင်းစွာအကယ်၍ ငါ့ကိုလုပ်ကျွေးအံ့။ ကောင်းစွဟူ၍စိတ်သည်ကြည်ညို၏။ ထိုအခါ ထိုဥပေါသထဆင်ရတနာသည် ဥပမာကား နေ့ညဉ့်ရှည်စွာဆုံးမပြီးသော ဂန္ဓဟတ္ထိ ဆင်အာဇာနေယျကဲ့သို့။ ထိုအတူ ယဉ်ကျေးခြင်းသို့ ရောက်၏။ ဖြစ်ဘူးသည်ကား။ အာနန္ဒာ၊ မဟာသုဒဿနစကြာမင်းကြီးသည် ထိုဥပေါသထဆင်ရတနာကိုစုံစမ်းလို၍ နံနက်အခါ၌တက်စီး၍၊ သမုဒ္ဒြာအဆုံးရှိသော လေးကျွန်းလုံးကိုလှည့်ခဲ့ပြီး၍ ကုသဝတီပြည်ကြီးသို့ ပြန်၍ နံနက်စာစား၏။ ဤသို့သဘောရှိသောဆင်ရတနာသည်ဖြစ်၏။ ။( ၃ )တပါးလည်း။ အာနန္ဒာ၊အလုံးစုံဖြူသောကိုယ်ရှိသော၊ မည်းသော မင်ဆံ ရှိသော၊ ဖြူဆံ မြက်ကဲ့သို့ ထိပ်ဆံရှိသော။ တန်းခိုး ကြီးသော၊ ကောင်းကင်သို့ ပျံတတ်သော၊ ဝလာဟကမြင်းရတနာသည် မဟာသုဒဿနမင်းအား ဖြစ်လာ၏။ ထိုမြင်းကိုမြင်၍ ဆင်၌ကဲ့သို့စိတ်ဖြစ်သည်ရှိသော် ထိုမြင်းရတနာသည် ရှည်စွာသောညဉ့်ပတ်လုံး ဆုံးမပြီးသော ကောင်းသော မြင်းအာဇာနည်ကဲ့သို့ ယဉ်ခြင်းသို့ ရောက်၏။ မဟာသုဒဿနစကြာမင်းကြီးသည် ထိုမြင်းရတနာကိုစုံစမ်းလို၍၊နံနက်အခါ၌ မြင်းရတနာကိုတက်စီး၍၊ သမုဒ္ဒြာအဆုံးရှိသောလေးကျွန်းကို လှည့်၍ ကုသဝတီမြို့သို့ပြန်၍နံနက်စာစား၏။ဤသို့သဘောရှိသောမြင်းရတနာဖြစ်လာ၏။ ။( ၄ )အာနန္ဒာ၊ မဟာသုဒဿနမင်းအား ဝါး၏အဆင်းကဲ့သို့ အဆင်းရှိသော၊ ကောင်းသော အမျိုးရှိသော၊ စင်ကြယ်သော၊ မနောက်သောအရောင်ရှိသော၊ ၈ စ်မြောင့်ရှိသော၊ အပြေအပြစ်ပြုအပ်သော၊ လှည်းပုံတောင်းမျှ ပမာဏရှိသော၊ တယူဇနာအရပ်ကို ထွန်းလင်းစေနိုင်သော ပတ္တမြားရတနာသည် ဖြစ်၏။ ထိုပတ္တမြားရတနာကို စုံစမ်းလိုသဖြင့်၊ တန်းခွန်ဖျား၌ထား၍။စစ်အင်္ဂါလေးပါးနှင့်တကွ မိုက်လှစွာသောညဉ့်အခါ၌ မင်းကြီးသွားသော် ထက်ဝန်းကျင် တယူဇနာအတွင်း၌ရှိသော ရွာတို့သည် ပတ္တမြား၏အရောင်ဖြင့် ခပ်သိမ်းသော အမှုတို့ကိုပြုနိုင်ကုန်၏။ ဤသို့သဘောရှိသောပတ္တမြားသည်ဖြစ်၏။ ။

www.dhammaransi.com



( ၅ )အာနန္ဒာ၊မဟာသုဒဿနမင်းအား အလွန်အဆင်းလှသော၊ ရှုချင်ဘွယ်ရှိသော၊ ကြည်ညိုဘွယ်ရှိသော၊ မြတ်သောအဆင်းရှိသောကိုယ်နှင့်ပြည့်စုံသော၊မဖြင့် မနိမ့် မကြုံ မဆူ မဖြူ မမည်းလွန်းသော။ လူတို့၏အဆင်းကိုလွန်သော၊ တဆဲ့နှစ်တောင်တိုက်တွင်း၌ ထွန်းလင်းသောအရောင်ရှိသော၊နတ်တို့၏အဆင်းသို့မရောက်သော မိဘုရားရတနာသည်ဖြစ်၏။ထိုမိန်းမရတနာအားကိုယ်၏အတွေ့သည် လဲဝါဝရဝါဂွမ်းစုကဲ့သို့ဖြစ်၏။ ထိုမိန်းမ ရတနာအား ချမ်းသောအခါ၌ ပူ၏။ ပူသော အခါ၌ ချမ်း၏။ ကိုယ်မှစန္ဒကူးနံ့သာအနံ့ကဲ့သို့၊ ခံတွင်းမှကြာညိုနံ့ကဲ့သို့ လှိုင်စွာမွှေး၏။ ထိုမိန်းမရတနာသည် မဟာသုဒဿနမင်း၏ရှေးဦးစွာထလေ့ရှိ၏။ နောက်မှအိပ်လေ့ရှိ၏။ အဘယ်အမှုကိုပြုရအံ့နည်းဟု မင်းကြီး၏အဆုံး အဖြတ်ကို ခံလေ့ရှိ၏။ နှစ်လိုဘွယ်ကို ကျင့်လေ့ရှိ၏။ ချစ်ဘွယ်သောစကားကိုဆိုတတ်၏။ ထိုမိန်းမရတနာသည် မင်းကြီးအား နှလုံးဖြင့်မျှလည်း လွန်ကျူး၍ မကျင့်။ ကိုယ်ဖြင့်သော်ကား ဆိုရာမရှိသည်သာလျှင်တည်း။ ဤသို့သဘောရှိသော မိန်းမရတနာသည်ဖြစ်၏။ ။

( ၆ )အာနန္ဒာ၊ တပါးတုံလည်း မဟာသုဒဿနမင်းအား သူကြွယ်ရတနာသည်ဖြစ်၏။ ထိုသူကြွယ်ရတနာအား ကံအကျိုးကြောင့် ဖြစ်သောနတ်မျက်စိသည်ဖြစ်၏။ထိုနတ်မျက်စိဖြင့် မြေကြီးအထဲ၌မြှုပ်ထားသောအရှင်ရှိသောဥစ္စာ၊အရှင်မရှိသောဥစ္စာကိုမြင်နိုင်၏။ ထိုသူကြွယ်ရတနာသည် မင်းသို့ကပ်လာ၍။ အရှင်မင်းမြတ်သည် ကြောင့်ကြမဲ့ဖြစ်တော်မူ။ အကျွန်ုပ်သည် ဥစ္စာဖြင့်ပြုအပ်သောအမှုကိုပြုပါအံ့ဟု လျှောက်၏။ ဖြစ်ဘူးလေသည်ကား အာနန္ဒာ၊ ထိုသူကြွယ်ရတနာကို အလိုစမ်းလို၍ မဟာသုဒဿန စကြာမင်းကြီးသည် လှေသို့ တက်၍။ ဂင်္ဂါမြစ်လယ်ရေအယဉ်သို့သက်၍၊ သူကြွယ်၊ ငါ့အားရွှေငွေဖြင့်အလိုရှိ၏။ ငါ့အားပေးလော့ဟူ၍ ဆို၏။ မြတ်သောမင်းကြီး၊ ထိုသို့တပြီးကား ကမ်းနားတဘက်သို့ လှေကိုကပ်တော်မူပါစေဟုလျှောက်၏။ ဤမြစ်လယ်၌သာငါ ရွှေငွေဖြင့်အလိုရှိ၏ဟုဆိုသော်။ ထိုအခါ အာနန္ဒာ၊သူကြွယ်ရတနာသည် လက်နှစ်ဘက်တို့ဖြင့် ရေကိုသုံးသပ်၍၊ ရွှေငွေဖြင့်ပြည့်သောအိုးကိုဆုတ်ဆယ်၍ ဤမျှသောဥစ္စာဖြင့်တန်ပြီလော။ အရှင်မင်းကြီး၊ ဤမျှဖြင့်အမှုပြုလောက်ပြီလောဟုလျှောက်၏။ သူကြွယ်တန်ပြီ၊ ဤမျှဖြင့်အမှုပြုလောက်ပြီဟု မင်းကြီးဆို၏။ ဤသို့သဘောရှိသော သူကြွယ်ရတနာ

www.dhammaransi.com



သည် မဟာသုဒဿနမင်းကြီးအား ဖြစ်၏။ ။( ၇ )တပါးလည်း အာနန္ဒာ၊ မဟာသုဒဿနစကြာမင်းကြီးအား။ ပညာရှိသော၊ လိမ္မာသော၊ အကြောင်းအကျိုးကိုမြင်သော၊ ပညာရှိသော။ မင်းကြီးကိုကပ်စေအပ်သောသူကို ကပ်စေခြင်း၄၊ ပဲစေအပ်သောသူကို ပဲစေခြင်း၄၊ ထားအပ်သောသူကို ထားခြင်း၄စွမ်းနိုင်သော သားကြီးရတနာသည်ဖြစ်၏။ ထိုသားကြီးရတနာသည် မင်းကြီးသို့ ကပ်၍ အရှင်မင်းမြတ်သည် ကြောင့်ကြမဲ့ဖြစ်တော်မူ။ အကျွန်ုပ်သည် ဆုံးမအံ့ဟု လျှောက်၏။ ဤသို့သောသားကြီးရတနာသည် မဟာသုဒဿနမင်းအား ထင်ရှားဖြစ်လာ၏။ ချစ်သားအာနန္ဒာ၊ မဟာသုဒဿနမင်းသည် ဤရတနာခုနစ်ပါးနှင့် ပြည့်စုံ၏။ ။

အာနန္ဒာ၊ မဟာသုဒဿနမင်းသည် တန်းခိုးလေးပါးနှင့် ပြည့်စုံ၏။ လေးပါးကား အဘယ်နည်း။ ။( ၁ )အာနန္ဒာ၊ မဟာသုဒဿန မင်းသည်၊ အဆင်းလှသည်၊ ကြည်ညိုဘွယ်ရှိသည်၊ မြတ်သောအဆင်းရှိသောကိုယ်နှင့်ပြည့်စုံသည်၊တပါးသောသူတို့ထက် လွန်မြတ်သောအဆင်းရှိသည်ဖြစ်၏။ အာနန္ဒာ၊မဟာသုဒဿနစကြာမင်းအား ဤရှေးဦးစွာသောတန်းခိုးနှင့်ပြည့်စုံ၏။ ။( ၂ )အာနန္ဒာ၊ မဟာသုဒဿနစကြာမင်းသည်အသက်ရှည်လှသည်။ တပါးသောသူတို့ထက်ကြာမြင့်စွာတည်သည်ဖြစ်၏။ဤနှစ်ကြိမ်မြောက်သောတန်းခိုးနှင့်ပြည့်စုံ၏။ ။( ၃ )အာနန္ဒာ၊မဟာသုဒဿနမင်းသည် အနာနည်းသည်၊ကြောင့်ကြနည်းသည်၊ အမျှ ကျက်စေတတ်သော ဝမ်းမီးနှင့် ပြည့်စုံသည်၊ မချမ်းလွန်းသော ဝမ်းမီး၊ မပူလွန်းသောဝမ်းမီးနှင့်ပြည့်စုံသည်ဖြစ်၏။ ဤသုံးခုမြောက်သော တန်းခိုးနှင့်ပြည့်စုံ၏။ ။( ၄ )အာနန္ဒာ၊ အဘသည် သားကို ချစ်နှစ်လိုအပ်သကဲ့သို့။ မဟာသုဒဿနမင်းသည် ပုဏ္ဏားသူကြွယ်တို့ကို ချစ်နှစ်လိုအပ်သည်ဖြစ်၏။ သားသည် အဘကိုချစ်နှစ်လိုအပ်သကဲ့သို့။ ပုဏ္ဏားသူကြွယ်တို့သည် မဟာသုဒဿနမင်းအား ချစ်နှစ်လိုအပ်သည်ဖြစ်၏။ ဖြစ်ဘူးသည်ကား အာနန္ဒာ၊ မဟာသုဒဿနမင်းသည် စစ်အင်္ဂါလေးပါးနှင့်တကွ ဥယျာဉ်မြေသို့သွား၏။ ထိုအခါ ပုဏ္ဏားသူကြွယ်တို့သည် မဟာသုဒဿနမင်းသို့ ကပ်လာကုန်၍။ အရှင်မင်းကြီး၊ အကြင်အခြင်းဖြင့်အရှင်မင်းကြီးသွားတော်မူသည်ရှိသော် အရှင်မင်းကြီးကိုအကျွန်ုပ်တို့သည်ကြာမြင့်စွာဖူးမြင်ရကုန်၏။ ထိုအခြင်းဖြင့် ဖြည်းညင်းစွာသွား

www.dhammaransi.com



တော်မူပါလော့ဟုလျှောက်၏။ မဟာသုဒဿနမင်းသည်လည်း။ အချင်းရထားထိန်း၊ အကြောင်းအခြင်းဖြင့်ရထားကို နှင်သည်ရှိသော် ပုဏ္ဏားသူကြွယ်တို့ကို ငါသည် ကြာမြင့်စွာဖူး၊မြင်ရ၏။ ထိုအခြင်းဖြင့် ဖြည်းညင်းစွာ သင်သည် ရထားကိုနှင်လော့ဟုဆို၏။ အာနန္ဒာ၊ မဟာသုဒဿနစကြာမင်းသည်ဤသို့သဘောရှိသောတန်းခိုးလေးပါးနှင့်ပြည့်စုံ၏။

ထိုအခါအာနန္ဒာ၊မဟာသုဒဿနစကြာမင်းသည် ထိုထန်းပင်ကြားတို့၌။ လေးအပြန်တရာ တရာရှိသော လေးထောင့်ရေကန်တို့ကို ဘန်ဆင်း၏။ ထိုရေကန်တို့ကို ရွှေအုတ်၊ငွေအုတ်၊ ကြောင်မျက်ရွဲအုတ်၊ဖလ်အုတ်အားဖြင့်၊ လေးပါးသော အမျိုးရှိသောအုတ်တို့ဖြင့် စီအပ်ကုန်၏။ ထိုရေကန်တို့၌ ရွှေစောင်းတန်း၊ငွေစောင်းတန်း၊ ကြောင်မျက်ရွဲစောင်းတန်း၊ ဖလ်စောင်းတန်းအားဖြင့် လေးပါးသောအဆင်းရှိသော စောင်းတန်းတို့သည်ဖြစ်ကုန်၏။ ရွှေစောင်းတန်း၌ရွှေဖြင့်ပြီးသောတိုင်။ ငွေဖြင့်ပြီးသောအခြင်အထွတ်တို့သည်ဖြစ်ကုန်၏။ ငွေစောင်းတန်း၌ ငွေတိုင်၊ ရွှေခြင်ရွှေထွတ်။ ကြောင်မျက်ရွဲစောင်းတန်း၌ ကြောင်မျက်ရွဲတိုင်။ ဖလ်ခြင်ဖလ်ထွတ်။ဖလ်စောင်းတန်း၌ ဖလ်ဖြင့်ပြီးသောတိုင်။ ကြောင်မျက်ရွဲအခြင်အထွတ်တို့သည် ဖြစ်ကုန်၏၊ ထိုရေကန်တို့ကို နှစ်စဉ်သောပွတ်တိုင်တို့ဖြင့်ရံအပ်ကုန်၏။ တစဉ်သည်ရွှေဖြင့်ပြီး၏၊ တစဉ်သည် ငွေဖြင့်ပြီး၏။ ရွှေဖြင့်ပြီးသောပွတ်တိုင်စဉ်၌ ရွှေတိုင်၊ ငွေခြင်ငွေထွတ်။ ငွေဖြင့်ပြီးသောပွတ်တိုင်စဉ်၌ ငွေတိုင်၊ ရွှေခြင်ရွှေထွတ်တို့ဖြင့် ပြီးကုန်၏။ ။ ထိုရောအခါ အာနန္ဒာ၊မဟာသုဒဿန စကြာမင်းသည်။ စင်စစ်သော်ကား။ ဤရေကန်တို့တွင်၊ဥတုသုံးပါးတို့၌ပွင့်သောကြာညို၊ကြာဖြူ၊ကြာနီ၊ကြာပဒုမာ၊ ကုမုဒြာကြာ၊ ကြာပုဏ္ဍရိက်တို့ကို ခပ်သိမ်းသောသူတို့အားဆီးတားပိတ်ပင်ခြင်းမရှိသည်ကိုပြု၍စိုက်စေ၏။ ။ထိုအခါ အာနန္ဒာ၊မဟာသုဒဿနစကြာမင်းသည် ထိုရေကန်တို့၏ကမ်းနား၌ရေချိုးတတ်သောယောကျ်ားတို့ကိုအစောင့်ထား၏။ ထိုအစောင့်ယောကျ်ားတို့သည် လာတိုင်းလာတိုင်းသောသူတို့ကို ရေချိုးစေကုန်၏။ ။ထိုရောအခါ အာနန္ဒာ၊ မဟာသုဒဿနစကြာမင်းသည် ထိုရေကန်တို့၏ကမ်းနား၌ ဤသို့သဘောရှိသောအလှူကိုဖြစ်စေ၏။ ထမင်းကိုလိုသောသူအား ထမင်းကိုဖြစ်စေ၏။ အဖျော်ကိုအလိုရှိသောသူအား အဖျော်ကို။ အဝတ် ပုဆိုးကို အလိုရှိသောသူအား အဝတ်ပုဆိုးကို။ ယာဉ်ကို

www.dhammaransi.com



အလိုရှိသော သူတို့အား ယာဉ်ကို။ အိပ်ရာကိုအလိုရှိသော သူတို့အား အိပ်ရာကို။ မိန်းမကို အလိုရှိသော သူတို့အား မိန်းမကို။ ငွေကိုအလိုရှိသောသူတို့အားငွေကို။ ရွှေကိုအလိုရှိသောသူတို့အား ရွှေကိုဖြစ်စေ၍။ ဤသို့အလှူပေးခြင်းကိုဖြစ်စေ၍။ ။

ထိုအခါ အာနန္ဒာ၊ များစွာသော ပုဏ္ဏားသူကြွယ်တို့သည် များစွာသော ရွှေ၊ငွေ၊နီလာ၊သန္တာ၊ ကြောင်မျက်ရွဲ အစရှိသော ဥစ္စာနှစ်တို့ကို ယူခဲ့ကုန်၍မင်းကြီးသို့ကပ်လာကုန်၍။ အရှင်မင်းကြီး၊ ဤဥစ္စာနှစ်တို့ကို အရှင်မင်းကြီးအားရည်၍ဆောင်ခဲ့ကုန်၏။အရှင်မင်းကြီးသည်ယူတော်မူလော့ဟုလျှောက်ကုန်၏။ အမောင်တို့၊ ငါ့အားအလိုမရှိ။ ငါ့အားများစွာသောဥစ္စာနှစ်ရှိ၏၊ တရားနှင့်လျော်စွာသော အခွန်ဖြင့် စီရင်အပ်၏။ သင်တို့ဆောင်ခဲ့အပ်သော ထိုဥစ္စာသည် သင်တို့အားပင်ဖြစ်စေတော့။ ဤငါ၏ နန်းတော်မှလည်း။ သင်တို့ဆောင်ယူခဲ့သည့်ဥစ္စာထက် အလွန် ဆောင်ယူ ပါလေကုန်ဟု မဟာသုဒဿန စကြာမင်းကြီး ဆို၏။ ထို ပုဏ္ဏားသူကြွယ်တို့သည်၊ မင်းကြီးသည် ပယ်တော်မူအပ်သည်ရှိသော် တင့်အပ်သောအရပ်သို့ပဲဖြီးလျှင် ကြံကြကုန်၏။ ဤဥစ္စာနှစ်တို့ကို ငါတို့ သည်တဘန်လျှင်မိမိတို့၏အိမ်သို့ဆောင်ကုန်အံ့။ဤသို့ဆောင်ခြင်းသည် ငါတို့အားမလျောက်ပတ်။အကယ်၍ကား ငါတို့သည်ဤဥစ္စာနှစ်တို့ဖြင့် မင်းကြီး၏နန်းတော်ကို ဆောက်အံ့ဟု ကြံကုန်၍ မင်းကြီးသို့ ကပ်လာ ကုန်၍။အကျွန်ုပ်တို့သည် ရှင်မင်းကြီးအား နန်းတော်ဆောက်ပါကုန်အံ့ ဟုလျှောက်ကုန်၏။ မဟာသုဒဿန စကြာမင်းသည် ဆိတ်ဆိတ်နေသ ဖြင့်ဝန်ခံ၏။ ထိုရောအခါ အာနန္ဒာ၊ သိကြားမင်းသည် မဟာသုဒဿန စကြာမင်း၏စိတ်အကြံကို သိ၍။ ဝိသုကြုံနတ်သားကို။ အချင်းဝိသုကြုံ၊ လာလှည့်၊ မဟာသုဒဿနစကြာမင်း၏နေရာတော်အလို့ငှါ ဓမ္မအမည် ရှိသောပြာသာဒ်ကိုသင်ဘန်ဆင်းချေလော့ဟုဆို၏။ အရှင်သိကြားမင်း၊ ကောင်းပါပြီဟုဝန်ခံ၍။ ဥပမာကား။ အားရှိစွာသော ယောကျ်ားသည် ကွေးသောလက်ကို ဆန့်လိုက်သကဲ့သို့။ ဝိသုကြုံနတ်သားသည် တာဝတိံသာနတ်ရွာ၌ကွယ်၍။ ကုသဝတီပြည်ကြီး၌ မဟာသုဒဿနစကြာ မင်း၏ ရှေ့တော်၌ ထင်ရှားဖြစ်လာ၏။ ထိုရောအခါ အာနန္ဒာ၊ ဝိသုကြုံ နတ်သားသည် မဟာသုဒဿနမင်းကြီးကို။ အရှင်မင်းကြီး၊ အရှင်မင်း ကြီး၏နန်းတော်ကို အကျွန်ုပ်သည်ဘန်ဆင်းအံ့။ ဓမ္မမည်သောပြာသာဒ်

www.dhammaransi.com



ကိုဘန်ဆင်းအံ့ဟူ၍လျှောက်၏။ ထိုရောအခါ အာနန္ဒာ၊မဟာသုဒဿန စကြာမင်းသည် တုဏှီဘာဝဖြင့်ဝန်ခံ၏။ထိုအခါ အာနန္ဒာ၊ဝိသုကြုံနတ်သားသည် ဓမ္မအမည်ရှိသော ပြာသာဒ်ကို ဘန်ဆင်း၏။ အာနန္ဒာ၊ ဓမ္မအမည်ရှိသော ပြာသာဒ်သည် အရှေ့အနောက် အလျားအားဖြင့် တယူဇနာရှိ၏။တောင်မြောက်အနံအားဖြင့် ယူဇနာခွဲရှိ၏။ပြာသာဒ်အောက်၌ အခင်းအကျဉ်ကား ယောက်ျားသုံးသူမြင့်၏၊ အတောင်အားဖြင့်တဆဲ့ငါးတောင်ရှိ၏ ဟူလိုသည်။ ဒုတ် အခင်း၌၊ ရွှေ၊ ငွေ၊ ကြောင်မျက်ရွဲ၊ ဖလ်အားဖြင့် လေးပါးသော အဆင်းရှိသောဒုတ်တို့ဖြင့် စီအပ်၏။ ထိုပြာသာဒ်၏ သည်တိုင်တို့သည် ရှစ်သောင်း လေးထောင်တို့သည် ဖြစ်ကုန်၏။ ရွှေဖြင့်ပြီးသောတိုင်၊ ငွေဖြင့်ပြီးသောတိုင်၊ ကြောင်မျက်ရွဲဖြင့်ပြီးသောတိုင်၊ဖလ်ဖြင့်ပြီးသောတိုင်အားဖြင့် လေးပါးအဆင်းရှိသော တိုင်တို့သည်ဖြစ်ကုန်၏။အာနန္ဒာ၊ဓမ္မအမည်ရှိသောပြာသာဒ်သည်။ ရွှေ၊ ငွေ၊ ကြောင်မျက်ရွဲ၊ဖလ်ဖြင့်ပြီးသောအားဖြင့်လေးပါးသောအဆင်းရှိသော ပျဉ်တို့ဖြင့်ခင်းအပ်၏။ အာနန္ဒာ၊ဓမ္မမည်သောပြာသာဒ်အား နှစ်ဆဲ့လေးခုသောစောင်းတန်းတို့သည် ဖြစ်ကုန်၏။ ရွှေဖြင့်ပြီးသော စောင်းတန်း၊ ငွေဖြင့်ပြီးသော စောင်းတန်း၊ ကြောင်မျက်ရွဲဖြင့်ပြီးသော စောင်းတန်း၊ ဖလ်ဖြင့်ပြီးသော စောင်းတန်းအားဖြင့် လေးပါးအဆင်းရှိသည်ဖြစ်ကုန်၏။ အာနန္ဒာ၊ ရွှေစောင်းတန်း၌ ရွှေတိုင်တို့သည်ဖြစ်ကုန်၏။ ငွေခြင် ငွေထွတ်တို့သည် တပ်ကုန်၏။ ငွေစောင်းတန်း၌ ငွေသည်တိုင်တို့သည် ဖြစ်ကုန်၏။ ရွှေခြင်ရွှေထွတ်တို့သည် တပ်ကုန်၏။ ကြောင်မျက်ရွဲစောင်းတန်း၌ ကြောင်မျက်ရွဲတိုင်တို့သည်ဖြစ်ကုန်၏။ ဖလ်ဖြင့်ပြီးသောအခြင်အထွတ်တို့သည် တပ်ကုန်၏။ ဖလ်စောင်းတန်းတို့၌ ဖလ်သည်တိုင်တို့သည်ဖြစ်ကုန်၏။ ကြောင်မျက်ရွဲ အခြင်အထွတ်တို့သည် တပ်ကုန်၏။ အာနန္ဒာ၊ ဓမ္မမည်သော ပြာသာဒ်၌ ရှစ်သောင်းလေးထောင် ကုန်သော ဓလစ်အထွတ်ရှိသောခန်းတိုက်တို့သည် ဖြစ်ကုန်၏။ ရွှေ၊ ငွေ၊ ကြောင်မျက်ရွဲ၊ ဖလ်အားဖြင့် လေးပါးသောအဆင်းတို့ဖြင့် ပြီးကုန်၏။ အာနန္ဒာ၊ ရွှေဖြင့်ပြီးသောခန်းတိုက်၌ ငွေပလ္လင်ကို ခင်း၏။ ငွေဖြင့်ပြီးသော ခန်းတိုက်၌ ရွှေပလ္လင်ကိုခင်း၏။ကြောင်မျက်ရွဲဖြင့်ပြီးသောခန်းတိုက်၌ ဆင်စွယ်ပလ္လင်ကိုခင်း၏။ဖလ်ဖြင့်ပြီးသောခန်းတိုက်၌ပတ္တမြားပြောက်ပလ္လင်ကိုခင်း၏။ရွှေဖြင့်ပြီးသောတိုက်ခန်းတံခါးဝ၌ ငွေဖြင့်ပြီးသောထန်းပင်

www.dhammaransi.com



တို့သည်ဖြစ်ကုန်၏။ ငွေဖြင့်ပြီးသောပင်စည်၊ ရွှေဖြင့်ပြီးသော အရွက် အသီးတို့သည်ဖြစ်ကုန်၏။ ငွေဖြင့်ပြီးသော တိုက်ခန်းတံခါးဝ၌ ရွှေဖြင့် ပြီးသောထန်းပင်တို့သည် ဖြစ်ကုန်၏။ ရွှေဖြင့်ပြီးသောပင်စည်၊ ငွေဖြင့် ပြီးသောအသီးအရွက်တို့သည်ဖြစ်ကုန်၏။ ကြောင်မျက်ရွဲတိုက်ခန်းတံ ခါးဝ၌ ဖလ်ဖြင့်ပြီးသော ထန်းပင်တို့သည်ဖြစ်ကုန်၏။ ဖလ်ဖြင့်ပြီးသော ပင်စည်၊ ကြောင်မျက်ရွဲဖြင့်ပြီးသောအသီးအရွက်တို့သည် ဖြစ်ကုန်၏။ ဖလ်တိုက်ခန်းတံခါးဝ၌ ကြောင်မျက်ရွဲဖြင့် ပြီးသော ထန်းပင်တို့သည် ဖြစ်ကုန်၏။ ကြောင်မျက်ရွဲဖြင့်ပြီးသောပင်စည်၊ဖလ်ဖြင့်ပြီးသောအသီး အရွက်တို့သည်ဖြစ်ကုန်၏။ ။ထိုရောအခါ အာနန္ဒာ၊ မဟာသုဒဿန စကြာမင်းသည် မဟာဝိယူဟာအမည်ရှိသော ငွေဖြင့်ပြီးသော တိုက်၏ တံခါးဝ၌၊ ရွှေဖြင့်ပြီးသော ထန်းတောကို ငါသည် ဘန်ဆင်းအံ့။ ဤရွှေ ထန်းတော၌ နေ့နေအံ့ဟုကြံ၍ ဘန်ဆင်း၏။ အာနန္ဒာ၊ မဟာသုဒဿန စကြာမင်းသည် မဟာဝိယူဟာမည်သော ငွေဖြင့်ပြီးသောတိုက်၏တံခါး ဝ ရွှေထန်းတော၌ နေ့နေ့ခြင်းကိုပြု၏။ အာနန္ဒာ၊ ဓမ္မမည်သောပြာသာဒ်ကို ရွှေပွတ်တိုင် ငွေပွတ်တိုင်စဉ်အားဖြင့် နှစ်စဉ်သော ပွတ်တိုင်တို့ဖြင့် ရံအပ်၏။ ရွှေပွတ်တိုင်တို့၌ ငွေခြင် ငွေထွတ်။ ငွေပွတ်တိုင်တို့၌ ရွှေခြင် ရွှေထွတ်တို့သည် ဖြစ်ကုန်၏။ အာနန္ဒာ၊ ဓမ္မပြာသာဒ်ကို နှစ်ထပ်သော ရွှေချုကွန်ရက်တို့ဖြင့်ဆွဲရကုန်၏။ ရွှေကွန်ရက်တို့၌ ငွေချုတို့သည်ဆွဲ ကုန်၏။ ငွေကွန်ရက်တို့၌ ရွှေချုတို့သည်ဆွဲကုန်။ အာနန္ဒာ၊ လေသည် ခတ်အပ်ကုန်သော ထိုကွန်ရက်တို့၏ အသံသည် ကောင်းစွာသင်အပ် ပြီးသော အတတ်ရှိသော လိမ္မာတတ်လှစွာသောသူသည် ကောင်းစွာ တီးမှုတ်အပ်သော ပဉ္စင်တူရိယာ၏အသံသည် သာယာနာဘွယ် တပ် မက်ဘွယ်ရှိသကဲ့သို့ သာယာနာဘွယ်တပ်ချင်ဘွယ်ရှိ၏။ ထိုရောအခါ အာနန္ဒာ၊ ကုသဝတီပြည်၌ အကြင်သေသောက်ကြူးသောသူတို့သည်၊ မိန်းမကြူးသော သူတို့သည်၊ ကြွေအန်လောင်းကြူးသောသူတို့သည် ရှိ ကုန်၏။ ထိုသူတို့သည် ရွှေချုကွန်ရက် ငွေချုကွန်ရက်တို့၏ အသံဖြင့် ပျော်ပါး မြူးချွန် စံစားကုန်၏။ ချစ်သား အာနန္ဒာ၊ ကောင်းစွာဖြီးသော ဓမ္မပြာသာဒ်သည် မကြည့်ဝံ့သည်ဖြစ်၏။ မျက်စိမှုးဝေသီမွဲရှိ၏" ဥပမာ ကား အာနန္ဒာ၊မိုးလတို့၏နောက်၌ မိုးစင်စဲပြီးသော် ဏန်ဆောင်မုန်း လ၌ မိုးသည် ကင်းဖဘ၁ တိမ်တိုက်ရှိသော အခါ၊ ကောင်းကင်သို့

www.dhammaransi.com



တက်၍ထွန်းသော နေဝန်းကို မကြည့်ဝံ့သကဲ့သို့။ မျက်စိမှုးသီ၊ ရီဝေ မှောင်ရှိသကဲ့သို့။ ဓမ္မပြာသာဒ်ကို မကြည့်ဝံ့သည်။ မျက်စိမှုးသီ၊ ရီဝေ မှောင်ရှိသည်ဖြစ်၍။ ။ထိုရောအခါအာနန္ဒာ၊မဟာသုဒဿနမင်းကြီး သည် ဓမ္မပြာသာဒ်၏အရှေ့မျက်နှာမှဓမ္မမည်သောရေကန်ကိုဘန်ဆင်း အံ့ဟုကြံ၍။ အလျားအားဖြင့် အရှေ့အနောက်တယူဇနာ၊ အနံအားဖြင့် တောင်မြောက် ယူဇနာခွဲရှိသော ဓမ္မမည်သော ရေကန်ကို ဘန်ဆင်း ၏။ အာနန္ဒာ၊ဓမ္မမည်သောရေကန်ကို ရွှေအုတ်၊ငွေအုတ်၊ကြောင်မျက်ရွဲ အုတ်၊ ဖလ်အုတ်အားဖြင့်လေးပါးသောအုတ်တို့ဖြင့်စီ၏။ အာနန္ဒာ၊ ဓမ္မ မည်သောရေကန်၌၊ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ကြောင်မျက်ရွဲ စောင်းတန်း၊ ဖလ်စောင်းတန်း အားဖြင့် စောင်းတန်း လေးပါး။ တပါး တပါးလျှင် ခြောက်သွယ်စီ၊နှစ်ဆဲ့လေးသွယ်သောစောင်းတန်းလှေကား တို့သည် ဖြစ်ကုန်၏၊ ရွှေစောင်းတန်း၌ ရွှေတိုင် ငွေခြင် ငွေထွတ်။ ငွေ စောင်းတန်း၌ ငွေတိုင် ရွှေခြင် ရွှေထွတ်။ ကြောင်မျက်ရွဲစောင်းတန်း၌ ကြောင်မျက်ရွဲတိုင် ဖလ်ခြင် ဖလ်ထွတ်။ ဖလ်စောင်းတန်း၌ ဖလ်တိုင် ကြောင်မျက်ရွဲအခြင်အထွတ်တို့သည်ဖြစ်ကုန်၏။ အာနန္ဒာ၊ဓမ္မရေကန် ကို၊ ရွှေပွတ်တိုင်စဉ်၊ ငွေပွတ်တိုင်စဉ်အားဖြင့် နှစ်စဉ်သောပွတ်တိုင်စဉ် ဖြင့်ရံအပ်ကုန်၏။ရွှေပွတ်တိုင်၌ ငွေခြင် ငွေထွတ်။ငွေပွတ်တိုင်၌ရွှေခြင် ရွှေထွတ်တို့သည် ဖြစ်ကုန်၏။ အာနန္ဒာ၊ ဓမ္မရေကန်ကို ရွှေထန်းပင်စဉ်၊ ငွေထန်းပင်စဉ်၊ ကြောင်မျက်ရွဲထန်းပင်စဉ်၊ဖလ်ထန်းပင်စဉ်၊ပတ္တမြားနီ ထန်းပင်စဉ်၊ ပတ္တမြားပြောက်ထန်းပင်စဉ်။ အလုံးစုံရတနာဖြင့်ပြီးသော ထန်းပင်စဉ်အားဖြင့် ခုနစ်ပါးသောထန်းပင်စဉ်တို့ဖြင့်ရံအပ်ကုန်၏။ ရွှေ ပင်၌ ငွေသီးငွေရွက်။ ငွေပင်၌ ရွှေသီးရွှေရွက်။ ကြောင်မျက်ရွဲအပင်၌ ဖလ်သီး ဖလ်ရွက်။ ဖလ်ပင်၌ ကြောင်မျက်ရွဲအသီးအရွက်။ ပတ္တမြားနီ ပင်၌ပတ္တမြားပြောက်အသီးအရွက်။ပတ္တမြားပြောက်အပင်၌ပတ္တမြားနီ အသီးအရွက်။ အလုံးစုံသောရတနာဖြင့်ပြီးသောအပင်၌ အလုံးစုံသော ရတနာဖြင့်ပြီးသော အသီး အရွက် အခက်တို့သည် ဖြစ်ကုန်၏။ အာ နန္ဒာ၊ လေခတ်အပ်သော ထန်းပင်တို့၏ အခက်အရွက်အသံတို့ သည်သာယာနာခံပျော်ဘွယ်ဖြစ်ကုန်၏။ ဥပမာကား။ အာနန္ဒာ၊လိမ္မာစွာ တီးမှုတ်တတ်သောအငြိမ့်ဆရာတို့ ကောင်းစွာတီးမှုတ်သော ပဥ္စင်တူရိ ယာ၏ အသံသည် သာယာနာခံပျော်ဘွယ် တပ်ဘွယ်ရှိသကဲ့သို့။ သာ

www.dhammaransi.com



ယာနာဘွယ် တပ်ဘွယ် နှစ်လိုဘွယ်ရှိသည် ဖြစ်၏။ ကုသဝတီပြည်၌။ အာနန္ဒာ၊ အကြင်သေသော်ကြူး၊ ကြွေအန်လောင်းကြူးသောသူတို့သည် ရှိကုန်၏။ ထိုသူတို့သည် ထိုထန်းပင်တို့၏အသံဖြင့်ပျော်မြူးကခုန်စံစားကုန်၏။ ။အာနန္ဒာ၊ဓမ္မပြာသာဒ်ပြီးသည်ရှိသော်၊ ဓမ္မရေကန်ပြီးသည်ရှိသော်၊ မဟာသုဒဿနမင်းသည်။ အကြင် ရဟန်း ပုဏ္ဏားတို့သည် ကုသဝတီပြည်၌ရှိကုန်၏။ ထိုရဟန်းပုဏ္ဏားတို့ကို ခပ်သိမ်းသောအလိုတို့ဖြင့်နှစ်သက်ရောင့်ရဲစေ၍ဓမ္မပြာသာဒ်သို့တက်၏။ ။

ထိုရောအခါ။ အာနန္ဒာ၊ မဟာသုဒဿနမင်းအား ဤသို့ ကြံ၏။ ဤအကျိုးသည် အဘယ်ကောင်းမှု၏ အကျိုးပေနည်း။ အကြင်ကောင်းမှုကြောင့် ယခုအခါ ငါသည် ဤသို့တန်းခိုးအာနုဘော်ကြီးသည်ဖြစ်၏။ ထိုကောင်းမှုသည်အဘယ်နည်းဟုကြံ၏။ ထိုရောအခါ အာနန္ဒာ၊မဟာသုဒဿနမင်းအား ဤသို့ကြံ၏။ အလှူပေးခြင်း၊ ကိုယ်နှုတ်နှလုံး သုံးပါးကိုစောင့်ခြင်း၊ စက္ခုအစရှိသော ဣန္ဒြေကို ဆုံးမခြင်း၊ ဤသုံးပါးသောကောင်းမှုကံ၏အကျိုးအားဖြင့် ယခုအခါ ငါသည် ဤသို့တန်းခိုးအာနုဘော်ကြီးသည်ဖြစ်၏ဟုကြံ၏။ ထိုရောအခါ အာနန္ဒာ၊မဟာသုဒဿနမင်းသည် မဟာဗိယူဟမည်သောငွေဖြင့်ပြီးသောအခန်းတိုက်သို့ကပ်၍။ တိုက်၏တံခါးဝ၌ရပ်လျက် ဤသို့သောစကားကိုမြွက်၏။ ရပ်လော့ကာမဝိတက်။ရပ်လော့ဗျာပါဒဝိတက်။ ရပ်လော့ဝိဟိံသာဝိတက်။ ဤမျှဖြင့် ကာမဝိတက်နစ်လော့။ ဤမျှဖြင့် ဗျာပါဒဝိတက်နစ်လော့။ ဤမျှဖြင့် ဝိဟိံသာဝိတက် နစ်လော့ဟု ဥဒါန်းစကား ကြား၏။ ။ထိုရောအခါ အာနန္ဒာ၊ မဟာသုဒဿန မင်းသည် မဟာဗိယူဟတိုက်ခန်းသို့ ဝင်၍။ ရွှေဖြင့်ပြီးသောပလ္လင်၌ ထက်ဝယ်ဖွဲ့ခွေနေလျက်။ ကာမတရား အကုသိုလ်တရားတို့မှ ဆိတ်၍။ ဝိတက်ဝိစာရတို့နှင့်တကွ ဖြစ်သော၊ ဆိတ်ငြိမ်ခြင်းကြောင့်ဖြစ်သော ပီတိသုခရှိသော ပဌမဈာန်သို့ကပ်၍ နေ၏။ ဒုတိယဈာန်သို့၊ တတိယဈာန်သို့၊ စတုတ္ထဈာန်သို့ကပ်၍နေ၏။ ထိုရောအခါ အာနန္ဒာ၊ မဟာသုဒဿန မင်းသည် မဟာဗိယူဟ တိုက်ခန်းမှထွက်၍၊ ရွှေဖြင့်ပြီးသောခန်းတိုက်သို့ဝင်၍၊ ငွေပလ္လင်ထက်၌နေလျက်၊ မေတ္တာနှင့်တကွ ဖြစ်သော စိတ်ဖြင့် ဆယ်ပါးသော အရပ်မျက်နှာကို နှံ့စေ၍။ အလုံးစုံသောအရပ်မျက်နှာအဘို့၌ အလုံးစုံသော လောကကို မေတ္တာနှင့်တကွဖြစ်သော၊ ပြန့်ပြောသော၊ အတိုင်းအရှည် မရှိသော၊

www.dhammaransi.com



ရန်မရှိသော၊ ကြောင့်ကြမရှိသောစိတ်ဖြင့် နှံ့စေ၍နေ၏။ ကရုဏာနှင့် တကွဖြစ်သော၊ ဝမ်းမြောက်ခြင်းနှင့်တကွဖြစ်သော၊ဥပေက္ခာနှင့်တကွ ဖြစ်သောစိတ်ဖြင့် ဆယ်ပါးသောအရပ်ကို နှံ့စေ၍နေ၏။ ။အာနန္ဒာ၊ မဟာသုဒဿနမင်းအား ကုသဝတီရာဇဓာနီအမှူးရှိသော ရှစ်သောင်း လေးထောင်သောမြို့တို့သည် ဖြစ်ကုန်၏။ မဟာဝိယူဟပြာသာဒ်အမှူး ရှိသောရှစ်သောင်းလေးထောင်သောပြာသာဒ်တို့သည်ရှိကုန်၏။ရွှေဖြင့် ပြီးသော ပလ္လင်။ ငွေဖြင့်ပြီးသော ပလ္လင်။ ဆင်စွယ်ဖြင့်ပြီးသော ပလ္လင်။ သစ်နှစ်ဖြင့်ပြီးသောပလ္လင်အားဖြင့်။ ကော်ဇောတို့သည် ခင်းကုန်သော။ အလုံးစုံဖြူသော သိုးမွေးဖြင့်ပြီးသော အခင်းတို့သည် ခင်းကုန်သော။ တခဲနက် ပန်းပွင့်ကဲ့သို့ အရုပ်ရှိသော ဖြူသော သိုးမွေးအခင်းတို့သည် ခင်းအပ်ကုန်သော။ ဝံပိုင့်ရေဖြင့်ပြီးသော အခင်းအပေါ်လွှမ်းတို့သည် ခင်းကုန်သော။ အထက်၌ မိတာန်နီနှင့်တကွသောအခင်းတို့သည် ခင်း ကုန်သော။ခြေရင်းခေါင်းရင်း၌ နီသောအုံးရှိသောအခင်းတို့သည် ခင်း ကုန်သော။ ရှစ်သောင်း လေးထောင်သော ပလ္လင် တို့သည် ရှိကုန်၏။ ရွှေကြိုးရွှေကတန်းဆာဆင်ကုန်သော၊ ရွှေဖြင့်ပြီးသောတန်းခွန်ဆောက် ကုန်သော၊ ရွှေကွန်ရက်တို့ဖြင့်ဖုံးလွှမ်းအပ်ကုန်သော ဥပေါသထဆင် အမှူးရှိကုန်သော ရှစ်သောင်း လေးထောင်ကုန်သောဆင်တို့သည် ရှိ ကုန်၏။ ရွှေဖြင့်ပြီးသော တန်းဆာဆင်ကုန်သော ရွှေတန်းခွန် ဆောက် ကုန်သော ရွှေချကွန်ရက်ဖုံးလွှမ်းကုန်သော ဝလာဟကမြင်း အမှူးရှိ ကုန်သော ရှစ်သောင်းလေးထောင်သောမြင်းတို့သည်ရှိကုန်၏။ ခြင်္သေ့ ရေ၊ ကျားရေ။ သစ်ရေတို့ဖြင့်ရုံအပ်ကုန်သော၊ ဖြော့တော့သော ကမ္ဗ လာဖြင့်ရုံအပ်ကုန်သော၊ရွှေတန်းခွန်ဆောက်ကုန်သော၊ရွှေချကွန်ရက် ဖုံးလွှမ်းအပ်ကုန်သောဝေဇယန္တာရထားအမှူးရှိကုန်သော ရှစ်သောင်း လေးထောင်ကုန်သောရထားတို့သည် ဖြစ်ကုန်၏။ အလျားလေးတောင် ဇာတိရတနာအမှူးရှိသော ရှစ်သောင်းလေးထောင်ကုန်သော မျက်မြတ် ရတနာတို့သည် ရှိကုန်၏။ သုဘဒ္ဒါဒေဝီအမှူးရှိကုန်သော ရှစ်သောင်း လေးထောင်ကုန်သောမိဘုရားတို့သည် ဖြစ်ကုန်၏။ သူဌေးကြီးရတနာ အမှူးရှိကုန်သော ရှစ်သောင်း လေးထောင် ကုန်သော သူဌေးတို့သည် ဖြစ်ကုန်၏။ သားကြီးရတနာအမှူးရှိကုန်သော ရှစ်သောင်းလေးထောင် သောသားတို့သည် ဖြစ်ကုန်၏။ နို့ခံရွှေခွက်နှင့်တကွဖြစ်ကုန်သော ရှစ်

www.dhammaransi.com



သောင့်းလေးထောင်ကုန်သော နို့ညှစ်နွားမတို့သည်ဖြစ်ကုန်၏။ ထိမ်မွေ့ နွေးညံ့ကုန်သော ခေါမတိုင်း၌ ဖြစ်သော ပုဆိုး၊ ဝါချည်ပုဆိုး၊ ပိုးချည် ပုဆိုး၊ ကမ္ဗလာတို့ဖြင့် ပြည့်ကုန်သော ကျိရှစ်သောင့်းလေးထောင်တို့ သည် ဖြစ်ကုန်၏။ ရှစ်သောင့်းလေးထောင်ကုန်သော သလေးဆန်ဖြင့် ချက်အပ်သော ထမင်းချက်အိုးတို့ကို ညနံနက်ဆောင်ခဲ့ကုန်၏။ ထိုရော အခါ အာနန္ဒာ၊မင်းကြီးအား ရှစ်သောင့်းလေးထောင်ကုန်သောဆင်တို့ သည်ညနံနက်ခစားလာကုန်၏။ ထိုအခါ စကြာမင်းသည် အနှစ်တရာ တရာလွန်မှ လေးသောင့်းနှစ်ထောင် လေးသောင့်းနှစ်ထောင်ကုန်သော ဆင်တို့သည် တကြိမ် ခစားကုန်ရာ၏ ဟူ၍ အကြံရှိသဖြင့်၊ မင်းကြီး သည် သားကြီးရတနာကိုခေါ်၍။ သားကြီးရတနာ၊ အနှစ်တရာတရာ လွန်မှ လေးသောင့်းနှစ်ထောင် လေးသောင့်းနှစ်ထောင်ကုန်သော ဆင် တို့ကို တကြိမ်သာ ခစားရာသို့လာစေကုန်ဟု ဆို၏။ ဗျာဒိတ်တော်အ တိုင်း အရှင်မင်းကြီးဟု သားကြီးရတနာသည်မင်းကြီး၏စကားကိုဝန် ခံ၍၊ မင်းကြီးဆိုတိုင်း အနှစ်တရာတရာလွန်မှ တဝက်သောဆင်တို့ကို တကြိမ်သာခစားရာသို့လာစေ၏။ ။

ထိုရောအခါ အာနန္ဒာ၊ သုဘဒ္ဒါဒေဝီအား များစွာသောနှစ်အရာတို့ ၏၊ များစွာသောနှစ်အထောင်တို့၏လွန်သဖြင့် ဤသို့သောအကြံသည် ဖြစ်၏။မဟာသုဒဿနမင်းကြီးကို မဖူးမြင်ရသည်ကြာမြင့်ပြီ။ ငါသည် မဟာသုဒဿန မင်းသို့ ကပ်အံ့ဟု ကြံ၍။ အာနန္ဒာ၊ မဟာသုဘဒ္ဒါဒေဝီ သည် မောင်းမအပေါင်းကို ခေါ်၍၊ သင်တို့သည် လာကုန်ဦး။ ခေါင်း လျှော်လေကုန်။ ရွှေသောအဝတ်ပုဆိုးတို့ကို ဝတ်လေကုန်၊ ရုံလေကုန်။ မင်းကြီးကို မဖူးမြင်ရသည်ကြာပြီ။ မင်းကြီးကိုဖူးမြင်အံ့သော၄ါ ကပ် ကုန်အံ့ဟုဆို၏။ မောင်းမတို့သည် ကောင်းပြီဝန်ခံ၍။ မောင်းမအပေါင်း တို့သည်ဦးခေါင်းလျှော်၍၊ ရွှေသောအဝတ်တို့ကိုဝတ်ကုန်၍၊ သုဘဒ္ဒါ ဒေဝီသို့ကပ်လာကုန်၏။ထိုအခါ အာနန္ဒာ၊သုဘဒ္ဒါဒေဝီသည် သားကြီး ရတနာကို ဆို၏။ ချစ်သား၊ အင်္ဂါလေးပါးရှိသော စစ်သည်ကို စီရင် လော့။ မင်းကြီးကိုမဖူးမြင်ရသည်ကြာပြီ၊ မင်းကြီးကိုဖူးမြင်ခြင်းငှါကပ် အံ့ဟုဆို၏။ သားကြီးရတနာလည်း ကောင်းပြီဝန်ခံ၍ အင်္ဂါလေးပါးရှိ သောစစ်သည်ကိုပြင်ဆင်စေ၍ မိဘုရားအားကြားလျှောက်၏။ ထိုရော အခါ အာနန္ဒာ၊ သုဘဒ္ဒါဒေဝီသည် မောင်းမအပေါင်းနှင့်တကွ၊ အင်္ဂါ

www.dhammaransi.com



လေးပါးရှိသောစစ်သည်ဖြင့် ဓမ္မပြာသာဒ်သို့ကပ်၍ ပြာသာဒ်ထက်သို့ တက်ပြီးလျှင်။ မဟာဝိယူဟတိုက်သို့ကပ်၍။ တိုက်၏တံခါးပေါင်ကိုဆွဲ၍ရပ်၏။ ထိုအခါ အာနန္ဒာ၊မင်းကြီးသည် များစွာသောလူအပေါင်း၏ အသံကဲ့သို့ တကားဟူ။ မဟာဝိယူဟတိုက်မှ ထွက်သည်ရှိသော်။တံခါးပေါင်ကိုဆွဲ၍ ရပ်သော မဟာသုဘဒ္ဒါဒေဝီကို မြင်လျှင်။ မိဘုရား၊ ဤအရပ်၌ပင်ရပ်လော့။ မဝင်လင့်ဟုဆို၍။ မင်းကြီးသည်မင်းချင်းယောက်ျား တယောက်ကို၊ အချင်းယောက်ျား၊ လာလှည့်။ မဟာဝိယူဟတိုက်မှရွှေပလ္လင်ကိုထုတ်၍၊ရွှေထန်းတောဌ်ခင်းလော့ဟုဆို၏။ ကောင်းပြီအရှင်မင်းကြီးဟု၊ ရွှေပလ္လင်ကိုထုတ်၍ ရွှေထန်းတော၌ခင်းလေ၏။ ထိုရော်အခါအာနန္ဒာ၊မဟာသုဒဿနစကြာမင်းသည် ထိုရွှေပလ္လင်၌ခြင်္သေ့မင်း၏အိပ်ခြင်းကိုပြု၏။ လက်ဝဲခြေဖြင့် လက်ျာခြေ၌ စဉ်းငယ် အလွန်အားဖြင့်တင်၍အိပ်ခြင်းကိုပြု၏။ ။ထိုရော်အခါအာနန္ဒာ၊သုဘဒ္ဒါအား ဤသို့ကြံ၏။ ယခုအခါ၌ မင်းကြီး၏မျက်စိအစရှိသော ဣန္ဒြေတို့သည် အထူးသဖြင့် ကြည်ညိုဘွယ်ရှိကုန်၏။ အရေအဆင်းသည် ထက်ဝန်းကျင်မှ စင်ကြယ် ဖြူစင်၏။ မဟာသုဒဿနမင်းကြီးသည် သေခြင်းကို မပြုပါစေသတည်းဟုကြံပြီး၍။ မြတ်သောမင်းကြီး၊ ကုသဝတီပြည်ကြီး အမှူးရှိသော ရှစ်သောင်းလေးထောင်ကုန်သောပြည်တို့၌ တပ်ခြင်းကို ဖြစ်စေလော့။ အသက်တော်၌ ငဲ့ကွက်ခြင်းကိုပြုပါလော့။ ဓမ္မပြာသာဒ်အမှူးရှိသော ရှစ်သောင်းလေးထောင်သော ပြာသာဒ်တို့၌ တပ်ခြင်းကို ဖြစ်စေလော့။ အသက်တော်၌ငဲ့ကွက်ခြင်းကိုပြုပါလော့။ မဟာဝိယူဟတိုက် အမှူးရှိသော ရှစ်သောင်းလေးထောင်ကုန်သော တိုက်တို့၌ရင်း။ ကော်ဇောခင်းနှီး အစရှိသည် ခင်းကုန်သော ရှစ်သောင်းလေးထောင်ကုန်သောပလ္လင်တို့၌ရင်း။ဥပေါသထဆင်အမှူးရှိသောရှစ်သောင်းလေးထောင်ကုန်သော ဆင်တို့၌ရင်း။ ဝလာဟက မြင်း အမှူးရှိသော ရှစ်သောင်းလေးထောင်ကုန်သော မြင်းတို့၌ရင်း။ ဝေဇယန္တာရထားအမှူးရှိသော ရှစ်သောင်း လေးထောင်ကုန်သော ရထားတို့၌ရင်း။ ပတ္တမြားရတနာအမှူးရှိသော ရှစ်သောင်း လေးထောင်ကုန်သော ပတ္တမြားတို့၌ရင်း။ သုဘဒ္ဒါ မိဘုရားရတနာ အမှူးရှိသော ရှစ်သောင်းလေးထောင်ကုန်သော မိန်းမရတနာတို့၌ရင်း။ သူဌေးကြီးရတနာအမှူးရှိသော ရှစ်သောင်းလေးထောင်ကုန်သော သူဌေးတို့၌ရင်း။ သားကြီးရတနာအမှူး

www.dhammaransi.com



ရှိသော ရှစ်သောင်း လေးထောင်ကုန်သော သားတို့၌ရင်း တပ်ခြင်းကို ဖြစ်စေလော့။ အသက်တော်၌ ငဲ့ကွက်ခြင်းကို ပြုတော်မူပါလော့။ နို့ခံ ခြွေးခွက်တို့နှင့်တကွဖြစ်သော ရှစ်သောင်းလေးထောင်ကုန်သော နို့ညှစ် နွားမတို့၌ရင်း။ ကောင်းမွန်သိမ်မွေ့သော ခေါမတိုင်း၌ဖြစ်သော ပုဆိုး အစရှိသည်တို့ဖြင့် ပြည့်ကုန်သော ပုဆိုး ကို ရှစ်သောင်းလေးထောင် တို့၌ရင်း။ ညနံနက် ဆောင်အပ်ကုန်သော သလေးထမင်းချက်အိုး ရှစ် သောင်းလေးထောင်တို့၌ရင်း တပ်ခြင်းကိုဖြစ်တော်မူစေလော့။အသက် တော်၌ ငဲ့ကွက်ခြင်းကိုပြုတော်မူပါလော့ ဟူ၍ လျှောက်၏။ ။ထိုသို့ လျှောက်သည်ရှိသော်မဟာသုဒဿနစကြာမင်းသည်။အာနန္ဒာ၊သုဘဒ္ဒါ ဒေဝီကိုဤစကားကိုဆို၏။ သုဘဒ္ဒါဒေဝီ၊သင်သည် ငါ့ကိုရှည်စွာသော နေ့ညဉ့်ပတ်လုံး ချစ်နှစ်လိုဘွယ်သောစကားတို့ဖြင့်ပြောဆိုပြီး၍။ အဆုံး စွန်သော၍ကာလ၌ ငါ့ကိုသင်သည် မချစ်မနှစ်လိုဘွယ်သောစကားကို ဆိုပေ၏တကားဟု မင်းကြီးဆိုသော်။ အရှင်မင်းကြီး၊ အဘယ်သို့လျှင် အကျိုးစီးပွါးရှိသော ချစ်နှစ်လိုဘွယ်သောစကားကို ပြောဆိုရအံ့နည်း ဟုမိဘုရားလျှောက်၏။ မိဘုရား၊ သင်သည် ငါ့ကိုဤသို့ပြောဆိုလော့။ အရှင်မင်းကြီး၊အလုံးစုံကုန်သောချစ်နှစ်လိုအပ်သောဝတ္ထုတို့နှင့်အထူး ထူး အသီးသီးဖြစ်ခြင်းသည်၊ ကွေကွင်း၍ဖြစ်ခြင်းသည်၊ တပါးအပြား ဖြင့်ဖြစ်ခြင်းသည် ဓမ္မတာသဘောတည်း။အရှင်မင်းကြီးသည် ခပ်သိမ်း ကုန်သောဝတ္ထုပစ္စည်းတို့၌ ငဲ့ကွက်ခြင်းနှင့်တကွ သေခြင်းကိုမပြုသင့်။ ငဲ့ကွက်ခြင်းနှင့်တကွ သေခြင်းသည် ဆင်းရဲခြင်း၏ အကြောင်းတည်း။ ငဲ့ကွက်ခြင်းနှင့် တကွ သေရခြင်းသည် ကဲ့ရဲ့အပ်၏။ အရှင် မင်းကြီး၊ ကုသဝတီပြည်ကြီး အမှူးရှိသော ရှစ်သောင်း လေးထောင်ကုန်သော ပြည်ကြီးတို့၌ တပ်ခြင်းကို စွန့်လော့။ အသက်တော်၌ ငဲ့ကွက်ခြင်းကို မပြုလင့်။ ဓမ္မပြာသာဒ် အမှူးရှိကုန်သော ရှစ်သောင်းလေးထောင်ကုန် သောပြာသာဒ်အစရှိကုန်သော ဆိုအပ်ပြီးသောစည်းစိမ်တို့၌ တပ်ခြင်း ကိုစွန့်လော့။ အသက်တော်၌ ငဲ့ကွက်ခြင်း မပြုလင့်။ ဤသို့ပြောဆိုအပ် ၏ဟု မင်းကြီးဆိုသည်ရှိသော်။ ချစ်သား အာနန္ဒာ၊ သုဘဒ္ဒါဒေဝီသည် ငို၏။ မျက်ရည်တို့ကို ဖြစ်စေ၏။ ထိုရောအခါ အာနန္ဒာ၊ သုဘဒ္ဒါဒေဝီ သည်မျက်ရည်တို့ကိုသုတ်၍။မဟာသုဒဿနမင်းကြီးကိုဤသို့လျှောက် ၏။ အရှင်မင်းကြီး၊အလုံးစုံသောနှစ်လိုအပ်ကုန်သော စည်းစိမ်ချမ်းသာ

www.dhammaransi.com



တို့နှင့်၊ အထူးထူး အပြားပြားဖြင့် ဖြစ်ခြင်းသည် သင်္ခါရ၏ သဘောတည်း။ အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် စည်းစိမ်ချမ်းသာတို့ကို ငဲ့ကွက်ခြင်းနှင့်တကွ သေခြင်းကိုမပြုပါလင့်။ ငဲ့ကွက်ခြင်းရှိသည်ဖြစ်၍ သေခြင်းကိုပြုခြင်းသည် အပါယ်၌ဆင်းရဲခံရခြင်း၏အကြောင်းတည်း။ အရှင်မင်းကြီး၊ ကုသဝတီပြည်ကြီးအမှူးရှိကုန်သော ရှစ်သောင်းလေးထောင်ကုန်သော မြို့အစရှိသော ဆိုအပ်ပြီးသော အလုံးစုံသောစည်းစိမ်ချမ်းသာတို့၌ တပ်ခြင်းဆန္ဒကို စွန့်တော်မူပါလော့။ အသက်တော်၌ ငဲ့ကွက်ခြင်းကိုမပြုလင့်ဟူ၍ သုဘဒ္ဒါပြောဆို၏။ ထိုရောအခါ အာနန္ဒာ၊ မဟာသုဒဿနမင်းကြီးသည် မကြာမြင့်မီသေခြင်းကိုပြုလေ၏။ ဥပမာကား။ ချစ်သားအာနန္ဒာ၊ ကောင်းသော ထမင်းကိုစား၍သော သူကြွယ်အား။ ထမင်း၏ ယစ်ခြင်းသည် ဖြစ်သကဲ့သို့ သေခြင်း အဆုံးရှိသော ဝေဒနာသည်ဖြစ်၏၊ ချစ်သားအာနန္ဒာ၊ သေခြင်းကိုပြုသော မဟာသုဒဿနမင်းသည် သုဂတိဗြဟ္မာ့ပြည်သို့ဖြစ်လေ၏။ ။အာနန္ဒာ၊ မဟာသုဒဿနမင်းသည် အနှစ်ရှစ်သောင်းလေးထောင်ကာလပတ်လုံးသတို့သားငယ်၏ ကစားခြင်းကို ကစား၏။ အနှစ် ရှစ်သောင်းလေးထောင်ပတ်လုံး ဥပိရာဇ်မင်းပြု၏။ အနှစ်ရှစ်သောင်းလေးထောင်ပတ်လုံး စကြာမင်း၏အဖြစ်ကိုပြု၏။ အနှစ်ရှစ်သောင်းလေးထောင်ပတ်လုံး လူဖြစ်သည်ဖြစ်လျက် ဓမ္မပြာသာဒ်ထက်၌ မြတ်သောအကျင့်ကိုကျင့်၏။ ထိုစကြာမင်းသည် ဗြဟ္မဝိဟာရတရားလေးပါးတို့ကို ပွါးစေ၍ ခန္ဓာကိုယ်ပျက်သည်မှ ရတိစိတ်၏အထက်၌ ဗြဟ္မာ့ပြည်သို့ကပ်လေ၏။ ။အာနန္ဒာ၊ ထိုရောအခါ၌ မဟာသုဒဿနမင်းသည်တပါးသောသူဟုသင်ချစ်သား မှတ်တန်ရာ၏။ အာနန္ဒာ၊မဟာသုဒဿနမင်းကို ဤသို့တပါးသောသူဟု မမှတ်အပ်။ အာနန္ဒာ၊ ထိုရောအခါ ငါဘုရားသည် မဟာသုဒဿနမင်းဖြစ်၏။ ။အာနန္ဒာ၊ ကုသဝတီမင်းနေပြည်အမှူးရှိသော ရှစ်သောင်းလေးထောင်ကုန်သောမြို့တို့သည် ငါ၏မြို့ဖြစ်ကုန်၏။ဓမ္မပြာသာဒ်အမှူးရှိသော ပြာသာဒ် ရှစ်သောင်း လေးထောင်တို့သည် ငါ၏ပြာသာဒ်ဖြစ်ကုန်၏။ မဟာဗိယူဟာတိုက်အမှူးရှိသော ရှစ်သောင်းလေးထောင်ကုန်သောတိုက်တို့သည် ငါဘုရား၏တိုက်ဖြစ်ကုန်၏။ ရွှေ၊ ငွေ၊ ဆင်စွယ်၊ သစ်နှစ်တို့ဖြင့်ပြီးကုန်သောပလ္လင် ရှစ်သောင်းလေးထောင်တို့သည် ငါဘုရား၏ပလ္လင်တို့တည်း။ ဥပေါသထဆင်မြူရာဇာနာအမှူးရှိသော၊ ရွှေဖြင့်

www.dhammaransi.com



ပြီးသော တန်းဆာဆင်ကုန်သော၊ ရွှေတန်းခွန်ရိုက်ကုန်သော၊ ရွှေကွန်ရက်ဖုံးလွှမ်းကုန်သောဆင်ရှစ်သောင်းလေးထောင်တို့သည် ငါ၏ဆင်။ ဝလာဟကမြင်းရတနာ အမှူးရှိသော ရွှေတန်းဆာဆင်ကုန်သော၊ ရွှေတန်းခွန်ဆောက်ကုန်သော၊ ရွှေကွန်ရက် ဖုံးလွှမ်းကုန်သော မြင်း ရှစ်သောင်းလေးထောင်တို့သည် ငါ၏မြင်း။ ဝေဇယန္တာရထားအမှူးရှိကုန်သော၊ ခြင်္သေ့ရေ၊ ကျားရေ၊ သစ်ရေရုံကုန်သော ရထား ရှစ်သောင်းလေးထောင်တို့သည် ငါ၏ရထား။ ပတ္တမြားရတနာ အမှူးရှိကုန်သော ပတ္တမြားရှစ်သောင်းလေးထောင်တို့သည် ငါ၏ပတ္တမြား။ သုဘဒ္ဒါအမှူးရှိသော ရှစ်သောင်းလေးထောင်ကုန်သော မိန်းမတို့သည် ငါ၏မိန်းမ။ သားကြီးရတနာအမှူးရှိသော ရှစ်သောင်းလေးထောင်ကုန်သော သားတို့သည် ငါ၏သား။ သူဌေးကြီးရတနာအမှူးရှိသော ရှစ်သောင်းလေးထောင်ကုန်သော သူဌေးတို့သည် ငါ၏သူဌေး။ ပုဆိုးကျီ ရှစ်သောင်းလေးထောင်တို့သည် ငါ၏ပုဆိုးကျီ။ ရှစ်သောင်းလေးထောင်ကုန်သော ထမင်းချက်အိုးတို့ကိုငါ့အားထမင်းအလို့ငှါဆောင်ခဲ့ကုန်ပြီ။ ။

ထိုရောအခါရှစ်သောင်းလေးထောင်ကုန်သောမြို့တို့တွင်ကုသဝတီပြည်ကြီးတခုသာ ငါနေ၏။ ပြာသာဒ်ရှစ်သောင်းလေးထောင်တို့တွင် ဓမ္မပြာသာဒ်တခုသာ ငါနေ၏။ တိုက်ရှစ်သောင်းလေးထောင်တို့တွင် မဟာဝိယူဟတိုက်တခုသာ ငါနေ၏။ ပလ္လင် ရှစ်သောင်းလေးထောင်တို့တွင် တခုသောပလ္လင်၌သာငါနေ၏။ ရွှေပလ္လင်၌သော်၎င်း၊ ငွေပလ္လင်၌သော်၎င်း၊ဆင်စွယ်ပလ္လင်၌သော်၎င်း၊သစ်နှစ်ပလ္လင်၌သော်၎င်းနေတော်မူ၏။ ဆင် ရှစ်သောင်းလေးထောင်တို့တွင် ဥပေါသထဆင်ရတနာကိုသာငါသုံးဆောင်၏။ မိဘုရား ရှစ်သောင်းလေးထောင်တို့တွင် သုဘဒ္ဒါဒေဝိမိဘုရား တယောက်သည်သာလျှင် ငါ့ကို လုပ်ကျွေး၏။ ပုဆိုးကျီ ရှစ်သောင်းလေးထောင်တို့တွင် တထည်သောပုဆိုးကိုသာ ငါဝတ်၏။ ခေါမတိုင်း၌ ဖြစ်သော ပုဆိုးကိုသော်၎င်း၊ ဝါချည်ပုဆိုးကိုသော်၎င်း၊ ပိုးချည်ပုဆိုးကိုသော်၎င်း၊ ကမ္ဗလာကောင်းကိုသော်၎င်း၊ငါဝတ်တော်မူ၏။ ထမင်းချက်အိုးရှစ်သောင်းလေးထောင်တို့တွင် တလုံးသောအိုးမှ တကွမ်းစားချက်မျှသောထမင်းကို၎င်း၊ထိုထမင်းနှင့်လျော်ကပ်သော ဟင်းကို၎င်း။ ငါသုံးဆောင်စားသောက်၏။ အာနန္ဒာ၊ ထိုအလုံးစုံသော သင်္ခါရတရားတို့သည် လွန်လေကုန်ပြီ။ ချုပ်လေကုန်ပြီ။ ဖောက်ပြန်

www.dhammaransi.com



လေကုန်ပြီ။ ဤသို့ဖြစ်သဖြင့် အာနန္ဒာ၊သင်္ခါရတရားတို့သည် မမြဲကုန်၊ ဤသို့ဖြစ်သဖြင့်သင်္ခါရတရားတို့ကိုမသာယာအင်ကုန်။အာနန္ဒာ၊သင်္ခါရတရားတို့၌တပ်ခြင်းကင်းအံ့သောငှါ၊ ငြီးငွေ့အံ့သောငှါ၊လွတ်အံ့သောငှါ လျောက်ပတ်သည်သာလျှင်တည်း။ ။အာနန္ဒာ၊ ဤကုသိနာရုံပြည် အရပ်၌ ခြောက်ကြိမ်ငါ၏ခန္ဓာကိုယ်အကောင်ကိုစွန့်ပစ်ခြင်းကိုငါသိ၏။ ထိုသို့စွန့်ပစ်ခြင်းသည်လည်း လေးကျွန်းလုံးကိုအစိုးရသောစကြဝတေးမင်းဖြစ်၍သာလျှင်တည်း။ဤယခုအခါ ငါဘုရား၏ကိုယ်ကိုစွန့်ပစ်ခြင်းသည်ကား ခုနစ်ကြိမ်မြောက်ဖြစ်လတ္တံ့။ အာနန္ဒာ၊ အကြင်အရပ်၌ ငါဘုရားသည်ရှစ်ကြိမ်မြောက်အောင်ခန္ဓာကိုယ်ကိုစွန့်ပစ်၏။ထိုအရပ်ကိုနတ်နှင့်တကွသောလူ၌။ မာရ်နှင့်တကွသော၊ ဗြဟ္မာနှင့်တကွသောလောက၌၊ နတ်လူနှင့်တကွသော သတ္တဝါ၌၊ ရဟန်းပုဏ္ဏားနှင့် တကွသောသတ္တဝါ၌။ ငါဘုရားသည် မြင်တော်မမူဟုမိန့်တော်မူ၍ ဤမဟာသုဒဿနသုတ်ကိုဟောတော်မူ၍။ ။အနိစ္စာဝတသင်္ခါရာ၊ဥပ္ပါဒဝယဓမ္မိနော။ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊တေသံဝူပသမောသုခေါ။ ။ဟူ၍ အဆုံး၌ ဟောတော်မူ၏။ ။အာနန္ဒ၊အာနန္ဒာ။သင်္ခါရာ၊သင်္ခါရတရားတို့သည်။ အနိစ္စာဝတ၊အမြဲမရှိကုန်တကား။ ဥပ္ပါဒ၊ဖြစ်တတ်သောသဘောရှိကုန်၏။ဝယဓမ္မိနော၊ပျက်တတ်သောသဘောရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ဖြစ်ပြီး၍။ နိရုဇ္ဈန္တိ၊ချုပ်တတ်ကုန်၏။ တေသံ၊ထိုသင်္ခါရတရားတို့၏။ ဝူပသမော၊ ငြိမ်းခြင်းသည်။သုခေါ၊ချမ်းသာ၏။ ။

---

၇၂။ မြတ်စွာဘုရားသည်ရှင်အာနန္ဒာကို
စေ၍ကုသိနာရုံပြည်မလ္လာမင်းတို့အားအကြောင်း
ကြားစေတော်မူသည်ကိုပြရာ။

ဤမဟာသုဒဿနသုတ်ကို ဟောတော်မူပြီးသော အဆုံး၌ အရှင်အာနန္ဒာကိုခေါ်တော်မူ၍။ အာနန္ဒာ၊သင်သွားချေ။ ကုသိနာရုံမြို့သို့ဝင်၍ ကုသိနာရုံပြည်၌နေကုန်သောမလ္လာမင်းတို့အားကြားချေ။ဝါသိဋ္ဌအမျိုး၌ ဖြစ်သော မလ္လာမင်းတို့၊ ယနေ့ညဉ့်မိုးသောက်ယံ၌ လာခြင်းကောင်းသောမြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုတော်မူခြင်းသည်ဖြစ်လတ္တံ့။ ဝါသိဋ္ဌအမျိုး၌ဖြစ်သောမင်းမြတ်တို့၊ မြတ်စွာဘုရားသို့ ဖူးမြော်၍ ထွက်ကုန်

www.dhammaransi.com



လေ၁။ငါတို့၏ရွာခေတ်၌ မြတ်စွာဘုရား၏ပရိနိဗ္ဗာန်ပြုခြင်းသည်ဖြစ်ပြီ။ အဆုံးစွန်ဖြစ်သောကာလ၌ မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ မရလိုက် ပါကုန်ဟူ၍ နောက်မှနှလုံးမသာခြင်းသည် သင်တို့အား မဖြစ်စေကုန် လင့်။ လျင်စွာ ဘုရားကိုဖူးမြင်ခြင်းငှါ လာကုန်လော့ဟု ကြားပါချေဟူ၍ စေတော်မူ၏။ အရှင်အာနန္ဒာလည်း ကောင်းပြီအရှင်ဘုရားဟု မြတ်စွာ ဘုရား၏စကားကိုဝန်ခံ၍သင်းပိုင်ကိုယ်ဝတ်ကိုဝတ်၍။သပိတ်သင်္ကန်း ကိုယူ၍၊ အဘော်မပါဘဲ ကုသိနာရုံပြည်တွင်းသို့ ဝင်လေ၏။ ထိုရောအခါ မလ္လာမင်းတို့သည် တစုံတခုသောပြုဘွယ်အမှုကြောင့် မင်းကွန်းစရပ်၌ စည်းဝေးကုန်၏။ အရှင်အာနန္ဒာသည် မင်းကွန်းရှိရာသို့ကပ်၍ မလ္လာမင်းတို့အားကြား၏။ ဝါသိဋ္ဌအမျိုးဖြစ်သော မလ္လာမင်းတို့၊ ယနေ့ညဉ့်၏ မိုးသောက်ယံ၌ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့။ ဘုရားသို့ချဉ်းကပ်လျင်စွာထွက်ကုန်လော့။ ဝါသိဋ္ဌအမျိုး၌ဖြစ်ကုန်သော မလ္လာမင်းတို့၊ လျင်စွာ ဘုရားကို ဖူးမြင်ခြင်းငှါ သွားကုန်လော့။ နောက်အခါ၌နှလုံးမသာယာခြင်းကိုမဖြစ်စေကုန်လင့်။ငါတို့ရွာခေတ်၌ မြတ်စွာဘုရား၏ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လေပြီ။ အဆုံးစွန်ဖြစ်သော ကာလ၌ ငါတို့သည် ဘုရားကိုဖူးမြင်ခြင်းငှါမရလိုက်ပါကုန်ဟု နောက်အခါ၌ နှလုံးမသာမယာမဖြစ်စေကုန်လင့်။ လျင်စွာထွက်ကုန်လော့ဟု ကြား၏။ ထိုရောအခါ အရှင်အာနန္ဒာ၏စကားကိုကြား၍။ မလ္လာမင်းတို့သည်၎င်း။ မလ္လာမင်း၏ သားတို့သည်၎င်း။ မလ္လာမင်း၏ ချွေးမတို့သည်၎င်း။ မလ္လာမင်း၏ မယားတို့သည်၎င်း။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျင်စွာ ပရိနိဗ္ဗာန်ပြုတော့လတ္တံ့။ လာခြင်းကောင်းသော မြတ်စွာဘုရားသည် အလွန် လျင်စွာ ပရိနိဗ္ဗာန် ပြုတော့လတ္တံ့။ မျက်စိအမြင်ကိုပြုတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်စွာ လောက၌ကွယ်တော့လတ္တံ့ဟု နှလုံးမသာကုန်သည်ဖြစ်၍ စိတ်၏ဆင်းရဲခြင်းဖြင့်နှိပ်စက်ကုန်သည်ဖြစ်၍၊ အချို့သောသူတို့သည် ဆံတို့ကို ဖရိုဖရဲဖြ၍ ငိုကုန်၏။ အချို့သောသူတို့သည် လက်မောင်းတို့ကို မြှောက်၍ငိုကုန်၏။ အချို့သောသူတို့သည် ကမ်းပါးပြတ်၌ဈာသကဲ့သို့ လူးလည်းကုန်၏။ ထိုအခါ မလ္လာမင်းတို့သည်၎င်း။ မလ္လာမင်းတို့၏သားတို့သည်၎င်း။ မလ္လာမင်းတို့၏ချွေးမတို့သည်၎င်း။ မလ္လာမင်းတို့၏မယားတို့သည်၎င်း။ အကြွင်အရပ်၌ ဥပဝတ္တန အင်ကြင်းတောသည် ရှိ၏။

www.dhammaransi.com



အကြွင်းအရပ်၌ အရှင်အာနန္ဒာသည်ရှိ၏။ ထိုအရပ်သို့ကပ်လာကုန်၏။ ထိုရောအခါ အရှင်အာနန္ဒာအား ဤသို့သောအကြံသည်ဖြစ်၏။ငါသည် အကယ်၍ မလ္လာမင်းတို့ကို တယောက်တယောက်စီမြတ်စွာဘုရားကို ရှိခိုးစေသည်ဖြစ်အံ့။ အလုံးစုံသောမလ္လာမင်းတို့သည် မြတ်စွာဘုရားကို ရှိမခိုးရသည်သာလျှင်ဖြစ်လတ္တံ့။ ထိုသို့ စေ့စုံအောင်ရှိခိုး၍ မပြီးမီပင် လျှင် ဤညဉ့်သည် လင်းလတ္တံ့။ သို့ဖြစ်၍ မလ္လာမင်းတို့ကို တမျိုးတစု တမျိုးတစုအလှည့်ထား၍ မြတ်စွာဘုရားကိုရှိခိုးစေအံ့။ ဘုန်းတော်ကြီး သောရှင်ပင်ဘုရား၊ ဤမည်သောမလ္လာမင်းသည် သားနှင့်တကွ၊ ချွေးမ နှင့်တကွ၊ အခြွေအရံနှင့်တကွ၊ အမတ်နှင့်တကွ၊ မြတ်စွာဘုရား၏ ခြေ တော်တို့ကိုရှိခိုး၏ဟု လျှောက်၍ ရှိခိုးစေ့အံ့ကြံပြီးလျှင်။ အရှင်အာနန္ဒာ သည် မလ္လာမင်းတို့ကိုတမျိုးတစုတမျိုးတစုစီနေစေ၍ အလှည့်အားဖြင့် မြတ်စွာဘုရားကိုရှိခိုးစေ၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ဤမည် သော မလ္လာမင်းသည် သားမယားအခြွေအရံအမတ်နှင့်တကွ မြတ်စွာ ဘုရား၏ခြေတော်တို့ကို ရှိခိုးပါ၏ဟုလျှောက်၍။ ဤသို့သောနည်းဖြင့် အရှင်အာနန္ဒာသည်ပဌမယံဖြင့်သာလျှင်မလ္လာမင်းတို့ကိုရှိခိုးစေ၏။ ။

---

၁၃။ ပဗ္ဗဇိတ၊ဥပသမ္ပဒ၊အရဟတ္တဖတ္တ၊သုံးချက်လုံးဖြင့် မြတ်စွာဘုရားမျက်မှောက်ပစ္ဆိမိကသက္ခိသာဝကဖြစ်သော သုဘဒ္ဒထေရ်၏အကြောင်းကိုပြရာ။

ထိုရောအခါ ဥဒိစ္စပုဏ္ဏားမျိုးမှ အဝတ်ဖြူဝတ်လျက် ပရိဗိုဇ်ရဟန်း ပြုသော သုဘဒ္ဒမည်သောပရိဗိုဇ်ရဟန်းသည် ကုသိနာရုံပြည်၌နေ၏။ ထိုသုဘဒ္ဒပရိဗိုဇ်သည် ယနေ့ညဉ့် မိုးသောက်ယံ၌ ရဟန်းဂေါတမ၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့ဟု ကြား၏။ ထိုသို့ကြားသောအခါ၌ သုဘဒ္ဒပရိဗိုဇ်အား ဤသို့အကြံသည်ဖြစ်၏။ လောက၌ ပစ္စည်းလေးပါး ပူဇော်အထူးကို ခံတော်မူထိုက်သော သစ္စာလေးပါးကို သိကုန်သော မြတ်စွာဘုရားတို့သည် တရံတခါ၌သာ ဖြစ်ကုန်၏ဟူ၍ ထိုစကားကို အရွယ်ကြီးကုန်သော အသက်ကြီးကုန်သော ဆရာအဆက်ဆက်ဖြစ် ကုန်သောပရိဗိုဇ်တို့၏အထံမှကြားဘူး၏။ ယနေ့ညဉ့်၏မိုးသောက်ယံ၌ ပင်လျှင်လည်း ရဟန်းဂေါတမ၏ ပရိနိဗ္ဗာန်ပြုခြင်းသည်ဖြစ်လတ္တံ့။ ငါ

www.dhammaransi.com



အားလည်း၍ယုံမှားခြင်းသည်ရှိ၏။ငါသည်လည်းထိုရဟန်းဂေါတမ၌ ယုံကြည်ခြင်းသည်ရှိ၏။ အကြင်အခြင်းဖြင့် တရားဟောသည်ရှိသော် ငါ၏ယုံမှားခြင်းသည်ပျောက်ရာ၏။ထိုအခြင်းဖြင့်ရဟန်းဂေါတမသည် ငါ့အား တရားဟောခြင်းငှါ စွမ်းနိုင်ရာ၏ဟု ငါသည်လည်း ရဟန်း ဂေါတမ၌ ယုံကြည်၏ဟု ကြံ၍။ သုဘဒ္ဒပရိဗိုဇ်သည် အကြင်အရပ်၌ ဥပဝတ္တန အင်ကြင်းတောသည် ရှိ၏၊ အကြင်အရပ်၌ အရှင်အာနန္ဒာ သည်ရှိ၏။ထိုအရပ်သို့ကပ်လေ၍။အရှင်အာနန္ဒာကို ဤသို့သောစကား ကိုဆို၏။ အိုအရှင်အာနန္ဒာ၊ သစ္စာလေးပါးတရားကိုသိကုန်သော မြတ်စွာဘုရားတို့သည် လောက၌ တရံတခါ၌သာ တစုံတခုသောအရပ်၌ ဖြစ်ကုန်၏ဟူ၍ အသက်အရွယ်ကြီးကုန်သောဆရာအဆက်ဆက်ဖြစ် ကုန်သောပရိဗိုဇ်တို့၏ အထံမှ ထိုစကားကိုကြားဘူး၏၊ ယနေ့ညဉ့်၏ မိုးသောက်ယံ၌သာလျှင် ရဟန်းဂေါတမ၏ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့။ ငါ့အားလည်း ဖြစ်သောယုံမှားခြင်းသဘောသည်ရှိ၏။ အကြင် အခြင်းဖြင့်ငါသည်ယုံမှားသင်္ကာကိုစွန့်နိုင်ရာ၏။ ထိုအခြင်းဖြင့် ရဟန်း ဂေါတမသည် တရားဟောခြင်းငှါ စွမ်းနိုင်အံ့။ ဤသို့ စွမ်းနိုင်သည်ရှိသော် ငါသည် ရဟန်းဂေါတမ၌ ကြည်ညိုပါအံ့။ အိုအရှင်အာနန္ဒာ၊ အကျွန်ုပ်သည် ရဟန်းဂေါတမကိုဖူးမြင်လိုပါ၏ဟုဆို၏။ဤသို့ဆိုသည် ရှိသော်။ ငါ့အရှင်သုဘဒ္ဒ၊ မသင့်။ မြတ်စွာဘုရားကို သင်မညှဉ်းဆဲပါလင့်။ မြတ်စွာဘုရားသည် ပင်ပန်းတော်မူလှ၏ဟူ၍ အရှင်အာနန္ဒာဆို၏။မပင်ပန်းပါစေလင့်ဟု အရှင်အာနန္ဒာ အဘယ့်ကြောင့်ဆိုသနည်းဟူမူကား။တိတ္ထိတို့မည်သည် မိမိတို့၏အယူကိုသာလျှင် မြဲစွာယူကုန်၏။ ထိုအယူကိုစွန့်စေခြင်းငှါ များစွာပြောဆိုတော်မူသော မြတ်စွာဘုရား အား ပင်ပန်းခြင်းသည်ဖြစ်လတ္တံ့။ ပကတိအားဖြင့်ပင်လည်း မြတ်စွာ ဘုရားသည် ပင်ပန်း၏ဟုမှတ်၍ ဆိုသတည်း။ ။သုဘဒ္ဒပရိဗိုဇ်သည် ဤအာနန္ဒာကား ငါ့အားခွင့်မပြု၊အလိုရှိသောသူသည်ကား သူ့အလိုကို လိုက်၍ကျင့်အပ်၏ဟု အကြံရှိ၍ နှစ်ကြိမ်မြောက်ငင်း။ သုံးကြိမ်မြောက် ငင်း။ အရှင်အာနန္ဒာ၊ မြတ်စွာဘုရားတို့သည် လောက၌တရံတခါ၌သာ တစုံတခုသောအရပ်၌ ဖြစ်ကုန်၏ဟူ၍ အသက်အရွယ်ကြီးကုန်သော ဆရာအဆက်ဆက်ဖြစ်ကုန်သော ပရိဗိုဇ်တို့၏အထံမှ အကျွန်ုပ်သည် ကြားဘူး၏၊ ယနေ့ညဉ့်၌ မိုးသောက်ယံ၌ပင်လည်း ရဟန်းဂေါတမ၏

www.dhammaransi.com



ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့။ အကျွန်ုပ်အားဖြစ်သော ယုံမှားခြင်း တခုသည်ရှိ၏။ အကြင်အခြင်းဖြင့် ယုံမှားခြင်းကို အကျွန်ုသည် စွန့်ရာ၏။ ထိုအခြင်းဖြင့်ရဟန်းဂေါတမသည် အကျွန်ုပ်အား တရားကိုဟောခြင်းငှါ စွမ်းနိုင်အံ့။ ဤသို့ စွမ်းနိုင်ပါသည် ရှိသော် ရဟန်းဂေါတမ၌ အကျွန်ုပ်သည်ကြည်ညိုရာ၏။ တောင်းပန်ဖ၏။ အရှင်အာနန္ဒာ၊ အကျွန်ုပ်သည် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ ရလိုပါ၏ဟု အရှင် အာနန္ဒာကို ဆို၏။ အရှင်အာနန္ဒာလည်း သုံးကြိမ်မြောက်။ ငါ့ရှင်သုဘဒ္ဒ၊ မသင့်။ မြတ်စွာဘုရားကို သင်မညှဉ်းဆဲပါလင့်။ မြတ်စွာဘုရားသည် ပင်ပန်းတော်မူလှ၏ဟူ၍ဆို၏။ မြတ်စွာဘုရားလျောင်းတော်မူရာ၌ရှိအပ်သော တင်းထိမ်တံခါးဝ၌ ရပ်လျက် သုဘဒ္ဒပရိဗိုဇ်နှင့်တကွ ပြောဆိုသော အရှင်အာနန္ဒာ၏စကားကို မြတ်စွာဘုရားသခင်သည် ပကတိနားဖြင့် ကြားတော်မူ၍ မြတ်စွာဘုရားသည် သုဘဒ္ဒပရိဗိုဇ်၏အလို့ငှါသာလျှင် ကြီးစွာသော အားထုတ်ခြင်းဖြင့် ကြွလာတော်မူသည် ဖြစ်သောကြောင့်။ အာနန္ဒာ၊ သုဘဒ္ဒကိုမြစ်ခြင်းသည်မသင့်။ အာနန္ဒာ၊ သုဘဒ္ဒကို မမြစ်ပါလင့်။ အာနန္ဒာ၊ သုဘဒ္ဒသည် ငါဘုရားကိုဖူးမြင်ခြင်းငှါရပါစေ။ သုဘဒ္ဒသည် ငါ့ကို အကြင်ပြဿနာကိုမေးလတ္တံ့။ ထိုအလုံးစုံကိုသိလို၍သာ မေးလတ္တံ့။ ညှဉ်းဆဲလိုသည်ဖြစ်၍ မမေးလတ္တံ့။ ဤသုဘဒ္ဒအား အကြင်အဖြေကို ငါသည် ဖြေလတ္တံ့။ ထိုအဖြေကိုသုဘဒ္ဒသည် လျင်စွာသိပေလတ္တံ့။ သုဘဒ္ဒကိုဝင်ပါစေ။ အာနန္ဒာ၊ မမြစ်ပါလင့်ဟု မြတ်စွာဘုရားမိန့်တော်မူသော်။ အရှင်အာနန္ဒာသည်။ သုဘဒ္ဒကို။ ငါ့အရှင်သုဘဒ္ဒ၊ မြတ်စွာဘုရားခွင့်ပြုတော်မူ၏။ သင်သည် တင်းထိမ်တွင်းသို့ဝင်တော့ဟုဆို၏။ ထိုအခါ သုဘဒ္ဒပရိဗိုဇ်သည် အကြင်အရပ်၌ မြတ်စွာဘုရားရှိ၏။ ထိုအရပ်သို့ ကပ်လေ၍။ မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ ပြော၏။ ဝမ်းမြောက်ခြင်းကိုဖြစ်စေတတ်သော။ အောက်မေ့အပ်သောစကားကို ဆုံးစေပြီး၍။ တင့်အပ်သောအရပ်၌နေပြီးသော် မြတ်စွာဘုရားကိုဤသို့ လျှောက်၏။ ဘုန်းတော်ကြီးသောရှင်ဂေါတမ၊ အပေါင်းအဖော်ကိုဆောင်ကုန်သော်။ ဂိုဏ်းကိုဆောင်ကုန်သော။ ဂိုဏ်းဆရာဖြစ်ကုန်သော ထင်ရှားကုန်သော။ အခြံအရံ များကုန်သော။ အယူကိုပြုတတ်ကုန်သော။ များစွာသောသူအပေါင်းကိုသည် သူတော်ကောင်းဟူ၍ သမုတ်အပ်ကုန်သော အကြင်ရဟန်းပုဏ္ဏားတို့သည် ရှိကုန်၏။ ထိုရဟန်းပုဏ္ဏား

www.dhammaransi.com



တို့သည်အဘယ်နည်းဟူမူကား။ ကဿပအမျိုးဖြစ်သောပူရဏ။ ဂေါသာလအမျိုးဖြစ်သောမက္ခလိ။ ဆံအမွေးကမ္ဗလာကိုဆောင်သောအဇိတ။ ကစ္စာယနအမျိုးဖြစ်သောပကုဓ။ အဝတ်ပြုဝတ် ပရိဗိုဇ်ဗေလဋ္ဌ၏သားဖြစ်သောသဥ္စယ။ နာဋ၏သားဖြစ်သော နိဂဏ္ဌ။ ဤသူတို့တည်း။ ဤအလုံးစုံသော သူတို့သည် မိမိတို့၏ဝန်ခံတိုင်းဖြင့် သိကုန်သလော။ ဤအလုံးစုံသောသူတို့သည် ဝန်ခံတိုင်းမသိကုန်သလော။ ထိုသို့မဟုတ်မူ၍၊ အချို့သောသူတို့သည်သာဝန်ခံတိုင်းသိ၍။ အချို့သောသူတို့ကား မသိကုန်သလော၊ ဤသို့လျှောက်၏။ ။မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။ သုဘဒ္ဒ၊ ဤသို့မေးခြင်းသည်မသင့်။ အလုံးစုံသောထိုသူတို့သည် မိမိတို့ဝန်ခံတိုင်းသိကုန်သလော။ ဤသို့အစရှိသော ပြဿနာကို ထားဘိဦး။ သုဘဒ္ဒ၊ သင့်အားငါသည် တရားကိုဟောအံ့။ ထိုတရားကို သင်သည်နာလော့။ ကောင်းစွာနှလုံးပြုလော့။ ငါသည် ဟောအံ့ဟု မိန့်တော်မူသော်။ကောင်းပြီအရှင်ဘုရားဟု၊သုဘဒ္ဒသည် မြတ်စွာဘုရား၏ စကားတော်ကိုဝန်ခံ၏။မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။သုဘဒ္ဒ၊ အကြင်တရားဝိနည်း၌၊အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော၊ မြတ်သောအကျင့်ဟုဆိုအပ်သော မဂ္ဂင်ရှစ်ပါးကိုမရအပ်။ ထိုတရားဝိနည်း၌ပဌမရဟန်းကိုလည်းမရအပ်။ ဒုတိယမြောက်ဖြစ်သော ရဟန်းကိုလည်း မရအပ်။ တတိယမြောက်ဖြစ်သော ရဟန်းကိုလည်းမရအပ်။စတုတ္ထမြောက်ဖြစ်သောရဟန်းကိုလည်း မရအပ်။ သုဘဒ္ဒ၊ အကြင်သုတ်အဘိဓမ္မာဝိနည်း၌ မြတ်သောအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော မဂ္ဂင်ရှစ်ပါးကိုရအပ်၏။ ထိုသုတ် အဘိဓမ္မာ ဝိနည်း၌ ပဌမဖြစ်သောရဟန်းကိုလည်းရအပ်၏။ဒုတိယဖြစ်သော ရဟန်းကိုလည်း ရအပ်၏။ တတိယဖြစ်သော ရဟန်းကိုလည်းရအပ်၏။ စတုတ္ထဖြစ်သောရဟန်းကိုလည်းရအပ်၏။ သုဘဒ္ဒ၊ဤငါဟောတော်မူသောသုတ်အဘိဓမ္မာဝိနည်း၌။ မြတ်သောအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အရိယမဂ်ကိုရအပ်၏။ သုဘဒ္ဒ၊ဤငါဟောတော်မူအပ်သော သုတ် အဘိဓမ္မာ ဝိနည်း၌သာလျှင်။ ပဌမသောတာပန်ဖြစ်သော ရဟန်းကိုလည်းရအပ်၏။ ဒုတိယသကဒါဂါမ်ဖြစ်သောရဟန်းကို။ တတိယအနာဂါမ်ဖြစ်သော ရဟန်းကို။ စတုတ္ထ ရဟန္တာဖြစ်သော ရဟန်းကိုလည်းရအပ်၏။ သုဘဒ္ဒ၊ တပါးသောဆရာခြောက်ယောက်တို့၏အယူသည် ရဟန်းလေးပါးတို့မှ ဆိတ်ကုန်၏။ သုဘဒ္ဒ၊ ဤရဟန်းအပေါင်း

www.dhammaransi.com



သည် ကောင်းစွာအကျင့်ဖြင့်နေကုန်အံ့။ လောကသည် ရဟန္တာတို့ဖြင့် မဆိတ်သည်ဖြစ်ရာ၏။ ။သုဘဒ်၊ငါသည် အရွယ်အားဖြင့် နှစ်ဆဲ့ကိုး နှစ် အရွယ်ရှိသည်ဖြစ်၍ အကြင်ရဟန်းပြုခြင်းသည် ရှိ၏။ ထိုရဟန်း ပြုသောအခါမှစ၍ သဗ္ဗညုတဉာဏ်တည်းဟူသော အကြင်ကုသိုလ် သည်ရှိ၏။ထိုကုသိုလ်ကိုအစဉ်ရှာလျက်။အလွန်နှင့်တကွအနှစ်ငါးဆယ် တို့သည်ဖြစ်ကုန်၏။ ထိုအခါပတ်လုံး အရိယမဂ်တရား၏ အကြောင်း ဝိပဿနာအစဉ်ကိုကျင့်၏။ဤငါ၏သာသနာမှ အပ၌ အရိယမဂ်တရား ၏ အကြောင်းဖြစ်သော ဝိပဿနာအစဉ်ကိုကျင့်သော ရဟန်းသည်မျှ လည်းမရှိ။ပဌမသောတာပန်ရဟန်းသည်မရှိ။ဒုတိယသကဒါဂံရဟန်း သည်မရှိ၊ တတိယအနာဂံရဟန်းသည်မရှိ။ စတုတ္ထ ရဟန္တာရဟန်း သည်မရှိ။ သုဘဒ်၊တိတ္ထိဆရာခြောက်ယောက်တို့၏အယူ၌။မဂ်လေးပါး တို့၏အလို့ငှါကျင့်သောအားထုတ်အပ်သောဝိပဿနာရှိသောအာရဒ္ဓ ဝိပဿကရဟန်းလေးယောက်။မဂ္ဂဋ္ဌာန်ရဟန်းလေးယောက်။ဖလဋ္ဌာန် ရဟန်းလေးယောက်အားဖြင့်၊ ဤတကျိပ်နှစ်ယောက်သောရဟန်းတို့မှ ဆိတ်၏။ သုဘဒ်၊ ဤတကျိပ်နှစ်ယောက်သောရဟန်းတို့သည် ကောင်း စွာကျင့်၍ နေကုန်အံ့။ လောကသည် ကျူတောကဲ့သို့ ရဟန္တာတို့ဖြင့် မဆိတ်သည်ဖြစ်ရာ၏ဟုဟောတော်မူ၏။ ။ဤသို့ဟောတော်မူသည် ရှိသော် သုဘဒ်ပရိဗိုဇ်သည် မြတ်စွာဘုရားကို ဤသို့လျှောက်၏။ ဘုန်း တော်ကြီးသော ရှင်ပင်ဘုရား၊ နှစ်လိုဘွယ်ရှိစွ။ ဉပမာကား။ မှောက်၍ ထားသောဝတ္ထုကို လှန်သကဲ့သို့။ ပိတ်၍ထားသောဝတ္ထုကို ဖွင့်သကဲ့ သို့။ ခရီးမှားသော သူအား ခရီးကို ကြားသကဲ့သို့။ မိုက်လှစွာသော အခန်းတိုက်၌ ဆီမီးကို ထွန်းဘိသကဲ့သို့။ မျက်စိအမြင်ရှိသောသူတို့ သည်အရုပ်တို့ကိုမြင်သကဲ့သို့၊ ထို့အတူ မြတ်စွာဘုရားသည် များစွာ သောအကြောင်းဖြင့် တရားကို ထင်ရှားပြပေ၏။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ထိုအကျွန်ုပ်သည် မြတ်စွာဘုရားကိုကိုးကွယ်ပါ၏။တရား တော်ကိုကိုးကွယ်ပါ၏။ သံဃာတော်ကိုကိုးကွယ်ပါ၏။ ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရား၏အထံ၌ အကျွန်ုပ်သည် သာမဏေရဟန်းအဖြစ်ကိုရလို ပါ၏။ပဉ္စင်းရဟန်းအဖြစ်ကိုရလိုပါ၏ဟူ၍ လျှောက်၏။ ။(ဓမ္မပဒကို ဆောင်ကုန်သောမထေရ်တို့သည်ကား။ငါသည် သုံးပါးသောပြဿနာ တို့၌ယုံမှားခြင်းကို အသက်အရွယ်ကြီးကုန်သောပရိဗိုဇ်တို့အား မေး

www.dhammaransi.com



၍။ငါ၏ယုံမှားခြင်းသည်မပြေ။ရဟန်းဂေါတမကိုလည်းငါ့အောက်ငယ် ၏ဟူသောအမှတ်ဖြင့် မမေးမိ။ ယခုလည်း ထိုရဟန်းဂေါတမ၏ ပရိ နိဗ္ဗာန်ပြုအံ့သောအခါတည်း။နောင်အခါရဟန်းဂေါတမကိုဤပြဿနာ သုံးပါးတို့၌ ယုံမှားသက်ာကို မမေးရသောကြောင့် နှလုံးမသာသည် ဖြစ်ရာ၏။ ထိုနှလုံးမသာခြင်းသည် မဖြစ်စေသတည်းဟုကြံ၍။ မြတ်စွာ ဘုရား ပရိနိဗ္ဗာန်ပြုတော်မူရာညောင်စောင်း၌ လျောင်းသောညဉ့်၊ သန် ခေါင်ယံဝင်သောအခါမှလာ၍။ အရှင်အာနန္ဒာမြစ်သည်ရှိသော်။ အာ နန္ဒာ၊သုဘဒ်ကို မမြစ်ပေလင့်၊ဝင်၍ ပြဿနာမေးပါစေဟု ခွင့်ပြုတော်မူ သောကြောင့်၊ တင်းထိမ်တွင်းသို့ဝင်၍ ညောင်စောင်းအောက်၌ နေ၍။ အိုရှင်ရဟန်း၊ ဒါသို့နည်း၊ ကောင်းကင်ပြင်၌ ရှင်ရဟန်းတို့၏ခြေရာမရှိ လော။ ရှင်ရဟန်းတို့၏ သာသနာတော်အပ၌ ရဟန်းသည်မရှိလော။ သတ္တဝါအပေါင်းတို့သည် တဏှာမာနဒိဋ္ဌိဟူသော ပပဉ္စတရား၌ မွေ့ လျော်ကုန်၏။လာခြင်းကောင်းသောဘုရားတို့သည် ပပဉ္စတရား၌ မမွေ့ လျော်ကုန်လော။ ဤသို့သောပြဿနာကို ဘုရားအား သုဘဒ်မေးသော ကြောင့်။ ။အာကာသေဝံပဒံနတ္ထိ၊သမဏောနတ္ထိဗာဟိရေ။ သင်္ခါရာ သဿတာ နတ္ထိ၊နတ္ထိ ဗုဒ္ဓါနမိဥ္ဇိတံ။ ။ဟူသော သုဘဒ်အမေးသုံးပါး တွင်။ အဖြေတပါးစွက်၍၊အဖြေလေးပါးဂါထာကိုဟောတော်မူသော အဆုံး၌ သုဘဒ်သည် အနာဂါမိဖိုလ်၌တည်လေ၏ဟူ၍ဆိုကုန်၏)။ ။ ဤသုဘဒ်သည် ရဟန်းပဉ္စင်းအဖြစ်ကို တောင်းသောအခါ၌ မြတ်စွာ ဘုရား ဤသို့မိန့်တော်မူ၏။ သုဘဒ်၊ တိတ္ထိဖြစ်ဘူးသော အကြင်သူသည် ဤသုတ် အဘိဓမ္မာ ဝိနည်း၌ ရဟန်းပဉ္စင်းအဖြစ်ကိုအလိုရှိ၏။ထိုတိတ္ထိ ဖြစ်ဘူးသောသူသည် လေးလပတ်လုံးပရိဝါသ်နေရ၏။ လေးလလွန်သ ဖြင့်နှစ်သက်သောစိတ်ရှိကုန်သောရဟန်းတို့သည် ထိုတိတ္ထိကိုရဟန်း ဖြစ်စေခြင်းငှါ သာမဏေရဟန်းပြုကုန်၏။ပဉ္စင်းခံကုန်၏။စပ်စစ်သော် ကား သင်၏ ပုဂ္ဂိုလ်ထူးအဖြစ်ကို ငါသိတော်မူ၏ဟု မြတ်စွာဘုရား မိန့်တော်မူ၏။ ။( အနာဂါမိဖိုလ်၌ တည်လေပြီးဖြစ်သောကြောင့်ပင် ပုဂ္ဂိုလ်ထူး၏အဖြစ်ကိုငါသိ၏ဟုမိန့်သတည်း)။ ။

ထိုအခါသုဘဒ်သည်ဤသို့လျှောက်၏။ ဘုန်းတော်ကြီးသောရှင်ပင် ဘုရား၊တိတ္ထိဖြစ်ဘူးသောသူသည်ဘုရားသာသနာတော်၌ရဟန်းပဉ္စင်း အဖြစ်ကို အလိုရှိ၍ လေးလ ပရိဝါသ်နေရသော်ကား။ အကျွန်ုပ်သည်

www.dhammaransi.com



လေးနှစ်ပရိဝါသ်နေပါအံ့။ လေးနှစ်လွန်သဖြင့် အကျွန်ုပ်သည် နှစ်သက်စေအပ်ပြီးသောစိတ်ရှိကုန်သောရဟန်းတို့သည် အကျွန်ုပ်ကို ရဟန်းဖြစ်စေခြင်းငှါ သာမဏေပြုပါစေကုန်။ ပဉ္စင်းခံပါစေကုန်သတည်းဟု လျှောက်၏။ ထိုရောအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍။ အာနန္ဒာ၊ သုဘဒ္ဒ ရဟန်းပြုပါလိုသည် ဟူရကား၊ သင်တို့သည် သုဘဒ္ဒကို ရဟန်းပြုကုန်ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာသည်လည်း ကောင်းပါပြီ အရှင်ဘုရားဟု မြတ်စွာဘုရား၏စကားတော်ကို ဝန်ခံ၏။ ထိုရောအခါ သုဘဒ္ဒပရိဗိုဇ်သည် အရှင်အာနန္ဒာကို ဤသို့ဆို၏။ ငါ့ရှင် အာနန္ဒာ၊ အကြင် အရှင်တို့သည် ဤသာသနာတော်၌ မြတ်စွာဘုရားမျက်မှောက်တော်မှ အန္တေဝါသိက အဘိသိက်ဖြင့် အဘိသိက်သွန်းခြင်းကိုရအပ်ကုန်၏။ ထိုအရှင်တို့သည် ရတော်စွ။ သင်တို့အား ကောင်းသောရခြင်းတည်းဟုဆို၏။ ထိုရောအခါ အရှင်အာနန္ဒာသည် မိမိ၏ ကလျားမှ ရေဖြင့် သုဘဒ္ဒ၏ ဦးခေါင်းကို ဆွတ်၍။ တစပဉ္စက ကမ္မဋ္ဌာန်းကို ကြား၍၊ ဆံမုတ်ဆိတ်တို့ကို ပယ်၍၊ ဖန်ရည်ဆိုးသော သင်္ကန်းတို့ကို ဝတ်စေ၍။ သရဏဂုံကိုပေး၍ မြတ်စွာဘုရား၏ အထံတော်သို့ဆောင်ခဲ့၏။ မြတ်စွာဘုရားသည် သုဘဒ္ဒကို ပဉ္စင်းပြုစေတော်မူ၍ ကမ္မဋ္ဌာန်းကိုကြားတော်မူ၏။ သုဘဒ္ဒပရိဗိုဇ်သည် မြတ်စွာဘုရားအထံ၌ သာမဏေရဟန်းအဖြစ်၊ ပဉ္စင်းအဖြစ်ကိုရလေပြီ။ ပဉ္စင်းအဖြစ်သို့ရောက်၍ မကြာမြင့်မီ အရှင်သုဘဒ္ဒသည် အင်ကြင်းဥယျာဉ်၏တခုသောအစွန်း၌ ဆိတ်ငြိမ်ရာသို့ကပ်၍ စင်္ကြံသွားလျက်၊ စေ့ဆော်လျက်၊ လုံ့လပြုလျက်၊ မမေ့မလျော့ ခြိုးခြံသော လုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍၊ ဝိပဿနာကို ပွါးစေ၍၊ ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွရဟန္တာအဖြစ်သို့ရောက်လေ၏။ ရဟန္တာအဖြစ်သို့ရောက်ပြီးသော် မြတ်စွာဘုရားအထံသို့လာ၍ရှိသေစွာရှိခိုးလျက်နေ၏။ ဤအရှင်သုဘဒ္ဒသည် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကာလ အဆုံးစွန်သော မျက်မှောက်ဖြစ်သော တပည့်ရဟန္တာတည်း။ မြတ်စွာဘုရားသည်ညဉ့်ဦးယံ၌မလ္လာမင်းတို့အားတရားဟောတော်မူ၍၊ သန်းခေါင်ယံ၌သုဘဒ္ဒပရိဗိုဇ်ကိုဆုံးမ၍ဟောတော်မူ၍တရားဟောခွတ်ကယ်ချွတ်တော်မူသတည်း။ ။

ဤသို့သော ဥပနိဿယနှင့်ပြည့်စုံသော သုဘဒ္ဒသည် မြတ်စွာဘုရား

www.dhammaransi.com



ကို၊ ပဌမဗောဓိ၊ ဒုတိယဗောဓိ၊ ဝါတိယဗောဓိအားဖြင့် သုံးပါးသော ဗောဓိပတ်လုံး ဖူးမြင်ခြင်းငှါမရောက်ပါမူ၍။ တတိယဗောဓိ၏ အဆုံး ဖြစ်သော၊ဥပဝတ္တနအင်ကြင်းတော၌ပရိနိဗ္ဗာန်ပြုတော့အံ့ဟု၊ပရိနိဗ္ဗာန် ပြုရာ ညောင်စောင်း၌ လျောင်းသောအခါမှသာလျှင် အဘယ့်ကြောင့် ရောက်ရလေသနည်း ဟုတုံအံ့။ ဤအရှင် သုဘဒ္ဒအလောင်းနှင့် ပဉ္စဝဂ္ဂီ ငါးယောက်တို့တွင် အကြီး ရှင်ကောဏ္ဍညအလောင်းသည် ကောင်းမှု ပြုကြသောအခါ၌ ညီနောင်ဖြစ်ကုန်၏။ ထိုညီနောင်တို့သည် တပေါင်း တည်းလယ်လုပ်ကြကုန်၏။ ထိုညီနောင်တို့တွင်၊ကောဏ္ဍညအလောင်း အစ်ကိုယ်သည် တရသောကောက်၌ ကိုးကြိမ်အဦးအလှူကို ငါသည် ပေးအပ်၏ဟု ကြံ၏၊ ထိုအစ်ကိုယ်သည် မျိုးကြဲသောအခါ၌ ဗီဇဂ္ဂဟု သောအလှူကိုပေးပြီး၍။ ဖုံးသောအခါ၌ ညီကိုတိုင်ပင်၏။ ညီငယ်သည် ကောက်ပင်ဖုံးလွမ်းသောအခါ၌အဖုံးကိုခွဲ၍လှူအံ့ဟု၍နုသောကောက် ကို ဖျက်ဆီးလိုသလောဟုဆို၏။ အစ်ကိုယ်မဟာကာလသည် ညီစူဠ ကာလ၏ မိမိအလိုသို့မလိုက်သောအဖြစ်ကို သိ၍၊ လယ်ကို ခွဲဝေပြီး လျှင်၊ မိမိအဘို့မှကောက်ဖုံးကိုခွဲ၍ နို့ရည်ကိုထုတ်၍ ထောပတ်ဆီဦး နှင့်ယှဉ်၍လှူ၏။ မုန့်ဆန်းစားကောင်းသောအခါ၌ မုန့်ဆန်းလုပ်၍လှူ၏၊ ရိတ်သောအခါ လာယနဂ္ဂဟူ၍လှူ၏။ကောက်လှိုင်းစည်းသောအခါ ဝေဏဂ္ဂဟူ၍လှူ၏။ ဤသို့စသည်ဖြင့် ကလာပဂ္ဂ၊ ခလဂ္ဂ၊ ဘဏ္ဍဂ္ဂ၊ ကောဋ္ဌဂ္ဂ၊ အားဖြင့် တရသောကောက်၌ ကိုးကြိမ်အဂ္ဂဒါနကိုလှူ၏။ညီစူဠကာလ မူကား။ တလင်းမှထုတ်၍ လှူ၏။ ထိုညီနောင်နှစ်ယောက်တို့တွင် အစ် ကိုယ်အကြီးသည်။ ငါတို့ဘုရားလက်ထက်တော်၌ ကောဏ္ဍညထေရ် ဖြစ်လာ၏။မြတ်စွာဘုရားသည် အဘယ်သူ့အား တရားဦးကိုငါဟောရ အံ့နည်းဟုကြည့်တော်မူသော်။ ဤကောဏ္ဍညသည် တရားဦးကိုနာလို သောကြောင့် တရသောကောက်၌ကိုးကြိမ်အဦးပေးလှူ၏။ကောဏ္ဍည အား တရားဦးကိုဟောအံ့ဟု ကြံတော်မူ၍ ဟောတော်မူ၏။ ကောဏ္ဍည ထေရ်သည် တဆဲ့ရှစ်ကုဋေသော ဗြဟ္မာတို့နှင့်တကွ၊ သောတာပတ္တိ ဖိုလ်၌ တည်၏။ ညီစူဠကာလသည်ကား နောက်မှ အလှူကိုပေးသော ကြောင့် ကျန်ရစ်၍ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုအံ့သောအခါ၌။ မြတ်စွာ ဘုရားအားဖူးမြင်လိုသည်ဖြစ်၍ ရောက်၏။ ဤသို့သန်ခေါင်ယံ၌ သုဘဒ္ဒကို တရားဟောတော်မူ၏။ ။

www.dhammaransi.com



## ၇၄။ မြတ်စွာဘုရားသခင်သည်သာဝကတို့အား ယောဝေါအာနန္ဒစသောစကားဖြင့်မှာကြားတော်မူခြင်း၊ဟန္ဒဒါနိ ဘိက္ခဝေစသောပစ္ဆိမဝစနကိုမိန့်တော်မူခြင်း။ကုဋေ ၂ သန်း ၄ သိန်းသောသမာပတ်တို့ကိုဝင်စားတော်မူပြီးအဆုံး၌ ပရိနိဗ္ဗာန်ပြုတော်မူခြင်းတို့ကိုပြရာ။

အရှင်သုဘဒ်အကျွတ်တရားရပြီးသောအခါ၌။ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုခေါ်၍ဆို၏။ ချစ်သားအာနန္ဒာ၊ သင်တို့အား မြတ်စွာဘုရား၏စကားတော်သည်လွန်ပြီ၊ ငါတို့အားဆရာသည်မရှိပြီဟု စိတ်သည် ဖြစ်ရာ၏။ စင်စစ်သော်ကား။ အာနန္ဒာ၊ ဤအကြောင်းကို ဤသို့ မမှတ်အပ်။ ချစ်သားအာနန္ဒာ၊ သင်တို့အား အကြင်သုတ်အဘိဓမ္မာကို ငါဟောအပ်ပြီ။အကြင်ဝိနည်းတရားကိုငါပညတ်အပ်ပြီ၊ ထိုသုတ်အဘိဓမ္မာဝိနည်းသည် ငါလွန်သဖြင့် သင်တို့၏ ဆရာတည်း။ ချစ်သားအာနန္ဒာ၊ သဗ္ဗာလေးပါး တရားကို သိသည်မှစ၍ ပရိနိဗ္ဗာန် ပြုသည်တိုင်အောင် လေးဆဲ့ငါးဝါတို့ပတ်လုံး ငါဟောပြောအပ်သောတရားတော်သည် ပိဋကတ်အားဖြင့် သုတ္တန်ပိဋကတ်။ဝိနည်းပိဋကတ်။ အဘိဓမ္မာပိဋကတ်ဟူ၍သုံးပါး။ နိကာယ်အားဖြင့် ဒီဃနိကာယ်။ မဇ္ဈိမနိကာယ်။ သံယုတ္တ နိကာယ်။ အင်္ဂုတ္တရ နိကာယ်။ ခုဒ္ဒကနိကာယ် ဟူ၍ ငါးပါး။ အင်္ဂါအားဖြင့် သုတ္တ။ ဂေယျ။ ဂါထာ။ ဝေယျာကရဏ။ ဥဒါန။ ဣတိဝုတ္တက။ ဇာတက။ အဗ္ဘုတဓမ္မ။ ဝေဒလ္လဟူ၍ကိုးပါး။ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်း လေးထောင်တို့သည် ရှိကုန်၏။ ငါတယောက်တည်းသာလျှင် ပရိနိဗ္ဗာန်ပြုလေအံ့။ယခုအခါ ငါတယောက်တည်းသာလျှင် သင်တို့ကို ဆုံးမ၏။ ငါပရိနိဗ္ဗာန်ပြုသည်ရှိသော် ဓမ္မက္ခန္ဓာပေါင်း၊ရှစ်သောင်းလေး ထောင်ဟုဆိုအပ်သော ဘုရား ရှစ်သောင်းလေးထောင်တို့သည် သင်တို့ကိုဆုံးမရစ်လတ္တံ့ဟု မိန့်တော်မူပြီး၍၊ ချစ်သားအာနန္ဒာ၊ယခုအခါ၌ ရဟန်းတို့သည် တယောက်သည့်တယောက်ကို ငါ့အရှင်ဟုခေါ်ဝေါ် ပြောဆိုကုန်သကဲ့သို့။ ထို့အတူ ငါလွန်သဖြင့် သင်တို့သည် မပြောဆို အပ်။ ချစ်သားအာနန္ဒာ၊ သီတင်းကြီးဖြစ်သော ရဟန်းသည် သီတင်းငယ်ရဟန်းကို၊ တိဿ၊ ဒတ္တ၊ စသောအမည်ဖြင့်သော်ရင်း။ ကဿပ၊ ကစ္စာယနစသော အနွယ်ဖြင့်သော်ရင်း။ ငါ့အရှင်ဟူသော အာဝုသော

www.dhammaransi.com



ဝါဒဖြင့်သော်၎င်း ပြောဆိုခေါ်ဝေါ်အပ်၏။ သိတင်းငယ်ရဟန်းသည် သိတင်းကြီးရဟန်းကို ဘန္တေ ဟူ၍သော်၎င်း။ အာယသ္မာ ဟူ၍သော် ၎င်း၊ ခေါ်ဝေါ်ပြောဆိုအပ်၏။ ။အာနန္ဒာ၊ငါလွန်သဖြင့် သံဃာသည် အလိုရှိသည်ရှိသော် ငယ်သောသိက္ခာပုဒ်တို့ကိုနုတ်စေရာ၏။ ချစ်သား အာနန္ဒာ၊ ငါလွန်သဖြင့် သံဃာသည် ဆန္နအမည်ရှိသော ရဟန်းအား ဗြဟ္မဒဏ်ကိုပေးအပ်၏ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးသောရှင်ပင် ဘုရား၊ဗြဟ္မဒဏ်ဟူသည် အဘယ်သို့နည်းဟု အရှင်အာနန္ဒာလျှောက် သော်။ အာနန္ဒာ၊ဆန္နရဟန်းသည်အကြင်စကားကိုဆိုခြင်းငှါအလိုရှိ၏။ ထိုစကားကိုဆိုစေရာ၏။ ထိုဆန္နရဟန်းကို ရဟန်းတို့သည်မဆိုအပ်၊ မဆုံးမအပ်၊ အဘန်တလဲလဲမဆုံးမအပ်ဟု မိန့်တော်မူ၏။ ။ဤသို့မိန့် တော်မူပြီးသောအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်တော်မူ၍ ဆို၏။ ချစ်သားရဟန်းတို့။ ဘုရား၌၎င်း၊တရား၌၎င်း၊သံဃာ၌၎င်း၊မဂ်၌ ၎င်း၊ မဂ်ရကြောင်းအကျင့်၌၎င်း၊တယောက်သောရဟန်းအားမျှလည်း ယုံမှားခြင်းသည်ဖြစ်အံ့။သင်တို့သည့်မေးလိုက်ကုန်။ချစ်သားရဟန်းတို့၊ သင်တို့အား နောင်သောအခါ၌နှလုံးမသာမဖြစ်ပါစေကုန်လင့်။မြတ်စွာ ဘုရားသည် ငါတို့မျက်မှောက်ဖြစ်ပါလေ၏။ ငါတို့သည်မြတ်စွာဘုရား ကို မျက်မှောက်၌ မေးလိုက်အံ့သောငှါ မတတ်နိုင်ချေ ကုန်ဟု နောင် အခါ နှလုံးမသာမဖြစ်ပါစေကုန်လင့်ဟုမိန့်တော်မူ၏။ ဤသို့မိန့်တော်မူ သော် ရဟန်းတို့သည်ဆိတ်ဆိတ်နေကုန်၏။ နှစ်ကြိမ်မြောက်၎င်း။ သုံး ကြိမ်မြောက်၎င်း မြတ်စွာဘုရားသည်။ ချစ်သားရဟန်းတို့၊တယောက် သောရဟန်းအားမျှလည်း။ ဘုရား၌၊ တရား၌၊ သံဃာ၌၊ မဂ်၌၊အကျင့်၌ ယုံမှားသက်ာရှိသည်ဖြစ်အံ့။ ချစ်သားရဟန်းတို့၊ငါဘုရားကိုမေးလျှော် ပါကုန်။ငါမရှိပြီးသောနောင်အခါ၌။ ငါတို့အား မြတ်စွာဘုရားကိုမျက် မှောက်မှီလိုက်ပါ၏။ ငါတို့သည် မြတ်စွာဘုရားကို မေးလျှောက်လိုက် အံ့သောငှါမတတ်နိုင်ကုန်ဟူ၍ နှလုံးမသာမဖြစ်ရစ်စေကုန်လင့်ဟု မိန့် တော်မူ၏။ ဤသို့မိန့်တော်မူသော် သုံးကြိမ်မြောက်၎င်းရဟန်းတို့သည် ဆိတ်ဆိတ်သာလျှင်နေကုန်၏။ထိုရောအခါမြတ်စွာဘုရားသည်ရဟန်း တို့ကို ခေါ်တော်မူ၍ဆို၏။ ချစ်သား ရဟန်းတို့၊ ငါဘုရားအား ရိုသေ သဖြင့်မမေးကုန်သည်ဖြစ်ငြားအံ့။ ချစ်သားရဟန်းတို့၊ အဆွေခင်ပွန်း ရဟန်းတယောက်သည် အဆွေခင်ပွန်းရဟန်းတယောက်အား ကြား

www.dhammaransi.com



လော့။ ငါသည် ထိုရဟန်းအားကြားအံ့။ ထိုရဟန်း၏စကားကို ကြား၍ အလုံးစုံသော ရဟန်းတို့သည် ယုံမှားမရှိကုန်သည် ဖြစ်လတ္တံ့ဟု မိန့်တော်မူ၏။ ထိုသို့ မိန့်တော်မူသော်လည်း ရဟန်းတို့သည် ဆိတ်ဆိတ်သာနေကုန်၏၊ ။ထိုရောအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ဤသို့လျှောက်၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊အံ့ဘွယ်ရှိစွ။ မဖြစ်ဘူးမြဲတကား။ ဘုန်းတော် ကြီးသော ရှင်ပင်ဘုရား၊ ဤရဟန်းသံဃာ၌ အကျွန်ုပ်သည် ဤသို့ကြည်ညို၏။ ဤရဟန်းသံဃာ၌ တယောက်သော ရဟန်းအားမျှလည်း၊ ဘုရား၌၊တရား၌၊သံဃာ၌၊ မဂ်၌၊အကျင့်၌ ယုံမှားခြင်းသည်မရှိပေဟူ၍ ကြည်ညို၏ဟု လျှောက်၏။ မြတ်စွာဘုရားသခင်သည် ဤသို့ မိန့်တော်မူ၏။ ချစ်သားအာနန္ဒာ၊ သင်သည် ယုံမှား ကင်းသော မျက်မှောက်ပြုတတ်သော ဉာဏ်ရှိ၍သာလျှင်ကြည်ညို၏။ ဤသို့ကြည်ညိုခြင်း၌ ငါဘုရားအား ယုံကြည် ကာမျှသာ မဟုတ်။ အာနန္ဒာ၊ ဤရဟန်းသံဃာ၌ တယောက်သောရဟန်းအားမျှလည်း။ ဘုရားတရားသံဃာ မဂ် အကျင့်တို့၌။ ဘုရား ဟုတ်သလော မဟုတ်လော။ တရားဟုတ်သလော မဟုတ်လော။ သံဃာ ဟုတ်သလော မဟုတ်လော။ မဂ်ဟုတ်သလော မဟုတ်လော။အကျင့်ဟုတ်သလော မဟုတ်လောဟု ယုံမှားခြင်းသည် မရှိ။ ချစ်သားအာနန္ဒာ၊ ဤငါးထိမ်တွင်း၌ ရှိကုန်သော ရဟန်းတို့တွင် အကြွင် ရဟန်းသည် ကျေးဇူးဂုဏ်အားဖြင့် အလုံးစုံအောက် ငယ်၏။ ထိုရဟန်းသည် သောတာပန်လျှင်တည်း။ မပျက်စီးသောသဘောရှိ၏။ မြဲသောဂတိရှိ၏။ သမ္ဗောဓိတရားလျှင် လည်းလျောင်းရာရှိ၏ဟု အရှင်အာနန္ဒာကို ရည်၍ မိန့်တော်မူ၏။ ။ထိုရောအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်၍ မိန့်တော်မူ၏။ ။ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါဝယဓမ္မာသင်္ခါရာအပ္ပမာဒေနသမ္ပာဒေထ။ ။ဟူ၍ မိန့်တော်မူ၏။ ဤစကားတော်သည်ကား အဆုံးစွန် ရဟန်းတို့အားအဆုံးအမပေးသောစကားတော်တည်း။ ။ဘိက္ခဝေ၊ တို့။ ဟန္ဒဒါနိ၊ယခုအခါ၌။ ဝေါ၊သင်တို့ကို။အဟံ၊သည်။အာမန္တယာမိ၊ ကြားမှာတော်မူခဲ့၏။ သင်္ခါရာ၊သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ပျက်တတ်သော သဘောရှိကုန်၏။ ဝေါ၊သင်တို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့ခြင်းနှင့်။သမ္ပာဒေထ၊ပြည့်စုံစေကုန်လော့။ ။

ဤသို့ရဟန်းတို့အား ကြားမှာတော်မူပြီးလျှင် ဆိတ်ဆိတ်နေတော်

www.dhammaransi.com



မူ၍။ နောင်သာသနာတော် တည်မည့်အရပ်ကို ဆင်ခြင်တော်မူသော်။ လာလတိုင်း သီဟပူရပြည်မှ သီဟဗာဟုမင်း၏သား ဝိဇယဗာဟုသည် အသည်ကျွန် ခုနစ်ရာတို့နှင့်တကွ ယခုညာ လင်္ကာဒီပကျွန်းသို့ရောက်ပြီ။ သီဟိုဠ်ကျွန်း၌ လူနေတည်ထောင်ပြီ။ ငါပရိနိဗ္ဗာန်လွန်သောနောက်။ နှစ်ရာ့သုံးဆဲ့ခြောက်နှစ် ရှိသောအခါ ပါဋလိပုတ်ပြည်၌ ဓမ္မာသောကမင်း ၏သား အရှင်မဟိန္ဒသည် သာသနာတော်ကို ပြုသောအခါ၌ ငါ့မဟာ ဗောဓိဒက္ခိဏသာခါနှင့် လကျ်ာမြှပ်ရိုးတော်၊ တစရွတ်မျှသော ဓာတ် တော်တို့ကိုဆောင်၍ သီဟိုဠ်ကျွန်း၌ဌာပနာလတ္တံ့ဟု မြင်တော်မူသဖြင့် ငါးပါးသော မိဋ္ဌာန်ခြင်းတို့ကို မိဋ္ဌာန်တော်မူ၏၊ ငါးပါးဟူသော်ကား။ လင်္ကာဒီပကျွန်း၌ ငါ၏မဟာဗောဓိ တည်စေခြင်းငှါ ဓမ္မာသောကမင်း ကြီးသည် မဟာဗောဓိကို ဆောင်အံ့သောငှါလာလတ္တံ့။ ထိုရောအခါ မဟာဗောဓိ၏ဒက္ခိဏသာခါသည် အလိုလိုကျ၍ ရွှေဖျဥ်း၌တည်စေသ တည်း။ဤလည်းတပါး။ ထိုရွှေဖျဥ်း၌တည်သောအခါ၊ မဟာဗောဓိခက် သည် ရွှေဖျဥ်းနှင့်တကွ ဆီးနှင်းတိမ်တိုက်သို့ ဝင်၍ တည်စေသတည်း။ ဤသည်လျှင် နှစ်ခုမြောက်။ ဆီးနှင်းတိမ်တိုက်မှသက်၍ ရွှေဖျဥ်း၌တည် လျက် အရွက်တို့မှဒင်း၊ အရိုးတို့မှဒင်း၊ ရောင်ခြည်တော်ခြောက်သွယ် လွှတ်စေသတည်းဟု မိဋ္ဌာန်တော်မူ၏။ ဤသည်လျှင်သုံးခုမြောက်။ ထို ပါရုံ၌ လကျ်ာမြှပ်ရိုးတော်ကို ဌာပနာသောနေ့၌ ယမိုက်ပြာဋိဟာ ပြုစေ သတည်းဟု မိဋ္ဌာန်တော်မူ၏။ ဤသည်လျှင်လေးခုမြောက်။ တစရွတ်မျှ သောဓာတ်တော်တို့ကို မဟာစေတီ၌ဌာပနာသောနေ့၌ ဘုရား၏အသွင် ကိုယူ၍ ကောင်းကင်သို့ပျံတက်၍ ယမိုက်ပြာဋိဟာ ပြုစေသတည်းဟု မိဋ္ဌာန်တော်မူ၏။ ဤသည်လျှင်ငါးခုမြောက်။ ဤငါးပါးသောမိဋ္ဌာန်ခြင်း တို့ကိုမိဋ္ဌာန်တော်မူ၍ ပဌမဈာန်ကိုဝင်စားတော်မူ၏။ ပဌမဈာန်မှထ၍ ဒုတိယဈာန်ကို ဝင်စားတော်မူ၏။ ဒုတိယဈာန်မှထ၍ တတိယဈာန်ကို ဝင်စားတော်မူ၏။ တတိယဈာန်မှထ၍ စတုတ္ထဈာန်ကို ဝင်စားတော်မူ ၏။ စတုတ္ထဈာန်မှထ၍ အာကာသာနဉ္စာယတနဈာန်ကို ဝင်စားတော်မူ ၏။ အာကာသာနဉ္စာယတနဈာန်မှထ၍ ဝိညာဏဉ္စာယတနဈာန်ကိုဝင် စားတော်မူ၏။ ဝိညာဏဉ္စာယတနဈာန်မှထ၍ အာကိဉ္စညာယတနဈာန် ကို ဝင်စားတော်မူ၏။ အာကိဉ္စညာယတနဈာန်မှထ၍ နေဝသညာနာ သညာယတနဈာန်ကို ဝင်စားတော်မူ၏။ နေဝသညာ နာသညာယတန

ဈာန်မှထ၍ သညာဝေဒယိတနိရောဓသမာပတ်ကို ဝင်စားတော်မူ၏။ ထိုကိုးခုမြောက်သမာပတ်ကိုဝင်စားတော်မူသောအခါ၌အရှင်အာနန္ဒာသည်အရှင်အနုရုဒ္ဓါကိုဤသို့လျှောက်၏။ အရှင်ဘုရားအနုရုဒ္ဓါ၊မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုချေတော်မူပြီလောဟု လျှောက်၏။ ငါ့ရှင်အာနန္ဒာ၊မြတ်စွာဘုရားသည်ပရိနိဗ္ဗာန်ပြုတော်မမူသေး။ သညာဝေဒယိတနိရောဓသမာပတ်ကို ဝင်စားတော်မူသည်ဟု မိန့်တော်မူ၏။ ထိုရောအခါမြတ်စွာဘုရားသည် သညာဝေဒယိတနိရောဓသမာပတ်မှထ၍ နေဝသညာနာသညာယတနသမာပတ်ကို ဝင်စား၏။ နေဝသညာနာသညာယတနသမာပတ်မှထ၍အာကိဉ္စညာယတနသမာပတ်ကိုဝင်စားတော်မူ၏။ အာကိဉ္စညာယတန သမာပတ်မှထ၍ ဝိညာဏဉ္စာယတန သမာပတ်ကို ဝင်စားတော်မူ၏။ ဝိညာဏဉ္စာယတန သမာပတ်မှထ၍ အာကာသာနဉ္စာယတန သမာပတ်ကို ဝင်စားတော်မူ၏။ အာကာသာနဉ္စာယတနသမာပတ်မှထ၍ စတုတ္ထဈာန်ကိုဝင်စားတော်မူ၏။စတုတ္ထဈာန်မှထ၍ တတိယဈာန်ကိုဝင်စားတော်မူ၏။ တတိယဈာန်မှထ၍ ဒုတိယဈာန်ကိုဝင်စားတော်မူ၏။ဒုတိယဈာန်မှထ၍ ပဌမဈာန်ကိုဝင်စားတော်မူ၏။ ပဌမဈာန်မှထ၍ ဒုတိယဈာန်ကို ဝင်စားတော်မူ၏။ ဒုတိယဈာန်မှထ၍ တတိယဈာန်ကို ဝင်စားတော်မူ၏။ တတိယဈာန်မှထ၍ စတုတ္ထဈာန်ကို ဝင်စားတော်မူ၏။ စတုတ္ထဈာန်မှ ထ၍ စတုတ္ထဈာန်၌ရှိသော အင်္ဂါကို ဆင်ခြင်တော်မူသော ပစ္စဝေက္ခဏာဇော၏အခြားမဲ့၌ မဟာဝိပါက်၊သောမနဿသဟဂုတ်၊ ဉာဏသမ္ပယုတ် ဘဝင်စိတ်ဟုဆိုအပ်သောအဗျာကတဖြစ်သောဒုက္ခသစ္စာဖြင့်စုတေခြင်းကိုပြုတော်မူ၏။

ဤသို့ ဈာန်ဝင်စားတော်မူရာ၌၊ အသုဘဆယ်ပါး၊ ဒွတ္တိံသာကာရ၊ အောက်ကသိုဏ်းရှစ်ပါး။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ အာနာပါနဿတိ၊ ပရိစ္ဆေဒါကာသ။ ဤနှစ်ဆဲ့လေးပါးသော တရားတို့၌ ပဌမဈာန်ကို ဝင်စားတော်မူ၏။ ဤနှစ်ဆဲ့လေးပါးတို့တွင် အသုဘဆယ်ပါး၊ ဒွတ္တိံသာကာရကိုထား၍ ကြွင်းသောတဆဲ့သုံးပါးသော အရာတို့၌ ဒုတိယဈာန်ကိုဝင်စား၏။ထိုအတူ တတိယဈာန်ကိုတဆဲ့သုံးပါးသောအရာတို့၌ပင်ဝင်စား၏။ကသိုဏ်းရှစ်ပါး။ဥပေက္ခာဗြဟ္မဝိဟာရ။အာနာပါန။ ပရိစ္ဆေဒါကာသ။ ဤတဆဲ့တပါးသော အရာတို့၌ စတုတ္ထဈာန်ကို ဝင်စား၏။ ဤသို့ အစရှိသောအားဖြင့် တရား၏အရှင် ဖြစ်တော်မူသော မြတ်စွာ

www.dhammaransi.com



ဘုရားသည်။ အရပ်တပါးသို့ သွားလိုသောသူသည် ဆွေမျိုး သားချင်း အပေါင်းကို လည်၍ဘက်၍သွားလေသကဲ့သို့။ ကုဋေတသိန်းနှင့် နှစ်ဆဲ့ လေးကုဋေ အရေအတွက်ရှိသော အလုံးစုံသောသမာပတ်တို့ကို ဝင် စား၍ သမာပတ်ချမ်းသာကို အဘန်တလဲလဲခံစား၍။ ဘိုးတော် အဉ္ဇန မင်းနှင့် ဒေဝိလရှင်ရသေ့တို့ တိုင်တပင်ပြု၍ထားအပ်သော သက္ကရာဇ် ၁၄၈ ခု။ ကဆုန်လပြည့် အင်္ဂါနေ့ ညဉ့်မိုးသောက်ယံအခါ ရောင်ဖြူ မလာမီတွင်ပရိနိဗ္ဗာန်ပြုတော်မူ၏။ ။

---

## ၇၅။ ပရိနိဗ္ဗာန်စံယူတော်မူသည်နှင့်တပြိုင်နက်။ သံဝေဂ ဓမ္မဂါထာရွတ်တော်မူကြခြင်းတို့ကိုပြရာ။

ပရိနိဗ္ဗာန်ပြုတော်မူသောအခါ စကြဝဠာတသောင်းတိုက်အပေါင်း ၌ ကြောက်မက်ဘွယ်ရှိသော ပြင်းစွာမြေကြီးတုန်လှုပ်ခြင်းသည်ဖြစ်၏။ ကြက်သီးမွေးညင်းထခြင်းတို့သည်ဖြစ်ကုန်၏။ မိုးသည်းမရွာဘဲ စင်ကြယ် ကောင်းကင် တိမ်မှောင်စင်လျက်နှင့် ပြင်းစွာထစ်ကြိုးမြည်၏။ လျှပ်စစ် နွယ်တို့သည်ပြိုးပြိုးပြက်ထွက်ကုန်၏။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော် မူပြီးသည်ရှိသော် ပရိနိဗ္ဗာန်ပြုတော်မူသည်နှင့် တပြိုင်နက်။ သဟံပတိ ဗြဟ္မာ၏ဂါထာကိုရွတ်၏။ ။သဗ္ဗေဝ နိက္ခိပိဿန္တိ၊ဘူတာ လောကေ သမုဿယံ။ယတ္ထ ဧတာဒိသော သတ္ထာ၊လောကေအပ္ပဋိပုဂ္ဂလော။ ။ တထာဂတော ဗလပ္ပတ္တော၊သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတောတိ။ ။လောကေ၊ လောကသုံးပါး၌။ အပ္ပဋိပုဂ္ဂလော၊ တုဘက်ကင်းသောပုဂ္ဂိုလ်ဖြစ်ပေထ သော။ တထာဂတော၊ ကောင်းသောလာခြင်းရှိထသော။ ဗလပ္ပတ္တော၊ ဒသဗလဉာဏ်တည်းဟူသောအားနှင့်ပြည့်စုံတော်မူထသော။ သတ္ထာ၊ လူနတ်တို့ဆရာဖြစ်တော်မူထသော။ သမ္ဗုဒ္ဓေါ၊သစ္စာလေးပါးတရားတို့ ကို သိတော်မူပြီးထသော။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူရသော။ ဧတာဒိသော ယတ္ထ၊ ဤသို့ဆိုအပ်ပြီးသော ဂုဏ်တော်နှင့်ပြည့်စုံသော သဘောရှိသော ရှင်ဂေါတမဘုရားကဲ့သို့။ လောကေ၊ လောက၌။ သဗ္ဗေဝ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော။ ဘူတာ၊ သတ္တဝါတို့သည်။ သမုဿယံ၊ သုံးရာသောအရိုးတို့ဖြင့်ဆောက်အပ်သောခန္ဓာကိုယ်ကို။ နိက္ခိပိဿန္တိ၊ မြေ၌ပစ်ချရကုန်လတ္တံ့။ ။ပရိနိဗ္ဗာန်ပြုတော်မူသည်နှင့်တကွ သိကြား

www.dhammaransi.com



မင်းသည်။ ။အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယဓမ္မိနော။ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ဟူသောဂါထာကိုရွတ်၏။ ။ပရိနိဗ္ဗာန်ယူတော်မူသည်နှင့်တကွအရှင်အနုရုဒ္ဓါ၏ဂါထာကိုရွတ်၏။ ။နာဟု အဿာသပဿာသော၊ဌိတစိတ္တဿ တာဒိနော။အနေဇော သန္တိမာရဗ္ဘ၊ယံကာလ မကာရိ မုနိ။ ။အသလ္လီနေန စိတ္တေန၊ဝေဒနံအဇ္ဈဝါသယိ။ ပဇ္ဇောတဿေဝ နိဗ္ဗာနံ၊ ဝိမောက္ခော စေတသော အဟု။ ။အနေဇော၊ဇောဟုဆိုအပ်သော တဏှာကင်းပြီးထသော။ ယောမုနိ၊အကြင်မြတ်စွာဘုရားသည်။ သန္တိံ၊နိဗ္ဗာန်ကို။အာရဗ္ဘ၊ရည်၍။ ယံကာလံ၊အကြင်သေခြင်းကို။ အကာရိ၊ပြုတော်မူပြီ။ သောမုနိ၊ ထိုမြတ်စွာဘုရားသည်။ အသလ္လီနေန၊တွန့်တိုခြင်းမရှိသော။စိတ္တေန၊စိတ်ဖြင့်။ ဝေဒနံ၊ဝေဒနာကို။ အဇ္ဈဝါသယိ၊ သည်းခံတော်မူပြီ၊ ဌိတစိတ္တဿ၊ တည်ကြည်သော စိတ်ရှိသော။ တာဒိနော၊ သည်းခံခြင်းနှင့် ပြည့်စုံတော်မူသော။ တဿ၊ထိုမြတ်စွာဘုရားအား။ အဿာသပဿာသော၊ ထွက်သက်ဝင်သက်သည်။နာဟု၊မဖြစ်ပြီ။ ပဇ္ဇောတဿ၊ဆီမီး၏။ နိဗ္ဗာနံဣဝ၊ငြိမ်းခြင်းကဲ့သို့။ စေတသော၊စိတ်၏။ ဝိမောက္ခော၊လွတ်ခြင်းသည်။ အဟု၊ ဖြစ်ပြီ။ ။ပရိနိဗ္ဗာန် ပြုသည်နှင့် တကွ အရှင်အာနန္ဒာ ၏ဂါထာကို ရွတ်၏။ ။တဒါသိ ယံဘိံသနကံ၊တဒါသိ လောမဟံသနံ။ သဗ္ဗာကာရဝရူပေတေ၊ သမ္ဗုဒ္ဓေ ပရိနိဗ္ဗုတေ။ ။သဗ္ဗာကာရဝရူပေတေ၊ အလုံးစုံသောမြတ်သောအခြင်းအရာနှင့်ပြည့်စုံတော်မူထသော။ သမ္ဗုဒ္ဓေ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော်။ တဒါ၊ထိုအခါ၌။ ယံဘိံသနကံ၊အကြင်ကြောက်မက်ဘွယ်သောမြေကြီး၏ တုန်လှုပ်ခြင်းသည်။အာသိ၊ဖြစ်၏၊ တဒါ၊၌။ ယံလောမဟံသနံ၊အကြင်ကြက်သီးမွေးညင်းထခြင်းသည်။ အာသိ၊ဖြစ်၏။ ။မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးသည်ရှိသော်၊ ထိုပရိနိဗ္ဗာန် ပြုတော်မူရာအရပ်၌။ အကြင်ပုထုဇဉ်၊သောတာပန်၊သကဒါဂါမ်ရဟန်းတို့သည်ရှိကုန်၏။ ထိုရဟန်းတို့သည် လက်မောင်းတို့ကိုမြှောက်ကုန်၍။ အလွန်လျင်စွာမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုခဲ့ပြီ၊ အလွန်လျင်စွာ လာခြင်းကောင်းသောမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုခဲ့ပြီ၊ အလွန်လျင်စွာ မျက်စိငါးပါး ရှိတော်မူသောမြတ်စွာဘုရားသည်လောကခွဲကွယ်ခဲ့ပြီဟု မြည်တမ်းဆို၍ငိုကုန်၏။ပြတ်သောခြေရှိကုန်သကဲ့သို့ လည်းကုန်၏။ထိုလည်းရာ၌ လူးလည်း

www.dhammaransi.com



ကုန်၏။ ထိုမှ၍မှ ပြောင်းပြီးပြောင်းပြန်လှန်၍ လူးလည်းကုန်၏။ အကြင်ရဟန်းတို့သည် အနာဂံဖြစ်ကုန်၏။ ရဟန္တာဖြစ်ကုန်၏။ ထိုရဟန်းတို့သည် သတိရှိကုန်သည်ဖြစ်၍၊ အဆင်အခြင်နှင့်ပြည့်စုံကုန်သည်ဖြစ်၍၊ သင်္ခါရတရားတို့သည် စင်စစ်အားဖြင့် အမြဲမရှိကုန်။ ဤသင်္ခါရတရားတို့၌အမြဲတည်ခြင်းကိုအဘယ်မှာရကုန်အံ့နည်းဟုနှလုံးသွင်း၍သည်းခံကုန်၏။ ။ထိုအခါ အရှင်အနုရုဒ္ဓါသည် ရဟန်းတို့ကိုခေါ်၍ဆိုတော်မူ၏။ ငါ့အရှင်တို့၊မသင့်မလျောက်ပတ်။ မစိုးရိမ်ကုန်လင့်။မငိုကြွေးကုန်လင့်။ ဤသို့ သင်္ခါရတရားတို့၏ အမြဲမရှိသောအကြောင်းကို မြတ်စွာဘုရားသခင်သည်ရှေးဦးစွာကပင်ကြားတော်မူအပ်ပြီ။အလုံးစုံသာလျှင်ဖြစ်ကုန်သော ချစ်အပ်ကုန်သောသူတို့နှင့် နှစ်လိုအပ်ကုန်သောသူတို့နှင့် အထူးဖြစ်တတ်သောသဘောရှိ၏။ ကွေကွင်းတတ်သောသဘောရှိ၏။ တပါးအပြားဖြင့်ဖြစ်တတ်၏။ ငါ့အရှင်တို့၊ အကြင်သင်္ခါရတရားသည် ဖြစ်တတ်၏။ ထင်ရှား ဖြစ်တတ်၏။ ပြုပြင်အပ်၏။ ပျက်စီး တတ်သောသဘောရှိ၏။ ဤသင်္ခါရတရားတို့၌ မပျက်မစီး အမြဲတည်သောအဖြစ်ကိုအဘယ်မှာရအံ့နည်း။အကြင်အကြောင်းဖြင့်ထိုသင်္ခါရတရားသည် မြတ်စွာဘုရားအား မပျက်မစီးတည်ကုန်ရာ၏။ ထိုအကြောင်းသည်မရှိ။ ငါ့အရှင်တို့၊ နတ်တို့သည် အရှင်ကောင်းတို့သည်လျှက်လည်း မြတ်စွာဘုရား လွန်ခြင်း၌ သည်းမခံနိုင် ကုန်ပါမူ။ သူတပါးတို့ကို အဘယ်သို့သက်သာစေနိုင်ကုန်လတ္တံ့နည်းဟုကဲ့ရဲ့ကုန်၏ဟုမိန့်တော်မူ၏။ ။

ရှင်ပင်ဘုရား အနုရုဒ္ဓါ၊ မြတ်စွာဘုရား လွန်တော်မူသော်။ နတ်တို့သည်အဘယ်သို့ဖြစ်၍နှလုံးသွင်းကုန်သနည်းဟု အရှင်အာနန္ဒာလျှောက်သော်။ ငါ့အရှင်အာနန္ဒာ၊ ကောင်းကင်၌မြေအမှတ်ရှိသောနတ်တို့သည် ကောင်းကင်၌ပင် ဆံတို့ကို ဖရိုဖရဲကြဲကုန်၏။ လက်မောင်းကိုမြှောက်ကုန်၏။ အလွန် လျင်စွာ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူခဲ့ပြီ။ အလွန်လျင်စွာ လာခြင်းကောင်းသောမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူခဲ့ပြီ။ အလွန်လျင်စွာ ငါးပါးသောမျက်စိရှိတော်မူသော မြတ်စွာဘုရားသည် လောက၌ကွယ်ခဲ့ပြီဟု မြည်တမ်းဆို၍ငိုကုန်၏။ ခြေပြတ်သကဲ့သို့လူးလည်းကုန်၏၊ ခြေကျောက်လက်တွန့်လူးလည်းကုန်၏။ မြေ၌သာ မြေအမှတ်ရှိသောနတ်တို့သည်၊ မြေ၌ဆံတို့ကိုဖရိုဖရဲကြဲကုန်၏။ လက်မောင်းတို့ကို မြှောက်၍ အလွန်လျင်စွာ မြတ်စွာဘုရား လွန်ခဲ့ပြီ၊

www.dhammaransi.com



အလွန်လျှင်စွာ လာခြင်းကောင်းသောဘုရားသည် ပရိနိဗ္ဗာန်စံခဲ့ပြီ။ မျက်စိငါးပါး အမြင်ရှိတော်မူသော မြတ်စွာဘုရား ကွယ်ခဲ့ပြီဟု မြည်တမ်းကုန်၏။ ခြေပြတ်သကဲ့သို့ လူးလည်းကုန်၏။ ပက်လက်ပြောင်းပြန် လူးလည်းကုန်၏။ ထိုမှဤမှ လူးလည်းကုန်၏။ ရာဂကင်းကုန်ပြီးသော နတ်တို့သည်ကား။ ငါ့အရှင်အာနန္ဒာ၊ သတိရှိကုန်သည်ဖြစ်၍။ အဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍။ သင်္ခါရတရားတို့သည်အမြဲမရှိကုန်။ ဤသင်္ခါရတရားတို့၌ အမြဲတည်သောသဘောကို အဘယ်မှာလျှင် ရနိုင်အံ့နည်းဟု သည်းခံကုန်၏ဟုမိန့်တော်မူ၏။ ။

---

## ၅၆။ မြတ်စွာဘုရားအလောင်းတော်ကို ပရိနိဗ္ဗာန်ပြုရာအင်ကြင်းဥယျာဉ်၌၊ ခုနစ်ရက်ပတ်လုံးပူဇော်ခြင်း ပရိနိဗ္ဗာနသတ္တာဟ၊ မြို့ရှေ့မကုဋဗန္ဓနတောင်သို့ဆောင်ယူ၍သဂြိုဟ်အံ့သောအစီအရင်ဖြင့်စီရင်ခြင်း စိတကသတ္တာဟတို့ကိုပြရာ။

ထိုရောအခါ အရှင် အနုရုဒ္ဓါသည်ရင်း။ အရှင် အာနန္ဒာသည်ရင်း။ ရဟန်းတို့အား ငါ့အရှင်တို့။ လောကသုံးပါး၌ အတုမရှိသော မြတ်စွာဘုရားအားလျက်လည်း ဤသေမင်းသည် မရှက်။ ဘုရားမှကြွင်းသော ငါတို့သူငါ၊ များစွာသောလူအပေါင်းအားကား။ အဘယ်မှာလျှင် ရှက်ပေလတ္တံ့နည်း။ ဤသို့ အစရှိသော သေခြင်းနှင့်စပ်သော တရားစကားဖြင့် ထိုညဉ့်အကြွင်းကိုလွန်စေကုန်၏။ တမရဟုတ်မှုဖြင့် အရုဏ်တက်၏။ ထိုအရုဏ်ကိုမြင်၍ အရှင်အနုရုဒ္ဓါသည် အရှင်အာနန္ဒာကို ဤသို့ဆို၏။ ငါ့အရှင်အာနန္ဒာ၊ သင်သွားချေ။ ကုသိနာရုံမြို့တွင်းသို့ဝင်၍ မလ္လာမင်းတို့အားပြောပါချေ။ ဝါသိဋ္ဌအနွယ်ဖြစ်သောမလ္လာမင်းတို့၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်လွန်တော်မူချေပြီ။ မြတ်စွာဘုရားသခင်အား ဖူးမြော် လာခြင်း၏ အခါကို သင်တို့သည် သိပါကုန်ဟု ကြားချေဟုစေ၏။ အရှင်အာနန္ဒာသည် အရှင်အနုရုဒ္ဓါ၏စကားကိုကောင်းပြီဟုဝန်ခံ၍၊ နံနက်အခါ သင်းပိုင်ကိုဝတ်၍ သပိတ်သင်္ကန်းကိုယူ၍။ ကိုယ်တော်ထီးသာ မြို့တွင်းသို့ ဝင်လေ၏။ ထိုရောအခါ မလ္လာမင်းတို့သည် ပရိနိဗ္ဗာန်ပြုရာ၌အဘယ်ကဲ့သို့သော ပန်းနံ့သာ။ အဘယ်ကဲ့သို့သော နေမျှယိုင်ခင်း။ အဘယ်ကဲ့သို့

www.dhammaransi.com



သောဆွမ်းဘောဇဉ်ဖြစ်ပါအံ့နည်းဟု တိုင်ပင်ခြင်းကိစ္စပြုဘွယ်ကြောင့်ပင် မင်းကွန်း၌စည်းဝေးကုန်၏။အရှင်အာနန္ဒာသည် မလ္လာမင်းတို့စည်းဝေးရာမင်းကွန်းသို့ကပ်၍။ မလ္လာမင်းတို့အား ဤသို့ကြား၏။ အိုဝါသိဋ္ဌအမျိုးဖြစ်သော မင်းအများတို့၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုချေပြီ။ သင်မင်းများတို့သည် မြတ်စွာဘုရားရှိရာသို့ လာခြင်း၏အခါကို သိပါကုန်လော့ဟူ၍ ကြားတော်မူ၏။ ထိုရောအခါ အရှင်အာနန္ဒာ၏ စကားကိုကြား၍။ မလ္လာမင်းတို့သည်၎င်း။ မလ္လာမင်း၏ သားတို့သည်၎င်း။ မလ္လာမင်း၏ ချွေးမတို့သည်၎င်း။ မလ္လာမင်း၏ မယားတို့သည်၎င်း။ မလ္လာမင်း၏သမီးတို့သည်၎င်း။ မြတ်စွာဘုရားသို့ ရှေးရှု ပြေးလာကုန်လျက်။ နှလုံးမသာကုန်သည်ဖြစ်၍။ စိတ်၏ဆင်းရဲခြင်းဖြင့် နှိပ်စက်ကုန်သည်ဖြစ်၍။ အချို့သောသူတို့သည် ဆံတို့ကို ဖရိုဖရဲ ကြဲကုန်၍။ လက်မောင်းတို့ကို မြှောက်၍ငိုကုန်၏။ပြတ်သောခြေရှိသကဲ့သို့ လည်းကုန်၏။ ခြေပစ်လက်ပစ်လူးလည်းကုန်၏။အလွန်လျင်စွာမြတ်စွာဘုရားသခင်သည် ပရိနိဗ္ဗာန်စံတော်မူခဲ့ပြီ၊ လာခြင်းကောင်းသော မြတ်စွာဘုရားသည် လျင်စွာ ပရိနိဗ္ဗာန်စံတော်မူခဲ့ပြီ၊ ငါးပါးသော မျက်စိရှိတော်မူသော မြတ်စွာဘုရားသည် လောက၌ ကွယ်တော်မူခဲ့ပြီဟုမြည်တမ်းကြကုန်၏။ထိုရောအခါ မလ္လာမင်းတို့သည် မင်းချင်း ယောကျ်ားတို့ကို စေကုန်၏။ အချင်းတို့၊ ထိုသို့တပြီးကား။ ကုသိနာရုံပြည်၌ နံ့သာပန်းတို့ကို၎င်း။ အလုံးစုံသော မောင်းကြေးနင်းတို့ကို၎င်း။ပုဆိုးအစုံတို့ကို၎င်း။ စည်းဝေးစေကုန်ဟူ၍ စေကုန်၏။ထိုရောအခါ မလ္လာမင်းတို့သည် ပန်းနံ့သာတို့ကို၎င်း၊အလုံးစုံသောမောင်းကြေးနင်းတို့ကို၎င်း၊ ငါးရာသောပုဆိုးအစုံတို့ကို၎င်း ယူ၍။ အကြင်အရပ်၌ဥပဝတ္တနအင်ကြင်းတောသည်ရှိ၏။အကြင်အရပ်၌မြတ်စွာဘုရားသခင်၏ကိုယ်တော်သည်ရှိ၏။ ထိုအရပ်သို့ ကပ်လာကြကုန်၍။ မြတ်စွာဘုရား၏ကိုယ်တော်ကို၊ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ ပန်းနံ့သာတို့ဖြင့် အရိုအသေ ပြုကုန်လျက်။ ပုဆိုးဗိတာန်တို့ကို ကြက်ကုန်လျက်။ ရဟန်းတို့ ခိုမိရာ ပုဆိုးမဏ္ဍပ် ဓာန္တားဖျင်းကို မိုးကာစီရင်ကုန်လျက်။ ရဟန်းသံဃာတို့အား ခဲဘွယ်ဘောဇဉ်စီရင်လှူဒါန်းကုန်လျက် တနေ့ပတ်လုံးလွန်စေကုန်၏။ ။ထိုရောအခါ မလ္လာမင်းတို့အား ဤသို့သောအကြံသည်ဖြစ်၏။ ယနေ့၌ပင်လျှင် မြတ်စွာဘုရား၏ကိုယ်တော်ကို မီးဖုတ်အံ့သောငှါ အခါမဟုတ်သေး။ ဤသို့ အကြံဖြစ်၏။ ထိုရော

www.dhammaransi.com



အခါ မလ္လာမင်းတို့သည် မြတ်စွာဘုရား၏ အလောင်းတော်ကို ပုဆိုး
ဗိတာန်မိုးကာကုန်လျက်၊ နံ့သာပန်း၊ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့
ဖြင့် အရိုအသေပြုကုန် ပူဇော်ကုန်လျက်။ သံစာတို့မှိုခိုရာ ပုဆိုးမဏ္ဍပ်
ကန္နားဖျင်းမိုးကာစီရင်ကုန်လျက်။ ဆွမ်းခဲဘွယ်ဘောဇဉ် ကပ်လှူစီရင်
ကုန်လျက်။ နှစ်ရက်မြောက်သောနေ့ကိုရင်း။ သုံးရက်မြောက်သော နေ့
ကိုရင်း။ လေးရက်မြောက်သောနေ့ကိုရင်း။ ငါးရက်မြောက်သောနေ့ကို
ရင်း။ ခြောက်ရက်မြောက်သော နေ့ကိုရင်း လွန်စေကုန်၏၊ ခုနစ်ရက်
မြောက်သောနေ့၌ကား မလ္လာမင်းတို့အား ဤသို့အကြံသည်ဖြစ်၏။ ငါ
တို့သည် မြတ်စွာဘုရား၏အလောင်းတော်ကို ပန်းဖြင့်ရင်း။ နံ့သာဖြင့်
ရင်း။ ကခြင်း၊ သီခြင်း၊တီးမှုတ်ခြင်းတို့ဖြင့်ရင်း အရိုအသေပြုကုန်လျက်
မြို့၏တောင်မျက်နှာအတို့ဖြင့် တောင်အတို့သို့ မြို့သို့မဝင်မူ၍။မြို့၏အပ
ဖြင့် မြို့၏အပသို့ဆောင်၍။ အနုရာဓပြည်၏ တောင်တံခါးအရပ်နှင့်တူ
သောအရပ်၌ထား၍ အလောင်းတော်ကို ပူဇော်သက္ကာရပြုကုန်လျက်။
သာဝတ္ထိပြည်၌ဇေတဝန်အရပ်နှင့်တူသောအရပ်၌ သင်္ဂြိုဟ်ဖုတ်ကြဉ်း
ကုန်အံ့ဟုကြံကုန်၏။ထိုရောအခါ ဦးခေါင်းလျှော်ကုန်ပြီးသော၊ ခွန်အား
နှင့်ပြည့်စုံသော၊ အလတ်သော အရွယ်၌ တည်ကုန်သော၊ မလ္လာမင်း
အကြီးရှစ်ယောက်တို့သည် မြတ်စွာဘုရား၏အလောင်းတော်ကိုထမ်း
ကုန်အံ့ဟုအားထုတ်ကုန်သော် ကြွစိမ့်သော၄ါမတတ်နိုင်ကုန်။ ထိုရော
အခါမလ္လာမင်းတို့သည် အရှင်အနုရုဒ္ဓါကား နုတ်မျက်စိကိုရ၏။ ငါတို့
အား အကြောင်းကိုထင်စွာကြားလတ္တံ့ဟုကြံကုန်၍။ အရှင်အနုရုဒ္ဓါကို
လျှောက်ကုန်၏။ အရှင်ဘုရား အနုရုဒ္ဓါ၊ ဦးခေါင်း လျှော်ကုန်ပြီးသော၊
အစာမချေသောပုဆိုးကိုဝတ်ကုန်သော ခွန်အားနှင့် ပြည့်စုံကုန်သော
မလ္လာမင်းအကြီး ရှစ်ယောက်တို့သည် မြတ်စွာဘုရားအလောင်းတော်
ကိုထမ်းပါကုန်၏။ အကြင်အကြောင်းကြောင့် ထိုအလောင်းတော်ကို
ကြွစေခြင်းငှါ မတတ်နိုင်ကုန်။ ထိုအကြောင်းသည် အဘယ်နည်း။ ထို
အဘောက်အပံ့သည် အဘယ်နည်းဟု လျှောက်ကုန်၏။ ဝါသိဋ္ဌအမျိုး
ဖြစ်သော မလ္လာမင်းတို့။ သင်တို့၏အလိုသည် တပါးအပြားဖြင့်ဖြစ်၏။
နတ်တို့၏အလိုသည်လည်း တပါးအပြားဖြင့်ဖြစ်၏။ ထို့ကြောင့် မထမ်း
နိုင်ကုန်ဟု အရှင်အနုရုဒ္ဓါမိန့်၍။ အရှင်ဘုရားအနုရုဒ္ဓါ၊ နတ်တို့၏အလို
သည် အဘယ်သို့တပါးအပြားဖြင့်ဖြစ်သနည်းဟုမေးလျှောက်ပြန်ကုန်

www.dhammaransi.com



သော်။ ဒိုဝါသိဌအမျိုးဖြစ်သော မင်းအများတို့၊ နတ်တို့၏အဖိုကား။
ငါတို့သည် မြတ်စွာဘုရား၏အလောင်းတော်ကို နတ်၌ဖြစ်သော ပန်း
နံ့သာတို့ဖြင့်ရှင်း။ နတ်၌ဖြစ်သော ကခြင်း၊ သီခြင်း၊တီးမှုတ်ခြင်းတို့ဖြင့်
ရှင်း။ အရိုအသေအလေးအမြတ်ပူဇော်ကုန်လျက်။ မြို့၏မြောက်မျက်နှာ
အဘို့ဖြင့် မြောက်မျက်နှာအဘို့ကို ဆောင်၍။ မြို့၏ မြောက်တံခါးဖြင့်
မြို့တွင်းသို့ဝင်၍။ မြို့၏အလယ်ခရီးဖြင့် ဆောင်၍။ မြို့၏အရှေ့တံခါးဖြင့်
ထုတ်၍။ မြို့၏အရှေ့အရပ်၌ မလ္လာမင်းတို့၏မကိုဋ်ဗန္ဓနာ၊ ဥသျှောင်ထုံး
မင်္ဂလာပြုရာ။အဆန်းအကြယ်ပြုအပ်သောအရပ်သည်ရှိ၏။ ထိုအရပ်၌
သင်္ဂြိုဟ်ဖုတ်ကြဉ်းကုန်အံ့ဟု နတ်တို့၏အလိုသည်ဖြစ်၏ဟု အရှင်အနု
ရုဒ္ဓါမိန့်တော်မူ၏။ ထိုရောအခါ။အရှင်ဘုရား၊နတ်တို့၏အလိုအတိုင်းပင်
ဖြစ်ပါစေတော့ဟု။ မလ္လာမင်း တို့သည် အကြင်မျှလောက်သော အိမ်
ခြံစပ်။ မစင်ရထုတ်ရာပြွန်ဝ။ တံမြက်ချေးစွန့်ရာအရပ်တို့သည် ရှိကုန်
၏။ ထိုမျှလောက်သောအရပ်တို့၌ ပုဆစ်ဒူးနစ်အောင်ထင်ရှားပန်းအတိ
ခင်းကုန်၏။ ထိုရောအခါနတ်တို့သည်ရှင်း။ မလ္လာမင်းတို့သည်ရှင်း။မြတ်
စွာဘုရား၏အလောင်းတော်ကို နတ်၌ဖြစ်ကုန်သော၊ လူ၌ဖြစ်ကုန်သော
ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့်ရှင်း။ ပန်း၊ နံ့သာ၊ နံ့သာပျောင်း၊
အခိုး၊အထုံအမှုံ့တို့ဖြင့်ရှင်း အရိုအသေပြုကုန်လျက်။မြတ်နိုးကုန်လျက်။
ပူဇော်ကုန်လျက်။ မြို့၏မြောက်အဘို့ဖြင့်မြောက်အဘို့သို့ဆောင်၍။မြို့၏
မြောက်တံခါးဖြင့် မြို့တွင်းသို့ဝင်၍။ မြို့၏အလယ်ခရီးဖြင့် ဆောင်လေ
၏။ ထိုရောအခါ ဗန္ဓုလစစ်သူကြီး၏ မယား မလ္လိကာသည် မြတ်စွာ
ဘုရားပရိနိဗ္ဗာန်ပြုတော်မူလေပြီဟုကြား၍။မိမိခင်ပွန်းဗန္ဓုလစစ်သူကြီး
လွန်သည်မှစ၍ မသုံးမဆောင်ထားအပ်သော၊ ဝိသာခါ ဒါယိကာမ၏
တန်ဆာနှင့်တူသော မဟာလ္လတာ တန်ဆာကို။ ဤတန်ဆာဖြင့် မြတ်စွာ
ဘုရားကိုပူဇော်အံ့ဟူ၍ ရေနံ့သာဖြင့်ဆေးပြီးလျှင် ရပ်နှင့်ငေ၏။ မြတ်
စွာဘုရား၏အလောင်းတော်ကို ဆောင်ခဲ့ကုန်၍ မိမိအိမ်တံခါးအနီးသို့
ရောက်သောအခါ၌။ အမောင်တို့၊အရှင်တို့၊မြတ်စွာဘုရား၏အလောင်း
တော်ကိုချပါကုန်ဦးဟုဆို၍။ထိုတန်ဆာကိုမြတ်စွာဘုရားကိုယ်တော်၌
စွပ်၏။ ဦးခေါင်းတော်မှစ၍စွပ်အပ်သောထိုတန်ဆာသည် ခြေဖဝါး
တိုင်အောင်ရောက်၏။ နတ်တို့၏ သိင်္ဂီရွှေအဆင်းနှင့်တူသော အဆင်းရှိ
သော မြတ်စွာဘုရား၏ ကိုယ်တော်သည် ရတနာခုနစ်ပါးတို့ဖြင့် ပြီး

www.dhammaransi.com



သောတန်ဆာဖြင့် ဆင်သည့်ရှိသော်။ အတိုင်းထက်အလွန် တင့်တယ်ခြင်းသို့ရောက်၏။ ထိုသို့ဆင်ပြီးသောအခါ မြတ်စွာဘုရား၏အလောင်းတော်ကို မြို့လယ်ချက်ဖြင့်မြို့၏အလယ်ကိုဆောင်၍။ မြို့၏အရှေ့တံခါးဖြင့်ထွက်၍။ အရှေ့အရပ်၌မလ္လာမင်းတို့၏ဦးရစ်မကိုဋ်ဗန္ဓနဘွဲ့ရှိသော ဘုရား၊ အဆန်းအကြယ် ပြုရာအရပ်၌ မြတ်စွာဘုရား၏ ကိုယ်တော်ကိုချ၍ ထားကုန်၏။ ။ထိုအခါ မလ္လာမင်းတို့သည် အရှင်အာနန္ဒာကို လျှောက်ကုန်၏။ ဘုန်းတော်ကြီးသောအရှင်အာနန္ဒာ၊ အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ကိုယ်တော်၌ အဘယ်သို့ကျင့်ရကုန်အံ့နည်းဟု လျှောက်ကုန်၏။ ဝါသိဋ္ဌအမျိုး၌ ဖြစ်သော မလ္လာ မင်းတို့။ စကြဝတေးမင်း၏ အလောင်း၌ကျင့်သကဲ့သို့။ မြတ်စွာဘုရား၏အလောင်းတော်၌ သင်မင်းများတို့သည် ကျင့်အပ်၏ဟု အရှင်အာနန္ဒာမိန့်၏။ ဘုန်းတော်ကြီးသော အရှင်အာနန္ဒာ၊ စကြဝတေးမင်း၏အလောင်း၌ အဘယ်သို့ကျင့်လေကုန်သနည်းဟုလျှောက်ကုန်သော်။ ဝါသိဋ္ဌအမျိုး၌ဖြစ်သော မလ္လာမင်းတို့၊ စကြဝတေးမင်း၏ကိုယ်ကိုအစာမချေသောပုဆိုးဖြင့်ရစ်ကုန်၏။ ရစ်ပြီးသော် ကောင်းစွာဖပ်အပ်သောဝါဂွမ်းအပြားဖြင့်ရစ်ကုန်၏။ ရစ်ကုန်ပြီးသော် အစာမချေသောပုဆိုးဖြင့်ရစ်ကုန်၏။ဤကဲ့သို့သောနည်းဖြင့် အစုံငါးရာ ပုဆိုးဝါဂွမ်းတို့ဖြင့်ရစ်ကုန်၍။ ရွှေဖြင့်ပြီးသောဘာလား၌ ထည့်၍ ရွှေဖြင့်ပြီးသော တပါးသောတလားဖုံးဖြင့်အုပ်၍၊ အလုံးစုံ နံ့သာဖြင့်ပြီးသော ထင်းပုံကို ပြု၍ စကြဝတေးမင်း၏ အလောင်းကို မီးဖုတ်ကုန်၏။ ခရီးလေးဆုံ၌ စကြဝတေးမင်း၏ဓာတ်ကို စေတီတည်ကုန်၏၊ ဤသို့စကြဝတေးမင်း၏အလောင်း၌ကျင့်ကုန်၏။ ဝါသိဋ္ဌအမျိုးဖြစ်သောမင်းများတို့၊ စကြဝတေးမင်း၏အလောင်း၌ကျင့်ကုန်သကဲ့သို့။ မြတ်စွာဘုရား၏ ကိုယ်တော်၌လည်း ကျင့်အပ်ကုန်၏။ ခရီးလေးဆုံ၌ ဓာတ်တို့ကိုစေတီတည်အပ်ကုန်၏။ အကြင်သူတို့သည် ထိုစေတီ၌ ပန်းနံ့သာအခိုးအထုံ အမှုန့်တို့ကိုတင်ကုန်လတ္တံ့။ ရှိခိုးကုန်လတ္တံ့။ ထိုပန်းနံ့သာဖြင့်ပူဇော်ခြင်း ရှိခိုးခြင်းသည် ထိုသူတို့အား ရှည်စွာသောနေ့ညဉ့်ပတ်လုံး စီးပွါးချမ်းသာခြင်းငှါဖြစ်လတ္တံ့ဟု အရှင်အာနန္ဒာမိန့်တော်မူ၏။ ။ထိုရောအခါ မလ္လာမင်းတို့သည်မင်းချင်းတို့ကိုစေကုန်၏။ ထိုသို့ဟာပြီးကား။ အချင်းတို့၊ မလ္လာမင်းတို့အား ညက်စွာဖပ်အပ်ပြီးသောဝါဂွမ်းတို့ကို ရုံးစုစေကုန်ဟုဆို၏။ ထိုရောအခါ မလ္လာမင်းတို့သည် မြတ်စွာဘုရား၏ ကိုယ်

www.dhammaransi.com



တော်ကို အစာမချေသောပုဆိုးဖြင့်ရစ်၍ ဝါဂွမ်းတို့ဖြင့်ရစ်ကုန်၏၊ ဝါဂွမ်းဖြင့်ရစ်ပြီး၍ အစာမချေသောပုဆိုးဖြင့်ရစ်ကုန်၏။ ဤသို့သောနည်းဖြင့် ငါးရာသောအစုံတို့ဖြင့် ပုဆိုးတထပ်၊ ဝါဂွမ်းတထပ်၊ ချပ်ကာချပ်ကာရစ်၍။ ထိုသို့ရစ်ပြီးသော် ဆီပြည့်သော ရွှေတလားဌ်ထည့်၍။ ရွှေတလားဖုံးဖြင့်အုပ်၍။ အလုံးစုံ နံ့သာဖြင့်ပြီးသောထင်းဖြင့်ထင်းပုံကိုပြု၍ မြတ်စွာဘုရား၏အလောင်းတော်ကိုထင်းပုံထက်သို့တင်ကုန်၏။ ။

---

## ၇၇။ အရှင်မဟာကဿပမထေရ်၊ပါဝါမှ ကုသိနာရုံပြည်၊မကုဋဗန္ဓနကောင်း၊အလောင်းတော်ရှိရာသို့ ရောက်၍ပူဇော်တော်မူပြီးအဆုံး၌အလောင်းတော်ကို တေဇောဓာတ်လောင်သည်ကိုပြရာ။

ထိုရောအခါ အရှင်မဟာကဿပမထေရ်သည် အခြံအရံ ရဟန်းငါးရာတို့နှင့်တကွ ပါဝါပြည်၌ဆွမ်းခံ၍ ဆွမ်းစားပြီးသော် ကုသိနာရုံပြည်သို့ သွားအံ့ဟု အဝွန်ရှည်စွာ သုံးဂါဝုတ်မျှသော ခရီးကို သွား၏။ မထေရ်၏အခြံအရံဖြစ်ကုန်သော အလုံးစုံသော ရဟန်းတို့သည် ချမ်းသာသဖြင့် ကြီးကုန်၏။ ကြီးသော ဘုန်း ရှိကုန်၏။ ထိုအလုံးစုံသော ရဟန်းတို့သည် မွန်းတည့်အခါ၌ ပူသော ကျောက်ဖျာနှင့်တူသော မြေ၌ ခြေဖြင့်သွားကုန်သည်ဖြစ်၍ ပင်ပန်းကုန်၏။မထေရ်သည် ထိုရဟန်းတို့ကိုမြင်၍၊ ရဟန်းတို့သည် ပင်ပန်းကုန်၏။ သွားအပ်သောအရပ်သည်လည်း မဝေးလွန်းသည်ဖြစ်၍။ အဘန်ငယ်နားလျက် အပူကိုငြိမ်းစေ၍ ညချမ်းသောအခါမှ ကုသိနာရုံသို့သွားပြီးလျှင်၊ မြတ်စွာဘုရားကိုဖူးမြင်အံ့ဟုကြံတော်မူ၍။ခရီးမှသက်၍ တခုသောသစ်ပင်ရင်း၌ ဒုကုဋ်တော်ကို လေးခေါက်ခင်း၍ ကလျားမှရေဖြင့် လက်ခြေတို့ကို အချမ်းကိုယူစေ၍ထိုင်နေတော်မူ၏။ အခြံအရံဖြစ်ကုန်သော ရဟန်းတို့သည်လည်း သစ်ပင်ရင်း၌ထိုင်နေကုန်၍ အသင့်အားဖြင့်နှလုံးသွင်းကုန်လျက် ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကိုဆိုကုန်လျက် နေကုန်၏။ ထိုရောအခါ မထင်ရှားသောအာဇီဝကတက္ကတွန်းသည်၊ ကုသိနာရုံပြည်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူရာမှ ထင်ရှားပန်းကို ယူ၍ အရိုးတပါးတပ်လျက် တီးကဲ့သို့ပြု၍ ကုသိနာရုံပြည်မှ ပါဝါပြည်သို့ သွားအံ့ဟု အဝွန်

ရှည်သော ခရီးကိုလာ၏။ အရှင်မဟာကဿပသည် ထိုအာဇီဝကကို အဝေးမှလာသည်ကို မြင်တော်မူလျှင်၊ ထိုအာဇီဝကလက်၌ ထင်ရှားပန်းသည် ထင်၏။ ဤထင်ရှားပန်းသည် လူ့ပြည်၌ အခါခပ်သိမ်း မရှိ။ အကြင်အခါ၌ တစုံတယောက်သော တန်းခိုးနှင့်ပြည့်စုံသောသူသည် တန်းခိုးဘန်ဆင်း၏။ ထိုအခါ၌၎င်း။ ဘုရားလောင်း၏ မယ်တော်ဝမ်း၌ ပဋိသန္ဓေစွဲယူလာသောအခါစသည်တို့၌၎င်း ထင်ရှားဖြစ်၏။ ယခုအခါ၌ တစုံတယောက်သောသူသည် တန်းခိုးဘန်ဆင်းခြင်းကို မပြု။ ငါ၏ ဆရာဘုရားသည် မယ်တော်ဝမ်းသို့ သက်သည်လည်း မဟုတ်။ ဘွားတော်မူသည်လည်းမဟုတ်။ ဘုရားဖြစ်သည်လည်းမဟုတ်။ ဓမ္မစကြာတရား ဟောသည်လည်း မဟုတ်။ ယမိုက်ပြာဋိဟာ ပြုတော်မူသည်လည်း မဟုတ်။ နတ်ပြည်မှ သက်တော်မူသည်လည်း မဟုတ်။ အာယုသင်္ခါရကိုလွှတ်သည်လည်းမဟုတ်။ အသက်တော်ကြီးပြီးသော ငါ၏ ဆရာ မြတ်စွာဘုရားသည် မချွတ်လျှင် ပရိနိဗ္ဗာန်ပြုတော်မူသည် ဖြစ်လတ္တံ့။ ဤအာဇီဝကသည်သိခဲ့ရာ၏။ ထိုကြောင့် ထိုသူ့ကို မေးအံ့ဟုကြံတော်မူ၍၊ အကယ်၍ငါသည်ထိုင်လျက်ပင်မေးချေအံ့၊မြတ်စွာဘုရား၌ ရိုသေခြင်း မရှိသည်ဖြစ်လတ္တံ့ဟု ကြံ၍ ထတော်မူလျက် နေရာမှဘဲ၍၊ ဆဒ္ဒန်ဆင်မင်းသည် ပတ္တမြားညိုအရောင်ကို ရုံသကဲ့သို့။ မြတ်စွာဘုရားသည် ပေးတော်မူသော မိုးတိမ်အဆင်းနှင့်တူသော ပံသုကူသင်္ကန်းကို ရုံတော်မူ၍။ ဆယ်ချောင်းသောလက်သည်းတို့၏ ပြုသောအရောင်ဖြင့် တောက်ပသောလက်အုပ်ကိုထိပ်၌တင်၍ မြတ်စွာဘုရား၌ ပြုအပ်သောရိုသေခြင်းဖြင့်အာဇီဝကသို့ရှေးရှုရပ်တော်မူ၍။ ငါ့အရှင်၊ငါတို့၏ ဆရာ မြတ်စွာဘုရားကို သိခဲ့ပါ၏လော၊ဟု မေးတော်မူ၏။ ။(အရှင်မဟာကဿပသည် မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို သိလျက်ပင်မေးသလော။မသိ၍ပင်တည်းမေးသလောဟုတုံအံ့။ရဟန္တာတို့၏ သိခြင်းမည်သည်ကား ဆင်ခြင်ခြင်းနှင့်စပ်၏။ ဆင်ခြင်တော်မမူသောကြောင့် မထေရ်သည်မသိမူ၍ပင်မေးသည်ဟု အချို့ဆရာတို့ဆိုကုန်၏။အသို့စပ်သနည်းဆိုသော်။မထေရ်သည် သမာပတ်ဝင်စားခြင်းများ၏။ညဉ့်နေရာ နေ့နေရာစသည်တို့၌ အမြဲလျှင် သမာပတ်ဖြင့်မွေ့၏။ အမျိုး၏ ဥစ္စာဖြစ်သော ရွာ၌ ဆွမ်းခံဝင်တော်မူ၍လည်း တံခါးတိုင်းတံခါးတိုင်း၌ မေတ္တာဈာန်သမာပတ်ဝင်စား၍သမာပတ်မှထ၍သာလျှင်

www.dhammaransi.com



ဆွမ်းကိုခံ၏။ မထေရ်သည် ဤအဆုံးစွန်သောကိုယ်ဖြင့် များစွာသော လူအပေါင်းအားချီးမြှောက်ခြင်းကိုပြု၏။အကြင်သူတို့သည်ငါ့အားဆွမ်း ကိုသော်လည်းလှူကုန်၏။ ပန်းနံ့သာစသည်တို့ဖြင့်မူလည်း ပူဇော်ကုန် ၏။ ထိုသို့လှူဒါန်းပူဇော်ခြင်းသည် ထိုသူတို့အား အကျိုးကြီးသည်ဖြစ် စေသတည်းဟု ဤသို့ပြု၏။ထိုသို့သမာပတ်ဝင်စားခြင်းများသည်ဖြစ်၍ မသိသောကြောင့်ပင်မေးတော်မူသည်ဟုဆိုကုန်၏။ ထိုစကားကိုမယူ အပ်။ မြတ်စွာဘုရားလွန်ရာ၌မသိခြင်း၏အကြောင်းမည်သည်မရှိ။မြတ် စွာဘုရား၏ ပရိနိဗ္ဗာန်ပြုတော်မူခြင်းကို တသောင်းသောလောကဓာတ် ၌ မြေတုန်လှုပ်ခြင်းအစရှိသောနိမိတ်တို့ဖြင့်မှတ်အပ်ပြီးသည်သာလျှင် တည်း။စင်စစ်သော်ကား။မထေရ်၏ပရိသတ်၌ကား။အချို့သောရဟန်း တို့သည် မြတ်စွာဘုရားကိုမြင်ဘူး၏။ အချို့သောရဟန်းတို့သည် မြတ် စွာဘုရားကို မမြင်ဘူးကုန်။ အကြင်ရဟန်းတို့သည် မြင်ဘူးကုန်၏။ ထို ရဟန်းတို့သည် ဖူးမြင်လိုကုန်သည်သာလျှင်တည်း။ အကြင်ရဟန်းတို့ သည်ကား မမြင်ဘူးကုန်။ ထိုရဟန်းတို့သည်ကား အလွန်လျှင်ဖူးမြင် ခြင်းငှါအလိုရှိလှကုန်သလျှင်ကတည်း။ ထိုရဟန်းတို့တွင် မမြင်ဘူးကုန် သောရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြင်ရလတ္တံ့ဟု သွားကုန်ပြီး မှ၊ ကုသိနာရုံသို့ရောက်ခဲ့သော်။ မြတ်စွာဘုရားအဘယ်အရပ်၌ရှိလေသ နည်းဟုမေးကုန်လျှင်။ ပရိနိဗ္ဗာန်ပြုတော်မူပြီဟုပြောဆိုသည်ကိုကြားရ က။ မိမိတို့ကိုယ်ကိုတည်စေခြင်းငှါ မတတ်နိုင်ကုန်လတ္တံ့။ သင်္ကန်းကို ၎င်း။ သပိတ်ကို၎င်းစွန့်ပစ်၍။ အဝတ်တထည်သာကပ်ကုန်သည်ဖြစ်၍ ၎င်း။ မကောင်းသောအဝတ်အစားကပ်ကုန်သည်ဖြစ်၍၎င်း။ ရင်တို့ကို ခတ်တီးကုန်လျက်ပြင်းစွာဟစ်ကြွေးငိုကုန်လတ္တံ့။ထိုအခါ၌လူတို့သည် အရှင်မဟာကဿပနှင့်အတူတကွလာသောပံသုကူဓုတင်ဆောင်သော အရှင်ကောင်းတို့သည်လျက်လည်း။ မိန်းမတို့ကဲ့သို့ ရင်တီး လက်ခတ် ငိုကုန်သည်။ ထိုအရှင်ကောင်းတို့သည် ငါတို့ကိုအဘယ်သို့သက်သာ စေနိုင်လတ္တံ့နည်းဟု၊ ငါတို့အား အပြစ်ကိုပြုကုန်လတ္တံ့။ ဤတောကြီး အရပ်သည်ကား ဆိတ်ညံ၏။ ဤတော၌ အကြင်အခြင်းအရာဖြင့်၎င်း။ ထိုအခြင်းအရာဖြင့်၎င်း ငိုကုန်သော်လည်း အပြစ်တင်မည့်သူမရှိ။ရှေး ဦးစွာကြားနှင့်ရ၍လည်း စိုးရိမ်ခြင်းသည် ငယ်ခါင်းပါးသည် ဖြစ်ရာ၏ဟု ကြံ၍ တပည့်တို့အား သတိကို ဖြစ်စေခြင်းငှါ။ သိလျက်ပင် မေးတော်

www.dhammaransi.com



မှုသတည်း)။ ။ဤသို့မေးတော်မူသောအခါ၌။ ဪငါ့ရှင်ကဿပ၊ ငါသိခဲ့ပါ၏။ယနေ့သည်ရဟန်းဂေါတမလွန်၍ခုနစ်ရက်ရှိပြီ။ထိုရဟန်း ဂေါတမလွန်တော်မူရာကပင် ဤထင်ရှားပန်းကို ဆောင်ယူခဲ့ပေသည် ဟု ထိုအာဇီဝက ဆို၏။ ထိုအခါ အရှင်မဟာကဿပ၏ အခြွေအရံ ရဟန်းအပေါင်း၌ ပုထုဇဉ်သောတာပန်သကဒါဂါမ်ရဟန်းတို့သည် အာ ဇီဝကစကားကို ကြားသောအခါ၌။ အချို့သောရဟန်းတို့သည် လက် ကိုမြှောက်၍ငိုကုန်၏။ခြေပြတ်သကဲ့သို့လည်း၍ငိုကုန်၏ ထိုလည်းရာ၌ လူးလည်းကုန်၏၊ ခြေကျောက်လက်ကန်လူးလည်းကုန်၏။ အလွန်လျင် စွာ ဆရာဘုရားပရိနိဗ္ဗာန်စံခဲ့ပြီ။ အလွန်လျင်စွာ လာခြင်းကောင်းသော ဘုရားသည် ပရိနိဗ္ဗာန် စံတော်မူခဲ့ပြီဟု မြည်တမ်းတာမ်းကြ၍ ငိုကြ ကုန်၏။အနာဂါမ်ရဟန်းတို့သည်ကား သင်္ခါရတရားတို့မည်သည် အမြဲ မရှိကုန်။ ဤသင်္ခါရတရား၌မြဲသောသဘောကို အတိမှာလျှင်ရကုန်အံ့ နည်းဟု သတိရှိကုန်သည်ဖြစ်၍ အဆင်အခြင်နှင့်ပြည့်စုံကုန်သည်ဖြစ် ၍ သည်းခံကုန်၏။ ။ထိုရောအခါ၊ ကြီးမှရဟန်းပြုသော သုဘဒ္ဒမည် သောရဟန်းသည် ထိုပရိသတ်၌ ရှိသည်ဖြစ်၏။ ထိုရဟန်းကြီးသုဘဒ္ဒ သည် ထိုငိုကြွေးကုန်သောရဟန်းတို့ကို ဤသို့ဆို၏။ ဒိုအရှင်တို့၊ မသင့် တကား။မစိုးရိမ်ကုန်လင့်၊ မငိုကြွေးကုန်လင့်။ ထိုရဟန်း ကြီးဂေါတမမှ ငါတို့လွတ်ကုန်ပြီ ထိုရဟန်းကြီးဂေါတမသည် ဤအမှုသည် သင်တို့ အား အပ်၏။ ဤအမှုသည် သင်တို့အား မအပ်ဟူ၍ ငါတို့အား နှိပ်စက် အပ်သည်ဖြစ်ကုန်ပြီ။ယခုအခါ၌ ငါတို့သည် အကြင်အမှုကိုအလိုရှိကုန် ၏။ထိုအမှုကိုပြုရကုန်လတ္တံ့။ အကြင်အမှုကိုငါတို့သည် အလိုမရှိကုန်။ ထိုအမှုကို မပြုရကုန်လတ္တံ့။ မငိုကြွေးကြကုန်သင့်ဟု ဆို၏။ ဤသို့ဆို ခြင်းသည် မြတ်စွာဘုရား၌ သုဘဒ္ဒရဟန်းကြီးသည် ရန်ငြိုး ဖွဲ့သဖြင့် ဆိုသတည်း။ အဘယ့်ကြောင့်ကား ရန်ငြိုးထားလေသနည်း ဟူတုံအံ့။ ဤသုဘဒ္ဒသည် ဆတ္တာသည်ဖြစ်ဘူး၏။ ကြီးမှရဟန်းပြု၏။ အာတုမာ မြို့၌နေ၏။ ထိုရောအခါ မြတ်စွာဘုရားသည် ကုသိနာရုံပြည်မှ ထွက်၍ ခုနစ်ရာ့ငါးကျိပ်သော ရဟန်းတို့နှင့်တကွ အာတုမာမြို့သို့ ကြွတော်မူ သည်ရှိသော်။ ထိုသုဘဒ္ဒသည် မြတ်စွာဘုရားကြွလာသောအကြောင်း ကိုကြား၍။ မြတ်စွာဘုရားရောက်သောအခါ ယာဂုလှူအံ့ဟုကြံ၍။ သာ မဏေ၏ဘုံ၌ တည်ကုန်သော သားငယ်နှစ်ယောက်တို့ကို ဤသို့ဆို၏။

www.dhammaransi.com



ချစ်သားတို့၊ ခုနစ်ရက်ငါးကျိပ်သော ရဟန်းတို့နှင့် မြတ်စွာဘုရား အာတုမာမြို့သို့ကြွလာ၏။ သင်တို့သည်သွားကြကုန်။ ချစ်သားတို့၊ သင်းတုန်းဘဏ္ဍာကိုယူ၍ ဆိကျည် ခွက်ငယ်နှင့်တကွ အိမ်စဉ်အတိုင်း လှည့်ချေကုန်။ ဆားကိုရင်း။ ဆီကိုရင်း။ ဆန်ကိုရင်း။ ခဲဘွယ်ကိုရင်း ရုံးရကုန်။ ရောက်တော်မူလာသော မြတ်စွာဘုရားအား ယာဂုအလှူကိုပြုအံ့ဟုစေ၏။ ထိုသားငယ်သာမဏေနှစ်ယောက်တို့သည် အဘဆိုတိုင်း ပြုကုန်၏။ လူတို့သည် သာယာသောအသံရှိကုန်သော မိမိတို့၏ အတတ်ကိုထင်စွာပြုတတ်ကုန်သော ထိုသူငယ်နှစ်ယောက်ကိုမြင်၍။ ဆွေတ္တာမှုပြုစေလိုသောသူတို့သည်ရင်း။ မပြုစေလိုသောသူတို့သည်ရင်း။ဆံမုတ်ဆိတ်ပြုပြင်ခြင်းတို့ကို ပြုစေကုန်၏။ သွားအံ့သောအခါ၌။ ချစ်သားတို့၊ အဘယ်ကိုယူကုန်လတ္တံ့နည်းဟု မေးကုန်၏။ ငါတို့အား တပါးသောဝတ္ထုကိုအလိုမရှိ၊ ငါတို့၏အဘမူကား ဘုရားမြတ်စွာလာရောက်သောအခါ ယာဂုအလှူကိုပေးလို၏ဟုဆိုကုန်၏။ ထိုစကားကိုကြား၍ လူတို့သည် မရေတွက်မူ၍ အကြင်ဝတ္ထုကို ထိုသူငယ်တို့ဆောင်နိုင်ကုန်၏။ ထိုဝတ္ထုတို့ကို ထိုသူငယ်တို့တွင်ပေးလိုက်ကုန်၏။ အကြင်ဝတ္ထုတို့ကို မဆောင်နိုင်ကုန်။ထိုဝတ္ထုတို့ကိုလူတို့ကိုပို့စေကုန်၏။ထိုရောအခါမြတ်စွာဘုရားသည်အာတုမာမြို့သို့ရောက်၍ ဘောက်နယ်တလင်းတဲသို့ဝင်တော်မူ၍နေတော်မူသောအခါ။သုဘဒ္ဒရဟန်းသည် ညချမ်းသောအခါ၌ ရွာတွင်းသို့သွား၍ လူတို့ကိုဆို၏။ဒိုဒါယကာတို့၊ငါသည် သင်တို့၏အထံမှ တစုံတခုကို မတောင့်တကုန်။ ငါ၏သားငယ်တို့သည် ဆောင်အပ်သော၊ဆန်၊ဆေး၊အစရှိသည်ဖြင့်သာလျှင် သံဃာအားလောက်ကုန်၏။လက်အမှုကိုသာ ငါ့အားပေးပါကုန်ဟုတောင်း၏။တောင်းသည့်အတိုင်းဝန်ခံလာရောက်ပြီးလျှင်။ ရှင်ပင်ဘုရား၊ အဘယ်ကိုပြုရအံ့နည်းဟုမေးကုန်သော်။ဤကိုယူကုန်လော့စသည်ဖြင့်အလုံးစုံသောအဆောက်အဦတို့ကိုယူစေပြီးမှ ကျောင်း၌ခုံလောက်တို့ကိုပြုစေ၍။သင်းပိုင်မည်းနက်တထည်ကိုဝတ်၍။ သင်္ကန်းတထည်ကိုရုံ၍။ ဤသို့ပြုလော့ ဤသို့ပြုလော့ဟု တည်၍ပတ်လုံး စီရင်၍။ အသပြာတသိန်းထိုက်သောဝတ္ထုကိုစွန့်၍၊ လက်ကောင်းကောင်းသော ထပ်ထပ်သောယာဂုကိုရင်း။ ပျားမုန့်ဆုပ်ကိုရင်း စီရင်စေ၏။ ထိုယာဂု၌၊ ထောပတ်၊ပျား၊ တင်လဲ၊ ဆီဦး၊ဆီ၊ငါး၊အမဲ၊သစ်ပွင့်၊သစ်သီး အရသာအစရှိသောအလုံးစုံကိုလည်းထည့်

www.dhammaransi.com



၏။ ထိုယာဂုသည် ပြက်ရယ်မှုပြုလိုသောသူတို့အား ဦးခေါင်း၌ လိမ်းကောင်းသည်နှင့်ယှဉ်၏၊ ဇီယာ၊ ကရဝေး၊ ငရုတ်၊ ချင်း၊ စသောကောင်းသောအနံ့တို့ဖြင့်ထုံအပ်၏။ ထိုညဥ့်မိုးသောက်သောအခါမြတ်စွာဘုရားသည် စောစောကလျှင် ကိုယ်လက်သုတ်သင်၍ ရဟန်းအပေါင်း ခြံရံလျက် ဆွမ်းခံကြွအံ့သောငှါ အာတုမာမြို့သို့ဝင်တော်မူ၏၊ လူတို့သည် သုဘဒ်အားကြားကုန်၏။ မြတ်စွာဘုရားဆွမ်းအလို့ငှါရွာတွင်းသို့ဝင်ပြီ၊ သင်သည် အဘယ်သူအားရည်၍ ယာဂုကိုကျိုချက်သနည်းဟုဆိုကုန်၏။ သုဘဒ်သည် ဝတ်ရုံတိုင်းသောသင်းပိုင်နက်သက်နှ်းနက်တို့ဖြင့်ပင်လက်တဘက်ဖြင့်ယောက်မကိုကိုင်၍။ဗြဟ္မာကြီးကဲ့သို့လက်ျာပုဆစ်ဒူးကိုမြေ၌ထောက်၍ ဘုန်းတော်ကြီးသောရှင်ပင်ဘုရားသည် အကျွန်ုပ်၏ယာဂုကိုခံတော်မူပါဟုလျှောက်၏၊ မြတ်စွာဘုရားသည် သိလျက်ပင်သင် အဘယ်သို့ရှာဘွေ၍ရသောယာဂုနည်းဟု မေး၏။ အကြောင်းအလုံးစုံကိုကြားလျှောက်သော်၊ ထိုဝုဍ္ဍပဗ္ဗဇိတသုဘဒ်ကို ကဲ့ရဲ့တော်မူ၍။ သိက္ခာပုဒ်နှစ်ပါးကို ပညတ်တော်မူ၏။ ချစ်သားရဟန်းတို့၊ ကပ္ပါအကုဋ္ဌမက များစွာသောကာလတို့ပတ်လုံး ဘောဇဉ်ကိုရှာမှီး သုံးဆောင်လျက်လွန်စေကုန်၏။ဤယာဂုသည် သင်တို့အားမအပ်။မတရားသဖြင့်ဖြစ်သော ဘောဇဉ်တည်း။ ဤယာဂုကို စား(?)ကုန်သောသင်တို့အား အထောင်မက များစွာသောဘဝတို့ပတ်လုံး အပါယ်တို့၌သာလျှင်ဖြစ်စေကုန်လတ္တံ့။ ဖဲကုန်လော့၊မခံကုန်လင့်ဟုမြစ်တော်မူ၍၊ ဆွမ်းခံရွာသို့ရှေးရှုကြွတော်မူ၏၊ ဟယောက်သောရဟန်းမှ တစုံတခုကိုမယူပြီ။ သုဘဒ်သည် နှလုံးမသာပြင်းစွာဖြစ်၍။ဤဂေါတမသည် ငါအလုံးစုံကိုသိ၏ဆို၍လှည့်လည်၏။ အကယ်၍ အလှူမခံလိုသည်ဖြစ်အံ့။ သူတပါးကိုစေ၍ပင်ကြားစေအပ်၏။ဤကျက်ပြီးသောအာဟာရမည်သည်ကြာစွာအဆုံးခနစ်ရက်မျှတည်ရာ၏။ ဤအလုံးစုံသော ဝတ္ထုသည် ငါ့အား တသက်ပတ်လုံးမျှလောက်သည်ဖြစ်၏။ ထိုဂေါတမသည် ဥစ္စာအလုံးစုံကိုဖျက်ဆီး၏။ဤဂေါတမသည်ငါ့အားအကျိုးမဲ့ကိုအလိုရှိ၏ဟုမြတ်စွာဘုရား၌ရန်ငြိုးဖွဲ့၏၊ မြတ်စွာဘုရားကိုယ်တော်ထင်ရှားရှိစဉ်၌ တစုံတခုသောစကားကိုမျှမဆိုဝံ့ချေ။ ဤသို့ ထိုသုဘဒ်အားစိတ်ရှိသည်ဖြစ်၏။ ဤဂေါတမသည် မြတ်သောအမျိုးမှ ရဟန်းပြု၏။ မြတ်သော ဘုန်းကြီးသောယောက်ျားတည်း။အကယ်၍တစုံတခုကိုငါဆိုချေအံ့။ ငါ့အားသာလျှင်

www.dhammaransi.com



ဖြိမ်းလတ္တံ့ဟု ကြောက်၍၊ ရန်ငြိုးဖွဲ့၍နေရာ။ ယခု ထိုဂေါတမသည် လွန်ပြီကြား၍၊ ရအပ်သောသက်သာရာရှိသကဲ့သို့။ နှစ်လို့ရွှင်လန်းဝမ်းမြောက်၍ ထိုစကားကိုသုဘဒ်ရဟန်းကြီးဆိုသတည်း။ ။

အရှင်မဟာကဿပသည်ထိုသုဘဒ်၏စကားကိုကြား၍ရင်၌လှံဖြင့်ထိုးဘိသကဲ့သို့။ မိုးကြိုးစက်သည် ထိပ်ထက်၌ကျဘိသကဲ့သို့ အမှတ်တော်ဖြစ်၏။ တရားနှင့်လျော်စွာ ထိတ်လန့်ခြင်းသည် ဖြစ်၏။ မြတ်စွာဘုရားသည့် ပရိနိဗ္ဗာန်ပြုတော်မူ၍ ခုနစ်ရက်မျှသာရှိပါသေးသည်။ယခုအခါ မြတ်စွာဘုရား၏ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ကိုယ်တော်သည်ပင်လျှင် ထင်ရှားရှိပါသေး၏။ ဆင်းရဲငြိုငြင်သဖြင့် မြတ်စွာဘုရားသည် နှစ်သက်စေအပ်သောသာသနာတော်၌၊ ဤသို့လျှင်စွာကြီးစွာသော သူယုတ်တည်းဟူသော အမှိုက်ဆူးငြောင့်သည်ဖြစ်ဘိ၏။ ဤသူယုတ်သည် ကြီးပွါးလတ်သည်ရှိသော် ဤယုတ်မာသော သဘောရှိသော တပါးသောအပေါင်းအဘော်တို့ကိုရ၍။ သာသနာတော်ကိုဆွေးစေအံ့သော၍ တတ်နိုင်ချေရာ၏ဟု ကြံပြီးမှ။ အကယ်၍ကား ငါသည် ဤရဟန်းကြီးကို ဤအရပ်၌ ပုဆိုးဖြူ ဝတ်စေ၍ ဦးခေါင်း၌ ပြာပက်၍ နှင်ထုတ်အံ့၊ ရဟန်းဂေါတမ၏တပည့်တို့သည် ရဟန်းဂေါတမ၏ အလောင်းထင်ရှားရှိစဉ်ပင် ငြင်းခုံကြကုန်၏ဟုဆို၍ ငါတို့အား အပြစ်ကိုပြုကုန်လတ္တံ့။ထို့ကြောင့် ရှေးဦးစွာငါသည် သည်းခံဦးအံ့။မြတ်စွာဘုရားဟောတော်မူအပ်သော သုတ် အဘိဓမ္မာ ဝိနည်းသည် မသိအပ်သေးသောပန်းအစုနှင့်တူ၏။ ဥပမာကား။လေသည်ခတ်အပ်သောထိုပန်းပွင့်တို့သည် ထိုမှဤမှလွင့်ပါးကုန်သကဲ့သို့။ ထို့အတူ ဤသုဘဒ်ရဟန်းကြီးကဲ့သို့ ယုတ်မာသောသဘောရှိကုန်သောပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့်။ နောင်အခါ ရောက်တိုင်းရောက်တိုင်းသောအရပ်တို့၌။ သုတ်အဘိဓမ္မာ ဝိနည်းတို့တွင်။ဝိနည်း၌ တချနှစ်ချသောသိက္ခာပုဒ်တို့သည် ပျောက်ကုန်လတ္တံ့။ သုတ်၌ တချနှစ်ချသောပဥ္စဝါရတို့သည်၊အဘိဓမ္မာ၌ တချနှစ်ချသောဘုမ္မန္တရတို့သည် ပျောက်ကုန်လတ္တံ့။ ဤသို့အစဉ်သဖြင့် အပင်ပျက်စီးသည်ရှိသော် အခက် အရွက်တို့သည် ပျက်စီးလွယ်ကုန်သကဲ့သို့ဖြစ်လတ္တံ့။ ထို့ကြောင့် သုတ် အဘိဓမ္မာ ဝိနည်းကို သင်္ဂါယနာတင်ခြင်းကိုပြုရလတ္တံ့။ ဤသို့ သင်္ဂါယနာတင်ခြင်းကိုပြုသည်ရှိသော် ခိုင်ခံ့သောကြိုးဖြင့် သီအပ်သော ဖန်းပွင့်ကဲ့သို့ သုတ် အဘိဓမ္မာ ဝိနည်းတို့

www.dhammaransi.com



သံည့်မတုန်မလှုပ်တည်ကြည်ကုန်သည်ဖြစ်လတ္တံ့။ ဤသို့သင်္ဂါယနာ တင်စေခြင်းအကျိုးငှါသာလျှင်။ ငါရဟန်းပြု၍လာသောအခါ မြတ်စွာ ဘုရားသည် သုံးဂါဝုတ်တိုင်အောင် ခရီးဦးကြို့ဆိုခြင်းကိုပြုတော်မူပြီ။ သုံးပါးသော အဆုံးအမတို့ဖြင့် ပဉ္စင်းအဖြစ်ကို ပေးတော်မူပြီ။ ကိုယ် တော်မှသင်္ကန်းကို ငါ၏ကိုယ်၌ ငါ၏ယက်န်းကို ကိုယ်တော်၌ဝတ်ရုံ သဖြင့် သင်္ကန်းဖလှယ်ခြင်းကိုပြုပြီ။ ကောင်းကင်၌ လက်ဝါးကိုလှုပ်၍ လ၏ဥပမာရှိသောအကျင့်ကို ဟောတော်မူသော ဘုရားမြတ်စွာသည် ငါ့ကို သက်သေတည်၍ ကဿပသည် လနှင့်တူသောအကျင့်ရှိ၏ဟု ဟောတော်မူပြီ။ သုံးကြိမ် သာသနာတော်၌ အမွေခံ၏အဖြစ်ကိုဝန်ခံ စေပြီ။ငါသို့သဘောရှိသောရဟန်းသည်ရှိလျက် ဤသူယုတ်သည် သာ သနာတော်၌ စည်ပင်ပြန့်ပွါးခြင်းကိုမရစေသသည်း။ သူတော်မဟုတ် သူယုတ်တို့၏ တရားသည် မထွန်းပမိ။ သူတော်ကောင်းတို့၏ တရား သည်မတိမ်မြုပ်မိ။ ဝိနည်းမဟုတ်သောတရားသည် မထွန်းပမိ။ ဝိနည်း တရားတော်သည် မတိမ်မြုပ်မိ။ တရားကိုမယူသော ပုဂ္ဂိုလ်တို့သည် အားမကြီးကုန်မိ။တရားကိုယူသောပုဂ္ဂိုလ်တို့သည်အားမနည်းကုန်မိ။ ဝိနည်းကိုမယူသော ပုဂ္ဂိုလ်တို့သည် အားမကြီးကုန်မိ။ ဝိနည်းကိုယူ သောပုဂ္ဂိုလ်တို့သည် အားမနည်းကုန်မိ။ ဆုတ် အဘိဓမ္မာ ဝိနည်းကို သင်္ဂါယနာတင်အံ့။ ထိုနောင်မှ ရဟန်းတို့သည် မိမိမိမိတို့၏စွမ်းနိုင်ရုံ ကိုတတ်အောင်သင်ကုန်၍ အပ်မအပ်ကိုဆိုကုန်လတ္တံ့။ ထိုအခါ ဤသူ ယုတ်သည်နှိပ်ခြင်းသို့ရောက်လတ္တံ့။ ဦးခေါင်းကိုမချီနိုင်လတ္တံ့။ သာသ နာတော်သည် စည်ပင်ပြန့်ပွါးသည် ဖြစ်လတ္တံ့ဟု ကြံပြီး၍။ ထိုအရှင် မဟာကဿပသည်ငါ့အားဤသို့အကြံသည်ဖြစ်၏ဟု တစုံတယောက် သောသူအားမျှမကြားမူ၍၊ရဟန်းသင်္ဃာကိုသာသက်သာစိမ့်သောငှါ။ ငါ့ရှင်တို့၊ မစိုးရိမ်ကုန်လင့်။ မငိုကြွေးကုန်လင့်။ ဤသင်္ခါရတရားတို့၏ အမြဲမတည်သောအဖြစ်ကို မြတ်စွာဘုရားသည် ရှေးဦးစွာကပင်ကြား အပ်ပြီ။ ချစ်သား ရဟန်းတို့၊ အလုံးစုံကုန်သော ချစ်နှစ်လိုအပ်ကုန်သော သူတို့နှင့် အထူးထူးဖြစ်ခြင်း၊ ကွေကွင်းရခြင်း၊ တပါးအပြားဖြင့် ဖြစ် ခြင်းကို ရှေးဦးစွာကပင်ကြားအပ်ပြီ။ အကြင်သင်္ခါရတရားသည် ဖြစ် တတ်၏။ ထင်ရှားဖြစ်တတ်၏။ ပြုပြင်အပ်၏။ ပျက်တတ်သောသဘောရှိ ၏။ အကြင်သင်္ခါရတရား၌ ထိုမပျက်မစီးအမြဲတည်ခြင်းကို အဘယ်

www.dhammaransi.com



မှာရအံ့နည်း။အကြင်အကြောင်းဖြင့် ပျက်စီးတတ်သောသင်္ခါရတရား ဟုဆိုအပ်သော မြတ်စွာဘုရား၏ကိုယ်တော်သည် မပျက်မစီးတည်ရာ ၏။ထိုအကြောင်းမရှိသည်သာလျှင်တည်း။ထို့ကြောင့် အရှင်တို့၊ခရိုးရိမ် ကုန်လင့်။မငိုကြွေးကုန်လင့်ဟုသက်သာစေ၏။ ။

ထိုသို့မြတ်စွာဘုရား၏ကိုယ်တော်ကို ကုသိနာရုံပြည်၏ အရှေ့အ ရပ်၌ မလ္လာမင်းတို့၏ မကိုဋ်ဗန္ဓနအဆန်းအကြယ်ပြုအပ်သောအရပ်၏ အနီး၌ချ၍၊ ပုဆိုးတဘပ်၊ဝါဂွမ်းတထပ်၊ချပ်ကာချပ်ကာပုဆိုးအစုံငါးရာ တို့ဖြင့်ရစ်ပြီး၍ ဆီပြည့်သောရွှေတလား၌ ထည့်၍ အတောင်တရာ့နှစ် ဆယ်မြင့်သောနံ့သာထင်းပုံထက်သို့တင်ပြီးလျှင်။ ကဆုန်လပြည့်ကျော် ခြောက်ရက်နေ့ညအခါမလ္လာမင်းအကြီးလေးယောက်တို့သည်ဦးခေါင်း လျှော်ကုန်ပြီးသော် အစာမကျေသောပုဆိုးကိုဝတ်ကုန်၍ ငါတို့သည် မြတ်စွာဘုရား၏ထင်းပုံကိုမီးတိုက်ကုန်အံ့ဟု လေးမျက်နှာဆိုင်၍တိုက် သော်။ မီးတို့သည်မစွဲနိုင်ကုန်သည်နှင့်။အရှင်အနုရုဒ္ဓါကိုမေးလျှောက် ကုန်၏။အရှင်ဘုရားအနုရုဒ္ဓါ၊အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ထင်းပုံ ကိုမီးတိုက်ကုန်အံ့ဟု ဦးခေါင်းလျှော်ကုန်ပြီးသော်။ အစာမကျေသော ပုဆိုးတို့ကိုဝတ်ကုန်ပြီးသော်။ မလ္လာမင်းအကြီးလေးယောက်တို့သည် မီးတိုက်ပါကုန်၏။ အကြင်အကြောင်းကြောင့် မြတ်စွာဘုရား၏ထင်းပုံ ကို မီးလောင်စေခြင်းငှါ မတတ်နိုင်ကုန်။ ထိုအကြောင်းသည် အဘယ် နည်းဟုမေးလျှောက်ကုန်၏။ဝါသိဋ္ဌအမျိုးဖြစ်သောမလ္လာမင်းတို့၊နတ်တို့ ၏အလိုသည်တပါးအပြားဖြင့်ရှိသည်ဖြစ်၍ မီးမလောင်နိုင်သတည်းဟု မိန့်တော်မူ၏။ ထိုအခါ မလ္လာမင်းတို့သည်။ အရှင်ဘုရား၊အကြင်အခြင်း ဖြင့် နတ်တို့၏အလိုသည်ဖြစ်၏။ ထိုအခြင်းဖြင့်ဖြစ်ပါစေလော့ဆိုကုန်၍ ထင်းပုံထက်၌ ခနစ်ရက်ပင်ကြာပြန်လေသတည်း။ ။နတ်တို့၏တပါး အပြားဖြင့် အလိုသည် အဘယ်သို့ဖြစ်သနည်းဟူမူကား။ ဂပည့်သား တော် မဟာသာဝကရှစ်ကျိပ်တို့၌ စိတ်ကိုကြည်ညိုစေ၍၊ ထိုရှစ်ကျိပ် တို့၏ အလုပ်အကျွေးဖြစ်ကုန်သော ရှစ်သောင်းသော အမျိုးတို့သည် နတ်ပြည်၌ ဖြစ်ကုန်၏။ ထိုနတ်ရှစ်သောင်းတို့တွင် ရှင်မဟာကဿပ၏ အလုပ်အကျွေးနတ်တထောင်တို့သည် ထိုအစည်းအဝေး၌အရှင်မဟာ ကဿပမထေရ်ကိုမမြင်ကုန်သောကြောင့်။ ငါတို့ကုလုပကဖြစ်သော အရှင်မဟာကဿပသည် အဘယ်မှာရှိလေသနည်းဟု နတ်မျက်စိဖြင့်

www.dhammaransi.com



ကြည့်ကုန်သော်။ ဒေသစာရီလှည့်ခြင်းဖြင့် အဓွန့်ရှည်သောခရီးသို့ကြွတော်မူသည်ကိုမြင်၍။ ငါတို့ကုလုပကဖြစ်သော အရှင်မဟာကဿပသည်မြတ်စွာဘုရားခြေတော်ကိုရှိခိုးအံ့သောငှါအဝေးမှတပည့်သံဃာတို့နှင့်တကွ လာတော်မူသေး၏။ ငါတို့အရှင် ရှိမခိုးဘဲ ထင်းပုံသည် မီးမတောက်စေသတည်းဟု နတ်တထောင်တို့သည် ဓိဋ္ဌာန် လေကုန်၏။ ထိုကြောင့် မလ္လာမင်းလေးယောက်တို့သည်၊ ရှစ်ယောက်တို့သည်၊ တကျိပ်ခြောက်ယောက်တို့သည်၊ သုံးကျိပ်နှစ်ယောက်တို့သည်၊ထင်းပုံ၌ မီးစွဲတောက်စိမ့်သောငှါ အစုံသောဗိုကျင့်တို့ဖြင့် ထိုးကုန်သော်ငင်း။ ပြောင်းတို့ဖြင့် မှုတ်ကုန်လျက်၊ထန်းရွက်ယပ်တို့ဖြင့် ယပ်ကုန်လျက်၊ထိုထိုသို့သောအကြောင်းကိုပြုကုန်သော်ငင်း။ ထင်းပုံကိုမီးစွဲတောက်စေခြင်းငှါ မတတ်နိုင်ကုန်မူ၍ ထင်းပုံထက်၌ခုနစ်ရက်ကြာသတည်း။ဤသို့အရှင်မဟာကဿပမရောက်သေးသောကြောင့် နတ်တို့ဓိဋ္ဌာန်သဖြင့် မီးမတောက်နိုင်သည်ဟုမိန့်သော အရှင်အနုရုဒ္ဓါ၏စကားကိုကြားကြကုန်၍။အချင်းတို့၊အရှင်မဟာကဿပမည်သောရဟန်းသည် မြတ်စွာဘုရား၏ခြေတော်တို့ကို တပည့်သံဃာနှင့်တကွ ရှိခိုးအံ့ဟုလာသေး၏။ ထိုရဟန်းမရောက်သမျှ ထင်းပုံသည် မီးမတောက်လတ္တံ့သတည်း။ ထိုရဟန်းသည်။မည်းသောအဆင်းရှိလေသလော၊ဖြူသောအဆင်းရှိလေသလော၊ နိမ့်လေသလော၊ မြင့်လေသလော၊ အဘယ်ကဲ့သို့ အဆင်းသဏ္ဌာန်ရှိလေသနည်း။ ဤသို့ တန်းခိုးကြီးသောရဟန်းသည် မြတ်စွာဘုရား၏အပါးတွင်ရှိပါလေမူ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုတော်မူခြင်းသည် မဖြစ်တန်လေသေးဘူးဟူ၍ ဆိုကုန်၏။ အရှင်ဘုရားအနုရုဒ္ဓါ၊ ဤအရှင်ကောင်းသည် အဘယ်အရပ်မှလာလတ္တံ့နည်းဟု မေးကုန်၍။ ပါဝါမြို့မှလာလတ္တံ့ဟူသောစကားကိုကြားကုန်သဖြင့်၊ အချို့သောသူတို့သည်ပန်းနံ့သာလက်စွဲလျက်ကြိုဆိုကုန်၏။အချို့သောသူတို့သည်ခရီးကိုသန်းကြယ်စွာတန်ဆာဆင်၍မျှော်လျက်နေကုန်၏။ ။

ထိုရှေ့အခါ အရှင်မဟာကဿပသည် တပည့်ရဟန်းသံဃာတို့နှင့်တကွပါဝါမြို့ခရီးမှလာလတ်၍အကြင်အရပ်၌ကုသိနာရုံပြည်သည်ရှိ၏။ မကုဋဗန္ဓနစေတီသည် ရှိ၏။ မြတ်စွာဘုရား၏ အလောင်းတော်တင်ရာထင်းပုံသည်ရှိ၏။ ထိုအရပ်သို့ကပ်လာ၍ ပခုံးတဘက်၌ ကိုယ်ဝတ်စံပယ်ထင်သည့်ကိုပြု၍၊ မြတ်စွာဘုရားထင်းပုံ၌ တပည့်သံဃာနှင့်

www.dhammaransi.com



တကွ လက်ျာရစ်သုံးပတ်လှည့်၍။ဤအရပ်၌ဦးခေါင်းတော်၊ဤအရပ်၌ ခြေတော်ဟု မှတ်ပြီးသော်။ ခြေရင်း၌ ရပ်၍ အဘိညာဉ်၏ အခြေဖြစ်သော ရူပါဝစရကြိယာစတုတ္ထဈာန်ကိုဝင်စား၍ ဈာန်မှထ၍။ အကန့်တထောင်တို့ဖြင့်တန်ဆာဆင်အပ်သော၊ တရာ့ရှစ်ပါးသောစက်လက္ခဏာတော်တို့၏တည်ရာဖြစ်သော မြတ်စွာဘုရား၏ ခြေတော်အစုံတို့သည် ဝါဂွမ်းအထပ်အလွှာတို့နှင့်တကွ၊ ပုဆိုးအစုံငါးရာအထပ်တို့ကိုရင်း၊ ရွှေတလားကိုရင်း၊ နံ့သာထင်းကိုရင်း၊ နှစ်ဖြာခွဲ၍၊ ဤငါ၏ဦးခေါင်းဟုဆိုအပ်သောအင်္ဂါ၌ တည်စေသတည်းဟု ဓိဋ္ဌာန်တော်မူ၏။ဓိဋ္ဌာန်တော်မူသောစိတ်နှင့်တကွ၊ ထင်းပုံ၊ ရွှေတလား၊ ငါးရာသောပုဆိုးအစုံတို့ကိုနှစ်ဖြာခွဲ၍ တိမ်တိုက်ကြားမှလပြည့်ဝန်းကဲ့သို့ ခြေတော်တို့သည် ထွက်လာကုန်၏။ အရှင်မဟာကဿပမထေရ်သည် ပွင့်သစ်သောပဒုမာကြာနီနှင့်တူသော လက်တော်တို့ကို ဆန့်၍။ ရွှေအဆင်းနှင့်တူသော မြတ်စွာဘုရား၏ ခြေတော်တို့ကို ဖမျက်တိုင်အောင် ကြပ်ကြပ် ကိုင်တော်မူ၍၊ မိမိ၏ မြတ်သောဦးခေါင်း၌တည်စေ၍ ရှိခိုး၏။ ထိုအံ့ဘွယ်သရဲကို လူများအပေါင်းမြင်၍ တပြိုင်နက်တည်းလျှင် သည်းစွာသော အသံဖြင့်ကောင်းချီးဟစ်ကုန်၏။ ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ကုန်၍ လူများအပေါင်းသည်လည်း ရှိခိုး၏။ ငါးရာသော သံဃာသည်လည်း ရှိခိုး၏။ဤသို့လျှင် အရှင်မဟာကဿပစသောအလုံးစုံသောသူတို့သည် ရှိခိုးအပ်ပြီးသည်ရှိသော်။ တဖန် ဓိဋ္ဌာန်ရခြင်းကိစ္စမည်သည် မရှိပြီ။ ရှေးဓိဋ္ဌာန်တော်မူသည်၏ အစွမ်းအားဖြင့်ပင် အရှင်ကဿပ၏ လက်တော်မှလွတ်ကာမျှ၌ပင်လျှင်။ချိပ်ရည်ကဲ့သို့သောအဆင်းရှိသော မြတ်စွာဘုရား၏ခြေတော်သည် စန္ဒကူးထင်းအစရှိသည်တို့၌ တစုံတခုကို မလှုပ်ရှားစေမူ၍ တည်မြဲတိုင်း၌ တည်လေကုန်၏။မြတ်စွာဘုရားသခင်၏ ခြေတော်တို့သည် ထွက်ကုန်သော်ရင်း။ ဝင်ကုန်သော်ရင်း။ ဝါဂွမ်းမွေးသည်ရင်း။ ပိုးချည်မျှင် စသည်တို့သည်ရင်း၊ ဆီပေါက်သည်ရင်း၊ ထင်းစုသည်ရင်း။ အရာမှ ရွေ့သောမည်သည် မရှိ။ အလုံးစုံ တည်မြဲတိုင်း၌ပင်တည်လေ၏။မြတ်စွာဘုရား၏ ခြေကော်တို့သည် နေလထွက်သကဲ့သို့ထွက်လာကုန်၍ ဝင်ပြန်သည်ရှိသော်။ လူများအပေါင်းသည် ပြင်းစွာသော ငိုမြည်တမ်းခြင်းကို ငိုမြည်တမ်းကုန်၏။ ပရိနိဗ္ဗာန်လွန်တော်မူသောအခါထက် ယွန်မြတ်သော သနားဘွယ်သည််ဖြစ်၏။ ထို

www.dhammaransi.com



ရောအခါ မြတ်စွာဘုရား၏အလောင်းတော်ထင်းပုံကိုတစုံတယောက် သောသူသည်မီးတိုက်ညှိရသည်မရှိ။ နတ်တို့၏အာနုဘော်ဖြင့် ထက် ဝင်းကျင်မှတပြိုင်နက်တည်းလျှင် မီးတောက်၏။ ဤထင်းပုံကိုမီးလောင် ရာ၌ ဝန်းရံ၍တည်ကုန်သောအင်ကြင်းပင်တို့၏ အခွကြားအခက်ကြား အရွက်ကြားတို့မှ မီးလျှံသည်ထွက်၏။ အခက်အရွက် အသီးအပွင့်ကို မီးစွဲလောင်သော မည်သည် မရှိ။ ခြ ပိုးရွ ပင့်ကူတို့သည် မီးလျှံတို့၏ အကြား အကြားဖြင့် သွားလာကုန်၏။ ဘိုးတော်အဋ္ဌနမင်း ထားသော သက္ကရာဇ် ၁၄၈ ချ၊ကဆုန်လပြည့်ကျော် ၁၂ ရက်၊တနင်္ဂနွေနေ့၊ညချမ်း အခါထင်းပုံသည်မီးလောင်၏။ ။

မီးလောင်သော ကိုယ်တော် မြတ်စွာဘုရား၏ အကြေ အပေါ်ရေ သည်၎င်း။ အတွင်းရေသည်၎င်း။အသားသည်၎င်း။အကြောသည်၎င်း။ အစေးသည်၎င်းရှိ၏။ ထိုအရေ၊အသား၊အကြော၊အစေးတို့၏ ပြာတို့ သည်၎င်း မထင်ကုန်။ မင်တို့သည်၎င်း မထင်ကုန်။ဓာတ်တော်တို့သည် သာလျှင်ကြွင်းကုန်၏။ဥပမာကား။ထောပတ်ဆီကို မီးညှိသည်ရှိသော်။ ပြာတို့သည်၎င်း၊ မင်တို့သည်၎င်း၊ မထင်မမြင်ကုန်သကဲ့သို့။ ထို့အတူ။ အရေ၊အသား၊အကြော၊အစေးတို့၏ပြာမင်တို့သည်မထင်ကုန်။ ဓာတ် တော်တို့သည်သာလျှင် ကြွင်းကုန်၏။ မြတ်လေးပန်းငုံ အဆင်းနှင့် တူ သောဓာတ်တော်၊ပွတ်သစ်သောပုလဲအဆင်းနှင့်တူသောဓာတ်တော်၊ ရွှေအဆင်းနှင့်တူသောဓာတ်တော်တို့သည်သာလျှင် ကြွင်းကုန်၏။ ထို ပုဆိုးအစုံ ငါးရာအားဖြင့် အထပ်ငါးရာတို့တွင်။ အလုံးစုံ၏အတွင်းဖြစ် သောအထပ်။ အလုံးစုံ၏ပြင်ဖြစ်သောအထပ်။ ဤနှစ်ထပ်တို့ကိုသာ မီး လောင်ကုန်၏။ ထိုမှကြွင်းသောအလုံးစုံသောအထပ်တို့ကို မီးမလောင် ကုန်။ ပဠမဝါဂွမ်းထပ်၌ ဓာတ်တော်တို့သည်တည်ကုန်၏။ ။မြတ်စွာ ဘုရား၏ ထိုဓာတ်တော်တို့သည်ကား။ အစိတ်အစိတ်ကွဲပြား၍ တည် သော သဗ္ဗိန္နဓာတ်။မကွဲမပြားတည်သောအသဗ္ဗိန္နဓာတ်၊ဟူ၍ နှစ်ပါး ရှိကုန်၏။အသက်ရှည်ကြာသောဘုရားရှင်တို့၏ဓာတ်တော်ကား။ မကွဲ မပြား ရွှေတုံးကဲ့သို့ တခဲနက်သာတည်၏။ ငါတို့ မြတ်စွာဘုရားသည် ကား။ ငါသည် မြင့်စွာမတည်မူ၍ ပရိနိဗ္ဗာန်လွန်ရ၏။ ငါ၏သာသနာ တော်သည်များစွာမပြန့်သေး။ ပရိနိဗ္ဗာန်ပြုပြီးသော ငါ၏မုန်ညင်းစေ့မျှ လောက်သော ဓာတ်တော်တို့ကိုယူ၍ မိမိနေရာ၌ စေတီပြု၍ကိုးကွယ်

www.dhammaransi.com



သော ခပ်သိမ်းသောသူအပေါင်းသည် နတ်ရွာလားရသည် ဖြစ်စေသတည်းဟု ဓာတ်တော်တို့၏ ဖရိုဖရဲကွဲပြားသဖြင့် တည်ခြင်းကို မိန့်တော်မူသတည်း။ စွယ်တော်လေးချောင်း။ ညှပ်ရိုးတော်နှစ်ချောင်း။ နဖူးသကျိစ်တော်။ ဤခုနစ်ပါးသော ဓာတ်တော်တို့သည် မကွဲမပြားတည်ကုန်သောကြောင့် အသမ္ဘိန္နဓာတ်မည်ကုန်၏။ ဤမှကြွင်းသော ဓာတ်တို့သည် ကွဲပြား၍တည်ကုန်သောကြောင့် သမ္ဘိန္နဓာတ် မည်ကုန်၏။ ထိုကွဲပြားသောဓာတ်တို့တွင်။ အလုံးစုံအောက် ငယ်သောဓာတ်တော်တို့သည်မုန်ညင်းစေ့ပမာဏရှိကုန်၏။ ရွှေအဆင်းနှင့်တူကုန်၏။အလတ်ဖြစ်သော ဓာတ်တော်တို့သည် ဆန်ကျိုးပမာဏရှိကုန်၏။ ပုလဲအဆင်းနှင့်တူကုန်၏။ ကြီးသောဓာတ်တော်တို့သည် အလယ်၌ကွဲသောပဲနော်ခြမ်းပမာဏရှိ၍ မြတ်လေးငုံအဆင်း ရှိကုန်၏။ ဤဓာတ်တော်တို့သည် သာလျှင် ကြွင်းကုန်၏။ မြတ်စွာဘုရား၏ ကိုယ်တော်ကို မီးလောင်ပြီးသော်။ လက်မောင်းမှ၊ မြင်းခေါင်းမှ၊ ထွန်တုံးမှ၊ ထန်းလုံးမှ ရေအယဉ်တို့သည် ကောင်းကင်မှ ကျစီးလာ၍။ မြတ်စွာဘုရား၏ထင်းပုံကို ငြိမ်းစေကုန်၏။ ထင်းပုံကိုရံ၍တည်ကုန်သောအင်ကြင်းပင်တို့၏ အခွကြားအခက်ကြားအရွက်များတို့မှလည်း ရေအယဉ်တို့သည်ကျလာ၍ ငြိမ်းစေကုန်၏။ မြတ်စွာဘုရား၏ ကြီးစွာသော ထင်းပုံပတ်လည်ထက်ဝန်းကျင်မှ မြေကိုခွဲ၍။ ထွန်တုံးမျှ ရေအယဉ်အလုံးတို့သည်။ ဖလ်ဖြင့် ပြီးသော ဦးဆောက်ပန်းကဲ့သို့ ထင်းပုံကို ရှေးရှုကိုင်းညွတ်လျက် သက်ကုန်၍ထင်းပုံကိုငြိမ်းစေကုန်၏။မလ္လာမင်းတို့သည် ရွှေအိုးငွေအိုးတို့ကိုပြည့်စေ၍ဆောင်ခဲ့အပ်သော၊အထူးထူးသောနံ့သာရေတို့ဖြင့် ထင်းပုံကိုငြိမ်းစေကုန်၏။ရွှေငွေတို့ဖြင့်ပြီးကုန်သော ရှစ်ချောင်းသောတံကျူးဝါးတို့ဖြင့်ဖြန့်ချီ၍ငြိမ်းစေကုန်၏။ ။

---

၁၀။ မလ္လာမင်းတို့သည်ဓာတ်တော်တို့ကိုမြို့တွင်းမင်းကွန်းဇရပ်၌အစောင့်အရှောက်မြဲမြဲစွာထား၍သာရကိစ္စနသဘင်ပျော်ရွှင်ကြခြင်း၊ခုနစ်ပြည်ထောင်မင်းတို့ဓာတ်တော်တောင်းစစ်တက်ကြခြင်း၊ဒေါဏပုဏ္ဏားဓာတ်တော်ဝေခြင်းတို့ကိုပြရာ။

ထိုသို့မီးကိုငြိမ်းစေပြီးသောအခါ၌။ မလ္လာမင်းတို့သည် မီးမလောင်ကြွင်းသော မြတ်စွာဘုရား၏ ကိုယ်တော်ကို ထုပ်ရစ်အပ်သော လေး

www.dhammaransi.com



ရာကိုးဆဲ့ရှစ်ရုံသောပုဆိုးအထပ်တို့ကိုဖြေ၍။ပဉ္စမဝါဂွမ်းလွှာအထပ်၌ တည်သောဓါတ်တော်တို့ကို ရွေးကောက်ယူ၍။ ရွှေဖြင့်ပြီးသော အင်ခွက်၌ထည့်၍။ ရွှေဖြင့်ပြီးသော အင်ခွက်တချဖြင့် အုပ်ထား၍။ မြို့တွင်းမင်းကွန်းစရပ်၌ လေးပါးသောအမျိုးရှိသောနံ့သာတို့ဖြင့် အပြေအပြစ်ထုံသည်ကိုပြု၍။ ပေါက်ပေါက်လျှင်ငါးချမြောက်သောပန်းနံ့သာတို့ကိုကျဲ၍။ အထက်၌ ပုဆိုးဖြင့် မိတာန်မိုးကြက်ကာ၍၊ ရွှေကြယ်ငွေကြယ်အစရှိသည်တို့ဖြင့်စီ၍၊ နံ့သာဆိုင်း ပန်းဆိုင်း ရတနာဆိုင်းတို့ကို ဆွဲ၍။ မင်းကွန်းစရပ်မှသည် မကိုဋ်ဗန္ဓနရာဟု ဆိုအပ်သော ဦးခေါင်းတန်ဆာဆင်ရာ ဆန်းကြယ်စွာပြုအပ်သောစရပ်တိုင်အောင်။ ခရီးနံပါးနှစ်ဘက်တို့၌ ဖျာတင်းထိမ်တို့ဖြင့်ကာရံသည်ကိုပြု၍။အထက်၌ ပုဆိုးမိတာန်ဘွဲ့ကြက်စေ၍။ ရွှေကြယ်ငွေကြယ်အစရှိသည်တို့ဖြင့်စီ၍။နံ့သာဆိုင်း ပန်းဆိုင်းရတနာဆိုင်းတို့ကိုဆွဲ၍။ ပတ္တမြားရိုးနှင့်တူကုန်သောဝါးရိုးတို့ဖြင့် ငါးပါးသောအဆင်းရှိသောတန်းခွန်တို့ကိုအစဉ်အားဖြင့်စိုက်၍။ ထက်ဝန်းကျင်မှ ရတနာဖြင့် ပြီးသော ကုဏ္ဍားတို့ကို ရံစေ၍။ ကောင်းစွာညီညွတ်သောအပြင်ရှိသောခရီးတို့၌။ဌက်ပျောပင်အစဉ်တို့ကိုရင်း၊ရေပြည့်သော ကြာသွတ်မြူတာတို့ကိုရင်း စိုက်ထားစေ၍။ အရိုးတပ်သောဆီမီးတိုင်တို့ကိုညှိထွန်းစေပြီးလျှင်။တန်ဆာဆင်သောဆင်၏ကျောက်ကုန်းအထက်၌ ဓါတ်တော်နှင့်တကွ ဖြစ်သော ရွှေဖျဉ်းကိုတင်၍။ ပန်းနံ့သာတို့ဖြင့် ပူဇော်ကုန်လျက်။ ကခြင်းသီခြင်းတီးမှုတ်ခြင်းတို့နှင့်တကွ မြို့တွင်းသို့ ကဆုန်လပြည့်ကျော် ၁၂ ရက်နေ့ ညဉ့်အခါ၌သွင်း၍ မင်းကွန်းစရပ် ရတနာပလ္လင်ထက်၌ ထားပြီးမှ။ အထက်၌ ရတနာဖြင့်ပြီးသောထီးဖြူကိုဆောင်း၍ ထားကုန်၏။ ထိုရောအခါ မလ္လာမင်းတို့အား ဤသို့သောအကြံသည်ဖြစ်၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရာ ပရိနိဗ္ဗာနသတ္တာဟာ၌ရင်း။ မကုဋဗန္ဓနထင်းပုံထက်၌တင်ပြီးသော် စိတကသတ္တာဟာ၌ရင်း၊ ငါတို့သည် ရဟန်း သံဃာတော်တို့၏ နေရာထိုင်ခင်းတို့ကိုရင်း။ ခဲဘွယ်ဘောဇဉ်တို့ကိုရင်း။ လုပ်ဆောင် စီရင်ရကုန်သည်ဖြစ်၍။ ကောင်းချီးပေးသဖြင့်ကစားခြင်းကိုမပြုရကုန်သေး။ဤမင်းကွန်းစရပ်၌ မြတ်စွာဘုရား၏ ဓါတ်တော်တို့ကို ပူဇော်သက္ကာရပြုကုန်လျက်။ ခုနစ်ရက်ပတ်လုံး ကောင်းချီးပေးသောကစားခြင်းကို ကစားကုန်အံ့ဟု ကြံကုန်ပြီး၍။ ဤသို့ ငါတို့ကစားကြသောအခါ၌ ငါတို့၏ မေ့လျော့ပျော်

www.dhammaransi.com



လွန်သောအဖြစ်ကိုသိ၍။တစုံတယောက်သောသူသည် အကြင်ကြောင့် ခါတ်တော်တို့ကိုယူရာ၏။ ထို့ကြောင့် အစောင့်အရှောက်တို့ကို လုံခြုံစွာထားကုန်အံ့ဟုကြံ၍ကုန်ပြီးလျှင်။ ဓါတ်တော်ကိန်းဝပ်သော မင်းကွန်းစရပ်ကို ရှေးဦးစွာဆင်ကိုဦးကင်းဖြင့်ဦးကင်းကိုထိစေလျက် ရံစေကုန်၏။ထို့နောင် မြင်းတို့ကို လည်ဖြင့်လည်ကို ခတ်မိစေလျက်ရံစေကုန်၏။ ထို့နောင်မှ ရထားတို့ကို နပန်းစွန်းတခုဖြင့်နပန်းစွန်းတခုကို ခတ်မိစေလျက်ရံစေကုန်၏။ထို့နောင်မှ သူရဲတို့ကို လက်မောင်းဖြင့် လက်မောင်းကို ထိစေလျက် ရံစေကုန်၏။ ထိုသူရဲတို့အဆုံး၌ လေးတခုအစွန်းဖြင့် လေးတခုအစွန်းကိုခတ်မိစေလျက် ရံစေကုန်၏။ ဤသို့လျှင် ထက်ဝန်းကျင်မှ တယူဇနာ၌ရှိသောအရပ်ကို ခုနစ်ရက်ပတ်လုံးကောင်းစွာဖွဲ့အပ်သောသန္တာခြံကိုကဲ့သို့ အစောင့်အရှောက်ကို လုံခြုံစွာပြု၍ မလ္လာမင်းတို့သည် သာဓုကီဠနဟုဆိုအပ်သော ကောင်းချီးပေးသောကစားခြင်းကို ကစားကုန်၏။ ။ဤခုနစ်ရက်ကားသာဓုကီဠနသတ္တာဟတည်း။ ။

ထိုရောအခါရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်း၏အမတ်တို့သည်။ မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် ပြုတော်မူအပ်ပြီဟု၍ ကြား၏။ ထိုသို့ ကြားပြီး၍ အမတ်တို့သည် ကြံကုန်၏။ မြတ်စွာဘုရားသည်ကား ပရိနိဗ္ဗာန် ပြုတော်မူအပ်ပြီ။ ထိုမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခြင်းကို တဘန်ဆောင်ပြန်အံ့သော၄ါ မတတ်နိုင်ပြီ။ ပုထုဇဉ်၌ဖြစ်သော သဒ္ဓါခြင်းဖြင့်ကား ငါတို့မင်းနှင့်တူသောသူ မည်သည် မရှိ။ အကယ်၍ ဤငါတို့သခင် မင်းကြီးသည် ဤသို့သောအမှတ်ဖြင့် ကြားငြားအံ့။ ထိုမင်းကြီး၏ နှလုံးသည် ကွဲလတ္တံ့။ ငါတို့မင်းကို ငါတို့သည် စောင့်အပ်၏ဟု။ ထိုအမတ်တို့သည် သုံးခုကုန်သော ရွှေဖြင့် ပြီးသောကျင်းတို့ကိုဆောင်စေ၍။ နို့ရည်၊ထောပတ်၊ပျား၊သကာဟူသော စတုမဓုဖြင့်ပြည့်စေပြီး၍မှ မင်းကြီး၏အထံသို့ သွား၍ ဤသို့လျှောက်ကုန်၏။ အရှင်မင်းကြီး၊ အကျွန်ုပ်တို့သည် အိပ်မက်ယယ်တခုကို မြင်မက်ပါ၏။ ထိုအိပ်မက်ကို ဖျောက်ပယ်ခြင်း၄ါ အရှင့်မင်းကြီးသည် ဘွဲ့ပြုပုဆိုးနှစ်ထည်ကို ရစ်ပတ်ကုန်လျက် နှာခေါင်းမျှ ပေါ်ရုံ ဦးခေါင်းကို ဘော်၍။ စတုမဓုကျင်း၌ အိပ်အံ့သော၄ါအပ်၏ဟု လျှောက်ကြကုန်၏။ အဇာတသတ်မင်းသည် အကျိုးစီးပွါးကို ကျင့်ကုန်သောအမတ်တို့၏စကားကို ကြား၍။ သင်တို့ဆိုတိုင်း ဖြစ်စေတော့ဟု ဝန်ခံလျှင် ဆိုတိုင်းပြု၏။ ထို

ရောအခါ တယောက်သောအမတ်သည် ဆင်သောတန်ဆာကိုချွတ်ပြီးမှ ဆံပင်တို့ကို ဖရိုဖရဲကြဲ၍။ အကြင်အရပ်၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထိုအရပ်သို့ ရှေးရှုလက်အုပ်ချီ၍ မင်းကြီးကို ဤသို့လျှောက်၏။ အရှင်မင်းကြီး၊ ခပ်သိမ်းသောသတ္တဝါတို့မည်သည် သေခြင်းမှ လွတ်နိုင်သော မည်သည်မရှိ။ လောကသုံးပါးတို့၏ ဆရာဖြစ်တော်မူသော၊ အရှင်မင်းကြီးတို့၏အသက်တော်ကိုပွါးစေတတ်သော၊ ကိုးကွယ်အပ်သော ဆရာဖြစ်သော၊ ကောင်းမှုဟူသောမျိုးစေ့၏စိုက်ပျိုးရာ လယ်မြေကောင်းသဘွယ်ဖြစ်သော၊ အမြိုက် နိဗ္ဗာန်တည်းဟူသော အဘိသိက်ဖြင့် သွန်းတတ်သော သာကီဝင်မင်းမျိုး ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူချေပြီဟုလျှောက်၏။ ထိုစကားကိုကြားလျှင် မင်းကြီးသည် စတုမဓုရကျင်း၌ ပူသောအငွေ့ကို လွှတ်လျက် စိတ်မရှိသကဲ့သို့ဖြစ်၍ သေယ်သေ၏။ ထိုအခါ မင်းကြီးကိုပွေ့၍ နှစ်ခုမြောက်သောကျင်း၌အိပ်စေကုန်၏။မင်းကြီးသည် အမှတ်ကိုရ၍ ချစ်သားတို့၊ အဘယ်သို့ ဆိုကုန်သနည်းဟုမေး၏။ မြတ်သောမင်းကြီး၏ ဆရာ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူချေပြီဟုလျှောက်၏။ တဖန်ရင်းမင်းသည်စိတ်မရှိသကဲ့သို့ဖြစ်၍ စတုမဓုရကျင်း၌ အငွေ့ကိုလွှတ်၏။ ထိုရောအခါ မင်းကြီးကို အမတ်တို့သည် ပွေ့ချီ၍ သုံးခုမြောက်သောစတုမဓုရကျင်း၌ အိပ်စေကုန်၏။ မင်းကြီးသည် တဖန်သတိရပြန်၍။ အမတ်တို့၊သင်တို့အဘယ်သို့ဆိုကုန်သနည်းဟုမေးပြန်၏။ မြတ်သောမင်းကြီး၊ ဆရာတော်ဘုရားသည် ပရိနိဗ္ဗာန် စံယူတော်မူချေပြီဟု လျှောက်၏။ အဇာတသတ်မင်းကြီးသည် တဖန်ရင်း စိတ်မရှိသေယ်သေ၍ စတုမဓုရကျင်း၌ အငွေ့လွှတ်၏။ ထိုရောအခါ ထိုကျင်းမှမင်းကြီးကိုပွေ့ချီ၍ ရေချိုးကုန်၍ ထိပ်ထက်၌ အိုးတို့ဖြင့်ရေသွန်းကုန်၏။မင်းကြီးသည် အမှတ်ကိုရ၍ နေရာမှထပြီးလျှင်။ နှင်းဆီနံ့သာကုရမက်အကျော်တို့ဖြင့်ထုံအပ်သော ပတ္တမြားညိုအဆင်းနှင့်တူသောဆံတို့ကို။ ရွှေဖျဉ်းနှင့်တူသောကျောံ၌ဖရိုဖရဲကြဲ၍ လက်တို့ဖြင့်ရင်ကိုခတ်၍ သန္တာညွန့်နှင့်တူသော အဆင်းရှိကုန်သော ကောင်းစွာလုံးသောလက်ချောင်းတို့ဖြင့် ရင်ကိုကောင်းစွာချုပ်သကဲ့သို့ ကိုင်၍ ပြင်းစွာငိုမြည်တမ်းလျက်။ သူရူး၏အသွင်ဖြင့်ခရီးမသိ့သက်၍ တန်ဆာဆင်အပ်သော ကချေသည်အပေါင်းတို့ဖြင့်ခြံရံလျက် မြို့မှထွက်၍ ဇီဝ

www.dhammaransi.com



ကာလရက်ဥယျာဉ်တောသို့သွားပြီးလျှင် အကြင်အရပ်၌ထိုင်၍ မြတ်စွာဘုရားသည်တရားဟောတော်မူ၏။ ထိုအရပ်ကိုကြည့်၍၊ခပ်သိမ်းသော တရားတို့ကို သိတော်မူသော ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားတို့သည် ဤအရပ်၌ ထိုင်နေတော်မူ၍ အကျွန်ုပ်အား တရားဟောတော်မူကုန်သည် မဟုတ်တုံလော။အကျွန်ုပ်အား စိုးရိမ်ခြင်းဟူသောပြောင့်ကို ချွတ်ပျောက်တော်မူသည် မဟုတ်တုံလော။ ရှင်ပင်ဘုရားတို့သည် အကျွန်နုပ်အား သောကတည်း ဟူသော ပြောင့်ကို နုတ်တော်မူကုန်သည် မဟုတ်တုံလော။ အကျွန်ုပ်သည် ရှင်ပင်ဘုရားတို့အား ကိုးကွယ်ခြင်းသို့ရောက်ပါပြီ။ ယခုအခါ မြတ်စွာဘုရားသည် စကားတုံ့ကိုမျှ အကျွန်ုပ်အား မပေးပါပြီဟု အဘန်စာလဲလဲငိုကြွေး၍။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ တပါးသောအခါ ဤသို့သဘောရှိသောကာလ၌။ ရှင်ပင်ဘုရားတို့သည် များစွာသောရဟန်းသံဃာအပေါင်းတို့ဖြင့် ခြံရံလျက်။ ဇမ္ဗူဒီပါကျွန်း အပြင်၌ ဒေသစာရီ ကြွတော်မူကုန်၏ဟု ကြားပါသည်။ ယခုအခါ၌မူကား။ ရှင်ပင်ဘုရားတို့အား မလျောက်ပတ်သော သတင်းစကားကို အကျွန်ုပ်ကြားရဘိ၏။ ဤသို့စသောစကားတို့ကိုဆို၍ ခြောက်ဆယ်မျှလောက်ကုန်သောဂါထာတို့ဖြင့် မြတ်စွာဘုရား၏ကျေးဇူးတို့ကို အောက်မေ့တဆို ယူတငို၍ ဤသို့ဘဘန်ကြီးပြန်၏။ ငါ့အား ဘုရားမြတ်ကိုတ၍ မြည်တမ်းငိုကြွေးကာဖြင့် အမှုသည်မပြီးသေး။ မြတ်စွာဘုရား၏ဓာတ်တော်တို့ကိုဆောင်စေဦးအံ့ဟုကြံပြီး၍၊ အဇာတသတ်မင်းသည် ကုသိနာရုံပြည်၌နေကုန်သော မင်းတို့အား မှာလိုက်သည်ကား။ အိုမလ္လာမင်းတို့၊မြတ်စွာဘုရားသခင်သည် သာကီဝင်မင်းတည်း၊ငါသည်လည်းမင်းတည်း။ငါသည်လည်း မြတ်စွာဘုရား၏ဓာတ်တော်တို့ကိုအဘို့ရထိုက်၏။ငါသည်လည်း မြတ်စွာဘုရား၏ဓာတ်တော်ကို စေတီတည်ခြင်းကိုပြုအံ့၊ပူဇော်ခြင်းကိုပြုအံ့ဟူ၍ကမ္ပည်းမှာစာကိုသည်းပေးလိုက်၏။တမန်လည်း စေလိုက်၏။ တမန်စေပြီး၍လည်း တဘန် အကယ်၍ အဘို့ကို ငါတို့အားပေးကုန်မူကောင်း၏။မပေးကုန်မူကား လုယူဆောင်အံ့သော အကြောင်းဖြင့်ဆောင်ယူအံ့ဟုကြံ၍ စစ်အင်္ဂါလေးပါးစီဆင်လျက် မင်းကြီးသည်ကိုယ်တိုင်ပင်လည်းစစ်ထွက်သွား၏။ ။

ထိုအခါတသတ်မင်းကဲ့သို့ငှင်း။ဝေသာလီပြည်၌လိစ္ဆဝီမင်းတို့သည်လည်း။ မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် ပြုတော်မူလေ

www.dhammaransi.com



ပြီဟုကြားကုန်၍၊ မလ္လာမင်းတို့၊ မြတ်စွာဘုရားသည်လည်း မင်းတည်း။ ငါတို့သည်လည်း မင်းတည်း။ မြတ်စွာဘုရားသခင်၏ ဓာတ်တော်အဘို့ကို ငါတို့သည်လည်း ထိုက်ကုန်၏။ ငါတို့သည်လည်း မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို စေတီတည်ကုန်အံ့။ ပူဇော်ကုန်အံ့ဟု မှာစာကမ္ပည်း ပေးလိုက်၏။ တမန် စေလိုက်၏။ ထိုသို့ တမန် မှာစာစေ၍၊ ပေးသော် ကောင်း၏။ မပေးသော်ရအောင်ယူကုန်အံ့ဟုလိစ္ဆဝီမင်းတို့ကိုယ်တိုင်ပင် စစ်အင်္ဂါလေးပါးဆင်၍ထွက်၏။ ။ကပိလဝတ်ပြည်၌နေသောသကျဝင်မင်းတို့သည်လည်း မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ပရိနိဗ္ဗာန်ပြုလေပြီဟုကြားကုန်၍၊ မလ္လာမင်းတို့၊ မြတ်စွာဘုရားသည် ငါတို့၏အဆွေမြတ်တည်း။ ငါတို့သည်လည်း မြတ်စွာဘုရား၏ဓာတ်တော်အဘို့ကိုရထိုက်၏။ ငါတို့သည်လည်း ဓာတ်တော်တို့ကိုစေတီတည်ကုန်အံ့။ ပူဇော်ကုန်အံ့ဟု မှာစာပေးလိုက်၏။ တမန် စေလိုက်၏။ မှာစာ တမန် စေသည်နှင့် ရသော် ကောင်း၏။ မရသော် ရအောင်ယူအံ့ဟု၊ မိမိတို့ကိုယ်တိုင်ပင်လည်း စစ်အင်္ဂါလေးပါးဆင်၍ ထွက်၏။ ဤကဲ့သို့ အလ္လကပ္ပတိုင်း ဗုလောမင်းတို့သည်၎င်း။ ရာမရွာ၌ နေကုန်သော ကောဠိယမင်းတို့သည်၎င်း။ ဝေဋ္ဌဒီပကတိုင်း၌ ပုဏ္ဏားတို့သည်၎င်း။ ပါဝါပြည်၌ နေသော မလ္လာမင်းတို့သည်၎င်း။ ကုသိနာရုံပြည်၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်လွန်တော်မူလေပြီကြားကုန်၍၊ အဇာတသတ်စသော မင်းတို့သည်စေကုန်သကဲ့သို့စေကုန်၍၊ မိမိတို့ကိုယ်တိုင်ပင်လည်း စစ်အင်္ဂါလေးပါးစီရင်၍ ချီလာကုန်၏။ ကုသိနာရုံပြည်ကို ဝန်းရံတပ်ချ၍နေကြကုန်၏။ ထိုသို့စစ်မက်ဆင်၍ ရံလာကုန်သော ခုနစ်ပြည်ထောင်မင်းတို့တွင်၊ ပါဝါပြည်မလ္လာမင်းတို့သည် နောက်မှရောက်လာကုန်၏။ အလုံးစုံသောမင်းတို့ထက် ပါဝါပြည် မလ္လာမင်းတို့သည် နီးစွာ၏။ ကုသိနာရုံမှ ပါဝါမြို့သည် သုံးဂါဝုတ်မျှသာ ခြား၏။ မြတ်စွာဘုရား ကြွတော်မူလာသောအခါ၌လည်း ပါဝါပြည်တွင် တည်၍ ကိန်း၍ပင် လာတော်မူ၏။ ထိုသို့လျက် ဈေးဦးစွာ မရောက်မူ၍ အဘယ့်ကြောင့် နောက်မှရောက်လာလေသနည်းဟူထုံအံ့။ ထိုပါဝါမြို့နေမလ္လာမင်းတို့သည် များစွာသော အခြံအရံရှိကုန်၏၊ ထို့ကြောင့် ထိုအခြံအရံကိုစီဆင်၍နေသောကြောင့် နောက်မှရောက်လာကုန်သတည်း။ ။

ဤသို့ထိုခုနစ်ပြည်ထောင်သောမင်းတို့သည်ကုသိနာရုံပြည်ကိုဝန်း

www.dhammaransi.com



ရံကုန်လျက်။ မြတ်စွာဘုရား၏ခေတ်တော်တို့ကိုမူလည်း ငါတို့အားပေး ကုန်အံ့လော။ စစ်မူလည်း ထိုးကုန်အံ့လောဟု သံစေကုန်သော်။ ကုသိနာရုံမြို့နေ မလ္လာမင်းတို့သည် ဤသို့ စကားတုံ့ပြန်ကုန်၏။ ငါတို့သည် ပရိနိဗ္ဗာန်စံတော်မူခါနီးဖြစ်သောမြတ်စွာဘုရားအား အကျွန်ုပ်တို့မြို့သို့ ကြွတော်မူပါဟူ၍ သတင်းစကား မစေကုန်။ ငါတို့ကိုယ်တိုင် သွား၍လည်း မကျွန်းမမာသောမြတ်စွာဘုရားကိုမဆောင်ကုန်။ မြတ်စွာဘုရား ကိုယ်တော်သည်ပင် အလိုလိုကြွတော်မူလာပြီးလျှင် အရှင်အာနန္ဒာကို စေတော်မူ၍ ငါတို့ကို ခေါ်တော်မူစေသည်။ စင်စစ်သဖြင့်ကား။ သင်တို့၏ မြို့ရွာခေတ်၌ အကြင်ရတနာသည် ဖြစ်၏။ ထိုရတနာကို ငါတို့အား သင်တို့သည် မပေကုန်ရာ။ နတ်နှင့်တကွသောလောက၌ ဘုရားရတနာနှင့်တူသော ရတနာမည်သည်လည်းမရှိ။ ဤသို့သဘောရှိသော မြတ်သောရတနာကိုရကုန်၍။ ငါတို့သည် သင်တို့အား မပေးကုန်အံ့။ စင်စစ်သော်ကား။ သင်တို့သာလျှင် အမိသားမြတ်မှ နို့ရည်ကိုသောက်သည်မဟုတ်။ ငါတို့သည်လည်း အမိသားမြတ်မှနို့ရည်ကိုသောက်ကုန်၏။ သင်တို့သည်သာလျှင် ယောကျ်ားမဟုတ်ကုန်။ ငါတို့သည်လည်း ယောကျ်ားဖြစ်ကုန်၏။ အမိနို့ရည်ကိုသောက်သော ယောကျ်ားချင်းကို ဖြစ်လိုရာရာဖြစ်စေတော့ဟု။ အချင်းချင်း ငါငါဟူသောစကားကိုဆို၍။ သတင်းစကားအလှည့်အတုံ့ပေး၍မာန်ဖြင့်ကြွိမ်းဝါးကုန်၏။ စစ်ထိုးကြသည်ဖြစ်မူကား ကုသိနာရုံမင်းတို့အားသာလျှင် အောင်ခြင်းသည်ဖြစ်ရာ၏။ အဘယ့်ကြောင့်နည်းဟူတုံအံ့။ ဓာတ်တော်ကိုစောင့်အံ့ဟူ၍လာကုန်သောနတ်တို့သည် ကုသိနာရုံမင်းတို့၏ အပင်းအသင်းဖြစ်ကုန်၏။ ထို့ကြောင့်နတ်တို့သည်ပင်အလျှင်ထွက်၍ထိုခုနစ်ပြည်ထောင်စစ်သည်တို့ကိုတိုက်ဖျက်လေအံ့သတည်း။ ။ဤခုနစ်ပြည်ထောင်မင်းတို့သည် စစ်ပြု၍ လုယူအံ့ကြီကုန်၍ ကုသိနာရုံမင်းတို့နှင့် ပေးရမည်မပေးဘူးဆိုဘန်များသဖြင့်။ စကားအငြင်းအခုံကြီး၍စစ်ဖြစ်ကြခါနီးကာလ၌။ သာကီဝင်စစ်သည်တို့၏အတွင်း၌ပါသောကပိလဝတ်မြို့၏အနောက်မဝေးလွန်းသောအရပ်၌။ ဒုဏ္ဏဝတ္ထုပုဏ္ဏားရွာ၌ ဒိသာပါမောက္ခ အမည်ရှိသော ဒေါဏပုဏ္ဏားသည် ထိုရှစ်ပြည်ထောင်မင်းတို့၏ ငြင်းခုံခြင်းကို ကြား၍၊ ဤမင်းတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရာ၌ ငြင်းခုံခြင်းကို ပြုကုန်၏။ ဤသို့ပြုကြခြင်းသည် မလျော်ကပတ်ကုန်။ ထိုမင်းတို့၏ငြင်းခုံ

www.dhammaransi.com



ခြင်းခိုက်ရန်ကို ငါသည် ငြိမ်းစေအံ့ဟုကြံ၍။ တခုသောကုန်းမြင့်ရာအ ထက်၌ ရပ်၍ နှစ်ဘာဏဝါရအတိုင်းအရှည်ရှိသော ဒေါဏဂဇ္ဇိတအ မည်ရှိသောဂါထာအပေါင်းတို့ဖြင့်ဟစ်၍ဆို၏။ ထိုဂါထာအပေါင်းတို့ တွင်။ပဌမဘာဏဝါရဂါထာအပေါင်း၌ တပုဒ်တပါဒမျှကို ထိုသူအလုံး စုံတို့သည် မကြားမသိကုန်သေး။ဒုတိယဘာဏဝါရအဆုံး၌ အသံကိုမျှ ကြားကုန်၍၊ အချင်းတို့၊ဆရာ၏အသံကဲ့သို့တကား။ အချင်းတို့၊ဆရာ၏ အသံကဲ့သို့တကားဆိုကုန်၍အလုံးစုံသောသူတို့သည်အသံဆိတ်သည် ဖြစ်ကုန်၏။ ဇမ္ဗူဒီပါကျွန်း၌အမျိုး၏အိမ်၌ဖြစ်ထသောသူသည် များသော အားဖြင့် ထိုဒေါဏပုဏ္ဏားအား၏ တပည့်မဟုတ်သော သူမည်သည် မရှိ။ ထိုအခါ ထိုဒေါဏပုဏ္ဏားသည် ထိုအလုံးစုံသောသူတို့ မိမိ၏အသံကို ကြားကြကုန်၍ ဆိတ်ဆိတ်နေကုန်သောအဖြစ်ကို သိသဖြင့်။ သုဏန္တု ဘောန္တောအစရှိသောနှစ်ဂါထာကိုဆို၏။ ထိုဂါထာ၌ အဓိပ္ပါယ်သော်ကား။ အိုရှစ်ပြည်ထောင်သောမင်းများအပေါင်းတို့၊ငါ၏စကားကိုသင် တို့သည် နာကုန်လော့။ ငါတို့၏ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ မရောက်သေးမူ၍လည်း။ ပါရမီသုံးဆယ်တို့ကို ဖြည့်တော်မူသည် ရှိ သော်။ ခန္တိဝါဒီရသော့၊ ဓမ္မပါလမင်းသား၊ဆဒ္ဒန်ဆင်မင်း၊ ဘူရိဒတ်နဂါး မင်း၊စမ္ပေယျနဂါးမင်း၊ သင်္ခပါလနဂါးမင်း၊ မျောက်မင်းဖြစ်တော်မူသော အခါတို့၌၎င်း။ ထိုမှတပါးသောဇာတ်တို့၌၎င်း။ သူတပါးတို့၌ အမျက် ထွက်ခြင်းကိုမပြုမူ၍ သည်းခံခြင်းကိုသာ ပြုတော်မူပြီ။ သည်းခံခြင်းကို သာ ချီးမွမ်းတော်မူပြီ။ ယခုအခါ ကောင်းသောအာရုံ မကောင်းသော အာရုံတို့၌ သည်းခံခြင်းသို့ရောက်တော်မူပြီးသော မြတ်စွာဘုရားသခင် သည်၊ခပ်သိမ်းသောအရာတို့၌လည်းငါတို့အားသည်းခံခြင်းကိုသာဆို တော်မူသည်ဖြစ်၏။ ဤသို့သဘောရှိသော မြတ်သောပုဂ္ဂိုလ်၏ ဓာတ် တော်ကိုခွဲဝေလိုခြင်းဟူသောအကြောင်းကြောင့်ထားလက်နက်တို့ဖြင့် ထိုးခုတ်၍လုယက်ခြင်းသည် မကောင်းသော အပါယ်သို့ လားအံ့သော အကြောင်းတည်း။ အလုံးစုံသောအရှင်တို့သည် သည်းခံပါကုန်လော့။ မကွဲပြားပါကုန်လင့်။ ကိုယ်ဖြင့်၎င်း၊နှုတ်ဖြင့်၎င်း၊ အညီအညွတ်သာဖြစ် ပါကုန်လော့။အညီအညွတ်တပေါင်းတည်းသာစည်းဝေးပါကုန်လော့။ ငါ၏စကားတခွန်းဖြင့် အညီအညွတ် ဝမ်းမြောက်ဝမ်းသာသည်ဖြစ်ပါ ကုန်။မျက်စိအမြင်ငါးပါးနှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရား၏ဓာတ်

www.dhammaransi.com



တော်တို့ကို အညီအမျှရှစ်ရှစ်ပုံခွဲ၍ သင်တို့အားပေးပါအံ့။ စင်စစ်ကား မြတ်စွာဘုရား၏ဓာတ်တော်တို့ကိုသင်တို့သာကြည်ညိုကုန်သည် မဟုတ်။ အလုံးစုံသောသူအပေါင်းတို့သည်ပင်ကြည်ညို၏။ ထိုအလုံးစုံသောသူတို့တွင်တယောက်သောသူသည်မျှမရသင့်သောသူမည်သည် မရှိဟု များစွာသောအကြောင်းတို့ကိုဆို၍၊ ထိုလူများအပေါင်းကို မှတ်သိစေ၏။ ။ထိုဒေါဏပုဏ္ဏားအား ထိုရှစ်ပြည်ထောင်သောမင်းတို့က ကောင်းပါပြီဆရာ။ ဓာတ်တော်တို့ကိုရှစ်ရှစ်ပုံခွဲဝေပါတော့ဟုစကားတုံ့ပေးပြီးသော်။ ဓာတ်တော်ထည့်သောရွှေကျင်းကိုဖွင့်စေ၏။ ရှစ်ပြည်ထောင်သောမင်းတို့သည် လာကုန်၍ ရွှေကျင်းကို ရံပြီးလျှင် တည်လာကုန်၍၊ ရွှေအဆင်းနှင့်တူသောအဆင်းရှိသောဓာတ်တော်တို့ကို မြင်၍။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ အကျွန်ုပ်တို့သည်၊ ရှေးအခါ၌ ရှင်ပင်ဘုရား၏ သုံးဆဲ့နှစ်ပါးသောယောကျ်ားမြတ်တို့၏ လက္ခဏာတော်တို့ဖြင့်တန်ဆာဆင်အပ်သော၊ ခြောက်ပါးသောအဆင်းရှိသော ရောင်ခြည်တော်တို့ဖြင့် စီခြယ်အပ်သော၊ ရှစ်ဆယ်သောလက္ခဏာငယ်တို့ဖြင့်တောက်ပတင့်တယ်သော၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ကိုယ်တော်ကိုမြင်ပါရကုန်၏။ ယခုအခါ၌ကား။ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ဓာတ်တော်သည် သာလျှင် ကြွင်းခဲ့ပြီတကား။ ရှင်ပင်ဘုရား၊ ဤသို့ဖြစ်ခြင်းသည် မသင့်ပါတကားဟု မြည်တမ်းဆို၍ ငိုကြွေကုန်၏။ ထိုအခါ၌ ထိုဒေါဏပုဏ္ဏားသည် ထိုရှစ်ပြည်ထောင်မင်းတို့၏ မေ့လျော့သော အဖြစ်ကို သိ၍။ လကျ်ာစွယ်တော်ကိုယူ၍ မိမိဦးရစ်ကြားနှိ၌ထား၏။ထိုသို့ထားပြီးသောနောက်မှ၊ရှစ်ရှစ်ပုံခွဲဝေ၏။ထိုအလုံးစုံသော ဓာတ်တော်တို့သည် ပကတိပြည်ဖြင့် တဆဲ့ခြောက်ပြည်တို့သည်ဖြစ်ကုန်၏။ တပြည်တပြည်၌နေသော မင်းတို့သည် နှစ်ပြည် နှစ်ပြည်စီသောဓာတ်တော်တို့ကိုရကုန်၏။ ထိုဒေါဏပုဏ္ဏား ဓာတ်တော်တို့ကိုခွဲဝေစဉ်လျှင်၊ သိကြားမင်းသည် နတ်နှင့်တကွသောလူ၏ ယုံမှားသံသယကိုဖြတ်ခြင်းငှါ။ သစ္စာလေးပါးကို ဟောခြင်း၏ အကြောင်းဖြစ်သောလကျ်ာစွယ်တော်ကို အဘယ်သူသည် ယူလေသနည်းဟု ကြည့်သော်။ ဒေါဏပုဏ္ဏား ယူသည်ကို မြင်၍။ ဒေါဏပုဏ္ဏားသည် စွယ်တော်အား လျော်ကပ်သောပူဇော်သက္ကာရကို ပြုခြင်းငှါမတတ်နိုင်လတ္တံ့။ ထိုစွယ်တော်ကို ငါယူအံ့ဟုကြံ၍။ ဦးရစ်ကြားမှယူပြီးလျှင် ရွှေ

www.dhammaransi.com



ပန်းတောင်း၌ ထား၍။ နတ်ပြည်သို့ဆောင်၍ စူဠာမဏိစေတီတော်၌ ဌပနာလေ၏။ ဒေါဏပုဏ္ဏားသည် ဓာတ်တော်ခွဲဝေပြီး၍ ဦးရစ်ကြား၌ စွယ်တော်ကိုမမြင်သော်။ ခိုးသောအားဖြင့်ယူသောကြောင့် အဘယ်သူသည် ငါ၏စွယ်တော်ကိုယူသနည်းဟု မေးအံ့သော်ငှါ မတတ်နိုင်။ ငါ့အားအဘို့လိုသေး၏ဆိုလျှင်လည်း။ သင်သည်ပင် ဓာတ်တော်တို့ကို ခွဲဝေအပ်သည်မဟုတ်တုံလော။အဘယ့်ကြောင့် သင်သည် ရှေးဦးစွာ သင့်အားဓာတ်တော်၏အဘို့ရှိသောအဖြစ်ကို မသိသနည်းဟု မိမိ၌အပြစ်တင်လတ္တံ့သည်ကိုမြင်၍ ငါ့အား အဘို့ဝေပါကုန်ဦးဟူ၍လည်းဆိုခြင်းငှါမတတ်နိုင်ပြီ။ ထိုနောင်မှ။ ဤဓာတ်တော်တို့ကို အကြင်ခွက်ဖြင့် ချင့်၏။ဤရွှေအိုးသည်လည်း ဓာတ်တော်နှင့်အလားတူ၏။ဤဓာတ်တော် ချင့်သောတပြည်ဝင်ရွှေမြူတာအိုးကိုစေတီတည်အံ့ဟုကြံပြီး၍။ အိုမင်းများတို့၊ ဤဓာတ်ချင့်သော ရွှေမြူတာအိုးကို ငါ့အားပေးကုန်လော့ဟူ၍ ဆို၏။ဆရာပုဏ္ဏား၊ဤဓာတ်တော်ချင့်သောရွှေမြူတာအိုးသည်သင့်အား ဖြစ်စေတော့ဟု ပေးလေကုန်၏။ ။ပိတ်ချင်းတော၌။ လက်ပံတော၌ မောရိယမင်းတို့သည်လည်း ကုသိနာရုံပြည်၌ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုပြီဟုကြား၍။အဓာတသတ်အစရှိသောမင်းတို့ကဲ့သို့တမန်စေပြီးလျှင် စစ်မက်ဆင်ကာ လာကုန်၍။ ဓာတ်တော်အဘို့ကို တောင်းကုန်သော်လည်း ဓာတ်တော်ဝေပြီးမှ ရောက်ကုန်သောကြောင့်။ မြတ်စွာဘုရား ကိုယ်တော်ကိုဖုတ်ကြည်းသောမီးသွေးကိုသာပေးရကုန်၏။ ။

---

## ၁၉။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီးနောက်၊ မမြင့်မိဖြစ်ထွန်းသော၊သာရီရိကစေတီ၊ပါရိဘောဂိက စေတီတော်တို့ကိုပြရာ။

ထိုသို့ ဓာတ်တော်တို့ကိုဝေပြီးသော် လိစ္ဆဝီမင်း အစရှိကုန်သော ကုသိနာရုံမင်းတို့နှင့်တကွ ခုနစ်ပြည်ထောင်သောမင်းတို့သည်။ မိမိတို့ အရပ်၌.မိမိတို့အခံနှင့်လျော်စွာ ဓာတ်တော်တို့ကိုစေတီတည်၍ ကိုးကွယ်လေကုန်၏။ဒေါဏပုဏ္ဏားသည်လည်းဒုဏ္ဏဝတ္ထုပုဏ္ဏားရွာ၌ဓာတ်တော်ချင့်သောရွှေမြူတာအိုးကိုစေတီတည်၍ ကိုးကွယ်လေ၏။ မောရိယပြည်သားမင်းတို့သည်လည်း မီးသွေးကို စေတီတည်၍ ကိုးကွယ်

www.dhammaransi.com



လေကုန်၏။ အဇာတသတ်မင်းသည် ကုသိနာရုံပြည်မှ ရာဇဂြိုဟ်ပြည် တိုင် နှစ်ဆဲ့ငါးယူဇနာရှိသော ခရီးအကြား၌ ၅၈ဥသဘအပြန့်ရှိသော ညီညွတ်စွာသော ခရီးကို ပြုစေ၍။ မလ္လာမင်းတို့သည် မြတ်စွာဘုရား သင်္ဂြိုဟ်ရာ မကုဋဗန္ဓနစေတီမှ မြို့လယ်မင်းကွန်းတိုင်ရုံ ခရီးအကြား၌ အကြင်သို့သဘောရှိသော ပူဇော်ခြင်းကိုပြု၏။ ထိုသို့သဘောရှိသော ပူဇော်ခြင်းကို နှစ်ဆဲ့ငါးယူဇနာရှိသောခရီး၌ အဇာတသတ်မင်းသည် ပြု၏။ လူအပေါင်းကိုမဆန့်ကျင်စေခြင်းငှါ ခပ်သိမ်းသောအရပ်၌ အိမ် ဈေးတို့ကို ကျင်းပစေ၏။ ရွှေကျင်း၌ထားအပ်သောဓာတ်တော်တို့ကို လှံချိုင့်ဖြင့်ရံစေ၍ ယူဇနာငါးရာအဝန်းရှိသောမိမိနိုင်ငံ၌ လူတို့ကိုစည်း ဝေးစေ၏။ ထိုအဇာတသတ်မင်းစသောရာဇဂြိုဟ်ပြည်သားတို့သည်။ ဓာတ်တော်တို့ကိုယူ၍ကောင်းချီးပေးသဖြင့်။ကစားခြင်းကိုကစားကုန် လျက် ကုသိနာရုံပြည်မှထွက်ကုန်၏။ အကြင်အကြင်သို့သောအရပ်၌ ရွှေအဆင်းနှင့်တူသောပန်းတို့ကို မြင်၏။ ထိုထိုသို့သောအရပ်၌ ဓာတ် တော်တို့ကိုလှံချိုင့်တွင်း၌ထား၍ ပူဇော်ကုန်၏။ ထိုပန်းတို့၏ကုန်သော အခါ၌ သွားကုန်၏။ လှည်းဦးချရာသို့ နောက်ဉှောင်းဖျားရောက်သော အခါ၌ လှည်းရထားကိုချွတ်၍ ခုနစ်ရက်ပတ်လုံး ကောင်းသောကစား ခြင်းကိုကစားကုန်၏။ ဤသို့ ဓာတ်တော်တို့ကိုယူ၍သွားကုန်သော ထို ပြည်သားတို့အား။ ခုနစ်နှစ်၊ခုနစ်လ၊ခုနစ်ရက်တို့သည် လွန်ကုန်သော ဟူ၏။ မိစ္ဆာဒိဋ္ဌိအယူရှိသောသူတို့သည်။ ရဟန်းဂေါတမပရိနိဗ္ဗာန်ပြု သောအခါမှစ၍ အနိုင်အထက်လုယက်ကုန်လျက် ကောင်းချီး ကစား ခြင်းဖြင့်နှိပ်စက်အပ်ကုန်ပြီ။လူအပေါင်းတို့သည် အမှုအလုပ်အဆောင် ပျက်စီးကုန်ပြီဟုကဲ့ရဲ့ကုန်၍စိတ်ကပြစ်မှား၍၅၈ခြောက်ထောင် သော မိစ္ဆာဒိဋ္ဌိတို့သည် အပါယ်သို့လားလေကုန်၏။ ရဟန္တာတို့သည် ဆင်ခြင်ကုန်၍စိတ်ကပြစ်မှားကုန်သောလူများအပေါင်းသည်အပါယ် ၌ ဖြစ်ခဲ့ပြီဟု မြင်ကုန်၍၊ သိကြားမင်းအား ဓာတ်တော်တို့ကို လျင်စွာ ဆောင်အံ့သောအကြောင်းကိုပြုစေအံ့ဟု သိကြားမင်း၏အထံသို့ သွား ၍။ ထိုအကြောင်းအလုံးစုံကိုကြား၍။ သိကြားမင်းကြီး၊ ဓာတ်တော်တို့ ကို လျင်စွာဆောင်အံ့သောအကြောင်းကို သင်နတ်မင်းပြုပါလော့ဟူ၍ ဆိုကုန်၏။ သိကြားမင်းသည်။ အရှင်ဘုရားတို့၊ပုထုဇဉ်မည်သည်ကား။ အဇာတသတ်မင်းနှင့်တူသော သဒ္ဓါခြင်းရှိသောသူမည်သည် မရှိ။ ထို

www.dhammaransi.com



အဇာတသတ်မင်းသည် အကျွန်ုပ်၏စကားကို မလိုက်နာလတ္တံ့။ စင်စစ်သော်ကား။ ကြောက်မက်ဘွယ်ရှိသောအရပ်ကိုပြုရလတ္တံ့။ ကြောက်မက်ဘွယ်ရှိသောအသံကို ကြားစေရလတ္တံ့။ ဘီလူးဘမ်းခြင်းကို၊ ချေဆတ်စေခြင်းကို၊ အော့အန်စေခြင်းကိုပြုရလတ္တံ့။ ဘီလူးတို့သည် အမျက်ထွက်ကုန်ပြီ။ မြတ်သောမင်းကြီး၊ သင်မင်းကြီးတို့သည်ဓာတ်တော်တို့ကိုလျှင်စွာဆောင်စေကုန်လော့ဟူ၍ အရှင်ဘုရားတို့သည်မိန့်တော်မူလေကုန်။ ဤသို့မိန့်တော်မူကုန်သော် ထိုမင်းသည် လျှင်စွာ ဆောင်လတ္တံ့ဟုမှာဆိုလိုက်၍။ သိကြားမင်းသည်ထိုအလုံးစုံကိုပြု၏။ မထေရ်တို့သည် မင်းသို့ကပ်၍ ဘီလူးတို့သည် အမျက်ထွက်ကုန်ပြီ။ ဓာတ်တော်တို့ကိုလျှင်စွာဆောင်စေကုန်လော့ဟူ၍ဆိုကုန်၏။ မင်းကြီးသည်ဆို၏။ အရှင်ဘုရားတို့၊ အကျွန်ုပ်၏ စိတ်သည် မနှစ်သက်ပါသေး။ သို့သော်လည်းဘီလူးတို့အား မျက်ထွက်သော်ဆောင်စေကုန်တော့ဟူ၍ဆိုသဖြင့်။ ခုနစ်ရက်ဖြင့် ဓာတ်တော်တို့ကို ရာဇဂြိုဟ်ပြည်သို့ အရောက်ဆောင်လေကုန်၏။ ဤသို့ဆောင်၍လာခဲ့သောဓာတ်တော်တို့ကိုရာဇဂြိုဟ်ပြည်၌စေတီတည်၍ကိုးကွယ်ပူဇော်ခြင်းကိုပြုလေ၏။ ။ဤသို့လျှင်မြတ်စွာဘုရား၏ဓာတ်တော်တို့ကိုခွဲဝေ၍ ရှစ်ပြည်ထောင်မင်းတို့သည် မိမိတို့နေရာပြည်၌စေတီတည်၍ကိုးကွယ်ပူဇော်ကုန်သဖြင့်။ ကုသိနာရုံပြည်၌စေတီတဆူ။ ရာဇဂြိုဟ်ပြည်၌တဆူ။ ဝေသာလီ၌တဆူ။ ကပိလဝတ်၌တဆူ။ အလ္လကပ္ပတိုင်း၌တဆူ။ ဝေဋ္ဌဒီပကတိုင်းပုဏ္ဏားတို့၌တဆူ။ ရာမရွာ၌တဆူ။ ပါဝါပြည်၌တဆူ။ ဒေါဏပုဏ္ဏားရွာ၌ ဓာတ်တော်ချင့်အိုးစေတီတဆူ။ ကပိလဝနမောရိယမြည်၌ မီးသွေးတော်စေတီတဆူအားဖြင့်မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူသည့်နောက်မဖြင့်ခင်ကာလ၌ဆယ်ဆူသောစေတီတို့သည်ဖြစ်ကုန်၏။ ဤဆယ်ဆူတို့တွင်။ ဓာတ်တော်စေတီကားရှစ်ဆူသာတည်း။ ။

မျက်စိငါးပါးရှိတော်မူသော မြတ်စွာဘုရား၏ ကိုယ်တော်အလုံးမှဖြစ်သောဓာတ်တော်သည်ရှစ်စရွတ်ရှိ၏။ ခုနစ်စရွတ်သောဓာတ်တော်တို့ကို ဇမ္ဗူဒီပါကျွန်း၌ ပူဇော်လေကုန်၏။ ရာမရွာ၌ ဓာတ်တော်တစရွတ်ကို နဂါးတို့သည် စောင့်ရှောက်၍ပူဇော်လေကုန်၏။ ။အထက်လက်ျာစွယ်တော်ကို တာဝတိံသာ၌နတ်တို့ပူဇော်ကုန်၏။ ဂန္ဓာလရာဇ်တိုင်း၌ အောက်လက်ျာစွယ်တော်ကို ပူဇော်ကုန်၏။ ကလိင်္ဂတိုင်း၌ အ

www.dhammaransi.com



ထက်လက်ဝဲစွယ်တော်ကိုပူဇော်ကုန်၏။ နဂါးပြည်၌ အောက်လက်ဝဲစွယ်တော်ကို ပူဇော်လေကုန်၏။ ။လေးဆယ်ကုန်သော သွားတော်တို့ကိုရင်း။ သုံးကုဋေ့ ခြောက်သန်းသောဆံတော်တို့ကိုရင်း။ကိုးကုဋေသော အမွေးတော်တို့ကိုရင်း။ အလုံးစုံသောစကြဝဠာတိုက်တို့မှ နတ်တို့သည် စကြဝဠာအဆင့်ဆင့်တချောင်းစီဆောင်ယူ၍ ကိုးကွယ်လေကုန်၏။ ။သုံးဆောင်တော်မူသောပရိက္ခရာကိုစေတီတည်၍ကိုးကွယ်ကြသည်ကား။ စာတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့ လှူအပ်သော ပဲနောက်အဆင်းရှိသောကျောက်ညိုသပိတ်၊တောင်ဝှေးတော်၊ သင်းပိုင်တော်၊ ဤသည်တို့ကိုဌပနာ၍ ကုရုတိုင်း၌ စေတီတည်၍ ကိုးကွယ်၏။ ပဲခွပ်၊ဒေပ်၊အပ်ကျည်၊ ဤသည်တို့ကိုဌပနာ၍ ဇာန္ဒပတ္တနရိရ်ပြည်၌စေတီတည်၍ကိုးကွယ်၏။ အပေါ်လွှမ်းခင်းနှီးကို ကပိလဝတ်၌စေတီတည်၍ ကိုးကွယ်၏။ ဓမ္မကရိဏ်၊ရေစစ်၊ခါးပန်း၊ဤသည်တို့ကိုဌပနာ၍ ပါဋလိပုတ်ပြည်၌ စေတီတည်၍ကိုးကွယ်၏။ ရေသနုပ်တော်ကိုဌပနာ၍စမ္ပာပြည်၌ စေတီတည်၍ကိုးကွယ်၏။ဥဏ္ဏာလုံမွေးရှင်တော်ကို ဌပနာ၍ ကောသလတိုင်း၊ သာဝတ္ထိ၌ စေတီတည်၍ ကိုးကွယ်၏။ ကိုယ်ဝတ်ဒုကုဋ်တော်ကိုဌပနာ၍ ဗြဟ္မာ့ပြည်၌စေတီတည်၍ကိုးကွယ်၏။ တောထွက်တော်မူစ ပါသည့် အဝတ်တန်ဆာတို့ကိုလည်း ဗြဟ္မာ့ပြည်၌ ဒုဿစေတီတည်၍ကိုးကွယ်၏။ဦးရစ်တော်ကို တာဝတိံသာ၌ စူဠာမဏိ စေတီတော်၌ ဌပနာ၍ ကိုးကွယ်၏။ ဆံတော်ကို ဌပနာ၍ တာဝတိံသာ၌ စူဠာမဏိပုထိုးတော်ဟူ၍တည်၏။ နိသီဒိုန်ကိုဌပနာ၍ အဝန္တိတိုင်း ဥဇ္ဇေနီပြည်၌ စေတီတည်လျက် ကိုးကွယ်၏။ အာယောဂပတ်ကိုဌပနာ၍ ဒေဝတိုင်း၌ စေတီတည်လျက် ကိုးကွယ်၏။ ပွတ်ခုံ၊ ပွတ်ကျေ၊ ရေစစ်၊ ဤသည်တို့ကိုဌပနာ၍၊ ဝိဒေဟတိုင်း မိဓိလာပြည်၌ စေတီတည်လျက်ကိုးကွယ်၏။ ထိုမှကြွင်းသောပရိက္ခရာတို့ကို ထိုထိုသို့သောဇနပုဒ်တို့၌ ကိုးကွယ်လေကုန်၏။ သက်သပြည်၌ကား။ နတ်ပြည်မှ သက်တော်မူသောအခါ ချသော လက်ျာခြေတော်ရာကို ကိုးကွယ်ရ၏။ ။သုနာပရန္တတိုင်း၌ကား။ စန္ဒပုဏ်ဆောက်သော နံ့သာကျောင်းသို့ သာဝတ္ထိမှကောင်းကင်ခရီးဖြင့်ကြွတော်မူသောသောအခါ။ ကောင်းကင်မှ သက်ရာ။ နမ္မဒါမြစ်နား၌။ နမ္မဒါနဂါး တောင်းပန်၍ ချသည့်လက်ဝဲခြေတော်ရာ။ သစ္စဗန္ဓမူဆိုးတောင်းပန်၍ မြစ်နားတောင်

ထိပ်၌ ချသည့် လက်ဝဲ ခြေတော်ရာ။ ဤသည်တို့ကို ကိုးကွယ်ရကုန်၏။ ။ဤသို့လျှင် မြတ်စွာဘုရား၏ကိုယ်တော်မှဖြစ်သောဓာတ်တော်ရှစ်စရွတ်တို့ကို ရှစ်ပြည်ထောင်မင်းတို့အား ဒေါဏပုဏ္ဏားတစရွတ်စီ ခွဲဝေ၍ မိမိတို့အရပ်၌ စေတီအသီးအသီးတည်၍ကိုးကွယ်သောသရီရဓာတ် စေတီရှစ်ဆူ။ ဒေါဏပုဏ္ဏားကိုးကွယ်သော တုမ္ဗစေတီ။ ကပိလဝန မောရိယပြည်သားတို့ ကိုးကွယ်သော အင်္ဂါရစေတီအားဖြင့်။ ဆယ်ဆူသော စေတီတို့သည်ဧင်း။ ဆိုခဲ့ပြီးသော ပရိဘောဂစေတီတို့သည်ဧင်း။ ဤသို့အားဖြင့် များစွာသော စေတီတို့သည် မြတ်စွာဘုရားလွန်တော်မူသောနောက်၌ဖြစ်ကုန်၏။ ။

---

## ၁၀။ အရှင်မဟာကဿပထေရ်နှင့်အဇာတသတ်မင်းတို့တိုင်ပင်၍။ပျံ့နှံ့တည်ရှိသောဓာတ်တော်တို့ကိုရုံးရပြီးလျှင်၊ရာဇဂြိုဟ်ပြည်၏အရှေ့တောင်အရပ်၌ တပေါင်းတည်းဌာပနာသည်ကိုပြရာ။

ဤသို့ဓာတ်တော်တို့သည် အရပ်ရှစ်ပါးတို့၌ကွဲပြား၍ တည်ကုန်ပြီးသည်ရှိသော်။ အရှင်မဟာကဿပမထေရ်သည်။ ဓာတ်တော်တို့အား အန္တရာယ်ဖြစ်လတ္တံ့သော အကြောင်းကိုမြင်၍။ အဇာတသတ်မင်းသို့ ကပ်၍။ မြတ်သောမင်းကြီး၊အရပ်ရှစ်ပါး၌တည်ရှိသော ဓာတ်တော်တို့ကိုပင့်ယူ၍ တပေါင်းတည်းဌာပနာအံ့သောငှါ သင့်၏ဟုဆို၏။ ကောင်းပြီရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားတို့သည် ဓာတ်တော်တို့ကိုဆောင်တော်မူပါကုန်။အကျွန်ုပ်သည်ဓာတ်တော်တို့ကို ဌာပနာရာအရပ်ကိုပြုပါအံ့ဟု လျှောက်သဖြင့်။ အရှင်မဟာကဿပမထေရ်သည်။ ဝေသာလီ၊ ပါဝါ၊ ကုသိနာရုံ၊ ကပိလဝတ်၊ အလ္လကပ္ပတိုင်း၊ ဝေဋ္ဌဒီပကတိုင်းတို့၌ ဓာတ်တော်တို့ကို။ ထိုထိုသို့သောမင်းတို့၏ အလုပ်အကျွေး ပူဇော်သက္ကာရကိုခံရုံမျှထားခဲ့၍။ အလုံးစုံသောဓာတ်တော်တို့ကို တန်းခိုး ဈာန်ဒိပါဒ်ဖြင့် ဆောင်ယူတော်မူ၏။ ရာမဂါမ၌ ဓာတ်တော်တို့ကိုကား နဂါးတို့သည် သိမ်းဆည်း၍စောင့်ရှောက်လေကုန်၏။ထိုဓာတ်တော်တို့အားအန္တရာယ်သည်မရှိရာ။ ဘုရားပရိနိဗ္ဗာန်လွန်တော်မူသည်မှ အနှစ် ၂၃၉ နှစ်လွန်သော်။လက်ာဒီပကျွန်းမဟာဝိဟာရကျောင်း၌မဟာစေတီ၌ဌာပနာ

www.dhammaransi.com



အံ့ဟူ၍ မြင်တော်မူ၏။ ထို့ကြောင့် ထို ဓာတ်တော်တို့ကို မဆောင်ပြီ။ ကြွင်းသောရှနစ်ပြည်ထောင်တို့မှ ဓာတ်တော်တို့ကိုဆောင်၍ မင်းကြီး အဇာတသတ်အား အပ်ပြီးသော်။ ရာဇဂြိုဟ် ပြည်၏ အရှေ့ တောင် ထောင့်အရပ်၌ရပ်ပြီး၍။ ဤအရပ်၌ အကြွင်ကျောက်ဖျာသည်ရှိ၏။ ထို ကျောက်ဖျာသည် ကွယ်စေသတည်း။ မြေမှုန့်သည် ကောင်းစွာ သန့် ရှင်းစင်ကြယ်သည် ဖြစ်စေသတည်း။ ရေသည်မထွက်စေသတည်းဟု ဓိဋ္ဌာန်တော်မူ၏။ အဇာတသတ်မင်းသည် ထိုအရပ်ကိုတူးစေ၍ထွက် သောမြေမှုန့်ဖြင့် အုဋ်တို့ကိုပြုစေ၍။ ရှစ်ကျိပ်သောမဟာသာဝကတို့၏ စေတီကိုပြု၏။ ဤအရပ်၌မင်းကြီးသည် အဘယ်ပြုသနည်းဟု မေးကုန် သောသူတို့အား မဟာသာဝက ရှစ်ကျိပ်တို့၏ စေတီကို ပြုသည်ဟု ပြောရ၏။ တစုံတယောက်သောသူသည်မျှ ဓာတ်တော်မြှုပ်ထားသော အဖြစ်ကို မသိ။ ထိုတွင်းသည် အတောင်ရှစ်ဆယ် နက်သော အခါ၌။ အောက်ဆုံး၌ သံပြားအခင်းကိုခင်းစေ၍။ ထိုအခင်းပေါ်ဝယ် သီဟိုဠ် ကျွန်း ထူပါရာမစေတီ၌။ စေတီအိမ် ပမာဏ အတိုင်းအရှည် ရှိသော ကြေးနီစင်အတိဖြင့် ပြီးသော စေတီအိမ်ကို ပြုစေ၍။ ရှစ်ခုရှစ်ခုစီကုန် သော၊ စန္ဒကူးနံ့သာဖြူ ကြုတ်။ စန္ဒကူး နံ့သာဖြူ စေတီ။ စန္ဒကူးနံ့သာနီ ကြုတ်။ စန္ဒကူးနံ့သာနီစေတီ။ ဆင်စွယ်ကြုတ်။ဆင်စွယ်စေတီ။ အလုံးစုံ ရတနာဖြင့်ပြီးသော ကြုတ်။ စေတီ။ ရွှေကြုတ်။ ရွှေစေတီ။ ငွေကြုတ်။ ငွေစေတီ။ မြကြုတ်။ မြစေတီ။ ပတ္တမြားနီကြုတ်။ ပတ္တမြားနီစေတီ။ ပတ္တ မြားပြောက်ကြုတ်။ ပတ္တမြားပြောက်စေတီ။ ဖလ်ကြုတ်။ ဖလ်စေတီတို့ ကို။ ရှစ်ခုရှစ်ခုစီ ပြုစေ၍။ ခုနစ်စရွတ်သော ဓာတ်တော်တို့ကို နံ့သာဖြူ ကြုတ်တခု၌ထည့်၍။ ထိုဓာတ်တော်ထည့်သောကြုတ်ကို နံ့သာဖြူကြုတ် တခု၌ထည့်ပြန်၍။ ထိုကြုတ်ကိုလည်း တခုသောကြုတ်၌ထည့်၍။ ဤသို့ သောနည်းဖြင့် စန္ဒကူးနံ့သာဖြူကြုတ်ရှစ်လုံးတို့ကို တပေါင်းတည်းပြုပြီး သော်။ စန္ဒကူးနံ့သာဖြူစေတီတခု၌ထည့်၍။ ထိုစေတီကို နံ့သာဖြူစေတီ တခု၌ထည့်၍။ ဤသို့သောနည်းဖြင့် စန္ဒကူးနံ့သာဖြူ စေတီ ရှစ်ဆူတို့ကို တဆူတည်း ပြုပြီးသော်။ စန္ဒကူးနံ့သာနီကြုတ်၌ ထည့်၍။ ထိုကြုတ်ကို နံ့သာနီကြုတ် တခု၌ ထည့်ပြန်၍။ ဤသို့သော နည်းဖြင့် စန္ဒကူးနံ့သာနီ ကြုတ်ရှစ်ခုတို့ကို တခုတည်းပြုပြီးသော်။ စန္ဒကူးနံ့သာနီစေတီ၌ ထည့် ၍။ ထိုစေတီကို နံ့သာနီစေတီတဆူ၌ထည့်ပြန်၍။ စန္ဒကူးနံ့သာနီစေတီ

www.dhammaransi.com



ရှစ်ဆူကိုတဆူတည်းပြု၍။ ထိုစေတီကို ဆင်စွယ်ကြုတ်တခု၌ထည့်ပြန်၍။ ထိုကြုတ်ကို ဆင်စွယ်ကြုတ်တခု၌ ထည့်ပြန်၍။ ဤသို့ဆိုခဲ့ပြီးသော နည်းဖြင့် အဆင့်ဆင့် ဆင်စွယ်ကြုတ်ရှစ်ခုတို့ကို ဆင်စွယ်စေတီ ရှစ်ဆူတို့၌ထည့်၍။ ဆင်စွယ်စေတီ အဆင့်ဆင့် ရှစ်ဆူတို့ကို။ ရှစ်လုံးကုန်သော ရတနာခုနစ်ပါးဖြင့်ပြီးသော ကြုတ်တို့၌ အဆင့်ဆင့်ထည့်၍။ ထိုရှစ်လုံးသော ရတနာခုနစ်ပါးကြုတ်အဆင့်ဆင့်တို့ကို။ ရတနာခုနစ်ပါး အတိပြီးသော စေတီရှစ်ဆူတို့၌ အဆင့်ဆင့် ထည့်၍။ ထိုစေတီတို့ကို ရွှေကြုတ်ရှစ်လုံးတို့၌ အဆင့်ဆင့်ထည့်၍။ ထိုရွှေကြုတ်အဆင့်ဆင့် ရှစ်လုံးတို့ကို။ ရွှေစေတီရှစ်ဆူတို့၌အဆင့်ဆင့်ထည့်၍။ ထိုရွှေစေတီတို့ကို ငွေကြုတ် ရှစ်လုံးတို့၌ အဆင့်ဆင့် ထည့်၍။ ထိုငွေကြုတ် ရှစ်လုံးတို့ကို ငွေစေတီရှစ်ဆူတို့၌ ထည့်၍။ ထိုငွေစေတီတို့ကို မြကြုတ်ရှစ်လုံးတို့၌ ထည့်၍။ ထိုမြကြုတ်ရှစ်လုံးတို့ကို မြစေတီရှစ်ဆူတို့၌ထည့်၍။ မြစေတီတို့ကို ပတ္တမြားနီကြုတ်ရှစ်လုံးတို့၌ထည့်၍။ ပတ္တမြားနီကြုတ် ရှစ်လုံးတို့ကို ပတ္တမြားနီစေတီရှစ်ဆူတို့၌ထည့်၍။ ထိုပတ္တမြားနီစေတီတို့ကို ပတ္တမြားပြောက်ကြုတ် ရှစ်လုံးတို့၌ထည့်၍။ ထိုကြုတ်ရှစ်လုံးတို့ကို ပတ္တမြားပြောက်စေတီရှစ်ဆူတို့၌ထည့်၍။ထိုပတ္တမြားပြောက်စေတီရှစ်ဆူတို့ကို ဖလ်ကြုတ်ရှစ်လုံးတို့၌ အဆင့်ဆင့်ထည့်၍။ ထိုဖလ်ကြုတ် ရှစ်လုံးတို့ကို ဖလ်စေတီရှစ်ဆူတို့၌ထည့်၏။ အလုံးစုံတို့၏အထက်ဖြစ်သော ဖလ်စေတီသည်၊ သိဟိုဠ်ကျွန်း၌ ထူပါရာမစေတီနှင့်အမျှရှိ၏။ ထိုဖလ်စေတီ၏ အထက်၌ အလုံးစုံသောရတနာဖြင့်ပြီးသောစေတီအိမ်ကိုပြု၏။ ထိုအိမ်၏အထက်၌ရွှေဖြင့်ပြီးသောအိမ်ကိုပြု၏။ထိုရွှေအိမ်၏အထက်၌ ငွေဖြင့်ပြီးသောအိမ်ကိုပြု၏။ထိုငွေစေတီအိမ်၏အထက်၌ကား။ ကြေးဦးစွာပြု၍ ထားနှင့်သောကြေးနီအိမ်သည်ဖြစ်၏။ ထိုကြေးနီအိမ်အတွင်း၌ အလုံးစုံသောရတနာဖြင့်ပြီးသောသဲကိုကြဲ၍။ ရေ၌ဖြစ်သောပန်းပွင့်။ ကြည်း၌ဖြစ်သော ပန်းပွင့်တို့ကို အထောင်မက များစွာကြဲ၍။ ငါးရာ့ငါးဆယ်သော ဇာတ်တော်အရုပ်တို့ကို၎င်း။ ရှစ်ကျိပ်သော ဧတဒဂ်ရ မထေရ်ကြီးတို့၏၎င်း။ သုဒ္ဓေါဒနမင်းကြီး။ မဟာမာယာ မယ်တော် မိဘုရား။ ဘွားဘက်ဇတော်ခုနစ်ပါး။ ဤအလုံးစုံသော အရုပ်တို့ကို ရွှေဖြင့်သွန်း၍ထား၏၊ ရေဖြင့်ပြည့်သော ရွှေဖြင့်ပြီးသော ကြာသွတ်မြူတာငါးရာ။ ငွေဖြင့်ပြီးသော ကြာသွတ်မြူတာငါးရာတို့ကိုထားစေ၍။ ရွှေတန်းဆွန်ငါးရာ

www.dhammaransi.com



စိုက်စေ၏။ ငွေတန်းခွန်ငါးရာစိုက်စေ၏။ ရွှေဖြင့်ပြီးသောဆီမီးခွက်ငါးရာ။ ငွေဖြင့်ပြီးသော ဆီမီးခွက်ငါးရာတို့ကိုပြုစေ၍၊ ကောင်းသောနံ့သာမျိုးတို့ဖြင့် ထုံအပ်သော ဆီမီးဖြင့် ပြည့်စေ၍။ ထိုဆီမီးခွက်တို့၌ ဘွဲ့ပြုပုဆိုးဖြင့်ကျစ်သောဆီမီးစာတို့ကိုထည့်၍ ညှိစေ၍ထား၏။ ထိုသို့ထားပြီးသောအခါ၌ အရှင် မဟာကဿပ မထေရ်သည်။ ဤပန်းတို့သည် မညှိုးစေကုန်သတည်း။ ဤနံ့သာတို့သည် အနံ့မပြယ်စေကုန်သတည်း။ ဤဆီမီးတို့သည် မငြိမ်းစေကုန်သတည်းဟု မိန့်တော်မူ၍။ ရွှေပြား၌ အက္ခရာတို့ကိုရေးစေ၏။ နောင်သောအခါ၌ ပိယဒါသအမည်ရှိသော မင်းသားသည် ထီးဖြူဆောင်း၍ အသောကဓမ္မရာဇာ မည်သော မင်းသည်ဖြစ်လတ္တံ့။ ထိုမင်းသည် ခုနစ်စရွတ်သောဓာတ်တော်တို့ကိုယူ၍ ဇမ္ဗူဒိပါကျွန်း*တွင် ရှစ်သောင်း လေးထောင်သော မြို့တို့၌ စေတီ ရှစ်သောင်းလေးထောင်တို့၌ဥပနာသဖြင့်ပျံ့နှံ့သည်ကိုပြုလတ္တံ့ဟု ကမ္ပည်းရေးထားပြီးသော်။ အဇာတသတ်မင်းကြီးသည် အလုံးစုံကိုယ်၌ ဆင်သော တန်ဆာတို့ကို ပူဇော်၍။ ရတနာခုနစ်ပါးဖြင့်ပြီးသော အိမ်မှစ၍ တံခါးကိုပိတ်၍ထွက်၏။ ထိုမင်းကြီးသည် ကြေးနီအိမ်တံခါးကိုပိတ်ပြီးသော်။ တံခါးဝင်သောကြိုး၌ သံကောက်ကိုရင်း။ မင်းတုံးကိုရင်း ဖွဲ့၍၊ ထိုတံခါး၏ပြင်၌ ကြီးစွာသောပတ္တမြားတုံးကိုထားစေ၍၊ နောင်အခါ၌ မင်းဆင်းရဲသည် ဤပတ္တမြားကိုယူ၍ ဓာတ်တော်တို့အားပူဇော်သက္ကာရကိုပြုစေသတည်းဟု အက္ခရာရေးစေ၏။ သိကြားမင်းသည် ဝိသုကြုံနတ်သားကိုခေါ်၍။ အမောင်ဝိသုကာနတ်သား၊ အဇာတသတ်မင်းသည် မြတ်စွာဘုရား၏ဓာတ်တော်တို့ကိုမြှုပ်ထားခြင်းကိုပြုပြီ။ ထိုဓာတ်တော်တို့၏မြှုပ်ထားရာ၌ အစောင့်ကို သင်နတ်သား ထားချေလော့ဟု စေ၏။ ထိုဝိသုကြုံနတ်သားသည် သားရဲ စက်ယန္တရားကို ပြု၏။ သစ်ဖြင့် ပြီးသော ဘီလူးနတ်ရုပ်တို့ကို ထိုဓာတ်တော်တိုက်၌ ဖလ်အံဆင်းနှင့် တူသောအဆင်းရှိသောသန်လျက်တို့ကိုကိုင်စေ၍။ လေ၏လျင်ခြင်းနှင့်တူသောလျင်ခြင်းဖြင့် အစဉ်မပြတ် တပတ်ပတ်လည်သော စက်ယန္တရားကိုယှဉ်၍၊ တခုသောမယ်နဖြင့်ဖွဲ့၍၊ ထက်ဝန်းကျင်မှ အင်္ဂတိုက်အခြင်းအရာဖြင့်ကျောက်ဖျာတို့ကိုရံစေ၍။ အထက်၌ တခုသောကျောက်ဖျာဖြင့်ပိတ်၍၊ မြေမုန့်တို့ကိုဖို့၍ မြေကြီးအပြင်နှင့်ညီစွာပြု၍။ ထိုမြေ၏အထက်၌ ကျောက်စေတီကိုတည်စေ၏။ ဤသို့ဆိုအပ်ပြီးသော နည်းဖြင့်

www.dhammaransi.com



အဇာတသတ်မင်းသည် မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို မြှုပ်ထား ဌာပနာ၏။ ။

---

## ၈၁။ ဒေါဏပုဏ္ဏားဓာတ်တော်ဝေဘန်သောနှစ်ကာလမှ၊အဇာတသတ်မင်းဓာတ်တော်တို့ကိုမြှုပ်ထားဌာပနာသောနှစ်ကာလတိုင်အဝွန့်အကွာစသည်ကိုတွက်စစ်၍ပြဆိုရာ။

ဒေါဏပုဏ္ဏားသည် မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ၈ စ်ပြည်ထောင်သားတို့အားခွဲဝေသောအခါကား။ ဒေဝဒဟပြည်၌ မယ်တော်မာယာ၏ခမည်းတော်ဖြစ်သော၊ ဘုရားဘိုးတော် အဉ္ဇနမင်းနှင့် ဆရာဒေဝိလရသေ့တို့သည် ရှေးရှိနှင့်သော သက္ကရာဇ်ဟောင်း ၈ စ်ထောင့်ခြောက်ရာ့လေးဆယ်ငါးခုသက္ကရာဇ်ကို။ တပေါင်းလကွယ် စနေနေ့တွင်။ ဏဝစန္တကိန်းဖြင့်ချေ၍၊ တန်းခူးလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့ကို စ၍။ သက္ကရာဇ် တချပ ထားသောနှစ်မှသည်။ သက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်၊အင်္ဂါနေ့ညဉ့်မကုန်မီ၊ရိုးသေ်ယံတွင် ဘုရားပရိနိဗ္ဗာန်ပြုတော်မူသည့်နောက်၊တရုပတ္တကာလလွန်သော် အရုဏ်တက်သည်။အရုဏ်တက်သဖြင့်လပြည့်အင်္ဂါနေ့ကုန်လေသည်။အင်္ဂါနေ့ကုန်လျှင် တရက်ဟူ၍ ရေတွက်ရလေသည်။ အဘယ်ကြောင့် ရေတွက်ရလေသနည်းဟူတုံအံ့။ ဗေဒင်၌ရက်ကို သန်ခေါင်ဖြင့်ပိုင်းခြားသကဲ့သို့မဟုတ်။ သာသနာတော်၌ ရက်ကို အရုဏ်ဖြင့်ပိုင်းခြားလေသောကြောင့်တည်း။ထိုကြောင့် လပြည့်ကျော် ၆ ရက်တိုင်သည် ပရိနိဗ္ဗာနသတ္တာဟဖြစ်၏။ထို ၆ ရက်နေ့ပင် ဥပဝတ္တနအင်ကြင်းတောမှပြောင်း၍ မကုဋဗန္ဓနထင်းပုံထက်သို့တင်၏။ ၆ ရက်နေ့ ထင်းပုံထက်သို့ရောက်သည်မှစ၍ ရက်ကိုရေတွက်ပြန်သဖြင့်။လပြည့်ကျော် ၁၂ ရက်တနင်္ဂနွေနေ့သည် စိတကသတ္တာဟဖြစ်၏။ထို ၁၂ ရက်နေ့ညဉ့်ပင် ဓာတ်တော်တို့ကိုကောက်၍ညဉ့်ကိုပင်ဆီမီးတန်းဆောင်ဖြင့် မြို့တွင်းမင်းကွန်းသို့ပြောင်းလေသောကြောင့်။ ထိုညဉ့်မှစ၍ ရက်ကိုရေတွက်သဖြင့်။ နယုန်လဆန်း ၄ ရက်စနေနေ့တိုင်သည်၊သာဓုကီဠနသတ္တာဟမည်၏။ ။ဤသတ္တာဟသုံးပါးကိုသာဆိုသောကြောင့်၊မာတ်တော်ဝေသောအခါသည်။နယုန်လဆန်း ၅ ရက်တွင်ပင် ဖြစ်သည်။ ။အဇာတသတ်မင်းသည် အစဉ်ရှိရသော

www.dhammaransi.com



ဓာတ်တော်တို့ကို ကုသိနာရုံမှ ဆောင်ခဲ့၍။ ခုနစ်နှစ်နှင့်၊ ခုနစ်လ၊ ခုနစ်ရက်မှ ရာဇဂြိုဟ်ပြည်သို့ရောက်၏ဆိုသည်ကို ထောက်သော်။ အရှင်မဟာကဿပသည် အလုံးစုံသောဓာတ်တော်တို့ကို ရုံးရ၍ အဇာတသတ်မင်းနှင့် တိုင်ပင်၍ မြှုပ်ထားသော ကာလကား။ ဘုရားပရိနိဗ္ဗာန်ပြုတော်မူသည့်နောက်။အနှစ်နှစ်ဆယ်ကျော်တွင်ဖြစ်၏။ ။

ဤ တထာဂတဥဒါနမည်သော ကျမ်း၌ ဤမျှလောက်သော စကားအစဉ်သည်ကား။ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ နှစ်ဆယ်ပြည့်ဝါကို ဆိုတော်မူသည်မှ စ၍ ပရိနိဗ္ဗာန် ပြုတော်မူသည် တိုင်အောင်ဥဒါန်း ပြောဆိုကြောင်းဖြစ်သော စကား အစဉ်တည်း။ ။လောကသုံးပါးကို တရားသာဖြင့် အစိုးရတော်မူသည်၏အဖြစ်ကြောင့်၊ ဓမ္မသာမိ၊ ဓမ္မရာဇာဖြစ်တော်မူသော၊ ဗောဇ္ဈင်ခုနစ်ပါးတည်းဟူသော စကြာရတနာသခင်၊ သကျဝင်မင်းတို့၏အထွတ်ဖြစ်တော်မူသော စကြာမင်းအား။ ရှည်လျားနောင်လာ။ သာသနာငါးထောင်မကာ၊ ကာလပတ်လုံး။ နှလုံးကြည်ညို။ ပြောဆိုရာဥဒါန်းစကားဟု။ညွှန်ကြားပြသ။ဂန္ထဖွဲ့သည်ကား။ ဘုရားနှင့်စပ်သောဝတ္ထု၊တရားအစုသည်၊ ဤမျှမဟုတ်ပေ။ လေးထွေ ပင်လယ်။ မြစ်ထက် ကျယ်သည်။ သုံးသွယ် ပိဋကတ်။ ငါးထပ်နိကာယ်။ ကိုးသွယ်အင်္ဂါတို့၌၊ လာသော ဥဒါန်းဝတ္ထု။ တရားစုကား၊ မရေတွက်နိုင်များပေသေး၏။ ရွေးကောက်စီဆင်။ သိမြင်လွယ်ကူ။ယူနိုင်ပါသမျှ။ ဉာဏသတ္တိရှိသည်နှင့်အညီ။ ဤမျှကိုသာပြောဆိုရာဥဒါန်းစကားဟုရေးထားမှတ်ရပြုခဲ့ပေသတည်း။ ။

---

၈၂။ ဓမ္မတာ ၃၀။အနန္တရာယိကဓမ္မ ၄ ပါး။
အဝိဇဟိတဋ္ဌာန ၄ ပါး။ဘွားဘက်တော်ခုနစ်ယောက်။
နက္ခတ္တယောဂ။ဝေမတ္တ၇စ်ပါးတို့ကိုပြဆိုရာ။

ဤသို့ညွှန်ကြား။ ဥဒါန်းစကားနှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရားသည်။ ဘုရားတကာ့တို့၏ ဓမ္မတာ အပြား သုံးဆယ်နှင့်လည်း ပြည့်စုံတော်မူ၏။ အနန္တရာယိကဓမ္မလေးပါးနှင့်လည်း ပြည့်စုံတော်မူ၏။ ။ဓမ္မတာအပြားသုံးဆယ်ဟူသော်ကား။ ။( ၁ )အဆုံးစွန်သောဘုရားလောင်းသည်။ သတိအာဆင်အခြင်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍။ မယ်

www.dhammaransi.com



တော်ဇမ်း၌ ပဋိသန္ဓေစွဲယူခြင်း။( ၂ )မယ်တော်ဝမ်း၌ ရှေ့သို့ မျက်နှာ ပြု၍ ထက်ဝယ် ဖွဲ့ခွေ နေသဖြင့် အပသို့ မျက်နှာပြုခြင်း။ ( ၃ )ဘုရား လောင်းအားမယ်တော်သည်မတ်တတ်ရပ်သဖြင့်ဘွားခြင်း။( ၄ )ဘုရား လောင်းသည် တော၌သာလျှင် မယ်တော်ဝမ်းမှ ဘွားခြင်း။ ( ၅ )ရွှေ ပြားတို့၌တည်သောအခြေရှိကုန်သော ဘုရားလောင်းတို့၏ မြောက်သို့ မျက်နှာပြု၍ကြည့်ခြင်း။ ( ၆ )မြောက်မျက်နှာ အရပ်သို့ ခြေတော် ဖြန့် သွား ခုနစ်ဘဝါး လှမ်းခြင်း။ ( ၇ )ခုနစ်ဘဝါး လှမ်းသွားတော်မူသော အဆုံး၌အရပ်လေးမျက်နှာကိုကြည့်၍။ အဟံအဂ္ဂေါလောကဿ၊အဟံ သေဋ္ဌောလောကဿ၊ အဟံဇေဋ္ဌောလောကဿ။ ဟူ၍ သီဟနာဒကို မြွက်ခြင်း။ ( ၈ )နိမိတ် လေးပါးကို မြင်ပြီး၍။ သားတော် တယောက် ဘွားကုန်ပြီးသော ဘုရားလောင်းတို့အား တောထွက်ခြင်း။ ( ၉ )အရ ဟတ္တဖိုလ်၏တန်းခွန်ဖြစ်သောသက်န်းကိုယူ၍ ရဟန်းပြုပြီး၍ အလုံးစုံ အောက် ယုတ်သောအပိုင်းအခြားဖြင့် ခုနစ်ရက်ပတ်လုံးသော်လည်း ဒုက္ကရစရိယာ ကျင့်ခြင်း။ ( ၁၀ )ဘုရား အဖြစ်သို့ ရောက်တော် မူအံ့ သောနေ့၌ ရွှေခွက်နှင့်တကွ နို့ဃနာကိုခံ၍ ဘုဉ်းပေးတော်မူခြင်း။ ။ ( ၁၁ )မြက်ပလ္လင်၌ နေ၍ သဗ္ဗညုတညာဏ်ကို ရခြင်း။ ( ၁၂ )ထွက် သက်ဝင်သက်ကို အောက်မေ့ခြင်းသတိနှင့်ယှဉ်သော ကမ္မဋ္ဌာန်းသည် သာလျှင် သဗ္ဗညုတညာဏ်တော်၏ပရိကံဖြစ်ခြင်း။( ၁၃ )လက်ဝဲတဆဲ့ နှစ်ယူဇနာ။ လက်ျာတဆဲ့နှစ်ယူဇနာ။ အထက်တဆဲ့နှစ်ယူဇနာ။ နောက် ၌ စကြဝဠာတံတိုင်းဆိုက် ပါသော စစ်သည်နှင့်တကွ ကပ်လာသော မာရ်နတ်စစ်ကို နေမဝင်မီအခါ၌ ဖျက်ဆီးခြင်း။( ၁၄ )ဗောဓိပင်၌သာ လျှင်၊ ဝိဇ္ဇာသုံးပါး၊ ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါး၊ ဒသ ဗလဉာဏ်၊ ဆအသာဓာရဏဉာဏ် အစရှိသော ဘုရားကျေးဇူးတို့ကို ရခြင်း။( ၁၅ )သတ္တသတ္တာဟခုနစ်ရက်ခုနစ်လီတို့ကို ဗောဓိပင်၏အနီး ၌သာလျှင် လွန်စေခြင်း။ ( ၁၆ )မဟာဗြဟ္မာကြီးသည် တရားကိုဟော တော်မူစိမ့်သောဌါတောင်းဗန်ခြင်း။( ၁၇ )ဣသိပတနမိဂဒါဝုန်တော၌ သာလျှင် ဓမ္မစကြာတရားတော်ကို ရှေးဦးစွာဟောခြင်း။( ၁၈ )တပို့တွဲ လပြည့်နေ့၊ အင်္ဂါလေးပါးနှင့်ယှဉ်သောဘိက္ခုပရိသတ်အစည်းအဝေး ၌ ပါတိမောက်ပြတော်မူခြင်း။( ၁၉ )ဇေတဝန်ကျောင်းတော်ရာ၌ နိဗဒ္ဓ ဝါကိုဆိုတော်မူခြင်း။ ( ၂၀ )သာဝတ္ထိပြည်၌သာ ယမိုက်ပြာဋိဟာကို

www.dhammaransi.com



ပြတော်မူခြင်း။ ။( ၂၁ )တာဝတိံသာ၌သာအဘိဓမ္မာတရားကိုဟောခြင်း။( ၂၂ )သင်္ကဿနဂိုရ်ပြည့်သို့ နတ်ပြည်မှသက်ခြင်း။ ( ၂၃ )အမြဲလျှင် ဖလသမာပတ်ကိုဝင်စားခြင်း။ (၂၄)နံနက်မိုးသောက်အခါ၊ ညဦးအခါအားဖြင့် ကာလနှစ်ပါးတို့၌ ဝေနေယျတို့ကို ကြည့်တော်မူခြင်း။ ( ၂၅ )အကြောင်းဝတ္ထု ဖြစ်မှသာလျှင် သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း။( ၂၆ )အဋ္ဌုပ္ပတ္တိ ဖြစ်သည်ရှိသော် ဇာတ်တော်တို့ကိုဟောခြင်း။ ( ၂၇ )ဆွေတော်မျိုးတော်တို့ အစည်းအဝေး၌ ဗုဒ္ဓဝင်ကို ဟောခြင်း။ ( ၂၈ ) ဧည့်သည်ရဟန်းတို့နှင့်တကွ ပဋိသန္ထာရပြုခြင်း။( ၂၉ )ဘိက်မန်အပ်သည် ဖြစ်၍ ဝါဆိုတော်မူကုန်သော ဘုရားတို့အား ဝါကျွတ်သောအခါ ဘိဘ်မန်သောဒါယကာတို့အား မပန်ကြားမူ၍ မသွားခြင်း။ ( ၃၀ )နေ့တိုင်းနေ့တိုင်း၊ ပုရေဘတ္တကိစ္စ၊ ပစ္ဆာဘတ္တကိစ္စ၊ ပုရိမယာမကိစ္စ၊ မဇ္ဈိမယာမကိစ္စ၊ ပစ္ဆိမယာမကိစ္စ၊ဟူ၍ ကိစ္စငါးပါးကိုပြုတော်မူခြင်း။ ။ဤသည်လျှင် ခပ်သိမ်းသောဘုရားရှင်တို့၏ ဓမ္မတာအပြားသုံးဆယ်တည်း။ ။

အနန္တရာယိက လေးပါးဟူသော်ကား။ ။( ၁ )ဘုရားမြတ်တို့ကို ရည်မှတ်၍ ဆောင်အပ်သော ပစ္စည်းလေးပါးတို့ကို တစုံတယောက်သောသူသည် အန္တရာယ်ပြုခြင်းငှါမတတ်နိုင်ခြင်း။( ၂ )ခပ်သိမ်းသောဘုရားတို့၏ အသက်တော်အား တစုံတယောက်သော သူသည် အန္တရာယ်ပြုခြင်းငှါ မတတ်နိုင်ခြင်း။( ၃ )မြတ်စွာဘုရား၏ကိုယ်တော်၌ သုံးဆဲ့နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့အား တစုံတယောက်သော သူတို့သည် အန္တရာယ် ပြုခြင်းငှါ မတတ်နိုင်ခြင်း။ ( ၄ )ဘုရားတို့၏ ကိုယ်တော်မှ ထွက်သော ခြောက်သွယ်သောရောင်ခြည်တော်တို့ကိုတစုံတယောက်သောသူသည်အန္တရာယ်ပြုခြင်းငှါမတတ်နိုင်ခြင်း။ ။ဤသည်လျှင် ခပ်သိမ်းသော ဘုရားတို့အားအနန္တရာယိကဓမ္မလေးပါးတည်း။ ။

ခပ်သိမ်းသော ဘုရားတို့သည် မစွန့်အပ်သောအရပ်ကား ၄လေးပါးတည်း။ လေးပါးဟူသော်ကား။ ။( ၁ )ခပ်သိမ်းသော ဘုရားတို့အား ဗောဓိပလ္လင်သည် မစွန့်အပ်သောအရပ်တည်း။ တခုသောအရပ်၌သာ တည်သည်ဖြစ်၏။ ( ၂ )ဓမ္မစကြာတရားဟောရာ ဣသိပတနမိဂဒါဝုန်တောသည်လည်း မစွန့်အပ်သောအရပ်တည်း။ တခုသောအရပ်၌သာ

www.dhammaransi.com



ဖြစ်၏၊ (၃)နတ်ပြည်မှသက်သောအခါ သင်္ကသနဂိုရ်ပြည်တံခါး၌ လက်ျာခြေတော်ချရာအရပ်သည်လည်း မစွန့်အပ်သောအရပ်တည်း။ (၄)ဇေတဝန်ကျောင်းတော်၌ ဂန္ဓကုဋီညောင်စောင်းခြေလေးချရာ အရပ်သည်လည်း။ ခပ်သိမ်းသောဘုရားတို့အား မစွန့်အပ်သောအရပ် တည်း။ အရှင်ဂေါတမမြတ်စွာဘုရား ညောင်စောင်းခြေချရာ၌သာဖြစ် ၏။ ကျောင်းတော်မူကား ကြီးငယ်ဖြစ်၏၊ကျောင်းတော်ရာသည်လည်း ဤအရပ်တွင်သာဖြစ်၏။ မြို့ရာမူကား၊ကျောင်းတော်မှတောင်မျက်နှာ၌ ရှိသောအခါရှိ၏။ အနောက်မျက်နှာ၊ မြောက်မျက်နှာ၊ အရှေ့မျက်နှာ၌ ရှိသောအခါရှိ၏။ အရာကိုစွန့်၏။ ဤသည်လျှင် မစွန့်အပ်သောအရပ် လေးပါးတည်း။ ။

ငါတို့ မြတ်စွာဘုရား၏ ဘွားဘက်တော်ကား။(၁)ရာဟုလာမယ် တော်။ (၂)အာနန္ဒာမထေရ်။ (၃)ဆန္နအမတ်။ (၄)ကဏ္ဍကမြင်း။ (၅)ရွှေအိုးကြီးလေးလုံး။(၆)ဗောဓိပင်။(၇)ကာဠုဒါယီအမတ်ဟူ၍ ခုနစ်ပါးတည်း။ ။

ငါတို့ ဘုရားလောင်းတော် ဖြစ်သော ယောကျ်ားမြတ်သည် ဘိုး တော်အဥ္စနမင်းထားသောသက္ကရာဇ်-၆၇-ခု။ ဝါဆိုလပြည့်၊ကြာသပ တေးနေ့၊ဥတ္တရာသဠ်နက္ခတ်နှင့်ယှဉ်၍ မယ်တော်ဝမ်း၌ ပဋိသန္ဓေနေ၏။ ထိုသက္ကရာဇ်-၆၈-ခု။ ကဆုန်လပြည့် သောကြာနေ့၊ဝိသာခါနက္ခတ်နှင့် ယှဉ်၍ ဘွားတော်မူ၏။ ထိုသက္ကရာဇ်-၉၆-ခု၊ ဝါဆိုလပြည့်တနင်္လာနေ့ ဥတ္တရာသဠ် နက္ခတ်နှင့် ယှဉ်၍ တောထွက်တော်မူ၏။ ထိုသက္ကရာဇ်- ၁၀၃-ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၊ ဝိသာခါနက္ခတ်နှင့်ယှဉ်၍ ဘုရား ဖြစ်တော်မူ၏။ ထိုသက္ကရာဇ်တွင်လည်းကောင်း။ ဝါဆိုလပြည့်စနေနေ့၊ ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်၍ ဓမ္မစကြာတရားကိုဟောတော်မူ၏။ ထို သက္ကရာဇ်-၁၀၇-ခု၊ ဝါဆိုလပြည့်၊ ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်လျက်၊ ယမိုက်ပြာဋိဟာကိုပြတော်မူ၏။ ထိုသက္ကရာဇ်တွင်လည်းကောင်း။ သီ တင်းကျွတ်လပြည့်နေ့၊ အဿဝဏီ နက္ခတ်နှင့် ယှဉ်လျက် နတ်ပြည်မှ သက်တော်မူ၏။ ထိုသက္ကရာဇ်-၁၄၇-ခု၊တပို့တွဲလပြည့် သောကြာနေ့၊ မာဃနက္ခတ်နှင့် ယှဉ်လျက် အာယုသင်္ခါရကိုလွှတ်တော်မူ၏။ ထိုသက္က ရာဇ်-၁၄၈-ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့၊ဝိသာခါနက္ခတ်နှင့်ယှဉ်လျက် ပရိနိဗ္ဗာန်ပြုတော်မူ၏။ဤကဆုန်လပြည့်ကျော်-၁၂-ရက် တနင်္ဂနွေနေ့

www.dhammaransi.com



တွင် တေဇောဓာတ် လောင်တော်မူ၏။ ။ဤကား နက္ခတ္တ ဇရိန္ဒေ တည်း။ ။

ခပ်သိမ်းသောဘုရားရှင်တို့အားထူးပြားခြင်းကား။ အာယုဝေမတ္တ၊ ပမာဏဝေမတ္တ၊ ကုလဝေမတ္တ၊ ပဓာနဝေမတ္တ၊ ရသ္မိဝေမတ္တ၊ ယာနဝေမတ္တ၊ဗောဓိဝေမတ္တ၊ပလ္လင်္ကဝေမတ္တ။ ဤသို့အားဖြင့်ထူးပြားခြင်းရှစ်ပါးတည်း။ ။

---

၈၃။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူရာစည်းဝေး
ရောက်လှာကုန်သောရဟန်းသံဃာတို့တိုင်ပင်တော်မူကြပြီးလျှင်။
ရာဇဂြိုဟ်ပြည်၊ ဝေဘာရတောင်၊ စရည်းပင်ရောက်ရာလိုဏ်
ဝ၌ရှင်မဟာကဿပအမှူးရှိသောရဟန္တာငါးရာတို့ပဌမ
သင်္ဂါယနာတင်တော်မူကြသည်ကိုပြရာ။

သက္ကရာဇ်-၁၄၈-ခု၊ကဆုန်လပြည့်နေ့၊ကုသိနာရုံပြည်၏အနောက်တောင်ထောင့်အရပ်၌။ ဥပဝတ္တနမည်သောအင်ကြင်းတော၌ မြတ်စွာဘုရားသည်ပရိနိဗ္ဗာန်စံယူတော်မူရာစည်းဝေးရောက်လာသောရဟန်းသံဃာအပေါင်းကား ခုနစ်သိန်းအရေအတွက်ရှိကုန်၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ ပရိနိဗ္ဗာနသတ္တာဟ၊စိတကသတ္တာဟ၊သာရီရပူဇနသတ္တာဟအားဖြင့် သုံးပါးသော သတ္တာဟတို့သည် လွန်ကုန်သည် ရှိသော်။ ယခုအခါ၌ နွေလတို့၏အခွဲနှင့်တကွနှစ်လသည်ကြွင်းသေး၏။ ဝါဆိုနေ့တို့သည်နီးကုန်ပြီဟုသိကုန်၍၊သွားကုန်အံ့ဟုတိုင်ပင်ကုန်သော်၊ ထိုခုနစ်သိန်းသောသံဃာတို့၏ အကြီးဖြစ်သော အရှင်မဟာကဿပမထေရ်သည် မြတ်စွာဘုရားပရိနိဗ္ဗာန်ပြု၍ ခုနစ်ရက်ရှိသောအခါ၌ ဝုဍ္ဎပဗ္ဗဇိတဖြစ်သောသုဘဒ္ဒသည်၊ငါ့ရှင်တို့၊မသင့်၊မစိုးရိမ်ကြကုန်လင့်၊မငိုကြွေးကြကုန်လင့်။ငါတို့သည် ရဟန်းဂေါတမမှကောင်းစွာလွတ်ကုန်ပြီ။ဤအမှုသည် သင်တို့အားအပ်၏။ဤအမှုသည် သင်တို့အားမအပ်ဟူ၍ ရဟန်းဂေါတမသည် ငါတို့ကိုနှိပ်စက်အပ်ကုန်ပြီ၊ ယခုအခါ၌ငါတို့သည်အကြင်အမှုကိုပြုခြင်းငှါအလိုရှိကုန်၏။ ထိုအမှုကိုပြုရကုန်လတ္တံ့။ အကြင်အမှုကိုပြုခြင်းငှါအလိုမရှိကုန်၊ထိုအမှုကိုမပြုရကုန်လတ္တံ့။ ဟူ၍ဆိုအပ်သောစကားကိုအောက်မေ့၍၊ အကြင်အကြောင်းဖြင့် ယုတ်မာ

www.dhammaransi.com



သော်အာလိုဆိုးရှိကုန်သောရဟန်းတို့သည်။ မြတ်စွာဘုရားစကားတော်သည် ထင်ရှားရှိသေးလျက် ဘုရားလွန်ပြီဟု မှတ်ကုန်သဖြင့်။ အပင်းအသင်းကိုရကုန်၍၊ မကြာမြင့်မီလျှင် ပိဋကတ်သုံးပုံတည်းဟူသောသူတော်ကောင်းစကားတို့ကို ကွယ်စေကုန်ရာ၏။ ထိုအကြောင်းသည်ရှိ၏။အကြင်မျှလော်ကာလပတ်လုံး သုတ် အဘိဓမ္မာ ဝိနည်းသည် တည်၏။ ထိုမျှလောက်သုတ်အဘိဓမ္မာဝိနည်းတည်သမျှကာလပတ်လုံး၊ မြတ်စွာဘုရားမလွန်သေးသည်ဖြစ်၏။ မြတ်စွာဘုရားသည်လည်း။အာနန္ဒာ၊ အကြင် သုတ်အဘိဓမ္မာကိုဟောအပ်ပြီ။ ဝိနည်းကိုပညတ်အပ်ပြီ။ ထိုသုတ်အဘိဓမ္မာဝိနည်းသည် ငါလွန်သဖြင့် သင်တို့၏ဆရာတည်းဟူ၍ဟောတော်မူခဲ့ပြီ။ငါကြီအောက်မေ့သည်ကား။အကြင်အခြင်းဖြင့်သုတ်အဘိဓမ္မာဝိနည်းတို့ကို သင်္ဂါယနာတင်သည်ရှိသော် သာသနာတော်သည် အဓွန့်ရှည်မြင့်စွာတည်သည်ဖြစ်ရာ၏။ထိုအခြင်းဖြင့် သုတ်အဘိဓမ္မာကိုရင်း၊ ဝိနည်းကိုရင်း သင်္ဂါယနာတင်ရာ၏။ ကဿပ၊ပြီးပြီးသောသုံးဆောင်ခြင်းရှိကုန်သော ပိုက်ဆန်လျှော်မျှင်ဖြင့် ပြီးကုန်သော ငါ၏ပံသုကူသင်္ကန်းတို့ကို သင်သည် ဆောင်နိုင်လတ္တံ့လောဟု မိန့်တော်မူ၍၊ မြတ်စွာဘုရားသည် သင်္ကန်း၌ ကိုယ်တော်နှင့် ဆက်ဆံသော သုံးဆောင်ခြင်းဖြင့် အကြင်ငါ့ကိုချီးမြှောက်အပ်ပြီ။ ချစ်သားရဟန်းတို့၊ ငါသည်အကြင်မျှလောက်အလိုရှိ၏။ထိုမျှလောက်ကာမတရားတို့မှဆိတ်၍ ပဌမဈာန်သို့ကပ်၍ နေ၏။ ကဿပလည်း ထိုမျှလောက်ကပ်၍ နေ၏။ ဤသို့အစရှိသောနည်းဖြင့် အစဉ်အတိုင်းဝင်စားအပ်သော သမာပတ်ကိုးပါး၊ အဘိညာဉ်ခြောက်ပါး အစရှိသော ဥတ္တရိမနုဿဓမ္မ၌ ကိုယ်တော်နှင့်ထပ်တူထပ်မျှထားသဖြင့် ချီးမြှောက်တော်မူအပ်ပြီ။ ထိုသို့ ချီးမြှောက်တော်မူသဖြင့် ငါ၌မြီဖြစ်ခဲ့၏။ သင်္ဂါယနာတင်သည်မှ တပါးသောအခြောင်းဖြင့် ထိုမြီမှ အဘယ်မှာလွတ်ပေလတ္တံ့နည်း။ စကြဝတေးမင်းသည် ချပ်တန်ဆာအစိုးရခြင်းစည်းစိမ်ချမ်းသာကိုပေးသဖြင့် မိမိ၏ အမျိုးအနွယ်ကို တည့်စေတတ်သော သားကို ချီးမြှောက်သကဲ့သို့၊ ဤကဿပသည် သူတော်ကောင်းတရားတည်းဟူသော ငါ၏အနွယ်ကို တည့်စေတတ်သည်ဖြစ်လတ္တံ့ဟု သိတော်မူ၍။ ကိုယ်တော်၏သင်္ကန်းနှင့် ငါ၏သင်္ကန်းကို ဖလှယ်သဖြင့် သူတပါးတို့နှင့် မဆက်ဆံသောချီးမြှောက်ခြင်းဖြင့် ငါ့ကို ချီးမြှောက်တော်မူအပ်ပြီးသည်မဟုတ်

www.dhammaransi.com



ပေတုံလောဟုကြံလျက်။ သုတ် အဘိဓမ္မာ ဝိနည်းတရားကို သင်္ဂါယနာ တင်အံ့သောငှါ ရဟန်းတို့အား အားထုတ်ခြင်းကိုဖြစ်စေတော်မူ၏။ အဘယ်သို့ဖြစ်စေသနည်းဟူမူကား။ သဟာယတို့အား ဂုဇုပဗ္ဗဇိတသုဘဒ္ဒ ဆိုသောစကားကိုကြား၍၊ ငါ့ရှင်တို့၊ ယခုအခါ၌ငါတို့သည်သူယုတ်တို့၏တရားမထွန်းပမီ၊ သူတော်ကောင်းတရားမတိမ်မြုပ်မီ၊ ဝိနည်းမဟုတ်သောတရားမထွန်းပမီ။ ဝိနည်းတရားမတိမ်မြုပ်မီ။ တရားကိုမယူသော သူတို့သည် အားမကြီးကုန်မီ။ တရားကိုယူသောသူတို့ အားမနည်းမီ။ ဝိနည်းကိုမယူသောသူတို့သည် အားမကြီးကုန်မီ။ ဝိနည်းကိုယူသော သူတို့သည်အားမနည်းကုန်မီ။ သုတ်အဘိဓမ္မာဝိနည်းကိုငါတို့ပေါင်း၍ ရွတ်ကုန်အံ့ဟု မိန့်တော်မူ၏။ ရဟန်းတို့သည် ဆိုကုန်၏။ ထိုသို့တပြီး ကား။ အရှင်မဟာကဿပသည် ရဟန်းတို့ကိုရွေးကောက်တော်မူပါ လော့ဟူ၍ဆိုကုန်၏။ အရှင်မဟာကဿပမထေရ်သည် အလုံးစုံသော အင်္ဂါကိုးပါးဟုဆိုအပ်သောမြတ်စွာဘုရား၏ပရိယတ္တိသာသနာတော် ကိုဆောင်ကုန်သော၊ အရေမကအထောင်မကများကုန်သော၊ ပုထုဇန်၊ သောတာပန်၊ သကဒါဂံ၊ အနာဂံ၊ သုက္ခဝိပဿကရဟန္တာတို့တို့ကြဉ် ၍၊ ပိဋကတ်သုံးပုံဟု ဆိုအပ်သော အလုံးစုံသော ပရိယတ္တိအပြားကို ဆောင်ကုန်သော၊ ပဋိသမ္ဘိဒါလေးပါးသို့ ရောက်ကုန်ပြီးသော၊ ကြီး သောအာနုဘော်ရှိကုန်သော၊ များသောအားဖြင့် ဘုရားမြတ်စွာသည် ဧတဒဂ်အရာ၌ထားအပ်ကုန်သော၊ ဝိဇ္ဇာသုံးပါး၊ အဘိညာဉ်ခြောက်ပါး၊ သဒ္ဓာပတ်ရှစ်ပါးတို့သို့ရောက်ကုန်သော ရဟန္တာတယောယံယုတ်ငါးရာ တို့ကို ရွေးကောက်တော်မူ၏။ အဘယ့်ကြောင့်ကား တယောက်ဖြင့် ယုတ်သည်ကိုပြုလေသနည်းဟူတုံအံ့။ အရှင်အာနန္ဒာ၏အခွင့်ကိုပြုခြင်း ငှါတည်း။ ထိုအခါ၌ အရှင်အာနန္ဒာနှင့်တကွလည်း သင်္ဂါယနာတင်အံ့ သောငှါ မတတ်ကောင်း။ အရှင်အာနန္ဒာနှင့်ကင်း၍ သင်္ဂါယနာတင်အံ့ သောငှါလည်း မတတ်ကောင်း။ ထိုအရှင်အာနန္ဒာသည် သောတာပန် သေက္ခသာတည်း။ အထက် မဂ်သုံးခုအလို့ငှါ ပြုဘွယ်ရှိသေး၏။ ထို ကြောင့် တကွလည်း မတတ်ကောင်း။ အကြင်ကြောင့် မြတ်စွာဘုရား သည် ဟောတော်မူအပ်သော သုတ္တ၊ ဂေယျ၊ အစရှိသော တစုံတခုကို မြတ်စွာဘုရား၏ မျက်မှောက်တော်မှ မသင်အပ်သောမည်သည် မရှိ။ ထိုကြောင့် ကင်း၍လည်း မတတ်ကောင်း။ ဤသို့မတတ်ကောင်းသော်၊

www.dhammaransi.com



သေက္ခသာဖြစ်သော်လည်း သင်္ဂါယနာတင်ခြင်း၏ ကျေးဇူးများသည် ၏အဖြစ်ကြောင့် အရှင်အာနန္ဒာကို ရွေးကောက်တော်မူအပ်၏။ အဘယ့်ကြောင့်ရွေးကော်တော်မမူသနည်း။ အရှင်မဟာကဿပသည် အရှင်အာနန္ဒာ၌ အလွန်အကျွံဝင်၏၊ ဦးခေါင်း၌ဆံဖြူရော်သော်လည်း ဤသတို့သားသည်အတိုင်းအရှည်ကိုမသိဟု။ ကုမာရကဝါဒဖြင့် ရှင်အာနန္ဒာကိုဆုံးမ၏။ အရှင်အာနန္ဒာသည် သကျဝင်မင်းမျိုးဟူ၍ ကျော်စော၏။ မြတ်စွာဘုရားဘထွေးတော်၏သားတည်း။ ထိုအရှင်အာနန္ဒာ၌ မလိုက်အပ်သောဆန္ဒာဂတိသို့လိုက်သကဲ့သို့ထင်ကုန်လျက် များစွာကုန်သော အသေက္ခပဋိသမ္ဘိဒါပတ္တ ရဟန်းတို့ကို ထား၍ သေက္ခသာဖြစ်သော အရှင်အာနန္ဒာကိုအရှင်မဟာကဿပသည်ရွေးကောက်၏ဟူ၍ရဟန်းတို့သည် ကဲ့ရဲ့ကုန်ရာ၏။ ထိုကဲ့ရဲ့ခြင်းကို ကြဉ်တော်မူလိုသည် ဖြစ်၍၊ အရှင်အာနန္ဒာကို ကင်းစေ၍ သင်္ဂါယနာတင်ခြင်း၌ မတတ်ကောင်း။ ရဟန်းတို့၏အလိုအားဖြင့်သာလျှင် ရွေးကောက်စေအံ့ဟုကြံတော်မူ၍ မရွေးကောက်သတည်း။ ထိုရောအခါ ရဟန်းတို့သည် မိမိတို့အလိုလိုပင်အရှင်အာနန္ဒာကိုရွေးကောက်စိမ့်သောငှါ။ အရှင်မဟာကဿပကို။ ဘုန်းတော်ကြီးလှသော အရှင် မဟာကဿပ၊ ဤအရှင်အာနန္ဒာသည် အကယ်၍ သေက္ခသာဖြစ်၏။ အဂတိလေးပါးသို့လိုက်ခြင်း၌ မထိုက်။ အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏အထံ၌ သုတ်အဘိဓမ္မာဝိနည်းကို သင်ပေ၏။ ထိုကြောင့်အရှင်မဟာကဿပသည် အရှင်အာနန္ဒာကိုရွေးကောက်တော်မူပါဟုတောင်းပန်ကုန်၏။ ထိုအခါအရှင်အာနန္ဒာကိုရွေးကောက်တော်မူ၏။ ရဟန်းတို့ အလိုအားဖြင့် ရွေးကောက်အပ်သော အရှင်အာနန္ဒာနှင့်တကွ ငါးရာသောမထေရ်တို့သည်ဖြစ်ကုန်၏။ ထိုရောအခါ မထေရ်တို့အား အဘယ်အရပ်၌ သုတ် အဘိဓမ္မာ ဝိနည်းတို့ကို သင်္ဂါယနာတင်ရကုန်အံ့နည်းဟု ကြံကုန်၏။ ထိုအခါ မထေရ်တို့အား ရာဇဂြိုဟ်ပြည်သည် ကျယ်သောဆွမ်းခံရွာရှိ၏။ များသောကျောင်းရှိ၏။ အကယ်၍ကား ငါတို့သည့်ရာဇဂြိုဟ်ပြည်၌ဝါဆိုကုန်လျက် သင်္ဂါယနာတင်ကုန်အံ့။ တပါးသောရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ဝါမဆိုကုန်ရာ။ အဘယ့်ကြောင့်နည်းဟူအံ့။ ငါတို့၏ဤအမှုသည် မြဲမြံစွာပြုအပ်သောအမှုတည်း။ တစုံတယောက်သော သဘောမတူသောရဟန်းသည် သံဃာ့ဘောင်သို့ဝင်၍မြစ်ရာ၏။ ထိုကြောင့် ငါတို့ငါးရာမှ တပါးသော

www.dhammaransi.com



ရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ဝါဆိုကုန်ရာဟုဘိုင်ပင်ကုန်ပြီးသော် အရှင်မဟာကဿပသည် ဥတ္တိဒုတိယကမ္ဗဝါစာဖြင့် ထိုငါးရာသော ရဟန်းတို့ကိုချနစ်သိန်းသောသင်္ဃာတို့၏အလယ်၌။ သုဏာတုမေ အာဝုသော ရှိသည်ကို ရွတ်၍။ မြတ်စွာဘုရား လွန်တော်မူသည်မှ နှစ်ဆဲ့ တရက် မြောက်သောနေ့၌သမုတ်၏။ သမုတ်သောအခြင်းအရာကား။အရှင်တို့၊ သင်္ဃာသည် ငါ၏စကားကိုနာစေသတည်း။ သင်္ဃာအားလျောက်ပတ် သောအခါသည်ဖြစ်အံ့။ သင်္ဃာသည် ငါတို့ငါးရာသော ရဟန်းတို့ကို ရာဇဂြိုဟ်ပြည်၌ဝါဆိုကုန်လျက် သုတ်အဘိဓမ္မာဝိနည်းကိုသင်္ဂါယနာ တင်ခြင်းငှါသမုတ်ရာ၏။ တပါးသောရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါမဆိုအပ်။ ဤသို့သမုတ်ခြင်းကို အကြင်ပုဂ္ဂိုလ်သည် မနှစ်သက်။ ထို ပုဂ္ဂိုလ်သည်ဆိုရာ၏။ အကြင်ပုဂ္ဂိုလ်အားနှစ်သက်၏။ ထိုပုဂ္ဂိုလ်သည် ဆိတ်ဆိတ်နေသည်ဖြစ်ရာ၏။ ဤသို့ဆိတ်ဆိတ်နေသဖြင့် နှစ်သက်သော အဖြစ်ကိုသိရာ၏ဟုလိုသည်။ ။ဤသို့သမုတ်ပြီးသော်။ နယုန်လဆန်း ၅-ရက်နေ့ခါတ်တော်တို့ကိုခွဲဝေပြီးနောက်။အရှင်မဟာကဿပသည် ငါးရာသောရဟန်းတို့ကိုခေါ်၍ ငါ့ရှင်တို့၊ယခုအခါသင်တို့အားအရက် လေးဆယ်တို့ကိုခွင့်ပြု၏။ထိုရက်လေးဆယ်နောက်၌ဤမည်သောပလိ ဗောဓသည်ရှိ၏ဟုဆိုခြင်းငှါမရအပ်။ ထိုကြောင့် ဤအရက်လေးဆယ် တွင်း၌အကြင်ရဟန်းအားအနာနှင့်စပ်သောကြောင့်ကြ။ဆရာဥပဇ္ဈာယ် နှင့်စပ်သော ကြောင့်ကြ။ အမိအဘနှင့်စပ်သောကြောင့်ကြသည် ရှိအံ့။ သပိတ်ဖုတ်ခြင်းကိစ္စ၊ သင်္ကန်းချုပ်ခြင်းကိစ္စသည်ရှိအံ့။ ထိုအလုံးစုံကို ပြီးစေ၍ သင်္ဂါယနာတင်ခြင်းကိုပြုစေသတည်းဟုမိန့်ဆို၍။ မိမိ၏အခြံ အရံရဟန်းငါးရာကိုယူ၍ ရာဇဂြိုဟ်ပြည်သို့ သွားလေ၏။ တပါးသော မထေရ်တို့သည်လည်း မိမိမိမိတို့၏အခြံအရံကိုယူ၍ သောကတည်း ဟူသောပြောင့်ဖြင့် နှိပ်စက်သောလူအပေါင်းကို သက်သာခြင်းကိုပြုအံ့ သော၌ ထိုထိုသောအရပ်သို့ ဘဲလေကုန်၏။ အရှင်ပုဏ္ဏမထေရ်ကား။ ခုနစ်ရာသော ရဟန်းတို့နှင့်တကွ မြတ်စွာဘုရား လွန်တော်မူရာသို့လာ သောလူအပေါင်းကို သက်သာစေအံ့ဟု ကုသိနာရုံ၌ နေရစ်၏။ ဝိနည်း အဋ္ဌကထာ၌ကား။ အရှင်မဟာကဿပသည် ထက်ဝက်သောသင်္ဃာ ကိုယူ၍ ရာဇဂြိုဟ်ပြည်သို့ကြွလေ၏။ အရှင်အနုရုဒ္ဓါသည်လည်း ထက် ဝက်သောသံဃာကိုယူ၍ခရီးတကြောင်းဖြင့်ကြွလေ၏ဟူ၍ဆို၏။

www.dhammaransi.com



အရှင်အာနန္ဒာမှုကား။ ပရိနိဗ္ဗာန်ပြုတော်မမူမီ ရှေးအဘို့၌ မြတ်စွာဘုရား၏သပိတ်သက်န်းကိုယူသကဲ့သို့။ မိမိကိုယ်တိုင် မြတ်စွာဘုရား၏ သပိတ်သက်န်းကိုယူ၍ ငါးရာသောရဟန်းတို့နှင့်တကွ အကြွင်းအရပ်၌ သာဝတ္ထိပြည်သည်ရှိ၏။ ထိုအရပ်သို့ကြွတော်မူလေ၏။ ကြွတော်မူပြီးသော် အရှင်အာနန္ဒာအား အခြံအရံဖြစ်ကုန်သောရဟန်းတို့သည် ရေတွက်ခြင်းကိုလွန်ကုန်၏။ ထိုအရှင်အာနန္ဒာ ရောက်ရာရောက်ရာအရပ်၌ ကြီးစွာသောငိုကြွေးခြင်းသည်ဖြစ်၏။ အစဉ်သဖြင့် အရှင်အာနန္ဒာသည် သာဝတ္ထိပြည်သို့ ရောက်သည် ရှိသော်။ သာဝတ္ထိပြည်၌ နေကုန်သော သူတို့သည် အရှင်အာနန္ဒာရောက်လာပြီဟု ကြား၍။ ပန်း နံ့သာ အစရှိသည်တို့ကို လက်စွဲကုန်လျက် ခရီးဦးကြို ပြု၍၊ ဘုန်းတော်ကြီးသော အရှင်အာနန္ဒာ၊ ရှေးအခါ၌ မြတ်စွာဘုရားနှင့်တကွကြွတော်မူလာကုန်ပြီ၊ ယခုအခါ၌မြတ်စွာဘုရားကိုအဘယ်အရပ်၌ထား၍လာတော်မူသနည်းဟုဆိုကုန်လျက်ငိုကြွေကုန်၏။ ပရိနိဗ္ဗာန်ပြုတော်မူသော နေ့ကဲ့သို့ ကြီးစွာသောငိုကြွေးခြင်းသည်ဖြစ်၏။ ထိုသို့ငိုကြွေးသောပရိသတ်၌ အရှင်အာနန္ဒာသည် အမြဲမရှိသောသဘောနှင့် စပ်သောတရားစကားဖြင့် လူများအပေါင်းကိုမှတ်သိစေ၍။ ဇေတဝန်ကျောင်းတော်တွင်းသို့ဝင်၍၊ မြတ်စွာဘုရားနေတော်မူအပ်သော ဂန္ဓကုဋိကိုရှိခိုး၍၊ တိုက်တံခါးကိုဖွင့်၍၊ ညောင်စောင်းအင်းပျဉ်ကိုထုတ်၍။ ဂန္ဓကုဋိကိုတံမြက်လှည်း၍၊ ညှိုးပြီးသောပန်းအမှိုက်တို့ကိုစွန့်၍၊ ညောင်စောင်းအင်းပျဉ်ကိုခင်း၍ သွင်းမြဲတိုင်း သွင်းပြန်၍။ မြတ်စွာဘုရား၏ ရှေးထင်ရှားရှိသောအခါ၌ ပြုအပ်သော ဝတ်ကို ပြု၏။ ပြုတော်မူသော်လည်း။ ရေချိုးအိုး၌ ရေလောင်းသောအခါ၊ တံမြက်လှည်းသောအခါစသည်တို့၌ ဂန္ဓကုဋိကိုရှိခိုးပြီး၍၊ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ယခုအခါ၌ ရှင်ပင်ဘုရားတို့၏ရေချိုးသောအခါ မဟုတ်တုံလော။ ဤအခါသည် တရားဟောသောအခါ မဟုတ်တုံလော။ ရှင်ပင်ဘုရား၊ ဤအခါသည်ကား ရှင်ပင်ဘုရားတို့၏ ရဟန်းတို့အား အဆုံးအမ ပေးသောအခါ မဟုတ်တုံလော။ ဤအခါသည်ကား ခြင်္သေ့မင်း၏အိပ်ခြင်းကဲ့သို့အိပ်ခြင်းကိုပြုတော်မူသောအခါ မဟုတ်တုံလော။ ဤအခါသည်ကားရှင်ပင်ဘုရားတို့၏မျက်နှာသစ်သော အခါမဟုတ်တုံလော။ ဤသို့အစရှိသည်ဖြင့်ငိုကြွေးလျက်ပြု၏။ အကြွင်းအခြင်းဖြင့် ထိုအရှင်အာနန္ဒာအား။ မြတ်စွာဘုရား၏ ကျေးဇူးအပေါင်း

www.dhammaransi.com



တည်းဟူသော အမြိုက်အရသာကိုသိသည့်၏အဖြစ်ကြောင့်၎င်း။ မြတ်စွာဘုရား၌ တရသောချစ်ခြင်းရှိ၍၎င်း။ရဟန္တာမဟုတ်သေးသည်ဖြစ်၍၎င်း။များစွာသောအနှစ်အသိန်းမကသောကာလတို့၌။တယောက်သည် တယောက်အား ကျေးဇူးကိုဖြစ်စေအပ်သဖြင့်စိတ်၏နူးညံ့ခြင်းရှိသည်ဖြစ်၍၎င်း။ ငိုကြွေးခြင်းကို ပြုသတည်း။ ။ထိုအခါ အရှင်အာနန္ဒာကို မထင်ရှားသောနတ်သားတယောက်သည်။ ဘုန်းတော်ကြီးသောအရှင်အာနန္ဒာ၊ အရှင်ဘုရားတို့သည် ဤသို့ ငိုကြွေးကုန်သည်ရှိသော် တပါးသောသူတို့ကို အရှင်ဘုရားတို့သည် အဘယ်သို့ သက်သာစေနိုင်ကုန်လတ္တံ့နည်းဟုထိတ်လန့်စေ၏။အရှင်အာနန္ဒာသည် ထိုနတ်တို့၏စကားဖြင့် ထိတ်လန့်သောနှလုံးရှိ၍ မိမိကိုယ်ကို ခိုင်စေ၍။ မြတ်စွာဘုရားပရိနိဗ္ဗာန်ယူတော်မူသည်မှစ၍ ရပ်ခြင်းထိုင်ခြင်းများသောကြောင့်။ ပထဝီဓာတ်ပြောသောကိုယ်ကိုဖါတ်လေးပါးမျှစိမ့်သော၌။သာဝတ္ထိပြည်သို့ရောက်၍ နှစ်ရက်မြောက်သောနေ့၌ နို့ရည်နှင့်ရောသော ဝမ်းကျဆေးကိုသောက်၍ကျောင်းတွင်း၌နေ၏။ထိုရောအခါ တောဒေယျပုဏ္ဏား၏သားဖြစ်သော သုဘလုလင်သည် အိမ်သို့ ကြွတော်မူပါ ပင့်စေသော်။ လုလင်ကို၊ လုလင်၊အခါမဟုတ်သေး။ ယနေ့ ငါ့အား အနည်းငယ်သောသောက်အပ်သောဆေးရှည်ရှိ၏။နက်ဖြန်နေ့မှကပ်လာရအံ့လည်းမသိဟုမိန့်လိုက်၍၊နက်ဖြန်မိုးသောက်သောအခါ၌စေတကထေရ်နောက်ပါရဟန်းရှိသည်ဖြစ်၍သုဘလုလင်အိမ်သို့ကပ်၍သုဘလုလင်မေးလျှောက်အပ်သောအရှင်အာနန္ဒာသည်။ ဒီဃနိကာယ် သီလက္ခန္ဓဝဂ်၌၊ ဆယ်ခုမြောက်ဖြစ်သော သုဘသုတ်မည်သည်ကို ဟောတော်မူ၏။ အရှင်အာနန္ဒာသည် ဇေတဝန်ကျောင်းတော်၌ ကျိုးသည် ပွင့်သည်ကို ပြင်ဆင်တော်မူ၍။ ဝါဆိုနီးသည်ရှိသော် ရဟန်းသံဃာကိုစွန့်၍ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူလေ၏။ ။ထိုအရှင်အာနန္ဒာ အတူလည်းကောင်းလျှင်။ သင်္ဂါယနာတင်အံ့သော၌ သမုတ်အပ်သောမထေရ်ကြီးတို့သည် ထိုထိုအရပ်တို့မှ ရာဇဂြိုဟ်ပြည်သို့လာကုန်၏။ ထိုမထေရ်ငါးရာတို့သည်။ ဝါဆိုလပြည့်နေ့၌တပေါင်းတည်းဥပုသ်ပြုကုန်၍။ အထွက်တရက်နေ့၌ ဝါသို့ ကပ်ကုန်၏။ ။ထိုအခါ ရာဇဂြိုဟ်ပြည်ကိုရံ၍ တည်ကုန်သော တဆဲ့ရှစ်ဆောင်သော ကျောင်းကြီးတို့သည် ရဟန်းတို့ စွန့်ပစ်၍သွားကုန်သဖြင့်။ကျသောချားသောအမှိုက်ရှိကုန်သည်ဖြစ်ကုန်၏။ မြတ်စွာ

www.dhammaransi.com



ဘုရားပရိနိဗ္ဗာန်ပြုခြင်းကြောင့် အလုံးစုံသော ရဟန်းတို့သည် မိမိမိမိ တို့၏သပိတ်သင်္ကန်းကိုယူကုန်၍။ ကျောင်းပရိဝုဏ်တို့ကို စွန့်ခဲ့ကုန်၍။ ကုသိနာရုံသို့ချည်း လာကုန်သောကြောင့် ကျောင်း၌ကျိုးသည့်ပွင့်သည် များကုန်၏။ထိုမထေရ်ကြီးတို့သည် ဝါသို့ကပ်ကုန်ပြီးသော်၊ငါ့ရှင်တို့၊ မြတ်စွာဘုရားသည် ကျောင်း၌ကျိုးသည်ပွင့်သည်ကိုပြင်ဆင်သည်ကို ချီးမွမ်းတော်မူ၏။ ထိုကြောင့် မြတ်စွာဘုရား၏စကားတော်ကို ပူဇော် ခြင်းဌါရင်း။ တိတ္ထိတို့ ကဲ့ရဲ့ခြင်းမှ လွတ်စိမ့်သောဌါရင်း။ ပဌမဝါဆိုလ ပတ်လုံး ကျိုးသည် ပွင့်သည်ကို ပြင်ဆင်ကုန်အံ့။ဝါခေါင်လမှသင်္ဂါယ နာတင်ကုန်အံ့။တိတ္ထိတို့သည်လည်း ရဟန်းဂေါတမ၏တပည့်တို့သည် ဘုရားထင်ရှားရှိသောအခါ၌ ကျောင်းတို့ကို သုတ်သင်ပြင်ဆင်ကုန်၏။ ဘုရားပရိနိဗ္ဗာန်ပြုတော်မူသော် စွန့်ကုန်၏။ ဒါယကာတို့ များစွာသော ဥစ္စာကိုစွန့်ကြ၍ပြုသောကောင်းမှုသည် ပျက်စီးခြင်းသို့ ရောက်ခဲ့ပြီဟု ကဲ့ရဲ့ကုန်ရာ၏။ထိုကြောင့်ပဌမဝါဆိုလပတ်လုံး ကျောင်းတို့၌ကျိုးသည် ပွင့်သည်ကို ပြင်ဆင်ကုန်ပြီးမှ ဝါခေါင်လ၌ သင်္ဂါယနာတင်ကုန်အံ့ဟု တိုင်ပင်ကုန်၍။ဝါဆိုလပြည့်ကျော်နှစ်ရက်နေ့ အဇာတသတ်မင်း၏နန်း တော်သို့ မထေရ်ကြီးတို့သည်ကပ်လေကုန်၍၊ မင်းအိမ်တံခါး၌ရပ်လေ ကုန်၏။ အဇာတသတ်မင်းကြီးသည် လာ၍ရှိခိုး၍၊ အရှင်ဘုရားတို့၊ အ ဘယ်ကြောင့် ကြွတော်မူလာကုန်သနည်းဟု မိမိ၏ပြုဘွယ်ကိစ္စကိုမေး လျှောက်၏။မထေရ်ကြီးတို့သည် တဆဲ့ရှစ်ဆောင်သော ကျောင်းတို့ကို ပြုပြင်ခြင်းဌါ လက်အမှုကိုကြားကုန်၏။ မင်းကြီးသည် လက်အမှုကိုပြု တတ်ကုန်သောလူတို့ကိုပေး၏။ မထေရ်တို့သည် ပဌမဝါဆိုလပတ်လုံး ကျောင်းတို့ကိုပြုပြင်၍။ မြတ်သောမင်းကြီး၊ ကျောင်းပြင်ခြင်းကိစ္စပြီးပြီ။ ယခုအခါ၌ သုတ်အဘိဓမ္မာဝိနည်းကိုသင်္ဂါယနာတင်ကုန်အံ့ဟူ၍ မင်း ကြီးအား ကြားကုန်၏။ မင်းကြီးလည်း ကောင်း၏ အရှင်ဘုရားတို့၊ ပြု တော်မူပါကုန်။ လွတ်လွတ်ပြုတော်မူပါကုန်။ အကျွန်ုပ်၏အာဏာစက် လည်းဖြစ်ပါစေမည်။ အရှင်ဘုရားတို့၏ဓမ္မစက်ကိုလည်းဖြစ်စေတော် မူပါကုန်။ အဘယ်အမှုကို ပြုရအံ့နည်းဟု လျှောက်၏။ မြတ်သောမင်း ကြီး၊ သင်္ဂါယနာတင်ကုန်သော ရဟန်းတို့၏နေရာကို ပြုအပ်၏ဟုမိန့် တော်မူကုန်သော်။အရှင်ဘုရားတို့၊အဘယ်အရပ်၌ ပြုရကုန်အံ့နည်းဟု မေးလျှောက်၍။ မြတ်သောမင်းကြီး၊ ဝေဘာရတောင်နံရံ၊ ဖရည်းပင်

www.dhammaransi.com



ရောက်ရာလိုက်ဝင်၍ ပြုအပ်၏ဟုမိန့်ကုန်သော်။ ကောင်းလှပါပြီ အရှင်
ဘုရားတို့ဟု ဝန်ခံ၍၊ အဇာတသတ်မင်းကြီးသည် ဝိသုကြုံနတ်သားဖန်
ဆင်းသည့်နှင့်တူသော၊ ကောင်းစွာ ဝေဘန်အပ်သော နံရံ သည့်တိုင်
စောင်းတန်းရှိသော၊ အထူးထူးအပြားပြားသော ရှုံးပန်း ရှုံးနွယ် အမှု
တို့ဖြင့် ဆန်းကြယ်သော။ မင်းအိမ်တော်၏ တင့်တယ်ခြင်းကို နှိပ်စက်
ဘိသကဲ့သို့။ နတ်ဗိမာန်၏တင့်တယ်ခြင်းကို ပြက်ရယ်မှုပြုသကဲ့သို့။ အ
သရေဖြင့် တောက်ပသကဲ့သို့။ နတ် အသုရာ ဂဠုန် နဂါး ဂန္ဓဗ္ဗနတ်တို့
၏မျက်စိတည်းဟူသော ငှက်အပေါင်းတို့၏ တခဲနက်ကျရာဆိပ်ကဲ့သို့။
လူတို့၏မွေ့လျော်ဘွယ်ဟူသမျှကို တပေါင်းတည်းပြုသကဲ့သို့။ ရှုဘွယ်
ဘနန်းရှိသော မဏ္ဍပ်ကို ပြုစေ၍။ အထူးထူး အပြားပြားရှိသော ပန်း
ဆိုင်းတို့ဖြင့် တွဲရရွဲ ဆွဲလျက်။ ပြိုးပြိုးပြက် တောက်ပသော ရွှေဗိတာန်
ကြက်ထသော၊ ရတနာတို့ဖြင့်ဆန်းကြယ်သော၊ ပတ္တမြားကျောက်တို့
ဖြင့်စီအပ်သောအပြင်ကဲ့သို့။ အထူးထူးသော ပုံဇော်ခြင်းတို့ဖြင့် ဆန်း
ကြယ်သော ကောင်းစွာပြိုးပြိုးသော မြေအမှုရှိသော မဏ္ဍပ်ကို ဗြဟ္မာ
မင်း၏ ဗိမာန်ကဲ့သို့ တန်ဆာဆင်၍၊ ထိုဗိမာန်၌ ငါးရာသော ရဟန်းတို့
အား အဘိုးအတိုင်းမသိထိုက်ကုန်သော ငါးရာသော ခင်းနှီးတို့ကိုခင်း
စေ၍။တောင်အဘို့ကိုမှီ၍ မြောက်မျက်နှာသို့ရှေးရှုမထေရ်ကြီး၏နေရာ
ကိုခင်း၍။ မဏ္ဍပ်၏အလယ်၌ အရှေ့မျက်နှာသို့ရှေးရှု မြတ်စွာဘုရား၏
နေတော်မူခြင်းငှါ ထိုက်သော တရားဟောနေရာကို ခင်း၍၊ ဤတရား
ဟောနေရာ၌ ဆင်စွယ်ဖြင့်စီအပ်သောယပ်ကိုထား၍။ အရှင်ဘုရားတို့၊
အကျွန်ုပ်၏ပြုဘွယ်ကိစ္စသည် ပြီးပြီဟူ၍ ကြားလျှောက်စေ၏။ ။ထို
အခါ အရှင်အာနန္ဒာကိုရည်မှတ်၍ ရဟန်းတို့သည်။ဤရဟန်းသံဃာ၌
တယောက်သောရဟန်းသည် အဆိပ်နံ့ကိုလှိုင်စေလျက် သွားလတ္တံ့ဟု
ဆိုကုန်၏။အရှင်အာနန္ဒာသည်ထိုစကားကိုကြား၍၊ငါမှတစ်ပါးဤရဟန်း
သံဃာ၌ အဆိပ်နံ့လှိုင်စေ၍ သွားတတ်သောရဟန်းမည်သည့်မရှိ။ ဤ
ရဟန်းတို့သည် မချွတ်စင်စစ်ငါ့ကိုရည်၍ဆိုကုန်၏ဟုကြံ၍ ထိတ်လန့်
ခြင်းသို့ရောက်၏။ အချို့သောရဟန်းတို့သည် အရှင်အာနန္ဒာကို ဤသို့
ဆိုကုန်၏။ ငါ့ရှင်အာနန္ဒာ၊ နက်ဖြန်နေ့၌ သံဃာ အစည်းအဝေးသည်
ဖြစ်လတ္တံ့။ သင်သည်လည်း သောတာပန်သေက္ခသာတည်း။ အထက်
မဂ်သုံးပါးအလို့ငှါ ပြုဘွယ်ကိစ္စရှိသေး၏။ထို့ကြောင့် သင်သည် သံဃာ

www.dhammaransi.com



အစည်းအဝေးသို့ဝင်ခြင်းငှါမသင့်။ မမွေ့မလျော့ဖြစ်ပါလော့ဟုဆိုကုန်၏။ ။ထိုရောအခါ အရှင်အာနန္ဒာသည် နက်ဖြန်နေ့၌ သံဃာအစည်းအဝေးသည်ဖြစ်လတ္တံ့။ အကြင်ငါသည် သေက္ခသာဖြစ်လျက် သံဃာအစည်းအဝေးသို့အကြင်အကြောင်းဖြင့်ဝင်ရာ၏။ ထိုအကြောင်းသည် ငါအားမလျောက်ပတ်။ ဤသို့နှလုံးပြု၍၊ များစွာသောညဉ့်ပတ်လုံး ကာယ၏အစု၌ အောက်မေ့ခြင်းသတိနှင့်ယှဉ်လျက် လွန်စေ၏။ ညဉ့်၏မိုးသောက်ယံအခါ၌ စင်္ကြံမှသက်၍ ကျောင်းတွင်းသို့ဝင်၍ အိပ်ဦးတော့အံ့ဟု ညောင်စောင်း၌ထိုင်၍ ကိုယ်ကိုစောင်း၏။ ခြေနှစ်ဘက်တို့သည် မြေမှလွတ်ကုန်ပြီ။ ဦးခေါင်းသည်ခေါင်းအုံးသို့မရောက်မီ၊ ဤအကြား၌ တဏှာဒိဋ္ဌိတို့သည် မစွဲလမ်းမူ၍ အာသဝေါတရား လေးပါးတို့မှ စိတ်သည်လွတ်၏။ ရဟန္တာဖြစ်၏ဟုလိုသည်။ ။ဤအရှင်အာနန္ဒာသည် စင်္ကြံသွားခြင်းဖြင့် များစွာသောညဉ့်ပတ်လုံး အပ၌လွန်စေ၍ ဈာန်မဂ်ဖိုလ်အထူးကို ဖြစ်စေခြင်းငှါမတတ်နိုင်သည်ရှိသော် ဤသို့ကြံ၏။ မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။ အာနန္ဒာ၊ သင်သည် ပြုအပ်ပြီးသောဘုန်းရှိ၏။ ကမ္မဋ္ဌာန်းကို စီးဖြန်းလော့။ လျင်စွာ အာသဝေါကင်းသည်ဖြစ်လတ္တံ့ဟု မိန့်၏။ မြတ်စွာဘုရားတို့၏ စကားမည်သည် ပျက်ယွင်းခြင်းမရှိ။ ငါ့အား အလွန်အားထုတ်လွန်းသော လုံ့လရှိ၏။ ထိုကြောင့် ငါ၏စိတ်သည် ပျံ့လွင့်ခြင်းငှါ ဖြစ်၏။ ယခုအခါ၌ ငါသည် ဝီရိယနှင့်သမာဓိကိုယှဉ်စေအံ့ဟု စင်္ကြံမှသက်၍ ခြေတို့ကိုဆေး၍ကျောင်းတွင်းသို့ဝင်၍ ညောင်စောင်း၌ထိုင်၍အတန်ငယ်စက်ဦးအံ့ဟု ညောင်စောင်း၌ ကိုယ်တော်ကို ညွတ်၏။ ခြေနှစ်ဘက်တို့သည် မြေမှလွတ်ကုန်ပြီ။ ဦးခေါင်းသည် ခေါင်းအုံးသို့ မရောက်မီ၊ ဤအကြား၌ ရဟန္တာအဖြစ်သို့ရောက်၏။ အရှင်အာနန္ဒာ၏ရဟန္တာအဖြစ်သည် ဣရိယာပုထ်လေးပါးမှလွတ်၏။ ထိုကြောင့် ဤသာသနာတော်၌၊ မလျောင်းဘဲ၊ မထိုင်ဘဲ၊ မရပ်ဘဲ၊ စင်္ကြံ မသွားဘဲ၊ ရဟန္တာအဖြစ်သို့ ရောက်သည် အဘယ်ရဟန်းနည်းဟုဆိုသော် အရှင်အာနန္ဒာတည်းဟုဖြေရာ၏။ ။ထိုအခါမထေရ်ကြီးတို့သည် နောက်တရက်၌ ဆွမ်းစားခြင်းကိစ္စပြီးပြီးသော် သပိတ်သင်္ကန်းတို့ကို သိမ်း၍ သင်္ဂါယနာတင်ရာ မဏ္ဍပ်၌ စည်းဝေးကုန်၏။ အရှင်အာနန္ဒာသည်လည်း ရဟန္တာ အဖြစ်သို့ ရောက်ပြီးသည် ဖြစ်၍ အစည်းအဝေးသို့ သွားလေ၏။ အဘယ်သို့သွားလေသနည်းဟူသော်။

www.dhammaransi.com



ဤအခါသည် ငါ့အား သံဃာ့အစည်းအဝေးသို့ဝင်အံ့သောအခါတည်း ဟု ရွှင်သောစိတ်ရှိသည်ဖြစ်၍၊ ပခုံးတဘက်၌ ကိုယ်ဝတ် စပယ်တင် သည်ကိုပြု၍၊ အညာမှကြွေလွတ်သောထန်းသီးမှည့်ကဲ့သို့။ ဖြော့တော့ သော အဆင်းရှိသော ကမ္ဗလာ၌ ကောင်းစွာထားအပ်သော ပတ္တမြား စစ်ကဲ့သို့။ ကင်းသော တိမ်တိုက် ရှိသော ကောင်းကင်၌ ကောင်းစွာ တက်သောလပြည့်ဝန်းကဲ့သို့။ နေလုလင်၏အရောင်နှင့် တွေ့သည်ဖြစ်၍ ကောင်းစွာပွင့်သော ဝတ်မှုံတိုက်ရှိသောပဒုမာကြာကဲ့သို့။ ကောင်းစွာ စင်ကြယ်ဖြူစင်သော အရောင်နှင့်တကွသော မျက်နှာတော်ဖြင့် မိမိ၏ ရဟန္တာ၏ အဖြစ်ကို သံဃာတော်အား ကြားသကဲ့သို့။ ကောင်းကင် ခရီးဖြင့် ကြွတော်မူလေ၏။ အရှင်အာနန္ဒာသည် မိမိ၏ရဟန္တာအဖြစ် ကိုသိစေလို၍ ရဟန်းတို့နှင့်အတူမသွား။ ရဟန်းတို့သည် သီတင်းကြီး အစဉ်အတိုင်း မိမိတို့အား ရောက်သောနေရာ၌ နေကုန်သေ်။ အရှင် အာနန္ဒာ၏နေရာကို လွတ်၍နေကုန်၏။ ထိုသို့နေရာ၌ အချို့သောရဟန်း တို့သည် ဤနေရာသည် အဘယ်သူ၏နေရာနည်းဟု ဆိုကုန်၏။ အရှင် အာနန္ဒာ၏ နေရာတည်းဟု ဆိုကုန်သေ်။ အာနန္ဒာသည် အဘယ်မှာ နည်းဟုမေးမြန်းကုန်၏။ ထိုအခါ၌ အရှင်အာနန္ဒာသည် ဤအခါငါသွား အံ့သောအခါတည်းဟု မိမိ၏အာနုဘော်ကို ပြလျက် မြေ၌ ငုပ်၍ မိမိ အားရောက်သောနေရာ၌လျှင်ကိုယ်ကိုပြ၏ဟူ၍လည်းဆိုကုန်၏။ ဤသို့ နေပြီးသော် အရှင်မဟာကဿပသည် အရှင်အာနန္ဒာကိုမြင်တော်မူ၍။ မြတ်စွာဘုရားသည် အကယ်၍ထင်ရှားရှိတော်မူအံ့။ ယခုအခါ မချွတ် လျှင် အာနန္ဒာအား ကောင်းချီးပေးရာ၏။ မြတ်စွာဘုရား ပေးတော်မူအံ့ သောကောင်းချီးကိုငါသည်ပင်ပေးအံ့ဟု သုံးကြိမ်မြော်အောင်ကောင်း ချီးပေးတော်မူ၏။ ။

ထိုရှေးအခါ အရှင်မဟာကဿပသည် ရဟန်းတို့ကို။ ငါ့ရှင်တို့၊ သုတ် အဘိဓမ္မာကိုလော်တည်း ရှေးဦးစွာ သင်္ဂါယနာ တင်အံ့လော။ ဝိနည်းကိုသော်တည်းရှေးဦးစွာသင်္ဂါယနာတင်အံ့လောဟုမေးတော်မူ သော်၊ဘုန်းတော်ကြီးသောအရှင်မဟာကဿပ၊ဝိနည်းသည် မြတ်စွာ ဘုရားသာသနာတော်၏ အသက်တည်း။ ဝိနည်းပိဋကတ်တည်သည် ရှိသော် သာသနာတော်သည် တည်သည်မည်၏။ထို့ကြောင့်ဝိနည်းကို ရှေးဦးစွာ သင်္ဂါယနာ တင်ကုန်အံ့ဟု လျှောက်ကုန်၏။ အဘယ်သူကို

www.dhammaransi.com



အကြီးပြု၍သင်္ဂါယနာတင်ရအံ့နည်းဟု မေးတော်မူသော်။ အရှင်ဥပါလိကို အကြီးပြု၍တင်ကုန်အံ့ဟု လျှောက်ကုန်၏။ အရှင်အာနန္ဒာသည် မစွမ်းနိုင်သလောဟူတုံအံ့။ မစွမ်းနိုင်သည်မဟုတ်၊ စွမ်းနိုင်၏။ စင်စစ်သော်ကား ဘုရားမြတ်စွာကိုယ်တော် ထင်ရှားရှိစဉ်ကပင် ဝိနည်းပရိယတ်ကိုမှီ၍၊ ချစ်သားရဟန်းတို့၊ ဝိနည်းကိုဆောင်ကုန်သော တပည့်သားတို့တွင်ဥပါလိသည်မြတ်၏ဟု အရှင်ဥပါလိကိုဧတဒဂ်အရာ၌ထားတော်မူ၏။ ထိုကြောင့်ဥပါလိကိုမေး၍ဝိနည်းကိုသင်္ဂါယနာတင်ကုန်အံ့ဟုလျှောက်ကုန်၏။ ။ထိုနောက်မှ အရှင်မဟာကဿပသည်။ အရှင်ဥပါလိကို ဝိနည်းကိုမေးအံ့သော်၌၊ ငါ့ရှင်တို့၊သံဃာသည်ငါ၏စကားကို နာစေသတည်း။ အကယ်၍ သံဃာအား လျှောက်ပတ်သောအခါသည်ဖြစ်အံ့။ ငါသည် ဥပါလိကို ဝိနည်းကိုမေးအံ့ဟု မိမိသည်ပင် မိမိကိုယ်ကိုသမုတ်၍သံဃာကိုသိစေ၏။ အရှင်ဥပါလိသည်လည်း ဝိနည်းကိုဖြေအံ့သော်၌ အရှင်တို့၊သံဃာသည် အကျွန်ုပ်၏စကားကိုနာစေသတည်း။ အကယ်၍ သံဃာအား လျှောက်ပတ်သောအခါသည်ဖြစ်အံ့။ အရှင်မဟာကဿပသည် ဝိနည်းကိုမေးအပ်သော အကျွန်ုပ်သည် ဖြေအံ့ဟု မိမိသည်ပင်မိမိကိုယ်ကိုသမုတ်၍ သံဃာကိုသိစေ၏။ ဤသို့သမုတ်ပြီး၍ အရှင်ဥပါလိသည်နေရာမှထ၍ ပခုံးတဘက်၌ ကိုယ်ဝတ်စပယ်တင်သည်ကို ပြု၍၊ မထေရ်ကြီးဖြစ်သော ရဟန်းတို့ကို ရှိခိုး၍၊ တရားဟောပလ္လင်သို့တက်၍ ဆင်စွယ်ယပ်ကိုကိုင်၍နေ၏။ ။အရှင်မဟာကဿပသည် မထေရ်၏နေရာ၌နေ၍ အရှင်ဥပါလိကို ဝိနည်းကိုမေး၏။ ငါ့ရှင်ဥပါလိ၊ ပဌမပါရာဇိကကို မြတ်စွာဘုရားသည် အဘယ်အရပ်၌ ပညတ်တော်မူသနည်းဟုမေး၏။ ဘုန်းတော်ကြီးသော အရှင်မဟာကဿပ၊ ဝေသာလီပြည်၌ပညတ်တော်မူ၏ဟူ၍ဖြေ၏။ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော်မူသနည်းဟု မေး၏။ ကလန္ဒပုဏ္ဏား၏သားဖြစ်သော အရှင်သုဒိန်ကိုအကြောင်းပြု၍ ပညတ်တော်မူ၏ဟုဖြေ၏။ အဘယ်ဝတ္ထုကြောင့် ပညတ်သနည်းဟု မေး၏။ မေထုန်လွန်ကျူးခြင်းဝတ္ထုကြောင့် ပညတ်တော်မူ၏ဟုဖြေ၏။ထိုအခါ အရှင်မဟာကဿပသည် အရှင်ဥပါလိကိုပဌမပါရာဇိက၏နိဒါန်းကိုမေး၏။ ပုဂ္ဂိုလ်ကိုမေး၏။ ဝတ္ထုကိုမေး၏။ပညတ်ကိုမေး၏။ အာပတ်ကိုမေး၏။ အနာပတ္တိကို မေး၏။ မေးတိုင်း မေးတိုင်း အရှင်ဥပါလိဖြေတော်မူ၏။

www.dhammaransi.com



ဤသို့မေးဖြေပြီးသော်။ဤသည်ကား ၂၄မပါရာဇိကတည်းဟုထားကုန်၏။ ဤပ၄မပါရာဇိကကိုသင်္ဂါယနာတင်ပြီးသော်။ ငါးရာသောရဟန္တာတို့သည် သင်္ဂါယနာတင်ပြီးသောနည်းဖြင့် တပေါင်းတည်း ရွတ်ဘတ်သရဇ္ဈာယ်ခြင်းကို ပြုကုန်၏။ တပေါင်းတည်းရွတ်ခြင်းကို အားထုတ်သောအခါ၌ နှစ်သိန်းလေးသောင်းယူဇနာ အထုရှိသော မြေကြီးသည်ရေအဆုံးရှိသည်ကို ပြု၍ ပြင်းစွာတုန်လှုပ်၏။ ။ဤသို့သောနည်းဖြင့်ကြွင်းသော ပါရာဇိကလေးပါးတို့ကို သင်္ဂါယနာတင်၍ ဤသည်ကားပါရာဇိကကဏ္ဍတည်းဟုထားကုန်၏။တဆဲ့သုံးပါးသောသံဃာဒိသိသ်တို့ကို တေရသကကဏ္ဍဟု ထားကုန်၏။ နှစ်ပါးသောသိက္ခာပုဒ်တို့ကိုအနိယတမည်၏ဟုထားကုန်၏။သုံးဆယ်သောသိက္ခာပုဒ်တို့ကိုနိဿဂ္ဂိယပါစိတ်ဟုထားကုန်၏။ ကိုးဆဲ့နှစ်ပါးသော သိက္ခာပုဒ်တို့ကို ပါစိတ်ဟူ၍ထားကုန်၏။ လေးပါးသောသိက္ခာပုဒ်တို့ကို ပါဋိဒေသနီဟူ၍ထားကုန်၏။ခုနစ်ဆဲ့ငါးပါးသောသိက္ခာပုဒ်တို့ကို သေခိယဟူ၍ထားကုန်၏။ ခုနစ်ပါးသော တရားတို့ကို အဓိကရဏသမထမည်၏ဟူ၍ ထားကုန်၏။ ဤသို့ နှစ်ရာ့နှစ်ဆဲ့ခုနစ်ပါးသော သိက္ခာပုဒ်တို့ကို မဟာဝိဘင်းဟုကြား၍ထားကုန်၏။ မဟာဝိဘင်းကို သင်္ဂါယနာတင်ပြီးသောအဆုံး၌ မြေကြီးသည်တုန်လှုပ်၏။ ။ထိုနောင်မှ ရှစ်ပါးသော သိက္ခာပုဒ်တို့ကို ပါရာဇိကကဏ္ဍဟု ထားကုန်၏။ တဆဲ့ခုနစ်ပါးသော သိက္ခာပုဒ်တို့ကို သတ္တရသက ကဏ္ဍဟု ထားကုန်၏။ သုံးဆယ်သော သိက္ခာပုဒ်တို့ကို နိဿဂ္ဂိယပါစိတ်ဟူ၍ထားကုန်၏။ တရာ့ခြောက်ဆဲ့ ခြောက်ပါးသော သိက္ခာပုဒ်တို့ကို ပါစိတ်ဟု ထားကုန်၏။ ရှစ်ပါးသောသိက္ခာပုဒ်တို့ကို ပါဋိဒေသနီဟုထားကုန်၏။ခုနစ်ဆဲ့ငါးပါးသောသိက္ခာပုဒ်တို့ကို သေခိယဟူ၍ ထားကုန်၏။ ခုနစ်ပါးသော တရားတို့ကို အဓိကရဏသမထဟူ၍ ထားကုန်၏။ ဤသုံးရာ့ လေးပါးသော သိက္ခာပုဒ်တို့ကို ဘိက္ခုနီဝိဘင်းဟူ၍ကြားကုန်၏။ ဤသည်လျှင်ဥဘတောဝိဘင်းမည်၏။ခြောက်ဆဲ့လေးဘာဏဝါရ ရှိ၏။ ဥဘတောဝိဘင်းကို သင်္ဂါယနာတင်သောအဆုံး၌ဆိုအပ်ပြီးသောနည်းဖြင့် မြေကြီးတုန်လှုပ်၏။ ။ဤသို့ဆိုအပ်ပြီးသောနည်းဖြင့် ရှစ်ဆယ်သော ဘာဏဝါရ ရှိသော ခန္ဓကကိုရင်း။ နှစ်ဆဲ့ငါး ဘာဏဝါရ ရှိသော ပရိဝါရကိုရင်း။ သင်္ဂါယနာတင်ပြီး၍။ ဤသည်လျှင် ဝိနည်းပိဋကတ်မည်၏ဟုထားကုန်၏။ဝိနည်းပိဋကတ်ကို

www.dhammaransi.com



သင်္ဂါယနာ တင်ပြီးသော အဆုံး၌ မြေကြီးသည် ပြင်းစွာတုန်လှုပ်၏။ ဝိနည်းပိဋကတ်ကိုသင်္ဂါယနာတင်ပြီးသောအဆုံး၌ အရှင်ဥပါလိသည် ဆင်စွယ်ယပ်ကို ချ၍ တရားဟောနေရာမှ သက်၍ မထေရ်ကြီးတို့ကို ရှိခိုး၍၊မိမိအားရောက်သောနေရာ၌နေ၏။ ။

ဝိနည်းပိဋကတ်ကို သင်္ဂါယနာတင်ပြီး၍၊ သုတ်အဘိဓမ္မာကိုသင်္ဂါယနာတင်လိုသော အရှင် မဟာကဿပသည်။ သုတ် အဘိဓမ္မာတို့ကို သင်္ဂါယနာတင်သဖြင့် အဘယ်သူကိုအကြီးပြု၍ သင်္ဂါယနာတင်ရအံ့နည်းဟု ရဟန်းတို့ကို မေး၏။ အရှင်အာနန္ဒာကို အကြီးပြု၍ တင်ကုန်အံ့ဟု ရဟန်းတို့သည် ဆိုကုန်၏။ ထိုအခါ အရှင်မဟာကဿပသည် သံဃာကို သိစေ၏။ ငါ့ရှင်တို့၊ သံဃာသည် ငါ၏စကားကို နာစေသတည်း။ အကယ်၍လျှောက်ပတ်သောအခါသည်သံဃာအားဖြစ်အံ့။ငါသည် အာနန္ဒာကိုသုတ်အဘိဓမ္မာကို မေးအံ့ဟုသိစေ၏။အရှင်အာနန္ဒာသည်လည်းဘုန်းတော်ကြီးသောအရှင်ဘုရားတို့၊သံဃာသည်အကျွန်ုပ်၏စကားကိုနာစေသတည်း။သံဃာအားလျှောက်ပတ်သောအခါသည် အကယ်၍ ဖြစ်အံ့။ အရှင်မဟာကဿပသည် သုတ်အဘိဓမ္မာကို မေးအပ်သောအကျွန်ုပ်သည်ဖြေအံ့ဟုသိစေ၏။ အရှင်အာနန္ဒာသည် နေရာမှထ၍ ပခုံးတဘက်၌ ကိုယ်ဝတ်စပယ်တင်သည်ကိုပြု၍ မထေရ်ကြီးတို့ကိုရှိခိုး၍ ဆင်စွယ်ယပ်ကိုကိုင်၍ တရားဟောနေရာ၌နေ၏။ ။အရှင်မဟာကဿပသည် ရဟန်းတို့ကို၊ ငါ့ရှင်တို့၊ အဘယ်ပိဋကတ်ကို ရှေးဦးစွာသင်္ဂါယနာတင်ရအံ့နည်းဟုမေး၏။ သုတ္တန်ကိုရှေးဦးစွာတင်ကုန်အံ့ဟုဆိုကုန်၏။ သုတ္တန်ပိဋကတ်၌ လေးပါးသောသင်္ဂီတိတို့သည် ရှိကုန်၏။ အဘယ်သင်္ဂီတိကို ရှေးဦးစွာတင်ရအံ့နည်းဟု မေး၏။ ဒီဃသင်္ဂီတိဟုဆိုကုန်၏။ ဒီဃသင်္ဂီတိသည် ဝဂ်အားဖြင့်သုံးပါး။ သုတ်အားဖြင့် သုံးဆဲ့လေးပါးရှိ၏။ အဘယ်ဝဂ်ကိုရှေးဦးစွာသင်္ဂါယနာတင်ရအံ့နည်းဟု မေး၏။ သီလက္ခန္ဓဝဂ်ကိုတင်အံ့ဟု ဆိုကုန်၏။ သီလက္ခန္ဓဝဂ်၌ တဆဲ့သုံးပါးသောသုတ်တို့သည် ဖြစ်ကုန်၏။ အဘယ်သုတ်ကို ရှေးဦးစွာသင်္ဂါယနာတင်ရအံ့နည်းဟု မေး၏။ ဗြဟ္မဇာလသုတ်ကို ရှေးဦးစွာတင်အပ်၏ ဟူ၍ ရဟန်းတို့ ဆိုကုန်သော် အရှင်မဟာကဿပသည် အရှင်အာနန္ဒာကို၊ ငါ့ရှင်အာနန္ဒာ၊ ဗြဟ္မဇာလသုတ်ကို မြတ်စွာဘုရားသည် အဘယ်အရပ်၌ဟောတော်မူသနည်းဟုမေး၏။ ရာဇဂြိုဟ်ပြည်

www.dhammaransi.com



၏ရင်း၊ နာဠန္ဒ၏ရင်း အကြား၌၊ အမ္ဗလဋ္ဌိကာသရက်တော၌၊ မင်းကွန်း စရပ်၌ ဟောတော်မူ၏ဟုဖြေ၏။ အဘယ်သူကိုအကြောင်းပြု၍ ဟောတော်မူသနည်းဟု မေးသော်။ သုပ္ပိယ အမည်ရှိသော ပရိဗိုဇ်ကိုရင်း၊ ဗြဟ္မဒတ်အမည်ရှိသောလုလင်ကိုရင်း ရည်၍ ဟောတော်မူ၏ဟု ဖြေ၏။ အဘယ်ဝတ္ထုကြောင့်ဟောတော်မူသနည်းဟုမေး၏။ သုပ္ပိယသည် မြတ်စွာဘုရား၏ကျေးဇူးမဲ့ကို၊ ဗြဟ္မဒတ်လုလင်သည် မြတ်စွာဘုရား၏ ကျေးဇူးတော်ကို၊ ဤသို့ဆရာတပည့်သည်ဖြောင့်ဖြောင့်ဆန့်ကျင်သော အယူဖြင့် ကျေးဇူးရှိမဲ့ကိုဆိုသောဝတ္ထုကြောင့်ဟောတော်မူ၏ဟု ဖြေ၏။ ဤသို့လျှင် အရှင်မဟာကဿပသည် ဗြဟ္မဇာလသုတ်၏နိဒါန်းကို မေး၏။ ပုဂ္ဂိုလ်ကိုမေး၏။ ဝတ္ထုကိုလည်းမေး၏။ အရှင်အာနန္ဒာသည် မေးတိုင်းကို ဖြေ၏။ မေးဖြေပြီးသောအဆုံး၌ ငါးရာသော ရဟန်းတို့သည် တပေါင်းတည်းရွတ်ကုန်၏။ ။ထိုနောင်မှ သာမညဖလသုတ် အစရှိသော တဆဲ့နှစ်သုတ်တို့ကိုလည်း၊ နိဒါန်း၊ ပုဂ္ဂိုလ်၊ ဝတ္ထုတို့ကို မေး၍ ဖြေ၍ တပေါင်းတည်းငါးရာသောရဟန်းတို့သည်ရွတ်ပြီးသော အဆုံး၌ ဤသည်ကား သီလက္ခန္ဓဝဂ်မည်၏ဟုထားကုန်၏။ ။ထိုဝဂ်၏အခြားမဲ့၌ မဟာဝဂ်ကို။ ထိုမဟာဝဂ်၏ နောက်၌ ပါထေယျဝဂ်ကို သင်္ဂါယနာတင်ကုန်၏။ ဤသို့လျှင် သုံးပါးသောဝဂ်တို့ဖြင့်သင်္ဂြိုဟ်အပ်သော၊ သုံးဆဲ့လေးပါးသောသုတ္တန်တို့ဖြင့်တန်ဆာဆင်အပ်သော၊ ခြောံဆဲ့လေးဘာဏဝါရအတိုင်းအရှည်ရှိသော ပါဠိအစဉ်ကို သင်္ဂါယနာတင်ကုန်၍။ ဤသည်ကား ရှည်စွာသော သုတ်၏ အပေါင်း ဖြစ်သောကြောင့် ဒီဃနိကာယ်မည်၏ဟု ကြားကုန်၍။ ငါ့ရှင် အာနန္ဒာ၊ ဤဒီဃနိကာယ်ကို ငါ့ရှင်၏တပည့်တို့ကိုဆောင်စေကုန်ဟုဆို၍ ဝန်ခံစေကုန်၏။ ။ထိုနောက်မှ မူလပရိယာယဝဂ်အစရှိသော တဆဲ့ငါးပါးသော ဝဂ်တို့ဖြင့် သင်္ဂြိုဟ်အပ်သော၊ မူလပရိယာယသုတ်အစရှိသော တရာ့ငါးဆဲ့နှစ်သုတ်တို့ဖြင့် တန်ဆာဆင်အပ်သော၊ ရှစ်ဆယ်သော ဘာဏဝါရ အတိုင်းအရှည်ရှိသော ပါဠိအစဉ်ကို သင်္ဂါယနာတင်ကုန်၍။ ဤနိကာယ်သည် အလတ်သောပမာဏရှိကုန်သော သုတ်တို့၏ အပေါင်း၏ တည်ရာ ဖြစ်သောကြောင့် မဇ္ဈိမနိကာယ် မည်၏ဟု ကြားကုန်၍။ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတြာ၏တပည့်တို့ကို။ သင်တို့သည် ဤမဇ္ဈိမနိကာယ်ကို သင်ကုန်ဆောင်ကုန်ဟုအပ်နှင်း၍ ဝန်ခံစေ

www.dhammaransi.com



ကုန်၏။ ။ထိုမဏ္ဍပနိကာယ်၏ အခြားမဲ့၌။ ဒေဝတာသံယုတ် အစရှိ
သည့်တို့၏အစွမ်းအားဖြင့်ဆိုအပ်ကုန်သော၊ သြဃတရဏသုတ်အစ
ရှိသော ခုနစ်ထောင့်ခုနစ်ရာ ခြောက်ဆဲ့ နှစ်သုတ်တို့ဖြင့် တန်ဆာဆင်
အပ်ကုန်သော၊ ဘာဏဝါရအတိုင်းအရှည်ရှိသောသံယုတ္တနိကာယ်ကို
သင်္ဂါယနာတင်ကုန်၍။ ဤနိကာယ်ကား သံယုတ်အပေါင်းတို့၏တည်
ရာဖြစ်သောကြောင့် သံယုတ္တနိကာယ်မည်ကုန်၏ဟု အမည်ကို ကြား
ကုန်၍ အရှင်မဟာကဿပမထေရ်ကိုဝန်ခံစေကုန်၏။ ဘုန်းတော်ကြီး
သော အရှင်မဟာကဿပ၊ ဤသံယုတ္တနိကာယ်ကို အရှင်ဘုရားတို့၏
တပည့်တို့ကိုသင်ပါစေကုန်ဆောင်ပါစေကုန်ဟူ၍အပ်နှင်းကုန်၏။ ။
ထိုသံယုတ္တနိကာယ်၏အခြားမဲ့၌ တခုတခုသောအင်္ဂါလွန်သည်၏ အ
စွမ်းအားဖြင့်ဆိုအပ်ကုန်သော၊ စိတ္တပရိယာဒါနသုတ်အစရှိကုန်သော၊
ကိုးထောင့် ငါးရာ့ ငါးဆဲ့ ခုနစ်သုတ်တို့ဖြင့်-တန်ဆာ ဆင်အပ်သော၊
တရာ့နှစ်ဆယ်ဘာဏဝါရ အတိုင်းအရှည်ရှိသော အင်္ဂုတ္တရနိကာယ်
ကိုသင်္ဂါယနာတင်ကုန်၍၊ ဤနိကာယ်သည်ကား တခုတခုသောအင်္ဂါ
လွန်ကုန်သောသုတ်တို့၏အပေါင်းတို့၏တည်ရာဖြစ်ကုန်သောကြောင့်။
အင်္ဂုတ္တရနိကာယ်မည်ကုန်၏ဟုကြားကုန်၍။ အရှင်အနုရုဒ္ဓါမထေရ်ကို
ဝန်ခံစေကုန်၍။ ဤနိကာယ်ကို အရှင်ဘုရားတို့၏တပည့်တို့ကို သင်ပါ
စေကုန်ဆောင်ပါစေကုန်ဟူ၍ ဆော်နှင်းဝန်ခံစေကုန်၏။ ။ထိုနောင်
မှ၊ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယ
မိုက်၊ပဋ္ဌာန်းဟူ၍ ပကရဏပရိစ္ဆေဒအားဖြင့် ခုနစ်ပါးအပြားရှိသော၊
သိမ်မွေ့သောဉာဏ်၏ကျက်စားရာဖြစ်သောပါဠိတော်အစဉ်ကို သင်္ဂါ
ယနာတင်ကုန်၍၊ ဤသည်ကား အဘိဓမ္မာပိဋကတ်မည်၏ဟုဆိုကုန်၍။
ငါးရာသော ရဟန္တာ တို့သည် တပေါင်းတည်း ရွတ်ကုန်၏။ ရွတ်ပြီး
သောအဆုံး၌ ယူဇနာနှစ်သိန်းလေးသောင်းအထုရှိသော မြေကြီးသည်
ကောင်းချီးပေးသောအားဖြင့် ပြင်းစွာတုန်လှုပ်ကုန်၏။ ။ထိုနောင်မှ၊
ဇာတ်။ နိဒ္ဒေသ။ ပဋိသမ္ဘိဒါမဂ်၊ အပဒါန်။ ဗုဒ္ဓဝံသ။ စရိယာပိဋက။သုတ္တ
နိပါတ်။ ခုဒ္ဒကပါဌ။ ဓမ္မပဒ။ ဥဒါန်။ ဣတိဝုတ္တက။ ဝိမာနဝတ္ထု။ ပေတ
ဝတ္ထု။ ထေရဂါထာ။ထေရီဂါထာ။ဤအလုံးစုံကိုသင်္ဂါယနာတင်ကုန်၍
ဤအလုံးစုံသည်ရင်း၊ ဝိနည်းပိဋကတ်၊ အဘိဓမ္မာ ပိဋကတ်သည်ရင်း၊
ခုဒ္ဒကနိကာယ်မည်ကုန်၏ဟူ၍ကြားကုန်၏။ ။

www.dhammaransi.com



## ၈၄။ ထိုသင်္ဂါယနာဝင်သောမြတ်စွာဘုရား စကားတော်တို့ကို၊ဧကရသ၊ဓမ္မ-ဝိနယ- ၂-ရပ်။စသည်ဖြင့် ခွဲဝေကောက်ယူပုံပိဋကတ်ခွဲကိုပြရာ။

ဤသို့ ဆိုပြီးသော နည်းဖြင့် အလုံးစုံသော မြတ်စွာဘုရား စကားတော်သည်။ ရသအားဖြင့်တပါးသာရှိ၏။ ဓမ္မဝိနယအားဖြင့် နှစ်ပါးအပြားရှိ၏။ ပဌမဗုဒ္ဓဝစန၊မဇ္ဈိမဗုဒ္ဓဝစန၊ပစ္ဆိမဗုဒ္ဓဝစန၊အားဖြင့် သုံးပါးအပြားရှိ၏။ ပိဋကတ်အားဖြင့်လည်း သုံးပါးအပြားရှိ၏။ နိကာယ်အားဖြင့် ငါးပါးအပြားရှိ၏။အင်္ဂါအားဖြင့် ကိုးပါးအပြားရှိ၏။ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်အပြားရှိ၏။ ။ရသအားဖြင့် အဘယ်ကဲ့သို့ တပါးသာရှိသနည်းဟူမူကား။ သဗ္ဗညုမြတ်စွာဘုရားသည်။ သစ္စာလေးပါးတရားတို့ကို သိတော်မူပြီး၍။ အကြင်မျှလောက်သောကာလ၌ ပရိနိဗ္ဗာန်ပြုတော်မမူသေး။ ထိုမျှလောက်သော အကြား၌ လေးဆဲ့ငါးဝါတို့ပတ်လုံး။ လူနတ်နဂါးဘီလူးအစရှိသည့်တို့ကိုဆုံးမတော်မူလိုသဖြင့်၎င်း။ ဆင်ခြင်တော်မူသဖြင့်၎င်း။ ဟောတော်မူအပ်သောတရားအလုံးစုံသည် တူသောရသရှိ၏။ ကိလေသာမှ အရဟတ္တဖိုလ်ဖြင့် လွတ်ခြင်းကိစ္စရှိသည်သာ ဖြစ်ကုန်၏၊ ဤသို့လျှင် တပါးသာရှိ၏။ ။ဓမ္မဝိနယအားဖြင့်ကား။ ဝိနည်းပိဋကသည် ဝိနယမည်၏။ ဝိနည်းမှကြွင်းသော အလုံးစုံသော တရားတော်သည် ဓမ္မမည်၏။ ဤသို့လျှင် နှစ်ပါးဖြစ်သတည်း။ ။အလုံးစုံသောတရားတော်သည်။ ပဌမဗုဒ္ဓဝစန၊ မဇ္ဈိမဗုဒ္ဓဝစန၊ပစ္ဆိမဗုဒ္ဓဝစန၊ဟူ၍သုံးပါးအပြားရှိ၏။ ။အနေကဇာတိသံသာရံ၊သန္ဓာဝိဿံ အနိဗ္ဗိသံ။ ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိပုနပ္ပုနံ။ ။ဂဟကာရကဒိဋ္ဌောသိ၊ပုန ဂေဟံ နကာဟသိ။သဗ္ဗာတေဖါသုကာဘဂ္ဂါ၊ဂဟကူဋံ ဝိသင်္ခတံ။ဝိသင်္ခါရဂတံ စိတ္တံ၊တဏှာနံ ခယ မဇ္ဈဂါ။ ။ဟူသော ဤတရားတော်သည်။ ပဌမဗုဒ္ဓဝစနမည်၏။ ။ပရိနိဗ္ဗာန်ပြုတော်မူခါနီး၌။ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၀ယဓမ္မာ သင်္ခါရာအပ္ပမာဒေနသမ္ပာဒေထ။ဟူ၍ တပည့်သား ရဟန်းတို့ကိုမှာခဲ့သောစကားတော်သည် ပစ္ဆိမဗုဒ္ဓဝစနမည်၏၊ ထိုစကားနှစ်ပါးတို့၏ အကြား၌ ဟောတော်မူသော တရားအလုံးစုံသည် မဇ္ဈိမဗုဒ္ဓဝစနမည်၏။ ဤသို့လျှင် သုံးပါးအပြားရှိ၏။ ။အလုံးစုံသောတရားတော်သည်

www.dhammaransi.com



ဝိနည်းပိဋကၢ သုတ္တန်ပိဋက၊ အဘိဓမ္မာပိဋကဟူ၍ သုံးပါးအပြားရှိ၏။ ဘိက္ခုပါတိမောက်၊ ဘိက္ခုနီ ပါတိမောက်၊ ဘိက္ခုဝိဘင်း၊ ဘိက္ခုနီ ဝိဘင်း၊ နှစ်ဆဲ့နှစ်ပါးသောခန္ဓက၊ တဆဲ့ခြောက်ပါးသောပရိဝါရ၊ ဤ အလုံးစုံသည် ဝိနည်းပိဋကမည်၏။ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံ ယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ဥဒါန၊ဣတိဝုတ္တ က၊ သုတ္တနိပါတ်၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါ ထာ၊ဇာတက၊နိဒ္ဒေသ၊ပဋိသမ္ဘိဒါမဂ်၊အပဒါန်၊ ဗုဒ္ဓဝံသ၊ စရိယာပိဋက၊ ဤသို့အားဖြင့်။ တဆဲ့ငါးပါးအပြားရှိသော ခုဒ္ဒကနိကာယ်။ ဤအလုံးစုံ သည်သည် သုတ္တန်ပိဋကမည်၏။ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလ ပညတ်၊ကထာဝတ္ထု၊ယမိုက်၊ပဋ္ဌာန်း၊ ဤခုနစ်ပါးသည် အဘိဓမ္မာပိဋ ကမည်၏။ ဤသည်လျှင် သုံးပါးအပြားရှိ၏။ ။နိကာယ်အားဖြင့် ငါး ပါးအဘယ်သို့ဖြစ်သနည်းဟူမူကား။ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံ ယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်၊ဟူ၍ ငါးပါးတည်း။ ဝဂ်သုံးပါးတို့ဖြင့် သင်္ဂြိုဟ်အပ်သော ဗြဟ္မဇာလသုတ်အစရှိသော သုံး ဆဲ့လေးပါးသောသုတ်တို့သည် ဒီဃနိကာယ်မည်ကုန်၏။တဆဲ့ငါးပါး သောဝဂ်တို့ဖြင့် သင်္ဂြိုဟ်အပ်သော မူလပရိယာယသုတ် အစရှိသော တရာ့ ငါးဆဲ့ နှစ်သုတ်သည် မဇ္ဈိမနိကာယ်မည်၏။ ဒေဝတာသံယုတ် အစရှိသည်တို့ဖြင့်ဆိုအပ်သော ဩဃတရဏသုတ်အစရှိသော ခုနစ် ထောင့်ခုနစ်ရာ့ခြောက်ဆဲ့နှစ်သုတ်သည် သံယုတ္တနိကာယ်မည်၏။တခု တခုသောအင်္ဂါလွန်သည်၏အစွမ်းအားဖြင့်ဖြစ်သောစိတ္တပရိယာဒါန သုတ်အစရှိကုန်သော။ ကိုးထောင့် ငါးရာ့ ငါးဆဲ့ ခုနစ်သုတ်တို့သည် အင်္ဂုတ္တရနိကာယ်မည်ကုန်၏။ အလုံးစုံသော ဝိနည်းပိဋကသည်ရင်း။ အဘိဓမ္မာ ပိဋကသည်ရင်း။ ခုဒ္ဒကပါဌ အစရှိသော ဆိုအပ်ပြီးသော တဆဲ့ငါးပါးအပြားတို့သည်ရင်း။ ခုဒ္ဒကနိကာယ်မည်၏။ ဤသို့အားဖြင့် နိကာယ်ငါးပါးဖြစ်သတည်း။ ။အင်္ဂါအားဖြင့် ကိုးပါးအဘယ်ကဲ့သို့ ဖြစ်သနည်းဟူမူကား။ အလုံးစုံသော မြတ်စွာဘုရားစကားတော်သည်။ သုတ္တံ၊ဂေယျ၊ဝေယျာကရဏ၊ဂါထာ၊ ဥဒါန၊ ဣတိဝုတ္တက၊ ဇာတက၊ အဗ္ဘုတဓမ္မ၊ဝေဒလ္လ၊ဟူ၍ ကိုးပါးဖြစ်သတည်း။ထိုကိုးပါးတို့တွင်။ဉဘ တောဝိဘင်း၊ ခန္ဓက၊ ပရိဝါရ၊ သုတ္တနိပါတ်၌ မင်္ဂလသုတ်၊ ရတနသုတ်၊ နာလကသုတ်၊ တုဝဋကသုတ်သည်ရင်း။ ဆိုအပ်ပြီးသည်မှတပါးသော

သုတ်ဟူ၍ အမည်ရသော မြတ်စွာဘုရားစကားတော်သည်ရင်း သုတ်မည်၏၊ အလုံးစုံသော ဂါထာနှင့်တကွဖြစ်သောသုတ်ကို ဂေယျာဟူ၍ သိအပ်၏။ အထူးအားဖြင့် သံယုတ္တနိကာယ်၌ အလုံးစုံသောသဂါထာဝဂ်သည်ရင်း။ အလုံးစုံသော အဘိဓမ္မာပိဋကသည်ရင်း။ ဂါထာ မရှိသောသုတ်သည်ရင်း။ဆိုအပ်ပြီးသည်မှတပါးသောအင်္ဂါရှစ်ပါးတို့ဖြင့် မသင်္ဂြိုဟ်အပ်သော မြတ်စွာဘုရားစကားတော်သည်ရင်း ရှိ၏။ ထိုအလုံးစုံသည် ဝေယျာကရဏမည်၏၊ဓမ္မပဒ၊ထေရဂါထာ၊ထေရီဂါထာ၊ သုတ္တနိပါတ်၌ သုတ်ဟူ၍ အမည်မရသော သက်သက်သော ဂါထာ၊ ဤအလုံးစုံသည် ဂါထာမည်၏။သောမနဿဉာဏ်ဖြင့်ပြီးသောဂါထာနှင့်စပ်သောရှစ်ဆဲ့နှစ်ပါးသောသုတ်သည် ဥဒါနမည်၏။ဝုတ္တ မိဒံဘဂဝတာ၊ အစရှိသောနည်းဖြင့်ဖြစ်သော တရာ့တဆယ်သော သုတ်သည် ဣတိဝုတ္တကမည်၏။အပဏ္ဏကဇာတ်အစရှိကုန်သော ငါးရာ့ငါးဆယ်သောဇာတ်တို့သည်ဇာတကမည်ကုန်၏။စတ္တာရောမေ ဘိက္ခဝေအစ္ဆရိယာအဗ္ဘုတဓမ္မာ အာနန္ဒေ၊အစရှိသောနည်းဖြင့်ဖြစ်သောအံ့ဘွယ်သရဲသောဂုဏ်ကျေးဇူးတရားနှင့်စပ်သောအလုံးစုံသောသုတ်သည်အဗ္ဘုတဓမ္မမည်၏၊ စူဠဝေဒလ္လ၊ မဟာဝေဒလ္လ၊ သမ္မာဒိဋ္ဌိသုတ်၊ သက္ကပဉှသုတ်၊ သင်္ခါရဘာဇနီယသုတ်၊ မဟာပုဏ္ဏမသုတ်၊ အစရှိကုန်သော အလုံးစုံသော ဝမ်းမြောက်ခြင်း နှစ်သက်ခြင်းကို ရတိုင်းရတိုင်းမေးအပ်သောသုတ်တို့သည် ဝေဒလ္လမည်ကုန်၏။ဤသို့လျှင်အင်္ဂါအားဖြင့်ကိုးပါးဖြစ်သတည်း။ ။ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် အဘယ်သို့ဖြစ်သနည်း။ ။ဒွါသီတိဗုဒ္ဓတော ဂဏှိံ၊ ဒွေသဟဿာနိ ဘိက္ခုတော။ စတုရာသီတိ သဟဿာနိ၊ ယေမေ ဓမ္မာ ပဝတ္တိနော။ ။ဟူ၍ အရှင်အာနန္ဒာသည်ပြအပ်သောဓမ္မက္ခန္ဓာ၏အစွမ်းအားဖြင့် ရှစ်သောင်းလေးထောင်အပြားရှိ၏။ ။ဘောဗြာဟ္မဏ၊အိုပုဏ္ဏား။ ဗုဒ္ဓတော၊ မြတ်စွာဘုရားမှ။ဒွါသီတိသဟဿာနိ၊ရှစ်သောင်းနှစ်ထောင်ကုန်သောဓမ္မက္ခန္ဓာတို့ကို။ အဟံ၊ငါသည်။ဂဏှိံ၊သင်ပြီ။ ဘိက္ခုတော၊အရှင်သာရိပုတြာထံမှ။ ဒွေသဟဿာနိ၊နှစ်ထောင်သောဓမ္မက္ခန္ဓာတို့ကို။ ဂဏှိံ၊သင်ပြီ၊ ဣတိ၊သို့။စတုရာသီတိသဟဿာနိ၊ရှစ်သောင်းလေးထောင်ကုန်သော။ ယေဓမ္မာ၊အကြင်တရားတို့သည်။ သန္တိ၊ရှိကုန်၏။ တေဓမ္မာ၊ထိုတရားတို့ကို။ မေမယာ၊ငါသည်။ ပဝတ္တိနော၊နှုတ်လုံး၌ ဖြစ်စေအပ်ပြီ။ ။ထိုဓမ္မက္ခန္ဓာ

www.dhammaransi.com



အပြားၷ်၌၊ တခုသောအနုသန္ဓေရှိသောသုတ်သည်၊ တခုသောဓမ္မက္ခန္ဓာ မည်၏။ တပါးမက များသော အနုသန္ဓေရှိသော သုတ်၌။ အနုသန္ဓေ အရေအတွက်၏အစွမ်းအားဖြင့် ဓမ္မက္ခန္ဓာအရေအတွက်ကိုသိအပ်၏။ ဂါထာဗန္ဓတို့၌၊ တခုသော ပြဿနာအမေးသည် တခုသော ဓမ္မက္ခန္ဓာ မည်၏။တခုသောအဖြေသည် တခုသောဓမ္မက္ခန္ဓာမည်၏။အဘိဓမ္မာ၌ တခုတခုသော တိက် ဒုက်ကို ခွဲဝေခြင်းသည်၎င်း။တခုတခုသောစိတ် အကြိမ်ကိုခွဲဝေခြင်းသည်၎င်း။တခုတခုသောဓမ္မက္ခန္ဓာမည်၏။ ဝိနည်း ၌ ဝတ္ထုသည်ရှိ၏။ မာတိကာသည်ရှိ၏။ ပဒဘာဇနီသည်ရှိ၏။ အန္တရာ ပတ္တိသည်ရှိ၏။အာပတ္တိဝါရသည်ရှိ၏။အနာပတ္တိဝါရသည်ရှိ၏။ တိက ပရိစ္ဆေဒသည်ရှိ၏။ ထိုအလုံးစုံတို့တွင် တခုတခုသောအစုသည် တခု တခုသောဓမ္မက္ခန္ဓာမည်၏။ ဤသို့လျှင် ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်း လေးထောင်အပြားရှိ၏။ ။ဤသို့လျှင်။ ရသအားဖြင့် တပါး။ဓမ္မဝိနယ အစရှိသောအားဖြင့် နှစ်ပါး။ပဌမဗုဒ္ဓဝစနစသောအားဖြင့်သုံးပါး အစ ရှိသည် အပြားရှိကုန်သော မြတ်စွာဘုရား၏စကားတော်တို့ကို၊သင်္ဂါ ယနာတင်ကုန်သောအရှင်မဟာကဿပအမှူးရှိကုန်သောငါးရာသော ရဟန္တာတို့သည်။ ဤသည်ဓမ္မ။ဤသည်ဝိနယမည်၏။ ဤသည်ပဌမဗုဒ္ဓ ဝစန။ ဤသည်မဇ္ဈိမဗုဒ္ဓဝစန။ ဤသည်ပစ္ဆိမဗုဒ္ဓဝစန။ ဤသည်ဝိနည်း ပိဋက။ ဤသည်သုတ္တန်ပိဋက။ ဤသည်အဘိဓမ္မာပိဋက။ ဤသည်ဒီဃ နိကာယ်။ပ။ ဤသည် ခုဒ္ဒကနိကာယ်မည်၏။ ဤသည်တို့သည် အင်္ဂါ အားဖြင့်ကိုးပါးမည်ကုန်၏။ ဤသည်တို့သည် ရှစ်သောင်းလေးထောင် သောဓမ္မက္ခန္ဓာမည်ကုန်၏ဟု၊ ဤအလုံးစုံသောအပြားကိုမှတ်၍ သင်္ဂါ ယံနာတင်ကုန်၏။ ဤဆိုအပ်ပြီးသောအပြားကိုသာမဟုတ်သေး။ဥဒါန သင်္ဂဟ၊ဝဂ္ဂသင်္ဂဟ၊ပေယျာလသင်္ဂဟ၊ဧကနိပါတ ဒုကနိပါတာဒိ နိပါ တသင်္ဂဟ၊ သံယုတ္တသင်္ဂဟ၊ ပဏ္ဏာသသင်္ဂဟ၊ အစရှိသော များသော အပြားရှိသော ပိဋကတ်သုံးပုံ၌ကောင်းစွာထင်သောသင်္ဂဟအပြားကို လည်း.မှတ်၍သာလျှင် ခုနစ်လတို့ဖြင့် သင်္ဂါယနာတင်၏။ ဝါခေါင်လ ပြည့်ကျော်ငါးရက်နေ့မှစ၍ သင်္ဂါယနာတင်သည်။ တပေါင်းလပြည့် ကျော်မှပြီး၏။ ဤပဌမသင်္ဂါယနာတင်ခြင်းကို ငါးရာသောရဟန်းတို့ သည် ပြုအပ်သောကြောင့်။ ပဉ္စသတိက သင်္ဂါယနာဟု ဆိုအပ်၏။ မထေရ်ကြီး တို့သည်သာလျှင် ပြုအပ်သောကြောင့်။ ထေရိက ဟူ၍

www.dhammaransi.com



လည်း ဆိုအပ်၏။ ။သင်္ဂါယနာ တင်ပြီးသောအဆုံး၌ အရှင်မဟာကဿပမထေရ်သည်။ မြတ်စွာဘုရား၏ သာသနာတော်ကို အနှစ်ငါးထောင်ပတ်လုံးတည်ခြင်းငှါစွမ်းနိုင်သည်ကိုပြု၏ဟု ပြင်းစွာဖြစ်သောဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍။ဤမြေကြီးသည်ရေအဆုံးရှိသည်ကိုပြု၍အကြိမ်များစွာအထက်သို့ တက်၍ တက်၍ လှုပ်၏။အောက်သို့သက်၍သက်၍ပြင်းစွာလှုပ်၏။အရှေ့၊အနောက်၊တောင်၊မြောက်အားဖြင့် လေးပါးသောအရပ်တို့သည်ထို့မှဤမှပြေးသွား၍ပြင်းစွာလှုပ်၏။ ။

ဤသာသနာတော်ကို၊မြတ်စွာဘုရားသည်။ဝေသာလီပြည်၌ ငါးဝါမြောက်ဆိုတော်မူပြီး၍။ဝါကျွတ်ပြီးသောအခါ၌ မိထွေးတော်ဂေါတမီသည်။သုတ် အဘိဓမ္မာ ဝိနည်း၌ ရဟန်းပြုလိုပါသည်ဟု ခွင့်တောင်းရာတွင်။ ဂရုဓမ္မတရားရှစ်ပါးကို မိထွေးတော်အား အလျှင်ဝန်မခံစေဘဲ။ မာတုဂါမတို့အား ရဟန်း၏အဖြစ်ကိုခွင့်ပြုချေမူ။ ပဋိသမ္ဘိဒါပတ္တဆဠဘိညရဟန္တာခေတ် သာသနာသည် အနှစ်ငါးရာသာ တည်လတ္တံ့ဟု မိန့်တော်မူ၍။ မိထွေးတော်အား အဋ္ဌဂရုဓမ္မကို အလျှင်ဝန်ခံစေပြီးမှ။ မာတုဂါမတို့အား ရဟန်း၏ အဖြစ်ကို ခွင့်ပေးတော်မူသောကြောင့်။ ပဋိသမ္ဘိဒါပတ္တ ဆဠဘိညရဟန္တာခေတ် အနှစ် တထောင်။ သုက္ခဝိပဿက ရဟန္တာခေတ် အနှစ်တထောင်။ အနာဂါမိ ခေတ် အနှစ်တထောင်။ သကဒါဂါမိခေတ်အနှစ်တထောင်။ သောတာပန်ခေတ်အနှစ်တထောင်အားဖြင့် အနှစ်ငါးထောင် ငါ၏ သာသနာတည်လတ္တံ့ဟူ၍ မြတ်စွာဘုရားမိန့်တော်မူ၏။ ။

---

## ၇၅။ သင်္ဂါယနာတင်ပြီးသောအခါဘုရားရှင် ပညတ်တော်မူသောသိက္ခာပုဒ်တို့ကိုမနုတ်မပယ်မူ၍ ပညတ်တော်မူတိုင်းကျင့်ဆောင်ကြရန်ဥတ္တိ ဒုတိယကမ္မဝါစာဖြင့်ရှင်မဟာကဿပကြားတော်မူခြင်း။

သင်္ဂါယနာတင်ပြီးသောအခါ၌ အရှင်အာနန္ဒာသည် ရဟန်းတို့ကိုဆို၏။အရှင်ဘုရားတို့၊မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုခါနီး၌ အကျွန်ုပ်ကို ဤသို့မှာခဲ့၏။ အာနန္ဒာ၊ သံဃာသည် အလိုရှိသော်။ ငါလွန်သဖြင့် ငယ်သော သိက္ခာပုဒ်၊ ငယ်သောအောက် ငယ်သော သိက္ခာပုဒ်တို့ကို

www.dhammaransi.com



နှုတ်ရာ၏ဟုမှာတော်မူခဲ့၏ဟူ၍ယောန်းတို့ကိုပြောကြသော်။ ရဟန်းတို့သည် ငါ့ရှင်အာနန္ဒာ၊သင်သည်မြတ်စွာဘုရားကို ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အဘယ်သိက္ခာပုဒ်တို့သည် ငယ်သော သိက္ခာပုဒ်၊ ငယ်သောအောက် ငယ်သော သိက္ခာပုဒ်ဖြစ်ကုန်သနည်းဟု မေးလျှောက်လိုက်ပါ၏လောဟူ၍ အရှင်အာနန္ဒာကိုမေးဆိုကုန်၏။ အရှင်ဘုရားတို့၊ အကျွန်ုပ်သည် မြတ်စွာဘုရားကိုမမေးလိုက်မိချေဟု အရှင်အာနန္ဒာဆိုသော်။ အချို့သောရဟန်းတို့သည် ပါရာဇိကလေးပါးကိုထား၍ ကြွင်းသော သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ် မည်၏ဟု ဆိုကုန်၏။ အချို့သော ရဟန်းတို့သည်။ ပါရာဇိကလေးပါး၊ သံဃာဒိသိသ် တဆဲ့သုံးပါးကိုထား၍ ကြွင်းသောသိက္ခာပုဒ်တို့သည်။ အချို့သောရဟန်းတို့သည်၊ ပါရာဇိကလေးပါး၊သံဃာဒိသိသ်တဆဲ့သုံးပါး၊ အနိယတနှစ်ပါးကိုထား၍။ အချို့သောရဟန်းတို့သည်၊ ပါရာဇိက၊ သံဃာဒိသိသ်၊ အနိယတ၊ နိဿဂ္ဂိယပါစိတ်သုံးဆယ်ကိုထား၍ ကြွင်းသော သိက္ခာပုဒ်တို့သည်ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်မည်ကုန်၏ဟုဆိုကုန်၏။ အချို့သောရဟန်းတို့သည်၊ ပါရာဇိက၊သံဃာဒိသိသ်၊တိံသနိဿဂ္ဂိယပါစိတ်၊ ဒွေနဝုတိပါစိတ်ကိုထား၍ ကြွင်းသောသိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်မည်ကုန်၏ဟုဆိုကုန်၏။ အချို့သောရဟန်းတို့သည်၊ပါရာဇိက၊သံဃာဒိသိသ်၊ အနိယတနှစ်ပါး၊ တိံသနိဿဂ္ဂိယပါစိတ်၊ ဒွေနဝုတိ ပါစိတ်၊ ပါဋိဒေသနီလေးပါးကိုထား၍ ကြွင်းသောသိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်မည်ကုန်၏ဟု ဆိုကုန်၏။ ထိုသို့ဆိုကြသောအခါ၌ အရှင်မဟာကဿပသည် သံဃာကိုသိစေ၏။ ငါ့ရှင်တို့၊ သံဃာသည် ငါ၏စကားကို နာစေသတည်း။ ငါတို့အား လူတို့၌ဖြစ်သော သိက္ခာပုဒ်တို့သည်ရှိကုန်၏။ ဤအမှုသည် သကျဝင်မင်းသားရဟန်းတို့အားအပ်၏။ ဤအမှုသည့်မအပ်ဟူ၍ လူတို့သည် သိကုန်၏။ အကယ်၍ငါတို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကိုနှုတ်ကုန်အံ့။ ရဟန်းဂေါတမသည် ထင်းပုံ၌ မီးခိုးထသော ကာလတိုင်ရှိသာ တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်သည်။ ဤတပည့်ရဟန်းတို့၏ဆရာသည် အကြင်မျှလောက် ထင်ရှားရှိ၏။ ထိုမျှလောက်သာဤရဟန်းတို့သည်ကျင့်ကုန်၏။ အကြင်အခါ၌ ဤရဟန်းတို့၏ဆရာဘုရားသည် ပရိနိဗ္ဗာန်ပြု၏။ ထိုအခါမှစ၍ သိက္ခာပုဒ်တို့၌မကျင့်ကုန်ဟူ၍လူတို့သည်ဆိုကုန်လတ္တံ့။ ထို့ကြောင့်သံဃာသည်

www.dhammaransi.com



မြတ်စွာဘုရား မပညတ်သည် ကိုလည်း မပညတ်ရာ။ ဘုရား ပညတ်တော်မူသော သိက္ခာပုဒ်ကိုလည်း မနုတ်ရာ။ ပညတ်တော်မူတိုင်း ဖြစ်ကုန်သော သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ သံဃာ သည် ကျင့်ရာ၏။ ဤစကားကို အကြင်ရဟန်းသည် မနှစ်သက်။ ထိုရဟန်းသည်ဆိုရာ၏။ အကြင်ရဟန်းသည် နှစ်သက်၏။ ထိုရဟန်းသည်ဆိတ်ဆိတ်နေရာ၏ဟု ဥတ်ထား၍။ အကြင်ကြောင့်သံဃာသည် နှစ်သက်၏။ ထိုကြောင့် ဆိတ်ဆိတ်နေ၏။ ဤသို့ဆိတ်ဆိတ်နေသဖြင့် နှစ်သက်သော အဖြစ်ကို သိရ၏ဟု အရှင်မဟာကဿပ မိန့်တော်မူ၏။ သံဃာသည် ပညတ်တော်မူတိုင်းဖြစ်သောသိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ကျင့်၏။ ။

---

## ၇၆။ သင်္ဂါယနာတင်မထေရ်ကြီးတို့သည်၊ မည်သည့်သိက္ခာပုဒ်သည် ခုဒ္ဒါနုခုဒ္ဒကမည်ပါသနည်းဟု မြတ်စွာဘုရားအားမမေးလျှောက်လိုက်ခြင်း စသော ၅ ပါးသောအရာဌာနတို့၌ ရှင်အာနန္ဒာအားဒုက္ကဋ်အာပတ်သို့တင်၍ဒေသနာ ကြားစေခြင်းတို့ကိုပြရာ။

ထိုရောအခါ မထေရ်ဖြစ်ကုန်သောရဟန်းတို့သည် အရှင်အာနန္ဒာကိုဆိုကုန်၏။ ငါ့ရှင်အာနန္ဒာ၊သင်သည် မြတ်စွာဘုရားကို အဘယ်မည်သော သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ် မည်ကုန်သနည်းဟူ၍ ဤသို့မမေးခြင်းသည်မကောင်းသဖြင့်ပြုသည်မည်၏။ ဒုက္ကဋ်သင့်၏။ထိုဒုက္ကဋ်ကိုဒေသနာကြားလော့ဟုဆို၏။ အရှင်ဘုရားတို့၊ အကျွန်ုပ်သည် မေ့လျော့သဖြင့် မမေးဘဲနေမိ၏။ ထိုဒုက္ကဋ်ကိုမမြင်။ စင်စစ်သော်ကား အရှင် ကောင်းတို့အား သဒ္ဓါ ယုံကြည်သဖြင့် ဒေသနာ ကြားပါအံ့ဟု ကြား၏။ ။အာနန္ဒာ၊ မြတ်စွာဘုရား၏ရေသနုပ်တော်ကို သင်သည် ခြေဖြင့်နင်း၍ချုပ်၏။ ဒုက္ကဋ်သင့်၏။ ဒေသနာကြားလော့ဟု ဆိုကုန်၏။ အရှင်ဘုရား၊ အကျွန်ုပ်သည် မရိုသေသဖြင့် ရေသနုပ်တော်ကို နင်း၍ ချုပ်သည် မဟုတ်။ ထိုကြောင့် ဒုက္ကဋ်အာပတ်ကို မမြင်။ စင်စစ်သော်ကားအရှင်ကောင်းတို့အား ယုံကြည်သဖြင့်ကြားပါအံ့ဟုဒေသနာကြား

၏။ ။အာနန္ဒာ၊သင်သည် မာတုဂါမတို့ကို မြတ်စွာဘုရားကိုယ်တော်ကို ရှေးဦးစွာရှိခိုးစေ၍။ ငိုကုန်သောမိန်းမတို့၏မျက်ရည်ဖြင့် မြတ်စွာဘုရား ကိုယ်တော်ကို လူး၏။ ထို့ကြောင့် ဒုက္ကဋ်သင့်၏။ ထိုဒုက္ကဋ်ကို ဒေသနာကြားလော့ဟူ၍ ဆိုကုန်၏။ အရှင်ဘုရားတို့၊ ဤမာတုဂါမတို့သည် ညဉ့်နက်သည် မဖြစ်စေကုန်သတည်းဟု ရှေးဦးစွာ ရှိခိုးစေ၏။ ထို့ကြောင့် ဒုက္ကဋ်ကို မမြင်။ စင်စစ်သော်ကား အရှင်ကောင်းတို့အား ယုံကြည်သဖြင့် ကြားပါအံ့ဟု ဒေသနာကိုကြား၏။ ။အာနန္ဒာ၊ မြတ်စွာဘုရားသည် တောင်းပန်စေလိုသောနိမိတ်ဩဘာသကို ပြုပါလျက်။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ များစွာသော သူတို့၏ စီးပွါးချမ်းသာခြင်းအလို့ငှါ၊ လူကိုအစဉ်သနားခြင်းငှါ၊ နတ်လူတို့၏ အကျိုးစီးပွါးအလို့ငှါရှင်ပင်ဘုရားသည် အာယုကပ်ပတ်လုံးတည်တော်မူပါဟု မြတ်စွာဘုရားကို မတောင်းပန်။ ထို့ကြောင့် ဒုက္ကဋ်သင့်၏။ ဒေသနာ ကြားလော့ဟုဆိုကုန်၏။ အရှင်ဘုရားတို့၊အကျွန်ုပ်သည် မာရ်ထိုးကျင့်သော စိတ်ရှိသည်ဖြစ်၍ မတောင်းပန်မိ။ ထို့ကြောင့်အာပတ်ကိုမမြင်။ စင်စစ်သော်ကား အရှင်ဘုရားတို့အားယုံကြည်သဖြင့်ကြားပါအံ့ဟု ဒေသနာကို ကြား၏။ ။အာနန္ဒာ၊ သင်သည် မြတ်စွာဘုရား ဟောအပ်သော သုတ် အဘိဓမ္မာ ဝိနည်း၌မာတုဂါမ၏ရဟန်းအဖြစ်ကိုလုံ့လပြု၏။ ထို့ကြောင့်ဒုက္ကဋ်သင့်၏၊ ဒေသနာကြားလော့ဟုဆိုကုန်၏။ အရှင်တို့၊ပဇာပတိဂေါတမီသည် မြတ်စွာဘုရားမိထွေးတော်တည်း။ မယ်တော်လွန်သည်ရှိသော် နို့ချည်ပေး၍ မွေးပေသောသူတည်းဟု သာသနာတော်၌ မာတုဂါမ၏ရဟန်းအဖြစ်ကို အကျွန်ုပ်လုံ့လပြု၏။ ဒုက္ကဋ်ကိုမမြင်။ စင်စစ်သော်ကား အရှင်ဘုရားတို့ကို သဒ္ဓါသဖြင့် ဒေသနာ ကြားပါအံ့ဟု ဒေသနာကိုကြား၏။ ။

ထိုရှေးအခါအရှင်ပုရာဏသည်များစွာသောငါးရာမျှသောရဟန်းသံဃာနှင့်တကွဒက္ခိဏာဂိရိဇနပုဒ်၌နေ၏။ မထေရ်ကြီးတို့သည် သင်္ဂါယနာတင်ပြီးသည်ရှိသော် အရှင်ပုရာဏသည် ရာဇဂြိုဟ်ပြည်သို့လာ၍၊ ဝေဠုဝန်ကျောင်းတော်၌ မထေရ်ကြီးတို့ကို ကပ်၍ ရိုသေစွာ ရှိခိုးပြီး၎သော် မထေရ်ကြီးတို့နှင့်တကွ ဝမ်းမြောက်ဝမ်းသာ ပြောဟော၍ နေ၏၊ အရှင်ပုရာဏကို မထေရ်ကြီးတို့သည် ပြောဆိုကုန်၏။ အရှင်ပုရာဏ၊ မထေရ်ကြီးတို့သည် သုတ် အဘိဓမ္မာဝိနည်းကို သင်္ဂါယနာတင်

www.dhammaransi.com



အပ်ပြီ။ ထိုသင်္ဂါယနာသို့ ကပ်လော့ဟုဆိုကုန်၏။ အရှင်ပုရာဏသည် အရှင်တို့၊ မထေရ်ကြီးတို့သည် သင်္ဂါယနာကို ကောင်းစွာတင်အပ်၏။ သင်္ဂါယနာသည် ပြည့်စုံ၏။ စင်စစ်သော်ကား။ မြတ်စွာဘုရား၏မျက်မှောက်တော်မှ အကြင်အခြင်းဖြင့်ငါသည်ကြား၏။ အကြင်အခြင်းဖြင့် နာခံ၏။ထိုအခြင်းဖြင့်မှတ်ရာ၏ဟုဆို၏။ ။

---

## ၀၇။ သံဃာ့အာဏာဖြင့်ဆန္နထေရ်အား ဗြဟ္မဒဏ်ထားရန်ရှင်အာနန္ဒာရောဇဂြိုဟ်မှကောသမ္ဗီသို့ကြွခြင်း၊ ဥတေနမင်းနှင့်မောင်းမငါးရာတို့ရှင်အာနန္ဒာအားပုဆိုးတထောင်လှူခြင်း၊ဆန္နထေရ်အားဗြဟ္မဒဏ်ကြားခြင်း၊ဗြဟ္မဒဏ်ငြိမ်းခြင်းတို့ကိုပြရာ။

ထိုအခါ အရှင်အာနန္ဒာသည် မထေရ်ကြီးတို့ကိုလျှောက်၏။မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုသောအခါ၌ အကျွန်ုပ်ကို ဤသို့မှာခဲ့၏။ အာနန္ဒာ၊ ဆန္နသည် ရဟန်းသံဃာတို့ကို အရိုအသေ အလေးအမြတ်မပြု။ အဆုံးအမ အဆိုအမြည်ကို မခံသောကြောင့်ကား။ သံဃာသည် ငါလွန်သဖြင့် ဆန္နရဟန်းအား ဗြဟ္မဒဏ်ကို ထားစေ သတည်းဟု မှာတော်မူခဲ့သည်ဟု လျှောက်၏။ မထေရ်ကြီးတို့သည်မေးကုန်၏။ ငါ့ရှင်အာနန္ဒာ၊ သင်သည် မြတ်စွာဘုရားကို ဗြဟ္မဒဏ်ဟူသည် အဘယ်ကဲ့သို့နည်းမေးလိုက်၏လောဟု ဆိုကုန်၏။ အရှင်ဘုရားတို့၊ အကျွန်ုပ်မေးလိုက်ပါ၏။ အာနန္ဒာ၊ ဆန္နရဟန်းသည် အကြင်စကားကိုဆိုလို၏။ ထိုစကားကိုဆိုစေ။ ရဟန်းတို့သည် ဆန္နကိုမဆုံးမအပ်။ တစုံတခုသောစကားကို မဆိုအပ်။ ဤသို့ နေခြင်းသည် ဗြဟ္မဒဏ်တည်းဟု မြတ်စွာဘုရား မိန့်တော်မူခဲ့၏ဟု အရှင်အာနန္ဒာဆို၏။ ထိုသို့တပြီးကား ငါ့ရှင်အာနန္ဒာ၊ရှင်ပင်သည်ပင် ဆန္နရဟန်းအား ဗြဟ္မဒဏ်ထားချေလော့ဟု မထေရ်ကြီးတို့ဆိုကုန်သော်။ အရှင်ဘုရားတို့၊ထိုအရှင်ဆန္နသည်ကြမ်းထမ်းရုန့်ရင်းလှ၏။ အကျွန်ုပ်သည် အဘယ်ကဲ့သို့ ဗြဟ္မဒဏ်ကို ထားရအံ့နည်းဟုဆိုလျှင်။ သဃာ်များစွာနှင့်တကွသွား၍ထားချေဟု ဆိုသဖြင့် အရှင်အာနန္ဒာသည် ငါးရာသော သဃာ်တို့ကိုယူ၍ လှေဖြင့် ရာဇဂြိုဟ်ပြည်မှ ကောသမ္ဗီသို့ဆန်၍။ ကောသမ္ဗီသို့ရောက်လေသော် လှေမှ

www.dhammaransi.com



သက်၍၊ ဥတေနမင်းဥယျာဉ်၏အနီး၌တခုသောသစ်ပင်ရင်း၌နေ၏။ ။
ထိုအခါ ဥတေနမင်းသည် မောင်းမငါးရာတို့နှင့်တကွဥယျာဉ်သို့ကစား
လာသဖြင့်။ မောင်းမငါးရာတို့သည်အရှင်အာနန္ဒာရောက်လာ၏ဟုကြား
၍။ အကျွန်ုပ်တို့၏ဆရာဖြစ်သော အရှင်အာနန္ဒာကို ဖူးမြင်ရပါစေဟု
မင်းကြီးကိုခွင့်တောင်း၍။ ခွင့်ရသဖြင့်၊ မောင်းမငါးရာတို့သည် အရှင်
အာနန္ဒာသို့ကပ်လာ၍ ရှိသေစွာရှိခိုး၍ ဝမ်းမြောက် ဝမ်းသာပြောဆို၍
နေသောမောင်းမတို့ကို အရှင်အာနန္ဒာသည် တရားစကားဖြင့်ကောင်း
စွာပြပေ၏။ ထက်စေ၏။ ရွှင်စေ၏။ မောင်းမငါးရာတို့သည် ကိုယ်ဝတ်
ငါးရာ အရှင်အာနန္ဒာအားလှူခဲ့၍ပြန်လေကုန်သော်။ သင်တို့သည်အရှင်
အာနန္ဒာကို ဖူးမြင်ရပါကုန်၏လောဟု မင်းကြီးမေးသဖြင့်။ ဖူးမြင်ရပါ
ကုန်၏အရှင်မင်းကြီးဟုလျှောက်ကုန်၏။ တစုံတခုကို သင်တို့သည်လှူ
ခဲ့ပါ၏လောဟုမေး၍ ကိုယ်ဝတ်ငါးရာတို့ကိုလှူခဲ့ပါ၏ဟုလျှောက်သော်
အလုံးစုံကိုပင် အရှင်အာနန္ဒာအလှူခံ၏လောဟုမေးပြန်၍။ ခံပေ၏အရှင်
မင်းကြီးဟု လျှောက်ကုန်သော်။ အဘယ့်ကြောင့် အရှင်အာနန္ဒာသည်
ဤမျှလောက်ကိုပင်အလှူခံဘိသနည်း။ ကုန်သွယ်ခြင်းကိုပင်သော်လည်း
ပြုလတ္တံ့လော။ ပုဆိုးဈေးပင်သော်လည်းကျင်းပလတ္တံ့လောဟုကဲ့ရဲ့၍။
မင်းကြီးသည် အရှင်အာနန္ဒာသို့ကပ်လာ၍ရှိသေစွာရှိခိုး၍ ဝမ်းမြောက်
ဝမ်းသာ ပြောဟောပြီးသော်။ အရှင်ဘုရား၊ မောင်းမတို့သည် လာ၏
လောဟုမေး၍၊ လာ၏မင်းကြီးဟုမိန့်သော်။ တစုံတခုလှူခဲ့ကုန်၏လော
ဟုမေးပြန်၍။ ကိုယ်ဝတ် ငါးရာလှူခဲ့ကုန်၏ဟု မိန့်သော်။ ဤမျှလောက်
များစွာကိုအရှင်အာနန္ဒာအသို့ပြုလတ္တံ့နည်းဟုလျှောက်၍။ သင်္ကန်းအား
နည်းသော ရဟန်းတို့အားခွဲဝေ၍ သုံးဆောင်အံ့ဟုမိန့်သော်။ သင်္ကန်း
ဟောင်းတို့ကို အသို့ပြုအံ့နည်းဟုမေး၍။ အပေါ်လွှမ်းခင်းနှီးပြုအံ့ဟုမိန့်
သော်။ အပေါ်လွှမ်းခင်းနှီးဟောင်းကိုအသို့ပြုအံ့နည်းဟုမေး၍။ ဘုံလျှိုပြု
အံ့ဟုဆိုသော်။ ဘုံလျှိုဟောင်းကိုအသို့ပြုအံ့နည်းမေး၍။ မြေအခင်းပြုအံ့
ဟုဆိုသော်။ မြေအခင်းဟောင်းကိုအသို့ပြုအံ့နည်းဟု မေးပြန်၍၊ ခြေ
သုတ်ပြုအံ့ဟုဆိုသော်။ ခြေသုတ်ဟောင်းကိုအသို့ပြုအံ့နည်းဟု မေးပြန်
၍။ မြူသုတ်ပြုအံ့ဟုဆိုသော်။ မြူသုတ်ဟောင်းကို အသို့ပြုအံ့နည်းမေး၍။
မြူသုတ်ဟောင်းကို နုပ်နုပ်စဉ်း၍မြေညွန်နှင့်နယ်၍ အကျည်ကိုလိမ်းကျံ
အံ့ဆိုသဖြင့်။ သကျဝင်မင်းသားရဟန်းတို့သည် အသင့်အားဖြင့် သုံး

www.dhammaransi.com



ဆောင်ကုန်သည်။ ကုသိုလ်ကိုပျက်စီးခြင်းသို့မရောက်စေဟု ကြည့်ညှိ၍ အရှင်အာနန္ဒာအားငါးရာသော ပုဆိုးတို့ကို ဥတေနမင်းသည်လှူပြန်၏။ ။ထိုအခါ အရှင်အာနန္ဒာသည် သံဃာငါးရာနှင့်တကွ ဃောသိတာရုံသို့ကပ်၍ ခင်းအပ်သောနေရာ၌နေ၏။ ရှင်ဆန္နသည် အရှင်အာနန္ဒာသို့ကပ်လာ၍ ရှိခိုးလျက်တင့်အပ်သောနေရာ၌နေ၏။ အရှင်အာနန္ဒာသည် ရှင်ဆန္နကို။ အရှင်ဆန္န၊ သံဃာသည် အရှင့်အား ဗြဟ္မဒဏ်ကို ထားစေ၏ဟူ၍ဆို၏။ အရှင်အာနန္ဒာ၊ ဗြဟ္မဒဏ်ဟူသည် အဘယ်သို့နည်းဟုမေး၏။ ငါ့ရှင်ဆန္န၊ သင်သည်ဆိုလိုတိုင်းဆိုရာ၏။ ပြုလိုတိုင်းပြုရာ၏။ သံဃာသည် တစုံတခုသောစကားကို သင့်အားမဆိုမဆုံးမပြီ။ ဤသည်လျှင် ဗြဟ္မဒဏ်တည်းဟူ၍ အရှင်အာနန္ဒာဆိုသော်။ အရှင်အာနန္ဒာ၊ယခုအခါ၌အံ့ကျွန်ုပ်ကို ဤမျှလောက်ဖြင့်အကြင်ကြောင့်သံဃာသည် တစုံတခုသောစကားကိုမဆိုပြီ၊မဆုံးမပြီ။ထိုမျှလောက်ဖြင့်အကျွန်ုပ်ကို သတ်အပ်သည်မမည်ပါသေးလောဟု ထိုအရပ်၌ပင် မိန်းမော၍လည်း၏။ ထိုအခါ ရှင်ဆန္နသည်ဗြဟ္မဒဏ်ဖြင့် နှိပ်စက်အပ်သည်ငြီးငွေ့သည် စက်ဆုပ်ရွံရှာသည်ဖြစ်၍၊ တယောက်တည်း ဆိတ်ငြိမ်ရာ၌နေ၍ ဖြိုးဖြိုးသောအကျင့်ရှိသည်ဖြစ်၍၊ နိဗ္ဗာန်သို့လွှတ်သောစိတ်ရှိသည်ဖြစ်၍ နေလျက်၊အကြင်မဂ်ဖိုလ်အလို့ငှါ အမျိုးသားသည် အိမ်မှထွက်၍ကျောင်း၌ရဟန်းပြု၏။ ထိုမဂ်ဖိုလ်ကိုမျက်မှောက်၌ အလိုလိုကိုယ်တိုင်သိ၍မျက်မှောက်ပြု၏။ ငါသည် ပဋိသန္ဓေကုန်ပြီ၊ မဂ်တည်းဟူသောအကျင့်ကို သုံးအပ်ပြီ။မဂ်ကိစ္စအလို့ငှါ ငါ့အားပြုဘွယ်ကိစ္စမရှိပြီဟုသိ၍။ တယောက်သောရဟန္တာဖြစ်လေ၏။ ထိုအခါ ဗြဟ္မဒဏ်ကို ငြိမ်းပါစေဟု အရှင်အာနန္ဒာကိုလျှောက်သော်၊ အကြင်အခါမှစ၍ သင်သည်ရဟန္တာဖြစ်၏။ထိုအခါမှစ၍ဗြဟ္မဒဏ်ငြိမ်းပြီဟုမိန့်တော်မူ၏။ ။ရှင်ဆန္နဟူသည် ကား ဘုရားဘက်တော် မြင်းမြီးဆွဲပင်တည်း။ နောက်အဘို့၌ ရဟန်းပြုသော်။ ဉာဏ်မရင့်သေးသဖြင့်၎င်း။ မြတ်စွာဘုရား၌ ဂေဟာသိတပေမဖြင့်။ ဘုရားလည်း ငါ့အရှင်သာဖြစ်သည်။ တရားလည်း ငါ့အရှင်သာ ဟောသောတရားဖြစ်သည်ဟုယူ၍၊ သံဃာကိုအရိုအသေမပြု၊ အဆုံးအမ မခံနေ၍၊မဂ်ဖိုလ်မရ ကျန်ရစ်၍၊ဗြဟ္မဒဏ်ကိုဘုရားထားတော်မူနှံ့ရသည်။ ။

www.dhammaransi.com



၈၀။ သာသနာတော်အမှတ်လွယ်စိမ့်သောငှါ။ဘိုးတော်
အဥ္စနမင်းကြီးထားခဲ့သောသက္ကရာဇ် ၁၄၈ ချက်ကိုအဇာတသတ်
မင်းဖြိုခြင်းနှင့်တကွ-ဒုတိယသင်္ဂါယနာတင်၊ကာလာသော
ကမင်းတိုင်၊ရာဇဗြိုဟ်မင်းဆက်၊ဝေသာလီမင်းဆက်
ရာဇဝင်အစဉ်အဆက်တို့ကိုပြရာ။

ပဌမသင်္ဂါယနာတင်ပြီးလျှင် အဇာတသတ်မင်းသည်၊ အရှင်မဟာကဿပသို့ ကပ်၍ အရှင်ဘုရား၊ မြတ်စွာဘုရား သာသနာ အနှစ်ငါးထောင်ထားသည်ကို ရေတွက်လွယ်စိမ့်သောငှါ၊ရှိနှင့်သည့်သက္ကရာဇ်ဟောင်းကိုချေ၍။ အကျွန်ုပ်တွင်အစပြု၍ သာသနာတော်သက္ကရာဇ်အသစ်ထားလိုပါသည်ဟုလျှောက်သော်၊ ကောင်းပြီမင်းကြီး၊ ထားလော့ဟုအရှင်မဟာကဿပမိန့်တော်မူ၍။ အရှင်ဒေဝိလရသေ့နှင့် မြတ်စွာဘုရားဘိုးတော်အဥ္စနမင်း ထားသော သက္ကရာဇ်ဟောင်းသည်။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူသည့်နှစ်၌ ၁၄၈ ချရှိသည်ကိုတပေါင်းလကွယ်တနင်္ဂနွေနေ့တွင်ဗုထား၍။ထို ၁၄၈ ချက်ကိုမပျောက်ရအောင် ပရမတ္ထဗိန္ဒုသင်္ချာနည်း၊ အဠ ဇေဒ သတ ကိန်းဟုထား၍။ သဇ္ဈာတ်ဗျဥ္ဇနအစရှိသည်တို့ကိုလည်း ပြင်ဆင်၍၊ ဘိုးတော်အဥ္စနမင်း၏ သက္ကရာဇ် ၁၄၈ ချ။တန်းခူးလဆန်းတရက်၊ တနင်္လာနေ့ကိုအစပြု၍။သာသနာတော်သက္ကရာဇ်တချဟူ၍အဇာတသတ်မင်းထားသတည်း။ ။

အဇာတသတ်မင်းထားသောသာသနာတော်သက္ကရာဇ် ၈ ချရောက်သောနှစ်တွင် ဝေသာလီပြည်ကို အဇာတသတ်မင်းတိုက်ဖျက်၍ လူသူတို့ကိုသိမ်းယူ၏။ အဇာတသတ်မင်း ၃၂ နှစ်မင်းပြု၏။ သာသနာတော်သက္ကရာဇ် ၂၅ ချတွင်။ အဇာတသတ်မင်းကို သားဥဒယဘဒ္ဒ သတ်၍ ၂၅ ချကပင်စ၍ ဥဒယဘဒ္ဒမင်းပြုသဖြင့်။ ၁၆ နှစ်မြောက်၊ သာသနာတော်သက္ကရာဇ် ၄၀ ပြည့်တွင်။ ထိုဥဒယဘဒ္ဒမင်းကို သားအနုရုဒ္ဓကသတ်၍၊၎င်းသက္ကရာဇ် ၄၁ ချမှစ၍အနုရုဒ္ဓကမင်းပြု၏။ ထိုအနုရုဒ္ဓက ၄ နှစ်မင်းပြုပြီးသော်။ သာသနာတော်သက္ကရာဇ် ၄၅ ချရောက်သောအခါ၌။ အနုရုဒ္ဓကကို သား မုဏ္ဍကသတ်၍မင်းပြု၏။ မုဏ္ဍကမင်းပြု၍ ၄ နှစ်ရှိပြီးသော်။သာသနာတော်သက္ကရာဇ် ၄၉ ချနှစ်ရောက်သောအခါ၌မုဏ္ဍကကိုသားနာဂဒါသကသတ်၍။၎င်းသက္ကရာဇ် ၄၉ ချကပင်စ၍

www.dhammaransi.com



မင်းပြု၏။ နာဂဒါသကမင်းပြု၍ ၁၄ နှစ် ရှိပြီးသော်။ သာသနာတော်သက္ကရာဇ် ၆၃ ခုရောက်သည့်အခါ၌။ ဤမင်းမျိုးသည်အဘသတ်ပိတုဃာတကအမျိုးဖြစ်သည်ဟု ပြည်သူတို့ ညီ၍။ ထိုနာဂဒါသကမင်းကိုမင်းအဖြစ်မှချ၍သုသုနာဂကိုမင်းမြှောက်ကြ၏။ သုသုနာဂဟူသည်၊အဇာတသတ်မင်း ဝေသာလီပြည်ကို တိုက်ဖျက်၍ လူသူတို့ကိုသိမ်းယူရာတွင်ပါသော၊ဝေသာလီအမတ်ကြီးတယောက်၏သို့းကိုရာဇဂြိုဟ်ပြည်၌ပြည်တန်ဆာမ၏အရာ၌ထား၍။ထိုပြည်တန်ဆာမတွင်သားယောကျ်ားဘွားမြင်သဖြင့်။ ထိုသူငယ်ကို အိုး၌ထည့်၍ ရာဇဂြိုဟ်ပြည်၏အပဖြစ်သော တံမြက်ချေးစွန့်ရာအရပ်၌ ပစ်ထားလေသော်။ နဂါးတခုသည်လာလျက်စောင့်နေ၍။ အဇာတသတ်မင်း ပြည်လှည့်လည်သောအခါ၌ထိုမင်းကိုမြင်စေလျက်၊ ထိုနဂါးသည်-သုသု-ဟူ၍ မြည်ပြီးလျှင် အိုးမှဘဲလေ၏။ထိုအိုး၌ကြည့်သော် သူငယ်ကိုမြင်၍၊အမတ်တို့ကိုမွေးစေ၏။ နဂါး-သုသု-ဟုမြည်သည်ကို အကြောင်းပြု၍။ သုသုနာဂ-ဟူသောအမည်ကိုမှည့်၍၊အမတ်အရာ၌ထားသောသူတည်း။ ထိုသုသုနာဂအမတ်ကိုပြည်သူတို့မင်းမြှောက်၍။သုသုနာဂသည် သာသနာတော်သက္ကရာဇ် ၆၃ ခုကပင်စ၍မင်းပြု၏။သုသုနာဂမင်းအဖြစ်သို့ရောက်လျှင်ဝေသာလီပြည်ကိုပြုစုတည်ထောင်ပြန်၍။ဝေသာလီမြည်၌နေ၏။ ရာဇဂြိုဟ်ပြည်သည် သုသုနာဂမင်းလက်ထက်ကပင် မင်းနေပြတ်၏။သုသုနာဂအမတ်သည် ၁၈ နှစ်မင်းပြု၏။ သာသနာတော်သက္ကရာဇ် ၈၀ ပြည့်တွင် သုသုနာဂမင်းလွန်၍။သား ကာလာသောကသည် ၎င်းသက္ကရာဇ် ၈၁ ခုမှစ၍မင်းပြု၏။ကာလာသောက ၂၈ နှစ်မင်းပြု၏။ ။

---

၁၈။ မြတ်စွာဘုရားလက်ထက်တေဒဂ်ရှင်ဥပါလိက စ၍၊ဒါသက၊သောဏက၊သိဂ္ဂဝ၊စဏ္ဍဝဇ္ဇိ ထေရ်ဟူကုန်သော သာသနာဝင်အစဉ်အဆက်ကိုပြရာ။

ဘုရားကိုယ်တော်ထင်ရှားရှိသော ကာလမှစ၍ တတိယ သင်္ဂါယနာတင်သည့် တိုင်အောင် ဇမ္ဗူဒီပါကျွန်း၌ ပိဋကတ်သုံးပုံကို ဆရာအဆက်ဆက်တို့သည် ဆောင်ကုန်၏။ ဝိနည်းပိဋကတ်ကို အရှင်ဥပါလိသည် မြတ်စွာဘုရား အထံတော်မှ သင်၍ ဆောင်၏။ အရှင်ဒါသက

www.dhammaransi.com



မထေရ်သည် အရှင်ဥပါလိထံမှသင်၍ဆောင်၏။ အရှင်ဒါသကမထေရ်၏ တပည့်ဖြစ်သော အရှင်သောဏက မထေရ်သည် အရှင် ဒါသက မထေရ်၏အထံမှသင်၍ဆောင်၏။ အရှင်သောဏကမထေရ်၏တပည့်ဖြစ်သောအရှင်သိဂ္ဂဝမထေရ်သည် အရှင်သောဏက၏အထံမှပိဋကသုံးပုံကိုသင်၍ဆောင်၏။အရှင်သိဂ္ဂဝ၏တပည့်ဖြစ်သော အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် အရှင်သိဂ္ဂဝ၏အထံမှ သင်၍ ဆောင်၏။ ဤဆရာတပည့် အဆက်ဆက် တို့သည် တတိယသင်္ဂါယနာ တင်သည်တိုင်အောင် မပြတ်စေမူ၍ဆောင်ကုန်၏။ ပိဋကတ်သုံးပုံကိုပင်ဆောင်ကုန်၏။ ။ထိုအဆက်ဆက်တို့တွင် အရှင်ဒါသကမထေရ်သည်။ ဝေသာလီပြည်၌ ပုဏ္ဏားမျိုး၌ဖြစ်၍ ဒါသကဟူသောအမည်ရှိ၏။ ထိုဒါသကလုလင်သည်။သုံးရာကုန်သောပုဏ္ဏားလုလင်အပေါင်းတို့နှင့်တကွဆရာ၏အထံ၌ ဗေဒင်သင်သည်ရှိသော်။ အသက် ၁၂ နှစ်ပြည့်သောအခါ၌ဗေဒင်သုံးပုံအပြီးသို့ရောက်၏။ ထိုဒါသကလုလင်သည် တနေ့သ၌ သုံးရာသော ပုဏ္ဏားလုလင်နှင့်တကွ။ ပဌမသင်္ဂါယနာ တင်ပြီး၍ ဝါလိကာရာမ၌နေသော အရှင်ဥပါလိသို့ကပ်၍ မိမိ၏ဗေဒင်တို့၌ အလုံးစုံသော ခဲခက်သော အရာတို့ကိုမေး၏။ အရှင်ဥပါလိမထေရ်သည် ပုဏ္ဏားမေးတိုင်းဖြေ၍။ လုလင်၊ငါ့ကိုသင်သည်များစွာမေးအပ်ပြီ။ ငါသည်သင့်ကိုတခုသောပြဿနာကိုမေးပါအံ့ဟု၊ ထိုလုလင်၏ ဒါသကဟူသောနာမည်တ်ကိုရည်၍။ လုလင်၊တခုသောတရားသည် များစွာသောတရား၌ ကျ၏။ များစွာသောတရားအပေါင်းသည် တခုသောတရား၌ ရဝေး၍တည်၏။ ထိုတခုသောတရားသည် အဘယ်တရားနည်းဟု မေးသော်။ ထိုဒါသကလုလင်သည် ပြဿနာ၏အနက်ကို မမြင်နိုင်သည်ဖြစ်၍။ အရှင်ရဟန်း၊ ဤဗေဒင်သည် အဘယ်ဗေဒင်နည်းဟုမေး၍။ လုလင်၊ဗုဒ္ဓဗေဒင်တည်းဟုမထေရ်ဆိုသော်။ ဤဗေဒင်ကိုအကျွန်ုပ်တို့အား ပေးအံ့သော၌ တတ်ကောင်းပါအံ့လောဟု ဆို၍။ ငါတို့သည် ယူအပ်သောရဟန်းအဖြစ်ကိုယူသောသူအား ပေးအံ့သော၌တတ်နိုင်၏ ဆိုသော်။ အရှင်ရဟန်း၊ ကောင်းပြီဟုဝန်ခံ၍။ အိမ်သို့သွား၍၊ အမိအဘတို့ကိုခွင့်ပြုစေ၍။ အသောင်ပုဏ္ဏားလုလင်သုံးရာတို့နှင့်တကွ အရှင်ဥပါလိ၏အထံ၌ရဟန်းပြု၍၊ အသက်နှစ်ဆယ်ပြည့်၍ ပဉ္စင်းအဖြစ်ကိုရ၏။ ရဟန္တာအဖြစ်သို့ရောက်၏။ အရှင်ဥပါလိသည် ထိုဒါသကမထေရ်ကိုအကြီးပြု

www.dhammaransi.com



၍ တထောင်သောရဟန်္တာတို့အား ပိဋကတ်သုံးပုံကို သင်စေ၏။ ။ အရှင်သောဏကမထေရ်ကား။ ကာသိတိုင်း၌ ကုန်သည်ကြီး၏ သားတည်း။ ထိုသောဏကလုလင်သည် တဆဲ့ငါးနှစ်ရှိသော အခါ၌။ အမိအဘတို့နှင့် တကွ ဝေဠုဝန် ကျောင်းတော်သို့ သွား၍၊ ထိုဝေဠုဝန်ကျောင်းတော်၌ အရှင်ဒါသကမထေရ်ကို ပရိသတ်နှင့်တကွမြင်၍။ အလွန်သဒ္ဓါကြည်ညိုသဖြင့် ရဟန်းအဖြစ်ကိုတောင်းပန်၏။ အမိအဘတို့ ခွင့်မလွှတ်သောသူကို ငါတို့ရဟန်းမပြုကုန်ဟုဆိုသော်။ အမိအဘတို့သို့သွား၍ ခွင့်တောင်းလျှင် ခွင့်မပေးလိုကုန်၍၊အာဟာရကိုဖြတ်သဖြင့် အမိအဘတို့ကို ခွင့်ပြုစေ၍။ ထိုသောဏက လုလင်သည် ငါးကျိပ်ငါး ယောက်သော သတို့သားတို့နှင့် တကွ မထေရ်၏အထံ၌ ရဟန်းပြု၍ ပဋိသမ္ဘိဒါပဋိသမ္ဘိဒါအဖြစ်ကိုရပြီးသော် ရဟန္တာအဖြစ်သို့ ရောက်၏။ အရှင်ဒါသက မထေရ်သည် ထိုသောဏကမထေရ်ကိုပိဋကတ်သုံးပုံအလုံးစုံကိုသင်စေ၏။ထိုသောဏကမထေရ်သည် ဂိုဏ်း၏အကြီးဖြစ်၍ များစွာသော သူတို့အား။ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းကိုသင်စေ၏။ ။အရှင်သိဂ္ဂဝမထေရ်ကား။ပါဋလိပုတ်ပြည်၌ သိဂ္ဂဝမည်သောအမတ်ဖြစ်၍။ ဥတုသုံးပါးတို့အား လျော်ပတ်သောပြာသာဒ်သုံးဆောင်တို့၌ စည်းစိမ်ခံစား၏။ ထိုသိဂ္ဂဝအမတ်သည် တနေ့သ၌ မိမိ၏အဆွေခင်ပွန်းဖြစ်သော စဏ္ဍဝဇ္ဇီအမည်ရှိသော သူဌေးသားနှင့်တကွ များစွာသောအခြံအရံဖြင့်ခြံရံလျက်။ ကုက္ကုဋာရာမကျောင်းသို့ သွား၍။ ထိုကျောင်း၌ သမာပတ်ဝင်စားသောအရှင်သောဏကမထေရ်ကိုမြင်၍၊ရှိခိုး၍၊ မိမိနှင့်တကွစကား မပြောဆိုသည်ကိုသိ၍၊ ရဟန်းတို့ကို ဤအရှင်သည် အဘယ့်ကြောင့် စကားမပြောပါသနည်းဟု မေး၍။ သမာပတ်ဝင်စားသော ရဟန်းတို့သည် စကားမပြောကုန်ဟုဆိုသော်။ အဘယ်သို့လျှင် သမာပတ်မှထကုန်သနည်းဟု မေးပြန်၍။ မြတ်စွာဘုရား ခေါ်တော်မူသဖြင့်။ သံဃာခေါ်သဖြင့်၊ ပိုင်းခြားသောကာလဖြင့်၊ အာယုသင်္ခါရကုန်သဖြင့် ထ၏ဟုဆိုကုန်၍။ ထိုသိဂ္ဂဝအမတ်၏ အခြံအရံနှင့်တကွ ဥပနိဿယကိုမြင်သဖြင့်။ သံဃာ၏စကားဖြင့် အရှင်သောဏကသည် သမာပတ်မှထ၏။ သမာပတ်မှ ထပြီးသော် သောဏကမထေရ်ကို သိဂ္ဂဝ အမတ်သည် အဘယ်ကြောင့် စကားမပြောတော်မူပါသနည်းဟု မေး၏။ မင်းသား၊ စားအပ်သည်နှင့်ယှဉ်သည်ကို စားကုန်၏ဟုဆိုသော်။ အရှင်ဘုရားတို့

ဘောဇဉ်ကို အကျွန်ုပ်တို့အားလည်းစားစေခြင်းငှါ တတ်နိုင်ပါအံ့လော ဟုလျှောက်သော်။ သတို့သား၊ ငါတို့ကဲ့သို့ရဟန်းပြုလျှင် စားစေခြင်းငှါတတ်နိုင်၏ဟူ၍ မထေရ်မိန့်သော်။ ထိုအကြောင်းကို အမိအဘတို့အားကြား၍။ ထိုအမိအဘတို့သည် ခွင့်ပြုအပ်သည်ဖြစ်၍၊ မိမိအဆွေခင်ပွန်း စဏ္ဍဝဇ္ဇီသူဌေးသားနှင့်ရင်း၊ ငါးရာသောမင်းချင်း ယောကျ်ားတို့နှင့်ရင်း တကွ အရှင်သောဏကမထေရ်၏အထံ၌ ရဟန်းပြုသဖြင့် ပဉ္စင်းဖြစ်၏။ ထိုငါးရာ့ နှစ်ယောက်တို့တွင်၊ သိဂ္ဂဝမထေရ်၊ စဏ္ဍဝဇ္ဇီမထေရ်၊ဤနှစ်ယောက်တို့သည်ဥပဇ္ဈာယ်အရှင်သောဏကအထံ၌ပိဋကတ်သုံးပုံကိုတတ်အောင်သင်၍ နောက်အတို့၌ ဆဠဘိညာရဟန္တာဖြစ်ကြကုန်၏။ထိုနှစ်ပါးတို့တွင် အရှင်သိဂ္ဂဝမထေရ်၏အထံ၌ပိဋကတ်သုံးပုံကိုသင်၍တတ်ကုန်သောသူတို့ကား။ရဟန္တာချည်း တထောင်အရေအတွက်ရှိ၏။ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့ကား အရာ အထောင် အသောင်း အသိန်းဟူ၍ ပိုင်းခြားနိုင်သောမည်သည် မရှိ။ ရေတွက်ခြင်းအစဉ်ကိုလွန်စေကုန်၏။ အရှင်သိဂ္ဂဝ ကျမ်းပို့သောအခါ ဇမ္ဗူဒီပါကျွန်း၌ရဟန်းအတိုင်းမသိများသည်ဖြစ်၏။ ။

---

## ၉၀။ သာသနာတော်အနှစ်တရာကျော်တွင်၊ဝဇ္ဇီတိုင်းသားရဟန်းတို့အဓမ္မဝတ္ထု၊ဆယ်ပါးကိုပြုခြင်းကိုအကြောင်းပြု၍၊ရှင်ယသထေရ်အစရှိသောရဟန္တာခုနစ်ရာတို့ ဒုတိယသင်္ဂါယနာတင်သည့်ကိုပြရာ။

ဘိုးတော်အဇ္ဇနမင်းကြီးထားသော သက္ကရာဇ် ၁၄၁ ခုတွင်။ အဇာတသတ်မင်းပြု၏။ မြတ်စွာဘုရားကို မင်းအဖြစ်ဖြင့် ရှစ်နှစ်လုပ်ကျွေးရ၏။ဘုရားမရှိသည့်နောက် ၂၄ နှစ်။ပေါင်း ၃၂ နှစ်မင်းပြု၏။ သားဥဒယဘဒ္ဒ ၁၆ နှစ်။ သား အနုရုဒ္ဓက ၄ နှစ်။ သားမုဏ္ဍက ၄ နှစ်။ နာဂဒါသက ၂၄ နှစ်။ သုသုနာဂမင်း ၁၈ နှစ်မင်းပြု၏။ သုသုနာဂမင်းလွန်သော်။ သား ကာလာသောကသည် ၂၈ နှစ်မင်းပြုရ၏။ ကာလာသောက မင်းပြု၍ အနှစ် ၂၀ ပြည့်တွင် မြတ်စွာဘုရားသာသနာတော် အနှစ် ၁၀၀ ပြည့်၏။မြတ်စွာဘုရားပရိနိဗ္ဗာန်ပြု၍ အနှစ် ၁၀၀ ပြည့်ပြီးသည်မှနောက်၌။ ကာလာသောကမင်း လက်ထက်တွင် ဝေသာလီပြည်၌ နေကုန်သော

www.dhammaransi.com



ဝဇ္ဇီတိုင်းသားရဟန်းတို့သည် ဆယ်ပါးသောဝတ္ထုကို ထင်ရှားပြကုန်၏။ ဆယ်ပါးသော ဝတ္ထုဟူသည်ကား။ ကပ္ပတိသိင်္ဂီလောဏကပ္ပေါ၊ ကပ္ပတိဒွင်္ဂုလကပ္ပေါ၊ အစရှိသည် တို့တည်း။ ထိုအခါ၌ ကာကဏ္ဍက ပုဏ္ဏားရဲ့ သားဖြစ်သော အရှင်ယသသည် ဝဇ္ဇီတိုင်းမှ ဒေသစာရီကြွ သည်ရှိသော် ဝေသာလီပြည်သို့ရောက်၍၊မဟာဝုန်တောဝယ် ကူဋာ ဂါရသာလာ၌ နေ၏။ ထိုအခါ ဝေသာလီ၌ ဝဇ္ဇီတိုင်းသား ရဟန်းတို့ သည် ဥပုသ်နေ့၌ လင်ပန်းကို ရေဖြင့်ပြည့်စေလျက် ရဟန်းသံဃာ၏ အလယ်၌ထား၍။ လာတိုင်းလာတိုင်းသော ဝေသာလီပြည်သား ဒါယ ကာတို့ကို။ ဒါယကာတို့၊ သံဃာ့အား တသပြာကိုလှူကုန်လော့။ ငါးမူး ကို လှူကုန်လော့။ တမတ်ကို လှူကုန်လော့။ ပဲယုတ်ကို လှူကုန်လော့။ သံဃာ့အား ပရိက္ခရာဖြင့်ပြုဘွယ်ကိစ္စဖြစ်လတ္တံ့သည်ဟူ၍ ဆိုကုန်၏။ ထိုသို့ ပြုသည်ကိုမြင်၍ အရှင်ယသသည် ဒါယကာတို့ကို ဤသို့ဆို၏။ ဒါယကာတို့၊ သံဃာအား တသပြာကိုရင်း၊ ငါးမူးကိုရင်း၊ တမတ်ကို ရင်း၊ ပဲယုတ်ကိုရင်း မလှူကုန်လင့်။ သကျဝင်မင်းသား ရဟန်းတို့အား ရွှေငွေသည်မအပ်။ သကျဝင်မင်းသားရဟန်းတို့သည် မသာယာအပ် ကုန်။ သကျဝင်မင်းသားရဟန်းတို့သည် ရွှေငွေကို အလှူမခံအပ်ကုန် ဟူ၍ဆို၏။ ဤသို့ အရှင်ယသဆိုသော်လည်း။ ဝေသာလီပြည်သား ဒါ ယကာတို့သည် သံဃာအား တသပြာကိုရင်း၊ ငါးမူးကိုရင်း၊ တမတ်ကို ရင်း၊ပဲယုတ်ကိုရင်း လှူကုန်၏။ ထိုညဉ့်လွန်သဖြင့် ဝေသာလီပြည်သား ရဟန်းတို့သည် ရဟန်းအစဉ်ဖြင့်အဘို့ကိုထား၍ဝေကုန်၏။ ဝဇ္ဇီတိုင်း သားရဟန်းတို့သည် အရှင်ယသကို။ ငါ့ရှင်ယသ၊ဤအဖို့သည် သင်၏ အဘို့ဟူ၍ ဆိုကုန်၏။ ငါ့ရှင်တို့၊ ငါ့အားအဘို့မရှိ။ ငါသည် ရွှေငွေကို မသာယာဟူ၍ အရှင်ယသဆိုသော်။ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည်။ ငါ့ရှင်တို့၊ ကာကဏ္ဍက ပုဏ္ဏား၏သား ဤယသသည် သဒ္ဓါ ကြည်ညို ကုန်သော ဒါယကာတို့ကို ဆဲရေး၏။ ငါတို့အား မကြည်ညိုအောင်ပြု ၏။ထိုယသအား ငါတို့သည် ပဋိသာရဏီယကံကိုပြုကုန်အံ့ဟု ယိုဝဇ္ဇီ ရဟန်းတို့သည် အရှင်ယသအား ပဋိသာရဏီယကံကိုပြုကုန်၏။ ထို အခါ အရှင်ယသသည် ဤသို့ဆို၏။ အရှင်တို့၊ ပဋိသာရဏီယကံကိုပြု အပ်သောရဟန်းအား တမန်အဆင့်ကိုပေးအပ်၏ဟုဆို၏။ထိုအခါ ဝဇ္ဇီ ရဟန်းတို့သည်ရဟန်းတယောက်ကိုသမုတ်၍ အရှင်ယသအားတမန်

www.dhammaransi.com



အဆင့်ကိုပေးကုန်၏။ အရှင်ယသသည် ထိုရဟန်းနှင့်တကွ ဝေသာလီပြည်သို့ဝင်၍ ဒါယကာတို့ကိုဤသို့ဆို၏။ ဒါယကာတို့၊ အကြင်ငါသည် တရားမဟုတ်သည်ကို တရားမဟုတ်ဟု ဆို၏။ တရားဟုတ်သည်ကို တရားဟုဆို၏။ ဝိနည်းမဟုတ်သည်ကို ဝိနည်းမဟုတ်ဟုဆို၏။ ဝိနည်းဟုတ်သည်ကိုဝိနည်းဟုဆို၏။ ထိုငါသည် သဒ္ဓါကြည်ညိုကုန်သောသင်ဒါယကာတို့ကို ဆဲရေးသတတ်။ မကြည်ညိုသည်ကို ပြုသတတ်။ ဒါယကာတို့၊ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ နေတော်မူသောအခါ ရဟန်းတို့ကို ဤသို့ဟောတော်မူ၏။ ချစ်သားရဟန်းတို့၊ တိမ်၊ ဆီးနှင်း၊ မီးခိုး၊ မြူ၊ ရာဟု၊ ဤလေးပါးတို့သည် အညစ်အကြေးတို့တည်း။ ဤလေးပါးတို့ကြောင့်။ လ၊ နေတို့သည်မတော်ပကုန်။ မလင်းကုန်။ မတင့်တယ်ကုန်။ ထို့အတူရှင်း။ သေအရက်သောက်ခြင်း၊ မေထုန်မှီဝဲခြင်း၊ ရွှေငွေတို့ကိုအလှူခံခြင်း၊ အနေသနှစ်ဆဲ့တပါးစသောမတရားသဖြင့်ရသောပစ္စည်းတို့ဖြင့် အသက်မွေးခြင်း၊ ဤလေးပါးသောအကြောင်းတို့သည် ရဟန်းတို့အား အရောင်အဝါမရှိခြင်း၏အကြောင်းတို့တည်း။ ဤလေးပါးတို့ကြောင့်ရဟန်းတို့သည်မတောက်ပကုန်။ မထွန်းလင်းကုန်။ မတင့်တယ်ကုန်။ ဤသို့ မြတ်စွာဘုရားဟောတော်မူသောကြောင့်။ သကျပုတ္တိယ မင်းသား ရဟန်းတို့အား ရွှေငွေတို့ကို အလှူမခံအပ်ဟု အယူရှိသည် ဖြစ်၍။ အကြင် ငါသည် တရားမဟုတ်သည်ကိုလည်း တရားမဟုတ်။ ဝိနည်းမဟုတ်သည်ကိုလည်း ဝိနည်းမဟုတ်ဟုဆို၏။ တရားဟုတ်သည်ကိုလည်းတရားဟုတ်၏။ ဝိနည်းဟုတ်သည်ကိုလည်း ဝိနည်းဟုတ်၏ဟု ဆို၏။ ထိုငါသည် ဒါယကာတို့အားဆဲရေးသတတ်၊ ရေရွတ်သတတ်၊ မကြည်ညိုသည်ကို ပြုသတတ်။ ဤသို့ အစရှိသည်ဖြင့် အရှင်ယသမိန့်ကော်မူသည် ရှိသော်။ ဝေသာလီပြည်သား ဒါယကာတို့သည် အရှင်ယသကို ဤသို့ဆိုကုန်၏။ ဘုန်းတော်ကြီးသောအရှင်ယသ၊ အရှင်ယသတပါးသည်သာလျှင် သကျပုတ္တိယမင်းသား ရဟန်းဟုတ်၏။ ဤဝဇ္ဇီတိုင်းသား ရဟန်းအလုံးစုံတို့သည် သကျပုတ္တိယမင်းသား ရဟန်းမဟုတ်ကုန်။ ဘုန်းတော်ကြီးသော အရှင်ယသ၊ အရှင်ယသသည် အကျွန်ုပ်တို့ ဝေသာလီပြည်၌ အမြဲနေတော်မူပါ။ အကျွန်ုပ်တို့သည် အရှင်ဘုရားယသအား။ သင်္ကန်း၊ ဆွမ်း၊ ကျောင်းအိပ်ရာ၊ ဆေး၊ ပစ္စည်းလေးပါးတို့ဖြင့်လုံ့လပြုပါကုန်အံ့ဟု လျှောက်ကုန်၏။ ထိုအခါ အရှင်ယသသည် ဝေသာလီ

www.dhammaransi.com



ပြည့်သား ဒါယကာတို့အား တရားကိုသိစေ၍ အဆင့် တမန်နှင့်တကွ ကူဋာဂါရသာလာသို့ သွား၏။ ။ထိုရောအခါ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် အဆင့်တမန်ကိုမေးကုန်၏။ ငါ့ရှင်၊ ဝေသာလီပြည်သားဒါယကာတို့ကို၊ ကာကဏ္ဍကပုတ္တအား၏ သား ယသသည် ကန်တော့အပ်ပြီလောဟုမေးကုန်၏။ ငါ့ရှင်တို့၊ငါတို့ကို ဥပါသကာတို့သည်အယုတ်ကို ပြုအပ်ပြီ။ ယသရဟန်းတယောက်ကိုသာ သကျဝင်မင်းသား ရဟန်း ပြုအပ်ပြီ။ ငါတို့အလုံးစုံကို သကျဝင်မင်းသားရဟန်းမဟုတ်သည်ကို ပြုအပ်ပြီဟူ၍ တမန်ရဟန်းကကြားသော်၊ ဝေသာလီနေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည်။ ငါ့ရှင်တို့၊ ငါတို့မသမုတ်အပ်ဘဲ ယသသည် လူတို့ အား ရဟန်းတို့အကျင့်ကိုထင်ရှားပြ၏။ ငါတို့သည် ယခု ယသအား နှင်ထုတ်အပ်သောဥက္ခေပနီယကံကိုပြုကုန်အံ့ဟုတိုင်ပင်ဘုန်၍ ဝေသာလီနေ ဝဇ္ဇီတိုင်းသားရဟန်းတို့သည်။အရှင်ယသအား နှင်ထုတ်သော ကံကို ပြုကုန်အံ့သော၌ စည်းဝေးကုန်၏။ ထိုအခါ အရှင်ယသသည် ကောင်းကင်သို့ ပျံတက်၍ ကောသမ္ဗီပြည်၌ တည်လေ၏။ ။ထိုအခါ အရှင်ယသသည် ပါဝေယျကတိုင်းသားရဟန်းတို့၏ရင်း၊ အဝန္တိဒက္ခိဏာပထတိုင်းသားရဟန်းတို့၏ရင်းအထံသို့တမန်စေ၏။ငါ့ရှင်တို့သည် လာကုန်လော့။ သူတော်ကောင်း မဟုတ်သော့သူတို့၏ တရား၊ ဝိနည်း မဟုတ်သော တရားတို့သည် မထွန်းပ ကုန်မီ။ သူတော်ကောင်းတို့၏ တရား၊ ဝိနည်းတရားတို့သည် မတိမ်မြုပ်ကုန်မီ။ သူတော်မဟုတ်သော သူတို့သည်ရင်း၊ ဝိနည်းကိုမယူသောသူတို့သည်ရင်း အားမကြီးကုန်မီ။ သူတော်ကောင်း တို့သည်ရင်း၊ ဝိနည်းဟုတ်သည်ကို ယူသော သူတို့ သည်ရင်း အားမနည်းကုန်မီ။ ဤဂဇ္ဇီတိုင်းသားတို့ပြုအပ်သော အဓိက ရဏ်းကို ငါတို့ဝိစစ်ကုန်အံ့ဟုမှာစာနှင့်တကွ တမန်စေ၏။ ။ထိုအခါ သာဏဝါသီဖြစ်သောအရှင်သမ္ဘူတသည် အဟောဂင်္ဂါတောင်၌နေ ၏။အရှင်ယသသည် ဂင်္ဂါတောင်၌ အရှင်သမ္ဘူတမထေရ်ရှိရာသို့ကပ် ၍ မထေရ်ကိုရိုသေစွာရှိခိုး၍ တင့်အပ်သောအရပ်၌နေပြီးသော် အရှင် ယသသည် အရှင်သမ္ဘူတမထေရ်ကို ဤသို့ လျှောက်၏။ ဘုန်းတော် ကြီးသောအရှင်ဘုရား၊ ဤဝဇ္ဇီတိုင်းသားဝေသာလီနေရဟန်းတို့သည်။ ကပ္ပတိသိင်္ဂီလောဏကပ္ပေါ၊ အစရှိသော ဆယ်ပါးသော ဝတ္ထုတို့ကို ပြကုန်၏။အကျွန်ုပ်တို့သည်ဤအဓိကရဏ်းကိုဝိစစ်ပါကုန်အံ့ဟု၊အော်၌

www.dhammaransi.com



ဆိုခဲ့ပြီးသောသူတော်မဟုတ်သောသူတို့၏တရားမထွန်းပကုန်မီ၊ ဤသို့ အစရှိသော စကားကိုဆို၍ လျှောက်၏။ အရှင်သဗ္ဗညုတမထေရ်သည် လည်း အရှင်ယသအား ကောင်းပြီဟု ဝန်ခံ၏။ ထိုအခါ ပါဝေယျက တိုင်းသားဖြစ်ကုန်သော အလုံးစုံသော အာရညကင်ရတင်၊ပိဏ္ဍပါတ် ရတင်၊ ပံသုကူရတင်ဆောက်တည်ကုန်သော ခြောက်ကျိပ်ကုန်သော ရဟန္တာ မထေရ်တို့သည် အဟောဂင်္ဂါတောင်၌ စည်းဝေးလာကုန် ၏။ အဝန္တိဒက္ခိဏာပထတိုင်းသား ဖြစ်ကုန်သော၊ အချို့အာရညကင် ရတင်၊ အချို့ ပိဏ္ဍပါတ်ရတင်၊ အချို့ ပံသုကူရတင်၊ အချို့ တိစီဝရိက် ရတင် ဆောက်တည်ကုန်သော အလုံးစုံသော ရဟန္တာဖြစ်ကုန်သော ရှစ်ကျိပ်သောမထေရ်တို့သည်လည်း အဟောဂင်္ဂါတောင်၌စည်းဝေး လာကုန်၏။ ထိုအခါ အလုံးစုံသော မထေရ်တို့အား ဤသို့တိုင်ပင်ခြင်း သည်ဖြစ်၏၊ဤအဓိကရုဏ်းသည်ကြမ်းထမ်းရဲရင့်၏။ အကြင်အပေါင်း အဘော်ဖြင့် ငါတို့သည်ဤအဓိကရုဏ်း၌အားကြီးကုန်သည်ဖြစ်ရာ၏။ ထိုအပေါင်းအဘော်ကို ငါတို့သည် အဘယ်သို့လျှင် ရကုန်အံ့နည်းဟု တိုင်ပင်ကုန်၏။ ထိုအခါများစွာသောအကြားအမြင်ရှိသော၊ရောက်ပြီး သောမဂ်ဖိုလ်ရှိသော၊ သုတ် အဘိဓမ္မာ ဝိနည်းကိုဆောင်သော၊ မာတိ ကာကိုဆောင်သော၊ ပညာရှိသော၊ လိမ္မာသော၊ မိုးစမ်းကြီးစက်နှင့်တူ သောပညာရှိသော၊ အလိုလိုသိတတ်သော။ သိက္ခာပုဒ်ကိုအလိုရှိသော အရှင်ရေဝတသည် သောရေယျမြို့၌နေ၏။ ထိုအခါ မထေရ်ကြီးတို့ အား ဤသို့အကြံသည် ဖြစ်၏။ အကြားအမြင်များသော၊ ရောက်အပ် ပြီးသော မဂ်ဖိုလ်ရှိသော၊ သုတ် အဘိဓမ္မာ ဝိနည်းကို ဆောင်သော၊ ပညာရှိသော အရှင်ရေဝတသည် သောရေယျမြို့၌နေ၏။ အကယ်၍ ငါတို့သည် အရှင်ရေဝတကို အပေါင်းအဘော် ပြုကုန်သည်ရှိသော် ငါတို့သည် ဤအဓိကရုဏ်း၌အားကြီးသည်ဖြစ်အံ့ဟု တိုင်ပင်ပြောဆို ကုန်၏။ ထိုမထေရ်ကြီးတို့၏ တိုင်ပင်သော စကားကို အရှင်ရေဝတ သည် အထူးသဖြင့်စင်ကြယ်သော လူတို့၏အကြားကိုလွန်သော နတ် နားဖြင့်ကြားတော်မူ၍ ဤသို့ကြံ၏။ ဤအဓိကရုဏ်းသည်ကြမ်းထမ်း၏။ ရဲရင့်၏။ ဤသို့သဘောရှိသောအဓိကရုဏ်း၌ အကြင်ငါသည် နောက် သို့ဆုတ်ငြားအံ့။ ထိုသို့ နောက်သို့ဆုတ်ခြင်းသည် ငါ့အား မလျောက် ပတ်။ ယခုအခါ၌ ထိုရဟန်းတို့သည် ငါ့ထံသို့လာကုန်လတ္တံ့။ ငါသည် ထို

www.dhammaransi.com



ရဟန်းတို့နှင့်ပြွမ်းလျက် မချမ်းသာသည်ဖြစ်လတ္တံ့။ အကယ်၍ငါသည် ရှေးဦးစွာသွားနှင့်ရာ၏ဟုကြံ၍။ ထိုအရှင်ရေဝတသည်သောရေယျမြို့မှ သက်ဿပြည်သို့ ကြွတော်မူလေ၏။ အရှင်ယသအစရှိသော မထေရ်တို့သည် သောရေယျမြို့သို့သွားကုန်၍။ အရှင်ရေဝတသည် အဘယ်အရပ်၌နေတော်မူသနည်းဟုမေးကုန်၏။ ထိုသောရေယျမြို့သားရဟန်းတို့သည် အရှင်ရေဝတသည် သက်ဿပြည်သို့ ကြွတော်မူလေ၏ဟုဆိုကုန်၏။ အရှင်ရေဝတသည် တဖန် သက်ဿမှ ကဏ္ဏကုဇ္ဇမြို့သို့ ကြွတော်မူပြန်လေ၏။ ထိုအရှင်ယသစသောမထေရ်တို့သည် သက်ဿပြည်သို့လိုက်၍ အရှင်ရေဝတသည်အဘယ်အရပ်၌နေတော်မူသနည်းဟုမေးကုန်၏။ ထိုသက်ဿမြို့နေရဟန်းတို့သည် အရှင်ရေဝတသည် ကဏ္ဏကုဇ္ဇမြို့သို့ ကြွတော်မူလေပြီဟူ၍ဆိုကုန်၏။ အရှင်ရေဝတသည် ကဏ္ဏကုဇ္ဇမှ ဥဒုမ္ဗရမြို့သို့ ကြွတော်မူလေ၏။ မထေရ်တို့သည် ကဏ္ဏကုဇ္ဇသို့လိုက်၍ မေးကုန်သော် ကဏ္ဏကုဇ္ဇသားရဟန်းတို့သည် အရှင်ရေဝတသည် ဥဒုမ္ဗရမြို့သို့ကြွတော်မူလေပြီဟူ၍ ဆိုကုန်၏။ ထိုအခါ အရှင်ရေဝတသည် ဥဒုမ္ဗရမှ အဂ္ဂဠပုရပြည်သို့ကြွတော်မူလေ၏။ ထိုမထေရ်ကြီးတို့သည် ဥဒုမ္ဗရမြို့သို့လိုက်၍မေးပြန်ကုန်၏။ ဥဒုမ္ဗရမြို့သားရဟန်းတို့သည် ထိုအရှင်ရေဝတသည် အဂ္ဂဠပုရသို့ ကြွတော်မူလေ၏ဟုဆိုကုန်၏။ ထိုအခါအရှင်ရေဝတသည် အဂ္ဂဠပုရမှသဟံဇာတိသို့ ကြွတော်မူလေ၏။ အရှင်ယသစသော မထေရ်တို့သည် အဂ္ဂဠပုရသို့ လိုက်၍မေးပြန်သော် အဂ္ဂဠပုရပြည်သား ရဟန်းတို့သည် အရှင်ရေဝတသည် သဟံဇာတိသို့ကြွတော်မူလေပြီဟုဆိုကုန်၏။ ထိုမထေရ်ကြီးတို့သည်အဂ္ဂဠပုရမှသဟံဇာတိသို့လိုက်လေကုန်သော်။ ထိုသဟံဇာတိ၌ အရှင်ရေဝတကို မှီလေကုန်၏။ ။ထိုသို့မှီသောအခါ၌ သာဏဝါသိ အရှင်သမ္ဘူတသည် အရှင်ယသကို ဤသို့ ဆို၏။ ငါ့ရှင်ယသ၊ အရှင်ရေဝတသည် များသောအကြားအမြင်ရှိ၏။ ရောက်အပ်ပြီးသော မဂ်ဖိုလ်ရှိ၏။ သုတ် အဘိဓမ္မာ ဝိနည်းကိုဆောင်၏။ မာတိကာကိုဆောင်၏။ ပညာရှိ၏။ လိမ္မာ၏။ အကြောင်းဟုတ်သည် မဟုတ်သည်ကို သိသောပညာရှိ၏။ အလိုလိုသိတတ်၏။ သိက္ခာပုဒ်ကိုအလိုရှိ၏။ အကယ်၍ငါတို့သည်အရှင်ရေဝတကိုပြဿနာမေးကုန်အံ့။ တခုသောပြဿနာဖြင့်ပင် အရှင်ရေဝတသည် တညဥ့်လုံးကိုကုန်စေခြင်းငှါစွမ်းနိုင်၏။ ယခုအခါ၌

www.dhammaransi.com



အရှင်ဇေရဝတသည် တပည့်ကို သရဏ္ဍာယ်ခြင်းကို တိုက်တွန်းလတ္တံ့။ ငါ့ရှင်ယသသည် ထိုတပည့်သရဏ္ဍာယ်သောအဆုံး၌အရှင်ရေဝတသို့ ကပ်၍။ ဤဆယ်ပါးသောဝတ္ထုကိုမေးချေလော့ဟူ၍ဆို၏။ အရှင်ယသသည် ကောင်းပြီအရှင်ဘုရားဟု အရှင်သမ္ဘူတအားဝန်ခံ၍ အရှင်ရေဝတသို့ကပ်လေ၍ ရှိခိုး၍ တင့်အပ်သောအရပ်၌ နေ၏။ အရှင်ရေဝတသည် တပည့်ကို သရဏ္ဍာယ်ခြင်းကို တိုက်တွန်း၍ သရဏ္ဍာယ်သောအဆုံး၌အရှင်ယသဤသို့လျှောက်၏။ဘုန်းတော်ကြီးသောအရှင်ဘုရား၊ သိင်္ဂီလောဏကပ္ပကို သုံးဆောင်ခြင်းသည် အပ်ပါ၏လောဟု လျှောက်၏။ ငါ့ရှင်၊ထိုသိင်္ဂီလောဏကပ္ပကိုသုံးဆောင်ခြင်းဟူသည် အဘယ်သို့ သုံးဆောင်ခြင်းနည်းဟု မေးတော်မူသော်။ အရှင်ဘုရား၊အကြင်အရပ်၌ ဆားမရှိသောဆွမ်းသည်ဖြစ်လတ္တံ့။ ထိုအရပ်၌ သုံးဆောင်ရလတ္တံ့ဟု ဆားကို သားချို၌ထည့်၍ သုံးဆောင်ခြင်းသည် အပ်ပါ၏လောဟု လျှောက်၏။ ငါ့ရှင်၊မအပ်ဟူ၍မိန့်၏။ အရှင်ဘုရား၊ဒွင်္ဂုလကပ္ပသည်အပ်ပါ၏လောဟု လျှောက်၏။ ငါ့ရှင်၊ ဒွင်္ဂုလကပ္ပဟူသည် အဘယ်နည်းဟု မေးသော်။ အရှင်ဘုရား၊ လက်နှစ်သစ်အရိပ်မွန်းလွဲသောအခါ၌ ဘောဇဉ်ငါးပါးကိုစားခြင်းသည် အပ်ပါ၏လောဟု လျှောက်၏။ငါ့ရှင်၊မအပ်ဟုမိန့်၏။ အရှင်ဘုရား၊ ဂါမန္တရကပ္ပသည် အပ်ပါ၏လောဟုလျှောက်၏။ ငါ့ရှင်၊ဂါမန္တရကပ္ပဟူသည် အဘယ်နည်းဟုမေး၏။ အရှင်ဘုရား၊ ယခုအခါ၌ ရွာတပါးသို့ သွားအံ့ဟု ဆွမ်းစားဆဲ ပဝါရိတ်သင့်သော ရဟန်းသည် အတိရိက်ဝိနည်းကံမပြုသောဘောဇဉ်ကိုစားခြင်း၌အပ်ပါ၏လောဟုလျှောက်၏။ ငါ့ရှင်၊မအပ်ဟုမိန့်၏။ အရှင်ဘုရား၊အာဝါသကပ္ပသည်အပ်ပါ၏လောဟုလျှောက်၏။ ငါ့ရှင်၊အာဝါသကပ္ပဟူသည် အဘယ်နည်းဟုမေး၏။ အရှင်ဘုရား၊ တသိမ်တည်း၌နေကုန်သော တူသော ပေါ်င်းဘော်ခြင်း ရှိကုန်သေ ရဟန်းတို့သည် အထူးထူးသော ဥပုသ်ကိုပြုခြင်း၌အပ်ပါ၏လောဟု လျှောက်သော်။ ငါ့ရှင်၊ မအပ်ဟု မိန့်၏။ အရှင်ဘုရား၊အနုမတိကပ္ပသည် အပ်ပါ၏လောဟုလျှောက်၏။ ငါ့ရှင်၊ အနုမတိကပ္ပ ဟူသည် အဘယ်နည်းဟု မေး၏။ အရှင်ဘုရား၊ မလာသေးသော ရဟန်းတို့ကို လာသောအခါ၌ အနုမတိကိုဆောင်အံ့ ဟုဝဂ်ဖြစ်သောသံဃာသည် ကံကိုပြုခြင်း၌အပ်ပါ၏လောဟုလျှောက် ၏။ ငါ့ရှင်၊ မအပ်ဟုမိန့်၏။ အရှင်ဘုရား၊ အာစိဏ္ဏကပ္ပသည် အပ်ပါ၏

www.dhammaransi.com



လောဟုလျှောက်၏။ ငါ့ရှင်၊အာစိဏ္ဏကပ္ပဟူသည် အဘယ်နည်းဟုမေး၏။ အရှင်ဘုရား၊ ဤအလေ့အကျက်သည် ငါ၏ဥပဇ္ဈာယ်၏ အလေ့အကျက်အကျင့်။ ဤသည်ကား ငါ၏ဆရာ၏ အလေ့အကျက်အကျင့်ဟု အတုကိုလိုက်၍အလေ့အကျက်ပြုအံ့သော၌အပ်ပါ၏လောဟုလျှောက်သော်။ ငါ့ရှင်၊ အချို့သော ဥပဇ္ဈာယ် ဆရာတို့၏ အလေ့အကျင့်သည် အပ်၏။ အချို့သောအလေ့အကျင့်သည် မအပ်ဟုမိန့်၏။ အရှင်ဘုရား၊ အမထိတကပ္ပသည် အပ်ပါ၏လောဟု လျှောက်၏။ ငါ့ရှင်၊ အမထိတကပ္ပဟူသည်အဘယ်နည်းဟုမေး၏။ အရှင်ဘုရား၊ နို့ရည်အဖြစ်ကိုစွန့်ပြီး၍ နို့ဓမ်းအဖြစ်သို့မရောက်သေးသော နို့ရည်ကိုသုံးစားစဉ် ပဝါရိတ်သင့်သောရဟန်းသည် အတိရိက်ဝိနည်းကံမပြုဘဲသောက်ခြင်း၌အပ်ပါ၏လောဟုလျှောက်၏။ ငါ့ရှင်၊ မအပ်ဟုမိန့်၏။ အရှင်ဘုရား၊ ဇဠောဂိကို သောက်ခြင်း၌ အပ်ပါ၏လောဟု လျှောက်၏။ ငါ့ရှင်၊ ဇဠောဂိဟူသည် အဘယ်နည်းဟုမေး၏။ အရှင်ဘုရား၊သေအဖြစ်အရက်အဖြစ်သို့မရောက်သေးသော စိမ်ပင်ရည်ကို သောက်ခြင်း၌ အပ်ပါ၏လောဟုလျှောက်၏။ ငါ့ရှင်၊မအပ်ဟုအရှင်ရေဝတမိန့်၏။ အရှင်ဘုရား၊အမြိတ်မရှိသောနိသီဒိုန်သည် အပ်ပါ၏လောဟုလျှောက်၏။ငါ့ရှင်ယသ၊မအပ်ဟု မိန့်၏။ အရှင်ဘုရား၊ ရွှေငွေတို့ကို အလှူခံခြင်း၌အပ်ပါ၏လောဟု အရှင်ယသလျှောက်၏။ ငါ့ရှင်၊မအပ်ဟူ၍ အရှင်ရေဝတမိန့်တော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ဝေသာလီ၌နေကုန်သော ဝဇ္ဇီတိုင်းသားရဟန်းတို့သည် ဤဆယ်ပါးသောဝတ္ထုတို့ကိုဝေသာလီ၌ထင်ရှားပြကုန်၏။ ယခုအခါ၌ အကျွန်ုပ်တို့သည် ဤအဓိကရုဏ်းကိုယူပါကုန်အံ့။ သူတော်မဟုတ်သောသူတို့၏တရားသည် မထွန်းပမီ။ ဤသို့အစရှိသော အောက်၌ဆိုခဲ့ပြီးသောနည်းဖြင့် အရှင်ယသလျှောက်၏။ အရှင်ရေဝတသည်ကောင်းပြီဟုအရှင်ယသအားဝန်ခံတော်မူ၏။ ။

ဝေသာလီ၌နေကုန်သော ဝဇ္ဇီတိုင်းသား ရဟန်းတို့သည်။ အရှင်ယသသည် ဤအဓိကရုဏ်းကိုယူအံ့သော၌ အပင်းအသင်းကို ရှာသည်။ အပင်းအသင်းကိုရပြီဟုကြားလေကုန်၍။ ဤအဓိကရုဏ်းသည် ကြမ်းထမ်း၏။ ရဲရင့်၏။ အကြင်အပင်းအသင်းဖြင့် ဤအဓိကရုဏ်း၌ ငါတို့သည် အားကြီးမြတ်ကုန်သည် ဖြစ်ရာ၏။ ထိုအပင်းအသင်းကို ငါတို့သည် အဘယ်ကဲ့သို့ရပါကုန်အံ့နည်းဟု တိုင်ပင်ကုန်၏။ ထိုကာအခါ

www.dhammaransi.com



ဝဇ္ဇီတိုင်းသား ရဟန်းတို့အား။ ငါ့ရှင်တို့၊ ရှည်သော အသက်တော်ရှိသော အရှင်ရေဝတသည် အကြားအမြင်များ၏။ ရောက်အပ်ပြီးသော မဂ်ဖိုလ်ရှိ၏။ ပိဋကတ်သုံးပုံကိုဆောင်နိုင်၏။ ပညာရှိ၏။ အရှင်ရေဝတကို အပေါင်းအဘော်ပြုရသော် ဤအဓိကရုဏ်း၌ အားကြီးမြတ်ကုန်သည် ဖြစ်ကုန်ရာ၏ဟု တိုင်ပင်ကုန်၍ များစွာသောရဟန်းပရိက္ခရာတို့ကိုစီရင်ကုန်၏။ သပိတ်၊ သင်္ကန်း၊ ခါးပန်း၊ ရေစစ်၊ ဓမကရိုဏ်၊ အပ်ကျည်တို့ကိုစီရင်ကုန်၍။ ဝေသာလီမှ လှေဖြင့် သဟံဇာတိသို့ဆန်လေကုန်၏။ဆန်လေကုန်၍ သဟံဇာတိသို့ရောက်ကုန်သော် လှေမှသက်၍ တခုသော သစ်ပင်ရင်း၌ ဆွမ်းစားခြင်းကို ပြုကုန်၏။ ။ထိုရောအခါ ဆိတ်ကွယ်ရာ၌ နေ၍ ကိန်းအောင်းသော ရှည်သော အသက်တော်ရှိသော အရှင်သာဠ္ဍအား ဤသို့သော စိတ်အကြံသည် ဖြစ်၏။ အဘယ်ရဟန်းတို့သည် တရားကိုယူကုန်သနည်း၊အရှေ့မျက်နှာ ဝေသာလီနေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် တရားကို ယူကုန်သလော။ အနောက်မျက်နှာ ပါဝေယျကတိုင်းသား ရဟန်းတို့သည် တရားကို ယူကုန်သလောဟူ၍ကြံဆင်ခြင်သော်၊ သုတ် အဘိဓမ္မာ ဝိနည်းကို ဆင်ခြင်သော အရှင် သာဠ္ဍအား ငါတို့ အရှေ့မျက်နှာ ဝေသာလီနေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် တရားကို မယူကုန်။ အနောက်မျက်နှာ ပါဝေယျကတိုင်းသားရဟန်းတို့သည် တရားကိုယူကုန်၏ဟုအကြံဖြစ်၏။ ထိုအခါ သုဒ္ဓါဝါသဘုံ၌နေသောဗြဟ္မာမင်းတယောက်သည် မိမိစိတ်ဖြင့် အရှင်သာဠ္ဍ၏အကြံကို သိ၍။ ဥပမာကား၊ အားရှိစွာသော ယောက်ျားသည် ကွေးသောလက်ကို ဆန့်ဘိသကဲ့သို့။ သုဒ္ဓါဝါသဗြဟ္မာ့ဘုံ၌ ကွယ်ခဲ့၍၊ အရှင်သာဠ္ဍ၏ရှေ့၌ထင်ရှားဖြစ်လာ၏။ထိုဗြဟ္မာသည် အရှင်သာဠ္ဍအား ဤသို့ လျှောက်၏။ ဘုန်းတော်ကြီးသော အရှင်ဘုရားသာဠ္ဍ၊ ကောင်းစွကောင်းစွ။ အရှင်ဘုရားတို့ အရှေ့မျက်နှာ ဝေသာလီနေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် တရားကို မယူကုန်။ အနောက်မျက်နှာ ပါဝေယျကတိုင်းသား အရှင်ယသစသော ရဟန်းတို့သည် တရားကို ယူပေကုန်သည်။ ဘုန်းတော်ကြီးသော အရှင်ဘုရား သာဠ္ဍသည် တရား ရှိတိုင်း တည်တော်မူပါဟူ၍ ဗြဟ္မာမင်းသည်အရှင်သာဠ္ဍကိုလျှောက်၏။ဗြဟ္မာကြီး၊အကြင်အခြင်းဖြင့်တရားရှိ၏၊ ထိုအခြင်းဖြင့် ငါသည် ရှေး၌လည်း တည်ပြီ၊ ယခုလည်းတည်ပါ၏။ စင်စစ်ဆော်ကား ဗြဟ္မာကြီး၊ငါသည်

www.dhammaransi.com



အယူကိုရှေးဦးကထင်စွာမပြုအပ်။ ဤဒ်ခမိကရုဏ်း၌ ငါ့ကိုသမုတ်ခြား အံ့လည်းမသိဟုအရှင်သာဌမိန့်တော်မူ၏။ ။ထိုရောအခါ ဝေသာလီ ၌နေသောဝဇ္ဇီတိုင်းသားရဟန်းတို့သည် များစွာသောရဟန်းပရိက္ခရာ တို့ကိုယူ၍ အကြင်အရပ်၌ အရှင်ရေဝတသည်ရှိ၏။ ထိုအရပ်သို့ကပ် လေကုန်၍ အရှင်ရေဝတကို ဤသို့ဆိုလေကုန်၏။ အရှင်ရေဝတသည် ရဟန်းတို့၏ အသုံးအဆောင် ပရိက္ခရာ၊ သပိတ်၊ သင်္ကန်း၊ ခါးပန်း၊ ရေ စစ်၊ ဓမကရိုဏ်၊ အပ်ကျည့်တို့ကို အလှူခံတော်မူပါဟုဆို၏။ ငါ့ရှင်တို့၊ ငါအလိုမရှိ၊ ငါ၌ သပိတ် သင်္ကန်း ပြည့်စုံပြီဟူ၍ အရှင်ရေဝတဆို၏။ ထိုရောအခါ အဝါနှစ်ဆယ်ရှိပြီးသော ဥတ္တရ အမည်ရှိသော ရဟန်း သည် အရှင်ရေဝတမထေရ်၏အလုပ်အကျွေးဖြစ်၏။ ထိုဝေသာလီနေ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် အရှင်ဥတ္တရသို့ ကပ်လေကုန်၍ အရှင် ဥတ္တရကိုဤသို့ဆို၏။ အသက်ရှည်သောအရှင်ဥတ္တရသည်ရဟန်းတို့၏ ပရိက္ခရာ။ သပိတ်၊သင်္ကန်း၊ ခါးပန်း၊ရေစစ်၊ ဓမကရိုဏ်၊ အပ်ကျည့်ကို အလှူခံတော်မူပါဟုဆိုကုန်၏။ ငါ့ရှင်တို့၊ ငါအလိုမရှိ။ ငါ့အား သပိတ် သင်္ကန်းပြည့်စုံပြီဆို၍ အလှူမခံလိုရှိ၏။ ငါ့ရှင်ဥတ္တရ၊ လူတို့သည်လည်း မြတ်စွာဘုရားအား ရဟန်းပရိက္ခရာကို ကပ်လှူကုန်၏။ အကယ်၍မြတ် စွာဘုရားအလှူခံအံ့။ ထိုသို့မြတ်စွာဘုရားအလှူခံတော်မူသဖြင့် ထိုလူတို့ သည် နှစ်သက်ကုန်၏။ အကယ်၍ မြတ်စွာဘုရား အလှူခံတော်မမူအံ့။ အရှင်အာနန္ဒာအားကပ်လှူကုန်၏။ အရှင်ဘုရားသည် ရဟန်းပရိက္ခရာ ကို အလှူခံတော်မူပါလော့။ အရှင်ဘုရားအလှူခံသည်ရှိသော် မြတ်စွာ ဘုရားအလှူခံသကဲ့သို့ဖြစ်ပါလတ္တံ့ဟုဆို၍ ကပ်လှူကုန်၏။ အရှင်ဥတ္တရ သည် ရဟန်းပရိက္ခရာကိုအလှူခံတော်မူပါ။ အရှင်ဥတ္တရသည် အလှူခံ ပါသည်ရှိသော် ဤအလှူသည် အရှင်ရေဝတ အလှူခံတော်မူသကဲ့သို့ ဖြစ်ပါလတ္တံ့ဟုဆို၍ ကပ်လှူကုန်၏။ ဤသို့ဝေသာလီနေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် အထပ်ထပ် ဆိုဘန်များသဖြင့်။ သင်္ကန်းတထည်ကို အရှင်ဥတ္တရယူ၍။ ငါ့ရှင်တို့၊ အကြင်အမှုဖြင့် အလိုရှိ၏။ ထိုအမှုကိုဆို ကုန်လော့ဟု အရှင်ဥတ္တရဆို၏။ အရှင်ဥတ္တရ၊ အရှင်သည် ဤမျှသော စကားကို ရှည်သော သက်တော်ရှိသော အရှင်ရေဝတကို လျှောက် တော်မူပါ။အရှင်ရေဝတမထေရ်သည် သံဃာ့အလယ်၌ အရှေ့မျက်နှာ အရပ်၌ ဘုန်းကြီးကုန်သောဗုဒ္ဓါရုံးတို့သည် ဖြစ်တော်မူကုန်၏။ အရှေ့

www.dhammaransi.com



မျက်နှာ ဝေသာလီနေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် တရားကိုအယူရှိကုန်၏။ အနောက်မျက်နှာပါဝေယျကတိုင်းသားရဟန်းတို့သည် တရားကိုအယူမရှိကုန်။ ဤမျှကိုဆိုတော်မူပါစေသတည်းဟု ရှင်ဥတ္တရကိုဝေသာလီနေဝဇ္ဇီတိုင်းသားရဟန်းတို့ဆိုကုန်၏။ အရှင်ဥတ္တရသည်ကောင်းပြီဟု ဝေသာလီနေ ဝဇ္ဇီတိုင်းသားရဟန်းတို့အားဝန်ခံ၍၊ အရှင်ရေဝတရှိရာသို့ကပ်၍၊ ရှိခိုး၍၊ ဘုန်းတော်ကြီးသောရှင်ပင်ဘုရားသည် သံဃာ့အလယ်၌ အရှေ့မျက်နှာ အရပ်၌ ဘုန်းကြီးကုန်သော ဘုရားတို့သည် ဖြစ်ကုန်၏။ အရှေ့မျက်နှာ ဝေသာလီနေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် တရားကိုယူကုန်၏။ အနောက်မျက်နှာပါဝေယျကတိုင်းသားရဟန်းတို့သည် တရားကိုမယူကုန်။ ဤမျှသောစကားကိုမိန့်တော်မူပါဟုလျှောက်၏။ ထိုသို့လျှောက်သော် အရှင်ရေဝတသည် အရှင်ဥတ္တရကို။ ရဟန်း၊ သင်သည် ငါ့ကိုတရားမဟုတ်သည်၌ယှဉ်စေဘိ၏။ သင်သွားလေဟုနှင်ထုတ်၏။ ထိုရောအခါ ဝေသာလီနေ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် လာကုန်၍ အရှင်ဥတ္တရကိုမေးကုန်၏။ ငါ့ရှင်ဥတ္တရ၊ အရှင်ရေဝတမထေရ်သည်အဘယ်သို့ဆိုအပ်သနည်းဟုမေးကုန်၏။ ငါ့ရှင်တို့၊ အရှင်ရေဝတသည် ငါတို့အားသူယုတ်ကိုပြုအပ်ကုန်ပြီ။ သင်သည် အဘယ့်ကြောင့်မတရားသောအမှု၌ ယှဉ်စေဘိသနည်းဟုဆို၍ မထေရ်သည် ငါ့ကိုနှင်ထုတ်၏ဟု အရှင်ဥတ္တရဆိုသော်။ အရှင်ဥတ္တရ၊ သင်သည်ကြီးပြီ။ အဝါနှစ်ဆယ်ရှိပြီမဟုတ်လောဟု ဝဇ္ဇီတိုင်းသားရဟန်းတို့ဆိုကုန်၏။ ငါ့ရှင်တို့၊ ကြီးပြီးသည်မှန်၏။ စင်စစ်သော်ကား ငါတို့သည် မထေရ်၌အလေးအမြတ်နိသ္သယရည်းကိုယူကုန်၏ဟုဆို၏။ ။

ထိုရောအခါ အရှင်ရေဝတ စသော မထေရ်တို့သည် ထိုအဓိကရဏ်းကိုဆုံးဖြတ်လိုကုန်၍စည်းဝေးကုန်၏။ ထိုအခါအရှင်ရေဝတသည် သံဃာကိုသိစေ၏။ အရှင်ဘုရားတို့၊ သံဃာသည် အကျွန်ုပ်၏စကားကိုနာစေသတည်း။ အဓိကရဏ်းကို ဤအရပ်၌ အကျွန်ုပ်တို့သည်အကယ်၍ငြိမ်းစေကုန်အံ့။ အဓိကရဏ်းပြုသောရဟန်းတို့သည် တဖန်လှန်ပြန်ကုန်ရာ၏။ သံဃာတော်အား လျော်ပတ်သောအခါသည်ဖြစ်အံ့။ အကြင်အရပ်၌အဓိကရဏ်းဖြစ်၏။ ထိုအရပ်၌သာလျှင်ငြိမ်းစေရာ၏ဟုသံဃာကိုသိစေ၍။ အရှင်ရေဝတ စသော အလုံးစုံသော မထေရ်ရဟန်းတို့သည်ထိုအဓိကရဏ်းကိုဆုံးဖြတ်အံ့သော၄ါ ဝေသာလီပြည်သို့ကြွလေ

www.dhammaransi.com



ကုန်၏။ ။ထိုအခါ အရှင်သဗ္ဗကာမိမထေရ်သည် မြေအပြင်၌သံထား၍ ထေရ်တည်း။ ပဌမ်းခံသည်မှ အနှစ်တရာ့နှစ်ဆယ်ရှိ၏။ အရှင်အာနန္ဒာ၏ သဒ္ဓိဝိဟာရိကတပည့်တည်း။ ဝေသာလီပြည်၌နေ၏။ ထိုအခါ အရှင်ရေဝတသည် သာဏဝါသီအရှင်သမ္ဘူတကို စေ၏။ ငါ့ရှင်၊ အကြင်ကျောင်း၌ အရှင်သဗ္ဗကာမိမထေရ်နေ၏။ ထိုကျောင်းကို ငါသည် ကပ်လေအံ့။ သင်သည် နံနက်စောစော အရှင်သဗ္ဗကာမိသို့ ကပ်၍ ဆယ်ပါးသော ဝတ္ထုတို့ကိုမေးလော့ဟု စေ၏။ ကောင်းပြီအရှင်ဘုရားဟု အရှင်သမ္ဘူတသည် အရှင်ရေဝတမထေရ်အားဝန်ခံ၏။ အရှင်ရေဝတသည်အရှင်သဗ္ဗကာမိနေသောကျောင်းသို့ကပ်လေ၏။ အရှင်သဗ္ဗကာမိ၏အိပ်ရာကို တိုက်တွင်းအ၌ခင်း၏။ တိုက်မုတ်ဦး၌ အရှင်ရေဝတ၏အိပ်ရာကိုခင်း၏။ ထိုအခါအရှင်ရေဝတသည် ဤအရှင်သဗ္ဗကာမိသည် အသက်ကြီးရင့်သည်ဖြစ်၍ မအိပ်ဟုကြံ၍ အိပ်ခြင်းကို မပြုနေ၏။ အရှင်သဗ္ဗကာမိသည်လည်း ဤအာဂန္တုကရဟန်းသည် ပင်ပန်းသဖြင့် မအိပ်ဟု အိပ်ခြင်းကိုမပြုနေ၏။ အရှင်သဗ္ဗကာမိသည် မိုးသောက်သောအခါ၌ စောစောထ၍ အရှင်ရေဝတကိုဆို၏။ ငါ့ရှင်၊သင်သည်ယခုအခါ၌အဘယ်သို့သောနေခြင်းဖြင့်များစွာနေသနည်းဟုမေး၏။ အရှင်ဘုရား၊အကျွန်ုပ်သည် ယခုအခါ၌ မေတ္တာဈာန်ဖြင့်များစွာနေပါ၏ဟုလျှောက်၏။ ငါ့ရှင်၊ သင်သည် ယခုအခါ၌ ကုလ္လကဝိဟာရဖြင့် များစွာနေသတတ်။ ငါ့ရှင်၊ အကြင်မေတ္တာသည်ရှိ၏။ ထိုမေတ္တာသည် ကုလ္လကဝိဟာရမည်၏ဟု အရှင်သဗ္ဗကာမိဆို၏။ အရှင်ဘုရား၊ အကျွန်ုပ်သည် ရှေးလူဖြစ်သော အခါ၌လည်း မေတ္တာကို လေ့ကျက်၏။ ထိုကြောင့် ယခုအခါ၌လည်း မေတ္တာဟူသောနေခြင်းဖြင့် များစွာနေ၏။ စင်စစ်သော်ကား၊ အကျွန်ုပ်သည်ရဟန္တာအဖြစ်သို့ရောက်ပြီးသည်ကြာပြီ။ အရှင်ဘုရားသည်ကား ယခုအခါ၌အဘယ်မည်သောနေခြင်းဖြင့် များစွာနေတော်မူပါသနည်းဟု အရှင်သဗ္ဗကာမိအား အရှင်ရေဝတသည်လျှောက်၏။ ငါ့ရှင်၊ယခုအခါ၌ ငါသည် သုညတဝိဟာရဖြင့်များစွာနေ၏ဟု အရှင်သဗ္ဗကာမိမိန့်၏။ မဟာပုရိသဝိဟာရဖြင့် ယခုအခါ၌ အရှင်ဘုရားသည် များစွာသောနေခြင်းကိုပြုတော်မူသတတ်။ အရှင်ဘုရား၊သုညတဝိဟာရသည် မဟာပုရိသဝိဟာရတည်းဟု အရှင်ရေဝတ လျှောက်သော်။ ငါ့ရှင်၊ လူဖြစ်သောအခါ၌လည်း သုညတကိုလေ့ကျက်၏။ထိုကြောင့် သုညတ

www.dhammaransi.com



ဝိဟာရဖြင့်များစွာနေ၏။ စင်စစ်ကား၊ ငါသည် ရဟန္တာအဖြစ်သို့ရောက်သည်ကြာပြီ။ဤသို့အရှင်သဗ္ဗကာမိထေရ်မိန့်၏။ဤသို့မထေရ်ကြီးနှစ်ပါးတို့စကားပြောစဉ်၊ သာဏဝါသီအရှင်သမ္ဘူတသည်ရောက်လာ၏။ အရှင်သမ္ဘူတသည်အရှင်သဗ္ဗကာမိသို့ကပ်၍ရှိခိုး၍၊ တင့်အပ်ရာ၌နေပြီးသော်၊ အရှင်သဗ္ဗကာမိကိုဤသို့လျှောက်၏။ အရှင်ဘုရား၊ဤဝေသာလီပြည်၌ ဝဇ္ဇီတိုင်းသားရဟန်းတို့သည်။ ကပ္ပတိသိင်္ဂီလောဏကပ္ပေါ၊ အစရှိသောဆယ်ပါးသောဝတ္ထုတို့ကိုပြကုန်၏။ အရှင်ဘုရားသည် ဥပဇ္ဈာယ်ဆရာ၏အထံ၌ များစွာသော သုတ်၊အဘိဓမ္မာ၊ဝိနည်းကို သင်တော်မူ၏။ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းကို ဆင်ခြင်တော်မူသောအရှင်ဘုရားအား အဘယ်သို့အယူတော်ရှိသည်ဖြစ်သနည်း။ အဘယ်ရဟန်းတို့သည်ဓမ္မဝါဒီဖြစ်ကုန်သနည်း။ အရှေ့မျက်နှာဝေသာလီသားရဟန်းတို့သည်ဓမ္မဝါဒီဖြစ်ကုန်သလော။အနောက်မျက်နှာပါဝေယျကတိုင်းသား ရဟန်းတို့တည် ဓမ္မဝါဒီဖြစ်ကုန်သလောဟု အရှင်သမ္ဘူတလျှောက်၏၊အရှင်သဗ္ဗကာမိဆိုပြန်၏။ ငါ့ရှင်သမ္ဘူတ၊သင်သည်လည်းဥပဇ္ဈာယ်တို့၏အထံ၌ သုတ်၊အဘိဓမ္မာ၊ဝိနည်းကိုများစွာသင်၏။သုတ်၊အဘိဓမ္မာ၊ ဝိနည်းကိုဆင်ခြင်သော ငါ့ရှင်အား အဘယ်သို့ အယူရှိသနည်း။အဘယ်ရဟန်းတို့သည် ဓမ္မဝါဒီဖြစ်ကုန်သနည်း။ အရှေ့မျက်နှာဝေသာလီသား ရဟန်းတို့သည် ဓမ္မဝါဒီ ဖြစ်ကုန်သလော။ အနောက်မျက်နှာ ပါဝေယျကတိုင်းသား ရဟန်းတို့သည် ဓမ္မဝါဒီ ဖြစ်ကုန်သလောဟု အရှင်သမ္ဘူတကိုမေးသော်။ အရှင်ဘုရား၊ သုတ်၊အဘိဓမ္မာ၊ဝိနည်းကိုဆင်ခြင်သော အကျွန်ုပ်အား အရှေ့မျက်နှာ ဝေသာလီသားရဟန်းတို့သည် အဓမ္မဝါဒီဖြစ်ကုန်၏၊အနောက်မျက်နှာပါဝေယျကတိုင်းသားရဟန်းတို့သည် ဓမ္မဝါဒီဖြစ်ကုန်၏ဟု ဤသို့အယူရှိ၏။ ထိုသို့အယူရှိသော်လည်း ဤအဓိကရဏ်း၌ ငါ့ကိုတည်းအကယ်၍သမုတ်ရာ၏ဟုကြံ၍၊ထိုအယူကိုထင်စွာမပြုဟု အရှင်သမ္ဘူတသည် အရှင်သဗ္ဗကာမိကိုလျှောက်သော်။ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းကို ဆင်ခြင်သောငါ့အားလည်း အရှေ့မျက်နှာဝေသာလီသားရဟန်းတို့သည်အဓမ္မဝါဒီဖြစ်ကုန်၏။အနောက်မျက်နှာပါဝေယျကတိုင်းသားရဟန်းတို့သည် ဓမ္မဝါဒီဖြစ်ကုန်၏ဟုအယူရှိ၏၊ ထိုသို့အယူရှိသော်လည်း ဤအဓိကရဏ်း၌ ငါ့ကိုတည်း သမုတ်ချေငြားအံ့မသိဟု ထိုအယူကိုထင်စွာငါမပြုဟူ၍ အရှင်

www.dhammaransi.com



သဗ္ဗကာမိဆို၏။ ။ထိုအခါသံဃာသည် ထိုအဓိကရုဏ်းကိုဆုံးဖြတ်အံ့သောငှါစည်းဝေး၍၊ ထိုအဓိကရုဏ်းကိုဆုံးဖြတ်သည်ရှိသော်။များစွာကုန်သောစကားတို့သည်ဖြစ်ကုန်၏။ဆိုအပ်သောတခုသောစကား၏အနက်ကိုမျှမသိအပ်။ ထိုအခါ အရှင်ရေဝတသည် သံဃာကိုသိစေ၏၊ အရှင်ဘုရားတို့၊သံဃာသည် အကျွန်ုပ်၏စကားကိုနာစေသတည်း။ ဤအဓိကရုဏ်းကိုဆုံးဖြတ်သည်ရှိသော် များစွာသောစကားတို့သည်ဖြစ်ကုန်၏၊ တခုသောစကား၏အနက်ကိုမျှ မသိအပ်ကုန်။ သံဃာအား လျောက်ပတ်သောအခါသည်ဖြစ်အံ့။ သံဃာသည် ဤအဓိကရုဏ်းကို ဥဗ္ဗာဟိက ကမ္မဝါစာဖြင့် ငြိမ်းစေရာ၏ဟု သိစေ၍။ အရှေ့မျက်နှာဝေသာလီသား ရဟန်းတို့တွင်။ အရှင်သဗ္ဗကာမိ၊ အရှင်သာဠှ၊ အရှင်ခုဇ္ဇသောဘိတ၊အရှင်ဝါသဘဂါမိ၊ အနောက်မျက်နှာ ပါဝေယျကတိုင်းသားရဟန်းတို့တွင်။ အရှင်ရေဝတ၊ သာဏဝါသိ အရှင် သမ္ဘူတ၊ အရှင်ယသ၊အရှင်သုမန၊ ဤသို့အားဖြင့်ရှစ်ပါးသောမထေရ်ကြီးတို့ကိုရွေး၍၊ အရှင်ရေဝတသည် သံဃာကိုသိစေ၏၊ အရှင်ဘုရားတို့၊သံဃာသည် အကျွန်ုပ်၏စကားကို နာစေသတည်း။ သံဃာအား လျောက်ပတ်သောအခါသည် အကယ်၍ဖြစ်ပါအံ့။ ပါစိနကရဟန်းလေးယောက်။ ပါဝေယျကရဟန်းလေးယောက်တို့ကိုအဓိကရုဏ်းကိုငြိမ်းစေခြင်းငှါသံဃာသည်သမုတ်ရာ၏၊ ဤသို့သမုတ်ခြင်းကိုအကြင်ပုဂ္ဂိုလ်အားမနှစ်သက်။ ထိုပုဂ္ဂိုလ်သည် ဆိုရာ၏၊ အကြင်ပုဂ္ဂိုလ်သည် နှစ်သက်အံ့။ ထိုပုဂ္ဂိုလ်သည် ဆိတ်ဆိတ်နေရာ၏။ ဤသို့ ဆိတ်ဆိတ်နေသဖြင့် နှစ်သက်သောအဖြစ်ကို မှတ်ရာ၏ဟူ၍ သမုတ်၏။ ထိုရောအခါ ဆယ်ဝါရှိပြီးသောအရှင်အဇိတသည် သံဃာအား ပါတိမောက်ကိုပြသောရဟန်းတည်း။ ထိုအရှင်အဇိတကိုသည်း မထေရ်ကြီးတို့အား နေရာ ခင်းစိမ့်သောငှါ သံဃာသည် သမုတ်၏။ထိုအခါ၌ထိုရှစ်ပါးသောမထေရ်ကြီးတို့အား။ အဘယ်အရပ်၌ ဤအဓိကရုဏ်းကို ငြိမ်းစေ ကုန်ရအံ့နည်းဟု အကြံဖြစ်၏။ ထိုအခါ ဤဝါလိကာရာမကျောင်းသည် နှလုံး မွေ့လျော်ဘွယ်ရှိ၏။ လူတို့၏အသံသည်းနည်း၏။ မြို့၏ကြွေးကြော်သံလည်း ကင်း၏။ ဝါလိကာရာမကျောင်း၌ ဤအဓိကရုဏ်းကို ငြိမ်းစေကုန်အံ့ဟုကြံကုန်၍၊ ဝါလိကာရာမကျောင်းသို့မထေရ်ဖြစ်ကုန်သောရဟန်းတို့သည် ကြွလေကုန်၍၊ စည်းဝေးပြီးသော်၊ အရှင်ဘုရားတို့၊သံဃာသည် အကျွန်ုပ်

www.dhammaransi.com



၏စကားကိုနာစေသတည်း။ အကယ်၍သံဃာအားလျှောက်ပတ်သော အခါသည်ဖြစ်အံ့။ အကျွန်ုပ်သည် အရှင်သဗ္ဗကာမိကို ဝိနည်းကိုမေးအံ့ဟု အရှင်ရေဝတသည် သံဃာကို သိစေ၏။ အရှင်သဗ္ဗကာမိသည်လည်း သံဃာကို သိစေ၏။ ငါ့ရှင်တို့၊ သံဃာသည် ငါ၏စကားကို နာစေသ တည်း။ အကယ်၍ လျှောက်ပတ်သောအခါသည် သံဃာအားဖြစ်အံ့။ အရှင်ရေဝတသည် ငါ့ကိုဝိနည်းကိုမေးသည်ရှိသော်။ ငါသည် အရှင် ရေဝတကိုဝိနည်းကိုဖြေအံ့ဟု၍သို့သိစေ၏။ ။

ထိုရော်အခါအရှင်ရေဝတသည်။ အရှင်သဗ္ဗကာမိကို၊ အရှင်ဘုရား၊ သိင်္ဂီလောဏကပ္ပကို သုံးဆောင်ခြင်းငှါ အပ်ပါ၏လောဟုမေးလျှောက် ၏၊ ငါ့ရှင်ရေဝတ၊ သိင်္ဂီလောဏကပ္ပဟူသည် အဘယ်နည်းဟု အရှင် သဗ္ဗကာမိမေးသော်။ အရှင်ဘုရား၊ ဆားမရှိသောဟင်းနှင့် ရော၍စား အံ့ဟု ဆားကို သားချိုဖြင့်ထည့်၍ သွားရာလာရာ ဆောင်အံ့သောငှါအပ် ပါ၏လောဟု လျှောက်၏။ ငါ့ရှင်၊မအပ်ဟု အရှင်သဗ္ဗကာမိဖြေ၏။ အ ဘယ်၌ပယ်သနည်းဟု မေးပြန်သော်။ သာဝတ္ထိပြည်၌သုတ္တဝိဘင်း၌ပယ် ၏ဟုဖြေ၏။ အဘယ်အာပတ်သို့ရောက်သနည်းဟုမေးပြန်သော်။ သိုမှီး ခြင်းကိုပြုသောကြောင့်သင့်သော ပါစိတ်သို့ရောက်၏ဟုဖြေ၏။ ဖြေပြီး သော်၊ အရှင်ဘုရားတို့၊ သံဃာသည် အကျွန်ုပ်၏စကားကို နာစေသ တည်း။ ဤရှေးဦးစွာ သိင်္ဂီလောဏဝတ္ထုကို သံဃာသည် ဆုံးဖြတ်အပ် ပြီ။ ဤဝတ္ထုသည် တရားမှလွဲ၏။ ဝိနည်းမှလွဲ၏။ မြတ်စွာဘုရားသာသနာ တော်မှအပဖြစ်၏။ ရှေးဦးစွာ ဤစာရေးတံကိုချ၏ဟု ကမ္မဝါစာရွတ် ၏။ ။ဤသို့စသည်ဖြင့် အောက်၌အရှင်ယသသည် အရှင်ရေဝတကို မေး၍အရှင်ရေဝတဖြေသကဲ့သို့၊ ကြွင်းသောဝတ္ထုကိုးပါးတို့ကိုလည်း။ အရှင်ရေဝတသည်အရှင်သဗ္ဗကာမိကိုမေး၍မအပ်ဟူ၍ဖြေပြီးသော်။ အဘယ်၌ပယ်သနည်း။ အဘယ်အာပတ်သို့ရောက်သနည်းဟုမေးပြန်၍။ ဒုတိယဒွင်္ဂုလဝတ္ထု၌၊ ရာဇဂြိုဟ်ပြည်၌ သုတ္တဝိဘင်း၌ပယ်သည်။ ဝိကာ လဘောဇနပါစိတ်သို့ရောက်၏။ တတိယဂါမန္တရဝတ္ထု၌၊ သာဝတ္ထိပြည် ၌ သုတ္တဝိဘင်း၌ပယ်၏။ အတိရိက်ဝိနည်းကံမပြုသောဘောဇဉ်ကိုစား သောကြောင့် ပါစိတ်သို့ရောက်၏ စတုတ္ထအာဝါသဝတ္ထု၌၊ ရာဇဂြိုဟ် ပြည်၌ ဥပေါသထသံယုတ်၌ပယ်၏။ ဝိနယာတိသာရဒုက္ကဋ်သို့ ရောက် ၏။ ပဉ္စမအနုမတိဝတ္ထု၌၊ စမ္ပေယျကဝိနယဝတ္ထု၌ပယ်၏။ ဝိနယာတိ

www.dhammaransi.com



သာရဒ္ဒဏ္ဍန်သို့ ရောက်၏။ ဆဋ္ဌအာစိဏ္ဏဝတ္ထု၌၊ အချို့သောဥပဇ္ဈာယ် ဆရာတို့၏ အာစိဏ္ဏသည် အပ်၏။ အချို့သော အာစိဏ္ဏသည် မအပ်။ သတ္တမအမထိတဝတ္ထု၌၊သာဝတ္ထိပြည်၌ သုတ္တဝိဘင်း၌ပယ်၏။ အနတိရိတ္တဘောဇနပါစိတ်သို့ ရောက်၏။ အဋ္ဌမဇဠောဂိဝတ္ထု၌၊ ကောသမ္ဗီပြည်၌သုတ္တဝိဘင်း၌ပယ်၏။သေအရက်သောက်ခြင်းကြောင့်သင့်သော ပါစိတ်သို့ရောက်၏။ နဝမအဒသကနိသီဒနဝတ္ထု၌၊ သုတ္တဝိဘင်း၌ပယ်၏။ ဆေဒနကပါစိတ်သို့ရောက်၏။ ဆယ်ခုမြောက်သောဇာတရူပရဇတဝတ္ထု၌၊ ရာဇဂြိုဟ်ပြည်၌ သုတ္တဝိဘင်း၌ပယ်၏။ ရွှေငွေတို့ကိုအလှူခံခြင်းကြောင့် သင့်သောပါစိတ်သို့ရောက်၏ဟု ဖြေ၏။ ။ဤဆယ်ပါးသောဝတ္ထုတို့၌လည်း အောက်ပဥ္စမဝတ္ထုကိုဖြေပြီး ဆုံးဖြတ်ပြီးသော အဆုံး၌ ကမ္ဗဝါစာကဲ့သို့၊ ပဌမအရာတွင် ဒုတိယ။ ဒုတိယ အရာတွင် တတိယ။အစရှိသည်ထည့်၍၊ အရှင်ဘုရားတို့၊သံဃာသည် အကျွန်ုပ်၏ စကားကိုနာစေသတည်း။ ဤဒသမဆယ်ခုမြောက်သောဝတ္ထုကို သံဃာသည် ဆုံးဖြတ်အပ်ပြီ။ ဤဝတ္ထုသည် တရားနှင့်လွဲ၏။ ဝိနည်းနှင့်လွဲ၏။ မြတ်စွာဘုရားသာသနာတော်မှအပဖြစ်၏။ဤဆယ်ခုမြောက်ဖြစ်သော စာရေးတံကိုချ၏ဟု အရှင်ရေဝတသည် ကမ္မဝါစာကိုရွတ်၏။ ။ထိုနောင်မှ အရှင် သဗ္ဗကာမိသည်။ သုဏာတု မေ အာဝုသော သံဃော။ ဣမာနိဒသဝတ္ထူနိသံဃေနဝိနိစ္ဆိတာနိ၊ဣတိဣမာနိဒသဝတ္ထူနိဥဒ္ဓမ္မာနိ ဥဗ္ဗိနယာနိ အပဂတသတ္ထုသာသနာနိ။နိဟတမေတံ အာဝုသော အဓိကရဏံ၊သန္တံ ဝူပသန္တံ။ဟူ၍ ကမ္ဗဝါစာရွတ်၏။ ။ဤပါဠိ၌ အဓိပ္ပါယ်ကား။ ငါ့ရှင်တို့၊သံဃာသည် ငါ၏စကားကိုနာစေသတည်း။ ဤဆယ်ပါးသောဝတ္ထုတို့ကိုသံဃာသည်ဆုံးဖြတ်အပ်ပြီ။ ဤသို့ဆုံးဖြတ်သဖြင့် ဤဆယ်ပါးသောဝတ္ထုတို့သည်။ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းနှင့်ဆန့်ကျင်ကုန်၏။ မြတ်စွာဘုရားသာသနာတော်မှအပဖြစ်ကုန်၏။ ငါ့ရှင်တို့၊ဤအဓိကရဏ်းငြိမ်းပြီ၊ ကောင်းစွာငြိမ်းပြီဟူလိုသည်။ ။ထိုနောင်မှအရှင် သဗ္ဗကာမိသည်အရှင်ရေဝတကိုဤသို့ဆို၏။ စင်စစ်သော်ကား။ အရှင်ရေဝတ၊သင်သည်ဤဆယ်ပါးသောဝတ္ထုတို့ကို တိရေဟန်းတို့အားသိစေခြင်းငှါ ငါ့ကို သံဃာ့အလယ်၌ မေးဦးလော့ဟုဆို၍၊ ခနဂ်ရသော သံဃာသည်စည်းဝေးသောအခါ၌၊သံဃာ့အလယ်၌ဤဆယ်ပါးသော ဝတ္ထုတို့ကို အရှင်သဗ္ဗကာမိကို အရှင်ရေဝတသည်မေးပြန်၏။ အရှင်

www.dhammaransi.com



သဗ္ဗကာမိဖြေတော်မူ၏။ ။ထိုရှေးအခါ။ သုတ် အဘိဓမ္မာ ဝိနည်းကို သင်္ဂါယနာတင်ကုန်အံ့ဟူ၍။ အရှင်သဗ္ဗကာမိ၊ အရှင်သာဠှ၊ အရှင်ခုဇ္ဇသောဘိတ၊ အရှင်ဝါသဘဂါမိ၊ အရှင်ရေဝတ၊အရှင်သမ္ဘူတ၊အရှင်ယသ၊ အရှင်သုမန၊ဤမထေရ်ရှစ်ပါးတို့သည် ပဋိသမ္ဘိဒါပတ္တရဟန္တာချည်းဖြစ်ကုန်သော ခုနစ်ရာသောရဟန်းတို့ကိုရွေး၍။ ဝေသာလီပြည် ဝါလိကာရာမကျောင်း၌ စည်းဝေးကုန်၍။ အရှင်မဟာကဿပအမှူးရှိသောငါးရာကုန်သောရဟန္တာကြီးတို့သည် သင်္ဂါယနာတင်အပ်သည်နှင့်အတူလျှင် အလုံးစုံသောသာသနာတော်၏အညစ်အကြေးကို သုတ်သင်၍၊ ပိဋကတ်၏အစွမ်းအားဖြင့်၊နိကာယ်၏အစွမ်းအားဖြင့်၊အင်္ဂါ၏အစွမ်းအားဖြင့်၊ဤအလုံးစုံသော သုတ်၊ အဘိဓမ္မာ၊ ဝိနည်းကို သင်္ဂါယနာတင်ကုန်၏။ဒုတိယသင်္ဂါယနာသည် ရှစ်လတို့ဖြင့်ပြီး၏။ဤသင်္ဂါယနာကို ခုနစ်ရာသောရဟန္တာတို့သည်ပြုအပ်သောကြောင့်။ သတ္တသတိကဟူ၍လည်းဆိုအပ်၏။ ရှေးပြုအပ်သောသင်္ဂါယနာကိုစွဲ၍ ဒုတိယသင်္ဂါယနာဟူ၍လည်း ဆိုအပ်၏။ ။ဤဒုတိယသင်္ဂါယနာတင်ကုန်သော မထေရ်အပေါင်းတို့တွင်။ အရှင်သဗ္ဗကာမိ၊ အရှင်သာဠှ၊ အရှင်ခုဇ္ဇသောဘိတ၊ အရှင်ရေဝတ၊ အရှင်ယသ၊အရှင်သာဏသမ္ဘူတ၊ ဤမထေရ်ကြီးခြောက်ပါးတို့သည်အရှင်အာနန္ဒာ၏သဒ္ဓိဝိဟာရိကတပည့်တို့တည်း။ မြတ်စွာဘုရားကိုမြင်ဘူးလိုက်ကုန်၏။ အရှင်သုမန၊အရှင်ဝါသဘဂါမိ၊ ဤနှစ်ပါးတို့သည် အရှင်အနုရုဒ္ဓါ၏ သဒ္ဓိဝိဟာရိကတပည့်တို့တည်း။မြတ်စွာဘုရားကိုမြင်ဘူးလိုက်ကုန်၏။ ။ဒုတိယသင်္ဂါယနာဖြစ်သည်ကား။ မြတ်စွာဘုရား ပရိနိဗ္ဗာန်လွန်သည်မှ နောက်၌။ အနှစ်တရာ့နှစ်နှစ်တွင် ကာလာသောကမင်းကြီး လက်ထက်တော်၌ ဖြစ်သတည်း။ ကာလာသောကမင်းကား။ ဆယ်ပါးသောဝတ္ထုတို့ကိုထင်ရှားပြုကုန်သော့ဝဇ္ဇီတိုင်းသားရဟန်းတို့၏အပင်းအသင်းတည်း။ ။

## ၄၁။ ဒုတိယသင်္ဂါယနာတင်ပြီးနောက်။ တတိယသင်္ဂါယနာမတင်မီအနှစ်တရာအတွင်း၌။ ၁၈ ဂိုဏ်းကွဲပြားသည်ကိုပြရာ

ဒုတိယသင်္ဂါယနာတင်ခြင်းကို ပြုကုန်သော ခုနစ်ရာသောမထေရ်ကြီးတို့သည် နှင်ထုတ်အပ်ကုန်သော ဝဇ္ဇီတိုင်းသား ရဟန်းတို့သည်။

www.dhammaransi.com



အပင်းအသင်းကိုရှာကုန်သည်ရှိသော် မိမိတို့အားလျော်ကပ်သော အားနည်းသော အပင်းအသင်းကိုရ၍၊ အသီးအခြား မဟာသင်္ဃိကဟူ သောဆရာနွယ်ကို ပြုကုန်၏။ မဟာသင်္ဃိကဆရာနွယ်မှကွဲပြား၍။ ဂေါ ကုလိကဆရာနွယ်။ ဧကဗ္ဗောဟာရိကဆရာနွယ်ဟူ၍ နှစ်ပါးသောဆရာ နွယ်တို့သည် ဖြစ်ကုန်၏။ ဂေါကုလိကဆရာနွယ်မှ ကွဲပြန်၍။ ပဏ္ဏတ္တိ ဝါဒ ဆရာနွယ်။ ဗဟုလိကဆရာနွယ် ဟူ၍ နှစ်ပါးသော ဆရာနွယ်တို့ သည်ဖြစ်ကုန်၏။ ထိုဆရာနွယ်နှစ်ပါးတို့၏ အကြား၌ စေတိယဝါဒအ မည်ရှိသော တပါးသောဆရာနွယ်သည်ဖြစ်၏။ ဤသို့လျှင် မဟာသင်္ဃိ က ဆရာနွယ်မှ အနှစ် ၁၀၀ အတွင်း၌ ငါးပါးသော ဆရာအနွယ်တို့ သည်ဖြစ်ကုန်၏။ မူလရင်းမဟာသင်္ဃိကနှင့်သော် ခြောက်ပါးသောဆရာ နွယ်တို့သည်ဖြစ်ကုန်၏။ ။ထိုအနှစ် ၁၀၀ အတွင်း၌သာလျှင်။ဒုတိယ သင်္ဂါယနာကို ပြုကုန်သော ထေရဝါဒဂိုဏ်းမှ ကွဲ၍။ မဟိသာသက ဆရာနွယ်၊ ဝဇ္ဇိပုတ္တကဆရာနွယ်ဟူ၍ နှစ်ပါးသော ဆရာနွယ်တို့သည် ဖြစ်ကုန်၏။ ထိုနှစ်ပါးတို့တွင်၊ ဝဇ္ဇိပုတ္တကဆရာနွယ်မှကွဲ၍ ဓမ္မုတ္တရိယ ဆရာနွယ်။ ဘဒြယာနိက ဆရာနွယ်။ ဆန္နာဂါရိကဆရာနွယ်။ သမ္မိတိ ဆရာနွယ်ဟူ၍ လေးပါးကုန်သော ဆရာနွယ်တို့သည် ဖြစ်ကုန်၏။ ။ ထိုအနှစ် ၁၀၀ တွင်း၌သာလျှင်မဟိသာသကဆရာနွယ်မှကွဲ၍။သဗ္ဗတ္ထိ ဝါဒီ ဆရာနွယ်။ ဓမ္မဂုတ္တိကဆရာနွယ် ဟူ၍ နှစ်ပါးသော ဆရာနွယ်တို့ သည် ဖြစ်ကုန်၏။ ။သဗ္ဗတ္ထိဝါဒီ ဆရာနွယ်မှ ကွဲပြန်၍။ ကဿပိယ ဆရာနွယ်တပါးဖြစ်၏။ ကဿပိယဆရာနွယ်မှ ကွဲ၍။ သင်္ကန္တိကဆရာ နွယ်တပါးဖြစ်၏။ သင်္ကန္တိကဆရာနွယ်မှ ကွဲပြီးသောနောက်၌။ သဗ္ဗတ္ထိ ဝါဒဆရာနွယ်မှပင်ကွဲပြန်၍၊ သုတ္တဝါဒဟူသောဆရာနွယ်သည်ဖြစ်၏။ ဒုတိယသင်္ဂါယနာကိုပြုကုန်သော မထေရ်တို့၏ ဝါဒဟုဆိုအပ်သော ထေရဝါဒဂိုဏ်းမှ ကွဲပြားကုန်၍။ မဟိသာသကအစရှိသော ဤတဆဲ့ တပါးသောအာစရိယဝါဒတို့သည်ဖြစ်ကုန်၏။ ထိုတဆဲ့တပါးတို့သည် ထေရဝါဒဂိုဏ်းနှင့်တကွ ၁၂ ပါးတို့သည်ဖြစ်ကုန်၏။ ဤထေရဝါဒမှ ကွဲပြားသောဂိုဏ်း ၁၂ ပါး။ မဟာသင်္ဃိကမှကွဲပြားသောဂိုဏ်း ၆ ပါး အားဖြင့် ၁၈ ပါးသောဂိုဏ်းဆရာနွယ်တို့သည်။အနှစ် ၁၀၀ အတွင်း၌ ဖြစ်ကုန်၏။ ထိုတဆဲ့ ရှစ်ပါးသော ဂိုဏ်းဆရာ ဝါဒတို့တွင် ၁၇ ပါး သောဂိုဏ်းဆရာဝါဒတို့သည် ကွဲပြားကုန်၏။ ထေရဝါဒဂိုဏ်းတပါး

www.dhammaransi.com



သည့်လျှင် မကွဲမပြားမှု၍တည်၏။ ။ထို ၁၇ ပါးသောဂိုဏ်းဆရာတို့သည်၊ အမည်၊ အသွင်အပြင်၊ အသုံးအဆောင်ပရိက္ခရာ၊ အပြုအမူအလုံးစုံတို့ကို။ ပကတိမကွဲပြားမိကာလ၌ သဘောကိုစွန့်၍၊ တပါးသော့အခြင်းအရာတို့ကိုပြုကုန်၏။ ထို ၁၇ ပါးသော ဂိုဏ်းဆရာဝါဒတို့သည်။ သစ်ပင်၌ ဆူးငြောင့်တို့ကဲ့သို့ သာသနာတော်၌ ဆူးငြောင့်ဖြစ်ကုန်၏။ သစ်ပင်တကာတို့တွင် ပညောင်ပင်ကြီးသည် မြတ်သကဲ့သို့၊ ၁၈ ပါးသောဂိုဏ်းဆရာဝါဒတို့တွင် ထေရဝါဒဂိုဏ်းသည်သာမြတ်၏။ သာသနာတော်သည်ကား ဤတဆဲ့ခုနစ်ပါးသော ဂိုဏ်းဆရာတို့၏ အစွမ်းအားဖြင့် ဓမ္မာသောကမင်းကြီး လက်ထက်တိုင်အောင်လာ၏။ အဆင့်ဆင့် အားဖြင့်ကား။ ဟေမဝတိကာ၊ ရာဇ ဂိရိယာ၊ သိဒ္ဓတ္ထိကာ၊ ပုဗ္ဗသေလိယာ၊ အပရသေလိယာ၊ ဝါဇိရိယာ၊ ဟူ၍ ဆရာနွယ်တို့သည် ဖြစ်ကုန်၏။ ။မဟာသင်္ဂိကဂိုဏ်းရင်းဖြစ်သော၊ တသောင်းသောရဟန်းတို့သည်ကား။ အညီအညွတ်စည်းဝေးကုန်၍၊ တရားကို သင်္ဂါယနာတင်ခြင်းကို ပြုကုန်၏။ ဤတသောင်းသောရဟန်းတို့ တင်သောသင်္ဂါယနာကို မဟာသင်္ဂီတိဟူ၍ ဆိုအပ်၏။ မဟာသင်္ဂီတိကိုပြုကုန်သော တသောင်းသောရဟန်းတို့သည်သာသနာ၌မညီမညွတ်ပြုကုန်၏။ မူလသင်္ဂါယနာကိုဖျက်၍တပါးသောသင်္ဂါယနာကိုပြုကုန်၏။ တပါးသောပိဋကတ်၌သင်္ဂါယနာတင်သောသုတ်ကိုတပါး၌တင်ကုန်၏။ ထိုမဟာသင်္ဂီက ရဟန်းတို့သည်၊ အနက်ကိုရင်း၊ ပါဠိကိုရင်း၊ ဖျက်ဆီးကုန်၏။ ဝိနည်းတို့၌ရင်း၊ နိကာယ်ငါးပါးတို့၌ရင်း၊ အနက်ပါဠိတို့ကိုဖျက်ကုန်၏။ ထိုမဟာသင်္ဂီက ရဟန်းတို့သည် မသိကုန်၍၊ ပရိယာယ် ဒေသနာကို ရချင်ဒေသနာ၊ နီတတ္ထသုတ်ကို နေယျတ္ထသုတ်ပြုကုန်၏။ တပါးကိုရည်၍ ဆိုသောအနက်ကို တပါးကိုပြု၍ထားကုန်၏။ ထိုရဟန်းတို့သည် သဒ္ဒါအရိပ်ဖြင့် များစွာသော အနက်ကို ဖျက်ကုန်၏။ ဝိနည်း၌ နက်နဲသော တစိတ်တဒေသကိုစွန့်၍၊ မိမိတို့အလိုနှင့်လျော်သော သုတ်ကို ပြုကုန်၏။ ပရိဝါရကိုရင်း။ အဘိဓမ္မာခြောက်ကျမ်းကိုရင်း။ ပဋိသမ္ဘိဒါ၊ နိဒ္ဒေသကိုရင်း။ အချို့သောဇာတ်ကိုရင်း။ ဤမျှကို ခွဲဝေ၍ တပါးကိုစွန့်ကုန်၏။ ။

www.dhammaransi.com



၆၂။ ဒုတိယသင်္ဂါယနာတင်မထေရ်ကြီးတို့သည်။
သာသနာတော်၌ဖြစ်ပေါ်လတ္တံ့သောကြီးစွာသောဘေးရန်ကို
နှိပ်နင်းစိမ့်သောငှါ၊တိဿဗြဟ္မာကြီးကိုတောင်းပန်ခြင်း၊သိဂ္ဂဝ၊
စဏ္ဍဝဇ္ဇီထေရ်ငယ်နှစ်ပါးကိုဒဏ်ထားခြင်းတို့ကိုပြရာ။

အရှင်မဟာကဿပ အမှူးရှိသော ငါးရာသော ရဟန္တာတို့သည် ပြုအပ်သော ပဌမသင်္ဂါယနာနှင့်လျော်စွာသော ဒုတိယသင်္ဂါယနာကို တင်ကြကုန်သော။ အရှင်သဗ္ဗကာမိ အစရှိသောမထေရ်ကြီးတို့သည်၊ နောက်အခါ၌လည်း သာသနာတော်အား ဤသို့သဘောရှိသော ဘေးရန်သည်ဖြစ်လတ္တံ့သောဟု ကြည့်ကုန်သည်ရှိသော်။ ဤနှစ်မှ ၁၁၈ နှစ်အထက်၌ ပါဋလိပုတ်ပြည်၌ ဓမ္မာသောကမင်း ဖြစ်၍။ အလုံးစုံသော ဇမ္ဗူဒိပါကျွန်း၌မင်းအဖြစ်ကိုပြုလတ္တံ့။ ထိုမင်းသည် သာသနာတော်၌ ကြည်ညို၍ ကြီးစွာသော လာဘ်သပ္ပကာကို ဖြစ်စေလတ္တံ့။ ထိုသို့ဖြစ်စေသောကြောင့် တိတ္ထိတို့သည် လာဘ်ပူဇော်သက္ကာရကို တောင့်တကုန်သည်ဖြစ်၍ သာသနာတော်၌ မိမိတို့အလိုလိုရဟန်းပြုကုန်၍၊ မိမိမိမိတို့၏အယူကို ပြကုန်လတ္တံ့။ ဤသို့ ပြကုန်သဖြင့် သာသနာတော်၌ ကြီးစွာသောဘေးရန်တို့ကို ဖြစ်စေလတ္တံ့ဟူ၍ ဤအကြောင်းကို မြင်ကုန်၏။ ။ထိုရောအခါထိုမထေရ်ကြီးတို့အား ဤသို့ကြံကုန်၏။ အသို့နည်း၊ဤဘေးရန်ဖြစ်သောအခါ၌ငါတို့သည်မျက်မှောက်ဖြစ်ကုန်လတ္တံ့သော၊ မျက်ကွယ် ဖြစ်ကုန်လတ္တံ့သောဟု ကြံကုန်သော်၊ ထိုအလုံးစုံသောမထေရ်ကြီးတို့သည် ထိုဘေးရန်ဖြစ်သောအခါ၌ မိမိတို့၏မျက်မှောက်မဖြစ်လတ္တံ့သောအဖြစ်ကိုသိကုန်၍။ အဘယ်သူသည် ထိုဘေးရန်ကို ငြိမ်းစေခြင်းငှါစွမ်းနိုင်လတ္တံ့နည်းဟု အလုံးစုံသော လူ့ပြည်ကိုဖင်း၊ ကာမာဝစရနတ်ပြည်ခြောက်ထပ်ကိုဖင်း ကြည့်ကုန်သော်။ တစုံတယောက်သောသူကို မမြင်ကုန်သောကြောင့်။ ဗြဟ္မာ့ပြည်ကို ကြည့်သည်ရှိသော်၊ နည်းသောအသက်ကြွင်းရှိသော၊အထက်ဗြဟ္မာ့ပြည်သို့ ဖြစ်စေခြင်းငှါ ပွါးစေအပ်သော အကြောင်းရှိသော၊ တိဿအမည်ရှိသောဗြဟ္မာကိုမြင်၏။ မြင်ပြီး၍ ထိုမထေရ်ကြီးတို့အား ဤသို့သောအကြံသည်ဖြစ်၏။ အကယ်၍ငါတို့သည် ထိုဗြဟ္မာမင်းအားလူ့ပြည်၌ဖြစ်ခြင်းငှါ တိုက်တွန်းခြင်းကို ပြုကုန်အံ့။ စင်စစ်လျှင် ဤဗြဟ္မာကြီးသည်

www.dhammaransi.com



မောဂ္ဂလိပုတ္တာအိမ်၌ ပဋိသန္ဓေယူလတ္တံ့။ ထိုနောက်မှ ဗေဒင်တို့ဖြင့် ဖြားယောင်းအပ်သည်ဖြစ်၍ တောထွက်၍ရဟန်းပြုလတ္တံ့။ ထိုတိဿသည် ဤသို့ရဟန်းပြုပြီး၍၊ အလုံးစုံသော မြတ်စွာဘုရားစကားတော်ကို သင်၍၊ ရအပ်ပြီးသောပဋိသမ္ဘိဒါလေးပါးရှိသည်ဖြစ်၍၊ တိတ္ထိတို့ကို နှိပ်နင်း၍၊ ထိုအဓိကရုဏ်းကို ဆုံးဖြတ်၍၊ သာသနာတော်ကို ချီးမြှောက်လတ္တံ့ဟုမြင်ကုန်၍။ ထိုသဗ္ဗကာမီအစရှိသောမထေရ်တို့သည် ဗြဟ္မာ့ပြည်သို့ သွားကုန်၍။ တိဿမြဟ္မာကို ဤသို့ဆိုကုန်၏။ မြဟ္မာမင်း၊ဤနှစ်မှသည် အနှစ် ၁၁၈ နှစ်အထက်၌ သာသနာတော်၌ ကြီးစွာသောဘေးရန်သည်ဖြစ်လတ္တံ့။ ငါတို့သည် အလုံးစုံသော လူ့ပြည်ကိုဋ္ဌင်း၊ ကာမာဝစရနတ်ပြည်ခြောက်ထပ်ကိုဋ္ဌင်း၊ ကြည့်ကုန်သော်၊ တစုံတယောက်သောသူကိုမျှသာသနာတော်ကိုချီးမြှောက်ခြင်းငှါစွမ်းနိုင်အံ့သည်ကိုမမြင်။ ဗြဟ္မာ့ပြည်ကိုကြည့်ကုန်သည်ရှိသော် အရှင်မြဟ္မာကို မြင်ပါကုန်သည်။ ငါတို့သည် တောင်းပန်ပါ၏။ သူတော်ကောင်း၊ လူ့ပြည်၌ ဖြစ်လာ၍ မြတ်စွာဘုရားသာသနာတော်ကို ချီးမြှောက်ခြင်းငှါ ဝန်ခံခြင်းကို အရှင်မြဟ္မာမင်းသည် ပေးပါဟု ဆိုကုန်၏။ ဤသို့ဆိုကုန်သော် တိဿမြဟ္မမင်းသည်။ငါသည် သာသနာတော်၌ဖြစ်သောဘေးရန်ကိုသုတ်သင်၍၊ သာသနာတော်ကိုချီးမြှောက်ခြင်းငှါစွမ်းနိုင်သည်ဖြစ်လတ္တံ့ဟူ၍ ဝမ်းမြောက်သည်ဖြစ်၍၊ အရှင်ဘုရားတို့၊ ကောင်းပါပြီဟုဝန်ခံ၍ အဆုံးအဖြတ်ကိုပေး၏။ မထေရ်ကြီးတို့သည် ဗြဟ္မာ့ပြည်၌ ပြုအပ်သည်ကိုပြီးစေ၍ တဘန်လာကုန်၏။ ။ထိုအခါ အရှင်သိဂ္ဂဝ၊ အရှင်စဏ္ဍဝဇ္ဇိ နှစ်ပါးတို့သည် ရဟန်းငယ်ဖြစ်ကုန်၏။ ပဋ္ဌင်းငယ်ဖြစ်ကုန်၏။ ပိဋကတ်သုံးပုံကိုဆောင်ကုန်၏။ ပဋိသမ္ဘိဒါလေးပါးသို့ရောက်ကုန်၏။ ကုန်ပြီးသော အာသဝေါရှိကုန်၏။ ထိုမထေရ်နှစ်ပါးတို့သည် ဒုတိယသင်္ဂါယနာအဓိကရုဏ်းကို မမှီကုန်။ မထေရ်ကြီးတို့သည် ဆိုကုန်၏။ငါ့ရှင်တို့၊သင်တို့သည် ဤအဓိကရုဏ်း၌ အဘော်မဖြစ်ပါကုန်။ ထို့ကြောင့် သင်တို့အား ဤဒဏ်အမှုသည်ဖြစ်စေ။ တိဿမြဟ္မာသည် မောဂ္ဂလိပုတ္တာအိမ်၌ ပဋိသန္ဓေယူလတ္တံ့။ သင်တို့နှစ်ယောက်တွင် တယောက်သည် ထိုတိဿကို အိမ်မှထုတ်၍ ရဟန်းပြု။တယောက်သည် မြတ်စွာဘုရားစကားတော်ကို သင်စေသတည်းဟု ဒဏ်ထားခဲ့၍ ထိုအရှင်မြတ်တို့သည်ပရိနိဗ္ဗာန်စံတော်မူလေကုန်၏။ ။

www.dhammaransi.com



## ၆၃။ ဒုတိယသင်္ဂါယနာအောင်၊ ကာလာသောက မင်းကစ၍၊ စန္ဒဂုတ္တမင်းတိုင်၊ ဝေသာလီမင်းဆက်၊ ပါဋလိပုတ် မင်းဆက်ရာဇဝင်အစဉ်ကိုပြဆိုရာ။

အဇာတသတ်မင်းနှင့် အရှင်မဟာကဿပထားသော သာသနာတော်သက္ကရာဇ် ၈၁ ခုနှစ်ကစ၍ ကာလာသောကမင်း မင်းပြု၍၊ သာသနာတော်သက္ကရာဇ် ၁၀၈ ခုနှစ်တွင်။ ကာလာသောကမင်း ၂၈ နှစ်ပြည့်၍လွန်သော်။ ကာလာသောကမင်း၏သား။ ဘဒ္ဒသေန၊ ကောရဏ္ဍဝဏ္ဏ၊ မင်္ဂုရ၊ သဗ္ဗဇဟ၊ ဇာလိက၊ ဥဘက၊ သဉ္စယ၊ ကောရဗျ၊နန္ဒိဝဍ္ဎန၊ ပဉ္စမကဟူ၍ ညီနောင် တကျိပ်တို့ အစဉ်အတိုင်း မင်းပြု၍ သာသနာတော်ကို ရှက်ဆောင်သည့်ကာလကား ၂၂ နှစ်မျှကြာ၏။ ထိုမင်း ညီနောင်တကျိပ်တွင်။အဆုံးစွန်သော ပဉ္စမကမင်းသည် ပါဋလိပုတ်ပြည်၌ မင်းပြုသောအခါ ခိုးမှုးဥဂ္ဂသေနနန္ဒသည် ပြည်ကိုလု၍ မင်းပြုလေ၏။ အကြောင်းကား ဤသို့တည်း။ထိုမင်းညီနောင်တို့လက်ထက် မဂဓတိုင်း၌ ခိုးသားငါးရာတို့သည် အညီအညွတ်ဖြစ်ကုန်၍။ ပြည်ရွာတို့ကို လုယက်ဖျက်ဆီး၍ရသော ဥစ္စာတို့ကို ဥစ္စာရှင်ကိုပင် ဆောင်ရွက်ထမ်းယူခဲ့စေ၍။ ချင်းတို့နေရာသို့ရောက်မှ ဆောင်ရွက်သူတို့ကို လွှတ်လိုက်ကုန်၏။တရံသောအခါ၌ အလုံးအရပ်ခွန်အားနှင့်ပြည့်စုံသောဥဂ္ဂသေနနန္ဒမည်သောခိုးသူကို ဘမ်း၍ ရသောဥစ္စာကိုထမ်း၍ ပို့စေ၏။ ထိုဥဂ္ဂသေနနန္ဒသည် ခိုးသူတို့ကိုမေး၏။ အချင်းတို့၊ သင်တို့သည်အဘယ်သို့ပြု၍ အသက်မွေးကုန်သနည်းဟူ၍ မေးသော်။ ငါတို့သည် လယ်လုပ်ကုန်သွယ်အမှုကိုမပြုကုန်။ ပြည်ရွာကိုလုယက်ဖျက်ဆီး၍ရသောဥစ္စာကိုသာစားသောက်၍ နေထိုင်ကြတော့သည်ဟုဆိုသော် ဥဂ္ဂသေနနန္ဒသည်း ထိုအမှုကိုနှစ်သက်၍၊ခိုးသူတို့နှင့်အပေါင်းအဘော်ပြုလေ၏။ထိုဥဂ္ဂသေနနန္ဒအားကား။ ပဏ္ဍုကနန္ဒ၊ ပဏ္ဍုဂတိနန္ဒ၊ ဘူတပါလနန္ဒ၊ ရဋ္ဌပါလနန္ဒ၊ ဂေါဝိသာဏကနန္ဒ၊ သမိဒ္ဓိကနန္ဒ၊ ကာဝဋ္ဋကနန္ဒ၊ ဓနနန္ဒ ဟူ၍ ရှစ်ယောက်သောညီတို့သည်ဖြစ်ကုန်၏။ထိုရှစ်ယောက်တို့သည်လည်း အစ်ကိုယ်သို့ လိုက်၍ ခိုးသူချည်း ပြုလေကုန်၏။ တရံရောအခါ ပြည်တပြည်ကို လုယက်ဖျက်ဆီးရာတွင် ထိုပြည်သားတို့အထောံအထောံဆီး၍ တိုက်သောကြောင့် ခိုးမှုးအကြီးကို ဘမ်းမိ၍ သတ်လေကုန်၏။

www.dhammaransi.com



ခိုးမှုအကြီးသေသေသော် ခိုးသားငယ်တို့သည် ပရမ်းပတာပြေးလေကုန်၍ ငါတို့ခိုးမှုသေခဲ့ပြီ။ငါတို့သည် အဘယ်သို့အသက်မွေးပါရကုန်အံ့နည်းဟုခိုးမှုကိုရှာ၍ငိုကုန်၏။ထိုအခါဥဂ္ဂသေနနန္ဒဆို၏။အချင်းတို့၊ သင်တို့ခိုးမှုသာလျှင် ရဲစွမ်းခွန်အားရှိသည်မဟုတ်။ ငါလည်း ရဲစွမ်းခွန်အားရှိ၏။ သင်တို့ခိုးမှုနှင့်တူအောင်ဖြစ်စေမည်။ သင်တို့ယနေ့မှစ၍ မစိုးရိမ်ကုန်လင့်ဟုဆိုသော်ခိုးသူတို့ဝမ်းမြောက်၍ခိုးမှုအရာကိုပေးကုန်၏။ဥဂ္ဂသေနနန္ဒသည်ခိုးမှုအရာကိုရလျှင်။ညီ၅စ်ယောက်တို့သည်လည်း ခိုးမှုလက်အောက်အမှုထမ်းဖြစ်၏။ ထိုရော်အခါ အညီအညွတ်စည်းဝေး၍ ခိုးမှုသည်ဆို၏။ အချင်းတို့၊ ရွာသိမ်ပြည်သိမ်ကို လုယက်ခြင်းသည် ရဲစွမ်းခွန်အားရှိသောသူတို့၏အမှုမဟုတ်။ပြည်ကြီးကိုလုပ်ကြ၍ အလှည့်အလှည့်မင်းပြုကုန်အံ့ဟုဆိုသော် စိတ်ညီကုန်၍။ အပေါင်းအဘော်များအောင်ပြု၍။ ပါဋလိပုတ်ပြည်ကိုတိုက်လေကုန်၏။ ပဌမကမင်းသည် ပြည်တဲရေး၌ မေ့လျော့ချေသောကြောင့်။ ပဌမကမင်းကို ခိုးမှုဥဂ္ဂသေနနန္ဒဘမ်း၍ သတ်ပြီးလျှင် ပါဋလိပုတ်ပြည်ကို ခိုးမှုမင်းပြု၏။ ဥဂ္ဂသေနနန္ဒဟူသောအမည်ကိုခံ၏။ ထိုမင်းနောက်၌ ၅စ်ယောက်သော ညီတို့သည်လည်း အစဉ်အတိုင်းမင်းပြု၏။ ထိုခိုးမှုဥဂ္ဂသေနနန္ဒတို့ညီနောင်ကိုးယောက် အစဉ်အားဖြင့် မင်းပြု၍ အုပ်စိုးသောကာလကား ၂၂ နှစ်မျှရှင်းကြာ၏။ အဆုံးစွန်ကား ဓနနန္ဒမင်းလျှင်တည်း။ ။ ထိုဓနနန္ဒမင်းသည် စည်းလဲဝန်တိုသဖြင့် အကုဋေ၅စ်ဆယ်သောအသပြာဥစ္စာတို့ကိုသူတပါးတို့မရနိုင်စိမ့်သော၌ ဂင်္ဂါမြစ်တွင်း၌ ကျောက်ဆောင်ကို ထွင်း၍။ အကုဋေ၅စ်ဆယ်သော ဥစ္စာကို ထည့်ပြီးသော်။ ကျောက်ဖျာတချဖြင့်ပိတ်၍ရေမဝင်ရအောင်အစပ်ကိုခဲမရည်ဖြင့်သွင်း၍ဆည်ကိုဖြတ်၍ရေကိုစီးစေ၏။ရှေးမင်းတို့အစဉ်ကိုမှုကားမပျက်စေမူ၍။ နန်းယင်ပြင်၌ မဏ္ဍပ်ကြီးစွာဆောက်၍။ ပုဏ္ဏားကြီးတို့အား တသိန်းတန်။ ပုဏ္ဏားငယ်တို့အား လေးထောင်တန်။ အလှူဝတ္ထုကိုစီရင်၍ လှူ၏။ ။ထိုဓနနန္ဒမင်းကို ဇာနက္ကပုဏ္ဏားသည် သေကြောင်းကြံလေ၏။ ကြံပုံအကြောင်းကား။တက္ကသိုလ်ပြည်၌ ဇာနက္ကပုဏ္ဏားသည် ဗေဒင်သုံးပုံကို သင်သဖြင့် တတ်၏။ ယတြာကျမ်း၊ ဆေးကျမ်းတို့ကိုလည်း အပြီးတိုင် အကြွင်းမဲ့တတ်၏။ အထူးထူးသောနိမိတ်ကျမ်းတို့ကိုလည်း တတ်၏။ ဥပါယ်တမျဉ်၌လည်း လိမ္မာ၏။ ထိုးမြှုဆောင်းမင်းဖြစ်ထိုက်

www.dhammaransi.com



သောဘုန်းရှိသောသူဟူ၍လည်းကျော်ဇောစေ၏၊ အဘလွန်၍အမိကိုယုပ်ကျွေးသောသူဟူ၍လည်း အများကြည်ညိုကြ၏။ အခါတပါးသော် အမိပုဏ္ဏားမသည်မိမိသားမင်းဖြစ်လတ္တံ့သည်ဟုကျော်စောသည်ကိုကြား၍၊ငါ့သားသည် မင်းဖြစ်ခဲ့မူကား၊မင်းတို့စည်းစိမ်ကြီးသဖြင့် မေ့လျော့၍ ငါ့အား ချစ်ခြင်းကင်းရာ၏။ အဘယ်သူသည် ငါ့အား မွေးပါလတ္တံ့နည်းဟု ငိုယိုမြည်တမ်း၏၊ အမိငိုယိုမြည်တမ်းကြောင်းကိုကြား၍ မေးသော်အချင်းခပ်သိမ်းကိုပြန်ပေ၏။အမိစိုးရိမ်ခြင်းဖြစ်တပြီးကား ငါမင်းဖြစ်ရသော်လည်း အဘယ်အကျိုးရှိအံ့နည်း။ငါ၏ကိုယ်၌မင်းဖြစ်ထိုက်သောအင်္ဂါကိုဖျက်ဆီး၍ မင်းမဖြစ်စေဘဲအမိကိုသာလုပ်ကျွေးရသော်မြတ်၏ဟုကြံ၍၊ ငါ့အား မင်းဖြစ်ထိုက်သောအင်္ဂါသည် အဘယ်နည်းဟုအမိကိုမေး၍သိပြီးသော် မိမိအစွယ်ကိုချိုး၍၊ အင်္ဂါကိုချို့တဲ့စေ၍၊ မင်းအဖြစ်ကိုစွန့်၍ အမိကိုလုပ်ကျွေးသတည်း။ အခါတပါးသော် ထိုစာဏက္ကပုဏ္ဏားသည် အထူးထူးအပြားပြားသော အမေးပုစ္ဆာကိုရှာသဖြင့် ပုပ္ဖပုရသို့ရောက်လာ၏။ ပုပ္ဖပုရဟူသည်ကား ပါဋလိပုတ်ပင်လျှင်တည်း။ထိုအခါ ဓနနန္ဒမင်းအလှူပေးခိုက်ကြုံသဖြင့်။ စာဏက္ကပုဏ္ဏားသည် မိမိကျေးဇူးဂုဏ်ကိုယုံကြည်သူဖြစ်၍ အလှူမဏ္ဍပ်သို့ဝင်၍ ပုဏ္ဏားကြီးတို့၏ အညာ၌ နေလေ၏။ ဓနနန္ဒမင်းသည်-စာဏက္ကပုဏ္ဏားကိုမြင်လျှင် မကြည်ညို၍ ပုဏ္ဏားကြီးတို့၏အထက်၌နေသောထိုပုဏ္ဏားကိုနှင်ထုတ်လေဟု မင်းချင်းတယောက်ကိုစေ၏။ အလှူကိုစီရင်သောသူတို့သည်လည်းအလှူခံကိုမနှင်ထုတ်ရာဟုလျှောက်ကုန်၏။မင်းလည်း မကြည်ညိုလှသောကြောင့် နှင်ထုတ်လေဟု စေပြန်၏။ မင်းကြီးစေသောသူသည် မင်း၏အာဏာဖြင့် လာပြီးလျှင် ဆရာသည် မဏ္ဍပ်၌နေခြင်းငှါမရဟူ၍ မဆိုဝံ့။အလှူဝတ္ထုကိုလိုချင်တပ်မက်သောတဏှာကား စက်ဆုပ်ဘွယ်ရှိလှ၏။ ပေးမည့်သူ မနှစ်သက်ဘဲလျက် တပ်မက်၍ နေရခြင်းသည် မကောင်းဟု တပ်တတ်သော တဏှာကိုသာ အပြစ်တင်၏။ စာဏက္ကပုဏ္ဏားသည် မင်းချင်းတို့၏စကားကို ကြားလျှင်၊ မင်းတို့မည်သည်ကို ဆန့်ကျင်ဘက်မပြုအပ်ဟု ရှက်ကြောက်အားကျထ၍ မင်းကို အမျက်ထွက်သဖြင့် သွားလေ၍၊ လည်၌ဝတ်သော ချည်မျှင်ကို အထုံးအဆုံးဖြတ်၍၊ကရားကို တံခါးတိုင်၌ပုတ်ခွဲ၍။ မြေပြင်အလုံး၌ ဓနနန္ဒမင်း၏ အကျိုးမဲ့သာဖြစ်စေသတည်းဟု ကျိန်ဆဲ၍ ထွက်ခဲ့၏။ မင်းလည်း ကျိန်ဆဲ

သောအစာကိုကြားလျှင် ပုဏ္ဏားမှာရအောင်ဘမ်းလေဟုစေ၏။ ဓာနဉ္စ ပုဏ္ဏားလည်း မင်းချင်းတို့လိုက်ကြောင်းကို သိလျှင်။ အဝတ်မဝတ်ဘဲ တက္ကတွန်းအသွင်ဖြင့်သွား၍ လွတ်ရာပုန်းရှောင်လေ၏။ ထိုအခါမှစ၍ ဓနနန္ဒမင်းကိုပျက်စီးစိမ့်ဟုကြံ၍ ရန်ငြိုးဖွဲ့လျက်။ ထိုမင်း၏သား ပဗ္ဗတ အမည်ရှိသော သတ္တိသားငယ်ကို ဥပါယ် တမျဉ်ဖြင့် ရအောင် ခိုး၍ တောနက်စွာသို့ဝင်၍နေလေ၏။ ထိုပဗ္ဗတမင်းသား၌ မင်းဖြစ်အံ့သော ကြန်အင်လက္ခဏာကို ရှုးစမ်းသော် မမြင်၍။ မင်းဖြစ်အံ့သောကြန်အင် လက္ခဏာနှင့် ပြည့်စုံသောသူကို ရှာပြန်၏။ ။ထိုရောအခါ မြတ်စွာ ဘုရားရှိစဉ်ကာလ။ ဝိဋဋူပဘေးကြောင့် အသက်လွတ်ရာ ပုန်းရှောင် ထွက်ပြေးရသော သာကီဝင်မင်းမျိုးတို့သည်။ ဥဒေါင်းကြိုးကြာတို့ဖြင့် မွေ့လျော်ပျော်ဘွယ်ရှိသော အရပ်၌ မြို့တည်၍ မောရိယဟူသော အမည်ကို သမုတ်၍ နေကုန်၏။ ထိုသာကီဝင် မင်းမျိုးတို့ကို အရိုင်းတို့ သည်တိုက်ဖျက်သဖြင့် တဘန်ပျက်စီးခြင်းသို့ရောက်ပြန်၍ ပြေးသွားရ ကုန်သဖြင့်၊ မောရိယမင်း၏မယားသည် ကိုယ်ဝန်အရင့်အမာနှင့်တကွ ပုဗ္ဗပုရသို့ရောက်လာ၍။ မကြာမြင့်မီဘွားသော သတ္တိသားကို အိုးသစ် တွင်ထည့်၍ နွားနင်း၍သေလေစိမ့်ဟု နွားခြံတချဉ်၌ ထားလေသော်။ ထို သတ္တိသား၏ဘုန်းကံကြောင့် နတ်တို့စောင်မသဖြင့်။ စန္ဒမည်သောနွား ဥသဘသည် တပါးသောနွားတို့မနင်းသွားရအောင်လေးဘက်ခြေခွ၍ နှစောင့်ပေသဖြင့်။ အန္တရာယ်ကင်းသော သတ္တိသားကို အိုး၌ နွားထိန်း ယောကျ်ားမြင်လျှင်။ သား၏ ချစ်ခြင်းဖြင့် ချစ်သည်ဖြစ်၍ ကောင်းစွာ မွေးမြူလေ၏။ စန္ဒမည်သောနွားစောင်မသည့်ကိုအကြောင်းပြု၍ သတ္တိ သား၏အမည်ကိုစန္ဒဂုတ္တဟူ၍မှည့်ပေ၏။ထိုသတ္တိသား နွားကျောင်းနိုင် သောအရွယ်သို့ရောက်လျှင် နွားထိန်းယောကျ်ားသည် နွားကိုကျောင်း စေသဖြင့်။ နွားကျောင်းသော စန္ဒဂုတ္တသည် နွားကျောင်း တရပ်၌ မင်း အဟာန်ပြု၍၊ တယောက်ကိုလည်း အိမ်ရှေ့မင်းအဟာန်ပြုစေ၍။ အမတ်၊ တရားသူကြီး၊ မင်းစေယောကျ်ားတို့၏အဟာန်ကိုလည်း ပြုစေ၍၊ ခိုးသူ ဆက်လာဟာန်၊ အပြစ်ကြီးငယ်ကို တရားသူကြီးကို စစ်ကြောစေဟာန် ပြုစေ၍။စစ်ကြောပြီးသော် အပြစ်အလျောက် ခြေလက်ကိုဖြတ်လေဟု စေ၍။ဖြတ်စရာပုဆိန်မရှိလျှောက်သော် ဆိတ်ချိုကိုအရိုးတပ်၍၊စန္ဒဂုတ္တ မင်းကြီးအာဏာဟုဆို၍ ဖြတ်စေ၏။ ခြေလက်ပြတ်ဟာန် ပြုပြီးသော်။

www.dhammaransi.com



စန္ဒဂုတ္တမင်းအာဏာ ဖြစ်မြဲတိုင်းဖြစ်ပြန်စေဟုဆို၍ ဖြစ်မြဲတိုင်းဖြစ်ဟန်ပြုရ၏။ ထိုသို့ပြု၍ ကစားကြစဉ်အခိုက် ဓာနက္ကပုဏ္ဏားနှင့် ကြံမိသဖြင့်မြင်လေသော် အံ့ဘွယ်သရဲဖြစ်၍။အသပြာတထောင်ပေးလျက်စန္ဒဂုတ္တကိုယူ၍၊ ကြန်အင်လက္ခဏာကိုကြည့်သော် မင်းဖြစ်အံ့သော ကြန်အင်လက္ခဏာနှင့်ပြည့်စုံသည်ကိုမြင်၍၊ ဗေဒင်သုံးပုံကိုလည်း တတ်အောင်သင်ပြီးလျှင်၊ အသပြာတထောင် အဘိုးထိုက်သော ရွှေလည်ရွဲကို တရတ်ကြိုးတပ်၍ လည့်၌ဆွဲစေ၏။ပဗ္ဗတသတို့သားအားလည်းထိုအတူဆင်စေ၏။ ထိုသူငယ်နှစ်ယောက်သည် ပုဏ္ဏားလက်တွင် ကြီး၏။ ထိုသတို့သားတို့ အိပ်မက်မြင်သည်ကိုကြားလျှင် ဆရာသည် ခတ်မဆိတ်နေ၏။ဓာနက္ကပုဏ္ဏားကား မိမိကျေးဇူးပညာအစွမ်းဖြင့် တသပြာထိုက်သောဥစ္စာကို တထောင်ထိုက်အောင်ပြု၍၊ ရဲမက်တို့ကို ဖြည့်တင်းစရာဥစ္စာကံကျွေးဆည်းပူးသည်ကား အကုဋေရှစ်ဆယ်ဖြစ်၏။ ထိုဥစ္စာကိုကောင်းစွာ မြှုပ်ထား၍၊ အခါတပါးသော် တောချုံတွင်း၌ အိပ်နေကြလေ၏။ဆရာလည်းပဗ္ဗတကိုနှိုး၍ အိမ်မှထုတ်သောသန်လျက်ကိုအပ်၍စန္ဒဂုတ္တအိပ်ပျော်စဉ်၊ကြိုးကိုလည်း မဖြတ်နှင့်၊ဖြေလည်း မဖြေနှင့်၊လည်ရွဲကို ရအောင်ယူချေဟု စေ၏။ သန်လျက်ကို ကိုင်၍ ပဗ္ဗတသွားလေသော်။မဖြေဘဲမဖြတ်ဘဲ လည်ရွဲကိုမရသော၍ မရနိုင်ဟုပြန်ခဲ့၏။ ဆရာလည်းတိတ်တိတ်နေ၏။ အခါတပါး ဤသို့ဝင်းနေပြန်ရာ၊စန္ဒဂုတ္တကိုနှိုး၍သန်လျက်ကိုအပ်၍။ ပဗ္ဗတအိပ်ပျော်စဉ်။ ကြိုးကိုမဖြတ်မဖြေဘဲ လည်ဝတ်တန်ဆာကိုရအောင်ယူချေဟု စေ၏။ စန္ဒဂုတ္တသည် သန်လျက်ကိုကိုင်၍သွားလေ၍၊ ကြိုးကိုမဖြတ်မဖြေနှင့်ဟူသော်။ ဦးခေါင်းကိုမဖြတ်ဘဲမရသောဟူ၍ ဦးခေါင်းကိုဖြတ်၍ လည်ဝတ်တန်ဆာကိုယူခဲ့၏။ဆရာပုဏ္ဏားလည်း လည်ဝတ်တန်ဆာကိုမြင်လျှင် တိတ်တိတ်နေ၏။ စန္ဒဂုတ္တသည် ဗေဒင်သုံးပုံလုံးကိုလည်း တတ်၏။ ကြီးမြင့်လတ်သော် အကြားအမြင် အတတ် အလိမ္မာနှင့်လည်း ပြည့်စုံ၏။ လုပ်ရည် ကြံရည်လည်းတတ်လှပြီးသော်။ မြှုပ်၍ထားသော အကုဋေ ရှစ်ဆယ်သော ဥစ္စာကိုကံကျွေးပြုလေသော်ဟု ဆောက်နှင်း၍။ ဓနနန္ဒမင်းကိုတိုက်ဖျက်၍ ပြည်ကိုရအောင်ယူ၍ မင်းပြုလေ။ မင်းဖြစ်သော်ကား ငါ့ကိုမမေ့လင့်ဟုဆို၍။ပြည်ထဲရေးကိုလုပ်ကြံခြင်း၌ အပေါင်းအဘော်ပြုခြင်းသည်အရေးမလှသော်ခဲခက်စွာ၏ဟုကြံ၍စန္ဒဂုတ္တမှခွါ၍အရပ်တပါးသို့သွားလေ၏။

www.dhammaransi.com



စန္ဒဂုတ္တလည်း အတတ်အလိမ္မာ အမြော်အမြင်နှင့် ပြည့်စုံပြီးသည်ဖြစ်သောကြောင့် ဆရာပေးသောဥစ္စာနှင့် ရဲမက်ဗိုလ်ပါရအောင်ဖြည့်တင်း၍။ များစွာသောရဲမက်ဗိုလ်ပါနှင့် မင်းနေပြည်သို့ဝင်၍ တိုက်လေ၏။ မင်းနေပြည်သို့ ဆိုက်အောင်ဝင်၍ တိုက်ချေသောကြောင့်။ အစွန်လက်နားနေသော သူတို့သည် အထောက်အထောက် တိုက်နှင့်ကြလေသဖြင့်ပျက်ချေ၏။ ဆုတ်၍နေရာမှ သူလျှိုလွှတ်၍ သတင်းသံကို နာစေသော်။ ရွာငယ်တချို့ ရေမုန့်သည်မသည် ရေမုန့်လုပ်သောအခါ။ သားငယ်အား စားစိမ့်သော၄ါ ပေး၏။ သားငယ်သည် မလိမ္မာသောအားဖြင့် အနားမှစ၍မစားမူ၍၊ အလယ်မှစ၍ စားချေသောကြောင့်။ ပူလှ၍ လက်မှလွှတ်၍ကျသဖြင့် အမိကိုတောင်းပြန်၏။ အမိလည်းပေးပြန်၏။ ထိုသို့ရင်းစား၍ကျပြန်သော် မဝသေးဟုတောင်းပြန်၏။ ပေးရဘန်များသဖြင့် အမိသည်။ငါ့သားမုန့်စားသည်မှာ စန္ဒဂုတ္တစစ်ထိုးသည်နှင့် တူ၏ဟုဆိုသော် သားငယ်သည်။ အမိ၊ ငါ့ကား အဘယ်သို့ပြုသနည်း။ စန္ဒဂုတ္တကား အဘယ်သို့ပြုသနည်းဟုမေး၍။ နင်မုန့်စားသည်ကား အနားမှစ၍စားသော်ကား စားရတော့မည်။ အလယ်မှစ၍ စားသောကြောင့် ပူလှ၍ လွှတ်ရသည်၊ မဝနိုင်။ စန္ဒဂုတ္တသည်လည်း အစွန်အနားကိုစ၍ မသိမ်းမူ၍ အလယ်ပြည်ကြီးကို လာ၍ တိုက်သည်၊ မရနိုင်။ နင်မုန့်စားသည်နှင့်တူ၏ဟု ဆိုသော်။ စကားနာခံသောသူလျှိုသည် ထိုမုန့်သည်မစကားကို ကြားသည့်အတိုင်း စန္ဒဂုတ္တအားပြန်ကြား၏။ စန္ဒဂုတ္တလည်း ဤမုန့်သည်မစကားသည် အရေးစင်စစ်မှန်၏ဟု နည်းကိုယူ၍ ကျေးစွန်ပြည်နားကိုစ၍ လုပ်ကြံသဖြင့် ရွာငယ်ရွာကြီးရသမျှကို လက်နက်ကိုင်ပြု၍ ပါဋလိပုတ်ပြည်ကိုလုပ်ကြံလျှင် အောင်၍ ဓနနန္ဒမင်းကို သတ်ပြီးလျှင်မင်းပြုလေ၏၊ ဇာနက္ကပုဏ္ဏားလည်း မင်းဖြစ်ပြီဟု ကြားလျှင် ငါ၏အကြံသည်အပြီးရောက်ပြီဟု စန္ဒဂုတ္တမင်းကိုပေါင်းပြန်၍ အစိုးအရင်ပြု၍။ စန္ဒဂုတ္တမင်းကို အဘိသိက်မသွန်းဦးဘဲ ဓနနန္ဒမင်း မြှုပ်၍ထားသောဥစ္စာကို တံငါတယောက်သာသိသည်ဖြစ်၍။ ဥစ္စာကိုရလိုသဖြင့် တံငါကိုမင်းပြုဟု ထီးဖြူဆောင်းစေ၏။တံငါလည်း ငါမင်းဖြစ်ပြီမှတ်၍ ဥစ္စာကိုဘော်၍ ယူစေ၏၊ ဥစ္စာအကုန်ရပြီးသော် တံငါကိုသတ်၍ စန္ဒဂုတ္တမင်းကို အဘိသိက်သွန်း၏။ အဇာတသတ်မင်းနှင့် အရှင်မဟာကဿပထားသော သာသနာတော်သက္ကရာဇ် ၁၆၃ ခုတွင်၊ စန္ဒဂုတ္တမင်း အဘိ

www.dhammaransi.com



သိက်သွန်းသဖြင့် မင်းပြု၏။ နန်းထက် ၂၄ နှစ်စံရ၏။ စန္ဒဂုတ္တမင်း လွန်သောနှစ်သည် သာသနာတော်သက္ကရာဇ် ၁၈၆ နှစ်ရှိ၏။ ။

စန္ဒဂုတ္တမင်းဖြစ်ပြီးသော်။ မလိုသောသူတို့ သေဆေးထည့်၍ မဖြစ်စိမ့်သောငှါ စားသောအစာဟူသမျှ အဆိပ်နှင့် တဆိတ်တဆိတ်ရော၍ စားစေ၏။ စန္ဒဂုတ္တမင်း၏မယား၊ မိဘုရားကား၊ မောရိယပြည်၌မင်းသမီးတည်း။ ထိုမိဘုရားသည် ရင့်ပြီးသော ကိုယ်ဝန်နှင့်တကွ မင်းကြီးစားတော်ခွက်တွင် အဆိပ်နှင့် ရောသော ထမင်းကို တလုပ်မျှယူ၍ ခံမိ၏။ ထွေးစေသော်လည်း။ မိဘုရားမှာအသက်မရှင်ချေပြီ၊ ဝမ်းထဲ၌ရှိသောသူငယ်မှအသက်ရှင်စေတော့ဟု မိဘုရားလည်ကိုဖြတ်၍ဝမ်းထဲမှသားငယ်ကိုထုတ်၍။ ဆိတ်မဝမ်းကိုဖေါက်၍ထည့်ထား၏။ အလှည့်အလှည့် ဆိတ်မဝမ်းကိုဖေါက်၍ ထည့်ထား၏။ ခုနစ်ရက်ပတ်လုံးထားပြီးမှဘွားစေ၏။ ဆိတ်မ ဝမ်းတွင် အဘန်များစွာ သွတ်သောကြောင့် အရေတို့သည် အပိမ့်ဖြစ်သည်ကိုအကြောင်းပြု၍ ထိုသူငယ်အား ဗိန္ဒုသာရဟူသောအမည်ကို မှည့်၏။ ထိုဗိန္ဒုသာရမင်းသား တဆဲ့ခြောက်နှစ်ရွယ်ရှိသောအခါ၌။ စန္ဒဂုတ္တမင်းစည်းစိမ် ၂၄ နှစ်ပြည့်၍လွန်လေ၏။ သာသနာတော် သက္ကရာဇ် ၁၈၆ နှစ်တွင် သားဗိန္ဒုသာရ မင်းပြု၏။ စန္ဒဂုတ္တမင်း၏အသေကောင်၌ ဇေဝကဗ္ဘာဘီလူးဝင်၍ မင်းကို အရှင်ကဲ့သို့ဖြစ်စေ၏။ သားစိမ်း ငါးစိမ်းစားလှင်သောကြောင့် ပုဏ္ဏားတို့ အခြင်းအရာကို စုံစမ်းလေသော် ဘီလူးဝင်၍နေသည်ကိုသိ၍။ ဗိန္ဒုသာရမင်းသားအား ခခည်းတော် မရှိပြီ။ ဘီလူးဝင်၍ ခခည်းတော် အယောင် ပြုသည်ဟု ကြားလျှောက်ကုန်၏။ ဗိန္ဒုသာရမင်းသား သိပြီးလျှင် ဘီလူးကိုသတ်ရအောင်ကြံ၍။ ဥပါယ်တမျဉ်ဖြင့်ကျွန်နှစ်ယောက်ကိုရွတ်ထည့်၍သန်လျက်ထားကို လုစေ၏။ ဆီးတားမနိုင် မင်းရှေ့သို့ ရောက်လေ၏။ ဗိန္ဒုသာရမင်းသားလည်း ဘီလူး၏အနီး၌ခစား၍နေနှင့်၏။ ဘီလူးလည်း မင်းကဲ့သို့ပင် သင်းတို့နှစ်ယောက်ရန်ကို ငြိမ်းအောင်ပြုချေဟု ဗိန္ဒုသာရမင်းသားကိုစေ၏၊ ဗိန္ဒုသာရမင်းသားလည်း သွား၍ဆိုပါသည်ကိုမနိုင်ဟု ပြန်၍လျှောက်၏၊ ဆို၍မနိုင်သော် သင်းတို့ကို သည်သို့ခေါ်ခဲ့ဟူ၍ ဘီလူးဆို၏၊ သင်းတို့လက်၌ လက်နက်ရှိသည်၊ မင်းပါးသို့မချဉ်းစေကောင်းဟူ၍ လျှောက်၏။ ချဉ်းလာစေဟု ဆိုသောကြောင့် ချဉ်းလာစေမှ၊ သင်းတို့လက်၌ထွေးကိုယူ၍။ ဤသန်လျက်ထားကြောင့် သင်းတို့နှစ်ယောက်အ

www.dhammaransi.com



ချင်းမျှားကြသည်ဟူ၍ သန်လျက်ထားကိုဘီလူးအားပြလိုသောအဟန် အပါးသို့ကပ်လာ၍ လည်ကိုလှီးဖြတ်၏။ လည်ပြတ်၍ဘီလူးသေလေ၏။ ဘီလူးသေလေလျှင်။ စန္ဒဂုတ္တမင်း၏အကောင်ကိုဖုတ်ကြည်းသင်္ဂြိုဟ်ရ၏။ ထိုနောင်မှ ဗိန္ဒုသာရမင့်းအဘိသိက်ခံ၍မင်းပြု၏။ မင်းပြုသောနှစ်ကား သက္ကရာဇ် ၁၈၆ ခုတည်း။ ။

သာသနာတော်သက္ကရာဇ် ၁၀၀ ခုတွင် ကာလာသောကမင်းလွန်၏။ အဘလွန်လျှင် ဘဒ္ဒသေနအစရှိသောညီနောင်တကျိပ်တို့ အစဉ်အတိုင်းမင်းပြုသည် ၂၂ နှစ်ကြာ၏။ သက္ကရာဇ် ၁၄၀ ပြည့်တွင် ပဉ္စမက မင်းလွန်၏။နောက်ဥဂ္ဂသေနနန္ဒစသော နန္ဒကိုးယောက်တို့ အစဉ်အတိုင်း မင်းပြုကြသည် ၂၂ နှစ်ကြာ၏။ ကိုးယောက်တွင်အဆုံးဖြစ်သောဓနနန္ဒ မင်းကား။ သာသနာတော်သက္ကရာဇ် ၁၆၂ ခုတွင် လွန်၏။ သက္ကရာဇ် ၁၆၃ ခုမှစ၍စန္ဒဂုတ္တမင်းပြု၏။စန္ဒဂုတ္တသည် ဓာနက္ကပုဏ္ဏားကြောင့်မင်း အဖြစ်ကိုရသဖြင့် ပုဏ္ဏားတို့ကိုကြည်ညိုလေရကား ခြောက်သောင်းမျှ သောပုဏ္ဏားတို့အား နန်းတွင်း၌မဏ္ဍပ်ကြီးစွာဆောက်၍မပြတ်လျှင်ထ မင်းကျွေးသတည်း။စန္ဒဂုတ္တ ၂၄ နှစ်နန်းထက်နေ၍။သက္ကရာဇ် ၁၈၆ ခု တွင်လွန်၏။စန္ဒဂုတ္တသား၊ဗိန္ဒုသာရကား။၁၈၆ ခုမှစ၍မင်းပြု၏။ ။

## ၆၄။ ဒုတိယသင်္ဂါယနာတင်ရဟန္တာမထေရ်ကြီး တို့မှဆင်းသက်၍၊ရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်တိုင်၊ သာသနာဝင်အစဉ်အဆက်ကိုပြရာ။

စန္ဒဂုတ္တမင်းပြု၍ ၂ နှစ်မြောက်သော သက္ကရာဇ် ၁၆၄ ခုတွင်။ တိဿ ဗြဟ္မာသည်ဗြဟ္မာ့ပြည်မှစုတေခဲ့၍ ပါဋလိပုတ်ပြည်၌မောဂ္ဂလိပုဏ္ဏေး မ၏ဝမ်း၌ ပဋိသန္ဓေယူ၏။ ဆယ်လစေ့လျှင် ဘွား၏။ ထိုသူငယ်အား တိဿဟူ၍အမည်မှည့်ကုန်၏။ပဋိသန္ဓေယူသည့်နေ့မှစ၍။အရှင်သိဂ္ဂဝ မထေရ်သည် ပုဏ္ဏား၏အိမ်သို့ ဆွမ်းရပ်ကြွတော်မူ၏။ တနေ့မျှလည်း တဟောင်းချိုသော ယာဂုကိုရင်း။ တယောက်မျှသောဆွမ်းကိုရင်း မရ မူ၍ ခုနစ်နှစ်ကြာ၏။ခုနစ်နှစ်လွန်သဖြင့် တနေ့သ၌ ကန်တော့ပါ၏အရှင် ဘုရားဟု ပုဏ္ဏေးမဆိုသောစကားမျှကိုရ၏။ ထိုနေ့၌ ပုဏ္ဏားသည် အ ရပ်တပါးတွင် တစုံတခုသောကိစ္စကိုပြု၍ ပြန်လာသော် အရှင်သိဂ္ဂဝ

www.dhammaransi.com



ကို ခရီးရင်ဆိုင်တွေ့၍။ အရှင်ရဟန်း၊ ငါတို့အိမ်သို့ရောက်ခဲ့၏လောဟု မေး၍။ ပုဏ္ဏား၊ ရောက်ခဲ့၏ဟုဆိုသော်။ တစုံတခုကိုရခဲ့၏လောဟုမေး ပြန်၍၊ ရခဲ့၏ပုဏ္ဏားဟူ၍ဆို၏။ ပုဏ္ဏားသည်အိမ်သို့သွား၍ ရဟန်းအား တစုံတခုကိုလှူလိုက်၏လောဟုမေး၍ မလှူလိုက်ဟု ပုဏ္ဏေးမဆိုသော်။ ပုဏ္ဏားသည် နှစ်ရက်မြောက်သောနေ့၌၊ မထေရ်ကို မုသာဝါဒဖြင့်နှိပ် အံ့ဟုကြံ၍ အိမ်တံခါးဝ၌နေနှင့်၏။ မထေရ်သည် ဆွမ်းခံကြွ၍ ပုဏ္ဏား အိမ်သို့ရောက်သော်။ ပုဏ္ဏားသည် မထေရ်ကို၊သင်သည် ယမန်နေ့က ငါတို့အိမ်၌ တစုံတခုမျှ မရဘဲလျက် ရ၏ဟူ၍ ဆိုဘိ၏၊ သင်တို့အား မုသာဝါဒသည် အပ်သလောဟူ၍ဆို၏။ ပုဏ္ဏား၊ငါသည်သင်တို့အိမ်၌ ဆွမ်းရပ်သည် ခုနစ်နှစ်ရှိပြီ။ကန်တော့ပါ၏ဟူသောစကားကိုမျှမရဘူး ပါ။ ယမန်နေ့တွင် ကန်တော့ပါ၏ဟူသောစကားမျှကိုရ၏။ ထိုကြောင့် ငါတို့သည် ပဋိသန္ထာရကိုစွဲ၍ရ၏ဆိုသည်ဟုမထေရ်မိန့်တော်မူသော်။ ဤရဟန်းတို့သည် ပဋိသန္ထာရမျှကိုရ၍လည်း ရ၏ဟုချီးမွမ်းကုန်သေး ၏။ တစုံတခုသောခဲဘွယ်ဘောဇဉ်ကိုရမူကား အဘယ့်ကြောင့် မချီး မွမ်းကုန်လတ္တံ့နည်းဟု ကြည်ညို၍။ မိမိ၏အလို့ငှါစီရင်အပ်သောအိုးမှ တယောက်မျှသောဆွမ်းကိုရင်း၊ ထိုဆွမ်းနှင့်လျော်ရုံသော ဟင်းလျာ ကိုရင်းလှူစေ၍။ ဤမျှသောဆွမ်းကို အခါခပ်သိမ်း သင်တို့သည်ရကုန် လတ္တံ့ဟု လျှောက်၏။ ပုဏ္ဏားသည် ထိုညဥ့် မိုးသောက်သောနေ့မှစ၍ ကပ်လာသောမထေရ်အားငြိမ်သက်ခြင်းကိုမြင်၍၊အတိုင်းထက်အလွန် ကြည်ညို၍၊ အခါခပ်သိမ်း အိမ်တွင်း၌ ဆွမ်းစားခြင်းကိုပြုစိမ့်သောငှါ မထေရ်အား တောင်းပန်၏။ မထေရ်သည် ဝန်ခံ၍ နေ့တိုင်း နေ့တိုင်း ဆွမ်းစားခြင်းကို ပြု၍၊ သွားအံ့သောအခါ မထေရ်သည် အနည်းငယ် အနည်းငယ်သော ဘုရားစကားကို ဟော၍ သွား၏။ ။ထိုတိဿလု လင်လည်း ၁၆ နှစ်ရွယ်ရှိသောအခါ၌သာလျှင် ဗေဒင်သုံးပုံတို့၌ အပြီး ရောက်၏။ ဗြဟ္မာ့ပြည်မှလာသော စင်ကြယ်သောသူဖြစ်သောကြောင့် ထိုတိဿ၏ နေရာ၌ရင်း အိပ်ရာ၌ရင်း နေရသောသူမည်သည်မရှိ။ ထို လုလင်သည် အကြင်အခါ၌ ဆရာ့အိမ်သို့သွား၏။ ထိုအခါ၌ လုလင်၏ ညောင်စောင်းအင်းပျဉ်ကိုဖြူသောပုဆိုးဖြင့်ဖုံးလွှမ်း၍ ဆွဲထားရကုန်၏။ မထေရ်သည် ယခုအခါ၌ လုလင်ကို သာမဏေရဟန်းပြုခါတန်ပြီ။ဤ အိမ်သို့ကပ်ရသောငါ၏အားလည်း ကြာမြင့်ပြီ။တရံတခါမျှလည်း လုလင်

နှင့် စကားပြောပြောခြင်းသည် မဖြစ်။ ယခုအခါ၌ ဤအကြောင်းဖြင့် ပလ္လင်ကိုမှီ၍စကားသည်ဖြစ်လတ္တံ့ဟုကြံ၍၊ အကြင်အခြင်းဖြင့် ထိုအိမ်၌ လုလင်၏နေရာပလ္လင်ကိုထား၍ တပါးသောနေရာကိုမမြင်။ ထိုအခြင်းဖြင့်မိဿာန်၍ဆွမ်းခံကြွလေ၏။ မိဿာန်တိုင်းဖြစ်ရကား။ ပုဏ္ဏား၏အိမ်၌အလုပ်အကျွေးဖြစ်သောသူတို့သည်မထေရ်ကိုမြင်လေလျှင် တိဿလုလင်၏နေရာအင်းပျဉ်ကိုထား၍ တပါးသောနေရာကိုမမြင်သဖြင့် လုလင်၏ပလ္လင်ကိုခင်း၍ပေး၏။ မထေရ်သည်ပလ္လင်၌နေဘိ၏။ တိဿလုလင်သည်လည်း ထိုခဏ၌လျှင် ဆရာ့အိမ်မှလာ၍ မိမိပလ္လင်၌နေသောမထေရ်ကိုမြင်လျှင် အမျက်ထွက်သဖြင့်၊ ငါ၏ပလ္လင်ကိုအဘယ်သူခင်းသနည်းဟုဆို၏။ မထေရ်လည်းဆွမ်းစားခြင်းကိုပြုပြီး၍လုလင့်၏ကြမ်းထမ်းသောအဖြစ်ကိုငြိမ်းစေပြီးသော်။ အသို့နည်းလုလင်၊သင်သည်တစုံတခုသောဗေဒင်ကိုတတ်ပါပြီလောဟုမေး၏။ အိုရဟန်း၊ယခုအခါ၌ဗေဒင်ကိုငါမတတ်သည်ရှိသော် ငါမှတပါး အဘယ်သူသည် တတ်လတ္တံ့နည်းဟုလုလင်ဆို၍။ အရှင်ရဟန်းတို့သည်ကား ဗေဒင်ကိုတတ်ကုန်၏လောဟုမထေရ်ကိုမေးပြန်၏။ လုလင်၊မေး၍စမ်းမူ သိအံ့သောငှါတတ်ကောင်း၏ဟုမထေရ်ဆို၏။ လုလင်သည် နိဃဏ္ဍုကျမ်း၊ ကေဋုဘကျမ်း၊သဒ္ဒါကျမ်းတို့နှင့် တကွ ဣတိဟာသကျမ်းလျှင် ငါးခုမြောက်ကုန်သော ဗေဒင်သုံးပုံတို့၌၊ မိမိသည်၎င်း၊ မိမိ၏ဆရာသည်၎င်း၊ မသိမမြင်နိုင်သောခဲခက်သောအရာတို့ကိုမထေရ်အားမေး၏။မထေရ်သည် ပြကတေ့သဘောအားဖြင့်လည်း ဗေဒင်သုံးပုံကိုကမ်းတဘက်ရောက်တတ်မြောက်၏။ယခုအခါ၌ကား ပဋိသမ္ဘိဒါပတ္တရဟန္တာတည်း။ထိုကြောင့်မထေရ်အား ထိုပြဿနာကိုဖြေဆိုခြင်းငှါဝန်မလေးသဖြင့်။ထိုမေးသောခဏ၌လျှင် မေးတိုင်းမေးတိုင်းဖြေ၍၊ လုလင်ကို။ လုလင်၊သင်သည် ငါ့ကိုများစွာမေးအပ်ပြီ။ ယခုအခါ ငါသည် တခုသောပြဿနာကို သင့်အားမေးပါအံ့။ ဖြေနိုင်လတ္တံ့လောဟု မထေရ်သည်ဆို၏။ အိုရဟန်း၊ မေးလော့၊ ငါဖြေအံ့ဟူ၍လုလင်ဆိုသော်၊အရှင်သိဂ္ဂဝမထေရ်သည်၊စိတ္တယမိုက်၌၊ ရဟန္တာ၏စုတိစိတ် ဥပ္ပါဒက္ခဏကိုရည်၍ မြတ်စွာဘုရား ဟောတော်မူသော၊ ။ယဿစိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ၊ တဿစိတ္တံ နိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿတီတိ။ဟူသော်အနုလောမပုစ္ဆာကိုရင်း။ ။ယဿဝါပနစိတ္တံ နိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿတိ၊ တဿစိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတီတိ။ ။ဟူ

www.dhammaransi.com



သော ပဍိုလောမပုစ္ဆာကိုရင်း။ ယူ၍၊ ဇာလင်၊အကြင်ပုဂ္ဂိုလ်အား စိတ်သည် ဖြစ်ဆဲဟုတ်၏။ ချုပ်ဆဲမဟုတ်။ ထိုပုဂ္ဂိုလ်အား စိတ်သည် ချုပ်လတ္တံ့လော။ မဖြစ်လတ္တံ့လော။ အနုလုံအမေး။ ။အကြင်ပုဂ္ဂိုလ်အား စိတ်သည် ချုပ်လတ္တံ့။ မဖြစ်လတ္တံ့။ ထိုပုဂ္ဂိုလ်အား စိတ်သည် ဖြစ်ဆဲလော။ချုပ်ဆဲမဟုတ်လော။ပဍိုလုံအမေး။ ။ဤအမေးနှစ်ပါးကိုမထေရ်ကမေးသော်။လုလင်သည်အထက်ကိုရင်း၊အောက်ကိုရင်း၊အောက်မေ့ခြင်းငှါ မတတ်နိုင်သည်ဖြစ်၍။ အရှင်ရဟန်း၊ ဤဗေဒင်သည် အဘယ်မည်သောဗေဒင်နည်းဟုမေး၏။ ဗုဒ္ဓမန္တ၊ ဘုရား့ဗေဒင်မည်၏ လုလင်ဟူ၍မထေရ်ကဆိုသော်။ အရှင်ရဟန်း၊ငါ့အားလည်း ဤဗေဒင်ကိုပေးအံ့သောငှါ တတ်နိုင်ပါအံ့သောဟူ၍ မေး၏။ ငါတို့သည် ယူအပ်သော ရဟန်း၏အဖြစ်ကို ယူသောသူအား ပေးခြင်းငှါ တတ်နိုင်၏ဟူ၍ မိန့်တော်မူ၏။ထိုနောင်မှလုလင်သည် အမိအဘတို့သို့ကပ်၍။အိုအမိအဘတို့၊ဤရဟန်းသည် ဗုဒ္ဓဗေဒင်ကိုတတ်၏။မိမိအထံ၌ ရဟန်းမပြုသောသူတို့အားလည်းမပေး။ငါသည် ထိုရဟန်း၏အထံ၌ရဟန်းပြု၍ ဗေဒင်ကိုသင်အံ့ဟူ၍ခွင့်တောင်း၏။ထိုအခါ၌အမိအဘတို့သည်ငါတို့၏သားသည် ရဟန်းပြု၍သင်စေတော့၊ သင်ပြီးလျှင် တဘန်လာပြန်လတ္တံ့ဟုမှတ်၍ သင်ချေတော့ချစ်သားဟုခွင့်လွှတ်ကုန်၏။ မထေရ်သည် တိဿလုလင်ကို ရဟန်းပြု၍။ ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို ရှေးဦးစွာသင်၏။ ထိုတိဿသာမဏေသည်ဒွတ္တိံသာကာရကမ္မဋ္ဌာန်း၌ပရိကံကိုပြုသော် မကြာမြင့်မီသောတာပတ္တိဖိုလ်၌တည်လေ၏။ ။

ထိုနောင်မှမထေရ်သည်ဖြဲ့ပြန်၏။ သာမဏေသည် သောတာပတ္တိဖိုလ်၌တည်ပြီ၊ သာသနာတော်မှ ပြန်နစ်အံ့သောငှါမထိုက်ပြီ။ အကယ်၍ကား ငါသည် သာမဏေအား ကမ္မဋ္ဌာန်းကို ပွါးစေလော့ဟု ဆိုအံ့။ ရဟန္တာအဖြစ်သို့ရောက်သဖြင့် မြတ်စွာဘုရားစကားတော်ကိုသင်ခြင်းငှါလုံ့လမပြုသည်ဖြစ်ရာ၏။ယခုအခါ၌ သာမဏေကို စဏ္ဍဝဇ္ဇိမထေရ်၏အထံသို့ စေလွှတ်အံ့သောငှါ အခါတန်ပြီဟုကြံ၍။ သာမဏေ၊ သင်လာလှည့်။ မထေရ်၏အထံသို့သွား၍ ဘုရားစကားတော်ကိုသင်ချေ၊ ငါ၏စကားဖြင့် အနာမရှိသောအဖြစ်ကိုမေးလေ။ အရှင်ဘုရား၊ အကျွန်ုပ်ကိုဥပဇ္ဈာယ်ဆရာသည် အရှင်ဘုရား၏အထံသို့စေလွှတ်လိုက်၏။ဤသို့လည်းဆိုလေဟု မှာ၍။ သင်၏ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည်ရှိ

www.dhammaransi.com



သနည်းဟုမေးသော်။အရှင်ဘုရား၊သိဂ္ဂဝမထေရ်အမည်ရှိ၏ဟုလျှောက်ရာ၏။ငါသည် အဘယ်အမည်ရှိသနည်းဟူ၍ မထေရ်မေးသော်။အရှင်ဘုရား၊ အရှင်ဘုရားတို့၏အမည်ကို အကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာသည် သိပါ၏ဟုဆိုလေဟုမိန့်တော်မူသော်။ ကောင်းပြီအရှင်ဘုရားဟုဝန်ခံ၍။ မထေရ်ကိုရှိခိုး၍ လက်ျာရစ်လှည့်၍သွားလေ၏။အစဉ်သဖြင့် စဏ္ဍဝဇ္ဇီမထေရ်၏အထံသို့ရောက်၍မထေရ်ကိုရှိခိုး၍တင့်အပ်ရာ၌နေ၏။မထေရ်သည် သာမဏေကို။ သင်သည် အဘယ်အရပ်မှလာသနည်းဟုမေး၏။ ဥပဇ္ဈာယ်ဆရာသည် အရှင်ဘုရားတို့အထံသို့ စေလိုက်၏ဟုလျှောက်သော်။သင်၏ဥပဇ္ဈာယ်သည် အဘယ်အမည်ရှိသနည်းစသည်ကိုမေးသဖြင့်။ ဆရာမှာလိုက်တိုင်းသောအခြင်းအရာဖြင့် လျှောက်၍။ သပိတ်သက်နန်းကိုသိမ်းလော့ဟု မိန့်တော်မူသော်။ ကောင်းပြီအရှင်ဘုရားဟုသိမ်း၍။ မိုးသောက်သောနေ့၌ ပရိဝုဏ်ကိုတံမြက်လှည်း၍၊ မျက်သစ်ရေဒန်ပူကိုကပ်၏။ မထေရ်သည် သာမဏေတံမြက်လှည်းရာသို့ထပ်၍လှည်း၏။မျက်သစ်ရေဒန်ပူကိုစွန့်၍ တပါးသောရေဒန်ပူကိုယူ၏။ဤသို့ ခုနစ်ရက်ပတ်လုံးပြု၍။ ခုနစ်ရက်မြောက်သောနေ့၌ တဘန်မေးပြန်၏။ သာမဏေလည်း ရှေးကလျှောက်မြဲတိုင်းကိုလျှောက်၏။ မထေရ်သည် ဤသာမဏေသည် ငါတို့တောင်းပန်သော တိဿဖြဟ္မာပင်တည်းဟုသိ၍။ အဘယ်အလို့ငှါလာသနည်းဟုမေးသော်။ ဘုရားသခင်၏စကားတော်ကိုသင်ခြင်းငှါ လာပါသည်ဟုလျှောက်၍၊ သင်လော့သာမဏေဟု မထေရ်သည်ခွင့်ပေး၍။ မိုးသောက်သောနေ့မှစ၍ မြတ်စွာဘုရားစကားတော်ကိုသင်စေ၏။ တိဿသည် သာမဏေအဖြစ်ဖြင့် ဝိနည်းပိဋကတ်ကိုထား၍ အလုံးစုံသော မြတ်စွာဘုရားစကားတော်ကို သုံးနှစ်သင်၍ တတ်၏။ အဋ္ဌကထာနှင့်တကွသင်၏။ အသက်နှစ်ဆယ်ပြည့်၍ ပဉ္စင်းခံသောအခါ၌ ဝိနည်းပိဋကတ်သုံးပုံကိုဆောင်သည်ဖြစ်၏။ ပဉ္စင်းဖြစ်သောအခါ၌ မောဂ္ဂလိပုဏ္ဏေးမ၏ သားဖြစ်သည်ကိုစွဲ၍။ မောဂ္ဂလိပုတ္တတိဿဟူ၍ အမည်ကိုသမုတ်၏။အရှင်သိဂ္ဂဝ၊အရှင်စဏ္ဍဝဇ္ဇီမထေရ်တို့သည် အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်၏ နှလုံးတည်းဟူသောလက်၌ အလုံးစုံသော မြတ်စွာဘုရားစကားတော်ကို ထား၍။ အသက်အတိုင်း တည်၍ ပရိနိဗ္ဗာန်စံလေကုန်၏။ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည်လည်းနောက်အခါ၌ကမ္မဋ္ဌာန်းကိုပွါးစေ၍၊ရဟန္တာ

www.dhammaransi.com



အဖြစ်သို့ရောက်၍၊များစွာသောရဟန်းတို့အား၊သုတ်၊အဘိဓမ္မာ၊ဝိနည်း ကိုသင်စေ၏။ ။သာသနာတော်သက္ကရာဇ် ၁၀၄ ခုတွင်ပဋ္ဌင်းဖြစ်၏။

---

## ၉၅။ စန္ဒဂုတ္တမင်းမှသီရိဓမ္မာသောကမင်းတိုင်၊ပါဋလိပုတ်ပြည်ရာဇဝင်အစဉ်အဆက်ကိုပြရာ။

၁၀၆ ခုတွင်စန္ဒဂုတ္တမင်းလွန်၍။ထိုသက္ကရာဇ်တွင်ပင်စန္ဒဂုတ္တမင်း၏ သား၊ ဗိန္ဒုသာရမင်း မင်းပြု၏။ ဗိန္ဒုသာရမင်းသည် အဘစန္ဒဂုတ္တမင်း၏ ပုဏ္ဏားခြောက်သောင်းတို့အား ထမင်းကျွေးသောအစဉ်ကိုမဖျက်မူ၍ ထမင်းကျွေး၏။ ဗိန္ဒုသာရမင်း၏ မိဘုရားကား၊ မောရိယပြည်၌ သကျဝင်မင်း၏သမီးတည်း။ဓမ္မာအမည်ရှိ၏။ထိုဗိန္ဒုသာရမင်းကြီးအားတရာ့ တယောက်သောသားတို့သည်ဖြစ်ကုန်၏။ထိုသားတို့တွင် အသောက မင်းသားနှင့် တိဿမင်းသားကား ဓမ္မာမိဘုရား၏ သားတည်း။ ထိုနှစ် ယောက်တို့တွင်အကြီးဖြစ်သောအသောကမင်းသားပဋိသန္ဓေနေသော အခါ၌ ဓမ္မာမိဘုရားအား ငါးပါးသောချင်ခြင်းတို့သည်ဖြစ်ကုန်၏။ ငါး ပါးတို့ဟူသည်ကား။( ၁ )နေကိုခြေတဘက်၊လကိုခြေတဘက်နင်းချင် သည်။ ( ၂ )ကောင်းကင်၌ ကြယ်များကိုစားချင်သည်။ ( ၃ )ကောင်း ကင်၌ တိမ်တိုက်တို့ကိုစားချင်သည်။ ( ၄ )မြေကြီး၌ တီကျစ်စာတို့ကို စားချင်သည်။ ( ၅ )သစ်ပင်များ၌ သစ်ရွက် သစ်သီးတို့ကို စားချင် သည်။ဤသည်လျှင် ချင်ခြင်းငါးပါးတို့တည်း။ဤသို့သောချင်ခြင်းငါးပါး ဖြစ်သည်ကို မိဘုရားသည် မင်းကြီးအား ကြားပေ၏။ မင်းကြီးလည်း မိဘုရားအား ချင်ခြင်းကို ငြိမ်းစေပြီး၍။ ချင်ခြင်းငါးပါးကို ဆရာဇရဏ္ဏာ ဇိဝကအားကြား၏။ ဇရဏ္ဏာဇိဝကလည်း ပညာအဆင်အခြင်နှင့်ပြည့် စုံသဖြင့် ထိုအကြောင်းကို နိမိတ်ဘတ်၍ မင်းကြီးအား ဤသို့ကြား၏။ မိဘုရား၌ရှိသော ပဋိသန္ဓေသည် သားယောကျ်ားဘွားလတ္တံ့။ နေကို ခြေတဘက်၊ လကိုခြေတဘက်နင်းချင်သည့်အလိုကား။ ဇမ္ဗူဒိပါကျွန်း အလုံးကို အစိုးရသော မင်းဖြစ်လတ္တံ့။ ကြယ်ကို စားချင်သည့် အလို ကား။ တဘသားချင်း မင်းသားညီနောင် အပေါင်းတို့ကို သတ်လတ္တံ့။ တိမ်တိုက်တို့ကို စားချင်သည့်အလိုကား။ သာသနာတော်၏ အညစ်အ ကြေးဖြစ်သောမိစ္ဆာဒိဋ္ဌိအယူကို ပယ်ဖျောက်နိုင်လတ္တံ့။ တီကျစ်စာတို့

www.dhammaransi.com



ကိုစားချင်သည့်အလိုကား မင်းဖြစ်သောအခါ အောက်ကို တယူဇနာ ဖိုင်လတ္တံ့။ သစ်ပင်ဖျားၣ် သစ်ရွက် သစ်သီးတို့ကို စားချင်သည့်အလိုကား။ ကောင်းကင်ထက်သို့လည်း တယူဇနာဖိုင်လတ္တံ့။ ဤသို့ နိမိတ်စကားကိုကြားပေ၏။ ထိုစကားကိုမိဘုရားကြားလျှင် ရွှေပေၣ်အက္ခရာရေး၍ထား၏။ ဆရာဆိုတိုင်း မင်းဖြစ်သောအခါ။ ဆရာရှိရာရှာ၍ ရွှေထမ်းစင်ဖြင့်ဆရာ့ကိုထမ်းလာစေအံ့၊ များစွာသောပူဇော်သက္ကာရကို ပြုအံ့ဟု ဆို၏။ ။သက္ကရာဇ် ၁၈၈ ခုတွင်။ အသောကမင်းသားဆယ်လပဒိုသန္ဓေနေ၍ဘွား၏။ ဘွား၍တလရှိပြီးသော် အသောကမင်းသားကို။ ဗိန္ဒုသာရမင်းကြီးသည် တင်ပြင်ထက်ၣ် တင်ထား၍ အမတ် အပေါင်းခြံရံလျက်နေ၏။ထိုရောအခါသတို့သားသည်ခမည်းတော်လက်ၣ်ရှိသော ခရုသင်းလက်ျာရစ်ထက် ကျင်ငယ်စွန့်၏။ ခမည်းတော်သည် ခရုသင်းၣ်ရှိသောကျင်ငယ်ရည်ကို သတို့သား၏ဦးထိပ်ၣ်သွန်း၏။ ထိုအကြောင်းကို ဇရဏာဇိဝကတက္ကတွန်းဆရာမြင်လျှင်၊ သားတော်ကို ယခုအခါၣ်ပင်အဘိသိက်သွန်းသည်မည်၏။မချွတ်လျှင် ဇမ္ဗူဒီပါကျွန်း အလုံးကိုအစိုးရသော မင်း၏ အဘိသိက်ကိုခံလတ္တံ့ဟုဆို၏။ ဇရဏာဇိဝကသည်လည်း ဤမျှသောစကားကိုဆို၍၊ ငါဆိုတိုင်း ဤမင်းသား မင်းဖြစ်သောအခါ ငါ့ကိုရှာ၍ ထမ်းစင်ဖြင့် ထမ်းလာလတ်မည်ဟု ပါဋလိပုတ်မြို့မှ ယူဇနာ တရာခြားသောအရပ်သို့ သွား၍ နေလေ၏။ ဓမ္မာမိဘုရားလည်း၊နောက်သားတော်တယောက်ဘွားပြန်၏။ထိုသတို့သားအား တိဿဟူသောအမည်ကိုမှည့်ကုန်၏။ အသောကမင်းသား တဆဲ့ခြောက်နှစ် အရွယ်ရှိသောအခါၣ် သက္ကရာဇ် ၂၀၃ ခုတွင်။ ဗိန္ဒုသာရမင်းကြီးသည် အသောကမင်းသားအား ဥဇ္ဇေနီပြည်ကိုစားကြေးပေး၏။အမြင့်မြို့ကိုပင် ဥဇ္ဇေနီဟူ၏။အသောကမင်းသားသည် မိမိစားရသောမြို့သို့တက်လေသောအခါၣ်။ ဘုရားကိုယ်တော် ထင်ရှားရှိစဉ် ဝိဋူဍူပဘေးကြောင့် ကပိလဝတ်ပြည်မှထွက်၍ အသက်လွတ်ရာရှာကုန်လျက် ပါဋလိပုတ်ပြည်မှ ယူဇနာ ၅၀ ခြားသော၊ အရှေ့အရပ်၊ ဝေဒိယကတောင်ကိုမှီလျက်၊သစ်ခက်မြို့တည်၍ နေကုန်သော သာကီဝင်မင်းတို့၏ ဝေဒိယကမြို့သို့ရောက်၍၊ ထိုမြို့ၣ် ဒေဝသူဌေးအိမ်ၣ်တဲနေသော်၊ထိုသူဌေးသမီး၊အံသန္ဒိမိတ္တာ၏အင်္ဂါကြီးငယ်လက္ခဏာနှင့်ပြည့်စုံခြင်းကို မြင်၍။ ကြည်ညိုလေးမြတ်သဖြင့် မိဘတို့အား ခွင့်တောင်း

www.dhammaransi.com



လျက်၊ ဥဇ္ဇေနီပြည်သို့ဆောင်ယူ၍ မိဘုရားမြှောက်ပြီးလျှင်၊ ဥဇ္ဇေနီပြည်ကို ပိုင်စားမင်းပြု၍ နေ၏။ ထိုဥဇ္ဇေနီသို့ ရောက်သောနှစ်။ သက္ကရာဇ် ၂၀၃ ခုတွင်ပင်၊ သားယောကျ်ားဘွား၏။ မဟိန္ဒဟူသော အမည်ကို မှည့်၏။သက္ကရာဇ် ၂၀၅ ခုရောက်သောအခါ သမီးသင်္ဃမိတ္တာကိုဘွား၏၊ အသောကမင်းသား ဥဇ္ဇေနီပြည်ကိုမင်းပြု၍ ကိုးနှစ်ဆယ်နှစ်မျှကြာသောအခါ၌။ ခမည်းတော် ဗိန္ဒုသာရမင်း မကျန်းမာကြောင်းကိုကြား၍၊ ဥဇ္ဇေနီမြို့ကိုစွန့်ခဲ့၍။ မိဘုရားသားသမီးတို့နှင့်တကွလာခဲ့သော် ဝေဒိယကမြို့သို့ရောက်၍။မိဘတို့၏အထံ၌သားသမီးတို့နှင့်တကွမိဘုရားကို ထားခဲ့၍၊ လျှင်မြန်စွာလာ၍။ ပါဋလိပုတ်ပြည်သို့ ရောက်လျှင် ခမည်းတော်အားလုပ်ကျွေးစောင့်မ၏။ ဗိန္ဒုသာရမင်းသည် ထိုအနာမှမထွက်မြောက်နိုင်ဖြစ်၍။ သာသနာတော်သက္ကရာဇ် ၂၁၄ ခုတွင်လွန်၏။ ဗိန္ဒုသာရမင်း ၁၈ ခုမှစ၍ မင်းပြုသည်။ နန်းထက် ၂၀ နှစ်နေ၍ ၂၁၄ ခုနှစ်တွင်လွန်၏။အသောကမင်းသားသည် အဘလွန်သျှင် လွန်သည့်နှစ် ၂၁၄ ခုနှစ်တွင်မင်းပြု၏။အသောကမင်းသားပါဋလိပုတ်ပြည်ကိုမင်းပြုသည်ကြားလျှင်၊ တမိဘွား၊ နောင်တော်အကြီး သုမနမင်းသားသည်၊ အသောကမင်း၏ ညီရင်း တိဿမှတပါး၊ ကိုးကျိပ်ရှစ်ယောက်သော ညီတို့ဖြင့်ခြံရံလျက်။အသောကမင်းကိုစစ်ပြု၏။ အသောကမင်းထွက်၍ တိုက်သော် အောင်၍ နောင်တော်သုမနမင်းကို ဘမ်း၍ သတ်လေ၏။ ထိုသုမနမင်းသားကို ဘမ်းမိ၍ သတ်လေလျှင်၊ ညီတော် ကိုးကျိပ်ရှစ်ယောက်တို့သည် ထွက်ပြေးလေကုန်၏။ ။အသောကမင်းသည် ထိုမင်းပြုသည့်နှစ်မှစ၍၊ ညီရင်းတိဿမင်းသားကို ထား၍၊ ညီနောင်မင်းသား ကိုးကျိပ် ကိုးယောက်တို့ကို လိုက်လံ ရှာဖွေ သတ်ဖြတ်လျက် လေးနှစ်တိုင်တိုင်အဘိသိက်မသွန်းဘဲမင်းပြု၏။ မင်းပြု၍ ငါးနှစ်မြောက်သော်၊ သာသနာတော်သက္ကရာဇ် ၂၁၈ နှစ်၊ ကဆုန်လတွင်၊ ဇမ္ဗူဒီပါကျွန်း၌ ဧကရာဇ်အဖြစ်ဖြင့် အဘိသိက်သွန်း၏။ ဓမ္မာမိဘုရား၏သားဖြစ်သည်ကို အကြောင်းပြု၍၊ ဓမ္မာသောကဟူသော အမည်ကိုလည်းခံ၏။ ဇမ္ဗူဒီပါကျွန်းအလုံးကို အစိုးရသောမင်းဖြစ်၏။ မြေအောက်သို့လည်း တယူဇနာတိုင်တိုင်ပိုင်၏။ ကောင်းကင်ထက်သို့လည်း တယူဇနာတိုင်တိုင်ပိုင်၏။ အနဝတတ်အိုင်မှရေတို့ကို ၁၆ ငုံးသောအိုးတို့၌ ပြည့်စေ၍၊ ရှစ်စင်းသောထမ်းပိုးတို့ဖြင့် နေ့တိုင်းနေ့တိုင်း နတ်တို့သည်ဆောင်ခဲ့

www.dhammaransi.com



ကုန်၏။ ထိုမင်းသည် သာသနာ ကော်၌ကြည်ညိုသောအခါ။ ထို ၁၆ လုံးသောအိုးတို့မှ နှစ်လုံးသောအိုးတို့ကို ခြောက်သောင်းသော တိဒဏ္ဍက ရဟန်းတို့အား လှူ၏။ နှစ်လုံးသောရေအိုးတို့ကို အဂ္ဂမဟေသီ အသန္ဓိမိတ္တာအား ပေး၏။ ရှစ်လုံးသောရေအိုးတို့ကို ရဟန်းသံဃာအား လှူ၏။ လေးလုံးသောရေအိုးတို့ကို မိမိသုံးဆောင်၏။ ဟိမဝန္တာ၌ရှိသော သိမ်မွေ့ နူးညံ့သော၊ ကောင်းသော အရသာရှိသော ကောင်းကင်နွယ် ဒန်ပူတို့ကို နတ်တို့သည် နေ့တိုင်း နေ့တိုင်း ဆက်လာကုန်၏။ ထိုဒန်ပူဖြင့်။ မင်းကြီး၊ မိဘုရား၊ ၁၆၀၀၀ ကုန်သောမောင်းမ။ ၆၀၀၀၀ ကုန်သောရဟန်းတို့အား ဒန်ပူသုံးဆောင်ခြင်း ကိစ္စသည် ပြီး၏။ ဆေးဖြစ်သော ဖန်ခါးသီး၊ သဖန်းခါးသီး တို့ကိုရင်း။ ရွှေ အဆင်းနှင့် တူသော ကောင်းသောအနံ့အရသာရှိသော သရက်သီးမှည့်ကိုရင်း။ နေ့တိုင်းနေ့တိုင်း နတ်တို့သည် ဆက်လာကုန်၏။ ဆဒ္ဒန်အိုင်မှ ငါးပါးသောအဆင်းရှိသော အဝတ်အရုံပုဆိုးတို့ကိုရင်း။ ရွှေအဆင်းနှင့်တူသောလက်သုတ်ပဝါကိုရင်း၊ နတ်၌ဖြစ်သောအဖျော်ကိုရင်း၊ နတ်တို့သည် နေ့တိုင်း နေ့တိုင်း ဆက်လာကုန်၏။ အထူးထူးသော အနံ့ရှိသော နံ့သာပျောင်းကိုရင်း၊ မင်းကြီး၏အပေါ်ရုံအလို့ငှါ၊ ချည်ဖြင့်မယက်သော မြတ်လေးပန်းပုဆိုးကိုရင်း၊ မြတ်သောသူတို့သာ သုံးဆောင်ထိုက်သော မျက်စဉ်းကိုရင်း၊ နဂါးပြည်မှ နဂါးမင်းတို့သည် နေ့တိုင်းနေ့တိုင်း ဆက်လာကုန်၏။ ဆဒ္ဒန်အိုင်၌အလိုလိုပေါက်ရောက်သောသလေးစပါးတို့ကို ကျေးသားတို့သည် နေ့တိုင်းနေ့တိုင်း ဝါဟကိုးထောင်အတိုင်းအရှည်ဖြင့် ဆက်လာကုန်၏။ အတင်းလေးဆယ် လှည်းနှစ်စီးဝန်သည် တဝါဟမည်၏။ ထိုဝါဟသည် အတင်းလေးဆယ်ရှိ၏။ တနေ့လျှင်ရေ‌ဝ်လာသည့်စပါး တင်းပေါင်း ၃၆၀၀၀၀ ရှိ၏။ ထိုစပါးတို့ကို ကြွက်တို့သည် အခွံမရှိသည်ကိုပြုရကုန်၏။ မင်းမိဘုရားတို့သည် ဤအစာကိုသာ သုံးဆောင်ကုန်၏။ ယင်ပျားတို့သည် နန်းတော်ပတ်လည်ထက်ဝန်းကျင်၌ပျားအုံတို့ကိုပြုလာရကုန်၏။ ပန်းပဲဖို၌ ဝံတို့သည် တူခတ်လာရကုန်၏။ ကရဝိက်ငှက်တို့သည် နေ့တိုင်းနေ့တိုင်းလာ၍ သာယာစွာသောအသံဖြင့် ကျူးရင့် တွန်မြည်ကုန်လျက် မင်းကြီးအား အခွန်ဆက်လာရကုန်၏။ ဤမျှသောတန်ခိုးနှင့်ပြည့်စုံခြင်းသည် အဘိသိက်သွန်းသောအခါမှစ၍ ဖြစ်သတည်း။ ။

www.dhammaransi.com



ဓမ္မာသောကမင်းသည်ဤသို့ဆိုအပ်ပြီးသောအခြင်းအရာဖြင့် ဘုန်းတန်းခိုးကြီးသော အခါ၌။ ငါ့ကို ဤသို့ ဖြစ်လတ္တံ့. ဟူ၍ နိမိတ်ဖြာဘာထင်မြင်၍ ကြားဆိုဘူးသောသူရှိသလောဟု အမိကို မေးသော်။ ဇရဏာဇိဝကအမည်ရှိသော အဝတ်မဝတ်သော တက္ကတွန်းဆရာဆိုဘူး၏ဟု ရေးမှတ်၍ထားသော ရွှေပေစာကို ပြပေ၏။ မင်းကြီးလည်း ထိုရွှေပေ၌စာကိုမြင်လျှင်။ ဤသို့ ကောင်းသော နိမိတ်ကိုဆိုသောသူအား ပူဇော်သက္ကာရပြုအံ့ဟု ရွှေထမ်းစင်ဖြင့် ဇရဏာဇိဝကရှိရာရှာ၍ ထမ်းစေ၏။ ဇရဏာဇိဝကသည် ရွှေထမ်းစင်စီး၍လာသော် ခရီးအကြား၌။ အရှင်အဿဂုတ္တရဟန္တာ၏ ကျောင်းသို့ ရောက်လေသောအခါ၌၊ ရေသောက်လိုသဖြင့်ထမ်းစင်မှသက်၍ ကျောင်းတွင်းသို့ဝင်၍ တခုသောအစွန်၌နေလေ၏။ ထိုအခါအရှင်ရဟန္တာသရဏ္ဍာယ်အပ်ငသာ အာယတနတရားသံကိုကြား၍။ အရှင်ကောင်း၊ဤတရားသည် အဘယ်တရားနည်းဟု မေးသော်။ အရှင်ရဟန္တာလည်း ရှေး၌ အာယတနတရားကိုကြားဘူး၍မေးသည်ဟုသိ၍ အာယတနဟုဆိုပေ၏။ အရှင်ကောင်း၊ဤသွားသွားလာလာပြုသည်ကားအဘယ်နည်းဟုမေးပြန်၏။ ဤသည်လည်းအာယတနပင်တည်းဟုဆိုတော်မူပြန်၏။ဇရဏာဇိဝကလည်း အာယတနတရားကို အကုန်အစင်မကြားရဘဲ၊ ဤမျှလောက်စင်ကိုသာကြားရလေသည့်ဖြစ်လျက် သတိကိုဂုဏ်း၊ ဟိရိဩတ္တပ္ပကိုဂုဏ်း ဖြစ်စေ၏။ ထိုအခါအရှင်အဿဂုတ္တသည် ဤဇရဏာဇိဝကသည် အရှက်အကြောက်၌တည်၏ဟု သိ၍ ရေသနုပ်တော်ကို ကမ်း၏။ ဇရဏာလည်း ရေသနုပ်တော်ကို လှမ်းယူဝတ်ဆင်၍၊ အရှင်ကောင်း၏အနီးသို့ကပ်၍ အကျွန်ုပ်ကိုရဟန်းပြုပါဟု တောင်းပန်၏။ အရှင်ရဟန္တာလည်း ဇရဏာကို သာမဏေရဟန်းပြု၍ ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို ပေးတော်မူ၏။ ဇရဏာသည် စီးဖြန်း၍ ရဟန္တာဖြစ်လေ၏။ ရဟန္တာဖြစ်လျှင် မင်း၏ ပူဇော်သက္ကာရကို မငဲ့မူ၍ အရှင်အဿဂုတ္တ၏အထံ၌ နေလေ၏။ မင်းကစေလိုက်သောသူလေးယောက်တို့သည် ထမ်းစင်ချည်းဖြင့်ပြန်၍ မင်းကြီးအားကြားလျှောက်ရလေသတည်း။ ။

www.dhammaransi.com



## ၉၆။ သိရိဓမ္မာသောကမင်းကြီးသည်၊ တူတော် နိဂြောဓသာမဏေကိုအမှီပြု၍။ သာသနာတော်၌မနစ်မဆုတ်သော သဒ္ဓါကြည်ညိုခြင်းဖြင့်သက်ဝင်ကြည်ညိုသည်ကိုပြရာ။

ထိုဓမ္မာသောကမင်းကြီးသည်၊ အဘမိန္ဒုသာရမင်းကြီး အလှူပေးသောအစဉ်ဖြင့် ၆၀၀၀၀ ကုန်သောပုဏ္ဏားတို့အား နေ့တိုင်း နေ့တိုင်း ထမင်းကျွေး၏။ ထိုပုဏ္ဏားတို့၏စကားကိုယူ၍ အဘိသိက်ခံသည်မှစ၍။ သုံးနှစ်ပတ်လုံး မိစ္ဆာဒိဋ္ဌိအယူကိုယူ၏။ အဘိသိက်ခံသည့်နှစ်မှ နောက် လေးနှစ်မြောက်။ သာသနာတော်သက္ကရာဇ် ၂၁၈ နှစ်တိုင်ရောက်သော အခါမှလျှင်။ မြတ်စွာဘုရားသာသနာတော်၌၊ သဒ္ဓါရှင်ရှင်၊ သက်ဝင် ကြည်ညိုခြင်းဖြစ်၏။ ထိုဓမ္မာသောကမင်းကြီးသည် ခမည်းတော် မိန္ဒု သာရမင်း ပုဏ္ဏားတို့ကို လုပ်ကျွေးသောအစဉ်ဖြင့် ပုဏ္ဏားတို့အားရင်း၊ ပုဏ္ဏားမျိုး ဖြစ်ကုန်သော ပါသဏ္ဍ အယူရှိသော အဝတ်ဖြူ ဝတ်ကုန် သော ပရိဗိုဇ်အစရှိကုန်သော ၆၀၀၀၀ သော တိတ္ထိတို့အားရင်း၊ နန်း တွင်း၌ နေ့တိုင်းနေ့တိုင်း အလှူပေးသည်ရှိသော်။ တနေ့သ၌ ခြင်္သေ့ခံ သော လေသာတံခါး၌ရပ်လျက် ရှုကြည့်နေစဉ်၊ ကိုယ်စိတ်တို့၏ ငြိမ် သက်ခြင်းမရှိ၊ မျက်စိအစရှိသော မငြိမ်သက်သော ဣန္ဒြေရှိကြသဖြင့် မဆုံးမအပ်သော ထိုင်ခြင်းရပ်ခြင်းအစရှိသော ဣရိယာပုထ်နှင့်ပြည့်၍ ထမင်းစားကြကုန်သော တိတ္ထိတို့ကိုမြင်၍။ ဤသို့လျှင်၊ စိရင်ဘန်တီး၊ ကြီးစွာသော အလှူအတန်းကို၊ ရှုစမ်းဆင်ခြင်၊ ဉာဏ်လျှင် ရှေ့ပြေး၊ ထောက်တွေးမြော်ချင့်၊ သင့်တင့်လျောက်ပတ်သော အရပ်၌ ပေးခြင်း ဌါသင့်၏ဟုကြံလျက်။ အိုအမတ်တို့၊ လာကုန်လော့၊ သင်တို့သည် မိမိ တို့အမြင်၊ သူတော်စင် သူတော်ကောင်းဟူ၍ သမုတ်စွဲလမ်းအပ်သော မြတ်သောရဟန်းပုဏ္ဏား ဂိုဏ်းသားအသင်းတို့ကို နန်းတွင်းသို့ဆောင် ခဲ့ကုန်။ ကြည်ယုံမြတ်လေး၊ ငါအလှူပေးအံ့ဟူ၍ဆို၏။ အမတ်တို့သည် ကောင်းပြီအရှင်မင်းကြီးဟု ဝန်ခံ၍။ ထိုထိုသို့သောအဝတ်ဖြူဝတ်သော ပရိဗိုဇ်၊ အဝတ်မဝတ်သောအာဇီဝက၊ နိဂဏ္ဌတက္ကတွန်း အစရှိသော သူတို့ကိုဆောင်ခဲ့ကုန်၍၊ မြတ်သောမင်းကြီး၊ ဤသူတို့သည် အကျွန်ုပ် တို့၏ရဟန္တာတည်းဟုဆိုကုန်၏။ ထိုအခါ မင်းကြီးသည်၊ ဤနန်း တွင်း၌ အမြတ်အယုတ်ဖြစ်သောနေရာတို့ကို ခင်း၍။ ထိုရဟန္တာတို့ကို

www.dhammaransi.com



လာစေကုန်ဟု ဆို၍ လာတိုင်း လာတိုင်းသော သူတို့ကို သင်တို့အား လျောက်ပတ်သောနေရာ၌ နေလေကုန်ဟု ဆိုတော်မူ၏။ ထိုသူတို့တွင် အချို့သောသူတို့သည် ထမင်းစားသောအင်းပျဉ်ငယ်၌နေကုန်၏၊အချို့သောသူတို့သည် အင်းပျဉ်ကြီးတို့၌ နေကုန်၏။ ထိုသို့နေသည်ကို မြင်တော်မူလျှင်၊ ဤသူတို့၏ကိုယ်တွင်း၌၊အရှင်းအနှစ်မရှိဟု၊သိလျက်ပင်မူ၊ ထိုသူတို့အား၊ လေးစားမပြတ်၊ တော်သင့်ရုံ ဆုံးဖြတ်၍၊ လျောက်ပတ်သော ခဲဘွယ်ဘောဇဉ်တို့ကို ပေး၍ လွှတ်လိုက်၏။ ။ဤသို့အားဖြင့် ကာလလွန်သည်ရှိသော်။တနေ့သောနေ့၌ မင်းကြီးသည် ခြသေ့်ခံသော လေသာတံခါး၌ ရပ်လျက်ကြည့်စဉ်။ မင်းယင်ပြင်ဖြင့်သွားသော၊ ယဉ်ကျေးပြိမ်သက်သော၊ စောင့်ရှောက်အပ်သောဣန္ဒြေရှိသော၊ ကွေးခြင်းဆန့်ခြင်းအစရှိသော ဣရိယာပုထ်နှင့် ပြည့်စုံသော နိဂြောဓသာမဏေကိုမြင်လေ၏။ မြင်သည်နှင့်တကွလျှင်၊ထိုသာမဏေအား ပြင်းစွာသော ချစ်ခြင်းသည်ဖြစ်၏။နိဂြောဓသာမဏေဟူသည် အဘယ်သူသားနည်း ဟူတုံအံ့။ ဗိန္ဒုသာရမင်း၏သား၊ တရာ့တယောက်တို့တွင်။ အကြီးဆုံး ဖြစ်သော သုမနမင်းသား၏ သားတည်း။ ။ထိုနိဂြောဓသာမဏေ၏ စကားအစဉ်ကား။ ဗိန္ဒုသာရမင်း အားနည်းသောအခါ၌။ အသောကမင်းသားသည် မိမိစားသော ဥဇ္ဇေနီပြည်ကိုစွန့်၍၊ အဆောတလျင်လာ၍၊ ပါဋလိပုတ်ပြည်ကိုလက်ရောက်ပြု၍၊သုမနမင်းသားကိုဘမ်း၏။ ထိုနေ့၌ သုမနမင်းသား၏ မိဘုရား သုမနဒေဝီသည်၊ ရင့်သောကိုယ်ဝန်ရှိသည်ဖြစ်၍၊ ကိုယ်ဝန်ကိုရင်း၊ အသက်ကိုရင်းစောင့်လိုသဖြင့်၊ မထင်ရှားသော အသွင်ဖြင့် ထွက်၍ မြို့အရှေ့ မနီးမဝေးသော အရပ်၌ ဒွန်းစဏ္ဍာလရွာသို့ သွားလေရာ။ ဒွန်းစဏ္ဍာလအကြီး အိမ်မှ မနီးမဝေးသော အရပ်၌ ပညောင်ပင်ကြီးသို့ ရောက်လေလျှင်။ ပညောင်ပင်စောင့်နတ်သည် သုမနဒေဝီကို ဤသို့လာလှည့်ဟုခေါ်၍၊ ပညောင်ပင်ရင်းသို့ချဉ်းလေသော်၊ နတ်တို့၏အာနုဘော်ဖြင့် စရပ်တခုဘန်ဆင်း၍၊ ဤစရပ်၌ နေလော့ဟု ပေးသဖြင့်။ စရပ်တွင်းသို့ဝင်၍ သုမနဒေဝီသည်နေလေ၏။ ထိုနေ့၌ပင်သတို့သားကိုဘွားလေ၏။ပညောင်ပင်စောင့်နတ်သည်သိမ်းဆည်းသောကြောင့်၊သုမနဒေဝီသည် ထိုသူငယ်အားနိဂြောဓဟူသော အမည်ကို မှည့်၏။ ဒွန်းစဏ္ဍာလ အကြီးသည်လည်း သုမနဒေဝီကို မြင်သောအခါမှစ၍၊ မိမိအရှင့်သမီးဟူသောအမှတ်ဖြင့် အမြဲပင်ဝတ်ကြီး

www.dhammaransi.com



ဝတ်ငယ်ပြု၏။ မင်းသမီးသည် ထိုစရပ်၌ ခုနစ်နှစ်ပတ်လုံးနေ၏။ ထိုအခါ မဟာဝရုဏ မည်သော ရဟန္တာသည် ထိုနိဂြောဓ သတို့သား၏ မင်္ဂဖိုလ်၏ ဥပနိဿယနှင့်ပြည့်စုံခြင်းကို မြင်၍ ထိုအရပ်၌ပင် စောင့်၍နေလေ၏။ သတို့သားသည် ခုနစ်နှစ်ရှိပြီးသော်။ ယခုအခါ၌ သတို့သားကို ရဟန်းပြုချိန်တန်ပြီဟု မှတ်၍၊ မင်းသမီးအား ကြားစေ၍ ရဟန်းပြု၏။ သတို့သားအားတစပဉ္စကကမ္မဋ္ဌာန်းကိုပေး၍ ခေါင်းရိတ်သောအဆုံး၌ ရဟန္တာဖြစ်လေ၏။ အရှင်မဟာဝရုဏ၏ ကျောင်းသည်ကား၊ ပါဋလိပုတ်မြို့၏ တောင်အရပ်မျက်နှာ၌ ဖြစ်သတည်း။ ထိုနိဂြောဓသာမဏေသည် တနေ့သ၌ နံနက်ကလျှင်ကိုယ်လက်သုတ်သင်ခြင်းကိုပြု၍။ ဆရာအား ဝတ်ကြီးဝတ်ငယ်ကိုပြု၍၊ သပိတ်သင်္ကန်းကိုယူ၍၊ အမိ၏အိမ်သို့ သွားအံ့ဟု မြို့၏တောင်တံခါးဖြင့်ဝင်၍၊ အရှေ့တံခါးဖြင့်သက်အံ့ဟု နန်းတော်၏အရှေ့ နန်းယင်ပြင်ဖြင့်သွား၏။ ထိုအခါ ဓမ္မာသောကမင်းကြီးသည် အရှေ့မျက်နှာသို့ ရှေးရှုပြုလျက် ခြင်္သေ့ခံသော လေသာတံခါး၌ စင်္ကြံသွား၍ နေစဉ် ဖြစ်သဖြင့်။ နန်းယင်ပြင်သို့ ရောက်လာသော။ ငြိမ်သက်သောဣန္ဒြေရှိသည်ဖြစ်၍၊ ငြိမ်သက်သောနှလုံးရှိသည် ဖြစ်လျက်၊ ရထားထမ်းပိုးတပြန်မျှ ကြည့်လျက် သွားသော နိဂြောဓသာမဏေကို မြင်လေသတည်း။ ထိုသို့မြင်ပြီး၍ ဤသို့ကြံ၏။ အလုံးစုံကုန်သော ဤလူများအပေါင်းသည် ပျံ့လွင့်သော စိတ်ရှိ၏။ တုန်လှုပ်သော သမင်နှင့်တူသောအတိုရှိ၏။ ဤသတို့သားသည်ကား ပျံ့လွင့်သောစိတ်မရှိ။ အလွန်လျှင် ဤသတို့သား၏ တူရူကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်းသည်တင့်တယ်၏။ မချွတ်လျှင် ဤသတို့သားငယ်၏ကိုယ်တွင်း၌ ဇလာကုတ္တရာတရားရှိသည်ဖြစ်လတ္တံ့ဟု အကြံဖြစ်၍၊ သာမဏေကို မြင်ခြင်းနှင့်တကွလျှင်။ မင်းကြီးသည် စိတ်၌ကြည်ညို၏။ ချစ်ခြင်းသည် ပြင်းစွာ တည်၏။ အဘယ်ကြောင့်ကား မြင်ကာမျှဖြင့် ချစ်ခြင်းပြင်းစွာ ဖြစ်လေသနည်းဟူမူကား။ ရှေးကောင်းမှုပြုသောအခါ ညီနောင်ဖြစ်ဘူးသောကြောင့်တည်း။ ။ဖြစ်ကြောင်းကား။ ဓမ္မာသောကမင်း၊ သိဟိုဠ်ကျွန်း၌ ဒေဝါနံပိယတိဿမင်း၊ နိဂြောဓသာမဏေ၊ ဤသုံးယောက်တို့သည် ရှေးအခါ ဗာရာဏသီပြည်၌ပျားကုန်သည်အမျိုး ညီနောင်တဝမ်းပေါက်ဖြစ်၍၊ ပျားကုန်သွယ်သောအမှုကိုပြုကုန်၏။ ထိုအခါ အရှင်ပစ္စေကဗုဒ္ဓါတဦး ကိုယ်မကျန်းရှိ၍။ အရှင်ပစ္စေကဗုဒ္ဓါတဦးသည် အစ်ကိုယ်

www.dhammaransi.com



အကြီးနှစ်ယောက် တောသို့သွားခိုက်တွင် ပျားအလှူခံလာ၏။ဓမ္မာသော ကမင်းကြီး၏အလောင်း ညီအငယ်သည်။ အရှင်ပစ္စေကဗုဒ္ဓါအား ပျားရည်တသပိတ် အပြည့်အလျှံပယိုစီးဘိတ်အောင်လှူ၍။ အရှင်ဘုရား၊ ဤကောင်းမှုကြောင့် တကျွန်းလုံးကိုအစိုးရသောမင်းသည် ဖြစ်ရပါလို၏။ အထက်သို့ တယူဇနာ၊အောက်သို့ တယူဇနာပိုင်ရလို၏ဟု ဆုတောင်း၏၊ ၎င်းပစ္စေကဗုဒ္ဓါလည်း၊ ဒါယကာ၊ တောင်းသည့်ဆုအတိုင်းပြည့်စေသောဟု အနုမောဒနာပြု၍လာခဲ့သော်၊ အသွားက ပျားကုန်သည်အိမ်ဤသည့်တွင်ဟုညွှန်လိုက်သောသတို့သမီးငယ်နှင့်တွေ့ပြန်၍။ သပိတ်မှပျားရည်လျှံ၍ ဘိတ်သည်ကို သုတ်သင်စိမ့်သော၄ါ ပုဆိုးတဘက်ကိုလှူ၍၊ ပျားကုန်သည် အဘယ်သို့ဆုတောင်းသနည်းဟုမေး၍၊ ဇမ္ဗူဒိပါကျွန်းကိုအစိုးရသောမင်းဖြစ်လို၏ဟု ဆုတောင်း၏ကြားလျှင်၊ အကျွန်ုပ်သည်လည်း ဤပုဆိုး လှူရသောကြောင့် ပျားကုန်သည် မင်းဖြစ်သောအခါ ထိုမင်း၏မိဘုရားဖြစ်ရလို၏ဟု ဆုတောင်းလေ၏။ ပစ္စေကဗုဒ္ဓါဘုရားလည်း တောင်းသည့်ဆုအတိုင်း ပြည့်စေသောဟု အနုမောဒနာခေါ်၍ကြွတော်မူလေ၏။ပျားကုန်သည်ညီငယ်လည်း ရောက်လာသောအစ်ကိုယ်တို့အား အကြောင်းကို ကြားလေသော်၊ မောင်မင်းလှူလိုက်သော ပစ္စေက ဗုဒ္ဓါသည် ဒွန်းစဏ္ဍား ဖြစ်လေလတ္တံ့ဟု အစ်ကိုယ်တယောက်ဆို၏။ တယောက်လည်း ပစ္စေကဗုဒ္ဓါကို သမုဒ္ဒရာတဘက်သို့မပစ်လိုက်ရလေဟု ဆို၏။ ညီငယ်လည်း အလှူ၏အကျိုးကြီးသောအဖြစ်ကို အစ်ကိုယ်တို့အားပြောဆို၍ ကြည်ညိုစေ၏။ ဒွန်းစဏ္ဍားဖြစ်လေလတ္တံ့ဆိုမိသော အစ်ကိုယ်အကြီးသည် နိဂြောဓသာမဏေဖြစ်လာ၏။ သမုဒ္ဒရာတဘက်သို့မပစ်လိုက်ရဆိုသောအစ်ကိုယ်လတ်သည် သိဟိုဠ်ကျွန်း၌ ဒေဝါနံပိယတိဿမင်း ဖြစ်လာ၏။ ပျားလှူသော ညီငယ်ကား၊ ဓမ္မာသောကမင်း ဖြစ်လာ၏။ တဘက်လှူသော သတို့သမီးငယ်ကား အသန္ဓိမိတ္တာမိဘုရားဖြစ်လာ၏။ ဤသို့လျှင် ရှေး၌အတူတကွနေဘူးသောကြောင့် မြင်ကာမျှ၌သာလျှင် သာမဏေ၌ မင်းကြီးအား ပြင်းစွာသောချစ်ခြင်းသည် ဖြစ်သတည်း။ ဤသို့ ချစ်ခြင်းပြင်းစွာဖြစ်သဖြင့် အမတ်တယောက်ကိုစေ၍ပင့်ရလေ၏။ ထိုသို့ပင့်လေသောအမတ်တယောက်သည်ကြာနိုးသဖြင့်တယောက်ထပ်ဆင့်ပြန်၏။နောက်လည်းတယောက်ထပ်ဆင့်ပင့်ပြန်ရ၏။သာမဏေလည်း ပကတိကြွမြဲသောသဘောဖြင့်

ကြွ၍ ပြာသာဒ်ထက်သို့ တက်လေသော် မင်းကြီးသည် လျှောက်ပတ်သောနေရာကိုကြည့်၍နေလော့ဟုဆိုသဖြင့်။ ငါမှတပါး ရဟန်းတပါးရှိသလောဟု ထိုမှဤမှ သာမဏေကြည့်သော် မမြင်၍၊ ဆောက်အပ်သောထီးဖြူရှိသောရာဇပလ္လင်သို့ကပ်လေ၍သပိတ်ကိုလှမ်းစိမ့်သော၌အခြင်းအရာကို မင်းကြီးအားပြပေ၏။မင်းကြီးသည် သပိတ်ကိုလှမ်း၍ပလ္လင်သို့တက်သော သာမဏေကို မြင်၍။ ယခုအခါ ယနေ့၌သာလျှင်ဤသာမဏေသည် ဤမင်းအိမ်၏အရှင်ဖြစ်လတ္တံ့ဟု ကြံ၏။ သာမဏေသည် ပလ္လင်ထက်သို့တက်၍နေ၏။မင်းကြီးသည် မိမိအလို့ငှါပြည့်စုံစေအပ်သော အလုံးစုံသောယာဂုခဲဘွယ် ထမင်းအထူးထူးကို သာမဏေအားကပ်လှူ၏။သာမဏေသည်မိမိအားမျှလောက်ရုံသောယာဂုခဲဘွယ်ကိုအလှူခံ၍ဘုဉ်းပေးပြီးသော်။ မင်းကြီးသည်သာမဏေကိုလျှောက်၏။ အရှင်ဘုရားတို့ဆရာသည် ပေးအပ်သော အဆုံးအမကို ရှင်ပင်ဘုရားတို့သည် သိပါကုန်၏လောဟုလျှောက်၏။ မြတ်သောမင်းကြီး၊တစိတ်တဒေသအားဖြင့်သိ၏ဟု နိဂြောဓသာမဏေမိန့်၏။ ချစ်သား၊ အကျွန်ုပ်အားလည်း ဟောတော်မူပါဟု မင်းကြီးလျှောက်သော်၊ကောင်းပြီမြတ်သောမင်းကြီးဟုဝန်ခံ၍၊ မင်းကြီးသည် လေးနှစ်ပတ်လုံး၊ညီနောင်သားချင်းကိုးကျိပ်ကိုးယောက်တို့ကိုသတ်သဖြင့် ကုသိုလ်ဓမ္မ၌ မေ့လျော့၏။ ကုသိုလ်တရား၌မမေ့မလျော့ကျင့်စိမ့်သော၌အပ္ပမာဒတရားကိုဟောခြင်းငှါလျှောက်ပတ်၏ဟုကြံ၍။ ။အပ္ပမာဒေါအမတံပဒံ၊ပမာဒေါမစ္စုနော ပဒံ၊ အပ္ပမတ္တာ နမိယန္တိ၊ယေ ပမတ္တာ မတာယထာ။ ။ဟူသောတရားကို ဟော၏၊ ။မဟာရာဇ၊ မြတ်သောမင်းကြီး။ အပ္ပမာဒေါ၊ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ကျင့်သောသူသည်။ အမတံ၊သေခြင်းမရှိသော။ ပဒံ၊ နိဗ္ဗာန်သို့ ရောက်အံ့သော အကြောင်းတည်း။ ပမာဒေါ၊ကုသိုလ်ကောင်းမှု၌ မေ့လျော့သောသူသည်။ မစ္စုနော၊သေခြင်း၏။ပဒံ၊အကြောင်းတည်း။ အပ္ပမတ္တာ၊ကုသိုလ်ကောင်းမှု၌မမေ့မလျော့ပြုသောသူတို့သည်၊နမိယန္တိ၊သေရသည်မမည်ကုန်၊ ယေ၊အကြင်လူတို့သည်။ပမတ္တာ၊ ကုသိုလ် ကောင်းမှု၌ မေ့လျော့ကုန်၏။ တေ၊ ထိုသူတို့သည်။မတာ ယထာ၊ သေသောသူတို့ကဲ့သို့တည်း။ ။ဤတရားတော်၌ ရှေ့နှစ်ပါဒဟောပြီးလျှင်၊ မင်းကြီးသည် ချစ်သား၊ အကျွန်ုပ်သိအပ်ပြီ။ ဆုံးစေလော့ဟု လျှောက်၏။ တရားဟောတော်မူသော အဆုံး၌။ ချစ်သား၊

www.dhammaransi.com



ရှစ်လုံးသောဆွမ်းကျက်ဝတ်တို့ကို အကျွန်ုပ်သည် သင့်အားလှူပါ၏ဟု လျှောက်၏။ မြတ်သောမင်းကြီး၊ ဤရှစ်လုံးသောဆွမ်းဝတ်တို့ကိုငါသည် ဥပဇ္ဈာယ်အားလှူ၏ဟုသာမဏေဆိုသော်။ ချစ်သား၊ ဥပဇ္ဈာယ်ဟူသည် အဘယ်သူနည်းဟု မေးလျှောက်သဖြင့်။ မြတ်သောမင်းကြီး၊ ဥပဇ္ဈာယ်ဟူသည်ကား အပြစ်ကြီးငယ်ကိုမြင်၍ဆုံးမပေတတ်သောဆရာတည်းဟုသာမဏေဆို၏။ ချစ်သား၊ တပါးကုန်သောဆွမ်းကျက်ဝတ်ရှစ်လုံးတို့ကို သင့်အားလှူပြန်ပါ၏ဟု မင်းကြီးလျှောက်၏။ မြတ်သောမင်းကြီး၊ ဤဆွမ်းဝတ်ရှစ်လုံးတို့ကိုလည်း ဆရာ့အား ငါလှူ၏ဟု ဆိုသော်။ ချစ်သား၊ ဆရာဟူသည် အဘယ်သူနည်းဟုမေးပြန်၍။ မြတ်သောမင်းကြီး၊ ဆရာ ဟူသည်ကား ဤသာသနာတော်၌ ကျင့်အပ်သော တရားတို့၌ တည်စေတတ်သော သူတည်းဟု သာမဏေ ဆို၏။ ချစ်သား၊ တပါးလည်းဖြစ်ကုန်သော ရှစ်လုံးသောဆွမ်းကျက်အိုးတို့ကို သင့်အား လှူပါ၏ဟု မင်းကြီးလျှောက်ပြန်သော်။ မြတ်သောမင်းကြီး၊ ဤရှစ်လုံးသော ဆွမ်းအိုးတို့ကို ရဟန်း သံဃာအား လှူ၏ဟု သာမဏေ ဆိုပြေသော်။ ရဟန်းသံဃာဟူသည် အဘယ်သူပေနည်းဟု မင်းကြီးမေးပြန်သဖြင့်။ မြတ်သော မင်းကြီး၊ အကြင်သူကို အမှီပြု၍ ငါ၏ဆရာ ဥပဇ္ဈာယ်တို့အားရင်း၊ ငါ့အားရင်း၊ ပဗ္ဗဇ္ဇကံ၊ ဥပသမ္ပဒကံသည်ဖြစ်၏။ ထိုသူတို့သည် ရဟန်းသံဃာမည်၏ဟု ဆိုသော် မင်းကြီးသည် အတိုင်းထက်အလွန်ကြည်ညို၍၊ ချစ်သား၊ တပါးလည်းဖြစ်ကုန်သောဆွမ်းကျက်အိုးတို့ကို သင့်အားလှူ၏ဟုလှူပြန်၏။ ဤသို့သာမဏေရှင်နိဂြောဓသည် တနေ့ခြင်းဖြင့် မင်းကြီးဓမ္မာသောကအထံမှ သုံးဆဲ့နှစ်လုံးသောဆွမ်းကျက်အိုးတို့ကိုရ၍၊ တမိုးသောက်သောနေ့၌ သုံးကျိပ်နှစ်ပါးသောရဟန်းတို့ကိုယူ၍မင်းနန်းတော်သို့ဝင်၍။ ဆွမ်းစားခြင်းကိစ္စကိုကိုပြု၏။ ချစ်သား၊ တပါးလည်းဖြစ်ကုန်သော သုံးကျိပ်နှစ်ပါးသောရဟန်းတို့သည် အရှင်ဘုရားတို့နှင့်အတူတကွ နက်ဖြန်နေ့၌ အကျွန်ုပ်၏ဆွမ်းကို ခံစေကုန်သတည်းဟုမင်းကြီးလျှောက်၏။ ဤသို့သောနည်းဖြင့် နေ့တိုင်းနေ့တိုင်း၊ ထမ်းပိုးထမ်းပိုးသောရဟန်းသံဃာကိုပွါးစေလျက်။ ခြောက်သောင်းကုန်သော ပုဏ္ဏားပရိဗိုဇ်စသော သူတို့အား ထမင်းကျွေးမြဲသော ဝတ်ကို ဖြတ်၍ မင်းကြီးဓမ္မာသောကနန်းတွင်း၌၊ ခြောက်သောင်းကုန်သော ရဟန်းတို့အား အမြဲဆွမ်းကျွေးဝတ်ကိုဖြစ်စေ၏။ နိဂြောဓသာမဏေ၌ဖြစ်သော

www.dhammaransi.com



ကြည်ညိုခြင်းဖြင့် ကျေးသတည်း။ နိဂြောဓမထေရ်သည် ပရိသတ်နှင့် တကွ မင်းကြီးကို သရဏဂုံသုံးပါးတို့၌၎င်း၊ ပဉ္စသီလတို့၌၎င်း တည်စေ၍။ဘုရားရှင့်သာသနာတော်၌ပုထုဇဉ်၌ဖြစ်သောကြည်ညိုခြင်းဖြင့်မတုန်မလှုပ်ကြည်ညိုခြင်းကိုဖြစ်စေ၏။ ။

---

၄၇။ သီရိဓမ္မာသောကမင်းကြီးသည်ကာလနဂါးမင်း ဖန်ဆင်း၍ပြအပ်သောမြတ်စွာဘုရားရုပ်ပုံတော်ကိုခုနစ်ရက် ပတ်လုံးမျက်စိဖြင့်ပူဇော်သည်ကိုပြရာ။

ဓမ္မာသောကမင်းကြီးသည် အဘိသိက်သွင်းခြင်းသို့ရောက်ပြီး၍သုံး နှစ်ပတ်လုံးမိစ္ဆာဒိဋ္ဌိအယူကိုယူ၏။ အဘိသိက်သွင်း၍ လေးနှစ်မြောက်၌ နိဂြောဓသာမဏေကို အမှီပြု၍ ဘုရားသာသနာတော်၌ ကြည်ညို၏။ သာသနာတော်၌ကြည်ညိုပြီးသော်၊ မင်းကြီးသည် ဘုရားမြတ်စွာကို ကြားကာသာလျှင်၊ မမြင်ရသည်ဖြစ်၍၊ ဖူးမြင်လိုသော စိတ်ရှိသဖြင့်၊ တနေ့သ၌ ရွှေသံခြေကျဉ်းအဖွဲ့ကိုစေ၍၊ ကကုသန်၊ကောဏာဂုံ၊ကဿပ၊ ဂေါတမ၊ ဘုရားလေးဆူတို့၏ အရုပ်တော်ကို မြင်ဘူးလိုက်သော၊ တကပ်ပတ်လုံးအသက်ရှည်သော၊ မြေကြီးအောက်တယူဇနာအရပ်၌ တည်သော၊ နဂါးပြည်ကိုအစိုးရသော ကာလနဂါးမင်းကိုဆောင်ချေ စေ၍၊ထီးဖြူဆောက်အပ်သောရာဇပလ္လင်ထက်နေစေ၍။ရေ၌ဖြစ်သော ပန်း၊ ကြည်း၌ဖြစ်သောပန်း၊ ရွှေပန်းငွေပန်းတို့ဖြင့် ပူဇော်ခြင်းကိုပြု၍၊ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော၊ ၁၆၀၀၀ ကုန်သော မောင်းမကချေသည်တို့ဖြင့် ခြံရံ၍၊ အဆုံးမရှိသောဉာဏ် တော်ရှိသော မြတ်သောဓမ္မစကြာတရားကို ဟောတော်မူတတ်သော မြတ်စွာဘုရား၏ အရုပ်တော်ကို ၏မျက်စိအပေါင်း သုံးသောင်း နှစ် ထောင့် နှစ်လုံးတို့အား ထင်ခြင်းကို ပြုလော့ဟုဆို၍။ ထိုကာလနဂါးမင်း သည် ဖန်ဆင်းအပ်သော၊ အလုံးစုံသောကိုယ်တော်၌ ဖရိုဖရဲကြဲသကဲ့ သို့ ပြွမ်းသော ရှစ်ဆယ်သောလက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင် အပ်သော၊ သုံးဆဲနှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော် အသရေ၏တင့်တယ်ခြင်းတို့ဖြင့်။ ပွင့်သစ်စဖြစ်သော ကြာပဒုမာ၊ ကြာ ပုဏ္ဍရိက်တို့ဖြင့်တန်ဆာဆင်အပ်သောရေအပြင်ကဲ့သို့၊ကြယ်အပေါင်း

www.dhammaransi.com



တို့၏ရောင်ခြည်ကွန်ရက်ဖြင့် သန့်ရှင်းစွာပြည့်ကုန်လျက် တင့်တယ်စွာ တောက်ပသော ကောင်းကင်ပြင်ကဲ့သို့၊ အညို အရွှေ အနီ စသောအား ဖြင့်ပြားသော အထူးသဖြင့်ဆန်းကြယ်သောအဆင်းရှိသော အရောင် တို့ဖြင့်မွေးအပ်သော၊ ကလံမှုလောက်သော ရောင်ခြည်တော်အဝန်း၊ တောက်ထွန်းတင့်တယ်၊ ဆန်းကြယ်ဝင်းပြောင်၊ ဆည်းစျာရောင်ဖြင့် ဆိုးထားအပ်သော သိကြားမင်း၏ လင်းလေး၊ သက်တင်ရေးသဘွယ်၊ လျှပ်စစ်နွယ်တို့ဖြင့်၊ ချယ်လှယ်ခြံရံအပ်သော ရွှေတောင်ထွတ်ဦးကဲ့သို့။ အထူးထူးသောအဆင်းတို့ဖြင့်ဆိုးအပ်သည်ဖြစ်၍ အညစ်အကြေးရှင်း လင်းသော မှန်ကင်းပန်းဟုဆိုအပ်သော ရောင်ခြည်တော်အထွေထွေ ဖြင့် တဝေဝေစီးယိုဘိတ်မတတ် ထိပ်တော်မြတ်၏တောက်ပခြင်းရှိထ သော၊ ပြဟ္မာ၊ နတ်လူ၊ သူရာအပြား၊ နဂါးဂဠုန်၊ ကုမ္ဘဏ်ယက္ခ၊ ဂန္ဓဗ္ဗနတ် တို့၊ လေးမြတ်ကြည်ရှု၊ စက္ခုအရသာတို့၏တည်ရာဖြစ်သော မြတ်စွာ ဘုရား၏ရုပ်ပုံတော်ကို မြတ်သောမင်းကြီးသည် ချနစ်ရက်တို့ပတ်လုံး မျက်စိတို့ဖြင့်ပူဇော်ခြင်းမည်သည်ကိုပြု၏။ ။

---

၉၈။ သီရိဓမ္မာသောကမင်းကြီးသည်အဇာတသတ်မင်း ဌာပနာခဲ့သောဓာတ်တော်တို့ကိုယူ၍၊ ဇမ္ဗူဒိပ်ကျွန်းအပြင်၌စေတီ ရှစ်သောင်းလေးထောင်၊ ကျောင်းရှစ်သောင်းလေးထောင် တည်ထားဌာပနာသည်ကိုပြရာ။

တနေ့သ၌ ဓမ္မာသောကမင်းကြီးသည် နန်းတွင်း၌ဆွမ်းကျွေးမြဲဖြစ် သော ခြောက်သောင်းသောသံဃာတော်တို့အား အသောကာရာမအာ မည်ရှိသောအာရာမ်ကိုလှူ၏။ ထိုအာရာမ်၌ သံဃာတော်ခြောက်သောင်း အား ပရိက္ခရာစုံရှစ်ပါးနှင့်တကွ အလှူကြီးကိုပေး၍ ဆွမ်းဆပ်ကျွေးပြီး သော်၊ ရဟန်းသံဃာ၏အလယ်၌နေလျက်။ သံဃာတို့အားပဝ္ဓည်းလေး ပါးဖြင့်ဘိတ်မန်၍။ အရှင်ဘုရားတို့၊ မြတ်စွာဘုရား ဟောတော်မူအပ် သောတရားတော်သည် အဘယ်မျှရှိသနည်းဟုမေး၏။ မြတ်သောမင်း ကြီး၊ မြတ်စွာဘုရားဟောတော်မူအပ်သောတရားတော်သည်။ အင်္ဂါ အားဖြင့် ကိုးပါးဖြစ်ကုန်၏။ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် တို့သည်ဖြစ်ကုန်၏ဟု ရဟန်းသံဃာတို့သည်ကြားကုန်၏။ ဓမ္မာသော

www.dhammaransi.com



ကမင်းကြီးသည်တရားတော်၌ကြည်ညို၍၊ တပါးတပါးသောဓမ္မက္ခန္ဓာကိုတဆောင်တဆောင်သောကျောင်းဖြင့်ပူဇော်အံ့ဟုကြံ၍၊တနေ့ချင်း၌သာလျှင် ကိုးဆဲ့ခြောက်ကုဋေသောအသပြာဥစ္စာကိုစွန့်၍။ အမတ်တို့ကိုစေ၏။ အမတ်တို့၊ သင်တို့သည်၊ ဤအသပြာတို့ဖြင့် တခုတခုသောမြို့၌ တဆောင်တဆောင်သောကျောင်းကို ပြုကုန်လျက်၊ ရှစ်သောင်းလေးထောင်သောမြို့တို့၌ ရှစ်သောင်းလေးထောင်သောကျောင်းတို့ကိုဆောက်လေကုန်ဟူ၍အမတ်တို့ကိုစေ၏။မိမိသည်လည်းအသောကာရာမဥယျာဉ်၌ အသောကာရာမကျောင်းအမှုကို ဖြစ်စေ၏။ သာသနာတော် သက္ကရာဇ် ၂၀၀ ပြည့်နှစ်မှစ၍ ရှစ်သောင်း လေးထောင်သောကျောင်းတို့ကိုဆောက်စေ၏။ သံဃာတို့သည် တန်ခိုးအာနုဘော်ကြီးသော ရဟန္တာဖြစ်သော အရှင်ဣန္ဒဂုတ္တမထေရ်ကို စီရင်စိမ့်သောငှါမင်းကြီးအားပေး၏။ မထေရ်သည်အကြင်အကြင်အမှုသည်မပြီး၊ထိုထိုသောအမှုကို မိမိ၏တန်ခိုးအာနုဘော်ဖြင့် ဖန်ဆင်း၍ပြီးစေ၏။ ဤသို့အားဖြင့် သုံးနှစ်တို့ဖြင့် ကျောင်းဆောက်သောအမှုကိုမင်းကြီးပြီးစေ၍။ တနေ့ချင်း၌ သာလျှင် ရှစ်သောင်း လေးထောင်သော မြို့တို့မှ ကမ္ပည်းလျှောက်စာတို့သည် ရောက်ကုန်၏။ အမတ်တို့သည်၊ အရှင်မင်းကြီး၊ ရှစ်သောင်း လေးထောင်သော မြို့တို့၌ ရှစ်သောင်း လေးထောင်သောကျောင်းတို့သည်ပြီးကုန်ပြီဟူ၍မင်းကြီးအားကြားလျှောက်ကုန်၏၊ ။

ထိုအကြောင်းကိုကြားပြီးသော် မင်းကြီးသည် ရဟန်းသံဃာကို မေးလျှောက်၏။ အရှင်ဘုရားတို့၊ အကျွန်ုပ်သည် ရှစ်သောင်းလေးထောင်သောမြို့တို့၌ ရှစ်သောင်းလေးထောင်သောကျောင်းတို့ကို ဆောက်၍ပြီးပါပြီ။ ထိုကျောင်းတို့၌စေတီတည်ပါဦးအံ့။ဓာတ်တော်သည်အဘယ်မှာရပါအံ့နည်းဟု လျှောက်၏။ မြတ်သောမင်းကြီး၊ မြှုပ်၍ ထားသောဓာတ်တော်သည်ရှိ၏ဟူ၍ ငါတို့ကြားဘူးကုန်၏။ အဘယ်အရပ်၌ဟူ၍မထင်ရှားပါကုန်ဟူ၍ ရဟန်းတို့ဆိုကုန်၏။ ထိုစကားကို ကြားသော်မင်းကြီးသည် ရာဇဂြိုဟ်ပြည်၌ ရှိရှိသမျှသောစေတီတို့ကိုဖျက်၍ဓာတ်တော်တို့ကိုမမြင်သော်ပကတိပြုစေ၍။ ရဟန်းယောကျ်ား၊ရဟန်းမိန်းမ၊ ဥပါသကာ ယောကျ်ား၊ ဥပါသိကာမိန်းမတည်းဟူသော ပရိသတ်လေးပါးတို့ကိုယူ၍ဝေသာလီပြည်သို့သွားလေ၏။ ထိုဝေသာလီပြည်၌လည်း မရ၍ ကပိလဝတ်ပြည်သို့ သွားလေ၏။ ထိုကပိလဝတ်ပြည်၌

လည်းမရ၍ ရာမရွာသို့သွားလေရာ၊ ထိုရာမရွာ၌ စေတီတို့ကိုဖျက်အံ့သောဌါနဂါးတို့သည်မပေးကုန်။ စေတီ၌ကျသောပေါက်တူးတို့သည် အပိုင်းအပိုင်းပြတ်သည်ဖြစ်ကုန်၏။ ဤသို့ဖြစ်သဖြင့် ထိုရာမရွာ၌လည်း မရ၍။ အလ္လကပ္ပတိုင်း၊ ဝေဋ္ဌဒီပကတိုင်း၊ ပါဝါပြည်၊ ကုသိနာရုံပြည်တို့၌ လည်း စေတီတို့ကိုဖျက်၍ ဓာတ်တော်တို့ကိုမရသဖြင့်၊ တဘန်အလုံးစုံသော စေတီတို့ကို ပကတိပြုလုပ်ခဲ့၍ ရာဇဂြိုဟ်ပြည်သို့သွား၍။ လေးပါးသောပရိသတ်တို့ကို စည်းဝေးစေ၍၊ ဤမည်သောအရပ်၌ ဓာတ်တော်တို့ကိုမြှုပ်ထား၏ဟု တစုံတယောက်သောသူသည် ကြားဘူး၏လောဟုမေးသော်။ ထိုပရိသတ်တို့တွင် အသက် ၁၂၀ ရှိပြီးသောတယောက်သောမထေရ်ကြီးသည်ဤမည်သောအရပ်၌ဓာတ်တော်တို့ကို မြှုပ်ထား၏ဟု ငါမသိ။ အဘဖြစ်သော မဟာထေရ်သည် ငါအသက် ခုနစ်နှစ်ရှိသောအခါ၌။ ငါ့ကိုပန်းကလပ်ကိုကိုင်စေ၍၊ သာမဏေ၊ လာလှည့်၊ ဤမည်သောချုံ၏အကြား၌ ကျောက်စေတီသည်ရှိ၏၊ ထိုစေတီသို့သွားကုန်အံ့ဟုသွား၍၊ ပန်းပူဇော်၍၊ နောက်သောအခါ ဤအရပ်ကို ရူးစမ်းရှာဘွေ့အပ်၏ သာမဏေဟုမထေရ်ကြီးသည် ငါ့ကိုပြောဘူး၏။ ငါသည်ဤမျှကိုသိ၏မင်းကြီးဟူ၍အသက် ၁၂၀ ရှိပြီးသောထိုမထေရ် ဆိုသော်၊ ထိုကျောက်စေတီတည်ရာအရပ်သည်ဓာတ်တော်မြှုပ်ထား ရာစင်စစ်မှန်လှတော့သည်ဟု မင်းကြီးဆို၍၊ ရာဇဂြိုဟ်ပြည်၏ အရှေ့တောင်ထောင့်အရပ်၌တောချုံတို့ကိုခုတ်ထွင်ပယ်ရှားသော် ကျောက်စေတီကို တွေ့၍။ ကျောက်ပုံ အစုကိုဖင်း၊ မြေမုန့်တို့ကိုဖင်း၊ ပယ်၍။ အောက်၌ အင်္ဂတေတို့ဖြင့် အပြေအပြစ်ပြုအပ်သောမြေကိုမြင်၍။ ထိုနေရာမှ အင်္ဂတေတို့ကိုဖင်း၊ အုဋ္ဌတို့ကိုဖင်း၊ ပယ်၍။ ပရိဝုဏ်သို့သက်၍။ ရတနာအတိပြီးသောသည်တိုင်တို့ကိုဖင်း၊ လေ၏လျှင်ခြင်းဖြင့် အစဉ်မပြတ်တပတ်ပတ်လည်သော၊ လက်၌ ထက်ဖွားသောသန်လျက်စွဲကုန်သောဒုဘီလူးနတ်ရုပ်တို့ကိုဖင်းမြင်၍၊ ရွံ့စိုးခန့်ညားသည်ဖြစ်၍၊ နတ်ဝင်နတ်ထိန်းကိုခေါ်ချ၍၊ ပသကိုးကွယ်ပူဇော်သက္ကာရဖြင့်တောင်းပန်စေသော်လည်း အဆုံးကိုမမြင်၊ အစကိုမမြင်ဖြစ်၍၊ မင်းကြီးသည် စန္ဒီ၊ ပရမိသွာ၊ မဟာပိန္နဲအစရှိသောနတ်တို့ကို ရှိခိုးလျှက်။ ငါသည် ဤဓာတ်တော်တို့ကိုယူ၍ ရှစ်သောင်းလေးထောင်သောကျောင်းတို့၌စေတီဌပနာ၍ ပူဇော်သက္ကာရပြုဖို့အံ့။ ငါ့အား အန္တရာယ်တစုံတခုကိုမပြုကုန်

www.dhammaransi.com



လင့်ဗျာ စောင်းပန်သောအခါ။ သိကြားမင်းသည် ဝိသုကြုံနတ်သားကို ခေါ်၍။ အချင်း ဝိသုကြုံ၊ အသောကဓမ္မရာဇာသည် ဓာတ်တော်တို့ကို ထုတ်ဆောင်အံ့ဟူ၍ ပရိဂုဏ်သို့သက်ပြီ၊ စက်ယန္တရားနှင့် ထားသော သစ်သားနတ်ရုပ်တို့ကို ကြောက်၍ အရောက်မချဉ်းဝံ့ရှိသည်။ အသင် သွား၍ သစ်သားနတ်ရုပ်တို့ကို ပယ်ချေဟု ဆို၏။ ထိုဝိသုကြုံနတ်သား သည် ဦးစွန်းအရပ်ငါးရပ်စည်းသော ရွာသူသားငယ်၏အသွင်ဖြင့် လက် ငင်လေးကိုကိုင်လျက်၊ မြားနှင့်တကွလာလတ်၍ မင်း၏ရှေ့၌ ရပ်လျက်၊ နတ်ရုပ်တို့ကို ပယ်ရအံ့လောမင်းကြီးဟု ဆိုသော်။ ချစ်သား၊ ပယ်ပါ လော့ဟုဆိုသဖြင့်။ ဝိသုကြုံနတ်သားသည် မြားကို လင်းလေးဖြင့်ငင်၍၊ ဆင်ထားသော ယန္တရားစက်ကြိုး အဆက်၌ တချက်လွှတ်ပစ်လေ၏။ ထိုအခါယန္တရားစက်ကြိုးပြတ်၍ နတ်ရုပ်ထိုထိုတို့သည်ဖရိုဖရဲကျလေ ကုန်၏။ ထိုရောအခါ မင်းကြီးလည်း တံခါးရွက်ငင်သည့်ကြိုး၌ဖွဲ့အပ် သောမင်းတုံးကိုယူပြီးနောက်၊ သံကောက်ကိုလည်းယူပြန်၏။ ပတ္တမြား တုံးကိုမြင်ရော၊ နောင်အခါကား၊ မင်းဆင်းရဲသောဖျားသည်၊ ဤပတ္တမြား တုံးကို ယူ၍၊ အဆူဆူသော ဓာတ်တော်တို့အား ပူဇော်သက္ကာရကိုပြု စေသတည်းဟူသော အက္ခရာမှာစာတို့ကိုမြင်ပြန်က၊ အခံရခက်၊ အ မျက်ထွက်၍၊ လက်ျာကျွန်းမြင်၊ငါသို့စင်ကဲ့၊ အထင်မှတ်လွဲ၊မင်းဆင်းရဲ ဟူ၍ ဆိုခြင်းငှါ၊ အရာမသင့်လေတကားဟု ဆိုလျက်။ အဘန်တလဲလဲ စေ့ဆော်၍ အတွင်းတံခါးကိုဖွင့်ပြီးလျှင် ဓာတ်တော်အိမ်တွင်းသို့ဝင်၍၊ ဤဓာတ်တော်ဖော်သောနှစ်မှ ပြန်၍ရေသော်။ ၂၁၈ နှစ်တို့၏အထက်၌ ထွန်းအပ်သော ဆီမီးတို့သည်၊ ညီးညီးခဲ၊ ထွန်းမြဲတိုင်းသာ၊ ကြာညို အရှရှိသောပန်းတို့သည်လည်း၊ လန်းလန်းပျပျ၊ ထိုခဏ၌ဆောင်၍တင် အပ်သောပန်းကဲ့သို့ မယွင်း။ ပန်းအခင်းတို့သည်လည်း ထိုခဏ၌ ခင်း အပ်သကဲ့သို့။ သင်းသင်းပျံ့ပျံ့၊ ရနံ့ထောင်းထောင်း၊နံ့သာပျောင်း နံ့သာ မှုန့်ဟူသမျှလည်း ထိုခဏ၌ကြိတ်သွေး၍ထားအပ်သော အမှုန့်အရည် ကဲ့သို့မြင်တပြီးကား။ မင်းကြီးသည် ရွှေပေကိုကိုင်၍ နောင်အခါ၌ ပိယ ဒါသအမည်ရှိသော မင်းသားသည် ထီးဖြူဆောင်း၍ ဓမ္မာသောကဟူ သော အမည်ဖြင့် မင်းပြုလတ္တံ့၊ ထိုဓမ္မာသောက မင်းသည် ဤဓာတ် တော်တို့ကိုပျံ့နှံ့သည်ကို ပြုလတ္တံ့ဟုမှာစာကိုဘတ်၍။ အချင်းတို့၊ငါကို အရှင်မဟာကဿပမထေရ်သည် မြင်အပ်မေစ္စကားဟုဆို၍၊လက်ဝဲ

www.dhammaransi.com



လက်မောင်းကိုခွေ၍ လက်ျာလက်ဖြင့်လက်ပန်းပေါက်ခတ်၏။ ထိုအခါ ဓမ္မာသောကမင်းကြီးသည် အလုံးစုံသောစေတီကြွတ်တို့ကို ဖွင့်လှစ်၍ အလုံးစုံသောဓာတ်တော်တို့ကိုယူပြီးသော် ထိုအရပ်၌ပူဇော်သက္ကာရ ခံရုံမျှ ထား၍။ ကြွတ်စေတီတို့ကို ပကတိထားခဲ့၍။ ဓာတ်တော်အိမ်ကို လည်း ရှေးပိတ်မြဲတိုင်းပိတ်၍ အင်္ဂတေတို့ဖြင့် ပကတိပြု၍။ အပေါ်၌ ကျော်ပုံစေတီကိုဖြစ်စေ၍။ ၈၄၀၀၀ သောကျောင်းတို့၌ သန်တောင် ၅ တောင်။ထီး ၅ ဆင့်ရှိသော စေတီ ၈၄၀၀၀ တည်စေပြီးသော်။ ထို စေတီတို့၌ ထိုဓာတ်တော်တို့ကို ဌာပနာ၍။ သက္ကရာဇ် ၂၂၃ ခု နှစ်၌ ကျောင်းပူဇော်ခြင်းကိုပြုအံ့ဟု ပါဋလိပုတ်မြို့၌၊ ဤနေ့မှခုနစ်ရက်မြောက် သောနေ့၌ ငါ့ကျောင်းပူဇော်ခြင်းသည် ဖြစ်လတ္တံ့။ ခပ်သိမ်းသော မြို့သူမြို့ သားတို့အား ရှစ်ပါးသောသီလတို့ကိုဆောက်တည်စေ။ မြို့တွင်း၌၎င်း၊ မြို့ပ၌၎င်း၊ ကျောင်းပူဇော်ရန် လှူဘွယ်တန်းခင်းတို့ကိုစီရင်စေဟု စည် လည်စေ၍။ ခုနစ်ရက်လွန်သဖြင့်၊ ခပ်သိမ်းသော ဇာန်ဆာတို့ဖြင့် တင့် တယ်သော၊အသိန်းမကသော အင်္ဂါလေးပါးရှိသောစစ်သည်ဖြင့်ခြံရံ လျက်။ တာဝတိံသာနတ်ပြည်၏ အသရေထက် လွန်မြတ်သောအသ ရေကဲ့သို့၊ တမြို့လုံးကို ပြုစေသဖြင့်၊ အာထုတ်ခြင်းနှင့် တကွဖြစ်သော လူများအပေါင်းဖြင့်၊ တန်ဆာဆင်ခြင်းနှင့်စုံသောမြို့ကိုပတ်ပတ်လည် လျက် ကျောင်းသို့သွား၍၊ ရဟန်းသံဃာ၏အလယ်၌ရပ်၏။ ထိုခဏ၌ အလှူခံစည်းဝေးကုန်သော ရဟန်းတို့သည် အကုဋေရှစ်ဆယ်အရေ အတွက်ရှိကုန်၏။ ရဟန်းမိန်းမတို့သည် ကိုးသန်းခြောက်သိန်း အရေ အတွက်ရှိကုန်၏။ ထိုအစည်းအဝေး၌ ရဟန္တာချည်း တသိန်း အရေ အတွက်ရှိ၏။ထိုရဟန်းတို့အား အကယ်၍တည်း ဤမင်းကြီးသည် မိမိ ကောင်းမှုဖြစ်သော ကျောင်း ၈၄၀၀၀ တို့ကို အကြွင်းမဲ့ မြင်ငြားအံ့။ အလွန်လျှင် မြတ်စွာဘုရားသာသနာတော်၌ ကြည်ညိုရာ၏ဟု အကြံရှိ သည်ဖြစ်၍ လောကဝိဝရဏပြာဋိဟာကိုပြုကုန်၏။ မင်းကြီးသည် အ သောကာရာမကျောင်း၌တည်၍ အရပ်လေးမျက်နှာကို ကြည့်သည်ရှိ သော် ရေအဆုံးရှိသော ဇမ္ဗူဒီပါကျွန်းကိုမြင်၍၊ ပြန့်ပြောစွာစေတီနှင့် တကွ ကျောင်းပူဇော်ခြင်းဖြင့် တင့်တယ်ကုန်သော။ ၈၄၀၀၀ သော မြို့တို့၌ ၈၄၀၀၀ သောကျောင်းတို့ကိုမြင်ကုန်၏။ ။

---

www.dhammaransi.com



## ၉၉။ သီရိဓမ္မာသောကမင်းကြီးသည်၊သားတော် မဟိန္ဒ၊သမီးတော်သင်္ဃမိတ္တာတို့ကိုသာသနာတော်သို့သွင်း၍ သာသနာအမွေခံတော်မူသည်ကိုပြရာ။

ထိုမင်းသည် ထိုတင့်တယ်ခြင်းကိုရှုလျက်။ များစွာသော နှစ်သက်ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံသည် ဖြစ်၍။ ငါမှတပါး တစုံတယောက်သောသူအားလည်း ဤသို့သဘောရှိသောနှစ်သက်ဝမ်းမြောက်ခြင်းသည် ဖြစ်ဘူးသောမည်သည်ရှိသလောဟု ကြံလျက်။ အရှင်ဘုရားတို့၊လှူသုံးပါးတို့ ကိုးကွယ်ရာ ဖြစ်သော မြတ်စွာဘုရား၏ သာသနာတော်၌ အဘယ်သူသည် ကြီးစွာသောစွန့်ကြဲခြင်းကိုစွန့်ကြဲဘူးသနည်း။ အဘယ်သူ၏ စွန့်ကြဲခြင်းသည် ကြီးမြတ်သနည်းဟု ရဟန်းသံဃာတို့ကို မေး၏။ရဟန်းသံဃာတို့သည် မောဂ္ဂလိပုတ္တတိဿမထေရ်အား ထိုမင်း၏ ပြဿနာကိုဖြေစေခြင်းငှါဝန်ပြု၏။ မထေရ်သည်ဆို၏။ မြတ်သောမင်းကြီး၊ မြတ်စွာဘုရား၏သာသနာတော်၌ ပစ္စည်းလေးပါးကို လှူသောသူမည်သည်ကား သင်မင်းကြီးနှင့် တူသောသူမည်သည် မြတ်စွာဘုရားကိုယ်တော် ထင်ရှားရှိသောအခါ၌လည်း မရှိ။ သင်မင်းကြီး၏ စွန့်ကြဲခြင်းသည်သာလျှင် မြတ်၏ဟူ၍ဆို၏။ မင်းကြီးသည် မထေရ်၏စကားကိုကြား၍ များမြတ်သောနှစ်သက်ဝမ်းမြောက်ခြင်းနှင့်တွေ့သောကိုယ်ရှိသည်ဖြစ်၍၊ ငါနှင့်တူသော ပစ္စည်းလေးပါးဒါယကာမည်သည် မရှိ။ ငါ၏စွန့်ကြဲခြင်းသည်သာလျှင် ကြီးမြတ်၏။ ငါသည် ပစ္စည်းလေးပါးဖြင့် သာသနာတော်ကိုချီးမြှောက်၏။ အသို့နည်း၊ငါသည်ဤသို့ချီးမြှောက်ပါသည်ရှိသော် သာသနာတော်၏အမွေခံသည်ဖြစ်ရအံ့သလော၊ မဖြစ်ရလောဟုကြံလျက်၊ အရှင်ဘုရားတို့၊ အကျွန်ုပ်သည် သာသနာတော်၏အမွေခံသည်ဖြစ်ရပါအံ့လောဟု ရဟန်းသံဃာကိုမေး၏။ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် မင်းကြီး၏စကားကို ကြား၍၊ သားတော်မဟိန္ဒ၏ ဥပနိဿယနှင့် ပြည့်စုံသော အဖြစ်ကို ရှုလျက်။ ဤမင်းသားသည် သာသနာတော်၌အကယ်၍ရဟန်းပြုအံ့။သာသနာတော်အလွန်ပြန့်ပွါးခြင်းသည်ဖြစ်သတတ်ဟု ကြံ၍ ဤသို့မိန့်တော်မူ၏။ မြတ်သောမင်းကြီး၊ ဤသို့လှူဒါန်းကာမျှဖြင့် သာသနာဒါယကာ မဖြစ်ရသေး။ စင်စစ်ကား၊ ပစ္စည်းဒါယကာဟူ၍သော်ရင်း၊ အလုပ်အကျွေး ဒါယကာဟူ၍

www.dhammaransi.com



သော်ရင်း ဆိုအပ်၏။ မြတ်သောမင်းကြီး၊ အကြင်သူသည် မြေကြီးမှ ဖြပ်ဟွာ့ပြည်တိုင်အောင်ပတ္တည်းလေးပါးကိုရပုံ၍လူ့အံ့။ ထိုသူသည် သာသနာတော်၌ အမွေခံဟူသောအခေါ်အဝေါ်သို့ မရောက်ဟူ၍ မိန့်တော်မူသော်။ ထိုသို့မူကား အရှင်ဘုရား၊အဘယ်သူသည်လျှင် သာသနာတော်၏အမွေခံဖြစ်ရအံ့နည်းဟူ၍ လျှောက်၏။ မြတ်သောမင်းကြီး၊ အကြင်အမှတ်မရှိသောသူသည် မိမိရင်၌ဖြစ်သော သားကို သာသနာတော်၌ ရဟန်းပြု၏။ ဤသူကိုသာလျှင် သာသနာတော်၏အမွေခံဟူ၍ဆိုအပ်၏ဟု မိန့်တော်မူသော်။ မင်းကြီးသည် ငါသည် ဤသို့ သဘောရှိသော ကိုးဆဲ့ခြောက်ကုဋေမျှသော အသပြာတို့ကို စွန့်၍ အလှူကြီးစွာပေးပါသော်လည်း၊ သာသနာတော်၏ အမွေခံအဖြစ်သို့ မရောက်ပါသေးဟု သာသနာတော်၌ အမွေခံ၏အဖြစ်ကို တောင့်တလျက် ထိုမှဤမှကြည့်သော်၊ အနီး၌တည်သော သားတော်မဟိန္ဒမင်းသားကိုမြင်၍၊ ငါသည် စင်စစ်သဖြင့် ဤမင်းသားကို ငါ၏ညီတော်တိဿမင်းသား ရဟန်းပြုသောအခါမှစ၍ အိမ်ရှေ့အရာ၌ ထားလို၏။ အိမ်ရှေ့မင်း၏အဖြစ်ထက်လည်း ရဟန်း၏အဖြစ်သည်သာလျှင်လွန်မြတ်၏ဟုကြံ၍ မင်းသားကို။ ချစ်သားမဟိန္ဒ၊ သင်သည် ရဟန်းပြုခြင်းငှါ တတ်နိုင်ပါလတ္တံ့လောဟူ၍ ဆို၏။ မဟိန္ဒမင်းသား သည်လည်း၊ မိမိသဘောအားဖြင့် ဘထွေးတော်တိဿမင်းသား ရဟန်းပြုသောကာလမှ စ၍ ရဟန်းပြုလိုသည်ဖြစ်၍လျှင် ခမည်းတော် မင်းကြီး၏ စကားကို ကြား၍ အတိုင်းထက်အလွန်ဝမ်းမြောက်သည်ဖြစ်၍။ အရှင်မင်းကြီး၊အကျွန်ုပ်သည် ရဟန်းပြုပါအံ့။အကျွန်ုပ်ကိုရဟန်းပြု၍ အရှင်မင်းကြီးသည် သာသနာတော်၏ အမွေခံဖြစ်တော်မူလော့ဟူ၍မဟိန္ဒမင်းသားလျှောက်၏။ထိုအခါ သမီးတော်သင်္ဃမိတ္တာသည်လည်း မင်းကြီး၏အနီး၌တည်၏။ထိုသင်္ဃမိတ္တာ၏လင်ဖြစ်သော အဂ္ဂိဗြဟ္မာမင်းသား သည်လည်း အိမ်ရှေ့အရာ ထားသောညီတော်တိဿမင်းသားနှင့်အတူတကွရဟန်းပြုလေ၏။ချစ်သမီး၊ သင်သည်လည်း ရဟန်းပြုနိုင်ပါလတ္တံ့လောဟူ၍ မင်းကြီး မေးသော်။ ခမည်းတော်မင်းကြီး၊ကောင်းပြီ၊တတ်နိုင်ပါ၏ဟုလျှောက်သဖြင့်၊ မင်းကြီးသည် သားတော်သမီးတော်တို့၏စိတ်ကိုရ၍၊ ရွှင်လန်းဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ ရဟန်းသံဃာကို။ အရှင်ဘုရားတို့၊ ဤသူငယ်တို့ကိုရဟန်းပြု၍ အကျွန်ုပ်ကိုသာသနာတော်၌ အမွေခံကိုပြုတော်မူပါ

www.dhammaransi.com



ကျန်ဟူ၍ရဟန်းသံဃာကိုလျှောက်၏။ ရဟန်းသံဃာလည်း ကောင်းပြီဟုဝန်ခံ၍။ အရှင်မောဂ္ဂလိပုတ္တတိဿကိုဥပဇ္ဈာယ်ဆရာပြုစေ၍။ မဟာဒေဝမထေရ်ကို သိက္ခာပကဆရာ ပြုစေ၍။ မဟိန္ဒမင်းသားကို သာမဏေပြု၏။ ထိုအခါ၌ မဟိန္ဒမင်းသားသည် အသက်နှစ်ဆယ်ပြည့်သည်ဖြစ်၍ သာမဏေ ပြုပြီးလျှင်ပင် မဇ္ဈန္တိကမထေရ် ကမ္မဝါစာ ဆရာဖြင့် ပဉ္စင်းခံပြန်၏။ အရှင်မဟိန္ဒမထေရ်သည် ခမည်းတော်မင်းကြီး အဘိသိက်ခံ၍ ခြောက်နှစ်မြောက်၊ အဓောတသတ်မင်းထားသော သာသနာတော်သက္ကရာဇ် ၂၂၃ ခုနှစ်၌ ပဉ္စင်းခံ၏။ ထိုအရှင်မဟိန္ဒမထေရ်သည် ပဉ္စင်းခံသောသိမ်အပြင်၌ပင် ပဋိသမ္ဘိဒါတို့နှင့်တကွ ရဟန္တာအဖြစ်သို့ရောက်၏။သင်္ဃမိတ္တာအားလည်း သိက္ခာပကဆရာအာယုပါလိထေရီမဖြင့်၊ဥပဇ္ဈာယ်ဆရာ ဓမ္မပါလိထေရီမဖြင့် သာမဏေပြု၏။ ပဉ္စင်းလည်းခံ၏။ ထိုအခါသင်္ဃမိတ္တာကား ၁၈ နှစ်သာရှိ၏။ သာမဏေရီကရဟန်းပြု၍ပြီးကာမျှဖြစ်သောသင်္ဃမိတ္တာကို ထိုသိမ်အပြင်၌ပင် ပဉ္စင်းသိက္ခာ၌တည်စေကုန်၏။ အိမ်ရာကျပြီးသောမင်းသမီးဖြစ်သောကြောင့်။ အသက်နှစ်ဆယ်ပြည့်သည် မပြည့်သည်ဟူ၍ မစိစစ်ရပြီ။ ထိုမောင်နှမရဟန်းပြုသောနှစ်သည် ခမည်းတော်ဓမ္မာသောကမင်းကြီး အဘိသိက်သွန်း၍ ၆ နှစ်မြော်သောနှစ်တည်း။ ။အရှင်မဟိန္ဒမထေရ်သည် ပဉ္စင်းအဖြစ်သို့ရောက်သည်မှစ၍ ဥပဇ္ဈာယ်ဆရာအရှင်မောဂ္ဂလိပုတ္တတိဿမထေရ်၏အထံ၌၊ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းကိုသင်သော်။ သင်္ဂါယနာနှစ်တန်တင်အပ်သော၊ ပိဋကတ်သုံးပုံဖြင့် သင်္ဂြိုဟ်အပ်သော၊ အဋ္ဌကထာနှင့်တကွဖြစ်သောအလုံးစုံသောထေရဝါဒကို သုံးနှစ်တို့၏အတွင်း၌တတ်အောင် သင်၍ ဥပဇ္ဈာယ်ဆရာ၏ တပည့် ဖြစ်ကုန်သော တထောင်မျှလောက်ကုန်သောရဟန်းတို့၏အကြီးဖြစ်၏။ ။

---

### ၁၀၀။ သာသနာတော်၌တိတ္ထိတို့ကြောင့်အဓိကရဏ်းကြီးစွာဖြစ်ခြင်း၊ထိုအဓိကရဏ်းကိုနှိပ်လျက်၊ရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်စသောရဟန္တာတထောင်တို့၊တတိယသင်္ဂါယနာတင်တော်မူကြခြင်းတို့ကိုပြရာ။

ဓမ္မာသောကမင်းကြီး အဘိသိက်သွန်း၍ ၅ှစ်နှစ်မြောက်သောနှစ်၌။ ကောဏ္ဍပုတ္တတိဿထေရ်သည် အနာကိုဆေးကုစဉ်သော၌။ ညီတော်

www.dhammaransi.com



သုမိတ္တမထေရ်ကို ပါဋလိပုတ်မြို့တွင်းသို့ဝင်၍ ဆွမ်းခံဝတ်ဖြင့်တုလက် ဘက်မျှသောထောပတ်ကို ရှာစေသည်ရှိသော် မရ၍၊ အနာအားကြီး သဖြင့် အာယုသင်္ခါရ ကုန်သည် ဖြစ်၍၊ ရဟန်းသံဃာကို အပ္ပမာဒ တရားဖြင့် ဆုံးမ၍၊ အဘိညာဉ်၏ အခြေဖြစ်သော ရှုပါဝစရကြွယာ ပစ္စမဈာန်ကို ဝင်စား၍၊ ကောင်းကင်ထက်သို့ ပျံတက်၍။ ထက်ဝယ် ပလ္လင်ဖြင့်နေ၍၊ တေဇောကသိုဏ်းလျှင် အာရုံရှိသောဈာန်ကိုဝင်စား၍ ပရိနိဗ္ဗာန်ပြု၏။ ထိုအကြောင်းကိုခင်းကြီးကြား၍၊ မထေရ်၏အလောင်း တော်ကို ကြီးစွာသောပူဇော်သက္ကာရဖြင့် သင်္ဂြိုဟ်၍။ ငါသို့သောသူ သည် မင်းအဖြစ်ကိုပြုပါလျက် အရှင်ကောင်းတို့အား ပစ္စည်းရခဲခြင်း သည်ဖြစ်လေဘို့၏ဟုကြံ၍၊ မြို့တံခါးလေးပေါက်တို့၌ လေးထောင့်ရေ ကန်တို့ကိုတူးစေ၍၊ဆေးဖြစ်သော ထောပတ် များ တင်လဲတို့ဖြင့် ပြည့် စေ၍ စတုဒိသာ သံဃာအား လှူ၏။ ထိုရောအခါ ပါဋလိပုတ် မြို့တွင် တံခါးလေးပေါက်တို့၌ လေးသိန်းသောအသပြာတို့သည်အခွန်အလို့ငှါ တက်ကုန်၏။ မြို့လယ်သဘင်၌ တသိန်းသောအသပြာတို့သည် တက် ကုန်၏။ ဤသို့အားဖြင့် နေ့တိုင်း နေ့တိုင်း ငါးသိန်း ငါးသိန်းကုန်သော အသပြာတို့သည် အခွန်တက်ကုန်၏၊ ထိုအသပြာ ဥစ္စာတို့မှ တသိန်း သောအသပြာကို နိဂြောဓထေရ်အား စွန့်၏။ မြတ်စွာဘုရား၏စေတီ တော်၌ ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်စေခြင်းငှါ တသိန်းသောအသ ပြာကို စွန့်၏။ တရားတော်အား တသိန်းသောအသပြာကို စွန့်၏။ ထို အသပြာကို တရားတော်ကို ဆောင်ကုန်သော အကြားအမြင်များကုန် သော ရဟန်းတို့အား ပစ္စည်းလေးပါးအလို့ငှါ ဆောင်အပ်၏။ သံဃာ တော်အား အသပြာတသိန်းကိုစွန့်၏။ မြို့တံခါးလေးပေါက်တို့၌ အသ ပြာတသိန်းကိုစွန့်၏။ ဤသို့လျှင် သာသနာတော်၌ပြန့်ပြောသောလာဘ် သပ္ပကာပူဇော်သက္ကာရသည် ဖြစ်၏။ ။ထိုရောအခါ တိတ္ထိတို့သည် ယုတ်သောလာဘ်သပ္ပကာရှိကုန်သည်ဖြစ်၍ အယုတ်သဖြင့် ဝမ်းဝရုံမျှ ကိုသည်း မရကုန်သည် ဖြစ်ရကား။ လာဘ်သပ္ပကာကို တောင့်တကြ ကုန်သဖြင့် သာသနာတော်၌ရဟန်းပြုကြကုန်လျက်။မိမိမိမိတို့၏တိတ္ထိ အယူတို့ကို ဤသည်ကား သုတ် အဘိဓမ္မာ၊ဤသည်ကား ဝိနည်းဟူ၍ ပြကုန်၏။ ရဟန်းအဖြစ်ကိုမရကုန်သောတိတ္ထိတို့သည် မိမိတို့အလိုလို ဦးပြည်း ရိတ်ကုန်လျက် ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ကုန်၍

www.dhammaransi.com



ကျောင်းတိုက်၌သွားလာကုန်လျက်။ ဥပုသ်ကံပြုရာသို့ရင်း၊ ပဝါရဏာကံ
ပြုရာသို့ရင်း ဝင်ကုန်၏။ ရဟန်းကောင်းတို့သည် ထိုတိတ္ထိတို့နှင့် အတူ
တကွ ဥပုသ်မပြုကုန်ဘဲ၊ ပဝါရဏာမပြုကုန်ဘဲ၊ သံဃာကံမပြုကုန်ဘဲ
နေကြကုန်၏။အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် ယခုအခါ၌အဓိ
ကရုဏ်းဖြစ်ပြီ။ ဤအဓိကရုဏ်းသည် မကြာမြင့်မီပင်လျှင် ကြမ်းထမ်း
သည်ဖြစ်လတ္တံ့။စင်စစ် ဤအဓိကရုဏ်းကို ဤသူတို့၏အလယ်၌နေသ
ဖြင့် ငြိမ်းစိမ့်သောငှါ မတတ်ကောင်းဟုကြံ၍။ အရှင်မဟိန္ဒမထေရ်အား
ဂိုဏ်းကိုနှင်းခဲ့၍။မိမိသည် ချမ်းသာစွာနေခြင်းဖြင့်နေလိုသည်ဖြစ်၍ အ
ဟောဂင်္ဂါမည်သောတောင်သို့ကြွလေ၏။တိတ္ထိတို့သည်လည်းရဟန်း
သံဃာတို့သည် တရားဖြင့်၊ ဝိနည်းဖြင့်၊ မြတ်စွာဘုရား၏ အဆုံး အမ
တော်ဖြင့်နှိပ်ကုန်သော်လည်း။ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းနှင့်လျော်သော
အကျင့်၌မတည်ကုန်မူ၍၊ တပါးမကများသောသဘောရှိသော သာသ
နာတော်၏ဘေးရန်ကိုရင်း၊ အညစ်အကြေးကိုရင်း၊ အဆူးကိုရင်း၊ ဖြစ်
စေကြကုန်၏။ အချို့သောတိတ္ထိတို့သည် မီးကိုလုပ်ကျွေးကုန်၏။ အချို့
သောတိတ္ထိတို့သည် ငါးပါးသော အပူခံခြင်း အကျင့်ကို ကျင့်ကုန်၏။
အချို့သောတိတ္ထိတို့သည် နေကို အစဉ်လိုက်ကုန်၏။ အချို့သောတိတ္ထိ
တို့သည် သင်တို့၏သုတ်,အဘိဓမ္မာဝိနည်းတို့ကို ဖျက်ကုန်အံ့ဟူ၍ ခြိမ်း
ခြောက်ကုန်၏။ ထိုအခါ ရဟန်းသံဃာသည် တိတ္ထိတို့နှင့် အတူတကွ
ဥပုသ်ကိုရင်း၊ ပဝါရဏာကိုရင်း၊မပြုကုန်ပြီ။ အသောကာရာမကျောင်း
၌ ခုနစ်နှစ်ပတ်လုံး ဥပုသ်ပြတ်၏။ထိုအကြောင်းကို မင်းကြီးအားကြား
ကုန်၏။ မင်းကြီးသည် အမတ်တယောက်ကို ခေါ်ပြီးလျှင် ကျောင်းသို့
သွားချေ။ ထိုအဓိကရုဏ်းကို ငြိမ်းစေ၍ ဥပုသ်ကိုပြုစေလေ့ဟူ၍ စေ
၏။အမတ်သည် မင်းကို တဘန်မေးအံ့သောငှါမဝံ့သည်ဖြစ်၍။ အမတ်
တယောက်သို့ကပ်၍၊ အချင်း၊ မင်းကြီးသည် ငါ့ကို ကျောင်းသို့သွား၍
အဓိကရုဏ်းကို ငြိမ်းစေသဖြင့် ဥပုသ်ပြုစေလေ့ဟူ၍စေ၏။ အဘယ်
သို့ငြိမ်းစေရအံ့နည်းဟူ၍ မေး၏။ ထိုမေးအပ်သောအမတ်သည် ဤသို့
ဆို၏။ ဥပမာသော်ကား။ ပစ္စန္တရစ်ကိုငြိမ်းစေသည့်ရှိသော် ခိုးသူတို့ကို
သတ်၍ငြိမ်းစေသကဲ့သို့။ ထိုအတူ အကြင်ရဟန်းတို့သည် ဥပုသ်မပြု
ကုန်၊ ထိုရဟန်းတို့ကိုမင်းကြီးသည်သတ်စေလိုသည်ဖြစ်လတ္တံ့။ ဤသို့
ငါတို့သည် မှတ်ထင်ကုန်၏ဟုဆို၏။ထိုအခါ ထိုအမတ်သည် ကျောင်း

www.dhammaransi.com



သို့သွားပြီးလျှင် ရဟန်းသံဃာကို စည်းဝေးစေ၍။ငါ့ကို မင်းကြီးသည် ဥပုသ်ပြုစေလော့ဟူ၍စေ၏။ ယခုအခါ၌ အရှင်ဘုရားတို့သည် ဥပုသ်ကိုပြုကုန်လော့ဟူ၍ဆို၏။တိတ္ထိတို့နှင့်တကွ ငါတို့သည် ဥပုသ်မပြုကုန်ဟုရဟန်းတို့ဆိုကုန်၏။အမတ်သည်မထေရ်ကြီးနေရာမှစ၍ သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်ကာဖြတ်ကာလာသဖြင့် ဖြတ်အံ့သော၌ တဘန်အားထုတ်ပြန်၏။ ထိုရောအခါ၌ တိဿမထေရ်သည် ချွတ်ယွင်းသောအကျင့်ရှိသော ထိုအမတ်ကိုမြင်၍။ မင်းကြီးသည် မထေရ်တို့ကိုသတ်စေခြင်း၌ မစေရာ။ စင်စစ်မချွတ် အမတ်၏သာလျှင် မကောင်းသောအယူသည်ဖြစ်လတ္တံ့ဟုကြံ၍။နေရာမှထ၍သွား၍ ထိုအမတ်၏အနီးဖြစ်သောနေရာ၌နေ၏။ထိုအမတ်သည်အရှင်တိဿမထေရ်ကိုသိ၍ထားကိုချအံ့သော၌မဝံ့သည်ဖြစ်၍သွား၍မင်းကြီးအားလျှောက်လေ၏။ ။

တိဿမထေရ်ဟူသည်ကား ဟူဟူညားညားသောသူမဟုတ်။ဓမ္မာသောကမင်း၏ တမိတည်းဘွားဖြစ်သော ညီတော်တည်း။ အဘိသိက်သွန်းပြီးသော မင်းကြီးသည် ထိုညီတော် တိဿမင်းသားကို အိမ်ရှေ့မင်းအရာ၌ထား၏။ ထိုအိမ်ရှေ့မင်းသည် တနေ့သ၌ တောလည်သည်ရှိသော် စိတ်လိုလက်လွန့် တောမြိုင်ဦးဝယ်မြူးတူးကစားကြကုန်သောများစွာသော သမင်အပေါင်းတို့ကို မြင်၍၊ မြက်ကိုစားသော သမင်တို့စင်လျက်လည်း ဤသို့ကစားကုန်သေး၏။ ဤရဟန်းတို့သည်ကား မင်းအိမ်တော်၌ မြိန်မြတ်သောဘောဇဉ်တို့ကိုစားကုန်၍၊ နူးညံ့သောအိပ်ရာတို့၌အိပ်ကုန်လျက် အဘယ်ကြောင့်လျှင် ကစားမြူးတူးခြင်းကိုမပြုကုန်လတ္တံ့နည်းဟုကြံ၏။ထိုမင်းသားသည်တောမှပြန်လာ၍ မိမိ၏အကြံကိုမင်းကြီးအား ကြားလျှောက်လေ၏။ မင်းကြီးလည်း ဤတိဿမင်းသားသည်အရာမဟုတ်သည်၌ အလိုလိုကိုပြုဘိ၏။ယခုထိုတိဿကိုသိစေအံ့ဟုကြံ၍။တနေ့သ၌ တစုံတခုသောအကြောင်းဖြင့် အမျက်ထွက်သကဲ့သို့ပြု၍။ တိဿ၊လာလှည့်၊သင်သည်ခုနစ်ရက်ပတ်လုံးမင်းပြုလော့။ခုနစ်ရက်လွန်ပြီးသည်မှနောံ၌ သင့်ကိုသတ်အံ့ဟု သေဘေးဖြင့်ခြိမ်းချောက်၍ ထိုအကြောင်းကို သိစေ၏။ ထိုမင်းသားသည်ကား ခုနစ်ရက်လှည်သောအခါငါ့ကိုသတ်လတ္တံ့ဟုစိတ်ရှိသည်နှင့်လျော်စွာမစားမသောက်မအိပ်သဖြင့် အလွန်လျှင် ခေါင်းပါးသောကိုယ်ရှိသည်ဖြစ်၏။ ထိုအခါမင်းသားကို တိဿ၊အဆယ့်ကြောင့် သင်သည် ဤကဲ့သို့ဖြစ်သနည်းဟု

မင်းကြီးမေးသော်။ အရှင်မင်းကြီး၊ သေခြင်းမှ ကြောက်သောကြောင့် ဟု လျှောက်၏။ ထိုသို့ လျှောက်သောအခါ အချင်းတိဿ၊ သင်သည် လျက်လည်း ပိုင်းခြားခြင်းနှင့်တကွ ဖြစ်သော သေဘေးကို မြင်သဖြင့် စိတ်ရှိသည်နှင့်လျော်စွာ လွတ်လွတ်မကစား။ ဤရဟန်းတို့သည်ကား ထွက်သက် ဝင်သက်နှင့် စပ်သော သေခြင်းကို ရှုကုန်လျက် အဘယ့်ကြောင့်လျှင် ကစားကုန်လတ္တံ့နည်းဟုဆို၍ အကြောင်းကိုသိစေ၏။ထို နေ့မှစ၍အိမ်ရှေ့မင်းတိဿသည် သာသနာတော်၌ကြည်ညို၏။ ။ထို အိမ်ရှေ့မင်းသည် တနေ့သ၌ သမင်တောဝယ် လှည့်ပတ်ပျော်ပါးသွား လာသည်ရှိသော်။ ဆင်ပြောင်တခုသည် အင်ကြင်းခက်ကို နှာမောင်း ဖြင့် ကိုင်၍ ယပ်လေခပ်လျက် နေသော ယောနက မဟာဓမ္မရက္ခိတ မထေရ်ကိုမြင်၍၊ ဝမ်းမြောက်ဝမ်းသာသဒ္ဓါခြင်းရှိသည်ဖြစ်၍၊ အဘယ် အခါ၌လျှင် ဤမထေရ်ကဲ့သို့ ငါသည်လည်းရဟန်းပြုပါရအံ့နည်းဟုကြံ ၏။ ထိုအိမ်ရှေ့မင်း၏အလိုကိုမထေရ်သိ၍ ဤမင်းသားသည် ဤအရပ်မှ ပင်မြင်စေသတည်းဟုဓိဋ္ဌာန်တော်မူ၍ မင်းသားမြင်စဉ် ကောင်းကင်သို့ ပျံ၍၊ အသောကာရာမကျောင်း ရေကန်၌ ရေအပြင်၌ရပ်လျက်။ သင်း ပိုင်ကိုရင်း၊ကိုယ်ဝတ်ကိုရင်း၊ကောင်းကင်၌ဆွဲ၍ ရေချိုးတော်မူ၏။ အိမ် ရှေ့မင်းသည် မထေရ်၏အာနုဘော်ကိုမြင်၍ အလွန်လျှင် ကြည်ညို၍၊ ယနေ့ပင် ရဟန်းပြုအံ့ဟု အိမ်သို့ ပြန်၍ မင်းကြီးအား။ အရှင်မင်းကြီး၊ အကျွန်ုပ်ရဟန်းပြုပါတော့အံ့ဟူ၍ လျှောက်၏။ မင်းကြီးသည် များစွာ သော အကြောင်းတို့ဖြင့် တောင်းပန်တားမြစ်သော်လည်း ထိုညီတော် မင်းသားကို ဆုတ်နစ်စိမ့်သောငှါ မတတ်နိုင်ရကား အသောကာရာမ ကျောင်းသို့သွားသော ခရီးကို တန်ဆာဆင်စေ၍၊ မင်းသားကို ကချေ သည်တို့၏အသွင်ကိုယူစေလျက်၊ တန်ဆာဆင်အပ်သော စစ်အင်္ဂါလေး ပါးဖြင့်ခြံရံ၍ အသောကာရာမကျောင်းသို့ ပို့လေ၏။ မင်းသားပျိုသည် ရဟန်းပြုလတ္တံ့ဟုကြား၍။ များစွာသောရဟန်းတို့သည် များစွာသော သပိတ် သင်္ကန်းတို့ကို စီရင်ကုန်၏။ မင်းသားသည် ကမ္မဋ္ဌာန်းအိမ်သို့ သွား၍ ယောနကတိုင်းသား မဟာဓမ္မရက္ခိတမထေရ်၏ အထံ၌လျှင် မင်းချင်းယောက်ျားတသိန်းနှင့်တကွ ရဟန်းပြု၏။ အိမ်ရှေ့မင်း ရဟန်း ပြုသည်ကိုအစဉ်လိုက်၍ရဟန်းပြုကြကုန်သောသူတို့သည်ကားအပိုင်း အခြားမရှိသည်သာလျှင်တည်း။ ညီတော်တိဿအိမ်ရှေ့မင်းသည် ဓမ္မာ

www.dhammaransi.com



သောကမင်းကြီးအဘိသိက်သွန်း၍ လေးနှစ်မြောက်၌ရဟန်းပြု၏။ မင်းကြီး တူတော်ဖြစ်သော၊ သမီးတော် သင်္ဃမိတ္တာ၏ လင်ဖြစ်သော အဂ္ဂိ ဗြဟ္မာမင်းသားသည်လည်း သင်္ဃမိတ္တာအား သားတယောက်သာဘွား ကာမျှ၌ အိမ်ရှေ့မင်းရဟန်းပြုပြီဟုကြားလျှင် မင်းကြီးကို ခွင့်တောင်း၍ အခွင့်ရသဖြင့် ထိုနေ့၌ပင် ရဟန်းပြုလေ၏။ ဤသို့ မင်းချင်းယောကျ်ား တသိန်းနှင့်တကွရဟန်းပြုသောညီတော်တိဿမထေရ်တည်း။ ။

ထိုအမတ်သည်လာ၍ အရှင်မင်းကြီး၊ ဥပုသ်မပြုလိုသော၍မျှသော ရဟန်းတို့၏ ဦးခေါင်းကို ချအပ်ပြီ။ ယခု ညီတော်တိဿမထေရ်၏အ လှည့်သို့ ရောက်ပြီ။ အသို့ပြုရအံ့နည်းဟု ကြားလျှောက်၏။ ထိုသို့ကြား လျှောက်သောစကားကိုမင်းကြီးကြားလျှင် ဟယ်အချင်းနှင့်ကိုငါသည် ရဟန်းတို့ကိုသတ်စိမ့်သော့ငှါ စေအပ်သလောဟုဆိုလျက်။ ထိုခဏ၌ သာလျှင် မင်းကြီး၏ကိုယ်၌ ပြင်းစွာဖြစ်သောပူလောင်ခြင်းရှိသည်ဖြစ် သောကြောင့်။ကျောင်းသို့သွား၍၊အရှင်ဘုရားတို့၊အကျွန်ုပ်သည် သတ် ချေဟူ၍မစေပါဘဲလျက် အမတ်ရိုက်သည် ဤသို့ပြုဘိ၏။ဤမကောင်းမှု သည် အဘယ်သူအားဖြစ်ရာသနည်းဟုမထေရ်ကြီးတို့ကိုမေး၏။အချို့ သောမထေရ်တို့သည် ဤအမတ်သည် သင်မင်းကြီး၏စကားကြောင့် ပြု၏။ ဤမကောင်းမှုသည် သင်မင်းကြီး၏အပေါ်၌ဖြစ်၏ဟု ဆိုကုန်၏။ အချို့သောမထေရ်တို့သည်ကား ဤမကောင်းမှုသည် နှစ်ယောက်ကုန် သောသူတို့၏အပေါ်၌ဖြစ်၏ဟုဆိုကုန်၏။ အချို့သောမထေရ်တို့သည် ကားမင်းကြီး၊ကျောင်းသို့သွား၍ရဟန်းတို့ကိုသတ်စေခြင်းငှါဤအမတ် ကို သင်မင်းကြီးသည် စေသလော။ သင်မင်းကြီး၌ သတ်စေလိုသော စိတ်ရှိသလောဟု မေးကုန်၏။ ထိုသို့ မေးသော အခါ၊ မင်းကြီးသည် အရှင်ဘုရားတို့၊ အကျွန်ုပ်သည် ရဟန်းတို့ကို သတ်စေလို သေစေလို သောစိတ်ရှိ၍ စေသည်မဟုတ်၊ အကျွန်ုပ်သည် ကောင်းမှုကိုအလိုရှိ၍ သာစေပါ၏။ အညီအညွတ်သံဃာသည်ဥပုသ်ကိုပြုပါစေသတည်းဟု စေပါ၏ဟုလျှောက်သော်။ အကယ်၍ သင်မင်းကြီးသည် ကောင်းမှုကို သာ အလိုရှိ၍ စေသည်ဖြစ်ပါအံ့။ ဤမကောင်းမှုသည် သင်မင်းကြီး၏ အပေါ်၌မဖြစ်။အမတ်၏အပေါ်၌သာလျှင်ဤမကောင်းမှုသည်ဖြစ်၏ဟု ဆိုကုန်၏။ မင်းကြီးသည် မှုလုံးနှစ်ခွဖြစ်၍။ အရှင်ဘုရားတို့၊အကျွန်ုပ်၏

www.dhammaransi.com



ဤနှလုံးနှစ်ခွကိုဖျောက်၍ သာသနာတော်ကိုချီးမြှောက်ခြင်းငှါစွမ်းနိုင်သောတစုံတယောက်သောရဟန်းသည်ရှိပါအံ့လောဟု မေးလျှောက်၏။ မင်းကြီး၊ အရှင်မောဂ္ဂလိပုတ္တတိဿအမည်ရှိသော မထေရ်သည်ရှိ၏။ထိုမထေရ်ကြီးသည် ဒါယကာမင်းကြီး၏ ဤနှလုံးနှစ်ခွကိုဆုံးဖြတ်၍ သာသနာတော်ကိုချီးမြှောက်ခြင်းငှါစွမ်းနိုင်၏ဟု ရဟန်းတို့ဆိုကုန်၏။ မထေရ်သည် အဘယ်အရပ်၌ရှိလေသနည်းဟု မေးလျှောက်ပြန်သဖြင့်။ ဂင်္ဂါ၏အညာ၌ ရှိတော်မူ၏ဟုဆိုကုန်သော်။ မင်းကြီးသည် ထိုနေ့၌ပင်လျှင် တထောင်တထောင်စီ အခြံအရံရှိကုန်သော လေးပါးကုန်သော ဓမ္မကထိကရဟန်းတို့ကိုလည်း။ တထောင်တထောင်စီ မင်းချင်းယောကျ်ားအခြံအရံရှိကုန်သော လေးယောက်ကုန်သော အမတ်တို့ကိုလည်း၊မထေရ်ကိုယူ၍လာကုန်ဟုစေ၏။ ထိုရှစ်ထောင်ရှစ်ယောက်တို့သည်သွားကုန်၍ မင်းသည်ခေါ်၏ဟုဆိုကုန်၏။ မထေရ်သည်လိုက်တော်မမူ။ နှစ်ကြိမ်မြောက်လည်း မင်းသည် တထောင်တထောင်အခြံအရံ ရှိကုန်သော ရှစ်ပါးကုန်သော ဓမ္မကထိကရဟန်းတို့ကိုလည်း။ တထောင်တထောင် အခြံအရံရှိကုန်သော အမတ်ရှစ်ယောက်တို့ကိုလည်း စေပြန်၏။ ထိုတသောင်း ခြောက်ထောင် တကျိပ်ခြောက်ယောက်တို့သည် သွားကုန်၍ မင်းကြီးသည်ခေါ်၏ဟု ဆိုပြန်ကုန်သော် မထေရ်သည်မလိုက်နေပြန်၏။မင်းသည်ရဟန်းတို့ကိုအရှင်ဘုရားတို့၊အကျွန်ုပ်သည် နှစ်ကြိမ်စေအပ်ပါပြီ။အဘယ့်ကြောင့် မထေရ်သည် မလိုက်နေလေသနည်းဟုမေး၏။ မင်းသည်ခေါ်၏ဆိုသောကြောင့် မလိုက်သည်။ ရှင်ပင် ဘုရား၊ သာသနာတော်သည် နစ်ခဲ့ပြီ။ သာသနာတော်ကို ချီးမြှောက်ခြင်းငှါ အကျွန်ုပ်တို့အား အဘော်ဖြစ်တော်မူပါလော့။ ဤသို့လျှောက်သော် မထေရ်သည် ကြွတော်မူရာ၏ဟု ရဟန်းတို့ဆိုကုန်၏။ ထိုအခါမင်းကြီးသည် ရဟန်းတို့ဆိုတိုင်းမှာ၍။ တထောင်တထောင်စီ အခြံအရံရှိကုန်သော တကျိပ်ခြောက်ယောက်သောရဟန်းတို့ကိုလည်း။ တထောင်တထောင်စီ အခြံအရံရှိကုန်သော တကျိပ်ခြောက်ယောက်သောအမတ်တို့ကိုလည်းစေပြန်၍၊ အရှင်ဘုရားတို့၊မထေရ်သည်ကြီးရင့်တော်မူပြီလော။ ပဉ္စင်းပျိုပင်ဖြစ်လေသလောဟု ရဟန်းတို့ကိုမေး၏။ အသက်အရွယ်ကြီးတော်မူပြီဟု ရဟန်းတို့ဆိုကုန်သော်။အရှင်ဘုရားတို့။ ရထားပေါင်းချပ်ကိုလည်း၊ထမ်းစင်ကိုလည်းစီးတော်မူပါလတ္တံ့လော

www.dhammaransi.com



ဟုမေး၏။ မင်းကြီး၊မစီးလတ္တံ့ဟူ၍ ဆိုကုန်သေး၏။ အရှင်ဘုရားတို့၊အ
ဘယ်အရပ်၌နေသနည်းဟုမေး၍။ မင်းကြီး၊ဂင်္ဂါ၏အညာ၌နေတော်မူ
၏ဟုဆိုကုန်သေး၏။အချင်းတို့၊လှေဖေါင်တို့ကိုဖွဲ့၍ ထိုဖေါင်၌မထေရ်
ကိုနေစေ၍ကမ်းနားနှစ်ဘက်တို့၌အစောင့်အရှောက်ကိုစီရင်၍မထေရ်
ကိုဆောင်ခဲ့ကုန်လော့ဟုစေ၏။ထိုသုံးသောင်း နှစ်ထောင့် သုံးကျိပ် နှစ်
ယောက်ကုန်သောတမန်တို့သည် သွားလေကုန်၍။ မင်းကြီး၏သတင်း
စကားကိုကြားလျှောက်ကုန်၏။အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည်
ထိုသတင်းစကားကိုကြား၍။အကြင်ငါသည် ရှေးဦးကလျှင် သာသနာ
တော်ကိုချီးမြှောက်အံ့သော၌ါသာရဟန်းပြု၏။ထိုငါအား ယခုသာသ
နာတော်ကို ချီးမြှောက်ရအံ့သောအခါ ရောက်ပြီဟူ၍ စမ္မခဏ်နေရာ
ထိုင်ကိုယူ၍ထ၏။ထိုရောအခါ မထေရ်သည် ပါဋလိပုတ်ပြည်သို့နက်
ဖြန်မိုးသောက်၊ ရောက်လတ္တံ့သောညဉ့်၌ အလုံးစုံဖြူသောဆင်ပြောင်
ကြီးသည်လာ၍ မင်းကြီးဦးခေါင်းမှစ၍ သုံးသပ်၍ လက်ျာလက်၌ကိုင်
သည်ဟု မင်းကြီးအိပ်မက်မြင်နှင့်၍။ နက်ဖြန်မိုးသောက်ထ၌ အိပ်မက်
ဘတ်တတ်ကုန်သော ပုရောဟိတ်တို့အားကြားသေး၏။ အရှင်မင်းကြီး၊
ရဟန်းတည်းဟူသောဆင်ဖြူသည် ရှင်မင်းကြီး၏ လက်ျာလက်တော်
ကို ကိုင်လတ္တံ့ဟူ၍ အိပ်မက်ကိုဘတ်ကုန်၏။ ထိုခဏ၌လျှင် မထေရ်
ရောက်လာပြီဟု ကြား၍၊ ဂင်္ဂါနားသို့သွားပြီးလျှင် ရေသို့သက်၍ မင်း
ကြီး ခရီးဦးကြိုသော် ပုဆစ်ဒူးမျှလောက်သောရေ၌ မထေရ်ကို မြို၍၊
လှေမှသက်သောမထေရ်အားကိုင်စိမ့်သော၌ါ လက်ျာလက်ကိုပေး၏။
မထေရ်သည်လည်း ဤမင်းသည် ငါ့ကို ပြဿနာမေးလတ္တံ့သည်ဖြစ်
သောကြောင့် အန္တေဝါသိကပင်ဖြစ်လတ္တံ့ဟု နှလုံးသွင်းတော်မူ၍ မင်း
ကြီး၏လက်ကိုကိုင်တော်မူ၏။ မင်းကြီး၏ ထားထမ်းသောယောကျ်ား
တို့သည်လည်း။ မင်း၏လက်ကို သုံးသပ်သောသူ၏ ဦးခေါင်းကို ထား
ဖြင့်ချမြအလေ့အကျက်ဖြစ်သောကြောင့်။ မထေရ်၏ဦးခေါင်းကို ချအံ့
ဟုကြံ၍ အအိမ်မှသန်လျက်ကိုနုတ်၏၊ ထိုသို့နုတ်သောအရိပ်ကို ရေ၌
မင်းကြီးမြင်၍ ငါသည် ရှေးအခါဝယ် ရဟန်းတို့၌ချွတ်ယွင်းသောအမှု
ကြောင့်သက်သာရာကိုမျှမရ။ယခုအခါလည်း မထေရ်၌မချွတ်ယွင်းပါ
စေကုန်လင့်ဟုမင်းကြီးဆို၍။ မင်းကြီးသည် မထေရ်ကိုမိမိဥယျာဉ်သို့
ဆောင်၍ ဥယျာဉ်အပမှသုံးထပ်ရံစေလျက်အစောင့်အရှောက်ကိုထား

၍ မင်းကြီးကိုယ်တိုင်ပင်မထေရ်၏ခြေတို့ကိုဆေးပြီးလျှင် ဆီဖြင့်လိမ်းသုတ်၍ မထေရ်၏အထံ၌ နေ၍။ မထေရ်သည် ငါ၏ယုံမှားသင်္ကာကိုဖြတ်လျက်၊ ဖြစ်သောအဓိကရုဏ်းကိုငြိမ်းစေ၍ သာသနာတော်ကိုချီးမြှောက်အံ့သောငါ စွမ်းနိုင်လတ္တံ့လောဟု အလိုစမ်းလိုသဖြင့်။ ရှင်ပင်ဘုရား၊အကျွန်ုပ်သည် တခုသောပြာဋိဟာကိုမြင်လိုပါ၏ဟုလျှောက်၏။ မင်းကြီး၊အဘယ်သို့သောပြာဋိဟာကိုမြင်လိုသနည်းဟုမေး၍။ မြေလှုပ်ခြင်းကို မြင်လိုပါ၏ဟု လျှောက်သော်။ မင်းကြီး၊ အလုံးစုံသောမြေ၏လှုပ်ခြင်းကိုတည်း မြင်လိုသလော။ တစိတ်သော မြေ၏ လှုပ်ခြင်းကိုတည်းမြင်လိုသလောဟု မေးတော်မူ၍။ ရှင်ပင်ဘုရား၊ အဘယ်မြေလှုပ်ခြင်းကိုပြုနိုင်ခဲမည်နည်းဟုလျှောက်သော်။ မင်းကြီး၊ရေဖြင့်ပြည့်သောလင်ပန်း၌ အလုံးစုံသောရေ၏လှုပ်ခြင်းကိုပြုနိုင်ခဲသလော။ ထက်ဝက်သောရေ၏လှုပ်ခြင်းကို ပြုနိုင်ခဲသလောဟု မေးတော်မူ၍၊ ထက်ဝက်သောရေ၏လှုပ်ခြင်းကိုပြုနိုင်ခဲ၏ဟု လျှောက်သော်။ ထိုကဲ့သို့ရင်း မင်းကြီး၊ တစိတ်သောမြေ၏လှုပ်ခြင်းကိုပြုနိုင်ခဲ၏ဟု မိန့်တော်မူသဖြင့်။ ထိုသို့တပြီးကား ရှင်ပင်ဘုရား၊ တစိတ်သောမြေ၏ လှုပ်ခြင်းကိုမြင်လိုပါ၏ဟုလျှောက်၏။ ထိုသို့တပြီးကား၊ မင်းကြီး၊ ထက်ဝန်းကျင်မှတယူဇနာရှိသောအရပ်၌။ အရှေ့မျက်နှာ၌ လှည်းဘီးတဘီးဖြင့် အပိုင်းအခြားကိုနင်း၍ ရထားကိုတည်စေ။ တောင်မျက်နှာ၌ခြေနှစ်ချောင်းတို့ဖြင့်အပိုင်းအခြားကိုနင်း၍ မြင်းကိုတည်စေ။ အနောက်မျက်နှာ၌ ခြေတဘက်ဖြင့်အပိုင်းအခြားကိုနင်း၍ လူကိုရပ်စေ။ မြောက်မျက်နှာ၌ ထက်ဝက်သောအတ္တိဖြင့် အပိုင်းအခြားကိုနင်း၍ ရေပြည့်သောလင်ပန်းကိုတည်စေဟု မိန့်တော်မူ၏။ ထိုသို့ မိန့်တော်မူတိုင်း မင်းကြီးသည်ပြုစေ၏။ မထေရ်သည် အဘိညာဉ်၏အခြေဖြစ်သော၊ စတုက္ကနည်းအားဖြင့် ရူပါဝစရကြိယာစတုတ္ထဈာန်ကိုဝင်စား၍ ထိုဈာန်မှထ၍၊ မင်းသည် မြင်စေသတည်းဟုဓိဋ္ဌာန်တော်မူ၍တစိတ်သောမြေ၏လှုပ်ခြင်းကိုဆောက်တည်တော်မူ၏။ အရှေ့မျက်နှာ၌အပိုင်းအခြား၏အတွင်း၌တည်သောရထားလှည်းဘီးသည်သာလှုပ်၏၊တဘက်သောလှည်းဘီးသည်မလှုပ်။တောင်မျက်နှာ၌၊ အနောက်မျက်နှာ၌၊ မြင်းလူတို့၏ အပိုင်းအခြား အတွင်း၌တည်ကုန်သောခြေတို့သာ လှုပ်ကုန်၏။ ပြင်၌တည်ကုန်သော ခြေတို့သည်မလှုပ်ကုန်။ မြောက်မျက်နှာအရပ်၌ပြည့်သောလင်ပန်း၌ အပိုင်း

www.dhammaransi.com



အခြားဖြ၏အတွင်း၌တည်သော ထက်ဝက်သောရေသည်သာတုန်လှုပ်၏။ ကြွင်းသောရေသည် မတုန်မလှုပ်သည်ဖြစ်၏။ မင်းကြီးသည် ထိုပြာဋိဟာကိုမြင်၍ မထေရ်သည် သာသနာတော်ကို ချီးမြှောက်ခြင်းငှါ တတ်နိုင်လတ္တံ့ဟူ၍ဆုံးဖြတ်ခြင်းသို့ရောက်၍မိမိအလိုလိုက်ကိုမေး၏။ အရှင်ဘုရား၊ အကျွန်ုပ်သည် အမတ်တယောက်ကို ကျောင်းသို့သွား၍ အဓိကရုဏ်းကိုငြိမ်းစေ၍ ဥပုသ်ပြုစေလော့ဟူ၍ စေပါ၏။ ထိုအမတ်ရိုက်သည်ကျောင်းသို့သွား၍ ဤမျှလောက်သောရဟန်းတို့ကိုအသက်မှချခဲ့၏။ ဤမကောင်းမှုသည်အဘယ်သူအားဖြစ်အံ့နည်းဟုလျှောက်၏။ မင်းကြီး၊ ဤအမတ်သည်ကျောင်းသို့သွား၍ရဟန်းတို့ကိုသတ်စေသတည်းဟုစိတ်ရှိသလောဟုမေးတော်မူ၍။မရှိပါအရှင်ဘုရားဟုလျှောက်သော်။ မြတ်သောမင်းကြီး၊ သင်မင်းကြီးအား ဤသို့စိတ်သည်မရှိအံ့။ သင်မင်းကြီးအား မကောင်းမှုသည် မရှိဟုမိန့်တော်မူ၍။ စေတနာဟံဘိက္ခဝေ ကမ္မံဝဒါမိ။ အစရှိသောသုတ္တန်ပါဠိဖြင့် မင်းကြီးကိုသိစေ၏။ အဓိပ္ပါယ်ကား။ချစ်သားရဟန်းတို့၊စေတနာကိုကံဟူ၍ငါဟောတော်မူ၏။ကိုယ်ဖြင့်ရင်း၊ နှုတ်ဖြင့်ရင်း၊ စိတ်ဖြင့်ရင်း၊ စေ့ဆော်၍ ကောင်းမှု မကောင်းမှုကံကိုပြု၏ ဟူလိုသည်။ ထိုနောင်မှ ထိုစိတ်မရှိသော် အပြစ်မရှိသောအကြောင်းကို ထင်ရှားပြအံ့သောငှါ။ တိတ္တိရဇာတ်ကိုဆောင်တော်မူ၏။ မြတ်သောမင်းကြီး၊ လွန်လေပြီးသောအခါ၌ ဒီပကအမည်ရှိသောခါသည်။ ငါတို့ဘုရားလောင်းရှင်ရသေ့ကိုမေး၏။ ရှင်ရသေ့၊အကျွန်ုပ်ရှိသည်ဟု များစွာကုန်သော အကျွန်ုပ်၏အဆွေအမျိုးဖြစ်သော ခါတို့သည် လာကုန်သော်။ အကျွန်ုပ်၏ အဆွေအမျိုးဖြစ်ကုန်သော ခါများသည် သေခြင်းသို့ရောက်၏။ ထိုသို့သေရာ၌ အကျွန်ုပ်သည်၊ ငါ့အား ဤမကောင်းမှုသည် ဖြစ်မည်လောမဖြစ်မည်လောဟု ယုံမှားသက်သရှိ၏ဟုလျှောက်သော်။ ဘုရားလောင်းရှင်ရသေ့မိန့်တော်မူ၏။ အိုခါ၊သင်အားငါ၏အသံကိုကြားသဖြင့်၊ငါ၏အဆင်းကိုမြင်သဖြင့်၊ ငါ၏အဆွေအမျိုးခါတို့သည် လာကုန်၍ ညွတ်၌မိစေကုန်သတည်း၊ သေစေကုန်သတည်းဟူ၍ စိတ်ရှိသလောဟု မေး၏။ မရှိပါဟုလျှောက်သော်။ အကယ်၍သင့်အားစိတ်မရှိအံ့၊ မကောင်းမှုသည်သင့်အားမရှိဟုဆိုတော်မူ၏။ ထိုကြောင့် သင်မင်းကြီးအား ရဟန်းတို့ကိုသတ်စေလိုသောစိတ်မရှိသော် မကောင်းမှုသည် သင်မင်းကြီးအား မရှိဟူ၍ မိန့်တော်မူပြီး

www.dhammaransi.com



လျှင် မထေရ်သည်ထိုဥယျာဉ်၌ပင် ခုနစ်ရက်ပတ်လုံးနေတော်မူ၍ မင်းကြီးအားအယူကိုသင်စေ၏။ ။

မင်းကြီးသည် ခုနစ်ရက်မြောက်သောနေ့၌၊ ပါဋလိပုတ်ပြည်၌ ရှိသည့်ရဟန်းသံဃာတို့ကိုစည်းဝေးစေ၍၊ တင်းထိမ်ကာရံစေ၍၊ တင်းထိမ်တွင်း၌နေလျက်၊တူသောအယူရှိကုန်သောရဟန်းတို့ကို တပေါင်းတည်း တပေါင်းတည်းပြု၍။ တစုတစုသော ရဟန်းအပေါင်းကို ခေါ်စေ၍။မြတ်စွာဘုရားသည်အဘယ်သို့အယူရှိသနည်းဟုမေး၏။ သဿတဝါဒီအယူရှိကုန်သောတိတ္ထိတို့သည် သဿတအယူရှိ၏ဟု ဆိုကုန်၏။အချို့သောသတ္တဝါသာမြဲ၏ဟုအယူရှိကုန်သောတိတ္ထိတို့ကား မြတ်စွာဘုရားသည် ဧကစ္စသဿတဝါဒီ အယူရှိ၏ဟုဆိုကုန်၏။ အန္တာနန္တိကစသော ထိုထိုသို့သောအယူရှိကုန်သောတိတ္ထိတို့သည် မိမိမိမိတို့၏ အယူသို့လိုက်၍၊ မြတ်စွာဘုရားသည် အန္တာနန္တိက အယူရှိ၏။ အမရာဝိက္ခေပိက အယူရှိ၏။ အဓိစ္စသမုပ္ပန္နိက အယူရှိ၏။ ဤသို့အစရှိသည်ဖြင့်ဆိုကုန်၏။ မင်းကြီးသည် ရှေးဦးစွာ အယူကိုသင်အပ်ပြီးသည်ဖြစ်သောကြောင့်။ ဤသူတို့သည် ရဟန်း မဟုတ်ကုန်။ သာသနာတော်မှ အပဖြစ်ကုန်သောအညတိတ္ထိတို့တည်းဟုသိ၍ ထိုတိတ္ထိတို့ကို အဝတ်ဖြူတို့ကိုပေး၍လူထွက်စေကုန်၏။ထိုအလုံးစုံတို့သည် ခြောက်သောင်းမျှရှိသည်ဖြစ်ကုန်၏။ ထိုနောက်မှ တပါးသောရဟန်းတို့ကိုခေါ်စေ၍။ အရှင်ဘုရားတို့၊ မြတ်စွာဘုရားသည် အဘယ်အယူ ရှိတော်မူသနည်းဟုမေးတော်မူ၏။ မြတ်သောမင်းကြီး၊ ဝိဘဇ္ဇဝါဒီအယူရှိ၏ဟု ဆိုကုန်၏။ ဤသို့ဆိုသော်မင်းကြီးသည် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကို မေး၏။ အရှင်ဘုရား၊မြတ်စွာဘုရားသည် ဝိဘဇ္ဇဝါဒီအယူရှိသလောဟု မေး၏။မြတ်သောမင်းကြီး၊ဩဝ်ဟုတ်၏ဟုမိန့်တော်မူ၏။ ထိုနောက်မှ မင်းကြီးသည် အရှင်ဘုရားတို့၊ ယခုအခါ၌ သာသနာတော်သည် စင်ကြယ်ပါပြီ။ ရဟန်းသံဃာသည် ဥပုသ်ကိုပြုတော်မူပါစေသတည်းဟု လျှောက်၍ အစောင့်အရှောက်ကိုပေး၍ မြို့သို့ဝင်လေ၏။ သံဃာသည် အညီအညွတ် စည်းဝေး၍ ဥပုသ်ပြု၏။ ထိုအစည်း အဝေး၌ တသိန်းခြောက်သောင်းကုန်သောရဟန်းတို့သည်ဖြစ်ကုန်၏။ ထိုအစည်းအဝေး၌ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် ပရပ္ပဝါဒကိုနှိပ်နင်း၍ ကထာဝတ္ထုကျမ်းကို ဟောတော်မူ၏။ ထိုနောက်မှ တသိန်းခြောက်သောင်း

www.dhammaransi.com



ကုန်သောရဟန်းတို့တွင် ရွေးချယ်၍၊ ပိဋကတ်သုံးပုံဟု ဆိုအပ်သော ပရိယတ္တိကိုဆောင်ကုန်သော၊ အပြားနှင့်တကွ ပဋိသမ္ဘိဒါလေးပါးသို့ ရောက်ကုန်သော၊ ဝိဇ္ဇာသုံးပါးအစရှိသော အပြားရှိကုန်သောရဟန်း တထောင်ကို ယူ၍၊ အရှင်မဟာကဿပသည်ရင်း၊ အရှင်မဟာယသ သည်ရင်း၊ သုတ်အဘိဓမ္မာကိုရင်း၊ ဝိနည်းကိုရင်း၊ သင်္ဂါယနာတင်ကုန် သကဲ့သို့။ ထိုအတူ သုတ်အဘိဓမ္မာကိုရင်း၊ ဝိနည်းကိုရင်း သင်္ဂါယနာ တင်ကုန်၏။ အလုံးစုံသောသာသနာတော်၏ အညစ်အကြေးကို သုတ် သင်၍ တတိယသင်္ဂါယနာကို ပြုတော်မူ၏။ သင်္ဂါယနာတင်ပြီးသော အဆုံး၌ ဤမြေကြီးသည် ရေအဆုံး ရှိသည်ကို ပြု၍ အကြိမ် များစွာ ကောင်းချီးပေးသောအခြင်းအရာဖြင့် ပြင်းစွာလှုပ်၏။ ဤတတိယသင်္ဂါ ယနာတင်ခြင်းသည် ကိုးလတို့ဖြင့်ပြီး၏၊ ဝါဆိုလပြည့် ပြီးသည်ဟူ၏။ ဤတတိယသင်္ဂါယနာ တင်သောနှစ်ကား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြု တော်မူသည်မှ အနှစ် ၂၃၅ နှစ်တွင်စ၍ တင်သည်။ ၂၃၆ နှစ်တွင်ပြီး ၏။ ဤတတိယ သင်္ဂါယနာ တင်သောနှစ်၌ အရှင်မဟာမောဂ္ဂလိပုတ္တ တိဿမထေရ်အသက်တော် ၇၂ နှစ်ရှိတော်မူ၏။ ။

---

၁၀၁။ တတိယသင်္ဂါယနာတင်ပြီးနောက်၊ ရှင်မောဂ္ဂလိပုတ္တ
တိဿထေရ်သည်မဇ္ဈန္တိကထေရ်စသောမထေရ်တို့ကို၊ကိုးတိုင်း
ကိုး႒ာနသို့သာသနာပြုစေလွှတ်တော်မူသည်ကိုပြရာ။

ဤသို့တတိယသင်္ဂါယနာတင်ပြီးသောအခါ၌ အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ မထေရ်အား ဤသို့သော အကြံသည် ဖြစ်၏။ နောင်အခါ အဘယ်အရပ်၌ သာသနာတော်သည် ကောင်းစွာ တည်ပါလတ္တံ့နည်း ဟုအကြံတော်ဖြစ်၏။ ထိုသို့အကြံတော်ဖြစ်သဖြင့် အာဝဇ္ဇန်းလဲလှဲဆင် ခြင်တော်မူသောမထေရ်အား မဇ္ဈိမဒေသမှ ပြင်ဖြစ်သော ဇနပုဒ်တို့၌ သာသနာတော် ကောင်းစွာ တည်သည် ဖြစ်လတ္တံ့ဟု မြင်တော် မူ၍၊ ထိုထိုသို့သောရဟန်းတို့အားဝန်ကိုပြု၍။ ထိုထိုရဟန်းတို့ကို ထိုထိုသို့ သောအရပ်တို့သို့ ငါးပါးငါးပါးစီစေလွှတ်တော်မူ၏။မဇ္ဈန္တိကမထေရ် ကို ကသ္မီရဂန္ဓာရတိုင်းသို့စေတော်မူ၏။ သင်သည် ထိုတိုင်းသို့သွား၍ ထိုတိုင်း၌ သာသနာတော်ကို တည်စေလော့ဟူ၍ စေ၏။ မဟာရေဝ

www.dhammaransi.com



မထေရ်ကို ထိုအတူဆို၍ မဟိံသကမဏ္ဍလသို့စေတော်မူ၏။ ရက္ခိတ မထေရ်ကို ဝနဝါသီသို့စေတော်မူ၏။ ယောနကဓမ္မရက္ခိတမထေရ်ကို အပရန္တကတိုင်းသို့ စေတော်မူ၏။ မဟာဓမ္မရက္ခိတမထေရ်ကို မဟာ ရဋ္ဌသို့ စေတော်မူ၏။ မဟာရက္ခိတ မထေရ်ကို ယောနကလောကသို့ စေတော်မူ၏။ ( ယောနကလောကဟူသည်ကား ပန်းသေးတို့ပြည်ဟူ ၏)။ မဇ္ဈိမမထေရ်ကို ဟိမဝန္တာအရပ်အဘို့သို့ စေတော်မူ၏။ သောဏ မထေရ်၊ ဥတ္တရမထေရ်တို့ကို သုဝဏ္ဏဘူမိသို့စေတော်မူ၏။ မိမိ၏သဒ္ဓိ ဝိဟာရိကဖြစ်သော အရှင်မဟိန္ဒ မထေရ်ကို၊ ဣဋ္ဋိယမထေရ်၊ ဥတ္တိယ မထေရ်၊ သမ္ဗလမထေရ်၊ ဘဒ္ဒသာလ မထေရ်တို့နှင့် တကွ တမ္ဗပဏ္ဏိ သီဟိုဠ်ကျွန်းသို့စေတော်မူ၏။ သင်တို့သည် သီဟိုဠ်ကျွန်းသို့သွား၍၊ ထို သီဟိုဠ်ကျွန်း၌ သာသနာတော်ကို တည်စေလော့ဟူ၍ စေတော်မူ၏။ ထိုအလုံးစုံသောမထေရ်တို့သည် ထိုထိုသို့သောအရပ်တို့သို့ သွားကုန် သည်ရှိသော်၊ ပစ္စန္တဇနပုဒ်တို့၌ ငါးယောက်ရှိသော ဂိုဏ်းသည် ဥပ သမ္ပဒကံအား လျောက်ပတ်၏ဟူ၍ မှတ်ကုန်လျက် မိမိကိုယ်လျှင် ငါး ယောက်မြောက်ဖြစ်ကုန်၍သွားလေကုန်၏။ ။

( ၁ ) ထိုအခါ ကသ္မီရဂန္ဓာရတိုင်း၌ ကောက်မှည့်သော အခါ၌၊ အရဝါဠမည်သောနဂါးမင်းသည်ရှောက်ရွာမိုးကိုရွာစေ၍၊ကောက် ကိုမိုးရေအယဉ်ဖြင့်ဆောင်စေ၍ သမုဒ္ဒရာသို့ရောက်စေ၏။ မဇ္ဈန္တိ ကမထေရ်သည် မိမိကိုယ်လျှင် ငါးယောက်မြောက်ဖြစ်၍ ပါဋလိပုတ် ပြည်မှ ကောင်းကင်သို့ပျံတက်၍၊ဟိမဝန္တာ အရဝါဠအိုင်၏အထက်၌ သက်၍၊ ရေအပြင်၌စင်္ကြံသွား၏။ ရပ်၏၊ ထိုင်၏၊ အိပ်ခြင်းလျောင်းခြင်း ကိုပြု၏။ နဂါးလုလင်တို့သည်မထေရ်ကိုမြင်၍ အရဝါဠနဂါးမင်းအား ကြားကုန်၏။ မြတ်သောမင်းကြီး၊ပြတ်သောပျက်သောပုဆိုးကိုဆောင် သော၊ဖြော့တော့သောအဆင်းရှိသောအဝတ်ကိုဝတ်သော၊တယောက် သောသူသည်။ ငါတို့၏ရေကို ဖျက်ဆီး၏ဟု ကြား၏။ နဂါးမင်းသည် ထိုခဏ ချင်းလျှင် အမျက်ဖြင့် နှိပ်စက်သည် ဖြစ်၍၊ နေရာမှ ထွက်၍၊ မထေရ်ကိုမြင်၍၊ ဖန်ပြီးကိုယည်းမခံနိုင်သည်ဖြစ်၍၊ ကောင်းကင်ပြင် ၌ ကြောက်မက်ဖွယ်များစွာတို့ကို ဘန်ဆင်း၏။ ထိုထိုသို့သော အရပ် တို့မှ ပြင်းစွာသောလေတို့သည်လာကုန်၏။ သစ်ပင်တို့သည် ကျိုးကုန် ၏။ တောင်ထွတ်တို့သည်ကျကုန်၏။ မိုးတို့သည်ကြိုးကုန်၏။ လျှပ်စစ်

www.dhammaransi.com



တို့သည် ဖြိုးဖြိုးဖြက်ထွက်ကုန်၏။ မိုးစက်တို့သည် ကွဲကုန်၏။ ကောင်းကင်ကွဲသကဲ့သို့ ရေအယဉ်စီး၏။ ကြောက်မက်ဖွယ်သော အရုပ်ရှိကုန်သော နဂါးလုလင်တို့သည် စည်းဝေးကုန်၏။ မိမိလည်းအခိုးလွှတ်၏။ အလျှံတောက်၏။ လက်နက်မိုးတို့ကို လွှတ်၏။ ပြတ်သော ပျက်သောပုဆိုးကိုဆောင်သော ဤဦးခေါင်းပြည်းသည် အသူနည်းဟု ဤသို့အစရှိသောကြမ်းကြုတ်စွာသောစကားတို့ဖြင့် မထေရ်တို့ကိုခြိမ်း၏။ အချင်းတို့၊ လာကုန်လော့၊ ဤရဟန်းကိုဘမ်းကုန်လော့၊ သတ်ကုန်လော့၊နှင်ထုတ်ကုန်လော့ဟု နဂါးဗိုလ်ပါတို့ကိုစေ၏။ မဇ္ဈန္တိကမထေရ်သည် အလုံးစုံသောထိုကြောက်မက်ဖွယ်ကို မိမိ၏တန်းခိုးဖြင့်တားမြစ်၍နဂါးမင်းကိုဆို၏။ နဂါးမင်း၊ နတ်နှင့်တကွသောလူသည် လာ၍ငါ့ကို ချောက်ငြားအံ့။ ငါ့အား ကြောက်ခြင်းကိုဖြစ်စေခြင်းငှါ မစွမ်းနိုင်သည်သာဖြစ်၏။ အလုံးစုံသောမြေတို့ကို အစိုးရသောနဂါးမင်း၊ အကယ်၍လည်း သင်သည် သမုဒ္ဒါနှင့်တကွ၊ တောင်နှင့်တကွဖြစ်သော အလုံးစုံသောမြေကို ငါ၏အထက်၌ချငြားအံ့။ ငါ့အား ကြောက်ခြင်းကိုဖြစ်စေခြင်းငှါမတတ်နိုင်ရာ။ စင်စစ်ကား သင့်အားသာလျှင် ပင်ပန်းခြင်းသည်ဖြစ်ရာ၏ဟုဆို၏။ဤသို့မထေရ်ဆိုတော်မူသည်ရှိသော်။နဂါးမင်းသည် ကင်းသော အာနုဘော်ရှိသည်ဖြစ်၍၊ အကျိုးမဲ့လုံ့လပြုခြင်းရှိသည်ဖြစ်၍၊နှလုံးမသာယာသည်ဖြစ်၏။ ထိုနဂါးမင်းကို မထေရ်သည် ထိုခဏ၌ လျောက်ပတ်သော တရားစကားဖြင့် ကောင်းစွာပြ၍၊ ဆောက်တည်စေ၍၊ထက်စေ၍၊ရွှင်စေ၍၊သရဏဂုံသုံးပါးတို့၌၎င်း၊ ပဉ္စသီ၌၎င်းတည်စေ၏။ ရှစ်သောင်းလေးထောင်သော နဂါးတို့နှင့်တကွဖြစ်သော နဂါးမင်းကို သရဏဂုံပဉ္စသီတို့၌ တည်စေပြီး၍။ ဟိမဝန္တာ၌ နေကုန်သော နဂါးတို့မှ တပါးကုန်သော၊ ဘီလူး၊ ကုမ္ဘဏ်၊ ဂန္ဓဗ္ဗနတ်၊ ရက္ခိုသ်တို့သည်လည်း မထေရ်၏ တရားစကားကို ကြား၍၊ သရဏဂုံ ပဉ္စသီတို့၌ တည်ကုန်၏။ ပဉ္စကအမည်ရှိသောဘီလူးသည်လည်း မယားဖြစ်သော ဘီလူးမနှင့်၎င်း၊ငါးရာကုန်သောသားယောက်ျားဘီလူးတို့နှင့်၎င်း တကွသောတာပတ္တိဖိုလ်၌တည်လေ၏။ အရှင်မဇ္ဈန္တိကမထေရ်လည်း အလုံးစုံကုန်သော နဂါး၊ ဘီလူး၊ ရက္ခိုသ်၊ ကုမ္ဘဏ်တို့ကို ခေါ်၍။ ဤအခါမှ အထက်၌၊ရှေး၌ကဲ့သို့ အမျက်ထွက်ခြင်းကို သင်တို့သည်မဖြစ်စေကုန်လင့်။ကောက်ကိုဖျက်ခြင်းကိုလည်းမပြုကုန်လင့်။ခပ်သိမ်းသောသတ္တဝါ

www.dhammaransi.com



တို့သည် ချမ်းသာခြင်းကိုအလိုရှိကုန်၏။ သတ္တဝါတို့၌ ချစ်ခြင်းမေတ္တာကိုပြုကုန်လော့။ လူတို့သည် ချမ်းသာစွာနေပါစေကုန်ဟူ၍ မထေရ်ဆိုတော်မူ၏။ ထိုအလုံးစုံသောသူတို့သည်လည်း ကောင်းပြီဝန်ခံ၍ ဆုံးမတော်မူတိုင်းကျင့်ကုန်၏။ ထိုနေ့၌ပင်လျှင် နဂါးမင်းအား ပူဇော်သောအခါသည်ဖြစ်၏။နဂါးမင်းသည်ရတနာဖြင့်ပြီးသောမိမိနေရာပလ္လင်ကိုဆောင်စေ၍မထေရ်အားခင်း၏။ မထေရ်လည်းနေတော်မူ၏။ နဂါးမင်းသည် မထေရ်ကိုယပ်ခပ်လျက်အနီး၌တည်၏။ထိုခဏ၌ကသ္မီရဂန္ဓာရတိုင်း၌နေကုန်သောသူတို့သည်လာကုန်သော် မထေရ်ကိုမြင်၍၊ ငါတို့နဂါးမင်းထက်လည်း မထေရ်သည် တန်းခိုးကြီးတော်မူ၏ဟု မထေရ်ကိုရှိခိုး၍နေကုန်၏။မထေရ်သည်ထိုသူတို့အား အာသိဝိသောပမသုတ်ကိုဟောတော်မူ၏။ သုတ္တန်ကိုဟောတော်မူသောအဆုံး၌ ရှစ်သောင်းသော ဝေနေယျတို့သည် သစ္စာလေးပါး တရားကို သိသည်ဖြစ်၍ အကျွတ်တရားရကြကုန်၏။ တသိန်းသော အမျိုးသားတို့သည် ရဟန်းပြုကုန်၏။ ထိုနေ့မှစ၍ ယနေ့ထက်တိုင်အောင် ကသ္မီရဂန္ဓာရတိုင်းသည် သင်္ကန်းရောင်ဖြင့်တောက်ပ၏။ရဟန်းတို့၏ဟန်ပန်လေဖြင့် ထက်ဝန်းကျင်မှ လာ၏။ ။( ၂ )မဟာရေဝမထေရ်သည်လည်း မဟိံသကမဏ္ဍလသို့သွား၍ ဒေဝဒူတသုတ်ကိုဟောတော်မူ၏။ လေးသောင်းကုန်သော သတ္တဝါတို့သည် သောတာပတ္တိမဂ်ဉာဏ် တည်းဟူသော ဓမ္မစက္ခုကိုရကုန်၏။ လေးသောင်းသော အမျိုးသားတို့သည် ရဟန်းပြုကုန်၏။ ။( ၃ )ရက္ခိတမထေရ်သည် ဝနဝါသီသို့ကြွ၍၊ကောင်းကင်ပြင်၌ရပ်တော်မူ၍။ အနမတဂ္ဂသုတ္တန်ဒေသနာတော်ဖြင့် ဝနဝါသီ၌နေကုန်သောသူတို့ကို ကြည်ညိုစေ၏။ ဒေသနာတော်၏အဆုံး၌ ခြောက်သောင်းကုန်သော သူတို့အား အမြိုက်တရားရခြင်းသည်ဖြစ်၏။ ခုနစ်သောင်းမျှလောက်သောသူတို့သည်လည်း ရဟန်းပြုကုန်၏။ဤသို့လျှင် ထိုအရှင်ရက္ခိတထေရ်သည် ဝနဝါသီအရပ်၌သာသနာတော်ကိုတည်စေ၏။ ။( ၄ )ယောနကဓမ္မရက္ခိတ မထေရ်သည် အပရန္တတိုင်းသို့သွား၍၊အဂ္ဂိက္ခန္ဓောပမသုတ္တန်တရားဒေသနာတော်ဖြင့် အပရန္တတိုင်း၌နေကုန်သော သူတို့ကို ကြည်ညိုစေ၍။ ခုနစ်သောင်းသော ဝေနေယျတို့အား တရားအမြိုက်တိုက်ကျွေးတော်မူ၏။ မင်းမျိုးမှပင် ယောကျ်ားတထောင်တို့သည်ရဟန်းပြုကုန်၏။ အမျှမလွန်ကုန်သောခြောက်ထောင်

www.dhammaransi.com



သောမိန်းမတို့သည်လည်း ရဟန်းပြုကုန်၏။ ဤသို့လျှင် ယောနကဓမ္မရက္ခိတ မထေရ်သည် အပရန္တတိုင်း၌ သာသနာတော်ကို တည်စေ၏။ ။( ၅ )မဟာဓမ္မရက္ခိတမထေရ်သည်မဟာရဋ္ဌတိုင်းကြီးသို့သွား၍။ မဟာနာရဒကဿပဇာတ်ကို ဟောတော်မူသဖြင့် မဟာရဋ္ဌတိုင်းသားတို့ကို ကြည်ညိုစေ၍၊ ရှစ်သောင်းလေးထောင်ကုန်သော ဝေနေယျတို့အား မဂ်ဖိုလ်တို့၌ တည်စေ၏၊ တသောင်းသုံးထောင်ကုန်သော အမျိုးသားတို့သည် ရဟန်းပြုကုန်၏။ ဤသို့ မဟာဓမ္မရက္ခိတမထေရ်သည်ထိုမဟာရဋ္ဌတိုင်း၌သာသနာတော်ကိုတည်စေ၏။ ။( ၆ )မဟာရက္ခိတမထေရ်သည် ယောနကတိုင်းသို့ သွား၍။ ကာဠကာရာမသုတ်ကိုဟောတော်မူသဖြင့် ယောနကတိုင်းသားတို့ကို ကြည်ညိုစေ၍။ တသိန်းခုနစ်သောင်းကုန်သော ဝေနေယျတို့အား မဂ်ဖိုလ်တည်းဟူသော တန်ဆာကို ပေးတော်မူ၏။ ထိုမဟာရက္ခိတမထေရ်၏ အထံ၌လည်း တသောင်းကုန်သော အမျိုးသားတို့သည် ရဟန်းပြုကုန်၏။ ဤသို့လျှင် ထိုမဟာရက္ခိတမထေရ်သည် ထိုယောနကတိုင်း၌ သာသနာတော်ကို တည်စေ၏။ ။( ၇ )မဇ္ဈိမမထေရ်သည်။ ကဿပဂေါတ္တ မထေရ်၊ အဠကဒေဝမထေရ်၊ ဒုန္ဒုဘိယမထေရ်၊ မဟာဒေဝမထေရ်၊ ဤမထေရ်လေးပါးတို့နှင့်တကွ ဟိမဝန္တာအရပ်အတို့သို့သွား၍ဓမ္မစကြာသုတ်ကို ဟောသဖြင့်။ ထိုအရပ်သားတို့ကို ကြည်ညိုစေ၍၊ အကုဋေရှစ်ဆယ်သောဝေနေယျတို့အားမဂ်ဖိုလ်တရားကိုရစေ၏။ ထိုမထေရ်ငါးပါးတို့သည် ထိုဟိမဝန္တာအရပ်အတို့၌ တိုင်းငါးတိုင်းသားတို့ကိုကြည်ညိုစေ၏။ တပါးတပါးသောမထေရ်၏အထံ၌ တသိန်းမျှကုန်သောအမျိုးသားတို့သည်ရဟန်းပြုကုန်၏။ဤသို့လျှင် ထိုမထေရ်ငါးပါးတို့သည် ထိုဟိမဝန္တာအရပ်အတို့၌ သာသနာတော်ကိုတည်စေကုန်၏။ ။( ၈ )အရှင်သောဏမထေရ်၊ ဥတ္တရမထေရ်တို့သည် သုဝဏ္ဏဘူမိအရပ်သို့သွား၍ သာသနာတော်ကိုပြုကုန်၏။ ထိုအခါ၌ ထိုသုဝဏ္ဏဘူမိတွင်တယောက်သော ရက္ခိုသ်ဘီလူးမသည် သမုဒြာမှထွက်လတ်၍၊ မင်းမျိုး၌ ဘွားတိုင်းဘွားတိုင်းသော သူငယ်တို့ကို စား၏။ ထိုအရှင်သောဏ၊ အရှင်ဥတ္တရတို့သုဝဏ္ဏဘူမိသို့ရောက်သောနေ့၌လည်း မင်းအိမ်ဝယ်တယောက်သောသူငယ်ဘွား၏။ လူတို့သည် မထေရ်တို့ကိုမြင်၍၊ ဤဦးပြည်းတို့သည် ရက္ခိုသ်တို့၏အဖော်တို့တည်းဟု မှတ်ကုန်၍၊ လက်နက်တို့ကို

www.dhammaransi.com



ယူကုန်လျက် ပုတ်ခတ်ကုန်အံ့ဟု မထေရ်တို့သို့ ရှေးရှုလာကုန်၏။ အရှင်သောဏမထေရ်သည်၊ အဘယ့်ကြောင့်သင်တို့သည် လက်နက်စွဲကာ လာကုန်သနည်းဟုမေးတော်မူ၏။ ထိုလူတို့သည် ဤသို့ဆိုကုန်၏။ မင်းအိမ်၌ ဘွားတိုင်းဘွားတိုင်းကုန်သောသူငယ်တို့ကို ရက္ခိုသ်ဘီလူးတို့သည် စားကုန်၏၊ သင်တို့သည် ထိုရက္ခိုသ်ဘီလူးတို့၏ အဘော်တို့တည်းဟုဆိုကုန်၏။ ငါတို့သည် ရက္ခိုသ်ဘီလူးတို့၏ အဘော်မဟုတ်ကုန်။ ငါတို့သည်ရဟန်းမည်ကုန်၏။ ငါတို့သည်သူ၏အသက်ကိုသတ်ခြင်းမှကြဉ်ကုန်၏။ အရှင်မပေးသောသူ့ဥစ္စာကို ယူခြင်းမှကြဉ်ကုန်၏။ သူ့သားသူ့မယားကို ပြစ်မှားခြင်းမှကြဉ်ကုန်၏။ မုသားဆိုခြင်းမှ ကြဉ်ကုန်၏။ သေအရက်သောက်ခြင်းမှကြဉ်ကုန်၏၊ ထမင်းတထပ်သာစားကုန်၏။ သီလရှိကုန်၏၊ ကောင်းသောတရားရှိကုန်၏ဟူ၍ အရှင်သောဏကဆိုတော်မူ၏။ ထိုခဏ၌ပင်လျှင် ရက္ခိုသ်ဘီလူးမသည် မိမိအခြံအရံနှင့်တကွ သမုဒ္ဒရာမှထွက်လတ်၍မင်းအိမ်၌သူငယ်ဘွားပြီ၊ ထိုသူငယ်ကို စားအံ့ဟူ၍လာ၏။ လူတို့သည်ထိုရေစောင့်ဘီလူးမကိုမြင်ကုန်၍၊ အရှင်ဘုရားတို့၊ ဤရက္ခိုသ်ဘီလူးသည်လာလတ်ပြီတကားဟု ကြောက်ထိတ်လန့်၍ မြည်တမ်းကြကုန်၏။ အရှင်သောဏမထေရ်သည် ရက္ခိုသ်တို့ထက် နှစ်ဆတက်သောရဟန်း၊ နှစ်ဆတက်သောကိုယ်တို့ကိုဘန်ဆင်း၍။ ထိုကိုယ်တို့ဖြင့် အခြံအရံနှင့်တကွဖြစ်သော ရက္ခိုသ်ဘီလူးမကိုအလယ်၌ပြု၍ နံပါးနှစ်ဘက်တို့၌ရံ၏။ အခြံအရံနှင့်တကွဖြစ်သောရက္ခိုသ်ဘီလူးမအား ဤသို့သောအကြံသည်ဖြစ်၏။ စင်စစ်လျှင် ဤသူတို့သည် ဤအရပ်ကိုရသည်ဖြစ်လတ္တံ့။ ငါတို့သည်ဤသူတို့၏အစာဖြစ်ချေကုန်လတ္တံ့ဟုကြံ၍၊ ခပ်သိမ်းသောရက္ခိုသ်ဘီလူးတို့သည် ကြောက်ကုန်သည်ဖြစ်၍လျှင်စွာပြေးလေကုန်၏။ အရှင်သောဏမထေရ်သည် ထိုရက္ခိုသ်တို့ကို မျက်စိမမြင်ကောင်းသောအရပ်တိုင်အောင်ပြေးစေ၍၊ ကျွန်း၏ထက်ဝန်းကျင်မှအစောင့်အရှောက်ကိုထား၏။ ထိုအခါ စည်းဝေးလာကုန်သော လူများအပေါင်းတို့အား၊ ဗြဟ္မဇာလသုတ္တန်ကို ဟောသဖြင့်ကြည်ညိုစေ၍။ သရဏဂုံသုံးပါးတို့၌၎င်း၊ ပဥ္စသီလ်ငါးပါးတို့၌၎င်း တည်စေ၏။ ခြောက်သောင်းကုန်သောဝေနေယျတို့သည် သစ္စာလေးပါးကိုသိ၍ အကျွတ်တရားရသည်ဖြစ်ကုန်၏။ အခွဲနှင့်တကွလေးထောင်ကုန်သောအမျိုးသတို့သားယောက်တို့သည် ရဟန်းပြုကုန်၏။ တထောင့်ငါးရာ

www.dhammaransi.com



သောအမျိုးသမီးတို့သည်လည်း ရဟန်းပြုကုန်၏။ ဤသို့လျှင် ထိုအရှင်သောဏမထေရ်သည် ထိုသုဝဏ္ဏဘူမိခရိုင်၌သာသနာတော်ကိုတည်စေ၏၊ (သထုံပြည်ကို သုဝဏ္ဏဘူမိဟူ၍ ဆရာတို့ဆိုကုန်၏၊ ဇင်းမယ်ပြည်ကိုသုဝဏ္ဏဘူမိဟူ၍လည်းအချို့ဆရာတို့ဆိုကုန်၏)။ ။( ၉ )ခမ္ဗာသောကမင်းကြီး၏သား၊ အရှင်မဟိန္ဒမထေရ်သည်ကား။ ဆရာအရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်သည်၎င်း၊ ရဟန်းသံဃာသည်၎င်း၊ သင်သည် တမ္ဗပဏ္ဏိသီဟိုဠ်ကျွန်းသို့ သွား၍ သာသနာတော်ကို တည်စေလော့ဟူ၍ တိုက်တွန်းအပ်သည်ရှိသော် တမ္ဗပဏ္ဏိသီဟိုဠ်ကျွန်းသို့သွားအံ့သောအခါတန်ပြီလောမတန်သေးသလောဟု အကြံသည်ဖြစ်၏၊ ထိုသို့အကြံဖြစ်သောအခါ ရှုးစမ်းဆင်ခြင်သောမထေရ်အား။ ယခုတမ္ဗပဏ္ဏိသီဟိုဠ်ကျွန်းသို့သွားအံ့သော၌ အခါမတန်သေးဟု အကြံသည်ဖြစ်၏၊ အဘယ်သို့သောအကြောင်းကိုမြင်၍ ဤသို့သောအကြံဖြစ်လေသနည်းဟူမူကား။ မုဋသိဝမင်းကြီး၏ အသက်အရွယ် ကြီးရင့် အိုမင်းသောအဖြစ်ကိုမြင်၍ အကြံဖြစ်သတည်း။ထိုနောင်ဤသို့ကြံပြန်၏။ ဤမုဋသိဝမင်းသည် အသက် ကြီးရင့်ပြီ။ ဤမင်းကိုယူ၍ သာသနာတော်ကို ချီးမြှောက်ခြင်းငှါမတတ်နိုင်ရာ။ ယခုအခါ၌ ဤမုဋသိဝမင်း၏သားဖြစ်သောဒေဝါနံပိယတိဿမင်းသည် မင်း၏အဖြစ်ကိုပြုလတ္တံ့။ ထိုမင်းကိုယူ၍သာသနာတော်ကိုချီးမြှောက်ခြင်းငှါ တတ်နိုင်သည်ဖြစ်လတ္တံ့။ အကြင်မျှလောက် ထိုဒေဝါနံပိယတိဿမင်းသည်မင်းအဖြစ်သို့မရောက်သေး။ ထိုမျှလောက်သောကာလပတ်လုံး အဆွေအမျိုးတို့ကိုကြည့်ဦးအံ့။ယခုအခါ၌ ငါတို့သည် ဤဇနပုဒ်သို့ပြန်ရအံ့မည်ကိုလည်း မသိ၊ မပြန်ရအံ့မည်ကိုလည်းမသိဟု ကြံ၏။ ထိုသို့ကြံပြီး၍၊ ဥပဇ္ဈာယ်ကို၎င်း၊ ရဟန်းသံဃာတော်ကို၎င်းရှိခိုး၍။ပါဋလိပုတ်ပြည်အသောကာရာမကျောင်းမှထွက်၍၊ ဣဋ္ဋိယ၊ ဥတ္တိယ၊ သမ္ဗလ၊ ဘဒ္ဒသာလ၊ဤမထေရ်လေးယောက်တို့နှင့်၎င်း။ နှမတော်သင်္ဃမိတ္တာ၏သား သုမနသာမဏေနှင့်၎င်း၊ဘဏ္ဍုကဥပါသကာနှင့်၎င်းတကွ၊ ရာဇဂြိုဟ်မြို့၏အတွေ့ဖြင့် ဒက္ခိဏာဂိရိဇနပုဒ်၌ဒေသစာရီကြွ၍၊ အဆွေအမျိုးတို့ကိုကြည့်လျက် ၆ လတို့ကို လွန်စေ၏။ ၆ လဟူသည်ကား။တန်ဆောင်မုန်းလပြည့်ကျော်တရက်မှစ၍၊ ကဆုန်လပြည့်တိုင်တည်း။ ထိုအခါ ပါဋလိပုတ်မှအရှေ့အရပ်၊ယူဇနာငါးဆယ်ကွာ၊ မယ်တော်အသန္ဓိမိတ္တာ၏ဘွားရာဖြစ်သော ဝေဒိသာက

www.dhammaransi.com



မြို့သို့ရောက်လေ၏။ ထိုရောအခါမယ်တော်လည်း ထိုမြို့၌ရှိသဖြင့် သားတော်မထေရ်ကို မြင်၍ ရှိသေစွာ ရှိခိုး၍၊ ဆွမ်းလုပ်ကျွေးပြီးလျှင်၊ မိမိဆောက်အပ်သော ဝေဒိသကဂိရိအမည်ရှိသောကျောင်းကြီးကိုတင်လှူ၏။ ထိုကျောင်း၌ကဆုန်လပြည့်နေ့မှစ၍ နယုန်လပြည့်တိုင် တလနေတော်မူ၏။ ထိုဝေဒိသကဂိရိကျောင်း၌ နေတော်မူသောအခါ မထေရ်သည်ဤသို့ကြံတော်မူ၏။ ငါတို့အား ဤအရပ်၌ပြုဘွယ်ကိစ္စသည်ပြီးပြီ။ လင်္ကာဒီပကျွန်းသို့ သွားအံ့သောအခါ တန်ပြီလော၊ မတန်သေးလောဟူ၍ကြံပြီးသော်၊ တဘန်ဤသို့ကြံပြန်၏။ ဒေဝါနံပိယတိဿမင်းသည် ရှေးဦးစွာ ငါ့ခမည်းတော်မင်းကြီးက ပို့စေအပ်သော အဘိသိက်ကိုလည်းခံစေဦး။ ရတနာသုံးပါး၏ကျေးဇူးကိုလည်း ကြားစေဦး။ သမင်တောကစားအံ့သော ငါ့မြို့မှထွက်၍ မိဿကတောင်သို့လည်းတက်စေဦး။ ထိုအခါ ထိုမိဿကတောင်၌ ထိုမင်းကြီးကို ငါတို့မြင်ကုန်အံ့ဟုကြံတော်မူ၍။ ထိုကျောင်း၌ နယုန်လပြည့်တိုင် တလနေတော်မူသတည်း။ တလလွန်သဖြင့် နယုန်လပြည့်ဥပုသ်နေ့၌ အရှင်မဟိန္ဒစသော အလုံးစုံသော ခုနစ်ယောက်တို့သည် စည်းဝေး၍၊ ငါတို့အား တမ္ဗပဏ္ဏိကျွန်းသို့သွားအံ့သောအခါ တန်ပြီလော မတန်သေးလောဟူ၍ တိုင်ပင်ကုန်၏။ ။ထိုအခါ သိကြားမင်းသည် မဟိန္ဒမထေရ်သို့ကပ်လာ၍ ဤသို့လျှောက်၏။ အရှင်ဘုရား၊ မုဋ္ဌသိဝမင်းသည် သေလွန်ပြီ။ ယခုအခါ ဒေဝါနံပိယတိဿမင်းသည် မင်းပြု၏။ မြတ်စွာဘုရားသည်လည်း အရှင်ဘုရားတို့ကို ဗျာဒိတ်ကြားတော်မူခဲ့၏။ နောင်အခါ၌ မဟိန္ဒအမည်ရှိသောရဟန်းသည် တမ္ဗပဏ္ဏိကျွန်းကို ကြည်ညိုစေလတ္တံ့ဟူ၍ ကြားတော်မူခဲ့၏။ ထိုကြောင့် အရှင်ဘုရားသည် ယခုကျွန်းမြတ်သို့ကြွတော်မူအံ့သောအခါတန်ပြီ။ အကျွန်ုပ်သည်လည်း အရှင်ဘုရားတို့၏အဖော်သည် ဖြစ်ပါအံ့ဟူ၍ လျှောက်၏။ အဘယ့်ကြောင့်ကား သိကြားမင်းသည် ဤသို့ဆိုသနည်းဟူငြားအံ့။ မြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌နေတော်မူသော အခါ၌လျှင် ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်တော်မူသော်။ နောင်အခါ၌ ဤကျွန်း၏ပြည့်စုံခြင်းကိုမြင်တော်မူ၍ သိကြားအား ထိုအခါ၌ သင်သိကြားသည်လည်း အဖော်ဖြစ်လေလော့ဟူ၍ စေမှာတော်မူ၏။ ထိုကြောင့်မထေရ်အားကြားလျှောက်လာသတည်း။ မထေရ်သည် သိကြားမင်း၏စကားကိုဝန်ခံ၍၊ ကိုယ်တော်လျှင် ခုနစ်ယောက်

www.dhammaransi.com



ပြောက်ဖြစ်သဖြင့် ဝေဒိသကတောင်ထိပ်မှ ကောင်းကင်သို့ပျံတက်၍၊ သိဟိုဠ်ကျွန်း၊ အနုရာဓပြည်၏အရှေ့အရပ်၊ မိဿကတောင်ထိပ်၌တည် တော်မူလေ၏။ ။မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူသည်မှ ၂၃၆ နှစ်၊ နယုန်လပြည့်နေ့၌။ အရှင်မဟိန္ဒမထေရ်သည် သိဟိုဠ်ကျွန်းသို့ရောက်၍ မိဿကတောင်၌တည်တော်မူ၏။ (အရှင်မဟိန္ဒကို ထိုတောင်၌ ဝါဆို ကျောင်းဆောက်၍ ကိုးကွယ်သည့်နှစ်မှစ၍ကား။ ထိုမိဿကတောင် သည်စေတိယတောင်ဟုထွင်သတည်း)။ ။

---

၁၀၂။ သာသနာပြုကိုးဌာနအဝင်သိဟိုဠ်ကျွန်းကိုအစစွာ လူနေတည်ထောင်သောဝိဇယဗာဟုမင်းကစ၍၊ ဒေဝါနံပိယတိဿ မင်းတိုင်၊ သိဟိုဠ်ကျွန်းအဋ္ဌုပ္ပတ်ရာဇဝင်အစဉ်ကိုပြဆိုရာ။

အဇာတသတ်မင်းမင်းဖြစ်၍ရှစ်နှစ်မြောက်သောနှစ်၌မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထိုပရိနိဗ္ဗာန်ပြုသောနေ့၌၊ လာဠတိုင်း၊ သိဟပုရ ပြည်၊ သိဟဗာဟုမင်း၏သား၊ ဝိဇယဗာဟုသည်၊ ကျွန်ခုနစ်ရာနှင့်တကွ သိဟိုဠ်ကျွန်းသို့ရောက်၍လူနေတည်ထောင်စပြုသတည်း။ ။ဤဝိဇယ ဗာဟု သိဟိုဠ်ကျွန်းသို့ရောက်ကြောင်းကား။ ဝင်္ဂတိုင်း၊ ဝင်္ဂပုရပြည်၌၊ ဝင်္ဂရာဇ်မင်း၏ သားနှင့်၊ ကာလိင်္ဂရာဇ်မင်း၏ သမီး၊ မင်းပြုသောအခါ၊ သုပတိဒေဝီဟူသောသမီးတယောက်ကိုဘွားမြင်၏။ ထိုမင်းသမီးသည် ကာမရာဂကြူးသောကြောင့် အမိအဘတို့သည်စက်ဆုပ်၍ စွန့်ပစ်နှင် ထုတ်လေသော်။ သာဝတ္ထိပြည်မှကုန်ရောင်းလာ၍ပြန်သော လှည်းကုန် သည်ငါးရာတို့နှင့်လိုက်လေ၏။ လာလမည်သောတောအရပ်သို့ရောက် လေသော်ခြင်္သေ့တခုနှင့်တွေ့၍၊ လှည်းကုန်သည်တို့ကြောက်လန့်၍ထိုမှ ဤမှပြေးလေကုန်၏။ ထိုသတို့သမီးကား ခြင်္သေ့အဘမ်းကိုခံ၍ခြင်္သေ့၏ အင်္ဂါဇာတ်ကိုအဘန်တလဲလဲသုံးသပ်သဖြင့်။ ခြင်္သေ့သည်မာတုဂါမ၏ အတွေ့၌ သာယာ၍ ချစ်ခင်လေးမြတ်သဖြင့် မိမိနေရာ ကျောက်ဂူသို့ ဆောင်၍ခင်ပွန်းပြုလေ၏။ သားယောကျ်ားတယောက်ဘွားမြင်သည်ကို သိဟဗာဟုဟုမှည့်၏။ နောက်သမီးမိန်းမဘွားမြင်သည်ကိုသိဟသိဝလိ ဟုမှည့်၏။ သိဟဗာဟုသိကြားလိမ္မာ၍ ခွန်အားနှင့်ပြည့်စုံသောအရွယ် သို့ရောက်သော်ဇာတ်မတူသောခြင်္သေ့နှင့်အတူနေရကြောင်းကိုမေး၍

www.dhammaransi.com



သိပြီးလျှင်။ အဘသည် အစာ ကျက်စားအံ့သောငှါ သွားခိုက်။ အဘ ပိတ်၍ထားခဲ့သော ကျောက်ဖျာကို တယူဇနာ ကွာဝေးသောအရပ် တိုင်အောင်ဖို၍ပြီးမှ။ ပြန်၍အမိနှင့်နှမကိုထမ်း၍ပြေးခဲ့သော်၊ ဝင်္ဂတိုင်း၌ မိမိဦးရိုးစားသောဇနပုဒ်သို့ ရောက်လေ၍၊ အကြောင်းကို ရွာစားမင်း ဦးရိုးသိလျှင် ငါ၏နှမပင်ဖြစ်သည်ဟု သိမ်းမိုက်၍ တူမောင်နှမကိုမွေးမြူ ၏။ ခြသေ့်သည် သားမယားတို့ကိုရှာအံ့သောငှါလိုက်လာ၍ ဝင်္ဂတိုင်း သို့ ရောက်လာသောအကြောင်းကို ဝင်္ဂရာဇ်မင်းကြီး ကြားလေလျှင်။ ဝင်္ဂရာဇ်မင်းကြီးက ခြသေ့်ကိုခွင်းအံ့သောသူကို ရွှေသုံးထောင်နှင့်လည်း ၍ရှာစေသည်ကို သီဟဗာဟုတွေ့၍ အမိသည် မြစ်တားသော်လည်း မနိုင်၊ ရွှေကိုသိမ်းယူ၍၊ လေးတစင်းနှင့်သွားပြီးလျှင် အဘခြသေ့်ကိုပစ် သတ်၍ ဦးခေါင်းကိုယူ၍လာခဲ့သော် ဝင်္ဂရာဇ်မင်းကြီးသေနှင့်၍၊ ပြည် သူတို့သည် မိမိတို့မင်း၏ အမျိုးအနွယ်ဖြစ်သောအကြောင်းကို သိသ ဖြင့်။ သီဟဗာဟုကို ဝင်္ဂပုရပြည်၌မင်းမြှောက်လေ၏။ ထိုသီဟဗာဟု မင်းဖြစ်ပြီးသော် အမိနှင့်ဝရိုးအား ဝင်္ဂပုရပြည်ကိုအပ်ခဲ့၍၊ နှမသီဟ သီဝလိနှင့်တကွဗိုလ်ပါများစွာယူ၍မိမိတို့ဘွားရာကျောက်ဂူသို့သွား၍ ပြည်တည်၍၊ လာလတိုင်း၊ သီဟပုရပြည်ဟုသမုတ်၍၊ နှမကိုမိဘုရား မြှောက်၍ သီဟဗာဟုမင်းပြု၏။သားယောကျ်ားချည်းအစုံအစုံ ၁၆ ကြိမ် ဘွား၏။ ရှေးဦးစွာဘွားသော သားနှစ်ယောက်တွင်။ အကြီးကို ဝိဇယ ဗာဟုဟုမှည့်၏။ အငယ်ကို သုမိတ္တဟု မှည့်၏။ ဝိဇယဗာဟုမင်းသား ကို အိမ်ရှေ့အရာပေး၏။ ကျွန်ခုနစ်ရာလက်ဘွဲ့၏။ ထိုအိမ်ရှေ့မင်းသည် အကျင့်အာစာရမရှိ။ ကြမ်းထမ်းရုန့်ရင်း၏။ ကျွန်တို့ကိုနိုးဖှက်လုယက် ဖျက်စားပြုစေ၏။ထိုကြောင့်ပြည်သူတို့ဝန်းညီ၍မင်းကိုလျှောက်သဖြင့် နှစ်ကြိမ်သုံးကြိမ်မြစ်တားသော်လည်းမနိုင်။ အမျက်ထွက်သဖြင့် ကျွန် ခုနစ်ရာနှင့်တကွ မင်းသားကိုဦးပြည်းရိတ်၍ လှေတွင်တင်၍ သမုဒြာ၌ မျှောလိုက်၏။ ထိုသူတို့၏မယားတို့ကိုလည်း လှေတစင်းနှင့်တင်၍ မျှော လိုက်၏။ သားငယ်တို့ကိုလည်း လှေတစင်းနှင့် တင်၍ မျှောလိုက်၏။ သားငယ်တို့၏ လှေဆိုက်ရာကျွန်းသည် အချည်းစည်း အဝတ်မဝတ် သောသူငယ်တို့ နေရာဖြစ်လေသောကြောင့်၊ နဂ္ဂဒီပဟု တွင်လေ၏။ မယားတို့လှေဆိုက်ရာကျွန်းသည်မိန်းမတို့ယူအပ်သောကျွန်းဖြစ်သော ကြောင့်၊ မဟိလာဒီပဟုတွင်လေ၏။ ဝိဇယဗာဟုမင်းသားတို့လှေကား

www.dhammaransi.com



လင်္ကာကျွန်း၌ဆိုက်လေ၏။ ထိုသို့လှေဆိုက်သောအခါသည်လျှင်။မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုအံ့ဟု မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ် ညောင်စောင်း၌ လျောင်းတော်မူသောအခါဖြစ်၍၊ လောကကိုဆင်ခြင်တော်မူသော်၊ထိုမင်းတို့လင်္ကာကျွန်းသို့ဆိုက်သည်ကိုမြင်တော်မူသဖြင့်၊ ထိုအခါ သိကြားမင်းလည်း ခစားလာသဖြင့် သိကြားမင်းကိုခေါ်တော်မူ၍၊ သိကြားမင်း၊ယခုအခါ၊ လာလတိုင်း၊သီဟပုရပြည်မှ ဝိဇယဗာဟုမင်းသားသည် ကျွန်ခုနစ်ရာနှင့်တကွ လင်္ကာကျွန်းသို့ဆိုက်လေပြီ။ လင်္ကာကျွန်း၌ နောင်သောအခါ ငါ၏ သာသနာတော်တည်လမည်ဖြစ်သောကြောင့်။ မင်းသားတို့ကို ဘေးအန္တရာယ်ကင်းလွတ်အောင်စောင်မဘိဟုမိန့်တော်မူ၏။ မင်းသားတို့ လှေမှတက်၍ အစဉ်သဖြင့်သွားလေကုန်သော်။ပင်ပန်း၍နားကြရာတွင်မြေ၌လက်ဝါးထောက်မိသဖြင့်လက်ဝါး၌ ကြေးနီအဆင်းနှင့်တူသောမြေရန့်တို့သည် စွဲကုန်သောကြောင့်။ ဤကျွန်းသည် တမ္ဗပဏ္ဏိဒီပ တွင်စေသတည်းဟု သမုတ်၏။ ထိုနောင်မှ အစဉ်သဖြင့်သွားလေကုန်သော် ကုဝဏ္ဏာမည်သောဘီလူးမနှင့်တွေ့၍၊ ထိုဘီလူးမနှင့် အိမ်ယာပြု၍၊ သားယောကျ်ားတယောက် မြင်သည်ကို ဝိဇိတဟုမှည့်၏။ သားမိန်းမမြင်ပြန်သည်ကို ဒိပ္ပလဟုမှည့်၏။ကုဝဏ္ဏာနှင့်ညီ၍ လင်္ကာဒီပ၌ ဘီလူးတို့ကိုသတ်ပြီးလေသ်။ ဘီလူးတို့၏ အဝတ်တန်ဆာတို့ကိုဆင်ကုန်လျက်၊ ဝိဇယဗာဟုမင်းပြု၏။ အနုရာဓနက္ခတ်နှင့်ယှဉ်၍ အနုရာဓပြည်တည်၏။ကုဝဏ္ဏာဘီလူးမကိုလည်း သားသမီးတို့ကိုယူ၍သွားလေဟုနှင်လိုက်၏။ဥပတိဿပုရောဟိတ်သည်ဥပတိဿရွာကိုတည်၏။အမတ်တယောက်ဥရွေနီကိုတည်၏။အမတ်တယောက်ဥရုဝေဠကိုတည်၏။ အမတ်တယောက်ဝိဇိတာဝီကိုတည်၏။ ။ဤသို့ အရပ်စည်ပင်မှ၊ ဇမ္ဗူဒီပါ၊မဒ္ဒတိုင်း၊ဥတ္တရပဉ္စနဂိုရ်ပြည်၌ သမီးကညာတောင်းစေ၏။ မဒ္ဒရာဇ်မင်းက သမီးတော်ကို၊အမှူးအမတ် သူဌေး သူကြွယ်တို့သမီးတရာအခြံအရံနှင့်တကွပို့လေစေသော်။ ဝိဇယဗာဟုမင်းသည် မဒ္ဒရာဇ်မင်း၏သမီးတော်နှင့်တကွအဘိသိက်ခံ၍အနုရာဓပြည်၌ ထီးနန်းတည်လျက် သီဟိုဠ်ကျွန်း၌ မင်းပြု၏။ ထိုမင်းသည် အသက် ၃၈ နှစ်နေ၍ လွန်၏။ ထိုမင်းလွန်ခါနီးကာလ နန်းဆက်သားမရှိသောကြောင့် ဇမ္ဗူဒီပါကျွန်း၌ ညီသုမိတ္တကိုမင်းပြုစိမ့်ဟုခေါ်လေစေ၏။ခေါ်မည့်သွားသူ သမုဒြာနားဆိုက်ရောက်ကာမျှလျှင် ဝိဇယဗာဟုမင်း လွန်ပြီ

www.dhammaransi.com



ဟုကြားရ၍၊ပုဗ္ဗဒီပ၌ တနှစ်နေလေ၏။ ထိုတနှစ်သည် မင်းမရှိ။အမတ်တို့သည် ညီညာ၍ အနုရာဓပြည်ကို စောင့်ရှောက်အုပ်ချုပ်ကြရ၏။တနှစ်လည်မှ သီဟပုရပြည်သို့သွားလေသော ခမည်းတော်သီဟဗာဟုမင်းလွန်သဖြင့် ညီတော်သုမိတ္တမင်းပြုနှင့်ပြီဖြစ်၍။ ညီတော်ကိုမရ။ညီတော်တွင် သားသုံးယောက် ရှိသည့်တွင်။ အငယ်ဆုံး ပဏ္ဍုဝါသုဒေဝ ကိုအမတ်သား သုံးကျိပ်တို့နှင့်တကွ သီဟိုဠ်ကျွန်းသို့ကူးလေစေ၏။ သီဟဗာဟုမင်း၏ မြေး ပဏ္ဍုဝါသုဒေဝသည်။ ဘုရား လွန်တော်မူသည်မှအနှစ် ၄၀ ပြည့်နှစ်အဝင်တွင်စ၍ သီဟိုဠ်ကျွန်း၌ မင်းပြု၏။ ။မြတ်စွာဘုရားရှိတော်မူစဉ်။ ဝိဋူဍဘကြောင့် ပျက်စီးလေသော ဆွေတော်မျိုးတော်တို့တွင်။ အမိတ္တောဒနသာကီဝင်မင်း၏ အဆက်ဖြစ်သော မင်းသားသည်။မြစ်ပင်လယ်နား၌မြို့တည်၍ ပဏ္ဍုသက္ကာရဟူသောအမည်ဖြင့်မင်းပြု၏။ထိုပြည်သည် ရက္ခဏမတုအမည်တွင်၏။ရက္ခိုင်ဟ်လည်းဟူ၏။ ထိုပဏ္ဍုသက္ကာရမင်း၌ သားယောက်ျား ၇စ်ယောက်ရှိ၏။ သမီးကားတယောက်ရှိ၏။ ဘဒ္ဒိယကဉ္စာဟူသောအမည်ရှိ၏။ သီဟိုဠ်ကျွန်းက ပဏ္ဍုဝါသုဒေဝမင်းသည်။ ရွှေငွေလက်ဆောင် များစွာနှင့် ပဏ္ဍုသက္ကာရမင်းထံ ဘဒ္ဒိယကဉ္စာသမီးတော်ကိုတောင်းလေစေ၏။သီဟိုဠ်မှတပါး ဇမ္ဗူဒီပါမှ ခုနစ်ပြည်ထောင်သော မင်းတို့သည်လည်း ပဏ္ဍာလက်ဆောင်များစွာယူခဲ့၍ စစ်အင်္ဂါနှင့်တကွ သမီးတောင်းလာကုန်၏။ ပဏ္ဍုသက္ကာရမင်းသည် တစုံတယောက်သောသူကိုမျှမျက်နှာမကြည့်မူ၍၊ရသောသူယူစေတော့ဟု သမီးတော်ကိုတန်ဆာဆင်သောအမတ်သမီး သုံးကျိပ်နှစ်ယောက်နှင့်တကွ လှေနှင့်စာင်၍ မြစ်၌မျှောလေ၏။ ၇စ်ယောက်သောမင်းတို့ လိုက်ကြကုန်သော် ပဏ္ဍုဝါသုဒေဝမင်း ရလေ၏။ပဏ္ဍုဝါသုဒေဝမင်းသည် ပဏ္ဍုသက္ကာရမင်း၏သမီးတော်နှင့်တကွ အဘိသိက်ခံ၏။ အခြံအရံပါသောအမတ်သမီး သုံးကျိပ်နှစ်ယောက်တို့ကိုလည်း ဇမ္ဗူဒီပါကပါသော ကျွန်ရင်းသုံးကျိပ်နှစ်ယောက်တို့နှင့်ပေးစား၏။ ထိုပဏ္ဍုဝါသုဒေဝမင်း၏သားကား တကျိပ်တည်း။သားအကြီးသည်အဘယခည်၏။သမီးကားတယောက်သာရှိ၏။ စိတ္တာအမည်တွင်၏။ ။ပဏ္ဍုသက္ကာရမင်းသည် သီဟိုဠ်၌ သမီးတော်ဘဒ္ဒိယကဉ္စာ၏ အကြောင်းကိုသိလို၍။ သားတော်အငယ်ကို နေစေပြီးနောက် ခြောက်ယောက်သောသားတို့ကိုသီဟိုဠ်သို့ကူးစေပြန်သော်။ ထိုခြောက်ယော

www.dhammaransi.com



တို့တွင်၊ ဒီပင်္ကရမင်း၏သား ဒီပင်္ကမဏိနှင့်၊ ပဏ္ဍုဝါသုဒေဝ မင်း၏ သမီး၊စိတ္တာနှင့် အိမ်သင့်လေ၏။ ပဏ္ဍုဝါသုဒေဝမင်းသည် သားတော် အကြီး အဘယကုမ္မာကို အိမ်ရှေ့ပေးလေ၏။ နှမတော်စိတ္တာမှာလည်း သား ယောကျ်ားတယောက်ဘွား၏။ ထိုသားအား ပဏ္ဍုကာဘယဟူ သောအမည်ကိုမှည့်၏။ ပဏ္ဍုဝါသုဒေဝမင်းသည် နန်းထက်အနှစ်သုံး ဆယ်နေ၍ လွန်၏။ သားတော် အဘယကုမ္မာသည် သာသနာတော် သက္ကရာဇ် ၇၀ ပြည့်နှစ်တွင်စ၍မင်းပြု၏။ အဘယကုမ္မာမင်းပြု၍ အနှစ် ၂၀ ပြည့်လျှင်။ အဘယကုမ္မာကို နှမတော်စိတ္တာသား စစ်ပြု၍ ပြည်ကို လု၏။ အဘယကုမ္မာမင်းကို သတ်လေ၏။ သာသနာတော် သက္ကရာဇ် ၉၀ ပြည့်နှစ်တွင်စ၍ လုသတည်း။ ထိုနှစ်မှစ၍ ၁၇ နှစ်တိုင် ပဏ္ဍုကာ ဘယသည် မိမိ၏ဝရီးတော် ၉ ယောက်တို့ကို။ ထိုထိုသောအရပ်၌စစ် ပြု၍သတ်လေ၏။ သာသနာတော်သက္ကရာဇ်တရာပြည့်နှစ်မှစ၍ ၁၇ နှစ် ပတ်လုံးပဏ္ဍုကာဘယသည်အဘိသိက်မသွန်းမူ၍မင်းပြု၏။ အဘိသိက် သွန်းပြီးလည်းအနှစ် ၇၀ မင်းပြု၏။ သာသနာတော်သက္ကရာဇ် ၁၇၆ နှစ် တွင် ပဏ္ဍုကာဘယလွန်၍၊ သားမုဋသိဝမင်းပြု၏။မုဋသိဝအနှစ် ၆၀ မင်းပြု၍ သာသနာတော်သက္ကရာဇ် ၂၃၅ နှစ်တွင်လွန်၏။ သားဒေဝါနံ ပိယတိဿသည် သာသနာတော်သက္ကရာဇ် ၂၃၅ နှစ် နတ်တော်လဆန်း တရက်နေ့တွင် သီဟိုဠ် အဘိသိက်သွန်း၍ မင်းပြု၏။ အဘိသိက်သွန်း သည်မှခြောက်လခြောက်၊သာသနာတော်သက္ကရာဇ် ၂၃၆ နှစ်၊ကဆုန် လပြည့်နေ့၌တဘန်ထပ်၍ဇမ္ဗူဒိပ်ကအဘိသိက်ဖြင့်သွန်းပြန်၏။ ။

---

၁၀၃။ ဇမ္ဗူဒိပ်ကျွန်းဓမ္မာသောကမင်းနှင့်၊
သီဟိုဠ်ကျွန်းဒေဝါနံပိယတိဿခင်းတို့အဒိဋ္ဌသဟာယဖြစ်၍
လက်ဆောင်ပဏ္ဏာအတွံ့အလှည့်ပို့ကြခြင်း၊ဓမ္မာသောကမင်းပို့သော
အဆောင်အရွက်ဖြင့်ဒေဝါနံပိယတိဿမင်းအဘိသိက်
ခံခြင်းနှင့်တကွ၊အဘိသိက်အစီအရင်ကိုပြရာ။

ဇမ္ဗူဒိပါ၌ ဓမ္မာသောကမင်းနှင့်သီဟိုဠ်ကျွန်းဒေဝါနံပိယတိဿမင်း ကား မမြင်ဘူးသောအဆွေခင်ပွန်းတည်း။ဇမ္ဗူဒိပါ၌ ဓမ္မာသောကမင်း အဘိသိက်သွန်း၍ ၁၇ နှစ်မြောက်၌၊သီဟိုဠ်ကျွန်းတွင်မုဋသိဝမင်းလွန်

www.dhammaransi.com



၍၊ ဝေဒါဝါန်ပိယတိဿမင်း မင်းအဖြစ်သို့ရောက်၏။ ဒေဝါနံပိယတိဿမင်း မင်းအဖြစ်သို့ရောက်လျှင် ထိုမင်း၏ဘုန်းကြောင့် အနုရာဓပြည်မှ အရှေ့တောင်၊ သုံးယူဇနာကွာအရပ်၌၊ ဆာတအမည်ရှိသော တောင်ခြေရင်း၌ တခုသောဝါးရုံ၌ရထားထမ်းပိုးလုံးမျှပမာဏရှိသော လတာယဋ္ဌိ၊ပုပ္ဖယဋ္ဌိ၊သကုဏယဋ္ဌိ၊ ဟူ၍သုံးချောင်းသောတောင်ဝှေးတို့သည် ဖြစ်ကုန်၏။လတာယဋ္ဌိသည် ငွေအဆင်းနှင့်တူ၏။ ထိုတောင်ဝှေးကိုရစ်ပတ်၍ တန်ဆာဆင်သောရွှေနွယ်တို့သည် ရွှေအဆင်းနှင့်တူသည်ဖြစ်၍ ထင်ကုန်၏။ ပုပ္ဖယဋ္ဌိတောင်ဝှေး၌ ညိုသောအဆင်း၊ ရွှေသောအဆင်း၊ နီသောအဆင်း၊ ဖြူသောအဆင်း၊ မည်းသောအဆင်းရှိကုန်သော ပန်းပွင့်တို့သည် ကောင်းစွာဝေဘန်အပ်သော အညှာ၊ပွင့်ချပ်၊ ဝတ်ဆံဝတ်မှုံရှိကုန်သည်ဖြစ်၍ထင်ကုန်၏။သကုဏယဋ္ဌိတောင်ဝှေး၌ဟင်္သာ၊ဝမ်းဘဲ၊ ကရဝိက်၊ ရေကြက်၊ ဓိဝဖိုဝ်း အစရှိသောငှက်၏အရုပ်တို့သည်၎င်း။ ဆင်ရုပ်၊ မြင်းရုပ်၊ အစရှိကုန်သော အထူးထူး အပြားပြားသော အခြေလေးခုသတ္တဝါရုပ်တို့သည်၎င်း အသက်ရှိသကဲ့သို့ ထင်ကုန်၏။ ထိုမှတပါးလည်း သမုဒ္ဒရာမှ၊ပုလဲ၊ပတ္တမြား၊ကြောင်မျက်ရွဲ၊အစရှိသော အထူးထူးသောရတနာတို့သည် ဖြစ်ကုန်၏။ မြင်းမှဖြစ်သောပုလဲ၊ ဆင်မှဖြစ်သောပုလဲ၊ ရထားမှဖြစ်သောပုလဲ၊ နှစ်ရှားသီးမှဖြစ်သော ပုလဲ၊ လက်ကောက်မှ ဖြစ်သောပုလဲ၊ လက်စွပ်မှဖြစ်သောပုလဲ၊ ရေခံတက်သီးမှဖြစ်သောပုလဲ၊ ပကတိသောပုလဲဟူ၍ ရှစ်ပါးသောပုလဲတို့သည် ဘိပတိုင်ကျွန်း၌ဖြစ်ကုန်၏။ ဒေဝါနံပိယတိဿမင်းကြီးသည် ထိုတောင်ဝှေးသုံးချောင်းကို၎င်း၊ ရှစ်ပါးအပြားရှိသောပုလဲတို့ကို၎င်း၊ ထိုမှတပါး သမုဒ္ဒရာမှဖြစ်သော ပုလဲ၊ ပတ္တမြား၊ ကြောင်မျက်ရွဲစသော ရတနာတို့ကို၎င်း။ ဓမ္မာသောကမင်းကြီးအား ပဏ္ဏာလက်ဆောင်အလို့ငှါ မို့လေစေ၏။ ဓမ္မာသောကမင်းကြီးသည်ကြည်ညို၍၊ ဒေဝါနံပိယတိဿမင်းအား၊ ထီးဖြူ၊သားမြီးယပ်၊ သန်လျက်၊ သင်းကျပ်၊ရွှေခြေနင်း၊ ဦးငါးပါးသော မင်းမြောက်တန်ဆာတို့ကို၎င်း။ ထိုမှတပါး အဘိသိက်အခြံအရံဖြစ်သော သမုဒ္ဒရာမှဖြစ်သော လက်ျာရစ်ခရုသင်း၊အနဝတတ်အိုင်ရေ၊ ကျက်နှာချေ၊ ထုံသင်းမှုန့်။ နား၌ဆင်သော ဦးဆောက်ပန်းတန်ဆာ၊ ရွှေကုန်း၊ မင်္ဂလာအလို့ငှါ ကျီးခြေသဏ္ဌာန်ဖြင့် ပြုအပ်သော ရွှေတန်ဆာ အထူး။ထမ်းစင်၊မင်းသမီး၊ ညစ်နွမ်းသောအခါ မီး၌ထည့်ကာမျှဖြင့်သန့်

www.dhammaransi.com



ရှင်းဖြူစင်ခြင်းသို့ရောက်သော၊ မဖွပ်လျှော်ရသောပုဆိုးတစုံ။ မွှေးသော အဆင်းရှိသော အဘိုးထိုက်သောလက်သုတ်ပုဝါ။ ဆေးဒန်းအဆင်းနှင့် တူသောစန္ဒကူး၊ နဂါးပြည်မှဖြစ်သော အရုဏဝတီမြေ၊ လျှင်စွာကိုယ် လက်အညစ်အကြေးကို သုတ်သင်တတ်သော ဆေးဖြစ်သော သဖန်း ခါးရှစ်ရှား။ ဆေးဖြစ်သော နဂါးပြည်မှဆောင်ခဲ့သောမျက်စဉ်း။ ဆဒ္ဒန် အိုင်မှ ကျေးတို့သည် ဆောင်ခဲ့အပ်သော ကောင်းသောအနံ့ရှိထသော ဝါဟ ၆၀၀၀၀ အတိုင်းအရှည်ရှိသော သလေးစပါး တို့ကိုရင်း။ မင်း မျိုးသတို့သမီးရှစ်ယောက်။ပုဏ္ဏားမျိုးသတို့သမီးရှစ်ယောက်။သူကြွယ်မျိုး သတို့သမီးရှစ်ယောက်တို့ကိုရင်း။ရွှေမြူတာရှစ်လုံး။ငွေမြူတာရှစ်လုံး။မြေ ဖြင့်ပြီးသော မြေမြူတာရှစ်လုံးတို့ကိုရင်း။ သေနီအမျိုးရှစ်ယောက်တို့နှင့် တကွ၊ အမတ်မျိုးရှစ်ယောက်တို့ကိုရင်း။ အဘိသိက်အဆောင်အရွက် အလို့ငှါပို့စေ၏၊ ထိုသို့ပို့စေခြင်းကား၊ ဒေဝါနံပိယတိဿမင်းက ပို့လာ သော ပဏ္ဏာလက်ဆောင်တို့ကိုမြင်သဖြင့် နှစ်သက်၍၊ ဤပဏ္ဏာလက် ဆောင်တို့ထက်လွန်မြတ်စွာ ပဏ္ဏာလက်ဆောင်ကို အဘယ်သို့ပို့ရအံ့ နည်းဟု အမတ်တို့နှင့် တိုင်ပင်၍၊ သီဟိုဠ်ကျွန်း အဘိသိက် အဆောင် အရွက်သည် ဤသို့သဘောရှိ၏ဟု ကြား၍၊ ငါ့အဆွေအား သမုဒ္ဒါမှ ဖြစ်သောခရုသင်းအစရှိသော့ဆိုအပ်ပြီးသောအလုံးစုံအဆောင်အရွက် တို့ဖြင့် တဘန်အဘိသိက်သွန်းခြင်းကိုပြုစေသတည်းဟုမှာ၍ပို့စေ၏။ဤ အာမိသပဏ္ဏာကာရကိုသာမဟုတ်၊ ဓမ္မပဏ္ဏာကာရကိုလည်းပို့စေ၏။ အဘယ်သို့ပို့စေသနည်းဟူမူကား။အဆွေသီဟိုဠ်မင်း၊ငါသည် သာကီ ဝင်မင်းမျိုးဖြစ်သောဘုရား၏သာသနာတော်၌ကြည်ညို၍ ဘုရားကိုကိုး ကွယ်၏။တရားကိုရင်း၊သံဃာကိုရင်းကိုးကွယ်၏ဟု သရဏဂုံဆောက် တည်သောဒါယကာ၏အဖြစ်ကို ကြားရောက်၍၊ သင်အဆွေမင်းမြတ် သည်လည်း မြတ်စွာဘုရားသာသနာတော်၌ ကြည်ညိုခြင်းရှိ ဖြစ်စေ လော့။ ကြည်ညိုပြီးသော် ဘုရား တရား သံဃာ ရတနာသုံးပါးကို ကိုး ကွယ်လော့ဟု ဓမ္မပဏ္ဏာကာရလက်ဆောင်ကိုလည်းပို့စေ၏။ဓမ္မသော ကမင်းပို့စေသော ဤအာမိသပဏ္ဏာကာရ ဓမ္မပဏ္ဏာကာရတို့သည်။က ဆုန်လဆန်း ၁၂ ရက်နေ့သီဟိုဠ်ကျွန်းသို့ရောက်လေသဖြင့်၊ နတ်တော် လဆန်းတရက်နေ့က သီဟိုဠ်အဘိသိက်ဖြင့် အဘိသိက်ခံပြီးသော ဒေဝါနံပိယတိဿမင်းသည် ထိုအဘိသိက်ခံသည်မှ ငါးလခွဲမြောက်။သာ

www.dhammaransi.com



သနာစောင် သက္ကရာဇ် ၂၃၆ နှစ်ရောက်၊ ကဆုန်လပြည့်နေ့၊ နေတက် နံနက်အခါတွင်။ ဇမ္ဗူဒီပါကပါသော အဘိသိက်အဆောင်အရွက်တို့ ဖြင့်တဘန်ထပ်၍အဘိသိက်သွန်းပြန်၏။ ။

အဘိသိက်သွန်းသော အခြင်းအရာကား ဤသို့တည်း။ အဘိသိက် မင်္ဂလာအလို့ငှါတန်ဆာဆင်ခြင်းနှင့်စပ်သောမဏ္ဍပ်ကိုပြု၍၊ထိုမဏ္ဍပ်၏ အတွင်း၌ ရေသဖန်းသား အင်းပျဉ်ထက်၌ အဘိသိက်သွန်းအပ်သော မင်းသားကို နေစေ၍၊ မင်္ဂလာတန်ဆာဖြင့်ဆင်အပ်ပြီးသော၊ အမျိုးနှင့် ပြည့်စုံသောမင်းသမီးသည် အနဝတတ်အိုင်ရေဖြင့်ပြည့်သော လက်ျာ ရစ်ခရုသင်းကို လက်နှစ်ဘက်တို့ဖြင့် ရိုသေစွာချီ၍၊ မင်းသား၏ဦးထိပ် ပေါ်သို့ဆောင်၍ ထိုမင်း၏ဦးထိပ်၌ ထိုရေဖြင့်သွန်း၍။ အရှင်မင်းမြတ်၊ ခပ်သိမ်းသောမင်းတို့သည် မိမိတို့ကို စောင်မအုပ်ချုပ်စိမ့်သောငှါ ဤ ရေစင်ဖြင့်သွန်း၍ အရှင်မင်းသားကိုမင်းပြုကုန်၏။ သင်မင်းမြတ်သည် မင်းကျင့်တရား၌တည်လျက် တရားနှင့်ညီသဖြင့်မင်းပြုလော့။ မင်းသား အပေါင်းတို့၌ သား၏ချစ်ခြင်း သနားခြင်းရှိသည် ဖြစ်၍ အကျိုးစီးပွါး ကို အလိုရှိသောစိတ်ရှိသည် ဖြစ်စေလော့။ လုံခြုံစွာ စောင့်ရှောက်စေ ခြင်းဖြင့် ထိုမင်းသားတို့ကို စောင့်ရှောက်သည်ဖြစ်စေလော့ဟူ၍ နှုတ် ဖြင့်ဆို၏။ ထိုနောင်မှ ပုဏ္ဏားသည် ပုဏ္ဏားနှင့်လျော်သော တန်ဆာကို ဆင်၍မင်းသမီးကဲ့သို့သွန်း၍။ အရှင်မင်းမြတ်၊ပုဏ္ဏားတို့သည် မိမိတို့ကို လုံခြုံစွာစောင့်ရှောက်စေခြင်းငှါ အရှင်မင်းသားကိုထိပ်၌ရေစင်သွန်း၍ မြတ်သောမင်းကိုပြုကုန်၏။ ဤသို့စသည်ဖြင့် မင်းသမီးဆိုသကဲ့သို့ဆို ၏။ထိုနောင်မှသူဌေးသည် သူဌေးနှင့်ထိုက်တန်သောတန်ဆာကိုဆင်၍၊ မင်းသမီးကဲ့သို့ သွန်း၍။ အရှင်မင်းမြတ်၊ သူဌေးသူကြွယ် အပေါင်းတို့ သည်မိမိတို့ကိုစောင့်ရှောက်စိမ့်သောငှါ အရှင်မင်းမြတ်ကိုရေစင်သွန်း၍ မင်းအဖြစ်ကိုပြုကုန်၏။ ဤသို့စသည်တို့ဖြင့် မင်းသမီးဆိုသကဲ့သို့ဆို၏။ ထိုသူတို့သည် ဤသို့ဆိုကုန်သဖြင့်၊ မြတ်သော မင်းကြီး၊ သင်မင်းကြီး သည်။ အကယ်၍ ငါတို့ဆိုအပ်သော စကားနှင့်ညီစွာ မင်းအဖြစ်ကိုပြု အံ့။ ဤသို့ပြုသည်ရှိသော် ဆုန်းတော်ကြီး၍ သက်တော်ရှည်ပါစေသ တည်း။ အကယ်၍ ငါတို့ဆိုအပ်သောစကားနှင့်ညီစွာမင်းမပြုအံ့၊ သင် မင်းကြီး၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲ၍စေသတည်းဟု ကျိန်ဆဲသကဲ့သို့ ဖြစ်၏။ ။ကဆုန်လပြည့်နေ့၌ ဒေဝါနံပိယတိဿမင်း အဘိသိက်သွန်း

www.dhammaransi.com



သည်ကို အကြောင်းပြု၍၊ ယခုတိုင် မင်းတို့သည် ကဆုန်လပြည့်နေ့၌ အဘိသိက်သွန်းကုန်၏။ ဒေဝါနံပိယတိဿမင်းကားမုဋသိဝမင်း၏သား တကျိပ်တွင်အကြီးတည်း။ ထိုမင်း၌သမီးလည်းနှစ်ယောက်ရှိ၏။ ။

---

## ၁၀၄။ အရှင်မဟိန္ဒထေရ်သီဟိုဠ်ကျွန်းသို့ သာသနာပြုကြွတော်မူ၍မိဿကတောင်၌ဒေဝါနံပိယ တိဿမင်းအားစူဠဟတ္ထိပဒေါပမသုတ္တန်ဒေသနာဖြင့်မင်းချင်း ယောကျ်ားလေးသောင်းနှင့်တကွသရဏဂုံ၌တည်စေခြင်း၊ သမစိတ္တသုတ္တန်ဒေသနာဖြင့်အသချေမျှလော်သော နတ်တို့အားမဂ်ဖိုလ်ရစေခြင်းကိုပြရာ။

ထိုဒေဝါနံပိယတိဿမင်းသည်ကဆုန်လပြည့်နေ့အဘိသိက်သွန်း၍ ပြီးသည်မှတလမြောက်ဖြစ်သောနယုန်လပြည့်နေ့၌ ငါးကစားနက္ခတ် သဘင်ထွက်မည်ဖြစ်၍၊ မြို့၌ကြွေးကြော်ဆော်ဟစ်စေ၍၊ အမတ်တို့ကို တောကစား သဘင် ပြုကုန်အံ့ဟု ဆို၍၊ လေးသောင်းသော မင်းချင်း ယောကျ်ားတို့ဖြင့်ခြံရံလျက်မြို့မှထွက်၍၊ မြို့၏အရှေ့၌ မိဿကတောင် ရှိသောတောအရပ်သို့သွားလေ၏။ ထိုအခါ၌အရှင်မဟိန္ဒမထေရ်သည် မိမိကိုယ်လျှင် ခုနစ်ယောက်မြောက်ဖြစ်၍ ဇမ္ဗူဒီပါမှကောင်းကင်ခရီး ဖြင့်လာခဲ့၍၊ မိဿကတောင်ထိပ်၌တည်လေ၏။ ထိုရောအခါ မိဿက တောင်၌စောင့်သောနတ်သည် မထေရ်တို့ကို မင်းကြီးအားပြအံ့ဟု ကြံ၍ ဓိုင်၏အရုပ်ကိုဘန်ဆင်းလျက် မင်းမှမနီးမဝေးသောအရပ်၌ မြက် သစ်ရွက်တို့ကိုစား၍သွား၏။ မင်းကြီးသည်ထိုဓိုင်ကိုမြင်၍၊ ယခုအခါ မေ့လျော့၏။ ပစ်အံ့သောငါ့မသင့်သေးဟုလေးညှို့ကိုဖြန်း၏။ ဓိုင်သည် သရက်ကုန်းခရီးကိုယူ၍ပြေးအံ့သောငှါအားထုတ်၏။ မင်းသည် နောမှ နောက်မှ အစဉ်လိုက်လေသဖြင့် သရက်ပင်ကုန်းသို့လျှင် တက်လေ၏။ ဓိုင်သည်လည်း မထေရ်တို့၏အနီး၌ကွယ်လေ၏။ အရှင်မဟိန္ဒမထေရ် သည် မနီးမဝေးမှလာသောမင်းကြီးကို မြင်၍၊ ငါ့ကိုသာ မင်းကြီးမြင် စေသတည်း။ ငါမှတပါးသောခြောက်ယောက်တို့ကိုမမြင်စေသတည်း ဟုမိန့်ဆိုရွက်၍၊ တိဿတိဿ၊ ဤသို့လာခဲ့လော့ဟုမိန့်တော်မူ၏။ မင်းကြီး သည် ထိုစကားကိုကြား၍ ဤသီဟိုဠ်ကျွန်း၌ဖွားသောသူသည် ငါ့ကို

www.dhammaransi.com



တိဿတိဿဟု အမည်ကိုယူ၍ခေါ်ခြင်းငှါ စွမ်းနိုင်သောသူမည်သည် မရှိ။ ပြက်သောပျက်သော ပုဆိုးကိုဆောင်သော ဖြော့တော့သောအဝတ်ကိုဝတ်သော ဤသူသည်ကား ငါ့ကို အမည်ဖြင့်ခေါ်ဘိ၏။ ဤသူသည်အဘယ်သူနည်း၊လူဖြစ်သလော၊နတ်ဖြစ်သလောဟုကြံ၏။မထေရ်သည် ထိုအကြံကို သိ၍။ မြတ်သောမင်းကြီး၊ ငါတို့သည် တရားမင်းဘုရား၏တပည့်ဖြစ်သောရဟန်းတို့တည်း။သင့်အားသနားသဖြင့် ဇမ္ဗူဒီပါကျွန်းမှ ဤကျွန်းသို့လာကုန်သည်ဟုမိန့်တော်မူ၏။ ထိုရောအခါ၊ဒေဝါနံပိယတိဿမင်းသည် ဓမ္မာသောကမင်းပေးမှာလိုက်သော၊ ဘုရား၊တရား၊သံဃာဟူသော သတင်းစကားကို အောက်မေ့၍။ ငါတို့သည် ရဟန်းတို့တည်း၊ တရားမင်းဘုရား၏တပည့်တို့တည်း ဟူသောစကားကိုကြား၍၊အရှင်မြတ်တို့သည်လာကုန်သလောဟုအောက်မေ့၍။ လေးလုံးလက်နက်တို့ကိုချ၍။ဝမ်းမြောက်ဝမ်းသာသောစကားကို ပြောဟောလျက် တင့်အပ်ရသောအရပ်၌ နေ၏။ ထိုမင်းစကားပြော၍နေစဉ်။ ထိုလေးသောင်းသောမင်းချင်းယောကျ်ားတို့သည်မှီလာ၍ခြံရံကုန်၏။ ထိုအခါမထေရ်သည် ကိုယ်တော်မှတပါးကြွင်းသောသူတို့ကိုလည်းမင်းအားမြင်စေကုန်၏။ မင်းသည် ဤသူတို့သည် အဘယ်အခါ၌လာကုန်သနည်းဟုမေး၏။ မြတ်သောမင်းကြီး၊ ငါနှင့်အတူပင်လာ၏ဟုမိန့်တော်မူ၏။ယခုအခါ ဇမ္ဗူဒီပါကျွန်း၌ အရှင်ဘုရားတို့မှတပါး အရှင်ဘုရားတို့ကဲ့သို့သဘောရှိသော ရဟန်းတို့သည် ရှိကုန်သေး၏လောဟု မင်းကြီးမေး၏။မြတ်သောမင်းကြီး၊ရှိကုန်၏။ ယခုအခါ ဇမ္ဗူဒီပါကျွန်းသည် သင်္ကန်းရောင်ဖြင့်တောက်ပ၏။ ရဟန်းတို့၏ဟန်ပန်လေဖြင့် ထက်ဝန်းကျင်မှ လာ၏။ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံကုန်သော၊ တန်ခိုးကြီးကုန်သော၊ သူတပါးတို့၏စိတ်ကို သိတတ်ကုန်သော၊ ကုန်ပြီးသောအာသဝေါရှိကုန်သောဘုရားတပည့်ရဟန္တာတို့သည် များစွာရှိကုန်၏ဟု မိန့်တော်မူ၏။ အရှင်ဘုရားတို့သည် အဘယ်ခရီးဖြင့် လာကုန်သနည်းဟု မေး၍။ မင်းကြီး၊ ရေခရီးဖြင့်လည်းမလာ၊ ကြည်းခရီးဖြင့်လည်း မလာဟူ၍မိန့်တော်မူသော်။ ကောင်းကင်ဖြင့်လာသည်ဟု မင်းကြီးသိတော်မူ၏။မထေရ်သည်မင်းကြီးအား ပညာအဆင်အခြင်သည်ရှိ၏လောမရှိလောဟု စုံစမ်းအံ့သောငှါ အနီး၌ရှိသောသရက်ပင်ကိုအကြောင်းပြု၍ ပြဿနာမေး၏။ မင်းကြီး၊ဤသစ်ပင်သည် အဘယ်အမည်ရှိသနည်းဟု

www.dhammaransi.com



မေး၏။ အရှင်ဘုရား၊ သရက်ပင်အမည်ရှိ၏ဟု လျှောက်၏။ မင်းကြီး၊ ဤသရက်ပင်ကို လွတ်၍ တပါးသောသရက်ပင်သည် ရှိသလော မရှိသလောဟု မထေရ်မေးသော်။ အရှင်ဘုရား၊တပါးသောသရက်ပင်တို့သည် များစွာရှိကုန်၏ဟုလျှော်၏။ မင်းကြီး၊ဤသရက်ပင်ကိုရင်း၊တပါးသောသရက်ပင်တို့ကိုရင်းလွတ်၍၊ တပါးသောသစ်ပင်တို့သည်ရှိကုန်၏လောဟုမေးတော်မူ၏။ အရှင်ဘုရား၊ရှိကုန်၏၊ရှိသော်လည်း ထိုသစ်ပင်တို့သည် သရက်ပင်မဟုတ်ကုန်ဟုလျှောက်၏။ မင်းကြီး၊တပါးကုန်သောသရက်ပင်တို့ကိုရင်း၊ သရက်ပင်မဟုတ်ကုန်သောသစ်ပင်တို့ကိုရင်း လွတ်၍ တပါးသော သစ်ပင်သည် ရှိသလောဟု မေးတော်မူပြန်သော်။ ရှိပါ၏အရှင်ဘုရား၊ဤသရက်ပင်ပင်တည်းဟု လျှောက်သဖြင့်။ မင်းကြီး၊ ကောင်း၏။ သင် မင်းကြီးသည် ပညာရှိ၏ဟု မိန့်တော်မူ၍။ မင်းကြီး၊သင်မင်းကြီးအား အဆွေအမျိုးရှိ၏လောဟုမေးတော်မူပြန်၏။ များစွာသောအဆွေအမျိုးတို့သည်ရှိကုန်၏ဟုလျှောက်သော်။မင်းကြီး၊ ထိုအဆွေအမျိုးတို့ကို လွတ်၍ တပါးကုန်သော အဆွေအမျိုးမတော်သောသူတို့သည်ရှိ၏လောဟုမေးတော်မူပြန်၏။ အရှင်ဘုရား၊ရှိကုန်၏။ အဆွေအမျိုးမတော်သော သူတို့သည် အဆွေအမျိုးတော်သောသူတို့ထက် များစွာကုန်၏ဟုလျှောက်သော်။မင်းကြီး၊သင်၏အဆွေအမျိုးတို့ကိုရင်း၊ အဆွေအမျိုးမတော်သော သူတို့ကိုရင်း လွတ်၍ တပါးသော တစုံတယောက်သောသူသည် ရှိ၏လောဟု မထေရ်မေးတော်မူသော်။ အရှင်ဘုရား၊ အကျွန်ုပ်ပင်တည်းဟု လျှောက်၏။ မြတ်သော မင်းကြီး၊ ကောင်း၏။ မိမိကိုယ် မည်သည် မိမိ၏ အဆွေအမျိုးလည်း မဟုတ်။ အဆွေအမျိုးမဟုတ်သောသူလည်း မဟုတ်ဟု မိန့်တော်မူ၏။ ထိုအခါ မထေရ်သည်၊ ဤမင်းကြီးသည်ပညာရှိ၏။ တရားကိုသိခြင်းငှါတတ်နိုင်လတ္တံ့ဟု နှလုံးသွင်းတော်မူ၍ စူဠဟတ္ထိပဒေါပမသုတ်ကို ဟောတော်မူ၏။ဟောတော်မူသောအဆုံး၌ မင်းသည် လေးသောင်းသောမင်းချင်းယောက်ျားတို့နှင့်တကွ သရဏဂုံသုံးပါးတို့၌တည်လေ၏။ ၊ထိုခဏ၌သာလျှင် မင်းကြီးအား စားတော်ထမင်း ဆောင်ခဲ့ ကုန်၏။ မင်းကြီးသည် သုတ္တန်တရားကိုနာစဉ်ကပင် ဤအရှင်တို့အား ဤအခါ၌ဘောဇဉ်သည်မအပ်ဟူ၍သိ၏။ မပန်မူ၍စားအံ့သော်ငှါကား မလျှောက်ပတ်ဟုကြံ၍။ အရှင်ဘုရား၊ စားတော်မူလတ္တံ့လောဟုမေး၏။ မင်းကြီး၊ ငါတို့

www.dhammaransi.com



အားဤအခါ၌ဘောဇဉ်သည်မအပ်ဟုမိန့်တော်မူသော်။အဘယ်အခါ၌ အပ်သနည်းဟုမေး၏။ မြတ်သောမင်းကြီး၊ အရုဏ်တက်သောအခါမှ စ၍ မွန်းတည့်သောအခါတိုင်အောင် အပ်၏ဟု မိန့်တော်မူ၏။ အရှင်ဘုရား၊မြို့သို့သွားကုန်အံ့ဟုမင်းကြီးပင့်လျှောက်၏။ မင်းကြီး၊ဤအရပ်၌ပင်လျှင်ငါတို့နေကုန်အံ့ဟုမိန့်တော်မူ၏။အရှင်ဘုရား၊အကယ်၍ အရှင်ဘုရားတို့သည် နေတော်မူကုန်။ ဤသူငယ်ကို လိုက်ပါစေသတည်းဟု လျှောက်၏။ မင်းကြီး၊ဤသူငယ်သည် သောတာပတ္တိဖိုလ်သို့ရောက်ပြီ။ မြတ်စွာဘုရား အဆုံးအမတော်ကို သိပြီ။ ရဟန်းအဖြစ်ကိုငဲ့သောသူတည်း။ ယခုအခါ၌ ရဟန်းပြုလတ္တံ့ဟုမိန့်တော်မူ၏။ ထိုသို့တပြီးကား အရှင်ဘုရားထံသို့ နက်ဖြန်ရထားစေလိုက်အံ့။ ထိုရထားကိုစီး၍ အရှင်ဘုရားတို့သည်လာကုန်လော့ဟုဆို၍ရှိခိုး၍ပဲလေ၏။ ။

အရှင်မဟိန္ဒမထေရ်သည် မင်းကြီးပဲပြီးသည့်နောက် မမြင့်မီ သုမနသာမဏေကို၊ လာလှည့်၊ သင်သည် တရားနာအံ့သောအခါကို ကြွေးကြော်လော့ဟုစေ၏၊ အရှင်ဘုရား၊ အဘယ်မျှလောက်သောအရပ်ကို ကြားစေရအံ့နည်းဟု သာမဏေမေးသော်။ အလုံးစုံသောကျွန်းသူတို့ကိုကြားစေဟုမိန့်၏။ သာမဏေသည်ကောင်းပြီအရှင်ဘုရားဟုဝန်ခံ၍ အဘိညာဉ်၏အခြေဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၍၊ ဈာန်မှထ၍၊ အဓိဋ္ဌာန်၍၊တည်ကြည်သောစိတ်ဖြင့် အလုံးစုံသောတမ္ဗပဏ္ဏိကျွန်းသူတို့ကိုကြားစေလျက် သုံးကြိမ်တရားနာလှည့်ကုန်ဟူ၍ ဟစ်၏။ ဒေဝါနံပိယတိဿမင်းသည် ထိုအသံကိုကြား၍ တစုံတခုသောဘေးရန်သည် ဖြစ်သလောဟု မထေရ်၏ အထံသို့ စေလိုက်၏။ ငါတို့အား တစုံတခုသောဘေးရန်မရှိ။ တရားနာလှည့်ကုန်ဟု ကြွေးကြော်စေ၏။ မြတ်စွာဘုရားစကားတော်ကို ငါတို့သည်ဟောလိုကုန်၏ဟု မိန့်တော်မူလိုက်၏။ ထိုသာမဏေ ကြွေးကြော်သော အသံကို ဘုမ္မစိုးနတ်တို့သည် ကြားကုန်၏။ ဤသို့သောနည်းဖြင့် ဗြဟ္မာ့ပြည်တိုင်အောင် အသံနှံ့၍ တက်၏။ ထိုအသံဖြင့်စေတီယတောင်၌များစွာသောနတ်တို့၏အစည်းအဝေးသည်ဖြစ်၏။ မထေရ်သည် များစွာသောနတ်အစည်းအဝေးကို မြင်၍ သမစိတ္တသုတ်ကိုဟော၏။ သုတ္တန်၏အဆုံး၌ အသင်္ချေကုန်သော နတ်တို့အား မဂ်ဖိုလ်ရကုန်၏။ များစွာသောနဂါးဂဠုန်တို့သည်လည်း သရဏဂုံ၌ တည်ကုန်၏။ အရှင်သာရိပုတြာ၏ သမစိတ္တသုတ်ကိုဟော

www.dhammaransi.com



တော်မူသောအခါ နတ်တို့၏အစည်းအဝေးနှင့်အတူ အရှင်မဟိန္ဒပဟော တော်မူသောအခါ၌ဖြစ်၏။ ။

---

### ၁၀၅။ အရှင်မဟိန္ဒထေရ်သီဟိုဠ်ကျွန်းသို့သာသနာပြု ရောက်၍ ၂ ရက်မြောက်သောနေ့၌နှစ်ထောင့်ငါးရာမျှသော လူတို့မဂ်ဖိုလ်တရားရကြသည်ကိုပြရာ။

ထိုညဥ့်လွန်သဖြင့် မင်းသည် ရထားကိုမထေရ်တို့၏အထံသို့ စေလိုက်၏။ရထားထိန်းသည်တခုသောအစွန်၌ရထားကိုထား၍ မထေရ်တို့အား။ အရှင်ဘုရားတို့၊ရထားရောက်ပါပြီ၊တက်ကုန်လော့၊သွားကုန်အံ့ဟုလျှောက်သော်။ မထေရ်တို့သည် ငါတို့ရထားမစီးကုန်၊ သင်သွားလော၊ငါတို့ နောက်မှလာကုန်အံ့ဟုဆို၍၊ ကောင်းကင်သို့ပျံတက်၍၊အနုရာဓပြည်၏အရှေ့အရပ်၌ ပဌမကစေတီ တည်ရာအရပ်၌ သက်လေကုန်၏။ (ထိုစေတီကိုမထေရ်တို့ရှေးဦးစွာသက်ရာအရပ်၌တည်သောကြောင့်ပဌမကစေတီဟူ၍သမုတ်၏)။ ။မင်းကြီးသည်လည်းရထားထိန်းကိုစေပြီး၍၊နန်းတွင်း၌ မဏ္ဍပ်ဆောက်ကုန်လော့ဟုအမတ်တို့ကိုစေ၏။ ထိုခဏ၌ အလုံးစုံသောသူတို့သည် ဝမ်းမြောက် ဝမ်းသာ ဖြစ်ကုန်လျက် ကြည်ညိုဘွယ်ရှိသောမဏ္ဍပ်ကိုပြုကုန်၏။ တဘန်မင်းသည်ကြံ၏။ ယမန်နေ့ သီလအစုကို မထေရ်ဟောတော်မူသော် မြတ်သောမြင့်သောနေရာသည် မအပ်ဟုဆို၏။ ဤနေရာတို့၌ အရှင်တို့သည် နေလတ္တံ့လော မနေလတ္တံ့လောဟုကြံ၏။ထိုခဏ၌ရထားထိန်းသည်မြို့တံခါးသို့ရောက်လျှင်၊ မိမိ၏ရှေးဦးစွာရောက်နှင့်ကုန်၍၊ သင်းပိုင်သင်္ကန်းဝတ်ရုံကုန်သောမထေရ်တို့ကိုမြင်သဖြင့်၊ အလွန်ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ နန်းတော်သို့လာ၍ မင်းကြီးအား မထေရ်တို့ရောက်ပြီဟုကြားလျှောက်၏။ ရထားစီးကုန်၏ လောဟု မင်းကြီး မေးသော်။ မစီးကုန်၊စင်စစ်ကားအကျွန်ုပ်၏နောက်မှထွက်ကုန်လျက်ရှေးဦးစွာရောက်ကုန်၍ မြို့ရှေ့တံခါး၌ရှိနှင့်ကုန်၏ဟုလျှောက်၏။ မင်းကြီးသည် ရထားမစီးကုန်ဟုကြား၍။ ယခုအခါ အရှင်ကောင်းတို့သည် မြင့်သောနေရာကို မသာယာကုန်လတ္တံ့ဟုကြံ၍။ အမတ်တို့၊ထိုသို့တပြီးကား မထေရ်တို့အား မြေအခင်း၏ အသွင်ဖြင့် နေရာတို့ကို ခင်းကုန်လော့ဟု ဆို၍

www.dhammaransi.com



ခရီးဦးကြို လေ၏။ အမတ်တို့သည် မြေ၌ကပ်စိပ်တို့ကိုခင်း၍ အထက်၌ ကော်ဇော အစရှိသော ဆန်းကြယ်သော အခင်းတို့ကို ခင်းကုန်၏။ နိမိတ်ဘတ်တတ်ကုန်သောသူတို့သည်မြင်ကုန်၍ ယခုအခါ၌ ဤအရှင်တို့သည် ဤကျွန်းမြေကိုယူအပ်ကုန်ပြီ၊ ဤအရှင်တို့သည် သီဟိုဠ်ကျွန်း၏အရှင်တို့သည်ဖြစ်ကုန်လတ္တံ့ဟု ကြားကုန်၏။ မင်းကြီးသည်သွား၍၊ မထေရ်တို့ကို ရှိခိုး၍၊ အရှင်မဟိန္ဒမထေရ်၏ လက်မှ သပိတ်ကိုယူ၍၊ များမြတ်သောပူဇော်သက္ကာရဖြင့် မထေရ်တို့ကို မြို့တွင်းသို့ ဝင်စေ၍ နန်းတွင်းသို့သွင်း၏။ အရှင်မဟိန္ဒထေရ်သည် နေရာ၏ အခြင်းအရာကို မြင်၍ ငါတို့၏ အဆုံးအမသည် အလုံးစုံသောသီဟိုဠ်ကျွန်း၌ မြေကြီးကဲ့သို့ပြန့်လျက် မတုန်လှုပ်သည်ဖြစ်၍တည်လတ္တံ့ဟု ကြံ၍နေ၏။ မင်းကြီးသည် မထေရ်တို့ကို မွန်မြတ်သော ခဲဘွယ်ဘောဇဉ်ဖြင့် မိမိလက်ဖြင့်လုပ်ကျွေး၍၊ အနုဠာဒေဝီအမှူးရှိသော ငါးရာသောမိန်းမတို့သည် မထေရ်တို့အား ပူဇော်သက္ကာရကိုပြုလှည့်ကုန်ဟု ခေါ်စေ၍ တင့်အပ်သောအရပ်၌နေ၏။ မထေရ်သည် ဆွမ်းစားပြီးသော် အလုပ်အကျွေးနှင့်တကွသော မင်းကြီးအား။ ပေတဝတ္ထု၊ ဝိမာနဝတ္ထု၊ သစ္စသံယုတ်ကို ဟော၏။ ထိုတရားကိုကြား၍ ထိုငါးရာသောမိန်းမတို့သည် သောတာပန်ဖြစ်ကုန်၏။ ။အကြြင်လူတို့သည် ယမန်နေ့ညဉ့်၌ မိဿကတောင်၌ မထေရ်တို့ကို မြင်ကုန်၏။ ထိုသူတို့သည် ထိုထိုသို့သော အရပ်တို့၌ မထေရ်တို့၏ကျေးဇူးစကားကိုဆိုကုန်၏။ ထိုစကားကိုကြား၍ လူများအပေါင်းသည်မင်းယင်ပြင်၌စည်းဝေး၍ သည်းစွာသောအသံကိုပြု၏။ ဤသည်းစွာသော အသံသည် အဘယ်အသံနည်းဟု မင်းကြီးမေး၍။ အရှင်မင်းကြီး၊ပြည်သူတို့သည် အရှင်ကောင်းတို့ကိုငါတို့မဖူးမြင်ရပါကုန်ဟုမြည်တမ်းကုန်၏ဟုလျှောက်ကုန်သော်။ အကယ်၍ ဤအရပ်သို့ ဝင်စေငြားအံ့။ ဤအရပ်သည်မဆံ့သည်ဖြစ်လတ္တံ့ဟုမင်းကြီးသည်ကြံ၍။ အချင်းတို့၊ သွားချေကုန်။ ဆင်တင်းကုပ်ကို သုတ်သင်၍၊ သဲတို့ကိုကြဲ၍။ ငါးပါးသောအဆင်းရှိကုန်သောပန်းတို့ကို ကြဲ၍၊ ပုဆိုးဗိတာန်တို့ကိုဖွဲ့၍၊ မင်္ဂလာဆင်၏နေရာ၌ မထေရ်တို့၏နေရာကိုခင်းကုန်လော့ဟု ဆို၏။ အမတ်တို့သည် မင်းဆိုတိုင်းပြုကုန်၏။ အရှင်မဟိန္ဒထေရ်သည် ထိုအရပ်သို့သွား၍ ဒေဝဒူတသုတ်ကို ဟော၏။ ဟောပြီးသောအဆုံး၌ ဘထောင်မျှလောက်ကုန်သော တရားနှ၁ပ္ပရှိသတ်တို့သည် သောတာ

www.dhammaransi.com



ပန်ဖြစ်ကုန်၏။ ။ထိုနောက် ဆင်တင်းကုပ်သည် ကျဉ်းသေး၏ဟု မြို့တောင်တံခါးအနီး နန္ဒဝန်ဥယျာဉ်၌ နေရာကိုခင်းကုန်၏။ မထေရ်သည် ထိုနန္ဒဝန်ဥယျာဉ်၌နေ၍ အာသီဝိသောပမသုတ်ကို ဟော၏။ ထိုသုတ္တန်ကိုကြား၍ တထောင်မျှလောက်သော ပရိသတ်တို့သည် သောတာပန်ဖြစ်ကုန်၏။ဤသို့လျှင်သီဟိုဠ်ကျွန်းသို့ရောက်သောနေ့မှနှစ်ရက်မြောက်သောနေ့၌။ နှစ်ထောင့်ငါးရာကုန်သောပရိသတ်တို့အား မဂ်ဖိုလ်ရခြင်းသည်ဖြစ်၏။ ။

---

၁၀၆။ အရှင်မဟိန္ဒထေရ်သီဟိုဠ်ကျွန်းသို့
သာသနာပြုရောက်၍၊ဒုတိယခုနစ်ရက်အတွင်းအနမတဂ္ဂိယ
သုတ္တန်ဒေသနာစသည်ကိုဟောတော်မူလျက်။
ရှစ်ထောင့်ငါးရာမျှသောလူတို့အားမဂ်ဖိုလ်
တရားရစေသည်ကိုပြရာ။

မထေရ်အား နန္ဒဝန် ဥယျာဉ်သို့ လာတိုင်း လာတိုင်းသော အမျိုးမိန်းမ၊ အမျိုးချွေးမ၊ အမျိုးသတို့သမီးတို့နှင့် ဝမ်းမြောက်ဝမ်းသာ ပြောဟောနေစဉ်။ မိုးချုပ်သောအခါသည် ဖြစ်၏။ မထေရ်သည် အခါကိုမှတ်၍ ယခုအခါငါတို့သည် မိဿကတောင်သို့သွားကုန်အံ့ဟု နေရာမှထ၏။ အရှင်ဘုရားတို့၊အဘယ်သို့သွားကုန်အံ့နည်းဟုအမတ်တို့မေး၍။ ငါတို့နေရာအရပ်သို့သွားကုန်အံ့ဟုဆိုသော်။ ထိုအမတ်တို့သည် မင်းကြီးအား ကြားလျှောက်သည်ကိုပြု၍ မင်းကြီး၏ အလိုအားဖြင့်။ အရှင်ဘုရားတို့၊ ယခု ထိုအရပ်သို့ သွားအံ့သောငှါ အခါမဟုတ်။ ဤနန္ဒဝန်ဥယျာဉ်သည်ပင် အရှင်ဘုရားတို့၏ နေရာဖြစ်စေလော့ဟု အမတ်တို့လျှောက်ကုန်သော်။ မလျှောက်ပတ်၊ ငါတို့သွားအံ့ဟုဆိုသဖြင့်၊ တဖန်အမတ်တို့သည်မင်းကြီး၏စကားဖြင့်ဤသို့လျှောက်ကုန်၏။အရှင်ဘုရားတို့၊ မင်းကြီးသည် ဤသို့ဆိုပါ၏။ ဤမေဃာဝန်ဥယျာဉ်သည် ငါ့အဘမုဋသိဝမင်း၏ ဥယျာဉ်တည်း။ မြို့မှ ဝေးလည်း မဝေးလွန်း၊ နီးလည်း မနီးလွန်း၊အသွားအလာနှင့်ပြည့်စုံ၏။ ဤမေဃာဝန်ဥယျာဉ်၌ မထေရ်တို့နေတော်မူပါစေလော့ဆိုပါသည်ဟုလျှောက်ကုန်၏။ မထေရ်တို့သည် ထိုဥယျာဉ်၌နေကုန်၏။ထိုညဉ့်လွန်သဖြင့် မင်းသည်မထေရ်၏အထံသို့

www.dhammaransi.com



သွား၍။ ချမ်းသာစွာ အိပ်ရသောအဖြစ်ကိုမေး၍၊ အရှင်ဘုရားတို့၊ ရဟန်းသံဃာအား အရံဥယျာဉ်သည် အပ်ပါ၏လောဟု မေး၏။ မြတ်သော မင်းကြီး၊ အပ်ပါ၏ဟု အရှင်မဟိန္ဒမထေရ်မိန့်၍၊ အနုဇာနာမိ ဘိက္ခဝေ အာရာမံ၊ ဟူသော ဤသုတ်ကိုရွတ်၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ တုမှာကံ၊ သင်တို့အား။ အာရာမံ၊ အရံဥယျာဉ်ကို။ အနုဇာနာမိ၊ ခွင့်ပြု၏။ ။ ဤကားအနက်တည်း။ ။မင်းသည် နှစ်သက်၍၊ ရွှေကရားဖြင့် မထေရ်၏လက်၌ ရေစက်ချ၍၊ မဟာမေဃာဝန်ဥယျာဉ်ကိုလှူ၏။ မြေသို့ရေစက်ကျသည်နှင့်တပြိုင်နက် မြေကြီးပြင်းစွာတုန်လှုပ်၏။ ဤမြေကြီးပြင်းစွာ တုန်လှုပ်ခြင်းသည် မဟာဝိဟာရဝါသီကျောင်းကြီးဆောက်ရာအရပ်၌ ရှေးဦးစွာသော တုန်လှုပ်ခြင်းတည်း။ မင်းကြီးသည် ကြောက်သည်ဖြစ်၍။ အရှင်ဘုရား၊ မြေကြီးအဘယ့်ကြောင့်တုန်လှုပ်သနည်းဟု မေးသော်။ မင်းကြီး၊ မကြောက်လင့်။ ဤကျွန်း၌ မြတ်စွာဘုရား၏ သာသနာတော်တည်လတ္တံ့။ ဤအရပ်သည် ရှေးဦးစွာသော ကျောင်းကြီး၏ တည်ရာဖြစ်လတ္တံ့။ ဤမြေတုန်လှုပ်ခြင်းသည် ထိုကျောင်းကြီး၏ပုဗ္ဗနိမိတ်တည်းဟုမိန့်တော်မူ၏။ မင်းသည် အတိုင်းထက်အလွန်ကြည်ညို၏။ ။တနေ့မိုးသောက်၌ မထေရ်သည် မင်းအိမ်၌ဆွမ်းစား၍ နန္ဒဝန်ဥယျာဉ်၌ အနမတဂ္ဂသုတ်ကို ဟော၏။ တနေ့မိုးသောက်၌ အဂ္ဂိက္ခန္ဓောပမ သုတ်ကို ဟော၏။ ဤသို့သောနည်းဖြင့် ခုနစ်ရက်ပတ်လုံးဟောတော်မူ၏။ ဒေသနာတော်အဆုံး၌ ၈၅၀၀ ငါးရာကုန်သော ပရိသတ်တို့အား မဂ်ဖိုလ်ရခြင်းသည်ဖြစ်၏။ ထိုနေ့မှစ၍နန္ဒဝန်ဥယျာဉ်သည် သာသနာတော်၏ ထင်ရှား ထွန်းပရာ ဖြစ်သည်ကို အကြောင်းပြု၍ ဇောတိဝန ဟူသော အမည်ကိုရ၏။ ။

---

၁၀၈။ အရှင်မဟိန္ဒထေရ်သိဟိုဠ်ကျွန်းသို့သာသနာ ပြုရောက်တော်မူသောပဌမဝါ၌ပင်၊သိဟိုဠ်ကျွန်းသားရဟန်းငါးကျိပ်ငါးပါးတို့နှင့်တကွ။ရဟန်းခြောက်ကျိပ်နှစ်ပါး၊ စေတိယတောင်၌ဝါဆိုတော်မူကြသည်ကိုပြရာ။

ခုနစ်ရက်မြောက်သောနေ့၌ မထေရ်သည် နန်းတွင်း၌ဆွမ်းစားပြီးသော်။ မင်းကြီးအား အပ္ပမာဒသုတ်ကိုဟော၍ မိဿကတောင်သို့သွား

www.dhammaransi.com



လေကုန်၏။ ထိုအခါမင်းကြီးသည် အမတ်တို့ကိုမေး၏။ မထေရ်သည် ငါတို့ကို ပြင်းစွာသောအဆုံးအမဖြင့် ဆုံးမ၏။ ဇမ္ဗူဒီပါသို့သွားလေအံ့လောဟု မေး၏။ အမတ်တို့သည်။ အရှင်မင်းကြီး၊ အရှင် မင်းကြီးတို့သည် မထေရ်ကိုမတောင်းပန်ဘဲ မိမိအလိုလိုကြွလာ၏။ထိုကြောင့် ထိုမထေရ်တို့သည် မင်းကြီးအားမပန်ကြားမူ၍ သွားခြင်းသည် ဖြစ်ရာ၏ဟုဆို၏။ မင်းကြီးသည်ရထားစီး၍ မိဘုရားနှစ်ယောက်တို့ကိုရထား၌တင်၍ စေတိယတောင်သို့သွားလေ၏။ ရောက်သောအခါ မိဘုရားတို့ကိုတင့်အပ်ရာ၌ နေရစ်စေ၍ မိမိသည် မထေရ်တို့၏အထံသို့ အလွန်ပင်ပန်းသောသဘောဖြင့် ကပ်လေ၏။ မင်းကိုမြင်၍ မထေရ်သည် မိန့်တော်မူ၏။ မင်းကြီး၊ အဘယ့်ကြောင့် ပင်ပန်းစွာ လာသနည်းဟု မေးတော်မူ၏။အရှင်ဘုရား၊အရှင်ဘုရားတို့သည် အကျွန်ုပ်ကိုပြင်းစွာဆုံးမခဲ့၍ဇမ္ဗူဒီပါကျွန်းသို့သွားလိုကုန်သလောဟုသိခြင်းငှါလာ၏ဟုလျှောက်သော်။ မင်းကြီး၊ ငါတို့သွားလို၍မဟုတ်။ စင်စစ်သော်ကား မင်းကြီး၊ ဤအခါသည် ဝါသို့ကပ်အံ့သောအခါမည်၏။ ဤအခါ၌ရဟန်းတို့အား ဝါဆိုရာ အရပ်ကို သိအံ့သောငှါ အပ်၏ဟု မိန့်တော်မူ၏။ ထိုနေ့၌ပင် အရိဋ္ဌအမည်ရှိသောအမတ်သည် ငါးကျိပ်ငါးယောက်ကုန်သောနောင်ကြီးညီငယ်တို့နှင့်တကွ မင်းကြီး၏အနား၌တည်လျက်။ အရှင်မင်းကြီး၊ အကျွန်ုပ်တို့သည် အရှင်ကောင်းတို့၏အထံ၌ ရဟန်းပြုလိုပါကုန်၏ဟု လျှောက်၏။ အမတ်၊ကောင်းပြီ၊ သင်တို့ရဟန်းပြုလေလော့ဟု ခွင့်ပြု၍ မထေရ်ကိုဝန်ခံစေ၏။ မထေရ်လည်း ထိုနေ့၌ပင် ငါးကျိပ်ငါးယောက်ကုန်သောအမတ်ညီနောင်တို့ကိုရဟန်းပြု၏။ အလုံးစုံသောသူတို့သည် သင်တုန်းတင်သောအဆုံး၌ ရဟန္တာအဖြစ်သို့ရောက်ကုန်၏။ မင်းကြီးသည် ထိုခဏ၌ပင် ဆူးခက်တို့ဖြင့် စေတိယတောင်အပြင်ကိုရံစေ၍။ ၆၂ ပါးသောလိုဏ်တို့၌ အမှုကိုဖြစ်စေ၍ မြို့သို့ဝင်လေ၏။ ထိုမထေရ်တို့သည် ညီနောင်တကျိပ်တို့ဖြင့်ပွင့်သောမင်းမျိုးကို ကြည်ညိုစေ၍။ လူများအပေါင်းတို့ကို ဆုံးမလျက် စေတိယဂိရိတောင်၌ ဝါဆိုကုန်၏။ ထိုအခါ စေတိယဂိရိတောင်၌ ပဌမဝါဆိုကုန်သော ရဟန္တာတို့သည် ၆၂ ယောက်ဖြစ်ကုန်၏။ ။

www.dhammaransi.com



## ၁၀၈။ သိပ်ပိုင်္ဂကျွန်းဒေဝါနံပိယတိဿမင်းကြီးသည် တာဝတိံသာနတ်ပြည်မှာသုမနသာမဏေပင့်ဆောင်ခဲ့သော လက်ျာမြှပ်ရိုးတော်ဓာတ်ကို ဌာပနာ၍ထူပါရုံစေတီ တည်ထားကိုးကွယ်သည်ကိုပြရာ။

ဝါကျွတ်သောအခါအရှင်မဟိန္ဒမထေရ်သည် သီတင်းကျွတ်လပြည့် ပဝါရဏာပြုပြီးသော် ဒေဝါနံပိယတိဿမင်းကြီးကို ဤသို့ဆို၏။ မြတ်သောမင်းကြီး၊ ငါတို့သည် မြတ်စွာဘုရားကို မဖူးမမြင်ရသည်ကြာပြီ။ ကိုးကွယ်ရာမရှိနေခြင်းကို နေရကုန်ပြီ။ ဇမ္ဗူဒီပါကျွန်းသို့ သွားခြင်းငှါ အလိုရှိကုန်၏ဟု မိန့်တော်မူသော်။ အရှင်ဘုရား၊ အကျွန်ုပ်တို့သည် အရှင်ဘုရားတို့ကို ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးပါကုန်၏။ ဤလူများ အပေါင်းသည်လည်း အရှင်ဘုရားတို့ကိုမှီ၍သရဏဂုံတို့၌ တည်ကုန်၏။ အဘယ့်ကြောင့် ဆန့်ကျင် ကုန်သနည်းဟု လျှောက်၏။ မင်းကြီး၊ ငါတို့သည် မြတ်စွာဘုရားကို မဖူးမြင်ရသည်ကြာပြီ။ ရှိခိုးခြင်း၊ ခရီးဦး ကြိုဆိုခြင်း၊ လက်အုပ် ချီခြင်း၊ ရိုသေခြင်း အမှုတို့ကို ပြုရာဌာန သည် ဤသိပ်ပိုင်္ဂကျွန်း၌မရှိ။ ထို့ကြောင့်ဆန့်ကျင်ကုန်၏ဟုမထေရ်မိန့်၏။ မင်းကြီးသည်၊အရှင်ဘုရား၊ အရှင်ဘုရားတို့သည်၊ မြတ်စွာဘုရားပရိနိဗ္ဗာန် ပြုတော်မူပြီဟု မိန့်တော်မူသည် မဟုတ်ပါလောဟု လျှောက်၏။ မြတ်သော မင်းကြီး၊ အကယ်၍ကား၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသည်မှန်၏။ ထိုသို့မှန်သော်လည်း၊ ထိုမြတ်စွာဘုရား၏ ဓာတ်တော်တို့ သည် တည်ကုန်သေး၏ဟု မိန့်တော်မူလျှင်။ သိပြီအရှင်ဘုရား၊ စေတီ တည်ခြင်းကို အရှင်ဘုရားတို့သည် အလိုရှိကုန်၏။ စေတီကို ပြုပါအံ့။ စေတီတည်ရာမြေကိုသာ စူးစမ်းတော်မူပါကုန်။ စင်စစ်သဖြင့် ဓာတ် တော်တို့ကို အဘယ်မှာရကုန်အံ့နည်းဟုလျှောက်သော်။မင်းကြီး၊သုမန သာမဏေနှင့် တိုင်ပင်လော့ဟု မိန့်တော်မူ၏။ မင်းကြီးလည်း ကောင်း ပြီဟု သုမနသာမဏေသို့ကပ်၍၊ မောင်ရှင်သုမန၊ ယခု ဓာတ်တော်တို့ ကို အဘယ်မှာရပါကုန်အံ့နည်းဟု မေး၏။ မြတ်သော မင်းကြီး၊ သင် မင်းကြီးတို့သည် ဓာတ်တောာ်ရမှု၌ ကြောင့်ကြမရှိမူ၍၊ ခရီးတို့ကိုသုတ် သင်၍၊ တမ်းခွန်ကုက္ကားအိုက်ခြင်း၊ ရေမြှုတာတည်ခြင်း အစရှိသည်တို့ ဖြင့် တန်ဆာဆင်၍၊အခြံအရံနှင့်တကွ ဥပုသ်ဆောက်တည်၍၊ အလုံးစုံ

သော မောင်းကြေးနင်းတို့ကိုတီးမှုတ်စေ၍။မင်္ဂလာရှိသောဆင်ကို ၊အလုံးစုံတန်ဆာဆင်ခြင်းကိုပြု၍ အထက်၌ ထီးဖြူစိုက်၍၊ညနေချမ်းသော အခါ၌ မဟာနာဂဝန်ဥယျာဉ်သို့ ရှေးရှုသွားလော့။ စင်စစ် ထိုအရပ်၌ ဓာတ်တော်တို့ကိုရလတ္တံ့ဟု သုမနသာမဏေဆို၏။ မင်းလည်းကောင်းပြီဟုဝန်ခံ၏။ မထေရ်တို့သည် စေတိယဂိရိသို့သာလျှင် သွားလေကုန်၏။ ထိုစေတိယတောင်၌ အရှင်မဟိန္ဒသည် သုမနသာမဏေကို၊ သုမန၊ သင်သွားချေ၊ ဇမ္ဗူဒီပါ၌ သင်၏ဘိုးတော်ဖြစ်သော အသောကဓမ္မရာဇ မင်းသို့ကပ်၍ ငါ၏စကားဖြင့် ဤသို့ဆိုလေ။ မြတ်သောမင်းကြီး၊ သင်မင်းကြီးတို့၏အဆွေဖြစ်သောဒေဝါနံပိယတိဿမင်းသည် သာသနာ၌ ကြည်ညိုပြီ။ စေတီ တည်လို၏။ သင်မင်းကြီးတို့၏လက်၌ ဓာတ်တော်ရှိ၏။ ထိုဓာတ်တော်ကို ငါတို့အားပေးလော့ဟုဆိုလေ။ ထိုဓာတ်တော်တို့ကိုယူ၍ သိကြားမင်းသို့ ကပ်လေ၍။ သိကြားမင်း၊ သင်သိကြားမင်းကြီးတို့၏လက်၌ လက်ျာစွယ်တော်၊လက်ျာမြှပ်ရိုးတော်အားဖြင့် ဓာတ်တော်နှစ်ဆူတို့သည် ရှိကုန်၏။ ထိုနှစ်ဆူမှ၊ လက်ျာစွယ်တော်ကို သင်နတ်မင်းတို့ ကိုးကွယ်ရစ်။ လက်ျာမြှပ်ရိုးတော်ကို ငါတို့အားပေးလိုက်ဟူ၍ဆိုလေ။ သင်နတ်မင်းတို့သည် ငါတို့ကို သီဟိုဠ်သို့စေလိုက်ပြီး၍။ အဘယ့်ကြောင့်မေ့လျော့ကုန်သနည်း၊ ဤသို့လည်းဆိုလေဟု မှာ၍စေ၏။ သုမနသာမဏေလည်း မထေရ်၏စကားကို ကောင်းပြီဟု ဝန်ခံ၍၊ ထိုခဏ၌လျှင် သပိတ်သင်္ကန်းကိုယူ၍၊ ကောင်းကင်ခရီးဖြင့်သွားလေ၍၊ ပါဋလိပုတ်ပြည်၏ အရှေ့တံခါး၌သက်၍၊ ဘိုးတော်မင်းကြီးသို့ကပ်၍ ထိုအကြောင်းကို မင်းကြီးအားကြား၏။မင်းကြီးသည် နှစ်သက်ဝမ်းသာဖြစ်၍၊ သာမဏေ၏လက်မှ သပိတ်ကိုယူ၍၊ နံ့သာတို့ဖြင့်လိမ်းကျံ၍၊ ပုလဲအဆင်းနှင့်တူကုန်သော မြတ်သောဓာတ်တော်တို့ကိုပြည့်စေ၍ပေး၏။ သာမဏေသည် ထိုဓာတ်တော်တို့ကိုယူ၍ သိကြားမင်းသို့ကပ်လေ၏။ သိကြားမင်းသည် သာမဏေကိုမြင်၍။မောင်ရှင်သုမန၊အဘယ့်ကြောင့် လှည့်ပတ်သနည်းဟု ဆိုသော်။ နတ်မင်းကြီး၊ သင်တို့သည် ငါ၊တို့ကို သီဟိုဠ်ကျွန်းသို့ စေလိုက်ပြီး၍ အဘယ့်ကြောင့် မေ့လျော့ သနည်းဟု သာမဏေဆို၏။ အရှင်ဘုရား၊မမေ့မလျော့ပါ၊အဘယ်သို့ပြုရအံ့နည်း၊ အလိုရှိရာ မိန့်တော်မူပါဟု ဆိုသော်။ သင် နတ်မင်းကြီးတို့၏ လက်၌ လက်ျာစွယ်တော်၊ လက်ျာမြှပ်ရိုးတော်အားဖြင့် ဓာတ်တော် နှစ်ဆူတို့

www.dhammaransi.com



သည်မှိုကုန်၏။ ထိုနှစ်ဆူတို့တွင်။လက်ျာစွယ်တော်ကို သင်နတ်မင်းတို့ ပူဇော်လေကုန်။ လက်ျာမြှပ်ရိုးတော်ကို ငါ့အားပေးကုန်လော့ဟုဆို၏။ သိကြားမင်းသည် ကောင်းပြီဟု ဝန်ခံ၍။ တယူဇနာ အတိုင်းအရှည်ရှိသော မြစေတီကိုဖွင့်၍ လက်ျာမြှပ်ရိုးတော်ဓာတ်ကို ထုတ်ယူ၍ သာမဏေအားပေး၏။ သာမဏေသည် ထိုဓာတ်တော်တို့ကိုယူ၍ စေတိယဂိရိ၌တည်လေ၏။ ။

ထိုအခါ အရှင်မဟိန္ဒထေရ်အမှူးရှိသော ထိုရဟန္တာတို့သည်။ အသောကဓမ္မရာဇာပေးအပ်သော ဓာတ်တော်တို့ကို စေတိယဂိရိ၌ထား ခဲ့၍၊ လက်ျာမြှပ်ရိုးဓာတ်ကိုယူ၍ မွန်းယိမ်းသောအခါ၌ မဟာနာဂဝန် ဥယျာဉ်သို့ သွားလေကုန်၏။ ဒေဝါနံပိယတိဿမင်းသည်လည်း သုမန သာမဏေဆိုတိုင်းသောပူဇော်သက္ကာရကိုပြု၍။ မြတ်သောဆင်ကျော် ကုန်းထက်စီးလျက် မိမိသည် မင်္ဂလာဆင်တခု၏ဦးကင်းထက်၌ ထီးဖြူ ဆောင်းလျက် မဟာနာဂဝန်ဥယျာဉ်သို့ရောက်လာ၏။ထိုရောအခါမင်း ကြီးအား ဤသို့မိဗ္ဗာန်၏။ အကယ်၍ ဤဓာတ်တော်သည် မြတ်စွာဘုရား ဓာတ်တော်စစ်ဖြစ်အံ့။ထီးဖြူသည်ညွတ်စေသတည်း။မင်္ဂလာဆင်တော် သည်ပုဆစ်ဖြင့်မြေ၌တုပ်ဝပ်စေသတည်း။ဓာတ်တော်ခံစရာရွှေကလပ် သည် ငါ၏ထိပ်၌တည်စေသတည်းဟုမိဗ္ဗာန်၏။ မိဗ္ဗာန်သည်နှင့်တပြိုင် နက်ထီးဖြူသည်ဓာတ်တော်သို့ညွတ်၏။ ဆင်သည်ပုဆစ်တုပ်၏။ ဓာတ် တော်ရွှေကလပ်သည် မင်းကြီးထိပ်၌တည်၏။ မင်းကြီးသည် အမြိုက် ရေစင်ဖြင့် သွန်းဘိသကဲ့သို့ အလွန်နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်၍။ အ ရှင်ဘုရားတို့၊ဓာတ်တော်ကိုအသို့ပြုရကုန်အံ့နည်းဟုမေး၏။ မြတ်သော မင်းကြီး၊ဓာတ်တော်တို့ကို ဆင်၏ဦးကင်းထက်၌သာလျှင် ထိုရွှေလော့ တည်စေဦးဟု မထေရ်မိန့်သဖြင့်။ မိမိဦးခေါင်းထက် တည်လာသော ဓာတ်တော်ကလပ်ကိုယူ၍ဆင်၏ဦးကင်းထက်၌ထားပေ၏။ ဆင်သည် ဝမ်းမြောက်၍ ကြိုးကြာသံကိုမြည်၏။ မိုးသည်ကြီးတက်လတ်၍ ပေါက္ခရ ဝဿမိုးသည်းရွာ၏။ မြေအဆုံးရှိသည်ကိုပြု၍ ပြင်းစွာ မြေလှုပ်ခြင်းသည် ဖြစ်၏။ ပစ္စန္တရစ်၌လည်း မြတ်စွာဘုရား၏ဓာတ်ကော်သည် တည်လာ ပေ၏ဟု နတ်တို့သည် ဝမ်းမြော်ကုန်၏။ ဤသို့သောတန်ခိုးအာနုဘော် အာသရေဖြင့် နတ်လူတို့၏ ဝမ်းမြောက်ခြင်းကို ဖြစ်စေလျက်။ မြတ်စွာ ဘုရား၏ဓာတ်တော်သည် တန်ဆောင်မုန်းလပြည့်နေ့၌ ဤသီဟိုဠ်ကျွန်း

www.dhammaransi.com



သို့လာ၍ ဆင်၏ဦးကင်း၌တည်တော်မူ၏။ ။ထိုအခါဓာတ်တော်တင်သောဆင်သည် များစွာသောမောင်းကြေးနင်းတို့ဖြင့်ခြံရံအပ်သည်ဖြစ်၍၊ အလွန်မြတ်သောပူဇော်သက္ကာရဖြင့် အရိုအသေပြုအပ်သည်ဖြစ်၍၊ နောက်ဆုတ်သာလျှင် အနောက်အရပ်သို့သွား၍၊ ဖဲခွဲလျက်။ အကြင်မျှသော်အနုရာဓမြို့၏အရှေ့တံခါးသည်ရှိ၏၊ ထိုမှလေ့သွား၍ အနုရာဓမြို့အရှေ့တံခါးဖြင့် မြို့တွင်းသို့ဝင်၍၊ အလုံးစုံသောမြို့သူမြို့သားတို့သည် ပူဇော်သက္ကာရပြုပြီးသော် တောင်တံခါးဖြင့်မြို့မှထွက်၍။ထူပါရုံစေတီတည်ရာအရပ်၏အနောက်အဘို့၌မဟေဇအမည်ရှိသောဘီလူးမ၏နေရာအရပ်သည်ရှိသတတ်၊ ထိုမဟေဇဝတ္ထုသို့ သွား၍၊ တဖန် ထူပါရုံစေတီတည်ရာအရပ်သို့သာလျှင် နစ်ခွဲပြန်၏။ ။ထိုအခါထူပါရုံစေတီတည်ရာအရပ်၌ကား။ ကကုသန်၊ ကောဏာဂုံ၊ကဿပ၊ဘုရားသုံးဆူတို့၏ပရိဘောဂစေတီတည်ရာဖြစ်၏။ ထိုစေတီတို့သည် သာသနာတော်ကွယ်သဖြင့် ပျက်စီးကုန်သော်။ အရာမျှသာကြွင်းရစ်၏။ မစင်တီးပြင်၊ စားကြွင်းအဖတ်၊ တံမြက်ချေးအစရှိသည့် အညစ်အကြေးတို့ဖြင့် တစုံတယောက်သောသူသည်မဖျက်ဆီးစေသတည်းဟု နတ်တို့၏အာနုဘော်ဖြင့် အဆူးရှိသောချုံနွယ်တို့ဖြင့်ဖုံးလွှမ်း၍တည်၏။ ထိုရောအခါမင်းချင်းတို့သည် ဆင်၏ရှေ့မှရှေ့မှသွားကုန်၍၊ ချုံနွယ်တို့ကိုသုတ်သင်ခုတ်ထွင်၍၊ထိုထူပါရုံတည်ရာမြေအဘို့ကို လက်ဝါးပြင်ကဲ့သို့ညီညွတ်စွာပြုကုန်၏။ဓာတ်တော်တင်သောဆင်သည် သွား၍ ထိုစေတီတည်မြဲဖြစ်သောအရပ်ကိုရှေ့ပြု၍ ထိုအရပ်၏ အနောက်အဘို့၌ ဗောဓိပင် စိုက်မြဲဖြစ်သောအရပ်၌တည်၏။ ထိုသို့တည်နေသောအခါ၌ ဆင်၏ထိပ်မှ ဓာတ်တော်တို့ကို ချအံ့သောငှါ အားထုတ်ကုန်၏။ ဆင်သည် ချအံ့သောငှါ မပေး။မင်းသည် မထေရ်ကိုမေး၏။ အရှင်ဘုရား၊အဘယ့်ကြောင့်ဆင်သည် ဓာတ်တော်ကို ချအံ့သောငှါမပေးသနည်းဟု မေး၏။ မင်းကြီး၊ တက်သောဓာတ်တော်ကိုချအံ့သောငှါမအပ်ဟုမိန့်တော်မူ၏။ ထိုအခါ အဘယဝါပိရေအိုင်သည် ရေခန်းသည်ဖြစ်၍ ထက်ဝန်းကျင် ကွဲပပ်သောမြေရှိသဖြင့်မြေစိုင်တို့ကိုထုတ်လွှယ်၏။လူများသည် ထိုရေအိုင်မှ မြေစိုင်တို့ကို လျင်စွာလျင်စွာ ထုတ်ဆောင်၍ ဆင်ဦးကင်းနှင့်မျှအောင် အကျည်ပြု၏။ထိုခဏ၌ပင် စေတီတည်အံ့သောငှါ အုဋ်တို့ကိုလုပ်ကုန်၏။အုဋ်လုပ်၍မပြီးမီကာလပတ်လုံး ဆင်သည် နေ့အခါ ဗောဓိရိုက်မည့်

www.dhammaransi.com



နေရာ ဆင်တင်းကုပ်၌ တည်၏။ ညဥ့်အခါ စေတီတည်မည့်အရပ်ကို လှည့်လည်၍ နေ၏။ အရဲ့လုပ်ပြီးသော် အကျည်စီပြီး၍။ အဘယ်ကဲ့သို့ သဏ္ဌာန်ရှိသောစေတီကိုပြုရမည်နည်း အရှင်ဘုရားဟု မင်းကြီးသည် အရှင်မဟိန္ဒကို မေးသော်။ စပါးရှုနှင့် အတူပြုအပ်၏ဟု မိန့်တော်မူသဖြင့်။ကောင်းပြီဟုမင်းကြီးဝန်ခံ၍၊ပန်းတင်ပမာဏစေတီတည်ပြီးသော်။ ဓာတ်တော်ကို ဌာပနာအံ့သောငှါ ကြီးစွာသောပူဇော်သက္ကာရကိုပြု၏။ တမြို့လုံး၌ နေသောသူသည်၎င်း၊ ဇနပုဒ်၌နေသောသူသည်၎င်း၊ ဓာတ်တော်တို့ကို ပူဇော်ခြင်းကိုကြည့်အံ့သောငှါ စည်းဝေး၏။ လူများစည်းဝေးပြီးသော် ဓာတ်တော်သည်ဆင်ဦးကင်းထက်မှထန်းခုနစ်ဆင့်မျှမြင့်သောကောင်းကင်သို့ပျံတက်၍ယမိုက်ပြာဋိဟာကိုပြတော်မူ၏။ ထိုထိုသို့သော ဓာတ်တော် အရပ်မှ ရောင်ခြည်တော် ခြောက်ပါးတို့သည် ထွက်ကုန်၏။ မီးရေ အစုံအစုံတို့သည် ထွက်ကုန်၏။ သာဝတ္ထိပြည်၌ ကဏ္ဍမ္ဗသရက်ပင်ရင်း၌ မြတ်စွာဘုရားပြုအပ်သော ပြာဋိဟာနှင့်အတူဖြစ်၏။ ထိုပြာဋိဟာသည် မထေရ်တို့၏အာနုဘော်အားဖြင့်၎င်း၊ နတ်တို့၏အာနုဘော်အားဖြင့်၎င်းဖြစ်သည်မဟုတ်။ စင်စစ်သဖြင့်ကား မြတ်စွာဘုရား၏အာနုဘော်အားဖြင့်သာ ဖြစ်သတည်း။ မြတ်စွာဘုရားသည် အသက်တော် ရှိစဉ် ကာလ၌လျှင် နောင်ရှေသာ အခါ သီဟိုဠ်ကျွန်း၏ တောင်မျက်နှာအတွင်၌ ရှေးဘုရားသုံးဆူတို့၏ပရိဘောဂစေတီတည်ရာ အရပ်၌ ငါ၏လက်ျာမြှပ်ရိုးတော်ဌာပနာသောအခါ၌ ယမိုက်ပြာဋိဟာ ပြုစေသတည်းဟုမိဌာန်တော်မူ၏။ ။

မြတ်စွာဘုရားသည် သက်တော်ထင်ရှားရှိတော်မူသောအခါ၌ ဤသီဟိုဠ်ကျွန်းသို့ သုံးကြိမ်ကြွတော်မူ၏။ရှေးဦးစွာ ဘီလူးတို့ကို ဆုံးမအံ့သောငှါကိုယ်တော်တပါးတည်းကြွ၍ဘီလူးတို့ကိုဆုံးမ၍။ နောင်သောအခါ ဤကျွန်း၌ငါ၏သာသနာတည်လတ္တံ့ဟု ကျွန်းကိုစောင့်ရှောက်လိုသဖြင့် သုံးကြိမ်ကျွန်းကိုလှည့်၏။ နှစ်ကြိမ်မြောက်၌ နဂါး တူဦးရီးတို့ကို ဆုံးမလိုသဖြင့် ကိုယ်တော်တပါးတည်း ကြွလာ၍ ထိုနဂါး တူဦးရီးတို့ကိုဆုံးမ၍ပြန်တော်မူ၏။သုံးကြိမ်မြောက်၌ကား ရဟန္တာငါးရာနှင့်တကွ ကြွ၍။ မဟာဗောဓိ၊ ထူပါရုံစေတီ၊ မဟာဗောဓိ၊ မဟိယင်္ဂဏစေတီ၊ မုဒင်္ဂဏစေတီ၊ ဒီဃဝါပိစေတီ၊ ကလျာဏိယစေတီ၊ ဤအလုံးစုံတည်မည့်အရပ်တို့၌ နိရောဓသမာပတ်ဝင်စား၍နေတော်မူ၏။ဤဓာတ်တော်

www.dhammaransi.com



ရောက်ခြင်းသည်ကား မြတ်စွာဘုရား၏ လေးကြိမ်မြောက်ရောက်ခြင်း တည်း။ဓာတ်တော်မှထွက်သောရေပေါက်တို့ဖြင့် သိဟိုဠ်ကျွန်းအပြင်၌ တစုံတခုသော မတွေ့သောအရပ်မည်သည် မရှိ။ ထိုမြှပ်ရိုးတော်ဓာတ် သည်ရေပေါက်တို့ဖြင့်သိဟိုဠ်ကျွန်းအပြင်၌နေသောသူအပေါင်းတို့၏ ပူပန်ခြင်းကိုငြိမ်းစေ၍ လူအပေါင်းအားပြာဋိဟာကိုပြ၍ ကောင်းကင်မှ သက်၍၊ မင်းကြီး၏ဦးထိပ်၌တည်လေ၏။ ဒေဝါနံပိယတိဿမင်းသည် လူ့အဖြစ်ကိုရခြင်းသည်အကျိုးရှိလှ၏ဟုအောက်မေ့လျက် ဓာတ်တော် ကို ပူဇော်သက္ကာရပြု၍ဌပနာ၏။ ဓာတ်တော်ကိုဌပနာသည်နှင့် တပြိုင် နက် ကြီးစွာသော မြေ၏တုန်လှုပ်ခြင်းသည် ဖြစ်၏။ ထိုဓာတ်တော်၏ ပြာဋိဟာ၌ ကြည်ညို၍ မင်းကြီး၏ ညီတော် အဘယတိဿ မင်းသား သည် မင်းချင်းယောက်ျားတထောင်နှင့်တကွရဟန်းပြု၏။စေတရဆုဂါ မမှထွက်၍ ငါးရာသောသူငယ်တို့သည်ရဟန်းပြုကုန်၏။ထို့အတူ ဒွါရ မဏ္ဍလအစရှိကုန်သော ရွာငယ်တို့မှ ထွက်၍လည်း ငါးရာ ငါးရာကုန် သောသူငယ်တို့သည် ရဟန်းပြုကုန်၏။မြို့တွင်းမြို့ပမှထွက်၍ ရဟန်းပြု ကုန်သဖြင့် အလုံးစုံသောရဟန်းတို့သည် သုံးသောင်းဖြစ်ကုန်၏။စေတီ ပြုပြီးသော်။မင်း၊မင်း၏ညီ သားချင်း၊မိဘုရားတို့သည်။ နတ်နဂါးဘီလူး တို့အားလည်း အံ့ဘွယ်သရဲ့ကိုဖြစ်စေလျက်အသီးအသီးပူဇော်ကုန်၏။ ဓာတ်တော်ပူဇော်ပွဲပြီးပြီးသော်အရှင်မဟိန္ဒမထေရ်သည်တပည့်သံဃာ နှင့်တကွမေဃဝန်ဥယျာဉ်သို့ကြွ၍နေတော်မူ၏။ ။

---

၁၀၉။ မေ့္ဃာသောကမင်းကြီးပေးအပ်သဖြင့်
သင်္ဃမိတ္တာထေရီပင့်ဆောင်ခဲ့သောဒက္ခိဏသာခါမဟာဗောဓိ
ပင်မနှင့်တကွ၊ဗောဓိပင်ပွါး ၄၀ သိဟိုဠ်ကျွန်း၌
စိုက်ပျိုးတည်ထွန်းသည်ကိုပြရာ။

ထိုသို့ဓာတ်တော်ပူဇော်ပွဲပြီးသောအခါ၌ အနုဠာဒေဝီသည်ရဟန်း ပြုလိုသည် ဖြစ်၍ မင်းကြီးအား ကြား၏။ မင်းကြီးသည် ထိုမိဘုရား၏ စကားကို ကြား၍ အရှင်မဟိန္ဒမထေရ်ကို။ အရှင်ဘုရား၊ အနုဠာဒေဝီ သည် ရဟန်းပြုလို၏။ရဟန်းပြုတော်မူပါဟုလျှောက်၏။မင်းကြီး၊မာတု ဂါမကို ငါတို့ရဟန်းမပြုအပ်၊ ပါဋလိပုတ်၌ကား ငါ၏နှမသင်္ဃမိတ္တာ

www.dhammaransi.com



ထေရီသည်ရှိ၏။ ထိုထေရီကိုပင့်စေလော့။ ဤကျွန်း၌ရှေးဘုရားသုံးဆူတို့၏ဗောဓိသည်တည်တော်မူ၏။ ငါတို့မြတ်စွာဘုရား၏ ဗောဓိသည်လည်းတည်တော်မူရာ၏။ထို့ကြောင့် အကြင်အခြင်းဖြင့်မှာသော် သင်္ဃမိတ္တာသည်ဗောဓိကိုယူဆောင်၍လာရာ၏။ထိုအခြင်းဖြင့်သတင်းစကားကြားမှာလိုက်ဟူ၍ မထေရ်မိန့်တော်မူ၏။ မင်းကြီးလည်း ကောင်းပြီအရှင်ဘုရားဟုဝန်ခံ၍။ အမတ်တို့နှင့်တိုင်ပင်၍၊ မိမိတူဖြစ်သောအရိဋ္ဌမင်းသားကို။ ချစ်သား၊ သင်သည် ပါဋလိပုတ်သို့သွား၍ မဟာဗောဓိပင်နှင့်တကွသင်္ဃမိတ္တာထေရီကိုဆောင်နိုင်ပါအံ့လောဟုမေး၏။အရိဋ္ဌမင်းသားလည်း၊ ငါ့အား ရဟန်းအဖြစ်ကို ခွင့်ပြုသော် တတ်နိုင်၏ဟုဆို၏။ ချစ်သား၊သွားလော၊သင်္ဃမိတ္တာထေရီကိုဆောင်ပြီးလျှင် ရဟန်းပြုလေတော့ဟုဆို၏။ ထိုအရိဋ္ဌသည် အရှင်မဟိန္ဒမထေရ်၏ရင်း၊ မင်းကြီး၏ရင်း သတင်းစကားကိုယူ၍၊ မထေရ်၏အဓိဋ္ဌာန်အာနုဘော်ဖြင့်အနုရာဓပြည်မှထွက်၍ တနေ့ချင်းဖြင့် ဇမ္ဗုကောလပဋ္ဋနသင်္ဘောဆိပ်သို့ရောက်၍၊သင်္ဘောဖြင့်သမုဒ္ဒရာသို့ကူး၍ ပါဋလိပုတ်ပြည်သို့ရောက်လေ၏။ ။အနုဠာဒေဝီသည်ငါးရာသောမင်းသမီး၊ငါးရာသောနန်းတွင်းသူ၊ပေါင်းတထောင်သောမိန်းမတို့နှင့်တကွဆယ်ပါးသောသီလကိုဆောက်တည်၍၊ ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်၍၊ မြို့၏အထောင့် တစိတ်သောအရပ်၌ကျောင်းကိုဆောက်လုပ်စေ၍နေနှင့်၏။ ။အရိဋ္ဌမင်းသားသည်ပါဋလိပုတ်သို့ရောက်သောနေ့၌ပင် မင်းကြီးအားသတင်းစကားကိုဆက်၍ ဤသို့လည်းလျှောက်၏။ အရှင်မင်းကြီး၏သားတော်အရှင်မဟိန္ဒမထေရ်သည် အဆွေတော် ဒေဝါနံပိယတိဿမင်း၏ညီတော်၏မိဘုရားအနုဠာဒေဝီသည် ရဟန်းပြုလို၏။ ထိုမိဘုရားကို ရဟန်းပြုစိမ့်သောငှါ သင်္ဃမိတ္တာထေရီမကိုဗောဓိပင်နှင့်တကွစေလိုက်ပါဟူ၍မှာလိုက်၏ဟုမထေရ်၏စကားကိုကြားလျှောက်၍။ သင်္ဃမိတ္တာထေရီမသို့ကပ်၍။ အရှင်မ၊သင်တို့မောင်တော်အရှင်မဟိန္ဒထေရ်သည် အရှင်မ၏အထံသို့ အကျွန်ုပ်ကိုစေလိုက်၏။ ဒေဝါနံပိယတိဿမင်းကြီးညီတော်၏မယား အနုဠာဒေဝီသည် ငါးရာသောမင်းသမီး၊ငါးရာသောနန်းတွင်းသူတို့နှင့်တကွ ရဟန်းပြုလို၏။ အရှင်မသည်လာ၍ ထိုအနုဠာဒေဝီကိုရဟန်းပြုလှည့်ပါဟု အရှင်မ၏မောင်တော်သည် စေလိုက်၏ဟု ကြားလျှောက်၏။ထိုစကားကိုကြားသောခဏ၌ပင်လျှင် သင်္ဃမိတ္တာထေရီမ

သည် အဆောတလျင် ခမည်းတော် ဓမ္မာသောကမင်း၏အထံသို့သွား
၍။ ဘခင်မင်းကြီး၊ အကျွန်ုပ်၏မောင်ကြီး အရှင်မဟိန္ဒသည် ဤသို့စေ
လိုက်၏။ ဒေဝါနံပိယတိဿမင်းကြီး ညီတော်၏မယား အနုဠာဒေဝီ
သည် မင်းသမီးငါးရာ၊ နန်းတွင်းသူငါးရာတို့နှင့်တကွ ရဟန်းပြုလို၍ အ
ကျွန်ုပ်၏လာခြင်းကိုမျှော်၏ဟုစေလိုက်၏။အကျွန်ုပ်သည် သီဟိုဠ်ကျွန်း
သို့သွားပါအံ့ဟု ဆို၏။ ဓမ္မာသောကမင်းကြီးဆို၏။ အမိ၊ သားတော်
အရှင်မဟိန္ဒသည်ငှင်း၊ မြေးတော် မောင်ရှင်သုမနသည်ငှင်း၊ အဘကို
လက်ပြတ်သကဲ့သို့ပြု၍ သီဟိုဠ်သို့သွားချေပြီ။ထိုသူတို့ကိုမမြင်ရသော
အဘအားဖြစ်သောစိုးရိမ်ခြင်းသည် အမိ၏မျက်နှာကိုမြင်ရသဖြင့်ငြိမ်း
၏။ မသင့်၊အမိ၊မသွားလင့်ဟုဆို၏။ မြတ်သောမင်းကြီး၊မောင်တော်၏
စကားသည်ဝန်လေး၏။ အနုဠာဒေဝီသည်လည်း မင်းမိန်းမပေတည်း။
မိန်းမတထောင် အခြံအရံနှင့်တကွ ရဟန်းအဖြစ်ကို ငံ့၍ အကျွန်ုပ်ကို
တောင့်တ၏။အကျွန်ုပ်သွားချေအံ့ဟုဆို၏။ထိုသို့တပြီးကား။အမိ၊မဟာ
ဗောဓိကိုယူ၍သွားလေဟုဆို၏။ ။

မင်းကြီးအားမဟာဗောဓိအဘယ်မှာရသနည်းဟူမူကား။ မင်းကြီး
သည် ထိုသင်္ဃမိတ္တာကိုအခေါ်မလာမီ၊ သုမနသာမဏေဓါတ်တော်ယူ
မလာမီကပင်၊မဟာဗောဓိကို လင်္ကာဒီပကျွန်းသို့ပို့လို၍။ထားဖြင့်ဖြတ်
ခြင်းငှါမထိုက်သောဗောဓိကို အဘယ်သို့လျှင်ရ၍ လင်္ကာဒီပကျွန်းသို့
ပို့ရပါအံ့နည်းဟုကြံသော် အကြောင်းကိုမမြင်၍၊မဟာဒေဝအမတ်ကို
မေး၏။ မဟာဒေဝအမတ်သည် အရှင်မင်းမြတ်၊ ပညာရှိသောရဟန်း
များစွာရှိပါ၏တကားဟု ဆို၏။ ထိုစကားကို ကြား၍ မင်းကြီးသည်
ရဟန်းသံဃာအားဆွမ်းလုပ်ကျွေး၍၊ဆွမ်းစားပြီးသောအဆုံး၌။ အရှင်
ဘုရားတို့၊ မြတ်စွာဘုရား၏ဗောဓိသည် လင်္ကာကျွန်းသို့ကြွရာသလော
မကြွရာသလောဟု ရဟန်းသံဃာတို့ကို မေး၏။ သံဃာသည် အရှင်
မောဂ္ဂလိပုတ္တတိဿမထေရ်အားဝန်ကိုပြု၏။ မထေရ်သည် မြတ်သော
မင်းကြီး၊ မဟာဗောဓိသည် လင်္ကာကျွန်းသို့ကြွရာ၏ဟုဆို၍၊ မြတ်စွာ
ဘုရား၏အဓိဋ္ဌာန်ငါးပါးကိုကြား၏။ အဓိဋ္ဌာန်ငါးပါးဟူသည် အဘယ်
သည်တို့နည်းဟူမူကား။( ၁ )မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူ
ရာညောင်စောင်း၌ လျောင်းတော်မူလျက်၊ သီဟိုဠ်ကျွန်း၌ မဟာဗောဓိ
ကိုတည်စိမ့်သောငှါ အသောကမင်းသည် မဟာဗောဓိဒက္ခိဏသာခါ

www.dhammaransi.com



ကိုယူအံ့ဟူ၍လာလေတော့။ ထိုအခါ မဟာဗောဓိ၏ဒက္ခိဏာသာခါလက်ျာတောင်ခက်သည်အလိုလိုပြတ်၍ရွှေဖျဥ်း၌တည်စေသတည်းဟု မိဋ္ဌာန်တော်မူ၏။ ဤကား ရှေးဦးစွာသောအဓိဋ္ဌာန်။ ( ၂ )ရွှေဖျဥ်း၌ တည်ပြီးသောကာလ မဟာဗောဓိသည် ဆီးနှင်းတိမ်တိုက်တွင်းသို့ဝင်၍ ခုနစ်ရက်တည်စေသတည်းဟု ဓိဋ္ဌာန်တော်မူ၏။ ဤကား ဒုတိယအဓိဋ္ဌာန်။ ( ၃ )ခုနစ်ရက်လည်ပြီးသောအခါ ဆီးနှင်းတိမ်တိုက်မှသက်၍ ရွှေဖျဥ်း၌ တည်လျက်။ အရွက်အသီးတို့မှရောင်ခြည်တော်ခြောက်သွယ်လွှတ်စေသတည်းဟုဓိဋ္ဌာန်တော်မူ၏။ဤကားတတိယ။ ( ၄ )မြှပ်ရိုးတော်ကိုထူပါရုံစေတီ၌ ဌပနာသောအခါ ယမိုက်ပြာဋိဟာ ပြုစေသတည်းဟု ဓိဋ္ဌာန်တော်မူ၏။ဤကား စတုတ္ထ။ ( ၅ )တစရွတ်မျှသော ဓာတ်တော်တို့ကို မဟာစေတီ၌ ဌပနာသောအခါ။ ငါဘုရား၏ အသွင်ကို ယူ၍ ကောင်းကင်ထက်၌ ပြာဋိဟာပြုစေသတည်းဟု ဓိဋ္ဌာန်တော်မူ၏။ ဤကား ငါးကြိမ်မြောက်အဓိဋ္ဌာန်တည်းဟုမင်းကြီးအားကြားပေ၏။ ။ ဤငါးပါးသောဓိဋ္ဌာန်ခြင်းတို့ကိုမင်းကြီးကြားလျှင် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍။မဟာဗောဓိမှသည် ပါဋလိပုတ်တိုင်ခုနစ်ယူဇနာရှိသောခရီးကိုသုတ်သင်စေ၍။ ရွှေဖျဥ်းလုပ်စိမ့်သောငှါ များစွာသောရွှေတို့ကိုထုတ်၏။ထိုခဏ၌မင်းကြီး၏စိတ်ကိုသိ၍ဝိဿုကြုံနတ်သားသည်ရွှေပန်းထိမ်သည်၏အသွင်ကိုဘန်ဆင်း၍ရှေ့၌ရပ်လာ၏။မင်းကြီးသည်ရွှေပန်းထိမ်ကိုမြင်၍အမောင်ရွှေပန်းထိမ်၊ဤရွှေကိုယူ၍ရွှေဖျဥ်းလုပ်ပါဟုဆို၏။ အရှင်မင်းကြီး၊ အတိုင်းအရှည်ကိုဆိုပါလော့ဟူ၍ ဆိုသော်။ ချစ်သား၊ သင်သည်သာ အတိုင်းအရှည်ကိုသိ၍လုပ်ပါဟုဆိုသဖြင့်။ကောင်းပြီအရှင်မင်းကြီး၊ပြုအံ့ဟုရွှေကိုယူ၍မိမိ၏အာနုဘော်အားဖြင့် လက်ဖြင့်ဆုပ်နယ်၍။အဝန်းလုံးပတ်ကိုးတောင်၊အစော်ငါးတောင်၊အပြန့်သုံးတောင်၊အထုလက်ရှစ်သစ်။ ဆင်နှာမောင်းအတိုင်းအရှည်အနားလုံးရှိသောရွှေဖျဥ်းကိုဘန်ဆင်း၏။ ထိုရှေးအခါ မင်းကြီးသည် ခုနစ်ယူဇနာအလျား၊ သုံးယူဇနာအနံရှိသော များစွာသောစစ်သည်ဖြင့် ပါဋလိပုတ်မှထွက်၍။ အရိယာသံဃာအပေါင်းကိုယူ၍၊ မဟာဗောဓိအနီးသို့သွားလေ၏။ စစ်သည်တို့သည့်ဆောက်အပ်သော တမ်းခွန်ဇာကြားရှိသည်ဖြစ်၍။ အထူးထူးသောရတနာတို့ဖြင့် ဆန်းကြယ်သောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သည်ဖြစ်၍။ အထူးထူးသောပန်းဆိုင်းတို့ဖြင့်ပြွမ်းသည်ဖြစ်၍။

www.dhammaransi.com



တပါးမကများစွာသော စည် ခေါင်းလောင်း မောင်းကြေးနင်းတို့ဖြင့် ချောက်ချားသည်ဖြစ်၍ ဗောဓိပင်ကိုဝန်းရံ၏။ မင်းကြီးသည်တထောင် မျှလောက်ကုန်သော ဂိုဏ်းဆရာ အကြီးဖြစ်ကုန်သော မထေရ်တို့ကို ယူ၍။ အလုံးစုံသောဇမ္ဗူဒီပါကျွန်း၌အဘိသိက်သွန်းခြင်းသို့ရောက်ကုန် သောမင်းတို့၏ဘထောင်ကို၊ မိမိကိုရင်း၊ မဟာဗောဓိကိုရင်းဝန်းရံစေ ၍၊ ဗောဓိပင်ရင်း၌ရပ်လျက် မဟာဗောဓိကိုမော်၍ ကြည့်သော်။ အ တောင်ငါးဆယ်မြင့်သောပင်စည်ကိုရင်း။လက်ျာတောင်ခက်မ၌ လေး တောင်ပမာဏရှိသောအရပ်ကိုရင်းထား၍ အလုံးစုံသောမဟာဗောဓိ အခက်အရွက်တို့သည် မမြင်ခြင်းသို့ ရောက်ကုန်၏။ အသောကမင်း ကြီးသည် ဤအံ့ဘွယ်သရဲရှိသောယမိုက်ပြာဋိဟာကိုမြင်၍၊ နှစ်လို့ဝမ်း မြောက်ခြင်းဖြစ်၍။ အရှင်ဘုရားတို့၊ အကျွန်ုပ်သည် ဤပြာဋိဟာကိုမြင် ၍၊နှစ်သက်သည်ဖြစ်၍၊အလုံးစုံသောဇမ္ဗူဒီပါကျွန်း၌ မင်း၏အဖြစ်ဖြင့် မဟာဗောဓိကိုပူဇော်ပါ၏ဟု ရဟန်းသံဃာအားဆို၍ အဘိသိက်ကို ပေး၏။ ။ထိုနောက်မှပန်းနံ့သာစသည်တို့ဖြင့်ပူဇော်၍သုံးကြိမ်လက်ျာ ရစ်လှည့်၍၊ရှစ်ပါးသောအရပ်တို့၌ ရှိခိုးပြီးသော်ထ၍၊လက်အုပ်ချီလျက် ရပ်၍၊ သစ္စာစကားဖြင့် မဟာဗောဓိကိုယူလိုသည်ဖြစ်၍။ မြေမှသည် မဟာဗောဓိ၏ ဒက္ခိဏာသာခါတိုင်အောင် အမြင့်အကျည်ပြု၍၊ ထိုအ ကျည်အထက်၌ထားအပ်သော အလုံးစုံရတနာဖြင့်ပြီးသော အင်းပျဉ် အထက်၌ ရွှေဖျဉ်းကိုတင်စေ၍၊ ရတနာအင်းပျဉ်ထက်သို့တက်၍၊ ရွှေ စုတ်ကိုကိုင်၍၊ မြင်းသီလာဖြင့် အရေးကိုပြု၍၊ အကယ်၍ မဟာဗောဓိ သည် လင်္ကာကျွန်း၌တည်အပ်သည်ဖြစ်အံ့။ အကယ်၍ ငါသည်လည်း မြတ်စွာဘုရား သာသနာတော်၌ ယုံမှားခြင်း ကင်းသည်ဖြစ်အံ့။ မဟာ ဗောဓိသည် အလိုလို၍ရွှေဖျဉ်း၌တည်စေသတည်းဟု သစ္စာစကားကို ပြု၏။သစ္စာပြုသည်နှင့်တကွ မဟာဗောဓိသည်မြင်းသီလာဖြင့်ပိုင်းခြား ရာ၌ပြတ်၍။ နံ့သာညွန်ဖြင့်ပြည့်သော ရွှေဖျဉ်း၏အထက်၌တည်၏။ ထို ခက်မသည် ပင်စည်အစောက်အားဖြင့် ဆယ်တောင် ရှိ၏။ ထိုဆယ် တောင်အထက်၌ခွ၍၊လေးတောင် လေးတောင် အလျားရှိသော ခက်မ ငါးဖြာရှိ၏။ အသီးတလုံး တလုံးစီဖြင့် တန်ဆာဆင်အပ်၏။ ခက်မတခု တခု၌ ခက်ငယ်နှစ်ရာစီဖြစ်၍ ခက်ငယ်တထောင်ရှိ၏။ ထိုအခါ၌ မင်း ကြီးသည် ရှေးဦးစွာသောအရေး၏အထက် လက်သုံးသစ်ခြား၌ တခု

www.dhammaransi.com



သွေသော အရေးကိုရေးသားပြန်၏။ ထိုခဏ၌ ထိုရေးသားရာအရပ်မှ အမြစ်အညှောက်တို့သည် ထွက်ကုန်သည်ဖြစ်၍ ဆယ်ခုကုန်သော မြစ်မတို့အသစ်ထွက်ကုန်၏။ တဖန်အထက်၌ သုံးသစ်ခြား သုံးသစ်ခြားစီ၊ တပါးကုန်သော ကိုးခုကုန်သောအရေးတို့ကို ရေးသားပြန်၏။ ထိုအရေးကိုးခုတို့မှလည်း၊ ဆယ်ခု ဆယ်ခုသော မြစ်ညှောက်တို့သည် ဖြစ်ကုန်၍ ကိုးဆယ်သောမြစ်သေးတို့သည်ထွက်ကုန်၏။ ရှေးဦးစွာထွက်ကုန်သော တဆယ်သောမြစ်မတို့သည် လက်လေးသစ်မျှထွက်ကုန်၏။ ကိုးဆယ်သော မြစ်သေးတို့သည်ကား နွားနှာရှုပ် ကွန်ရက်နှင့် အတူအထပ်ထပ်ချုပ်ကုန်လျက် ထွက်ကုန်၏။ ဤမျှသော ပြာဋိဟာကို မင်းသည် ရတနာအင်းပျဉ်ထက်၌ရပ်လျက်မြင်၍။ လက်အုပ်ချီ၍ သည်းထွေ သောအသံဖြင့် ဟစ်၏။ အထောင်မက များစွာကုန်သော ရဟန်းတို့သည်ကောင်းချီးပေးခြင်းကိုပြုကုန်၏။ မင်း၏အလုံးစုံသောစစ်သည်တို့သည် ပွဲတင်ထောခြင်း အစရှိသည်တို့ကို ဖြစ်စေကုန်၏။ ဦးရစ် ပုဆိုးမြှောက်ခြင်းအသောင်းတို့ကိုဖြစ်စေကုန်၏။ဘုမ္မဇိုဝ်းနတ်တို့ကိုအစပြု၍ ဗြဟ္မာ့ပြည်တိုင်အောင် ကောင်းချီးပေးခြင်းကိုဖြစ်စေကုန်၏။ မင်းကြီးအား ဤပြာဋိဟာကိုမြင်၍ နှစ်သက်ခြင်းဖြင့် တွေ့သော ကိုယ်ရှိသည်ဖြစ်၍ လက်အုပ်ချီလျက်တည်စဉ်ပင်။ မဟာဗောဓိသည် အမြစ်တရာဖြင့်ရွှေဖျဉ်း၌တည်လေ၏။ ဆယ်ခုသော မြစ်မတို့သည် ရွှေဖျဉ်းအပြင်ကိုထိ၍ တည်ကုန်၏။ ကိုးဆယ်သော မြစ်သေးတို့သည်ကား အစဉ်သဖြင့်ရှည်ကုန်သည်ဖြစ်၍ နံ့သာညွန်၌သက်၍ တည်ကုန်၏။ ။ဤသို့မဟာဗောဓိသည် ရွှေဖျဉ်း၌ တည်ကာမျှ၌လျှင် မြေကြီးသည်တုန်လှုပ်၏။ ကောင်းကင်၌ နတ်စက်မိုဃ်းကြိုးတို့သည် ကွဲကုန်၏။ တောင်တို့၏တောင်ယိမ်းမြောက်ယိမ်းကခြင်းတို့ဖြင့်။ နတ်တို့၏ကောင်းချီးပေးခြင်းတို့ဖြင့်။ ဘီလူးတို့၏ ဟိန်းလေးတိုက်ခြင်းတို့ဖြင့်။ အသုရာတို့၏ ချီးမွမ်းဟစ်ကြွေးခြင်းတို့ဖြင့်။ ဗြဟ္မာတို့၏ လက်ပန်းပေါက် ခတ်ခြင်းတို့ဖြင့်။ မိုဃ်းတို့၏ ကြိုးခြင်းတို့ဖြင့်။ အခြေလေးခု သတ္တဝါတို့၏ မြည်ခြင်းတို့ဖြင့်။ ငှက်တို့၏ တွန်မြူးခြင်းတို့ဖြင့်။ အလုံးစုံကုန်သော စည်၊ စောင်း၊ နှဲ၊ ကြေးနင်း၊ မောင်း၊ စောင်းလောင်းတို့၏ အသီးအသီး မြည်ခြင်းတို့ဖြင့်။ မြေအပြင်မှ ဗြဟ္မာ့ပြည်တိုင်အောင် တပြိုင်နက် ဒုတ်အုတ်ကျက်ကျက်ပွဲတင်ထင်ခြင်းသည်ဖြစ်၏။ခက်မငါးဖြာတို့၌အသီးတို့မှခြောက်

www.dhammaransi.com



သွယ်သော ရောင်ခြည်တော်တို့သည် ထွက်ကုန်၍ အလုံးစုံစကြာဝဠာကို ရွှေမိုး ရွှေခြင်တို့ဖြင့် မွေးရှက်ဘိသကဲ့သို့ပြုလျက် ဖြာဟ္လာပြည်တိုင်အောင်တက်လေ၏။ ထိုခဏမှစ၍ ခုနစ်ရက်ပတ်လုံး မဟာဗောဓိသည် ဆီးနှင်းတိမ်တိုက်သို့ဝင်၍ တည်လေ၏။ တစုံတယောက်သောသူသည် မဟာဗောဓိကိုမမြင်ပြီ။ မင်းကြီးသည် ရတနာအင်းပျဉ်မှသက်၍ ခုနစ်ရက်ပတ်လုံးမဟာဗောဓိကိုပူဇော်ခြင်းကိုပြု၏။ ခုနစ်ရက်မြောက်သောနေ့၌ ခပ်သိမ်းသောအရပ်တို့မှဆီးနှင်းတို့သည်၎င်း၊ ခြောက်သွယ်သော ရောင်ခြည်တို့သည်၎င်း၊ လည်၍ မဟာဗောဓိသို့သာလျှင် ဝင်လေကုန်၏။ ဆီးနှင်းတိမ်တိုက် ကင်းပြီးသည်ဖြစ်၍ စကြာဝဠာတိုက် ကြည်လင်ခြင်းရှိသော်။ မဟာဗောဓိသည် ပြည့်စုံသောပင်စည်ခက်မခက်သေးရှိသည်ဖြစ်၍၊ ငါးလုံးသောအသီးတို့ဖြင့် တန်ဆာဆင်လျက် ရွှေဖျဉ်း၌ တည်လျက်သာလျှင် မြင်ကုန်၏။ မင်းကြီးသည် မဟာဗောဓိကိုမြင်၍။ ထိုတန်းခိုး ပြာဋိဟာတို့သည် ဖြစ်စေအပ်သော နှစ်သက် ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍။ အလုံးစုံသောဇမ္ဗူဒီပါကျွန်း၌ မင်း၏အဖြစ်ဖြင့်ဗောဓိပင်ပျိုကို ပူဇော်အံ့ဟု အဘိသိက်သွန်းခြင်းကိုပေး၍။ ခုနစ်ရက်ပတ်လုံး မဟာဗောဓိအနီး၌သာလျှင် တည်၏။ ။မဟာဗောဓိပင်ပျိုသည် သီတင်းကျွတ်လပြည့် ပဝါရဏာနေ့ ညချမ်းအခါ၌၊ ရှေးဦးစွာ ရွှေဖျဉ်း၌ တည်၏။ ထိုနောင်၊ဆီးနှင်းတိမ်တိုက်တွင်းသို့ဝင်၍နေသည် ခုနစ်ရက်၊ အဘိသိက်ပေးသည် ခုနစ်ရက်တို့ကိုလွန်စေ၍ သီတင်းကျွတ်လကွယ် ဥပုသ်နေ့၌မင်းကြီးသည် တရက်ခြင်းဖြင့်သာလျှင် ပါဋလိပုတ်မြို့သို့သွင်း၍ တန်ဆောင်မုန်းလဆန်းတရက်နေ့ နံနက်နေတက်အခါ၌။ မဟာဗောဓိကို မြို့၏အရှေ့ အင်ကြင်းပင်ကြီးအနီး၌ အရိပ်ကိုမှီ၍ထား၏။ ရွှေဖျဉ်း၌တည်သောနေ့မှ တဆဲ့ခုနစ်ရက်မြောက်ဖြစ်သောတန်ဆောင်မုန်းလဆန်း နှစ်ရက်နေ့၌မဟာဗောဓိပင်ပျိုအားအညွန့်သစ်တို့သည် ပေါက်ကုန်၏။ ထိုသို့ပေါက်ကုန်သည်ကိုမြင်၍ မင်းကြီးသည် ကြည်ညိုသဖြင့် တဖန်မဟာဗောဓိပင်ပျိုကို မင်း၏အဖြစ်ဖြင့်ပူဇော်၍ အလုံးစုံသောဇမ္ဗူဒီပါကျွန်း၌ မင်း၏အဘိသိက်ကိုပေး၏။ အရှင်မဟိန္ဒ မထေရ်စေအပ်သော သုမနသာမဏေသည်တန်ဆောင်မုန်းလပြည့်နေ့ခါတ်တော်ယူအံ့သော ငှါပါဋလိပုတ်သို့ရောက်လာသည်ရှိသော်။ မဟာဗောဓိအားတန်ဆောင်မုန်းလပြည့်နေ့ပူဇော်သောနက္ခတ်သဘင်ကို မြင်လေ၏။ ထိုအကြောင်း

www.dhammaransi.com



ကို၊ အရှင်မဟိန္ဒအား သုမနသာမဏေ လျှောက်ကြား၍ သိနှင့်၏။ ။ ဤမဟာဗောဓိမဏ္ဍိုင်မှဆောင်၍ ပါဠလိပုတ်၌ထားသော မဟာဗောဓိ ဒက္ခိဏသာခါကိုရည်၍၊ ထိုသို့လက်ာကျွန်းသို့ ကူးလိုတပြီးကား။ အဓိ၊ ဗောဓိပင်ကိုယူ၍ကူးပါလေဟုမင်းကြီးဆိုသတည်း။ ။

သင်္ဃမိတ္တာထေရီမသည်လည်း ကောင်းပြီဟုဝန်ခံ၏။ မင်းကြီးသည် မဟာဗောဓိကို စောင့်ရှောက်စိမ့်သောငှါ တဆဲ့ရှစ်ပါးသော နတ်မျိုးတို့ကိုရင်း၊ ရှစ်ယောက်သော အမတ်မျိုးတို့ကိုရင်း၊ ရှစ်ယောက်သော ပုဏ္ဏားမျိုး တို့ကိုရင်း၊ သူကြွယ် ရှစ်အိမ်ထောင်တို့ကိုရင်း၊ ဂေါပကမျိုး ရှစ်အိမ်ထောင်တို့ကိုရင်း၊ တရစ္ဆမျိုးရှစ်အိမ်ထောင်တို့ကိုရင်း၊ ကာလိင်္ဂ အမျိုးရှစ်အိမ်ထောင်တို့ကိုရင်း ပေးလိုက်၏။ ရေသွန်းစိမ့်သောငှါ၊ ရွှေ အိုးရှစ်လုံး၊ ငွေအိုးရှစ်လုံးတို့ကိုရင်း ပေးလိုက်၏။ ဤသို့သောအခြံအရံ နှင့်တကွ မဟာဗောဓိကို ဂင်္ဂါမြစ်၌လှေသို့တင်၍၊ မိမိသည်လည်း မြို့မှ ထွက်၍၊ ဝိဇ္ဈာဋဝီတောအုပ်ကို လွန်၍၊ အစဉ်သဖြင့် ခုနစ်ရက်တို့ဖြင့် တာမလိတ္တိသင်္ဘောဆိပ်သို့ ရောက်လေ၏၊ ခရီးအကြား၌ နဂါးနတ်လူ တို့သည် မဟာဗောဓိကို မွန်မြတ်သောပူဇော်ခြင်းကို ပြုကုန်၏။ မင်း ကြီးသည် သမုဒ္ဒရာကမ်းနား၌ခုနစ်ရက်တို့ပတ်လုံး မဟာဗောဓိကိုထား ၍ အလုံးစုံသောဇမ္ဗူဒီပါကျွန်း၌ မြတ်သောမင်း၏အဖြစ်ကိုပေး၏။ ဤ အကြိမ်သည်ကား ထိုမဟာဗောဓိအား သုံးကြိမ်မြောက် ဇမ္ဗူဒီပါမင်း အဖြစ်၏ ပြည့်စုံခြင်းသည် ဖြစ်၏။ ဤသို့ မြတ်သောမင်း၏ အဖြစ်ဖြင့် ပူဇော်၍၊ နတ်တော်လဆန်းတရက်နေ့၌အသောကမင်းသည်မဟာဗော ဓိကိုရွက်ချီ၍ လည်ပမာဏရှိသော ရေသို့သက်၍ သင်္ဘော၌တည်စေ ၍၊ သင်္ဃမိတ္တာထေရီမကိုလည်း အခြံအရံနှင့်တကွ သင်္ဘော၌ တင်၍ အရိဋ္ဌအမတ်ကိုဤသို့ဆို၏။ အမောင်အရိဋ္ဌ၊ ငါသည် မဟာဗောဓိကို ဇမ္ဗူဒီပါ၌ မင်း၏အဖြစ်ဖြင့် သုံးကြိမ်ပူဇော်၍၊ လည်တိုင်အောင်သော ရေသို့သက်၍ ငါ၏အဆွေခင်ပွန်းအား ပို့စေလိုက်၏။ ထိုငါ၏အဆွေ သည်လည်း ငါ၏အတူ မဟာဗောဓိကိုပူဇော်စေသတည်းဟု အဆွေ လင်္ကာဒီပမင်းအား သတင်းစကားမှာလိုက်၍၊ အချင်းတို့၊ အားဆယ်ပါး နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ရောင်ခြည်ကွန်ရက်ကို လွှတ် တတ်သော မဟာဗောဓိသည် သွားခဲ့ပြီတကားဟု ငိုရှိုး၍ လက်အုပ်ချီ လျက်မျက်ရည်ကိုဖြစ်စေလျက်ရပ်၏။ မဟာဗောဓိတင်အပ်သော ထို

www.dhammaransi.com



သင်္ဘောသည်လည်း မင်းကြီး၏မြင်စဉ်ပင် သမုဒ္ဒရာ၏အပြင်၌ပြေးလေ၏။ မဟာသမုဒ္ဒရာ၌လည်း ထက်ဝန်းကျင်မှ တယူဇနာ အတိုင်းအရှည်ရှိသောအရပ်တိုင်တိုင် လှိုင်းတံပိုးတို့သည် ငြိမ်ကုန်၏။ အဆင်းငါးပါးရှိသောပဒုမာကြာတို့သည် မဟာသမုဒ္ဒရာအပြင်၌ပွင့်ကုန်၏။ ကောင်းကင်ပြင်၌ နတ်၌ဖြစ်သော စည် စောင်း ပြင်း ကြေးနင်း မောင်း ခေါင်းလောင်းတို့သည် တီးမြည်ကုန်၏။ ကောင်းကင်၌ရေကြည်းသစ်ပင်အစရှိသည်တို့ကိုမှီ၍နေကုန်သော နတ်တို့သည်ဖြစ်စေအပ်သော အလွန်လျှင် မွန်မြတ်သော ပူဇော်ခြင်းသည်ဖြစ်၏။ သင်္ဃမိတ္တာထေရီမသည် ဂဠုန်၏အသွင်ဖြင့် မဟာသမုဒ္ဒရာ၌နေသော နဂါးမျိုးတို့ကို ထိတ်လန့်စေ၏။ ပြင်းစွာထိတ်လန့်ခြင်းသဘောရှိကုန်သောထိုနဂါးတို့သည်လာကုန်၍၊ ထိုသို့သေ၁ တင့်တယ်ခြင်းကိုရှုကုန်၍၊ သင်္ဃမိတ္တာထေရီမကိုတောင်းပန်ကုန်၍။ မဟာဗောဓိကို နဂါးပြည်သို့ ဆောင်၍၊ ခုနစ်ရက်ပတ်လုံး နဂါးပြည်ဖြင့်ပူဇော်၍။ တဖန်သင်္ဘော၌ တည်စေကုန်၏။ ထိုနဂါးပြည်မှထွက်သောနေ့၌ ပင်လျှင် သင်္ဘောသွေသည် ဇမ္ဗုကောလပဋ္ဋနသိပ်သို့ဆိုက်လေ၏။ အသောကမင်းကြီးသည်လည်း မဟာဗောဓိနှင့်ကွေကွင်းရသဖြင့် ဆင်းရဲသည်ဖြစ်၍ ငိုမြည်တမ်းလျက်မျက်စိမြင်ကောင်းသောအရပ်တိုင်အောင်မြှော်လိုက်၍ပြန်လေ၏။ ။

ဒေဝါနံပိယတိဿမင်းသည်လည်း သုမန်သာမဏေ၏ စကားဖြင့် နတ်တော်လဆန်း တရက်နေ့မှစ၍ အနုရာဓမြို့၏မြောက်တံခါးမှ ဇမ္ဗုကောလပဋ္ဋနသိပ်တိုင်အောင် ခရီးကို သုတ်သင်လျက်၊ တန်ဆာဆင်၍၊ မြို့မှထွက်သော နေ့၌ မြောက်တံခါး၏ အနီး၌ သမုဒ္ဒသာလာ အရပ်၌ တည်လျက်။ ထိုသို့သော တင့်တယ်ခြင်းဖြင့်လာသော မဟာဗောဓိကို မထေရ်၏အာနုဘော်ဖြင့် မြင်လျှင်၊ နှစ်သက်သော နှလုံးရှိသည်ဖြစ်၍၊ ထွက်၍၊ အလုံးစုံသောခရီးကို ငါးပါးသောအဆင်းရှိသော ပန်းတို့ဖြင့် ကြဲစေလျက်။ အကြား အကြား၌ ပန်းဖြင့်ပြီးသော သည်တိုင်ဖူးရပ်တို့ကိုထား၍၊ တရက်ခြင်းဖြင့်လျှင် ဇမ္ဗုကောလပဋ္ဋနသိပ်သို့သွား၍၊ အလုံးစုံသောကြေးနင်း မောင်းခေါင်းလောင်းတို့ဖြင့်ခြံရံလျက်။ ပန်းနံ့သာအစရှိသည်တို့ဖြင့် ပူဇော်လျက်။ လည်ပင်းပမာဏရှိသောရေသို့ သက်၍၊ အချင်းတို့၊ အစးဆယ်ပါး ရှိသော မြဲစွာဘုရား၏ ရောင်ခြည်တော်ကွန်ရက်ကိုလွှတ်တတ်သောမဟာဗောဓိသည်ရောက်လာပြီတကားဟု

www.dhammaransi.com



ကြည်ညိုသောစိတ်ရှိသဖြင့်၊ မဟာဗောဓိကိုချီ၍။ မြတ်သော ဦးခေါင်းထက်၌ တင်၍။ မဟာဗောဓိကို ခြံရံကာလာကုန်သော တဆဲ့ခြောက်ဦးကုန်သော အမျိုးနှင့်ပြည့်စုံကုန်သော သူတို့နှင့်တကွ သမုဒ္ဒရာမှတင်၍။ သမုဒ္ဒရာနား၌ မဟာဗောဓိကိုထား၍၊ သုံးရက်တိုင်တိုင် အလုံးစုံသောလင်္ကာဒီပကျွန်း၌ မင်းအဖြစ်ဖြင့် ပူဇော်၏။ တဆဲ့ခြောက်ဦးကုန်သော ဇာတ်နှင့် ပြည့်စုံကုန်သော အမျိုးတို့အား ပြည်ကို စီရင်စေ၏။ ထိုနောက်လေးရက်မြောက်သောနေ့၌ မဟာဗောဓိကိုယူ၍မြတ်သော ပူဇော်ခြင်းကိုပြုလျက် အစဉ်သဖြင့်သွား၍ အနုရာဓပြည်သို့ရောက်လေ၏။ အနုရာဓပြည်၌လည်း ကြီးစွာသော ပူဇော်သက္ကာရကို ပြု၍။ နတ်တော်လကွယ်နေ့မွန်းလွဲသောအခါ၌၊ မြောက်တံခါးဖြင့် မဟာဗောဓိကို မြို့သို့သွင်း၍၊ မြို့လယ်ဖြင့်ဆောင်၍၊ တောင်တံခါးဖြင့်ထွက်၍၊ တောင်တံခါးမှ လေးအပြန်ငါးရာကွာ၊ အကြင်အရပ်၌ ငါတို့ မြတ်စွာဘုရားသခင်သည် နိရောဓသမာပတ်ကိုဝင်စား၍နေတော်မူဘူး၏။ ကကုသန်၊ ကောဏာဂုံ၊ ကဿပ ဟူကုန်သော ရှေးဘုရား သုံးဆူတို့ သည်လည်း နိရောဓသမာပတ်ဝင်စား၍နေတော်မူဘူးကုန်၏။ အကြင်အရပ်၌ ကကုသန်မြတ်စွာဘုရား၏ကုက္ကိုဗောဓိ၊ ကောဏာဂုံမြတ်စွာဘုရား၏ ရေသဖန်းဗောဓိ၊ ကဿပမြတ်စွာဘုရား၏ပညောင်ဗောဓိသည်တည်ဘူးကုန်၏။ မဟာမေဃဝန်ဥယျာဉ်၏မှန်ကူသဘွယ်လည်းဖြစ်ထသော၊ သုမနသာမဏေ၏စကားဖြင့် ရှေးမဆွကပင် အပြေအပြစ်ပြုအပ်သောဘူမိပရိကမ္မရှိသောမင်းရာတံခါးမုတ်ဖြစ်သော ထိုအရပ်၌ မဟာဗောဓိကို ထား၏။ အဘယ်သို့တည်ထားသနည်းဟူမူကား။ မဟာဗောဓိကိုခြံရံ၍ လာကုန်သော၊ တဆဲ့ခြောက်ဦးကုန်သော ဇာတ်နှင့် ပြည့်စုံကုန်သော အမျိုးတို့သည် မင်း၏အသွင်ကိုယူကုန်၏။ဒေဝါနံပိယတိဿမင်းသည်ကား တံခါးစောင့်အသွင်ကို ယူ၏။ တဆဲ့ခြောက်ပါးသော အမျိုးတို့သည် မဟာဗောဓိကိုကိုင်၍ ချကုန်၏။ မဟာဗောဓိသည် ထိုသူတို့၏ လက်မှလွတ်ကာမျှ၌လျှင် အတောင်ရှစ်ဆယ်မျှလောက်သော ကောင်းကင်သို့ပျံတက်၍ ခြောက်သွယ်သောရောင်ခြည်တို့ကို လွှတ်၏။ ရောင်ခြည်တို့သည်အလုံးစုံသောလင်္ကာကျွန်းကိုပြန့်၍ အထက်၌ဗြဟ္မာ့ပြည်သို့ဆိုက်၍ တည်ကုန်၏။ မဟာဗောဓိ၏တန်ခိုးပြာဋိဟာကိုမြင်၍ ဖြစ်သော ကြည်ညိုခြင်းရှိကုန်သော၊ တထောင်ယောယောကျ်ားတို့သည်

www.dhammaransi.com



အစဉ်အတိုင်း ဝိပဿနာကိုပွါးစေ၍ အရဟတ္တဖိုလ်သို့ ရောက်ကုန်၍ ရဟန်းပြုကုန်၏။ နေဝင်သည်တိုင်အောင် မဟာဗောဓိသည် ကောင်း ကင်၌ တည်၏။ နေဝင်ပြီးသော် ရောဟိဏီနက္ခတ်နှင့်ယှဉ်လျက် မြေ၌ တည်၏။ မဟာဗောဓိပင် မြေ၌ တည်သည်နှင့် တပြိုင်နက် ရေအဆုံး ရှိသည်ကိုပြု၍မြေကြီးသည်ပြင်းစွာတုန်လှုပ်၏။ မြေ၌တည်ပြီး၍ မဟာ ဗောဓိသည် ခုနစ်ရက်ပတ်လုံး ဆီးနှင်းတိမ်တိုက်၌ ကောင်းစွာနေပြန် လေ၏။လူအပေါင်းအား မမြင်ခြင်းသို့ရောက်၏။ခုနစ်ရက်မြောက်သော နေ့၌ တိမ်တိုက်ကင်းသော ကောင်းကင်သည်ဖြစ်၏။ခြောက်သွယ်သော ရောင်ခြည်တို့သည်တော်ပကုန်လျက် ပြိုးပြိုးပြက်တက်ကုန်၏။ မဟာ ဗောဓိ၏ ပင်စည်သည်ရင်း၊ ခက်မ်ငါးဖြာသည်ရင်း၊ အသီး ငါးလုံးတို့ သည်ရင်းထင်ကုန်၏။ အရှင်မဟိန္ဒမထေရ်သည်ရင်း၊ သံဃမိတ္တာထေရီ သည်ရင်း၊မင်းကြီးသည်ရင်း၊အခြံအရံနှင့်တကွ မဟာဗောဓိတည်ရာသို့ သာလျှင် လာကုန်၏။ များသောအားဖြင့် အလုံးစုံကျွန်း၌ နေကုန်သော သူတို့သည်စည်းဝေးကုန်၏။ ။

ထိုအလုံးစုံသောသူတို့၏ မြင်စဉ်သာလျှင် မြောက်အခက်မှ တလုံး သောအသီးသည် ရင့်၍ အညာမှ လွတ်၏။ အရှင်မဟိန္ဒမထေရ်သည် လက်ကိုညွတ်၍ခံ၏။ အသီးသည်မထေရ်၏လက်၌တည်၏။ ထိုအသီး ကိုစိုက်လော့မင်းကြီးဟုဆို၍မင်းအားပေး၏။ မင်းသည်ယူ၍ ရွှေဖျဉ်း၌ ကောင်းမြတ်သော မြေရနံ့ကိုကြဲ၍ နံ့သာညွန်ကိုပြည့်စေ၍စိုက်၍ မြင့် မြတ်သော်နေရာ၌ထား၏။ ခပ်သိမ်းသောသူတို့၏ မြင်ကုန်စဉ်သာလျှင် လေးတောင် ပမာဏ အမြင့် ရှိသော၊ ရှစ်ပင်သော ဗောဓိပင်ငယ်တို့ သည်ပေါက်ကုန်၏။ မင်းကြီးသည် ထိုအံ့ဘွယ်သရဲကိုမြင်၍ ဗောဓိဖင် ငယ်ရှစ်ပင်တို့ကိုထီးဖြူဖြင့်ပူဇော်၍ အဘိသိက်သွန်းခြင်းကိုပေး၏။ ထို ဗောဓိပင်ငယ်ရှစ်ပင်အနက်၊ တပင်ကို မဟာဗောဓိဒုက္ခိဏသာခါလာ သောအခါ ရှေးဦးစွာတည်ရာဖြစ်သော ဇမ္ဗုကောလပဋ္ဋနိပ်၌စိုက်စေ ၏။တပင်ကိုတဝက္ကပုဏ္ဏားရွာတံခါး၌စိုက်၏။တပင်ကိုထူပါရုံ၌စိုက်၏။ တပင်ကို ဣဿရနိမ္မာနကျောင်း၌ စိုက်၏။ တပင်ကို မြို့ရှေ့တံခါးအနီး ပဌမကစေတိယအရပ်၌ စိုက်၏။ တပင်ကို စေတိယတောင်ကျောင်း၌ စိုက်၏။တပင်ကို ရောဟဏဇနပုဒ်၊ဘောဇနဂ္ဂါ၌စိုက်၏။ တပင်ကို ထို ရောဟဏဇနပုဒ်၌ပင် စန္ဒနဂ္ဂါ၌စိုက်၏။ ဤမြောက်ခက်အသီးမှ တပါး

www.dhammaransi.com



လေးကိုင်းမှ လေးလုံးကုန်သော အသီးတို့၏ မျိုးစေ့တို့မှ ရောက်ကုန်သောသုံးဆဲ့နှစ်ပင်ကုန်သောဗောဓိပင်ငယ်တို့ကိုလည်း တယူဇနာကွာ တယူဇနာကွာအရပ်တို့၌ စိုက်စေကုန်၏။ ။ဤသို့လျှင် သားမြေးမြစ်အဆက်ဆက်အားဖြင့် ထက်ဝန်းကျင် အလုံးစုံသော လက်ာကျွန်းသူတို့၏ စီးပွါးခြင်း၄၁ ချမ်းသာခြင်း၄၁ မြတ်စွာဘုရား၏ တရားတည်းဟူသော တမ်းခွန်သဖွယ်ဖြစ်သော မဟာဗောဓိ တည်ပြီးသည်ရှိသော်။ မင်းကြီး၏ ညီတော်-မင်းချင်းယောကျ်ား တထောင်နှင့်တကွ ရဟန်းပြုသော အဘယမင်းသား၏မိဘုရား၊ အနုဠာဒေဝိသည်၊ မင်းသွီးငါးရာ၊ နန်းတွင်းသူ ငါးရာအားဖြင့်၊ တထောင်သော မိန်းမတို့နှင့်တကွ သင်္ဃမိတ္တာထေရီ၏အထံ၌ရဟန်းပြု၍မကြာမြင့်မီပင်လျှင်အမြီအရံနှင့်တကွ ရဟန္တာအဖြစ်၌တည်လေ၏။မင်းကြီး၏တူဖြစ်သောအရိဋ္ဌသည်လည်း ငါးရာသော ယောကျ်ားတို့နှင့် တကွ အရှင်မဟိန္ဒအထံ၌ ရဟန်းပြု၍၊ မကြာမြင့်မီပင်လျှင် အမြီအရံနှင့်တကွရဟန္တာအဖြစ်၌တည်လေ၏။

---

၁၁၀။ သိဟိုဠ်သာသနာပြုအရှင်မဟိန္ဒထေရ်၊
တပည့်အရိဋ္ဌထေရ်စသောဆရာစဉ်ဆက်အားဖြင့်သာသနာ
အခြေအမြစ်တည်တွန်းခြင်းနှင့်တကွ၊အရှင်သိဝထေရ်
တိုင်၊သိဟိုဠ်သာသနာဝင်အစဉ်အဆက်ကိုပြရာ။

ထိုရောအခါတနေ့သ၌မင်းကြီးသည်မဟာဗောဓိကိုရှိခိုး၍ မထေရ်နှင့်တကွ ထူပါရုံ စေတီသို့ သွား၏။ လောဟပါသာဒ ကြေးပြာသာဒ် တည်ရာသို့ရောက်သောထိုမင်းအား မင်းချင်းယောကျ်ားတို့သည် ပန်းပွင့်တို့ကိုဆောင်ခဲ့ကုန်၍ပေးဆက်၏။မင်းကြီးသည် မထေရ်အားလှူ၏။ မထေရ်သည် ပန်းပွင့်တို့ကို လောဟပါသာဒတည်ရာအရပ်၌ ပူဇော်၏။ ပန်းပွင့်မြေသို့ရောက်ကာမျှ၌ မြေသည် တုန်လှုပ်၏။ မင်းကြီးသည် အရှင်ဘုရား၊အဘယ့်ကြောင့် မြေကြီးတုန်လှုပ်သနည်းဟုမေး၏။ မြတ်သောမင်းကြီး၊ နောင်သောအခါ ဤအရပ်၌ သံဃာ၏ဥပုသ်အိမ်ကြေးပြာသာဒ် ဖြစ်လတ္တံ့။ ထိုကြေးပြာသာဒ် ဖြစ်လတ္တံ့ သည်၏ ပုဗ္ဗနိမိတ်တည်းဟူ၍ မိန့်တော်မူ၏။ မင်းကြီးသည် မထေရ်နှင့် တကွ သွားပြန်သော်အမ္ဗင်္ဂဏအရပ်သို့ရောက်၏။ထိုအရပ်၌ အဆင်းအနံ့အရသာနှင့်

www.dhammaransi.com



ပြည့်စုံသောသရက်သီးမှည့်တလုံးကို မင်းအားဆက်လာကုန်၏။ ဧင်းကြီးသည် မထေရ်အားဘုဉ်းပေးစိမ့်သော၄ါလှူ၏။မထေရ်သည် ထိုနေရာ၌ပင် ဘုဉ်းပေး၍၊ ဤအရပ်၌ ဤသရက်စေ့ကိုစိုက်လော့ဟု ဆို၏။ မင်းကြီးသည် ထိုသရက်စေ့ကိုယူ၍ ထိုအရပ်၌ စိုက်၍ ရေသွန်း၏။ သရက်စေ့ မြေကြီးသို့ ရောက်သည်နှင့် တပြိုင်နက် မြေကြီးတုန်လှုပ်၏။ မင်းကြီးသည် အရှင်ဘုရား၊ အဘယ့်ကြောင့် မြေကြီးလှုပ်သနည်းဟုမေး၏။ မင်းကြီး၊နောင်သောအခါ ဤအရပ်၌ သံဃာ၏စည်းဝေးရာ အမ္ဗင်္ဂဏ အမည်ရှိသော အရပ်သည် ဖြစ်လတ္တံ့။ ဤမြေကြီးလှုပ်ခြင်းသည် ထိုသို့ဖြစ်လတ္တံ့သည်၏ပုဗ္ဗနိမိတ်တည်းဟုကြား၍မင်းကြီးသည် ထိုအရပ်၌ရှစ်ဆုပ်သောပန်းတို့ဖြင့်ပူဇော်၍ မထေရ်နှင့်တကွ သွားပြန်သော် မဟာစေတီကြီး တည်ရာအရပ်သို့ ရောက်လေ၏။ ထိုအရပ်၌ စံကားပန်းတို့ကိုမင်းကြီးအားဆက်လာကုန်၏။မင်းသည် ထိုပန်းတို့ကို မထေရ်အားလှူ၏။ မထေရ်သည် ထိုအရပ်ကို ထိုပန်းတို့ဖြင့် ပူဇော်၍ ရှိခိုး၏။ ထိုခဏ၌ မြေကြီးတုန်လှုပ်၏။ မင်းသည် အဘယ့်ကြောင့် မြေကြီးလှုပ်သနည်းဟု မေးပြန်၏။ မင်းကြီး၊ နောင်သောအခါ ဤအရပ်၌ မြတ်စွာဘုရား၏ ဓာတ်တော်ဌာပနာရာ၊ အတုမရှိ ကြီးစွာသော စေတီ ဖြစ်လတ္တံ့။ ဤမြေလှုပ်ခြင်းသည် ထိုစေတီကြီး ဖြစ်လတ္တံ့သည်၏ ပုဗ္ဗနိမိတ်တည်းဟု မထေရ်မိန့်တော်မူ၏။ အရှင်ဘုရား၊ အကျွန်ုပ်သည်ပင် ပြုအံ့ဟုလျှောက်၏။ မင်းကြီး၊မသင့်၊ သင်မင်းကြီးအား အမှုတပါးများစွာရှိသေး၏။ သင်မင်းကြီး၏မြေးတော်၊ ဒုဋ္ဌဂါမဏိအဘယမင်းသည် စေတီကြီးစွာ ပြုလတ္တံ့ဟု မိန့်တော်မူသော်။ အရှင်ဘုရား၊ အကယ်၍ အကျွန်ုပ်၏မြေးသည်ပြုငြားအံ့။ အကျွန်ုပ်ပြုသည်ပင်မည်၏ဟု လျှောက်၍။ တဆဲ့နှစ်တောင်ရှိသော ကျောက်သည်တိုင်ကို ဆောင်စေ၍၊ ဒေဝါနံပိယတိဿမင်း၏ မြေးတော် ဒုဋ္ဌဂါမဏိအဘယမင်းသည်၊ ဤအရပ်၌ မြတ်စွာဘုရား၏ ဓာတ်တော် တစဒွတ်မျှလောက်ကို ဌာပနာ၍ ကြီးစွာသောစေတီကိုပြုစေသတည်းဟု ကမ္ပည်းမှာစာ အက္ခရာရေး၍ စိုက်ထားစေ ပြီးသော်။ မင်းကြီးသည်၊ အရှင်ဘုရား၊ ဤတမ္ဗပဏ္ဏိ ကျွန်း၌ မြတ်စွာဘုရား၏ သာသနာတော်တည်ပါပြီလောဟု လျှောက်၏။ မြင့်သောမင်းကြီး၊ သာသနာတော်ကားတည်ပြီ၊ သာသနာတော်၏အမြစ်တို့သည်ကား ယခုအခါ မသက်ကုန်သေး ဟူ၍ မိန့်တော်မူ၏။ အရှင်

ဘုရား၊ အဘယ်အခါ၌ သာသနာ၏ အမြစ်တို့သည် သက်သည့်မည့် ကုန်သည့် ဖြစ်ကုန်လတ္တံ့နည်းဟု မင်းကြီး လျှောက်သော်။ မင်းကြီး၊ အကြင်အခါ တမ္ဗပဏ္ဏိကျွန်း၌နေကုန်သော အမိအဘတို့၏ တမ္ဗပဏ္ဏိကျွန်း၌ဘွားသော သတို့သားတို့သည် တမ္ဗပဏ္ဏိကျွန်း၌ ရဟန်းပြု၍၊ တမ္ဗပဏ္ဏိကျွန်း၌သာလျှင် ဝိနည်းပိဋကတ်ကိုတတ်အောင်သင်၍။ တမ္ဗပဏ္ဏိကျွန်းသား ရဟန်းတို့ကို ပို့ချလတ္တံ့။ ထိုအခါ သာသနာတော်၏ အမြစ်တို့သည်သက်သည့်မည့်ကုန်သည့်ဖြစ်ကုန်လတ္တံ့ဟုအရှင်မဟိန္ဒမထေရ်မိန့်တော်မူ၏။ အရှင်ဘုရား၊ ဤသို့သောအမှုကိုပြုခြင်းငှါ စွမ်းနိုင်သော တမ္ဗပဏ္ဏိကျွန်းသား ရဟန်းရှိပါ၏လောဟု မင်းကြီးလျှောက်သော်။ မင်းကြီး၊ရှိ၏။ ငါတို့လာစဦးက စေတိယတောင်၌ ငါးကျိ[illegible] ယောက်သော မင်းချင်းယောက်ျားတို့နှင့်တကွ ရဟန်းပြုသော မဟာအရိဋ္ဌမည်သော ရဟန်းသည် ထိုအမှုကိုပြုခြင်းငှါ စွမ်းနိုင်၏ဟု မိန့်တော်မူ၏။ ဤအမှု၌ အကျွန်ုပ်သည် အဘယ်သို့ပြုရအံ့နည်းဟု မင်းကြီး လျှောက်သော်။ မြတ်သောမင်းကြီး၊ မဏ္ဍပ်ကြီးစွာပြုအံ့သောငှါသင့်၏ဟု မိန့်တော်မူ၍။ ကောင်းပြီအရှင်ဘုရားဟုဝန်ခံ၍၊ မေဃဝဏ္ဏာဘယအမတ်၏ ပရိဝုဏ်အရာ၌၊ ပဌမသင်္ဂါယနာတင်သောအခါ အဇာတသတ်မင်းသည် ပြုအပ်သောမဏ္ဍပ်နှင့်တူသော အပြားရှိသော မဏ္ဍပ်ကိုမင်း၏အာနုဘော်ဖြင့်ပြုစေ၍။အလုံးစုံသော မောင်း ကြေးနင်း ခွက်ခွင်းနှဲ ပြွေအတတ်သည်တို့ကိုမိမိမိမိတို့၏အတတ်၌ယှဉ်စေ၍။ သာသနာတော်၏အမြစ်သက်ကုန်သည့်တို့ကို မြင်ရကုန်လတ္တံ့ဟု အားထောင်မကသောမင်းချင်းယောက်ျားတို့ဖြင့်ခြံရံလျက် ထူပါရုံစေတီသို့လာ၏၊ ထိုရောအခါ ထူပါရုံ၌ ခြောက်သောင်း ရှစ်ထောင်သော ရဟန်းတို့သည်စည်းဝေးကုန်၏။အရှင်မဟာမဟိန္ဒမထေရ်၏နေရာကို တောင်သို့မျက်နှာပြု၍ခင်း၏။ မဟာအရိဋ္ဌမထေရ်၏နေရာကို မြောက်သို့မျက်နှာပြု၍ခင်း၏။ထိုရောအခါ မဟာအရိဋ္ဌမထေရ်သည် အရှင်မဟိန္ဒမထေရ် တိုက်တွန်းအပ်သည် ဖြစ်၍၊ မိမိအား လျောက်ပတ်သော အစဉ်ဖြင့် တရားဟောနေရာ၌နေ၏။ အရှင်မဟိန္ဒထေရ်အမှူးရှိသော ခြောက်ကျိပ်ရှစ်ယောက်သောမထေရ်ကြီးတို့သည် တရားဟောနေရာကိုခြံရံ၍နေကုန်၏။ထိုအခါမင်းကြီး၏ညီတော်ဖြစ်သော မတ္တာဘယမထေရ်သည် အဦးကိုယူသည်ဖြစ်၍ဝိနည်းပိဋကတ်ကိုသင်အံ့ဟုငါးရာသောရဟန်း

www.dhammaransi.com



တို့နှင့်တကွ မဟာအရိဋ္ဌမထေရ်၏ တရားဟောနေရာကိုခြံရံ၍ နေကုန်၏။ ထိုမထေရ်တို့မှကြွင်းကုန်သော ငါးထောင့်ကိုးရာလေးဆဲ့သုံးကျိပ်သော ရဟန်းတို့သည်၎င်း၊ မင်းနှင့်တကွဖြစ်သော ပရိသတ်တို့သည်၎င်း၊ မိမိမိမိတို့အားရောက်သောနေရာ၌နေကုန်၏။ ထိုအခါ ရှည်သော အသက်တော်ရှိသော အရှင်အရိဋ္ဌမထေရ်သည်။ တေန ခေါ ပန သမယေန ဗုဒ္ဓေါဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ နဠေရုပုစိမန္ဒမူလေ။ အစရှိသောနိဒါန်းကို အစတည်၍ ဝိနည်းပိဋကတ်ကိုဟော၏။ ဤသို့မဟာအရိဋ္ဌမထေရ်ဝိနည်းနိဒါန်းကိုဟောသည်ရှိသော်။ ကြီးစွာသောအသံသည် ကောင်းကင်သို့မြည်၍ တက်၏။ အခါမဲ့လျှပ်စစ်တို့သည်ဖြိုးဖြိုး ပြ[illegible]ထွက်ကုန်၏။ နတ်တို့သည်ကောင်းချီးပေးကုန်၏။ ရေအဆုံးရှိသည်ကိုပြု၍ မြေကြီးသည်တုန်လှုပ်၏။ ဤသို့တပါးမက များငါးသောပြာဋိဟာတို့သည်ဖြစ်ကုန်စဉ်ပင် မဟာအရိဋ္ဌမထေရ်သည် မဟာမဟိန္ဒမထေရ် အမှူးရှိသော အသီးအသီးသောဂိုဏ်းကို ဆောင်ဖူနသော ခြောက်ကျိပ်ရှစ်ယောက်သော ရဟန္တာတို့သည်၎င်း၊ ထိုမှ တပါးကုန်သော ခြောက်သောင်း ရှစ်ထောင် မျှလောက်ကုန်သော ရဟန်းတို့သည်၎င်း ခြံရံအပ်သည်ဖြစ်၍၊ သီတင်းကျွတ်ပဝါရဏာနေ့၌ ထူပါရာမကျောင်း၏ အလယ်၌၊ မြတ်စွာဘုရား၏ကရုဏာဂုဏ်တော်ကိုပြတတ်သော၊ မြတ်စွာဘုရားဆုံးမတိုင်း ကျင့်သောသူတို့အား ကာယကံ ဝစီကံတုန်လှုပ်ခြင်းကိုပျောက်တတ်သောဝိနည်းပိဋကတ်ကိုထင်ရှားပြတော်မူ၏။ ဤသို့ထင်ရှားပြပြီး၍ မဟာအရိဋ္ဌမထေရ်သည် အသက်တော်ရှည်သမျှကာလပတ်လုံးတည်လျက် များစွာသောရဟန်းတို့ကို သင်စေ၍။ များစွာသောရဟန်းတို့၏နှလုံး၌ ဝိနည်းပိဋကတ်ကိုထား၏။ ။ဤသို့လျှင်အရှင်မဟိန္ဒမထေရ် အစရှိသော အသီးအသီးသောဂိုဏ်းကို ဆောင်ကုန်သော၊ ဝိဇ္ဇာသုံးပါး အဘိညာဉ်ခြောက်ပါးနှင့်ပြည့်စုံကုန်သော၊ တန်းခိုးဘုန်းဆင်းခြင်း၌ လိမ္မာကုန်သော၊ ခြောက်ကျိပ် ရှစ်ယောက်ကုန်သော မထေရ်တို့သည်။ မြတ်သော နိဗ္ဗာန်မဂ်မှုလ်ဟူသောအကျိုးကို သိသဖြင့် မင်းကိုဆုံးမကုန်၍။ အလျှားအနံလေးဆဲ့ကိုးယူဇနာရှိသော လင်္ကာကျွန်း၌ အသင်းကိုဖြစ်စေ၍၊ လင်္ကာကျွန်းအလုံးကိုထွန်းလင်းစေ၍ ပရိနိဗ္ဗာန်ပြုတော်မူလေကုန်၏။ ။ထိုမထေရ်ကြီးခြောက်ကျိပ်ရှစ်ယောက်တို့ပရိနိဗ္ဗာန်ပြုပြီးသောနောက်အဘို၌။ ထိုမထေရ်ကြီးတို့၏၎င်း၊ မဟာ

www.dhammaransi.com



အရိဋ္ဌမထေရ်၏ဝါဒင်း၊ တပည့်ဖြစ်ကုန်သော၊ တိဿဒတ္တမထေရ်၊ ကာဠ သုမနမထေရ်၊ ဒီဃသုမနမထေရ်တို့သည်ဝါင်း။ ထိုမထေရ်တို့၏တပည့် အဆင့်ဆင့် ဖြစ်ကုန်သော၊ တဘန်လျှင်၊ ကာဠသုမန မထေရ်၊ နာဂ မထေရ်၊ ဗုဒ္ဓရက္ခိတမထေရ်၊ တိဿမထေရ်၊ ရေဝမထေရ်။ တဘန် သုမနမထေရ်၊စူဠနာဂမထေရ်၊ရေဟာဏဇနပုဒ်၌ သူတော်ကောင်းဟု သမုတ်အပ်သော ဓမ္မပါလမထေရ်။ထိုမထေရ်၏တပည့်ဖြစ်ကုန်သော ခေမမထေရ်၊ ဥပတိဿမထေရ်၊ ဖုဿဒေဝ မထေရ်။ တဘန် သုမန မထေရ်၊ မဟာသိဝမထေရ်၊ ဥပါလိမထေရ်၊ မဟာနာဂမထေရ်၊ အဘ ယမထေရ်၊တိဿမထေရ်။ ထိုမထေရ်တို့၏တပည့်ဖြစ်ကုန်သော၊စော ရနာဂအမည်ကြောင့် ဇမ္ဗူဒီပါသို့ကူး၍ သာသနာတော်ကို စောင့်ကုန် သော သုမနမထေရ်၊ စူဠာဘယမထေရ်၊ တိဿမထေရ်၊ စူဠဒေဝ မထေရ်၊ သိဝမထေရ်။ ဤသို့လျှင် အရှင်မဟိန္ဒတို့မှတပည့် အဆင့်ဆင့် ဖြစ်ကုန်သော၊ အရှင်သိဝမထေရ်မှ ထောက်၍ ဆရာအဆင့်ဆင့်ဖြစ် ကုန်သော၊ ဤနှစ်ကျိပ်ခြောက်ပါးကုန်သော မထေရ်ကြီးတို့သည်။ ပိဋ ကတ်သုံးပုံကိုဆောင်ကုန်သည်ဖြစ်၍သီဟိုဠ်ကျွန်း၌သာသနာတော်ကို စည်ပင်ထွန်းလင်းအောင်ဆောင်တော်မူကုန်၏။ ။

ဤသို့လျှင် မြတ်စွာဘုရားသာသနာတော်သည်။ ဘုရားကိုယ်တော် ထင်ရှားရှိတော်မူသောကာလ၌ ဇမ္ဗူဒိပ်ကျွန်း၌၊ အဝန်းယူဇနာကိုးရာ ရှိသော မဇ္ဈိမဒေသအတွင်း၌သာလျှင် စည်ပင်ပွင့်လင်း ထွန်းဝင်းစွာ ဖြစ်သတည်း။ဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီးသောနောက်၊အနှစ်၂၃၆ နှစ် ရောက်သောအခါ၌။ ပါဋလိပုတ်ပြည်၌ ဓမ္မာသောကမင်းကိုအမှီပြု၍။ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်သည် တထောင်သော ရဟန္တာတို့ နှင့်တကွ၊ ဘုရားရှင့်မှုခပါဌ် ပိဋကတ်သုံးပုံကိုပေါင်း၍ အညီအညွတ် ရွတ်သဖြင့် တတိယ သင်္ဂါယနာတင်ပြီးသောအခါ၌။ မဟာမောဂ္ဂလိ ပုတ္တတိဿမထေရ်သည် ပစ္စန္တဒေသတို့၌လည်း ဘုရားသာသနာပြန့် ပွါးစည်ပင်တည်စိမ့်သောငှါ။ မဇ္ဈန္တိကမထေရ်၊ မဟာရေဝမထေရ်၊ ရက္ခိတမထေရ်၊ ယောနကတိုင်းသား ဓမ္မရက္ခိတမထေရ်၊ မဟာဓမ္မ ရက္ခိတမထေရ်၊ မဟာရက္ခိတမထေရ်၊ မဇ္ဈိမမထေရ်၊ အရှင်သောဏ မထေရ်၊ အရှင် ဥတ္တရမထေရ်၊ အရှင် မဟိန္ဒမထေရ်။ ဤတကျိပ်သော မထေရ်တို့ကို အသီးအသီးဝန်ခံစေ၍၊ပစ္စန္တဒေသ၌ သာသနာတော်ကို

www.dhammaransi.com



ပြုစေသဖြင့်။ ဇမ္ဗူဒီပါကျွန်းထက်၌ မဇ္ဈိမဒေသ၏ပြင်ပ ပစ္စန္တဒေသဖြစ်သော။ ကသ္မီရဂန္ဓာရတိုင်း။ မဟိံသကမဏ္ဍလ။ ဝနဝါသီ။ အပရန္တကတိုင်း။ မဟာရဋ္ဌတိုင်း။ ယောနကလောက။ ဟိမဝန္တဒေသဘာဂ။ သုဝဏ္ဏဘုမ္မိအားဖြင့်ရှစ်ပါးသောအရပ်တို့၌၎င်း။ အရံကျွန်းငယ်ဖြစ်သော သီဟိုဠ်ကျွန်း၌၎င်း၊ ဤသို့အားဖြင့် ကိုးပါးသောပစ္စန္တဒေသအရပ်တို့၌ ယခုထက်တိုင်အောင် မြတ်စွာဘုရားသာသနာတော်သည် စည်ပင်ပွင့်လင်းထွန်းလင်းတောက်ပစွာတည်သတည်း။ ။

---

## ၁၁၁။ သီဟိုဠ်ကျွန်း၌၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဟူသောရှေးဘုရားသုံးဆူတို့၏သာသနာတော်၊ ပရိဘောဂတော်၊ ဓာတ်တော်များလည်းတည်ထွန်းဘူးသည်ကိုပြရာ။

သီဟိုဠ်ကျွန်း၌ကား ငါတို့မြတ်စွာဘုရားသာသနာတော်သာတည်သည်မဟုတ်။ ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရား၊ သုံးဆူတို့၏ သာသနာတော်သည်လည်း တည်ဘူးလေ ကုန်သလျှင် ကတည်း။ ။ထိုသုံးဆူတို့တွင်၊ ကကုသန်မြတ်စွာဘုရားဖြစ်တော်မူသည့်အခါ၌ ဤသီဟိုဠ်ကျွန်းသည် ဩဇဒီပကျွန်းမည်၏။ မင်းသည် အဘယမည်၏။ စေတိယတောင်သည်၊ ဒေဝကူဋတောင် မည်၏။ ထူပါရာမသည် ပဋိယာရာမမည်၏။ ထိုအခါ ကကုသန်ဘုရားသည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူ၏။ ထိုကကုသန်မြတ်စွာဘုရား၏ တပည့်သားတော်ဖြစ်သော မဟာဒေဝမထေရ်သည်၊ ရဟန်းတထောင်နှင့် တကွ ဇမ္ဗူဒီပါမှ၊ ကောင်းကင်ဖြင့်သွား၍၊ အနှင်မဟိန္ဒမထေရ်သည် စေတိယတောင်ထိပ်၌ တည်တော်မူသကဲ့သို့ ဒေဝကူဋတောင်ထိပ်၌ တည်၏။ ထိုအခါ ဩဇကျွန်း၌ သတ္တဝါတို့သည် ယဉ်းအနာဖြင့် အကျိုးမဲ့ပျက်စီးခြင်းသို့ရောက်ကုန်၏။ကကုသန်မြတ်စွာဘုရားသည်ဗုဒ္ဓစက္ခုဖြင့်လောကကိုကြည့်တော်မူသော်ထိုအကျိုးမဲ့ပျက်စီးခြင်းသို့ရောက်သောသတ္တဝါတို့ကိုမြင်၍၊ သနားတော်မူသောအားဖြင့် လေးသောင်းသောရဟန်းတို့ဖြင့်ခြံရံလျက် ထိုကျွန်းသို့ကြွတော်မူ၏၊ ထိုခဏ၌ပင် မြတ်စွာဘုရား၏တန်ခိုးအာနုဘော်ဖြင့် ယဉ်းအနာသည် ကင်းငြိမ်း၏။ ရောဂါငြိမ်းပြီးသော် မြတ်စွာဘုရားသည် တရားဟောတော်မူ၏။ ရှစ်သောင်း လေး

www.dhammaransi.com



စောင့်သောသတ္တဝါတို့သည် သစ္စာလေးပါးကိုသိ၍ မဂ်ဖိုလ်ရကုန်၏။ ကကုသန်မြတ်စွာဘုရားသည့် ဓမကရိုဏ်ကို ပေးခဲ့၍ ဇမ္ဗူဒီပါသို့ ကြွလာ၏။ ထိုဓမကရိုဏ်ကိုဌဖနာ၍ ထုပါရာမအရာ၌ ပဒိုယာရာမစေတီ တည်၍ ထိုသူတို့သည်ကိုးကွယ်လေကုန်၏။ မဟာဒေဝမထေရ်သည် ကျွန်းကိုစောင့်၍နေတော်မူရစ်၏။ မေဃဝန်ဥယျာဉ်သည် မဟာတိတ္ထ ဥယျာဉ်တွင်၏။ ကကုသန်မြတ်စွာဘုရားသည် ဗောဓိတည်မည့်အရာ၌ ဖလသမာပတ် ဝင်စားတော်မူ၍ ရာဇနန္ဒာထေရီမသည် ဗောဓိလကျာ ခက်ကိုဆောင်ခဲ့စေသတည်းဟု မိန့်ခြာန်တော်မူလျှင်။ ထိုထေရီမသည် နတ်နားဖြင့်ကြား၍ ကုက္ကိုဗောဓိလကျာခက်ကိုဆောင်ခဲ့သဖြင့်။ ကကုသန်ဘုရား၏ကုက္ကိုဗောဓိလကျာခက်သည် အရှင်ဂေါတမဘုရားသာ မိတည်ရာ၌တည်၏။ ။

ကောဏာဂုံဘုရား ဖြစ်တော်မူသော အခါ၌ ဤကျွန်းသည် ဝရဒီပ မည်၏။ပြည်သည်ကား ဝဍ္ဍမာနမည်၏။မင်းသည် သမေဏ္ဍိမည်၏။စေ တိယတောင်သည် သုဝဏ္ဏကူဋမည်၏။ မေဃဝန်ဥယျာဉ်သည် မဟာ နာမဥယျာဉ်တွင်၏။ထိုအခါ ဝရဒီပကျွန်း၌မိုးခေါင်သဖြင့် ရခဲသော ထမင်းအစာရှိ၏။ ပျက်စီးသော ကောက်စပါးရှိ၏။ သတ္တဝါတို့သည် ငတ်မွတ်သောဘေးဖြင့် အကျိုးမဲ့ သေကြေပျက်စီးခြင်းသို့ရောက်ကုန် ၏။ ကောဏာဂုံ မြတ်စွာဘုရားသည် ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့် တော်မူသော်ငတ်မွတ်ခြင်းဘေးဖြင့်အကျိုးမဲ့ပျက်စီးခြင်းသို့ရောက်ကုန် သောထိုသတ္တဝါတို့ကိုမြင်တော်မူ၍၊ သနားသဖြင့် ရဟန်းသုံးသောင်း ခြံရံလျက် ကောင်းကင်ခရီးဖြင့်ကြွတော်မူ၍ သုဝဏ္ဏကူဋတောင်ထိပ်၌ တည်တော်မူ၏။ မြတ်စွာဘုရား ဘုန်းခိုးတော်ဖြင့် မိုးသည် အလျဉ် ထန်စွာရွာသွန်း၏။ ရလွယ်သောထမင်းအစာရှိသည်၊ဝပြောသည်ဖြစ် ကုန်၏။ ကောဏာဂုံမြတ်စွာဘုရားသည် ရောက်လာကုန်သောကျွန်းသူ တို့အား တရားဟောတော်မူ၏။ ရှစ်သောင်းလေးထောင်ကုန်သော ၄၀ နေယျတို့သည် တရားရကုန်၏။ မြတ်စွာဘုရားသည် သုမနမထေရ်ကို ရဟန်းတထောင် အခြံအရံနှင့်တကွ ထားခဲ့၏။ ကိုးကွယ်ရစ်စိမ့်သော ဌါ ခါးပန်းတော်ကိုလည်း ပေးခဲ့၏။ ဗောဓိတည်မည့်အရပ်၌ ဖလသ မာပတ်ကို ဝင်စားတော်မူ၍။ ကဏ္ဏကာနန္ဒာ မည်သော ထေရီမသည် ရဟန္တာမ ငါးရာနှင့်တကွ ငါ၏ဗောဓိဒက္ခိဏာသာခါကို ယူ၍ လာစေ

www.dhammaransi.com



သတည်းဟုမိန့်တော်မူသဖြင့်။ထိုရဟန္တာမလည်း ရေသဖန်းဗောဓိဒက္ခိဏသာခါကိုယူ၍လာ၏။ ခါးပန်းတော်ကိုဌာပနာ၍ထူပါရာမစေတီတည်ရာ၌ စေတီတည်၍ ကိုးကွယ်ကုန်၏။ ရေသဖန်းဗောဓိကိုလည်း အရှင်ဂေါတမဗောဓိစိုက်ရာ၌စိုက်၍ကိုးကွယ်ကုန်၏။ ။

ကဿပမြတ်စွာဘုရား ဖြစ်တော်မူသောအခါ၌ ဤကျွန်းသည်မဏ္ဍဒီပမည်၏။မင်းသည် ဇယန္တမည်၏။ပြည်သည် ဝိသာလမည်၏။စေတိယတောင်သည် သုဘကူဋတောင်မည်၏။မေဃဝန်ဥယျာဉ်သည်မဟာသာလဥယျာဉ်တွင်၏။ ထိုအခါ ထိုမဏ္ဍဒီပကျွန်း၌ ကြီးစွာသောငြင်းခုံခြင်းသည်ဖြစ်၏။ များစွာသောသတ္တဝါတို့သည် ငြင်းခုံခိုက်ရန်ဖြစ်ကုန်၍ အကျိုးမဲ့ သေကြေပျက်စီးခြင်းသို့ရောက်ကုန်၏။ ထိုအကြောင်းကို ဗုဒ္ဓစက္ခုဖြင့် မြင်တော်မူ၍ သနားတော်မူသောအားဖြင့်၊ ကဿပမြတ်စွာဘုရားသည် ရဟန္တာ နှစ်သောင်း ခြံရံလျက် ကြွလာ၍၊ သုဘကူဋတောင်ထိပ်၌တည်တော်မူ၏။ ငြင်းခုံခိုက်ရန်ကိုငြိမ်းစေ၍ တရားဟောတော်မူ၏။ငြင်းခုံခြင်းဘေးရန်သည်လည်း ငြိမ်းလေကုန်၏။ ရှစ်သောင်းလေးထောင်သောဝေနေယျတို့သည် အကျွတ်တရားရကုန်၏။ ကဿပမြတ်စွာဘုရားသည် သဗ္ဗနန္ဒီအမည်ရှိသောမထေရ်ကိုအခြံအရံရဟန္တာတထောင်နှင့်တကွထိုကျွန်း၌ထားခဲ့၍၊ ကိုးကွယ်စိမ့်သောငှါလည်း ရေသနုပ်တော်ကိုပေးခဲ့၍ ဗောဓိတည်မြဲရာ၌ဖလသမာပတ်ဝင်စားတော်မူ၍၊ သုဓမ္မာရဟန္တာမသည် ငါ၏ဗောဓိဒက္ခိဏသာခါကိုယူ၍လာစေသတည်းဟုမိန့်တော်မူလျှင်။သုဓမ္မာရဟန္တာမသည်ဒိဗ္ဗသောတဖြင့် ကြား၍ ညောင်ကြတ်ဗောဓိဒက္ခိဏသာခါကိုယူ၍။ရဟန္တာမအခြံအရံငါးရာနှင့်တကွ လာ၏။ ထူပါရာမစေတီရာ၌ စေတီတည်၍ ရေသနုပ်တော်ကိုဌာပနာ၍ ကိုးကွယ်ကုန်၏။ ညောင်ကြတ်ဗောဓိဒက္ခိဏသာခါကိုလည်း အရှင်ဂေါတမ၏ ဗောဓိဒက္ခိဏသာခါစိုက်ရာ၌စိုက်၍ ကိုးကွယ်ကုန်၏။ ။ဤသို့လျှင်၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဘုရားသုံးဆူတို့၏ သာသနာတော်၊ ပရိဘောဂစေတီ၊ ဒက္ခိဏသာခါ ဗောဓိတို့သည် ဤလင်္ကာဒီပကျွန်း၌ တည်ဘူးလေကုန်သလျှင်တည်း။ထိုမြတ်စွာဘုရားတို့၏ သာသနာတော်ကုန်သဖြင့်ကား ထိုသို့သော စေတီရာ ဗောဓိရာတို့၌ တစုံတယောက်သော သူသည် စားကြွင်း အန်ဖတ် တံမြက်ချေးအစရှိသည့် အညစ်အကြေးတို့ဖြင့် မဖျက်ဆီးနိုင်စိမ့်သောငှါ

www.dhammaransi.com



နတ်ဒေတို့၏အာနုဘော်ဖြင့် အဆုံးရှိသောသစ်ပင်ချုံနွယ်တို့သည်ဖုံးအုပ်လျက်တောဖြစ်၍တည်၏။ ။

ငါတို့မြတ်စွာဘုရားလက်ထက်တော်၌ကား၊လူနေမဖြစ်မီ ရှေးကာလက ဤကျွန်း၌ ဘီလူးတို့နေရာလင်္ကာပုရပြည်ရှိသည်ကိုစွဲ၍၊ လင်္ကာဒီပကျွန်းဟု သမုတ်၏။ ။ဇမ္ဗူဒိပ်၌ လာလတိုင်း၊ သီဟပုရပြည်၌၊ ခြင်္သေ့သားဖြစ်သော သီဟဗာဟုမင်း၏သား ဝိဇယဗာဟု မင်းသည်။ သီဟသ အပစ္စံ ဂေါတ္တံ သီဟော။ဟူသော ဝစနတ္ထနှင့်အညီ၊သီဟမည်၏။ထိုသီဟအမည်ရှိသောဝိဇယဗာဟုသည် အစတည်ထောင်၍လူနေပြုသဖြင့် ဤကျွန်းကို ယူအပ်သည်ကိုစွဲ၍။သီဟော လာတိ ဂဏှာတီတိ သီဟဠော။ လသ ဠတ္တံ။ ဟူသော ဝစနတ္ထနှင့် အညီ သီဟဠဒီပ ဟူ၍ သမုတ်၏။ ။ထိုမင်းသားတို့ လှေမှသက်၍အစဉ်သဖြင့်သွားကြသော် ပင်ပန်းသဖြင့် နားရာတွင်၊ မြေ၌လက်ဝါးထောက်မိလျှင် ကြေးနီကဲ့သို့ မြေမှုန့်နီ လက်ဝါး၌ စွဲသည်ကို အကြောင်းပြု၍ တမ္ဗပဏ္ဏိဟူ၍လည်း ဤကျွန်းကို သမုတ်ကုန်၏။ ထိုကြောင့် ငါတို့ဘုရားလက်ထက်တော်အခါ ဤကျွန်းသည်အမည်သုံးပါးကိုရ၏။ ။ထိုသီဟိုဠ်ကျွန်း၌ ငါတို့မြတ်စွာဘုရား သာသနာတော် တည်သောအခါကား။ ဘုရားမြတ်စွာပရိနိဗ္ဗာန်လွန်တော်မူသည်မှအနှစ် ၂၃၆ နှစ်ရောက်၊မင်းခြောက်ဆက်ခြောက်၌ တည်၏။ ။ထိုကျွန်း၌ အရှေ့စွာ လူနေ တည်ထောင်သော ဝိဇယဗာဟုသည် မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်တော်မူသည့် ကဆုန်လပြည့်နေ့၊သီဟိုဠ်ကျွန်းသို့ရောက်၍၊လူနေအစတည်ထောင်၍ ၃၈ နှစ်မင်းပြု၏။ ထိုနောက် ထိုမင်း၏ညီတော်ဖြစ်သော သုမိတ္တမင်း၏ သား၊ ပဏ္ဍုဝါသုဒေဝသည်၊ ဇမ္ဗူဒိပ်ကျွန်း သီဟပုရပြည်မှလာ၍ မင်းပြု၏။ အနှစ် ၃၀ ကြာ၏။ ပဏ္ဍုဝါသုဒေဝ ဇမ္ဗူဒိပါမှ မရောက်မီ တနှစ်၊ သီဟိုဠ်၌မင်းမရှိ။အမတ်တို့သာစီရင်အုပ်ချုပ်ရ၏။ ထိုနောက် ထိုပဏ္ဍုဝါသုဒေဝမင်း၏သား ကိုးယောက်တွင်။ အကြီး အဘယကုမ္မာမင်းသား အနှစ် ၂၀ မင်းပြု၏။ ထိုနောက်ထိုမင်း၏နှမစိတ္တာမိဘုရား၏သား၊ပဏ္ဍုကာဘယ သည် ဦးရီးတော် အကြီး အဘယကုမ္မာ မင်းအား စစ်ပြု၍ ပြည်ကို လု၍။ ဦးရီးတော်အငယ် ၇စ်ယောက်တို့ကိုလည်း တိုက်ခိုက်လုပ်ကြံစဉ် ၁၇ နှစ်ကြာ၏။ ထို ၁၇ နှစ်မင်းမရှိ။ သီဟိုဠ်ကျွန်း၌လပ်၏။ ၁၇ နှစ်လွန်မှ ပဏ္ဍုကာဘယအဘိသိက်ခံ၍အနှစ် ၇၀ မင်းပြု၏။ မင်း

www.dhammaransi.com



ဖြစ်မှ အနုရာဓမြို့ကိုတည်၏။ထိုနောက်သား မုဋသိဝအနှစ် ၆၀ မင်းပြု၏။ထိုနောက် သား ဒေဝါနံပိယတိဿမင်းပြု၏။ ထိုဒေဝါနံပိယတိဿမင်း အဘိသိက် ခံ၍ ခုနစ်လမြောက်၊ မြတ်စွာဘုရား သာသနာတော် ၂၃၆ နှစ်အဝင်၊ နယုန်လပြည့်နေ့ အရှင်မဟိန္ဒစသောမထေရ်ငါးပါး၊ သုမနသာမဏေ၊ဘဏ္ဍုကဥပါသကာ။ပေါင်း ခုနစ်ယောက်တို့သည် ဇမ္ဗူဒိပါမှကောင်းကင်ခရီးဖြင့်သွား၍၊ သီဟိုဠ်၌ အနုရာဓပြည်မှအရှေ့တယူဇနာခြား၊ မိဿကတောင်ထိပ်၌တည်၏။ ထိုအခါမှစ၍ သီဟိုဠ်ကျွန်း၌ မြတ်စွာဘုရားသာသနာတော်သည် စည်ပင်ပွင့်လင်းထွန်းလင်းစွာဖြစ်သတည်း။ ။

---

## ၁၁၂။ သီဟိုဠ်ကျွန်းအာဒိကမ္မိကပဌမသာသနာပြု၊ ဒေဝါနံပိယတိဿမင်းကြီးတည်ထားပြုစုအပ်သောကျောင်း ကန်စေတီကောင်းမှုတော်အရပ်ရပ်များကိုပြရာ။

ဒေဝါနံပိယတိဿမင်းသည်သာသနာတော်၌စေတီဗောဓိကျောင်းကန်များစွာပြု၏။ အရှင်မဟိန္ဒမထေရ်တို့ အစပဌမဝါဆိုတော်မူရာစေတိယတောင်၌ပြုအပ်သော၃၆ကျောင်းတို့သည်။ မဟိန္ဒဂုဟာ၊ မဟိန္ဒဝိဟာရ၊ မဟိန္ဒပဗ္ဗာရဟူ၍တွင်ကုန်၏။ လက်ျာမြပ်ရိုးတော်ကိုဌာပနာ၍ ထူပါရုံစေတီတည်၏။သုမနသာမဏေ ဓမ္မာသောကမင်းကြီးထံမှ ပင့်ဆောင်ခဲ့၍စေတိယတောင်၌ထားခဲ့သော တသပိတ်ပြည့်မျှသောဓာတ်တော်တို့ကို တယူဇနာခြားကယူဇနာခြားအရပ်၌ဌာပနာ၍ စေတီတည်၏။ ဓာတ်တော်ဆောင်ခဲ့သော မြတ်စွာဘုရားကျောက်သပိတ်တော်ကိုနန်းရှေ့၌ပြာသာဒ်ဆောက်၍ ကိုးကွယ်၏။ ဒက္ခိဏသာခါမဟာဗောဓိပင်မကို မေဃဝန်ဉယျာဉ်၌စိုက်၏။ ဗောဓိပင်ပွါးယင်လေးခုယ်တို့ကို ဇယူဇနာခြား တယူဇနာခြားတို့၌စိုက်၏။ရှေးဦးစွာမေဃဝန်ဉယျာဉ်၌ကျောင်းကြီးဆောက်၍အရှင်မဟိန္ဒအားလှူ၏။နှစ်ကြိမ်မြောက်စေတိယတောင်၌ကျောင်းဆောက်၍လှူ၏။ သုံးကြိမ်မြောက်ထူပါရာမ၌ကျောင်းဆောက်၍လှူ၏။လေးကြိမ်မြောက်မဟာဗောဓိအနီး၌ကျောင်းဆောက်၍လှူ၏။ ငါးကြိမ်မြောက် သုမနသာမဏေအား ကျောင်းဆောက်၍လှူ၏။ ခြောက်ကြိမ်မြောက် တိဿဝါပိ၌ ကျောင်းဆောက်၍လှူ၏။ ခုနစ်

www.dhammaransi.com



ကြံ့မ်ပြောက် အဘယဂိရိ၌ကျောင်းဆောက်၍လှူ၏။ သဃမိတ္တာထေရီ အား မဖာာဖောဓိအနီး၌ ကျောင်းဆောက်၍လှူ၏။ ဟတ္ထိပလ္လကျောင်း ဟုတွင်၏။ မဟာပါလိတအမည်ရှိသောသိမ်ကြီးကိုသမုတ်စေ၏။ ဇမ္ဗူ ဒိပ်သို့ကူးသောဇမ္ဗုကောလပဋ္ဋဆိပ်၌ကျောင်းဆောက်၍လှူ၏။ တိဿ မဟာဝိဟာရဟုသမုတ်၏၊နောက်အခါ ပါစိနဝိဟာရဟုတွင်၏။ ဤသို့ သောကောင်းမှုတို့ကိုပြု၍နန်းထက်အနှစ် ၄၀ နေ၍အနိစ္စဖြစ်၏။ ။

---

၁၁၃။ ဒေဝါနံပိယတိဿမင်းလွန်သည့်နောက်၊သီဟိုဠ် ကျွန်းအနုရာဓမြို့မင်းဆက်ရာဇဝင်အစဉ်၊ကျည်းလူမျိုးတို့အနှောင့် အရှက်ဖြစ်ပုံနှင့်တကွ၊သီဟိုဠ်ကျွန်းတစိတ်၊မဟာဂါမ မင်းဆက်ရာဇဝင်အစဉ်တို့ကိုပြရာ။

ဒေဝါနံပိယတိဿမင်းကြီး အသက်ရှိစဉ်ကာလ ညီမဟာနာဂကို အိမ်ရှေ့ပေး၏။ ဒေဝါနံပိယတိဿမင်း၏မိဘုရားသည် မိမိသားကိုမင်း ဖြစ်စေလိုသောကြောင့်၊ သရက်သီးမှည့်တွင် အဆိပ်ထည့်၍ အိမ်ရှေ့ မင်းသို့ပို့စေ၏။ ထိုသို့ပို့စေရာ မိမိသားပါ၍ သရက်သီးကိုစားသဖြင့် သားသေလေ၏။ ထိုအကြောင်းကို အိမ်ရှေ့မင်း သိသော် မိဘုရားကို ကြောက်သောကြောင့် မိမိအခြွေအရံတို့ကိုယူ၍ရောဟဏဇနပုဒ်သို့သွား ၍မဟာဂါမ၌နေ၍၊ထိုဇနပုဒ်၌မင်းပြု၏။ ။

အနုရာဓပြည်၌လည်း၊ ဒေဝါနံပိယတိဿမင်းလွန်လျှင် ထိုမင်း၏ ဒုတိယညီတော်ဉတ္တိယမင်းပြု၏။စည်းစိမ်ထက် ၁၀ နှစ်နေ၍လွန်၏။ ။ (ဉတ္တိယမင်းပြု၍ ၈ှစ်နှစ်မြောက်တွင် အရှင်မဟိန္ဒထေရ် အသက်တော် ၈၀ ပြည့်သီတင်းကျွတ်လဆန်း ၂ ရက်နေ့ပရိနိဗ္ဗာန်ပြုတော်မူ၏၊ သဃ မိတ္တာထေရီမသည်လည်း အနှစ် ၇၉ နှစ်နေ၍ဟတ္ထိပလ္လကတောင်၌ပရိ နိဗ္ဗာန် ပြု၏။ ။ဇမ္ဗူဒိပါ၌ ခမည်းတော် ဓမ္မာသောကမင်းကြီးသည် အဘိသိက်ခံသည်မှ ၃၇ နှစ်နေ၍ အနိစ္စဖြစ်၏။ မယ်တော်အသန္ဓိမိတ္တာ ကားမင်းကြီးအဘိသိက်ခံသည်မှ ၁၆ နှစ်မြောက်တွင်အနိစ္စဖြစ်၏)။ ။ ဒေဝါနံပိယတိဿမင်းကြီးညီ၊အိမ်ရှေ့မင်း မဟာနာဂအောက်၊ ဉတ္တိယ မင်းနန်းထက် ၁၀ နှစ်နေ၍လွန်လျှင် မင်းကြီးညီရင်းပင်-မဟာသိဝမင်း ပြု၏။ ထိုမင်းနန်းထက် ၁၀ နှစ်နေ၍ အနိစ္စဖြစ်၏။ ထိုမင်းလွန်လျှင် ထို

www.dhammaransi.com



မင်းညီ သူရတိဿမင်းပြု၏။ ထိုမင်းမင်းဖြစ်၍ ၁၀ နှစ်ရှိလျှင်။ ထိုသူရတိဿကို သေနဂုတ္တကျည်းညီနောင်နှစ်ယောက်တို့ ဘမ်း၍ အနုရာဓပြည်၌ မင်းပြု၏၊ ထိုကျည်းညီနောင်မင်းပြု၍ ၁၂ နှစ်ရှိလျှင်။ ထိုကျည်းညီနောင်တို့ကို သူရတိဿမင်းညီ အသေလဘမ်း၍မင်းပြု၏။အသေလမင်းပြု၍ ၁၀ နှစ်ရှိလျှင် ထိုအသေလကိုဘမ်း၍။ ရှုဠရဋ္ဌမှလာ၍ ဧဠာရကျည်းသည် အနုရာဓပြည်၌ ၄၄ နှစ်မင်းပြု၏။ ။

မဟာဂါမ၌လည်း ဒေဝါနံပိယတိဿမင်းညီ မဟာနာဂလွန်လျှင်၊ ထိုမင်းသား ဃဋ္ဌာလာယကတိဿ၊ မဟာဂါမ၌မင်းပြု၏။ ထိုမင်းလွန်လျှင် ထိုမင်းသား၊ ဂေါဌာဘယ၊ မဟာဂါမ၌ မင်းပြု၏။ ဂေါဌာဘယလွန်လျှင်၊ သား ကာကဝဏ္ဏ၊ မဟာဂါမ၌ မင်းပြု၏။ ထိုမင်းသားကား၊ ဂါမဏိ၊တိဿ၊ ဟူ၍ညီအစ်ကိုယ်ရှိ၏။ အစ်ကိုယ်ဂါမဏိမင်းအဘနှင့်အတူ မဟာဂါမတွင်နေ၏။ ညီတိဿကိုကား ဒီဃဝါပိကိုစားစေ၏။ ဂါမဏိလည်း အဘအမျက်ရှိရာတွင် မဟာဂါမမှခွါ၍ မလယဇနပုဒ်၌နေ၏။အဘအမျက်ထွက်သည်ကိုအစွဲပြု၍ ဒုဋ္ဌဂါမဏိဟုနောက်မှတွင်၏။ ကာကဝဏ္ဏမင်းတနှစ်တကျောင်း၊၆၄ ကျောင်းဆောက်၏၊ စည်းစိမ်ထက် ၆၄ နှစ်နေ၍ ကာကဝဏ္ဏ လွန်လျှင်။ ဒုဋ္ဌဂါမဏိမဟာဂါမ၌ မင်းပြု၏။ ။

---

၁၁၄။ သီဟိုဠ်ကျွန်းတစိတ်မဟာဂါမမင်းဆက် ဒုဋ္ဌဂါမဏိမင်းသည်ကျည်းသုံးဆဲ့သုံးပြည်ထောင်ကိုတိုက်ဖျက် ရှင်းလင်း၍သီဟိုဠ်ကျွန်းအလုံး၌မင်းပြုသည်ကိုပြရာ။

အနုရာဓပြည်၌ ဧဠာရကျည်းမင်းပြုသောအခါ ကျည်းမိစ္ဆာဒိဋ္ဌိတို့သည် သီဟိုဠ်ကျွန်း၌၊ စေတီ၊ ဗောဓိ၊ ကျောင်းရပ်တို့ကိုဖျက်ဆီး၍။ သာသနာတော်သည် ပူပန်ဆင်းရဲစွာ ဖြစ်သတည်း။ ဒုဋ္ဌဂါမဏိ မင်းသည် ကျည်းမိစ္ဆာဒိဋ္ဌိတို့ကို နှိပ်နင်းလျက် သာသနာတော်ကို ချီးမြှောက်အံ့ဟု ကြံ၍။ သံဃာငါးရာကိုပင့်၍ ခမည်းတော်ကာကဝဏ္ဏမင်း ပေးခဲ့သော ကဏ္ဍုလဆင်မြှနှင့်ရင်း၊ နန္ဒိမိတ္တ။ သူရနိမ္မလ။ မဟာသောဏ။ ဂောဋ္ဌ တိမ္ဗရ။ ထေရပုတ္တာဘယ။ ဘရဏ။ဝေဠုသုမန။ ခဉ္ဇဒေဝ။ဖုဿဒေဝ။ လဘိယဝသဘ။ဤသူရဲစာကျဉ်ပ်တို့နှင့်ရင်းတကွ။ များစွာသောစစ်သည်

www.dhammaransi.com



တို့ဖြင့်မြိုရံလျက် မဟာဂါမမှထွက်၍၊ ဂင်္ဂါတဘက်သို့ကူး၍၊ မဟိယင်္ဂဏာနှင့်နီးသော မလယဇနပုဒ်သို့ရောက်နေ၍။ သတ္တုဟူသော ကျည်းတို့ကို နှိပ်နင်း၍။ မဟိယင်္ဂဏာ၌ အတောင်ရှစ်ဆယ်အမြင့်ရှိသော စေတီတည်၍။ ထိုမှသည် အမ္ဗတိတ္ထသို့လာ၍။အမ္ဗတိတ္ထကျည်းတို့ကိုလေးလဖြင့်ဘမ်း၍။ခွန်အားကြီးသောကျည်းခုနစ်ယောက်တို့ကိုတနေ့တည်းဘမ်း၍။ထိုမှသည် အန္တရသောမဌ်မဟာသောမကျည်းကို။ဒေါဏဂါမ၌ ဒေါဏကျည်း၊ တာဠိတောလ၌ မဟိသာရကျည်း၊ နာဠိသောဏ၌ နာလိကကျည်း၊ဒီဃာဘယကျည်းတို့ကိုဘမ်း၏။ ထိုနောင် ကစ္ဆပတိတ္ထ၌ ကပိသီသကျည်းကိုလေးလဖြင့်ဘမ်း၏။ဝတ္တမြို့၌ တာလကျည်း၊ကဏှုက၌ ကဏှုကကျည်း၊တသိဌကျည်း၊ ဂါမဏိ၌ ဂါမဏိကျည်း၊ ကမ္ဗု၌ ကမ္ဗုကျည်း၊နန္ဒိဂါမ၌ နန္ဒိကကျည်း၊ခါဏု၌ ခါဏုကျည်း၊တမ္ဗဏ၌ တူဦးရိုးကျည်းနှစ်ယောက်တို့ကိုဘမ်း၏။ ကြွင်းသောကျည်းတို့သည် ဝိဇိတမြို့သို့ ဝင်လေကုန်၏။ ဝိဇိတမြို့ကို သူရဲတကျိပ်တို့နှင့် ကြိုးအား ထုတ်၍ လများစွာဖျက်ရ၏။ ထိုနောက် ဂိရိလောက၌ ဂိရိယကျည်းကိုဘမ်း၏။ ထိုကသည် မဏိဟူသောပြည်၊ တလဟာရမည်သောပြည်၊ ပတိတဟူသောပြည်၊ကဏ္ဍကာမဟူသောပြည်တို့ကိုရ၏။ အနကဟူသောပြည်ကိုလည်းရ၏။ထိုနောင် ကြခတ်ဝါးအတိဖုံသောဝိဇယမြို့၌ မဟေလကျည်းကိုကြံစည်၍ လေးလဖြင့်ဘမ်းရ၏။ ထိုကမှ အနုရာဓပြည်သို့ချီလာ၍ ဧဠာရကျည်းကိုဘမ်း၏။ဤသို့လျှင် ဒုဋ္ဌဂါမဏိမင်းသည် သုံးနှစ်တို့ဖြင့် ကျည်းသုံးဆဲ့သုံးပြည်၌ ကျည်းတို့ကိုကွပ်နှိပ်၍ အနုရာဓပြည်၌ မင်းပြု၏။ ။

---

## ၁၁၅။ မင်းအဖြစ်သို့ရောက်ပြီးသောဒုဋ္ဌဂါမဏိ မင်းကြီးသည်၊မရိစဝဋ္ဋိကျောင်း၊လောဟပါသာဒဥပုသ်အိမ် နှင့်တကွ၊ရာမဂါမမှဓာတ်တော်တစရွတ်ကိုဋ္ဌပနာ၍ မဟာစေတီတည်ထားသည်ကိုပြရာ။

ဤသို့လျှင်ဒုဋ္ဌဂါမဏိမင်းသည် ကျည်းမိစ္ဆာဒိဋ္ဌိတို့ကိုသုတ်သင်ရှင်းလင်းပြီး၍အနုရာဓပြည်၌မြတ်သောမင်းအဖြစ်သို့ရောက်ပြီးသော်စေတီနှင့်တကွ မရိစဝဋ္ဋိမည်သောကျောင်းကြီးကို သုံးနှစ်တို့ဖြင့် ဆောက်၍

www.dhammaransi.com



တသိန်းသော သံဃာတို့အား လှူ၏။ ကာကဝဏ္ဏသား-အဘယဒုဋ္ဌဂါမဏိသည်။ သံဃာဥပုသ်အိမ် ဘုံကိုးဆင့် ရှိသော လောဟပါသာဒ၊ အတောင် ၁၇၀ ရှိသော စေတီကိုပြုလတ္တံ့ဟု ဒေဝါနံပိယတိဿမင်း ရေးထားမှာခဲ့သော ရွှေပေစာကိုကြား၍ ဝမ်းမြောက်သဖြင့်။တာဝတိံသာ၌ အတုယူစေသော။ အစောက်တဆဲ့နှစ်ယူဇနာ၊ အဝန်းလေးဆဲ့ ရှစ်ယူဇနာ၊ အထွတ်တထောင်၊ တိုက်တထောင်၊ ဘုံကိုးဆင့် ရှိသော ဝရဏနတ်သမီး၏ဗိမာန်အတူ။အစောက်အတောင်တရာ၊ အဝန်းအတောင် လေးရာ၊ ဘုံကိုးဆင့်၊ အထွတ် ကိုးရာရှိသော ကြေးပြာသာဒ်ကို ပြု၍ သံဃာအား လှူ၏။ ဘုံကိုးဆင့်တွင် တဆင့်တဆင့်၌ အထွတ်တို့သည် တရာစီရှိကုန်၏။ ငွေဖြင့်ပြီးကုန်၏။ကြေးနီအတိမိုးသောကြောင့် လောဟပါသာဒဟု တွင်သတည်း။ ။လောဟပါသာဒပြီးလျှင် ဒုဋ္ဌဂါမဏိမင်းသည် ဘိုးတော် ဒေဝါနံပိယတိဿမင်း တဆဲ့နှစ်တောင် ရှိသော ကျောက်ကိုစိုက်၍ ဤအရပ်၌ဒုဋ္ဌဂါမဏိမင်းစေတီကြီးစွာတည်လတ္တံ့ဟုမှာထားခဲ့သောအရပ်၌ စေတီကြီးစွာတည်အံ့ဟု။ ကဆုန်လပြည့်နေ့ကစ၍ မြေပရိကံကိုပြု၏။ ပြုဟန်ကား။ ထက်ဝန်းကျင် အစောက်ခုနစ်တောင်၊ အနံ ဆင်တကန့်ပမာဏရှိသောအရပ်၌ မြေမှုန့်တို့ကို ပယ်၍၊ ဟသ်ပဒါးကျောက်တို့ကို မုန့်မုန့်ညက်ညက်ကြေအောင်တူဖြင့်ခတ်၍၊ ဆင်ဖြင့်သိပ်နင်းစေ၍။ ထိုအထက်၌၊ ကောင်းကင်ဂင်္ဂါမှ ရေပေါက် ကျရာယူဇနာ သုံးဆယ်ရှိသောအရပ်၌ မြေတို့သည် ရေပေါက်တို့ဖြင့် အမြဲစွတ်သည်ဖြစ်၍အလွန်သိမ်မွေ့ညံ့သက်သောကြောင့်နဝနီတမည်၏။ ထိုမြေကို ရဟန္တာတို့ကိုဆောင်ယူစေ၍ခင်း၏။ ထိုအထက်၌ အုတ်စိ၍အင်္ဂတေကျံ၏။ အင်္ဂတေအထက်၌မှတ်ကျောက်မုန့်။ ထိုအထက်၌ သံကွန်ရက်။ထိုအထက်၌ ရဟန္တာတို့ဆောင်ယူအပ်သောဟိမဝန္တာ၌ ရှိသော ကောင်းသောအနံ့ရှိသောရွှံ့ကိုကျံ၏။ ထိုအထက်၌ ကျောက်စရစ်။ ထိုအထက်၌ ကျောက်ကိုခင်း၏။ ထိုအထက်၌ လက်ခုနစ်သစ် အထုရှိသောကြေးနီပြား။ထိုအထက်၌ လက်ခုနစ်သစ်အထုရှိသောငွေပြားကိုခင်းစေ၏။ခတ်တော်တိုက်ကား အတောင်ရှစ်ဆယ်အစောက် နက်၏။နံပါးလေးဘက်တို့၌ တထောင့်ကသည် တထောင့်တိုင်အောင် အတောင်ရှစ်ဆယ်စီရှိ၏။ ခတ်တော်တိုက်၌ ခင်းသော ကျောက်ဖျာ၊ ပိတ်သော ကျောက်ဖျာတို့ကား။ အလျားအနံ အတောင် ရှစ်ဆယ်စီရှိ

www.dhammaransi.com



၏။ လိုင်ကျောက်ဖျာတို့ကား ရဟန္တာဖြစ်သောဉတ္တရသာမဏေ၊ သုမန သာမဏေတို့ကိုစေ၍ ဉတ္တရကုရုကျွန်းမှဆောင်အပ်သော ဆီအဆင်း နှင့် တူသော ကျောက်တို့တည်း။ ဝါဆိုလပြည့် ဉပုသ်နေ့၊ မင်္ဂလာအခုဌ် တည်သတည်း။ ။မင်္ဂလာအခုဌ်တည်အံ့သော၌ ဝါဆိုဆွန်း ၁၄ ရက် နေ့သံဃာကိုစည်းဝေးစေ၏။ အဝမင်္ဂလသာမန္တမှ အရှင်ဇာနွဂုတ္တသည် ရဟန်းရှစ်သောင်းတို့ကိုယူ၍။ ဝေသာလီ၌ ဝါလိကာရာမမှ မဟာဗုဒ္ဓ ရက္ခိတမထေရ်သည် ရဟန္တာတသောင်းရှစ်ထောင်တို့ကို။ ကောသမ္ဗီ ၌ ဃောသိတာရုံမှ မဟာဓမ္မရက္ခိတမထေရ်သည် ရဟန်းသုံးသောင်း တို့ကို။မဟာရဋ္ဌမှဓမ္မရက္ခိတမထေရ်သည် ရဟန်းလေးသောင်းတို့ကို။ ပါဋလိပုတ်၌ အသောကာရာမမှ မိတ္တမထေရ်သည် ရဟန်းကိုးသောင်း ခြောက်ထောင်တို့ကို။ ဂန္ဓာရတိုင်းမှ အနိမိတ္တ မထေရ်သည် ရဟန်း နှစ်သောင်းရှစ်ထောင်တို့ကို။မဟာပလ္လဝဘောဂမှ မဟာဒေဝမထေရ် သည် ရဟန်းခြောက်သန်းလေးသိန်းတို့ကို။ ယောနကတိုင်း၊ အလသန္ဒ မြို့မှ ယောနက ဓမ္မရက္ခိတ မထေရ်သည် ရဟန်း သုံးသောင်းတို့ကို။ ဝိဇ္ဈာဋဝိ၌ ဝတ္တပိယကျောင်းမှဉတ္တရမထေရ်သည်ရဟန်းရှစ်သောင်း တို့ကို။ မဟာဗောဓိမဏ္ဍလဝိဟာရမှ စိတ္တဂုတ္တ မထေရ်သည် ရဟန်း သုံးထောင်တို့ကို။ စန္ဒဝါသိဘောဂမှ စန္ဒဂုတ္တမထေရ်သည် ရဟန်းရှစ် သောင်းတို့ကို။ ကလာသ မဟာဝိဟာရမှ သူရိယဂုတ္တ မထေရ်သည် ရဟန်းကိုးသောင်းတို့ကိုယူ၍ ကောင်းကင်ခရီးဖြင့် ဇမ္ဗူဒီပါမှ လာ၍ စည်းဝေးကုန်၏။ သီဟိုဠ်ကျွန်း၌နေကုန်သောရဟန်းတို့ စည်းဝေးလာ သည်ကားမရေတွက်နိုင်။ရဟန္တာချည်းတွဆဲ့ခြောက်ကုဋေရှိ၏။ ။

မင်းကြီးလည်းဝါဆိုဆွန်း ၁၄ ရက်နေ့ကျောင်းသို့လာ၍သုံးသောင်း မျှသောရဟန်းတို့ကို စည်းဝေးစေ၍။ အရှင်ဘုရားတို့၊ နက်ဖြန် ဝါဆို လပြည့် ဓာတ်တော်ဌာပနာအံ့သည်၊ ဓာတ်တော် ရတော်မမူကုန်သော ဟုလျှော်သဖြင့်၊သံဃာသည် ဆဠဘိညရဟန္တာဖြစ်သော သောနုတ္တရ သာမဏေကိုစေ၏။ သာမဏော၊ မြတ်စွာဘုရားရှိစဉ် သိကြားကိုခေါ်၍၊ သိကြား၊ ငါ၏ဓာတ်တော် ၇ှစ်စရွတ်တို့တွင်။ ကောလိယမင်းတို့ပူဇော် သောတစရွတ်သောဓာတ်တော်သည် နောင်သောအခါသီဟိုဠ်ကျွန်း၌ မဟာဒစေတီ၌တည်လတ္တံ့။ စောင်မဘိဟု မိန့်တော်မူ၏။ ဒေါဏပုဏ္ဏား ဝေသောအခါရသောထိုဓာတ်တော်ကိုဌာပနာ၍ ရာမဂါမ၌ကောလိယ

www.dhammaransi.com



မင်းတို့ကိုးကွယ်သော ထိုစေတီသည် သမုဒ္ဒရာရေအယဉ်တိုက်၍ဖျက်သဖြင့်ဓာတ်တော်ကြုတ်ရေ၌မျော၍ ရတနာသဲပြင်ထက်တင်ဇလသည်ကိုနဂါးတို့မြင်၍၊ပဏ္ဏရနဂါးပြည်၌ ကာလနဂါးမင်းအားကြား၍။ နဂါးမင်းသည် နဂါး ကုဋေ တသောင်းခြံရံလျက်ယူလာ၍။ ကိုးဆဲ့ခြောက်ကုဋေသောဥစ္စာကို ပူဇော်၍၊ အထူးထူးသောရတနာတို့ဖြင့် ပြီးသောစေတီကိုဘန်ဆင်း၍ကိုးကွယ်ပူဇော်၏။ထိုဓာတ်တော်ကို သင် ဆောင်ယူချေဟုဆို၍စေ၏။ သာမဏေလည်း ကောင်းပြီအရှင်ဘုရားဟု ဝန်ခံ၍၊ မြေ၌ငုပ်လေ၍၊ နဂါးပြည်သို့ ရောက်လေသော်။ အဘယ်ကြောင့်လာသနည်းဟု နဂါးမင်းမေးသဖြင့်။နဂါးမင်းမှာရှိသောဓာတ်တော်ကိုဆောင်ယူချေဟု သံဃာသည်စေ၍လာရ၏ဟုဆိုလေ၏။ ထိုစကားကိုကြား၍။ ရဟန်းသည် တန်းခိုးကြီး၏။ ငါတို့ကိုပင် နှိပ်စက်၍ယူရာ၏။ ဓာတ်တော်ကိုတပါးသို့ပဲ့အပ်၏ဟုကြံ၍။ ဝါသုလဒတ္တမည်သော နဂါးအား အမှတ်ပေးသဖြင့်။ ဝါသုလဒတ္တသည် ဓာတ်တော်ကြုတ်ကိုမျို၍၊ မြင်းမိုရ်ခြေရင်းသို့သွား၍ နဂါးများစွာဝန်းရံလျက် သဲပြင်၌နေ၏။ ကာလနဂါးမင်းသည် သောနုတ္တရ သာမဏေအား ငါ့အထံ၌ ဓာတ်တော်မရှိ၊သံဃာသည် တပါးမှာရှာ၍ ဓာတ်တော်ကို ဆောင်လော့ဟု သင်ကြားချေဆို၏။ သာမဏေလည်း အကြောင်းကို သိသဖြင့်၊ မကြာစေလင့်၊ ယခုပေး။ နဂါးမင်းတွင်ပင်ရှိ၏ဟုဆိုသော်။ ရတနာဖြင့်ပြီးသောစေတီအိမ်ကိုပြ၍၊အရှင်သည်ဤစေတီအိမ်၌ ဓာတ်တော် ရှိ မရှိကိုမသိ။ ပေးလော့ ပေးလော့ဟူ၍သာ တောင်း၏။ ဓာတ်တော်ရှိသော် ယူလော့ဟုဆို၏။ကောင်းပြီ နဂါးမင်း၊ယူအံ့ဟုဆို၍၊ဝါသုလဒတ္တနဂါးသွားရာသို့လိုက်၍၊ ဝါသုလဒတ္တကို တွေ့လျှင်၊ သိမ်မွေ့စွာ လက်ကို ဘန်ဆင်း၍၊ ခံတွင်းဖြင့်သွင်း၍၊ဝမ်းထဲ၌ဓာတ်တော်ကြုတ်ကိုယူခဲ့၍ သံဃာအားနှင်း၏။ သိကြားမင်းသည် ဝိသုကြုံနတ်သားကို သာမဏေ၏အနီး၌ ရတနာမဏ္ဍပ်ဘန်ဆင်းစေ၍၊မိမိလည်း ရွှေပန်းတောင်းနှင့်တကွ ရတနာပလ္လင်ကိုယူခဲ့၍။ ထိုမဏ္ဍပ်၌ထား၍၊ သာမဏေလက်မှ ဓာတ်တော်ကြုတ်ကိုယူ၍ပလ္လင်၌ထား၍၊လူနတ်တို့သည် ပူဇော်ကုန်၏၊ ။ထိုဝါဆိုလပြည့်နေ့ မင်္ဂလာအခွင့်၌ ရွှေအခွင့်ရှစ်ချပ်တွင်၊တချပ်တချပ်၌ ငွေအခွင့်တရာ့ရှစ်ချပ်စီရံ၍ခင်းတည်ပြီးသော်။ ဓာတ်တော်တိုက်အလယ်၊ ဇမ္ဗူနဒီလာမဏိမြေ၌။အမြစ် သန္တာ၊ပင်စည် ဖာဆဲ့ရှစ်တောင်ငွေခက်၊ရင်းဖျားစောက်တဆဲ့

www.dhammaransi.com



၅ဂ်တောင်။ ငွေရွက်ရင့်။ မြရွက်နု။ ရွှေအသီး။ အညွန့်သန္တာ။ ဤအလုံးစုံ ရတနာ အတိပြီးသော ဗောဓိပင်ကို တည်ထား၍ အထက်၌ မိတာန် ကြက်၍၊ ပုလဲဖြင့်ပြီးသော ရွှဲကွန်ရက်၊ ရွှေထီး ရွှေပန်းဆိုင်းဆွဲ၍။ လေး ထောင့်တို့၌ ကိုးသိန်းထိုက်သော ပုလဲကုံးကိုဆွဲ၍။ ဗောဓိပင်ဝန်းကျင် ရတနာခုနစ်ပါးအတိပြီးသော ပွတ်လုံးဖြင့်ရံ၍။ မဟာဝလာဟာပုလဲကို ခင်း၍။ ပွတ်လုံးတို့၏အကြားအကြား၌ နံ့သာရည်ဖြင့်ပြည့်သော ရတ နာခုနစ်ပါးဖြင့်ပြီးသောအိုးတို့ကိုတည်စေ၍ ရွှေအိုး၌ သန္တာပွင့်၊ သန္တာ အိုး၌ ရွှေပွင့်၊ ဤသို့စသည်ဖြင့် ရတနာခုနစ်ပါးဖြင့်ပြီးသောပန်းပွင့်တို့ကို စိုက်ကုန်၏။ ဗောဓိပင်၏အရှေ့၌ ရတနာဖြင့်ပြီးသော တကုဋေအတိုး ထိုက်သော ပလ္လင်၌ တခဲနက်ရွှေဖြင့်ပြီးသော ရုပ်တုတော်ကို ထား၍ သဟမ္ပတိဗြဟ္မာ ထီးမိုးဟန်ပြု၏၊ သိကြားမင်း ဝိဇယုတ္တရခရုသင်းမှုတ် ဟန်ပြု၏၊ ပဉ္စသိခနတ်သား ဗေလုဝစောင်းကိုတီးဟန်ပြုစေ၏။ နဂါးသွီး ခြံရံလျက် ကာလနဂါးမင်း ကောင်းချီး ပေးဟန်ကို ပြု၏။ ဂိရိမေခလာ ဆင်စီး၍ ဗိုလ်ပါနှင့်တကွ မာရ်နတ်စစ်လာဟန်ကိုပြု၏။အရှေ့မျက်နှာ၌ ပလ္လင်နှင့်တူသော တကုဋေ ထိုက်သော ဒုဋ္ဌပလ္လင်ကို ခင်းစေ၍ ဆင် စွယ်ယပ်ကိုထား၏။ အရှေ့မြောက်ထောင့်မှ ဗောဓိပင်ကိုဦးခေါင်းပြု၍ အထူးထူးသောရတနာဖြင့် တန်ဆာ ဆင်သော တကုဋေထိုက်သော ငွေနေရာကို ခင်း၍။ ထိုငနေရာထက်ရပ်လျက်၊ မမှိတ်သော မျက်စိဖြင့် ပလ္လင်ကိုကြည့်ဟန်ပြုစေ၏။အနိမိသနှင့်ပလ္လင်အကြား၌အရှေ့အနောက် အလျား ရတနာစင်္ကြံ၌ စင်္ကြံသွားဟန်ပြု၏။ အနောက်မြောက်ထောင့်၌ ရတနာဃရ၌ အဘိဓမ္မာကို သုံးသပ်ဟန်ပြု၏။ မုစလိန္ဒနဂါး ခုနစ်ခွေ ရစ်၍နေဟန်။ အဇပါလညောင်ပင်ရင်း၌ နေဟန်။ လင်းလွန်းပင်၌ နေ ဟန်။ သိကြား ကြံစုသီးလှူဟန်။တပုဿ ဘလ္လိက ပျားဆွမ်းလှူဟန်။စာ တုမဟာရာဇ်နတ်မင်းလေးယောက် သပိတ်လှူဟန်။ သပိတ်ဖြင့်ပျားဆုပ် ကိုခံဟန်။ သဟမ္ပတိဗြဟ္မာ တောင်းပန်ဟန်။ တိ သဘဒ္ဒဝဂ္ဂီတို့ကိုချွတ် ဟန်။ ဥရုဝေလ ကဿပစသော ရသေ့တထောင့်သုံးယောက်ကိုချွတ် ဟန်။လဋ္ဌိဝန၌ မိမ္ဗိသာရမင်း ခရီးဦးကြိုပြုဟန်။ရာဇဂြိုဟ်သို့ ဆွမ်းခံဝင် ဟန်။ ဝေဠုဝန်ကျောင်းကို အလှူခံဟန်ကိုပြုစေ၏။ အသီတိမဟာသာ ဝကကိုပြုစေ၏။ကပိလဝတ်သို့ကြွဟန်။ ရတနာစင်္ကြံဘန်ဆင်း၍ ပြာဋိ ဟာပြဟန်၊ ရာဟုလာမင်းနံ့တို့ကိုရဟန်းပြုဟန်။ ဇေတဝန်ကျောင်းကို

www.dhammaransi.com



ခံဟန်။ ကဏ္ဍမ္ဗသရက်ပင်၌ ပြာဋိဟာပြုဟန်။ နတ်ပြည်၌ အဘိဓမ္မာ တရားဟောဟန်။ နတ်ပြည်မှသက်သော် ပြာဋိဟာကိုပြုဟန်။ ဓနပါလ၊ အာဠဝက၊ အင်္ဂုလိမာလတို့ကို ဆုံးမဟန်။ အာယုသင်္ခါရ လွှတ်ဟန်။ ဝက်သားဆွမ်းခံဟန်။ ပရိနိဗ္ဗာန်ပြုဟန်။ အရှင်မဟာကဿပ ခြေတော် ကိုရှိခိုးဟန်။ ဒေါဏပုဏ္ဏား ဓာတ်တော်ဝေဟန်။ ငါးရာ့ငါးဆယ်ဇာတ်၊ ဝေဿန္တရာဇာတ်၌အခြင်းအရာအလုံးစုံအစရှိသည်တို့ကိုပြုစေ၏။ ။ ဓာတ်တော်တိုက်၌ ကိစ္စပြီးလျှင် သုံးကြိမ် ဓာတ်တော်တို့ကို ပူဇော်၍။ မဏ္ဍပ်၌ဓာတ်တော်ကိုယူ၍ ဦးခေါင်း၌ရွက်၍ ရဟန်းသံဃာခြံရံလျက် မဟာစေတီကို လက်ျာရစ် သုံးကြိမ် လှည့်၍။ အရှေ့တံခါးဖြင့် ဓာတ်တော်တိုက်သို့သက်၏။ ကိုးဆဲ့ခြောက်ကုဋေသောရဟန်းတို့သည် မဟာစေတီကိုရံ၍ဟည်၏။ မင်းသည် ဦးခေါင်းမှဓာတ်တော်ကြုတ်ကိုချ၍ဖွင့်ဟု ကြံသောခဏ၌။ ထန်းခုနစ်ဆင့်မျှ ကောင်းကင်၌ ဘုရားအသွင်ကိုယူ၍ ဓာတ်တော်တို့သည် ကဏ္ဍမ္ဗ၌ကဲ့သို့ပြာဋိဟာပြုကုန်၏။ ထိုပြာဋိဟာကို မြင်သဖြင့် ကြည်ညို၍ ၆၂ ကုဋေမျှသောနတ်လူတို့သည် ရဟန္တာဖြစ်ကုန်၏။ အောက်မဂ် အောက်ဖိုလ်သို့ ရောက်သည်ကား မရေတွက်နိုင်။ ဓာတ်တော်တို့သည် ဓာတ်တော်ကြုတ်သို့ဝင်၍တည်သောအခါ နံ့သာမျိုးလေးပါးတို့ဖြင့် ပက်၍ ဘုရားအိပ်သောအခြင်းအရာဖြင့် အိပ်စေသတည်းဟုဆိုဌာန်၍၊ မြတ်သောအိပ်ရာ၌ထား၏။ ထိုခဏ၌ ဓာတ်တော်တို့သည်ဘုရားအသွင်ဖြင့်ကျိန်းတော်မူ၏။ ဝါဆိုလပြည့်နေ့ဥပုသ်ပြီးသော်။ ဓာတ်တော်တိုက်ကိုပိတ်စေ၍။ နတ်တို့သည် ဘန်ဆင်း၍ပေးအပ်သော အုဋ္ဌတို့ဖြင့်မဟာစေတီကိုလုပ်၍ ပန်းတင်သုံးဆင့်ပြီးသော်။ ရဟန္တာတို့ ပြုစိမ့်သော၌ မြေနှင့်အမျှ နစ်စေကုန်၏။ တဘန်စီလုပ်၍ ပန်းတင်သုံးဆင့်ပြီးပြီးလည်း နစ်ပြန်စေကုန်၏။ တဘန် ပန်းတင်သုံးဆင့်လုပ်ပြန်၍။ မဟာစေတီပြီးအောင်လုပ်၍ အင်္ကတေမပြီးမီ ထီးမပြီးမီ။ အဘယဒုဋ္ဌဂါမဏိမင်းသည် စည်းစိမ်ထက် ၂၄ နှစ်နေ၍ အနိစ္စဖြစ်၏။ မဟာစေတီသည် ဟေမမာလာစေတီမည်၏။ ။ဒုဋ္ဌဂါမဏိမင်းလွန်လျှင် ဒီဃဝါပိမြို့မှလာ၍ ညီသဒ္ဓါတိဿ အနုရာဓပြည်၌ မင်းပြု၏။ ဟေမမာလာစေတီကိုထီးအင်္ကတေတို့ဖြင့်ပြီးစေ၏။ ။

---

www.dhammaransi.com



## ၁၁၆။ ဒုဋ္ဌဂါမဏိမင်းကြီး၊ကျည်းလူမျိုးတို့ကို နှိပ်နင်းစဉ်၊ဆံတော်ခါတ်၊လည်ရိုးတော်ခါတ် ၂ ပါးတည် ရှိသည့်မဟိယင်္ဂဏစေတီကိုအတောင်၅၈ဆယ် ထပ်မြှင့်တည်ထားသည့်ကိုပြဆိုရာ။

မဟိယင်္ဂဏ စေတီ၌ကား၊ မြတ်စွာဘုရား ဆံတော် တဆူ၊ လည်ချောင်းရိုးခါတ်တော်တဆူအားဖြင့်၊ သရီရခါတ်တော်နှစ်ဆူ ဌာပနာ၏။ ထိုမဟိယင်္ဂဏစေတီ၏အကြောင်းကား။ မြတ်စွာဘုရားသည် သီဟိုဠ်ကျွန်းသို့ ရှေးဦးစွာ ကြွတော်မူ၍ နာဂဝန်ဉယျာဉ်၏ အထက် ကောင်းကင်၌ နေတော်မူ၍၊ ဘီလူးတို့အား ကြောက်ထိတ်လန့်စေပြီးမှ တရားဟောတော်မူသဖြင့်၊ သုမနဂုတ်တောင်၌စောင့်သော မဟာသုမနနတ်သည် သောတာပန် ဖြစ်၏။ ကိုးကွယ်ရန် တောင်းပန်သဖြင့် မြတ်စွာဘုရားသခင်ပေးအပ်တော်မူသောဆံတော်ကိုဘုရားကြွတော်မူပြီးသောနောက်၌ဘုရားနေတော်မူရာကောင်းကင်အောက် ကျယ်သောအပြင်၌ ထိုမဟာသုမန နတ်သည် အထူးထူးသော ရတနာတို့ဖြင့် စေတီပြု၍ ဌာပနာပြီးသော်။ ဣန္ဒနီလာ ပတ္တမြားညိုဖြင့် စေတီအထွတ်ကို ပြု၍ ကိုးကွယ်၏။ ။ဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီးသော်။လည်ရိုးတော်ခါတ်ကို အရှင်သာရိပုတြာ၏ ယပည့်၊ သရဘူအမည်ရှိသော ရဟန္တာမထေရ်သည် တန်းခိုးအားဖြင့် ထင်းပုံထက်မှယူ၍ သုမနနတ်ကိုးကွယ်သော ပတ္တမြားညိုစေတီ၌ဌာပနာ၍၊တိမ်ညိုအဆင်းရှိသော ကျောက်ဖြင်အ…စောက် တဆဲ့နှစ်တောင် မြင့်အောင် မျှံ၍ စေတီတည်၏။ ဒေဝါနံပိယတိဿမင်းပြုသောအခါထိုမင်းညီစူဠာဘယမင်းသားသည် ထိုစေတီတော်ကို မြင်၍ သဒ္ဓါကြည်ညိုသဖြင့်။ ထိုစေတီကိုမျှံ၍ အတောင်သုံးဆယ်မြင့်အောင် စေတီတည်၏။ ဒုဋ္ဌဂါမဏိမင်းဖြစ်ပြီးသော် ကျည်းကုလားတို့ကိုနှိပ်နင်းအံ့ဟု မဟာဂါမမှထွက်၍ မဟာဝါလုကဂင်္ဂါကိုကူး၍။ဂင်္ဂါမြောက်ဘက် မဟိယင်္ဂဏအနီး၌ နေ၍ သတ္တုကျည်းကုလားပြည်ကို ရံပြီးသော်။ထိုမဟိယင်္ဂဏစေတီကို အတောင်၅၈ဆယ်မြင့်အောင်မျှံ၍တည်ပြန်၏။ ။

www.dhammaransi.com



## ၁၁၇။ ကာကဝဏ္ဏတိဿမင်းကြီးကြောင်းမှ မင်္ဂလာစေတီ၌ထည့်သွင်း၌ပနာသောနလာဋဓာတု-နဖူး သင်းကျပ်တော်ဓာတ်၏အရှုအစဉ်ကိုပြဆိုရာ။

ဤမှတပါး မြတ်စွာဘုရား နဖူးသင်းကျပ်တော် ဓာတ်သည်လည်း သီဟိုဠ်ကျွန်း၌ တည်၏။ ။အကြောင်းကား၊ ဒေါဏပုဏ္ဏား ရှစ်ပြည်ထောင်သောမင်းတို့အား ဓာတ်တော်ခွဲဝေသောအခါ၊ကုသိနာရုံမလ္လာမင်းတို့အရ၌ ပါလေသော နဖူးသင်းကျပ်တော်ဓာတ်ကို။ အရှင်မဟာကဿပသည်မလ္လာမင်းတို့၊မြတ်စွာဘုရားသခင်သည်နောင်သောအခါ သီဟိုဠ်ကျွန်း၌ ငါ၏နဖူးသင်းကျပ်တော်တည်လတ္တံ့ဟု အမိန့်တော်ရှိခဲ့သည်။ ထိုနဖူးသင်းကျပ်တော်ကို ငါ့အားပေးကုန်လော့ဟု တောင်း၍၊ အရှင်မဟာကဿပ ဆောင်ရွက်ကိုးကွယ်၍၊ ပရိနိဗ္ဗာန်ပြုခါနီး၌ သဒ္ဓိဝိဟာရိကဖြစ်သော မဟာနန္ဒမထေရ်အား နဖူးသင်းကျပ်တော်ကိုအပ်၍။ ဤဓာတ်တော်တို့ကို နောင်သောအခါ လင်္ကာဒီပ၌ မဟာဝါလုကဂင်္ဂါ၏တောင်ဘက်၊ မေရုအမည်ရှိသော အင်း၏အဆုံး၊ဝင္ကဘိယမည်သောထုံး၏ဘိပ်၌၊ ကာကဝဏ္ဏမင်းသည် ဌပနာ၍ စေတီကြီးစွာတည်လတ္တံ့။ သံဃာ၏အရံကိုကောင်းစွာပြုလတ္တံ့။ သင်သည်ဤဓာတ်တော်ကိုယူ၍ဝေသာလီ၌ မဟာဝန်ကူဋာဂါရသာလာ၌ မြတ်စွာဘုရားနေတော်မူရာဂန္ဓကုဋိ၌ထား၍ ပူဇော်သက္ကာရပြု၍ နေလော့။ သင်ပရိနိဗ္ဗာန်ပြုလိုသော် သင်၏တပည့်စန္ဒဂုတ္တအားအစဉ်စကားကိုဆို၍အပ်လေဟု မိန့်တော်မူ၍၊ နဖူး သင်းကျပ်တော်ကို မဟာနန္ဒ မထေရ်အား အပ်၏။ မဟာနန္ဒလည်း ဝေသာလီပြည်သို့ဓာတ်တော်ကိုဆောင်၍ ကူဋာဂါရသာလာ၌ထား၍ ကိုးကွယ်၏။ ပရိနိဗ္ဗာန်ပြုခါနီးသော် တပည့် စန္ဒဂုတ္တမထေရ်ကိုခေါ်၍၊ ဆရာအရှင်မဟာကဿပမိန့်ဆိုသည့်အတိုင်း မှာဆို၍၊ အရှင်စန္ဒဂုတ္တအား ဓာတ်တော်ကိုအပ်နှင်း၍၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌နေလေစေ၏။ အရှင်စန္ဒဂုတ္တမထေရ် ပရိနိဗ္ဗာန်ပြုခါနီး၌။ မိမိ၏တပည့် အရှင်ဘဒ္ဒသေနမထေရ်အား ဆရာမဟာနန္ဒမထေရ် မှာဆိုတိုင်းမှာဆို၍ ဓာတ်တော်ကိုပေးအပ်၍။ အရှင်ဘဒ္ဒသေနကို ဗာရာဏသီပြည်၌ဣသိပတနမိဂဒါဝုန်ကျောင်း၌နေလေစေ၏။ အရှင်ဘဒ္ဒသေနမထေရ် ပရိနိဗ္ဗာန်ပြုခါနီး၌လည်း တပည့်ဖြစ်သော အရှင်ဇေယသေန

www.dhammaransi.com



မဇ္ဈထေရ်အား နဖူးသင်းကျပ်တော်ကိုအပ်၍ ဆရာအရှင်စန္ဒဂုတ္တ မှာဆိုတိုင်းမှာ၍။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌၊ မြတ်စွာဘုရား နေရာဂန္ဓကုဋိ၌ ဓာတ်တော်ကိုထား၍နေလေစေ၏။ အရှင်ဇေယသေနလည်း ပရိနိဗ္ဗာန်ပြုခါနီး၍ တပည့်ဖြစ်သော သံဃရက္ခိတမထေရ်အား ဓာတ်တော်ကို အပ်၍ ဆရာ ဘဒ္ဒသေနမထေရ်မှာတိုင်း မှာ၍ အရှင်သံဃရက္ခိတမထေရ်ကို ကောသမ္ဗီ၌ဃောသိတာရုံကျောင်းဂန္ဓကုဋိ၌ ဓာတ်တော်ကိုထား၍ နေလေစေ၏။ အရှင်သံဃရက္ခိတမထေရ် ပရိနိဗ္ဗာန်ပြုခါနီး၌လည်း။တပည့်ဖြစ်သောမဟာဒေဝမထေရ်အား ဓာတ်တော်ကိုအပ်၍။ဤဓာတ်တော်ကို သီဟိုဠ်ကျွန်း၌ ကာကဝဏ္ဏမင်းသည် ဌပနာ၍ စေတီတည်လတ္တံ့။ သံဃာ့အရံကိုပြုလတ္တံ့။ မမေ့မလျော့စေနှင့်ဟုမှာဆို၍ ပရိနိဗ္ဗာန်ပြုလေ၏။အရှင်မဟာဒေဝမထေရ်သည် ဆရာလွန်ပြီးသောနောက်၊ သီဟိုဠ်ကျွန်း၌ ဒေဝါနံပိယတိဿမင်း၏ ညီ၊အိမ်ရှေ့မင်း မဟာနာဂသည် အနုရာဓပြည်မှထွက်၍ မဟာဝါလုကဂင်္ဂါ၏တောင်ဘက်သို့ကူး၍၊ရောဟဏဇနပုဒ်၊မဟာဂါမ၌ ထီးဆောင်းမင်းပြုသောအခါကောင်းကင်ခရီးဖြင့်သီဟိုဠ်သို့ကူး၍။ ထိုရောဟဏဇနပုဒ်၌ ကုဋ္ဋာလုဋ္ဋတောင်ဝှမ်း၌ အင်ကြင်းပင်ကြီးအရင်း၌ ကောင်းကင်မှသက်၍ နေ၏။ ထိုအရပ်၌ မဟာကာလမည်သော ဥပါသကာသည် သားမယားနှင့်တကွ ကြီးစွာသောပူဇော်ခြင်းဖြင့် နဖူးသင်းကျပ်ဓာတ်တော်ကိုပူဇော်လုပ်ကျွေး၍ ရှည်မြင့်စွာနေ၏။ ဓာတ်တော်သည် တလလေးသီတင်းတို့၌ ရောင်တော်ခြောက်သွယ်လွှတ်၏။ထိုအရပ်ဗြည် ဘုရားဖြစ်သောအခါကဲ့သို့ဖြစ်၏။ ထိုအကြောင်းကို မဟာနာဂမင်း ကြား၍ ထိုမဟာကာလကိုခေါ်၍ အကြောင်းကိုမေးသော်။ ဆရာမဟာဒေဝမထေရ်၏သက်၌ ရှိကြောင်းကို သိ၍။ ထိုမဟာကာလအား အသပြာတသိန်း၊ သိန္ဓောမြင်းလေးစီးကသော ရထား၊ ရွှေကြိုး ရွှေက တန်ဆာဆင်သောမြင်းလေးစီး၊ ရေသင့် ချောင်းသင့်လယ်၊ ကျွန်မငါးရာ၊ ဆွင်သောတန်ဆာ၊ ဤမျှလောက်သောဝတ္ထုပစ္စည်းတို့ဖြင့် ပူဇော်သက္ကာရပြု၍၊ထိုသူကို ခရီးညွှန်ပြုစေ၍။ ထိုနေ့၌ပင် စစ်အင်္ဂါလေးပါးနှင့်တကွ မဟာဂါမမှ ထွက်၍ ရောဟဏဇနပုဒ်။ ကုဋ္ဋာလုဋ္ဋတောင်ဝှမ်း၊ မဟာဒေဝမထေရ်၏ အထံသို့ လာ၍။ ဓာတ်တော်ကိုရင်း၊ မထေရ်ကိုရင်း၊ ပူဇော်သက္ကာရပြု၍၊ အရှင်ဘုရား၊ ဤဓာတ်တော်ကို အကျွန်ုပ် ပူဇော်

www.dhammaransi.com



ကိုးကွယ်ပါအံ့ဟုတောင်း၍။ မထေရ်သည်။ မင်းကြီး၊ မြတ်စွာဘုရားသည် သင်မင်းကြီး၏ အနွယ်ဖြစ်သော ကာကဝဏ္ဏမင်းသည် မဟာဝါလုကဂင်္ဂါ၏တောင်ဘက်၌၊ မေရုမည်သောအင်း၏အဆုံး၌၊ ဝဋ္ဋတိယမည်သောထုံး၏ အထက်၌ ဌပနာ၍ စေတီတည်လတ္တံ့ဟု ဤဓာတ်တော်အား ဗျာဒိတ်ကြားတော်မူ၏ဟု ဆို၍ မဟာနာဂမင်းအား နဖူးသင်းကျပ်တော်ဓာတ်ကို ပေးအပ်၏။ မြတ်စွာဘုရားသည် သီဟိုဠ်သို့ သုံးကြိမ်မြောက် ကြွတော်မူသောအခါ။ ထိုဝဋ္ဋတိယမည်သော ထုံး၏ အထက်၌ နိရောဓသမာပတ်ဝင်စား၍ ထပြီးသော်။ ဤအရပ်၌ နောင်သောအခါ ငါ၏နဖူးသင်းကျပ်တော်ကိုဌပနာ၍ ကာကဝဏ္ဏမင်းသည် စေတီတည်လတ္တံ့။ သင်နဂါးမင်းသည် ဤအရပ်ကိုစောင့်ရှောက်လော့ဟု သုမနနဂါးမင်းကိုအစောင့်ထားခဲ့၏။ ထိုမဟာနာဂမင်းသည် နဖူးသင်းကျပ်ဓာတ်တော်ကို မဟာဂါမသို့ဆောင်၍ မင်းအိမ်မှ မနီးမဝေးသောအရပ်၌ ပြာသာဒ်ဆောက်၍ ကိုးကွယ်၏။ မဟာနာဂမင်းဆောက်သောကျောင်းကြီးတို့ကား။ ဒလေနကျောင်း၊ သန္တဂိရိကျောင်း၊ ကောဋိပဗ္ဗတ ကျောင်း၊ စာရုဂဏ ကျောင်း၊ သေလက ကျောင်း၊ တာလက ကျောင်းဟူ၍ခြောက်ကျောင်းတည်း။ ။

ထိုမဟာနာဂမင်းသေလွန်ခါနီး၌ သား ယဋ္ဌာလာယကတိဿအား ဓာတ်တော်ကို ပူဇော်ကိုးကွယ်ရစ်ဟု အပ်ခဲ့၍ အနိစ္စဖြစ်လျှင်၊ ယဋ္ဌာလာယကတိဿသည် မဟာဂါမ၌ မင်းပြု၍။ နလာဋဓာတ်တော်ကို ကိုးကွယ်ပူဇော်၏။ ဓမ္မပါလကျောင်း၊ မဟာဓမ္မပါလကျောင်း၊ သေလာဘယကျောင်းဟူ၍ ကျောင်းကြီး ဆောက်၍၊ မဟာအရိဋ္ဌမထေရ်၏ တပည့်၊ မဟာနာဂ မင်း၏ အဘိုးဖြစ်သော တိဗိဋကမဟာအဘယမထေရ်အားလှူ၏။ ။ထိုယဋ္ဌာလာယကတိဿမင်းလွန်ခါနီး၌လည်း။ သားဂေါဠာဘယတိဿမင်းအား ဤဓာတ်တော်ကို ပူဇော်ကိုးကွယ်ရစ်ဟုမှာထား၍သေလွန်၏။သားဂေါဠာဘယတိဿသည်မဟာဂါမ၌ မင်းပြု၍။နလာဋဓာတ်တော်ကို ပူဇော်ကိုးကွယ်၏။ ထိုမင်းကား မဟာဂါမ၌ တကျိပ်သောညီတို့ကို သတ်သောကြောင့်။ အပြစ်လွတ်ပါစေဟုဂင်္ဂါ၏တောင်ဘက်၌ မတ္တိကလေဏကျောင်း၊ဓိယသာလကျောင်း၊ နာမမဟာဝိဟာရ ကျောင်း၊ ကပ္ပါသေလ ကျောင်း၊ စေတိယပဗ္ဗတ ကျောင်း၊သာနုပဗ္ဗတကျောင်း၊ကဏိကာပုသေလကျောင်း၊ပဋ္ဋကယ္လ

www.dhammaransi.com



ကျောင်း၊ ဘိဏ္ဍိကလေဏကျောင်း၊ ကဏ္ဍကကျောင်း၊ ဂေါစရပါလ ကျောင်း၊ ဝါလုကတိတ္ထကျောင်း၊ ဤသို့အစရှိသောအားဖြင့် ဂင်္ဂါ၏ တောင်ဘက်၌ ငါးရာ၊ မြောက်ဘက်၌ ငါးရာအားဖြင့် တထောင်သော ကျောင်းတို့ကို ဆောက်၍၊ မိမိနှင့် အမည်တူသော ဇနပုဒ်၌ နေသော တိပိဋကဓရ ဂေါဋ္ဌာဘယ မထေရ်အား လှူ၏။ ။ထိုမင်းသေခါနီး၌ သား ကာကဝဏ္ဏတိဿကိုခေါ်၍။ဤနလာဋဓာတ်တော်ကို ငါတို့အမျိုး အဆက်ဆက်ဆောင်၍ ကိုးကွယ်၏။ သင်ချစ်သားအားမူကား ကာက ဝဏ္ဏမင်းသည် မဟာဝါလုကဂင်္ဂါ၏ တောင်ဘက်၌၊ မေရု အင်း၏ အဆုံး၌၊ ဝင္ကဘိယထုံး၏ထိပ်၌၊ ဤနဖူးသင်းကျပ်တော်ဓာတ်ကို ဌာပနာ၍ စေတီတည်လတ္တံ့။ သံဃာ့အရံကို ပြုလတ္တံ့ဟု မြတ်စွာဘုရား ဗျာ ဒိတ်ကြားတော်မူ၏။ ထို့ကြောင့် သင်သည် ဤဓာတ်တော်ကို စေတီ တည်၍ ကိုးကွယ်ပူဇော်ရစ်ဟုမှာထား၍သေလွန်၏။ ။ဂေါဋ္ဌာဘယ လွန်လျှင် သားကာကဝဏ္ဏတိဿသည် မဟာဂါမ၌မင်းပြု၏။ နဖူးသင်း ကျပ်တော်ဓာတ်ကို မပြတ် ပူဇော်သက္ကာရပြု၍ ကိုးကွယ်၏။ ရဟန်း သံဃာအားရင်း၊ ခြောက်ကျိပ်မျှကုန်သောတိပိဋကဓရမထေရ်မြတ်တို့ အားရင်း၊ ပစ္စည်းလေးပါးဖြင့်လုပ်ကျွေး၏။ မိမိနှမငယ် သောမဒေဝီကို နှမအကြီးသားအဘယမင်းသားနှင့်ထိမ်းမြား၍ဂိရိမြို့၌နေစေ၏။ဂိရိမြို့၌ နေသောကြောင့် ဂိရိအဘယမင်းဟုတွင်၏။သား ဒုဋ္ဌဂါမဏိမင်းသား ကိုလည်း ဂိရိမြို့မှာနေလေစေ၏။ ထိုမြို့၌ ဂိရိအဘယမင်းနှင့် ဒုဋ္ဌဂါမဏိ မင်း ငြင်းခုံခြင်းဖြစ်ရာတွင်။ ဂိရိအဘယမင်းသည် မိဘုရားနှင့် မိုလ်ပါ များစွာယူ၍ မြို့မှထွက်၍ မေရုမြို့၌ အဆွေခင်ပွန်းသိဝမင်း၏အထံသို့ သွား၍ နေလေ၏။ သိဝမင်းသည် အဘယမင်းအား တရသောအစွန်၌ မြို့တည်၍ နေစေ၏။ မြို့ကိုလည်း အဘယမင်း၏ မိဘုရားအမည်နှင့် အတူ၊ သောမမြို့ဟူ၍ သမုတ်၏။ အရှင်မဟိန္ဒ၏ တပည့်၊ မဟာအရိဋ္ဌ မထေရ်၏ အနွယ်အဆက် ဖြစ်သော မဟိန္ဒမည်သော မထေရ်သည် ခြောက်ကျိပ်မျှသောရဟန်းသံဃာနှင့်တကွ ထိုသောမမြို့မှ မနီးမဝေး သောအင်ကြင်းတော၌ ထိုအခါ နေ့နေ၏။ ဂိရိအဘယမင်းသည် ထို မထေရ်အား ကျောင်းကြီးဆောက်၍ စေတီတည်၍ လှူ၏။ ကျောင်းကို သောမဝိဟာရဟူ၍ သမုတ်၏။ ။ထိုသောမကျောင်း၌ ကာကဝဏ္ဏ မင်း၏မိဘုရားဝိဟာရဒေဝီ၏မောင်ဖြစ်သော ရှဋ္ဌပိဏ္ဍပါတိကတိဿ

www.dhammaransi.com



မထေရ်သည်ကား ကာကဝဏ္ဏမင်းအား နီးသော သေခြင်းရှိသည်ကို မြင်၍၊ ကာကဝဏ္ဏမင်း၏အထံသို့လာ၍။ မြတ်သောမင်းကြီး၊ မြတ်စွာဘုရားသည် သင်မင်းကြီးတို့အား နောင်အခါ ငါ၏ နဖူးသင်းကျပ်ဓာတ်တော်ကို မေရုအင်း၏အဆုံး၌ ဝင္ကဘိယမည်သောထုံး၏ထိပ်၌ဌာပနာ၍ စေတီ ကြီးစွာတည်လတ္တံ့။ သံဃာ့အရံကို ပြုလတ္တံ့ဟု ဗျာဒိတ်ကြား တော်မူခဲ့၏။ ထိုထုံး၏ထိပ်၌မြတ်စွာဘုရားသမာပတ်ဝင်စား၍နေတော် မူရာရှိ၏။ မင်းကြီး၊ ကောင်းမှုပြုလော့ဟုဆို၏။ ကာကဝဏ္ဏမင်းလည်း ကောင်းပြီဟုဝန်ခံ၍၊ဂိရိမြို့မှ သားဒုဋ္ဌဂါမဏိကိုခေါ်၍ မဟာဂါမ၌နေ စေ၍။ မိဘုရားဝိဟာရဒေဝီကိုရင်း၊ သဒ္ဓါတိဿမင်းကိုရင်းယူ၍ ဝိဟာ ရဒေဝီမောင်၊ ရှင်ဥပိဏ္ဍပါတိကတိဿမထေရ်ကိုလည်း တပည့်သံဃာ ငါးရာနှင့်တကွ ပင့်၍၊ နန်းဦးပြာသာဒ်မှ နလာဋဓာတ်ကို ရွှေကြုတ်နှင့် တကွ ယူဆောင်၍။ စစ်အင်္ဂါလေးပါးနှင့်တကွ မဟာဂါမမှ ထွက်၍ သွားလေသော်။ဒီဃဝါပိမြို့သို့ရောက်၍။သဒ္ဓါတိဿမင်းသားကိုထိုမြို့၌ နေရစ်စေ၍ သွားပြန်လေသော်။သုမနမာလာဝဋ္ဋိတွင် စခန်းချ၍။နက်ဖြန် မိုးသောက်၌ ဝင္ကဘိယထုံးသို့ရောက်၍။ အကုဋ္ဌေခြောက်ဆယ်မျှသော နဂါးအခြွေအရံရှိသောသုမနနဂါးကိုစောင့်ရှောက်စေအပ်သော၊ဘုရား မြတ်စွာသမာပတ်ဝင်စားရာအရပ်ကို သစ္စာဓိဋ္ဌာန်ဖြင့် နွားမြင်းဆင်တို့ ကို သုံးကြိမ်လွှတ်သဖြင့် ရှာ၍ရသော်။ ထိုအရပ်၌ သိကြားဝိသုကြုံတို့ သည် ကုဋ္ဋုပုဏ္ဏားတို့၏လယ်၌ ဘန်ဆင်း၍ပေးအပ်သော အုဋ္ဌတို့ဖြင့် စေတီကြီးစွာတည်၍ နလာဋဓာတ်ကိုဌာပနာ၏။ ထိုစေတီအရပ်နှင့် နီး သောမေရုမြို့မှ သိဝမင်း၊ လောကမြို့မှ မဟာနာဂမင်းတို့သည် ပဏ္ဏာ ကာရများစွာနှင့်လာကုန်၍ စေတီအမှု၌ အဘော်ဖြစ်လာကုန်၏။ သော့ မမြို့၌ တူဖြစ်သောဂိရိအဘယမင်းကိုလည်းခေါ်၍ အဘော်ဖြစ်စေ၏။ ကာကဝဏ္ဏမင်း ဓာတ်တော်ကိုယူ၍ စေတီတည်အံ့ဟုလာသောအခါ။ သုမနနဂါးခရီးဦးကြိုပြုသဖြင့် ဆုံရာ၌။ မြတ်လေးပန်းမိုးသွန်း ချက်ထိနစ် အောက်ရွာစေ၍ ဓာတ်တော်ကိုပူဇော်သောကြောင့် ထိုအရပ်ကိုသုမန ဝဋ္ဋိဟု သမုတ်သတည်း။ နဖူး သင်းကျပ်တော် ဌာပနာသော ထိုမင်း ကောင်းမှုစေတီကို မဂ်လာစေတီဟူ၍သမုတ်သတည်း။ ။ထိုစေတီ ၌ ဆံတော်ဓာတ်ကိုလည်း ဌာပနာ၏။ ထိုဆံတော်၏ အကြောင်းကား။ ဇေယသေနနဂါးမင်းသည် ကပုဿဘဋ္ဋိကတို့လက်မှ ဆံတော်ဓာတ်

www.dhammaransi.com



နှစ်ဆူ ခိုးယူလိုက်၍၊ ဘုမ္မဇ္ဈနဂါးမိမာန်၌ထား၍ကိုးကွယ်ရာ။ ရဟန္တာ ခုနစ်ယောင်တို့၏ အကြီးဖြစ်သော ရှင်ဗုဒ္ဓပါလိတ ကိသ မထေရ်သည် တပည့်ဖြစ်သော သိင်္ဂဝမထေရ်ကို ဘုမ္မဇ္ဈနဂါးမိမာန်မှ ယူဆောင်စေ၍ဌာပနာရသတည်း။ ကာကဝဏ္ဏမင်းသည်တနှစ်တကျောင်း အားဖြင့်ကျောင်းကြီးချည်းခြေခံဆဲ့လေးကျောင်းဆောက်၍ရှင်ဗုဒ္ဓပါလိတကိသမထေရ်၏လက်၌ရေစက်ချ၍စတုဒိသာသဃာအားလှူ၏။

---

## ၁၁၈။ သာသနာတော် ၃၇၃ ခုနှစ်းတက်ဒုဋ္ဌဂါမဏိမင်းမှ၊ ၈၁၁ ခုမဟာသေနမင်းတိုင်မင်းပေါင်း ၄၉ သီဟိုဠ်ရာဇဝင်အစဉ်နှင့်တကွ၊ ထိုအနှစ် ၄၀၀ ကျော်အတွင်း၊ မဟာဝိဟာရဝါသီ၊ အဘယဂိရိဝါသီ၊ ဇေတဝနဝါသီ၊ ဂိုဏ်းကွဲပြားခြင်း၊ ဝဋ္ဋဂါမဏိမင်းလက်ထက်-ပိဋကတ်ကိုသဏ္ဍဋ္ဌဘာသာဖြင့်ပေထက်အက္ခရာတင်ခြင်းတို့ကိုပြရာ။

ကာကဝဏ္ဏမင်းသည် ၆၄ နှစ်မင်းပြု၍ လွန်လျှင်။ သား ဒုဋ္ဌဂါမဏိသည် မဟာဂါမ၌ မင်း၏အဘိသိက်ကိုခံပြီးမှ။ အနုရာဓပြည်၌ ဋ္ဌောဠရကျည်းမင်းနှင့်တကွ ကျည်းသုံးဆဲ့သုံးပြည်ကို နှိပ်နင်း၍။ အနုရာဓပြည်၌ မင်းနေပြည်တည်၍ ၂၄ နှစ်မင်းပြု၏။ ထိုဒုဋ္ဌဂါမဏိမင်း လွန်လျှင်၊ ညီ သဒ္ဓါတိဿ၊ ဒီဃဝါပိမှလာ၍ အနုရာဓပြည်၌ မင်းပြု၏။ ထိုမင်း ၁၈ နှစ်နေ၍ လွန်၏။ သဒ္ဓါတိဿလွန်လျှင် သား ထူလထန တလနှင့် ဆယ်ရက် မင်းပြု၏။ ထိုမင်းလွန်လျှင် ထိုမင်း အစ်ကိုယ် လဇ္ဇတိဿ ၉ နှစ်နှင့် တဆဲ့ငါးရက်မင်းပြု၏။ ထိုမင်းလွန်လျှင် ထိုမင်းညီဗင်းခလ္လာဋနာဂ-၆ နှစ်မင်းပြု၏။ ခလ္လာဋနာဂကိုလု၍အမတ်မင်းပြု၏။ ထိုအမတ်ကို ခလ္လာဋနာဂ၏ ညီ ဝဋ္ဋဂါမဏိလု၍ မင်းပြု၏။ ဝဋ္ဋဂါမဏိလု၍ ငါးလရှိလျှင်။ ခုနစ်ပြည်နေ ကျည်းမင်း ခုနစ်ယောက်တို့လု၍ ၁၄ နှစ် ခုနစ်လ မင်းပြုကုန်၏။ ဝဋ္ဋဂါမဏိကား အမတ်ခုနစ်ယောက်တို့နှင့်တကွ ပုန်း၍ နေရ၏။ ၁၂ နှစ်မြောက်၌ အမတ်ခုနစ်ယောက်တို့နှင့်တိုင်ပင်၍ ဗိုလ်ပါ ရုံးဗုံ၍ ကျည်းတို့ကို ဘိုက်ပြန်၍ အနုရာဓကိုရသဖြင့် ၁၂ နှစ်မင်းပြုရပြန်၏။ ။ဒေဝါနံပိယတိဿမင်းလက်ထက် သာသနာတည်သည်မှ

www.dhammaransi.com



စ၍၊ ဝဋ္ဋဂါမဏိမင်း လက်ထက်တိုင် ၂၁၈ နှစ်ပတ်လုံး သီဟိုဠ်ကျွန်း၌ သာသနာသည် အရှင်မဟိန္ဒ အနွယ်အဆက်ဖြစ်သော၊ ကုလဒူသက အနေသန စသည်တို့မှ ကင်းသော မဟာဝိဟာရဝါသီ သံဃာ၏ အပေါင်းအဖြစ်ဖြင့် တဂိုဏ်းတည်းသာလျှင် သန့်ရှင်း စင်ကြယ်စွာ ဖြစ်၏။ ။ဘုရားပရိနိဗ္ဗာန်ပြုတော်မူသည်မှ ၄၅၄ နှစ်၊သီဟိုဠ်၌ အစမှစ၍ မင်း ၁၈ ဆက်မြောက်၊ ဝဋ္ဋဂါမဏိ လက်ထက်တိုင်၊ ရဟန်း သံဃာ အရိယာတို့သည် ပိဋကတ်သုံးပုံကို အာဂုံ နှုတ်ကျက်သာ ဆောင်သ တည်း။ ဝဋ္ဋဂါမဏိမင်းလက်ထက်တွင်မှ နောက်နောက်သောတပည့် သံဃာတို့ ပိဋကတ်ကို အာဂုံနှုတ်ကျက် မဆောင်ရွက်နိုင်လတ္တံ့သည် ကို ရဟန္တာအရှင်မြတ်တို့ မြင်ကုန်၍။ ငါးရာသော ရဟန္တာတို့သည် မလယဇနပုဒ်၌ နေကုန်၍၊ ပိဋကတ်သုံးပုံကို သင်္ကာရိန် ဘာသာဖြင့် ပေ၌အက္ခရာရေးတင်ကုန်သတည်း။ ။ပိဋကတ်သုံးပုံကို ပေ၌အက္ခ ရာရေးတင်ပြီးသည့်နောက်၊ လေးနှစ်မြောက်တွင်၊ ဝဋ္ဋဂါမဏိမင်းသည် ချနစ်ပြည်ထောင်သော ကျည်းတို့ကြောင့် တဆဲ့လေးနှစ်ပတ်လုံး ပုန်း၍ နေသောအခါ သိမ်းမြန်း အုပ်ချုပ်ပေသော မဟာတိဿ မထေရ်အား ကျောင်းကြီးစွာဆောက်၍လှူ၏။ထိုကျောင်းကိုအဘယဂိရိဟူ၍သမုတ် ၏။ ထိုကျောင်းလှူသည်မှစ၍ အဘယဂိရိဝါသီသံဃာဂိုဏ်းဟူ၍ ကွဲ ပြားသဖြင့်။ သာသနာတော်၌ သံဃာသည်၊မဟာဝိဟာရဝါသီဂိုဏ်း၊ အဘယဂိရိ ဂါသီဂိုဏ်းဟု နှစ်ကွဲ ဖြစ်လေသတည်း။ ထိုမဟာတိဿ မထေရ်သည်ကား၊မိမိ၏ ကုလဒူသက အနေသန စသောအမှုကြောင့် မဟာဝိဟာရဝါသီသံဃာတို့ နှင်ထုတ်အပ်သော မထေရ်တည်း။ ။ ထိုအဘယဂိရိကျောင်းကိုဆောက်ပြီးသောနောက်၊ ရောဟဏဇနပုဒ်၌ နေသောပုဏ္ဏားသည်၊ ဝဋ္ဋဂါမဏိမင်း၏ညီတော်ကို ကုန်းချော၍။ ဝဋ္ဋ ဂါမဏိနှင့် ညီတော် စစ်မက်ကြီးစွာဖြစ်၍၊ သီဟိုဠ် တကျွန်းလုံး ငတ် မွတ်ခြင်း ပြင်းစွာဖြစ်သဖြင့် လူတို့သည် သေကြေပျက်စီးခြင်းသို့ များ စွာရောက်ကုန်၏။ လူဆိုးသူပျက်တို့သည် အရိယာသခင်တို့၏ဝမ်းကို ပင်ဖေါက်၍ ဝမ်းထဲ၌ရှိသော ထမင်းလုံးကို ဆေးကြော၍ စားကုန်၏။ ထိုအခါ သိကြားမင်းသည် ဖေါင်ကြီးစွာ ဘန်ဆင်း၍ သီဟိုဠ် ကျွန်းမှ ရဟန်း သံဃာတို့ကိုတင်၍၊ ဇမ္ဗူဒိပါသို့ ကူးစေ၍၊ သာသနာတော်ကို ဆောင်ရွက်စေသတည်း။ ။

www.dhammaransi.com



ဝဋ္ဋဂါမဏိအဘယမင်း ၁၂ နှစ်နေ၍လွန်လျှင်။အနုဠ္ဌာမိဘုရားသည် ဝဋ္ဋဂါမဏိမင်း၏ နောင်တော်ဖြစ်သော မိမိ၏ အထက်ခင်ပွန်း ခလ္လာဋနာဂမင်း၏သား၊ မဟာစူဠိကကိုမင်းပြုစေ၏။ ထိုမင်း ၁၄ နှစ်နေ၍လွန်လျှင်၊ ဝဋ္ဋဂါမဏိမင်း၏သား၊အဘဂိရိစဉ်က ခိုးသူဖြစ်၍နေသော စောရနာဂ မင်းပြု၏။ စောရနာဂ မင်းဖြစ်လျှင် ခိုးသူပြုစဉ်ကာလ မတဲမဇိပ် မနေပါရသော ကျောင်းတို့ကို အငြိုး ဖွဲ့၍ ဖျက်ဆီး လေသည်ကား။ ကျောင်းရပ်ကြီး ၁၈ ရပ်စင်ပျက်လေ၏။စောရနာဂ-၁၂ နှစ်လျှင်လွန်၏။ ထိုမင်းကိုလည်း အနုဠ္ဌာဆေးထည့်၍ သတ်သတည်း။ စောရနာဂ လွန်လျှင်၊ မဟာစူဠိက သား တိဿနှင့်။ အနုဠ္ဌာမင်းပြု၏။ ၃ နှစ်ရှိလျှင် အနုဠ္ဌာပင်အဆိပ်ထည့်၍တိဿကိုသတ်ပြန်၍ တံခါးစောင့်သိပကိုမင်း မြှောက်၏။တနှစ်နှင့်နှစ်လရှိလျှင် သတ်ပြန်၍ နန်းကဲကျွေးဝဋုကကိုမင်း မြှောက်၏။ တနှစ်နှင့်နှစ်လရှိလျှင် သတ်ပြန်၍ ထင်းသည် ဒါရုဘတိက တိဿကို မင်းမြှောက်၏။တနှစ်နှင့်တလရှိလျှင် သတ်ပြန်၍ ပုရောဟိတ် နိလိယကိုမင်းမြှောက်၏။ခြောက်လရှိလျှင်နိလိယကိုသတ်ပြန်၍အနုဠ္ဌာ ချည်း လေးလ မင်းပြု၏။ထိုအနုဠ္ဌာကို တိဿမင်းညီတော် ကူဋကဏ္ဏ တိဿသတ်၍မင်းပြု၏။ထိုမင်း ၂၂ နှစ်နေ၍လွန်လျှင် သားမဟာဘတ္တိ ကမင်းပြု၏။ ၁၂ နှစ် စည်းစိမ်ထက်နေ၍ ထိုမင်းလွန်လျှင် ညီ ဈူဠာဘတ္တိ ကာဘယမင်းပြု၏။ ၂၈ နှစ်နေ၍ လွန်၏။ထိုမင်းလွန်လျှင် ညီ မဟာဒါ ဠိကနာဂ-၁၂ နှစ်မင်းပြု၏။ထိုမင်းလွန်လျှင် သား အာမဏ္ဍဂါမဏိမင်း ပြု၏။ ၉ နှစ်နေ၍လွန်လျှင်၊ ထိုမင်းညီ၊ဂဏိဇလ္လတိဿမင်းပြု၏။ ၃ နှစ် တွင်လွန်လျှင်၊ ထိုမင်းညီ ဈူဠာဘယမင်းပြု၏၊ တနှစ်ရှိလျှင်လွန်၏။ ထို မင်းလွန်လျှင် ထိုမင်းမိဘုရား သီဝလီလေးလမင်းပြု၏။ သီဝလီကိုလုပ်၍ မောင်အကြီး ဣဠနာဂ မင်းပြု၏။ ၆ နှစ်တွင်လွန်၏။ သား စန္ဒမုခမင်း ပြု၏။ ၈ နှစ်နှင့် ၇ နှစ်လတွင်လွန်၏။ စန္ဒမုခလွန်လျှင်။ ထိုမင်းညီ ယသ လောလတိဿမင်းပြု၏။ ၇ နှစ်နှင့်၈စ်လတွင် လွန်၏။ ထိုမင်းကို တံခါး စောင့် သုဘသတ်၍မင်းပြု၏။ သုဘ ၆ နှစ်တွင်လွန်၏။ သုဘကိုစစ်သူ ကြီးဝသဘသတ်၍မင်းပြု၏။ ၄၄ နှစ်လျှင်လွန်၏။ထိုမင်းလွန်လျှင် သား ဝင်္ကနာသိကတိဿမင်းပြု၏။မင်းစည်းစိမ် ၃ နှစ်နေ၍လွန်၏။ ဝင်္ကနာ သိကတိဿလွန်လျှင် သားကဇုဗာဟုကဂါမဏိမင်းပြု၏။ ၂၂ နှစ်တွင် လွန်၏။ကဇုဗာဟုကဂါမဏိလွန်လျှင်။ယောဂ္ဂမမဟာလ္လကနာဂ-၆ နှစ်

မင်းပြု၏။ ထိုမင်း လွန်လျှင် ထိုမင်း သား ဘာတိကတိဿ မင်းပြု၏။ ၂၄ နှစ်နေ၍လွန်၏။ထိုမင်းလွန်လျှင်ညီကဏိဋ္ဌတိဿမင်းပြု၏။ ၂၂ နှစ်တွင်လွန်၏။ ထိုမင်းလွန်လျှင် သားခုဇ္ဇနာဂမင်းပြု၏။ ၂ နှစ်တွင်လွန်၏။ ထိုမင်းလွန်လျှင် ညီကုဉ္စနာဂမင်းပြု၏။ တနှစ်တွင် လွန်၏။ ထိုမင်းလွန်လျှင်ယောက်ဖသိရိနာဂမင်းပြု၏။ ၁၉ နှစ်တွင်လွန်၏။ ထိုမင်းလွန်လျှင် သား ဝေါဟာရတိဿမင်းပြု၏။ ၂၂ နှစ်တွင်လွန်၏။ ညီအဘယမင်းပြု၏။ ၂ နှစ်တွင်လွန်၏။ထိုမင်းလွန်သော် နောင်တော် ဝေါဟာရတိဿသား သိရိနာဂမင်းပြု၏။ ထိုမင်းလွန်လျှင် သား ဝိဇယ မင်းပြု၏။ ၂ နှစ်တွင်လွန်၏။ ထိုဝိဇယမင်း၌ခစားသော၊ သံဃတိဿ၊သဃ်ဗောဓိ၊ဂေါဌာဘယဟူသောကျည်းသုံးယောက်တို့တွင်။သံဃတိဿသည် ဝိဇယမင်းကိုသတ်၍ မင်းပြု၏။ ၄ နှစ်လျှင်အနိစ္စဖြစ်၏။ သံဃတိဿကိုသတ်၍ သံဃဗောဓိမင်းပြု၏။ ၂ နှစ်တွင်လွန်၏။သံဃဗောဓိကိုလည်း ဂေါဌာဘယသတ်၍ မင်းပြု၏။ ၁၃ နှစ်တွင်လွန်၏။ ဂေါဌာဘယလွန်လျှင် သား ဇေဋ္ဌတိဿမင်းပြု၏။ ၁၀ နှစ်တွင် လွန်၏။ ထိုမင်းလွန်လျှင် ညီ မဟာသေန ၂၇ နှစ်မင်းပြု၏။ ။ဝဋ္ဋဂါမဏိမင်းအဘယဂိရိကျောင်းဆောက်သောနှစ်မှစ၍ ၃၅၇ နှစ်စေ့ပြီးနောက်တနှစ်၌ မဟာသေနမင်းပြု၏။ ထို သီဟိုဠ်ကျွန်း၌ သာသနာတော် တည်ပြီးမှ ၅၇၅ နှစ်သည် မဟာသေနမင်းပြုသောနှစ် ဆိုက်ရုံဖြစ်၏။ ဘုရား ပရိနိဗ္ဗာန် ပြုတော်မူသည့်မှကား ၈၁၁ ဖြစ်၏။မဟာသေနမင်းဖြစ်လျှင် ဇေတဝန်ကျောင်းကိုဆောက်၍ ဒက္ခိဏာဝိဟာရမှ တိဿမထေရ်ကိုပင့်၍လှူ၏။ထိုတိဿမထေရ်သည်လည်း၊ကုလဒူသက၊အနေသန၊ဂိဟိသံသဋ္ဌတို့ကိုပြုသောကြောင့်။ မဟာဝိဟာရဝါသီသံဃာ နှင်ထုတ်သောသူဖြစ်၍၊ ဇေတဝနဝါသီသံဃာဟူ၍တဂိုဏ်းကွဲပြန်လေ၏။ ။ဤသို့အားဖြင့်သီဟိုဠ်ကျွန်း၌ သံဃာသည်။ မဟာဝိဟာရဝါသီဂိုဏ်း၊အဘယဂိရိဝါသီဂိုဏ်း၊ဇေတဝနဝါသီ ဂိုဏ်းဟူ၍ သုံးဂိုဏ်း ကွဲ၏။ ထိုသုံးဂိုဏ်းတို့တွင် မဟာဝိဟာရဝါသီဂိုဏ်းသံဃာသည်သာလျှင် ဘုရားသာသနာနှင့်ညီစွာ သန့်ရှင်းစင်ကြယ်သတည်း။ကြွင်းသောနှစ်ဂိုဏ်းသားတို့၌ သာသနာသည် မသန့်ရှင်း မစင်ကြယ်လေကုန်။ ။

---

www.dhammaransi.com



## ၁၁၆။ မဟာသေနမင်း၏သား၊ကိတ္တိသိရိမေဃမင်း လက်ထက်၊မဇ္ဈိမဒေသဒန္တပုရပြည်မှ၊ဒန္တမင်းသား၊ဟေမမာ လာမင်းသမီးတို့ပင့်ဆောင်ခဲ့၍၊လက်ဝဲစွယ်တော်ဓာတ် သီဟိုဠ်သို့ရောက်သည်ကိုပြရာ။

မဟာသေနမင်းသည် ၂၇ နှစ်မင်းပြု၍လွန်လျှင်။သားကိတ္တိသိရိမေဃမင်းပြု၏။ ထိုမင်းအဘိသိက်ခံ၍ ၉ နှစ်မြောက်သောအခါလျှင်။ မြတ်စွာဘုရား သာသနာတော်သည် ၈၄၇ နှစ်မြောက်ဖြစ်သတည်း။ ထိုအခါလျှင် မြတ်စွာဘုရား အထက်လက်ဝဲစွယ်တော်သည်၊ သီဟိုဠ်ကျွန်း၊ ကိတ္တိသိရိမေဃမင်းလက်သို့ ရောက်သတည်း။ ရောက်သောအကြောင်းကား ဤသို့တည်း။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူသောအခါ၌ ခေမာ အမည်ရှိသော ရဟန္တာမထေရ်သည်၊ မြတ်စွာဘုရား၏ အထက် လက်ဝဲစွယ်တော်ကို မိမိတန်ခိုးအားဖြင့် ထင်းပုံမှယူ၍။ ကလိင်္ဂတိုင်းကိုအစိုးရသော ဒန္တပုရပြည်ပြဟ္မဒတ်မင်းအား ကိုးကွယ်စိမ့်သော၄ါ အပ်တော်မူပေ၏။ ဒန္တပုရပြည်၌ စွယ်တော်စင် ပြာသာဒ်နန်းယင်ပြင်တွင်ဆောက်၍ ပြဟ္မဒတ်မင်းမှစ၍ ကုဟာသိဝမင်း တိုင်အောင်သော မင်းတို့သည် အစဉ်အတိုင်းကိုးကွယ်ကုန်၏။ ကုဟာသိဝမင်းကား ရှေး ဦးစွာရတနာသုံးပါး၌မကြည်ညို။ မိစ္ဆာဒိဋ္ဌိအယူရှိ၏။ နိဂဏ္ဌတက္ကတွန်း တို့ကိုလုပ်ကျွေးကိုးကွယ်၏။ နောက်မှအမတ်ပညာရှိစကားကိုကြား၍၊ မိစ္ဆာအယူကိုစွန့်၍၊ ရတနာသုံးပါးကို ကြည်ညိုသဖြင့်။ မြတ်စွာဘုရား စွယ်တော်ဓာတ်ကို မြတ်နိုးတနာ ပူဇော်သက္ကာရပြု၍၊ ထိုနိဂဏ္ဌတက္က တွန်းတို့ကိုလည်း မိမိတိုင်းမှ နှင်ထုတ်လေ၏။ ထိုနိဂဏ္ဌတက္ကတွန်းတို့ သည်လည်း မင်းအာဏာကိုကြောက်သဖြင့်။ ကလိင်္ဂတိုင်း၊ဒန္တပုရပြည်မှ ထွက်ပြေးခဲ့ကုန်၍။ မဇ္ဈိမဒေသ၏ အတွင်းဖြစ်သော မဂဓတိုင်း ပါဋလိပုတ်ပြည်သို့လာကုန်၏။ ထိုအခါ ပါဋလိပုတ်ပြည်၌ ပဏ္ဍုအမည်ရှိ သောမင်းသည် မင်းပြု၏။ ထိုပဏ္ဍုမင်းသည် ဇမ္ဗူဒီပါတကျွန်းလုံးကို အစိုးရသတည်း။ ထိုနိဂဏ္ဌတက္ကတွန်းတို့သည် ပဏ္ဍုမင်းအား အရှင် မင်းကြီးတို့သည် ပူဇော်သက္ကာရမြတ်နိုးတနာပြုအပ်သောဗိဿနိုးနတ် အစရှိသည်တို့ကိုကုဟာသိဝမင်းရှိမခိုး။ သင်းချိုင်း၌ရသောလူရိုးကိုသာ ရှိခိုးလေသည်ဟုချောပစ်၍။ ပဏ္ဍုမင်းသည် သာမန္တရာဇ်မင်းတယော

www.dhammaransi.com



ကို သင်သည့်စစ်အင်္ဂါလေးပါးနှင့်တကွသွား၍။ ကုဟာသိဝမင်းကိုဇုင်း၊ ထိုမင်းရှိခိုးကိုးကွယ်သောအရိုးကိုဇုင်း ဆောင်ချေဟုစေလိုက်၏။ သာမန္တရာဇ်မင်းလည်း ပဏ္ဍုမင်း၏အာဏာဖြင့် ကာလိင်္ဂတိုင်း၊ ဒန္တပုရပြည်သို့သွားလေ၍ ကုဟာသိဝမင်းနှင့်တကွ မြတ်စွာဘုရား၏အထက်လက်ဝဲစွယ်တော်ဓာတ်မြတ်ကို ဆောင်ခဲ့သဖြင့် ပါဋလိပုတ်ပြည်သို့ရောက်လျှင် ထိုစွယ်တော်ဓာတ်သည် အထူးထူးသော ပြာဋိဟာကိုပြလျက် ပဏ္ဍုမင်းကို ကြည်ညိုစေသဖြင့်။ ထိုပဏ္ဍုမင်းသည် စွယ်တော်ဓာတ်အား အထူးထူးသော ပူဇော်ခြင်းဖြင့်ပူဇော်၍ မရောင့်ရဲနိုင်သောကြောင့် အလုံးစုံသော တိုင်းနိုင်ငံဖြင့် ပူဇော်၍၊ ကုဟာသိဝမင်းအားလည်း မြတ်နိုးတနာ ပူဇော်သက္ကာရကို ကြီးစွာပြုပြီးလျှင်။ တဖန်ဒန္တပုရမြို့သို့ပင် ပို့ဆောင်စေပြန်၍ ကုဟာသိဝမင်းကိုးကွယ်ပြန်ရ၏။ဒက္ခိဏာပထ အဝန္တိတိုင်း၊ ဥဇ္ဇေနီပြည်၌၊ ဥဇ္ဇေနီမင်း၏ သား၊ ဒန္တမင်းသားသည် ဒန္တပုရပြည်၌ စွယ်တော်ဓာတ်ကိုရှိခိုးပူဇော်လာမျှားသဖြင့်ချစ်ခင်လေးမြတ်၍ သမီးဟေမမာလာနှင့်ထိမ်းမြားလေသတည်း။တရံရောအခါ ကုဟာသိဝမင်း၏တူဖြစ်သော ခီရဓာရမြို့၌နေသောမင်းသားတို့သည် စွယ်တော်ဓာတ်ကို ငါတို့အားပေးကောင်းသည်ဟု စစ်ပြုလာကုန်၏။ ကုဟာသိဝမင်းလည်း သမက်ဖြစ်သော ဒန္တမင်းသားကို။ ချစ်သား၊ ဦးရီးသည် ထိုမင်းသားတို့ကို အောင်ခြင်းငှါ မတတ်နိုင် ချေလျှင်။ ချစ်သားတို့သည် စွယ်တော်ဓာတ်ကို ယူ၍ သီဟိုဠ်ကျွန်း၌ ငါ၏အဆွေဖြစ်သော မဟာသေနမင်း၏အထံသို့ကူးပါလေမှာ၍ စစ်ဆိုင်လေသော် ကုဟာသိဝမင်းသည် ရှုံး၍သေခြင်းသို့ရောက်လေ၏။ ထိုအကြောင်းကိုကြား၍ ဟေမမာလာနှင့်ဒန္တမင်းသားသမီးခင်ပွန်းတို့သည် စွယ်တော်ကိုယူ၍မထင်ရှားသော အသွင်ဖြင့် မြို့မှထွက်ပြေး၍။ တာမလိတ္တိဆိပ်၌ ကုန်ပြုသင်္ဘောတွင်စီး၍ သီဟိုဠ်ကျွန်း မဟာသေနမင်းအထံသို့သွားရလသော် မဟာသေနမင်းလွန်၍၊သား ကိတ္တိသိရိမေဃမင်း အဘိသိက်ခံ၍ ၉ နှစ်မြော်။ သာသနာတော်နှစ် ၈၄၇ နှစ်ရှိသောအခါ ကိတ္တိသိရိမေဃမင်း၏လက်သို့ရောက်၍ နန်းယင်ပြင်၌ပြာသာဒ်ဆောက်လျက် ရတနာပလ္လင်မက်ဝယ် ရွှေကြုတ်၌စွယ်တော်ကိုထည့်ထား၍ကိုးကွယ်သတည်း။ ။

www.dhammaransi.com



၁၂၀။ ကိတ္တိသိရိမေဃမင်းမှ ၃ ဆက်မြောက်၊ ဗုဒ္ဓဒါသမင်းလက်ထက်၊ သက္ကဋဘာသာအရေးအသားရှိ ပိဋကတ်ကိုသိဟဠဘာသာအရေးအသားသို့ ပြောင်းလဲရေးတင်သည်ကိုပြရာ။

ထိုကိတ္တိသိရိမေဃမင်း ၁၈ နှစ် နန်းစံ၍ လွန်လျှင်။ ထိုမင်းသား၊ ဇေဋ္ဌတိဿယူ၏။ ထိုမင်းသားနှစ်ယောက်တို့သည် အချင်းများ၍ မင်းမပြုဘဲ ဇေဋ္ဌတိဿသည် ပြည်ကိုဆုံးမကွပ်ညှပ်၍ ၉ နှစ်နေ၏။ ဇေဋ္ဌတိဿလွန်လျှင် ထိုမင်းသား ဗုဒ္ဓဒါသ ၂၉ နှစ်မင်းပြု၏။ ထိုမင်းလက်ထက် ပိဋကတ်သုံးပုံကိုတတ်သော မထေရ်ငါးပါးတို့သည် သက္ကရိုဋ်ဘာသာဖြင့် ရှိသော ပိဋကတ်သုံးပုံကို သိဟဠဘာသာဖြင့် ရေး၍ ထား၏။ ။

---

၁၂၁။ ဗုဒ္ဓဒါသမင်းမှ ၃ ဆက်မြောက်၊ မဟာနာမမင်းလက်ထက်၊ သာသနာတော် ၉၄၃ ခုတွင်၊ ရှင်ဗုဒ္ဓဃောသသည် သီဟိုဠ်သို့ရောက်၍၊ သိဟဠဘာသာအရေးအသားရှိ ပိဋကတ်ကိုမာဂဓဘာသာပြန်ဆိုလှယ်၍ သထုံပြည်သို့ဆောင်ယူသည်ကိုပြရာ။

ဗုဒ္ဓဒါသမင်းလွန်လျှင် ထိုမင်းသား ဥပတိဿ ၄၂ နှစ်မင်းပြု၏။ ဥပတိဿမင်း လွန်လျှင် ဥပတိဿညီ မဟာနာမ မင်းပြု၏။ ။မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူသည့်နှစ်မှသည် ၊နှစ် ၉၄၃ နှစ်၊ မင်းဆက် ၆၆ ဆက်မြောက်၊ မဟာနာမမင်းလက်ထက်ရောက်သောအခါ၊ ဇမ္ဗူဒိပ်၌ မဇ္ဈိမဒေသ၏ အရှေ့တောင်၊ ရာမညတိုင်း၊ မွန်လူမျိုးတို့၏နေရာ၊ သုဝဏ္ဏဘူမိဖြစ်သော သထုံပြည်၌ မြတ်စွာဘုရားသာသနာ ၂၃၆ နှစ်အခါက သာသနာပြုလာသော အရှင်သောဏအရှင်ဥတ္တရမထေရ်တို့၏ အနွယ်အဆက်ဖြစ်သော အရှင်ဗုဒ္ဓဃောသမထေရ်သည် သုဝဏ္ဏဘူမိဖြစ်သောသထုံပြည်မှ သီဟိုဠ်သို့ သင်္ဘောဖြင့်ကူး၍၊ သီဟိုဠ်ဘာသာအက္ခရာဖြင့်ပေ၌ရေးတင်၍ရှိသော ပိဋကတ်သုံးပုံကို မြန်မာအက္ခရာဖြင့် မာဂဓဘာသာရေးကူး၍၊ ရာမညတိုင်း သုဝဏ္ဏဘူမိသို့ဆောင်ခဲ့သတည်း။ ။

www.dhammaransi.com



ထိုသီဟိုဠ်၌ မဟာနာမမင်း လက်ထက်ရောက်သောအခါ ဂေါဇာသက္ကရာဇ်ကား။ မြတ်စွာဘုရား သာသနာတော် ၉၂၄ ခုကို။ ဒေါဒေါရသကိန်းဖြင့်ဖြိုပြီးနောံ ၃၂၁ ခုတည်း။ ။အဘယ့်ကြောင့် ၃၂၁ ခုဟူ၍ သိရသနည်းဟူတုံအံ့။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်မှ အနှစ် ၉၀ ပြည့်တွင်။ ရက္ခုဋ္ဌပြင်၌ရသေ့မြို့တည်၍ တကောင်းမင်းသားမဟာသမ္ဘဝ မင်းပြုသည်မှ စ၍။ ရသေ့မြို့၌ပင် ၂၃ ယောက်မြောက်။ သုမနန္တရီမင်းလက်ထက် ရောက်သောအခါ။ သာသနာတော် နှစ်သည် ၉၂၄ ခုဖြစ်၏။ ထို ၉၂၄ ခုကို သုမနန္တရီမင်းသည် ဒေါဒေါရသကိန်းဖြင့်ဖြို၍။ သက္ကရာဇ် ၂ ခုဟု ထား၏။ ထိုထားသော သက္ကရာဇ် ၂ ခု၌ ထိုမင်းလွန်၍လျှင် သားအတိတျာ ၃ နှစ်မင်းပြု၏။ထိုနောက် ညီသုပညာနဂရဆိန္န ၁၁ နှစ်ခင်းပြု၏။ ထိုမင်းလက်ထက်တွင် ရသေ့ပြည်ပျက်၏။ သုမနန္တရီလွန် သက္ကရာဇ် ၂ ခု။ အတိတျာမင်းပြုနှစ် ၃ နှစ်။ ညီသုပညာနဂရမင်းပြု ၁၁ နှစ်။ သုံးရပ်ကိုပေါင်း၍ ရသေ့ပြည်မပျက်မီသက္ကရာဇ် ၁၆ ခု။ ရသေ့မြို့ပျက်ပြီးနောံ မင်းမရှိလပ်သည် ၁၂ နှစ်။ပေါင်း ၂၈ နှစ်ဖြစ်၏။ သုမနန္တရီမင်းထားသည့် သက္ကရာဇ် ၂၉ ခုတွင် သမုဒ္ဒရာဇ်မင်းသည် ယုန်လွှတ်ကျွန်းတွင် ၁၉ ရွာကို တည်ထောင်၍ မင်းပြု၏။ ပုဂံ၌ သမုဒ္ဒရာဇ်မင်းမှ စ၍ မင်းရှစ်ဆက်မြောက်။ ကြောင်ဖူရစ်မင်းပြုသောအခါလျှင်။ သုမနန္တရီမင်း ဒေါဒေါရသဖြင့် ဖြိုပြီး သက္ကရာဇ် ၃၂၁ ခု ရောက်သတည်း။ ။

---

၁၂၂။ ပုဂံပြည်အနော်ရထာမင်းလက်ထက်၊ သုဝဏ္ဏဘူမိသထုံသာသနာတသွယ်၊နရပတိစည်သူမင်းလက်ထက်၊သီဟိုဠ်သာသနာတသွယ်အားဖြင့်၊မြန်မာတိုင်းနိုင်ငံသို့သာသနာနှစ်ကြောင်းနှစ်သွယ်ဆင်းသက်တည်ထွန်းသည်ကိုပြရာ။

ပုဂံ၌အစသမုဒ္ဒရာဇ်မင်းမှသည် ၂၁ ဆက်မြော် ပုပ္ပါးစောရဟန်းမင်းလက်ထက်ရောက်သောအခါ။ သုမနန္တရီမင်းထားသော သက္ကရာဇ်သည် ၅၆၂ ခုဖြစ်သတည်း။ ထိုသက္ကရာဇ်ကို ပုပ္ပါးစောရဟန်းသည် ခ ဆ ပဉ္စကိန်းဖြင့် ၅၆၂ ကိုဖြို၍၊အစွန်း ၂ ခုကိုသာဂေါဇာသက္ကရာဇ်

www.dhammaransi.com



၂,ခုဟူ၍ထားပြန်သတည်း။ ထိုပုပ္ပါးစောရဟန်းထားသော ၂ ခုသက္ကရာဇ်မှစ၍ ဂေါ်ဓာသက္ကရာဇ်,၄၁၉ ခု။ ဘုရားပရိနိဗ္ဗာန်စံတော်မူသည်မှ ၁၆၀၁ ခုနှစ်တွင်။ပုဂံ၌မင်း ၄၃ ဆက်မြောက်ဖြစ်သောအနော်ရထာမင်းစောသည်။ပုသိမ် သုံးဆဲ့နှစ်မြို့၊ ဟံသာဝတီ သုံးဆဲ့နှစ်မြို့၊မုတ္တမ သုံးဆဲ့နှစ်မြို့အားဖြင့် ပြည့်သောဒလူနေမှီသော ရာမညတိုင်းတလိုင်းသုံးရပ်ကို၊ သုဝဏ္ဏဘူမိသထုံပြည်၌ မနူဟာမင်းလက်ထက်အောင်၍၊ မနူဟာမင်းကိုရင်း၊အရှင်သောဏအရှင်ဥတ္တရတို့၏ သာသနာအနွယ်အဆက်ဖြင့် လာသော၊ အရှင်ဗုဒ္ဓဃောသမြန်မာအက္ခရာဖြင့် မဂဓဘာသာရေးကူးအပ်သော ပိဋကတ်သုံးပုံကိုရင်း၊ ရဟန်းသံဃာအပေါင်းကိုရင်း၊ သိမ်းယူခဲ့၍။ ပုဂံ၌ သက္ကရာဇ် ၄၁၉ ခုတွင် သာသနာတော်တည်စဖြစ်သတည်း။ ။

ပုဂံ၌ သာသနာတော်တည်စနှစ်မှသည် ၁၀၇ ခုမြောက်။ သီဟိုဠ်သာသနာနှစ် ၁၄၇၂ နှစ်မြောက်၊ ဘုရားပရိနိဗ္ဗာန်စံတော်မူသောနှစ်မှ ၁၇၀၀ နှစ်မြောက်။ပုပ္ပါးစောရဟန်းခဆပဥ္စဖြင့်သာသနာကိုဖြို၍ထားသောဂေါဓာသက္ကရာဇ် ၅၂၆ နှစ်မြောက်၊ရောက်သောနှစ်အခါ။သီဟိုဠ်၌သီရိသင်္ဃဗောဓိပရက္ကမဗာဟုမင်းပြု၍ ၁၀ နှစ်မြောက်ဖြစ်သတည်း။ထိုနှစ်၌လျှင်။ ထိုမင်းသည် သီဟိုဠ်သာသနာ၌၊မဟာဝိဟာရဝါသီဂိုဏ်း၊ အဘယဂိရိဝါသီဂိုဏ်း၊ ဇေတဝနဝါသီဂိုဏ်းဟု သုံးဂိုဏ်း ကွဲပြား၍ ရှိသည်တွင်၊ မဟာဝိဟာရဝါသီဂိုဏ်း ဆရာတို့၏ ဝါဒသို့ သက်၍။ သာသနာတော်အညစ်အကြေးဖြစ်သောအဘယဂိရိကျောင်းမှ၊ အနှစ် ၁၂၅၄ နှစ်တိုင်တိုင်စည်ပင်ပြန့်ပွါးသောမကောင်းသောအကျင့်သီလအာစာရရှိသော အဘယဂိရိဝါသီဂိုဏ်းသံဃာအပေါင်းကိုရင်း၊ ဇေတဝန်ကျောင်းမှ အနှစ် ၈၉၇ နှစ်တိုင်တိုင် စည်ပင်ပြန့်ပွါး၍ လာသော မကောင်းသော အကျင့်သီလအာစာရရှိသော ဇေတဝနဝါသီဂိုဏ်းသံဃာအပေါင်းကိုရင်း။ ဘုရားနှင့်ညီစွာနှိပ်၍၊စွန့်ပစ်ပယ်ရှား၍၊သာသနာတော်၌ ကောင်းသောအကျင့်သီလရှိသော မဟာဝိဟာရဝါသီဂိုဏ်းသံဃာ၏အပေါင်းဖြင့်တဂိုဏ်းတည်းသာတည်စေ၍၊ သာသနာတော်ကို၊ ပွတ်သစ်သောခရုသင်း၊ ထွန်းလင်းစွာသောဖလကဲ့သို့ရှိအောင်သီရိသင်္ဃဗောဓိပရက္ကမဗာဟုမင်းသည်သုတ်သင်ဆေးကြောပေသတည်း။ ထိုသုတ်သင်သောနှစ်၌ဂေါဓာသက္ကရာဇ်ကား ၅၂၇ ခုဖြစ်၏။ ။

www.dhammaransi.com



သီဟိုဠ်၌ သိရိသင်္ဃဗောဓိပရက္ကမဗာဟုမင်းသာသနာကိုသုတ်သင်သည်မှ ၆ နှစ်မြောက်၊ သာသနာတော် ၁၇၁၄ နှစ်။ ပုပ္ပါးစောရဟန်းထားသောသက္ကရာဇ် ၅၃၂ ခုရောက်သောအခါ၌။ သထုံနေ လောကီချာန်ရ ပြာဏာဒဿီမထေရ် တပည့်။ ကမုက်မြို့သား မဟာကာလ။ မဟာကာလတပည့် အရိယဝံသ။အရိယဝံသတပည့် ရာမညတိုင်းသား ဥတ္တရာဇီဝမထေရ်သည် ဆပဒရှာသား သာမဏေအလုပ်အကျွေးနှင့်တကွ ရဟန်းသံဃာများစွာတို့နှင့် သီဟိုဠ်သို့ စေတီဗောဓိတို့ကိုရှိခိုးအံ့ဟုကူးလေ၍၊ ထိုနှစ်ပင်၊ပုဂံပါ သံဃာ၊ မဟာဝိဟာရဝါသီဂိုဏ်းသံဃာတို့နှင့်တပေါင်းတည်း ဆပဒသာမဏေကိုပဉ္စင်းခံခဲ့၍၊ စေတီဗောဓိကိုရှိခိုး၍ ပုဂံသို့ပြန်ခဲ့၏။ ဆပဒမထေရ်မူကား ဆရာကို ခွင့်တောင်းလိုက်၍ သီဟိုဠ်၌ပင် ဆယ်ဝါတိုင်တိုင်ပိဋကတ်သုံးပုံကိုကတ်အောင်သင်ပြီးမှ၊သီဟိုဠ်သံဃာ၊မဟိန္ဒ၊သီဝလိ၊အာနန္ဒာ၊ရာဟုလာ။ ဤမထေရ်လေးပါးကိုသဘောညှိ၍ ဇမ္ဗူဒိပ်သို့ကူးခဲ့သော်၊ ဝါလုနီးသဖြင့် ပုသိမ်မြို့တွင်ဝါဆိုခဲ့ပြီး၍၊ပုဂံ၌ သထုံသာသနာ ၁၂၄ နှစ်။ စောရဟန်းသက္ကရာဇ် ၅၄၃ ခု။ ပုဂံ၌ မင်းဆက်ငါးဆယ်မြောက်၊နရပတိစည်သူမင်းပြု၍ ၁၀ နှစ်ရောက်သောအခါတွင် ပုဂံသို့ရောက်လာကုန်၍။သီဟိုဠ်သာသနာလည်းပုဂံ၌တည်သတည်း။ထိုအခါဘုရားသာသနာတော်နှစ်ကား ၁၇၂၅ ဖြစ်သတည်း။ ။

---

၁၂၃။ ပုဂံပြည်ရောက်၊သထုံသာသနာ
သီဟိုဠ်သာသနာတို့မှဆင်းသက်၍၊ပင်းယ၊စစ်ကိုင်း၊အင်းဝ
တိုင်အောင်မြန်မာ့တိုင်းနိုင်ငံ၌အစဉ်မပြတ်သာသနာ
တော်ထွန်းလင်းသည်ကိုပြရာ။

ဤသို့၊သုဝဏ္ဏဘူမိ၌ အရှင်သောဏအရှင်ဥတ္တရတို့ပြုသောသာသနာ၊ သီဟိုဠ်၌ အရှင်မဟိန္ဒပြုသော သာသနာအားဖြင့် သာသနာနှစ်ပါးပြန့်ပွါးစည်ပင်သောပုဂံပြည်၌၊ နရပတိစည်သူမှ ၆ ဆက်မြောက်ဖြစ်သောနန်းကျကျော်စွာသည်စောရဟန်းထားသောသက္ကရာဇ် ၆၄၀ ခု၌တွင်မင်းပြု၏။ ထိုမင်းမင်းပြု၍ ၁၄ နှစ်၊ သက္ကရာဇ် ၆၆၂ ခုတွင်၊ ရာဇသင်္ကြံ၊ အသင်္ခယာ၊ သီဟသူ၊ ဤအမတ်သုံးယောက်တို့ မြင်ဆိုင်း၌ မြို့

www.dhammaransi.com



တည်၍၊ ကျောက်စွာမင်းကိုပင့်ခေါ်၍ရောက်လျှင် ဘိမ်း၍၊ ထိုအမတ်သုံး ယောက်မင်းပြု၍၊ရာဇသင်္ကြိုမြင်စိုင်း၌နေ၏။ အသင်္ခယာ မက္ခရာ၌နေ ၏။သီဟသူ ပင်လယ်၌နေ၏။ ထိုအကြောင်းကိုကြား၍ ကျောက်စွာသား စောနစ်သည် ပုဂံ၌ နန်းတက်၍ မင်းပြု၏။ မင်းပြု၍ ၂၂ နှစ်နေ၍ လွန် လျှင်။ စောနစ်ညီ မွန်နစ်သည် သက္ကရာဇ် ၆၀၄ ခုတွင် ပုဂံ၌ မင်းပြု၍ စည်းစိမ် ၄၅ နှစ်နေ၍ လွန်၏။ ထိုမွန်နစ်တွင် ပုဂံ၌ မင်းဆက်ပြတ်၏။ ပုဂံ၌ နန်းဆက်ပြတ်သော သက္ကရာဇ်ကား ၇၂၆ တည်း။ ဘုရားလွန် တော်မူသည်မှ ၁၉၁၁ နှစ်တွင် ပုဂံနန်းဆက်ပြတ်သတည်း။ ပုဂံ၌ အ နော်ရထာစောလက်ထက်မှစ၍ မွန်နစ်တိုင်၊ သာသနာတည်သောနှစ် ပေါင်းကား ၃၀၀ နှစ်တည်း။ ။ရာမညတိုင်း သုဝဏ္ဏဘူမိဖြစ်သော သထုံ၌ သာသနာတည်သော နှစ်ပေါင်းကား အရှင်သောဏုတ္တရတို့ သာသနာပြုစ၊ မဟာသိရိမာသောကမင်းမှသည် သထုံနန်းဆက်ပြတ် မနူဟာမင်းတိုင်အောင် ၁၃၆၅ နှစ်တည်း။ ။

သီဟသူသည်ပင်လယ်၌ ၁၂ နှစ်နေ၍စောရဟန်းသက္ကရာဇ် ၆၇၄ ခု တွင် ပင်းယ၌ မြို့နန်းတည်၍ မင်းပြု၏။ သီဟသူမှစ၍ ပင်းယ၌ မင်း ခြောက်ဆက်တည်း။ ထိုခြောက်ဆက်မင်းတို့ စိုးအုပ်သော နှစ်ပေါင်း ကား ၅၂ နှစ်တည်း။ ။

ပင်းယမြို့တည် သီဟသူသား သင်္ခယာစောယွမ်းသည် သာသနာ တော်နှစ် ၁၀၆၆ နှစ်။ စောရဟန်း သက္ကရာဇ် ၆၀၄ ခုတွင် စစ်ကိုင်း အရပ်၌မြို့နန်းတည်၍မင်းပြု၏။ စစ်ကိုင်း၌ အသင်္ခယာစောယွမ်းမှစ၍ ၇ ဆက်မင်းပြု၏။ ထို ၇ ဆက်မင်းတို့မင်းပြု၍ အုပ်စိုးသည့် နှစ်ပေါင်း ကား ၄၁ နှစ်တည်း။သာသနာတော်နှစ် ၁၉၀၇ နှစ်၊သက္ကရာဇ် ၇၂၅ ခု တွင်စစ်ကိုင်းမင်းနေပြတ်၏။ ။

စစ်ကိုင်းမြို့တည် အသင်္ခယာစောယွမ်းမြေး၊ သတိုးမင်းဖျားသည် သာသနာတော်သက္ကရာဇ် ၁၉၀၀ နှစ်၊ ပုပ္ပါးစောရဟန်း ထားသည့် သက္ကရာဇ် ၇၂၆ နှစ်အခါ၊ တပေါင်းလဆန်း ၆ ရက်၊ အင်္ဂါနေ့၊ ပုဏ္ဏ ဖုသျှနက္ခတ်မွန်းတည့်အခါတွင်ရတနာပုရပြည်ကြီးကိုတည်၍ ရွှေထီး ရွှေနန်းကိုဆောက်၍ မင်းပြုသတည်း။ ရတနာပုရပြည်ကြီးတည်သည့် နှစ်မှနောက် ၃ နှစ်။ သက္ကရာဇ် ၇၂၉ ခုရောက်သောအခါ၊ ပုဂံ၌ မွန်နစ် စည်းစိမ် ၄၅။အသက် ၆၄ နှစ်ပြည့်၍ သေလွန်သဖြင့် မင်းဆက်ပြတ်

www.dhammaransi.com



သတည်း။ သာသနာတော်သည် ရတနာပုရပြည်ကြီးသို့ရောက်သဖြင့် သက္ကရာဇ် ၇၂၆ ခု။ သာသနာတော်နှစ် ၁၉၀၈ နှစ်၌ ရတနာပုရပြည် တည်ထောင်သောသတိုးမင်းဖျားမှစ၍ သုံးကျိပ်သုံးယောက်သောမင်း ဆက်ရောက်ပြီးသည့်တိုင်အောင် ဆောင်ရွက်စောင်မ အုပ်ချုပ်ထိန်း သိမ်းသဖြင့် ရတနာပုရပြည်ကြီး၌ မြတ်စွာဘုရားသာသနာတော်စည် ပင်ပွင့်လင်းထွန်းပသောအခါသာသနာတော်နှစ် ၂၃၁၆ နှစ်၊သက္ကရာဇ် ဂေါဇာ ၁၁၃၄ နှစ်တွင်ဤကျမ်းသစ်ဖြစ်သတည်း။ ။

---

၁၂၄။ သုဝဏ္ဏဘူမိသထုံပြည်၊မဟာသိရိမာ
သောကမင်းလက်ထက်၊အရှင်ဂဝမ္ပတိထေရ်ပင့်ဆောင်
ခဲ့သောသွားတော်ဓာတ် ၃၃ ဆူတို့ကိုဌာပနာ၍ဇူဠ္ဌမနုတောင်၌၊
ကျောက်စေတီ ၃၃ ဆူတည်ခြင်း။နောက်သိရိမာ
သောကမင်းလက်ထက်ရာမညတိုင်း ၃ ရပ်၌
ပျံ့နှံ့တည်ထားခြင်းတို့ကိုပြရာ။

ရာမညတိုင်း၊သုဝဏ္ဏဘူမိဖြစ်သောသထုံပြည်၌ကားသာသနာတော် သာတည့်သည်မဟုတ်။ မြတ်စွာဘုရား၏ သုံးဆဲ့သုံးချောင်းသောသွား တော်ဓာတ်တို့သည်လည်းကည်ကုန်၏။ အကြောင်းကား ဤသို့တည်း။ မြတ်စွာဘုရားသည်ဘုရားအဖြစ်သို့ရောက်၍ရှစ်ဝါမြောက်ဝါဆိုတော် မူ၍ ဒေသစာရီကြွတော်မူသဖြင့်၊ မိဓိလာပြည်သို့ရောက်တော်မူသော အခါ၊ ပဌမဝါ၌ ရဟန်းပြုသော ဂဝမ္ပတိမထေရ်သည်၊ ရာမညတိုင်း သထုံပြည်၌ ရှေးဘဝက ဆွေမျိုးဖြစ်ဘူးသောသူတို့ကို ဒိဗ္ဗစက္ခုဖြင့် မြင်တော်မူ၍ သနားသဖြင့် မိဓိလာမှ ကောင်းကင်ခရီးဖြင့် သထုံမြို့သို့ ကြွတော်မူလေ၏။ ထိုအခါ သထုံပြည်၌ မဟာ သိရိမာသောကမင်း သည် မင်းပြု၏။ဂဝမ္ပတိမထေရ်သည် မင်းစသောပရိသတ်အား တရား ဟောသဖြင့်မင်းသည်ရတနာသုံးပါး၌ကြည်ညို၍မထေရ်အားလျှောက် ၏။ အရှင်ဘုရား၊ အကျွန်ုပ်တို့သည် တရားတော်ကိုလည်း နာရကုန်ပြီ။ သံဃာတော်ကိုလည်း ဖူးမြင်ရ ကုန်ပြီ။ မြတ်စွာ ဘုရား~~အား~~ ဖူးမြင်ရ ကြောင်းကို ကြံတော်မူပါဟု လျှောက်သဖြင့် ဂဝမ္ပတိ မထေရ်သည် ကောင်းပြီဟုဝန်ခံ၍ ပြန်ခဲ့သဖြင့် မိဓိလာသို့ရောက်သော်။ ဘုန်းတော်

www.dhammaransi.com



ကြီးသော မြတ်စွာဘုရား။ ကိုယ်တော်မြတ်ဘုရားသည် သထုံပြည်သို့ ကြွတော်မူပါဟု လျှောက်တောင်းပန်လျှင်။ မြတ်စွာ ဘုရားသည် နှစ်သောင်းမျှလောက်သောသံဃာအခြံအရံနှင့်တကွ ကောင်းကင်ခရီးဖြင့် မိမိလာမှ ကြွတော်မူ၍။ သထုံမြို့မှ အရှေ့အရပ်၊ ဇာနုမခနုတောင်ထိပ်၌ ကောင်းကင်မှ သက်၍ နေတော်မူ၏။ ထိုအခါ မဟာသိရိမာသောက မင်းမှစ၍ ပြည်သူ ပြည်သားတို့သည် ဖူးမြင် ဆည်းကပ် လာကုန်၏။ မြတ်စွာဘုရားတရားဟောတော်မူသဖြင့် မင်းစသောပရိသတ်တို့သည် သရဏဂုံပဥ္စသီတည်ကုန်၏။ မြတ်စွာဘုရား အမှူးရှိသော သံဃာအား လုပ်ကျွေးလှူဒါန်းပူဇော်ကုန်၏။ ထိုအခါ ထိုအရပ်၌ရှိကုန်သော ရသေ့ ခြောက်ယောက်တို့သည် ဘုရားကို ကြည်ညိုသဒ္ဓါသဖြင့် နောက်အခါ ကိုယ်တော်စား ကိုးကွယ်ရန် တောင်းပန်ကုန်လျှင် ဦးခေါင်းတော်ကို လက်ဖြင့်သုံးသပ်၍ ဆံတော်ခြောက်ချောင်းကို တဆူစီရသေ့တို့အား ပေးအပ်တော်မူ၏။ မဟာသိရိမာသောကမင်းကဆံတော်ပေးတော်မူပါဟုလျှောက်တောင်းပန်သည်ရှိသော်။ ဒါယကာမင်းကြီးအား ဆံတော်ကိုမအပ်သင့်။ ဤနှစ်မှ ၃၇ နှစ်မြောက်၏အထက်၌ငါ၏သွားတော်ခတ် ၃၃ ဆူကို ဒါယကာမင်းကြီးကိုးကွယ်ရလတ္တံ့ဟု မိန့်တော်မူ၍။ ရာမညတိုင်း၌လည်း နောင်သောအခါ ငါ၏သာသနာတည်ပေလတ္တံ့ဟု နှလုံးသွင်း၍၊ ထိုဇာနုမခနုတောင်၌ ၃၃ ဌာနသောအရပ်တို့၌ ဖလသမာပတ် ဝင်စား၍။ထိုင်နေတော်မူခဲ့ပြီးမှ မဇ္ဈိမဒေသသို့ ပြန်ကြွတော်မူခဲ့၏။ ပရိနိဗ္ဗာန် စံဝင်တော် မူလှုနီးတွင်။ မစံမဝင်ခင်။ အရှင်ဂဝမ္ပတိအား၊ ငါဘုရား၏ သွားတော်ခတ် သုံးဆဲ့သုံးဆူကို ထင်းပုံထက်မှ ယူပြီးလျှင်။ ရာမညတိုင်း၊ ခွန်လှိုင်းပြည့်စုံ၊ သထုံပြည်ကြီးအရှင်၊ဘုရင်ရာဇာ၊မဟာသိရိမာသောကမင်းကြီးအား ဆောက်နှင်း ပေးအပ်ရမည်ဟု။ ဗျာဒိတ်စကား။ မိန့်ကြားသမျှ၊ ဝန်ပြု၍ထားခဲ့သဖြင့်။ ဘုရားပရိနိဗ္ဗာန်စံဝင်သည့်အခါ၊ မှာတော်မူခဲ့သော ဗျာဒိတ်တော် မပျက်စေဘဲ။ ထင်းပုံထက်မှ။ သွားတော်ခတ် ၃၃ ဆူကို အရှင် ဂဝမ္ပတိမထေရ်ယူ၍ သထုံပြည်၌ မဟာသိရိမာသောက မင်းကြီးအား အပ်ပေးတော်မူလေ၏။ မင်းကြီးလည်းသွားတော်ခတ် ၃၃ ဆူတို့ကိုရလျှင်ဝမ်းမြောက်ဝမ်းသာဖြစ်၍ သန့်ရှင်းစင်ကြယ်စွာ ရေဖြင့် ဆေး၍။ ထိုဇာနုမခနုတောင်ဝယ် မြတ်စွာ ဘုရား ဖလသမာပတ်ဖြင့် ထိုင်နေရာ ဖြစ်သော ၃၃ ဌာန အရပ်တို့၌

www.dhammaransi.com



ဂဝမ္ပတိမထေရ်ရှေးညွှန်ပြသဖြင့် ဋ္ဌပနာ၍၊ကျောက်စေတီငယ် ၃-၃ ဆူ တည်လျက်။ မင်းမှစ၍ အလုံးစုံသော ပြည်သူပြည်သားတို့သည် ရှိခိုး ကိုးကွယ် ပူဇော်သက္ကာရ နိစ္စမပြတ်ပြုကုန်၏။ ထိုမဟာသိရိမာသော ကမင်းမှစ၍ သထုံပြည်၌ ထီးဆောင်းမင်း အဆက်ဆက်တို့သည်ဝင်း။ ရာမညတိုင်းသူတို့သည်ဝင်း။ကိုးကွယ်ကုန်၏။ ။

မြတ်စွာဘုရား လွန်တော်မူသည်မှ ၂၃၆ နှစ်အခါ၊ တတိယသင်္ဂါ ယနာတင်ပြီးနောက်။ အရှင် မောဂ္ဂလိပုတ္တတိဿမထေရ် သာသနာပြု စေအပ်သောအရှင်သောဏ၊အရှင်ဥတ္တရထေရ်နှစ်ပါးတို့သည် မိမိတို့ နှင့်တကွ ပဉ္စဝဂ်သံဃာကိုယူ၍ ရာမညတိုင်း သုဝဏ္ဏဘူမိသို့ ကြွတော် မူလာကုန်၏။ ထိုရောအခါ သုဝဏ္ဏဘူမိ၌ သိရိမာသောက အမည် ရှိ သောမင်းသည်မင်းပြု၏။သထုံပြည်သည် ထိုအခါ သမုဒ္ဒြာနှင့်နီးသည် ဖြစ်ရကား မင်း၏နန်းတော်၌ ဖွားတိုင်းဘွားတိုင်းသော သူငယ်တို့ကို သမုဒ္ဒြာရေစောင့်ဘီလူးမသည် မိမိအခြံအရံနှင့်တကွ လာ၍လာ၍စား လေ၏။ ထိုမထေရ်တို့ရောက်လာတော်မူစဉ်အခါလည်း မင်းအိမ်၌သား ဘွားခိုက်ကြိမ်သဖြင့်။ အလုံးစုံသော ပြည်သားတို့သည် မထေရ်တို့ကို မြင်ကုန်သော်။ ရေစောင့်ဘီလူးဟု ထင်မှတ်ကြကုန်၍။ ထားလှံစသည် လက်စွဲကုန်လျက် ဟစ်အော် ကြွေးကြော်ကြကုန်၏။ ထိုသို့ဟစ်အော် ကြွေးကြော်ကြသည်ကိုမြင်လျှင်။ မထေရ်တို့က သင်တို့သည် အဘယ့် ကြောင့် ဤကဲ့သို့ပြုကြကုန်သနည်းဟု မေးကုန်၏။ ထိုအခါ ဟစ်အော် ကြွေးကြော် ကြကုန်သော ပြည်သားတို့က၊ သင်တို့သည် ရေစောင့် ဘီလူးဖြစ်ကြကုန်၏။ထိုကြောင့်ငါတို့သည် ဆီးတားကွယ်ကာအံ့သော ငှါ ဟစ်အော်ကြွေးကြော်ကြကုန်သည်ဟု ဆိုကုန်၏။ ထိုအခါမထေရ် တို့က၊ငါတို့သည် ရေစောင့်ဘီလူးမဟုတ်ကုန်၊ ရဟန်းတို့တည်းဟုဆို ကုန်၏။ထိုစကားကိုကြားလျှင် ပြည်သားတို့သည်ထားလှံစသောလက် နက်တို့ကိုချကြကုန်ပြီး၍ မထေရ်တို့ကိုရိုသေစွာရှိခိုးလျက် ထိုင်နေကြ ကုန်၏။ ထိုခဏ၌ပင်လျှင် အသော်အပေါင်းငါးရာနှင့်တကွ ရေစောင့် ဘီလူးမလာသည်ကို မြင်ကြကုန်သဖြင့်၊ပြည်သားတို့သည် အလွန်လျှင် ထိတ်လန့် ကြောက်ရွံ့ခြင်းဖြစ်ကြကုန်၍ ဟစ်အော် ကြွေးကြော်ကြပြန် ကုန်၏။ ထိုအခါမထေရ်တို့သည် ဘီလူးမတို့ထက် ကိုယ်နှစ်ဆတက်၊ အရေအတွက်နှစ်ဆတက်။ကြောက်မက်ဘွယ်ကောင်းလှသောမနုဿဘီ

www.dhammaransi.com



ဟာအသွင်ဘန်ဆင်း၍ ဝန်းရံကြသည်ကို ဘိလူးမတို့မြင်လျှင်။ယခုအခါ ငါတို့သည် ဤသူတို့၏အစာဖြစ်ချေကုန်ပြီဟု ကြောက်ခြင်းပြင်းစွာဖြစ်၍ ပြေးလေကုန်၏။ မထေရ်တို့လည်း နောက်ထပ်လိုက်ကုန်၍ ဝေးစွာ ပြေးလေစေကုန်၏။နောက်ကိုတဘန်ပြန်၍မလာဝံ့စေခြင်းငှါ၊ ထိုကျွန်း အနှံ့ လှည့်လည်ကြလျက် ပြဟ္မဇာလသုတ်ကို ရွတ်၍ အရန်း အတား ပြုကုန်၍ ပြန်ခဲ့ကြကုန်ပြီးလျှင် ထိုပြည်သူပြည်သား အစည်း အဝေး၌ လည်း ပြဟ္မဇာလသုတ်ကိုပင် ဟောတော်မူ၏။ ဟောတော်မူသောအ ဆုံး၌ ခြောက်သောင်းသော ပရိသတ်တို့သည် အကျွတ်တရားရကုန် ၏။ ၃၅၀၀ ကုန်သောမင်းချင်းယောကျ်ားတို့သည်၎င်း၊ ၁၅၀၀ သော မိန်းမတို့သည်၎င်း၊ ရဟန်းယောကျ်ား ရဟန်းမိန်းမ ပြုကြကုန်၏။ ထို အခါမှစ၍ သထုံပြည်တွင် မင်း၏အိမ်၌ ဘွားသောသူငယ်ကို သော ဏုတ္တရဟူသောအမည်ကိုမှည့်ကုန်၏။ ထိုအရှင်သောဏုတ္တရမထေရ် တို့ဘန်ဆင်းသော မနုသီဟအရုပ်ကိုလည်း ကျောက်ဖြင့် လုပ်၍။ ထို သထုံမြို့၏ အရှေ့မြောက်ယွန်း၊ ဇာန္တဓနုတောင်ထိပ်၌ ထားကုန်၏။ ရွှေ ပြား ငွေပြားတို့၌လည်း ထိုအရုပ်ကိုရေးထု၍ ရာမညတိုင်း၌ ဘွားသော သူငယ်တို့၏လည်၌၎င်း၊ ထိပ်၌၎င်းဆင်စေ၍ ကိုးကွယ်ကုန်၏။ ။ထို အခါသိရိမာသောကမင်းသည်မထေရ်တို့ကို၊အရှင်ဘုရားတို့၊အကျွန်ုပ် တို့သည် မြတ်စွာဘုရား၏တရားတော်ကိုလည်းနာရကုန်ပြီ။သံဃာတော် တို့ကိုလည်း ကိုးကွယ်ရကုန်ပြီ။ မြတ်စွာဘုရား၏သရီရဓာတ်ကို မကိုး ကွယ်ရကုန်သေးဟူ၍ လျှောက်လျှင်။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော် မူစက ဂဝမ္ပတိမထေရ် ၃၃ ချောင်းသောသွားတော်ကို ထင်းပုံထက်မှ ယူ၍ မဟာသိရိမာသောက မင်းကြီးအား ပေးအပ်သဖြင့်၊ ထို ဓာတ် တော်တို့ကိုဌပနာ၍ စေတီတည်၍ ကိုးကွယ်အပ်သော။ ၂၃၆ နှစ်တိုင် ကာလရှည်မြင့်သဖြင့် တောချုံ အုပ်ဖုံး၍ တိမ်မြုပ်လေပြီးသော စေတီ ၃၃ ဆူတို့ကို အရှင်သောဏုတ္တရ မထေရ်တို့ ညွှန်ပြသဖြင့်။ ထိုသွား တော် ဓာတ်တို့ကို သိရိမာသောကမင်းကြီး ဘော်ထုတ်၍၊ ရွှေကြုတ် ၃၃ လုံးတို့ကို လုပ်စေ၍၊ သွားတော်တို့ကို ရွှေကြုတ်တို့၌ တဆူစီသွင်း ၍။ ထိုရွှေကြုတ်တို့ကို ရွှေဖျဉ်းတို့၌ တလုံးစီထည့်၍။ သထုံမြို့၏ အရှေ့ မြောက်ယွန်း ဇာန္တဓနုတောင်ဝှမ်း၌ ဌပနာတိုက် ၃၃ တိုက်လုပ်ပြီးသော်။ ထိုရွှေဖျဉ်းတို့ကို ထိုတိုက်တို့၌သွင်းထားပြီးသောအခါ သိရိမာသောက

www.dhammaransi.com



မင်းကြီးသည် ဤသို့သစ္စာဓိဋ္ဌာန်ကိုပြု၏။ အကယ်၍တည်း သဗ္ဗညုမြတ်စွာဘုရားသည် ခပ်သိမ်းကုန်သောသတ္တဝါတို့၏ အကျိုးစီးပွါးအလို့ငှါ ဘုရား ဖြစ်တော်မူပါသည်ဖြစ်အံ့။ ဤသွားတော်ခတ်တို့ သည်လည်း မြတ်စွာဘုရားသွားတော်စင်စစ်မှန်သည်ဖြစ်အံ့။ ဤသွားတော်ခတ်တို့သည် ရွှေကြုတ် ရွှေဖျဉ်းနှင့်တကွ ဌပနာဝိုက်မှ ပျံထွက်၍ ကိုးကွယ်ထိုက်သောဝေနေယျရှိရာအရပ်၌ သက်၍ ကိန်းဝပ်တော်မူပါစေကုန်သတည်းဟု သစ္စာဓိဋ္ဌာန်ပြု၏။ ထိုမင်းသစ္စာဓိဋ္ဌာန်ပြုသည်၏အခြားမဲ့၌ပင် ၃၃ ခုသောတိုက်တို့မှထွက်၍ထိုရာမညတိုင်း၌ဟံသာဝတီ ၁၁ မြို့၊ ပုသိမ် ၁၁ မြို့၊ မုတ္တမ ၁၁ မြို့အားဖြင့် ၃၃ ပါးသော အရပ်တို့၌ ကိန်းဝပ်တော်မူလေကုန်၏။ ထိုအကြောင်းကို ထိုထိုသို့သောအရပ်သားတို့ ကြားသျှောက်လာကုန်သဖြင့်ရင်း၊ မထေရ်တို့ နတ်မျက်စိဖြင့် မြင်သိ၍ ကြားသဖြင့်ရင်း၊ သီရိမာသောကမင်းကြီးသိ၍၊ ထိုထိုသို့သော အရပ်သားတို့ကိုစေတီတည်၍ကိုးကွယ်ပူဇော်သက္ကာရပြုလေစေ၏။ ။

ထိုစေတီ ၃၃ ဆူတို့တွင်ဟံသာဝတီမြို့အနောက်တောင်နားအတွင်း၌တည်ရှိသော ရွှေမောဓောစေတီသည် တဆူပင်တည်း။ ထိုစေတီကို ရှေး၌ မုဓေါဝါစေတီဟူ၍ သမုတ်၏။ ။ရာမညတိုင်း သထုံမြို့၌၊သာသနာတည်စဖြစ်သော သီရိမာသောကမင်းမှသည် မနူဟာမင်းတိုင်၊အနှစ် ၁၃၉၇ နှစ်ပတ်လုံး သာသနာတော်တည်ပြီးမှ၊ မနူဟာမင်းလက်ထက်။ ပုဂံပြည် အနော်ရထာစော စစ်ပြု၍ ရာမညတိုင်းကို အောင်လျှင်၊ မနူဟာမင်းနှင့် တကွ ရဟန်းသံဃာ ပိဋကတ်စာပေတို့ကို သိမ်းယူခဲ့သဖြင့်သထုံပြည်၌မင်းနေပြတ်ပြီးသော်၊သထုံ၌မင်းမျိုးမင်းနွယ်ဖြစ်သောမင်းသည် ဟံသာဝတီမြို့၌နေ၍။ ရာမညတိုင်းကို တဘန်အသီးစိုးအုပ်၍ မင်းပြုပြန်၏၊ ထိုမင်းမှ ၈၉ ဓမ္မစေတီမင်းသည် မုဓေါဝါစေတီကိုမျိုမံ၍ တည်ပြန်၏။ ပုပ္ပါး စောရဟန်း မြို့ပြီးနောက်၊ သက္ကရာဇ် ၇၁၀ တွင် မျိုမံ၍တည်သတည်း။ သာသနာတော် နှစ်ကား ၁၈၉၂ ခုတည်း။ ထိုမင်း ၃၅ နှစ်မင်းပြု၏။ ။ထိုမင့်းသား သုတသောမလည်း သက္ကရာဇ် ၇၄၅ ခုတွင် မင်းပြု၍ တဘန် မျို၍ တည်ပြန်၏။ ထိုအခါ သာသနာ ၁၉၂၇ နှစ်ဖြစ်၏၊သုတသောမသည် ၃၈ နှစ်မင်းပြု၏။ ။ထိုမင်းနေ၀် ၉ ဆက်မြောက်ဖြစ်သောမင်းသည် သာသနာတော် ၂၀၀၂ နှစ်၊သက္ကရာဇ် ၈၂၀ ပြည့်တွင် သားတော် ရာမာဓိပတိမင်းအား ရာမညတိုင်း၌

www.dhammaransi.com



မင်းအဖြစ်ကိုပေး၍ရဝေါစေတီကိုတဘန်မျှိမ်၍တည်ပြန်စေသတည်း။ ၅ နှစ်မှပြီး၏။ထိုအခါ သာသနာ ၂၀၀၇ ဖြစ်၏။ ပုပ္ပါးစောရဟန်းထား သောသက္ကရာဇ် ဂ၂၅ ချဖြစ်သတည်း။ ။

---

## ၁၂၅။ တပုဿဘလ္လိကတို့ပင့်ဆောင်၍ဥက္ကလ ဇနပုဒ်၊သိင်္ဂုတ္တရတောင်၌တည်ရှိသောဆံတော်ရှင်စေတီ ကဆူ။ရှင်အနုရုဒ္ဓါစသောရဟန္တာ ၆ ပါးတို့ပင့်ဆောင်၍မဇ္ဈိမ ဒေသမှအနောက်တောင်၊ပစ္စန္တဒေသ၌တည်ရှိသော ဆံတော်ရှင်စေတီ ၆ ဆူတို့၏အဋ္ဌုပ္ပတ်ကိုပြရာ။

မြတ်စွာဘုရား၏ ဆံတော်ဓာတ်သည် ရာမညတိုင်း ဥက္ကလဇနပုဒ်၌ တပုဿ ဘလ္လိက ညီနောင်တို့အား ကိုးကွယ်စိမ့်သောငှါ ၃ ဆူစိအပ် ပေးသဖြင့် ထိုဇနပုဒ်၏ အရှေ့တောင်၊ သိင်္ဂုတ္တရကုန်း၌ တည်တော်မူ ၏။ ။မဇ္ဈိမဒေသ၏ အနောက်တောင် အရပ်၊ ပစ္စန္တဒေသ၌လည်း၊ ၆ ဆူသောဆံတော်ဓါတ်တို့သည်တည်ကုန်၏။တည်သောအကြောင်း ကား။ မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ။ အနု ရုဒ္ဓါ။ သောဘိတ။ ပဒုမုတ္တရ။ ဂုဏသာဂရ။ ဥာဏပဏ္ဍိတ။ ရေဝတ။ ဤရဟန္တာ ၆ ပါးတို့သည်မြတ်စွာဘုရားမှပေးသောအရပ်၌နေသော သူ တို့အားသနားသဖြင့် ကိုယ်စားတော်ကိုးကွယ်ရန်တောင်းပန်လျှောက် ထားသဖြင့်။ ထိုမထေရ် ၆ ပါးတို့အား ဆံတော်ဓာတ်တဆူစီပေးအပ် တော်မူသည်ရှိသော်။ မထေရ်တို့သည် ကောင်းကင်ခရီးဖြင့် သွား၍၊ ထိုပစ္စန္တဒေသ၌ ကောင်းကင်မှသက်၍။ ထိုပစ္စန္တဒေသ၏တောင်မျက် နှာအတွင်း၌။ အရပ်၏ အဆင်းနှင့်တူသော မွေလျှော်ဘွယ်ရှိသော မြေ အရပ်၌။အရှင်အနုရုဒ္ဓါမှ ဆံတော်တဆူကိုဌာပနာ၍။ သိကြားမင်းကိုဒါ ယကာခံစေ၍ စေတီတည်စေ၏။ ။ထိုအရပ်မှ သုံးဂါဝုတ်ကွာသော တောင်မျက်နှာ အရပ်ဝယ် အထူးထူးသောသဲတို့ဖြင့် ပြွမ်းသော၊ မွေ့ လျော်ဘွယ်ရှိသောအရပ်၌၊အရှင်သောဘိတမှဆံတော်ဓာတ်တဆူကို ဌာပနာ၍။ ပစ္စုပ္ပန်နတ်ကိုဒါယကာခံစေ၍ စေတီ တည်စေ၏။ ။ ထိုမထေရ်တို့သည် ထိုအရပ်မှ နစ်ခဲ့၍၊ သမုဒ္ဒါကမ်းနား၌၊ အရှင်ပဒု မုတ္တရမှဆံတော်ဓာတ်တဆူကိုဌာပနာ၍. ထိုသမုဒ္ဒါ၌စောင့်သောမကာ

www.dhammaransi.com



မေခလာနတ်သမီးကို စေတီဒါယိကာမခံစေ၍ စေတီတည်၏။ ။ထို စေတီမှမြောက်အရပ်၌၊ ချမ်းမြေ့သောအရိပ်ရှိသော ပညောင်ပင်ကြီး၏အနီး၌၊ထိုခဏရောက်လာသော သဒ္ဓါတရားနှင့်ပြည့်စုံသောသဘော သူကြီးကို ဒါယကာခံစေ၍ အရှင်ဂုဏသာဂရမှ ဆံတော်တဆူကိုဌာပနာ၍စေတီတည်စေ၏။ ။ထိုအရပ်မှအရှေ့မျက်နှာအဘို့၌၊ဂင်္ဂါအနီး မွေ့လျော်ဘွယ်ရှိသော အရပ်၌၊ အရှင်ဥာဏပဏ္ဍိတမှ ဆံတော်ခါတ် တဆူကိုဌာပနာ၍ ဝရဏမည်သောနဂါးမင်းကို ဒါယကာခံစေ၍ စေတီ တည်စေ၏။ ။ထိုစေတီမှ မြောက်အရပ်၌၊ ထိုပစ္စန္တဒေသမှဖူးမြင်လို ကုန်သော သူတို့အား အလားအလာနှင့် ပြည့်စုံသော မွေ့လျော်ဘွယ် ရှိသောအရပ်၌၊ ထိုခဏ၌ ရောက်လာကြကုန်သော သွေ့ချနစ်စင်းသား ကျည်းလူမျိုးဖြစ်သောကုန်သည်တို့ကို ဒါယကာခံစေ၍ အရှင်ရေဝတ မှ ဆံတော်ခါတ်တဆူကို ဌာပနာ၍ စေတီ တည်စေ၏။ ။ဤစေတီ ၆ ဆူတို့သည် သာသနာတော် အနှစ်ငါးထောင်တို့ပတလုံးလျှင် တည် ကုန်လတ္တံ့။ သာသနာတော် နှစ်ထောင့်ငါးရာအတွင်း၌ကား ထိုအရပ် သည် လူနေနည်းပါးသည်ဖြစ်၍ ပူဇော်သက္ကာရနည်းပါးလတ္တံ့။သာသ နာတော် နှစ်ထောင့်ငါးရာ လွန်သည်မှ နောက်၌ကား ထိုအရပ်သည် စည်ပင်ပြန့်ပွါးလူသူများသဖြင့် ပူဇော်သက္ကာရ ထုပြောစွာဖြစ်လတ္တံ့။ စေတီ ၆ ဆူလုံးကို ချနစ်ကြိမ်စိတ်ထပ်ပွါးမျိုမံ၍ စေတီတည်လတ္တံ့။တန်း ခိုးရှိန်စော် အာနုဘော်ထွန်းပစွာဖြစ်လတ္တံ့ဟူ၍။ ထိုမထေရ် ၆ ပါးတို့ သည် မြတ်စွာဘုရားမှ ဆံတော်ခါတ်တို့ကိုရ၍ သွားလေကုန်ပြီးသော နောက်၌ အရှင်အာနန္ဒာမြတ်စွာဘုရားအားမေးလျှောက်သဖြင့်မြတ်စွာ ဘုရားဗျာဒိတ်ကြားတော်မူခဲ့သတည်း။ ။

---

## ၁၂၆။ ဂေါတမမြတ်စွာဘုရား၏ကိလေသ ပရိနိဗ္ဗာန်၊ခန္ဓပရိနိဗ္ဗာန်၊ဓာတုပရိနိဗ္ဗာန်ဟူသော ပရိနိဗ္ဗာန် ၃ ပါးတို့ကိုပြရာ။

ဤဇမ္ဗူဒိပါကျွန်းထက်၌ သာသနာတော်၏ အရှင်ဖြစ်-သော တရား မင်းဘုရား၏ ပရိနိဗ္ဗာန်ကား။ ( ၁ )ကိလေသ ပရိနိဗ္ဗာန်။ ( ၂ )ခန္ဓပရိ နိဗ္ဗာန်။( ၃ )ဓာတုပရိနိဗ္ဗာန်-ဟူ၍ သုံးပါးအပြားရှိ၏။ ။ထိုသုံးပါးတို့

www.dhammaransi.com



တွင်။ (၁)ကိလေသပရိနိဗ္ဗာန်သည်ကား။ ဘိုးတော် အဉ္စနမင်းထားသော သက္ကရာဇ် ၁၀၃ ခု။ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့။ ဗောဓိပင်ရင်း ရွှေပလ္လင်၌။ အရဟတ္တမဂ်ဉာဏ်ကိုရသဖြင့် အလုံးစုံသော ကိလေသာတို့သည် ကုန်ခြင်းသို့ရောက်ကုန်သောကြောင့် ကိလေသပရိနိဗ္ဗာန်ဖြစ်သတည်း။ ။(၂)ခန္ဓပရိနိဗ္ဗာန်သည်ကား။ ဘိုးတော် အဉ္စနမင်းထားသော သက္ကရာဇ် ၁၄၈ ခု။ ကဆုန်လပြည့် အင်္ဂါနေ့၊ ပစ္ဆိမယာမ်အခါ။ ရောင်ပြုမလာမီ။ ဗောဓိပင်မှ အနောက်တောင်ထောင့်။ ၂၅ ယူဇနာ အကွန့်ကွာသော ကုသိနာရုံပြည်၌။ မလ္လာမင်းတို့၏ဥယျာဉ်တော၌။ ဘုရားဟူသောသတ္တသန္တာနပညတ်၌ အလုံးစုံသော ရုပ်နာမ်ခန္ဓာသင်္ခါရတရားတို့သည် တဖန်အသစ်မဖြစ်ပြန်သောအားဖြင့် ချုပ်လေကုန်ပြီးသောကြောင့် ခန္ဓပရိနိဗ္ဗာန် ဖြစ်သတည်း။ ။(၃)ဓာတု ပရိနိဗ္ဗာန်သည်ကား။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသော နှစ်မှသည် အနှစ် ငါးထောင်စေ့သောအခါ။ အလုံးစုံသောဓာတ်တော်တို့သည် သီဟိုဠ် ဟေမမာလာစေတီ၌ စုဝေးလတ္တံ့။ ထိုဟေမမာလာစေတီမှသည် နာဂဒီပကျွန်း၊ ရာဇာယတနစေတီ၌ စုဝေးလတ္တံ့။ ရာဇာယတနစေတီမှသည် ဇမ္ဗူဒီပါ၌ ဗောဓိပင်ဝယ်စုဝေးလတ္တံ့။ ဤဇမ္ဗူဒီပါ၌ရှိကုန်သော သမ္ဘိန္နဓာတ် အသမ္ဘိန္နဓာတ် အလုံးစုံတို့သည်၎င်း။ နဂါးပြည်၌ရှိသောဓာတ်တို့သည်၎င်း။ နတ်ပြည်၌ ရှိသော ဓာတ်တို့သည်၎င်း။ ထိုထိုရှိ[illegible]သော စကြဝဠာတိုက်တို့သို့ နတ်တို့ ဆောင်ယူလေသော၊ ဆံတော်၊ အမွေးတော်၊ လက်သည်းခြေသည်းတော်ဓာတ်တို့သည်၎င်း။ ဤအလုံးစုံသော ဓာတ်တော်တို့သည် အကြား၌ တစုံတခု မုန်ညင်းစေ့ တခုလောက်မျှ ပျောက်ပျက်ခြင်းသို့မရောက်မူ၍။ ဗောဓိပင်သို့သာလျှင် ရွှေပလ္လင်ထက်၌ တပေါင်းတည်းစုဝေးလျက်။ သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာ တော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာ တော်ငယ်။ ခြောက်သွယ်သော ရောင်ခြည်တော်တို့နှင့် ပြည့်စုံသော မြတ်စွာဘုရား၏ ရုပ်သွင်ဆောင်ကိုယူကုန်၍။ ပလ္လင်ထက်၌ ထက်ဝယ်ထိုင်နေတော်မူလျက်။ အတိုင်းမသိသော မြတ်စွာဘုရားကိုယ်တော်၏ တင့်တယ်ခြင်း အသ[illegible]ရေကိုပြကုန်လတ္တံ့။ ထိုသို့ပြပြီးသောနောက်မှ၊ သာဝတ္ထိပြည်၊ ကဏ္ဍမ္ဗ သရက်ပင်၏အနီး၊ ရတနာစင်္ကြံထက်၌ ပြတော်မူအပ်သော ပြာဋိဟာကဲ့သို့ မီးရေအစုံအစုံသောပြာဋိဟာတို့ကိုပြကုန်လတ္တံ့။ ထိုသို့ပြတော်

www.dhammaransi.com



မူသောအခါ။ ထိုအရပ်သို့ရောက်လာသော တစုံတယောက်သော မျှ မည်သည်မရှိ။ ထိုအခါ အသညသတ်ဗြဟ္မာ၊အရူပဗြဟ္မာတို့ကိုထား၍ အလုံးစုံကုန်သော တသောင်းသောစကြာဝဠာတိုက်တို့မှ နတ်ဗြဟ္မာတို့ သည် ထိုအရပ်သို့ စုဝေးလာကုန်၍၊ ခါတုံ့နိမ္မိတဘုရားသည် ပြုအပ် သောပြာဋိဟာကိုရှုကုန်လျက်၊ နတ်၌ဖြစ်သော ထီးတင်းခွန်၊ပန်းနံ့သာ အခိုးအထုံအမှုံတို့ဖြင့် ကြီးစွာသော ပူဇော်သက္ကာရကို ပြုကုန်လတ္တံ့။ ထိုအခါ သရီရဓာတ်ဘန်ဆင်းအပ်သောကိုယ်တော်မှ တေဇောဓာတ် သည် ထွက်လတ်၍၊ သရီရဓာတ်ဘန်ဆင်းအပ်သောကိုယ်တော်သည် မီးပုံကြီးကဲ့သို့တောက်၍။ ပညတ်မဟုတ်သောအဖြစ်သို့ရောက်လတ္တံ့။ ထိုသို့ရောက်သောအခါသည်လျှင်ဓာတုပရိနိဗ္ဗာန်သည်ဖြစ်၏။ထိုအခါ စည်းဝေးလာကုန်သော နတ်အပေါင်းတို့သည်၊ ယခုအခါ အားဆယ် ပါးနှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူခဲ့ပြီ၊ လောကသုံးပါးသည် ကြီးစွာသောအမိုက်တိုက်ဖြစ်ခဲ့ပြီဟူ၍ဟစ်ကြွေး မြည်တမ်းကြ ကုန်လျက်၊ ကောင်းကင် တော်လည်း မြေကြီးကြည်းမှ ပြင်းစွာသောငိုကြွေးခြင်းတို့သည်ဖြစ်ကုန်လတ္တံ့သလျှင်ကတည်း။ ။ ဤအခါသည်လျှင် ဓာတုပရိနိဗ္ဗာန်ဖြစ်၏။မြတ်စွာဘုရားသာသနာတော် သည် ကွယ်ခြင်းသို့ရောက်၏။ ။

---

၁၂၇။ ဂေါတမမြတ်စွာဘုရားသည် ၄၅ ဝါအတွင်း၊ ပဉ္စဝဂ္ဂီအစ၊သုဘဒ္ဒပရိဗိုဇ်အဆုံး။ ၂၄ သင်္ချေနှင့်ကုဋေခြောက် ဆယ်၊ဗိုလ်ခြောက်သိန်းမျှသောဝေနေယျတို့အားတရား ဟောဒွတ်၊ကယ်ချွတ်တော်မူသည်ကိုပြရာ။

ဤသို့ဆိုအပ်ပြီးသောအခြင်းအရာအားဖြင့် သုံးပါးသောဗြိမ်းခြင်းရှိ တော်မူသောမြတ်စွာဘုရားသည် သုံးပါးသောလောက၌ဝေနေယျတို့ အား တရား အမြိုက် တိုက်ကျွေးတော်မူသောအားဖြင့် သံသရာဝဋ်မှ ကယ်ချွတ်တော်မူသည်ကား၊ ဘုရားဖြစ်တော်မူသည်မှ၊ နှစ်လခြောက်။ ဝါဆိုလပြည့်နေ့၌၊ ရှေးဦးစွာ တရားဓမ္မစကြာဟောတော်မူသောအဆုံး ၌ အရှင်ကောဏ္ဍညထေရ်နှင့်တကွ တဆဲ့ရှစ်ကုဋေ အရေအတွက် ရှိသော နတ်ဗြဟ္မာတို့သည် အကျွတ်တရားကိုရကုန်၏။ ဝါဆိုလပြည့်

www.dhammaransi.com



ကျော် ၅ ရက်နေ့၊ အနတ္တလက္ခဏာသုတ္တန်ကို ဟောတော်မူသော အခါ၌ ပဉ္စဝဂ္ဂီငါးယောက်တို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။ ထိုဝါတွင်း၌ ရင်း၊ အရှင်ယသမထေရ်နှင့် တကွ ၅ ကျိပ် ၅ ယောက်သော သူဌေး တို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။ ဝါကျွတ်တော်မူသော အခါ ကပ္ပါသိက ဝနသဏ္ဍ၌ ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ် သုံးယောက် တို့ကို အောက်မဂ်အောက်ဖိုလ်သုံးပါးတို့သို့ ရောက်စေကုန်၏။ ဂယာသီသ၌ အာဒိတ္တပရိယာယသုတ်ကို ဟောတော်မူသော အဆုံး၌ ဥရုဝေလကဿ ပစသော ညီနောင်ရသေ့သုံးယောက် အမှူးရှိသော ရသေ့တထောင်ကို ရဟန္တာ အဖြစ်၌ တည်စေတော်မူ၏။ ရာဇဂြိုဟ်ပြည်မှ သုံးဂါဝုတ်အစွန့် ကွာသော ထန်းတောဥယျာဉ်၌ ဗိမ္ဗိသာရမင်း အမှူးရှိသော မင်းပုဏ္ဏား သူဌေး သူကြွယ်တို့ကို တရားဒေသနာတော်ဖြင့် သောတာပတ္တိဖိုလ်၌ တည်စေ၏။ တသောင်းသော မင်း ပုဏ္ဏား သူကြွယ်တို့ကို သရဏဂုံ၌ တည်စေ၏။ တိရောကုဍ္ဍ အနုမောဒနာ၏ အဆုံး၌ ရှစ်သောင်း လေး ထောင်ကုန်သော ဝေနေယျတို့သည် အကျွတ်တရား ရကုန်၏။ သုမနပန်း သည် အစည်းအဝေး၌ ရှစ်သောင်းကုန်သော ဝေနေယျတို့သည် အ ကျွတ်တရား ရကုန်၏။ ခေပါလဆင် အစည်းအဝေး၌ ရှစ်သောင်းလေး ထောင်ကုန်သော ဝေနေယျတို့သည် အကျွတ်တရား ရကုန်၏။ ခဒိရဘာ ရဥ္စိဇာတ်ကို ဟောတော်မူသော အဆုံး၌ ရှစ်သောင်း လေးထောင် ကုန်သော ဝေနေယျတို့သည် အကျွတ်တရား ရကုန်၏။ အာနန္ဒာသူဌေး အစည်းအဝေး၌ တဆဲ့တကုဋေသော ဝေနေယျတို့သည် အကျွတ်တရား ရကုန်၏။ ပါသာဏကစေတီ၌ ပါရာယနသုတ္တန်ကို ဟောတော်မူသော အဆုံး၌ တဆဲ့လေးကုဋေသော ဝေနေယျတို့သည် အကျွတ်တရား ရ ကုန်၏။ ယမကပြာဋိဟာ ပြတော်မူသော အဆုံး၌ အကုဋေ နှစ်ဆယ် သော ဝေနေယျတို့သည် အကျွတ်တရား ရကုန်၏။ တာဝတိံသာ နတ် ပြည်၌ အဘိဓမ္မာတရားကို ဟောတော်မူသော အဆုံး၌ အကုဋေ ရှစ် ဆယ်သော နတ်တို့သည် အကျွတ်တရား ရကုန်၏။ တာဝတိံသာ နတ် ပြည်မှ သက်ကော်မူသော အစည်းအဝေး၌ အကုဋေ ရှစ်ဆယ်သော ဝေနေယျတို့သည် အကျွတ်တရား ရကုန်၏။ သက္ကပဉ္စသုတ္တန်ကို ဟော တော်မူသော အဆုံး၌ ရှစ်သောင်းသော နတ်တို့သည် အကျွတ်တရား ရ ကုန်၏။ သာကေတပြည်၌ ဗုဒ္ဓမဟာပိဟာ မဟာသမုတ်အပ်သော ပုဏ္ဏား

www.dhammaransi.com



အိုသျှီးခင်ပွန်းတို့၏အစည်းအဝေး၌ ရာဇသုတ်ကို ဟောတော်မူသော အဆုံး၌ရှစ်သောင်းလေးထောင်ကုန်သောဝေနေယျတို့သည် အကျွတ်တရားရကုန်၏။ မင်္ဂလသုတ်ကို ဟောတော်မူသောအဆုံး၌၎င်း၊ မဟာသမယသုတ်ကို ဟောတော်မူသော အဆုံး၌၎င်း၊ စူဠရာဟုလောဝါဒသုတ်ကို ဟောတော်မူသော အဆုံး၌၎င်း၊ သမစိတ္တပဋိပဒါကို ဟောတော်မူသော အဆုံး၌၎င်း၊ ဤလေးပါးသော သုတ္တန်ကို ဟောတော်မူသောအဆုံး၌ အကျွတ်တရားကို ရကုန်သော ဝေနေယျတို့၏ အပိုင်းအခြားသည် မရှိသည်သာလျှင်တည်း။ ။ဗာရာဏသီပြည်၏ အနီးအပါး၊ဂင်္ဂါနား၌၊ ကုက္ကိုခုနစ်ပင်၊ ပင်စည်၏အရင်း၌၊ ဧရကပတ္တနဂါးမင်းကိုအကြောင်းပြု၍ ဟောတော်မူအပ်သော။ကိစ္ဆော မနုဿပဋိလာဘော၊အစရှိသောဂါထာ၏အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော ဝေနေယျတို့သည် အကျွတ်တရားရကုန်၏။ ဤသို့ရေတွက်ခဲ့ပြီးသော အကျွတ်တရားကိုရကုန်သော ဝေနေယျတို့၏ အရေအတွက် သင်္ချာကား။ တပေါင်းတည်း တစုတည်း၊ များစွာသောအရေအတွက်တို့ဖြင့် အကျွတ်တရားရကုန်သော ဝေနေယျတို့ကို ထိုထိုသို့သောကျမ်းတို့၌ လာသည်ကိုတွေ့မြင်မှတ်သိပါသမျှရေတွက်သောသင်္ချာတည်း။ဘုရားမြတ်စွာဒေသနာဟောချွတ်ကျွတ်တော်မူသော ဝေနေယျကား ဤမျှသာ ဖြစ်၍ ရေတွက်သည်မဟုတ်ပေ။ ဓမ္မပဒကျမ်း၌ဟောအပ်သော တရားဒေသနာဂါထာပုဒ်တို့၏ အဆုံးအဆုံး၌ အကျွတ်တရားကိုရကုန်သော ဝေနေယျတို့သည်များစွာရှိကုန်၏။ ငါးရာ့ငါးဆယ်ဇာတ်တို့တွင် တခုတခုသော ဇာတ်တော်ကို ဟောတော်မူသောအဆုံး၌ အကျွတ်တရားရကုန်သောဝေနေယျတို့သည်လည်းများစွာဖြစ်ကုန်၏။ဒီဃနိကာယ်၌လာသော ၃၄ သုတ်။ မဇ္ဈိမနိကာယ်၌လာသော ၁၅၂ သုတ်။ သံယုတ္တနိကာယ်၌ လာသည့် ၇၇၆၂ သုတ်။ အင်္ဂုတ္တရ နိကာယ်၌ လာသည့် ၉၅၅၇ သုတ်။ ပေါင်း ၁၇၅၀၅ သုတ်တို့တွင်၊ တခုတခုသောသုတ်ကို ဟောတော်မူသော အဆုံးအဆုံး၌ အကျွတ်တရားရကုန်သော ဝေနေယျတို့သည်လည်း များစွာဖြစ်ကုန်၏။ ဤသို့လျှင် အရှင်ဂေါတမဘုရားသည်။ တရားဓမ္မစကြာဒေသနာတော်အဆုံး၌ အကျွတ်တရားရသော ကောဏ္ဍညထေရ်အစ။ မလ္လာမင်းတို့၏ အင်ကြွင်းပင်စုံ အကြား၌ ခင်းထားအပ်သော၊ ပရိနိဗ္ဗာန်စံတော်မူရာညောင်စောင်း၌၊ ကဆုန်လပြည့်

www.dhammaransi.com



နေ့၌၊ ခထပြီဟူသောအမှတ်ဖြင့် လျှောင်းတော်မူသောအခါ၊ပြဿနာ မေးလာသော သုဘဒ္ဒပရိဗိုဇ်ကို၊ အမြိုက် ငြိမ်းဖေး၊ ပေးတိုက် တော်မူ သည့်လျှင်အဆုံးရှိသောအားဖြင့်၊ ၄၅ ဝါပတ်လုံး။ပူနတ်ဖြူပွှာသတ္တဝါ တို့အား တရားအမြိုက်တိုက်ကျွေးဟောရွတ် ကယ်ချွတ်တော်မူသဖြင့် အကျွတ်တရားရသော ဝေနေယျတို့၏ သချာအရေအတွက် အပေါင်း ကား။ ၂၄ သင်္ချေနှင့် ကုဋေ ခြေါ်ဆယ် ဗိုလ်ခြေတသိန်းအရေအတွက် ဖြစ်သတည်း။ ။ထို့ကြောင့်။ ။စတုဝီသတာ သင်္ချေယျေ၊ တထာ သင္ဂှိစ ကောဋိယော။ ပါဏာသတသဟဿာနိ၊ ဧကော ဗုဒ္ဓေါ ပမောစယိ။ ။ဟူ၍တထာဂတုပ္ပတ္တိကျမ်းတွင်ဆိုသတည်း။ ။စတုဝီသတိ အသင်္ချေယျေ၊နှစ်ဆဲ့လေးသင်္ချေ အရေအတွက်ရှိကုန်သော။ ပါဏာစ၊ ဝေနေယျသတ္တဝါတို့ကိုရင်း။ တထာ၊ထိုမှတပါး။ သင္ဂှိစကောဋိယော၊ အကုဋေခြောက်ဆယ်ကုန်သော။ ပါဏေစ၊ ဝေနေယျသတ္တဝါတို့ကို ရင်း။ ပါဏာသဟာသဟဿာနိ၊ တသိန်းသော ဝေနေယျသတ္တဝါတို့ကို ရင်း။ ဧကော၊ တဆူသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ပမောစယိ၊ တကျွတ်တည်းဟူသောအနှောင်အဖွဲ့မှလွတ်စေတော်မူပြီ။ ။

---

## ၁၂၈။ မြတ်စွာဘုရားရှင်တို့၏ပြည့်စုံမြဲ ဓမ္မတာ ၃၀ ကိုပြရာ။

ဤသို့ ရေတွက်အပ်ပြီးသော ၂၄ သင်္ချေနှင့် ကုဋေ ခြောက်ဆယ် ဗိုလ်ခြေတသိန်းရှိကုန်သော ဝေနေယျတို့အား တရားဟောရွတ်ကယ် ချွတ်တော်မူသော အရှင်ဂေါတမ မြတ်စွာဘုရားသည်။ ဘုရားတကာ တို့၏ ဓမ္မတာ အပြား ၃၀ နှင့် ပြည့်စုံတော်မူ၏။ ဓမ္မတာ အပြား ၃၀ ၏အရပ်ကား။ ။( ၁ )ဘုရားအဖြစ်သို့ ရောက်တော်မူသော ဘဝနှင့် ယှဉ်သော ဘုရားလောင်းအား သတိအဆင်အခြင်ရှိသည်ဖြစ်၍ မယ် တော် ဝမ်းသို့ သက်ခြင်း။ ။( ၂ )မယ်တော် ဝမ်း၌ ထက်ပယ်ပလ္လင် ဖြင့်နေ၍ အပသို့ပြူသော မျက်နှာတော်ရှိခြင်း။ ။( ၃ )ဘုရားလောင်း ၏ မယ်တော်သည် ရေလျှက်သာ ဘုရားလောင်းကို ဘွားခြင်း။ ။ ( ၄ )တောအရပ်၌သာလျှင် မယ်တော် ဝမ်းမှ ဘွားခြင်း။ ။( ၅ )ရွှေ ကွန်ရက်အပြင်၌ အစုံသောခြေတို့ဖြင့် ရပ်ခြင်း။ ။( ၆ )မြောက်သို့တူရူ

www.dhammaransi.com



ပျက်နှာမူ၍ ခနစ်ဘွား လှမ်းသွားတော်မူပြီးသော အဆုံး၌ အရပ်လေးမျက်နှာကိုကြည့်၍၊ အဟံ သေဋ္ဌော လောကဿ-အစရှိသော သီဟနာဒကိုကျူးတော်မူခြင်း။ ။( ၇ )သူအို၊ သူနာ၊ သူသေ၊ ရဟန်း၊ လေးပါးသော နိမိတ်တို့ကိုမြင်သော၊ သားတယောက်ဘွားကုန်ပြီးသော ဘုရားလောင်းတို့အား တောထွက်ခြင်း။ ။( ၈ )ရဟန်းပြုပြီး၍အလုံးစုံအောံယုတ်သောအပိုင်းအခြားအားဖြင့် ခနစ်ရက်ပတ်လုံးဒုက္ကရစရိယာကျင့်ခြင်း။ ။( ၉ )ဘုရားအဖြစ်သို့ ရောက်တော်မူအံ့သောနေ့၌ နို့ဃနာကိုဘုဉ်းပေးတော်မူရခြင်း။ ။( ၁၀ )မြက်အခင်း၌သာ ထိုင်နေတော်မူ၍သဗ္ဗညုတညာဏ်ကို ရခြင်း။ ။( ၁၁ )အာနာပါနဿတိ ကမ္မဋ္ဌာန်းသာလျှင်ပရိကံရှိ၍။ မာရ်နတ်စစ်ကို ဖျက်ဆီးခြင်း။ ။( ၁၂ )သဗ္ဗညုတညာဏ်ကိုရသည်နှင့်တကွသာလျှင် ဝိဇ္ဇာသုံးပါး၊ ပဋိသမ္ဘိဒါ လေးပါး၊ ဆအသာဓာရဏဉာဏ်အစရှိသော အလုံးစုံသောဘုရားကျေးဇူးကိုရခြင်း။ ။( ၁၃ )သတ္တသတ္တာဟတို့ကိုဗောဓိပင်၏အနီး၌သာလွန်စေခြင်း။ ။( ၁၄ )မဟာဗြဟ္မာသည် တရား ဟောတော် မူခြင်း၌ တောင်းပန်ခြင်း။ ။( ၁၅ )ဣသိပတနမိဂဒါဝုန်တော၌သာ ဓမ္မစကြာတရားကို ဟောတော်မူခြင်း။ ။(၁၆)တပို့တွဲလပြည့်နေ့၌ အင်္ဂါလေးပါးနှင့်ပြည့်စုံသော သာဝကအစည်းအဝေး၌သာပါတိမောက်ပြခြင်း။ ။( ၁၇ )ဇေတဝန် ကျောင်းတော်၌သာ အမြဲနေခြင်း။ ။( ၁၈ )သာဝတ္ထိပြည်မြို့တံခါး၏အနီး၌သာယမိုက်ပြာဋိဟာပြခြင်း။ ။( ၁၉ )တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာ ဒေသနာကို ဟောတော်မူခြင်း။ ။( ၂၀ )သင်္ကဿနဂိုရ် မြို့၌သာ နတ်ပြည်မှ သက်တော် မူခြင်း။ ။( ၂၁ )အမြဲလျှင်ဖလသမာပတ်ကိုဝင်စားတော်မူခြင်း။ ။( ၂၂ )နံနက်တကြိမ် ညတကြိမ်အားဖြင့် နှစ်ပါးသောအခါတို့၌ ဝေနေယျကိုကြည့်တော်မူခြင်း။ ။( ၂၃ )သိက္ခာပုဒ်ပညတ်ခြင်း၏ အကြောင်းဝတ္ထုဖြစ်သည်ရှိသော် သိက္ခာပုဒ်ကိုပညတ်ခြင်း။ ။( ၂၄ )အဋ္ဌုပ္ပတ္တိဖြစ်သည်ရှိသော် ဇာတ်တော်ကို ဟောခြင်း။ ။( ၂၅ )ဆွေတော်မျိုးတော်အစည်းအဝေး၌ ဗုဒ္ဓဝင်ကို ဟောတော်မူခြင်း။ ။( ၂၆ )အာဂန္တုကရဟန်းတို့နှင့် ပဋိသန္ထာရပြုခြင်း။ ။( ၂၇ )နေ့တိုင်း နေ့တိုင်း၊ ပုရေဘတ္တကိစ္စ၊ ပစ္ဆာဘတ္တကိစ္စ၊ ပုရိမယာမကိစ္စ၊ မဇ္ဈိမယာမကိစ္စ၊ ပစ္ဆိမယာမကိစ္စတည်းဟူသော ကိစ္စငါးပါးကို ပြုခြင်း။ ။( ၂၈ )ဝါကျွတ်

တော်မူသောအခါ၌ ဝါဆိုဘိတ်မန်ကုန်သောဒါယကာတို့အားမပန်မူ၍ အရပ်တပါးသို့မသွားခြင်း။ ။(၂၉)ပရိနိဗ္ဗာန်ပြုတော်မူအံ့သောနေ့၌ သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူရခြင်း။ (၃၀)ကုဋေနှစ်သန်း လေးသိန်းသော သမာပတ်တို့ကို ဝင်စားတော်မူ၍ ပရိနိဗ္ဗာန်ပြုတော်မူခြင်း။ ။ဤသို့လျှင် ခပ်သိမ်းသောဘုရားတို့၏ ဓမ္မတာအပြား ၃၀ ဖြစ်သတည်း။ ။

---

၁၂၉။ မြတ်စွာဘုရားရှင်တို့၏အနန္တရာယိက
ဓမ္မလေးပါးကိုပြရာ။

ခပ်သိမ်းသောဘုရားရှင်တို့အား အနန္တရာယိကတရားလေးပါးတို့သည်ဖြစ်ကုန်၏။ လေးပါးဟူသော်ကား။ (၁)ဘုရား မြတ်စွာတို့ကို ရည်မှတ်၍ ဆောင်ခဲ့ကုန်သော သင်္ကန်း၊ဆွမ်း၊ကျောင်း အိပ်ရာ နေရာ၊ ဆေး။ ဤလေးပါးသော ပစ္စည်းတို့ကို တစုံတယောက်သောသူသည် လုယူဖျက်ဆီးသဖြင့် အန္တရာယ်ပြုခြင်းငှါမတတ်နိုင်။ (၂)ဘုရားမြတ်စွာ၏အသက်တော်ကိုလည်းတစုံတယောက်သောသူသည်အန္တရာယ်ပြုခြင်းငှါ မတတ်နိုင်။(၃)ခပ်သိမ်းသော ဘုရားရှင်တို့၏ကိုယ်တော်၌ သုံးဆဲ့ နှစ်ပါးသော လက္ခဏာတော်ကြီး။ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ကိုလည်း တစုံတယောက်သော သူသည် အန္တရာယ်ပြုသဖြင့်တိမ်မြုပ်ကွယ်ပျောက်စိမ့်သောငှါမတတ်နိုင်။(၄)ခပ်သိမ်းသော ဘုရားရှင်တို့၏ရောင်ခြည်တော်တို့ကိုလည်း တစုံတယောက်သောသူသည်အန္တရာယ်ပြုခြင်းငှါမတတ်နိုင်။ဤသည်လျှင် အန္တရာယိကတရားလေးပါးတည်း။ ။

ဤမျှလောက်သောစကားအစဉ်ဖြင့်ဂေါတမ
မြတ်စွာဘုရား၏အဋ္ဌုပ္ပတ္တိကိုမှတ်သိပါသမှုဥဒါန်းစကား
ပြောဆိုစိမ့်သောငှါမြန်မာ့ဘာသာဖြင့်ရေးသားရုံးရ
ကုံးပြုစီရင်အပ်သောတထာဂတဥဒါနအမည်
ရှိသောကျမ်းသည်အပြီးသို့ရောက်၏။

---

www.dhammaransi.com



## ၁၃၀။ နိဂုမ်း။

စက္ကင်္ကိတတ္တပါဒယုဂေါ မိနော ယော၊ ဗာတ္တိံသာတိလက္ခဏစိတြဒေဟော။ ဩဒါတရံသုဗ္ဗလ ဥဏ္ဏလောမာ၊-လင်္ကာ နလာဋ္ဌတ္တလကော သုဒဿော။ ။သမ္ဗုဏ္ဏရဋ္ဌုဗ္ဗလရံသိဇာလော၊ မုဒ္ဓိဇ္ဈရံသိပုဂ္ဂကေတုမာလော။ သတ္တာနမုဒါနကထာဝဒါနော၊ နိဗ္ဗာနဓာတုဟိဒုဓာနိဗ္ဗုတော။ ။ပရိနိဗ္ဗာနဝဿတောစပဉ္စ၊သောဠသတိံသသတေနာမိကေန။သဒ္ဓိံ ဒွိသဟဿေန သာသနဿ၊ပဟိနေ ခဆပဉ္စေန သက္ကရာဇေ။ ။ဝလယ က ဝဿေဂတေစ ကာလေ၊ဒီပေယျနဂရဿဗာဟိရဿ။နရတိယ မုဠ္ဌာဘူမိဘာဂေ၊ဇေယဝဍ္ဍသုဓယေန နဂရိကေ္ခန။ ။ကတောဝိဟာရေ ဒုရင်္ဂမုဒ္ဓေ၊ကော်တုသဖိတော တိဘုမ္ဗိကေ ဇလင္ကေ။ပေါမေဓာဟာသေန အဘ္ဘ္ဘာရသ္မိံ၊ ဝသနေ္တန အဋ္ဌတိံသဝဿိကေန။ ။သိရိသဒ္ဓမ္မာဘိ လင်္ကာရောတိ၊ ဂရူဟိ အာစရိယေဟိ ကာရိတေနာ။ နာမေန သုတေန ကောဝိဒေန၊ ပိဋကတ္တေ သမာစာရသီလယုတ္တေန။ ။ထေရေန ကတော အယံ သမတ္တော၊တထာဂတဉဒါနဒီနာမိကော။သော ဟံ ဗုဒ္ဓေါ ဘဝါမိ ပဿ၊ သဗ္ဗဒီပကော သတ္တုဒြါနချာတော။ ။စက္ကင်္ကိတပ္ပါဒယုဂေါ၊ တရာစရစ်ကွက်သောခက်တို့ဖြင့် တန်ဆာဆင်အပ်သောခြေဘဝါးတော်အစုံရှိသော။ ဗာတ္တိံသာတိလက္ခဏစိတြဒေဟော၊ သုံးဆဲ့နှစ်ပါးသော မဟာပုရိသလက္ခဏာတော်တို့ဖြင့် ဆန်းကြယ်သော ကိုယ်တော်ရှိထသော။ ဩဒါတရံသုဗ္ဗလာ ဥဏ္ဏလောမာ လင်္ကာ နလာဋ္ဌတ္တလကော၊ ဖြူသောရောင်ခြည်တော်တို့ဖြင့်တောက်ပသော ဥဏ္ဏလုံမွေးရှင်ဖြင့် တန်ဆာဆင်အပ်သော နဖူးတော်အပြင်ရှိထသော။ သုဒဿော၊ ကောင်းသော အမြင် ရှိထသော။ သမ္ဗုဏ္ဏရဋ္ဌုဗ္ဗလ ရံသိဇာလော၊ ခြောက်ပါးသောအဆင်းတို့ဖြင့်ဆိုးအပ်သော ရောင်ခြည်ကွန်ရက်လည်း ရှိထသော။ မုဒ္ဓိဇ္ဈရံသိပုဂ္ဂကေတုမာလော၊ ထိပ်တော်၏အထက်၌တည်သောရောင်ခြည်တော်အစုဟုဆိုအပ်သောမှန်ကင်းလည်း ရှိထသော။ သတ္တာနံ၊ သတ္တဝါ အပေါင်းတို့၏။ ဥဒါနကထာဝဒါနော၊ အဖြစ်အပျက်နှင့်ယှဉ်သော ဥဒါန်းစကားကို ကြွေးဆိုတော်မူတတ်ထသော။ ယောဇိနော၊ သည်။ ဒုဓာဒွိဟိပကာရေဟိ နှစ်ပါးအပြားရှိကုန်ထသော။ နိဗ္ဗာနဓာတူဟိ၊ ကိလေသနိဗ္ဗာန်၊ ခန္ဓနိဗ္ဗာန်တည်းဟူသော

www.dhammaransi.com



နိဗ္ဗာနဓာတ်တို့ဖြင့်။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။ ။တဿ
ဇိနဿ၊ ထိုအောင်အပ်ပြီးသော မာရ်ငါးပါး ရှိတော်မူသော မြတ်စွာ
ဘုရား၏။ ပရိနိဗ္ဗာနဝဿတော၊ ပရိနိဗ္ဗာန်ပြုသောနှစ်မှ။ သောဠသုတ္တ
ရသတေန၊ ၂၁၆ ဖြစ်သော။ အဓိကေန၊ အလွန်နှင့်။ သဒ္ဓိံ၊ တကွ။ ဒွိသ
ဟဿေန၊ နှစ်ထောင်အရေအတွက်ရှိသော။ သာသနသ္မိံ၊ သို့။ ပတ္တေ၊
ရောက်သော။ကာလေစ၊ကာလ၌၎င်း။ခဆပဉ္စေန၊ခဆပဉ္စကိန်းဖြင့်။ပဟီ
နေ၊ဖြိုအပ်ပြီးသော။သက္ကရာဇေ၊သက္ကရာဇ်သည်။ဝ လ ယ က ဝသော၊
၁၁၃၄ နှစ်သို့။ဂတေ၊ရောက်သော။ကာလေစ၊၎င်း။ဒီပေယျနဂရဿ၊
ဒီပဲယင်းမြို့၏။နရတိယံ၊အနောက်တောင်ထောင့်ဖြစ်သော။ဗာဟိရသ္မိံ၊
အပ၌။ဥစ္စဘူမိဘာဂေ၊မြင့်သောမြေအဘို့ရှိသောအရပ်၌။ ဇေယဝဍ္ဎသု
ဝှယေန၊ဇေယဝဍ္ဎအမည်ရှိသော။နဂရိကေန၊မြို့သူကြီးသည်။ ကတေ၊
ဆောက်အပ်သော။ ဒုရဂ်မုဒ္ဓေ၊ဒုရင်၏အထိပ်၌။ ကေတုသဟိတေ၊မှန်
ကင်းနှင့်တကွဖြစ်သော။တိဘူမိကေ၊သုံးဆင့်ရှိသော။ အဗ္ဘန္တရသ္မိံ၊
အတွင်း၌။ ဟေမဘာသေန၊ရွှေရောင်ဖြင့်။ ဇလန္တေ၊တောက်ပထွန်း
လင်း ဝင်းဝင်းပြောင်သော။ဝိဟာရေ၊လေးထွဋ်ရှိယာ မှုရာဖြစ်သော
ကျောင်း၌။ဝသန္တေန၊နေထသော။ အဋ္ဌတိံသဝဿိကေန၊ပဉ္စင်းအဖြစ်
သို့ရောက်သည်မှ သုံးဆဲ့ရှစ်ဝါရှိပြီးသော။ဂရူဟိ၊အလေးအမြတ်ပြုအပ်
ကုန်သော။ အာစရိယေဟိ၊ဆရာမြတ်တို့သည်။ သိရိသဒ္ဓမ္မာဘိလင်္ကာ
ရောတိ၊သိရိသဒ္ဓမ္မာဘိလင်္ကာရဟူ၍။ ကာရိတေန၊မှည့်အပ်သော။ နာ
မေန၊ အမည်အားဖြင့်။ သုတေန၊ ကျော်စောထင်ရှားစွာထသော။ ပိဋ
ကတ္တေ၊ပိဋကတ်သုံးပုံ၏အနက်၌။ ကောဝိဒေန၊ လိမ္မာစွာထသော။ သ
မာစာရသီလယုတ္တေန၊ ကောင်းသော အကျင့်သီလနှင့် ယှဉ်ထသော။
ထေရေန၊ မထေရ်သည်။ ကတော၊ ပြုအပ်သော။ တထာဂတဥဒါနဒီ
ပနီကော၊ တထာဂတဥဒါနဟူသောအမည်ရှိသော။ အယံဂန္ထော၊ ဤ
ကျမ်းသည်။သမတ္တော၊ပြီးပြည့်စုံပြီ။ ။အနေနပုညေန၊ဤတထာဂတ
ဥဒါနကျမ်းကို ပြုရသောကောင်းမှုကြောင့်။ သောအဟံ၊ ထိုငါသည်။
ပစ္ဆာ၊ နောက်ကာလ၌။ သဗ္ဗဒီပကော၊ သဗ္ဗာလေးပါးတရားကိုထင်ရှား
ပြတတ်သော၊ သဗ္ဗညုဒါနချာတော၊သဗ္ဗဝါတို့၏အဖြစ်အပျက်ဘာဝနှင့်
ယှဉ်သောဥဒါန်းစကားကိုဟောကြားတော်မူတတ်သော။ဇိနော၊ဘုရား
သည်။ဘဝေယျံ၊ဖြစ်ရပါလို၏။ ။

www.dhammaransi.com



နပတ္တံယာဝဇ္ဇတ္တံ၊သံသရန္တော်ဘဝေတာဝ။ဉာဏသမ္ဘာရပါရမီ၊ ပူရိတော ပုရိသော ဟောသံ။ ။မယာ၊ ငါသည်။ ယာဝ၊ အကြင်မျှ လောက်။ ဇိနတ္တံ၊ဘုရားအဖြစ်သို့။ နပတ္တံ၊မရောက်သေး၊ တာဝ၊ထိုမျှ လောက်။ဘဝေ၊ဘဝကြီးငယ်၌။သံသရန္တော၊ကျင်လည်သောငါသည်။ ဉာဏသမ္ဘာရပါရမီ၊ သဗ္ဗညုတ ဉာဏ်၏ အဆောက်အဦဖြစ်သော ပါရမီဆယ်ပါးကို။ပူရိတော၊ဖြည့်နိုင်သော။ပုရိသော၊ယောက်ျားမြတ် သည်။ဟောသံ၊ဟောသာမိ၊ဖြစ်ရပါလို၏။ ။

တထာဂတဥဒါနဒီပနီကျမ်း-ဒုတိယတွဲပြီး၏။

www.dhammaransi.com